ပဲခူးမြို့
ကြခတ်ဝိုင်းပဓာနထေရ်
အရှင်ဇောတိပါလ
ရေး

# ဘာဝနာရသဝိဘာဝနီကျမ်း
နှင့်
# အမတရသဝိဘာဝနီကျမ်း

[ပထမပိုင်း]

ဓမ္မဒါန

( ၂၉ ၊ ၇ ၊ ၈၀ )နေ့ထုတ် မြန်မာ့အလင်း သတင်းစာမှ

## စာအုပ်သစ်နှင့် အမြင်

(ဟာရိတ)

* ဘာဝနာရသ ဝိဘာဝနီကျမ်း နှင့်၊ အမတရသ ဝိဘာဝနီကျမ်း၊
* အရှင် ဇောတိပါလ ရေးသားပြုစုသည်၊

" ပဋ္ဌိပတ္တိ ဒွယ်စုံကျမ်း "ဟု ခေါ်ဆိုအပ်သော၊ ကျမ်းနှစ်ဆူ ဖြစ်ပေသည်။ ကျမ်းပြုအရှင် ပဲခူးမြို့ ကြခတ်ဝိုင်း ပဓာနထေရ်၊ အရှင် ဇောတိပါလ၏ ရည်ရွယ်ရင်းမှာ ဟောပြောလိုသူ ပုဂ္ဂိုလ်များအတွက် ဟောနည်း ပြောနည်းကို ပေးထားပြီး တရားကျင့်ကြံ အားထုတ်လိုသူများအတွက်၊ ကျင့်ကြံအားထုတ်နည်းကို ညွှန်ပြထားပေသည်။

စာပေ ပရိယတ္တိကို လေ့လာဆည်းပူး နေသူများအဘို့လည်း မှတ်သားစရာများကို စုစည်း ပေါ်ပြပေးထားလေသည်။



အရှင်ဇောတိပါလ

ကြခတ်ဝိုင်း ပဓာန နာယကထေရ်

ပဲခူးမြို့

၂၁၄၂၈

ပဲခူးမြို့

ကြခတ်ဝိုင်း ပဓာန နာယကထေရ်

အရှင်ဇောတိပါလ-ရေး

# ဘာဝနာရသဝိဘာဝနီကျမ်း

နှင့်

# အမတရသဝိဘာဝနီကျမ်း

[ပထမပိုင်း]

[၁၃၄၂ ခုနှစ်၊ ပထမဝါဆိုလ]

ဘာသာရေးဆိုင်ရာ စာမူ ပုံနှိပ်ထုတ်ဝေခွင့် အမှတ် (၉၁၅/၉၁၅-က)
မျက်နှာဖုံးဒီဇိုင်း ခွင့်ပြုအမှတ် (၂၃၅၃)
ပထမအကြိမ်၊ အုပ်-၂၅၀၀
၁၃၄၂-ခုနှစ်၊ ပထမဝါဆိုလ၊
(၁၉၈၀-ခုနှစ်၊ ဇွန်လ)

မျက်နှာဖုံးပန်းချီ 'ဦးမြင့်မောင်'
ဘလောက်-အဝင်း၊ အဖုံးရိုက်-စိုးမိုးမိတ်ဆက်
စာအုပ်ချုပ်-စုလှိုင်စာအုပ်ချုပ်

# (ပထမအကြိမ်)

# ဓမ္မဒါန

ဦးစံလှ၊ ကင်းလွတ်ခွင့်အမှတ် (၃၅၅/၃၅၅-က)
အမှတ် ၁၈၀၊ ၂၉-လမ်း၊ ရန်ကုန်က တာဝန်ခံ ထုတ်ဝေ၍

ဦးစံလှ (၀၂၂၀၉) စိုးမိုးမိတ်ဆက်ပုံနှိပ်တိုက်၊
၁၄၆၊ ၃၃-လမ်း၊ ရန်ကုန်တွင် ရိုက်နှိပ်သည်။

ဘာဝနာ ရသ ဝိဘာဝနီ ကျမ်း

## မာတိကာ အညွှန်း

အကြောင်းအရာ — စာမျက်နှာ

### ပါဒက ကဏ္ဍ


လက္ခဏာစသား လေးပါးခံပွာယ် မှတ်သားဘွယ် .... ၂၁
ရုပ်၏ဖောက်ပြန် အမှန်သိအပ် အရုပ်ရုပ် .... ၂၂
ပရမတ်အနှစ် စင်စစ်အမှန် မဖောက်ပြန် .... ၂၃
လက္ခဏာရသ စသည်လေးပါး ရုပ်တရား .... ၂၄
နာမ်တရားဟု မည်ပြုခေါ်ကြ ဤသို့ပြ .... ၂၄
လက္ခဏာရသ စသည်လေးပါး နာမ်တရား .... ၂၅
ကုသိုလ်ဓမ္မ လက္ခဏာစသည် ထိုလေးလီ .... ၂၅
အကုသိုလ်ဓမ္မ လက္ခဏာစသည် ဤလေးလီ .... ၂၆
ဝိပါက်ကြိယာ နှစ်ဖြာအထူး သိလေဦး .... ၂၆
ပရမတ်လေးပါး ထူးခြားဤသို့ သိကုန်စို့ .... ၂၆
သဗ္ဗ စိတ္တ သာဓာရဏ မှတ်ကုန်ကြ .... ၂၇
ပကိဏ္ဏက ခြောက်ဝဤသို့ သိကုန်စို့ .... ၂၈
အကုသိုလ်စေတသိက် ခွဲစိတ်ဤသို့ သိကုန်စို့ .... ၂၉
သောဘဏစေတသိက် ခွဲစိတ်ဤသို့ သိကုန်စို့ .... ၃၀
ယောဂီကိုယ်တွင် အစဉ်မရှိအပ် ဤဆယ်ရပ် .... ၃၃
ထိုင်-လျောင်း-ရပ်-သွား လေးပါးပိုင်ပိုင် ရှုမှတ်နိုင် .... ၃၃
အင်အားအလိုက် ထိုက်သောသီလ ဆောက်တည်ကြ .... ၃၄
မေတ္တာတန်ခိုး တန်ဘိုးကြီးမား ကြပ်ကြပ်ပွား .... ၃၅
အနန္တငါးရပ် ဆက်ကပ်ကိုယ်ကို တောင်းဆုဆို .... ၃၆
မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းရကျိုး ဆယ့်တမျိုး .... ၃၆
မရဏာဿတိ အသိရှိမှု ပွားများရှု .... ၃၇
အမြဲမပြတ် ရွတ်ဖတ်အားတင်း နှလုံးသွင်း .... ၃၈
အကျယ်များလှ ကျဉ်းမှုရစ်ဖြာ ဋ္ဌကထာ .... ၃၈

# မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အာနာပါန နယပထမာ မှတ်ဘို့ရာ | .... | ၃၉ |
| တစ်မှ ရှစ်ထိ တွက်ဘိနည်းမှာ ဂဏနာ | .... | ၃၉ |
| သန္နိဋ္ဌာန သံသယ နှစ်ဝ ဂဏနာ | .... | ၄၀ |
| အာနာပါန နယ ဒုတိယာ မှတ်ဘို့ရာ | .... | ၄၁ |
| သစ်ဖြတ် လွှဆွဲ ပွတ်ကြိုးဆွဲ တနဲ ဗိုင်းဝင့်သူ | .... | ၄၂ |
| ဥပမာပြ နည်းကျဂရု လေကိုရှု | .... | ၄၂ |
| ဆရာ့တာဝန် ထူးလွန်မစ ပို့ပေးရ | .... | ၄၃ |
| မီးခိုး တိမ်ရိပ် နိမိတ်ထင်ထ ဥဂ္ဂဟ | .... | ၄၃ |
| ပေါ်ပုံချင်းချင်း အလျှင်းလုံးဝ မတူကြ | .... | ၄၄ |
| စင်ကြယ်လှစွာ ပေါ်လာနိမိတ္တ ပဋိဘာဂ | .... | ၄၄ |
| နီးဝေး တိုရှည် ခိုင်းစေဖြစ်လတ် ရပြီမှတ် | .... | ၄၅ |
| နူဗန်ဖုသန ရှုရကွဲပြား နည်းနှစ်ပါး | .... | ၄၅ |
| တယောလဒ္ဓ ဖြစ်ကြရအောင် သတိဆောင် | .... | ၄၆ |
| စတုတ္ထနယ သုံးဝရှိမူ သတိပြု | .... | ၄၆ |
| သမထ ဝိဂြိုဟ် ဖွင့်ဆိုဤသို့ မှတ်ကြဘို့ | .... | ၄၇ |
| လက္ခဏာအစ လေးဝအမှန် သိဘို့ရန် | .... | ၄၇ |
| သမထကမ္မဋ္ဌာန်း မေးမြန်းဖြေဘို့ သိထားစို့ | .... | ၄၈ |
| နိမိတ်သုံးပါး ကွဲပြားသိလွယ် အစိပ္ပာယ် | .... | ၄၈ |
| ဘာဝနာသုံးပါး ကွဲပြားသိလွယ် အဓိပ္ပာယ် | .... | ၄၉ |
| လောကီ လောကုတ် ပြုလုပ်သင့်တာ လောကုတ်သာ | .... | ၅၀ |
| နိဗ္ဗာန်သွားနည်း ခရီးနှစ်ဖြာ မှတ်ကြရာ | .... | ၅၀ |
| မပင်မပန်း အေးချမ်းရောက်ရာ ဘယ်နည်းပါ | .... | ၅၁ |
| ပုဂ္ဂိုလ်နှစ်ပါး ကွဲပြားသေချာ မှတ်သင့်ရာ | .... | ၅၂ |
| ကျမ်းဂန်အများ ထင်ရှားကြရာ· သမထယာနိကသာ | .... | ၅၂ |
| ဥပစာရစျာန် အမှန်ရယူ ပိုလွယ်ကူ | .... | ၅၃ |
| ဥပစာရ စျာန်မှတဆင့် ကူးပြောင်းသင့် | .... | ၅၄ |
| ဥပစာရသမာဓိ ရောက်၏အမှန် မဂ်ဖိုလ်ဉာဏ် | .... | ၅၄ |
| သံသရာဝဋ်မှစက် လွတ်ထွက်ပါရ အားထုတ်ကြ | .... | ၅၅ |
| ဥပစာရ စျာန်မှဝိပဿ် ပြောင်းကူးတတ် | .... | ၅၅ |
| ဒြဗ်သဏ္ဍာန် အမှန်မရှိ ရုပ်နာမ်သိ | .... | ၅၆ |
| ဝိပဿနာပုဒ် ဖွင့်ထုတ်ဝိဂြိုဟ် ဤသို့ဆို | .... | ၅၆ |
| ယောဂီအများ ရှုပွားလေလျှင် ဤသို့မြင် | .... | ၅၇ |
| ဓမ္မလက္ခဏာ နုပဿနာလုံးစုံ ထူးခြားပုံ | .... | ၅၉ |

M.A., M.S., R.L.

B.A.

**အကြောင်းအရာ**


အနိစ္စလက္ခဏာ ထင်လာလိုတိ ဖြစ်ပျက်ကြည့် .... ၅၉
ဒုက္ခလက္ခဏာ ထင်လာလိုဘိ နှိပ်စက်မှုကိုကြည့် .... ၆၀
အနတ္တလက္ခဏာ ထင်လာလိုဘိ ကွဲပြားမှုကိုကြည့် .... ၆၁
ဉာဏ်စဉ်ဆယ့်နှစ်ပါး သိထားကောင်းစွာ ဤသို့သာ .... ၆၂
နူလောမာဒိ စရှိသုံးဉာဏ် ဖြစ်ကြဟန် .... ၆၃
သေက္ခာသေက္ခ နှစ်ဝဆင်ခြင် ထူးခြားအင် .... ၆၆
ရဟန္တာတိုင် ဖြစ်နိုင်သေးရာ ခုအခါ .... ၆၇
သာသနာ ငါးထောင် မြင့်ခေါင်ဤသို့ သိကြဘို့ .... ၆၇
သောတာပန်ပုဂ္ဂိုလ် ဖြစ်လိုပါက ဤလေးဝ .... ၆၈
အာနပါန ပွားရအကျိုး ခုနစ်မျိုး .... ၆၉
အာနာပါနအတွက် အားတက်ကြိုးစား နာနာပွား .... ၇၁
သတိပဋ္ဌာန် အမှန်ကျိုးရှိ ဤသို့သိ .... ၇၂


## သမထ ကဏ္ဍ


နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်း .... ၇၃
သန္တိသုခ နိဗ္ဗာန၏ အဓိပ္ပာယ် .... ၇၄
ဒါနမပါခြင်းသည် ကြီးမားသော အပြစ် .... ၇၄
ကြီးမားသောအပြစ် ရှင်းလင်းချက် .... ၇၅
နိဗ္ဗိန္ဒမပါ ကိလေသာ နောက်မဆုတ် .... ၇၅
အာသဝေါမကင်းသမျှ မီးလောင်ခံကြရ .... ၇၆
ဒါနသည် အရေးအကြီးဆုံးဖြစ်ကြောင်း .... ၇၆
ဒါနမပါ နိဗ္ဗာန်မရောက် .... ၇၇
ဘာဝနာကို ကမ္မဋ္ဌာန်းဟု ခေါ်ကြောင်း .... ၇၇
သမထလေးဆယ်နှင့် ဝိပဿနာ သုံးပါး .... ၇၈
အထူးသိထားထိုက်သော တရားသုံးမျိုး .... ၇၈
ကသိုဏ်းနှင့် အသုဘာသရုပ် ရေတွက်ပြ .... ၇၈
ကြွင်းသမထနှစ်ဆယ်တို့ကိုပြ .... ၇၉
စရိုက် (၆)ပါး (ယောဂီ ၆-မျိုး) .... ၇၉
ဘာဝနာသုံးပါး အဓိပ္ပာယ် .... ၈၀
နိမိတ်သုံးပါး အဓိပ္ပာယ် .... ၈၀
ယောဂီနှင့် ပေးထိုက်သော ကမ္မဋ္ဌာန်း .... ၈၀
ဒါကိုလိုချင်လျှင် ဒီကမ္မဋ္ဌာန်းအားထုတ် .... ၈၂

# မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အရှုပ်ချာန်များကို ရလိုသေးလျှင် | .... | ၈၂ |
| ချာန်မရသော သမထအတွက် ရှင်းလင်းချက် | .... | ၈၃ |
| နီဝရဏ၊ ဈာန်၊ သမထ (၃)မျိုးအထူး | .... | ၈၄ |
| ပထဝီကသိုဏ်းဝန်းလုပ်နည်း | .... | ၈၅ |
| ကသိုဏ်းဝန်း၏ အကျိုးအပြစ်နှင့် ထားပုံ | .... | ၈၅ |
| ဤအစီအစဉ်(၆)ခုကို အရယူပေါ | .... | ၈၅ |
| လိပ်ကိုကျားစုပ် ပမာထုတ်စို့ | .... | ၈၆ |
| ဥဂ္ဂဟနိမိတ် ရ မရ ဒီလိုစမ်းကြည့်ပါ | .... | ၈၇ |
| တချက်ထဲအလဲထိုး ဖြိုချဖျက်ဆီးပစ်မည် | .... | ၈၇ |
| သံလိုက်ကောင်းတွင် အပ်ပစ်တင်သလို | .... | ၈၈ |
| ဥဂ္ဂဟနိမိတ်ထင်ပုံနှင့် ရင့်ကျက်လာမှု | .... | ၈၉ |
| သမထတန်ခိုး ဖွံ့ဖြိုးကြီးမား | .... | ၈၉ |
| တရားဆိုး တရားယုတ် မြုံလုံးပြုတ် | .... | ၉၀ |
| ချာန်တရားများ ထင်ရှားဖြစ်ပေါ်ချိန် | .... | ၉၀ |
| ခိုင်းတိုင်းဟုတ် လုပ်တိုင်းဖြစ်သလော | .... | ၉၁ |
| ထားသလိုနေ စေသလိုသွားသလော | .... | ၉၁ |
| စကြာမင်းလောင်း ခိုအောင်းမိခင် | .... | ၉၂ |
| ဘာကြောင့် ဘယ်လိုဈာန်ဝင်စားသနည်း | .... | ၉၃ |
| မိမိဈာန်၏ သန့်စွမ်းခိုင်မာလာရေး | .... | ၉၃ |
| ထိန်းသိမ်းဘို့အရေး လိုလေသေး၏ | .... | ၉၄ |
| အောက်ဈာန်လည်း မပျက်၊ အထက်ဈာန်လည်း သေချာ | .... | ၉၄ |
| ဒုတိယဈာန်အတွက် ဆက်၍ အားထုတ်နည်း | .... | ၉၅ |
| တတိယဈာန်အတွက် ဆက်၍ အားထုတ်နည်း | .... | ၉၅ |
| စတုတ္ထဈာန်အတွက် ဆက်၍ အားထုတ်နည်း | .... | ၉၆ |
| ပဉ္စမဈာန်အတွက် ဆက်၍ အားထုတ်နည်း | .... | ၉၆ |
| ပါရမီရှိမှု လွယ်ကူထက်မြက် ဥာဏ်သွက်လက် | .... | ၉၇ |
| ၃၉-ပါး ကြွင်းသမထများအတွက် ဆက်ရန် | .... | ၉၇ |
| အသုဘသမထ(၁၀)ပါး အားထုတ်နည်း | .... | ၉၈ |
| အရိုးလေးမျိုးနှင့် မသာကောင်အကြောင်း | .... | ၉၈ |
| တောင်ဝှေးနှင့် ပရိတ်မှုန်း ပါပါစေ | .... | ၉၉ |
| ဥဂ္ဂဟနိမိတ် ပဋ္ဌမြားတုံး စားသုံးကိုယ်စီ | .... | ၉၉ |
| သူ့အရိုး ကိုယ့်အရိုး နှစ်မျိုးလုံးပင် နိမိတ်ထင် | .... | ၁၀၀ |
| ရာဂဇွက်ဆိုး ဝင်ထိုးသုတ်ချီ | .... | ၁၀၀ |

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


| | | |
|---|---|---|
| အနုသတိ (၁၀)ပါး ရှုပွားနည်း | .... | ၁၀၁ |
| အပ္ပမညာ လေးပါး ရှုပွားနည်း | .... | ၁၀၃ |
| သညာနှင့် ဝဝတ္ထာန်များ ရှုပွားနည်း | .... | ၁၀၄ |
| အာရုပ္ပသမထ လေးပါး ရှုပွားနည်း | .... | ၁၀၄ |
| သမာပတ်ဝင်စားပုံနှင့် အဓိဋ္ဌာန် လေးချက် | .... | ၁၀၅ |
| သမာပတ္တိက ပုဂ္ဂိုလ်တို့ ကာယသိဒ္ဓိ ပြီး မပြီး | .... | ၁၀၆ |
| အဘိညာဉ်ရနိုင်သော သမထနှင့် အတိတ်ကံ | .... | ၁၀၇ |
| ယင်းယောဂီ ရနိုင်သည့် အဘိညာဉ် ငါးပါး | .... | ၁၀၇ |
| ဈာန်ကစားနည်း ယူပြီးခါခါ ဝင်စားပါ | .... | ၁၀၈ |
| သမထတန်ခိုး တန်ဘိုးပိုင်ပိုင် မဖြတ်နိုင် | .... | ၁၀၉ |
| အဘိညာဉ်ဆင့် မြင့်ဘို့ခါခါ နှိုးလိုက်ပါ | .... | ၁၀၉ |
| အဘိညာဉ်များ ကြီးပွားလေလျှင် ဤသို့ပင် | .... | ၁၁၀ |
| သိဒ္ဓိရှင်ပုဂ္ဂိုလ် ဖြစ်လိုကြငြား နည်းယူပွား | .... | ၁၁၁ |
| သမထတရား ဘုရားရည်သန် မြတ်နိဗ္ဗာန် | .... | ၁၁၁ |
| သိဒ္ဓိ ကုဒ္ဓ် စိတ်ရှိလိုငြား သမထပွား | .... | ၁၁၂ |


## ဝိပဿနာ ကဏ္ဍ


| | | |
|---|---|---|
| ဘုရားရှင်ကိုယ်တိုင် မေးမြန်းတော်မူခြင်း | .... | ၁၁၄ |
| ရဟန်းတော်တပါး ထ၍ လျှောက်ထားခြင်း | .... | ၁၁၄ |
| ဘုရားရှင် ပြန်လည် မိန့်ကြားချက် | .... | ၁၁၅ |
| လေးနက်ခါခါ စစ်မေးပါလော | .... | ၁၁၆ |
| အနာဂါမ် အရိယာများ ဖြစ်ပါငြားလည်း | .... | ၁၁၆ |
| ယောဂီရှောင်ရန် တရား ခုနစ်ပါး | .... | ၁၁၇ |
| ယောဂီဖြစ်ရန် တရား ဆယ်ပါး | .... | ၁၁၇ |
| ယောဂီမနေအပ် အရပ်ဆယ့်ရှစ်ပါး | .... | ၁၁၈ |
| သံသရာဝဋ်မှ မြန်မကြာ လွတ်လိုကြလျှင် | .... | ၁၁၉ |
| မလွတ်တမ်း စောင့်ဖမ်း ရှုမှတ်ပါ | .... | ၁၂၀ |
| ထိုးဝါးနှင့်ကြိုး တန်ဘိုးထားပါ | .... | ၁၂၀ |
| စည်းမှန် နည်းမှန် စေတနာသန်လျက် | .... | ၁၂၂ |
| အချိန်ရှိတုန်း လုံ့လ သုံးလော | .... | ၁၂၂ |
| ငါးပေါက်မှားလျက် ငါးပါးမှောက်လိမ့်မည် | .... | ၁၂၂ |
| တင်းပြည့် တောင်းပြည့် အားသွန်ရှုမှတ်ပါ | .... | ၁၂၃ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ကိလေသာများ ခေါင်းပါးလာပုံ | .... | ၁၂၃ |
| နေကျိုးနပ် အမြတ်တွေ့အောင်ရှာ | .... | ၁၂၄ |
| ပေါ်သိ ပျောက်သိ လိုက်၍ကြည့် | .... | ၁၂၄ |
| လှေနှင့် ကူးတို့သမား ပမာထား | .... | ၁၂၅ |
| ကျန်းမာရေး လက်နှေးလို့မဖြစ် | .... | ၁၂၆ |
| သေလျှင်ပြီးရော သဘောအမှား | .... | ၁၂၆ |
| ရေအသာ လေလာခိုက်ပေမို့ | .... | ၁၂၇ |
| ရုပ်နာမ်နှစ်ပါး ထင်ရှားပေါ်လာ | .... | ၁၂၇ |
| သူ ငါ ရှိ မရှိ ရှာမှသိလိမ့် | .... | ၁၂၇ |
| ညွတ်ကိုင်းခြင်း ဖောက်ပြန်ခြင်းနှင့် ပေါ်ပျောက်ပုံ | .... | ၁၂၈ |
| ဝိဇ္ဇာဉာဏ်ကလေးများ ပေါ်လာပုံ | .... | ၁၂၉ |
| ဘာကြောင့် ယိမ်းယိုင်နေသလဲ | .... | ၁၂၉ |
| ခန္ဓာတံခါး ပိတ်ထားလေလျှင် သူမပင် | .... | ၁၃၀ |
| ထိန်းပါ ကျောင်းပါ စိတ်ကိုသာ | .... | ၁၃၀ |
| မိခင် ချစ်သား နှင်ပြေးသော်လဲ သူမခွဲ | .... | ၁၃၁ |
| မကြုံစဘူး အထူးသာယာ သူ့စိတ်မှာ | .... | ၁၃၁ |
| တယောက်ထဲ အမြဲနေချင်တယ် | .... | ၁၃၂ |
| သာယာငြိမ့်ငြောင်း ကမ္မဋ္ဌာန်းကျောင်း | .... | ၁၃၂ |
| ယောဂီတိုင်း တွေ့ရမည့် အတွေ့အကြုံလေးများ | .... | ၁၃၃ |
| ဝိဇ္ဇာဉာဏ်ရောင် မြင့်ခေါင်ထင်ရှား | .... | ၁၃၃ |
| နိဗ္ဗာန်မြင်သော ယောဂီ ဘယ်မှာလဲ | .... | ၁၃၄ |
| ဘယ်လို ကိလေသာငြိမ်းသလဲ | .... | ၁၃၅ |
| အနိစ္စဉာဏ် ရင့်သန်ဘို့သာ လိုရင်းပါ | .... | ၁၃၅ |
| နိဗ္ဗာန်မျှော်မှန်း ပျံသန်းသင့်ပြီ ငှက်ယောဂီ | .... | ၁၃၅ |
| ရုပ်နှင့်နာမ်အား နှစ်ပါးလုံးပင် ရှုဆင်ခြင် | .... | ၁၃၆ |
| ဥယျာဉ်ရှင်အလား သယ်သွားယုယ ကြွေမကျ | .... | ၁၃၇ |
| မချစ်လုံးလုံး ရွံမုန်းပေါ်မူ နာနာရှု | .... | ၁၃၇ |
| ရုပ်နာမ်ပေါ်မှာ လက္ခဏာသုံးခု ပေါ်အောင်ရှု | .... | ၁၃၈ |
| လမ်းဆုံးရှာတွေ့ ဇွဲစေ့ဖွေရှာ ခန္ဓာမှာ | .... | ၁၃၉ |
| အနိစ္စဉာဏ် ရင့်သန်စေမှု နာနာရှု | .... | ၁၃၉ |
| မိမိလုပ်သမျှ လုပ်ခရသလို အချည်းနှီးမရှိ | .... | ၁၄၀ |
| အမြင်မှားအောင် ထင်ရှားပြပြီ လင်းရောင်ခြည် | .... | ၁၄၁ |
| မာနလောင်လာ တဏှာလေပင့် မဖြစ်သင့် | .... | ၁၄၂ |

# မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| တံခွန်အလား စိတ်ထားမပိုင် ယိုင်တိုင်တိုင် | .... | ၁၄၃ |
| နိဗ္ဗာန်လိုငြား အမှားဟူဘိ ကြပ်ကြပ်ကြည့် | .... | ၁၄၃ |
| အနိစ္စတရား ရှုပွားနာနာ ဒိဋ္ဌိကွာ | .... | ၁၄၄ |
| လက္ခဏာသုံးတန် ပဟာန်သုံးချက် ဉာဏ်လက်နက် | .... | ၁၄၅ |
| ဒိဋ္ဌိဝိစိကိစ္ဆာ ကင်းကွာသွားမှ အာရဒ္ဓဝိပဿက | .... | ၁၄၆ |
| အာရဒ္ဓဝိပဿက ကြိုးလှုဂုဏ်အင် အာနိသင် | .... | ၁၄၆ |
| အိပ်သောနေရာမှ နိုးလာဘိနှယ် လွန်တင့်တယ် | .... | ၁၄၇ |
| အာရဒ္ဓဝိပဿကဖြစ်ချက် ဓာရက်တာမျှ ကြီးမြတ်လှ | .... | ၁၄၈ |
| လူသေဝမ်းခေါင် ကိန်းအောင်းတည်းခို နတ်သားလို | .... | ၁၄၉ |
| လောဘစစ္စာ နေရာမရ လက်မှိုင်ချ | .... | ၁၅၀ |
| ဝိရာဂ ဝိမုတ္တ မုချပိုင်သော် မဂ်ဖိုလ်ခေါ် | .... | ၁၅၁ |
| ဒေါသ ပညာ နှစ်ဖြာတရားမှန် အရမြန် | .... | ၁၅၁ |
| ရာဂ မောဟ နှစ်ဝဉာဏ်လေး အရနှေး | .... | ၁၅၂ |
| ဒန္ဓာဘိည ဖြစ်ကကောဋ္ဌသသာ ရှုဖန်ခါ | .... | ၁၅၃ |
| မဂ်ဇောပေါ်ရန် သင့်တန်ကာလ ရောက်ခဲ့ရ | .... | ၁၅၃ |
| ပထမမဂ် ပေါ်လျက်ခံစံ အေးနိဗ္ဗာန် | .... | ၁၅၄ |
| နှစ်ကြိမ် ဖိုလ်ဇော ဖြစ်သောအစဉ် နောက်ဘဝင် | .... | ၁၅၅ |
| သကဒါဂါမ်အတွက် ဖြစ်ချက်အရှိ တိုးခဲ့သိ | .... | ၁၅၅ |
| ဘဝများစွာ ပါလာမီးများ အေးငြိမ်းသွား | .... | ၁၅၆ |
| ကိလေသာအားလုံး ကုန်ဆုံးမှေးမှိန် ချုပ်ငြိမ်းချိန် | .... | ၁၅၈ |
| ပါရမီအား ထင်ရှား လွန်ကြီး တကြိမ်တည်း | .... | ၁၅၉ |
| ပါရမီအားအင် ပျော့လျှင် အကြား တန့်ရပ်နား | .... | ၁၆၀ |
| အားအင် အားလုံး ထုတ်သုံး ဓာရစပ် တွန်းရှုမှတ် | .... | ၁၆၁ |
| ပစ္စဝေက္ခဏာဇော သဘောလက္ခဏာ စဉ်းစားပါ | .... | ၁၆၂ |
| ရွှေရင်တော်နှစ် သားစစ်ကေန် ဖြစ်ပြီမှန် | .... | ၁၆၂ |
| လက်သည်းခွံရောက် မြေလောက်သာကျန် ဒုက္ခ ဒဏ် | .... | ၁၆၃ |
| စကြာမင်းမြတ် ရအပ်ဂုဏ်ထက် ပို၍တက် | .... | ၁၆၄ |
| ရှေ့ဉာဏ် နောက်ဉာဏ် လျှော်ကန်သင့်လှ နူလောမ | .... | ၁၆၅ |
| သောတာပန်မဂ်ဇော ပေါ်သောအခါ အကျိုးမှာ | .... | ၁၆၅ |
| သကဒါဂါမ်မဂ်ဇော ပေါ်သောအခါ အကျိုးမှာ | .... | ၁၆၆ |
| အနာဂါမ်မဂ်ဇော ပေါ်သောအခါ အကျိုးမှာ | .... | ၁၆၇ |
| **အရဟတ္တမဂ်ဇော** ပေါ်သောအခါ အကျိုးမှာ | .... | ၁၆၇ |
| ကိလေသာအထပ်ထပ် ပယ်သတ်အမှန် မြတ်မဂ္ဂံ | .... | ၁၆၈ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ကိလေသာမီး ငြိမ်းပြီးအမှန် မြတ်နိဗ္ဗာန် | .... | ၁၆၉ |
| နိဗ္ဗာန် အပွနာ ဘယ်ဟာဟူဘိ ခွဲ၍သိ | .... | ၁၇၀ |
| မဂ္ဂဝီထိ ဖြစ်၏နက်နဲ ဉာဏ်ဖြင့်စွဲ | .... | ၁၇၁ |
| ဖလသမာပတ် ရအပ်ခိုလှုံ ဝင်စားပုံ | .... | ၁၇၂ |
| အရိယာထံ မဂ်ဉာဏ်ဖြစ်လျှင် နိဗ္ဗာန်မြင် | .... | ၁၇၃ |
| မီးတောက်ပြတ်ငြိမ်း ဇာတ်သိမ်းခြင်းကို နိဗ္ဗာန်ဆို | .... | ၁၇၃ |
| နိဗ္ဗာန်အရ သာဓကပြစရာ အကြောင်းရှာ | .... | ၁၇၄ |
| နိဗ္ဗာန်အရ သာဓကတင် ထပ်ဆင်ခြင် | .... | ၁၇၄ |
| နိဗ္ဗာန်နှစ်ပါး သိထားမှုချ ကာရဏာ | .... | ၁၇၅ |
| နိဗ္ဗာန်သုံးပါး သိထားမှုချ အာကာရ | .... | ၁၇၆ |
| ပုထုဇဉ် လေးဦး အထူးထိမိ ပိုင်ပိုင်သိ | .... | ၁၇၇ |
| ဘိဟိတ်ဥက္ကဋ္ဌ အမြတ်သန္ဓေ စွဲရစေ | .... | ၁၇၈ |
| ရုပ်ပြစ်ရှစ်ပါး ဖြစ်ငြားအရှင်း မဂ်ဖိုလ်ကင်း | .... | ၁၇၉ |
| ဆယ့်ခြောက်ပုဂ္ဂိုလ် မဂ်ဖိုလ်အရှင်း လုံးလုံးကင်း | .... | ၁၈၀ |
| ပုဂ္ဂိုလ်ဆယ့်နှစ် တွက်စစ်ပြရာ ဤသို့သာ | .... | ၁၈၀ |
| ဘ်ဟိတ်ပုဂ္ဂိုလ် ပြဆိုရွေးကောက် ဤကိုးယောက် | .... | ၁၈၁ |
| ဒုသုဒ္ဓိဟု ပုထုသုံးမှာ ဈာန်မဂ်ကွာ | .... | ၁၈၂ |
| ဒုသုဒ္ဓိထား သုံးပါးကင်းပြန် မဂ်ဖိုလ်ဈာန် | .... | ၁၈၂ |
| ကာမန္တရာယ် သိဘွယ်အထူး ကြည့်လေဦး | .... | ၁၈၃ |
| မဂ်ဖိုလ်ဗီဇ ရဘို့သေချာ ကြိုးစားရာ | .... | ၁၈၃ |
| အရိယူပ ဝါဒအန္တရာယ် လွန်ကြောက်ဘွယ် | .... | ၁၈၄ |
| အာပတ်ရှိချက် ဈာန်မဂ်တကယ် အန္တရာယ် | .... | ၁၈၄ |
| ဝိနည်းကံအရ ကုသလေလျှင် ကင်းပျောက်စင် | .... | ၁၈၄ |
| မန္ဒတိက္ခ ပုဂ္ဂလလျော်စွာ စောကြရာ | .... | ၁၈၅ |
| နိမရာဓကာလ ဇောကျစတုတ္ထာ နှစ်ကြိမ်သာ | .... | ၁၈၅ |
| ပုဗ္ဗာနမှာ သင်္ခါနောက်ပြု နုလောမ | .... | ၁၈၆ |
| အစဉ်မပြတ် ဖြစ်ရပ်ခန္ဓာ ပဝတ္တာ | .... | ၁၈၆ |
| ဂေါတြဘူအမှန် နိဗ္ဗာန်ရှေ့ရှု အာရုံပြု | .... | ၁၈၇ |
| မဂ်၏ခဏ ရောက်မှသေချာ ခိုင်မြဲပါ | .... | ၁၈၇ |
| နိဗ္ဗာန်သမင်း ထင်လင်းမြင်သူ ဂေါတြဘူ | .... | ၁၈၈ |
| ကိစ္စလေးခိုင် တူပြိုင်ပြီးကြ မဂ်ကိစ္စ | .... | ၁၈၈ |
| ပညာ သဒ္ဓါ သမာထက်မှု စဉ်တိုင်းရှု | .... | ၁၈၉ |
| မဂ်ပေါက်ခါနီး အပြီးဖြစ်မှု ဒုက္ခရှု | .... | ၁၉၀ |

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


သောတာပတ္တိ မဂ်၏ခဏ ပယ်များလှ .... ၁၉၀
ခုနစ်ဘဝ လွန်ကမှန်စွာ ရဟန္တာ .... ၁၉၁
ကုသိုလ်ဘုရား တိုးပွားလာလေ ဆုတ်ယုတ်လေ .... ၁၉၁
သောတာပန်သုံးစား ကွဲပြားရဘိ ဤသို့သိ .... ၁၉၂
အကြိမ်မများ ဖြစ်ငြား ပြင်းပြ မရှိလှ .... ၁၉၃
သကဒါဂါမ် အမှန်ကျန ခြောက်မျိုးပြ .... ၁၉၃
အရဟတ္တမဂ် သန်လျက်သဖွယ် အားလုံးပယ် .... ၁၉၄
သစ်ပင်သဘော စစ်ကြောဥပမာ တူလှစွာ .... ၁၉၅
အနုသယ ဘာဝတကယ် မဂ်ကပယ် .... ၁၉၅


## အဃမေတ္တ ဇောတိပါလတ္ထေရေန ရစိတော ဘာဝနာ ရသ ဝိဘာဝနီ ဂန္ထော၊

## အမတ ရသ ဝိဘာဝနီကျမ်း

# မာတိကာ အညွှန်း

## သင်္ဂြိုဟ်မင်းကြီး ပရိနိဗ္ဗာန်ပြုခန်း


တရားသံပေါက်များ .... ၁၉၉
ပြိုင်းတော်မူငြား ဘုရားအထံ မေးလျှောက်ရန် .... ၂၀၀
အမူးသမား နောက်ကားဖြစ်မှာ ရဟန္တာ .... ၂၀၀
မုသာဝါဒ ကြောင်းပြအနှံ့ ဝိုင်းနှိပ်အံ့ .... ၂၀၁
အရက်သောက်ရာ နေရာမြေတွင် ထိုင်လျက်ပြင် .... ၂၀၂
ခုနစ်ရက်တအား သောက်ထားအရက် ခန်းခြောက်ပျက် .... ၂၀၂
သောကခပ်သိမ်း ပြတ်ငြိမ်းဘို့ရည် အားကိုးပြီ .... ၂၀၃
ဂါထာအဆုံး ပျက်ပြုန်းကိလေသာ ရဟန္တာ .... ၂၀၃
ထန်းခုနစ်ဆင့် အမြင့်ကသာ ဟောကြားပါ .... ၂၀၄
ဥပါသကာလုပ်ငန်း ကြိုးပမ်းနှိုးဆော် အကြံပေါ် .... ၂၀၄
ဥပါသကာအကျိုး တန်ဘိုးလွန်မြင့် အားထုတ်သင့် .... ၂၀၅
သမဏ ဗြာဟ္မဏ နှစ်ဝအမည် ဆိုထိုက်သည် .... ၂၀၆

# မာတိကာ


အကြောင်းအရာ — စာမျက်နှာ

## စက္ကုပါလ မထေရ် ဝတ္ထု

တရားသံပေါက်များ .... ၂၀၇
သေဆုံးမိဘ ရကြအမွေ ပစ္စည်းတွေ .... ၂၀၈
ထမင်း အဖျော် ဆေး လိုသေးမရှိ ပြည့်စုံဘိ .... ၂၀၈
နံနက်လှူဒါန်း ဆေးပန်းနံ့သာ ညနေမှာ .... ၂၀၉
ရဟန်းပြုရန် တောင်းခံလျှောက်ပြ မဟာပါလ .... ၂၁၀
မဟာပါလ အိမ်မှညီကို ခွင့်တောင်းဆို .... ၂၁၀
ဘဝအတွက် ဖဲထွက်ဘို့ရန် စိတ်ရည်သန် .... ၂၁၁
ရဟန်းတရား ကျင့်ပွားသည့်ခါ မျှတစွာ .... ၂၁၁
မျက်စိကိလေ နှစ်ထွေတကွ ပြိုင်ပျက်ကြ .... ၂၁၂

## မဟာကပ္ပိနမင်းနှင့် အနောဇာဒေဝီတို့ ရဟန္တာဖြစ်ခန်း

တရားသံပေါက်များ .... ၂၁၃
ပစ္စေကဗုဒ္ဓါ ရှစ်ဖြာကြွဘိ မလျှောက်မိ .... ၂၁၄
တထောင်ပစ္စေကာ ကြွလာပေါင်းစု ဆွမ်းဝတ်ပြု .... ၂၁၅
တူးရှင်း ခါး စသည် ကိုယ်စီယူထ ထွက်ခဲ့ကြ .... ၂၁၅
တာဝတိံမှ ဖြစ်ကြသူကြွယ် မောင်နှင့်မယ် .... ၂၁၆
ကုသိုလ်ပြုဘက် မပျက်တူစွာ လွန်ချမ်းသာ .... ၂၁၇
က္လဒ္ဓိမယ ပတ္တစီဝရာ ရောက်၍လာ .... ၂၁၇
မဟာကပ္ပိနထေရ် ကင်းလေစဲပြတ် အပူဇာတ် .... ၂၁၈
ရဟန္တာအလီလီ ကိုယ်စီကိုယ်ငှ ဖြစ်လေကြ .... ၂၁၈

## လေဏပဗ္ဘာရဝါသီ မထေရ် ရဟန္တာဖြစ်ခန်း
## ဒွတ္တိံသ ကောဋ္ဌာသ တရားတော်

ဟရားသံပေါက်များ .... ၂၂၀
မထေရ်ကြီးမှာ ကောင်းစွာပြင်ဆင် ဆွမ်းခံဝင် .... ၂၂၁
သီလအပြစ် ဖျစ်ညှစ်ဖွေရှာ မတွေ့ပါ .... ၂၂၁
ခြေဆေးရေဆွတ် ငါလွှတ်မည်ကို နတ်ကဆို .... ၂၂၂
နတ်နှင့် မထေရ် အချေအတင် အားကုန်နှင် .... ၂၂၃
ဗလဝပီတိ ကွာဘိခဏ ပြီးကိစ္စ .... ၂၂၄

## - မာတိကာ -

အကြောင်းအရာ — စာမျက်နှာ

### ဗာဟိယ ဒါရုစီရိယမထေရ် ပရိနိဗ္ဗာန်ပြုခြင်း
### ဒိဋ္ဌေဒိဋ္ဌမတ္တံ တရားတော်


| | | |
|---|---|---|
| တရားသံပေါက်များ | .... | ၂၂၅ |
| ထင်းချောင်းသက်နှီး ဆင်မြန်းယင်းသိ စဉ်းစားမိ | .... | ၂၂၆ |
| တည့်အားထုတ် အဟုတ်ဖြစ်လာ ရဟန္တာ | .... | ၂၂၇ |
| ရဟန်းငါးပါး မစားဟုသာ လွှန်တင်းမာ | .... | ၂၂၇ |
| ဘာဝနာအလုပ် အားထုတ်ရှုပွား အကျိုးများ | .... | ၂၂၈ |
| အရဟတ္တဖိုလ်ဉာဏ် ရရန်အတွက် ဟောကြားလျက် | .... | ၂၂၉ |
| တရားဟောရန် တောင်းပန်တကယ် နှစ်ကြိမ်ပယ် | .... | ၂၃၀ |
| သပိတ် သက်နှီး ဆင်မြန်းရန်အထူး ရှာလေဦး | .... | ၂၃၀ |
| ဘုရားဟောကြား နည်းများမမှ မဂ်ဖိုလ်ရ | .... | ၂၃၁ |


### နိုးသား ငါးရာ ရဟန္တာဖြစ်ခြင်း (သံကိစ္စသာမဏေ ဝတ္ထု)


| | | |
|---|---|---|
| **ယနေ့ ဒေသနာဖြင့် အဖြေရှာကြရန်** | .... | ၂၃၃ |
| ရဟန်းကိစ္စ ပြီးကြပြီမ်းမည် ဘေးဖြစ်မည် | .... | ၂၃၄ |
| ပဋ္ဌိမဘဝိက ဖြစ်ကသေချာ ရဟန္တာ | .... | ၂၃၅ |
| ရဟန်းငါးရာ ဝန်းကာလှည့်လယ် လွှန်တင့်တယ် | .... | ၂၃၅ |
| တစပဥ္စက ပျက်ကျရှုကာ ရဟန္တာ | .... | ၂၃၆ |
| တော၌သာမဏေ ရှိနေကြောင့်ကြ ဖြစ်တတ်စွာ | .... | ၂၃၆ |
| ကျောင်းဒကာများ ဖွဲ့ထားလှည့်ကျ ဆောင်ရွက်ကြ | .... | ၂၃၇ |
| မြတ်သူတို့အား မခြားမြတ်သူ ထိုက်တော်မူ | .... | ၂၃၈ |
| ယဇ်နတ်ကော်ရော် ပူဇော်လိုကြ တပါးကြွ | .... | ၂၃၈ |
| သမဂ္ဂချင်း ချစ်ခြင်းမေတ္တာ ကြီးမားရှာ | .... | ၂၃၉ |
| သန်လျက်ဆွဲထုတ် ခုတ်တော့မည်ရည် ကပ်လိုက်ပြီ | .... | ၂၄၀ |
| ငါတို့နှင့်ကွာ မျက်နှာ မျက်ခွက် သာယာလျက် | .... | ၂၄၀ |
| ရဟန်းငါးရာ ခြံကာဖူးရန် ဘုရားထံ | .... | ၂၄၁ |
| သီလဝန္တ ခဏချိန်မှာ တန်ဘိုးသာ | .... | ၂၄၂ |


### ဘုရားအလောင်း ရှေးပညာရှိတို့၏ လုပ်ငန်းနှင့် သွားရာလမ်း
### (သသပဏ္ဍိတ ဇာတ်တော်)


| | | |
|---|---|---|
| တရားဂါထာတော် ပါဠိအနက် | .... | ၂၄၃ |
| အလှူခံသာ ရောက်လာခဲ့လျှင် အသားပင် | .... | ၂၄၄ |

# မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပုဏ္ဏားကြီးစကား သူကြားသောခါ လွန်ဝမ်းသာ | .... | ၂၄၄ |
| မီးပုံအတွင်း ခုန်ဆင်းဘို့ရည် ဆုံးဖြတ်ပြီ | .... | ၂၄၅ |
| ရဲရဲညီးညီး မီးကျီးအတွင်း သူခုန်ဆင်း | .... | ၂၄၆ |
| မီး၏သဘာဝ အေးမြတကယ် လွန်ဆန်းကြယ် | .... | ၂၄၆ |
| မလှူနိုင်ဘိ မရှိသေချာ လောင်းတော်မှာ | .... | ၂၄၇ |
| ဇာတ်ပေါင်းလေလျှင် ယုန်ပင်စင်စစ် ဘုရားဖြစ် | .... | ၂၄၇ |

## သုသာန်ရှုတင်ဆောင် မဟာကာဠမထေရ်
## ရဟန္တာ ဖြစ်ခန်း


| | | |
|---|---|---|
| တရားဂါထာတော် ပါဠ်အနက် | .... | ၂၄၉ |
| မဟာကာဠ ဓမ္မနာရန် စိတ်ထက်သန် | .... | ၂၅၀ |
| ကောင်းရာ ကောင်းကြောင်း ခွင့်တောင်းလေပြီ အသီသီ | .... | ၂၅၁ |
| မထေရ်နီးရပ် ချဉ်းကပ်ရိုသေ လျှောက်ထားလေ | .... | ၂၅၁ |
| ကာလီလျှောက်ထား စကားထောက်ချင့် သိထားသင့် | .... | ၂၅၂ |
| ကာလီအဖွား နည်းများဖြည့်စွက် လွန်လေးနက် | .... | ၂၅၄ |
| လှပမြင့်ကြွယ် တင့်တယ်ဝဖြိုး ရောင်မညှိုး | .... | ၂၅၆ |
| မကြည့်တတ်တဏှာ မိန့်မှာစကား သတိထား | .... | ၂၅၆ |
| တလုံးပြီးတလုံး လက်သုံးဆေးသာ မှိုဝဲပါ | .... | ၂၅၇ |
| ပဋိသမ္ဘိဒါလေးပါး ထင်ရှားရရာ ရဟန္တာ | .... | ၂၅၈ |


## စေဇောကသိုက်းဖြင့် အခြေခံကျင့်သော
## ပဋိသမ္ဘိဒါပတ္တ သင်္ဂါဘိည ရဟန္တာထေရီမ
## သရေ့းသမီး (ဥပ္ပလဝဏ်) ဝတ္ထု


| | | |
|---|---|---|
| တရားဂါထာတော် ပါဠ်အနက် | .... | ၂၅၉ |
| ရပာန်းပြုရန် စိတ်ကြံ ရှိ မရှိ မေးမြန်းညှိ | .... | ၂၆၀ |
| ဥပ္ပလဝဏ် ထူးချွန်ပဋိသမ် အဘိညာဏ် | .... | ၂၆၀ |
| နန္ဒလှုမိုက် မြေ၌မျိုဘိ အဝီစိ | .... | ၂၆၁ |
| ကာမန္ဒစ်မျိုး ဖြစ်ရိုးကင်းကွာ ရဟန္တာ | .... | ၂၆၁ |
| မြို့တွင်းရွာတွင်း နေခြင်း စ ရာ ဤအခါ | .... | ၂၆၃ |

# မာတိကာ

**အကြောင်းအရာ** — **စာမျက်နှာ**


## ငှက်ပစ်မုဆိုးကြီး ဖြစ်ခဲ့ဘူးသော ပူတိဂတ္တတိဿမထေရ် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုခန်း

တရားဂါထာတော် ပါဠ်အနက် .... ၂၆၅
သွေးပြည်ယိုစီး ထေရ်ကြီးတိဿ ပုပ်နံ့ထ .... ၂၆၆
သန့်စင်ပြီးလျှင် အရှင်တိဿ ပြန်ပို့ကြ .... ၂၆၆
ပရိနိဗ္ဗာန် ဝင်စံရှာပြီ တိဿထေရ် .... ၂၆၇
အတောင်ခြေများ ချိုးထားမည့ာ ရက်စက်စွာ .... ၂၆၇
ကောင်းနှင့်မကောင်း အကြောင်းနှစ်ခု သူပင်ပြု .... ၂၆၈

## အနာဂါမိမထေရ် ဝတ္ထု

တရားဂါထာတော် ပါဠ်အနက် .... ၂၇၀
အနာဂါမိထေရ် သေသော်ဖြဟ္မ လားလေရ .... ၂၇၁
အနာဂါမ်ဖြစ် စင်စစ်သေချာ သုဒ္ဓါဝါသာ .... ၂၇၁

## စတုပဋိသမ္ဘိဒါပတ္တ ရဟန္တာ အညတရ ဘိက္ခုမထေရ် ဝတ္ထု

တရားဂါထာတော် ပါဠ်အနက် .... ၂၇၃
လောင်နေသောမီး ရှိန်ကြီးရဲနီ ကြည့်ရှုပြီ .... ၂၇၄
ကမ္မဋ္ဌာန်းအာရုံ ရှုပုံညှိသို့ နည်းယူဘို့ .... ၂၇၄
တဖန်ပြန်မဖြစ် အမြစ်မကျန် ရှို့ပစ်ရန် .... ၂၇၅
ကောင်းကင်ခရီး ထေရ်ကြီးကြွရှာ ရှိခိုးကာ .... ၂၇၅

## ၇ ရက်ကြာမှ တုသိတာနတ်သားဖြစ်ရသည့် တိဿမထေရ်ဝတ္ထု

တရားဂါထာတော် ပါဠ်အနက် .... ၂၇၇
အသားချောညက် နှစ်သက်လွန်စွာ ဝတ်ဘို့သာ .... ၂၇၉
ရဟန်းဘဝ သေရစင်စစ် သန်းကြီးဖြစ် .... ၂၇၉
ထိုထိုညှိညှိ မကြည်မအေး အော်၍ပြေး .... ၂၈၀
တိဿရဟန်း သန်းဖြစ်ကာလ ရက်သတ္တ .... ၂၈၀
ရက်လည်ဆွမ်းသွတ် မချွတ်လုပ်ကြ ထိုမှစ .... ၂၈၁
တဈောသံချေး မနှေးပြောင်စင် တွန်းသုတ်သင် .... ၂၈၁

## မာတိကာ

အကြောင်းအရာ — စာမျက်နှာ

### သောတာပန်တည်ပြီး ဖူးကဲစွာ သာသနာပြုခဲ့ရသည့် မစ္ဆရိယကောသိယ သဋ္ဌေးကြီး ဝတ္ထု


တရားဂါထာတော် ပါဠိအနက် .... ၂၀၃
နှစ်ဦးစပုံးတို့ တည်ဘို့အမှန် သောတာပန် .... ၂၀၅
မုန့်အိုးကင်းလျှင် စားချင်သောဇဏ် အောင့်သည်းခံ .... ၂၀၅
အိုးကင်းမုန့်လုပ် ကြော်ဖုတ်ဘို့ရာ တယောက်စာ .... ၂၀၆
သဋ္ဌေးကတော် မုန့်ကြော်ဘို့ပြင် ကိုယ်တိုင်ပင် .... ၂၀၆
သံဃာ့ါးရာ စောင့်ကာနေကြ ဆွမ်းကျောင်းမှ .... ၂၀၇
မကျေနပ်ပဲ သဲမဲလျက်ပေ မြည်တွန်နေ .... ၂၀၇
စားဘို့လုပ်ထား မုန့်ကားမှန်စွာ တယောက်စာ .... ၂၀၈
လှူရန်မုန့်သည် ဖုတ်ပြီးသီးသီး လုပ်လေကြီး .... ၂၀၉
ပလ္လင်ပေါ်ကြွ အားရကောင်းစွာ ဘုဥ်းပေးပါ .... ၂၀၉
ဇေတဝန်ကျောင်း ကိန်းအောင်းအမှန် ဘုရားထံ .... ၂၀၉
ဇနီးခင်ပွန်း တည်ထွန်းအမှန် သောတာပန် .... ၂၉၀


### ဝဋ္ဋတော်မကင်းသည့် တိဿ မထေရ်ကြီး ခေါင်းအရိုက်ခံရသော ဒဏ်ရာဖြင့် ပရိနိဗ္ဗာန် ပြုတော်မူရပုံ


တရားဂါထာတော် ပါဠိအနက် .... ၂၉၁
ပတ္တမြားလုံး သားတုံးမှတ်ရည် မျိုချပြီ .... ၂၉၃
တိဿထေရ်တွက် ရိုက်နှက်စစ်မည် တိုင်ပင်ပြီ .... ၂၉၃
ကြိုးကြာကြီးမှာ ပြေးလာဝင်ရောက် ခေါင်းသွေးသောက် .... ၂၉၄
ကြိုးကြာဗိုက်မှာ ခွဲရှာတော့မည် ဆုံးဖြတ်ပြီ .... ၂၉၅
အိမ်ဝင်ဆွမ်းခံ ပြစ်ဒဏ်များလတ် မြဲမြဲမှတ် .... ၂၉၅
တရားတဂါထာ ရွတ်ကာဟောပြ မြတ်ဗုဒ္ဓ .... ၂၉၆


### သာမဏေပြုရန် ဆံများရိတ်နေစဉ် တစပဉ္စက ကမ္မဋ္ဌာန်း ရှုမှတ်ယင်း ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်သွားသော ၇-နှစ်သား (ကောသမ္ဗက သာမဏေလေး) ဝတ္ထု


တရားဂါထာတော် ပါဠိအနက် .... ၂၉၈
ရှင်သာမဏေသောင်း ကျောင်းအပ်လျက်သာ လျှောက်ခဲ့ပါ .... ၃၀၀
ခုနစ်နှစ်သား ဖြစ်သွားရဟန္တာ ခေါင်းရိတ်ရာ .... ၃၀၀

## မာတိကာ

အကြောင်းအရာ　　　　　　စာမျက်နှာ


ကိုရင်လေးထွက် တဘက်မျက်စိမှာ ပေါက်သွားရှာ .... ၃၀၁
ရိုသေဒူးတုပ် လက်အုပ်ချီကာ တောင်းပန်ရှာ .... ၃၀၁
ဆရာထေရ်မှာ သက်သာဘို့ရည် ပြောကြားပြီ .... ၃၀၂
ပဋိသမ္ဘိဒါလေးပါး ထင်ရှားမှန်စွာ ရဟန္တာ .... ၃၀၃


### အလောင်းတော် (မဃ္ဃဒေဝ) မင်းကြီး သံဝေဂ ဖြစ်လျက် တောထွက် ရဟန်းပြုပုံ


တရားဂါထာတော် ပါဠ်အနက် .... ၃၀၄
ဆံဖြူခဲ့ပြီ ရှိသည်ကိလေ စွန့်ဘို့ပေ .... ၃၀၅
သေမင်းတမန် အောင်လံထင်ရှား စိုက်ကာသွား .... ၃၀၅
မဃ္ဃဒေဝမင်း မယွင်းစင်စစ် ဘုရားဖြစ် .... ၃၀၆


### ပညာရှိတို့၏ ဆုံးမစကားကို မလိုက်နာမိ၍ အမျိုးသား (၁၀၀၀) အသက် ဆုံးရှုံးရသော မန္တန် ပညာရှင် (ဝေဒဗ္ဗ ပုဏ္ဏားကြီး) ဝတ္ထု


တရားဂါထာတော် ပါဠ်အနက် .... ၃၀၇
အကြောင်းသုံးမျိုး ပြည့်ဖြိုးရတနာ မိုးကြီးရွာ .... ၃၀၈
ငွေများရှာရန် ရွာပြန်သွားလတ် အလောင်းမြတ် .... ၃၁၀
ဆရာဝေဒဗ္ဗ ပြောပြအားလုံး လိုက်ကျင့်သုံး .... ၃၁၀
ပစ္စည်းများပြား ပစ်ထားမယူ ပုံသုကူ .... ၃၁၁
တထောင်ယောကျ်ား စွန့်သွားမယူ ပုံသုကူ .... ၃၁၁
ပစ္စည်းများရ ဆရာ့ကိုယ်ကို မီးသင်္ဂြိုဟ် .... ၃၁၂
တပည့်မှာကား နောက်များမုချ မြတ်ဗုဒ္ဓ .... ၃၁၂


### တေဇောကသိုဏ်း ကုဋေလေးဆယ် ထေရီမယ် ကိသာဂေါတမီ (ပဋိသမ္ဘိဒါပတ္တ) ရဟန္တာမ ဖြစ်ခန်း


တရားဂါထာတော် ပါဠ်အနက် .... ၃၁၄
ကုဋေလေးဆယ် ရွှေငွေအစစ် မီးသွေးဖြစ် .... ၃၁၆
ကိသာဂေါတမီ ရှေ့ကံအလိုက် ခံစားထိုက် .... ၃၁၆
သေနေသောသား ထင်ရှားယခု ရှင်အောင်ကု .... ၃၁၇

## မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|


ဘယ်လိုချစ်ချစ် စွန့်ပစ်ကွေကွင်း သေရခြင်း .... ၃၁၇
တရားဓမ္မ ဟောပြလေရာ စိတ်ချမ်းသာ .... ၃၁၇
ရဟန္တာထေရီ ဖြစ်ပြီကျန သဒ္ဒေးမ .... ၃၁၈


### ဒသက် (၁၀) ပါး တရားတော်


ရှင်မောဂ္ဂလာန် ဝတ္ထု (ပထမအကြိမ်) .... ၃၁၉
ဒသက် (၁၀) ပါး တရားတော် (ဒုတိယအကြိမ်) .... ၃၂၀


### မိမိအတွက် ဆေးတခွက် တရားတော်

### အဂ္ဂသာဝက ဣဒ္ဓိတေဇ်ရ အရှင်မောဂ္ဂလာန် ကျောက်ညှိတောင်၌ ပရိနိဗ္ဗာန် ပြုခန်း


တရားသံပေါက်များ .... ၃၂၁
မြေလျှိုးမိုးပျံ စျာန်ဘိညာဏ်သုံး တိတ္ထိမုန်း .... ၃၂၃
ရှေးကဝဋ်ကြွေး ရှောင်ပြေးဒီတခါ မလွတ်သာ .... ၃၂၃
ပရိနိဗ္ဗာန် ဝင်စံဘို့အကြောင်း ခွင့်လာတောင်း .... ၃၂၄
အဇာတသတ်မင်း ချက်ချင်းစစ်ဆေး အပြစ်ပေး .... ၃၂၄
ရှင်မောဂ္ဂလာန်အလောင်း နောက်ကြောင်းစိစစ် ဤသို့ဖြစ် .... ၃၂၅
ရန်သူအများ ရှောင်ရှားဘို့ရည် ဆင်းခဲ့ပြီ .... ၃၂၅
မိအိုဘအို မလိုဆိုးညစ် သတ်ပြီးပစ် .... ၃၂၆
ကြမ္မာဝဋ်ကြွေး လွတ်ရေးမရ ဒဏ်ဆယ်ဝ .... ၃၂၆


### ဥဿာတရား လွန်ဆိုးဝါးတရားတော် (လောသကတိဿ ဝတ္ထု)


တရားသံပေါက်များ၊ .... ၃၂၇
အကုသိုလ်အကျိုး အဆိုးထွေထွေ ပင်လယ်ဝေ .... ၃၂၉
အရဟတ္တဖိုလ်ဉာဏ် ရရန်တရား လွန်ကြီးမား .... ၃၂၉
ဉ္ဿာလွန်ကဲ ဆင်းရဲစွာလှ လောသက .... ၃၃၀
အစစအရာရာ တော်တာတခြား လာဘ်နည်းပါး .... ၃၃၁
ဒါနအကျိုး တန်ဘိုးမသိ မွဲတတ်၏ .... ၃၃၁
အကုသိုလ်မျိုး အဆိုးဖြစ်ကြောင်း ကြောက်ဖွယ်ကောင်း .... ၃၃၂
ရှင်သာရိပုတ္တရာ ခါခါကြွရ ဒွဲ့လုံ့လ .... ၃၃၃
ပရိနိဗ္ဗာန် ဝင်စံတဲ့တဲ့ ဤသို့ခဲ .... ၃၃၃

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


ရဟန်းတော်များ ရောက်ငြားဖုံဖုံ ဝေဘန်ကုန် .... ၃၃၄
ရဟန်းတော်များ ဘုရားခွဲခြား မိန့်မြွက်သွား .... ၃၃၄
အာဂန္တုတပါး ထင်ရှားကြွလာ ရဟန္တာ .... ၃၃၅
ကျောင်းရှိထေရ်၏ စိတ်ရှိမကြည်ချက် သိထားလျက် .... ၃၃၆
ကောင်းကင်ယံမှ ပျံကြွလေပြီ အာဂန္တုထေရ် .... ၃၃၆
အာဂန္တုအား ကပ်ငြားပါရန် ပေးလိုက်ပြန် .... ၃၃၇
ဒေါမနဿ မုချခုဝင် ကူဿာပင် .... ၃၃၇
ကူဿာတရား ဆိုးဝါးကြီးကျယ် ကျိုးပေးတယ် .... ၃၃၈
မိတ္တဝိန္ဒက ဖြစ်ရဆိုးချက် အကျိုးဆက် .... ၃၃၈
ကံဆိုးမသွားရာ မိုး နောက်ကပါ .... ၃၃၉
သီလတန်ခိုး ဝင်တိုးခံစံ နတ်ဗိမာန် .... ၃၄၀
ရှင်ဘုရင်ထံ ပို့ရန်အကွေ့ ဆရာတွေ့ .... ၃၄၀
ဗိသာဝုဒ္ဓါ မိတ္တာဖြစ်ရ လောသက .... ၃၄၁


## သူတော်ကောင်းကို မတရား စော်ကားလျှင် မြေမျိုလျက် မဟာအဝီစိငရဲ၌ ခံရတတ်ကြောင်း အလောင်းတော် (ခန္တီဝါဒီရသေ့လေး) ဝတ္ထု


တရားသံပေါက်များ .... ၃၄၂
ခန္တီတရား ကိုင်ထားစစ အောင်မြင်ရ .... ၃၄၄
ကုဋ္ဌေရှစ်ဆယ် ပြန့်ကြွယ်သားလှ ကုဏ္ဍလကုမာရ .... ၃၄၅
လောင်းမြတ်ရသေ့ မမေ့ဝူတင် တရားခင် .... ၃၄၅
ကချေသည်များ ခစားကိုယ်စီ ဝိုင်းဝိုင်းလည် .... ၃၄၆
ရသေ့လေးကို ပြောဆိုအမျက် ခြောင်းခြောင်းထွက် .... ၃၄၇
ခန္တီဝမှ ဝါဒလုံးလတ် ရသေ့မြတ် .... ၃၄၇
ဥယျာဉ်တံခါး ရောက်ငြားသူ့ကို မြေကမျို .... ၃၄၈


## သံဃာတော် (၇) သိန်း ဆုံးဖြတ်ချက်အရ ရဟန္တာကြီး ငါးရာ နှစ်ပေါင်း(၂၅၁၇)က ပရိယတ်သာသနာကို သင်္ဂါယနာတင်လျက် အဆင့်ဆင့် လက်ပြောင်း သယ်ယူ နိုင်မာစေခဲ့ကြပုံ


တရားသံပေါက်များ .... ၃၄၉
ငါကားအာနန္ဒာ များစွာမကြည် ပင်ပန်းပြီ .... ၃၅၁

# မာတိကာ

အကြောင်းအရာ                                                        စာမျက်နှာ


အားတော်ကြီးမား ဘုရားမြတ်စွာ ပင်ပန်းလာ .... ၃၅၁
ကုသိနာရုံ ခိုလှုံရန်သွား ကြောင်းသုံးပါး .... ၃၅၂
သဘာပတိ မိန့်သည့်ခွန်းမြတ် ဝိုင်းအုံမှတ် .... ၃၅၃
ခွန်းမြတ်မြန်မာ ကောင်းစွာဤသို့ နားလည်ဘို့ .... ၃၅၄
ပထမ သင်္ဂါယနာ တင်လာမင်းမြတ် ဇာတသတ် .... ၃၅၅
ဒု-တ နှစ်တန် တင်ပြန်သင်္ဂါ မင်းဒါယကာ .... ၃၅၅
စ-မ နှစ်တန် တင်ပြန်သင်္ဂါ မင်းဒါယကာ .... ၃၅၆
ပရိယတ်သာ ကောင်းစွာပို့ချ မကွယ်ပ .... ၃၅၆


## ဗောဓိဉာဏ်ကို ရည်သန်လှူဒါန်းသော
## ရှေးအလောင်းတော်ကြီးများ၏ စေတနာသည်
## အမြဲတမ်း ကြည်ဖြူ ညီတူကြပုံ ဝိသယဇာတ်တော်


တရားသံပေါက်များ .... ၃၅၇
ခြောက်ဌာနမှာ လှူလာနိစ္စ တသိန်းကျ .... ၃၆၁
မြက်ထမ်းထမ်းပိုး ကြိုးနှင့်တံစဉ် ဒါပဲမြင် .... ၃၆၂
ဦးပဲ့ထမ်းလာ နှစ်ဖြာလယ်ထဲ ယိမ်းယိုင်လဲ .... ၃၆၂
ထိုခဏပင် အားအင်ပြည့်ဝ လိုတိုင်းရ .... ၃၆၃


## သာသနာတော်ကို ကြည်ညိုသဒ္ဒါပွားခဲ့၍
## ကောသမ္ဗီ သဌေးကြီး ဖြစ်လာရသော
## ဃောသကနှင့် သူ့ဇာတို၏ အတိတ်ဝတ္ထု


သားကိုစွန့်လျက် သက်သက်သွားချင် သူတိုင်ပင် .... ၃၆၇
အကုသိုလ်ဟူ မီးတူစွဲပိုက် ဂရုစိုက် .... ၃၆၈
ကာဠီသယ်ထား သနားလင်ကို ကျွေးမွေးပို .... ၃၆၈
ခွေးမကြီး၌ ညွတ်ခိုက်သေသည် ဝင်စားပြီ .... ၃၆၉
ဇနီးကာဠီ အရှည်မြော်မြင် ဤအိမ်တွင် .... ၃၇၀
နွားကျောင်းသားပင် အရှင်မြတ်အား သွားလျှောက်ထား .... ၃၇၀
ပစ္စေကအရှင် ခင်မင်ပိုမို လွန်ကြည်ညို .... ၃၇၁
အပြင်အတွင်း မယွင်းတူမှန် တိရစ္ဆာန် .... ၃၇၁
နယ်တို့စုတိ ကြောင်းရှိထင်ရှား ဤလေးပါး .... ၃၇၂
ရှေ့လျှောရကြောင်း ထပ်လောင်းလေးဖြာ အကျယ်မှာ .... ၃၇၃

# မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|

## ဒေါသကလေးအတွက် ဇနီးမောင်နှံတို့ အကြီးအကျယ်ပူဆွေး သေပွဲဝင်ကြရသော ဘုရားအလောင်းတော် (ဆဒ္ဒန်ဆင်မင်းနှင့် မိဖုရားလေး သုဘဒ္ဒါ) ဝတ္ထု


| | | |
|---|---|---|
| တရားသံပေါက်များ | .... | ၃၇၄ |
| ဆဒ္ဒန်ဆင်မင်း ချစ်ခြင်းနှစ်ဖြာ သုဘဒ္ဒါ | .... | ၃၇၆ |
| အင်ကြင်းတောသွား ကစားရာမှ သူ့ရန်စ | .... | ၃၇၇ |
| အစွယ်နှစ်ဆူ သယ်ယူရလို တောင်းဆုဆို | .... | ၃၇၇ |
| ပစ္စေကဗုဒ္ဓါ ထံမှာဝပ်တွား တောင်းဆုများ | .... | ၃၇၈ |
| ဟိမဝန္တာ ရောက်လာဝင်ခို သောနုတ္တိုရ် | .... | ၃၇၉ |
| မြား၏ဒဏ်ချက် တွန်းလျက်အော်ပြီ တောလုံးဟီ | .... | ၃၇၉ |
| အစွယ်နှစ်ဆူ ဖြတ်ယူဆက်သ သင်ပြောပြ | .... | ၃၇၉ |
| ပစ္စေကဗုဒ္ဓါ ငါးရာသံဃာများ ကြွရှုပွား | .... | ၃၈၀ |
| ထင်းပုံပေါ်တွင် မ တင်မီးတိုက် တင်ရှို့လိုက် | .... | ၃၈၁ |
| ဗာရာဏသီ သာကြည်ခဏ ပြန်ရောက်ရ | .... | ၃၈၁ |
| အစီရင်ခံ အသံကျုန နားထောင်ကြ | .... | ၃၈၁ |
| အားရနှစ်ထောင်း ဖြစ်ကြောင်းအမှန် အစီရင်ခံ | .. | ၃၈၂ |
| သုဘဒ္ဒါမိဖုရား စိတ်အားမကြည် ဇာတ်သိမ်းပြီ | .... | ၃၈၃ |


## ဘုရားဖြစ်ခါနီး နောက်ဆုံးဘဝအထိ မယားဇနီး သားသမီးနှင့် ပစ္စည်းပါမချန် တိုင်းပြည်၏ အနှင်ပင်ခံပြီး ဒါနပါရမီကို အားသွန်ဖြည့်သွားသော အလောင်းတော် ဝေဿန္တရာမင်းကြီး ဝတ္ထု


| | | |
|---|---|---|
| တရားသံပေါက်များ | .... | ၃၈၄ |
| ဗန္ဓုမမင်းထံ နှစ်တန်အောက်ကျို့ လက်ဆောင်ပို့ | .... | ၃၈၆ |
| ကိုယ်မှာမဆင် မြတ်ရှင်လှူလျက် တောင်းဆိုမြွက် | .... | ၃၈၇ |
| ကိုကိုမင်းကြီး သမီးခုနှစ်ဖြာ စဉ်တိုင်းပါ | .... | ၃၈၇ |
| သိကြားပေးအပ် ဆုမြတ်ထင်ရှား ဤဆယ်ပါး | .... | ၃၈၈ |
| ကုန်သည်လမ်းတွင် ဖွားမြင်၍လာ ဝေဿန္တရာ | .... | ၃၈၉ |
| အလောင်းတော်မြတ် ပြုအပ်အကုန် လွှန်ပြည့်စုံ | .... | ၃၉၀ |
| လောင်းမြတ်ဝေဿန် လှူခံရှိလျှင် အားလုံးပင် | .... | ၃၉၁ |
| အားလုံးတုန်ဟီး မြေကြီးကပင် မှတ်တမ်းတင် | .... | ၃၉၂ |

# မာတိကာ

အကြောင်းအရာ　　　　စာမျက်နှာ


မှတ်တမ်းတင်အပ် အမြတ်ကျက်စရာ သုံးဂါထာ .... ၃၉၃

လူရာဌာန တလခြောက်ခေါက် ကြည့်ရှုရောက် .... ၃၉၃

ပစ္စေကဆင်ဖြူ ရောက်မူအရပ် မိုးရွာဘတ် .... ၃၉၃

ကျောက်ကုန်းပေါ်မှ ဆင်းထကြည်ဖြူ ပေးစွန့်လှူ .... ၃၉၄

ပစ္စယဆင် လှူစဉ်ပါသွား တန်ဘိုးများ .... ၃၉၅

တနေ့တည်၌ မိမိအတွက် ပြုလိုချက် .... ၃၉၆

မဒ္ဒီမိဖုယား မြှုပ်ထားဘို့ကို မင်းကြီးဆို .... ၃၉၇

နှုတ်ဆက်စကား ပြောကြားတမင် လောင်းမြတ်ရှင် .... ၃၉၈

ဝေဿန်မင်းမြပ် လှူအပ်ခုနစ်ရာ ခုနစ်ခါ .... ၃၉၉

ထွက်ခွာရဆဲ ငိုပွဲသူဖန် အုန်းအုန်းညံ .... ၃၉၉

ယူဇနာသုံးဆယ် အလွယ်နှင့်ပေါက် နေ့ချင်းရောက် .... ၄၀၀

ဝင်္ကတောင်ဝှန်း သခ်မ်းနေကြ ခုနစ်လ .... ၄၀၀

အားလုံးတာဝန် ကျေပွန်ဘို့ရာ ငါ့ဝန်တာ .... ၄၀၁

ဇူဇကာအား မယားအလှ ပြန်ပြောပြ .... ၄၀၁

လုပ်ကျွေးမည့်အကြောင်း ခွင့်တောင်းပန်ထွာ ဇူဇကာ .... ၄၀၂

ဇနီးဓာပနာ သာယာချိုအေး အကြံပေး .... ၄၀၃

ဇူဇကာပုဏ္ဏား သွားသင့် မသင့် မျှော်ထောက်ချင့် .... ၄၀၃

လာခြင်းကိစ္စ မုချအမှန် အလှူခံ .... ၄၀၄

သားမြတ်ဇာလီ ခေါ်ပြီအမှန် လှူဘို့ရန် .... ၄၀၅

သမီးမြတ်ကဏှာ ခေါ်ပါအမှန် လှူဘို့ရန် .... ၄၀၆

ဇူဇကာပုဏ္ဏား ကြောက်အားပိုမို ရှိုက်ရှိုက်ငို .... ၄၀၇

မျက်ရည်ယိုရွှဲ စိုရွှဲသုတ်ကာ ချော့မော့ရှာ .... ၄၀၈

သဗ္ဗညုတဉာဏ် အမှန်ရလို တောင်းဆုဆို .... ၄၀၈

နွယ်ဖြင့်တုပ်လျက် ရိုက်နှက်အလီလီ ခေါ်သွားပြီ .... ၄၀၉

သနားဘွယ်အမျိုးမျိုး ရှိခိုးပြောပြ တောင်းပန်ကြ .... ၄၀၉

ဘခင်ကြီးအား သနားစေရန် သူတောင်းခံ .... ၄၁၀

စွန့်ခြင်းကြီးငါး စွန့်သွားစင်စစ် ဘုရားဖြစ် .... ၄၁၂

ခြင်္သေ့ ကျားသစ် အဖြစ်ဆောင်ကာ စောင့်ရှောက်လာ .... ၄၁၃

မြားဒဏ်နှစ်ချက် စူးလျက်ဝင်လာ အလွန်နာ .... ၄၁၄

ကံကြမ္မာဆိုး ဝင်တိုးပြန်ပြီ မယ်မဒ္ဒီ .... ၄၁၅

သိကြားမင်းကိုယ်တိုင် အပိုင်သိရ ချီးကျူးလှ .... ၄၁၆

မိဘများသွင် နတ်ပင်ကိုယ်စီ သယ် မပြီ .... ၄၁၇

ဝင်္ကတောင်သို့ သွားဘို့ဇာလီ ထွက်သွားပြီ .... ၄၁၈

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပေါက္ခရမိုး သွန်းဖြိုးရွာလာ စိတ်ချမ်းသာ | .... | ၄၁၈ |
| ကိုးလခွဲထိ နေဘိကျင့်ရာ ကျောင်းဝိဟာ | .... | ၄၁၈ |
| ဝက်တောင်းမှ နှစ်လတိုင်လာ စေတုတ္တရာ | .... | ၄၁၉ |
| တုသိတာနန်း ကြင့်နှန်းဗိမာန် ကြွရှိစံ | .... | ၄၂၀ |
| ဝေဿန္တရာ လောင်းလျာဇာတ်ကြောင်း ဤသို့ပေါင်း | .... | ၄၂၁ |


### မိဘနှစ်ပါးကို ကျွေးမွေးပြုစုသဖြင့် သူတော်ကောင်း နတ်ကောင်း မ ခြင်းကို ပြသော ဘုရားအလောင်းတော် သုဝဏ္ဏသာမ ဇာတ်တော်


| | | |
|---|---|---|
| တရားသံပေါက်များ | .... | ၄၂၂ |
| ဒုကူပါရီ မြဲဘိပါဏာ တိပါတ | .... | ၄၂၄ |
| အိမ်ထောင်စကား မကြားဆိတ်ဆိတ် နားကိုပိတ် | .... | ၄၂၄ |
| ပါရိကာလျှင် ဝိုင်းပင်ပြောပြ နားမကျ | .... | ၄၂၅ |
| အပြန်အလှန် သူ့ထံစာရေး ရောက်အောင်ပေး | .... | ၄၂၅ |
| ညားလည်းမချစ်ကြ လောကထုံးစံ သူရှုန်းကန် | .... | ၄၂၆ |
| ရဟန်းပြုရန် ခွင့်ပန်တကယ် မောင်နှင့်မယ် | .... | ၄၂၆ |
| သိကြားမင်းစေချက် ဆောင်ရွက်အစုံ ဝိသကြုံ | .... | ၄၂၇ |
| ကျေးသံငှက်သံ ရံဖန်ကြားရ လွန်အေးမြ | .... | ၄၂၈ |
| နေထိုင်မှုများ သိငြားပိုမို လွန်ကြည်ညို | .... | ၄၂၈ |
| ကာမဂုဏ်ယုတ် ဘင်ပုပ်အတိ လိုမရှိ | .... | ၄၂၉ |
| ဥတုချိန်သင့် လက်ဖြင့်ပွတ်ပါ ချက်ကိုသာ | .... | ၄၃၀ |
| ပါရိကာထံ အမြန်တိတ်တိတ် ပြန်လာသိပ် | .... | ၄၃၁ |
| ဒုကူပါရီ မျက်စိကိုယ်စီ ကန်းကုန်ပြီ | .... | ၄၃၁ |
| မျက်စိကုဆရာ ကြင်ယာပါဆက် ယင်းဝိပါက် | .... | ၄၃၂ |
| ရှေ့ရေး နောက်ရေး အားပေးရည်မွန် သားတာဝန် | .... | ၄၃၂ |
| ဝေယျာဝစ္စ ပြည့်ဝစေမှု အားလုံးပြု | .... | ၄၃၃ |
| မြား၏ဒဏ်ချက် သွေးဖွက်ထဲမှာ ညည်းညူရှာ | .... | ၄၃၃ |
| ငါ၏တာဝန် ကျေပွန်လေအောင် ငါထမ်းဆောင် | .... | ၄၃၃ |
| အလောင်းတော်သာမ အားရဝမ်းသာ လမ်းပြရှာ | .... | ၄၃၄ |
| အမှာစကား ပြောကြားတန်တန် မိဘထံ | .... | ၄၃၅ |
| မင်းကြီးသနား စိတ်အားယိမ်းယိုင် မထိန်းနိုင် | .... | ၄၃၆ |
| ဗဟုသုန္ဒရီ ဒေဝီစီမံ သူ့အကြံ | .... | ၄၃၇ |
| ဆိုပြီးပါဋ္ဌိ အသိမှတ်ရန် အနက်ပြန် | .... | ၄၃၈ |

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပိဋ္ဋိယက္ခ မင်းမှစိတ်သန် အမိဋ္ဌာန် | .... | ၄၃၉ |
| ရေအိုးသယ်မ မိဘထံပါး မင်းကြီးသွား | .... | ၄၄၀ |
| မိဘဆန္ဒ ဖော်ပြပို့ရန် သာမထံ | .... | ၄၄၀ |
| မိခင်ပါရိကာ သစ္စာပြုချက် စောင်းတဘက် | .... | ၄၄၁ |
| ဘခင်ဒုကူ ပြုမူသစ္စာ တဘက်ပါ | .... | ၄၄၂ |
| နတ်သမီးဆိုရာ သစ္စာတန်ခိုး ဤလေးမျိုး | .... | ၄၄၃ |
| အမာရွတ်ပင် မထင်ကောင်းကျိုး သူ့တန်ခိုး | .... | ၄၄၃ |
| မိဘကျွေးမွေး ပြုပေးကျယ်ပြန့် ပန်းရနံ့ | .... | ၄၄၄ |
| မင်းကျင့်တရား ဆယ်ပါးညီလျှင် ထက်နတ်ခွင် | .... | ၄၄၄ |
| သူတော်ကောင်းများ စိတ်ထားစင်ဖြူ အတုယူ | .... | ၄၄၅ |


### ဗျာနသမာပတ်၊ ဖလသမာပတ်၊ နိရောဓသမာပတ် ဝင်စားပုံများ
### (ခါကုကောသလ္လာည မထေရ်ကြီး ဝတ္ထု)


| | | |
|---|---|---|
| တရားသံပေါက်များ | .... | ၄၄၇ |
| ခိုးသားငါးရာ ဝင်လာဆိတ်ဆိတ် တိုး၍အိပ် | .... | ၄၄၉ |
| အာရုံတက်ကျ နိုးမှတွေ့မြင် ဘီလူးထင် | .... | ၄၄၉ |
| သစ်ငုတ်တိုပင် မှတ်ထင်မသိ ပြစ်မှားမိ | .... | ၄၅၀ |
| ငါးရာခိုးသား စိတ်ထားညီလျက် ရဟန်းဘက် | .... | ၄၅၀ |
| သစ်ငုတ်တို ကောဏ္ဍည ခေါ်ကြလေဘိ ယခုထိ | .... | ၄၅၁ |
| တရားနှင့်တရက် မြင့်တက်လုံးဝ မတူကြ | .... | ၄၅၁ |


### အချိန်သာဟန်လျှင် ကံလည်း လန်း၊ စန်းလည်း ထကြောင်း
### နွားကျောင်းသား (နန္ဒဂေါပါလက) ၏ တရားတော် အဆုံး၌
### သောတာပန် တည်ခန်း


| | | |
|---|---|---|
| တရားသံပေါက်များ | .... | ၄၅၃ |
| ဘုရားကပည့် မိမိတို့ထံ ကြွဘို့ရန် | .... | ၄၅၅ |
| ပင့်ပါသော်လဲ စောင့်မြဲထိုခါ မကြွပါ | .... | ၄၅၅ |
| ဘုရားရှင်အား လိုက်ငြားပို့ကာ လှည့်ပြန်ရာ | .... | ၄၅၆ |
| သေကျော်ကြွရ မုချပြုပြင် စိတ်ကပင် | .... | ၄၅၆ |
| သောတာပန်အစ ရကြပါစေ များဝေနေ | .... | ၄၅၇ |

## မာတိကာ


**အကြောင်းအရာ** | **စာမျက်နှာ**

**တရားထူးရလိုသူတိုင်း ဆန့်ကျင်ဘက်အလုံးစုံကို အထူးရှောင်ရှားသင့်ကြောင်း**
**အစားဝမှ တရားရသော ဗုဒ္ဓဥပါသကာ သောတာပန်တည်ခန်း**

တရားသံပေါက်များ .... ၄၅၉
ဘုရားထံပါး တရားနာရန် စိတ်အကြံ .... ၄၆၁
သုံးဆယ်ယူဇနာ ရည်ကာကြွရ ဒုဂ္ဂတ .... ၄၆၁
ကြောင့်ကြခပ်သိမ်း ကုန်ငြိမ်းစေမှု ဦးစွာပြု .... ၄၆၂
ဆာလောင်မှုမှာ ကြီးစွာဒုက္ခ မဂ်မရ .... ၄၆၃

**တုသိတာသွား နတ်ရထား တရားတော် (ဓမ္မိကာ ဥပါသကာ ဝတ္ထု)**

တရားသံပေါက်များ .... ၄၆၅
မိသားစုဆယ့်ခြောက် စိတ်ရောက်ဒါန မွေ့ပျော်ကြ .... ၄၆၇
တရားနာရင်း အတင်းမသွေ့ ဖယ်ခိုင်းနေ .... ၄၆၈
တုသိတာဘုံ ခိုလှုံပါသွား နတ်ရထား .... ၄၆၈
ကုသိုလ်ရှိက စိတ်ချအမှန် တုသိတံ .... ၄၆၉

**နန္ဒမူလိက်ဝမှ ပစ္စေကဗုဒ္ဓါ ရဟန္တာကြီးများ**
**ကောင်းကင်ယံဖြင့် အထူးကြွလာချီးမြှင့်သော**
**အလောင်းတော် ရောဂုဝမင်းကြီးနှင့် သမုဒ္ဒဝိဇယာ မိဖုရားကြီးဝတ္ထု**

တရားသံပေါက်များ .... ၄၇၀
ပစ္စေကဗုဒ္ဓါ ပင့်လာရရေး လိုက်လံမေး .... ၄၇၂
မင်းကြီးစကား ထင်ရှားမျက်မှောက် မိဖုရားလျှောက် .... ၄၇၂
မြောက်အရပ်ဝယ် ရည်ရွယ်ပစ်သမျှ ပန်းများကျ .... ၄၇၃
မင်းမိဖုရား နှစ်ပါးကြည်ဖြူ ပေးအလှူ .... ၄၇၃
အိုနာသေမှု မီးဟုမှတ်ယူ များများလှူ .... ၄၇၄
အာဒိတ္တဇာတ် သိမှတ်စေချင် ဇာတ်ပေါင်းလျှင် .... ၄၇၅

**အငြိမ့်ပြတ် အရှိရပ် တရားတော်**

**ကုဋေ(၁၆၀) ကြွယ်ဝသော သဌေးသားလေးနှင့် သဌေးသမီး**
**သမိဿဟာသိနီတို့ ပစ္စည်းများစွန့်လှူပြီး ပရိဗိုဇ်အဖြစ်ဖြင့်**
**တောထွက် တရားအားထုတ်ခန်း**

တရားသံပေါက်များ .... ၄၇၆
ရွှေရုပ်လိုလှ ရခဲ့အမှန် ပေးဆောင်ရန် .... ၄၇၈

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အိုးအိမ်ထောင်မှု ပြုဘို့မရည် ဘိက္ခုနီ | .... | ၄၇၉ |
| လောင်းတော်နှစ်ပါး ချဉ်ဆားလိုအပ် မြို့သို့ကပ် | .... | ၄၇၉ |
| ပရိဗိုဇ်မ မရဏာလက် သူဆင်းသက် | .... | ၄၈၀ |
| အလောင်းတော်မြတ် တောကပ်တဖန် အဘိညာဏ် | .... | ၄၈၀ |
| ဇာတ်ပေါင်းလေလျှင် သူပင်စင်စစ် ဘုရားဖြစ် | .... | ၄၈၁ |

## ရေပွက် တံလျှပ် ကိုယ်ဝယ်ကပ် တရားတော်
## သေမင်းမမြင်နိုင်တဲ့နေရာကို လိုက်ရှာကြသော
## ရဟန်းတော်ကြီး အပါး (၅၀၀) ဘုရားရှင်နှင့် တွေ့ခန်း

| | | |
|---|---|---|
| တရားသံပေါက်များ | .... | ၄၈၂ |
| ခန္ဓကိုယ်မှာ ကောင်းစွာပေါ်မှု နာနာရှု | .... | ၄၈၄ |
| ရေပွက်ပမာထား ရှုပွားဖြစ်လာ ရဟန္တာ | .... | ၄၈၄ |

## တကယ်ရှိလျက် အသိခက် တရားတော်
## ရဟန်းတော်ကြီး အပါး(၅၀၀)တို့အား
## မိမိတို့ ရဟန္တာ ဟုတ် မဟုတ်၊ အလုပ်နှင့်စမ်းသပ်
## အဖြေရှာကြရန် နည်းလမ်းကို ဘုရားရှင် မိန့်ကြားတော်မူပုံ

| | | |
|---|---|---|
| တရားသံပေါက်များ | .... | ၄၈၆ |
| သုသာန်မှပြန် ငါ့ထံဝင်လာ အားလုံးသာ | .... | ၄၈၈ |
| ရာဂစိတ်များ ပေါ်ပြီးထိုခါ စဉ်းစားလာ | .... | ၄၈၉ |
| ရာဂဖြစ်စရာ တွေ့လာရာက မပေါ်ရ | .... | ၄၈၉ |
| တဂါထာဟောထ နာရ ရဟန္တာ ပါးငါးရာ | .... | ၄၉၀ |

## အရှင်ဇောတိပါလထေရ် ရေးသားပြုစုသော
## မဟာဝဂ္ဂါဒိ ဂန္ထ သတ္တက ပါဠိပါရဂူ ကျမ်းကြီး၏
## နိဂုံး ပါဠိ ၁၄-ဂါထာတို့ကို
## ရန်ကုန်မြို့၊ နိုင်ငံကျော် စာရေးဆရာကြီး
## ဒဂုန် ဦးစန်းငွေ အနက်ဖွင့်ဆို ပူဇော်သည်။

**လှပအထူး** နာနာစေတိယာ လက်တော၊ သောဏ္ဏဟံသာဟိ သောဘိတော။

**မြို့ပဲခူး** ပသိဒ္ဓေ နဒိယာ မဇ္ဈေ၊ သေတုယာ ဒါနိ သခ်တော။ ။

နာနာစေတိယာလက်တော=စောထွတ်ဘုန်းလျှံ၊ ကြွလှာစံသို့၊ ဆံတော်မြုတေး အထွေထွေဟု၊ မွေသရီတော်၊ ကိန်းဝပ်ပျော်သား၊ ဖောင်တော်ဦးချိ၊ မဟာစေတီနှင့်၊ ကလျာဏီ၊ ကျိုက်ပွန်၊ ကျိုက်သလွန်, ကျိုက်ပေါ၊ ရွှေမော်ဓော အစရှိသော စေတီ ပုထိုး အမျိုးမျိုးတို့ဖြင့် တန်ဆာဆင်ထားအပ်သော။ သောဏ္ဏဟံသာဟိ=ရွှေသိင်္ဂနိုက်၊ ဖိတ်ဖိတ်လျှံဝင်း၊ ထိန်ထိန်လင်းသည့်၊ငှက်မင်းရာဇာ၊ ရွှေဟင်္သာတို့ဖြင့်။ သောဘိတော= ရှုမငြီးဘွယ်၊ အလွန်တင့်တယ်ပေထသော။ မဇ္ဈေ=ပတ်သန်းရေညို၊ ရစ်ကြို့ခိုသည့်၊ ဗဟိုချက်မ၊ မြို့လယ်ရပ်ဌာနဌ်။ နဒိယာ=အဏ္ဏဝါပြင်ကျယ်၊ မြစ်ပင်လယ်ကြီးဖြင့်။ ပသိဒ္ဓေ=မြို့တည်ဦးစ၊ ရှေးမဆွကာ၊ ရေမှမောက်မို့၊ ရွှေတောင်ပို့သို့၊ စို့နှယ်အလား၊ အမြင်အားဖြင့်၊ ထင်ရှားစွာထသော။ ဒါနိ=ငွေသဲသောင်ခုံ၊ ပလ္လင်ပုံသို့၊ ပေါ်တုံ ပြီးနောက်၊ မျက်မှောက်ဖြစ်သော ယခုအခါဌ်။ သေတုယာ = လူနှင့်ယာဉ်များ၊ အစားစားတို့၊ လာသွားဥဒဟို၊ အလျှိုလျှိုကူးသန်းနိုင်သော မြို့လယ်တံတားကြီးဖြင့်။ သခ်တော=နတ်မြို့ပုံဟန်၊ ဝိသုဖန်သို့၊ စီမံပြုပြင်ထားအပ်သော။

**ဝိုင်းမြတ်ဝိဟာ** ပဲခူးပုရေ ဥတ္တရန္တေ၊ လောဟဗိမ္ဗသ သန္တိကေ။

**လွန်သာယာ** မဇ္ဈဒေ့ တီသု ဒေသေသု၊ စုလ္လိယာ ကုမ္ဘ သန္နိဘော။ ။

ပဲခူး ပုရေ=ဥဿာပဲခူး၊ ဗျူပွတ်ပူး၍၊ ပဲခူးတွင်မည်၊ မင်းနေပြည်ကြီးဌ်။ လောဟ ဗိမ္ဗသ=သကျမုန်ကူ၊ စောဘုန်းလူ၏၊ ပုံတူဖော်ညွှန်း၊ ကြေးဖြင့် သွန်းအပ်သော (ကြေးသွန်းဘုရားကြီး)၏။ သန္တိကေ=မကွာခရီး၊ အနီးပတ်ဝန်းကျင်ဖြစ်ပေထသော။ ဥတ္တရန္တေ=မြောက်ဘက်အစွန်၊ နေရာမွန်ဌ်။ တီသု ဒေသေသု = မည်တွင်ခေါ်ပြု၊

ကျောက်ကြီးစုနှင့်၊ ယခုညောင်ဝိုင်း၊ ခေါင်လှိုင်းဆင့်ပွား၊ သွန်းဘုရားတည်းဟူသော ရပ်ကွက်ကြီးသုံးခုတို့၌။ တိသု ဒေသေသု=တိန္န ဒေသာနံ=ဆိုပြီးစေ့ငု၊ ထိုရပ်ကွက်ကြီး သုံးခုတို့၏။ အန္တရေ=အကြား၌။ ဝါ=အထက်၌။ စုလ္လိယာ ကုမ္ဘ သန္နိဘေ=ဖိုခုံ လျှောက်ဆိုင်၊ သုံးခုပြိုင်တွင်၊ တူနိုင်ယှိုးမှား၊ အိုးကိုတင်ထားသည်နှင့် တူသော။ မဇ္ဈေ=ဗဟိုသတ်မှတ်၊ အလယ်ခေါင်အရပ်၌။ ကြခတ္တ မင်္ဂလသညာတော=ကြခတ် ဝိုင်းဟု၊ သမိုင်းပညတ်၊ သိအပ် မှတ်အပ်သော။ ယော အာရာမော=စာချ စာသင်၊ ဝေးရပ်ခွင်မှ၊ သင်္ချာညွန်းဖော်၊ သုံးရာ့ခြောက်ဆယ်ကျော်သည့် သံဃာတော်ပေါင်း အရှင်ကောင်းတို့၏၊ ခိုအောင်းပျော်မှီး၊ အကြင် ကျောင်းတိုက်ကြီးသည်။ အတ္ထိ= ထီးထီးမားမား၊ ကြွားကြွားဝင့်ဝင့်၊ တစွင့်စွင့်နှင့်၊ အသင့်မသွေ၊ တည်ရှိလေ၏။ တတ္ထ=တသ္မိံ အာရာမေ=ကြခတ်ဝိုင်းဟု၊ သမိုင်းတည်စိုက်၊ ထိုကျောင်းတိုက်ကြီး၌။

**ကြီးမား ခြိမ့်သဲ** ဝိနယုစ္စေ သတဝါရေ၊ ဝိနယာစာရ နုဂ္ဂဟော။
**ပူဇော်ပွဲ** ဝိနယံ ဝိဿုတံ ကတွာ၊ ပူဇေတ္တိ ဝိနယမ္ဗုဒ်။ ။

ဝိနယုစ္စေ သတဝါရေ=ဝိနယုစ္စေန သတဝါရေန=တရာကြိမ်မြောက်၊ လျှမ်း လျှမ်းတောက်မျှ၊ ချီးမြှောက်ရှင်ပျ၊ ကျင်းပလာခဲ့သော ဝိနည်းစာပြန်ပွဲကြီးနှင့်။သဟ= တကွဆင်နွဲ၊ ယှဉ်ကာတွဲ၍။ ဝိနယာစာရ နုဂ္ဂဟော=ဝိနည်း ပိဋကတ်၊ ထွတ်မြတ်ဝဲ့ခြီး၊ ပူဇော်ပွဲကြီး၌။ ဝိနယံ=ဝိနည်းခေါ်အပ်၊ သိက္ခာပုဒ်တော်မြတ်ကို။ ဝိဿုတံ ကတွာ= သံဃာထောင်ထု၊ တခုမကျန်၊ နှုတ်သံတွတ်တွတ်၊ ပြန်ရွတ်မြွက်ကြားခြင်း ပြုကြကုန် လျက်။ ဝိနယမ္ဗုဒ်=သာသနာ့သက်တမ်း၊ ရှည်စေမှန်း၍၊ စီးဖြန်းခြိမ့်သည်း၊ ဝိနည်း ပူဇော်ပွဲကြီးကို။ ပူဇေန္တိ=ရွှေကြာလက်စုံ၊ ထိပ်ဝယ်ပုံ၍၊ ခိုလှုံတုပ်ပျပ်၊ သဒ္ဓါခတ် ဖြင့်၊ ဆည်းကပ်စေ့ငု၊ ပူဇော်ခြင်း ပြုကြကုန်သတည်း။

**ရာပြည့်ဓမ္မာရု** မဟာသာသန ပါကာရ၊ သညိတေ ဝိနယုဿဝေ။
**ခြောက်သိန်းကုန်** သတံ သဟဿ ဆက္ကာဓိ၊ ရူပိယ က္ခိဏာ ပူဇိတော။ ။

တဒါ=ရာပြည့်စာပြန်ပွဲကြီးနှင့် ဝိနည်း ပိဋကတ်၊ ထွတ်အမြတ်ပူဇော်ပွဲကြီးကို၊ ဒွန်တွဲပြုရာ ထိုအခါ၌။ မဟာသာသန ပါကာရ သညိတေ=မဟာဇေယ ပြိုင်စံမပေါ်၊ သာသနာ့နိုင်ငံတော်၏၊ မဟာရံတံတိုင်းကြီးဟူ၍ အမှတ်ပြုလတ်၊ သမုတ်အပ်သော။ သတံ သဟဿ ဆက္ကာဓိ ရူပိယ က္ခိဏာ ပူဇိတေ=ငွေအသပြာ၊ သင်္ချာတွက်ကိန်း၊ ၆-သိန်းကျော် အကုန်အကျခံ၍ ဆောက်လုပ်ပူဇော်အပ်သော။ ဝိနယုဿဝေ-ဝိနယု ဿဝ=နာမဝှဲ့ခြီး၊ အနှစ်ဘရာပြည့် ဝိနည်းစာပြန်ပွဲကြီး ဓမ္မာရုံပလ္လင်ဦးသို့။ အာဂ တာနံ=ရှိသေစွာ ပင့်လျှောက်သဖြင့်၊ ချီးမြှောက်ရန် ကြွလာတော် မူကြကုန်သော။ ဘိက္ခူနံ=သင်္ချာမြားမြောင်၊ တထောင် အရေအတွက်ရှိသော ရဟန်း သံဃာတော် အရှင်မြတ်တို့အား။ ဖာသု ဝိဟာရတ္ထာယ=ချမ်းသာစွာ သီတင်းသုံးဘော်မူနိုင်ကြ စေခြင်းငှာ။

# ပါဠိဂါထာ ပါဠိ အနက်

**ကျောင်းဆောင်အဖြစ် နှစ်ဆယ့်နှစ်**

ဓမ္မာရမ္မဏာ ဝိဇ္ဇောဒတော၊ ဝိမာနေ မဏိ ကုဏ္ဍလေ။
မဏိ ဝံသိက အာသောကေ၊ ဝိဗောဓေ စေဝ စမ္ပကေ။ ။
ခေမိက ဓမ္မဝိပုလေ၊ ဗြဟ္မသက္ကေဟိ နိမ္မိတေ။
သောဓနေ သုခ ပါသာဒေ၊ ဘူသိတေ ပန မူလိကေ။ ။
မဟိကေ ဗောဓိယာ သန္နေ၊ ဧကက္ခဏေ သုသဏ္ဌိတေ။
ဥတ္တရေ ဒက္ခိဏေ ကမ္မ၊ ဋ္ဌာနေစ ပိဋ္ဋကာ လယေ။ ။

ဝိဟာရာ=စက်ခန်းနေရာ၊ သန့်ပြန့်စွာနှင့်၊ အသင့်ရှိနေကြကုန်သော ကျောင်းဆောင်တို့သည်ကား။ ဓမ္မာရမ္မဏာ ဝိဇ္ဇောတေ=(၁) ရာပြည့်၊ (၂) ရာကျော်ကျောင်းနှစ်ဖော်နှင့်တကွ (၃) ပရိယတ္တိ ဝိဇ္ဇောတာရုံကျောင်းဆောင်။ ဝိမာနေ=(၄) သာသနာ့ဗိမာန်တော်ကျောင်းဆောင်။ မဏိကုဏ္ဍလေ=(၅)မဏိကုဏ္ဍလိကာရုံကျောင်းဆောင်။ မဏိ ဝံသိက အာသောကေ=(၆) မဏိဝံသိကာရုံကျောင်းဆောင်။ (၇) အာသောက မာလာရုံကျောင်းဆောင်။ ဝိဗောဓေ=(၈) ဓမ္မဝိဗောဓာရုံကျောင်းဆောင်။ စမ္ပကေ=(၉) စမ္ပကမာလာရုံကျောင်းဆောင်။

ပန=ကျောင်းဆောင်စာရင်း ဆက်သွင်းပါဦးအံ့။ ခေမိက ဓမ္မဝိပုလေ=(၁၀) အဘယ ခေမိကာရုံကျောင်းဆောင်။ (၁၁) ဓမ္မဝိပုလာရုံ ကျောင်းဆောင်။ ဗြဟ္မသက္ကေဟိနိမ္မိတေ=(၁၂) ဗြဟ္မနိမ္မိကာရုံ ကျောင်းဆောင်။ (၁၃) သက္ကနိမ္မိတာရုံကျောင်းဆောင်။ သောဓနေ သုခပါသာဒေ=(၁၄) သီလ ဝိသောဓနိကာရုံ ကျောင်းဆောင်။ (၁၅) စိတ္တသုခေသိတာရုံ ကျောင်းဆောင်။ (၁၆) စိတ္တပါသာဒိကာရုံ ကျောင်းဆောင်။ ဘူသိတေ=(၁၇) သီလဝိဘူသိတာရုံကျောင်းဆောင်။ မူသိကေ=(၁၈) ပရိယတ္တိမူလိကာရုံ ကျောင်းဆောင်။

ဗောဓိယာ=သဗ္ဗညုဉာဏ်ရောင်၊ ကွန့်ရွှန်းပြောင်သည့်၊ ဗောဓိမည်ဟီး၊ ညောင်ပင်ကြီး၏။ အာသန္နေ = အနီး၌။ ဧကက္ခဏေ = မြေမှုကြွလျက်၊ တပြိုင်နက်တည်း။ မဟိကေ=ပုံတူကျန၊ လှန်လှပသော။ သုသဏ္ဌိတေ=နတ်ဝိသုကံ၊ ဖန်လေသည့်လား၊ ကြွားကြွားဝင့်ဝင့်၊ စွင့်ရရှင့်ကောင်းစွာ၊ တည်၍လာသော။ ဥတ္တရေ=(၁၉) ဗောဓိ ဥတ္တရုံကျောင်းဆောင်။ ဒက္ခိဏေ=(၂၀) ဗောဓိဒက္ခိဏာရုံ ကျောင်းဆောင်။ ကမ္မဋ္ဌာနေ= (၂၁) ကမ္မဋ္ဌာနိကာရုံ ကျောင်းဆောင်။ ပိဋ္ဋကာလယေ=(၂၂) ပိဋ္ဋကတ်တိုက်ကျောင်းဆောင်။ ဣတိ=ဤသို့။ ဒွါဝီသမတ္တာ=၂၂-မျှကုန်သော။ ဝိဟာရာ=ထိုင် လျောင်း ရပ် သွား၊ လေးပါးဣရိယာ၊ မျှစွာရွှင်ပြုံး၊ သီတင်းသုံးရန် ကျောင်းဆောင်တို့သည်။ ယာဝ ပရိပုဏ္ဏာ=သံဃာတထောင်အတွက် ပြည့်စုံသည့်တိုင်အောင်။ ပဟောနကာ=လောက်ငုံလုံသည်။ အဟေသုံ=ကောင်းစွာဗီရရှိ၊ ဖြစ်ကုန်ပြီတည်း။

**ကျွန်းရေးဌာန အထူးပြု**

ပါကာရ သောပါနာရာမေ၊ ဒွါရ ကောဋ္ဌက သင်္ဃတေ။
ဆာယူ ဒကေဟိ သမ္ပန္နေ၊ ပဟူတ သံဃ သောဘိတေ။ ။
ကြခတ္တ မဏ္ဍလာဝါသေ၊ ကတာဟံ ဂန္ထိမံ လိခေ။
သတော ပမာန ဘာဝေန၊ ဉာဏာယ ပစ္ဆိမာ ဇနာ။ ။

# ပါဠိဂါထာ ပါဌ် အနက်

ပါကာရ သောပါနာရာမေ=ပရိဝုဏ်မိမိုင်း၊ သံတံတိုင်းသို့၊ ရံဝိုင်းပတ်သန်း၊ ရှုမခန်းမျှ၊ စောင်းတန်းမို့မို့၊ စို့ရရို့နှင့်၊ အလွန်နှစ်လို့ဘွယ်ရာ ကောင်းလှစွာသော။ ဒွါရ ကောဋ္ဌက သဇ္ဇိတေ=တံခါးမုခ်ဦး၊ ရှုတိုင်းမြူးအောင်၊ အထူးတလည် စီရင်ထားအပ်သော။ ဆာယူ ဒကေဟိ=ရှည်သွယ်ကိုင်းခက်၊ ဗိတာန်ကြက်သို့၊ ကူးယှက်ပိတ်ကာ၊ အေးရိပ်သာနှင့်၊ သီတာရေချမ်း၊ စိမ့်ရေစမ်းတို့ဖြင့်။ သမ္ပန္နေ=ပြည့်စုံလုံလောက်၊ မို့ရှိမောက်သော။ ပဟူတ သံဃ သောဘိတေ=ရွှေဝါရောင်သန်း၊ မြတ်သင်္ကန်းနှင့်၊ ရဟန်းသံဃာ၊ သုံးရာခြောက်ဆယ်၊ ထေရ်ကြီးငယ်တို့ဖြင့် တင့်တယ်သော။

ကြခတ္တ မဏ္ဍူယာ ဝါသေ=ကြခတ်ဝိုင်းဟု၊ သမိုင်းထူစိုက်၊ ပရိယတ္တိ စာသင်တိုက်ကြီး၌။ ဝသန္တော=မူရနှစ်ပါး၊ စွမ်းအားရှိရှိ၊ တာဝန်သိကာ၊ ဆောင်ရွက်နေထိုင်ခဲ့ပါသော။ အဟံ=ဇောတိပါလ၊ နာမထင်စွာ၊ ကျမ်းပြုဆရာ ငါသည်။ ပစ္ဆိမာဇနာ=နောင်လာနောက်သား၊ များလှဗိုလ်လူ၊ အဆူဆူတို့သည်။ ဉာဏာယ=သိရှိရစ်ကြစေရန်အလို့ငှာ။ ပမာနဘာဝေန=ပမာန နာယက ပုဂ္ဂိုလ်၏ အဖြစ်ဖြင့်။ သဟော=သာသနာပြု၊ ကောင်းမှုပေါ်လွင်၊ နေခဲ့ရစဉ်။ ကတံ=ရေးသားတည်ထွင်၊ ပြုစီရင်အပ်သော။ ဣမံ ဂန္ထံ=မဟာဝဂ္ဂါဒိ ဂန္ထ သတ္တက မည်သော ဤ **'ပါဠိပါရဂူ ကျမ်းကြီး'** ကို။ လိခေ-လိခိံ=ရေးသားသမှု၊ စီရင်ခြင်း ပြုခဲ့ပြီတည်း။

**ဇာတိချက်ကြွေ**
**မွေးရာမြေ**

တိကာသီတိ ဝဿာဓိကေ၊ ဒွိသတေက သဟဿကေ။
ဒုတိယေ ဇုဏှ ပက္ခဿ၊ အင်္ဂါရေ ဇေဋ္ဌ မာသကေ။ ။
ပဲခူး ရဋ္ဌဿ ဒက္ခိဏေ၊ ကဝဋ္ဌာနဿ ပုဗ္ဗကေ။
သမ္မာဇီဝေ တု နိဗ္ဗာန၊ ဂါမေ ဇာတော အဟော မမ။ ။

တိကာသီတိ ဝဿာဓိကေ=သင်္ချာပိုက်ကျူး၊ ရှစ်ဆယ့်သုံး အလွန်ရှိသော။ ဒွိသဟေက သဟဿကေ=မြန်မာ့ဝေါဟာ၊ ကောဇာသက္ကရာဇ်၊ တထောင်နှစ်ရာခုနစ်၌။ ဇေဋ္ဌမာသကေ=စမ္ပာယ် မြတ်လေး၊ ပုံ့မွှေးကြိုင်ထုံ၊ လ နယုန်၌။ ဇုဏှပက္ခဿ=ယုန်ပုံစကြာ၊ စန်းလှာထွန်းစ၊ လဆန်းပက္ခ၏။ ဒုတိယေ အင်္ဂါရေ=ဆန်းစနှစ်ရက်၊ နံစက်ကြုံတွေ့ အင်္ဂါနေ့၌။

တု=ဇာတိချက်ကြွေ မွေးရပ်မြေကို ဆိုလိုက်ပါဦးအံ့။ ပဲခူးရဋ္ဌဿ=ဥဿာပဲခူး၊ လွင့်မြူးသမိုင်း၊ ပဲခူးတိုင်း၏။ ဒက္ခိဏေ=တောင်ဘက်မျက်နှာ၊ ရပ်ဒိသာ၌။ ကဝဋ္ဌာနဿ ပုဗ္ဗကေ=ကဝမြို့၏ အရှေ့ဘက်၌ တည်ရှိသော။ သမ္မာဇီဝေ နိဗ္ဗာနဂါမေ=သမ္မာအာဇီဝဖြင့် အသက်မွေးကြသော နိဗ္ဗာန်ရွာ ဂါမ၌။ မမ=ငါ့အား။ အဟော ဇာတော=မီးရှူးသန့်စင် ဖွားမြင်ခဲ့ပြီတည်း။

# - ပါဠိဂါထာ ပါဌ် အနက် -

**ရဟန်းဘဝ** ဒုကာဓိ တိသတေ ယေကေ၊ ကာဠေ ပက္ခဿ ဖဂ္ဂုနေ။
**ရောက်ခဲ့ရ** ဒွိဟေ ကြခတ္တ သီမာယ၊ ပဗ္ဗေါမိ ဥပ သမ္ပဒံ။ ။

အဟံ=ဇောတိပါလ၊ နာမဘွဲ့ရှိ၊ သာကီသည်းချာ၊ မထေရ်ငါကား။ ဒုကာဓိ တိသတေယေကေ = မြန်မာ့ဝေါဟာ၊ ကောဇာအဖြောင့်၊ ဂဏန်းစောင့်သား၊ တထောင့်သုံးရာနှစ်ခုနှစ်၌။ ကာဠေ ပက္ခဿ ဖဂ္ဂုနေ ဒွိဟေ=ရွက်ဟောင်းကျကြွေ၊ ရွက်သစ်ဝေသည့်၊ နွေဦးပေါက်စ၊ တပေါင်းလပြည့်ကျော် နှစ်ရက်၌။ ကြခတ္တ သီမာယ=ကြခတ်ဝိုင်းကျောင်းတိုက်၊ သမိုက်သည်ာ၊ မင်္ဂလာရှိပြီး "သီလဝိသောဓနီ" မည်သော သိမ်တော်ကြီး၌။ ဥပသမ္ပဒံ=သာသနာ့ဝန်ထမ်း၊ ရဟန်း ပဉ္စင်းအဖြစ်သို့။ ပဗ္ဗေါမိ=ရောက်ခဲ့ပြီတည်း။

**ကျမ်းပြီးကမ္ပတ်** ဆတ္တိံသ တိသတေ ယေကေ၊ သက္ကရာဇေ သုမာပိတေ။
**နိဂုံးသတ်** ပေါဋ္ဌပါဒဿ မာသကေ၊ ကာဠေ ပက္ခဿ ပဉ္စမေ။ ။

ဇာတိယာ ဟိ တေပညာသ၊ ဝဿိကော ဂန္ထ ပါရဂူ။
ယတိတော စတုတ္တိံ သူပ၊ ကာရကော နိဋ္ဌိတော တဒါ။ ။

သုမာပိတေ=ဒေဝါသနင်း၊ သိကြားမင်းသည်၊ ဖြိုခွင်းသက္ကရာဇ်၊ ကောင်းစွာ စစ်၍၊ အသစ် တည်ထားအပ်သော။ သက္ကရာဇေ=မြန်မာ့ဝေါဟာ၊ နှစ်ကောဇာသည်။ ဆတ္တိံသ တိသတေ ယေကေ=တထောင့်သုံးရာ၊ သုံးဆယ်လာ၍၊ ခြောက်ဖြာစွန်းလစ်၊ ယင်းခုနှစ်သို့ ရောက်လတ်သော်။ ပေါဋ္ဌ ပါဒဿ မာသကေ=ရနံ့ကြိုင်သင်း၊ အပြိုင် ခင်းသည့်၊ ယင်းမာပေါ်ထ၊ တော်သလင်းလ၌။ ဝါ=တော်သလင်းလ၏။ ကာဠေ ပက္ခဿ ပဉ္စမေ=လပြည့်ပေါ်တက်၊ ကျော် ငါးရက်၌။

ဟိ=ကျမ်းပြီးခေါင်အုပ်၊ နိဂုံးချုပ်ကို၊ ထုတ်၍ ဆိုတော့အံ့။ ယဒါ=အကြင် အခါ၌။ မမ=ငါ၏။ ဇာတိယာ=ဖွားမြင်သည်မှ၊ စ၍ရေတွက်၊ မွေးဖွားသက်အားဖြင့်။ တေ ပညာသ ဝဿိကော=၅၃-နှစ် ရှိလေပြီ။ ယတိတော=ရဟန်းသက်အားဖြင့်။ ဝါ=ရဟန်းဝါအားဖြင့်။ စတုတ္တိံ သူပ ကာရကော=၃၄-ဝါ ရလေပြီ။ တဒါ= အသက် ငါးဆယ်၊ သုံးနှစ်ကယ်၍၊ သုံးဆယ်လေးဝါရသော ထိုအခါ၌။ ဂန္ထပါရဂူ= မွေးကြူကြိုင်လျှမ်း၊ 'ပါဠိ ပါရဂူ'မည်သော ဤကျမ်းသည်။ နိဋ္ဌိတော = လုံးစုံ သိမ်းကျုံး၊ ကမ္ပတ်ဖုံး၍၊ အဆုံးသို့ ရောက်ခဲ့ပြီတည်း။

**ဒဂုန် ဦးစန်းငွေ**
၃၀-၁၁-၇၄

## ပဲခူးမြို့ ကြခတ်ဝိုင်း ပဓာနထေရ်

## အရှင်ဇောတိပါလ-ရေး

# ဘာဝနာရသ ဝိဘာဝနီနှင့် အမတ ရသ ဝိဘာဝနီ

# ၂-ကျမ်းတွဲ ပဋိပတ္တိ ရွှယ်စုံကျမ်းကြီး ပေါ်ပေါက်လာပုံ

## (သိဒ္ဓိ + ရတ္ထု)

လောက လူသားတို့၏ အနေဖြင့် ပြောရလျှင် မျက်မှောက် တဘဝ ကောင်းစားရေးအတွက် ဆောင်ရွက်ရသော လောကရေးရာ လူမှုကိစ္စတို့သည် မည်မျှလောက်များပြောင်သည် ဖြစ်စေ ဘဝခရီးဆက် ကောင်းမွန်ရေးနှင့် ဘဝခရီး ရပ်နားရေးအတွက် အမှန်ပြုလုပ်ထိုက်သော ဓမ္မရေးရာအရ ကောင်းရေး ကောင်းမှုတို့သည်ကား-

၁။ ဒါန-ပေးလှူ စွန့်ကြဲခြင်း၊

၂။ သီလ-ကိုယ်နှုတ် စောင့်ထိန်းခြင်း၊

၃။ ဘာဝနာ-ကမ္မဋ္ဌာန်း စီးဖြန်း ပွားများခြင်း

ဟူသော ဤသုံးမျိုးတို့ပင် ဖြစ်၏။ တမျိုးပြောရလျှင်-

၁။ သီလ-ကိုယ်နှုတ် စောင့်ထိန်းရေးလမ်းစဉ်၊

၂။ သမာဓိ-စိတ်တည်ငြိမ်ရေး (သို့မဟုတ်) သမာဓိ ထူထောင်ရေးလမ်းစဉ်၊

၃။ ပညာ-အသိဉာဏ် တိုးတက်ပွားများရေး (သို့မဟုတ်) ဘာဝနာ ထူထောင်ရေး လမ်းစဉ်၊ ဤသုံးမျိုးတို့ပင်တည်း။

## ဘဝသံသရာ၌ နစ်မွန်းကြရခြင်

အမှန်မှာ မျက်မှောက်တဘဝ၌ ကောင်းစားရေးဖြစ်သော လူမှုကိစ္စတို့ကရာချီ ထောင်ချီ များပြားသလောက် နိဗ္ဗာန်ရသည်အထိ နောင်ဘဝ အဆက်ဆက် ကောင်းစားရေးဖြစ်သော ကောင်းရေး ကောင်းမှုတို့သည်ကား အထက် ဖော်ပြပါ ၃-မျိုးမှတပါး အခြား အရေးအခင်း မရှိတော့ပါ။ သို့ရာတွင် လောက လူသားတို့အဖို့မှာ ရာချီ ထောင်ချီ များပြားသော တဘဝ ချမ်းသာရေး အလုပ်ကိစ္စတို့ကို

## ပဋိပတ္တိ စွယ်စုံကျမ်းကြီး ၂-တွဲ ပေါ်ပေါက်လာပုံ

နေ့မအား ညဥ့်မအား ကြိုးစား ဆောင်ရွက်နိုင်ကြသော်လည်း ဘဝအဆက်ဆက် ကောင်းမွန်ရေးဖြစ်သော ယင်း ကောင်းမွန်ရေး ကောင်းမှု ၃-မျိုးကို ကျင့်သုံးရန် မှာကား တွန့်ဆုတ်လျက် ရှိနေကြပြန်သည်။

တဘဝ ကောင်းစားရေးအတွက် လောကရေး အမှုကိစ္စတို့ကို ဆောင်ရွက်နိုင် ပါလျက် ဘဝများစွာ ကောင်းစားရေးဖြစ်သော ကောင်းရေး ကောင်းမှု ၃-မျိုး တို့ကို အနည်း အကျဉ်းမျှ မပြုလုပ်နိုင်ခြင်းသည်ကား အဘယ်ကြောင့်ပါနည်း။ အကောင်းဘက်သို့ ဦးတည်ခဲ့သော ပါရမီခေတ်ခံ နည်းပါးကြသေးသောကြောင့်ပင် ဖြစ်၏။ဤနည်းအားဖြင့် ဘဝသံသရာကြီး၌ တဘဝပြီး တဘဝ ခရီးဆက်နေကြရသော သတ္တဝါတို့သည် မိမိတို့၏ ဘဝခရီးစဉ် ဖြူးဖြောင့် သာယာမှု မရှိပဲ အပါယ်လေး ပါးနှင့် ထွေးလုံးရစ်ပတ်ဖြစ်ကာ ဘဝသံသရာ၌ နစ်မွန်းနေကြရသနည်း။

## ပါရမီခေတ်ခံ ရင့်သန်ဦးတည် မြန်မာပြည်

ပြည်ထောင်စု မြန်မာနိုင်ငံတော်အဖို့ ပြောရလျှင် ဗုဒ္ဓတရားတော်ကို သက်ဝင် ယုံကြည်သော တိုင်းပြည်ဖြစ်သည့် အလျောက် ထိုတိုင်းပြည်၌ ကံပေး၍ လူဖြစ်လာ ကြရသော နိုင်ငံတော်သူ နိုင်ငံတော်သား လူများစုတို့သည်ကား အကောင်းဘက်သို့ ဦးတည်သော ပါရမီ ခေတ်ခံရှင်တို့သာ များပြားလျက် ရှိကြောင်း ဆိုခွင့်ရှိပြန်၏။ သို့ဖြစ်ရာ ဗုဒ္ဓဘာသာသည် နိုင်ငံတော်ဘာသာကဲ့သို့ ဖြစ်ခဲ့ရသော မွန်ရာဇဝင်၊ မြန်မာရာဇဝင် တလျှောက်လုံးမှ လူတို့သည်လည်း ဘဝခရီးဆက် ကောင်းမွန်ရေး ဖြစ်သော ကောင်းရေး ကောင်းမှုတို့ကို ထိပ်ဦးပိုင်း ရှင်ဘုရင်မှ စ၍ အောက်ဆုံးပိုင်း တောင်သူလယ်သမား၊ အလုပ်သမားအထိ တန်ဘိုးထား၍ ပြုလုပ်ခဲ့ကြသည်။

ဤသည်တို့ကို ထောက်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် နိုင်ငံတော်သူ၊ နိုင်ငံတော်သားတို့၏ ကောင်းမှုမင်္ဂလာ ပွားများရာ မဟာပုညတိတ္ထ (ကောင်းမှု ဆိပ်ကမ်းကြီး) ဖြစ်ခဲ့ရကား မြန်မာပြည် အရပ်ရပ်၌ ပေးလှူ စွန့်ကြဲနိုင်သော ဒါနပြု သူတွေ များပြားသည်နှင့်အမျှ ကိုယ် နှုတ် စောင့်ထိန်းသူ၊ ကိုယ်ကျင့်တရားကောင်းသူ ဟူ သီလဝန္တ၊ ရဟန်း သီလဝန္တ ပုဂ္ဂိုလ်တို့သည်လည်း များပြားလှပြန်သတည်း။

## ဘာဝနာတရား ခေါင်းပါးသေးသိန် အားနည်းချိန်

ဤ ဆိုအပ်သည့်အတိုင်း မိမိတို့၏ တိုင်းပြည်က ပုညတိတ္ထဖြစ်သည့် အားလျော်စွာ ဌာနီဖြစ်သော ပုဂ္ဂိုလ်တို့ဘက်မှလည်း ဒါနပြုသူတွေ၊ သီလ စောင့်ထိန်းသူတွေ မြောက်မြားစွာ ရှိခဲ့ကြသည်မှာ မှန်၏။ သို့ရာတွင် စိတ်ခေတ် ငြိမ်းချမ်းရေးနှင့် ဘဝ ခရီး ရပ်နားရေးဖြစ်သော ဘာဝနာတရား လိုက်စား ကျင့်သုံးမှုမှာမူ မရှိသလောက် ရှားပါးလှပြန်၏။ ထိုသို့ ဖြစ်ရခြင်းမှာ အဘယ့်ကြောင့်ပါနည်း။ ထိုခေတ်ရှိ လူတို့က ဘာဝနာတရားသည် ငါတို့နှင့် ထိုက်တန်သော တရားမဟုတ်၊ ရဟန်း သံဃာတော်

များသော ပွားများရမည့် သံဃိကပစ္စည်း တမျိုးပင်တည်းဟု ယူဆထားသောကြောင့် ပင်တည်း။

သို့ဖြစ်ရာ ကုန်းဘောင် ရာဇဝင်ခေတ်၊ အမရပူရ ကောင်းစားစဉ်က ပေါ် ပေါက်လာသည်ဟု ယူဆရန်ရှိသော စတုဂီရိ (တောင်လေးလုံး ဝိပဿနာ ရှုဘွယ် ကျမ်း) နှင့် ဗြိတိသျှ အစိုးရတို့၏ လက်ထက် ခေတ်ဦးပိုင်း၌ ပေါ်ပေါက်လာသော စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံ ဆရာတော် ဘုရားကြီး၏ နိဗ္ဗာနမဂ္ဂဘေဒနီခေါ် ဝိပဿနာရှုနည်း ကျမ်းသည်လည်း တရားလိုက်စားသော လူတို့၏ မျက်မှောက်သို့ပင် မထိုးဖောက် မစိမ့်ဝင်နိုင်ပဲ ရှိခဲ့ရသည်။ ထို့ပြင် ဘာဝနာတရား ပွားများရေး၌ အပြည့်စုံဆုံးဖြစ်သော ပရမတ္ထဘေဒနီ ကဲ့သို့သော ကျမ်းကြီးများပင်သော်လည်း လူ ကြည့် စာပေ မဖြစ်ပဲ ရဟန်းကြည့်စာပေ အဖြစ်၌သာ ရပ်တည်ခဲ့ရသတည်း။

## ဘာဝနာလုပ်ရပ် စိတ်ဓာတ်စစ်ဆင်ရေး စတင်လာချိန်

ဤဆိုခဲ့သည့်အတိုင်း လူ့လောကအနေဖြင့် ဘာဝနာပွားရေး အားသေးနေချိန် မှာပင် သူမတူဘန်အောင် ထူးကဲတော်မူသော ကမ္ဘာ့ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးသည် ကမ္ဘာ့ တက်နေဝန်းကြီးပမာ ပေါ်ပေါက်တော် မူလာခဲ့၏။ ထို ဆရာတော် ဘုရားကြီး၏ မြင့်မားသော ရည်ရွယ်တော်မူချက်သည်ကား ဗုဒ္ဓ ဓမ္မ၏ အနှစ်သာရကို သူသိသကဲ့သို့ လူအများစုကိုလည်း သိနားလည် စေရမည်၊ ဗုဒ္ဓ ဓမ္မ၏ အတ္ထရသအမြုတေကို သူ သုံးဆောင်ရသကဲ့သို့ လူအများစုကိုလည်း သုံးဆောင် စေရမည်ဟု ဆန္ဒတော် ပြင်းပြခြင်းပင် ဖြစ်ပါသည်။

ထိုရည်ရွယ်ချက် ပြင်းပြမှုကို ရှေ့ထားပြီးလျှင် ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီးသည် လူတိုင်းသိနိုင်သော စကားလုံးဖြင့် ဒီပနီ ကျမ်းပေါင်း များစွာကို မြန်မာလို ရေးသားတော်မူကာ ဘာဝနာ အရေးအခင်း၌ အိပ်မောကျနေသော ဗုဒ္ဓဘာသာဝင် လူထုကြီးတရပ်လုံးကို ဘာဝနာလုပ်ရပ် စိတ်ဓာတ် စစ်ဆင်ရေးဖြင့် တပ်လှန့်ပေးခဲ့၍မှမက ကိုယ်တော်တိုင်လည်း အမြို့မြို့ အနယ်နယ်သို့ ကြွရောက်၍ ရပ်သံ နာမ်သံပေးကာ ဘာဝနာ ပွားများရေး အားပေး တိုက်တွန်းတော်မူခဲ့ပါသည်။

ထို့ပြင် ရွှေကျင်နိကာယ ဓမ္မသေနာပတိ ကျေးဇူးရှင် ဒုတိယ ဝိသုဒ္ဓါရုံ ဒီပဲရင်း ဆရာတော် ဘုရားကြီးသည်လည်း ဘာဝနာ စိတ်ဓာတ်ကို မြင့်တင်ပေးရာ၌ အလွန် ထိရောက်လှသော ပရမတ္ထ စက္ခုကျမ်းဖြင့်ပင် အနွှာဘူတ ဖြစ်နေသော လူ့လောကကြီး အတွက် ပရမတ်မျက်လုံး တပ်ဆင်ပေးခဲ့ပါသည်။ထိုအချိန်မှစ၍ တရားဝါသနာထုံသော လူတို့ဖက်မှလည်း အလှူ၊ မသာရှိလျှင် ဇာတ်ဝတ္ထု ရာဇဝင် ပြောလေ့ ပြောထရှိသော ခေတ်မှ ရုပ်စကား နာမ်စကား ပြော၍ ဝိပဿနာတရား ဆွေးနွေးသော ခေတ်သို့ ပြောင်းလဲလာကြပြန်သည်။

## ပဋိပက္ခ စွယ်စုံကျမ်းကြီး ၂-တွဲ ပေါ်ပေါက်လာပုံ

## စိတ်ဓာတ် ငြိမ်းချမ်းရေး ရှာဖွေကြပုံ

ထိုဆရာတော်ကြီး နှစ်ပါး၏ ကျေးဇူး ဥပကာရကြောင့် ဗုဒ္ဓဘာသာဝင် ဒကာ ဒကာမတို့ဘက်မှလည်း ဗုဒ္ဓ ဓမ္မ၏ အနှစ်သာရနှင့် ပတ်သက်သော အသိတရားတွေ မြင့်မားလာခဲ့ရာ ရပ်နားခြင်း မရှိသော အချိန်ကာလတို့သည်လည်း လူ့လောက၏ ဆင်းရဲတို့ကို မွေးထုတ်ပေးဖို့ရန် ဒုတိယ ကမ္ဘာစစ်ကြီးခေတ်သို့ ဆိုက်ရောက်ခဲ့ရသည်။

ထို့နောက် များမကြာမီပင် ဒုတိယ ကမ္ဘာစစ်မီးသည် မြန်မာပြည်သို့ ကူးစက်ပြန့်နှံ့လာခဲ့ရာ စစ်ဘလင်းဖြစ်ခဲ့ရသော မြန်မာပြည်အဖို့မှာကား မသက်သာလှချေ။ သတ္တန္တရကပ်၊ ရောဂန္တရကပ်ဆိုက်၍ အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရခြင်း၊ အိုးမဲ့ အိမ်မဲ့ ဖြစ်ရခြင်း၊ ဥစ္စာဓန ဆုံးရှုံးခဲ့ရခြင်း၊ ပြေးလွှား တိမ်းရှောင်ရခြင်း စသော ဆင်းရဲတို့ကို အလူးအလဲ ခံခဲ့ကြရ၏။ ထိုအခါမျိုး၌ ကပ်ကြီးသုံးပါးမှ လွတ်မြောက်ရလိုပါ၏ဟု ရှေးက တောင်းဆိုခဲ့ကြသော ဆုသည်လည်း သူတို့၏ဆင်းရဲမှ မကာကွယ်နိုင်ခဲ့ပါ။

### ဆင်းရဲလေလေ သံဝေရရ

ဆင်းရဲတွေ ပတ်လည်ဝိုင်းနေသော ထိုအခါတွင် တရားဓာတ်ခံရှိခဲ့သော လူတန်းစား အမျိုးမျိုးတို့သည် "ဆင်းရဲလေလေ သံဝေရရ" ဆိုသည့်အတိုင်း တရားသံဝေဂစိတ်များ ထက်သန်လာပြီးလျှင် လူကိုသာ စစ်မီးလောင်လျှင် လောင်ပေစေ၊ လူ့စိတ်ကိုကား ကမ္ဘာ့စစ်မီး မလောင်စေရ ဟူသော ရည် မှန်း ဦး တည် ချက် ဖြင့် စိတ်ဓာတ် ငြိမ်းချမ်းရေး တရားကို ထောက်လျက် ထောက်လှမ်းရှာဖွေခဲ့ကြသည်။ တွေ့ရဲ့လား၊ ရတ်တရက် မတွေ့ပါပေ။

စစ်မဖြစ်မီက သူတို့ကိုယ်တိုင် နာကြားခဲ့ရသော အဟောကောင်း အပြောကောင်း ဓမ္မကထိကတို့၏ လွမ်းခန်း ဆွေးခန်း ဝ တ္ထု ဇာတ် လမ်း တို့ သည် လည်း ပူလောင်နေသော သူတို့၏ စိတ်ကို ငြိမ်းအေးအောင် မတတ်နိုင်ခဲ့။ သို့သော် နောက်ဆုံး၌ ရှာဖွေတွေ့ရှိရသော တရားသည်ကား စိတ်ဓာတ် ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုသော သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာတို့ပင် ဖြစ်ပါသည်။ ထိုအချိန်မှ အစပြု၍ စိတ်ဓာတ် ငြိမ်းချမ်းရေး၊ ဘဝခရီး ရပ်နားရေး ဖြစ်သော ဘာဝနာ တရားများလည်း ထွန်းကားလာခဲ့ပါသည်။

### အလုပ်ပေးတရား ခေတ်စားလာပုံ

ဤ ဆိုအပ်ခဲ့သည့်အတိုင်း အခြေအနေက တောင်းဆိုနေသော အချိန်မှာပင် ဘဝခရီး ရပ်နားရေးဖြစ်သော ဝိပဿနာရှုနည်း အလုပ်ပေး ကျမ်းစာတို့သည်လည်း

# ပဋိပတ္တိ စွယ်စုံကျမ်းကြီး ၂-တွဲ ပေါ်ပေါက်လာပုံ

တမျိုးပြီး တမျိုး ထွက်ပေါ်လာကြသည်။ သို့သော် အမျိုးအစားပေါင်း မည်မျှ လောက်ပင် မြားမြောင်သည်ဖြစ်စေ တူရာတူရာ ပေါင်းစပ်လိုက်လျှင်-

(၁) အာနာပါန အခြေခံသော ဝိပဿနာရှုနည်း နှင့်

(၂) ဣရိယာပထ သမ္ပဇညပဗ္ဗ အခြေခံသော ဝိပဿနာရှုနည်း ၂-မျိုးပင် ဖြစ်၏။

မည်သည့် ဝိပဿနာရှုနည်း ကျမ်းစာကို ရှုသည်ဖြစ်စေ နေ့ချင်းပေါက် ရထားဖြင့် နိဗ္ဗာန်ပို့မည့် ရေးနည်း ရေးဟန်တို့သာ ဖြစ်၏။ အလုပ်ပေးတရား ရေးသားသော ဆရာတော်တို့၏ ရည်မှန်း ဦးတည်ချက်သည်ကား မြင့်မားပါပေစွ။ သို့ဖြစ်ပါက တဘဝတည်းနှင့် နိဗ္ဗာန်ရောက်သွားလျှင် မကောင်းဘူးလားဟု မေးစရာ ရှိသည်။ ကောင်းပါသည် ဟူ၍သာ ဖြေရပါမည်။ သို့သော် တရားအားထုတ်သူ လူတရာ ရှိလျှင် လူ ၇၀-လောက်က နေ့ချင်းပေါက် ရထားဖြင့် နိဗ္ဗာန်သို့ မလိုက်လိုကြ။ တရားအားထုတ်လျှင် သေသည်မှ နောက်၌ အပါယ်မကျဘူးဟူသော မူအရ တရား အားထုတ်သူတွေ ဖြစ်ကြပါသည်။

အမှန်မှာ မည်သည့် တရားရှင်သည်ပင် ဖြစ်စေ ဘဝခရီး ဆက်ရဦးမည်သာ ဖြစ်၏။ သို့ဖြစ်လျှင် ဘဝခရီးဆက် ကောင်းမွန်ရေးဖြစ်သော ဒါနနှင့် သီလတို့လည်း လိုအပ်ပါသည်။ စိတ်ခတ် ငြိမ်းချမ်းရေးဖြစ်သော သမထ ဘာဝနာများသည်လည်း အလားတူ လိုအပ်သည်သာတည်း။

## မြတ်ထံမှ အလှပြ ပန်းသည်းများသော

မည်သို့ပင်ဖြစ်စေ၊ ဝိပဿနာ ဘာဝနာ တမျိုးတည်းကိုသာ ဦးစားပေး၍ ရေးသားထားသော ကျမ်းစာများက ကသိုဏ်းဆယ်ပါး စသော သမထ ကမ္မဋ္ဌာန်း များကို မဂ်ဖိုလ်နိဗ္ဗာန်ရရေးအတွက် ဖင့်နွဲ့လိမ့်မည် ဟူသော စိုးရိမ်မှုဖြင့် ချန်လှပ် ထားခဲ့ကြသောကြောင့် စိတ်ခတ် ငြိမ်းချမ်းရေးဖြစ်သော ယင်း သမထ ကမ္မဋ္ဌာန်း များသည်ကား ယခုအခါ၌ မြတိုက်ထဲမှ လူမသုံးသော ရှေးဟောင်း ပစ္စည်းပမာ တိမ်မြုပ်နေရရှာသည်။

ဗုဒ္ဓမြတ်စွာသည်ပင် နာနမ္ဗာသယ ဝေနေယျတို့၏ စရိုက်အားလျော်စွာ သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းဟု ၂-တန်ထား၍ ကမ္မဋ္ဌာန်း အမျိုးမျိုးတွေကို ခွဲခြမ်း စိတ်ဖြာ ဟောဖော်ပြတော်မူခဲ့ပါလျှင် ဗုဒ္ဓသာသနာတော် နေလို လလို ထွန်း လင်းခိုက် အခါ၌ကား ထို သမထကမ္မဋ္ဌာန်း အမျိုးမျိုးကို ကျင့်သုံး ပွားများနေသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည်လည်း ရှိနေထိုက်သည်ဟု ဆိုချင်ပါ သည်။ အမှန်မှာ ထို သမထ ကမ္မဋ္ဌာန်းများကိုလည်း ဖော်ထုတ်ပေးရမည်သာတည်း။

### ပဲခူးမြို့၊ ကြခတ်ဝိုင်း ပဓာနထေရ်

# အရှင်ဇောတိပါလ—ရေး

# ဘာဝနာရသ ဝိဘာဝနီနှင့် အမတ ရသ ဝိဘာဝနီ

# ခေါ်

# ၂-ကျမ်းတွဲ ပဋိပတ္တိ စွယ်စုံကျမ်းကြီး

အထက် ခေါင်းစဉ်တပ်ရာပါ ၂-ကျမ်းတွဲ ပဋိပတ္တိ စွယ်စုံကျမ်းကြီးသည် သာသနာတော်၌ ပဋိပတ္တိနယ ကျင့်နည်းမျိုးစုံကို အသီးသီး အခန်းဖွဲ့၍ ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီး နာယက ပဓာန ဖြစ်တော်မူသော (ဆရာတော် ဦးဇောတိပါလ)သည် ဗုဒ္ဓဓမ္မ၏ အနှစ်သာရများကို သာသနာ့ မြင်ကွင်း ထဲသို့ လိုအပ်သောအချိန်မှာ တင်သွင်း ဖော်ပြလိုက်သော အဖိုးတန် ကျမ်းကြီး ၂-ဆူ ဖြစ်ပေသည်။

ထိုကျမ်းကြီး ၂-ဆူ အနက် အမှတ်(၁) ဘာဝနာရသ ဝိဘာဝနီကျမ်းကြီးဖြင့် ပြတိုက်ထဲ၌ လူမသုံးသော ရှေးဟောင်း ပစ္စည်းများကဲ့သို့ ဖြစ်နေသော သမထ ကမ္မဋ္ဌာန်းအမျိုးမျိုးကို လူသုံး ခေတ်ပစ္စည်းဖြစ်အောင် ဖန်တီးထားသည်ကို တွေ့ရပါ သည်။ ထိုတွင်မက ရေးသား စီစဉ်ရာ၌လည်း အယုတ်ဆုံး ပြောရလျှင် ပထဝီ ကသိုဏ်းရှုနည်းကို ဖော်ပြရာ၌ ကသိုဏ်းဝန်း၏ အတိုင်းအတာ၊ ပမာဏ စသည် ကိုပါ မြေပုံ ဆွဲပြသည့်အလား အသေးစိတ်အားဖြင့် ရှင်းလင်းထားပါသည်။

အမှန်မှာ ဤ ဘာဝနာရသ ဝိဘာဝနီကျမ်းသည် ဘဝခရီးဆက် ကောင်း မွန်ရေးနှင့် စိတ်ထား တည်ငြိမ်ရေးအတွက် ရေးရသော ကျမ်းဖြစ်ရကား ဒါန ပြုပုံ ပြုနည်း၊ သီလ ဆောက်တည်ပုံ ဆောက်တည်နည်း စသည်တို့ကိုပါ အသေးစိတ် ဖော်ပြထားပါသည်။

## လမ်းတည့်ပေးခြင်း

အချို့သူတို့က ဒါနပြုလျှင် သံသရာရှည်သည်၊ သီလကိုချည်း ဆောက်တည် နေလျှင်လည်း သံသရာရှည်သည်၊ သမထ ကမ္မဋ္ဌာန်းများကို ပွားများလျှင်လည်း **ခရီး ဖင့်နွှဲ**သည်ဟု ပြောလေ့ ပြောထ ပြုကြ၏။ အမှန်မှာ ဒါန သီလ သမထတို့ ကြောင့် သံသရာရှည်သည် မဟုတ်ပါ။ ဒါနပြုသူ၊ သီလဆောက်တည်သူ၊ သမထ

ပွားများသူတို့၏ ရည်မှန်း ဦးတည်ချက် လွဲမှားခြင်းကြောင့်သာ သံသရာရှည်ရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဒါနပြုသူ၊ သီလဆောက်တည်သူတို့၏ ရည်မှန်း ဦးတည်ချက် လွဲမှားသောအရာကို ဤဘာဝနာရသ ဝိဘာဝနီကျမ်းကြီးက တိမ်းစောင်း မသွားစေရန် လမ်းတည့်ပေးသည်ကိုလည်း တွေ့ရသည်။ တမျိုး ပြောရလျှင် ယင်း ကျမ်းကြီးသည် ပဋ္ဌာန်းပတ္တိ သာသနာ့ဝင် တလျှောက်၌ လစ်လပ်နေသော ဟာကွက်တခုကို ဖြည့်ပေးလိုက်ရာ ရောက်ပါသည်။

## အမှတ် (၂) အမတရသ ဝိဘာဝနီ

ယင်း အမတရသ ဝိဘာဝနီကျမ်းသည်ကား ဘဝခရီး ရပ်နားရေးအတွက် အများဆုံး အထောက်အကူပြုသော ကျမ်းကြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ ဘဝခရီး ရပ်နားရေးဖြစ်သော ဝိပဿနာနည်းပြ အချက်အလက်တို့ကို ဖော်ပြထားပါသည်။ မှန်၏။ ဘဝ ခရီးသည်တို့ အဖို့မှာ မည်မျှလောက်ပင် ဘဝခရီးဆက် ကောင်းမွန်နေစေကာမူ "လည်ပါများတဲ့ဘီး မစင်လူး" ဆိုသည့်အတိုင်း မိမိတို့၏ ဘဝခရီးဆက်က တမျှော်တခေါ်ကြီး ရှည်မျောသွားခဲ့ပါလျှင် အပါယ်လေးပါးမှလည်း လွတ်မြောက်နိုင်ရန် မလွယ်ကူလှပါ။ ထို့ကြောင့် သတ္တဝါတိုင်း အဖို့မှာ ဘဝခရီး ရပ်နားမှုသည်ကား အရေးအကြီးဆုံး လိုအပ်ချက် ဖြစ်ပါသည်။

သို့အတွက် ကျမ်းပြု ဆရာတော်က ဤအချက်များကိုလည်း အရေးတကြီး သတိပေးထားပါသည်။

## ၂-ကျမ်းလုံး၏ အနေအထား

(၁) ဘာဝနာရသ ဝိဘာဝနီနှင့် (၂) အမတရသ ဝိဘာဝနီ ၂-ကျမ်းတွဲ၏ အနေအထားကို ခြုံ၍ သုံးသပ်ရလျှင် ဟောပြောလိုသူတို့အတွက် ဟောနည်း ပြောနည်းကိုလည်း အပြည့်အဝ ပေးထားပါသည်။ ကျင့်ကြံလိုသူတို့အတွက်လည်း ကျင့်နည်း ကြံနည်းများကို အပြည့်အဝ ပေးထားပါသည်။ စာပေ ဗဟုသုတ သမားတို့ အတွက်လည်း မှတ်သား လေ့လာရန် ကျက်မှတ်ရန် ဆောင်ပုဒ် ကဗျာ အမျိုးမျိုးတို့ဖြင့် မွမ်းမံထားပါသည်။

ကျမ်းပြု ဆရာတော် အနေဖြင့်လည်း

(၁) ကြောင်ပန်းသြဝါဒ မိန့်ခွန်းတော် (တရားပေါင်းချုပ်)၊

(၂) ညောင်တုန်း ရွှေဟင်္သာတောရ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလ ထေရုပ္ပတ္တိကထာ၊

(၃) အရညဝါသီ ရွှေကျင် နိကာယသမိုင်း၊

## ပဋ္ဌာန်းပတ္တိ စွယ်စုံကျမ်းကြီး ၂-တွဲ ပေါ်ပေါက်လာပုံ

(၄) ပလ္လက်ဒါကပ္ပိယာ ကပ္ပိယ ဝိနိစ္ဆယကျမ်း၊
(၅) မဟာဝဂ္ဂါဒိ ဂဏ္ဌိ သတ္တက ပါဠိပါရဂူကျမ်းကြီး နှင့်
(၆) သခေ်ပ ဗုဒ္ဓဝင်၊
(၇) ပဲခူး ရာဇဝင်၊

(၈) ပဲခူး မဟာစေတီတော်သမိုင်း စသည်တို့ကို ရေးသားပြုစုတော်မူခဲ့သည့်ပြင် စာသင်သား သံဃာတော် အပါး ၃၆၀-တို့ကို အုပ်ချုပ်၍ စာပေ ပို့ချပြီးလျှင် (ပရိယတ္တိ သာသနာ့ဟိတ ဓမ္မာစရိယ၊ စေတီယင်္ဂဏ ဓမ္မာစရိယ၊ အစိုးရ ဓမ္မာစရိယ၊ ငယ်၊ လတ်၊ ကြီး) ဖော်ပြပါ စာအောင်ဂေဇက်အတိုင်း နှစ်စဉ် အလွန် များပြားစွာ မွေးထုတ်ခဲ့သောကြောင့် ကျမ်းပြု ဆရာတော်၏ ပရိယတ္တိ အရည်အသွေးကား ဘယ်နည်း ဘယ်ပုံ ဖြစ်သည်ဟု အထူး ဖော်ပြရန် မလိုတော့ပါ။ ပဋ္ဌာန်းပတ္တိ အရည်အသွေးအရ ပြောရလျှင်လည်း အလွန် မြင့်မား လေးနက်သည့် ဂမ္ဘီရနယဒေ္ဒသက ကမ္မဋ္ဌာနာ စရိယ ဆရာတော် ဘုရားကြီး အသီးသီးတို့ထံ၌ နည်းယူလျက် အလုပ်နှင့် ဒေသနာ နှိုင်းညှိပြီး နှစ်ပေါင်းများစွာ ဟောကြား၍ ကိုယ်တိုင်ပွားများ အားထုတ်လာသော ယောဂါဝစရ ကမ္မဋ္ဌာနိက ဓုတင်္ဂဓရ ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။

### လက်မလွှတ်တမ်း ဘာသ်ရှုကြကုန်လော

ဤကဲ့သို့ ပရိယတ္တိ ထိပ်ခေါင်တင်၊ ပဋ္ဌိပတ္တိ ထိပ်ခေါင်တင်ဟု ထင်ရှား အများ သိနေသော ပဲခူးမြို့ ကြခတ်ဝိုင်း ပဓာနထေရ် (သာသနဓဇ သိရီပဝရနှင့် ဝိနယာဓိက ပရိယတ္တိ သိရီပဝရ ဓမ္မာစရိယ) အရှင်ဇောတိပါလ၏ ၂-ကျမ်းတွဲ ပဋ္ဌိပတ္တိ စွယ်စုံ ကျမ်းကြီးကို ဘဝ ခရီးဆက် ကောင်းမွန်ရေး အလို့ငှာ လည်းကောင်း၊ ဘဝခရီး ရပ်နားရေး အလို့ငှာ လည်းကောင်း၊ ရဟန်း ရှင် လူ အားလုံးတို့ လက်မလွှတ်တမ်း ဘာသ်ရှု လေ့လာ ရှုမှတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

**ဆရာတော် အရှင်စန္ဒဇောတိ**

ဂန္ထကာရက၊ ဓမ္မာစရိယ
ကာဗျဝိဒူ
မလှိုင် သိရီသောမာရုံ မဟာထေရ်

၁၃၄၁-ခုနှစ်၊
တော်သလင်းလဆန်း (၅) ရက်၊
ဘနင်္ဂနွေနေ့။

# စာရေးသူ၏ စေတနာရင်း

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ နမတ္ထု သရဏံ ဂတော။
အန္တရာယ နိဝါရဏံ၊ ဂန္ထာဘိ သိဇ္ဈနံ မမ။ ။

အဟံ၊ ထင်စွာဖွင့်ထုတ် နာမ်ရုပ်နှစ်ခု ဖြစ်ပျက်မှုကို ငါဟုခေါ်ထား တပည့်သားသည်၊ (ဝါ) ပဲခူးဌာန နဂရဌ္ဌ လှပကြခတ် ဝိုင်းရံပတ်သဖြင့် ကြခတ်ဝိုင်းခေါ် ကျောင်းတိုက်တော်၌ ယာပိုထ်မွေ့လျော် တပည့်တော်သည်၊ (ဝါ) ဝိဘာဝနီ ကျမ်းနှစ်လီကို ရေးမည်စိတ်ပေါ် တပည့်တော်သည်။

ဗုဒ္ဓဉ္စ၊ ဝိဇ္ဇာတသင်္ဂါမ သတ္တဝါဟ အဏဏ ဝိရ စသည်များဖျင် ဂုဏ်အင် ကြီးမား မြတ်ဘုရားကို လည်းကောင်း။

ဓမ္မဉ္စ၊ မဂ်လေးဝ ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် အမြတ်ခေါ်ထား ဆယ်ပါးသော တရားတော်ကို လည်းကောင်း။

သံဃဉ္စ၊ မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် စစ်မှန်အရိယာ ရှစ်ဖြာသော ပရမတ္ထ သံဃာတော်အပေါင်းကို လည်းကောင်း။

နမတ္ထု၊ မြတ်နိုးသဒ္ဓါ ရှိခိုးပါ၏။ (ဝါ) ရှိခိုးခြင်းသည် ဖြစ်ပါစေ သတည်း။ (နမော အတ္ထုတိ ပဒစ္ဆေဒေါ ကာတဗ္ဗော)။

နမတ္ထု၊ သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးခါခါ မြတ်နိုးပါ၏။ (ဝါ) မြတ်နိုးခြင်းသည် ဖြစ်ပါစေသတည်း။

နမတ္ထု၊ ရိုသေလှစွာ စေတနာမြတ် သဒ္ဓါခတ်ဖြင့် တုပ်ပျပ်ဝပ်လျှိုး မာန်နှိမ်ချိုး၍ မြတ်နိုးခါခါ ဦးညွတ်ပါ၏။ (ဝါ) ဦးညွတ်ခြင်းသည် ဖြစ်ပါစေ သတည်း။

သရဏံ၊ လွန်စွာအားကိုး မြတ်နိုးကြည်သာ ကိုးကွယ်ရာဟူ၍။ ဂတော၊ ရောက်သည်။ (ဝါ) ဆည်းကပ်သည်။ အတ္ထု၊ ဖြစ်ပါ၏။ (ဝါ) ဖြစ်ပါစေ သတည်း။

တဿ၊ ထိုရတနတ္တယ ပဏာမဟုန် တန်ခိုးဂုဏ်၏။ အာနုဘာဝေန၊ အာနုဘော်များ စွမ်းပကားကြောင့်။ မမ၊ ငါ့အတွက်၊ (ဝါ) ငါ့အလို့ငှာ။

အန္တရာယနိဝါရဏံ၊ အန္တရာယ် ကင်းပျောက် ချမ်းသာရောက်သည်။ အတ္ထု၊ ဖြစ်ရပါလို၏၊ (ဝါ) ဖြစ်ပါစေသတည်း။

ဂန္ထာဘိ သိဒ္ဓါနံ၊ ဝိဘာဝနီ သညီတင့်ဆန်း နှစ်လီကျမ်း၏ နိဒါန်း နိဂုံး အုပ်ဖုံးခါးပတ် အဆုံးသတ်သည့်တိုင်အောင် ကောင်းစွာပိုင်ပိုင် ပြီးစေနိုင်သည်။ အတ္ထု၊ ဖြစ်ရပါလို၏၊ (ဝါ) ဖြစ်ပါစေသတည်း။

**ဗုဒ္ဓဂုဏ သန္ဒဿနာသံဝဏ္ဏနာ ပါဌ်များ**

(က) ဝိဇိတာသင်္ဂါမော-ဒေဝပုတ္တ မစ္စု ကိလေသ မာရာနံ ဝိဇိတတ္တာ၊

(ခ) သတ္တဝါဟော- ဇာတိကန္တာရာဒိ နိတ္ထရဏတ္ထာယ ဝေနေယျ သတ္တဝါဟန သမတ္ထတာယ၊

(ဂ) အဏာဏော-ကာမစ္ဆန္ဒဣဏာဿ အဘာဝတော၊

(ဃ) ဝီရော-ဝီရိယဝန္တတာယ၊

(မဟာဝဂ္ဂဋ္ဌ၊ နှာ-၆၁-၆၂)

မိမိ၏ ပဓာနအဖြစ် နေထိုင် သီတင်းသုံးရာ ပဲခူးမြို့၊ ကြခတ်ဝိုင်း ကျောင်းတိုက်၌ ၁၃၄၁-ခုနှစ် ဝါဆိုသီတင်းသုံး သံဃာသည် အပါး ၃၆၀ ဖြစ်ပါသည်။ နောက်၌ ဆက်လျက် တွဲဖက် ဖော်ပြလတံ့ဖြစ်သော (နှစ်စဉ် အသင်းမှ ရိုက်နှိပ်ထုတ်ပြန်နေကျဖြစ်သော စာအောင် ဂေဇက်အရ) ကြခတ်ဝိုင်း ကျောင်းတိုက်မှ ၁၃၄၁-ခုနှစ် (၁၉၇၉-ခုနှစ်) တနှစ်တည်းမှာပင် သံဃာတော် ၂၅၄-ပါး အောင်မြင်ကြပါသည်။ စာချ စာသင်(ပရိယတ္တိ သာသနာ့ ဝန်ဆောင်) သံဃာတော်များသည် များစွာ ကြိုးစားကြရပါသည်။

အာဒိ မဇ္ဈ ပရိယောသာန

ကလျာဏော ဓမ္မော ဒေသိတော

ဟူသော ခုဒ္ဒကနိကာယ ဓမ္မပဒ အဋ္ဌကထာ နှာ ၄-အရ မြတ်စွာဘုရား၏ ဒေသနာတော် အားလုံးသည်

(က) အာဒိ ကလျာဏ-အစ၏ ကောင်းခြင်း၊

(ခ) မဇ္ဈေ ကလျာဏ-အလယ်၏ ကောင်းခြင်း၊

(ဂ) ပရိယောသာန ကလျာဏ-အဆုံး၏ ကောင်းခြင်း

ဟူသော ကောင်းခြင်း သုံးမျိုးလုံးနှင့် ပြည့်စုံပေသည်။

တရံရောအခါ မြတ်စွာဘုရားအား အရှင် မဟာပါလခေါ် ရဟန်းတော်က မေးမြန်း လျှောက်ထား၍ မြတ်စွာဘုရားက ဤသို့ ဖြေကြားတော်မူသည်။

(၁) **မေး။** ။ဘန္တေ ကွမသ္မိံ သာသနေ ကတိဓုရာနိ။ အရှင်ဘုရား၊ အရှင်ဘုရား၏ ဤသာသနာတော်၌ လုပ်စရာ အလုပ်တာဝန် အဘယ်မျှ အပြားရှိပါသနည်း။

**ဖြေ။** ။ဂန္ထဓုရံ ဝိပဿနာ ဓုရန္တိ ဒွေယေဝ ဓုရာနိ ဘိက္ခု။ ချစ်သားရဟန်း၊ ငါဘုရား၏ သာသနာတော်၌ လုပ်စရာ အလုပ်တာဝန်ဟာ အများကြီး မရှိ၊ နှစ်ခုဘဲ ရှိပါသည်။ အဲဒီ နှစ်ခုဟာ အခြားမဟုတ်ဖူး၊ ဂန္ထဓုရနှင့် ဝိပဿနာဓုရတို့ဘဲ ဖြစ်တယ်။

(၂) **မေး။** ။ကတမံ ပန ဘန္တေ ဂန္ထဓုရံ။ အရှင်ဘုရား၊ ဂန္ထဓုရဆိုတာ ဘယ်ဟာပါလဲ ဘုရား။

**ဖြေ။** အတ္တနော ပညာနုရူပေန ဧကံဝါ ဒွေဝါ နိကာယေ သကလံဝါ ပန တေပိဋကံ ဗုဒ္ဓဝစနံ ဥဂ္ဂဏှိတွာ တဿ ဓာရဏံ ကထနံ ဝါစနန္တိ ဣဒံ ဂန္ထဓုရံနာမ။ ချစ်သားရဟန်း၊ မိမိ၏ ပညာဉာဏ်အားလျော်စွာ နိကာယ်တခုကိုလည်းကောင်း၊ နှစ်ခုတို့ကိုလည်းကောင်း၊ အလုံးစုံကိုလည်းကောင်း၊ ပိဋကသုံးပုံ ဘုရားဟောပါဠိကိုလည်းကောင်း သင်ယူ၍ ထို နိကာယ် စသည်ကို ဆောင်ခြင်း ရွတ်ခြင်း ပို့ချခြင်းသည် ဂန္ထဓုရ မည်၏။

**မှတ်ချက်။** ။ဂန္ထဓုရဟူသည် ပရိယတ္တိ သာသနာတော်ကို အားထုတ်ခြင်းပါတည်း။

(၃) **မေး။** ။ကတမံ ဝိပဿနာ ဓုရန္တိ။ အရှင်ဘုရား၊ ဝိပဿနာဓုရဆိုတာ ဘယ်ဟာပါလဲ ဘုရား။

**ဖြေ။** ။သလ္လဟုကဝုတ္တိနော ပန ပန္တ သေနာသနာဘိရတဿ အတ္တဘာဝေ ခယဝယံ ပဋ္ဌပေတွာ သာတစ္စ ကိရိယဝသေန ဝိပဿနံ ဝဍ္ဎေတွာ အရဟတ္တဂ္ဂဟဏန္တိ ဣဒံ ဝိပဿနာဓုရံ နာမ။ ချစ်သား ရဟန်း၊ ဝိပဿနာဓုရကို ငါပြောပြမည်။

ပေါ့ပါးသော အသက်မွေးခြင်းရှိသော အစွန်ဆုံးဖြစ်သော ကျောင်း၌ မွေ့လျော်သောသူအား အတ္တဘောခေါ်ငြား မိမိ၏ ဥပါဒါနက္ခန္ဓာ ငါးပါး၌ ကုန်ခြင်း၌ ဖြစ်သောအသိ၊ ပျက်ခြင်း၌ ဖြစ်သောအသိ၊ ထိုအသိတို့ကို ဖြစ်စေ၍ ချမ်းသာသော အဖြစ်ကို သိသည်၏ အစွမ်းဖြင့် ဝိပဿနာအသိထူးကို ပွားစေလျက် အရဟတ္တဖိုလ်ဉာဏ်ကို ရယူခြင်းသည် ဝိပဿနာဓုရ မည်၏။

**မှတ်ချက်။** ။ဝိပဿနာဓုရဟူသည် ပဋိပတ္တိသာသနာတော်ကို အားထုတ်ခြင်း ပါတည်း။

ဥပါဒါနက္ခန္ဓာတိစေတ္ထ ဥပါဒါနဂေါစရာ ခန္ဓာ
ဥပါဒါနက္ခန္ဓာတိ ဝေဒိတဗ္ဗာ ဒဋ္ဌဗ္ဗာ၊

**(ဝိသုဒ္ဓိမဂ္ဂ၊ ၃၊ ၅၁-၁၀၈)**

ထို့ကြောင့်-

မိမိပဓာနဖြစ်လာသောနှစ်မှစ၍ နှစ်စဉ် ဝါတွင်း ဥပုသ်နေ့တိုင်း ကိုယ်တိုင် အဓိဋ္ဌာန်ပြုဝတ်ထား၍ အလုပ်ပေးတရားများ ဟောကြား ချီးမြှင့်ခဲ့သည်။ ဖော်ပြလတံ့ တရားစာရွက်ကလေးများကိုလည်း ရိုက်နှိပ် ဝေငှကာ အကျယ် ချီးမြှင့်ခဲ့သည်။ စာရွက် ရိုက်နှိပ်ခဲ့သည်မှာ ယခုနှစ်ပါ(၉)နှစ် ရှိခဲ့ပါပြီ။ အချို့တရားစာရွက်ကလေးများမှာ ပြန်ရှာ၍ပင် မရတော့ပြီ။ အချို့သာ ရရှိတော့သည်။ ယင်းရရှိသော စာရွက်လေးများလည်း ကြာလျှင် ထပ်မံ ပျောက်ဆုံးသွားစရာ ရှိသည်။ ထပ်မံ မပျောက်မပျက်စေဘဲ-

(က) ဖတ်ကြား လိုက်နာလိုသူများလည်း အလွယ်တကူ ဖတ်ကြား လိုက်နာ ကျင့်သုံးနိုင်ကြစေရန်လည်းကောင်း၊

(ခ) မမ္မဒါနအဖြစ် ဝေငှ လှူဒါန်းလိုသူများလည်း လှူဒါန်းနိုင်၍ ကုသိုလ်တရား တိုးပွား အကျိုးများစေရန်လည်းကောင်း၊

(ဂ) အလွန်ရင်းနှီး ကျေးဇူးများသော ပုဂ္ဂိုလ် (ဒဋ္ဌမိတ္တ ပိယမိတ္တ) တို့ထံ မွန်မြတ် ထိုက်တန် (ပဏ္ဏာတမ္မ အနဋ္ဌ လက်ဆောင်) အဖြစ် ပေးလိုသူများလည်း လွယ်လင့်တကူ ပေးနိုင်ရန်လည်းကောင်း၊

မိမိလက်ရှိပြုနေသော ပရိယတ္တိ သာသနာအပြင် ပဋိပတ္တိ သာသနာကိုလည်း ပြုစုလိုသည့် စိတ်ဆန္ဒများ များစွာဖြစ်နေသည့်အလျောက် မိမိ ဟောထားသောတရားစာရွက်လေးများကို ပြန်လည် စုဆောင်းတိုးချဲ့ကာ ပုံနှိပ် ထုတ်ဝေရလျှင် ဝေနေယျ (ဒကာ ဒကာမများ) စေတနာရှင်များ အလွန် အကျိုးများပေလိမ့်မည်ဟု အကြံများ ဖြစ်လာခဲ့သည့်အလျောက်—

(၁) ဘာဝနာ ရသ ဝိဘာဝနီကျမ်း နှင့်

(၂) အမတ ရသ ဝိဘာဝနီကျမ်း

ဟူသော အမည်ဖြင့် နှစ်ကျမ်းလုံးကို တအုပ်တည်း စုပေါင်း ရိုက်နှိပ်လိုက်ပါသည်။ အချင်းချင်း မှီတွယ် ဆက်စပ်နေ၍ နှစ်အုပ်တွဲကြည့်မှ ပို၍ ကောင်းသည့် အခြေအနေအရ စုပေါင်းရိုက်နှိပ်လိုက်ခြင်း ဖြစ်ပါသည်။

ဘာဝနာ ရသ ဝိဘာဝနီကျမ်းမှာ—

(က) ပါဒက ကဏ္ဍ ဟူ၍လည်းကောင်း၊

(ခ) သမထ ကဏ္ဍ ဟူ၍လည်းကောင်း၊

(ဂ) ဝိပဿနာ ကဏ္ဍ ဟူ၍လည်းကောင်း

သုံးကဏ္ဍ ခွဲပြီး ရေးထားပါသည်။

(က) ပါဒက ကဏ္ဍမှာ သမထဘာဝနာ၊ ဝိပဿနာဘာဝနာတို့၏ အခြေခံ သိစရာ မှတ်စရာ အကြောင်းများကို ဖော်ပြထားပါသည်။

(ခ) သမထကဏ္ဍမှာ သမထဘာဝနာ အားထုတ်ပုံနှင့်တကွ ရသင့်ရထိုက်သော အကျိုးအာနိသင်များကိုပါ ဖော်ပြထားပါသည်။

(ဂ) ဝိပဿနာကဏ္ဍမှာ ဝိပဿနာဘာဝနာ အားထုတ်ပုံနှင့်တကွ ရသင့်ရထိုက်သော အကျိုးအာနိသင်များကိုပါ ဖော်ပြထားပါသည်။

အမတရသ ဝိဘာဝနီကျမ်းမှာ—

ဥပမာ။ ။ဆဒ္ဒန်ဆင်မင်းဝတ္ထု၊ ဝေဿန္တရာဝတ္ထု၊ သုဝဏ္ဏသာမဝတ္ထု၊ ခန္တိဝါဒီရသေ့လေးဝတ္ထု၊ ဥပ္ပလဝဏ်ထေရီဝတ္ထု၊ ပဋာစာရီထေရီဝတ္ထု၊ မိထွေးတော် ဂေါတမီ (ဂေါတမီထေရီ)ဝတ္ထု၊ အနာထပိဏ်သဌေး

ကြီးဝတ္ထု၊ သံကိစ္စသာမဏေလေးဝတ္ထု စသည်အားဖြင့် ဝတ္ထုအပုဒ်ပေါင်း (၉၀) ကျော် ပါဝင်မည်။ ရေးသားထားပုံမှာ–

(က) ရှေ့ပိုင်း၌ တဥပုသ်ဟော တရား သံပေါက်များ၊

(ခ) နောက်ပိုင်း၌ ထဥပုသ်ဟော မှတ်သားဘွယ် အကျဉ်းချုပ်၊

ဤသို့ သူ့တရားမာတိကာနှင့် သူ ရှင်းလင်းကာ ဖတ်ကောင်းအောင် ရေးသား ထားပါသည်။ အချို့ကား ရှေးအလောင်းတော်ကြီးများ၏–

(က) တန်ဖိုးရှိလှသော အမှာအထား စကားများ၊

(ခ) အာဂုမ်ရမှ အာဂလူ ဖြစ်သည့် ဆိုသည့်အတိုင်း ကျက်မှတ်ရန် အာဂမပါဠ်များ။

ယင်းတို့ကို အထူး သိလို ကျက်မှတ်လိုကြသည်။ အသင့်ပင် များစွာ ပါရှိသည်ဟု ဆိုလိုပါသည်။

ဥပမာ။ ။ဘုရားအလောင်းတော် သုဝဏ္ဏသာမဝတ္ထု၌ ပါသော မိဖ နှစ်ပါး၏ မေတ္တာကြီးမားပုံ၊ ပုံစံတခု (မူအတိုင်း) ထုတ်ပြပါအံ့။

"ပိဠိယက္ခ မင်းကြီးသည် ရောက်အောင် ပို့ပေးရ၏။ ဤဟာသည် သင် တို့၏သား သာမ ပါတည်းဟု ပြောပြ၏။ ထိုအခါ ဖခင် ဒုကူလသည် သား မောင်သာမ၏ ဦးခေါင်းကို မိမိ၏ ပေါင်ပေါ်သို့ မတင်၍ မိခင် ပါရိက သည်လည်း သား၏ ခြေနှစ်ဖက်တို့ကို မိမိ၏ ပေါင်ပေါ်သို့ မတင်ပြီး အသေ အချာ စုံစမ်းကြကာ မြားဆိပ်မွှန်နေခြင်းသာ၊ အသက်ရှင်အောင် သစ္စာပြုကြ ကုန်အံ့ဟု ဆုံးဖြတ် သစ္စာပြုကြကုန်၏။ ယင်း သစ္စာပြုခြင်း၏ အဆုံး၌ သား (မောင်သာမ) ခေါ် သုဝဏ္ဏသာမသည် လူးလွန့်ကာ တဖက်သို့ စောင်း အိပ်လိုက်၏။ မိခင် ပါရိက၏ သစ္စာပြု (၇) ဂါထာကား–

(၁) ယေန သစ္စေန ယံ သာမော၊ ဓမ္မစာရီ ပုရေ အဟု။
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။

(၂) ယေန သစ္စေန ယံ သာမော၊ ဗြဟ္မစာရီ ပုရေ အဟု။
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။

(၃) ယေန သစ္စေန ယံ သာမော၊ သစ္စဝါဒီ ပုရေ အဟု။
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။

(၄) ယေန သစ္စေန ယံ သာမော၊ မာတာပေတ္တိ ဘရော အဟု။
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။

(၅) ယေန သစ္စေန ယံ သာမော၊ ကုလေဇေဋ္ဌာ ပစာယိကော။
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။

(၆) ယေန သစ္စေန ယံ သာမော၊ ပါဏာ ပိယတရော မမ။
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။

(၇) ယံ ကိဉ္စိတ္ထိ ကတံ ပုညံ၊ မယှဉ္စေဝ ပိတုစ္စ တေ။
သဗ္ဗေန တေန ကုသလေန၊ ဝိသံ သာမဿ ဟညတု။ ။

ထို့ကြောင့်-

အာရဒ္ဓ ဝိပဿက ဘာဝနာအလုပ်ဖြင့် အားထုတ် မွေ့လျော်လိုသော ယောဂီ အများတို့သည် လည်းကောင်း၊ ပရိယတ် ပဋိပတ် ကျင့်မြတ်နှစ်ပါး ဗဟုဿုတရှာမှီး (ဓမ္မ သုတေသီ) ပုဂ္ဂိုလ်ကြီး အနေဖြင့် သိရှိ နားလည် မှတ်သားလိုသော သူတော်စဉ် အများတို့သည် လည်းကောင်း-

(က) သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။ ခပ်သိမ်းသော အလှူကို တရား အလှူသည် အောင်၏၊ နိုင်၏၊ အကျိုး ပိုလွန်၏။

(ခ) သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။ ခပ်သိမ်းသော အရသာကို တရား အရသာသည် အောင်၏၊ နိုင်၏၊ အကျိုး ပိုလွန်၏။

(ဂ) သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ။ ခပ်သိမ်းသော မွေ့လျော်မှုကို တရားဖြင့် မွေ့လျော်မှုသည် အောင်၏၊ နိုင်၏၊အကျိုးပိုလွန်၏။

အထက်ပါ ဒေသနာအလာ သေချာ ဝမ်းမြောက် သဘောပေါက်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ပန်းတိုင် လှမ်းကိုင် ရယူနိုင်ကြစေရန် အမြဲတမ်း လိုက်နာ အားထုတ် ပြုလုပ်ကြစေကုန်သတည်း။

သံဝေဂ ဗဟုလော ဘိက္ခု၊ ဋ္ဌိတော ဣန္ဒြိယ သံဝရေ။
ဣန္ဒြိယာနိ ပရိညာယ၊ ဒုက္ခဿန္တံ ကရိဿတိ။ ။
ဘဒ္ဒန္တ ဇောတိပါလေန၊ ပဋ္ဌနံ ကြံခတ္တာ ဝါသိနာ၊
မူလစေတနာ ယုဒ္ဓါရော၊ ကာရဏော ရစိတော မယာ။ ။

၁၃၄၁-ခုနှစ် တော်သလင်းလဆန်း (၅) ရက်နေ့။

၁၃၄၁-ခုနှစ်၊ တန်ခူးလ ၁၉၇၉-ခုနှစ်၊ ဧပြီလတွင်
မြန်မာနိုင်ငံ မြို့ကြီးများရှိ စာမေးပွဲကြီး အသီးသီးနှင့်
နိုင်ငံတော်အစိုးရ ကျင်းပအပ်သော
ပါဠိတက္ကသိုလ် ပါဠိပထမပြန် စာမေးပွဲကြီးများ၌

## ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်မှ စာအောင်
## သံဃာတော်များ စာရင်းချုပ်

၁။ ရန်ကုန်မြို့၊ တိပိဋကဓရစာမေးပွဲ ဒိဃနိကာယအာဂုံပြန်အောင် (၁)ပါး

| | | |
|---|---|---|
| ဦးဇာနေယျ အသက် (၂၄) | ဦးသန်း | ထိမ်မဲ |

၂။ မန္တလေးမြို့ သကျသီဟ စာချတန်းအောင် (၁)ပါး

| | | |
|---|---|---|
| ဦးစန္ဒာဝရာဘိဝံသ အသက်(၃၀) | ဦးသာဟန် | ဇလွန် |

၃။ ရန်ကုန်မြို့၊ စေတိယင်္ဂဏစာမေးပွဲ စာချတန်းအောင် (၃)ပါး

| | | |
|---|---|---|
| ဦးကုဝေရာဘိဝံသ အသက်(၂၉)(ဒုတိယ) | ဦးညွန့်မောင် | တာဝ |
| ဦးဝိစာရိန္ဒာဘိဝံသ အသက်(၃၃) | ဦးသိန်းဟံ | လှည်းကူး |
| ဦးစိန္တိတာဘိဝံသ အသက်(၂၆) | ဦးသန်းညွန့် | ပုလဲ |

၄။ ပဲခူးမြို့၊ ဝိနယာဓိက စာချတန်းအောင် (၂)ပါး

| | | |
|---|---|---|
| ဦးခေမဝံသ (ပထမ) အသက်(၃၀) | ဦးဖြေကြီး | ပုဏ္ဏားကျွန်း |
| ဦးသုမန (ဒုတိယ) အသက်(၂၂) | ဦးကြည် | ပဲခူး |

၅။ ပဲခူးမြို့၊ ဝိနယာဓိက ပထမကျော်အောင် (၁)ပါး

| | | |
|---|---|---|
| ရှင်ကုလိန္ဒာစာရ (က) အသက်(၂၀) | ဦးလှမော် | နွားထိုးကြီး |

၆။ သထုံမြို့၊ သုဝဏ္ဏဘူမိဓုဒ္ဓကဘာဘကက ဒုတိယကဏ္ဍအောင် (၁)ပါး

| | | |
|---|---|---|
| ဦးပဏ္ဍဝ(ပထမ) အသက်(၂၈) | ဦးအောင်စိန် | သနပ်ပင် |

၇။ သထုံမြို့၊ သုဝဏ္ဏဘူမိဓုဒ္ဓကဘာဘကက ပထမကဏ္ဍအောင် (၁)ပါး

| | | |
|---|---|---|
| ဦးဧယျမမ္မာဘိဝံသ(ပထမ)အသက်(၃၈) | ဦးအောင်ထွန်း | မုဒုံ |

၈။ သထုံမြို့၊ သုဝဏ္ဏဘူမိ ဝိနယစရတန်းအောင် (၁)ပါး

| | | |
|---|---|---|
| ဦးကောဝိဒ အသက်(၂၆) | ဦးလှမောင် | ဝေါမြို့ |

၉။ သထုံမြို့၊ သုဝဏ္ဏဘူမိ မဟာဝေယျာကရဏကတန်းအောင် (၂)ပါး

| | | |
|---|---|---|
| ဦးပညာဝံသ(ပထမ) အသက်(၂၄) | ဦးကျင်စိန် | ဖြူး |
| ဦးဉာဏုတ္တရ အသက်(၂၁) | ဦးထွန်းရင် | ဘီးလင်း |

၁၀။ နိုင်ငံတော်အစိုးရ စာချတန်းအောင် (၁၅)ပါး

| | | |
|---|---|---|
| ဦးဉာဏသာမိ | ပဋ္ဌာန်သမ္မာဒိဋ္ဌိမဂ်မြန်မာဂုဏ်ထူး | နတ်မောက် |
| ဦးသုမန | ကျမ်းရင်း (၃)ကျမ်း | ပဲခူး |
| ဦးစန္ဒန | ။ | သနပ်ပင် |
| ဦးအာသဘာဘိဝံသ | ။ | ပဲခူး |
| ဦးစိန္တိတာဘိဝံသ | ။ | ပုလဲ |
| ဦးဝဏ္ဏိတ | ကျမ်းရင်း (၂)ကျမ်း | ကံတားဦး |
| ဦးဝိနန္ဒ | ။ | ရေစကြို |
| ဦးမေဃိယ | ။ | ကျောက်ဖြူ |
| ဦးအဂ္ဂဉာဏ | ။ | ကဝ |
| ဦးဉာဏိဿရ | ကျမ်းရင်း(၁)ကျမ်း | မာမဲအောင် |
| ဦးဝါရိတ္တ | ။ | မင်းပြား |
| ဦးဝိဝေက | ။ | ဘုတလင် |
| ဦးမုနိက | ။ | ဟင်္သာတ |
| ဦးပညာဝံသ | ။ | မြောင်းမြ |
| ဦးဇနက | ။ | ဝေါမြို့ |

၁၁။ နိုင်ငံတော်အစိုးရ ပထမကြီးတန်းအောင် (၁၀)ပါး

| | | | |
|---|---|---|---|
| ဦးအဂ္ဂဝံသ | ရမ်းဗြဲ | ဦးတိက္ခဉာဏ | ကျောက်တန်း |
| ဦးကောဝိဒ(က) | တိုက်ကြီး | ဦးပညာဘောဂ | မြေပုံ |
| ဦးဝါယာမိန္ဒ(ခ) | လှိုင်းဘွဲ့ | ရှင်ကုလန္ဒာစာရ | နွားထိုးကြီး |
| ဦးသုန္ဒရ | ဟင်္သာတ | ရှင်ဇောတိက | ပဲခူး |
| ဦးဉာဏုတ္တရ | ဘီးလင်း | ရှင်မေတ္တာနန္ဒ | ညောင်လေးပင် |

၁၂။ နိုင်ငံတော်အစိုးရ ပထမလတ်တန်းအောင် (၃၁)ပါး

| | | | |
|---|---|---|---|
| ဦးသီလာနန္ဒ | ကဝ | ဦးကောဏ္ဍည | ပဲခူး |
| ဦးခေမာစာရ | ထဝ | ဦးသာသန(ဿ) | ရေနံချောင်း |
| ဦးဝိပုလ | ကျောက်ဆည် | ဦးမာဃဇ | ကော့ကရိတ် |

| | | | |
|---|---|---|---|
| ဦးတေဇနိယ | နတ်မောက် | ရှင်ဝဏ္ဏသာမိ | ရေစကြို |
| ဦးဝိမလ | တောင်ကုတ် | ရှင်အင်္ကုရ | တနင်္သာရီ |
| ဦးဇောတိက | ဒီပဲရင်း | ရှင်ကုန္ဒဝံသ | ဝေါ |
| ဦးပညာလင်္ကာရ | ဇလွန် | ရှင်ကုသလ(က) | ကျိုက်ထို |
| ဦးသိရိဓမ္မ | တိုက်ကြီး | ရှင်တေဇာနန္ဒ | ဇလွန် |
| ဦးပညာသာမိ | ကျိုက်ထို | ရှင်သုဇာတ (က) | လှိုင်းဘွဲ့ |
| ဦးဝီရဉာဏ | ညောင်လေးပင် | ရှင်ပဏ္ဍဝံသ | ရေတာရှည် |
| ဦးဝါယာမိန္ဒ(ဂ) | မိုးညှင်း | ရှင်ကဝိဿရ(ဒုတိယ) | ပုလဲ |
| ဦးဥတ္တမသာရ | နောင်ချို | ရှင်ပညာဗလ | ပဲခူး |
| ဦးကုမာရာဘိဝံသ(ခ) | ဖြူး | ရှင်လာဘသာရ | နတ်မောက် |
| ဦးမုနိန္ဒ(ဂ) | ဘိုကလေး | ရှင်ဝါသေဋ္ဌ(က) | ပဲခူး |
| ဦးဝိဇ္ဇောတ | ရမ်းဗြဲ | ရှင်ဇဝန | မိတ္ထီလာ |
| ဦးစန္ဒိမာ | ထားဝယ် | | |

၁၃။ နိုင်ငံတော်အစိုးရ ပထမငယ်တန်းအောင် (၃၈)ပါး

| | | | |
|---|---|---|---|
| ဦးဩဘာသ (က) | လှည်းကူး | ဦးဓမ္မိဿရ | ကဝ |
| ဦးယုဇန | ကဝ | ဦးသုမန(င) | ကန့်ဘလူ |
| ဦးခေမိန္ဒ (ခ) | တံတားဦး | ဦးဇုတိမန္တ | ဝေါ |
| ဦးနန္ဒမာလာ | ပဲခူး | ရှင်ကဝိန္ဒ | ထားဝယ် |
| ဦးခေမာစာရ(ဂ) | မိတ္ထီလာ | ရှင်ကေသဝ | ရွှေကျင် |
| ဦးသာသန(ခ) | ညောင်ဦး | ရှင်အာစာရ (က) | ကျောက်တံခါး |
| ဦးဝိပုလ(ခ) | စလင်း | ရှင်ပညာဝံသ | ကျောက်ဖြူ |
| ဦးပညိန္ဒ | ထန်းတပင် | ရှင်ခေမာစာရ | တောင်ကုတ် |
| ဦးနာဂိန္ဒ | မြို့သစ် | ရှင်သုနန္ဒ | သရက်ချောင်း |
| ဦးဥက္ကံသ(က) | ဝမ်းတွင်း | ရှင်သေက္ခဉာဏ | ဘီးလင်း |
| ဦးသဇ္ဇန | လှည်းကူး | ရှင်နာဂိန္ဒ (က) | နမ့်ဆန် |
| ဦးသုမင်္ဂလ | ဘားအံ | ရှင်ဥတ္တမ (က) | ဘားအံ |
| ရှင်နန္ဒမာလာ | လှိုင်းဘွဲ့ | ရှင်သိတ | လပွတ္တာ |
| ရှင်နန္ဒသာရ | သံလျင် | ရှင်အာစိဏ္ဏ(က) | ကဝ |
| ရှင်ပညာစက္က | ဘားအံ | ရှင်ဝိမလာနန္ဒ | နောင်ချို |
| ရှင်ဘောဇေဇာသာရ | ကော့ကရိတ် | ရှင်သာသနိက | ပင်လောင်း |
| ရှင်ကုသလ(ခ) | ကျောက်ဆော် | ရှင်သိရိဓမ္မ | ရေစကြို |
| ရှင်ကုဒ္ဒိဝိမ | ပင်လောင်း | ရှင်ဉာဏုတ္တရ | ပဲခူး |
| ရှင်ဓမ္မသာမိ | ကဝ | ရှင်တိလောက | ပုသိမ် |

**၁၄။ ပဲခူးမြို့၊ ဝိနယာဓိက ပထမလတ်တန်းအောင် (၄)ပါး**

| | | | |
|---|---|---|---|
| ဦးပညာသာမိ(တတိယ) | ကျိုက်ထို | ရှင်ကောဝိဒ | လှည်းကူး |
| ရှင်လာဘသာရ | မကွေး | ဦးကုန္ဒာဘာသ | ဖြူး |

**၁၅။ ပဲခူးမြို့၊ ဝိနယာဓိက ပထမငယ်တန်းအောင် (၁၀)ပါး**

| | | | |
|---|---|---|---|
| ရှင်ဉာဏုတ္တရ (ပထမ) | ပဲခူး | ဦးဥက္ကံသ | ဝမ်းတွင်း |
| ဦးသြဘာသ (တတိယ) | လှည်းကူး | ရှင်အာစာရ (က) | ကျောက်တံခါး |
| ဦးဉာဏိဿရ | ပန်းတနော် | ရှင်သာသန | ဓနုဖြူ |
| ရှင်တေဇောသာရ | ကော့ကရိတ် | ရှင်ပညာဝံသ | ကျောက်ဖြူ |
| ရှင်သေက္ခဉာဏ | ဘီးလင်း | ဦးဥတ္တရ (ဂ) | ဘီးလင်း |

**၁၆။ ပဲခူးမြို့၊ ဝိနယတံခွန်စာမေးပွဲ သဒ္ဒါတန်းအောင် (၅)ပါး**

| | | | |
|---|---|---|---|
| ရှင်ဉာဏုတ္တရ (ပထမ) | ပဲခူး | ရှင်တိလောက | ပုသိမ် |
| ရှင်ဓမ္မသာမိ | ကဝ | ရှင်စန္ဒသီရိ (ခ) | ပဲခူး |
| ရှင်အာစိဏ္ဏ (က) | ကဝ | | |

**၁၇။ ပဲခူးမြို့၊ ဝိနယတံခွန် စာမေးပွဲ သင်္ဂဟတန်းအောင် (၆)ပါး**

| | | | |
|---|---|---|---|
| ရှင်သီတ (ဒုတိယ) | လပွတ္တာ | ရှင်သေက္ခဉာဏ | ဘီးလင်း |
| ရှင်ဝိမလာနန္ဒ (တတိယ) | နောင်ချို | ရှင်နာဂိန္ဒ | နမ့်ဆန် |
| ရှင်အာစာရ | ကျောက်တံခါး | ရှင်သုဓမ္မ | ဘီးလင်း |

ထို့ပြင် ယခုနှစ် ကြခတ်ဝိုင်း ကျောင်းတိုက်မှ ပဲခူးမြို့ ဝိနယတံခွန်စာမေးပွဲတွင် အောင်

(၁) ဝိနယတံခွန် ရှင်ကျင့်ဝတ်တန်း၌ ၁၂-ပါး
(၂) ဝိနယတံခွန် ပါတိမောက်တန်း၌ ၇၀-ပါး
(၃) သုဝဏ္ဏဘူမိ၌ ကျမ်းစွဲဝေယျာကရဏတန်း ၉-ပါး
(၄) ။ ဝိနယဓရတန်း ၁-ပါး
(၅) ။ အာဘိဓမ္မိကတန်း၌ ၃-ပါး
(၆) ဝေါမြို့၊ သာသနမူလ ပရိယတ္တိစာမေးပွဲ၌ ၂၇-ပါး

တို့ကို သင်္ချာမျှပြသဖြင့် ၁၃၄၁-ခုနှစ်၊ (၁၉၇၉-ခုနှစ်) တွင် (၂၅၄) အောင်မြင်ကြောင်း သိနိုင်ပါသည်။

ပရိယတ္တိ မူလကံဝ၊ သေသကံ သာသနဒ္ဓယံ၊
သာသနံ ဟိ ဌိတံ ဟောတိ၊ ဌိတာယ ပရိယတ္တိယာ။
ဇောတိပါလေန ထေရေန၊ ဥဒ္ဒါရိတော ပရိယတ္တိ၊
ပဥ္စုဿဝေါ ဇယုဿဝေါ၊ အဟော ကြခတ္တ မဏ္ဍလေ။
(၅၊ ၉၊ ၇၉)

## ၁၃၄၁-ခုနှစ် (၁၉၇၉-ခုနှစ်)
## ပဲခူးမြို့ ကြခတ်ဝိုင်း ကျောင်းတိုက်၌
## ဝါဆို သံဃာ အပါး (၃၆၀) စာရင်း

၁။ ဆရာတော် ဦးဇောတိပါလ၊ ကဝ
၂။ ဘုန်းကြီး ဦးနယန၊ ပျော်ဘွယ်
၃။ တိုက်အုပ် ဘုန်းကြီး ဦးသိရိန္ဒ၊ ကဝ
၄။ ဘုန်းကြီးဦးကောသလ္လ၊ သနပ္ပင်
၅။ ဘုန်းကြီး ဦးခေမာစာရ၊ ပြွန်တံဆာ
၆။ တိုက်ကြပ် (က) ဦးဥယျာဓမ္မ မုဒုံ
၇။ ဘုန်းကြီး ဦးသုရက္ခိတ၊ မာန်အောင်
၈။ ဦးကောသလိယ၊ ဘားအံ
၉။ တိုက်ကြပ် (ခ)ဦးမုနိန္ဒ၊ သနပ္ပင်
၁၀။ ဦးသီလာနန္ဒ၊ ကဝ
၁၁။ ဦးခေမာဝံသ၊ ဘီးလင်း
၁၂။ ဦးမုနိက၊ ဓမ္မိ
၁၃။ ဦးနာဝိက၊ ဘားအံ
၁၄။ ဦးအဂ္ဂဝံသ၊ ရမ်းဗြဲ
၁၅။ ဦးပဏ္ဍိစ္စ (က) ဝါးခယ်မ
၁၆။ ဦးမုနိန္ဒ (ခ) ပြွန်တံဆာ
၁၇။ ဦးစန္ဒန၊ သနပ္ပင်
၁၈။ ဦးတေဇနိယ (က) ကျိုက်ထို
၁၉။ တိုက်ကြပ် (ဂ) ဦးကုဓဝရ၊ ကဝ
၂၀။ ဦးမေဃိယ၊ ကျောက်ဖြူ
၂၁။ ဦးဝီရဗလ၊ ကဝ
၂၂။ ဦးအဂ္ဂဉာဏ၊ ကဝ
၂၃။ ဦးပဏ္ဍဝ၊ သနပ္ပင်
၂၄။ ဦးဇနိတ၊ ဇင်းချောင်း
၂၅။ ဦးနန္ဒသာရ (က) ဟိုပုန်း
၂၆။ ဦးက္ကန္ဒက (က) ပင်းတယ
၂၇။ ဦးဓမ္မသေန၊ အိမ်မဲ
၂၈။ ဦးကောဝိဒ (က) တိုက်ကြီး
၂၉။ ဦးဝေဒက၊ ကဝ
၃၀။ ဦးသုမန (က) ပုသိမ်
၃၁။ ဦးဝဏ္ဏသာမိ (က) ကျောက်ဖြူ
၃၂။ ဦးပဏ္ဍိတ (က) ပျော်ဘွယ်
၃၃။ ဦးဇနက (က) ဝေါ
၃၄။ ဦးမာလာဝံသ၊ လောင်းလုံး
၃၅။ ဦးတေဇိတ၊ ပုလဲ
၃၆။ ဦးအာဒိစ္စ၊ ပဲခူး
၃၇။ ဦးဝါယာမိန္ဒ (က) ထားဝယ်
၃၈။ ဦးဝိပုလ (က) ကျောက်ဆည်
၃၉။ ဦးဇဝန (က) ပျော်ဘွယ်
၄၀။ ဦးမဏ်ဇောတ၊ သထုံ
၄၁။ ဦးစိန္တိတ၊ ပုလဲ
၄၂။ ဦးပညောဘာသ၊ ရမ်းဗြဲ
၄၃။ ဦးမဏ္ဍလ၊ သနပ္ပင်
၄၄။ ဦးသာသန (က) ရမ်းဗြဲ
၄၅။ ဦးနန္ဒ၊ ဖျာပုံ
၄၆။ ဦးဝိနန္ဒ၊ ရေစကြို
၄၇။ ဦးပဏ္ဍိစ္စ (ခ) ပေါက်တော
၄၈။ ဦးဇနိန္ဒ (က) ပျဉ်းမနား
၄၉။ ဦးကောဝိဒ (ခ) ဝေါ
၅၀။ ဦးနန္ဒိယ (က) ဟင်္သာတ
၅၁။ ဦးဥတ္တရ၊ ငါးသိုင်းချောင်း

၅၂။ ဦးပညာဇောတ၊ ပင်လုံ
၅၃။ ဦးဝိဓဝက၊ ဘုတလင်
၅၄။ ဦးကုမာရ (က) ပဲခူး
၅၅။ ဦးနာယက (က) လှည်းကူး
၅၆။ ဦးသြဘာသ (က) လှည်းကူး
၅၇။ ဦးစန္ဒိမာ (က) ညောင်ရွှေ
၅၈။ ဦးတေဇနိယ (ခ) နတ်မောက်
၅၉။ ဦးပဏ္ဍိဘာနန္ဒ၊ ကြို့ပင်ကောက်
၆၀။ ဦးနာယက (ခ) ပဲခူး
၆၁။ ဦးသောမာနန္ဒ၊ ကျောက်တန်း
၆၂။ ဦးသုဒဿန၊ မြောင်းမြ
၆၃။ ဦး သုစိတ္တ၊ မိုးညို
၆၄။ ဦးကုမာရ (ခ) ညောင်လေးပင်
၆၅။ ဦးဇာနေယျ (က) စစ်တောင်း
၆၆။ ဦးယုဇန၊ ကဝ
၆၇။ ဦးဇောတိက၊ ဒိပဲရင်း
၆၈။ ဦးဝဏ္ဏိတ၊ တံတားဦး
၆၉။ ဦးပညာလင်္ကာရ၊ ဇလွန်
၇၀။ ဦးဇာနေယျ (ခ) အိမ်မဲ
၇၁။ ဦးခေမိန္ဒ၊ တံဘားဦး
၇၂။ ဦး သုစာရ၊ သနပ္ပင်
၇၃။ ဦးကုမာရ (ဂ) မအူပင်
၇၄။ ဦးပညာသာမိ (က) ကျိုက်ထို
၇၅။ ဦးကဝိန္ဒ (က) ညောင်လေးပင်
၇၆။ ဦးစန္ဒသိရိ၊ ရွှေကျင်
၇၇။ ဦးပညာသိရိ၊ ထန်းတပင်
၇၈။ ဦးဉာဏိဿရ၊ (က) မာန်အောင်
၇၉။ ဦး ဝီရညာဏ၊ ညောင်လေးပင်
၈၀။ ဦးအာစာရ၊ လှိုင်းတွဲ
၈၁။ ဦးဝရဓဇ၊ ကျောင်းကုန်း
၈၂။ ဦးဝါယာမိန္ဒ (ခ) မိုးညှင်း
၈၃။ ဦးနန္ဒမာသာ (ဂ) ပဲခူး
၈၄။ ဦးကုမာရ (ဃ) နန့်ဆန်း
၈၅။ ဦးခေမာစာရ (ခ) မိတ္ထီလာ
၈၆။ ဦးပညာဝံသ (က) ဒေးဒရဲ
၈၇။ ဦးဝိဇယ၊ ခင်ဦး
၈၈။ ဦးဇောတိဿရ၊ သရက်
၈၉။ ဦးသေိက၊ မရမ်းကုန်း
၉၀။ ဦးဥတ္တမသာရ၊ နောင်ချို
၉၁။ ဦးက္လန္ဒောဘာသ ဖြူး
၉၂။ ဦးအဂ္ဂဓမ္မ (က) မိုင်းပွန်
၉၃။ ဦးက္လန္ဒိယ၊ ကျောက်ဖြူ
၉၄။ ဦးထေရာသဘ၊ မာန်အောင်
၉၅။ ဦးပဏ္ဍိစ္စ (ဂ) ငွ
၉၆။ ဦးမုနိန္ဒ (ဂ) ဘိုကလေး
၉၇။ ဦးဃောသန (ခ) ညောင်ဦး
၉၈။ ဦးဝိပုလ (ခ) စလင်း
၉၉။ ဦးနန္ဒဃောဠ၊ ရွှေကျင်
၁၀၀။ ဦးခေမာစာရ (ဂ) ရေတာရှည်
၁၀၁။ ဦးသုမန (ခ) မုံရွာ
၁၀၂။ ဦးဝိဇ္ဇောတ၊ ရမ်းဗြဲ
၁၀၃။ ဦးသူရိယ (က) သရက်
၁၀၄။ ဦးက္လန္ဒက (ခ) လှိုင်းတွဲ
၁၀၅။ ဦးစန္ဒိမာ (ခ) ထားဝယ်
၁၀၆။ ဦးတေဇိန္ဒ (က) နွားထိုးကြီး
၁၀၇။ ဦးတေဇိန္ဒ (ခ) မော်ကျွန်း
၁၀၈။ ဦး ဝါယာမိန္ဒ (ဂ) ထန်းတပင်
၁၀၉။ ဦးဓမ္မာလင်္ကာရ၊ ဆီဆိုင်
၁၁၀။ ဦးပညိန္ဒ (က) ထန်းတပင်
၁၁၁။ ဦးသီလာစာရ၊ ဆော
၁၁၂။ ဦးသုဝဏ္ဏသာရ နောင်ချို
၁၁၃။ ဦးဇဋ္ဌန၊ ညောင်ဦး
၁၁၄။ ဦးဥက္ကံသ (က) ဝမ်းတွင်း
၁၁၅။ ဦးဇနာဓိပ၊ ခရမ်း
၁၁၆။ ဦးသုန္ဒရ (က) ဟင်္သာတ
၁၁၇။ ဦးသုမန (ဂ) ပဲခူး
၁၁၈။ ဦးကုဏ္ဍလ၊ ဟင်္သာတ

၁၁၉။ ဦးပညာဒီပ၊ မာန်အောင်
၁၂၀။ ဦးသုဇာတ၊ ကဝ
၁၂၁။ ဦးနန္ဒဝံသ၊ ဘားအံ
၁၂၂။ ဦးသုန္ဒရ (ခ) ဘားအံ
၁၂၃။ ဦးသုဝဏ္ဏ၊ ဆီဆိုင်
၁၂၄။ ဦးသုမန (ဃ) ထီးလင်း
၁၂၅။ ဦးဓမ္မသူရိယ၊ လပွတ္တာ
၁၂၆။ ဦးတေဇနိယ (ဂ) ခရမ်း
၁၂၇။ ဦးကဝိန္ဒ (ခ) သနပ်ပင်
၁၂၈။ ဦးတေဇောဘာသ (က) ပဲခူး
၁၂၉၊ ဦးပဝရ၊ ညောင်လေးပင်
၁၃၀။ ဦးသာဂရ၊ လပွတ္တာ
၁၃၁။ ဦးဥက္ကံသ (ခ) ဝေါ
၁၃၂။ ဦးရေဝတ (က) နတ်မောက်
၁၃၃။ ဦးသောပါက၊ နမ်းခမ်း
၁၃၄၊ ဦးတေဇောဘာသ (ခ) ဘားအံ
၁၃၅။ ဦးဇောတညာဉ၊ ပဲခူး
၁၃၆။ ဦးသဇ္ဇန၊ လှည်းကူး
၁၃၇။ ဦးသုမင်္ဂလ၊ ဘားအံ
၁၃၈။ ဦးကောသလ္လ (ခ)၊ ကျောက်တံခါး
၁၃၉။ ဦးတေဇဓမ္မ၊ ကော့ကရိတ်
၁၄၀။ ဦးပညာသာမိ (ခ) တောင်ငူ
၁၄၁။ ဦးဉာဏောဘာသ(ခ)ထားဝယ်
၁၄၂။ ဦးနန္ဒာစာရ၊ ဝက်လက်
၁၄၃။ ဦးသာသန (ဂ) ရေနံချောင်း
၁၄၄။ ဦးဝိနယသာရ၊ ကနီ
၁၄၅။ ဦးမာဃဓဇ၊ ကော့ကရိတ်
၁၄၆။ ဦးကုမာရ (င) အောင်လံ
၁၄၇။ ဦးနန္ဒိသာရ၊ ဝေါ
၁၄၈။ ဦးခေမာနန္ဒ (က) နတ်မောက်
၁၄၉။ ဦးနန္ဒမာလာ (ခ) ငါန်းဇွန်
၁၅၀။ ဦးဝရသာမိ၊ ပုဏ္ဏားကျွန်း
၁၅၁။ ဦးဇဝန (ခ) အင်္ဂပူ
၁၅၂။ ဦးဝါသဝ၊ တွံတေး
၁၅၃။ ဦးဥာဏုတ္တရ၊ ဘီးလင်း
၁၅၄။ ဦးသီလဝန္တ၊ မော်ကျွန်း
၁၅၅။ ဦးသောဘိတ၊ ပင်လောင်း
၁၅၆။ ဦးနန္ဒိယ (ခ) ပဲခူး
၁၅၇။ ဦးတိက္ခ (က)၊ လှည်းကူး
၁၅၈။ ဦးစိတြ၊ ဖားကန့်
၁၅၉။ ဦးကလျာဏ (ဂ) ပုသိမ်
၁၆၀။ ဦးကလျာဏစရိယ (က) ဆိပ်ဖြူ
၁၆၁။ ဦးခေမာနန္ဒ (ခ) ဆော
၁၆၂။ ဦးဥယျာ၊ ခရမ်း
၁၆၃။ ဦးတိက္ခ (ခ) ကျောက်ဘန်း
၁၆၄။ ဦးကေသာလ၊ လှိုင်းဘွဲ့
၁၆၅။ ဦးပညိန္ဒ (ခ) ကော့ကရိတ်
၁၆၆။ ဦးပညာဘောဂ၊ မြေပုံ
၁၆၇။ ဦးဇုတိမန္တ၊ ဝေါ
၁၆၈။ ဦးဇနက (ခ) ဆားလင်းကြီး
၁၆၉။ ဦးတေဇိန္ဒ (ဂ) ဝေါ
၁၇၀။ ဦးကုသလ (ခ) သနပ်ပင်
၁၇၁။ ဦးဓမ္မပိယ၊ ဝေါ
၁၇၂။ ဦးသံဝရ၊ မိတ္ထီလာ
၁၇၃။ ဦးအဂ္ဂဓမ္မ (ခ) လပွတ္တာ
၁၇၄။ ဦးကေသရ၊ တန့်ဆည်
၁၇၅။ ဦးဇနိန္ဒ (ခ) ကျောင်းကုန်း
၁၇၆။ ဦးဉာဏိဿရ (ခ) ရေးမြို့
၁၇၇။ ဦးကလျာဒ္ဒိဝိဓ၊ ပင်လောင်း
၁၇၈။ ဦးသာသနိက၊ ပင်လောင်း
၁၇၉။ ဦးကလျာဏစာရ၊ နွားထိုးကြီး
၁၈၀။ ဦးဓမ္မိက၊ ရွှေကျင်
၁၈၁။ ဦးနေမိန္ဒ၊ မိုးကောင်း
၁၈၂။ ဦးပညာသာမိ (ဂ) ဟိုပုန်း
၁၈၃။ ဦးနန္ဒသာရ(ခ) ညောင်လေးပ
၁၈၄။ ဦးရေဝတ(ခ) မုံရွာ
၁၈၅။ ဦးစန္ဒာဝရ၊ နွားထိုးကြီး

၁၈၆။ ဦးတေဇာနန္ဒ၊ လေးမျက်နှာ
၁၈၇။ ဦးကဝိန္ဒ (ဂ) အထက်ရေဖြူ
၁၈၈။ ဦးပဏ္ဍိတ(ခ) ဘီးလင်း
၁၈၉။ ဦးသေက္ခဉာဏ၊ ဘီးလင်း
၁၉၀။ ဦးတိလောက၊ ဝါးခယ်မ
၁၉၁။ ဦးဥက္ကံသ(ဂ) ဘုတလင်
၁၉၂။ ဦးပညာဝံသ (ခ) ကျောက်ဖြူ
၁၉၃။ ဦးဝဏ္ဏသာမိ (ခ) ရေစကြို
၁၉၄။ ဦးဣန္ဒာဝရ၊ ရေစကြို
၁၉၅။ ဦးစက္ကိန္ဒ၊ မိတ္ထီလာ
၁၉၆။ ဦးကောဝိဒ (ဂ) လှည်းကူး
၁၉၇။ ဦးဣန္ဒာစရိယ (ခ) ပခုက္ကူ
၁၉၈။ ဦးသူရိယ(ခ) သနပ်ပင်
၁၉၉။ ရှင်သံဝရ (က) မုံရွာ
၂၀၀။ ရှင်ဝိဇ္ဇောဒယ၊ မြစ်သား
၂၀၁။ ရှင်နိမ္မလ၊ ရမ်းဗြဲ
၂၀၂။ ရှင်ဇာန (က) ပုသိမ်ကြီး
၂၀၃။ ရှင်ကောသလ၊ ရွှေကျင်
၂၀၄။ ရှင်အာစာရ (က)
ကျောက်တံခါး
၂၀၅ ရှင်သောဘဏ (က)
ကျောက်တန်း
၂၀၆။ ရှင်တေဇနိယ(က) ဝက်လက်
၂၀၇။ ရှင်ကုဝေရ၊ ကော့ကရိတ်
၂၀၈။ ရှင်စန္ဒိမာ (က) မြစ်ချေ
၂၀၉။ ရှင်သုဇာတ(က) လှိုင်းဘွဲ့
၂၁၀။ ရှင်ဣန္ဒက (က) သနပ်ပင်
၂၁၁။ ရှင်အာသဘ၊ သရက်ချောင်း
၂၁၂။ ရှင်သုနန္ဒ (က) သရက်ချောင်း
၂၁၃။ ရှင်ဥယျာနန္ဒ၊ ဇလွန်
၂၁၄။ ရှင်ဇောတိက၊ ပဲခူး
၂၁၅၊ ရှင်သက္ကာစာရ၊ ပဲခူး
၂၁၆။ ရှင်ကုသလ (က) ကျိုက်ထို
၂၁၇။ ရှင်သံဝရ(ခ) ဝေါ -
၂၁၈။ ရှင်တေဇာနန္ဒ၊ ဇလွန်
၂၁၉။ ရှင်ဣန္ဒဝံသ (က) ဝေါ
၂၂၀။ ရှင်သုနန္ဒ(ခ) မုံရွာ
၂၂၁။ ရှင်ပညာသေဋ္ဌ(က) လှည်းကူး
၂၂၂။ ရှင်ခေမိန္ဒ(က) တောင်ကုတ်
၂၂၃။ ရှင်ခေမာစာရ၊ တောင်ကုတ်
၂၂၄။ ရှင်ဇဝန(ခ) ကျောက်တန်း
၂၂၅။ ရှင်သုမန၊ ကြာအင်းဆိပ်ကြီး
၂၂၆။ ရှင်သံဝရ (ဂ) လှိုင်းဘွဲ့
၂၂၇။ ရှင်ဥတ္တမ(က) ဘားအံ
၂၂၈။ ရှင်သုဇာတ(ခ) တောင်ကုတ်
၂၂၉။ ရှင်တေဇိန္ဒ(က) ကဝ
၂၃၀။ ရှင်ဥတ္တမ (ခ) သနပ်ပင်
၂၃၁။ ရှင်ပညာဇောတ၊ ပြွန်တံဆာ
၂၃၂။ ရှင်ပညာသာမိ၊ အင်းတကော်
၂၃၃။ ရှင်ဣန္ဒာစာရ (က) ပဲခူး
၂၃၄။ ရှင်မေတ္တာနန္ဒ၊ ညောင်လေးပင်
၂၃၅။ ရှင်နာဂိန္ဒ၊ နမ့်ဆန်
၂၃၆။ ရှင်ခေမသာမိ၊ ကဝ
၂၃၇။ ရှင်ကဝိဿရ၊ ပုလဲ
၂၃၈။ ရှင်ကေလာသ၊ ဘိုကလေး
၂၃၉။ ရှင်ပဏ္ဍိတ (က) နတ်မောက်
၂၄၀။ ရှင်ဉာဏဝံသ၊ မုံရွာ
၂၄၁။ ရှင်ထေရိန္ဒ၊ ဟသ်ာတ
၂၄၂။ ရှင်တေဇနိယ (ခ) သနပ်ပင်
၂၄၃။ ရှင်ဝေပုလ္လ (က) နွားထိုးကြီး
၂၄၄။ ရှင်တိက္ခ၊ အရာတော်
၂၄၅။ ရှင်ကုသလ(ခ) ကျောက်တော်
၂၄၆။ ရှင်အာစိဏ္ဏ (က) ကဝ
၂၄၇။ ရှင်မဟောသဓ၊ ဆီဆိုင်
၂၄၈။ ရှင်သိဒ္ဓတ္ထ၊ ဆီဆိုင်
၂၄၉။ ရှင်သီရိနန္ဒ၊ ဟသ်ာတ
၂၅၀။ ရှင်ဝရသာမိ၊ ဘိုကလေး
၂၅၁။ ရှင်ကုသလ(ဂ) နောင်ချို

၂၅၂။ ရှင်ဝါသဝ၊ တံတားဦး
၂၅၃။ ရှင်ဝိဇယ၊ ယင်းမာပင်
၂၅၄။ ရှင်အာစာရ (ခ) နောင်ချို
၂၅၅။ ရှင်ဥာဏောဘာသ၊ ဘီးလင်း
၂၅၆။ ရှင်ကုဏ္ဍလ၊ ပဲခူး
၂၅၇။ ရှင်တေဇောသာရ၊ ဘားအံ
၂၅၈။ ရှင်ပညာဗလ၊ ပဲခူး
၂၅၉။ ရှင်ကုန္ဒက (ခ) ထူးကြီး
၂၆၀။ ရှင်သီတ၊ လပွတ္တာ
၂၆၁။ ရှင်နန္ဒာစရိယ(က) ငပုတော
၂၆၂။ ရှင်ကုသလ (ဃ) ရန်ကုန်
၂၆၃။ ရှင်ကုန္ဒာဘာသ၊ ဘားအံ
၂၆၄။ ရှင်သောပါက(က) ဘားအံ
၂၆၅။ ရှင်တေဇောသာရ၊ ရေးမြို့
၂၆၆။ ရှင်ဝိစိတ္တ၊ ကျောက်ဆည်
၂၆၇။ ရှင်တေဇဝန္တ(က) တောင်ကုတ်
၂၆၈။ ရှင်ဝဏ္ဏသာမိ၊ လှိုင်းဘွဲ့
၂၆၉။ ရှင်သိရိမ္မ၊ ရေစကြို
၂၇၀။ ရှင်ခေမာနန္ဒ (က) ဝေါ
၂၇၁။ ရှင်နန္ဒဝံသ (က) နန့်ဆန်
၂၇၂။ ရှင်ပညာ၊ သရက်ချောင်း
၂၇၃။ ရှင်ဥတ္တရ (က) ထန်းတပင်
၂၇၄။ ရှင်နန္ဒပံသ (ခ) ဝေါ
၂၇၅။ ရှင်ကုန္ဒာစာရ (ခ) ညောင်ဦး
၂၇၆။ ရှင်စန္ဒိမာ (ခ) ရေတာရှည်
၂၇၇။ ရှင်ကုန္ဒက (ဂ) လှည်းကူး
၂၇၈။ ရှင်ကုန္ဒာစာရ (ဂ) လှိုင်းဘွဲ့
၂၇၉။ ရှင်ပညာစာရ (က) ပဲခူး
၂၈၀။ ရှင်ဝိမလာနန္ဒ၊ နောင်ချို
၂၈၁။ ရှင်ဇဝန (ဂ) မိတ္ထီလာ
၂၈၂။ ရှင်အာစာရ (ဂ) ပဲခူး
၂၈၃။ ရှင်ဇင္ဒိလ၊ ရေတာရှည်
၂၈၄။ ရှင်သံဝရ (ဃ) ကဝ
၂၈၅။ ရှင်စန္ဒာဝရ၊ ကျိုက်ထို
၂၈၆။ ရှင်ဥတ္တရ (ခ) ကျိုက်ထို
၂၈၇။ ရှင်ကေသရ၊ ဖြူးမြို့
၂၈၈။ ရှင်ပဏ္ဍိတ (ခ) ဝါးခယ်မ
၂၈၉။ ရှင်နန္ဒိယ၊ မကွေး
၂၉၀။ ရှင်နေမိန္ဒရ၊ လှိုင်းဘွဲ့
၂၉၁။ ရှင်နန္ဒောဘာသ၊ ဝါးခယ်မ
၂၉၂။ ရှင်ဉာဏုတ္တရ၊ အင်းတကော်
၂၉၃။ ရှင်ကုသလ (င) ဟိုပင်
၂၉၄။ ရှင်ဝိန္ဒက၊ ကဝ
၂၉၅။ ရှင်သုဓမ္မ၊ ဘီးလင်း
၂၉၆။ ရှင်ကောလိယ၊ လှည်းကူး
၂၉၇။ ရှင်ခေမာနန္ဒ (ခ) ဝက်လက်
၂၉၈။ ရှင်ပညာသာရ၊ ဆိပ်ဖြူ
၂၉၉။ ရှင်ဝါယာမ (က) မော်ကျွန်း
၃၀၀။ ရှင်စန္ဒိမာ (ဂ) ကျိုက်ထို
၃၀၁။ ရှင်သောပါက (ခ) ကော့ကရိတ်
၃၀၂။ ရှင်ဝိမလ (က) ပဲခူး
၃၀၃။ ရှင်စန္ဒသိရီ (က) ထန်းတပင်
၃၀၄။ ရှင်မေဓာဝီ၊ ပြွန်တံဆာ
၃၀၅။ ရှင်တိလောက၊ ပုသိမ်
၃၀၆။ ရှင်ခေမာနန္ဒ (ဂ) လှိုင်းဘွဲ့
၃၀၇။ ရှင်ဝိမလ (ခ) ဒေးဒရဲ
၃၀၈။ ရှင်ဓမ္မာစာရ၊ ဟင်္သာတ
၃၀၉။ ရှင်ဝိစက္ခဏ၊ ကဝ
၃၁၀။ ရှင်ပဝရ၊ ဘိလူးကျွန်း
၃၁၁။ ရှင်စန္ဒသိရီ (ခ) ပဲခူး
၃၁၂။ ရှင်သောဘဏ (ခ) သနပ္ပင်
၃၁၃။ ရှင်ဝိလာသဂ္ဂ၊ ပင်ယောင်း
၃၁၄။ ရှင်ကေသရိန္ဒ၊ မုံရွာ
၃၁၅။ ရှင်ပညာစာရ (ခ) သနပ္ပင်
၃၁၆။ ရှင်သုစိတ္တ၊ ကဝ
၃၁၇။ ရှင်နန္ဒာစရိယ (ခ) ယင်းမာပင်
၃၁၈။ ရှင်ရေဝတ၊ အင်းတကော်
၃၁၉။ ရှင်အဂ္ဂိရ၊ ဘားအံ

၃၂၀။ ရှင်သြဘာသ၊ ကျိုက်ထို
၃၂၁။ ရှင်ကုမာရ၊ ရမ်းဗြဲ
၃၂၂။ ရှင်ပုညာနန္ဒ၊ သပိတ်ကျင်း
၃၂၃။ ရှင်ဝိသုဒ္ဓါစာရ၊ သနပ္ပင်
၃၂၄။ ရှင်ပညာဒီပ၊ ဆိပ်ဖြူ
၃၂၅။ ရှင်ပညာသေဌ၊ (ခ) ကဝ
၃၂၆။ ရှင်ဉာဏိန္ဒ၊ ပဲခူး
၃၂၇။ ရှင်ဝါသေဌ၊ ကဝ
၃၂၈။ ရှင်ဥတ္တမ (ဂ) ဖျာပုံမနား
၃၂၉။ ရှင်တေဇိန္ဒ (ခ) ဘားအံ
၃၃၀။ ရှင်သုမင်္ဂလ၊ ဝေါ
၃၃၁။ ရှင်မင်္ဂလ၊ မုံး
၃၃၂။ ရှင်ဥတ္တမ (ဃ) သနပ္ပင်
၃၃၃။ ရှင်ဝိစာရ၊ ကဝ
၃၃၄။ ရှင်တေဇဝန္တ (ခ) ကဝ
၃၃၅။ ရှင်သုန္ဒရ၊ ဘားအံ
၃၃၆။ ရှင်ဇိနဝံသ၊ သနပ္ပင်
၃၃၇။ ရှင်နရုတ္တမ၊ ပဲခူး
၃၃၈။ ရှင်နန္ဒ၊ ထန်းတပင်
၃၃၉။ ရှင်ဉာဏသာရ၊ သနပ္ပင်
၃၄၀။ ရှင်ခေမာဝံသ၊ ဝေါ
၃၄၁။ ရှင်ပါကဋ၊ ပုလဲ
၃၄၂။ ရှင်ဝေဒိတ၊ ဝက်လက်
၃၄၃။ ရှင်ဇာနေယျ ပဲခူး
၃၄၄။ ရှင်ဝေပုလ္လ (ခ) ပဲခူး
၃၄၅။ ရှင်သုဇာတ (ဂ) ကနီ
၃၄၆။ ရှင်အာစိဏ္ဏ (ခ) ထန်းတပင်
၃၄၇။ ရှင်ဓမ္မာလောက၊ တွံတေး
၃၄၈။ ရှင်ဇောတယ၊ ဟင်္သာတ
၃၄၉။ ရှင်ဝါယာမ (ခ) ဝေါ
၃၅၀။ ရှင်သုဗောဓ၊ ဝက်လက်
၃၅၁။ ရှင်ယသိန္ဒ၊ သံဖြူဇရပ်
၃၅၂။ ရှင်ခေမိန္ဒ (ခ) အင်းကကော်
၃၅၃။ ရှင်ပဏ္ဍိစ္စ၊ ကျောင်းကုန်း
၃၅၄။ ရှင်သုအဂ္ဂ၊ အင်းတကော်
၃၅၅။ ရှင်ဥာဏသေဌ၊ ငက်လက်
၃၅၆။ ရှင်ပဏ္ဍဝ၊ လှိုင်းဘွဲ့
၃၅၇။ ရှင်နရိန္ဒ၊ သံဖြူဇရပ်
၃၅၈၊ ရှင်ကုလွံသ (ခ) ဘီးလင်း
၃၅၉။ ရှင်နရဝူပ၊ ဘီလူးကျွန်း
၃၆၀။ ရှင်ဥတ္တမ (င) ရေးမြို့

ပဲခူးမြို့
ကြခတ်ဝိုင်း ပဓာနထေရ်
အရှင်ဇောတိပါလ

ရေး

# ဘာဝနာ ရသ ဝိဘာဝနီကျမ်း

## ဘာဝနာရသ ဝိဘာဝနီကျမ်း

# ပါဒက ကဏ္ဍ

### လက္ခဏ စသား လေးပါး ဓိပ္ပာယ် မှတ်သားဘွယ်

ယောဂီ သူတော်စင်တိုင်းတို့သည် အခေါ်အပြော သဘောသဘာဝ ပိုင်နိုင်စွာ သိနိုင်ရန် စေတသိက် ၅၂-ပါးတို့၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကို သိထားသင့်ပါသည်။ ထို့ကြောင့် ဘာကို လက္ခဏာခေါ်သည်၊ ဘာကို ရသ ခေါ်သည် စသည် ကြိုတင်သိထားနှင့်ရန် အောက်ပါ ဂါထာ ချုပ်ဖြင့် သိရာ၏။

သာမညံဝါ သဘာဝေါဝါ၊ ဓမ္မာနံ လက္ခဏံ မတံ။
ကိစ္စံဝါ တဿ သမ္ပတ္တိ၊ ရသောတိ ပဝုစ္စတိ။ ။

ဓမ္မာနံ၊ ရုပ်နာမ်ဓမ္မ နှစ်ဝသော သင်္ခါရ တရားတို့၏။ သာမညံဝါ၊ အနိစ္စ စသော ဆက်ဆံသော သဘောကို လည်းကောင်း။ သဘာဝေါဝါ၊ ဝိဇာနန ဖုသန ကက္ခဠ သန္တိ စသော မိမိသဘောကို လည်းကောင်း။ ဓမ္မာနံ၊ ရုပ်နာမ်ဓမ္မ နှစ်ဝသော သင်္ခါရတရားတို့၏။ လက္ခဏံ၊ မှတ်ကြောင်းခေါ်ရာ လက္ခဏာဟူ၍။ မတံ၊ သိအပ်၏။

ကိစ္စံဝါ၊ ပြုခြင်းကြိယာသဘောကို လည်းကောင်း။ တဿ၊ ထိုပြုခြင်း ကြိယာသဘော၏။ သမ္ပတ္တိံဝါ၊ ပြည့်စုံလာသော ဂုဏ်ကို လည်းကောင်း။ ရသောတိ၊ ရသဟူ၍။ ပဝုစ္စတိ၊ ပြရာ၏။

ဖလံ ဝါ ပစ္စုပဋ္ဌာန၊ မုပဋ္ဌာန နယော ပိ ဝါ။
အာသန္န ကာရဏံ ယန္တု၊ တံ ပဒဋ္ဌာန သညိတံ။ ။

ဖလံဝါ၊ အကျိုးသည်လည်းကောင်း။ ဥပဋ္ဌာန နယောပိဝါ၊ ဉာဏ်သို့ ကပ်၍ တည်သော အခြင်းအရာသည်လည်းကောင်း။ ပစ္စုပဋ္ဌာနံ၊ ပစ္စုပဋ္ဌာန် မည်၏။ ယန္တု အာသန္နကာရဏံ၊ အကြင် နီးသော အကြောင်းသည်ကား။

အတ္ထိ၊ ရှိ၏။ တံ၊ ထိုနီးသော အကြောင်းကို။ ပဒဋ္ဌာနသည်တံ၊ ပဒဋ္ဌာန်ဟူ၍ သိအပ် မှတ်အပ်၏။

မှတ်ချက်။ ။ဤလေးချက် ပိုင်နိုင်မှသာလျှင် ယောဂီများ၏ ရည်ရွယ်ချက် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန် ဟူသော ပန်းတိုင်ကို လှမ်းကိုင်နိုင်ဖို့ရန် ပရိညာဏ်သုံးပါးသို့ ဆိုက်ရောက်ပေလိမ့်မည်။

## ရုပ်၏ ဖောက်ပြန် အမှန်သိအပ် အရပ်ရပ်

ထို့ကြောင့်-

ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်၌ ရုပ်၏အကြောင်းကို ဤသို့ဆို၏။

ကေန ရုပ္ပတိ=ရုပ်သည် အဘယ်အကြောင်းကြောင့် ဖောက်ပြန်တတ်သနည်း။

(၁) သီတေနာပိ ရုပ္ပတိ=သီတတေဇောနှင့် တွေ့ခြင်းကြောင့်လည်း ဖောက်ပြန်တတ်၏။

(၂) ဥဏှေနာပိ ရုပ္ပတိ=ဥဏှတေဇောနှင့် တွေ့ခြင်းကြောင့်လည်း ဖောက်ပြန်တတ်၏။

(၃) ဇိဃစ္ဆာယပိ ရုပ္ပတိ=ဆာလောင်ပူပန်သော တေဇော နှောင့်ယှက်ခြင်းကြောင့်လည်း ဖောက်ပြန်တတ်၏။

(၄) ပိပါသာယပိ ရုပ္ပတိ=မွတ်သိပ် ပူပန်သော တေဇော နှောင့်ယှက်ခြင်းကြောင့်လည်း ဖောက်ပြန်တတ်၏။

(၅) ဍံသ သမ္ဖဿေနပိ ရုပ္ပတိ=မှက် ၏ အဆိပ်တေဇောနှင့် တွေ့ခြင်းကြောင့်လည်း ဖောက်ပြန်တတ်၏။

(၆) မကသ သမ္ဖဿေနပိ ရုပ္ပတိ=ခြင်၏ အဆိပ်တေဇောနှင့် တွေ့ခြင်းကြောင့်လည်း ဖောက်ပြန်တတ်၏။

(၇) ဝါတ သမ္ဖဿေနပိ ရုပ္ပတိ=လေစိမ်းမှာပါသော သီတတေဇော ဥဏှတေဇော အစိမ်းနှင့် တွေ့ခြင်းကြောင့်လည်း ဖောက်ပြန်တတ်၏။

(၈) အာတပ သမ္ဘဝေနပိ ရုပ္ပတိ=နေပူ တေဇောနှင့် တွေ့ခြင်း ကြောင့်လည်း ဖောက်ပြန်တတ်၏။

(၉) သရီသပ သမ္ဘဝေနပိ ရုပ္ပတိ=မြွေဆိပ် ကင်းဆိပ် ဟူသော သိတတေဇော ဥဏှတေဇောနှင့် တွေ့ခြင်းကြောင့်လည်း ဖောက်ပြန်တတ်၏။

(၁၀) ဣတိခေါ ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ = ရဟန်းတို့ စင်စစ် ဖရိုဖရဲ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်၏၊ ဖရိုဖရဲ ပြိုကွဲ ပျက် ပြားတတ်၏၊ ထို့ကြောင့် ရုပ်ဟူ၍ ဆိုအပ်၏။

## ပရမတ်အနှစ် စင်စစ်အမှန် မဖောက်ပြန်

ပရမော အဝိပရီတော အတ္တော ပရမတ္တော စသည်ဖြင့် ထိုသို အဖွ ကထာ ဋီကာများ ဖွင့်ပြထားသောကြောင့်

(၁) ပရမတ်တရားတို့ကား မဖောက်ပြန်ကုန်။

(၂) ပညတ် တရားတို့သည်ကား ဖောက်ပြန်ကုန်၏။

ဤ၌ အထူးကား ပရမတ်သည် မဖောက်ပြန်ဟု ဆိုသော စကား၌ ဥပါဒ်၊ ဋီ၊ ဘင် ဟု ဆိုအပ်သော ဇာတိ၊ ဇရာ၊ မရဏ တို့ကြောင့်ကား ဖောက်ပြန်၏။ ယင်းဖောက်ပြန်ခြင်းကိုရည်၍ ဆိုသည်မဟုတ်။ ယင်းဖောက်ပြန် ခြင်းကို မယူရ။

လက္ခဏာတခုမှ လက္ခဏာတခုသို့ ပြောင်းလွှဲ၍မသွားခြင်း၊ မဖောက် ပြန်ခြင်း၊ ယင်းတို့ကိုသာ ရည်၍ ဆိုသည်။ ယင်းတို့ကိုသာ ယူရသည်။ ထို့ကြောင့် ပရမတ်သည် ဥပါဒ်၊ ဋီ၊ ဘင် ဟု ဆိုအပ်သော ဇာတိ၊ ဇရာ၊ မရဏတို့၏ အစွမ်းအားဖြင့် ဖောက်ပြန်၏။

မဖောက်ပြန်ဟူသော စကားသည် လက္ခဏာတခုမှ လက္ခဏာတခုသို့ ပြောင်းလွှဲဖောက်ပြန်ခြင်း မရှိသည်ကိုသာ ရည်ရွယ်၍ဆိုခြင်း ဖြစ်သည်ဟု မှတ်။

(က) ယံကိဉ္စိ သမုဒယဓမ္မံ=အလုံးစုံသော ရုပ်နာမ်တရားသည် ဖြစ် ခြင်း သဘောရှိ၏။

(ခ) သဗ္ဗံ တံ နိရောဓ ဓမ္မံ=ထိုဖြစ်ခြင်း သဘောရှိသော အလုံးစုံ သော ရုပ်နာမ်တရားသည် ချုပ်ပျက်ခြင်းသဘော ရှိ၏။

## လက္ခဏ ရသ စသည်လေးပါး ရုပ်တရား

ထိုကဲ့သို့—

(က) တသုတ်သုတ် တဖြုတ်ဖြုတ်

(ခ) တရွရွ တမွမွ

(ဂ) တဖိတ်ဖိတ် တရိပ်ရိပ်

(ဃ) တဖွဲဖွဲ တသဲသဲ

အမြဲမပြတ် တရစပ် ဖောက်ပြန်နေသော ရုပ်တရားကို လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် အားဖြင့် ထင်ရှားအောင် ပြလိုက်ပါဦးအံ့။

(က) ရုပ္ပနလက္ခဏံ ရူပံ=ရုပ်တရားသည် ဖောက်ပြန်ခြင်း လက္ခဏာ ရှိ၏။

(ခ) ဝိကိရဏရသံ ရူပံ = ရုပ်တရားသည် ဖရိုဖရဲ ပြန့်ကြဲခြင်းကိစ္စ ရှိ၏။

(ဂ) အဗျာကတပစ္စုပဋ္ဌာနံ ရူပံ = ရုပ်တရားသည် အဗျာကတလျှင် ဉာဏ်အား ရှေ့ရှု ထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(ဃ) ဝိညာဏပဒဋ္ဌာနံ ရူပံ=ရုပ်တရားသည် ဝိညာဉ်လျှင် နီးစွာသော အကြောင်းပဒဋ္ဌာန်ရှိ၏။

## နာမ်တရားဟု မည်ပုံခေါ်ကြ ဤသို့ပြ

စိတ်၊ စေတသိက်၊ နိဗ္ဗာန်တို့ကို နာမ်ဟု ခေါ်ရကြောင်း ဤသို့ သိအပ်၏။

(၁) အာရမ္မဏံ နမတီတိ နာမံ။
အာရုံသို့ ညွတ်တတ်သောကြောင့် နာမ်မည်၏။ စိတ်၊ စေတသိက် များ ရ၏။

(၂) အတ္တနိ အာရမ္မဏိက ဓမ္မေ နာမေတီတိ နာမံ။
အာရမ္မဏိက တရားတို့ကို အာရုံဖြစ်သော တရားဟူသော မိမိသို့ ညွတ်စေတတ်သောကြောင့် နာမ်မည်၏။ စိတ်၊ စေတသိက်၊ နိဗ္ဗာန် ရ၏။

## လက္ခဏ ရသ စသည် လေးပါး နာမ်တရား

(က) နမန လက္ခဏံ နာမံ။
နာမ်တရားသည် ညွတ်ကိုင်းခြင်း လက္ခဏာရှိ၏။
(ခ) သမ္ပယောဂရသံ နာမံ။
နာမ်တရားသည် စပ်ယှက်ခြင်း ကိစ္စ ရှိ၏။
(ဂ) တန္နိဿ ပစ္စုပဋ္ဌာနံ နာမံ။
နာမ်တရားသည် ထိုဝတ္ထုရုပ် ဓမ္မာရုံသို့ ညွတ်ခြင်း၊ ကိုင်းခြင်း ပစ္စုပဋ္ဌာန် ရှိ၏။
(ဃ) ရူပပဒဋ္ဌာနံ နာမံ။
နာမ်တရားသည် ရုပ်လျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန် ရှိ၏။

## ကုသိုလ်ဓမ္မ လက္ခဏာစသည် ထိုလေးလီ

(က) ကုစ္ဆိတေ ပါပဓမ္မေ သလယန္တိ စလယန္တိ ကမ္ပေန္တိ ဝိဒ္ဓံသေန္တိ အပဂမေန္တီတိ ကုသလာနိ။
စက်ဆုပ်အပ်ကုန်သော ယုတ်မာသော တရားတို့ကို ဖျက်ဆီးတတ်၊ ကင်းပျောက်စေတတ်သော တရားတို့သည် ကုသိုလ် မည်ကုန်၏။
(ခ) ကုသလံ အနဝဇ္ဇ သုခ ဝိပါက လက္ခဏံ။
ကုသိုလ်သည် အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကို ပေးခြင်း လက္ခဏာ ရှိ၏။
(ဂ) ကုသလံ အကုသလဝိဒ္ဓံသနရသံ။
ကုသိုလ်သည် အကုသိုလ်တရားကို ဖျက်ဆီးခြင်း ကိစ္စ ရှိ၏။
(ဃ) ကုသလံ ဝေါဒါန ပစ္စုပဋ္ဌာနံ။
ကုသိုလ်သည် ဖြူစင်ခြင်းလျှင် ထင်သော အခြင်းအရာဟူသော ရှေ့ရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။
(င) ကုသလံ ယောနိသောမနသိကာရပဒဋ္ဌာနံ။
ကုသိုလ်သည် သင့်တင့်အောင် နှလုံးသွင်းခြင်းလျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန် ရှိ၏။

## အကုသိုလ်ဓမ္မ လက္ခဏစသည် ဤလေးလီ

(က) ကုသလဿ ပဋိပက္ခာနိ အကုသလာနိ။
ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သော တရားတို့သည် အကုသိုလ် မည်ကုန်၏။

(ခ) အကုသလံ သာဝဇ္ဇ ဒုက္ခဝိပါက လက္ခဏံ။
အကုသိုလ် တရားသည် အပြစ်ရှိခြင်း၊ ဆင်းရဲသော အကျိုးကို ပေးခြင်း လက္ခဏာ ရှိ၏။

(ဂ) အကုသလံ ကုသလပဋိပက္ခ ရသံ။
အကုသိုလ် တရားသည် ကုသိုလ်၏ ဆန့်ကျင်ဘက် ကိစ္စ ရှိ၏။

(ဃ) အကုသလံ ကာဠုသိယ ပစ္စုပဋ္ဌာနံ။
အကုသိုလ် တရားသည် မည်းညစ်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

(င) အကုသလံ အယောနိသောမနသိကာရပဒဋ္ဌာနံ။
အကုသိုလ် တရားသည် အသင့်အတင့် နှလုံးသွင်းခြင်း ပဒဋ္ဌာန် ရှိ၏။

## ဝိပါက်ကြိယာ နှစ်ဖြာအထူး သိလေဦး

(က) အညမညဝိရုဒ္ဓါနံ ကုသလာကုသလာနံ ပါကာတိ ဝိပါကာ။
အချင်းချင်း ဆန့်ကျင်ဘက် ဖြစ်ကုန်သော ကုသိုလ် တရား၊ အကုသိုလ် တရားတို့၏ အကျိုးဖြစ်သောကြောင့် ဝိပါက်မည်၏။

(ခ) ကရဏံ ကြိယံ။
ပြုရုံ ပြုခြင်းမျှသာ ဖြစ်ခြင်းသည် ကြိယာ မည်၏။ (ရဟန္တာ ပုဂ္ဂိုလ်တို့၏သန္တာန်၌သာ ဖြစ်သောကြောင့် ကုသိုလ် အကုသိုလ် တို့ကဲ့သို့ အကျိုးပေးခြင်းကို မငဲ့ပြီဟူလို။)

## ပရမတ်လေးပါး ထူးခြားဤသို့ သိကုန်စို့

(က) အာရမ္မဏံ စိန္တေတီတိ စိတ္တံ၊ တံ ဝိဇာနန လက္ခဏံ။
အာရုံကို ကြံတတ် သိတတ်သော သဘောသည် စိတ်မည်၏။ ထိုစိတ်သည် အာရုံကိုသိခြင်း လက္ခဏာရှိ၏။

(ခ) စေတယိ ဘာဝံ စေတသိကံ။
စိတ်၌ ယှဉ်တတ် ဖြစ်တတ်သောတရားသည် စေတသိက် မည်၏။

(ဂ) ဝါနတော နိက္ခန္တတ္တာ နိဗ္ဗာနံ။
ဝါနဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သော သဘောသည် နိဗ္ဗာန်မည်၏။

(ဃ) ရုပ္ပတီတိ ရူပံ။
ဖောက်ပြန်တတ်သော သဘောသည် ရုပ်မည်၏။

## သဗ္ဗစိတ္တ သာဓာရဏ မှတ်ကုန်ကြ

(က) ဖုသတီတိ ဖဿော။
အာရုံကို တွေ့ထိသော သဘောသည် ဖဿမည်၏။

(ခ) ဝေဒယတိ အာရမ္မဏရသံ အနုဘဝတီတိ ဝေဒနာ။
အာရုံ၏ အရသာကို အစံ့ခံစားတတ်သော သဘောသည် ဝေဒနာမည်၏။

(ဂ) နီလာဒိဘေဒံ အာရမ္မဏံ သဉ္ဇာနာတိ သညံ ကတွာ ဇာနာတီတိ သညာ။
အညို စသည် အပြားရှိသော အာရုံကို အမှတ်ပြု၍ သိတတ်သော သဘောသည် သညာမည်၏။

(ဃ) စေတေတိ အတ္တနာ သဒ္ဓိံ သမ္ပယုတ္တဓမ္မေ အာရမ္မဏေ အဘိသန္ဒဟတိ သံခတာဘိသံခရဏေ ဝါ ဗျာပါရမာပဇ္ဇတီတိ စေတနာ။
မိမိနှင့်တကွ ယှဉ်ဘက် တရားတို့ကို အာရုံ၌ ခေါ်ဆောင်တတ ယှဉ်စပ်တတ်သောကြောင့်၊ တနည်း ပြုပြင် စီရင်အပ်သော တရားတို့ကို ပြုပြင် စီရင်ခြင်း၌ အားထုတ်ခြင်းသို့ ရောက်တတ် သောကြောင့် စေတနာမည်၏။

( င) ဧကံ အာရမ္မဏံ အဂ္ဂံ ဣမဿာတိ ဧကဂ္ဂံ၊ ဧကဂ္ဂဿ ဘာဝေါ ဧကဂ္ဂတာ။
တခုသော အာရုံဟု ဆိုအပ်သော အဖို့အစုရှိသော စိတ်သည် ဧကဂ္ဂ မည်၏။ တခုတည်းသော အာရုံဟု ဆိုအပ်သော အဖို့အစု (အဘိဓာန်) တခုတည်းသော အာရုံရှိသော စိတ်၏ (မဏိမဉ္ဇူ)အဖြစ်သည် ဧကဂ္ဂတာ မည်၏။

(စ) ဇီဝန္တိ သမ္ပယုတ္တဓမ္မာ ဧတေနာတိ ဇီဝိတံ၊ ဇီဝိတဉ္စ တံ ဣန္ဒြိယဉ္စာတိ ဇီဝိတိန္ဒြိယံ။
သမ္ပယုတ်တရားတို့၏ တည်ကြောင်းဖြစ်သော သဘောသည် ဇီဝိတ မည်၏။ ထိုဇီဝိတသည်ပင် စောင့်စည်းခြင်း၊ အစိုးရခြင်း သဘောရှိသောကြောင့် ဇီဝိတိန္ဒြေ မည်၏။

(ဆ) ကရဏံ ကာရော၊ မန သ္မိံ ကာရော မန သိကာရော။
စိတ်ကို အာရုံ၌ ပြုခြင်းသဘောသည် မနသိကာရ မည်၏။

**ပကိဏ္ဏက ခြောက်ပါးသို့ သိကုန်စို့**

(၁) အာရမ္မဏံ ဝိတက္ကေတိ သမ္ပယုတ္တ ဓမ္မေ အဘိနိရောပေတီတိ ဝိတက္ကော။
သမ္ပယုတ်တရားတို့ကို အာရုံသို့ ရှေ့ရှုတင်တတ်သောသဘောသည် ဝိတက်မည်၏။

(၂) အာရမ္မဏေ စိတ္တံ ဝိစရတီတိ ဝိစာရော။
အာရုံ၌ စိတ်သည် သုံးသပ်တတ်သောသဘောသည် ဝိစာရ မည်၏။

(၃) အဓိမုစ္စနံ အဓိမောက္ခော။
အာရုံကို ဆုံးဖြတ်တတ်သောသဘောသည် အဓိမောက္ခ မည်၏။

(၄) ဝီရာနံ ကမ္မံ ဝီရိယံ၊ ဝိဓိနာ ဤရယိတဗ္ဗံ ပဝတ္တေတဗ္ဗန္တိ ဝီရိယံ။
သင့်လျော်သော နည်းဥပါယ်ဖြင့် ဖြစ်စေအပ်သော သဘောသည် ဝီရိယ မည်၏။

(၅) ပီနယတိ ကာယစိတ္တံ တပ္ပေတိ ဝဍ္ဎေတီတိဝါ ပီတိ။
ကိုယ်စိတ်ကို ရောင့်ရဲစေတတ် (ဝါ) ပွားစေတတ်သော သဘောသည် ပီတိမည်၏။

(၆) ဆန္ဒနံ ဆန္ဒော။
ပြုလိုခြင်း ပြုလိုကာ မတ္တသည် ဆန္ဒမည်၏။

**အကုသိုလ်စေတသိက် ၁၄ ပါးစိတ်၌သို့ သိကုန်စို့**

(၁) အာရမ္မဏေ မုယှတီတိ မောဟော။
အာရုံ၌ တွေဝေတတ်သော သဘောသည် မောဟမည်၏။

(၂) နဟိရိယတီ နလဇ္ဇတီတိ အဟိရိကော။
မရှက်တတ်သော သဘောသည် အဟိရိက မည်၏။

(၃) န ဩတ္တပ္ပတီတိ အနောတ္တပ္ပံ။
မလန့်တတ်သော သဘောသည် အနောတ္တပ္ပ မည်၏။

(၄) ဥဒ္ဓတဿ ဘာဝေါ ဥဒ္ဓစ္စံ။
ပျံ့လွင့်ခြင်း၊ မငြိမ်သက်ခြင်း သဘောသည် ဥဒ္ဓစ္စ မည်၏။

(၅) လုဗ္ဘတီတိလောဘော။
အာရုံကို စွဲလန်းကပ်ငြိသော သဘောသည် လောဘ မည်၏။
မျောက်နှဲစေးပုံ အာရုံကို စွဲလန်း ကိုင်ယူခြင်း လက္ခဏာရှိ၏။

(၆) မိစ္ဆာ ပဿတီတိ ဒိဋ္ဌိ။
မှားသောအားဖြင့် မြင်တတ်သော သဘောသည် ဒိဋ္ဌိ မည်၏။ မသင့်သောအားဖြင့် နှလုံးသွင်းခြင်း လက္ခဏာ ရှိ၏။

(၇) သေယျောဟမသ္မီတိအာဒိနာ မညတီတိ မာနော။
ငါသည် အထူးသဖြင့် မြတ်၏ စသည်ဖြင့် အောက်မေ့သော သဘောသည် မာန မည်၏။ ထောင်လွှား တက်ကြွခြင်း လက္ခဏာ ရှိ၏။

(၈) ဒုဿတီတိ ဒေါသော။
ကြမ်းတမ်း ဖျက်ဆီးတတ်သော သဘောသည် ဒေါသ မည်၏။
ဒုတ်ဖြင့်ခေါက်သည့် မြွေဟောက်မယှင်း ကြမ်းတမ်းခြင်း လက္ခဏာ ရှိ၏။

(၉) ဣဿတီတိဣဿာ၊ သာ ပရသမ္ပတ္တီနံ ဥသူယနလက္ခဏာ။
ငြူစူတတ်သော သဘောသည် ဣဿာမည်၏။ သူတပါးတို့၏ ပြည့်စုံခြင်းတို့ကို ငြူစူခြင်းလက္ခဏာ ရှိ၏။

(၁၀) မစ္ဆရတံ အတ္တသမ္ပတ္တိံ နိဂူဟတီတိမစ္ဆရော၊
မစ္ဆေရဿ ဘာဝေါ မစ္ဆရိယံ။
မိမိ၏ စည်းစိမ်ကို လျှို့ဝှက်တတ်သော သဘောသည် မစ္ဆရိယ မည်၏။ မိမိစည်းစိမ်ကို လျှို့ဝှက်သော သူ၏ အဖြစ်တည်း။

(၁၁) ကုစ္ဆိတံ ကတန္တိ ကုကတံ၊ ကုကတဿ ဘာဝေါ ကုက္ကုစ္စံ။
စက်ဆုပ်အပ်သော ပြုအပ်ပြီးသော ဒုစရိုက်၊ မပြုအပ်သေးသော သုစရိုက်အတွက် အဖန်တလဲလဲ စိုးရိမ်ခြင်းသည် ကုက္ကုစ္စ မည်၏။

(၁၂) ထိနနံ ထိနံ။
ဝိညာဏက္ခန္ဓာ၏ မခံ့ခြင်းသဘောသည် ထိန မည်၏။

(၁၃) မိဒ္ဓနံ မိဒ္ဓံ။
စေတသိက် ခန္ဓာသုံးပါး၏ မခံ့ခြင်း သဘောသည် မိဒ္ဓ မည်၏။

(၁၄) သဘာဝံဝိစိနန္တော ကိစ္ဆတိ ကိလမတိ ဧတာယာတိ ဝိစိကိစ္ဆာ၊ ဝိဂတာ စိကိစ္ဆာ ဣမိဿာတိ ဝါ ဝိစိကိစ္ဆာ။
ယုံမှားခြင်းသည် ဝိစိကိစ္ဆာ မည်၏။

## သောဘဏစေတသိက် ၁၉ ခု စိတ်ဍျသို့ သိကုန်စို့

(၁) သဒ္ဒဟတီတိ သဒ္ဓါ။
ယုံကြည်တတ်သော သဘောသည် သဒ္ဓါ မည်၏။

(၂) သရဏံ သတိ။
အောက်မေ့တတ်သော သဘောသည် သတိ မည်၏။

(၃) ဟိရီယတိ ကာယဒုစ္စရိတာဒီဟိ ဇိဂုစ္ဆတီတိဟိရီ။
ကာယဒုစရိုက် စသည်တို့မှ စက်ဆုပ်တတ်သော သဘောသည် ဟိရီ မည်၏။

(၄) ဩတ္တပ္ပတီတိ ဩတ္တပ္ပံ။
ထိတ်လန့်တတ်သော သဘောသည် ဩတ္တပ္ပ မည်၏၊

(၅) လောဘဿ ပဋိပက္ခော အလောဘော။
လောဘ၏ ဆန့်ကျင်ဘက်သည် အလောဘ မည်၏။

(၆) ဒေါသဿ ပဋိပက္ခော အဒေါသော။
ဒေါသ၏ ဆန့်ကျင်ဘက်သည် အဒေါသ မည်၏။

(၇) တေသု ဓမ္မေသု မဇ္ဈတ္တတာ တတြမဇ္ဈတ္တတာ။
ထိုမိမိနှင့် သမ္ပယုတ် ဖြစ်ကုန်သော တရားတို့၌ လျစ်လျူရှုသော အဖြစ်သည် တတြမဇ္ဈတ္တတာ မည်၏။

(၈) ပဿမ္ဘနံ ပဿဒ္ဓိ၊ ကာယဿ ပဿဒ္ဓိ ကာယပဿဒ္ဓိ။
စေတသိက်၏ ငြိမ်းအေးခြင်းသည် ကာယ ပဿဒ္ဓိ မည်၏။

(၉) ပဿမ္ဘနံ ပဿဒ္ဓိ၊ စိတ္တဿ ပဿဒ္ဓိ စိတ္တပဿဒ္ဓိ။
စိတ်၏ ငြိမ်းအေးခြင်းသည် စိတ္တပဿဒ္ဓိ မည်၏။

(၁၀) လဟုနော ဘာဝေါ လဟုတာ၊
ကာယဿ လဟုတာ ကာယလဟုတာ။
စေတသိက်၏ ပေါ့ပါးခြင်းသည် ကာယလဟုတာ မည်၏။

(၁၁) လဟုနော ဘာဝေါ လဟုတာ၊
စိတ္တဿ လဟုတာ စိတ္တလဟုတာ။
စိတ်၏ ပေါ့ပါးခြင်းသည် စိတ္တလဟုတာ မည်၏။

(၁၂) မုဒုနော ဘာဝေါ မုဒုတာ၊
ကာယဿ မုဒုတာ ကာယမုဒုတာ။
စေတသိက်၏ နူးညံ့သည်၏ အဖြစ်သည် ကာယမုဒုတာ မည်၏။

(၁၃) မုဒုနော ဘာဝေါ မုဒုတာ၊
စိတ္တဿ မုဒုတာ စိတ္တမုဒုတာ။
စိတ်၏ နူးညံ့သည်၏ အဖြစ်သည် စိတ္တမုဒုတာ မည်၏။

(၁၄) ကမ္မနိ သာဓု ကမ္မညံ၊
ကမ္မညဿ ဘာဝေါ ကမ္မညတာ၊ ကာယဿ ကမ္မညတာ ကာယကမ္မညတာ။
စေတသိက်၏ အမှု၌ ခံ့သည်၏ အဖြစ်သည် ကာယ ကမ္မညတာ မည်၏။

(၁၅) ကမ္မနိ သာဓု ကမ္မညံ၊
ကမ္မညဿ ဘာဝေါ ကမ္မညတာ၊
စိတ္တဿ ကမ္မညတာ စိတ္တကမ္မညတာ။
စိတ်၏ အမှု၌ ခံ့သည်၏ အဖြစ်သည် စိတ္တကမ္မညတာ မည်၏။

(၁၆) ဥဇုကဿ ဘာဝေါ ဥဇုကတာ၊
ကာယဿ ဥဇုကတာ ကာယုဇုကတာ။
စေတသိက်၏ ဖြောင့်မတ်စွာ ဖြစ်ခြင်းသည် ကာယုဇုကတာ မည်၏။

(၁၇) ဥဇုကဿ ဘာဝေါ ဥဇုကတာ၊
စိတ္တဿ ဥဇုကတာ စိတ္တုဇုကတာ။
စိတ်၏ ဖြောင့်မတ်စွာ ဖြစ်ခြင်းသည် စိတ္တုဇုကတာ မည်၏။

(၁၈) သမ္မာ ဝဒန္တိ ဧတာယာတိ သမ္မာဝါစာ။
ကောင်းစွာအသင့်အားဖြင့်ဆိုကြောင်းဖြစ်သောကြောင့်သမ္မာဝါစာ မည်၏။

(၁၉) သမ္မာ ပဝတ္တော ကမ္မန္တော သမ္မာကမ္မန္တော။
ကောင်းစွာ အသင့်အားဖြင့် ဖြစ်သော အမှုသည် သမ္မာကမ္မန္တ မည်၏။

(၂၀) သမ္မာ အာဇီဝန္တိ ဧတေနာတိ သမ္မာအာဇီဝေါ။
ကောင်းစွာ အသင့်အားဖြင့် အသက် မွေး တတ် သော ကြောင့် သမ္မာအာဇီဝ မည်၏။

(၂၁) ကိဏာတိ ပရဒုက္ခံ ဟိံသတီတိ ကရုဏာ။
သူတပါးတို့၏ ဆင်းရဲကို ပယ်သတ်တတ်သောကြောင့် ကရုဏာ မည်၏။

(၂၂) မောဒန္တိ ဧတာယာတိ မုဒိတာ။
ဝမ်းမြောက်ကြောင်း ဖြစ်သော သဘော တရားသည် မုဒိတာ မည်၏။

(၂၃) ပကာရေန ဇာနာတိ အနိစ္စာဒိဝသေန အဝဗုဇ္ဈတီတိ ပညာ။
အနိစ္စ စသည်တို့၏ အစွမ်းဖြင့် အပြားအားဖြင့် ထိုးထွင်း၍ သိတတ်သောကြောင့် ပညာ မည်၏။

(၂၄) ပညာစ သာ ဣန္ဒြိယဋ္ဌာတိ ပညိန္ဒြိယံ။
အနိစ္စ စသည်တို့၏ အစွမ်းဖြင့် ထိုးထွင်း၍ သိခြင်း၊ အစိုးရခြင်းသည် ပညိန္ဒြေ မည်၏။

## ယောဂီကိုယ်တွင် အစဉ်မရှိအပ် ဤဆယ်ရပ်

(၁) ဝဋ္ဋ ကိလေသ နှစ်ဝသောကာမတို့ကို လုံးဝ အလိုမရှိရခြင်း။

(၂) မိမိ လိုလားအပ်သော တရားတော်ကို အားထုတ်ရာ၌ ပျင်းရိမှု မရှိရခြင်း။

(၃) ဆာလောင် မွတ်သိပ်ခြင်းတို့ကို ကြပ်ကြပ် သည်းခံနိုင်ရခြင်း။

(၄) အများ လိုလား တောင့်တအပ်သော ဣဋ္ဌာရုံ မှန်သမျှကို နှစ်သက် တပ်မက်မှု မရှိရခြင်း။

(၅) ထိနမိဒ္ဓခေါ် စိတ် စေတသိက်တို့၏ လေးလံ ငိုက်မျည်းမှု မရှိရခြင်း။

(၆) မိမိ၏ ရှုပွား အားထုတ်အပ်သော တရားတော်၌ ဟုတ်မှ ဟုတ်ပါမည်လော၊ မှန်မှ မှန်ပါမည်လောဟု ယုံမှား သံသယ မရှိရခြင်း။

(၇) မိမိ၏ တရားအားထုတ်ရာ နေရာ ဌာန၌ ကြောက်ရွံ့ ထိတ်လန့်မှု မရှိရခြင်း။

(၈) မိမိသည် တရား ရှာသူပီပီ ငါတကားဟု ထောင်လွှားသော မာန်မာန မရှိရခြင်း။

(၉) ဂုဏ်ပကာသနနှင့် လာဘ်လာဘ ပေါများခြင်းတို့ကို အလိုမရှိရခြင်း။

(၁၀) မိမိကိုယ်ကို အထင်ကြီးအောင်၊ တနည်း သူတပါးအား နှိမ်ချသည့် အနေ မှုမမှန်သော စိတ်ထားများ လုံးဝ မရှိစေရခြင်း။

## ထိုင် လျောင်းရပ် သွား လေးပါးပိုင် ရှုမှတ်နိုင်

ထိုင်ပုံမှာ ''ပလ္လင်္က အာဘုဇိတွာ'' ဆိုသည့်အတိုင်း ယောက်ျား ယောဂီဖြစ်လျှင် ယောက်ျားထိုင်နည်း (တင်ပလ္လင်ခွေ)၊ အမျိုးသမီး ယောဂီဖြစ်လျှင် အမျိုးသမီးထိုင်နည်း (ပုဆစ်တုပ်) ထိုင်ရမည်။

"ဥဇုံ ကာယံ ပဏိဓာယ" ဆိုသည့်အတိုင်း ကိုယ်၏အပေါ်ပိုင်း ခါးအထက်ကို ဖြောင့်ဖြောင့် မတ်မတ်ကလေး ထားရမည်။ ဘယ်ဘက် လက်ပေါ်သို့ ညာဘက်လက်ကို (ပက်လက်) ထပ်ပြီး လက်မထိပ်ချင်း ထိ၍ ထားရမည်။

"ပရိမုခံ သတိံ ဥပဋ္ဌပေတွာ" ဆိုသည့်အတိုင်း ဦးခေါင်းကို ရှေ့သို့လည်း မငိုက်၊ နောက်သို့လည်း မလန်စေဘဲ တည့်မတ်စွာထားလျက် သတိကို ကမ္မဋ္ဌာန်းသို့ ရှေ့ရှု အာရုံပြုကာ ထားရမည်။

လျှောင်းပုံမှာ ခြေကို အစုံဆင်း၍ ပက်လက် လျှောင်းရမည်။ လက်နှစ်ဖက်ကိုလည်း ကိုယ်၏ ဘေးမှာ ဆန့်တန်းကာ မြှောင်း၍ ချထားရမည်။ နှာသီးဖျားကို အပေါ် (အလယ်) တည့်တည့် ထားရမည်။ ကမ္မဋ္ဌာန်းသို့ ရှေ့ရှု အာရုံပြုကာ သတိကို ဖြစ်စေရမည်။

ရပ်ပုံ၊ သွားပုံတို့မှာ ဆရာပေးထားသော ပရိကမ်အရ ကမ္မဋ္ဌာန်းသို့ ရှေ့ရှုကာ သတိကို ဖြစ်စေကြရပါမည်။

## အင်အားအလိုက် ထိုက်သောသီလ ဆောက်တည်ကြ

ယောဂီတိုင်းတို့သည် "သီလ သမာဓိ ပညာနံ ခန္တိ ပဓာနကာရဏံ" ဆိုသည့်အတိုင်း သည်းခံမှုကို အရင်းအနှီး အခြေခံထား၍ ရှေးဦးစွာ ယောဂီ၏ သဒ္ဓါအင်အား၊ လူ့အင်အား၊ အရွယ်အင်အားများအလိုက် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလတို့ကို အတတ်နိုင်ဆုံး ခံယူ ဆောက်တည်ထားရမည်။

သာသနေ ကုလပုတ္တာနံ၊ ပတိဋ္ဌာ နတ္ထိ ယံ ဝိနာ။
အာနိသံသပရိစ္ဆေဒံ၊ တဿ သီလဿ ကော ဝဒေ။ ။

သာသနေ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်၌။ ကုလ ပုတ္တာနံ၊ အမျိုးကောင်းသားသမီး ယောဂီ အသီးသီးတို့အား။ ယံသီလံ၊ အကြင်သီလကို။ ဝိနာ၊ ကြဉ်၍။ ပတိဋ္ဌာ၊ တည်ရာ မှီရာ အားကိုးရာသည်။ နတ္ထိ၊ မရှိ။ တဿသီလဿ၊ ထိုသီလ၏။ အာနိသံသ ပရိစ္ဆေဒံ၊ ဤရွေ့ ဤမျှ ဂဏန်းချ၍ ပြခြင်းဟူသော အာနိသင် အပိုင်းအခြားကို။ ကော၊ ဘုရားမှတပါး အဘယ်သူများသည်။ ဝဒေ၊ ဆိုနိုင်ပါအံ့နည်း။ န ဝဒေ၊ မဆိုနိုင်ရာ။

အသုဒ္ဓသီလော ဒုပ္ပညော၊ စိတ္တေကဂ္ဂံ န ဝိန္ဒတိ။
ဝိက္ခိတ္တစိတ္တော နေကဂ္ဂေါ၊ သမ္မာဓမ္မံ နပဿတိ။ ။

အသုဒ္ဓသီလော၊ သီလမရှိသော။ ဝါ၊ သီလမစင်ကြယ်သော။ ဒုပ္ပညော၊ အသိအလိမ္မာ ပညာနည်းသော ယောဂီသည်။ စိတ္တေကဂ္ဂံ၊ စိတ်၏တည်ငြိမ်မှု ဧကဂ္ဂတာခေါ် သမာဓိကိုမျှ။ နဝိန္ဒတိ၊ မရနိုင်။ ဝါ၊ ဝိပဿနာပညာ ဝေးလေစွ။ အနေကဂ္ဂေါ၊ စိတ်၏ တည်ငြိမ်မှု ဧကဂ္ဂတာခေါ် သမာဓိကိုမျှ မရရှိသော။ ဝိက္ခိတ္တစိတ္တော၊ လေခတ်သောတံခွန်ကဲ့သို့ စိတ်ပျံ့လွင့်နေသော ယောဂီသည်။ သမ္မာ၊ ကောင်းစွာ။ ဓမ္မံ၊ ရုပ်နာမ်ဖြစ်ပျက် မဂ်ရကြောင်း ဖိုလ်ရကြောင်း တရားကို။ နပဿတိ၊ မမြင်နိုင်။ ဝါ၊ ဝိပဿနာပညာ မဖြစ်နိုင်။

## မေတ္တာတန်ခိုး တန်ဘိုးကြီးမား ကြုပ်ကြုပ်ပွား

သာသနာတော်စောင့် နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့နှင့်တကွ သိကြား ဗြဟ္မာ အစဖြာ၍ သုံးဆဲ့တစ်ဘုံ သုခိတ ဒုက္ခိတ သတ္တဝါအလုံးစုံ တို့ကိုလည်း ဩဓိသ အနောဓိသ မေတ္တာများ ပို့သရပါမည်။ ''သဗ္ဗေသတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု'' စသည်အားဖြင့် ဆရာသမားများ သင်ကြားထားသည့်အတိုင်း နှစ်သက်သလို ပို့သနိုင်ပါသည်။ ''မေတ္တာဆောင်မှ အောင်၊ မေတ္တာခြုံမှ လုံ၊ မေတ္တာမြှင့်မှ မြင့်''အနှောင့်အယှက်ကြောင့် မဂ်မရသော ဝတ္ထုသာဓက ဇာတ်နိပါတ်တော်များကို မမေ့သင့်။ မေတ္တာသည် ကမ္မဋ္ဌာန်းတခုပင်။ ''မေတ္တာ ဒယော တယော စတုတ္ထဈာနိကာ'' မေတ္တာကမ္မဋ္ဌာန်းကြောင့် စတုတ္ထဈာန် ရနိုင်ကြောင်း၊ အာနိသင်ကြီးများ ရနိုင်ပုံကို သဘောပေါက်သင့်သည်။

သာသနဿစ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိစ လောကဉ္စ၊ ဒေဝေါ ရက္ခန္တု သဗ္ဗဒါ။ ။

သာသနဿစ၊ ဗုဒ္ဓမြတ်စွာ သာသနာတော် မြတ်ကြီးအားဂုဏ်း။ လောကဿစ၊ ကမ္ဘာသူ ကမ္ဘာသား လူအများအားလည်းကောင်း။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ ဝုဍ္ဎိ၊ တိုးတက်ကြီးပွားခြင်းသည်။ ဘဝတု၊ ဖြစ်ပါစေ၊ ရောက်ပါစေ၊ ရပါစေ။ သာသနမ္ပိစ၊ ဗုဒ္ဓမြတ်စွာသာသနာတော် မြတ်ကြီးကို လည်းကောင်း။ လောကဉ္စ၊ ကမ္ဘာသူ ကမ္ဘာသား လူအများကို

လည်းကောင်း။ (မမဥ္စ၊ အကျွန်ုပ်ကိုလည်းကောင်း)။ သဗ္ဗဒါ၊ နေ့ရောည့်ပါ အခါခပ်သိမ်း။ ဒေဝါ၊ သမ္မာဒေဝ ခေါ်ကြထင်ရှား နတ်အများတို့သည်။ ရက္ခန္တု၊ အမြဲနေ့ည စောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။

## အနန္တငါးရပ် ဆက်ကပ်ကိုယ်ကို တောင်းဆုဆို

ဘုရားတပည့်တော်၏ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို ရုပ်ငြိမ်းကြောင်း၊ နာမ်ငြိမ်းကြောင်း၊ ခန္ဓာငြိမ်းကြောင်း တရားထူး တရားမြတ်တွေကို ရှုမှတ်အားထုတ်ဆဲ တထိုင်အတွင်း အနန္တငါးပါး မြတ်စွာဘုရားအားလည်းကောင်း၊ တရားတော်မြတ်အား လည်းကောင်း၊ သံဃာတော်မြတ်အား လည်းကောင်း၊ ကောင်းရာညွှန်ကြား အမိအဘနှစ်ပါးအားလည်းကောင်း၊ ကောင်းရာ သွန်သင် ဆရာသခင်တို့အားလည်းကောင်း လှူဒါန်းပါ၏၊ ပူဇော်ပါ၏၊ ဖူးမြော်ပါ၏၊ မာန်လျှော့ပါ၏၊ ကန်တော့ပါ၏။ ဤသို့ပြုရ မြတ်ပုညကြောင့် အန္တရာယ်ကင်းပျောက် ဘေးမရောက်ဘဲ တရားထူး တရားမြတ် တရားစစ် တရားမှန်တို့သည် ဇေန်ထုက်ချောက် အမြန်ဆုံး မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု။
မမ ပုညဿ ဘာဂံ၊ သမံ ပဋိလဘန္တု။ ။

မေ၊ အကျွန်ုပ်၏။ ဣဒံ ပုညံ၊ ဤသည့်ကောင်းမှု အစုစုသည်။ အာသဝက္ခယံ၊ အာသဝေါတရားလေးပါးတို့၏ ကုန်ရာအမှန် အရဟတ္တဖိုလ်ဉာဏ်သို့။ ဝဟံ၊ ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ မမ၊ အကျွန်ုပ်၏။ ပုညဿ၊ ကောင်းမှု၏။ ဘာဂံ၊ အဘို့အစုကို။ မယာ၊ အကျွန်ုပ်နှင့်။ သမံ၊ ထပ်တူထပ်မျှ။ ပဋိလဘန္တု၊ ရကြပါစေကုန်သတည်း။

## မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းရကျိုး ဆယ့်တစ်မျိုး

မေတ္တာအကျိုး ဆယ့်တစ်မျိုးကား....

(၁) အိပ်သောအခါ ချမ်းသာစွာအိပ်ရခြင်း။
(၂) နိုးသောအခါ ချမ်းသာစွာနိုးရခြင်း။
(၃) ကြောက်ထိတ်လန့်စိုး အဖြစ်ဆိုး အိပ်မက်တို့ကို မမြင်မက်ရခြင်း။
(၄) လူရောနတ်ပါ ပြဟ္မာမကြွင်း အမင်းမင်းတို့ ချစ်မြတ်နိုးမှုကို ခံယူရခြင်း။

(၅) လူရောနတ်ပါ ပြဟ္မာမကြွင်း အမင်းမင်းတို့၏ မ စ စောင့်ရှောက်မှုကို ရရှိခြင်း။
(၆) ဘေးဆိုးရန်ဆိုး အန္တရာယ်အမျိုးမျိုးတို့ ကိုယ်သို့မရောက်ခြင်း။
(၇) အမြဲတမ်း စိတ်ကြည်လင်နေရခြင်း။
(၈) နေရာတကာ မျက်နှာ ပွင့်လန်းခြင်း။
(၉) သေသော်လည်း မတွေဝေ မမိန်းမောဘဲ သေရခြင်း။
(၁၀) ယခုဘဝတွင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ရနိုင်ခြင်း။
(၁၁) အကယ်၍ မရောက်သေးလျှင် သေသောအခါ ပြဟ္မာ့ပြည်သို့ လားရခြင်း။

## မရဏာဿတိ အသိရှိမှု ပွားများရှု

အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မိယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။ ။

ဟူသော ဒေသနာတော်အတိုင်း မမေ့မလျော့ မပေါ့မဆနေခြင်းသည် မသေရာအမှန် မြတ်နိဗ္ဗာန်၏ အကြောင်းတည်း။ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေခြင်းသည် ခဏခဏ သေရခြင်း၏အကြောင်းတည်း။ အကြင်သူတို့သည် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေကြကုန်၏။ ထိုသူတို့သည် သေကြကုန်သကဲ့သို့ မမေ့မလျော့ မပေါ့မဆနေသောသူတို့သည် မသေကြကုန်။

ထို့ကြောင့် မမေ့ကြကုန်ရာ။ မရဏာဿတိကမ္မဋ္ဌာန်းကို အမြဲ စီးဖြန်းသင့်သည်။ သေခြင်းကင်းရာ နိဗ္ဗာန်ကို အလိုရှိသော ယောဂီ သူတော်စင်တိုင်း သေခြင်းတရား (မရဏာဿတိကမ္မဋ္ဌာန်း)ကို ကြင်ကြင်ရှုမှတ် စီးဖြန်းရမည်။

ယထာ ဒဏ္ဍေန ဂေါပါလော၊ ဂါဝေါ ပါဇေတိ ဂေါစရံ။
ဧဝံ ဇရာစ မစ္စုစ၊ အာယုံ ပါဇေတိ ဂေါစရံ။

ဂေါပါလော၊ နွားကျောင်းသားသည်။ ဂါဝေါ၊ မိမိထိန်းကျောင်း နွားအပေါင်းတို့ကို။ ဒဏ္ဍေန၊ ဒုတ်(နှင်တံ ကြိမ်လုံး)ဖြင့်။ ဂေါစရံ၊ ကျက်စားနေကျ စားကျက်သို့။ ပါဇေတိယထာ၊ အမြဲမသွေမောင်းနှင်လေဘိသကဲ့သို့။ ဧဝံ၊ ဤအတူ။ ဇရာစ၊ အိုခြင်း ဇရာ တရားသည်လည်းကောင်း။ ဗျာဓိစ၊ နာခြင်း ဗျာဓိ တရားသည်လည်းကောင်း။ မစ္စုစ၊ သေခြင်းမရဏတရားသည်

လည်းကောင်း။ ပါဏိနံ၊ သတ္တဝါအပေါင်းတို့၏။ အာယုံ၊ အသက်ခေါ်ငြား ဇီဝိတိန္ဒြေတရားကို။ ပါဇေတိ၊ အမြဲမသေ့ မောင်းနှင်လေဘိ၏။

## အမြဲမပြတ် ရွတ်ဖတ်အားတင်း နှလုံးသွင်း

အမြဲနှလုံးသွင်းရန် နှစ်ဂါထာ ပါဠိနှင့်အနက်။

သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ ။

သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ သင်္ခါရာ၊ ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့သည်။ အနိစ္စာ၊ ခဏမစဲ တသဲသဲပျက်ကြ အနိစ္စဓမ္မတို့သာတည်း။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌။ ပညာယ၊ ဝိပဿနာဘာဝနာပညာဖြင့်။ ပဿတိ၊ မြင်၏။ အထ၊ ထိုသို့ မြင်သည်ရှိသော်။ ဒုက္ခေ၊ တေဘူမက ဝဋ္ဋဒုက္ခ၌။ နိဗ္ဗိန္ဒတိ၊ သံဝေဂဉာဏ် ကိုယ်လုံးရုံလျက် အမှန်ငြီးငွေ့၏။ ဧသ ဧသော၊ ဤသို့ငြီးငွေ့ခြင်းသည်။ ဝိသုဒ္ဓိယာ၊ ဝိသုဒ္ဓိခေါ်ငြား မဂ်တရား ဖိုလ်တရား၏။ မဂ္ဂေါ၊ ရဘို့အကြောင်း ကောင်းသောအဆင့်သည်။ ဟောတိ၊ ဖြစ်၏။

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။ ။

သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည်။ အနိစ္စာ တဝ၊ ခဏမစဲ တသဲသဲပျက်ကြ အမြဲမရှိကုန်စွာတကား။ သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည်။ ဥပ္ပါဒ ဝယ ဓမ္မိနော၊ အမြဲမသေ့ ဖြစ်နေပျက်နေသော သဘောရှိကုန်၏။ သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည်။ ဥပ္ပဇ္ဇိတွာ၊ အသစ်အသစ်ဖြစ်ကြကုန်၍။ နိရုဇ္ဈန္တိ၊ ချုပ်ပျောက် ပျက်စီးကြလေကုန်၏။ တေသံ၊ ထိုသင်္ခါရတရားတို့၏။ ဝူပသမော၊ ရုပ်သိမ်းချုပ်ငြိမ်းခြင်းသည်သာလျှင်။ သုခေါ၊ စင်စစ် ဧကန် အမှန်ချမ်းသာလှပါပေ၏။

## အကျယ်များလှ ကျဉ်းမှုရှစ်ဖြာ ဋ္ဌကထာ

အာနာပါနဿတိ ကမ္မဋ္ဌာန်း အားထုတ်နည်းသည် အကျယ်အားဖြင့် များလှ၏။ အဋ္ဌကထာလာ အကျဉ်းအားဖြင့်ကား ရှစ်မျိုးရှိ၏။

(၁) ဂဏနာနည်း (၂) အနုဗန္ဓနာနည်း
(၃) ဖုသနာနည်း (၄) ဌပနာနည်း

(၅) သလက္ခဏာနည်း (၆) ဝိဝဋ္ဋနာနည်း
(၇) ပါရိသုဒ္ဓိနည်း (၈) ပဋိပဿနာနည်း။

ဂဏနာ နုဗန္ဓနာစေဝ၊ ဖုသနာ ဌပနာ။
သလက္ခဏာ ဝိဝဋ္ဋနာ၊ ပါရိသုဒ္ဓိ ပဋိပဿနာ။
အဋ္ဌကထာ ဂတနယာ၊ အာနာပါနသတျဋ္ဌိမေ။
(သင်္ခေပ)

## အာနာပါန နယပထမာ မှတ်ဘွိုရာ

အာနာပါနအားထုတ်မှု ပထမနည်းကား....

သော သတောဝ အဿသတိ
သော သတောဝ ပဿသတိ
(ပဋိတော်)

သော၊ ထိုယောဂီအပေါင်း သူတော်ကောင်းသည်။ သတောဝ၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍သာလျှင်။ အဿသတိ၊ ထွက်သက်ကို ရှူရ၏။

သော၊ ထိုယောဂီအပေါင်း သူတော်ကောင်းသည်။ သတောဝ၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍သာလျှင်။ ပဿသတိ၊ ဝင်သက်ကို ရှိုက်ရ၏။

ထွက်သက်ရှူ၏၊ ဝင်သက်ရှိုက်၏၊ သတိကို နှာသီးဖျားမှ ကပ်၍ ထွက်လေရှူတိုင်း ဝင်လေရှိုက်တိုင်း ဝါယောဓာတ် (လေရုပ်) ကလေးကို အဆက်မပြတ် တရစပ် မလွတ်တမ်း ရှုမှတ်အပ်၏။ ထွက်သွားသောရှူလေကိုလည်းကောင်း၊ ဝင်လာသောရှိုက်လေကိုလည်းကောင်း အလွတ်မရှိ လိုက်သိနေဘို့ လိုပါသည်။ လိုက်သိ ဆိုရာ၌ နှာသီးဖျား(ခန္ဓာတံခါးပေါက်)မှ စောင့်ပြီး သိအောင် လုပ်ရမည်ဟု ဆိုလိုပါသည်။

## တစ်မှ ရှစ်ထိ ထွက်ဘိနည်းမှာ ဂဏနာ

ဤသို့ ထွက်သက်ရှူ ဝင်သက်ရှိုက် ရှုမှတ်ရာ၌ ဂဏနာနည်းကို ဤသို့ သိအပ်၏။ သိပုံမှာ....

(၁) ဝင်လေ (တစ်)
(၂) ဝင်လေ (နှစ်)
(၃) ဝင်လေ (သုံး)

(၄) ဝင်လေ (လေး)
(၅) ဝင်လေ (ငါး)
(၆) ဝင်လေ (ခြောက်)
(၇) ဝင်လေ (ခုနစ်)
(၈) ဝင်လေ (ရှစ်)

ဟူ၍ ရှစ်သို့ကျအောင်မှတ်ရ၏။ ရှစ်သို့ကျလျှင် တဝါရဟု မှတ်လေ။ တဝါရ ပြီး တဝါရအားဖြင့် ရေတွက်ရခြင်းသည် ဂဏနာနည်း မည်၏။

## သန္နိဋ္ဌာန သံသယနှစ်ဝ ဂဏနာ

ယင်း ဂဏနာနည်းသည် (က) သန္နိဋ္ဌာန ဂဏနာနည်း၊ (ခ) သံသယ ဂဏနာနည်းအားဖြင့် နှစ်ပါး အပြားရှိ၏။

ထိုတွင် ရှုမှတ်ဆဲခဏ၌....

(၁) အပြင်ဗဟိဒ္ဓမှ လူသံ နွားသံ မော်တော်ကားသံ စသည် ဝင်လာတတ်၏။ လိုက်၍ မမှတ်ရာ။

(၂) အတွင်း အဇ္ဈတ္တမှလည်း အာနာပါန သမထဘာဝနာ၏ သတ္တိ ကြောင့် ဖြူ၊ ဝါ၊ ကြောင်၊ ကျား စသော အဆင်းများ ပေါ်လာ တတ်၏။ လိုက်၍ မမှတ်ရာ။

(၃) ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်တို့နှင့် စပ်၍လည်း တွေးခေါ်မှုတွေ ပေါ်လာတတ်၏။ လိုက်၍ မမှတ်ရာ။

(၄) ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာနီဝရဏတို့လည်း ပေါ်လာတတ်၏။ လိုက်၍ မမှတ်ရာ။

ဤသို့ လုံးဝ လိုက်မမှတ်ဘဲ စင်ကြယ်သန့်ရှင်းစွာ ရေတွက်ခြင်းသည် သန္နိဋ္ဌာန ဂဏနာနည်း မည်၏။

ဤသို့ မဟုတ်ဘဲ အပြင်သို့ လိုက်၍ လိုက်၍ မှတ်နေမိသဖြင့် ဝါရတွေ ရောယှက်၍ ဟုတ်မှ ဟုတ်ပါသေးရဲ့လား၊ ဟုတ်မှ ဟုတ်ပါလေစဟု သံသယ တွေ ဝင်လာတတ်သည်။ ယင်း ဝါရကျိုး ဝါရပေါက် ဖြစ်သော နည်းသည် သံသယဂဏနာနည်း မည်၏။

## အာနာပါန နယဒုတိယာ မှတ်ဘွယ်ရာ

အာနာပါန အားထုတ်မှု ဒုတိယနည်းကား—

ဒီဃံဝါ အဿသန္တော "ဒီဃံ အဿသာမိ"တိ ပဇာနာတိ။
ဒီဃံဝါ ပဿသန္တော "ဒီဃံ ပဿသာမိ"တိ ပဇာနာတိ။
ရဿံဝါ အဿသန္တော "ရဿံ အဿသာမိ"တိ ပဇာနာတိ။
ရဿံဝါ ပဿသန္တော "ရဿံ ပဿသာမိ"တိ ပဇာနာတိ။

(က) ဒီဃံဝါ၊ ရှည်စွာမူလည်း။ အဿသန္တော၊ ထွက်သက်ရှူလတ်သော်။ "ဒီဃံ၊ ရှည်စွာ။ အဿသာမိတိ၊ ထွက်သက်ရှူ၏" ဟူ၍။ ပဇာနာတိ၊ သိ၏။

(ခ) ဒီဃံဝါ၊ ရှည်စွာမူလည်း။ ပဿသန္တော၊ ဝင်သက်ရှိုက်လတ်သော်။ "ဒီဃံ၊ ရှည်စွာ။ ပဿသာမိတိ၊ ဝင်သက်ရှိုက်၏" ဟူ၍။ ပဇာနာတိ၊ သိ၏။

(ဂ) ရဿံဝါ၊ တိုစွာမူလည်း။ အဿသန္တော၊ ထွက်သက်ရှူလတ်သော်။ "ရဿံ၊ တိုစွာ။ အဿသာမိတိ၊ ထွက်သက်ရှူ၏" ဟူ၍။ ပဇာနာတိ၊ သိ၏။

(ဃ) ရဿံဝါ၊ တိုစွာမူလည်း။ ပဿသန္တော၊ ဝင်သက်ရှိုက်လတ်သော်။ "ရဿံ၊ တိုစွာ။ ပဿသာမိတိ၊ ဝင်သက်ရှိုက်၏" ဟူ၍။ ပဇာနာတိ၊ သိ၏။

**မှတ်ချက်။** ။ဤသို့ ရှည်ရှည်ရှူရှိုက်၊ တိုတိုရှူရှိုက်ဟူ၍ နှစ်မျိုးရှိကြောင်း သိရာ၏။ အချို့ပုဂ္ဂိုလ်တို့သည် ဆင်၊ မြွေ စသည်တို့လို အသက်ကို ရှည်ရှည်လေးလေး ရှူရှိုက်ကြ၏။ အချို့ ပုဂ္ဂိုလ်တို့သည် ခွေး ယုန် စသည်တို့လို အသက်ကို တိုတို မြန်မြန် ရှူရှိုက်ကြ၏။

## သစ်ဖြတ် လွှဆွဲ ပွတ်ကြိုးဆွဲ တန်ဗိုင်းဝင့်သူ

ဘာဝနာတရား ရှုပွားလိုသော ယောဂီသည် ပြဆိုခဲ့သည့်အတိုင်း နည်းကျအောင် ထိုင်ထားပြီး မိမိ၏ နှာသီးအဖျား(နှာခေါင်းဝ)သို့ အာရုံပြု (စိတ်ကိုပို့)ထားရသည်။ ယင်း နှာသီးဖျား၏ ရှေ့တည့်တည့်(တူရူ) နှစ်တောင့်ထွာ (ဟတ္ထပါသ်)အရပ်ကို မှန်း၍—

(က) သစ်ဖြတ် လွှဆွဲထားသော ယောကျ်ားကဲ့သို့လည်းကောင်း၊

(ခ) ပွတ်စင်၌ ပွတ်ကြိုးဆွဲသော ယောကျ်ားကဲ့သို့လည်းကောင်း၊

(ဂ) ရက်ကန်းစင်၌ ဗိုင်းဝင့်သော အမျိုးသမီးကဲ့သို့လည်းကောင်း၊

မိမိကိုယ်ကို သဘောထားပြီး မိမိနှာခေါင်းဝ နှာသီးဖျားလေးကို တိုက်၍ တိုက်၍၊ တိုး၍ တိုး၍ ဝင်မှု ထွက်မှု လေကလေး၏ ရောက်ရာ ထိရာ နှာသီးဖျားကလေးမှာ သတိကို ကပ်ထားရမည်။ ဟတ္ထပါသ်အတွင်း၌ ရှိသော လေကို ရှည်စွာဆွဲယူရမည်။ တဖန် ဟတ္ထပါသ်သို့ ပြန်ရောက်အောင် ထိုလေကို ရှည်စွာ တွန်းပို့ရမည်။ ဤအတိုင်း ဆွဲယူလိုက် တွန်းပို့လိုက် ရှည်စွာ ရှည်စွာ လုပ်ရမည်။

## ဥပမာပြ နည်းကျဂရု လေကိုရှု

ဥပမာ။ ။ခုနစ်ပေရှိ လွှကြီးကိုဆွဲနေသော ယောကျ်ားသည် ခုနစ်ပေရှိ လွှကြီး၏ ရှည်သမျှကို တချောင်းလုံး လိုက်လံမကြည့်ဘဲ သစ်တုံးနှင့်ထိရာ၌သာ ကြည့်ရာ၏။ ဤသို့ ကြည့်လျှင် လွှရှည်သမျှ တချောင်းလုံးကို မြင်နိုင်၏။ ထို့အတူ နှာသီးဖျားနှင့် ထိရာ၌သာ ကြည့်ရာ၏။ ဤသို့ ကြည့်က အစအဆုံး အားလုံး သိရာ၏။ ဟတ္ထပါသ်အတွင်းရှိ လေအားလုံးကို ကြည့်နေ သိနေသည်၏ အဖြစ်သို့ ရောက်၏။ ထိုသို့ရှုရိုက်မှုပြုနေသည့်အခါ (အောက်၊ထက်၊ဝဲ၊ယာ) ဘာကိုမျှမကြည့်ဘဲ မိမိ၏ နှာခေါင်းဝသို့သာ တန်းဝင်လာ တန်းထွက်သွားနေသော လေ(ဝါယောရုပ် ဝါယောဓာတ်)ကိုသာ မျက်ခြည်မပြတ် သတိဖြင့် အတင်းကပ်ကာ စူးစူးစိုက်စိုက် ကြည့်ရှုနေရ၏။အလေ့အလာရ၍ အရှိန်ကောင်းလာသည့်အခါ အလွန်လည်း ရှုလို့ မှတ်လို့ကောင်း၏။ အထူးလည်း ဂရုမစိုက်ရ။ ပင်လည်း မပင်ပန်း၊ မတိမ်းမစောင်းအောင် ထိန်းကျောင်းမှုလောက် သာသာလေး ရှိပါတော့သည်။

## ဆရာ့တာဝန် ထူးလွန် မ စ ပို့ပေးရ

ကမ္မဋ္ဌာန်းဆရာအဖြစ် တာဝန်ယူ ဆောင်ရွက်ပေးသူကလည်း အထူး ဂရုစိုက်၍ အောက်ပါအတိုင်း အဆင့်ဆင့် တိုးတက်လာအောင် တခုပြီးတခု ဖြစ်အောင် ကြိုးစားပေးရမည်။ အောက်ပါ အခြေအနေသို့ ရောက်အောင် ပို့ပေးရမည်။

(၁) ထွက်လေကို နှာသီးဖျားမှ ဟတ္ထပါသ်သို့ ရောက်အောင် ရှည်စွာ ရှူရာ၌ သတိဖြင့်ကပ်၍ တရစပ်လိုက်၍ သိနိုင်ရန် အသိစိတ်ကလေး ကို ပို့ဆောင် ကြိုးစားပေးရမည်။

(၂) ဝင်လေကို ဟတ္ထပါသ်မှ နှာသီးဝသို့ ရောက်အောင် ရှည်ရှည်ဆွဲယူ ရှိုက်လာရာ၌ သတိဖြင့် ကပ်၍ လိုက်သိနိုင်ရန် အသိစိတ်ကလေးကို ဆွဲယူ ကြိုးစားပေးရမည်။

(၃) ထို့အတူ ရှူလေ ရှိုက်လေ နှစ်ပါးလုံး၌ သတိဖြင့်ကပ်၍ လိုက်သိ နိုင်ရန် ကြိုးစားပေးရမည်။

(၄) ယင်း ရှူလေ ရှိုက်လေတို့ကို တဖြည်းဖြည်း သိမ်မွေ့နူးညံ့လာ အောင် ကြိုးစား ပေးရမည်။

(၅) ယင်း ရှူလေ ရှိုက်လေတို့ကို တဖြည်းဖြည်း အထူး သိမ်မွေ့နူးညံ့ လာအောင် ကြိုးစားပေးရမည်။

(၆) ယင်းရှူလေ ရှိုက်လေတို့ကို တဖြည်းဖြည်း ပို၍ အထူးသဖြင့် နူးညံ့ လာအောင် ကြိုးစားပေးရမည်။

## မီးခိုးတိမ်ရိပ် နိမိတ်ထင်ထ ဥဂ္ဂဟ

အဿာသ ပဿာသ-ဟူသော ကြည့်စရာ မှတ်စရာ ထွက်လေ ဝင်လေ တို့ကို ပရိကမ္မ နိမိတ်ခေါ်သည်။ ထို ပရိကမ္မနိမိတ်ကို စိတ်ဖြင့်ယူပြီး ရှူမှတ်စဉ် ယင်းရှူမှတ်သော သမာဓိဂုဏ်ကြောင့်–

(က) ရေပန်းများ ထလာသလို၊

(ခ) မီးခိုးလုံးကြီးများ ပေါ်လာသလို၊

(ဂ) တိမ်သားတိမ်တိုက်များ တက်လာသလို

ထိုထိုအာရုံနိမိတ်တို့သည် တကာယ်မျက်စိဖြင့် မြင်ရသလို ယောဂီ၏ ဉာဏ်၌ ထင်လာတတ်သည်။ ရံခါ ပေါ်လာ တွေ့လာသကဲ့သို့ ရံခါလည်း ကွယ်

ပျောက်၍ နေတတ်ပါသည်။ ပေါ်ချင်တိုင်းလည်း မပေါ်၊ မပေါ်ချင်ဘဲလည်း ရှူယင်း မှတ်ယင်း အားထုတ်ယင်း ပေါ်နေတတ်ပါသည်။ ရှူအား မှတ်အား ကောင်း၍ အလေ့အလာများပြီလားဆိုလျှင် ရှူတိုင်း မှတ်တိုင်း (အလိုရှိတိုင်း လို)ထင်လာ မြင်လာတတ်ပါသည်။ ဤသို့ ထင်လာ မြင်လာခြင်းသည် ဥဂ္ဂဟ နိမိတ် မည်ပါသည်။ ဥဂ္ဂဟနိမိတ်ပါတည်း။

## ပေါ်ပုံချင်းချင်း အလျှင်းလုံးဝ မတူကြ

ယင်း ဥဂ္ဂဟနိမိတ်သည် ယောဂီတဦးနှင့်တဦး မတူကြပါ။ ယောဂီ အချင်းချင်း....

(က) ပါရမီအားချင်းလည်း မတူကြ၊

(ခ) ရှူမှတ်အားထုတ်မှု အားချင်းလည်း မတူကြ၊

(ဂ) သပ္ပါယအားချင်းလည်း မတူကြ။

ထို့ကြောင့် အကြောင်းမတူကြသဖြင့် အကျိုးလည်း မတူကြပါ။ သို့ဖြစ်၍....

(၁) အချို့ယောဂီမှာ ပဒုမ္မာကြာပွင့်ကြီးကို မြင်ရသလို မြင်ရတတ်ပါသည်။

(၂) အချို့ ယောဂီမှာ ကြယ်တာရာကြီးကို မြင်ရသလို မြင်ရတတ်ပါသည်။

(၃) အချို့ ယောဂီမှာ မီးခိုးလုံးကြီးကို မြင်ရသလို မြင်ရတတ်ပါသည်။

(၄) အချို့ ယောဂီမှာ တိမ်သားတိမ်ညွန့်ကြီးကို မြင်ရသလို မြင်ရတတ်ပါသည်။

(၅) အချို့ ယောဂီမှာ ပန်းခက်ပန်းလက်တွေကို မြင်ရသလို မြင်ရတတ်ပါသည်။

(၆) အချို့ ယောဂီမှာ နေဝန်းကြီးကို မြင်ရသလို မြင်ရတတ်ပါသည်။

(၇) အချို့ ယောဂီမှာ လ ဝန်းကြီးကို မြင်ရသလို မြင်ရတတ်ပါသည်။

## စင်ကြယ်လှစွာ ပေါ်လာနိမိတ္တ ပဋိဘာဂ

ဤသို့ ရှူယင်း ရှူယင်းဖြင့် ရှူဖန်များ၍ အသားတက်လာလျှင် အသားတက်လာသည်နှင့်အမျှ ထင်လာ မြင်လာသော နိမိတ်တို့သည်လည်း ဘဖြည်းဖြည်း ကြည်လင် ကြည်လင်၍ လာကြကုန်၏။ တရက်နှင့်တရက် မတူ၊

တထိုင်နှင့် တထိုင်မတူ၊ တရှူနှင့်တရှူ တရှိုက်နှင့် တရှိုက် မတူကြဘဲ တိုး၍ တိုး၍ ကြည်လင်လာကြကုန်၏။

(၁) အကြိမ်များစွာ ပွတ်တိုက်အပ်သော ခရုသင်းပွတ်သစ်စကဲ့သို့၄င်း၊
(၂) အလွန်သန့်စင်သော ဆီ၏အကြည် ရေ၏အကြည်ကဲ့သို့၄င်း၊
(၃) အအိမ်မှ ထုတ်သစ်စဖြစ်သော မှန်၏အကြည်ကဲ့သို့၄င်း၊
(၄) နေမင်း၏ အကြည် လမင်း၏ အကြည်ကဲ့သို့၄င်း၊
(၅) မိုးဥတုအဆုံး တန်ဆောင်မုန်း မာသ သရဒကာလ၌ ဆီးနှင်း မြူတိမ် သူရိန် မီးခိုး ညစ်မျိုးငါးအင် လွန်သန့်စင်သည့် မိုးကောင်းကင် အလယ်၌ ပျံသန်း၍နေသော ဥဗျိုင်းကလေးကဲ့သို့၄င်း၊

အာရုံနိမိတ်တို့သည် ယောဂီအား အလွန်စင်ကြယ်စွာ ထင်လာကြကုန်၏။ ယင်း နိမိတ်သည် ပဋိဘာဂနိမိတ်မည်၏။

**နီး ဝေး တို ရှေ ခိုင်းစေဖြစ်လတ် ရပြီမှတ်**

မိမိရအပ်သော နိမိတ်သည် ပဋိဘာဂနိမိတ် ဟုတ် မဟုတ် ဤသို့ စမ်းကြည့်ပါ။ ရထားအပ်သော မိမိ၏နိမိတ်ကို အလေ့အကျင့်များစွာ ပြုပြီး လျှင် (ဈာန်ကစားသကဲ့သို့) ကြီးအောင် ငယ်အောင် ဝေးအောင် နီးအောင် ကောက်အောင် ဖြောင့်အောင် အမျိုးမျိုး လုပ်ကြည့်ရ၏၊ လုပ်ခိုင်းရ၏။ နှစ်တောင်မှ လေးတောင် လေးတောင်မှ ခြောက်တောင် စသည် အဝေးသို့ ပို့ပေးလျက်၊ တဖန် အလွန်ဝေးသော အရပ်မှလည်း နှာသီးဖျားသို့ ရောက် အောင် ဆွဲယူရ၏။

ဤသို့ နီးစေ ဝေးစေခြင်း၊ ရှည်စေ တိုစေခြင်းစသည် ပြုလုပ်ကြည့်ရ၏၊ တဖန် ကြီးစေ သေးစေ ကောက်စေ ဖြောင့်စေ စသည် ပြုလုပ်ကြည့်ရ၏၊ မိမိ၏ စိတ်အလိုအတိုင်း ဖြစ်ခဲ့ငြားအံ့၊ ပဋိဘာဂနိမိတ် ကေန်ရပြီဟု မှတ်လေ။

**နူဗန်ဖုသန ရှူရကွဲပြား နည်းနှစ်ပါး**

အာနာပါန ရှူမှတ်မှု တတိယနည်းကား....

"သဗ္ဗကာယ ပဋိသံဝေဒီ အဿသိဿာမိ"တိ သိက္ခတိ။

"သဗ္ဗကာယ ပဋိသံဝေဒီ ပဿသိဿာမိ"တိ သိက္ခတိ။

"သဗ္ဗကာယ ပဋိသံဝေဒီ၊ အလုံးစုံသော ထွက်သက်၏ အစ အလယ် အဆုံး သုံးပါးအပေါင်းကိုထင်စေလျက်။ အဿသိဿာမိတိ၊ ထွက်သက်ကို ရှူအံ့"ဟူ၍။ သိက္ခတိ၊ အားထုတ်သောအားဖြင့် ကျင့်၏။

"သဗ္ဗကာယ ပဋိသံဝေဒီ၊ အလုံးစုံသော ဝင်သက်၏ အစ အလယ် အဆုံး သုံးပါးအပေါင်းကို ထင်စေလျက်။ ပဿသိဿာမိတိ၊ ဝင်သက်ကို ရှိုက်အံ့"ဟူ၍။ သိက္ခတိ၊ အားထုတ်သောအားဖြင့် ကျင့်၏။

ဤ၌ ထွက်သက် ဝင်သက် တို့၏ အစဉ်သွားခြင်းကို သိအောင် ပြုခြင်းသည် အနုဗန္ဓနာနည်းမည်၏။ ထွက်သက် ဝင်သက်တို့၏ ထိရာအရပ်တို့ကို သိအောင်ပြုခြင်းသည် ဖုသနာနည်းမည်၏။ ဤကား ပကိဏ္ဏက ရှုမှတ်မှုတည်း။

## တယောလဒ္ဓ ဖြစ်ကြရအောင် သတိဆောင်

ဤ၌ နှာသီးဖျား ရင်လယ် ချက်အားဖြင့် ၃ ဌာန ခွဲဝေ၍ ဝင်သက်ကို နှာသီးဖျားမှသည် ရင်လယ်အထိ၊ ရင်လယ်မှသည် ချက်အထိ၊ ထွက်သက်ကို ချက်မှသည် ရင်လယ်အထိ၊ ရင်လယ်မှသည် နှာသီးဖျားအဆုံးအထိ မှတ်သားပြီး ရှုရ ရှိုက်ရ၏။ သုံးဌာနလုံး မိအောင် မှတ်နိုင်ဖို့ လိုပါသည်။

ဝင်သက်မှာ နှာသီး အစ ရင်လယ် အလယ် ချက် အဆုံး၊ ထွက်သက်မှာ ချက် အစ ရင်လယ် အလယ် နှာသီးဖျား အဆုံးဟု မှတ်လျက် ထိမိအောင် မှတ်ရမည်။

မိမိ၏ အမှတ်သည် အစပိုင်းမှာသာ မိလျက် ကျန် အလယ်ပိုင်း အဆုံးပိုင်း၌ မမိလျှင် အာဒိလဒ္ဓပုဂ္ဂိုလ် မည်၏။

အလယ်ပိုင်းမှာသာမိလျက် အစပိုင်း အဆုံးပိုင်းတို့၌ မမိလျှင် မဇ္ဈေလဒ္ဓ ပုဂ္ဂိုလ် မည်၏။

အဆုံးပိုင်းမှာသာ မိလျက် အစပိုင်း အလယ်ပိုင်း၌ မမိလျှင် အန္တေလဒ္ဓ ပုဂ္ဂိုလ် မည်၏။

ဤ သုံးယောက်လုံးကို လွန်မြောက်၍ အစ အလယ် အဆုံး သုံးပါးလုံး မိသော တယောလဒ္ဓပုဂ္ဂိုလ်ဖြစ်အောင် အားထုတ်ပါလေ။

## စတုတ္ထနယ သုံးဝရှိမှု သတိပြု

အာနာပါန စတုတ္ထနည်းကား....

"ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီ"တိ သိက္ခတိ။

"ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီ"တိ သိက္ခတိ။

"ကာယသင်္ခါရံ၊ အသက်ရှူပြင်း၍ ရုန့်ရင်းသော ထွက်သက်ကို။ ပဿမ္ဘယံ ပဿမ္ဘယန္တော၊ သာယာဖြည်းညှင်း ရှူခြင်းဖြင့် ငြိမ်းစေလျက်။

အဿသိဿာမီတိ၊ ထွက်သက်ကို ရှုအံ့''ဟူ၍။ သိက္ခတိ၊ အားထုတ်သော အားဖြင့် ကျင့်၏။

''ကာယသင်္ခါရံ၊ အရှိုက်ပြင်း၍ ရှန့်ရင်းသော ဝင်သက်ကို။ ပဿမ္ဘယံ ပဿမ္ဘယန္တော၊ သာယာ ဖြည်းညှင်း ရှိုက်ယူခြင်းဖြင့် ငြိမ်းစေလျက်။ ပဿသိဿာမီတိ၊ ဝင်သက်ကို ရှိုက်အံ့''ဟူ၍။ သိက္ခတိ၊ အားထုတ်သောအားဖြင့် ကျင့်၏။

ဤစတုတ္ထနယ၌ ကိုယ်စိတ်နှစ်ပါးတို့ကို အလွန်အလွန် အထူးသဖြင့် မလှုပ်ရှား မပျံ့လွင့်စေဘဲ ငြိမ်သက်ခြင်း သုခမ၊ ကိုယ်စိတ်နှစ်ပါးတို့ကို အထူးသဖြင့် မလှုပ်ရှား မပျံ့လွင့်စေဘဲ ငြိမ်သက်ခြင်း သုခမတရ၊ ကိုယ်စိတ်နှစ်ပါးတို့ကို အလွန်အလွန် အထူးသဖြင့် မလှုပ်ရှား မပျံ့လွင့်စေဘဲ ငြိမ်သက်ခြင်း သုခမတမ ဤသုံးမျိုး ရှိကုန်၏။

## သမထဝိဂ္ဂိုဟ် ဖွင့်ဆိုဤသို့ မှတ်ကြဘို့

ပစ္စနိကဓမ္မေ သမေတီတိ သမထော၊ သမာဓိ။

ဆန့်ကျင်ဘက် ဖြစ်ကုန်သော ကာမစ္ဆန္ဒ စသော နီဝရဏတရား ခြောက်ပါးတို့ကို ငြိမ်းအေးစေတတ်သောကြောင့် သမထမည်၏။ အရကား သမာဓိ ခေါ် ဧကဂ္ဂတာ စေတသိက်တည်း။

တနည်း သမထဝိဂ္ဂဟ–

နီဝရဏ ဝိတက္က ဝိစာရ ပီတိ သုခသင်္ခါတေ
ပဋိပက္ခဓမ္မေ သမေတီတိ သမထော။

နီဝရဏခြောက်ပါး ဝိတက် ဝိစာရ ပီတိ သုခ ဟု ဆိုအပ်ကုန်သော ဆန့်ကျင်ဘက် တရားတို့ကို ငြိမ်းအေးစေတတ်သောကြောင့် သမထ မည်၏။ အရကား သမာဓိခေါ် ဧကဂ္ဂတာ စေတသိက်ပင် ရ၏။ သမထ၊ သမာဓိ၊ ဧကဂ္ဂတာ ဤသုံးပါးသည် သဘောအားဖြင့် လုံးဝ တူ၏။

## လက္ခဏာအစ လေးဝအမှန် သိဘို့ရန်

သမာဓိ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကား

(က) အဝိက္ခေပ လက္ခဏော သမာဓိ။
သမာဓိသည် သမ္ပယုတ်တရားတို့ကို တခုတည်းသော အာရုံ၌ အညီအညွတ် ကောင်းစွာထားခြင်း မပျံ့လွင့်စေခြင်းလက္ခဏာ ရှိ၏။

## အရှင်ဇောတိပါလ

( ခ ) ဝိက္ခေပ ဝိဒ္ဓံသနရသော။

သမာဓိသည် ပျံ့လွင့်ခြင်းရှိသော ဥဒ္ဓစ္စကို ဖျက်ဆီးခြင်း ကိစ္စ ရှိ၏။

( ဂ ) အဝိကမ္ပ ပစ္စုပဋ္ဌာနော။

သမာဓိသည် မတုန်လှုပ်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။

(ဃ) သုခမသ္သ ပဒဋ္ဌာနံ။

သမာဓိ၏ နီးစွာသောအကြောင်းကား သုခတည်း။

### သမထကမ္မဋ္ဌာန်း မေးမြန်းဖြေဘို့ သိထားစို့

(က) ကတ္တာဗ္ဗန္တိ ကမ္မံ။

စီးဖြန်း အားထုတ်အပ်သော ကံသည် ကမ္မမည်၏၊ ကံ နှစ်ပါး ရ၏။

( ခ ) အာရမ္မဏေ နိစ္စလဘာဝေန တိဋ္ဌတီတိဋ္ဌာနံ။

ကသိုဏ်းပညတ်၏ အာရုံ၌ မတုန်လှုပ်သည်၏ အဖြစ်ဖြင့် တည်သောကြောင့် ဌာနမည်၏၊ အာရုံရ၏။

( ဂ ) ကမ္မ မေဝ ဌာနံ ကမ္မဋ္ဌာနံ။

သမထကုသိုလ်ကံ ဝိပဿနာကုသိုလ်ကံ နှစ်ပါးသည်သာလျှင် အာရုံမည်သောကြောင့် ကမ္မဋ္ဌာန မည်၏၊ ကမ္မဋ္ဌာန်း နှစ်ပါး ရ၏။

(ဃ) သမထောစ သော ကမ္မဋ္ဌာနဉ္စာတိ သမထကမ္မဋ္ဌာနံ။

သမထသည်ပင် ကမ္မဋ္ဌာန်း မည်သောကြောင့် သမထကမ္မဋ္ဌာန မည်၏၊ သမထကမ္မဋ္ဌာန်းကို ရ၏။

### နိမိတ်သုံးပါး ကွဲပြားသိလွယ် အစီပွာယ်

(က) ပရိကမ္မ နိမိတ်။

ပထဝီကသိုဏ်းဝန်း ထွက်လေ ဝင်လေ စသည်တို့ကို စိတ်ဖြင့် အာရုံပြု၍ အဖန်ဖန် ရှုပွားမှုကို ပြုခြင်းတည်း။

(ခ) ဥဂ္ဂဟ နိမိတ်။

ထို ပရိကမ္မ နိမိတ်ကို စိတ်ဖြင့်ယူ၍ အဖန်ဖန် ရှုပွားစဉ် အခါ ကာလ၌ မျက်စိဖြင့် မြင်သကဲ့သို့ တပါးပါးသော အာရုံနိမိတ်တို့ကို မနေဘဲ ဒွါရ၌ ထင်မြင်၍ လာခြင်းတည်း။

(ဂ) ပဋိဘာဂ နိမိတ်။

ထို ဥဂ္ဂဟ နိမိတ်ကို စိတ်ဖြင့်ယူ၍ အဖန်ဖန် ရှုပွားစဉ် အခါ ကာလ၌ ထို ဥဂ္ဂဟ နိမိတ်ထက် အဆပေါင်းများစွာ ကြေးမုံပြင်ကဲ့သို့ အလွန် သန့်ရှင်း ကြည်လင်လှစွာသော အာရုံနိမိတ်တို့ကို တွေ့မြင်ရခြင်းတည်း။

## ဘာဝနာသုံးပါး ကွဲပြားသိလွယ် အစီပွာယ်

(က) ပရိကမ္မ ဘာဝနာ။

ပရိကမ္မနိမိတ် ဖြစ်ပေါ်သည်မှ စ၍ ဥဂ္ဂဟနိမိတ် ဖြစ်ပေါ်သည့် ကာလတိုင်အောင် အဖန်တလဲလဲ ရှုပွားခြင်းတည်း။ (ပရိကမ္မ သမာဓိလည်း မည်၏)။

(ခ) ဥပစာရ ဘာဝနာ။

ထို ဥဂ္ဂဟနိမိတ်ကို ရှုပွား၍ ပဋိဘာဂ နိမိတ် ဖြစ်ပေါ်သည့် ကာလမှ စပြီး ဂေါတြဘူတိုင်အောင် အဖန်တလဲလဲ ရှုပွားခြင်းတည်း။(ဥပစာရ သမာဓိလည်း မည်၏၊ဥပစာရစျာန်လည်း မည်၏။)

(ဂ) အပ္ပနာ ဘာဝနာ။

ထို ဂေါတြဘူမှ စ၍ ပထမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် ပဉ္စမစျာန်ကို ရသည့်တိုင်အောင် အဖန်တလဲလဲ ရှုပွားခြင်းတည်း။ (အပ္ပနာသမာဓိလည်း မည်၏၊ အပ္ပနာစျာန်လည်း မည်၏။)

## လောကီလောကုတ် ပြုလုပ်သင့်တာ လောကုတ်သာ

ဈာန်၏အကြောင်း သိကောင်းစရာ။

(က) ဈာယတိဥပနိဇ္ဈာယတီတိဈာနံ။
တခုသော အာရုံ၌ တည်တန့်စွာ စိတ်ကိုထား၍ ရှုတတ်သော ကြောင့် ဈာန်ဟု ခေါ်၏။

(ခ) ဈာယတိ ဒဟတီတိဈာနံ။
နီဝရဏတရား ကိလေသာတရားတို့ကို လောင်ကျွမ်းအောင် ရှို့မြိုက်တတ်သောကြောင့် ဈာန်ဟု ခေါ်၏။

ယင်းဈာန်သည် ဥပစာရဈာန် အပ္ပနာဈာန်ဟု နှစ်ပါး အပြားရှိ၏။

တနည်း ရူပဈာန် (စတုက္က နည်းအားဖြင့်) လေးပါး၊ အရူပဈာန် လေးပါး ပေါင်း ရှစ်ပါးသည် သမာပတ် ရှစ်ပါးမည်၏။

ဤသမထကို အားထုတ်ခြင်းသည်ကား....

(၁) လောကီဈာန် လောကီသမာဓိကို လိုလား၍ အားထုတ်ခြင်း၊

(၂) လောကုတ္တရာဈာန် မဂ် ဖိုလ်ကို လိုလား၍ အားထုတ်ခြင်းဟု နှစ်မျိုး ရှိ၏။

ထိုနှစ်မျိုးတို့တွင် လောကီဈာန် လောကီ သမာဓိကို လိုလား၍ အားထုတ်လျှင် လောကီအဘိညာဉ်ငါးပါး၊ တနည်း ခုနစ်ပါးတို့ကို ယခု မျက်မှောက် ၌ ရ၍ သေပြန်လျှင် ဗြဟ္မာ့ပြည်၌ ဖြစ်ရ၏။ သို့သော် "ဝဋ္ဋံ တေဘူမကံ ဒုက္ခံ" အရ ဒုက္ခသစ္စာ=ဆင်းရဲတာ အမှန်ဖြစ်၍ မလိုလားအပ်။

## နိဗ္ဗာန်သွားနည်း ခရီးနှစ်ဖြာ မှတ်ကြရာ

(၁) သမထယာနေန ဂစ္ဆတီတိ သမထယာနိကော။
သမထတည်းဟူသော ဈာန်ယာဉ်ဖြင့် မဂ် ဖိုလ် နိဗ္ဗာန်သို့ သွားတတ် သောကြောင့် သမထယာနိကနည်း မည်၏။

(၂) သုက္ခံ ဝိပဿတီတိ သုက္ခဝိပဿကော။
သမထခေါ်သောဈာန် မပါ အခြောက်တိုက် ဝိပဿနာရှုတတ် သောကြောင့် သုက္ခဝိပဿကနည်း မည်၏။

ဤသို့ သမထစျာန်ယာဉ်ဖြင့် လောကုတ္တရာ မဂ် ဖိုလ် နိဗ္ဗာန်သို့သွားခြင်း ဟူသော သမထယာနိကလမ်း အားဖြင့် လည်းကောင်း၊ သမထစျာန် မပါ၊ အခြောက်တိုက် ဝိပဿနာရှု၍ လောကုတ္တရာ မဂ် ဖိုလ် နိဗ္ဗာန်သို့ သွားခြင်း ဟူသော သုက္ခဝိပဿကလမ်း အားဖြင့် လည်းကောင်း၊ နိဗ္ဗာန်သွားရာ လမ်း နှစ်သွယ်ရှိကြောင်း သတိပြုခဲ့ပါ။

## မပင် မပန်း အေးချမ်းရောက်ရာ ဘယ်နည်းပါ

ထို (က) သမထယာနိကနည်း (ခ) သုက္ခဝိပဿကနည်း ဟူသော နည်းနှစ်ပါးတို့တွင် သမထစျာန် သမာဓိကို အခြေခံ၍ သမထယာနိက လမ်းက လောကုတ္တရာ မဂ် ဖိုလ် နိဗ္ဗာန်သို့ စေတောဝိမုတ္တ ပုဂ္ဂိုလ် အဖြစ်နှင့် သွားရခြင်း သည် ရုပ်နာမ် ဝိပဿနာကို လွယ်ကူစွာ တွေ့၍ မဂ် ဖိုလ် နိဗ္ဗာန်ကို မပင် မပန်း ရနိုင် ရောက်နိုင်၏။

ဥပမာ။ ။ပင်လယ်ကြီးကို ကူးသောသူသည် လှေ၊ ဖောင်၊ သင်္ဘော စသည်တို့ဖြင့် (ဝါ) လှေ၊ ဖောင်၊ သင်္ဘော စသည်တို့ကို အကူအညီယူ၍ (ဝါ) စီးနင်း၍ ကူးလျှင် (ကူးသော သူသည်) မပင် မပန်း စိတ်ချ လက်ချ ရောက်သကဲ့သို့တည်း။

ဘာ့ကြောင့် မြတ်စွာဘုရားသည် သမထကို သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာ ဟု ဘာဝနာတပါး အနေ ဖြင့် အပင်အပန်းခံ ဟောထားခဲ့ပါသနည်း။

ရှေးပစ္စေကဗုဒ္ဓါ အရိယာ အပေါင်း သူတော်ကောင်း တွေ နိဗ္ဗာန်ကို ဤနည်း နှစ်နည်းတွင် ဘယ်နည်းနှင့် မျက် မှောက် ပြုတော်မူသွားကြပါသနည်း။

## အလျင်လို လမ်းအိုလိုက်

အာနန္ဒ သပ္ပါယသုတ် အဋ္ဌကထာ၌-

သမာပတ္တိံ တာဝ ပဒဋ္ဌာနံ ကတွာ
ဝိပဿနံ ဝဍ္ဎေတွာ အရဟတ္တံ ဂဏှန္တော
ဘိက္ခု နာဝံဝါ ဥဋ္ဌုမ္ပါဒီနိဝါ နိဿာယ မဟောဃံ
တရိတွာ ပါရံ ဂစ္ဆန္တောဝိယ န ကိလမတိ။ ။

[မ၊ ဋ္ဌ၊ ၄၊ ၄၄-၄၅]

တာဝ၊ ရှေးဦးစွာ။ သမာပတ္တိံ၊ ဈာန်ဟူသော ရှစ်ပါးသော သမာပတ်ကို။ ပဒဋ္ဌာနံ၊ နီးစွာသောအကြောင်းကို။ ကတွာ၊ ပြု၍။ ဝိပဿနံ၊ ဝိပဿနာကို။ ဝဍ္ဎေတွာ၊ ပွား၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ ဂဏှန္တော၊ ယူသော။ ဘိက္ခု၊ ရဟန်းသည်။ နာဝံဝါ၊ လှေကို လည်းကောင်း။ ဥဠုမ္ပံဝါ၊ ဖောင် သင်္ဘော စသည်တို့ကို လည်းကောင်း။ နိဿာယ၊ အမှီပြု၍။ ဝါ၊ အကူအညီခေါ် စီးနင်းလိုက်ပါခြင်းကိုပြု၍။မဟောဃံ၊ ကြီးစွာသောဂယက်ကို။ တရိတွာ၊ ကူး၍။ ပါရံ၊ ကမ်းတဘက်သို့။ ဂစ္ဆန္တော၊ သွားရောက်သူသည်။ နကိလမတိဝိယ၊ မပင်ပန်းဘိသကဲ့သို့။ န ကိလမတိ၊ မပင်ပန်း။

## ပုဂ္ဂိုလ်နှစ်ပါး ကွဲပြားသေချာ မှတ်သင့်ရာ

ဤသမထဈာန် သမာဓိကို အခြေခံ၍ ဝိပဿနာ ပွားများခြင်းကြောင့် ရသော မဂ် ဖိုလ်ကို စေတောဝိမုတ္တိ မဂ် ဖိုလ်ဟု ခေါ်၏။ ပုဂ္ဂိုလ်ကိုလည်း စေတောဝိမုတ္တပုဂ္ဂိုလ် ဟူ၍လည်းကောင်း၊ သမထာ ယာနိကပုဂ္ဂိုလ် ဟူ၍ လည်းကောင်း ခေါ်၏။

သမထဈာန် အခြေခံမပါဘဲ ဝိပဿနာ သက်သက်ကို ပွားများရာ၌ ဝိပဿနာသက်သက် ပွားခြင်းကြောင့် ရသော မဂ် ဖိုလ်ကို ပညာဝိမုတ္တိမဂ်ဖိုလ်ဟု ခေါ်၏။ ပုဂ္ဂိုလ်ကိုလည်း ပညာဝိမုတ္တပုဂ္ဂိုလ် ဟူ၍လည်းကောင်း၊ ဈာန် အစေးမှ ခြောက်သွေ့ခြင်းကြောင့် သုက္ခဝိပဿကပုဂ္ဂိုလ် ဟူ၍လည်းကောင်း ခေါ်၏။ ဤသို့လျှင်–

(က) စေတောဝိမုတ္တပုဂ္ဂိုလ်ခေါ် သမထာယာနိက ပုဂ္ဂိုလ်နှင့်
(ခ) ပညာဝိမုတ္တပုဂ္ဂိုလ်ခေါ် သုက္ခဝိပဿက ပုဂ္ဂိုလ်တို့ကို ကွဲပြားအောင် အထူး မှတ်သားထိုက်သည်။

## ကျမ်းဂန်အများ ထင်ရှားကြရာ သမထယာနိကသာ

ဤပုဂ္ဂိုလ်နှစ်မျိုးတွင် သမထဈာန် သမာဓိကို အခြေခံပြု၍ပွားခြင်းသည်သာလျှင် ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၌ လက္ခဏာရေးသုံးပါး ဝိပဿနာဉာဏ်နှင့်တကွ မဂ် ဖိုလ် နိဗ္ဗာန်တို့ကို မပင်မပန်း ချမ်းသာလွယ်ကူစွာ ရနိုင်ရောက်နိုင်ကြောင်းသာ ထိုထိုကျမ်းဂန်တို့၌ ထင်ရှားခဲ့၏။ သမထဈာန် သမာဓိ အခြေခံမပါဘဲ သုက္ခ ဝိပဿကလမ်းက ရုပ် နာမ် ဓမ္မ သင်္ခါရတရားတို့၌ လက္ခဏာရေး သုံးပါး ဝိပဿနာဉာဏ်နှင့်တကွ မဂ် ဖိုလ် နိဗ္ဗာန်တို့ကို မပင်

မပန်း ချမ်းချမ်းသာသာ လွယ်ကူစွာ ရနိုင် ရောက်နိုင်ကြောင်းတို့ကို ကျမ်းဂန်တို့၌ မထင်ရှားလှ။ (အမတရသ ဝိဘာဝနီကျမ်း၌ တွေ့လတံ့။)

ထို့ကြောင့် နိဗ္ဗာန်လိုလား သင် ယောဂီအများတို့မှာ လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော အလွန်သိမ်မွေ့သော တရားထူး တရားမြတ်တို့ကို မပင်မပန်း ချမ်းသာလွယ်ကူစွာ ရနိုင်ကြောင်း ကောင်းမြတ်သော သမထစျာန် သမာဓိတရားတို့ကို ပွားများ၍ စေတောဝိမုတ္တိမဂ်ဖိုလ်ကို စေတော ဝိမုတ္တ ပုဂ္ဂိုလ်၊ သမထ ယာနိကပုဂ္ဂိုလ် အဖြစ်ဖြင့် ဤဘုရားသာသနာ ဤဘဝ ဤကာလမှာပင် နိဗ္ဗာန်သို့ ဝင်စံနိုင်ရန် လုံ့လကြိုးကုတ် အားထုတ်ကြ ကုန်ရာ၏။

## ဥပစာရစျာန် အမှန်ရယူ ပိုလွယ်ကူ

အချို့ယောဂီတို့က သမထစျာန်သမာဓိတရားသည် သာသနာပတရားဟူ၍လည်းကောင်း၊ ဗြဟ္မာဖြစ်ကြောင်းတရား ဟူ၍လည်းကောင်း ဤသို့စသည် စွပ်စွဲ ပြောဆို ရေးသားကုန်၏။ ယင်း စွပ်စွဲ ပြောဆို ရေးသားမှုတို့ကို နားယောင် လိုက်နာမိတတ်ကြ၏။ သမထတရားကို သာသနာပ ကာလ၌သာ အားထုတ်ရ၍ သာသနာတွင်း၌ အားမထုတ်ရ ဟုလည်း အချို့ စွပ်စွဲ ပြောဆိုကြသေး၏။

ဒီလိုမဟုတ်ပါ။ "ဘုရားပွဲလည်းမမီ၊ ဆွမ်းတော်ကြီးတင်လည်း မရောက်" ဘဲ အချောင် (ငါး ပေါက် မှား၊ ငါး ပါး မှောက်) ဖြစ် နေ တတ် သည်။ ဥပ္ပလဝဏ်ထေရီ၊ စူဠပန္ထကမထေရ်၊ သုဝဏ္ဏကာရမထေရ် စသည့် မရေမတွက်နိုင်သော ထေရီ၊ ထေရ ရဟန္တာကြီးများ သမထယာနိက လမ်းပင် မဟုတ်လော။

(ကုန်ရှုံးလျှင် တခေါက်၊ အယူအဆရှုံးလျှင် တသံသရာလုံးမှောက်။)

သမထစျာန် သမာဓိများကို အခြေခံပြု၍ ဝိပဿနာကို ပွားများခြင်းကြောင့် မပင်မပန်း လွယ်ကူစွာ အာသဝေါကုန်ခန်းပြီး နိဗ္ဗာန်သို့ ကြွမြန်း ဝင်စံတော်မူသွားကြသည့် ဝတ္ထုတွေသာ များပါသည်။ မဂ်တရားတို့ကို အမြည့်ွတ်ကိုင်း၍ အပ္ပနာစျာန်သို့ရောက်အောင် ကြိုးစားကြစေလို၏။ ယင်း အပ္ပနာစျာန်ကို မရဘူးထား၊ ဥပစာရ စျာန်ကိုကား အမှန် ရရှိနိုင်သည်။ ထို့ကြောင့် ယင်း ဥပစာရစျာန်မှ (ဝါ) ယင်းဥပစာရ စျာန်ကို အခြေခံပြု၍ လက္ခဏာရေးသုံးပါး ဝိပဿနာသို့ ကူးတက်ကာ ပွားများကြရာ၏။

ထို့ကြောင့် သမထစျာန် သမာဓိကို ထိထိမိမိရအောင် အားထုတ်ဖို့ တိုက်တွန်းပါကြောင်း။

## ဥပစာရ စျာန်မှတဆင့် ကူးပြောင်းသင့်

သမထစျာန် သမာဓိမှ (က) ဝိပဿနာဉာဏ် (ခ) မဂ်ဉာဏ် (ဂ) ဖိုလ်ဉာဏ် ဟူသော လေးမဂ် လေးဖိုလ်ဆုံးအောင် ကူးပြောင်းအားထုတ် သွားရသည်။ ရထားလမ်း၌ ရထားနှင့်သွားပြီး ကားလမ်းရောက်တော့မှ (ရထားလမ်းဆုံးမှ) ကားသို့ပြောင်းစီးသွားလျှင် လွယ်ကူမြန်ဆန် ချမ်းသာစွာ လိုအပ်သောအရပ်သို့ရောက်သလို သဘောပေါက်စေလိုသည်။ စျာန်မှထ၍ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ကူးတက်ရသည် မဟုတ်လော။

ရှင်းအံ့။ ဥပစာရစျာန် အပ္ပနာစျာန် နှစ်ပါးတွင် အပ္ပနာစျာန်မှသာ ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ကူးနိုင်သည်မဟုတ်၊ဥပစာရစျာန်မှလည်း ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ကူးနိုင်သည်။

## ဥပစာရ သမာဓိ ရောက်၏အမှန် မဂ်ဖိုလ်ဉာဏ်

ဝိပဿနာဉာဏ် အဖြစ်သို့ ရောက်သော ကာမာဝစရ သမာဓိသည် ဥပစာရ သမာဓိမည်၏။ ရူပစျာန် အရူပစျာန်အဖြစ်သို့ရောက်သော မဟဂ္ဂုတ် သမာဓိသည် အပ္ပနာသမာဓိ မည်၏။ ယင်း သမာဓိ နှစ်ပါးလုံး မဂ်၏ အဆောက်အဦ (ဝါ) မဂ်ရကြောင်းဖြစ်၏။ ထို့ကြောင့် စိတ္တဝိသုဒ္ဓိ မည်၏။

ဥပစာရ ကမ္မဋ္ဌာနေ အပ္ပနာ ကမ္မဋ္ဌာနေစ
ဝိပဿနာ ဘာဝပ္ပတ္တော ကာမာဝစရ သမာဓိ
သင်္ခါတော ဥပစာရ သမာဓိ ရူပါ ရူပစျာန
သင်္ခါတော အပ္ပနာ သမာဓိ စာတိ ဒုဝိဓောပိ
သမာဓိ ဝိမောက္ခသမ္ဘာရဘူတတ္တာ စိတ္တ ဝိသုဒ္ဓိ နာမ။

ဥပစာရ ကမ္မဋ္ဌာနေစ၊ ဥပစာရ ကမ္မဋ္ဌာန်း၌လည်းကောင်း။ အပ္ပနာ ကမ္မဋ္ဌာနေစ၊ အပ္ပနာကမ္မဋ္ဌာန်း၌ လည်းကောင်း။ ဝိပဿနာ ဘာဝပ္ပတ္တော၊ ဝိပဿနာဉာဏ်၏ ဖြစ်ကြောင်းသို့ ရောက်သော။ ကာမာဝစရ သမာဓိ သင်္ခါတော၊ ကာမာဝစရသမာဓိဟု ဆိုအပ်သော။ ဥပစာရ သမာဓိစ၊ ဥပစာရ သမာဓိသည်လည်းကောင်း။ ရူပါ ရူပစျာန သင်္ခါတော၊ ရူပစျာန်

အရှုပစျာန်ဟုဆိုအပ်သော။ အပ္ပနာ သမာဓိစ၊ အပ္ပနာသမာဓိသည် လည်းကောင်း။ ဣတိ၊ ဤသို့။ ဒုဝိဓော၊ နှစ်ပါးအပြားရှိသော။ သမာဓိ၊ သမာဓိသည်။ ဝိမောက္ခသမ္ဘာရ ဘူတတ္တာ၊ မဂ်၏အဆောက်အဦ ဖြစ်သည်၏ အဖြစ်ကြောင့်။ စိတ္တဝိသုဒ္ဓိနာမ၊ စိတ္တဝိသုဒ္ဓိ မည်၏။

## သံသရာဝဋ်စက် လွတ်ထွက်ပါရ အားထုတ်ကြ

ထို့ကြောင့် အလွန်တရာ ကြုံခဲလှစွာသော နိယျာနိက ဗုဒ္ဓသာသနာ ထွန်းလင်းသောအခါဝယ် ဖြစ်တုန်းဖြစ်ခိုက်၌ မိမိတို့၏ အခွင့်အရေးကို လက်မလွှတ်စေဘဲ အပ္ပနာစျာန်ကို ရရှိရန် ဆိုင်းငံ့မျှော်လင့်၍ မနေကြဘဲ ကြိုတင်မဆွ စောစောကပင်လျှင် အကြင်ယောဂီအပေါင်း သူတော်ကောင်းတို့သည် ဥပစာရစျာန်၊ ဥပစာရ သမာဓိ၌ တည်၍ သံသရာဝဋ်စက်မှ မြန်မကြာ လွတ်ထွက်ပါရန် နှလုံးသွင်းပြီး ကြိုးပမ်း အားထုတ်ကုန်ရာ၏။

> အပ္ပနာ ဓိဂမံ အနာဂမယမာနော
>
> ပဂေဝ တု ယော ပုဂ္ဂလော ဥပစာရ
>
> သမာဓိမှိယေဝ ဌတွာ ဝိပဿနာယ ကမ္မံ ကရောတိ
>
> သီဃံ သံသာရဒုက္ခံ သမတိက္ကမိ ဿာမီတိ။

အပ္ပနာဓိဂမံ၊ အပ္ပနာစျာန်ကို ရခြင်းကို။ အနာဂမယမာနော၊ မဆိုင်းမငံ့ဘဲ၊ ပဂေဝတု၊ ရှေးဦးကပင်လျှင်။ ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဥပစာရသမာဓိမှိယေဝ၊ ဥပစာရသမာဓိ၌သာလျှင်။ ဌတွာ၊ တည်၍။ သီဃံ၊ လျှင်မြန်စွာ။ သံသာရဒုက္ခံ၊ သံသရာတည်းဟူသော ဆင်းရဲကို။ သမတိက္ကမိဿာမိ၊ လွန်မြောက်စေအံ့။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ဝိပဿနာယ၊ ဝိပဿနာ၏။ ကမ္မံ၊ ရှုမှတ် ပွားများမှုကို။ ကရောတိ၊ ပြု၏။ (ကာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။)

## ဥပစာရ စျာန်မှဝိပဿ် ပြောင်းကူးတတ်

ဥပစာရစျာန်မှ ဝိပဿနာသို့ ကူးတက်ပုံမှာ သမထယာနိကပုဂ္ဂိုလ်ဖြစ်ခဲ့ပါမူ နာမ်ကို ဦးစားပေး၍ ကူးရမည်။ ဝိပဿနာယာနိက (သုက္ခဝိပဿက) ပုဂ္ဂိုလ် ဖြစ်ခဲ့ပါမူ ရုပ်ကို ဦးစားပေး၍ ကူးရမည်။ ဤသို့ နှစ်မျိုးရှိ၏။

မှတ်ချက်။ ။သမထယာနိကပုဂ္ဂိုလ် ဖြစ်စေကာ ရုပ်ကို ဦးစားပေး၍လည်း ကူးနိုင်သေးကြောင်း ခွင့်ပြုရိပ် ရှိသေးသည်။ အကြောင်းကား ဝိပဿနာဉာဏ် တွေ့ရန် လွယ်ကူစေလိုသောကြောင့် ဖြစ်သည်။

ဝိပဿနာ ရှုပွားသော ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာ၏ ပုဗ္ဗကိစ္စ လေးပါးကို သိထားရသည်။ ယင်းလေးပါးတို့ကား-

(က) ရုပ်ကို သိမ်းဆည်းခြင်း = ရူပ ပရိဂ္ဂဟ။
(ခ) နာမ်ကို သိမ်းဆည်းခြင်း = နာမ ပရိဂ္ဂဟ။
(ဂ) ထို ရုပ် နာမ် တို့၏ ဖြစ်ခြင်းအကြောင်းကို သိမ်းဆည်းခြင်း = ပစ္စယ ပရိဂ္ဂဟ။
(ဃ) အတိတ် အနာဂတ် ပစ္စုပ္ပန်ဟု ဆိုအပ်သော အခွန့်ကို သိမ်းဆည်းခြင်း = အဒ္ဓါန ပရိဂ္ဂဟ။

အထက်ပါ လေးပါးတွင် ရူပ ပရိဂ္ဂဟကို ရှေးဦးစွာ သိမ်းဆည်းရမည်ဟူလို။

## ဒြဗ်သဏ္ဌာန် အမှန်မရှိ ရုပ်နာမ်သိ

အမြဲတစေ ဖောက်ပြန်ခြင်းကို ဖြစ်စေတတ်သော အမူအရာ သဘာဝ သတ္တိထူးကို လည်းကောင်း၊ ခဏချင်း ဖောက်ပြန်မှုကို ဖြစ်စေတတ်သော အမူအရာ သဘာဝ သတ္တိထူးကိုလည်းကောင်း ရုပ်ဟု ခေါ်ပါသည်။ ယင်း ရုပ်ဟူသည် အမူအရာသတ္တိထူး သဘာဝမျှသာ ဖြစ်ကုန်၏။ ဒြဗ်သဏ္ဌာန် ကိုယ်မရှိကြောင်းကို ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ဤသို့ ဆို၏။

သဗ္ဗေပိ ဟိ ဓမ္မာ တံတံကြိယမတ္တာဝ ဟောန္တိ၊
န တေသု ဒဗ္ဗံ ဝါ သဏ္ဌာနံ ဝါ ဝိဂ္ဂဟော ဝါ နတ္ထိ။

ဟိ၊ မှန်၏။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ ရုပ်သဒ္ဒါရ နာမ်သဒ္ဒါရ တရားတို့သည်။ တံတံကြိယမတ္တာဝ၊ ထိုထို အမူအရာ သဘာဝ တရားတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသု၊ ထို ရုပ်သဒ္ဒါရ နာမ်သဒ္ဒါရ တရားတို့၌။ ဒဗ္ဗံဝါ၊ ဒြဗ်သည်လည်းကောင်း။ သဏ္ဌာနံဝါ၊ သဏ္ဌာန်သည် လည်းကောင်း။ ဝိဂ္ဂဟောဝါ၊ ကိုယ်သည်လည်းကောင်း။ နတ္ထိ၊ မရှိ။

## ဝိပဿနာပုဒ် ဖွင့်ထုတ်ဝိဂြိုဟ် ဤသို့ဆို၏

(က) အနိစ္စာဒိဝသေန ဝိဝိဓေကာရေန ပဿတီတိ ဝိပဿနာ။
အနိစ္စာဒိဝသေန၊ အနိစ္စ စသည်တို့၏ အစွမ်းဖြင့်။ ဝိဝိဓေ ကာရေန၊ အထူးထူး အပြားပြားသော အခြင်းအရာ အားဖြင့်။

ပဿတိ၊ ရှုတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏။

(ခ) ဝိဝိဓေနာကာရေန သင်္ခါရေ အနိစ္စာဒိဝသေန ပဿတီတိ ဝိပဿနာ၊ ပညာ။

သင်္ခါရေ၊ ရုပ် နာမ် သင်္ခါရတရားတို့ကို။ ဝိဝိဓေနာကာရေန၊ အထူးထူးသော အခြင်းအရာအားဖြင့်။အနိစ္စာဒိဝသေန၊ အနိစ္စ အစရှိသည်တို့၏ အစွမ်းဖြင့်။ ပဿတိ၊ ရှုတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏။ ပညာ၊ ပညာကို။ လဗ္ဘတိ၊ ရအပ်၏။

(ဂ) အနိစ္စာဒိဝသေန ဝိဝိဓေဟိ အာကာရေဟိ ဓမ္မေ ပဿတီတိ ဝိပဿနာ၊ ပညာစေသာ အတ္ထတော။

အနိစ္စာဒိဝသေန၊ အနိစ္စ စသည်တို့၏ အစွမ်းဖြင့်။ ဝိဝိဓေဟိ၊ အထူးထူးအပြားပြား များကုန်သော။ အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။ ဓမ္မေ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို။ ပဿတိ၊ ရှုတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏။ သော၊ ဤသည်ကား။ အတ္ထတော၊ အနက်အားဖြင့်။ ပညာ၊ ပညာပါတည်း။

## ယောဂီအများ ရှုပွားလေလျှင် ဉာဏ်သို့မြင်

ရုပ်နာမ် ခန္ဓာတို့ကို ဉာဏ်သို့ ရှုရမည်။ ဉာဏ်သို့ ရှုလျှင် ဉာဏ်အကျိုးကို ရသည်ဟု အောက်ပါအတိုင်း မှတ်စေလိုသည်။အလင်းတိုးလာသည်နှင့်အမျှ အမှောင်နည်းသွားသကဲ့သို့ မှတ်။

(၁) အနိစ္စာနုပဿနံ ဘာဝေန္တော နိစ္စသညံ ပဇဟတိ။
အနိစ္စသညာ ထင်လာမြင်လာအောင် ရှုပွားရမည်။ အနိစ္စသညာ ထင်လာ မြင်လာသည်နှင့်အမျှ နိစ္စသညာကို ပယ်စွန့်နိုင်၏။

(၂) ဒုက္ခာနုပဿနံ ဘာဝေန္တော သုခသညံ ပဇဟတိ။
ဒုက္ခသညာ ထင်လာမြင်လာအောင် ရှုပွားရမည်။ ဒုက္ခသညာ ထင်လာ မြင်လာသည်နှင့်အမျှ သုခသညာကို ပယ်စွန့်နိုင်၏။

(၃) အနတ္တာနုပဿနံ ဘာဝေန္တော အတ္တသညံ ပဇဟတိ။
အနတ္တသညာ ထင်လာ မြင်လာအောင် ရှုပွားရမည်။ အနတ္တသညာ ထင်လာ မြင်လာသည်နှင့်အမျှ အတ္တသညာကို ပယ်စွန့်နိုင်၏။

(၄) နိဗ္ဗိဒါနုပဿနံ ဘာဝေန္တော နန္ဒိံ ပဇဟတိ။
ငြီးငွေ့သည့် သဘောလေးတွေ ထင်လာ မြင်လာအောင် ရှုပွားရမည်။ငြီးငွေ့သည့်သဘောလေးတွေ ထင်လာမြင်လာသည်နှင့်အမျှ ပျော်မွေ့သော သဘောလေးတွေကို ပယ်စွန့်နိုင်၏။

(၅) ဝိရာဂါနုပဿနံ ဘာဝေန္တော ရာဂံ ပဇဟတိ။
မက်မောစရာ မရှိသော သဘောလေးတွေ ထင်လာ မြင်လာအောင် ရှုပွားရမည်။ မက်မောစရာ မရှိသော သဘောလေးတွေ ထင်လာ မြင်လာသည်နှင့်အမျှ မက်မောစရာဟု ထင်နေသော သဘောလေးကို ပယ်စွန့်နိုင်၏။

(၆) နိရောဓာနုပဿနံ ဘာဝေန္တော သမုဒယံ ပဇဟတိ။
ချုပ်နေသော သဘောလေးတွေ ထင်လာ မြင်လာအောင် ရှုပွားရမည်။ ချုပ်နေသော သဘောလေးတွေ ထင်လာ မြင်လာသည်နှင့် အမျှ ဖြစ်နေသော သဘောလေးကို ပယ်စွန့်နိုင်၏။

(၇) ခယာနုပဿနံ ဘာဝေန္တော ဃနသညံ ပဇဟတိ။
ကုန်တတ်သော သဘောလေးတွေ ထင်လာ မြင်လာအောင် ရှုပွားရမည်။ ကုန်တတ်သော သဘောလေးတွေ ထင်လာ မြင်လာသည် နှင့်အမျှ တခဲနက် အတုံးအခဲကြီးဟု ထင်နေသော သဘောတွေကို ပယ်စွန့်နိုင်၏။

(၈) ဝယာနုပဿနံ ဘာဝေန္တော အာယူဟနံ ပဇဟတိ။
ပျက်တတ်သော သဘောလေးတွေ ထင်လာ မြင်လာအောင် ရှုပွားရမည်။ ပျက်တတ်သော သဘောလေးတွေ ထင်လာ မြင်လာသည် နှင့်အမျှ အစုအပုံကြီးဖြစ်အောင် အားထုတ်မှုတွေကို ပယ်စွန့်နိုင်၏။

(၉) ဝိပရိဏာမာနုပဿနံ ဘာဝေန္တော ဓုဝသညံ ပဇဟတိ။
ဖောက်ပြန် ပြောင်းလဲနေသည်ဟု ထင်လာ မြင်လာအောင် ရှုပွား ရမည်။ ဖောက်ပြန် ပြောင်းလဲနေသည်ဟု ထင်လာ မြင်လာသည်နှင့်

အမျှ ဒီအတိုင်း ခိုင်မြဲနေသည်ဟု ထင်မှတ်ခြင်းကို ပယ်စွန့်နိုင်၏။

### ဓမ္မလက္ခဏာ နုပဿနာလုံးစုံ ထူးခြားပုံ

(က) မမြဲသော သဘောတွေ အပြည့် တည်ရှိနေသော ရုပ် နာမ် ခန္ဓာတို့သည် အနိစ္စဓမ္မ မည်ကုန်၏။ ဆင်းရဲသော သဘောတွေ အပြည့်တည်ရှိနေသော ရုပ် နာမ် ခန္ဓာ တို့သည် ဒုက္ခဓမ္မ မည်ကုန်၏။ အစိုးမရ အနှစ်သာရ ပြစရာမရှိသော သဘောတွေ အပြည့်တည်ရှိနေသော ရုပ် နာမ် ခန္ဓာ တို့သည် အနတ္တဓမ္မ မည်ကုန်၏။

(ခ) ထို ရုပ် နာမ် ခန္ဓာတို့၏ မမြဲသော သဘောတွေသည် အနိစ္စ လက္ခဏာ မည်ကုန်၏။ ဆင်းရဲသော သဘောတွေသည် ဒုက္ခ လက္ခဏာ မည်ကုန်၏။ အစိုးမရ အနှစ်သာရ ပြစရာ မရှိသော သဘောတွေသည် အနတ္တလက္ခဏာ မည်ကုန်၏။

(ဂ) ထို ရုပ် နာမ် ခန္ဓာတို့၏ အပေါ်၌ အားလုံးမမြဲသော သဘော တွေဘဲဟု အဖန်ဖန်ရှုတတ်သော ဉာဏ်သည် အနိစ္စာနုပဿနာ မည်၏။ အားလုံး ဆင်းရဲသော သဘောတွေဘဲဟု အဖန်ဖန် ရှုတတ်သော ဉာဏ်သည် ဒုက္ခာနုပဿနာမည်၏။ အားလုံး အစိုးမရ အနှစ်သာရ ပြစရာမရှိသော သဘောတွေဘဲဟု အဖန် ဖန် ရှုတတ်သော ဉာဏ်သည် အနတ္တာနုပဿနာ မည်၏။

### အနိစ္စလက္ခဏာ ထင်လာလိုဘိ ဖြစ်ပျက်ကြည့်

ယောဂီ၏ အသိ၌ အနိစ္စလက္ခဏာ မထင်နိုင်ခြင်းအကြောင်းကို ဤသို့ သိအပ်၏။

အနိစ္စလက္ခဏံ တာဝ ဥဒယဗ္ဗယာနံ အမနသိကာရာ သန္တတိယာ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။

ဥဒယဗ္ဗယံ ပန ပရိဂ္ဂဟေတွာ သန္တတိယာ ဝိကောပိတာယ-အနိစ္စလက္ခဏံ၊ ယာထာဝ သရသတော ဥပဋ္ဌာတိ။

(ဝိသုဒ္ဓိမဂ်ဋ္ဌ၊ ၃-၂၇၆)

(က) ယောဂီတိုင်းတို့သည် ဥဒယဗ္ဗယဟု ဆိုအပ်သော ခန္ဓာ၌ ဖြစ်မှု ပျက်မှုတို့ကို နှလုံးသွင်း ရှုမှတ်မှု မပြုဘဲ မနေရာ။ အကယ်၍ နေခဲ့သော် တခုတည်းဟု ထင်မှတ်ရလေအောင် မပြတ် စပ် လျက်ဖြစ်သော ရှေ့နောက် ရုပ် နာမ်တို့၏ အစဉ်(သန္တတိ)က ဖုံးလွှမ်းနေမည်။ ထိုသို့ သန္တတိက ဖုံးလွှမ်းနေလျှင် အနိစ္စ လက္ခဏာ မထင်နိုင်။

(ခ) ဥဒယဗ္ဗယဟု ဆိုအပ်သော ခန္ဓာ၌ ဖြစ်မှု ပျက်မှုတို့ကို နှလုံးသွင်း ရှုမှတ်မှု ပြုနေလျှင် တခုတည်းဟု ထင်မှတ်ရလေအောင် မပြတ် စပ်လျက်ဖြစ်သော ရှေ့နောက် ရုပ် နာမ်တို့၏ အစဉ်(သန္တတိ) က မဖုံးလွှမ်းနိုင်။ ထိုသို့ သန္တတိက မဖုံးလွှမ်းဘဲ နေခဲ့သော် မမြဲဟု မှတ်နိုင် သိနိုင်သော အနိစ္စလက္ခဏာသည် ဟုတ်တိုင်း မှန်စွာ ထင်နိုင်၏။

## ဒုက္ခလက္ခဏာ ထင်လာလိုဘိ နှိပ်စက်မှုကိုကြည့်

ဒုက္ခလက္ခဏံ အဘိဏှသမ္ပဋိပီဠနဿ အမနသိကာရာ ဣရိယာ- ပထေဟိ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။

အဘိဏှသမ္ပဋိပီဠနံ မနသိကတွာ ဣရိယာပထေ ဥဃ္ဃာဋိတေ ဒုက္ခလက္ခဏံ ယာထာဝ သရသတော ဥပဋ္ဌာတိ။

(ဝိသုဒ္ဓိမဂ်၄၊ ၃-၂၇၆)

ထို့အတူ ယောဂီ၏ အသိ၌ ဒုက္ခလက္ခဏာ မထင်နိုင်ခြင်းအကြောင်းကို ဤသို့ သိအပ်၏။

(က) ယောဂီတိုင်းတို့သည် ဖြစ်ပြန် ပျက်ပြန် လောကဓံတို့က နေ့ညဉ့် မစဲ တသဲသဲ နှိပ်စက်၍ နေခြင်းကို အမြဲ နှလုံးသွင်းရမည်။ နှလုံးမသွင်းလျှင် တခုပြီး တခု ပြောင်းလဲ ပြုပြင်နေသော လျောင်းခြင်း၊ ထိုင်ခြင်း၊ ရပ်ခြင်း၊ သွားခြင်း ဟူသော ဣရိယာ ပုထ်တို့က နာကျင် ကိုက်ခဲ စသော ဒုက္ခတွေကို ဖုံးကွယ်ထား တတ်သည်။ ထို့ကြောင့် ဒုက္ခလက္ခဏာ မပေါ်လွင် မထင်ရှားဘဲ ဖြစ်တတ်သည်။

(ခ) ယင်း ဖြစ်မှု ပျက်မှုတို့က မပြတ် နှိပ်စက်ခြင်းကို အမြဲနှလုံးသွင်း ရှုမှတ်ရမည်။ ရှုမှတ်မှလည်း ဖုံးကွယ်နေသော ဣရိယာပုထ် တို့ကို ခွာနိုင်မည်။ ခွာနိုင်မှလည်း ဒုက္ခလက္ခဏာတွေသည် ဟုတ်တိုင်းမှန်စွာ မိမိသဘောအားဖြင့် ထင်နိုင်မည်။

## အနတ္တလက္ခဏာ ထင်လာလိုဘိ ကွဲပြားမှုကိုကြည့်

ထိုအတူ ယောဂီ၏အသိ၌ ဒုက္ခလက္ခဏာ မထင်နိုင်ခြင်းအကြောင်းကို ဤသို့ သိအပ်၏။

အနတ္တလက္ခဏံ နာနာဓာတုဝိနိဗ္ဘောဂဿ အမနသိကာရာ ဃနေန ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။

နာနာဓာတုယော ဝိနိဗ္ဘုဇိတွာ ဃနဝိနိဗ္ဘောဂေ ကတေ အနတ္တလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။

(ဝိသုဒ္ဓိမဂ်၊ ၃-၂၇၆)

(က) အထူးထူး အပြားပြား များလှကုန်သော ရုပ်ဓာတ် နာမ်ဓာတ် သဘောတို့၏ တသီးတခြား ကွဲပြားခြင်းကို ယောဂီတိုင်း နှလုံးသွင်းရမည်။ နှလုံးမသွင်းနိုင်လျှင် တလုံးတည်း တခဲတည်း ဟု မှတ်ထင်ရသော (ဃန)ခေါ် ပညတ်တမျိုးက ဝင်၍ ဖုံးကွယ်ထားတတ်သည်။ ဤသို့ ဖုံးကွယ် ထားခြင်းကြောင့် အနတ္တလက္ခဏာ မထင်နိုင်။

(ခ) အထူးထူး အပြားပြား များလှကုန်သော ရုပ်ဓာတ် နာမ်ဓာတ် သဘောတို့ကို အသီးသီး ကွဲကွဲပြားပြား ခွဲခြား ပိုင်းဖြတ် ရှုမှတ် နှလုံးသွင်းရမည်။ နှလုံးသွင်းမှလည်း ဃနပညတ်ခေါ် အစိုင်အခဲကြီး၏ တကွဲတခြား ကွဲပြားနေသည်ကို သိမြင်နိုင် မည်။ သိမြင်နိုင်မှလည်း အနတ္တလက္ခဏာသည် ဟုတ်တိုင်း မှန်စွာ မိမိသဘောအားဖြင့် ထင်နိုင်မည်။

## ဉာဏ်စဉ်ဆယ့်နှစ်ပါး သိထားကောင်းစရာ ဤသို့သာ

(၁) ပဋိက္ခန္ဓာ အတီတာနာဂတပစ္စုပ္ပန္နာ အနိစ္စာ ခယဋ္ဌေန ဒုက္ခာ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေနာတိ သံခိပိတွာ ဝဝတ္ထာပနေ ဉာဏံ သမ္မသနေ ဉာဏံ။

အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်ကုန်သော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ ဟု ဆိုအပ်သော ခန္ဓာငါးပါး ရုပ်နာမ်တရား တို့သည်—

(က) ကုန်ခန်း ပျက်စီးတတ်သော အနက်သဘောကြောင့် အနိစ္စ မည်ကုန်၏။

(ခ) ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် အမြဲမပြတ် နှိပ်စက်အပ်သော ကြောက်မက်ဘွယ် ဘေးဟူသော အနက်သဘောကြောင့် ဒုက္ခ မည်ကုန်၏။

(ဂ) မြဲ၏ဟူသော အနှစ်သာရ၊ ခိုင်မာ၏ဟူသော အနှစ်သာရ၊ ချမ်းသာ၏ဟူသော အနှစ်သာရ၊ တင့်တယ်၏ဟူသော အနှစ်သာရ၊ ငါ ဟူသော အနှစ်သာရ၊ ကိုယ် ဟူသော အနှစ်သာရ မရှိသော အနက်သဘောကြောင့် အနတ္တ မည်ကုန်၏။

ဤသို့ အကျဉ်းချုံး၍ ပိုင်းခြားမှတ်သားရာ၌ သိတတ်သော ဉာဏ်သည် သမ္မသနဉာဏ် မည်၏။

(၂) ပစ္စုပ္ပန္နာနံ ဓမ္မာနံ ဝိပရိဏာမာနုပဿနေ ပညာ ဥဒယဗ္ဗယာ-နုပဿနေ ဉာဏံ။

ပစ္စုပ္ပန်ဖြစ်ကုန်သော တရားတို့၏ ဖောက်ပြန်ပျက်စီးခြင်းကို အဖန်တလဲလဲရှုရာ၌ ဖြစ်သော ပညာသည် ဥဒယဗ္ဗယာနုပဿနာ ဉာဏ် မည်၏။

(၃) အဖန်ဖန် ရှုခဲ့သော ဉာဏ်သည် လွန်စွာ ထက်သန်၏။ ဖြစ်ခြင်း ပျက်ခြင်း ဥဒယဗ္ဗယတို့သည် အလွန် ထင်လာကုန်၏။ ရှုကြည့် တိုင်းသော ရုပ်နာမ် ခန္ဓာတို့သည် ဖြစ်မှု ပျက်မှုတွေ လျင်မြန်စွာ ထင်လာကုန်၏။ မှီအောင် လိုက်၍ မမှတ်နိုင်၊ မသိနိုင်။ လျှပ်စစ် ပြက်ရာ၌ အဖြစ်ကို အလွန်မြန်သည့်အတွက် မမြင်တော့ဘဲ အပျက် ကိုသာ မြင်သကဲ့သို့ အင်အားဖြင့် ကုန်ခြင်း ခန်းခြင်း ပျက်ခြင်း

ကင်းခြင်း ချုပ်ခြင်း ဟူသော (ခယ၊ ဝယ၊ ဝိရာဂ၊ နိရောဓ) တို့ကို သာလျှင် ထင်လေ မြင်လေတော့၏။ ယင်း ခယ၊ ဝယ၊ ဝိရာဂ၊ နိရောဓတို့၌သာ အသိဉာဏ် တည်၏။ယင်း ဘင်္ဂဉာဏ် အားရှိအောင် အကြိမ်ကြိမ် ရှုအပ်၏။ ဤသို့ အပျက်သက်သက်ကိုသာ မြင်သော ဉာဏ်သည် ဘင်္ဂါနုပဿနာဉာဏ် မည်၏။

(၄) ဘင်္ဂေ ဒိဋ္ဌေ ဧဝံ ဘိဇ္ဇနသဘာဝါနံ ဓမ္မာနံ အနေကာဿဟဿ သောက ဒုက္ခဝဋ္ဋဘာဝေ တထာ တထာ ဘာယိတဗ္ဗ ပကာရ သမနုပဿနဉာဏံ ဘယဉာဏံနာမ။

ရုပ်နာမ် ဓမ္မ သင်္ခါရ တရားတို့၏ အပျက်ကို ထင်းထင်းကြီး မြင်အောင် ရှုနိုင်သည် ရှိသော် ဤသို့ ပျက်တတ်သော သဘော တရားတို့၏ အထောင်မက များစွာသော သောက ဒုက္ခ ဝဋ္ဋ တရားတို့၏ အဖြစ်ဖြင့် ထိုထို အခြင်းအရာအားဖြင့် ကြောက်စရာကြီး ပါတကားဟု ရှုသောဉာဏ်သည် ဘယဉာဏ် မည်၏။

(၅) ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေဉာဏံ၊ ဧဝံ ဘာယိတဗ္ဗာနံ တေသံ သဗ္ဗသော အညပဋိသရဏဘာဝဒဿနံ အာဒီနဝဉာဏံနာမ။

ကြောက်ဘွယ်မအေး ဘေးအပေါင်းဟု ထင်ရာ၌ သိတတ် သော ပညာသည် အာဒီနဝဉာဏ် မည်၏။ ဤသို့ ကြောက်ဘွယ် ကောင်းကုန်သော ထိုသင်္ခါရတရားတို့၏ အချင်း ခပ်သိမ်း တပါး သော ကိုးကွယ်ရာ မရှိသည်၏ အဖြစ်ကို မြင်ခြင်းသည်လည်း အာဒီ နဝဉာဏ်ပင် မည်၏။

(၆) ကုတောစိ ပဋိသရဏာဘာဝေန တေဟိ ဥက္ကဏ္ဌိတာကာရသဟိတံ ဝိပဿနာဉာဏံ နိဗ္ဗိဒါဉာဏံနာမ။

ဘာတခုမျှ ကိုးကွယ်ရာ မရှိသဖြင့် ထိုသင်္ခါရ တရားတို့မှ ပျင်းရိခြင်း အခြင်းအရာနှင့်တကွသော ဝိပဿနာဉာဏ်သည် နိဗ္ဗိဒါ ဉာဏ် မည်၏။

(၇) နိဗ္ဗိန္ဒိ ဿမာနေဟိ တေဟိ အတ္တာနံ ဝိမုစ္စိတုံ အဇ္ဈာသယသဟိတံ ဝိပဿနာ ဉာဏံ မုဉ္စိတုကမျတာ ဉာဏံနာမ။

ငြီးငွေ့ဘွယ်ကောင်းကုန်သော ထိုသင်္ခါရ တရားတို့မှ မိမိ ကိုယ်ကို လွတ်မြောက်စေခြင်းငှာ (ဝါ) လွတ်မြောက်လိုသည်ဖြစ်၍

အလိုဆန္ဒနှင့်တကွ ဖြစ်သော ဝိပဿနာဉာဏ်သည် မုစ္စိတုကမျတာဉာဏ် မည်၏။

(၈) တေသံ ဓမ္မာနံ စတ္တာလီသာယ အာကာရေဟိ အနေကာဒီနဝရာသိဘာဝ ပဋိသင်္ခါဝသေန သုဋ္ဌု ဝိပ္ပဂ္ဂိရတရံ ပဝတ္တမာနံ ဝိပဿနာဉာဏံ ပဋိသင်္ခါဉာဏံ နာမ။

ထိုရုပ်နာမ် ဓမ္မ သင်္ခါရ တရားတို့၏ လေးဆယ်သော အခြင်းအရာတို့ဖြင့် တပါးမက များသောအပြစ် အစုအဖြစ်ကို သိသည်၏ အစွမ်းအားဖြင့် ကောင်းစွာ ပြန့်နှံ့သည်ထက် ပြန့်နှံ့သည်ကို ဖြစ်စေတတ်သော ဝိပဿနာဉာဏ်သည် ပဋိသင်္ခါဉာဏ် မည်၏။

(၉) ဣဒါနိ မုစ္စနူပါယော လဒ္ဓေါတိ အဓိမတ္တဗျာပါရံ အကတွာ သမေန ဝါယာမေန သင်္ခါရေ ပဋိဂ္ဂဏှန္တဿ သင်္ခါရပရိဂ္ဂဟေ မဇ္ဈတ္တာကာရသဟိတံ ဝိပဿနာဉာဏံ သင်္ခါရုပေက္ခာဉာဏံနာမ။

ယခုအခါ၌ ငါ့အား လွတ်အံ့သော အကြောင်းကို ရပြီဟု လွန်စွာ အားထုတ်ခြင်းကို မပြုမူ၍ ညီမျှသော ဝီရိယဖြင့် သင်္ခါရတရားတို့ကို သိမ်းဆည်းသော ပုဂ္ဂိုလ်၏ သင်္ခါရ တရားကို သိမ်းဆည်းရာ၌ လျစ်လျူရှုသော အခြင်းအရာနှင့် တကွသော ဝိပဿနာဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ် မည်၏။

(၁၀) မဂ္ဂုပ္ပတ္တိယာ အနုလောမေဟိ ထာမဗလေဟိ သမ္ပန္နံ ဝိပဿနာဉာဏံ အနုလောမဉာဏံနာမ။

မဂ်စိတ် မဂ်ဉာဏ်ဖြစ်ပေါ်လာရန်အလို့ငှာ လျော်ကုန်သော အား အစွမ်းတို့နှင့် ပြည့်စုံသော ဝိပဿနာ ဉာဏ်သည် အနုလောမဉာဏ်မည်၏။

(၁၁) (က) ဥပ္ပါဒံ အဘိဘုယျိတွာ အနုပ္ပါဒံ ပက္ခန္ဒတီတိ ဂေါတြဘူ။

ယခုဘဝ အစဉ်ဖြစ်ရခြင်းကို လွန်၍ ယခုဘဝ အစ မဖြစ်ရခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘူ မည်၏။

(၁၁) ဗဟိဒ္ဓါ သင်္ခါရ နိမိတ္တံ အဘိဘုယျိတွာ နိရောဓံ နိဗ္ဗာနံ ပက္ခန္ဒတီတိ ဂေါတြဘူ။

သင်္ခါရ ခယ နိမိတ် ဗဟိဒ္ဓအာရုံကို လွန်၍ သင်္ခါရ ခယ နိမိတ် ဗဟိဒ္ဓအာရုံ မထင်သောအားဖြင့် ချုပ်သော နိဗ္ဗာန်သို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘူမည်၏။

(၁၂) ဥဘတော ဝုဋ္ဌာန ဝိဝဋ္ဋနေ ပညာ မဂ္ဂေဉာဏံ။

နိမိတ္တ ပဝတ္တ နှစ်ပါးစုံမှ ထခြင်း ဆုတ်နစ်ပယ်ခွာခြင်း၌ ဖြစ်သော ပညာသည် မဂ်ဉာဏ်မည်၏။

## နုလောမာဒိ စရှိသုံးဉာဏ် ဖြစ်ကြဟန်

အနုလောမဉာဏ်မှ ဂေါတြဘူဉာဏ်၊ယင်း ဂေါတြဘူဉာဏ်မှ မဂ်ဉာဏ်သို့ ကူးပြောင်း ဖြစ်ပုံများကား....

(က) ယဒါ ဟာဝေ မဂ္ဂေါ ဥပ္ပဇ္ဇိဿတိ၊ တဒါ ပစ္ဆိမသင်္ခါရုပေက္ခာ ဉာဏာရမ္မဏံ အာရမ္မဏံ ကတွာ ပရိကမ္မံ ဥပစာရံ အနုလောမံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ၊ တံ သမ္ပယုတ္တံ ဉာဏံ အနုလောမေ ဉာဏံ။

အကြင်အခါ၌ စင်စစ် မဂ်သည် ဖြစ်လတံ့၊ ထိုအခါ၌ နောက်ဆုံး သင်္ခါရုပေက္ခာဉာဏ်၏ အာရုံကို အာရုံပြု၍ ပရိကံသည်လည်းကောင်း၊ ဥပစာသည်လည်းကောင်း၊ အနုလုံသည်လည်းကောင်း ဖြစ်၍ ချုပ်ကွယ်လေ၏။ ထိုအနုလုံနှင့်ယှဉ်သော ဉာဏ်သည် အနုလောမဉာဏ်မည်၏။

(ခ) တတော ပရံ နိဗ္ဗာနံ အာရမ္မဏံ ကတွာ ဂေါတြဘူဉာဏံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။

ထိုအနုလောမဉာဏ် ချုပ်သည်မှ နောက်၌ နိဗ္ဗာန်ကို အာရုံပြု၍ ဂေါတြဘူဉာဏ်သည် ဖြစ်၍ ချုပ်၏။

(ဂ) တတောပရံ သကိံ ယေဝ မဂ္ဂေါ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။

ထိုဂေါတြဘူဉာဏ် ချုပ်သည်မှ နောက်၌ တကြိမ် သာလျှင် သောတာပတ္တိမဂ်သည် ဖြစ်၍ ချုပ်လေ၏။

(ဃ) တတောပရံ ဒွိတိက္ခတ္တုံ ဖလမေဝ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ၊ တတောပရံ ဘဝင်္ဂပါတော ဟောတီတိ။

ထိုသောတာပတ္တိမဂ်စိတ် ချုပ်သည်မှ နောက်၌ နှစ်ကြိမ် သုံးကြိမ် သောတာပတ္တိဖိုလ် စိတ်သည်သာလျှင် ဖြစ်၍ချုပ်လေ၏။ ထိုဖိုလ်စိတ် နှစ်ကြိမ် သုံးကြိမ် ချုပ်သည်မှ နောက်၌ ဘဝင်ကျ၏။ (ဤကား မဂ္ဂဝီထိကျပုံတည်း။)

## သေက္ခာသေက္ခ နှစ်ဝဆင်ခြင် ထူးခြားအင်

သေက္ခပုဂ္ဂိုလ်ဟူသည် မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ် လေးယောက်နှင့် အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် သုံးယောက်၊ ပေါင်း ခုနစ်ယောက်တို့တည်း။ အသေက္ခပုဂ္ဂိုလ်ဟူသည် အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တည်း။

(က) သေက္ခ-အကျင့်မဆုံးသေး၊ ကျင့်ဆဲ၊ ကျင့်စရာတွေ ရှိနေသေးသည်။

(ခ) အသေက္ခ-အကျင့်ဆုံးပြီ၊ ကျင့်ပြီးပြီ၊ ကျင့်စရာတွေ မရှိတော့ပြီ။

(ဂ) သေက္ခာမဂ္ဂံ ဝါ ဖလံ ဝါ နိဗ္ဗာနံ ဝါ ဟီနေ ကိလေသေ ဝါ အပ္ပဟီနေ ကိလေသေ ဝါ ပစ္စဝေက္ခန္တိ။

သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့သည် မဂ်ဉာဏ်ကိုလည်းကောင်း၊ ဖိုလ်ဉာဏ်ကိုလည်းကောင်း၊ နိဗ္ဗာန်ကိုလည်းကောင်း၊ ပယ်ပြီး ကိလေသာတို့ကိုလည်းကောင်း၊ မပယ်ရသေးသော ကိလေသာတို့ကိုလည်းကောင်း ဆင်ခြင်ကြကုန်၏။

(ဃ) အသေက္ခာ မဂ္ဂံ ဝါ ဖလံ ဝါ နိဗ္ဗာနံ ဝါ ပဟီနေ ကိလေသေ ဝါ ပစ္စဝေက္ခန္တိ။

ရဟန္တာပုဂ္ဂိုလ်တို့သည် မဂ်ဉာဏ်ကို လည်းကောင်း၊ ဖိုလ်ဉာဏ်ကို လည်းကောင်း၊ နိဗ္ဗာန်ကိုလည်းကောင်း၊ ပယ်ပြီး ကိလေသာတို့ကိုလည်းကောင်း ဆင်ခြင်ကြကုန်၏။

## ရဟန္တာတိုင် ဖြစ်နိုင်သေးရာ ခုအခါ

ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ အသုညော လောကော အရဟန္တေဟိ အဿ။

(မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်)

သုဘဒ္ဒ ပရိဗိုဇ်ရဟန်း ဤရဟန်းတို့သည်ကား ကောင်းစွာ သီလ သမာဓိ ပညာ သိက္ခာ သုံးဝ မိမိကိစ္စကို အားထုတ်၍ နေကုန်ငြားအံ့။ ဖြဟ္မာ နတ် လူ သုံးဘုံသူသည် ရဟန္တာတို့မှ မဆိတ်မကင်းနိုင်ရာ။

ထို့ကြောင့်—

သစေ သမ္မာ ဝိဟရေယျုံ၊ န ဆိဇ္ဇေယျံ ခီဏာသဝါ။

တသ္မာ သမ္မာ ဝိဟရေယျုံ၊ သံဆိန္ဒိတွာန သံသယံ။ ။

အကယ်၍ ကောင်းစွာသာ နေကြကုန်သည်ရှိသော် ရဟန္တာပုဂ္ဂိုလ်တို့ သည် လောက၌ မပြတ်ကုန်ရာ။ ထို့ကြောင့် ကျွတ်ထိုက်သောပုဂ္ဂိုလ် ဟုတ် လေသလော၊ မဟုတ်လေသလော၊ တိဟိတ်ပုဂ္ဂိုလ် ဟုတ်လေသလော၊ မဟုတ် လေသလော၊ ဤသို့ဖြစ်ကြ သံသယကို ဖြတ်တောက်၍ ကောင်းမွန်စွာသာ နေကုန်ရာ၏။

သစေ သမ္မာ ဝိဟရေယျုံ၊ သတိပဋ္ဌာနေ ယထာဂတံ။

ပါပုဏေယျုံ ဖလဂ္ဂမ္ပိ၊ အစိရံ ဝိဓ သာသနေ။ ။

မဟာသတိပဋ္ဌာနသုတ်၌ လာသည့်အတိုင်း ကောင်းစွာ အကယ်၍ နေကုန်သည်ဖြစ်အံ့။ ဤ ဘုရားသာသနာတော်မြတ်ကြီး၌ မကြာမြင့်မီသာ အရဟတ္တဖိုလ်သို့လည်း ရောက်ကုန်ရာ၏။

## သာသနာငါးထောင် မြင့်ခေါင်ဤသို့ သိကြဘို့

စူဠဝါ အဋ္ဌကထာ ဘိက္ခုနီ ခန္ဓက၌ သာသနာငါးထောင် ဤသို့ လာ၏။

၁။ ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် တထောင်၊

၂။ သုက္ခဝိပဿက ရဟန္တာခေတ် တထောင်၊

၃။ အနာဂါမိခေတ် တထောင်၊
၄။ သကဒါဂါမိခေတ် တထောင်၊
၅။ သောတာပန်ခေတ် တထောင်၊

သုတ်ပါထေယျ အဋ္ဌကထာနှင့် အင်္ဂုတ္တိုရ် အဋ္ဌကထာတို့၌ သာသနာငါးထောင် ဤသို့လာ၏။

၁။ ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် တထောင်၊
၂။ ဆဠဘိည ရဟန္တာခေတ် တထောင်၊
၃။ တေဝိဇ္ဇ ရဟန္တာခေတ် တထောင်၊
၄။ သုက္ခဝိပဿက ရဟန္တာခေတ် တထောင်၊
၅။ ပါတိမောက္ခ သံဝရ ရဟန္တာခေတ် တထောင်၊

သံယုတ္တ နိကာယ အဋ္ဌကထာ၌ သာသနာငါးထောင် ဤသို့လာ၏။

၁။ ပဋိသမ္ဘိဒါပတ္တ (ပထမဗောဓိ) ရဟန္တာခေတ် တထောင်၊
၂။ ဆဠဘိည ရဟန္တာခေတ် တထောင်၊
၃။ တေဝိဇ္ဇ ရဟန္တာခေတ် တထောင်၊
၄။ အာသဝက္ခယပတ္တ ရဟန္တာခေတ် တထောင်၊
၅။ အနာဂါမိ သကဒါဂါမိ သောတာပန် ပုထုဇဉ်ခေတ် တထောင်။

## သောတာပန်ပုဂ္ဂိုလ် ဖြစ်လိုပါက ဤလေး၀

သောတာပန်အရိယာပုဂ္ဂိုလ် ဖြစ်လိုလျှင် သောတာပတ္တိယင်္ဂတရား လေးပါးနှင့် ပြည့်စုံရမည်။ ယင်း သောတာပတ္တိယင်္ဂတရား လေးပါးကား....

စတ္တာရောမေ ဘိက္ခဝေ ဓမ္မာ ဘာဝိတာ ဗဟုလီကတာ
သောတာပတ္တိဖလ သစ္ဆိကိရိယာယ သံဝတ္တန္တိ၊ ကတမေ စတ္တာရော။

(၁) သပ္ပုရိသသံသေဝေါ၊
(၂) သဒ္ဓမ္မဿဝနံ၊
(၃) ယောနိသော မနသိကာရော၊
(၄) ဓမ္မာနုဓမ္မပဋိပတ္တိ။

ဣမေ ခေါ ဘိက္ခဝေ စတ္တာရော ဓမ္မာ ဘာဝိတာ ဗဟုလီကတာ သောတာပတ္တိဖလ သစ္ဆိကိရိယာယ သံဝတ္တန္တိ။

(၁) သူတော်ကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံ ဝင်ထွက်နိုးနှောရမည်။

(၂) သူတော်ကောင်းတို့ ဟောဖော်ညွှန်ပြ ဆုံးမသော တရားစကားတို့ကို နာယူ မှတ်သားရမည်။

(၃) ထိုထို လောကဓံတရား ရှစ်ပါးတို့၌ သင့်တင့်အောင် နှလုံးသွင်းနိုင်ရမည်။

(၄) လောကုတ္တရာတရား ကိုးပါးတို့၌ လျော်ကန် သင့်မြတ်သော အကျင့်ထူးတို့ကို ကျင့်ရမည်။

## အာနာပါန ပွားရအကျိုး ခုနစ်မျိုး

အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းရခြင်းအကျိုး ခုနစ်မျိုးကို အောက်ပါ မဟာဝဂ္ဂသံယုတ် ပါဠိတော်ဖြင့် သိအပ်၏။

(၁) ဧဝံ ဘာဝိတာ ခေါ ဘိက္ခဝေ အာနာပါနဿတိ ဧဝံ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ။

(၂) ဧဝံ ဘာဝိတာယ ခေါ ဘိက္ခဝေ အာနာပါနဿတိယာ ဧဝံ ဗဟုလီကတာယ သတ္တဖလာ သတ္တာနိသံသာ ပါဋိကင်္ခါ။

(၃) ကတမေ သတ္တဖလာ သတ္တာနိသံသာ။

(က) ဒိဋ္ဌေဝ ဓမ္မေ ပဋိကစ္စ အညံ အာရာဓေတိ။

(ခ) အထ မရဏကာလေ အညံ အာရာဓေတိ။

(ဂ) နော စေ ဒိဋ္ဌေဝ ဓမ္မေ ပဋိကစ္စ အညံ အာရာဓေတိ။ နော စေ မရဏကာလေ အညံ အာရာဓေတိ၊ အထ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သညောဇနာနံ ပရိက္ခယာ အန္တရာ ပရိနိဗ္ဗာယီ ဟောတိ။

(ဃ) ဥပဟစ္စ ပရိနိဗ္ဗာယီ ဟောတိ။

(င) အသင်္ခါရ ပရိနိဗ္ဗာယီ ဟောတိ။

(စ) သသင်္ခါရ ပရိနိဗ္ဗာယီ ဟောတိ။
(ဆ) ဥဒ္ဓံ သောတော ဟောတိ အကနိဋ္ဌဂါမီ။

(၄) ဧဝံ ဘာဝိတာယ ခေါ ဘိက္ခဝေ အာနာပါနဿတိယာ ဧဝံ ဗဟုလီကတာယ ဣမေ သတ္တဖလာ သတ္တာနိသံသာ ပါဋိကင်္ခါတိ။

(မြန်မာလို သရုပ် ၇-ပါးကား)

(က) ယခု မျက်မှောက်ဘဝ၌ အသီးအခြား အရဟတ္တဖိုလ်သို့ ရောက်နိုင်သည်။

(ခ) ယခု မျက်မှောက်ဘဝ၌ မရခဲ့သော် သေခါနီးကာလ၌ အသီးအခြား အရဟတ္တဖိုလ်သို့ ရောက်နိုင်သည်။

(ဂ) ထို ယခုဘဝ၌လည်းကောင်း၊ သေခါနီးကာလ၌လည်းကောင်း အရဟတ္တဖိုလ်ကို မရခဲ့သေးသည် ရှိသော် ဩရမ္ဘာဂိယ သံယောဇဉ် ငါးပါးကို ကုန်ခန်းစေနိုင်သော အန္တရာပရိနိဗ္ဗာယီ အနာဂါမ်ပုဂ္ဂိုလ် အဖြစ်သို့ ရောက်နိုင်သည်။

(ဃ) ဥပဟစ္စ ပရိနိဗ္ဗာယီ အနာဂါမ်ပုဂ္ဂိုလ်အဖြစ်သို့ ရောက်နိုင်သည်။

(င) အသင်္ခါရ ပရိနိဗ္ဗာယီ အနာဂါမ်ပုဂ္ဂိုလ်အဖြစ်သို့ ရောက်နိုင်သည်။

(စ) သသင်္ခါရ ပရိနိဗ္ဗာယီ အနာဂါမ် ပုဂ္ဂိုလ် အဖြစ်သို့ ရောက်နိုင်သည်။

(ဆ) အကနိဋ္ဌဘုံသို့ ရောက်မှ ပရိနိဗ္ဗာန် ပြုနိုင်သော ဥဒ္ဓံ ဘာဂိယအထက် သံယောဇဉ်တို့ကို ကုန် ခန်း စေ နိုင်သော ဥဒ္ဓံသောတ အနာဂါမ်ပုဂ္ဂိုလ်အဖြစ်သို့ ရောက်နိုင်သည်။

## အာနာပါနအတွက် အားတက်ကြိုးစား နာနာပွား

အာနာပါနကမ္မဋ္ဌာန်း ကြိုးပမ်း အားထုတ်ရခြင်း၏ အကျိုးများကို အောက်ပါအတိုင်း သိစေလိုပါသည်။

(၁) ဣမေ ဘိက္ခု အာနာပါနဿတိံ အနုယုတ္တော ကောသနေ နိသိန္နော ဝ သဗ္ဗာသဝေ ခေပေတွာ အရဟတ္တံ ပါပုဏာတိ၊ တတ္ထ အသက္ကောန္တော မရဏကာလေ သမသီသိ ဟောတိ။

"ရဟန်းတို့၊ ဤငါဘုရား၏ သာသနာတော်၌ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို တကယ် အားထုတ်သည် ရှိသော် တထိုင်တည်းသော နေရာ၌ နေလျက်သာလျှင် ခပ်သိမ်းသော အာသဝေါတရား လေးပါးတို့ကို ကုန်စေ၍ ရဟန္တာအဖြစ်သို့ ရောက်နိုင်၏။ ထိုနေရာ၌ ဆိုခဲ့ပြီးအတိုင်း မစွမ်းနိုင်ခဲ့သော် သေခါနီးသော ကာလ၌ သမသီသိ ရဟန္တာ ဖြစ်နိုင်၏။"

(၂) တတ္ထ အသက္ကောန္တော ဒေဝလောကသ္မိံ နိဗ္ဗတ္တိတွာ မမ္မကထိက ဒေဝပုတ္တဿ ဓမ္မံ သုတွာ အရဟတ္တံ ပါပုဏာတိ၊ တတော ဝိရဒ္ဓေါ အနုပ္ပန္နေ ဗုဒ္ဓုပ္ပါဒေ ပစ္စေကဗောဓိံ သစ္ဆိကရောတိ။

"ထို သေခါနီး၌ ဆိုပြီးအတိုင်း မစွမ်းနိုင်ခဲ့သော် နတ်ပြည်၌ ဖြစ်ရ၍ ဓမ္မကထိက နတ်သား၏ တရားတော်မြတ်ကို ကြားနာရသည် ရှိသော် ရဟန္တာအဖြစ်သို့ ရောက်နိုင်၏။ ထို နတ်ပြည်မှ ချွတ်လွဲခဲ့သည်ရှိသော် ဘုရားမပွင့်သေးသော ကာလ၌ ပစ္စေကဗောဓိဉာဏ်ကို မျက်မှောက်ပြုနိုင်၏။"

(၃) တံ အသစ္ဆိကရောန္တော ဗုဒ္ဓါနံ သမ္မုခီဘာဝေ ဗာဟိယတ္ထေရာဒယော ဝိယ ခိပ္ပါဘိညော ဟောတိ။

"ထို ပစ္စေကဗောဓိဉာဏ်ကို မျက်မှောက် မပြုနိုင်သေးသည် ရှိသော် ပွင့်လတ္တံ့ အရိမေတ္တေယျ စသော ဘုရားရှင်တို့၏ မျက်မှောက်တော်၌ ဗာဟိယထေရ် စသည်တို့ကဲ့သို့ ခိပ္ပါဘိညာ ရဟန္တာ ဖြစ်နိုင်၏။

## သတိပဋ္ဌာန် အမှန်ကျိုးရှိ ဤသို့သိ

သတိပဋ္ဌာန်တရားများကိုလည်း အလွန် ပွားများ အားထုတ်ထိုက်၏။ အလွန်လည်း အကျိုးရှိ၏၊ အကျိုးရှိပုံကား....

ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောက ပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ သံဝတ္တတိ။

"အို သံသရာဘေး မျှော်တွေး ကြောက်တတ် ချစ် သား မြတ် တို့၊ တကြောင်းတည်းသော လမ်းနှင့် တူသော မဂ္ဂင်ရှစ်ပါး အကျင့်တရားသည် သတ္တဝါတို့၏ စင်ကြယ်ခြင်းအကျိုးငှာ၊ သောက ပရိဒေဝတို့ကို လွန်မြောက်ခြင်းငှာ၊ ဒုက္ခ ဒေါမနဿတို့ကို ငြိမ်း ချုပ် စေ ခြင်း ငှာ၊ လောကုတ္တရာမဂ်ကို ရခြင်းငှာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်၏။ မျက်မှောက်ပြုနိုင်၏ ဟူလို။

ဘာဝနာရသ ဝိဘာဝနီကျမ်း

# သမထ ကဏ္ဍ

## နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်း

သီဝံ ပတ္ထေထ ဘိက္ခဝေ သီဝံ ပတ္ထေတွာန
ဒါနံ ဒါတဗ္ဗံ၊ သီလံ ရက္ခိတဗ္ဗံ၊ ဘာဝနံ ဘာဝေတဗ္ဗံ။

ဟူသော ဒေသနာတော်အရ ရုပ်နာမ်ခပ်သိမ်း ချုပ်ငြိမ်းအေးမြရာ အမှန် အမြတ်ဆုံးဖြစ်သော နိဗ္ဗာန်ကို ပတ္ထနာအမှု ဆုတောင်းခြင်း ပြုရမည်။ နိဗ္ဗာနနိန္နာ နိဗ္ဗာနပေါဏာ နိဗ္ဗာနပဗ္ဘာရာ ဆိုသည့်အတိုင်း နိဗ္ဗာန်ကို ညွတ်ရမည်၊ နိဗ္ဗာန်ကို ကိုင်းရမည်၊ နိဗ္ဗာန်ကို ရှိုင်းရမည်ဟု ဆိုလိုပါသည်။ ဤသို့ ဆုတောင်းခြင်းပြု၍ ဒါနခေါ်မှု လှူဘွယ်ဝတ္ထု အစုစုကို ပေးလှူကြရမည်။ သီလခေါ် ငြား အကျင့်တရားဘို့ကို စောင့်ရှောက် ထိန်းသိမ်းရမည်။ ဘာဝနာခေါ် ငြား ရှုပွားသင့်သည်များကိုလည်း ရှုပွား အားထုတ်ရမည်။ ယင်း ချုပ်ငြိမ်း ပြတ်စဲမှု နိဗ္ဗာန်ကို အလိုရှိသူ သူတော်စင်တိုင်းတို့သည်....

(က) လှူဒါန်း ပေးကမ်းခြင်း=ဒါနတရား၊

(ခ) စောင့်ရှောက် ဆောက်တည်ခြင်း=သီလတရား၊

(ဂ) ရှုမှတ် ပွားများခြင်း=ဘာဝနာတရား၊

ဤ ၃-ပါးကို မလွဲမသွေ များများကြီး ပြုလုပ်ပေးရမည်။ ဤ ၃-ပါးဖြင့် နိဗ္ဗာန်ကို ရောက်စေတတ်ပါသည်။ ဤ ၃-ပါးသည် နိဗ္ဗာန်ရောက်ကြောင်း အစစ်အမှန် ဖြစ်သည်။ နိဗ္ဗာန်သို့ ရောက်လိုသူတိုင်း ဤ ၃-ပါးကို အပြည့်အဝရအောင် ကြိုးစားရမည်။

## သန္တိသုခ နိဗ္ဗာန၏ အဓိပ္ပာယ်

တဏှာကခ္ခယာ ဒုက္ခက္ခယော ဒုက္ခက္ခယာ နိဗ္ဗာနံ-ဟူသော ဒေသနာတော်အရ တဏှာချုပ်မှ ဒုက္ခချုပ်မည်၊ ဒုက္ခချုပ်မှ နိဗ္ဗာန်မည်သည်၊ ဒုက္ခလုံး၀ မဘက် ငြိမ်းအေးမှု သက်သက် သန္တိသုခသည် နိဗ္ဗာန်တည်းဟု ဆိုလိုသည်။ တဏှာချုပ်လို့ ရုပ်နာမ်ချုပ် (တဏှာသည် မျိုးစေ့၊ ရုပ်နာမ်သည် အပင်၊ အိုခြင်း နာခြင်း သေခြင်းတို့သည် အဖူး အပွင့် အသီး) ရုပ်နာမ်ချုပ်လို့ အို နာ သေ ဒုက္ခချုပ်၊ ရုပ်နာမ်ခပ်သိမ်း ငြိမ်းခြင်းသည် နိဗ္ဗာန်တည်း။ နိဗ္ဗာန်သည် ရုပ်နာမ် ခပ်သိမ်း ငြိမ်းခြင်းတည်း။ ယင်းရုပ်နာမ် ခပ်သိမ်း ငြိမ်းခြင်းအဖြစ်သို့ ရောက်ခြင်း ရခြင်းကို နိဗ္ဗာန် ရောက်သည်၊ နိဗ္ဗာန်ရသည်ဟု ခေါ်သည်။ ထို့ကြောင့် နိရောဓောနာမ နိဗ္ဗာနံ-နိဗ္ဗာန်သည် ရုပ်နာမ် ခပ်သိမ်းချုပ်ငြိမ်းခြင်းပါတည်းဟု နိဂုံးချုပ် ဟောတော်မူခဲ့သည်။ နိဗ္ဗာန်သည် မြို့ကြီးပြကြီး မဟုတ်၊ ဘုံဗိမာန် အဆောင် အယောင် မရှိ၊ ပုဂ္ဂိုလ် သတ္တ၀ါ ယောကျ်ားမိန်းမ သူ ငါ ဘာမျှ မရှိ၊တောက်နေသောမီးကြီး ငြိမ်းသွားသကဲ့သို့ မွေးပြီးသေ၊ သေပြီး မွေး ဟူသော သံသရာ စက်ရဟတ်(ပဋိစ္စ သမုပ္ပါဒ်) အဆက်ပြတ်သွားခြင်းတည်း။

## ဒါန မပါခြင်းသည် ကြီးမားသောအပြစ်

ယင်းနိဗ္ဗာန် ရောက်ဘို့ အကြောင်း ၃-ပါးတို့တွင် ဘာ၀နာသည် (က) သမထ ဘာ၀နာ၊ (ခ) ဝိပဿနာ ဘာ၀နာ ဟု ၂-ပါး ပြားသည်။ ဒါနသည် နိဗ္ဗာန်ရောက်ဘို့ရန် အကြောင်းတခု ဖြစ်သကဲ့သို့ သီလ, သမထ ဝိပဿနာတို့လည်း အကြောင်းတခုစီ ဖြစ်ကြသည်။ဒါနသည် အမိက ဥစ္စာဓနစသည်ကို ဖြစ်စေသည်။ သီလသည် အနာကင်းခြင်း စသည်ကို ဖြစ်စေသည်။ သမထသည် ကာမစ္ဆန္ဒ နီ၀ရဏ၊ဗျာပါဒနီ၀ရဏ၊ ထိနမိဒ္ဓနီ၀ရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စနီ၀ရဏ၊ ဝိစိကိစ္ဆာနီ၀ရဏ၊ အဝိဇ္ဇာနီ၀ရဏ ဟူသော တရားဆိုးတို့ကို ငြိမ်းစေဘတ်ရုံမျှမက ပထမဈာန် စသော ဈာန်ငါးပါးလုံးကို ရစေတတ်သည့်အပြင် ဒိဗ္ဗစက္ခု အဘိညာဉ်၊ ဒိဗ္ဗသောတ အဘိညာဉ်၊ ဣဒ္ဓိဝိဓ အဘိညာဉ်၊ ပရစိတ္တဝိဇာနန အဘိညာဉ်၊ ပုဗ္ဗေနိ၀ါသာနုဿတိ အဘိညာဉ် ဟူသော အဘိညာဉ် ၅-ပါးကိုပါ ရစေတတ်သည်။ ဝိပဿနာသည် ရုပ်နာမ်ကို မြင်နိုင်ရုံမျှမက ရုပ်နာမ်၏ (ဥဒယ ဗ္ဗယ ခေါ်) ဖြစ်မှု ပျက်မှု စသည်ကိုပါ မြင်နိုင်သည်။

## ကြီးမားသောအဖြစ် ရှင်းလင်းချက်

ရုပ်နာမ်ရှိသော အဖြစ်မှ ချုပ်ငြိမ်းသော အဖြစ်သို့ ရောက်အောင် ယင်း (ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ) တို့သည် ကိုယ်စီ ကိုယ်ငှ မိမိတို့၏ တာဝန်အရ ကျေပွန်စွာ ထမ်းဆောင် သယ်မ သွားကြသည်။ ထို ၄-ပါးတို့တွင် ဒါနက ပို၍ အရေးကြီးသည်။ (ဒါန နည်းလျှင် မွဲ၊ မွဲလျှင် ဝမ်းမတောင့်၊ ဝမ်းမတောင့်လျှင် သီလ မစောင့်၊ သီလ မစောင့်လျှင် သမထ မဖြစ်၊ သမထ မဖြစ်လျှင် ဝိပဿနာ မရောက်၊) ဝိပဿနာ မရောက်သောသူအား သံသရာဝဋ်မှ ဒုက္ခ ညှတ်မှ မလွတ်နိုင်။ ထို့ကြောင့် စူဠဝါ ပါဠိတော်၌....

ဝတ္တံ အပရိပူရေန္တော၊ သီလံ န ပရိပူရတိ။
အသုဒ္ဓသီလော ဒုပ္ပညော၊ စိတ္တေကဂ္ဂံ န ဝိန္ဒတိ။
ဝိက္ခိတ္တစိတ္တော နေကဂ္ဂေါ၊ သမ္မာ ဓမ္မံ န ပဿတိ။
အပဿမာနော သဒ္ဓမ္မံ၊ ဒုက္ခာ န ပရိမုစ္စတိ။

## နိဗ္ဗိန္ဒမပါ ကိလေသာ နောက်မဆုတ်

ဝိပဿနာဉာဏ် မရောက်လျှင် ရုပ်ပိုင်ပိုင် နာမ်ပိုင်ပိုင် ဖြစ်ပျက်ပိုင်ပိုင် သိနိုင်ခြင်း တည်းဟူသော ယထာဘူတဉာဏဒဿနအဆင့်သို့ ဘယ်လိုမှ မရောက်နိုင်။ ယင်း အဆင့်သို့မှ မရောက်သော ယောဂီသည် ဧဝံ ဇာနံ ပဿံ နိဗ္ဗိန္ဒတိ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ ဝိရာဂံ ဝိမုစ္စတိ ဟူသော ဒေသနာတော်အရ နိဗ္ဗိန္ဒ (သံဝေဂ ခေါ် ရုပ်နာမ်အပေါ် ထိတ်လန့် ငြီးငွေ့မှု၊ အိုးအိမ်အပေါ်၊ စီးပွားရေး ကြီးပွားရေးအပေါ်၊ အိုရေးနာရေး သေရေးအပေါ်၊ ၃၁-ဘုံအပေါ် ထိတ်လန့် ငြီးငွေ့မှု) ဉာဏ်တွေ မဖြစ်နိုင်။ နိဗ္ဗိန္ဒဉာဏ် မဖြစ်သော ယောဂီအား ဝိရာဂ (ခင်မင်မှု ကင်း၊ တွယ်တာမှု ကင်း၊ ကြောင့်ကြမှု ကင်း၊ တောင့်တမှု ကင်း၊ ပူပင်မှု ကင်း) သဘောတွေ ကျရောက်လာဘို့ မလွယ်။ အလွန့်ကို ခဲယဉ်း၏။ ယင်း ဝိရာဂမှ မဖြစ်သော ယောဂီအား လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ ဟူသော ကိလေသာ ၁၀-ပါး ဘယ်လိုမှ ကင်းပျောက် ချုပ်ငြိမ်းဘို့ မဖြစ်နိုင်။

## အာသဝေါ မကင်းသမျှ မီးလောင်ခံကြရ

ရုပ်နာမ် ခပ်သိမ်း ချုပ်ငြိမ်းမှု ခေါ် နိဗ္ဗာန်ရဘို့ကား အထူး ကြိုးစားမှ ဖြစ်မည်။ နိဗ္ဗာနံ အရဟတော ဂတိ ဟူသော ဒေသနာတော်အရ နိဗ္ဗာန်သည် ရဟန္တာ၏ ရောက်ရာတည်း။ အရဟတ္တဖိုလ်ဉာဏ်ရလို့ ရဟန္တာဖြစ်ပြီး ထို ရဟန္တာ ပရိနိဗ္ဗာန်ပြုခြင်း ခေါ် သေဆုံးပါမှ နိဗ္ဗာန်ရောက်မှာ (ဝါ) ရုပ်နာမ် ခပ်သိမ်း ချုပ်ငြိမ်းမှာ ဖြစ်သည်၊ န အရဟတ္တံ အ၂တွာန ပရိယောသာနံဂစ္ဆတိ ဟူသော ဒေသနာတော် အရ အနည်းဆုံး (အောက်ထစ်) အရဟတ္တဖိုလ် ဉာဏ်ရ ရဟန္တာဖြစ်မှ ရုပ်နာမ် ကုန်ဆုံးမည်။ သို့မဟုတ် မဆုံးနိုင်ပါ။ ရဟန္တာ ဖြစ်မှ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ ဟူသော အာသဝေါ တရား ၄-ပါး ကင်းမည်။ ရဟန္တာ မဖြစ်သေးလို့ အာသဝေါ တရားတွေ ရှိနေသေးလျှင် အာသဝါနံ သမုပ္ပါဒါ အဝိဇ္ဇာစ ပဝတ္တတိ ဟူသော ဒေသနာ အရ အာသဝေါတရားတွေ ဖြစ်နေခြင်းကြောင့် အဝိဇ္ဇာလည်း ဖြစ်နေမည်။ ယင်း အဝိဇ္ဇာ ဖြစ်နေလျှင် (အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ (ပ) ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ ဟူသော ဒေသနာတော်အရ သင်္ခါရ နောင် အို နာ သေ စသည် မီး ၁၁-ပါး ဆက်၍ လောင်ဦးမည်။

## ဒါနသည် အရေးအကြီးဆုံး ဖြစ်ကြောင်း

ဝိစိနန္တော တဒါ ဒက္ခိံ၊ ပဌမံ ဒါနပါရမိံ။
ပုဗ္ဗကေဟိ မဟေသီဟိ၊ အနုစိဏ္ဏံ မဟာပထံ။ ။

သုမေဓာ သူဌေးသားဖြစ်စဉ် ဘုရားဖြစ်ကြောင်း မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းကို အရေးတကြီး ဆင်ခြင် စုံစမ်းလိုက် သည် ရှိသော် ဂင်္ဂါသဲတူ ပွင့်တော်မူသွားကြသည့် ရှေးရှေးသော ဘုရားရှင် အပေါင်းတို့သည် နေ့ ညဉ့် မပြတ် အမြဲ အားထုတ်အပ်သော နိဗ္ဗာန်သွားရာ လမ်းကြောင်း ခရီးကောင်း ခရီး မ သဘွယ်ဖြစ်သော (ဒါန ပါရမီတော်ကြီး)ကို အခြား တပါးသော(သီလ၊ နိက္ခမ္မ၊ပညာ၊ဝီရိယ၊ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန်၊ မေတ္တာ၊ ဥပေက္ခာ)ဟူသော ပါရမီတော်တို့ထက် ရှေးဦးစွာ အရေးအကြီးဆုံး အနေ အဖြစ်ဖြင့် အစဆုံး ပထမဆုံး မြင်ဘော်မူသည်။ “အစကောင်းမှ အနှောင်း သေချာ” ဆိုသည့် အတိုင်း ဘုရားအလောင်း အရိယာ ပညာရှိ သူတော်ကောင်း တိုင်း ဒါန ပါရမီတော်ကြီးကို အတိအကျ အမိအရ အားထုတ်ကြသည်။

## ဒါနမပါ နိဗ္ဗာန်မရောက်

ပေးစရာ လမ်းစရိတ်မရှိက ရန်ကုန်နှင့် မန္တလေးပင် ရောက်ဖို့မလွယ်။ လမ်းမှာလည်း ငတ်ပြတ်ဦးမည်။ ထိုက်သင့်သော ဒါနရှိမှ ထိုက်သင့်သောသီလ ဖြစ်မည်၊ ထိုက်သင့်သော သီလဖြစ်မှ ထိုက်သင့်သော သမထ(သမာဓိ)ဖြစ်မည်၊ ထိုက်သင့်သော သမထ (သမာဓိ)ဖြစ်မှ ထိုက်သင့်သော ဝိပဿနာ (ပညာ) ဖြစ်မည်၊ ထိုက်သင့်သော ဝိပဿနာ (ပညာ)ဖြစ်မှလည်း ရုပ်နာမ်ကို ပိုင်းခြား၍ သိခြင်း (နာမရူပ ပရိစ္ဆေဒဉာဏ်)၊ ဘာ့ကြောင့် ရုပ်နာမ်ဖြစ်လာသည် ဟူသော ရုပ်နာမ်၏ အကြောင်းကို သိမ်းဆည်းနိုင်ခြင်း (ပစ္စယပရိဂ္ဂဟဉာဏ်)၊ ထိုမှ တပါး (သမ္မသန၊ ဥဒယဗ္ဗယ၊ ဘင်၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ၊ မုဥ္စိတုကမျ-တာ၊ ပဋိသင်္ခါ၊ သင်္ခါရုပေက္ခာ၊ အနုလောမ)ဉာဏ်များနှင့် ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်၊ အသင်္ခတဓာတ် အမြတ်ဆုံး နိဗ္ဗာန်အထိ ရောက်နိုင်မည်။ ထိုက်သင့်သော ဒါနသာမရှိက ဤအထိ ဘယ်လိုမှ မရောက်နိုင်ပါ။ သိဝံ ပတ္ထေတွာန ဒါနံ ဒါတဗ္ဗံ၊ သီလံ ရက္ခိတဗ္ဗံ၊ ဘာဝနံ ဘာဝေတဗ္ဗံ ဟူသော ဗုဒ္ဓဘာသိတပါဠိကို အထူးသတိပြုပါ။

## ဘာဝနာကို ကမ္မဋ္ဌာန်းဟု ခေါ်ကြောင်း

ယင်း နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းတို့တွင် (ဒါနနှင့် သီလ) တို့မှာ အတွေ့အကြုံ များကြပါ၍ ဘာဝနာတခုကိုသာ ဦးတည် စောက်ချ ရေးရပါမည်။ ယင်း ဘာဝနာသည်....

သမထဝိပဿနာနံ၊ ဘာဝနာန မိတောပရံ။

ကမ္မဋ္ဌာနံ ပဝက္ခာမိ၊ ဒုဝိဓမ္ပိ ယထာက္ကမံ။

ဟူသော လက်သန်း အဋ္ဌကထာပါဠိအရ ယင်း ဘာဝနာ ၂-ပါးကို ကမ္မဋ္ဌာန်း ၂-ပါးဟုလည်း ခေါ်သေးသည်။ ယင်း ၂-ပါးလုံးကို ပွားများအပ်သော ကြောင့် ဘာဝနာခေါ်သည်။ အားထုတ်လုပ်ကိုင်စရာ အလုပ်၏တည်ရာ ဖြစ် သောကြောင့် ကမ္မဋ္ဌာန်းခေါ်သည်။ ယင်း ၂-ပါးတို့ကို သမထ, ဝိပဿနာဟု အစဉ်အတိုင်း ပြသည်။ ထို့ကြောင့်....

(က) သမထဘာဝနာသည် အပြား (၄၀) ရှိသည်။

(ခ) ဝိပဿနာ ဘာဝနာသည် အပြား (၃) ရှိသည်။

## သမထ လေးဆယ်နှင့် ဝိပဿနာ သုံးပါး

| | | |
|---|---|---|
| သမထ (၄၀) ကား။ | ။(၁) ကသိုဏ်း သမထ | (၁၀)ပါး၊ |
| | (၂) အသုဘ သမထ | (၁၀)ပါး၊ |
| | (၃) အနုဿတိ သမထ | (၁၀)ပါး၊ |
| | (၄) အပ္ပမညာ သမထ | (၄)ပါး၊ |
| | (၅) သညာ သမထ | (၁)ပါး၊ |
| | (၆) ဝဝတ္ထာန် သမထ | (၁)ပါး၊ |
| | (၇) အာရုပ္ပ သမထ | (၄)ပါး၊ |
| ဝိပဿနာ (၃)ပါးကား။ | ။(၁) အနိစ္စ ဝိပဿနာ | (၁)ပါး၊ |
| | (၂) ဒုက္ခ ဝိပဿနာ | (၁)ပါး၊ |
| | (၃) အနတ္တ ဝိပဿနာ | (၁)ပါး၊ |

## အထူးသိထားထိုက်သော တရား ၃-မျိုး

ယင်းဘာဝနာ ၂-ပါးကို အားထုတ်ရာ၌ အောက်ပါ ၃-မျိုးကို အတိအကျ သိထားရမည်။ သိထားရန်တို့မှာ....

| | |
|---|---|
| (၁) စရိုက် | (၆) ပါး၊ |
| (၂) ဘာဝနာ | (၃) ပါး၊ |
| (၃) နိမိတ် | (၃) ပါး၊ |

စရိုက် (၆) ပါးကား။ ။ရာဂစရိုက် ဒေါသစရိုက် မောဟစရိုက် သဒ္ဓါစရိုက် ဗုဒ္ဓိစရိုက် ဝိတက်စရိုက်

ဘာဝနာ (၃)ပါးကား။ ။ပရိကမ္မဘာဝနာ ဥပစာရဘာဝနာ အပ္ပနာ ဘာဝနာ

နိမိတ် (၃) ပါးကား။ ။ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်

## ကသိုဏ်းနှင့် အသုဘ သရုပ် ရေတွက်ပြ

ကသိုဏ်း (၁၀) ပါးကား။ ။ပထဝီကသိုဏ်း အာပေါကသိုဏ်း တေဇောကသိုဏ်း ဝါယောကသိုဏ်း နီလ ကသိုဏ်း ပီတ ကသိုဏ်း

လောဟိတကသိုဏ်း ဩဒါတကသိုဏ်း
အာကာသကသိုဏ်း အာလောကကသိုဏ်း

အသုဘ (၁၀) ပါးကား။ ။ဥဒ္ဓုမာတက အသုဘ ဝိနီလက အသုဘ
ဝိပုဗ္ဗက အသုဘ ဝိစ္ဆိဒ္ဒက အသုဘ
ဝိက္ခာယိတက အသုဘ ဝိက္ခိတ္တကအသုဘ
ဟတဝိက္ခိတ္တက အသုဘ လောဟိတကအသုဘ
ပုဠုဝက အသုဘ အဋ္ဌိက အသုဘ

## ကြွင်း သမထ နှစ်ဆယ်တို့ကို ပြ

အနုဿတိ (၁၀) ပါးကား။ ။ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ
သံဃာနုဿတိ သီလာနုဿတိ
စာဂါနုဿတိ ဒေဝတာနုဿတိ
ဥပသမာနုဿတိ မရဏာနုဿတိ
ကာယဂတာသတိ အာနာပါနဿတိ

အပ္ပမညာ (၄) ပါးကား။ ။မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ

သညာ (၁) ပါးကား။ ။အာဟာရေ ပဋိကူလသညာ၊

ဓာတ္ထာန် (၁) ပါးကား။ ။စတုဓာတုဝဝတ္ထာန်၊

အာရုပ္ပ (၄)ပါးကား။ ။အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတန
အာကိဉ္စညာယတန နေဝသညာနာသညာယတန

## စရိုက်(၆)ပါး (ယောဂီ ၆-မျိုး)

(၁) ရာဂစရိုက်ရှိသူ-ရာဂအားကြီးသော ယောဂီ။
(၂) ဒေါသစရိုက်ရှိသူ-ဒေါသအားကြီးသော ယောဂီ။
(၃) မောဟစရိုက်ရှိသူ-မောဟအားကြီးသော ယောဂီ။
(၄) သဒ္ဓါစရိုက်ရှိသူ-သဒ္ဓါအားကြီးသော ယောဂီ။
(၅) ဗုဒ္ဓိစရိုက်ရှိသူ-ပညာအားကြီးသော ယောဂီ။
(၆) ဝိတက်စရိုက်ရှိသူ-ဝိတက်အားကြီးသော ယောဂီ။

## ဘာဝနာ ၃-ပါး အစီပွာယ်

(၁) ပရိကမ္မဘာဝနာ-နှုတ်က ရွတ်၍ လည်းကောင်း၊ စိတ်ဖြင့်မှန်း၍ လည်းကောင်း ရှေးဦးစွာ ပွားများမှုတည်း။

(၂) ဥပစာရ ဘာဝနာ-အိမ် အနီးအပါးကို အိမ်ဥပစာဟု ခေါ် သကဲ့သို့ ထို့အတူ အပ္ပနာဘာဝနာ(ဈာန် မဂ် ဖိုလ်) တရား၏ အနီးအပါးဖြစ်သော ဘာဝနာ အစဥ်တည်း။

(၃) အပ္ပနာဘာဝနာ-ဆိုင်ရာအာရုံ၌ စွဲမြဲစွာ သက်ဝင် တည်နေ သော ဈာန် မဂ် ဖိုလ် တရားများတည်း။

## နိမိတ် (၃)ပါး အစီပွာယ်

(၁) ပရိကမ္မနိမိတ်-ပရိကမ္မဘာဝနာ၏ အာရုံတည်း။
(၂) ဥဂ္ဂဟနိမိတ်-စိတ်ဖြင့်မှန်း၍ ယူအပ်သော အာရုံတည်း။
(၃) ပဋိဘာဂနိမိတ်-စီးဖြန်းခါစ မူလအာရုံနှင့်တူသော အာရုံတည်း။

## ယောဂီနှင့် ပေးထိုက်သော ကမ္မဋ္ဌာန်း

(၁) ရာဂစရိုက်ရှိ ယောဂီအား - အသုဘ (၁၀) ပါးနှင့် ကာယ ဂတာသတိ ပေါင်း ကမ္မဋ္ဌာန်း ၁၁-ပါး ပေး သင့်သည်။ ဤယောဂီအား ဤကမ္မဋ္ဌာန်းများ ပေးမှ လိုအပ်သော သမာဓိနှင့် လိုအပ်သော ဈာန်တွေ၊ အဘိညာဉ်တွေကို ရနိုင်မည်။

(၂) ဒေါသစရိုက်ရှိ ယောဂီအား - အပ္ပမညာ ၄-ပါးနှင့် နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ ပေါင်း ကမ္မဋ္ဌာန်း ၈-ပါး ပေးသင့်သည်။ ဤယောဂီအား ဤ ကမ္မဋ္ဌာန်းများ ပေးမှ လိုအပ်သော သမာဓိနှင့် လိုအပ်သော ဈာန်တွေ၊ အဘိညာဉ်တွေကို ရနိုင်မည်။

(၃) မောဟစရိုက်ရှိ ယောဂီအား လည်းကောင်း၊

(၄) ဝိတက်စရိုက်ရှိ ယောဂီအားလည်းကောင်း၊ အာနပါနဿတိ ကမ္မဋ္ဌာန်း တပါးသာ ပေးသင့်သည်။ ဤယောဂီတို့အား ဤ ကမ္မဋ္ဌာန်း ပေးမှ လိုအပ်သော သမာဓိနှင့် လိုအပ်သော ဈာန်တွေ၊ အဘိညာဉ်တွေကို ရနိုင်မည်။ မောဟ တရားဆိုးနှင့် ဝိတက်တရားဆိုးတို့ တဖြည်းဖြည်း ခြောက်သွေ့ လျော့နည်းသွားနိုင်သည်။

(၅) သဒ္ဓါစရိုက်ရှိ ယောဂီအား - ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊စာဂါနုဿတိ၊ ဒေဝတာနုဿတိ ဟူသော ပေါင်း ကမ္မဋ္ဌာန်း ၆-ပါး သင့်ပါသည်။ ဤယောဂီအား ဤ ကမ္မဋ္ဌာန်းတွေ ပေးမှ သဒ္ဓါတရားတွေ တဖြည်းဖြည်း တိုးတက်လာမည်။ ဒါမှ ကုသိုလ်တွေ ကြီးပွား များပြားလာမည်။ သဒ္ဓါသည် ကောင်းသောတရား ဖြစ်၍ တိုးတက်အောင် ပေးခြင်း ဖြစ်ပါသည်။

(၆) ဗုဒ္ဓိစရိုက်ရှိ ယောဂီအား-မရဏာနုဿတိ၊ ဥပသမာနုဿတိ၊ သညာ၊ ဝဝတ္ထာန် ဟူသော ပေါင်း ကမ္မဋ္ဌာန်း ၄-ပါး ပေးသင့်ပါသည်။ ယင်း ၄-ပါးကို ပေးခဲ့သော် ဗုဒ္ဓိ(ပညာ)တရားတွေ ပို၍ တိုးပွား ကုသိုလ် အကျိုးတွေ များလာမည်။ ပညာသည် ကောင်းသော တရားဖြစ်၍ ဤယောဂီအား ဤ ကမ္မဋ္ဌာန်းတွေ ပေးရပါသည်။

မှတ်ချက်။ ။ယောဂီ ၆-မျိုးလုံးနှင့် လျော်ကပ်သော ကမ္မဋ္ဌာန်း ၁၀-ပါးကား ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယောကသိုဏ်း၊ အာကာသကသိုဏ်း၊ အာလောကကသိုဏ်း ယင်း ၆-ပါးနှင့် အာရုပ္ပ ကမ္မဋ္ဌာန်း ၄-ပါး ပေါင်း ၁၀-ပါး တို့တည်း။

## ဒါကို လိုချင်လျှင် ဒီကမ္မဋ္ဌာန်းကို အားထုတ်

ဆိုပြီး သမထ ကမ္မဋ္ဌာန်း ၄၀-တို့တွင် အားထုတ်လျှင် ဈာန်ပါ ရနိုင်သော သမထက ၃၀ ဖြစ်လျက်, ဈာန်ကိုတော့ မရနိုင်၊ များစွာသော ကုသိုလ်တွေကို ဖြစ်စေတတ်သော ကမ္မဋ္ဌာန်းက ၁၀-ပါး ဖြစ်သည်။ ထို ဈာန်တရားတွေကို လိုလားသော ယောဂီတို့သည် သမထ ကမ္မဋ္ဌာန်းတွေကို အားထုတ်ရသည်။ ရူပဈာန်တွေကို ရစေတတ်သော သမထ ၂၆-ပါး၊ အရူပဈာန်တွေကို ရစေ တတ်သော သမထ ၄-ပါး၊ ပေါင်း ၃၀-ဖြစ်သည်။ ထို့ကြောင့်....

(က) ပထမဈာန် တမျိုးတည်းကို ရလိုလျှင် အသုဘ သမထ ၁၀-ပါး နှင့် ကာယဂတာသတိ သမထ ပေါင်း ၁၁-ပါးကို အားထုတ် ရသည်။ ယင်း ၁၁-ပါးကို အားထုတ်လျှင် ပထမဈာန်ကို ရနိုင်သည်။

(ခ) ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် ဟူသော ဈာန် ၄-ပါးကို ရလိုလျှင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဟူသော သမထ ကမ္မဋ္ဌာန်း ၃-ပါးကို အားထုတ်ရသည်။ ယင်း ၃-ပါးကို အားထုတ်လျှင် ယင်း ဈာန် ၄-ပါးကို ရနိုင်သည်။

(ဂ) ပဉ္စမဈာန်တမျိုးတည်းကို ရလိုလျှင် ဥပေက္ခာ သမထ ကမ္မဋ္ဌာန်း ၁-ပါးကို အားထုတ်ရသည်။ ယင်း ၁-ပါးကို အားထုတ်လျှင် ပဉ္စမဈာန်ကို ရနိုင်သည်။

(ဃ) ဈာန် ၅-မျိုးလုံးကို ရလိုလျှင် ကသိုဏ်း သမထ ၁၀-ပါးနှင့် အာနာပါနသတိ သမထ ပေါင်း ၁၁- ပါးကို အားထုတ် ရသည်။ ယင်း ၁၁-ပါးကို အားထုတ်လျှင် ဈာန် ၅-မျိုးလုံးကို ရနိုင်သည်။

## အရူပဈာန်များကို ရလိုသေးလျှင်

အရူပဈာန် ၄-မျိုးကို ရစေတတ်သော အရူပသမထ ကမ္မဋ္ဌာန်း ၄-မျိုး တို့တွင်....

(က) အာကာသာနဉ္စာယတနဈာန်ကို ရလိုလျှင် အာကာသာနဉ္စာယတန သမထကို အားထုတ်ရသည်။ အာကာသာနဉ္စာယတန သမထကို အား ထုတ်လျှင် အာကာသာနဉ္စာယတနဈာန်ကို ရနိုင်သည်။

(ခ) ဝိညာဏဉ္စာယတနစျာန်ကို ရလိုလျှင် ဝိညာဏဉ္စာယတန သမထကို အားထုတ်ရသည်။ ဝိညာဏဉ္စာယတန သမထကို အားထုတ်လျှင် ဝိညာဏဉ္စာယတနစျာန်ကို ရနိုင်သည်။

(ဂ) အာကိဉ္စညာယတနစျာန်ကို ရလိုလျှင် အာကိဉ္စညာယတန သမထကို အားထုတ်ရသည်။ အာကိဉ္စညာယတန သမထကို အားထုတ်လျှင် အာကိဉ္စညာယတနစျာန်ကို ရနိုင်သည်။

(ဃ) နေဝသညာနာသညာယတနစျာန်ကို ရလိုလျှင် နေဝသညာနာသညာယတန သမထကို အားထုတ်ရသည်။ နေဝသညာနာသညာယတန သမထကို အားထုတ်လျှင် နေဝသညာနာသညာယတန စျာန်ကို ရနိုင်သည်။

အမှာ။ ။စျာန်တရားကို လိုပါလျှင် သမထ ကမ္မဋ္ဌာန်းကို အားထုတ်ပါ။ မဂ်ဖိုလ်တရားကို လိုပါလျှင် ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်ပါ။ ဘာဝနာ ၂-ပါးကို ကမ္မဋ္ဌာန်း ၂-ပါးဟု နှစ်သက်သလို ခေါ်နိုင်သည်။

## စျာန်မရသော သမထအတွက် ရှင်းလင်းချက်

သမထ ကမ္မဋ္ဌာန်း ၄၀-တို့တွင် စျာန်ကို ဖြစ်စေတတ်သော သမထ ၃၀၊ မဖြစ်စေတတ်သော သမထ ၁၀၊ ယင်း မဖြစ်စေတတ်သော သမထ ၁၀-ပါးကား (ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာ နုဿတိ၊ ဥပသမာ နုဿတိ၊ မရဏာ နုဿတိ၊ အာဟာရေ ပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန်) ဟူ၍ ပေါင်း သမထ ၁၀-ပါး၊ ယင်း ၁၀-ပါးသော သမထ ကမ္မဋ္ဌာန်း တို့သည် ယောဂီအား စျာန်ကို မရစေတတ်။ သို့သော် အလွန် အကျိုးများသည်။ အကျိုးများပုံကား အနုဿတိ ရှေ့ ၆-ပါးသည် သဒ္ဓါကို တိုးပွားစေတတ်သည် ဖြစ်၍ လည်းကောင်း၊ ဥပသမာနုဿတိ၊ မရဏာနုဿတိနှင့် သညာ၊ ဝဝတ္ထာန် ဟူသော ယင်း ၄-ပါးသည် ဗုဒ္ဓိ (ပညာ) ကို တိုးပွားစေတတ်သည် ဖြစ်၍ လည်းကောင်း များစွာသော ကုသိုလ်တွေကို ဖြစ်စေတတ်သည်။ ယင်း သမထ ၁၀-ပါး ဘာ့ကြောင့် စျာန်မရစေနိုင်သနည်းဟူမူ....

ဗုဒ္ဓါနုဿတိအာဒီသု အဋ္ဌသု, သညာ ဝဝတ္ထာနေသု စာတိ ဒသသု ကမ္မဋ္ဌာနေသု ဥပစာရ ဘာဝနာဝ သမ္ပဇ္ဇတိ၊ နတ္ထိ အပ္ပနာ။

ဟူသော လက်သန်း အဋ္ဌကထာပါဠိ မိန့်အပ်သည်နှင့်အညီ ယင်း သမထ ၁ဝ-ပါးသည် အလွန်အကျွံ အားထုတ်စေကာ ဥပစာရ ဘာဝနာသာ ပြည့်စုံနိုင်၏။ အပ္ပနာဘာဝနာကား မဖြစ်နိုင်။ မရနိုင်။ ထို့ကြောင့် ဈာန်မရနိုင်ဟူလို။

**နီဝရဏ၊ ဈာန်၊ သမထ (၃) မျိုး အထူး**

(က) ဈာနာဒိကုသလေ ဓမ္မေ နိဝါရေတီတိ နီဝရဏံ=အကြင်သဘော တရားသည် ဈာန် အစရှိသော ကုသိုလ် တရားတို့ကို တားမြစ် ပိတ်ပင်တတ်၏။ ထိုဈာန် အစရှိသော ကုသိုလ် တရားတို့ကို တားမြစ် ပိတ်ပင်တတ်သော သဘော တရားသည် နီဝရဏ မည်၏။ ကာမစ္ဆန္ဒ၊ ဗျာပါဒ စသော တရားကိုယ် ရှစ်ခု ရ၏။

(ခ) ကာမစ္ဆန္ဒာဒိ နီဝရဏဓမ္မေ ဈာပေတီတိ ဈာနံ=အကြင် သဘော တရားသည် ကာမစ္ဆန္ဒ အစရှိသော နီဝရဏ တရားတို့ကိုခြောက်သွေ့ လောင်ကျွမ်းစေတတ်၏။ ထိုကာမစ္ဆန္ဒ အစရှိသော နီဝရဏတရားတို့ကို ခြောက်သွေ့လောင်ကျွမ်းစေတတ်သော သဘောတရားသည် ဈာန်မည်၏။ မဟဂ္ဂုတ် ဈာန်တို့ကို ရ၏။

(ဂ) ကာမစ္ဆန္ဒာဒိ နီဝရဏ ဓမ္မေ သမေတီတိ သမထော=အကြင် သဘောတရားသည် ကာမစ္ဆန္ဒ အစ ရှိသော နီဝရဏ တရားတို့ကို ငြိမ်းအေးစေတတ်၏။ ထိုကာမစ္ဆန္ဒ အစရှိသော နီဝရဏ တရားတို့ကို ငြိမ်းအေးစေတတ်သော သဘောတရားသည် သမထ မည်၏။ သမာဓိခေါ် ဧကဂ္ဂတာ စေတသိက်ကို ရ၏။

## ပထဝီကသိုဏ်းဝန်း လုပ်နည်း

သမထ ၄၀ တို့၏ အစဆုံးဖြစ်သော ပထဝီကသိုဏ်းတခုကို အားထုတ်ပုံ အားထုတ်နည်း စနစ်ကျနအောင် စိတ်ဝင်စားစွာ အထူး မှတ်စေလိုသည်။ ဆရာမပြ နည်းမကျ ဖြစ်တတ်သည်။ ရှေးဦးစွာ ကသိုဏ်းဝန်းကို ဇကျအန လုပ်ရသည်။ လုပ်ပုံမှာ (အညို၊ အရွှေ၊ အနီ၊ အဖြူ) ဟူသော ဝါ-နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ ဟူသော ဝဏ္ဏကသိုဏ်း ၄ ပါးနှင့် အရောအနှော မဖြစ်စေသော ရွှံ့စေးကို အလျား အနံ ၁ ထွာလောက် လှည်းဘီးကဲ့သို့(ဝါ)ကျောက်ပြင်ကဲ့သို့ ဂျပ်ပြားဝိုင်းလေးတခု လုပ်ရမည်။ မိမိ(ယောဂီ)၏ ကြည့်မည့်ဘက်မှ စည်မျက်နှာလို ချောအောင်လုပ်ပြီး အနားမှ ဒန်ပူ ၁ ပြားစာလောက် ဆေးအဖြူသော်လည်းကောင်း၊ အစိမ်းသော်လည်းကောင်း ယပ်ဝန်းလေးလို အနားပတ် တင်လိုက်ပါ။

## ကသိုဏ်းဝန်း၏ အကျိုးအပြစ်နှင့် ထားပုံ

ဤသို့ ကသိုဏ်းဝန်းလုပ်ရာ၌ ယင်း တထွာမှ လျှော့လိုလျှင် လက်နှစ်သစ်လျှော့၍ ပိုလိုလျှင် လက်လေးသစ်၊ ရှစ်သစ်လောက် ပိုနိုင်၏။ သတိပြုရန်မှာ ကသိုဏ်းဝန်းငယ်လျှင် စိတ်ကို ထားရလွယ်သည်။ နိမိတ်လည်း ရလွယ်သည်၊ အကယ်၍ ကသိုဏ်းဝန်းကြီးလျှင် စိတ်ကို ထားနိုင်ခဲသည်။ နိမိတ်လည်း ရခဲသည်။ ထိုကသိုဏ်းဝန်းကို အညစ်အကြေး မစွန်းရ မပဲ့စေရအောင် ကောင်းစွာထားရမည်။ ဘုရားရှင်၏ ဓာတ်တော်များကဲ့သို့ ရိုသေစွာ ထားရမည်။ ကသိုဏ်းဝန်းကို ဤသို့ ပြုလုပ်ပြီးလျှင် ဆိတ်ငြိမ်ရာ လူသူကင်းရာ အရပ်တခု၌ တယောက်တည်း ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပြီးလျှင် ယင်း ကသိုဏ်ဝန်းကို ကြည့်လို့ကောင်းရာ လက်လှမ်းမီလောက်သော နေရာ၌ အနေအထား ကျနအောင် မမတ်လွန်း မစောင်းလွန်းကလေးဖြစ်အောင် ထောင်ထားလိုက်ပါ။

## ဤအစီအစဉ် (၆)ခုကို အရယူပါ

ထောင်ထားပြီး အောက်ပါအစီအစဉ် ၆-ခုကို မိမိရေ၊ ပီပီကျကျ၊ လေးလေးနက်နက်၊ ပီပီပြင်ပြင် ဆောင်ရွက်ရမည်။

(၁) ဘုရားရှင်၏ ဂုဏ်တော်များကို အနည်းငယ်ဖြစ်စေ ရသလောက် အချိန်ယူပြီး နှလုံးသွင်း ပွားများကာ ရှိခိုးဦးခိုက်ရမည်။

(၂) သတ္တဝါ ခပ်သိမ်းတို့သည် ဘေးရန်ကင်းငြိမ်း ချမ်းသာကြပါစေ၊ ကောင်းမြတ်သော အာရုံတို့ကို တွေ့မြင်ကြပါစေ၊ မှန်မြတ်သော တရားဓမ္မတို့ကို ပြည့်ဝ ရင့်ကျက်အောင် နှလုံးသွင်းနိုင်ကြပါစေ။

(၃) ငါသည် မချွတ်ဧကန် သေရလိမ့်မည်။ မသေခင်စပ်ကြား ကိုးကွယ်ရာ အားထားရာ တရားတခုခုရအောင် ပြုထားရမည်။ ယင်းတရားတခုခုသည် ငါ့အား ကိုးကွယ်ရာ အားထားရာ အမှန်ဖြစ်တော့သည်ဟု (မရဏာသညာ) ကို အနည်းငယ်ကလေး ဖြစ်စေ အချိန်ယူပြီး ရှုမှတ် အားထုတ်ရမည်။

(၄) ဤကသိုဏ်းရှုပွားသော အကျင့်သည် ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ ပညာရှိအပေါင်း သူတော်ကောင်းတို့၏ ကျင့်စဉ် ကျင့်ရပ် ကျင့်ထုံး အမှန်ဖြစ်သည်ဟု ဆင်ခြင် အောက်မေ့ထားရမည်။

(၅) ကသိုဏ်းဝန်း၌ ရှိသေခြင်းကို အများဆုံးဖြစ်စေ၍ ဤကသိုဏ်း ရှုပွားသော အကျင့်မြတ်ဖြင့် ဘုရား ပစ္စေကဗုဒ္ဓါ အရိယာအရှင်မြတ်ကြီးတို့သည် အဖန်ဖန် ပဋိသန္ဓေနေရခြင်း၊ အဖန်ဖန်အိုရခြင်း၊ အဖန်ဖန် နာရခြင်း၊ အဖန်ဖန် သေရခြင်း ဟူသော ဘေးဆိုးကြီး လေးမျိုးမှ ကင်းလွတ် ချမ်းသာသွားကြရလေပြီ။ ငါသည်လည်း မသွေ မုချ လွတ်မြောက် ချမ်းသာရပေလတ့်။

(၆) ဤကသိုဏ်း ရှုပွားသော အကျင့်နှင့် ဤကသိုဏ်းဝန်းသည် ငါ၏ ကိုးကွယ်ရာ၊ အားထားရာ၊ ပုန်းအောင်းရာ အမှန်အစစ် ဖြစ်ပါတကားဟု လေးနက် ကျယ်ပြန့် နက်ရှိုင်းစွာ အထပ်ထပ် ဆင်ခြင်ရမည်။

## လိပ်ကိုကျားစုပ် ပမာထုတ်စို

ဤအတိုင်း လိုက်နာကျင့်သုံးလျက် ကသိုဏ်းဝန်း၌ အလွန် ချစ်ခင်နှစ်သက်ကာ အလွန် လိုချင်သော သမ္မာဆန္ဒဖြင့် ထိုမြေကသိုဏ်းဝန်းကြီးကို စူးစူးစိုက်စိုက် အားတက် ကြည့်ရှုရမည်။ ယင်း မြေကသိုဏ်းဝန်းကြီးကို မျက်စိဖြင့် မြင်သိတိုင်း မြင်သိတိုင်း စိတ်၌လည်း ခိုင်ခိုင်မြဲမြဲ စွဲကပ်နေအောင် စူးစိုက်ကြည့်ရှုရမည်။ မိမိစိတ်ကို ကသိုဏ်းဝန်း၏ တစိတ်တဒေသ၌ မထားဘဲ

ကသိုဏ်းဝန်း တခုလုံးကို ခြုံမိ ငုံမိအောင် အတင်းတွန်းပြီး ကြည့်ရှုရမည်။ "လိပ်ကိုကျားစုပ်၊ ပမာထုတ်" ဟူသော ရှေးစကားကဲ့သို့ တောလည်သွားရင်း ဆာလောင်လှသော ကျား သတ္တဝါကြီးသည် လိပ် သတ္တဝါတကောင်ကို တွေ့လိုက်သည့်အခါ စိတ်ပါ လက်ပါ အတင်း အားယူ၍ လိပ်၏ ခန္ဓာကိုယ် အဘွင်းမှ အသား အသွေး အူသိမ် အူမ စသည့် အားလုံး တပြုံလုံး ပါလာ အောင် အားကုန်သွန်ပြီး စုပ်လိုက်သလို ဤသို့ စုပ်လိုက်သည့် အခါ လိပ်မှာ အခွံကြီးသာ ကျန်ရစ်တော့သည့်အလား ယင်းဥပမာကို ယောဂီတိုင်း သဘော ပေါက်ရမည်။ ထိုကျားသတ္တဝါကြီး၏ စိတ်ဆန္ဒကဲ့သို့ ယောဂီ၏ စိတ် ဆန္ဒသည် လည်း ပြင်းပြင်း ပြပြထား၍ ကသိုဏ်းဝန်းကြီးတခုလုံး မိမိစိတ်၌ စွဲကပ် ထင်လာ အောင် စေ့စေ့ စပ်စပ် တွန်းပြီး ကြည့်ရှုရမည်။

## ဥဂ္ဂဟနိမိတ် ရ မရ ဒိလိုစမ်းကြည့်ပါ

ရှုပါများ အလေ့အလာ အားကောင်း၍ မိမိစိတ်၌ စွဲလောက်ချိန် တန်လျှင် မျက်စိကိုမှိတ်၍ အစမ်း ရှုမှတ်ကြည့်ပါ။ အာရုံကို ယူကြည့်ပါ။ ဖွင့်၍ ကြည့်နေတုန်းကလို မူမပျက်၊ အခြေအနေ မပြောင်း ပုံမှန် ကျ လျက် မြေကြီးဝန်းကြီး ထင်၍နေလျှင် မြေကြီး (ပထဝီ) ကသိုဏ်း ဥဂ္ဂဟနိမိတ် ရပြီဟု မှတ်လေ။ အကယ်၍ မထင်သေးလျှင် မျက်စိကို ပြန်ဖွင့်၍ အားသွန် ဆက် ရှုပါ။ ခဏခဏ မှိတ်၍လည်း မစမ်းလေနှင့်။ တရားမတက် တန့်လျက် နေတတ်သည်။ ကြာနိုင်သမျှ ကြာအောင် ကြည့်ရှုပြီး နိမိတ်ကို ရအောင် ယူရမည်။ ကြည့်ဖန် များ၍ ကြာလာလျှင် ပါရမီအား ရှုအား မှတ်အားအရ မုချ ရမည်မှတ်လေ။ ဤသို့ ဥဂ္ဂဟ နိမိတ်ရအောင် ရှုရာ၌ (ပထဝီ ကသိဏံ၊ ပထဝီ ကသိဏံ) ဟူ၍ လည်းကောင်း၊ (မြေကြီးကသိုဏ်း၊ မြေကြီးကသိုဏ်း) ဟူ၍ လည်းကောင်း ပါးစပ်က မရွတ်ရ။ ဘယ်လိုမှ မရွတ်ရ။ မိမိစိတ်ကို ကသိုဏ်းဝန်း၏ တစိတ် တဒေသ၌ မထားဘဲ တခုလုံးကို ခြုံငုံ၍ အတင်းတွန်းပြီး ကြည့်ရှုရမည်။ ကြည့်ရှု ရန်မှာ မိမိ၏ တာဝန်ဟု သဘောပေါက်နေရမည်။

## တချက်တည်း အလဲထိုး ဖြိုချ ပျက်ဆီးပစ်မည်

မြေကြီးဝန်းကို စိတ်ထဲကသာ (မြေ၊ မြေ) ဟု မှတ်သိလျက် မြင်သည့် အတိုင်း စိတ်၌ စွဲပါလာအောင် ကြည့်ရမည်။ ကြည့်သောအခါ၌လည်း မျက်စိကို မေးလျက် မကြည့်ရ။ မေးပြီး ကြည့်လျှင် တဖြည်းဖြည်း အိပ်ချင်လာတတ်

သည်။ ကြည့်အားလျော့စိတ်အားပါ ပျော့လာတတ်သည်။ မျက်စိကို ဖွင့်နိုင်သမျှ ဖွင့်ထားပါ။ မျက်ခွံတောင်မခတ်ဘဲ စူးစူး စိုက်စိုက် ကြည့်နိုင်သမျှ ကြည့်ပါ။ အမြဲ အားတင်းထားပါ။ လမ်းဆုံးသည့်အခါ ရွာတွေ့မှာ သေချာပါသည်။ ရွာတွေ့အောင် လမ်းဆုံးဘို့ အားသွန် ကြိုးစားပါ။ အိပ်ချင်စိတ် ဝင်လာလျှင် ကသိုဏ်းဝန်း ၂-ခုကဲ့သို့ ထင်လာတတ်သည်။ မှေးမှိန်မှိန်လည်း ဖြစ်လာတတ်သည်။ မထင်စေအပ်၊ မဖြစ်စေအပ်။ သတိကို ကြပ်ကြပ်ထားပါ။ တခြား တပါးသို့လည်း စိတ်ရောက်နေတတ်သည်။ စိတ်ကို ကသိုဏ်းဝန်းပေါ်သို့ အမြဲ တင်ထားပါ။ တဖြည်းဖြည်း လျော့ကျလာတတ်သည်။ ဟိုတွေး ဒီတွေး တွေးရာမှ စိတ်ပျော့ ဝီရိယလျော့ပြီး ပျင်းရိလာတတ်သည်။ ငါသည် တခဲနက် ကျောက်အတိပြီးသော မြင့်မိုရ်တောင်ကြီးကို တချက်တည်း အလဲထိုး ဖြိုချ ဖျက်ဆီးပစ်တော့မည့် ယောကျ်ားကဲ့သို့ ကိလေသာ မြင့်မိုရ်တောင်ကြီးကို တထိုင်တည်းဖြင့် ပျက်စီး ချုပ်ငြိမ်းသွားအောင် ပြင်းထန်သော သမ္မပ္ပဓာန် လုံ့လဖြင့် အံကြိတ်ကာ တွန်းကြည့် ရှုမှတ်အပ်သည်။ သတ္တိ ဇွဲ မြဲပါစေ။

## သံလိုက်ကောင်းတွင် အပ် ပစ်တင်သလို

အချို့ ယောဂီမှာ မကြာမီ နိမိတ်ရနိုင်သည်။ အချို့ ယောဂီမှာ အလွန်ကြာမြင့်စွာ အားထုတ်မှ ရသည်။ ဤသို့ စိတ်ထဲ၌ ယူ၍ရသော နိမိတ်သည် "ဥဂ္ဂဟနိမိတ်" မည်၏။ အပြင်ဘက် ကသိုဏ်းဝန်းကား "ပရိကမ္မနိမိတ်" မည်၏။ ပရိကမ္မ နိမိတ်၌ တထပ်တည်းယူ၍ ဥဂ္ဂဟနိမိတ်ကို ရသည့်အခါ "သံလိုက်ကောင်းကောင်းကို ထိလိုက် ကပ်လိုက်သော အပ်သည် အတင်း တွယ်ကပ်၍ နေသကဲ့သို့" စိတ်သည် ဤမြေကြီး၏ ဥဂ္ဂဟနိမိတ်ကို ရသည့်အခါ တွယ်ကပ်၍သာ နေလေသည်။ ဘယ်အကြောင်းကြောင့် အရပ်တပါးသို့ များစွာ မပြေး၊ မသွားတော့ပြီ။ မျက်စိကို ဖွင့်ထားလျှင် ရှေ့တည့်တည့်ရှိ အဆင်းတို့ကို မြင်၏။ မှိတ်လိုက်လျှင် ဘယ်ကိုမှ မမြင်ဘဲ ဤ ကသိုဏ်းဝန်းကိုသာ မြင်၍ နေလေ၏။ မျက်စိမှိတ်ပြီး ပက်လက်နေလျှင် ကသိုဏ်းဝန်းကြီးသည် မျက်နှာပေါ်သို့မိုးလျက် နေလေ၏။ မှောက်လျက် နေလျှင်ကား မိမိမျက်နှာအောက်တွင်ရှိ ကြမ်းနှင့်ဖျာကို မမြင်ဘဲ ကသိုဏ်းဝန်းကြီးကိုသာ မြင်၍ နေလေ၏။ရေထဲ၌ ငုပ်၍ နေလျှင် ရေကို မမြင်တော့ဘဲ ကသိုဏ်းဝန်းကြီးကိုသာ မြင်၍ နေလေ၏။ မိမိ မျက်နှာကို လက်ဝါးဖြင့် ပိတ်ထားလျှင်လည်း လက်ဝါးကို မမြင်ဘဲ ကသိုဏ်းဝန်းကြီးကိုသာ မြင်၍ နေလေ၏။

## ဥဂ္ဂဟနိမိတ် ထင်ပုံနှင့် ရင့်ကျက်လာမှု

ဥပမာ။ ။နေ့အခါက မသာကောင်ကြီးကို မလွဲမရှောင်သာ၍ နေ့အခါက ကိုင်တွယ်ရသဖြင့် မသာကောင် (ပရိကမ္မနိမိတ်) ကြီးမှ စွဲလျက် စိတ်ထဲမှာ ကပ်ပါလာသော (ဥဂ္ဂဟနိမိတ်ကြီး) ညဉ့်အခါကျအောင် ထင်၍ နေလေသည်။ ထို့အတူ ကသိုဏ်းဝန်းကြီး ထင်၍ နေလေ၏။ တကယ် ထင်မြင်လာလျှင် အိပ်၍ မပျော်တော့ပြီ။ ကြပ်ကြပ် အားထုတ်လေ မျက်စိကျယ်လေ ဖြစ်နေလေ၏။ အကယ်၍ အိပ်ပျော်ချင်လျှင် (ကြည့်အား) အမှတ်ကို ရွှေ့လိုက်ရမည်။ တဖြည်းဖြည်း အမြင်တွေလျော့လျက် စိတ်တည်းဟူသော သဝင်ကလေးတွေပါ ပျော့ကျပြီး အိပ်ပျော်သွားပေလိမ့်မည်။ နိုးလာပြန်လျှင်လည်း ပြန်၍ ထင်ပြီး နိုးလာလေ၏။ မိမိ မျက်နှာရှေ့က ကသိုဏ်းဝန်းကြီး ကားဆီး ကားဆီး ဖြစ်၍ နေဘဲ၏။ ဤသို့ ဥဂ္ဂဟနိမိတ် ရ၍ အတော် ရင့်ကျက်လာသောအခါ မျက်စိ မမှိတ်ဘဲ ကသိုဏ်းဝန်းကြီးကိုသာ မြင်၍ နေလေ၏။ စင်္ကြံဝိထိ မကျေးတော့ပါ။ စင်္ကြံသွားရင်းလည်း ရှုကြည့်၍ ရနေ၏။ ဥဂ္ဂဟနိမိတ် ဤသို့ ထင်သောလျှင် (ထိန၊ မိဒ္ဓ) ခေါ် ထိုင်းမှိုင်း ငိုက်မျည်းခြင်းတို့သည်လည်း တဖြည်းဖြည်း ကင်းကွာ၍ သွားကြလေ၏၊ သမထ၏ တန်ခိုး သတ္တိကလေးများလည်း ရင့်ကျက်လာမှု အားလျော်စွာ ပြလာတတ်သည်၊ ကျန် နီဝရဏ တရားဆိုးတို့သည်လည်း ထို့အတူ တဖြည်းဖြည်း အစီအရီ ငုပ်လျှိုး ကွယ်ပျောက်၍ သွားကြလေ၏။ ကျန်းမာ ကြည်လင်လှုက်ပင် ရှိနေ၏။

## သမထတန်ခိုး ပွံ့ဖြိုး ကြီးမား

ဤသို့ ဥဂ္ဂဟနိမိတ်ကို ရသည့်အခါ ပြင်ပ ပရိကမ္မနိမိတ် ကသိုဏ်းဝန်းကို ဖယ်ထား၍ စိတ်ထဲဘွင် စွဲလျက် ကပ်ပါနေသော ဥဂ္ဂဟနိမိတ်ကိုသာ စွဲမြဲစွာ ကြည့်ရှုရမည်။ ဤသို့ ကြည့်ရှုပါများလျှင် ယင်း ဥဂ္ဂဟနိမိတ်သည် တဖြည်းဖြည်း ရှုရင်း မှတ်ရင်း နူးညံ့ သိမ်မွေ့လျက် အဆ အရာ အထောင်မက ချောညက် နူနယ်လာလိမ့်မည်။ အလွန်ဘဲ နှစ်သက်ဖွယ် ပျော်မွေ့ဖွယ် ထူခြားသော ခံစားချက် ကလေးတွေကို တခုပြီး တခု ဆိုသလို ကောင်း၍ ကောင်း၍ လာပေလိမ့်မည်။ ဓမ္မ ပီတိ သုခ သေတိ ဟူသော ဒေသနာမှန်ကို ရှုရင်း မှတ်ရင်း မြင့်ပင် အလုံက သောက်ခံ သေးနက်စေပေလိမ့်မည်။ဘယ်လောက်ပင် ကြည့်ရ ကြည့်ရ ပျင်းရိခြင်း မရှိ၊ အားရခြင်း မရှိ၊ ဝန်လေးခြင်း မရှိ၊ အကြည့်တခုကို အကြည့်

တခုက ဆွဲခေါ်သယ်,မ,သွားသလို ပေါ့ပေါ့ ပါးပါး သူ့သဘော သူဆောင်၍ သွားနေတော့သည်။ ထိုအခါ ဤသို့ ဖြစ်နေ တွေ့နေရသော နိမိတ်ကို ''ပဋိဘာဂနိမိတ်'' ဟု ခေါ်ရသည်။ ထိုပဋိဘာဂနိမိတ်အဖြစ်သို့ ရောက်လာသောအခါ....

## တရားဆိုး တရားယုတ် မြုံလုံးပြုတ်

(က) ကာမဂုဏ်ကို သုံးစွဲ ရယူလိုသော ကာမစ္ဆန္ဒနီဝရဏ၊

(ခ) အမျက်ဒေါသတို့ဖြင့် ခက်ထန် တင်းမာလိုသော ဗျာပါဒ နီဝရဏ၊

(ဂ) ငိုက်မျဉ်း ထိုင်းမှိုင်းခြင်း ဟူသော ထိနမိဒ္ဓနီဝရဏ၊

(ဃ) ပျံ့လွင့်ခြင်း ပူပန်ခြင်း ဟူသော ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊

(င) ကမ္မဋ္ဌာန်း ဆရာ၌ လည်းကောင်း၊ ကမ္မဋ္ဌာန်းကျင့်စဉ် လမ်းကြောင်း၌ လည်းကောင်း ယုံမှားခြင်း ဟူသော ဝိစိကိစ္ဆာနီဝရဏ။

ဤနီဝရဏ ၅-ပါးတို့သည် တဖြည်းဖြည်း ကုန်၍ ကုန်၍ ခန်း၍ ခန်း၍ နောက်ဆုံး တခါတည်း ကွယ်ပျောက်သွားလေတော့၏။ တဖန် ဦးလှည့်ကာ ပြန်၍ မလာတော့ပြီ။ ကြွင်းသော အကုသိုလ် နီဝရဏတို့သည်လည်း အလျှိုအလျှို စောင့်ကြည့် ငုပ်လျှိုး ကွယ်ပျောက်၍ သွားလေ၏။

## ဈာန်တရားများ ထင်ရှား ဖြစ်ပေါ်ချိန်

(က) ဝိတက် - ယောဂီ၏စိတ်ကို သက်ဆိုင်ရာ အာရုံပေါ်သို့ ရောက်အောင် ဆွဲတင် ပို့ပေးတတ်သည်။

(ခ) ဝိစာရ - ယင်း ဆွဲတင် ပို့ပေးပြီးသော စိတ်ကို ထိုအာရုံ၏ အပေါ်မှာ လျှောကျ လိမ့်ဆင်း၍ မသွားအောင် ထိန်းကျောင်းပေးသည်။

(ဂ) ပီတိ - အားရခြင်း၊ နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း သဘောရှိသည်။

(ဃ) သုခ - ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်းကို ဖြစ်စေတတ်သော သဘောရှိသည်။

(င) ဧကဂ္ဂတာ - အာရုံ၌ စိတ်ကို ငြိမ်သက်စွာဖြစ်နေစေခြင်း သဘောရှိသည်။

ဤ ဈာန်အင်္ဂါ ၅-ပါးရှိသော ပထမဈာန်၊ ဈာန်အင်္ဂါ ၄-ပါးရှိသော ဒုတိယဈာန်၊ ဈာန်အင်္ဂါ ၃-ပါးရှိသော တတိယဈာန် စသည်တို့သည်လည်း ဝိပဿနာ အရာ၌ ယောဂီ၏ သန္တာန်တွင် မဂ္ဂင်အကျင့် တရားတွေကြောင့် မဂ်ဉာဏ်တွေ ပေါ်သကဲ့သို့ မှတ်ရင်း ရှုရင်း တဖြည်းဖြည်း အားကောင်းပြီး ထင်ရှားလာတတ်သည်။ ယင်း ဈာန်အင်္ဂါကိုသာ မက ယှဉ်ဖော် ယှဉ်ဖက် စေတသိက်တို့လည်း တဖြည်းဖြည်း အားကောင်းပြီး ထပ်တူ ထပ်မျှ ထင်ရှားလာတတ်ကြသည်။ အဲဒီအခါမှာ သတိများ အလွန် အားကောင်းလာတတ်သည်။

## ခိုင်းတိုင်း ဟုတ်၊ လုပ်တိုင်း ဖြစ်သလော

ယောဂီ၏ ယခု ရောက်နေသော အခြေအနေ အလျောက် ကြည့်ရှုနေသော အချိန်မှ စ၍ အထက်ကို အမိ ရင်ခွင်တွင် အမိ၏ နို့ကို နောက်ဆုံးပိတ် စို့ခဲ့ရသည့် အချိန်ကျအောင် ဤအတွင်း ပြုဘူးသမျှ၊ ရောက်ဘူးသမျှ၊ ရဘူးသမျှ ဖြစ်ရပ်မှန် အားလုံးကို ယခုဘဲ ပြုနေရသလို၊ ရောက်နေရသလို၊ ရနေရသလို အားလုံး သတိရလာတတ်သည်။ အဲဒီအခါ ယောဂီ၏ စိတ်တို့သည်လည်း ကြီးထွားနေ၏။ လျင်မြန်နေ၏၊ လေးနက်နေ၏၊ စကြဝဠာ နံရံ တံတိုင်းကြီးပေါ်သို့ စိတ်ဖြင့် လှည့်ပတ် ပြေးလိုက်လျှင် လက်ဖျစ်တတွက် အတွင်းမှာပင် ပတ်မိ၏၊ နှံ့စပ်၏။ အကွင်းကြီး ထ၍ တနည်း လမ်းကြောင်းကြီး ထင်၍ လိုက်လာ၏။ စိတ်သွားရာ အရပ်မှာ (မှန်ပြားအစစ်ကို၊ စိန်သွားဖြင့် ခြစ်လိုက်သလို) အကြောင်းကြီး ထင်၍ လိုက်လာ၏။ ဝိတက်၏ သန်စွမ်း ခိုင်မာလာပုံတို့မှာလည်း လိုရာအရပ်ဆီသို့ လွှတ်လိုက်တိုင်း ပို့လိုက်တိုင်း တန်းကနဲ တန်းကနဲ စူးဝင် ပြေးဝင်သွားလေ၏။ ပျော့ညွတ်ခြင်း၊ ကွေးကောက်ခြင်း မရှိ "ခိုင်းတိုင်း ဟုတ်၊ လုပ်တိုင်း ဖြစ်" နေလေတော့၏။

## ထားသလို နေ၊ စေသလို သွားသလော

သမထလမ်း၌ ပဋိဘာဂနိမိတ်၊ ဝိပဿနာလမ်း၌ ဥဒယဗ္ဗယဉာဏ် ဟူသော အဆင့်သို့ ရောက်ကြလျှင် ထိုယောဂီကို တိဟိတ်ပုဂ္ဂိုလ်ဟု မှတ်ရမည်။

တိဟိတ်ပုဂ္ဂိုလ်တို့သာ ဤနေရာ ဤအဆင့်သို့ ရောက်နိုင်သည်။ သို့မဟုတ် မရောက်နိုင်။အားမထုတ်လို့ မရောက်တာ မဟုတ်၊အားထုတ်သည်၊ ဆိုက်ရောက်ချိန်သို့လည်း ရောက်နေပြီ၊ သို့သော် မဆိုက်ရောက်။ သို့မှသာ တိဟိတ် မဟုတ်ဟု မှတ်ရမည်။ တိဟိတ်မှ မဂ်ဆိုက် ဖိုလ်ဆိုက် ဖြစ်နိုင်သည်။ အားထုတ်သည့်အခါ အချို့ နှစ်ပေါင်းများစွာ ကြာမှ ဤနေရာ ဤအဆင့်သို့ ရောက်ကြသည်။

(က) ဈာန် တရားထူး၊

(ခ) မဂ် တရားထူး၊

(ဂ) ဖိုလ်တရားထူး

ဟူသော တရားထူးတို့ကို ရကြသည်။ဤပဋိဘာဂနိမိတ်၊ဥဒယဗ္ဗယဉာဏ်အဆင့်၌ တိဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ် စသည်အားဖြင့် ခွဲရမည်။ခွဲသော နေရာပါတည်း။ ဤအဆင့်သို့ ရောက်နိုင်၍ တိဟိတ် မှန်ခဲ့လျှင် ထိုယောဂီသည် အားထုတ်မှု ဆန္ဒပြင်းပြက ဈာန် မဂ် ဖိုလ် တရားထူးတို့ကို ဧကန် ရနိုင်မည်။ သို့ဖြစ်၍ "ထားသလိုနေ၊ စေသလိုသွား" အာဏာ အပြည့်ရှိသည့် ဘဝမျိုးပါတည်း။

## စကြာမင်းလောင်း ခိုအောင်းမိခင်

ယင်း ပဋိဘာဂနိမိတ်ကို ရပြီးသော ယောဂီသည် ထို ပဋိဘာဂနိမိတ်ကို စကြာမင်းလောင်း ကိုယ်ဝန်ကို ဆောင်ယူ လွယ်ထားရသော မိခင်သည် သန္ဓေ၏ တန်ဘိုးကိုသိလျက် အထူး စောင့်ရှောက် ယုယရလေဘိသကဲ့သို့ ယောဂီနှင့်တူသော မိခင်သည် ပဋိဘာဂနိမိတ်နှင့်တူသော သားမြတ် သန္ဓေကို အထူး စောင့်ရှောက် ယုယရလေ၏။ ထိုအခါ ယောဂီ၏စိတ်သည် တဖြည်းဖြည်း ရင့်သန်လျက် အာရုံကို ခိုင်မြဲစွာတွယ်ပြီး အာရုံထဲသို့ ဝင်သကဲ့သို့ ဖြစ်လျက် ခံစားသကဲ့သို့ ဖြစ်၍ နေ၏။ ထိုစိတ်ကို ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ပဌမဈာန်စိတ်ဟု ခေါ်သည်။

ဤ ဈာနအပ္ပနာ ဝီထိကျပုံမှာ မဂ္ဂအပ္ပနာ ဝီထိကျသကဲ့သို့ စိတ်သည် ရှေ့ ဇောဝါရအဆုံးတွင် ဘဝင်ကျ၍ ယင်းဘဝင်မှ ထပြီးနောက် ဤကသိုဏ်း ပဋိဘာဂနိမိတ်ကို အာရုံပြုပြီး (က) မနောဒွါရာဝဇ္ဇန်း (ခ) ပရိကမ် (ဂ) ဥပစာ (ဃ) အနုလုံ (င) ဂေါတြဘူ (စ) ဈာန် ဟူ၍ ဈာန်ဇော တကြိမ်၊ ထို့နောက် ဘဝင်ကျလေ၏။ ယောဂီသည် အိပ်ရာအထ အိပ်မက်ကို ပြန်ဆင်ခြင်သောသူကဲ့သို့ ဆိုပြီး ဈာန် အင်္ဂါ ၅-ပါး တို့ကို ဆင်ခြင်သော

ပစ္စဝေက္ခဏာ ဇောဝါရတွေ တခုပြီး တခု စိကာ စဉ်ကာ ယထာက္ကမ ဖြစ်ကြလေကုန်၏။

## ဘာ့ကြောင့် ဘယ်လို ဈာန်ဝင်စားသနည်း

ပထမဈာန်ကို ရပြီးသော ယောဂီသည် ထိုရပြီးသော ပထမဈာန်ကို ခိုင်ခန့် မြဲမြံအောင် ,များစွာသော အားတို့ဖြင့် အခါခါ အထပ်ထပ် ဝင်စားအပ်၏။ ယင်း ဝင်စားခြင်း ဟူသည်ကား ကသိုဏ်း ပဋိဘာဂနိမိတ်ကို ထပ်ခါ ထပ်ခါ ရှုပွားပြီး ဈာန်ဇောတို့ကို ထပ်ခါ ထပ်ခါ ကျစေမှုပါတည်း။ အစ အဆုံးကျသည့် (ယခု ပြောနေသော) အပ္ပနာဝီထိမှာ ဈာန်ဇော တကြိမ်သာ ကျပြီး ဝင်စားသည်။ အကြိမ် များစွာ ဖြစ်သည့်အခါ စိတ်အားတွေ အလွန်ကောင်းမွန် သန့်စွမ်းသည် ဖြစ်၍ ၁-ကြိမ် ၂-ကြိမ် ၃-ကြိမ် ၄-ကြိမ် စသည် အားဖြင့် စိတ်အားတွေ သန့်စွမ်းသလောက် ဈာန် ဇောတွေ အသင်္ချေ အနန္တ ရေတွက်၍ မရနိုင်လောက်အောင် အကြိမ်များစွာ ကျသွားနိုင်သည်။ ၁-နာရီ၊ သို့မဟုတ် ၁-နံနက်၊ သို့မဟုတ် ၁-ရက်၊ သို့မဟုတ် ၇-ရက်ပတ်လုံး နှစ်သက်သလို မိမိ၏ အဓိဋ္ဌာန် ပါရမီအား ရှုအား မှတ်အားလျော်စွာ ဈာန်ဇောတွေချည်း အခြား စိတ်နှင့် မရောမယှက် သက်သက်ကျပြီးဖြစ်၍ နေလေ၏။

## မိမိဈာန်၏ သန့်စွမ်း ခိုင်မာလာရေး

မိမိဈာန်စိတ်ကို ခိုင်ခန့် အားကောင်း သန့်စွမ်းလာအောင် ဝသီဘော် ၅-ပါးဖြင့် အလေ့အလာ ပြုအပ်၏။ ဝသီဘော် ၅-ပါးကား....

(က) သမာပဇ္ဇနဝသီဘော်- ဈာန်ကို အလိုရှိသော ခဏ၌ အလျင်အမြန် ဝင်စားနိုင်မှုတည်း။

(ခ) အဓိဋ္ဌာနဝသီဘော်- တခဏ၊ တခနာ၊ တနာရီ၊ တနံနက် စသည် အားဖြင့် မိမိ အလိုရှိသော ကာလပတ်လုံး အပို အလို မရှိအောင် ဈာန်ဇော တို့ကို ဖြစ်စေနိုင်မှုတည်း။

(ဂ) ဝုဋ္ဌာနဝသီဘော်-အချိန်အခါကို အပို အလိုမရှိ မိမိ မှန်းထားသော အချိန်အတိုင်း တိကျစွာ ဈာန်ဇောမှ ထနိုင်မှုတည်း။

(ဃ) အာဝဇ္ဇနဝသီဘော်-ဈာန်မှထပြီး ဈာန်အင်္ဂါတို့ကို ဆင်ခြင်နိုင်ရန် (ဘဝင်)တွေကို များစွာ ကျခွင့်မပေးဘဲ ဈာန်အင်္ဂါတို့ကို ဆင်ခြင်သော အာဝဇ္ဇန်းကိုသာ လျင်မြန်စွာ ဖြစ်စေမှုတည်း။

(င) ပစ္စဝေက္ခဏာဝသီဘော်-ဈာန်အင်္ဂါတို့ကို ဆင်ခြင်ပြီးလျှင် တဖန် ဈာန်ကို အလျင်အမြန် ဝင်စားဘို့ရန် ဈာန်အင်္ဂါတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဇောများ ၇-ကြိမ်လောက် များများကြီး မဖြစ်စေဘဲ ၄-ကြိမ်၅-ကြိမ်လောက်သာကျစေနိုင်မှုတည်း။

## ထိန်းသိမ်းဘို့အရေး လိုလေသေး၏

ယင်း ဈာန်အင်္ဂါတို့ကို ဆင်ခြင်သော ဇောကို နည်းနည်းနှင့် အမြန်ပြတ်အောင် ဇောနောင် ဘဝင်တို့ကို အကြိမ်များစွာ မဖြစ်စေဘဲ ဈာန်ကို အလျင်အမြန် တဖန် ဝင်စားနိုင်မှုကိုလည်း သမာပဇ္ဇနဝသီဘော်ဟုပင် ခေါ်နိုင်၏။ ဝသီဘော် ၅-ပါးကို လှည့်ပတ်လေ့ခွရစ်၍ ခိုင်မြဲအောင် ထားခြင်းဟု သဘောပေါက်စေလိုသည်။ ဇော ဘဝင်ကို နည်းအောင် (က) အမြန်ဖြစ်စေနိုင်မှု (ခ) အမြန်ပြောင်းလဲနိုင်မှုတို့သည် အလွန်စိတ်ထက်သန်လျက် များစွာ အားကောင်းမှ ဖြစ်မည်။ ဤသို့ စိတ်ထက်သန်ပြီး ကြီးထွားအောင် အားကောင်းအောင် ကသိုဏ်းနိမိတ် ကြီးမားလာအောင် တမျိုး တအား ကြိုးစားရဦးမည်။ ယင်းသို့ ကြိုးစားသည့်အခါမှာလည်း ဈာန်ရပြီးသော်လည်း ဆက်လက် ကြိုးစားရဦးမည်။ စိတ်ကို နိုင်နင်းအောင် မထိန်းနိုင် မရှုနိုင်သဖြင့် ပြန့်ကျဲ ကွဲပြားပြီး ပျက်စီးသွားတတ်သည်။

## အောက်ဈာန်လည်း မပျက်၊ အထက်ဈာန်လည်း သေချာ

ပွားသည့်အခါ စိတ်က ကသိုဏ်းဝန်း ကြီးလာအောင် နှလုံးသွင်းလျှင် စိတ်ကထင်တိုင်း ပဋိဘာဂနိမိတ် ကသိုဏ်းဝန်း ကြီး၍လာတတ်သည်။ တဖြည်းဖြည်း လက်တသစ်၊ နှစ်သစ်၊ လေးသစ်၊ ရှစ်သစ်၊ တတောင်၊ တလံ စသည်အားဖြင့် စကြဝဠာ ပြည့်အောင်သော် လည်းကောင်း၊ ထို့ထက် လွန်အောင်သော်လည်းကောင်း၊ ကသိုဏ်းဝန်းကြီး တစ တစ ကြီးလာတတ်သည်။ စိတ်ရှိတိုင်း ကြီး၍ ကြီး၍ လိုက်လာတတ်သည်။ ဤသို့ အောက်ဈာန်ကို ရပြီး၍

အထက်စျာန်ကို ရလိုသည့်အခါ မိမိရပြီးသော အောက်စျာန်ကို ခိုင်မြဲလျက် အထူး အားကောင်းလာအောင် ဝသီဘော် ၅-ပါးကို နိုင်နင်းအောင်ပြုပြီးမှ အထက်စျာန်ကို တက်ရသည်။ တက်နိုင်အောင် ကြိုးစားရသည်။ ဒါမှလည်း အထက်စျာန်ကို ရနိုင်သည်။ သို့မဟုတ် အထက်စျာန်လည်း မရ၊ အောက်စျာန် လည်း ပျက်၊ နှစ်ခုလုံး လျှောကျ ပျက်စီးသွားတတ်သည်။

## ဒုတိယစျာန်အတွက် ဆက်၍ အားထုတ်နည်း

ဤသို့ ပထမစျာန်ကို ရပြီး၍ ခိုင်မြဲအောင်ပြုပြီးနောက် အထက် ဒုတိယ စျာန်ကို ရဘို့ရန် အားထုတ်လိုသော ယောဂီသည် ဤသို့ နှလုံးသွင်းရမည်။ ယခု ငါရသော ပထမစျာန်စိတ်သည် နိမ့်ကျသေး၏။ နီဝရဏ ဟူသော ရန်သူ အလွန်နီးသေးသည်၊ ဝိတက် ပါသည့်အတွက် များစွာ ရန့်ရင်းကြမ်းတမ်းသေး သည်၊ အစွမ်းသတ္တိ အလွန်ညံ့သေးသည်၊ အကယ်၍ ဝိတက်သာ မရှိခဲ့ပါလျှင် ထို့ထက် သိမ်မွေ့မှာ ငြိမ်သက်မှာ သေချာသည်၊ ဝိတက်မပါသော စျာန်စိတ်ကို တောင့်တပြီး ယင်း ဝိတက်မပါသော စျာန်စိတ်ကို များစွာ တောင့်တပြီး မပါစေလိုသောဆန္ဒဖြင့် ထို ပထဝီ ပဋိဘာဂနိမိတ်ကိုပင် (မြေ၊ မြေ၊ မြေ)ဟု စိတ်က တွန်းမှတ်ပြီး ထပ်ခါ ထပ်ခါ ကြည့်သည့်အခါ စိတ်၌ရှိနေသည့် ဝိတက် သည် တဖြည်းဖြည်း သိမ်မွေ့လျက် ပထမစျာန်ကို ဝီထိကျသလို ဝိတက်မပါဘဲ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟု စျာန်အင်္ဂါ ၄-ပါးရှိသော ဒုတိယစျာန် ဇော ဝီထိ ကျလေ၏။ ၂-ကြိမ်မြောက် ရအပ်သောကြောင့် ဒုတိယစျာန် မည်၏။

## တတိယစျာန်အတွက် ဆက်၍ အားထုတ်နည်း

ဤ ဒုတိယ စျာန်ကိုလည်း ရှေ့အတိုင်း ခိုင်မြဲ အားကောင်းအောင် ဝသီဘော် နိုင်နင်းအောင် ပြုပြီး၍ အထက် တတိယစျာန်ကို တက်ဘို့ရန် အားထုတ်သော ယောဂီသည် ဤ ဒုတိယစျာန်စိတ်လည်း အောက်ကျသေး သည်၊ ဝိတက်ဟူသော ရန်သူ နီးသေးသည်၊ ဝိစာရ ပါရှိခြင်းကြောင့် ရန့်ရင်း ကြမ်းတမ်းသေးသည်၊ အားအစွမ်းလည်း ဖျင်းညံ့သေးသည်၊ အကယ်၍ ဝိစာရ မပါခဲ့လျှင် ယခုထက် သိမ်မွေ့ရာသည်၊ ငြိမ်သက်ရာသည်၊ အားအစွမ်းလည်း ပို၍ ကောင်းရာသည်ဟု ဆင်ခြင်ပြီး ဝိစာရ မပါသော စျာန်ကို တောင့်တလျက် ထို ပထဝီ ပဋိဘာဂနိမိတ်ကိုပင် (မြေ၊ မြေ၊ မြေ)ဟု စိတ်ထဲမှ မှတ်ပြီး ထပ်ခါ ထပ်ခါ ကြည့်ရှုသည့်အခါ ဝိစာရသည် တဖြည်းဖြည်း သိမ်မွေ့လျက် ယင်း

ဝိစာရ မပါဘဲ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟု ဈာန်အင်္ဂါ ၃-ပါးနှင့် ပြည့်စုံသော ဈာန်ဇော ဝီထိ ကျလာ၏။ ယင်း ဈာန်ကို ၃-ကြိမ်မြောက် ရအပ် ဝင်စားအပ် သောကြောင့် တတိယဈာန်စိတ်ဟု ခေါ်သည်။ ဤဈာန်ကိုလည်း ခိုင်မြဲအောင် အားလည်း ကောင်းအောင် ဝသီဘော် ၅-ပါးကို နိုင်နင်းအောင် ပြုအပ်၏။

## စတုတ္ထဈာန်အတွက် ဆက်၍ အားထုတ်နည်း

ဤသို့ တတိယဈာန် ပြည့်စုံစေပြီး အထက် စတုတ္ထဈာန်ကို တက်လို သော ယောဂီသည် ဤ တတိယဈာန်သည် အောက်တန်း ကျသေး၏၊ ဝိစာရ ဟူသော ရန်သူ နီးသေး၏၊ ပီတိသည် ကာမရတိနှင့် နီးစပ်သောသဘော ရှိ၏၊ ကာမရတိ တည်းဟူသော ရန်သူနှင့် နီးနေ၏၊ ပီတိပါသောကြောင့် ရုန့်ရင်း ကြမ်းတမ်းသေး၏၊ အားအစွမ်း ညံ့ဖျင်းသေး၏၊ ပီတိသာ မပါခဲ့လျှင် ထို့ထက် သိမ်မွေ့ရာ၏၊ ထို့ထက် ငြိမ်သက်ရာ၏၊ အားအစွမ်းလည်း ပို၍ ကောင်းရာ၏ဟု ဆင်ခြင်ပြီး ပီတိ မပါသော ဈာန်ကို တောင့်တ၍ ထို ပထဝီ ပဋိဘာဂနိမိတ်ကို (မြေ၊ မြေ၊ မြေ)ဟု စူးစူးစိုက်စိုက် စွဲမြဲစွာ ကြည့်ရှုသောအခါ ပီတိသည် တဖြည်းဖြည်း သိမ်မွေ့ အားနည်းလျက် ပီတိမပါဘဲ သုခ၊ ဧကဂ္ဂတာ ဟု ဈာန် အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော ဈာန်ဇောဝီထိများ ကျလာပေလိမ့်မည်။ ယင်း ဈာန်ကို ၄-ကြိမ်မြောက် ရအပ် ဝင်စားအပ်သောကြောင့် စတုတ္ထဈာန်ဟု သိအပ်၏။ ယင်း စတုတ္ထဈာန်ကိုလည်း ခိုင်မြဲအောင် အားကောင်းအောင် ဝသီဘော် ၅-ပါးကို နိုင်နင်းအောင် ပြုအပ်၏။

## ပဉ္စမဈာန်အတွက် ဆက်၍ အားထုတ်နည်း

ယင် စတုတ္ထဈာန်ကိုရပြီး ခိုင်မြဲအောင် အားကောင်းအောင် ဝသီ ဘော် ၅-ပါးကို နိုင်နင်းအောင်ပြုလျက် ပဉ္စမဈာန်သို့ တက်လိုသော ယောဂီ သည် ယင်း စတုတ္ထဈာန်စိတ်သည် အောက်တန်းကျသေး၏၊ ပီတိ ဟူသော ရန်သူနှင့် နီးသေး၏၊ ယင်း သုခသည် ကာမရတိ၊ ကာမသုခတို့နှင့် နီးစပ် သော သဘော ရှိ၏၊ ကာမရတိ၊ ကာမသုခတို့နှင့် အလွန်နီးစပ်၏၊ ကာမရတိ၊ ကာမသုခ ဟူသော ရန်သူနှင့် နီး၏၊ ဤ သုခ ပါနေခြင်းကြောင့် စိတ်သည် အလွန်ပို၍ ရုန့်ရင်းသေး၏၊ ပို၍ ကြမ်းတမ်းသေး၏၊ အားအစွမ်း ညံ့သေး၏၊ အာရုံကို မခံစားဘဲ အလယ်အလတ်အနေ (ဥပေက္ခာ)သဘောနှင့်သာ နေရ လျှင် ဤထက် သိမ်မွေ့ရာ၏၊ ငြိမ်သက်ရာ၏၊ အားအစွမ်းလည်း ပို၍ကောင်း

ရာ၏ဟု ဆင်ခြင်ပြီး ယင်း ဥပေက္ခာကို တောင့်တလျက် ထို ပထဝီ ပဋိဘာဂ နိမိတ်ကို (မြေ၊ မြေ၊ မြေ)ဟု စိတ်က မှတ်ပြီး အဖန်ဖန် ကြည့်ရှုသည်ရှိသော် သုခသည် တဖြည်းဖြည်း သိမ်မွေ့လျက် ဥပေက္ခာ ဝေဒနာများ ဖြစ်လာပြီး ဧကဂ္ဂတာနှင့်တကွ ဈာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံစွာ ရှေ့အတိုင်း ဈာန်ဇော ဝီထိ ကျလာ၏။ ယင်း ဈာန်ကို ၅-ကြိမ်မြောက် ရအပ်သော ဈာန်ဖြစ်သော ကြောင့် ပဉ္စမဈာန်ဟု သိအပ်၏။ ဤ ပဉ္စမဈာန်ကိုလည်း ခိုင်မြဲအောင် အား ကောင်းအောင် ဝသီဘော် ၅-ပါးကို နိုင်နင်းအောင် ပြုအပ်၏။

## ပါရမီရှိမှု လွယ်ကူထက်မြက် ဉာဏ်သက်လက်

ပထဝီ ကသိုဏ်းဝန်းကို ကြည့်ရှုပွားများလျှင် ဤအတိုင်း ပဉ္စမဈာန် ကျအောင် ဈာန် ၅-ပါးလုံး ရနိုင်၏။ ပထဝီကသိုဏ်းကို ကြည့်ရှု၍ရသော ဈာန်တို့သည်လည်း ပထဝီကသိုဏ်း (မြေအဝန်း)ကို ကြည့်ရှု၍ရသော ဈာန် ဖြစ်သောကြောင့် အချို့က (ပထဝီကသိဏဈာန်)ဟု ခေါ်ကြကုန်၏။ ယခုလို ပထဝီကသိဏ ဈာန်ကို ရအောင် ပထဝီကသိုဏ်း နိမိတ်ကို ကြည့်ရှုရယူမှ အတိတ်ဘဝဟူသော လွန်သောကာလက ပထဝီကသိုဏ်း နိမိတ်ကို ရခဲ့ဘူးသော ပါရမီထူးမရှိသူတို့မှာ ယခုလို မြေကြီးကသိုဏ်းဝန်း အသီးအခြားလုပ်ပြီး ရှုမှတ်မှ နိမိတ်လည်း ရနိုင်သည်။ ဈာန်လည်း ရနိုင်သည်။ ယင်း ပါရမီထူး ရှိသူတို့ကား မပြုမပြင်ဘဲ (ပကတိမြေပြင်)ကို လည်းကောင်း၊ ကောက်နယ်တလင်းကို လည်းကောင်း၊ လယ်ကွက်ကို လည်းကောင်း၊ (မြေ၊ မြေ၊ မြေ)ဟု ကြည့်ရှု ကာမျှဖြင့် ပထဝီကသိုဏ်းနိမိတ် ရနိုင်သည်။ ဈာန်ကိုလည်း ဖြစ်စေနိုင်သည်။

**ပထဝီကသိုဏ်း ကြည့်ရှုပွားများပုံ ပြီး၏။**

---

## ၃၉-ပါး ကြွင်းသမထများအတွက် ဆက်ရန်

သမထဘာဝနာ (ဝါ)သမထကမ္မဋ္ဌာန်း အပြား ၄ဝ-မှ ယခုပြဆိုပြီး ပထဝီကသိုဏ်းကို နည်းယူပြီး ကြွင်း ၃၉-ပါးလုံးကို အားထုတ်နိုင်ပြီ။ထို့ကြောင့် (၂) အာပေါကသိုဏ်း-ရေကို ကြည့်၍ အားထုတ်ရ၏။ (၃) တေဇော ကသိုဏ်း-မီးကိုကြည့်၍ အားထုတ်ရ၏။ (၄) ဝါယောကသိုဏ်း-လေတိုက် သော သစ်ပင်ဖျား စသည်ကို ကြည့်၍ အားထုတ်ရ၏။ (၅) နီလကသိုဏ်း- ညိုသောဝတ္ထုကို ကြည့်၍ အားထုတ်ရ၏။ (၆) ပီတကသိုဏ်း ဝါသော

ဝတ္ထုကို၊ (၇) လောဟိတကသိုဏ်း-နီသောဝတ္ထုကို၊ (၈)ဩဒါတကသိုဏ်း-ဖြူသောဝတ္ထုကို၊ (၉) အာကာသကသိုဏ်း-ကောင်းကင် ဟင်းလင်းပြင်ကို၊ (၁၀) အာလောကကသိုဏ်း-အလင်းရောင်ကို ကြည့်၍ အားထုတ်ရ၏။

## အသုဘ သမထ (၁၀)ပါး အားထုတ်နည်း

(၁) ဥဒ္ဓုမာတက အသုဘ-သေပြီး၍ ညိုကွက်မလာခင် ဖူးဖူးရောင်သော လူသေကောင်ကို ကြည့်၍ အားထုတ်ရ၏။ (၂) ဝိနီလက အသုဘ-ဖူးဖူးရောင်ပြီး၍ ကွဲပေါက်ခါနီး အဖြူ အနီ စသည်ရောလျက် အကွက် အကွက်ပေါ်လျက် ပုပ်ယိသော လူသေကောင်ကို၊ (၃) ဝိပုဗ္ဗကအသုဘ-ပုပ်ယိပြီး၍ သွေးပြည်တို့ဖြင့် အက်တွဲယိုကျ၍နေသော လူသေကောင်ကို၊ (၄) ဝိစ္ဆိဒ္ဒက အသုဘ- နှစ်ပိုင်းပြတ်သော လူသေကောင်ကို၊ (၅) ဝိက္ခာယိတက အသုဘ-ကျီး ခွေး ငှက်တ စသည်တို့ ထိုးဆွ ကိုက်ခဲ၍ စားစရာတွေရှိသော လူသေကောင်ကို၊ (၆) ဝိက္ခိတ္တကအသုဘ-ခြေတခြား လက်တခြား ကိုယ်တခြား ခေါင်းတခြားအားဖြင့် ပစ်လွှင့်၍ ထားအပ်သော လူသေကောင်ကို၊ (၇) ဟတဝိက္ခိတ္တက အသုဘ - ခြေ လက် ကိုယ် ခေါင်း တခြားစီ ပြတ်လျက် ဓားရာချင်းရှုပ်နေအောင် မွှန်း၍ တကွဲစီ တခြားစီ ပစ်၍ထားအပ်သော လူသေကောင်၊ (၈) လောဟိတက အသုဘ-ထိုမှ ဤမှ သွေးယိုကျ၍ ကိုယ်၌ အနှံ့အပြား သွေးလိမ်းကျံနေသော လူသေကောင်၊ (၉) ပုဠုဝကအသုဘ-ပိုးလောက်တွေ ကျိကျိတက် ရွရွတက် ပြည့်နှက်၍နေသော လူသေကောင်ပုပ်ကို၊ (၁၀) အဋ္ဌိကအသုဘ - လေးပါးယော အရိုးတို့တွင် ရရာအရိုးကို ကြည့်၍ အားထုတ်ရ၏။

## အရိုးလေးမျိုးနှင့် မသာကောင်အကြောင်း

ဤအဋ္ဌိကအရ လူသေကောင်၏ အရိုးကိုသာ ယူရ၏။ ယင်းအရိုးသည်လည်း....

(၁) အကြောဆက် မပြတ်သေး၊ အသွေးအသား အကပ်အသတ်ကျန်ရှိသေးသော အရိုး၊

(၂) အသားမရှိ၊ အသွေးဖြင့်သာ လိမ်းကျံလျက် အဆက် မပြတ်သေးသော အရိုး၊

(၃) အသွေးအသား မရှိ၊ အဆက်မပြုတ်သေးသော အရိုး၊
(၄) အကြောဆက်တို့ ပြုတ်ပြီး၍ တကွဲတခြားစီနေသော အရိုး၊

ဤသို့ ၄-မျိုးရှိရာ ရရာအရိုးကို ရှုရာ၏။ ထိုအသုဘသမထ ကမ္မဋ္ဌာန်းကို ရှုရာ၌ အရိုးတို့ကို စု၍ ကြည့်ရာ၏။ ရသမျှပင် စု၍ကြည့်ရမည်။ တချောင်းတည်းကိုသော်လည်း ကြည့်ရ၏။ စက်ဆုတ်ဖွယ်ရှိသော အရိုးစုဟု ကသိုဏ်းနိမိတ် ယူသကဲ့သို့ စိတ်ထဲ၌ စွဲကပ်ထင်မြင်ကာ ပေါ်၍လာအောင် ကြည့်ရှုပြီး နိမိတ်ယူရာ၏။ ယင်းအသုဘ ၁၀-ပါးတွင် အကောင်အထည် မပျက်သေးသော အသုဘကောင်ကိုရှုရာ၌ နိမိတ်ထင်ခါနီးတွင် လူသေကောင်ကြီး ထလာသကဲ့သို့ လည်းကောင်း၊ မိမိထံ လိုက်လာသကဲ့သို့ လည်းကောင်း ထင်လာတတ်၏။ ထိုအခါကြောက်လန့်ပြီး နှလုံးသွေးများ ပျက်တတ်၊ ရူးတတ်သည်။သတိပြုလေ။

## တောင်ဝှေးနှင့် ပရိတ်မန္တန်း ပါပါစေ

အမှန်မှာ အသက်မရှိသော သစ်ငုတ် သစ်တုံးသည် မထနိုင်၊ မလိုက်နိုင်သလို အသက်မရှိသော ဤလူသေကောင်သည် အသို့ထနိုင် လိုက်နိုင်ပါအံ့နည်း။ မထနိုင်၊ မလိုက်နိုင်ရာ။ မကြောက်လင့်၊ မကြောက်ရဟု မိမိကိုယ်ကို မိမိဆုံးမရမည်။ ကြောက်ခြင်းကင်းလျက် ဝမ်းမြောက်စွာ ကြည့်ရမည်။ အထူးမှာ အကောင်အထည်မပျက်၊ အရေပါမစုတ်သေးသဖြင့် ဖုတ် (ဘုတ်) ဝင်၍ ထနိုင် လိုက်နိုင်သည်။ စုတ်လျှင် ပျက်လျှင်ကား ဖုတ် (ဘုတ်) မဝင်နိုင်။ အကယ်၍ ဖုတ်(ဘုတ်)ဝင်၍ ထလာ လိုက်လာလျှင် တောင်ဝှေး စသည် တခုခုဖြင့် တွန်းထိုး၍ လှဲအပ် တွန်းအပ်၏။ ပရိတ်မန္တန်ဖြင့်သော်လည်း လှဲအပ် တွန်းအပ်၏။ ထို့ကြောင့် တယောက်ထီးတည်း အသုဘရှု (ဝါ) ကမ္မဋ္ဌာန်းထိုင် သွားလျှင် တောင်ဝှေးနှင့် ပရိတ်မန္တန်း အမြဲဆောင်အပ်၏။ သတိကောင်းစွာ ထားအပ်၏။ ရင့်ကျက်လျက် ဉာဏ်မြင့်မားသွားက ဘာမျှ အကြောင်း မဟုတ်ပါ။ ခရီးမရောက် နောက်ဆုတ်လာရသည့် အဖြစ်ဆိုးနှင့် မတိုးမိအောင် အထူး သတိဆောင်ရမည်။

## ဥဂ္ဂဟနိမိတ် ပဋိဘာ ဖြားတုံး စားသုံးကိုယ်စိ

အထူးမှာ ကသိုဏ်းအာရုံတို့ကား လှပမှု၊ နှစ်သက်ဖွယ်ဖြစ်မှုအတွက်နှင့် စပ်၍ အမြင်မှန်ပြီး စိတ်ထဲမှာ စွဲနေဘို့ အာရုံတည်း။ ဤအသုဘအာရုံတို့ကား ကြောက်မှု၊ ရွံ့မှုအတွက်နှင့်စပ်၍ အမြင်မှန်ပြီး စိတ်ထဲမှာ စွဲနေဘို့အာရုံတည်း။

ယင်းသို့ စိတ်ထဲမှာ စွဲနေခြင်းသည် ဥဂ္ဂဟနိမိတ် ထင်ခြင်းတည်း။ ဤဥဂ္ဂဟနိမိတ်သည် အသုံးမချတတ်လျှင် ဘေးဒုက္ခကြီး ဖြစ်မည်၊ အသုံးချတတ်သော ယောဂီတို့မှာ ပတ္တမြားတုံးကြီး ရဘိသကဲ့သို့ အလွန် နှစ်သက်ဖွယ် ချမ်းသာသုခကြီးပါတည်း။ဥဂ္ဂဟနိမိတ်ဟု မြဲမြဲမှတ်လေ။ ဤ၌ လူသေကောင်မှ မဟုတ်၊ တိရစ္ဆာန်သေကောင် အသုဘတို့ကိုလည်း ကြည့်ရှုလျှင် နိမိတ်စျာန်ရနိုင်၏။အသေကောင်မှ မဟုတ်၊ အရှင်ကောင်မှာလည်း ရောင်ဖော၍ နေသောအခါ ဥဒ္ဓုမာတက၊ အနာများစွာပေါက်၍ သွေးပြည်တွေ စိုရွဲနေသောအခါ ဝိပုဗ္ဗက၊လက်ခြေတွေပြတ်သောအခါ ဝိစ္ဆိဒ္ဒက၊ ဓားပြတ်ခြင်း စသည်ကြောင့် များစွာသွေးယိုထွက်ပြီး လူးလဲ၍နေသောအခါ လောဟိတက၊ အခါခပ်သိမ်း အဋ္ဌိကအသုဘတို့ကို ရနိုင်၏။

## သူ့အရိုး ကိုယ့်အရိုး နှစ်မျိုးလုံးပင် နိမိတ်ထင်

အဋ္ဌိကကမ္မဋ္ဌာန်း၌ အပြင်အပရှိ အဋ္ဌိကကို နိမိတ်ယူ၍ ရလွယ်သည်။ မိမိခန္ဓာကိုယ်အတွင်းရှိ အဋ္ဌိကကို နိမိတ်ယူရခဲ၏။ မိမိကိုယ်တွင်း အဋ္ဌိကကို ရအောင်ယူနိုင်လျှင် အလွန်ကောင်းလှ၏။ စျာန်တရား မဂ်တရား နှစ်ပါးလုံး လွယ်လွယ်နှင့် ရနိုင်၏။ အသုဘ ၁၀-ပါးကို ရှုပွား၍ ပထမစျာန်ရပြီးသော ယောဂီသည် အထက်ဒုတိယစျာန် စသည်တို့ကို တက်လိုသည်ရှိသော် ထို မိမိရပြီးသော အသုဘနိမိတ်၌ပါသော အဆင်းတို့ကို တရစပ်ရှုမှတ်၍ တက်ရာ၏။ ဤသို့ အသုဘ ၁၀-ပါးတို့ကို ရှုပွားရာ၌ နိမိတ်ရအောင် စျာန်ပေါ်အောင် ရှုခြင်း ကြည့်ခြင်း အားထုတ်ခြင်းသည် သမထကမ္မဋ္ဌာန်း မည်၏။ ဤသူသည် မမြဲပါတကား၊ ငါသည်လည်း ဤအတိုင်းပင် မမြဲပြီ၊ မုချမသွေ သေရချေလတ္တံ့၊ ဤအတိုင်း ဖြစ်ရပေအံ့ဟု အနိစ္စထင်အောင် ရှုမှု၊ ဒုက္ခထင်အောင် ရှုမှု၊ အနတ္တထင်အောင် ရှုမှုတို့သည် ဝိပဿနာကမ္မဋ္ဌာန်း မည်၏။

## ရာဂငှက်ဆိုး ဝင်ထိုးသုတ်ချီ

ထိုနည်း ၂-ပါးတို့တွင် သမထနည်းရှုသော ယောဂီမှာ အကယ်၍ ယောကျာ်းယောဂီဖြစ်လျှင် အမျိုးသမီးအသုဘကောင်ကို၊ အမျိုးသမီးယောဂီဖြစ်လျှင် အမျိုးသားအသုဘကောင်ကို၊ (အင်္ဂါကြီးငယ် အသွင်သဏ္ဌာန် ပျက်စီးပြီးမှ) ရှုရမည်။ မပျက်စီးသေးသော ဝိသဘာဂ (သဘောမတူသော) အသုဘကောင်ကို မရှုအပ်။ ရှုလျှင် ရာဂငှက်ဆိုး ဝင်ထိုးရောက်လာ သုတ်ချီသွား

တတ်သည်။ နိုင်နင်းအောင် ရှုပွားနိုင်မှ ကောင်းသည်။ ရှုမှတ်ခြင်း လေးနက်မှု မရှိက လက်တွေ့ ရင်ဆိုင်နိုင်ဘို့ မလွယ်။ ယင်း တပ်မက်ခြင်း ရာဂဆိုးသည် နိမိတ်မရခင်လည်း ရောက်လာ ဖြစ်လာတတ်သည်။ နိမိတ်ရပြီး၍ ဥဂ္ဂဟနိမိတ် အဆင့်၌ ယင်း ရာဂဆိုး မဖြစ်သော်လည်း ပဋိဘာဂနိမိတ် အဆင့်သို့ ရောက်လျှင် ရောက်လာ ဖြစ်လာတတ်သည်။ သတိမမူ ဂူမမြင် ဖြစ်တတ်သည်။ ပင်လယ်သမုဒ္ဒရာကြီးကို တရှိန်တည်း ကူးဘို့ရန် စိတ်အား ထက်သန်ခဲ့သော်လည်း ချောင်းငယ် မြောင်းငယ်၌ပင် သတိနဲ့ပြီး လဲကျတတ်သည်ကို ရှေ့တန်းတင် ဆင်ခြင်မှု ရှိရမည်။ ဝိပဿနာနည်းအားဖြင့် ရှုမှတ် အားထုတ်သော ယောဂီမှာ ဝိသဘာဂအသုဘ (ယောကျ်ား ယောဂီသည် အမျိုးသမီး အသုဘ ကောင်၊ အမျိုးသမီးယောဂီသည် ယောကျ်ား အသုဘကောင်) ဟူသော အာရုံသည် သာလွန် ဈောက်ပတ်သည်။ ဝိသဘာဂ အသုဘကောင်ကို တမင် ရှာဖွေ၍ပင် ရှုအပ်သည်။

**အသုဘ သမထကမ္မဋ္ဌာန်းပွားနည်း ပြီး၏။**

---

## အနုဿတိ (၁၀)ပါး ရှုပွားနည်း

အနုဿတိ သမထကမ္မဋ္ဌာန်း ၁၀-ပါးတို့တွင်....

(၁) ဗုဒ္ဓါနုဿတို-မြတ်စွာဘုရား၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို အဖန်တလဲလဲ အောက်မေ့ပွားများခြင်းတည်း။

(၂) ဓမ္မာနုဿတိ-ဘုရားရှင် ဟောကြားတော်မူအပ်သော (ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ) တည်းဟူသော တရားတော်တို့၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို အဖန်တလဲလဲ အောက်မေ့ ပွားများခြင်းတည်း။

(၃) သံဃာနုဿတိ- ဘုရားရှင်၏ တပည့်သား သံဃာတော် အရှင်မြတ်တို့၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို အဖန်တလဲလဲ အောက်မေ့ ရှုပွားခြင်းတည်း။

(၄) သီလာနုဿတိ- မိမိ စောင့်ရှောက် ထိန်းသိမ်းအပ်သော သီလ၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို အဖန်တလဲလဲ အောက်မေ့ ရှုပွားခြင်းတည်း။

(၅) စာဂါနုဿတိ- ကူဿာ မစ္ဆရိယ ပကာသနမဖက် သဒ္ဓါစေတနာ သက်သက်ဖြင့် လှူဒါန်း စွန့်ကြဲအပ်သော မိမိ အလှူဒါန၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို အဖန်တလဲလဲ အောက်မေ့ ရှုပွားခြင်းတည်း။

(၆) ဒေဝတာနုဿတိ-သဒ္ဓါ သီလ စသော သူတော်ကောင်း ဥစ္စာ ၇-ပါးတို့ကို အားကိုး အားထားပြု၍ ရအပ်ခံစားအပ်သော(စတုမဟာရာဇ်တာဝတိံသာ) စသော နတ်တို့ကို သက်သေ သာဓက ထား လျက် ယင်းနတ်တို့ကို တုပြိုင် အားကျကာ မိမိ၌ ထင်ရှား ရှိနေသော သဒ္ဓါ သီလ စသော သူတော်ကောင်း ဥစ္စာ ၇-ပါး အတွက် အား တက် သဘောပေါက် ဝမ်းမြောက် ရွှင်လန်းစွာ အဖန်ဖန် အောက်မေ့ ရှုပွားခြင်းတည်း။

(၇) ဥပသမာနုဿတိ-ခန္ဓာဇာတ် ရုပ်နာမ် ခပ်သိမ်း ချုပ်ငြိမ်းရခြင်း၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို အ ဖန် ဖန် အောက်မေ့ ရှုပွားခြင်းတည်း။

(၈) မရဏာနုဿတိ-မိမိ၏ (သေခဲ့ပြီး၊ သေနေရဆဲ၊ သေရဦးလတ့်) သေရခြင်း မရဏ တရားတို့ကို အဖန်ဖန် အောက်မေ့ ရှုပွားခြင်းတည်း။

(၉) ကာယဂတာသတိ-ဆံပင် မွေးညှင်း ခြေသည်း လက်သည်း သွား အရေ စသော ၃၂- ပါးသော ဒွတ္တိံသ ကောဋ္ဌာသ ခေါ် (ကာယ) ကို အဖန်တလဲလဲ အောက်မေ့ ရှုပွားခြင်းတည်း။

(၁၀) အာနာပါနဿတိ-ဝင်သက် ထွက်သက် လေ၏ ဝင်တိုင်း ထွက်တိုင်း၊ ဝင်ပုံ ထွက်ပုံ၊(ပေါ် ပျောက် ဖြစ် ပျက်) အလုံးစုံကို အဖန်တလဲလဲ အောက်မေ့ ရှုပွား ခြင်းတည်း။

## အပ္ပမညာလေးပါး ရှုပွားနည်း

အပ္ပမညာ သမထ ကမ္မဋ္ဌာန်း (၄) ပါးတို့တွင်....

(၁) မေတ္တာ-ငါသည်လည်း ဆင်းရဲဒုက္ခကို မုန်း၏၊ ချမ်းသာသုခကိုသာ နှစ်သက်၏၊ ခပ်သိမ်းသော သတ္တဝါတို့သည်လည်း ငါလိုဘဲ ဆင်းရဲဒုက္ခကို မုန်းကြ၏၊ ချမ်းသာသုခကိုသာ နှစ်သက်ကြ၏၊ ငါလည်း ချမ်းသာကို ရလို၏၊ သတ္တဝါ ခပ်သိမ်းသည်လည်း ချမ်းသာကြပါစေသတည်း ဟု ခပ်သိမ်းသော သတ္တဝါတို့၌ ချမ်းသာကြစေလိုသော စိတ်ဆန္ဒကို အဖန်ဖန် ညွတ်စေ ဖြစ်စေခြင်းတည်း။

(၂) ကရုဏာ-ဆင်းရဲဒုက္ခ ရောက်နေသော သတ္တဝါတို့ကို ထိုဆင်းရဲဒုက္ခမှ လွတ်စေလိုတဲ့ စိတ်ဆန္ဒကောင်းဖြင့် အလွန်သနားသော စိတ်ဆန္ဒကောင်းကို အဖန်ဖန် ဖြစ်စေခြင်းတည်း။

(၃) မုဒိတာ-စည်းစိမ် ချမ်းသာနှင့် ပြည့်ပြည့် စုံစုံ မွေ့လျော်၍ ပျော်ပျော် ရွှင်ရွှင် တင့်တင့် တယ်တယ် ချမ်းသာ၍နေသော သူတို့ကို တွေ့မြင်၍ ဤသူသည် ဤစည်းစိမ် ချမ်းသာမှ မဆုတ် မယုတ်ဘဲ ဤစည်းစိမ် အတိုင်းသာ တည်ပါစေ၊ စည်းစိမ် ချမ်းသာများ တိုးတက်၍သာ ပြည့်သည်ထက် ပြည့်ပါစေဟု တောင့်တလျက် အလွန် နှစ်သက် ဝမ်းမြောက်ခြင်း မုဒိတာ စိတ်ကိုအဖန်ဖန် ဖြစ်စေခြင်းတည်း။

(၄) ဥပေက္ခာ-ငါက ဆင်းရဲ ဒုက္ခမှ လွတ်ပါစေဟု တောင့်တသော်လည်း သူ့မှာ လွတ်စရာ အကြောင်းကံ ရှိမှ လွတ်မည်၊ ငါက ဤစည်းစိမ် ချမ်းသာမှ မဆုတ် ယုတ်ပါနှင့်ဟု တောင့် တ သော် လည်း သူ့ မှာ မ ဆုတ် ယုတ် စရာ အကြောင်းကံ ရှိမှ မဆုတ်ယုတ်ခြင်း ဖြစ်မည်၊ ငါ တောင့်တ၍ ဖြစ်နိုင်တော့မည် မဟုတ်၊ သူ့မှာ ကံရှိမှ ဖြစ်မည်၊ သူ့မှာ ကံသာလျှင် ကိုးကွယ်ရာ မှီခိုရာ ဥစ္စာ ရှိတော့သည်ဟု ကြောင့်ကြ ဗျာပါရကို ရပ်သိမ်း၍ လျစ်လျူရှုခြင်းတည်း။

## သညာနှင့် ဝဝတ္ထာန်များ ရှုပွားနည်း

သညာ၊ ဝဝတ္ထာန်ဟူသော သမထကမ္မဋ္ဌာန်းတို့တွင်....

(၁) သညာ-ယင်း သညာဟူသည် အာဟာရေ ပဋိကူလ သညာ ပါတည်း။ ထို့ကြောင့် စားသောက်သုံးမျိုသော အာဟာရဟူသမျှ၌ စက်ဆုတ်ဖွယ်၊ ရွံရှာဖွယ်တို့သာ ဟူ၍(ဝါ) စက်ဆုတ်ဖွယ်၊ ရွံရှာဖွယ်ဟူသော အမှတ်ကို အဖန်ဖန် ဖြစ်စေခြင်းတည်း။

(၂) ဝဝတ္ထာန် - ယင်း ဝဝတ္ထာန်ဟူသည် စတုဓာတု ဝဝတ္ထာန် ပါတည်း။ ထို့ကြောင့် မိမိ၏ ခန္ဓာငါးပါး ရုပ်နာမ်တရားအပေါ်၌ ဤကား ခက်မာသော ပထဝီ သဘောတည်း၊ ဤကား ဖွဲ့စည်းသော အာပေါ သဘောတည်း၊ ဤကား ထောက်ကန်သော ဝါယော သဘောတည်း၊ ဤကား ပူခိုး ပူရှိန်ရှိသော တေဇော သဘောတည်းဟု (ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော) ဟူသော ဓာတ်ကြီး လေးပါးကို ပိုင်းခြား မှတ်သား၍ ကွဲပြားအောင် အဖန်ဖန် ရှုခြင်းတည်း။

### အာရုပ္ပ သမထ လေးပါး ရှုပွားနည်း

အာရုပ္ပ သမထ ကမ္မဋ္ဌာန်း လေးပါးတို့တွင်....

(၁) အာကာသာနဉ္စာယတန-ကောင်းကင် ဟင်းလင်းတည်း၊ကောင်းကင်ဟင်းလင်းတည်းဟု ကသိုဏ်း(အာကာသ)ကို နှလုံး မသွင်းဘဲ ကောင်းကင်ကိုသာ ဟင်းလင်း အနေဖြင့် အဖန်ဖန် ကြည့်ရှု နှလုံးသွင်းခြင်းတည်း။

(၂) ဝိညာဏဉ္စာယတန-ဥပါဒ်၊ ဘင်-ဟူသော အစ အဆုံး မရှိသော ကောင်းကင်ကို အာရုံပြုလျက် အာကာသာနန္တံ အစား ဝိညာဏာနန္တံ ဟု ပြောင်းလွှဲကာ ဝိညာဏ် အဆုံးမရှိ၊ ဝိညာဏ် အဆုံးမရှိဟု စိတ်ထဲက မှတ်လျက် အဖန်ဖန် နှလုံးသွင်းခြင်းတည်း။

(၃) အာကိဉ္စညာယတန-ဤပထမာရုပ္ပဝိညာဏ်သည် မရှိဘူး၊ မရှိဘူး ဟု ကသိုဏ်းကို ခွာရာ၌ကဲ့သို့ ဤဝိညာဏ်ကို မရှိအောင် ပျောက်အောင် နှလုံးသွင်း၍ နတ္ထိ ကိဉ္စိ၊ နတ္ထိ ကိဉ္စိ စသည်ဖြင့် အဖန်ဖန် နှလုံး သွင်းခြင်းတည်း။

(၄) နေဝသညာနာသညာယတန-ဤဝိညာဏ်သည် အလွန် သိမ်မွေ့၏၊ ဤဝိညာဏ်သည် အလွန် ငြိမ်သက်၏ဟု သိမ်မွေ့၊ ငြိမ်သက်သော ဝိညာဏ်ကို စိတ်ထဲက မှတ်လျက် အာရုံပြုပြီး အဖန်ဖန် ကြည့်ရှု နှလုံးသွင်းခြင်းတည်း။

**ဤကား သမထ ၄၀-အကျဉ်းပြခြင်း ပြီး၏။**

—

## သမာပတ် ဝင်စားပုံနှင့် အစဉ်ဒွာန်လေးချက်

ရူပဈာန်ကား စတုက္ကနည်းအားဖြင့် ၄-ပါး၊ အရူပဈာန်ကား ၄-ပါး၊ ယင်း ရှစ်ပါးကို (နီဝရဏ စသော ဘေးရန်တို့မှ ကင်းစင် ကျွတ်လွတ်ခြင်း ကြောင့်) ဝိမောက္ခ ရှစ်ပါးဟူ၍ ခေါ်သည်။ (ဝင်စားခြင်းသို့ ရောက်သော ကြောင့်) သမာပတ် ရှစ်ပါးဟူ၍လည်း ခေါ်သည်။ ယင်း ရှစ်ပါးထဲသို့ နိရောဓ သမာပတ်ကို ထည့်သွင်းလျှင် သမာပတ် ၉-ပါး ဖြစ်သည်။ ယင်း သမာပတ် ၉-ပါးကို ကာမရာဂ ကင်းစင်ပြီးသော အနာဂါမ်နှင့် ရဟန္တာ ပုဂ္ဂိုလ် နှစ်ဦး တို့သာ ဝင်စားနိုင်၏။ ဝင်စားပုံမှာ....ရှေးဦးစွာ ပထမဈာန်ကို တခဏမျှ ဝင်စား၍ ဈာန်မှ ထပြီးလျှင် ထိုပထမဈာန်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍ လက္ခဏာရေး သုံးပါးတင် ရှုအပ်၏။ ရှုပြီးလျှင် ဒုတိယဈာန်ကို ဝင်စား၏။ ယင်း ဒုတိယဈာန်မှ ထပြီး ဤဒုတိယဈာန်ကိုလည်း ရှေးနည်းအတူ လက္ခဏာ ရေး သုံးပါးဖြင့် ရှုပွားအပ်၏။ ဤသို့ တတိယဈာန်၊ စတုတ္ထဈာန်၊ အာကာသာ နဉ္စာယတနဈာန်၊ ဝိညာဏဉ္စာယတနဈာန်၊ အာကိဉ္စညာယတနဈာန်ဟူသော သမာပတ် ၇-ပါးကို ဝင်စားအပ်၏။

ဝင်စားပြီး၍ လက္ခဏာရေး သုံးပါးဖြင့် ထင်မြင်အောင် ဆင်ခြင် ရှုမှတ်သောအခါ (နိရောဓ သမာပတ် ဝင်စားရာမှ ထ၍ ရတ်တရက် စုတိ

စိတ်များ ကျမသွားရအောင်) စုတိစိတ် ကျဘို့ရန် အခါဝေးပါသေးသလားဟု စုံစမ်း၍ မိမိ အလိုရှိတိုင်းသော ကာလတိုင်အောင် မှန်းပြီး....

(၁) ဘယ်အခါကျလျှင် ထနိုင်ပါစေသတည်း၊
(၂) ယင်း အခါ အတွင်းမှာလည်း ဘုရားရှင်ခေါ်လျှင် ထနိုင်ပါစေသတည်း၊
(၃) သံဃာ့ ကိစ္စရှိ၍ ငါ့ကို တောင့်တလျှင် ထနိုင်ပါစေသတည်း၊
(၄) ငါ၏ သပိတ် ပရိက္ခရာ စသည်တို့သည်လည်း ဘယ်အကြောင်း ကြောင့်မှ မပျက်စီးနိုင်ပါစေသတည်း-

ဟု အဓိဋ္ဌာန်ခြင်း (၄) ပါး ဟူသော ပုဗ္ဗကိစ္စများကို ပြုပြီးမှ (နေဝသညာ နာသညာယတန) သမာပတ်ကို ဝင်စားရမည်။

## သမာပတ္တိက ပုဂ္ဂိုလ်တို့ ကာယသိဒ္ဓိ ပြီး မပြီး

ယင်း နေဝသညာနာသညာယတန သမာပတ်ဈာန်ဇော တကြိမ် နှစ်ကြိမ် ကျပြီးနောက် စိတ်အသစ် မဖြစ်တော့ဘဲ စိတ်အစဉ်ပြတ်၍ ချုပ်ပြီး မိမိမှန်းထားသမျှ ကာလအတွင်း စိတ် စေတသိက်များ လုံးဝ မရှိတော့ဘဲ ရုပ်သက်သက်သာ ဖြစ်၍နေတော့၏။ စိတ် စေတသိက်များ ဤကဲ့သို့ ဆိုက်ရောက်ပြီး နေတာကို နိရောဓ သမာပတ် ဝင်စားသည်ဟု ခေါ်သည်။ ယင်း နိရောဓ သမာပတ်မှ ထချိန်ကျသောအခါ နိဗ္ဗာန်ကို အာရုံပြုလျက် ဖိုလ်စိတ် ဖြစ်ပေါ်လာပြီး နိရောဓ သမာပတ်မှ ထ၏။ ဤအတိုင်း အဓိဋ္ဌာန်ပြီး နိရောဓသမာပတ် ဝင်စား၍နေသော ယောဂီကို....

(က) အလွန် ပြင်းထန်သော အမြောက်ကြီးဖြင့် ပစ်သော်လည်း မလဲတော့ပြီ။
(ခ) ထင်းတွေပုံ၊ ဓာတ်ဆီလောင်းပြီး မီး နှင့် ရှို့ သော် လည်း မလောင်တော့ပြီ။
(ဂ) သူနေသော ကမ္မဋ္ဌာန်း ကျောင်းလေးကို ပျက်စီးအောင် ပြု သော်လည်း မတတ်နိုင်။

ပစ္စည်း ဘဏ္ဍာ သက်နီး ထီး ဖိနပ် စသည်နှင့်တကွ အားလုံး ကာယသိဒ္ဓိ ပြီးစီးနေတော့သည်။ အဓိဋ္ဌာန် မပြုလျှင် ယောဂီသာ ကာယသိဒ္ဓိ ပြီးစီး၏။ ပစ္စည်း ဘဏ္ဍာ စသည် မပြီးစီးပါ။ သမာပတ် ၉-ပါး ဝင်စားပုံတည်း။

## အဘိညာဏ် ရနိုင်သော သမထနှင့် အတိတ်ကံ

သမထကမ္မဋ္ဌာန်း ၄၀-တို့တွင် ကသိုဏ်း ၁၀-ပါးကို အားထုတ်၍ ရသော ဈာန်တို့သည်သာ အဘိညာဏ်ကို ဖြစ်စေတတ်သည်။ ကြွင်း သမထ ကမ္မဋ္ဌာန်း ၃၀-တို့သည် အဘိညာဏ်ကို မဖြစ်စေနိုင်။ အချို့ ယောဂီမှာ နီးသော အတိတ်ဘဝက အဘိညာဏ်ကို လေ့လာနိုင်နင်းခဲ့သဖြင့် ဉာဏ်ကြီး၏။ ယင်းသို့ ဉာဏ်ကြီးသောပုဂ္ဂိုလ် ဖြစ်သောကြောင့် စတုက္ကနည်းအရ ရူပဈာန် သမာပတ် ၄-ပါးကို ရရုံနှင့် အဘိညာဏ်ကို ဖြစ်စေနိုင်သည်။ ဤသို့ လေ့လာ နိုင်နင်းခဲ့ဘူးသူလည်း မဟုတ်၊ ဉာဏ်ကြီးသူလည်း မဟုတ်ခဲ့ပါမူ ဈာန်သမာပတ် ၈-ပါး၊ ၉-ပါးလုံးကိုပင် ရမှသာ အဘိညာဏ်ကို ဖြစ်စေနိုင်သည်။

## ယင်း ယောဂီ ရနိုင်သည့် အဘိညာဏ် ငါးပါး

ကသိုဏ်း ၁၀-ပါးကို အားထုတ်၍ အကြင်ပုဂ္ဂိုလ်သည် သမာပတ် ၈-ပါး၊ ၉-ပါးလုံးကို ရ၏။ ထိုပုဂ္ဂိုလ်သည် အောက်ပါ အဘိညာဏ် ၅-ပါး လုံးကို ရအောင် အားထုတ်ရာ၏။ ရနိုင်၏။ အထူး အားထုတ်သင့်၏။ ယင်း အဘိညာဏ် ၅-ပါးကား....

(၁) ဣဒ္ဓိဝိဓ အဘိညာဏ်-မြေကို လျှိုး၍ မိုးသို့ ပျံနိုင်သည့် တန်ခိုး ဈာန်တို့နှင့် ပြည့်စုံခြင်း။

(၂) ဒိဗ္ဗစက္ခု အဘိညာဏ်-နတ်မျက်စိကဲ့သို့ တိုင်းတပါးမှသော်လည်း မြင်ချင်တာတွေကို မြင်နိုင်သည့် တန်ခိုး ဈာန် တို့နှင့် ပြည့်စုံခြင်း။

(၃) ဒိဗ္ဗသောတ အဘိညာဏ် - နတ်များ နားကဲ့သို့ တိုင်းတပါးမှ သော်လည်း ကြားချင်တာတွေကို ကြားနိုင် သည့် တန်ခိုး ဈာန်တို့နှင့် ပြည့်စုံခြင်း။

(၄) ပရစိတ္တဝိဇာနန အဘိညာဏ်- သူတပါးတို့၏ စိတ်ကို မပြော မဆိုဘဲ သိနိုင်သည့် တန်ခိုး ဈာန်တို့နှင့် ပြည့်စုံ ခြင်း။

(၅) ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်- ရှေးရှေးသော ဘဝတို့၏ ဘဝဟောင်းမှ ဖြစ်ကြောင်း ကုန်စင်တွေ့ကို ပြန်၍ မြင်နိုင် သိနိုင်သော တန်ခိုး ဈာန်တို့နှင့် ပြည့်စုံခြင်း။

## ဈာန်ကစားနည်း ယူပြီးခါခါ ဝင်စားပါ

ဤသို့ အဘိညာဏ် ၅-ပါးကို ရလိုသော ဘာဝနာယောဂီသည်....

(က) တောခုတ်သမားသည် တောခုတ်သွားခါနီး ဓားကို ထက်သည် ထက် ထက်အောင် သွေးရသကဲ့သို့ လည်းကောင်း၊

(ခ) အဝေးမှ အဆောက်အဦတခုကို ကြည့်လိုသောသူသည် ကြည့်ခါနီးအခါ မိမိ၏မှန်ပြောင်းကို ကြည်သည်ထက် ကြည်အောင် ပွတ်တိုက်ရသကဲ့သို့ လည်းကောင်း၊

ထိုထိုဈာန်စိတ်ကို လည်းကောင်း၊ ဉာဏ်ကို လည်းကောင်း ထက်သည် ထက် ထက်အောင်၊ ကြည်သည်ထက် ကြည်အောင် သွေးပြီး ပွတ်ပြီး ဈာန်ကစားရမည်။ အကြိမ်များစွာ ကစားရမည်။ ဒါမှ အဘိညာဏ်များ ရနိုင်မည်။ ဈာန်ကစားပုံမှာ....

စတုက္ကနည်း၌ သမာပတ် ၈-ပါး၊ ပဉ္စကနည်း၌ သမာပတ် ၉-ပါး၊ ထိုသမာပတ်တို့ကို ပထမဈာန်မှစ၍ နေဝသညာနာသညာယတနဈာန် တိုင်အောင် အစဉ်အတိုင်း (အနုလုံ)ချည်း အကြိမ်များစွာ ဝင်စားပါ။

တဖန် နေဝသညာနာသညာယတနဈာန်မှ ပထမဈာန် တိုင်အောင် နောက်ပြန် အစဉ်အတိုင်း (ပဋိလုံ) ချည်း အကြိမ်များစွာ ဝင်စားပါ။

တဖန် အသွား အပြန် (အနုလုံ၊ ပဋိလုံ) အားဖြင့် အကြိမ်များစွာ ဝင်စားပါ။ အဘိညာဏ်များ တဖြည်းဖြည်း ထင်ရှားလာတတ်သည်။ မရမချင်း ရသည့်တိုင်အောင် အားထုတ်ပါ။ စေသည့်အတိုင်း၊ ခိုင်းသည့်အလုပ် ဟုတ် မဟုတ် စစ်ဆေးကြည့်ပါ။

## သမထတန်ခိုး တန်ဘိုးပိုင်ပိုင် မဖြတ်နိုင်

ကသိဏ်း ၁၀-ပါးလုံးကိုလည်း ရှေ့နည်းအတူ ပထဝီကသိဏ်းမှ အာလောကကသိဏ်း ကျအောင် အစဉ်အတိုင်း (အနုလုံ) ချည်း အကြိမ်များစွာ ဝင်စားပါ။

တဖန် အာလောကကသိဏ်းမှ ပထဝီကသိဏ်းကျအောင် နောက်ပြန် အစဉ်အတိုင်း (ပဋိလုံ)ချည်း အကြိမ်များစွာ ဝင်စားပါ။

တဖန် အသွား အပြန် (အနုလုံ၊ ပဋိလုံ)အားဖြင့်လည်း အကြိမ်များစွာ ဝင်စားပါ။

**အမှာ**။ ။ဉာဏ်ရှိသလို လုပ်နိုင်၏။ လုပ်နိုင်လေ ကောင်းလေ ဖြစ်၏။ မိမိ၏ ပါရမီအား ရှုအား မှတ်အား နည်းစနစ်အားများလည်း လိုလှ၏။ ယင်းအားများပေါ် မူတည်၍ တန်ခိုးအာနိသင်များ တိုးတက်ထင်ရှားမှုများ ဖြစ်လာပါလတ္တံ့။

ဤသို့ ဈာန်ကစားခဲ့သော် ဈာန်စိတ်သည် လည်းကောင်း၊ ဉာဏ်သည် လည်းကောင်း အလွန်ထက်သန် ကြီးထွားလာ၏။ ဝသီဘော် ငါးပါးကိုလည်း များစွာနိုင်နင်းလာ၏။ များစွာလည်း တည်ကြည်၏၊ များစွာလည်းကြည်လင်၏။ တန်ခိုးအမျိုးမျိုးကို ဖြစ်စေနိုင်၏။ မိမိစိတ် အလိုအတိုင်း ပြီးစီးစေနိုင်၏။ မိမိကိုယ်ကို (၁၀၀/၁၀၀၀)သော်လည်း ဖန်ဆင်းနိုင်၏။

## အဘိညာဏ်ဆင့် မြင့်ဘို့ခါခါ နှိုးလိုက်ပါ

ဤသို့ ဖန်ဆင်း (စေခိုင်း) သော (ဣဒ္ဓိမာ) ယောဂီသည် ဝိဇ္ဇာဓိုရ်များ (ဆေးနှိုး)သလို တန်ခိုးနှိုးသောအားဖြင့် ပထဝီကသိဏ်း၌ တန်ခိုးနှိုး (ပဥ္စမဈာန်)ကို တခဏလေးဖြစ်ဖြစ် ဝင်စားရသည်။

ယင်းသို့ ဝင်စားသောအားဖြင့် နှိုးရာမှ ထပြီးလျှင် လိုရာကို အဓိဋ္ဌာန်လျက် စေလိုက်အပ်၏၊ ထိုအဓိဋ္ဌာန်အဘိညာဏ် ဇောကျသည်နှင့် တပြိုင်နက် ဖြစ်စေရမည်၊ အကယ်၍ မဖြစ်လာသေးမူ ဤနည်းအတူ နှစ်ကြိမ် သုံးကြိမ်စသည်ဖြင့် စူးစိုက် အာရုံပြု စိတ်ဖြင့်ညို့ပြီး စေခိုင်းရမည်။

ဓမ္မပဒအဋ္ဌကထာပါ အရှင်စူဠပန္ထက မထေရ်ဝတ္ထု၌ အရှင်စူဠပန္ထကသည် မိမိအား ဉာဏ်ထိုင်းသည်၊ စာမတတ်၊ ဈာန် မဂ် မရဟု အထင်အမြင် သေးနေသော သံဃာအချို့အား သမထ (ဩဒါတကသိဏ်း) အဖြစ် (လက်ကိုင်ပဝါလေး)ကို ရှုပွားရာမှ ဈာန်အဘိညာဉ် ရသဖြင့် မိမိတပါးတည်းကို ကိုယ်ခွဲ ၁၀၀၀ ဖန်ဆင်းခြင်း၊ ယင်း ၁၀၀၀ ကို ၁-ပါး ဖြစ်အောင် ဖန်ဆင်းခြင်း လုပ်ပြလိုက်သည် မဟုတ်လော။ အဘိညာဉ်တန်ခိုး ကြီးမားပေစွ။

## အဘိညာဉ်များ ကြီးပွားလေလျှင် ဤသို့ပင်

ဒါန သီလ ဘာဝနာ ဟူသော သုံးပါးမှ ဘာဝနာသည် သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာဟု နှစ်ပါး ရှိလာသည်။ သမထ ဘာဝနာကို အားထုတ်လျှင် ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန်ဟု ငါးပါးလုံးကို ရရှိနိုင်သည်။ ယင်း ပဉ္စမဈာန်သည် ကုသိုလ်ပဉ္စမဈာန် ကြိယာပဉ္စမဈာန်ဟု နှစ်ပါး ရှိသည်။ ယင်း နှစ်ပါးကို အဘိညာဉ်ဒွေဟု ခေါ်သည်။ ယင်း အဘိညာဉ်ဒွေသည် ပဉ္စမဈာန်ပင်ဖြစ်၍ အဘိညာဉ်အဖြစ်သို့ ရောက်လာအောင် အထူး အားထုတ်ရမည်။ အင်္ဂါနှစ်ပါးမှာ ဥပေက္ခာနှင့် ဧကဂ္ဂတာတို့ ဖြစ်သည်။ လျစ်လျူရှုခြင်းသည် ဥပေက္ခာ၊ တည်ငြိမ်ခြင်းသည် ဧကဂ္ဂတာ။ ထို့ကြောင့်....

(က) ဥပပတ္တိတော ယုတ္တိတော ဠက္ခတိ အနုဘာဝတိ ဝေဒယမာနာပိ မဇ္ဈတ္တာကာရ သဏ္ဌိတာယာတိ ဥပေက္ခာ။

(ခ) သုခ ဒုက္ခာနံ ဝါ ဥပေတာ ယုတ္တာ အဝိရုဒ္ဓါ ဠက္ခာ အနုဘာဝနန္တိ ဥပေက္ခာ။

(ဂ) နာနာရမ္မဏ ဝိက္ခေပါဘာဝေန ဧကံ အာရမ္မဏံ အဂ္ဂံ ဠမယာတိ ဧကဂ္ဂံ၊ စိတ္တံ။

(ဃ) တဿ ဘာဝေါ ဧကဂ္ဂတာ၊ သမာဓိ၊ သော အဝိက္ခေပ လက္ခဏော။

(င) တဿ ဟိ ဝသေန သသမ္ပယုတ္တံ စိတ္တံ အဝိက္ခိတ္တံ ဟောတိ။

(အဘိဓမ္မတ္ထ ဝိဘာဝနီ ဋီကာ)

## သိဒ္ဓိရှင်ပုဂ္ဂိုလ် ဖြစ်လိုကြပြား နည်းယူပွား

(က) အရှင်မောဂ္ဂလာန်သည် နန္ဒောပနန္ဒ နဂါးမင်းကြီးကို ဆုံးမသည့်အခါ အဘိညာဉ်ဖြင့် နဂါးယောင်၊ ဂဠုန်ယောင် ဖန်ဆင်းထားသည်။

( ခ ) သထုံမြို့ထဲသို့ လူအများကို ဖမ်းစားရန် ပင်လယ်ထဲမှ တက်လာကြသော ဘီလူးကြီး ငါးရာကို အရှင်သောဏ မထေရ်သည် အဘိညာဉ်ဖြင့် အလွန်ကြီးသော ဘီလူးယောင် ဆောင်ပြီး တိုက်ထုတ်ပစ်သည်။

( ဂ ) သီဟိုဠ်ကျွန်းမှ ဓမ္မဒိန္နထေရ်သည် အဘိညာဉ်ဖြင့် ပရိသတ်တို့အား မြေကြီးကိုခွဲ၍ ငရဲတွေကို ပြခဲ့သည်။ နတ်ပြည်ကိုလည်း ပြသေးသည်။

(ဃ) သံကိစ္စ မည်သော ရသေ့ဆရာကြီးသည် ဗြဟ္မဒတ်မင်းအား နတ်ပြည် ဗြဟ္မာ့ပြည်တို့ကို ပြခဲ့သည်။

( င ) မဟာနာဂ မထေရ်ကြီး၏ တူဖြစ်သူ သံဃရက္ခိတ သာမဏေလေးသည် အဘိညာဉ်ဖြင့် ဝေဇယန္တာ ပြာသာဒ်ကြီးကို သွက်သွက်ခါအောင် လှုပ်ပြခဲ့သည်။

## သမထတရား ဘုရားရည်သန် မြတ်နိဗ္ဗာန်

ဤသို့ ဈာန်ကိုဝင်စား၍ ဈာန်သမာဓိကို အခြေခံပြီး ဝိပဿနာရှုသည်ရှိသော် အလွန်နက်နဲ သိမ်မွေ့ သဖြင့် များစွာ ထင်မြင်နိုင်ခဲသော (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) ခေါ် ဝိပဿနာသုံးမျိုး တရားအာရုံတို့သည် မပင်မပန်း ချမ်းသာ လွယ်ကူစွာဖြင့်ပင် အချိန်တိုတိုနှင့် ထင်မြင်လာနိုင်၏။ အာသဝေါတရားတို့ အကြွင်းအကျန်မရှိ ကုန်စေတတ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်များလည်း လွယ်လွယ်ဖြင့် ပေါ်လာတတ်၏။ သစ္စာလေးပါးအာရုံ နိဗ္ဗာန်အာရုံတို့လည်း လွယ်လွယ်ဖြင့်ပင် ထင်လာ မြင်လာတတ်၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မြင်မှ နိဗ္ဗာန်ကို မြင်မှာ သေချာ၍ ယင်း သုံးပါးကိုမြင်အောင် အားထုတ်နေခြင်းသည် နိဗ္ဗာန်ကို

မြင်အောင် (ဝါ) ရအောင် အားထုတ်နေသည် မည်၏။ ထို့ကြောင့် နဝင်္ဂတ္တရ ပါဠိတော်၌....

(၁) ပဌမံ ပါဟံ ဘိက္ခဝေ ဈာနံ နိဿာယ အာသဝါနံ ခယံ ဝဒါမိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ ပဌမမ္ပိ ဈာနံ၊ ပဌမဈာန်ကိုလည်း။ နိဿာယ၊ အခြေပြုစ်မှု အမှီပြု၍။ အာသဝါနံ၊ အာသဝေါ တရားတို့၏။ ခယံ၊ ကုန်မှုကို။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

( ပေယျာလ )

(၂) နေဝသညာနာသညာယတနံ ပါဟံ ဘိက္ခဝေ ဈာနံ နိဿာယ အာသဝါနံ ခယံ ဝဒါမိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ နေဝသညာ နာသညာယတနမ္ပိ ဈာနံ၊နေဝသညာ နာသညာယတန ဈာန်ကိုလည်း။ နိဿာယ၊ အခြေပြုစ်မှု အမှီပြု၍။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယံ၊ ကုန်မှုကို။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

## သိဒ္ဓိ ဣဒ္ဓိ စိတ်ရှိလိုငြား သမထပွား

အဘိညာဉ် ငါးပါးထဲသို့ (အရဟတ္တဖိုလ်) အာသဝက္ခယ ဉာဏ်ကို ထည့်လျှင် အဘိညာဉ် ၆-ပါးဖြစ်၏။ယင်း ၆-ပါးတွင် အောက်ပါ ၃-ပါးသည် ဝိဇ္ဇာ ၃-ပါး မည်၏။

(၁) ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်၊

(၂) ဒိဗ္ဗစက္ခု အဘိညာဉ်၊

(၃) အာသဝက္ခယ အဘိညာဉ်။

အဘိညာဉ် ၆-ပါးထဲသို့ ဝိပဿနာဉာဏ်နှင့် မနောမယိဒ္ဓိ တန်ခိုး ဟူ၍ ၂-ပါးကိုထည့်လျှင် ဝိဇ္ဇာ ၈-ပါး မည်၏။ သမထ ကမ္မဋ္ဌာန်းများ ကိုလည်း မြတ်စွာဘုရားသည် (အရဟတ္တဖိုလ်ဉာဏ်)အလို့ငှာ ဟောထားတော် မူခဲ့၏။

သို့သော် လောကီနှင့် မကင်းနိုင်ကြ၍ လောကီအဘိညာဉ် အကျိုးအတွက် အသုံးချတတ်က အလွန်ကျယ်ပြန့် ကြီးမားသော (မြေမှလျှိုးပြီး မိုးသို့ပျံနိုင်ခြင်း၊ ပထမအရွယ်မှ ဒုတိယအရွယ် စသည်သို့၊ တဖန် ဒုတိယအရွယ် စသည်မှ ပထမအရွယ်သို့ ကြိုက်သလို ပြောင်းလွဲစေခိုင်း နိုင်ပေသည်။ သုံးတတ်အောင် ကသိုဏ်း ၁၀-ပါးကို အထူး လေ့လာ၍ အမိဋ္ဌာန်မှုကိုလည်း ကျွမ်းကြပါစေ။

မံသစက္ခုဿ ဥပ္ပါဒေါ၊ မဂ္ဂေါ ဒိဗ္ဗဿ စက္ခုနော။
ယတော စ ဉာဏံ ဥဒပါဒိ၊ ပညာစက္ခု အနုတ္တရံ။
ယဿ စက္ခုပဋိလာဘာ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

(ဣတိဝုတ်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ မံသစက္ခုဿ၊ မွေးရာပါ မံသစက္ခု၏၊ ဥပ္ပါဒေါ၊ ဖြစ်လာ ပါလာရခြင်းသည် ဒိဗ္ဗဿစက္ခုနော ဒိဗ္ဗစက္ခု၏။ မဂ္ဂေါ၊ ရကြောင်းပါတည်း။

ယတော စ၊ အကြင် ဒိဗ္ဗစက္ခု ဟူသော အကြောင်းကြောင့်။ ဉာဏံ၊ နိဗ္ဗာန်ကို သိနိုင် မြင်နိုင်သော ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်နိုင်၏။

တော်၊ ဤသို့ ပေါ်လာသော ဉာဏ်သည်။ အနုတ္တရံ၊ အမြတ်ဆုံးဖြစ်သော။ ပညာစက္ခု၊ ပညာစက္ခုပါတည်း။ ယဿ စက္ခုပဋိလာဘာ၊ အကြင် ပညာစက္ခုကို ရခြင်းကြောင့်။ သဗ္ဗဒုက္ခာ၊ အလုံးစုံသော သံသရာဝဲ ဒုက္ခထဲမှ။ ပမုစ္စတိ၊ မုချပိုင်ပိုင် လွတ်မြောက်နိုင်တော့သည်သာတည်း၊

# ဝိပဿနာ ကဏ္ဍ

## ဘုရားရှင်ကိုယ်တိုင် မေးမြန်းတော်မူခြင်း

သုံးလူ့ထွဋ်တင် ဘုရားရှင်သည် သာဝတ္ထိပြည်မှန် ဇေတဝန်မည်သာ ကျောင်းဝိဟာ၌ မျှတရွှင်ပြုံး သီတင်းသုံးနေတော်မူစဉ် တနေ့သောအခါ ရဟန်းများစွာတို့သည် သပိတ် ပရိက္ခရာ အစုံတို့ဖြင့် နေရာအသီးသီးတို့မှ ဘုရားရှင်ထံ ချဉ်းကပ်၍ အဆုံးအမခံအံ့သောငှာ စုရုံးကြွလာကြလေကုန်၏။ သန္နိပါတ အချိန်ကျသောအခါ သုံးလူ့ထွဋ်တင် ဘုရားရှင်သည် "ချစ်သား ရဟန်းတို့၊ သင်တို့သည် ဂန္ထဓုရ၊ ဝိပဿနာဓုရ ဟူသော လုပ်ဆောင်စရာ ကိစ္စနှစ်ပါးရှိရာ အဘယ်ကိစ္စများ အပြီးအဆုံးသို့ ရောက်ကြကုန်ပြီနည်း" ဟု မေးမြန်းတော်မူ၏။

## ရဟန်းတော်တပါး ထ၍ လျှောက်ထားခြင်း

ထိုအခါ တပါးသောရဟန်းသည် ကိုယ်ဝတ်ကို စံပယ်တင်ထားအပ်သည်ဖြစ်၍ လက်အုပ်ချီကာ အသာအယာထလျက် "ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ဤရဟန်းအပေါင်းတို့တွင်....

(၁) အချို့သော ရဟန်းတို့သည် ပြည့်စုံသော သီလ ရှိကြပါကုန်၏။

(၂) အချို့သော ရဟန်းတို့သည် ဓုတင်ဆောင်တို့ ဖြစ်ကြပါကုန်၏။

(၃) အချို့သော ရဟန်းတို့သည် အကြားအမြင် ဗဟုဿုတ အလွန်များကြပါကုန်၏။

(၄) အချို့သော ရဟန်းတို့သည် ဆိတ်ငြိမ်သော တောကျောင်း၌ နေကြပါကုန်၏။

(၅) အချို့သော ရဟန်းတို့သည် ဈာန်ရပုဂ္ဂိုလ်များ ဖြစ်ကြပါကုန်၏။
(၆) အချို့သော ရဟန်းတို့သည် သောတာပန်ပုဂ္ဂိုလ်များ ဖြစ်ကြပါကုန်၏၊
(၇) အချို့သော ရဟန်းတို့သည် သကဒါဂါမ်ပုဂ္ဂိုလ်များ ဖြစ်ကြပါကုန်၏၊
(၈) အချို့သော ရဟန်းတို့သည် အနာဂါမ်ပုဂ္ဂိုလ်များ ဖြစ်ကြပါကုန်၏။

ထို့ကြောင့် ဤရဟန်းတို့သည် အရဟတ္တဖိုလ် ချမ်းသာကို ရဘို့ရာ မခဲယဉ်းတော့ပါ။ အလိုရှိသောနေ့၌ အရဟတ္တဖိုလ် ချမ်းသာသို့ လွယ်ကူစွာ ရောက်နိုင်ကြပါကုန်လတ္တံ့"ဟု လျှောက်လေ၏။

## ဘုရားရှင်၏ ပြန်လည်မိန့်ကြားချက်

ထိုအခါ ဘုရားရှင်သည် ထိုရဟန်းကို အကြောင်းပြု၍ အောက်ပါ ဂါထာနှစ်ရပ်တို့ဖြင့် ရဟန်းများစွာတို့အား မိန့်ကြား ဆုံးမတော်မူလေသည်။

(၁) န သီလဗ္ဗတမတ္တေန၊ ဗာဟုသစ္စေန ဝါ ပန။
အထဝါ သမာဓိလာဘေန၊ ဝိဝိတ္တသယနေန ဝါ။ ။

(၂) ဖုသာမိ နိက္ခမ္မသုခံ၊ အပုထုဇ္ဇန သေဝိတံ။
ဘိက္ခု ဝိဿာသ မာပါဒိ၊ အပတ္တော အာသဝက္ခယံ။ ။

(ဓမ္မပဒ ဓမ္မဋ္ဌဝဂ်၊ ပါ-၅၂၊ ဋ-၃-၂၅၂)

ဘိက္ခု၊ ချစ်သားရဟန်း။ သီလဗ္ဗတမတ္တေန ဝါ၊ သီလလေးပါး ဓုတင်တဆယ့်သုံးပါးကို ကျင့်ကာမျှဖြင့် လည်းကောင်း။ ဗာဟုသစ္စေန ဝါ၊ ပိဋကသုံးပုံ အလုံးစုံကို အကုန်သိပြား အကြားအမြင်များကာမျှဖြင့် လည်းကောင်း။ သမာဓိလာဘေန ဝါ၊ သမာဓိအား လွန်ကြီးမားသဖြင့် ရှစ်ပါးသော သမာပတ်ကို ရကာမျှဖြင့်လည်းကောင်း။ ဝိဝိတ္တသယနေန ဝါ၊ အရညဝါသီ တောကို မှီလျက် သာကြည်ဆိတ်ငြိမ် ကမ္မဋ္ဌာန်းအိမ်၌ နေထိုင်ကာမျှဖြင့်လည်းကောင်း။ အပုထုဇ္ဇနသေဝိတံ၊ ပုထုဇဉ်တို့နှင့်မစပ် အရိယာတို့သာ မှီဝဲအပ်သော။ နေက္ခမ္မသုခံ၊ ကာမရာဂ စသည်ကင်းကွာ အနာဂါမိဖိုလ်ချမ်းသာသို့။ ဖုသာမိ၊

မယွင်းမဖောက် ငါသည် ရောက်၏။ ဣတိတွေ့ကမတွေ့နဝါ၊ ဤသို့ အနာဂါမိ ဖိုလ်ချမ်းသာသို့ ရောက်ကာမျှဖြင့်လည်းကောင်း။ အာသဝက္ခယံ၊ အာသဝေါ ကုန်ရာ အရဟတ္တဖိုလ်ချမ်းသာသို့။ ဝါ၊ အာသဝေါကုန်လစ် ရဟန္တာ ပုဂ္ဂိုလ်အဖြစ်သို့။ အပတ္တော၊ မရောက်သေးသူဖြစ်ခဲ့မူကား။ ဝိဿာသံ။ တင်းတိမ် အားရ မရှိကြဘဲ ဘဝအစဉ် ချစ်ကျွမ်းဝင်လျက် ငေးမောပျော်ပျင်း အေး ဆေးစွာ နေထိုင်ခြင်းသို့။ န အာပါဒိ၊ မုချမှန်စွာ မရောက်စေသင့်ပါ။

## လေးနက်ခါခါ စစ်မေးပါလော

အထက်ပါ ဘုရားရှင်၏ ဩဝါဒများကို ထောက်ဆလျက် မိမိတို့ ကိုယ်ကို မိမိတို့ မေးကြရန်မှာ—

(၁) ငါတို့သည် ပြည့်စုံသော သီလရှိကြသူများ ဟုတ်ပါကုန်၏လော။
(၂) ငါတို့သည် ပြည့်စုံသော ဓုတင်အကျင့် ရှိကြသူများ ဟုတ်ပါ ကုန်၏လော။
(၃) ငါတို့သည် ပြည့်စုံသော ဗဟုဿုတရှိကြသူများ ဟုတ်ပါကုန်၏ လော။
(၄) ငါတို့သည် ဆိတ်ငြိမ်သော တောကျောင်း၌ နေကြသူများ ဟုတ်ပါကုန်၏လော။
(၅) ငါတို့သည် ဈာန်ရပုဂ္ဂိုလ်များ ဟုတ်ပါကုန်၏လော။
(၆) ငါတို့သည် သောတာပန် ပုဂ္ဂိုလ်များ ဟုတ်ပါကုန်၏လော။
(၇) ငါတို့သည် သကဒါဂါမ် ပုဂ္ဂိုလ်များ ဟုတ်ပါကုန်၏လော။
(၈) ငါတို့သည် အနာဂါမ် ပုဂ္ဂိုလ်များ ဟုတ်ပါကုန်၏လော။

## အနာဂါမ် အရိယာများ ဖြစ်ပါပြီးလည်း

''အို....စာဖတ် ယောဂီ သူတော်စင်၊ သင် ဘယ်လို ဖြေမလဲ။ ရဲရဲရင့်ရင့် အဆင့်ဆင့် တခုပြီး တခု ဟုတ်တိုင်းမှန်စွာ စိတ်ထဲကဘဲ ဖြေကြည့်လိုက်စမ်းပါ။ အဘယ်အဆင့်သို့ ရောက်နေသနည်း။ သောတာပန် အရိယာလား၊ သကဒါဂါမ် အရိယာလား။ ထားပါတော့၊ အနာဂါမ် အရိယာ ပုဂ္ဂိုလ်ကြီးပင် ဖြစ်လင့် ကစား အနာဂါမ် ပုဂ္ဂိုလ်လောက်နှင့်ဘဲ တင်းတိမ် အားရ မရှိကြဘဲ အထက်

ဆင့် အထက်ဉာဏ်သို့ ရောက်အောင် မဲမဲသဲသဲ မြဲမြဲစွဲစွဲ အားထုတ်ကြရဦးမည်ဟု ဆိုလိုပါသည်။ ဝိုးတိုးဝါးတား မပီမပြင် (ငါ-နှင်)ခေါ်ငြား အောက်တန်းစား တို့မှာမူကား အဘယ် ပြောဘွယ်ရာ ရှိပါကုန်တော့အံ့နည်း။ အားထုတ်ကြရဦး မည်သာတည်း။

## ယောဂီ ရှောင်ရန် တရား ၇-ပါး

အာဝါသော ဂေါစရော ဘဿံ၊ ပုဂ္ဂလော ဘောဇနံ ဥတု။
ဣရိယာပထောတိ သတ္တေတေ၊ အသပ္ပါယေ ဝိဝဇ္ဇယေ။ ။

[ဝိသုဒ္ဓိမဂ် ၁-၈၆]

ဟူသော အဋ္ဌကထာပါဌ်အရ....

(၁) ဆိတ်ငြိမ်မှု မရှိ ပဋိရူပဋ္ဌာန မဟုတ်သော ကမ္မဋ္ဌာန်းကျောင်း၊
(၂) အသွားအပြန် ဝေးလံ ခဲယဉ်းသော ဆွမ်းခံရွာ၊
(၃) သမာဓိတရား ပျက်ပြားကြောင်း စကားတွေပြောမှု၊
(၄) အပ္ပိယ အမနာပခေါ် မချစ် မခင် မုန်းတီး ဆန့်ကျင်ဘက် ပုဂ္ဂိုလ်၊
(၅) မိမိနှင့် မသင့်တင့် မလျောက်ပတ်သော အစာ အာဟာရ ဘောဇဉ်များ၊
(၆) မိမိနှင့် မသင့်တင့် မလျောက်ပတ်သော ဥတု၊
(၇) စိတ်တိုင်းမကျ မိမိနှင့်မသင့်တင့် မလျော်ကန်သော ဣရိယာပုထ်။

ဤအသပ္ပါယခေါ် (ဝိပဿနာတရား ပွားများမှုနှင့် မလျော်၊အထောက် အပံ့ မပြု၊ တားဆီး ပိတ်ပင်မှုသာ ဖြစ်နေသော အချင်းအရာ) ၇-မျိုးကို မဂ် ဖိုလ်တရား ရလိုကြသူ ယောဂီတိုင်း ဝေးဝေး ရှောင်ကြဉ်ရမည်။

## ယောဂီဖြတ်ရန် တရား ၁၀-ပါး

အာဝါသော စ ကုလံ လာဘော၊ ဂဏော ကမ္မဉ္စ ပဉ္စမံ။
အဒ္ဓါနံ ဉာတိ အာဗာဓော၊ ဂန္ထော ဣဒ္ဓီတိ တေ ဒသ။ ။

ဟူသော အဋ္ဌကထာမြတ် မိန့်မှာအပ်သည်နှင့်အညီ....

(၁) တိုက်တာ ကျောင်းကန် အာရာမ် အဆောက်အဦများ၊
(၂) အလုပ်အကျွေး ဒကာ ဒကာမ ဥပါသကာ ဥပါသိကာမများ၊
(၃) ဘုန်းကံအလျောက် ပေါ်ပေါက်သော လာဘ်လာဘများ။
(၄) တပည့် ရဟန်း သာမဏေ စာသင်သား ဂိုဏ်းဂဏ သမဂ္ဂများ၊
(၅) ဘုရားတည် ကျောင်းဆောက် လမ်းဖောက် စသော နဝကမ္မများ၊
(၆) အပင့် အဖိတ် ရက်ရှည်ခရီး သွားစရာ ကိစ္စများ၊
(၇) ဥပဇ္ဈာယ် အန္တေဝါသိက စသော သာသနာ့ ဆွေမျိုးများနှင့် မိဘ ညီအကို မောင်နှမ စသော ဆွေမျိုးများ၊
(၈) မကျန်း မမာ အနာရောဂါ ဝေဒနာများ၊
(၉) စာတက် စာချ စာကျက် စာရေး စသော ကျမ်းဂန် စာပေ ကိစ္စများ၊
(၁၀) တန်ခိုးပြခြင်း တန်ခိုးပြိုင်ခြင်း စသော ဣဒ္ဓိပါဒ် အရာများ၊
ဤပလိဗောဓခေါ် ကြောင့်ကြမှု (၁၀) မျိုးကို မဂ် ဖိုလ် တရား ရလိုကြသူ ယောဂီတိုင်း တင်းတင်း ကြပ်ကြပ် ဖြတ်ပစ်ရမည်။

### ယောဂီ မနေအပ် အရပ် ၁၈-ပါး

(၁) မဟာဝါသံ နဝါဝါသံ၊ ဇရာဝါသဉ္စ ပန္ထနိံ။
သောဏ္ဍိံ ပဏ္ဏဉ္စ ပုပ္ဖဉ္စ၊ ဖလံ ပတ္ထိတမေဝ စ။
(၂) နဂရံ ဒါရုနာ ခေတ္တံ၊ ဝိသဘာဂေန ပဋ္ဋနံ။
ပစ္စန္တသီမာ သပ္ပါယံ၊ ယတ္ထ မိတ္တော န လဗ္ဘတိ။
(၃) အဋ္ဌာရသေတာနိ ဌာနာနိ၊ ဣတိ ဝိညာယ ပဏ္ဍိတော။
အာရကာ ပရိဝဇ္ဇေယျ၊ မဂ္ဂံ ပဋိဘယံ ယထာ။ ။

**(ဝိသုဒ္ဓိမဂ် ပ-၁၁၈)**

ဟူသော အဋ္ဌကထာ ဆရာမြတ် မိန့်မှာအပ်သည်နှင့်အညီ....
(၁) စာချစာသင် များဖျင်လူသား ပရိသတ်အများ နေသော ကျောင်းတိုက်ကြီးများ၊
(၂) ထူထောင်ရေး ကဏ္ဍမှာပင် ရှိနေသော ကျောင်းတိုက် အသစ်များ၊
(၃) ပြင်စရာတွေ များနေသော ကျောင်းတိုက်ဟောင်းများ၊

(၄) ဘုတာရုံ၊ ကားဆိပ် စသော ညွှန့်သည် တည်းခိုရာ ခရီးနှင့် နီးသော ကျောင်းတိုက်များ၊
(၅) ယောကျ်ား မိန်းမ အများစုဆုံရာ ရေတွင်း ရေကန်နှင့် နီးသော ကျောင်းတိုက်များ၊
(၆) ဟင်းရွက်တောနှင့်နီးသော ကျောင်းတိုက်များ၊
(၇) စပယ်၊ ကံ့ကော် စသော ပန်းခြံ ပန်းရုံနှင့် နီးသော ကျောင်းတိုက်များ၊
(၈) သရက် ပိန္နဲ စသော သီးပင်များနှင့် နီးသော ကျောင်းတိုက်များ၊
(၉) တန်ခိုးကြီးဘုရား စသည်နှင့် နီးသော ကျောင်းတိုက်များ၊
(၁၀) မြို့ ရွာ လူသူလေးပါးနှင့် နီးသော ကျောင်းတိုက်များ၊
(၁၁) ထင်းတော၊ သစ်တောနှင့် နီးသော ကျောင်းတိုက်များ၊
(၁၂) ကောက်များ၊ ပဲများ စိုက်ပျိုးရာ လယ်နှင့် နီးသော ကျောင်းတိုက်များ၊
(၁၃) ရန်သူနှင့် နီးသော ကျောင်းတိုက်များ၊
(၁၄) ရေဆိပ် ကုန်းဆိပ်နှင့် နီးသော ကျောင်းတိုက်များ၊
(၁၅) တိုင်းစွန် ပြည်စွန်၌ တည်သော ကျောင်းတိုက်များ၊
(၁၆) တိုင်းနှစ်ခုတို့၊ ပြည်နှစ်ခုတို့၏ အကြား၌ တည်သော ကျောင်းတိုက်များ၊
(၁၇) အနီးအနား ဘီလူး သားရဲတို့ သွားလာ လှုပ်ရှား နေသော ကျောင်းတိုက်များ၊
(၁၈) ကလျာဏ မိတ္တခေါ် ဒကာ ဒကာမကောင်း မရှိသော ကျောင်းတိုက်များ။

ဆိုပြီးအရပ်၊ ဆိုပြီး ကျောင်းတိုက် ၁၈-မှာ မဂ် ဖိုလ် တရား ရလိုကြသူ ဒယောဂီတိုင်း မနေအပ်၊ ဝေးဝေး ရှောင်ကြဉ်ရမည်။

## သံသရာဝဋ်မှ မြန်မကြာ လွတ်လိုကြလျှင်

မိမိကိုယ်ကို မိမိ ရင်ဝမှာ လှံစူးသော ယောကျ်ား၊ ဦးခေါင်းကို မီးစွဲသော ပုဂ္ဂိုလ်များကဲ့သို့ မှတ်ရမည်။ ထင်ရှားစေအံ့။ ရင်ဝမှာ လှံစူးသော ယောကျ်ားသည် လှံ၏ဒဏ်ချက်ကြောင့် နာကျင်လှသဖြင့် လှံ၏ အပြစ်ကိုသာ အမြဲမြင်၍ လှံမှကျွတ်ဘို့ရန်သာ အမြဲကြိုးစားနေရသကဲ့သို့ ဦးခေါင်းကို မီးစွဲ

သော ပုဂ္ဂိုလ်များသည် မီး၏ဒဏ်ချက်ကြောင့် ပူလောင်လှသဖြင့် မီး၏ အပြစ်ကိုသာ အမြဲမြင်၍ မီးမှလွတ်ဘို့ရန်သာ အမြဲ ကြိုးစားနေရသလို အိုမှု နာမှု သေမှုတို့အပြင် စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ တောင့်တခြင်း၊ ကြောင့်ကြခြင်း၊ ပူပန်ခြင်း စသော သံသရာပြင်ကျယ် ရေပင်လယ်ကျော၌ အစုံ အဆန်မျောပြီး ဒုက္ခအသွယ်သွယ်တို့ ဖြင့်သာ လည်နေရသော ငါတို့သည်လည်း သံသရာ၏ ဒဏ်ချက်ကြောင့် ဒီဒုက္ခတွေ ခံနေရသဖြင့် သံသရာ၏ အပြစ်ကို မြင်၍ သံသရာဝဋ်ဒုက္ခမှ မြန်မကြာ လွတ်ပြုတ် ကျရလေအောင် အထူးပင် အတိုးထား၍ ကြိုးစားသင့်ကြပေသည်။ ကြိုးစားကြလေ။

## ပစ္စုပ္ပန်ပေါ်တွင် စိတ်ကို တင်လျက်

(က) အတီတံ နန္ဝာဂမေယျ၊ နပ္ပဋိကင်္ခေ အနာဂတံ။
ယဒတီတံ ပဟီနန္တံ၊ အပတ္တံ စ အနာဂတံ။ ။

(ခ) ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
အသံဟီရံ အသံကုပ္ပံ၊ တံ ဝိဒွါ မနုဗြူဟယေ။ ။

(ဥပရိပဏ္ဏာသ၊ ဝိဘင်္ဂဝဂ် ပါ· ၂၂၆။)

အတီတံ၊ လွန်၍သွားသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်ပုံ ပျက်ပုံ အလုံးစုံကို။ နန္ဝာဂမေယျ၊ လိုက်၍ မရှုမမှတ်ရာ။ အနာဂတံ၊ မရောက်သေးသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်ပုံ ပျက်ပုံ အလုံးစုံကို။ နပ္ပဋိကင်္ခေ၊ ကြိုတင် မှတ်လို၍ မျှော်လင့် တောင့်တခြင်းကို မပြုရာ။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ အတီတံ၊ လွန်၍သွားသော။ ယံ ဓမ္မံ၊ အကြင် ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်ပုံ ပျက်ပုံ အလုံးစုံသည်။ အတ္ထိ၊ အကယ်တိတိ အမှန်ရှိ၏။ တံ ဓမ္မံ၊ ထိုရုပ်နာမ် ဓမ္မ သင်္ခါရတို့၏ ဖြစ်ပုံ ပျက်ပုံ အလုံးစုံသည်။ ပဟီနံ၊ ကွယ်ပျောက်ခဲ့လေပြီ။ အနာဂတံ၊ မရောက်သေးသော။ ယံ ဓမ္မံ၊ အကြင် ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်ပုံ ပျက်ပုံ အလုံးစုံသည်။ အတ္ထိ၊ အကယ်တိတိ အမှန်ရှိ၏။ တံ ဓမ္မံ၊ ထိုရုပ်နာမ် ဓမ္မ သင်္ခါရတို့၏ ဖြစ်ပုံ ပျက်ပုံ အလုံးစုံသည်။ အပတ္တံ၊ ဥပါဒ် ဌီ ဘင် အစဉ် ခေါ်ငြား ခဏ သုံးပါးသို့ မရောက်သေး။ ကသ္မာ၊ ထို့ကြောင့်။ နပ္ပဋိကင်္ခေ၊ ကြိုတင် ရှုမှတ်လို၍ မျှော်လင့် တောင့်တခြင်းကို မပြုရာ။

ယော၊ အကြင်သူသည်။ ပစ္စုပ္ပန္နဥ၊ ဖြစ်ဆဲ ပျက်ဆဲသာလျှင် ဖြစ်သော။ ဝါ၊ ယခု ပေါ်ဆဲ ပျောက်ဆဲသာလျှင် ဖြစ်သော။ ယံ ဓမ္မံ၊ အကြင် ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်ပုံ ပျက်ပုံ အလုံးစုံကို။ တတ္ထ တတ္ထ၊ ထိုထို ဖြစ်ဆဲ ပျက်ဆဲ ပေါ်ဆဲ ပျောက်ဆဲသော ခဏ၌။ ဝိပဿတိ၊ ဉာဏ်ဖြင့် ကပ်ကာ ရှုမှတ်ရာ၏။ တံ ဓမ္မံ၊ ထို ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်ပုံ ပျက်ပုံ အလုံးစုံကို။အသံဟီရံ၊ မရွေ့မပြောင်းမီ။ အသံကုပ္ပံ၊ မပျက်မစီးမီ။ ဝိဒွါ၊ ဝိပဿနာ ပညာရှိသော။ သော၊ ထိုယောဂီ သူတော်စင်သည်။ အနုဗြူဟယေ၊ ထပ်လဲ ဖန်ခါ ရှုမှတ် ပွားများရာ၏။

## မလွတ်တမ်း စောင့်ဖမ်း ရှုမှတ်ပါ

အတိတ် အနာဂတ်ဖြစ်သော ရုပ်နာမ်ဓမ္မ သင်္ခါရ တရားတို့၏ ဖြစ်ပုံ ပျက်ပုံတို့ကို မမှတ်ရဘဲ ခဏတ္တယ ပစ္စုပ္ပန်ကျကျ သတိပဋ္ဌာနသုတ် အာနပါန ပဗ္ဗ၊ ဣရိယာပထပဗ္ဗ၊ သမ္ပဇာနပဗ္ဗ စသည်တို့၌ ဟောထားတော်မူခဲ့သည့် အတိုင်း (အဿိတ ပီတ ခါယိတ သာယိတ) ကာလတို့နှင့်တကွ နောက်ဆုံး (ဥစ္စာရကမ္မ ပဿာဝကမ္မ) ကာလတို့၌ပါ မကျန် အဝင် အထွက် အဖောင်း အပိန် အထိုင် အထိ အကွေး အဆန့် အမြင်အကြား အကြွ အမ အပူ အအေး အကိုက်အခဲ အလှုပ် အရှားမှအစ ပေါ်ခိုက် ပျောက်ခိုက် ကလေးတွေကို အစမှ အဆုံးတိုင် ထိထိမိမိ လေးလေးနက်နက် အသိ ရှင်းရှင်းဖြင့် မလွတ်တမ်း စောင့်ဖမ်းရှုမှတ်ပါ။

## ထိုးဝါးနှင့် ကြိုး တန်ဘိုးထားပါ

စိတ္တံ တေဂ္ဂံ ဟောတိ၊ အရိတ္တုပတ္ထမ္ဘန
ဝသေန စက္ကာသောတေ နာဝါဋ္ဌပန မိဝ။

[ဝိသုဒ္ဓိမဂ် ၁-၂၇၁]

ဟူ၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပ-၂၇၁ ၌ လာသည့်အတိုင်း အလွန်တရာ ကြမ်း တမ်းစွာ စီးသွားနေသော ရေပြင်၌ မရပ် မနား ပြေးသွားနေသည့် လှေငယ် အား တုတ်ခိုင်သော ထိုးဝါးတခုကို နာနာစိုက်၍ ကြိုးတချောင်း ကောင်း ကောင်းဖြင့် ဖွဲ့ချည်ထားလိုက်သည့်အခါ ထိုလှေသည် မပြေး မလွှား တည်တံ့ ရပ်နားသွားသည့်ပမာ လှေငယ်နှင့်တူသော မိမိစိတ်ကို ထိုးဝါးနှင့်တူသော အဝင် အထွက် အဖောင်းအပိန် စသော မှတ်စရာ အာရုံ တခုခုမှာ သတိ တည်း

ဟူသော ကြိုးကောင်း တချောင်းဖြင့် ခိုင်ခိုင် ချည်ထားလိုက်သည့်အနေ အမြဲတစေ သတိချပ်၍ ပေါ်ဆဲ ပျောက်ဆဲသော (၆၇) ပေါ်ခိုက် ပျောက်ခိုက်ဖြစ်သော ရုပ်နာမ်ဓမ္မ သင်္ခါရတရား အစုတို့ကို ရှုမှတ် အားထုတ်ရမည်။

## စည်းမှန် နည်းမှန် စေတနာသန်လျက်

အလိုရှိအပ်သော တရား၏ ရမှု ပြည့်စုံမှုတို့သည် ကြိုးစား ပွားများအားထုတ်မှု၏ အဆုံးမှာ မုချရှိ၏။ လမ်းဆုံးလျှင် မုချ ရွာတွေ့ရမည်။ ရွာကားမရှိသည် မဟုတ်၊ မတွေ့သေးလျှင် မဆုံးသေးဟု မှတ်။ ရက်နှင့် မတွေ့သေးလျှင် လ၊ လနှင့် မတွေ့သေးလျှင် နှစ်၊ နှစ်နှင့် မတွေ့သေးလျှင် ဘဝအားဖြင့် ရမှုပြည့်စုံမှု မရောက်ခင်း ဆက်လက် ကြိုးစားရန် လို၏။

ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ
အသုညော လောကော အရဟန္တေဟိ အဿ။

ဟူ၍ သုတ်မဟာဝါ (ပါ-၁၂၅)လာသည်နှင့်အညီ စည်းမှန် နည်းမှန် စေတနာသန်သန်နှင့် ရွက်ကုန်တင် တက်စုံနှင်၍ လေသာ ရေသာရှိခိုက် တအားလှော်ခတ် အားထုတ်လိုက်လျှင် မကြာခင်ဘဲ ဒီခေတ်မှာ ရဟန္တာ အထိပင်ဖြစ်နိုင်ပါသေးသည်။

## အချိန်ရှိတုန်း လုံ့လသုံးလော

ဖြစ်နိုင်သည့်အချိန်တွေ ရှိနေပါသေးသည်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်များ အဖြစ်ကား ဆိုဘွယ်မရှိ ဖြစ်နိုင်သည်သာတည်း။ အတိတ်မှာ လွန်ခဲ့ ကျန်ခဲ့တဲ့ အချိန်တွေကို ပြန်လည် စဉ်းစား အောက်မေ့ တသနေမည့်အစား အနာဂတ် ကာလ၌ ဒီတရားတွေ ဒီအသိတွေကို ရမှု ပြည့်စုံမှု အတွက် အချိန်ရှိတုန်း လုံ့လသုံး၍ "နင်လားဟဲ့ သုံးဆယ့်တစ်ဘုံ၊ ငါလွတ်အောင် ခုန်မဟဲ့" ဟု ပြင်းပြင်းထန်ထန် ရှုမှတ် ပွားများကြရမည်။

## ငါးပေါက်မှားလျှင် ငါးပါးမှောက်လိမ့်မည်

ပိတ်၍ကို ဖွင့်၍ဟု အဖတ်မှား၊ အမှတ်မှားတတ်သည်။ ဒီလို ရှုမှတ်သည့်အခါ ပေါ်လာတိုင်း ပေါ်လာတိုင်းသော အထင်အရှားဆုံး မှတ်စရာ အာရုံကလေးတွေကို....

ဆဒ္ဒါရိကောသု အာရမ္မဏေသု သေသာနိ
ပဥ္စဒွါရာနိ ပိဓာယ မနောဒွါရေ ကမ္မံ ပဋ္ဌပေယ။

ဟူ၍ ဓမ္မပဒ အဋ္ဌကထာ ဒု-၂၆၃ ၌ လာသည့်အတိုင်း (စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ) ဟူသော (မျက်စိ နား၊ နှာ၊ လျှာ၊ ကိုယ်) အားဖြင့် ဒွါရငါးခုခေါ် တံခါး ငါးပေါက်တို့ကို ပိတ်၍ (ဝါ) ငါးပေါက်တို့သို့ စိတ်ကို မရောက်စေဘဲ မနောဒွါရခေါ် စိတ်တံခါးပေါက်၌ပင် ရုပ် နာမ် ဖြစ် ပျက် ပေါ် ပျောက် ကလေးတွေကို မလွတ်တမ်း စောင့်ဖမ်း အရယူလျက် ရှုမှတ်လိုက်ရမည်။ ပေါ်တိုင်း ပျောက်တိုင်းကို ပေါ်တယ် ပျောက်တယ်ဟု ပြတ်အောင် ရှုမှတ်ပစ်ရမည်။

## တင်းပြည့် တောင်းပြည့် အားသွန် ရှုမှတ်ပါ

သို့မှလည်း မဂ်ဇော ဖိုလ်ဇောများ ကျရောက်နိုင်မည်။ ဥပမာ မှတ်ပုံမှာ (မြင်တယ်၊ မြင်တယ်) လို့ မှတ်တဲ့အခါ မြင်စရာအဆင်း ရူပါရုံ ရုပ်တရားနှင့် ထို မြင်လိုက်တဲ့ မြင်မှု စက္ခုပသာဒ ရုပ်တရား၏ မြင်ခြင်း၏ အစ၊ မြင်ခြင်း၏ အဆုံး၊ (ဝါ) မြင်ခြင်း ဖြစ်မှု၊ မြင်ခြင်း ပျက်မှုခေါ်တဲ့ မြင်ခြင်း၏ ပေါ်မှု၊ မြင်ခြင်း၏ ပျောက်မှုကလေးတွေ ရောက်အောင်၊ တနည်း (ကြားတယ်၊ ကြားတယ်) လို့ မှတ်တဲ့အခါ ကြားစရာ အသံ သဒ္ဒါရုံ ရုပ်တရားနှင့် ထို ကြားလိုက်တဲ့ ကြားမှု သောတပသာဒ ရုပ်တရား၏ ကြားခြင်း၏ အစ၊ ကြားခြင်း၏ အဆုံး၊ (ဝါ) ကြားခြင်း ဖြစ်မှု၊ ကြားခြင်း ပျက်မှုခေါ်တဲ့ ကြားခြင်း၏ ပေါ်မှု၊ ကြားခြင်း၏ ပျောက်မှု ကလေးတွေ ရောက်အောင် အသိစိတ်ကလေးကို တွန်းပို့ပြီး စူးစူးစိုက်စိုက် သိစရာ မှတ်စရာလေးတွေကို တင်းပြည့် တောင်းပြည့် ရရှိအောင် ထိထိမိမိ သိလိုက် မှတ်လိုက်ရမယ်။

## ကိလေသာများ ခေါင်းပါးလာပုံ

ထိုသို့ သိလိုက် မှတ်လိုက်ရလျှင်ပင်....

ဖုဋ္ဌ ဖုဋ္ဌောကာသေ သတိံ ဌပေတွာ
ဘာဝေန္တဿေဝ ဘာဝနာ သမ္ပဇ္ဇတိ။

ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပ-၁၇၁ လာသည့်အတိုင်း အာရုံနှင့် ပသာဒ ထိကြရာ အရပ်၌ သတိကို ဖြစ်စေလျက် သိမှတ် ပွားများနေသော ယောဂီ

သူတော်စင်အား ဘာဝနာပွားမှု ပြည့်စုံနေသည် ဖြစ်သောကြောင့် တမှတ်ပြီး တမှတ် မှတ်တိုင်းမှတ်တိုင်း ဘာဝနာ ကုသိုလ်တွေဖြစ်နေသည်ကို သတိပြုခဲ့ပါ။ ဒီအဖောင်း ဒီအပိန်တွေကိုချည်း ထပ်ခါ ထပ်ခါ မှတ်နေရပါသည်ဟု မထင်နှင့်။ တစ် နှစ် သုံး လေး စသည်ဖြင့် ရေတွက်သလို တခုစီ တခုစီ တခုပြီး တခုဒါကိုချည်း ရေတွက်နေသော်လည်း တစ်မှ နှစ်သို့ နှစ်မှ သုံးသို့ သုံးမှ လေးသို့ ကူးပြောင်းပြီး များပြားလာသလို ဉာဏ်ကလေးတွေ များပြားပြီး ရင့်လာ တက်လာ ကိလေသာတွေ ခေါင်းပါးလာသည်ကို အထူးသတိပြုပါ။

## နေကျိုးနပ် အမြတ်တွေအောင်ရှာ

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ဟု ဓမ္မပဒ ပါဠိတော် (ပါ-၃၀။ ဋ္ဌ-ပ-၄၄၂) လာသည့်အတိုင်း ယောက်ျား မိန်းမ စသည်မဟူ အကြင်လူသည် ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ ဖြစ်မှု ပျက်မှု၊ ပေါ်မှု ပျောက်မှု တရားစုကို မရှု မဆင်ခြင် လက္ခဏာယာဉ်သို့ မတင်ဘဲ အနှစ်တရာ ကာလပတ်လုံး အသက်မသေ ရှည်၍ နေ၏။ ထိုသို့ အသက်မသေဘဲ အနှစ်တရာ ရှည်ကြာစွာ နေရသောသူထက် ရုပ် နာမ် ဖြစ် ပျက် ပေါ် ပျောက်တွေကို ရှုမှတ် ပွားများလျက် တရက်တာမျှ အသက်ရှင်ရခြင်းက မုချမှန်စွာ မြတ်လှပါ၏။

## ပေါ်သိ ပျောက်သိ လိုက်၍ကြည့်

သို့အတွက် (ပေါ်သိ ပျောက်သိ၊ ပေါ်သိ ပျောက်သိ) မှန်မှန်ကြီး သွားနေရာတွင် ပေါ်-ပျောက် ရုပ်တရားနှင့် သိလိုက် မှတ်လိုက်ရတဲ့ ပေါ်သိ ပျောက်သိ (ဝါ) ပေါ်တာကို သိ၊ ပျောက်တာကို သိမှ နောက်က လိုက် လိုက် သိနေတဲ့ နာမ်တရားတို့သည် ပေါ်လိုက် သိလိုက် ပျောက်လိုက် သိလိုက်နှင့် ရုပ်ရော နာမ်ရော တွဲလျက် တွဲလျက် ပေါ်လာ ပေါ်လာကြသည်။ တွဲလျက် တွဲလျက် ပေါ်လာ ပေါ်လာပြီးလည်း ရပ်တည်၍ မနေဘဲ တွဲလျက် တွဲလျက်ပင် ပျောက်ခါ ပျောက်ခါသွားကြသည်။ ထို့ကြောင့်....

## လှေနှင့် ကူးတို့သမား ပမာထား

(က) ဥဘော နိဿာယ ဂစ္ဆန္တိ၊ မနုဿာ နာဝါ စ အဏ္ဏဝေ။
ဧဝံ နာမဉ္စ ရူပဉ္စ၊ ဥဘော အညောည နိဿိတာ။

[ဝိသုဒ္ဓိမဂ် ၄-ဒု ၂၃၂]

(ခ) ယမကံ နာမ ရူပဉ္စ၊ ဥဘော အညောည နိဿိတာ။
ဧကသ္မိံ ဘိဇ္ဇမာနသ္မိံ၊ ဥဘော ဘိဇ္ဇန္တိ ပစ္စယာ။ ။

(ဝိသုဒ္ဓိမဂ် ၄-ပ-၂၃၀)

အဏ္ဏဝေ၊ သမုဒ္ဒရာ ပင်လယ် ရေပြင်ကျယ်၌။ မနုဿာစ၊ အလိုရှိရာ ရပ်ဒိသာသို့ ကောင်းစွာသွားလို များလူဗိုလ်တို့သည် လည်းကောင်း။ နာဝါ စ၊ လူဗိုလ်အများ စီးကာ သွားကြသည့် ထင်ရှားမသေွ သင်္ဘော လှေတို့သည် လည်းကောင်း။ ဥဘော၊ လူနှင့် လှေဟု ထိုနှစ်ခုတို့သည်။ နိဿာယ၊ လူသည် လှေအား လှေသည် လူအား အတူထား၍ မခြားနှစ်ခု အချင်းချင်း အမှီပြုကြကုန်လျက်။ ဂစ္ဆန္တိ၊ လိုရာခရီး ညျမည်းရဘဲ အပြီးတိုင် ပေါက်ရောက်ကြီး ရောက်ကြကုန်လေ၏။ ဧဝံ၊ ဤသို့ လူကြောင့် လှေရောက် လှေကြောင့် လူ ရောက်ခဲ့ကြသည့် နည်းတူ။ နာမဉ္စ၊ ညွှတ်ကိုင်းလေငြား နာမ် သင်္ခါရတရားသည် လည်းကောင်း။ ရူပဉ္စ၊ ဖောက်ပြန်လေငြား ရုပ်သင်္ခါရတရားသည် လည်းကောင်း။ ဥဘော၊ ရုပ်စု နာမ်စု သင်္ခါရတရား နှစ်ခုတို့သည်။ အညောည နိဿိတာ၊ အချင်းချင်း တခုသည် တခု အမှီပြုကြလေကုန်၏။

ယမကံ၊ အစုံအတွဲ အမြဲဖြစ်၍ နေသော။ နာမဉ္စ၊ နာမ်သင်္ခါရတရားသည် လည်းကောင်း။ ရူပဉ္စ၊ ရုပ်သင်္ခါရတရားသည် လည်းကောင်း။ ဥဘော၊ ရုပ်စု နာမ်စု တရားနှစ်ခုတို့သည်။ အညောည နိဿိတာ၊ အချင်းချင်း တခုသည် တခု အမှီပြုကြရကုန်သည် ဖြစ်၍။ ဧကသ္မိံ၊ တခု တခုသော တရားအစုသည်။ ဘိဇ္ဇမာနသ္မိံ၊ ပေါ်ပြီးသည့်နောက် ပျောက်ခြင်းသို့ ရောက်သည် ရှိသော်။ ဥဘော၊ ရုပ်စု နာမ်စု တရား နှစ်ခုလုံးတို့သည်။ ပစ္စယာ (လှေနှင့် ပို့သူ၊ ပမာတူ) ဟူသော အကြောင်းကြောင့်။ ဘိဇ္ဇန္တိ၊ မုချမသေွ ချုပ်ပျက်ကြလေကုန်၏။

## ကျန်းမာရေး လက်နှေးလို့ မဖြစ်

အာရောဂျံ ပရမံ လာဘံ။ အာရောဂျံ၊ အနာရောဂါ ဝေဒနာ ကင်းရှင်း ကျန်းမာ၍ နေရခြင်းသည်။ ပရမံ၊ အကောင်းတကာတို့ထက် ကဲလွန် အထူးချွန်ဆုံးဖြစ်သော။ လာဘံ၊ ရစရာမသွေ (ရတနာ အမြူတေ) တူလှပါပေ၏။ ရုပ်တရားနှင့် နာမ်တရားတို့သည် လှေနှင့် ပဲ့သူ ပမာတူ၏။ လှေလှုပ်လျှင် လှုပ်လျက် လှေမှောက်လျှင် ပဲ့သူလည်း မှောက်၍ လှေရပ်လျှင် ပဲ့သူလည်း ရပ်ပြီး လှေရောက်မှ ပဲ့သူလည်း ရောက်မည်။ ရုပ်နာမ်နှစ်ပါး တွဲလျက် တွဲလျက် ဖြစ်ပျက်၍ တခုပျက်လျှင် နှစ်ခုလုံးပျက်ကြောင်းကို သတိပြုပါ။ လှေ၏ မယိုမပေါက် မတိမ်း မစောင်း အန္တရာယ် ကင်းကင်း ရန်စွယ် ရှင်းရှင်းနှင့် လိုရာခရီး အပြီးတိုင် ရောက်အောင် ဖေးဖေး မမ ထိန်းသိမ်း စောင့်ရှောက်ကြလျက် သွက်သွက် လက်လက် လှော်ခတ်သွားကြရသလို ခန္ဓာကိုယ် လှေကြီးကိုလည်း ဖေးဖေး မမ ဆေးဝါး ခါတ်စာ စသည်ဖြင့် စောင့်ရှောက်ကာ သွက်သွက် လက်လက် အသိစိတ်စိတ် ရှုမှတ် အားထုတ်သွားရမည်။

## သေလျှင်ပြီးရော သဘောအမှား

ဥတု ဘောဇန ဥပနိဿာယ
မဂ္ဂံ ဥပ္ပါဒေတိ၊ ဖလသမာပတ္တိံ သမာပဇ္ဇတိ။

ဟူသော ပဋ္ဌာန်းပါဠိတော် (ပ-၁၅၁)အတိုင်း လျော်ကပ်သော ဥတု၊ လျော်ကပ်သော ဘောဇဉ်ကို အမှီပြု၍ သောတာပတ္တိ စရှိ လေးပါး မဂ်တရားတို့ကို ကောင်းစွာပိုင်ပိုင် ဖြစ်စေနိုင်၏။ ဖလသမာပတ္တိ သုခသို့လည်း ကောင်းစွာ ရောက်နိုင်၏။ မလျော်ကပ်သော ဥတု၊ မလျော်ကပ်သော ဘောဇဉ်အတွက် မဂ်ဖိုလ်ကို မရရှိ။ မဂ်ဖိုလ်ကို တားမြစ်နိုင်ကြောင်း သတိပြုပါ။ သေလျှင် ပြီးရောဟု အချို့ လွယ်လွယ် ပြောကြ၏။ ဤသို့ မမှတ်လင့်၊ ပြီးမည် မဟုတ်။ အဘယ်ဘဝမှာ အဘယ်ခန္ဓာ အဘယ်လှေနှင့် တွေ့ရလိမ့်မည်ဟု မုချ မသိနိုင်။ (ကမ္မဝိပါကော အစိန္တေယျော) ကံ၏ အကျိုးပေးမှုကို ငါ သူတပါး ရဟန္တာများသော်မှ မုချပိုင်နိုင် ကြံဆပြောပြခြင်းငှာ မစွမ်းနိုင်ဟူလို။

## ရေအသာ လေလာခိုက်ပေမို့

ခဏခဏ လှေတခုပြီး တခု လဲနေရလျှင်လည်း ခရီးမရောက်။ တယောက်လှော်လှေနှင့်တွေ့လျှင် တော်သေး၏။ ငါးရာပါ တုန်ကင်းကြီးနှင့် တွေ့နေလျှင် (ရေသန်သန် လေဆန်)ကလည်း ဖြစ်နေပြန်သဖြင့် မောလည်း မော၊ ရောက်လည်း မရောက်၊ အလွန်ကြောက်ဖွယ် ကောင်းလှ၏။ ဘဝကောင်း၊ ခန္ဓာကောင်း၊ လှေကောင်း ရထားသဖြင့် ရေအသာ လေလာခိုက် ချမ်းချမ်း သာသာ သွားကြသည့်အလား (မာ ဝေါ ခဏံ ဝိရာဓေထ၊ ခဏာတီတာဟိ သောစရေ) ရသင့် ရထိုက်သော အခွင့်ကာလကို လွန်မြောက် လွဲချော်မသွားစေသင့်။ အခါကောင်းသော်လည်း အလာနှောင်း၍ လွဲတတ်သည်ဆိုသကဲ့သို့ အချိန်လွန်က ပြန်မရ ဖြစ်လေသောကြောင့် ကုန်လွန် ကွယ်ပျောက်သွားခဲ့သော အခွင့်ကာလအတွက် စိုးရိမ်ကြောင့်ကြ နောင်တ တဖန် ပူပန်ရတတ်သည်။ ထို့ကြောင့် အချိန်ရှိတုန်း လုံ့လသုံးကာ အားသွန်ရှူမှတ် ပွားများကုန်ရာ၏။

## ရုပ်နာမ်နှစ်ပါး ထင်ရှားပေါ်လာ

ထို့ကြောင့် ဒီလို မြင်ဆဲ ခဏမှာ အထက်ဉာဏ်ကလေးတွေကို ညွှတ်ညွှတ်ပြီး (မြင်တယ်၊ မြင်တယ်)လို့ မှတ်နေရင်း၊ ကြားဆဲခဏမှာ (ကြားတယ်၊ ကြားတယ်)လို့ မှတ်နေရင်း၊ (သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ)ဟူသော ဗလငါးဆင့် သင့်တင့်လျောက်ပတ်သည့်အခါ ဖြစ်ခဲ့ပါမူ မြင်ချင်တယ်၊ ကြားချင်တယ်ဆိုတဲ့ အသိကလေးတွေပါ ကြိုတင်ပါဝင်ဖြစ်ပေါ်ပြီး မြင်စရာ ကြားစရာ ရုပ်တရားများ ဆက်စပ် ဖြစ်ပေါ်လာသဖြင့်(နာမံ နိဿာယ ရူပံ ပဝတ္တတိ) ဆိုတဲ့အတိုင်း နာမ်တရားကို အမှီပြု၍ ရုပ်တရားများ ဖြစ်လာလေ၏။ တဖန် ရုပ် ဟူသော မြင်စရာ ကြားစရာ အာရုံကလေးတွေ ပေါ်လာသဖြင့် ထို မြင်စရာ ကြားစရာ အာရုံကလေးတွေကို မြင်တယ် ကြားတယ်ဟု မှတ်လိုက်တဲ့အသိ နာမ်တရားလေးတွေ ပေါ်လာပြန်သောကြောင့်(ရူပံ နိဿာယ နာမံ ပဝတ္တတိ) ဆိုတဲ့အတိုင်း ရုပ်တရားကို အမှီပြု၍ နာမ်တရားများ ဖြစ်ပေါ်လာလေ၏။

## သူငါရှိ မရှိ ရှာမှသိလိမ့်

ရုပ္ပနလက္ခဏံ နာမ ရူပါနံ အသာဓိသုပ္ပတ္တိ။ ရူပါနံ၊ ရုပ်တရားတို့၏။ အသာဓိသုပ္ပတ္တိ၊ ရှေ့အမူအရာနှင့် မတူသော နောက်အမူအရာ၏ ဖြစ်ပေါ်လာ

ခြင်းသည်။ ရူပဉ္စနလက္ခဏံနာမ၊ ရုပ္ပန လက္ခဏာမည်၏ ဟူသော ဒေသနာတော်အတိုင်း ဤသို့ မြင်တယ် မြင်တယ်လို့ မှတ်တဲ့အခါမှာ မြင်ချင်တာရယ်၊ မြင်တာရယ်၊ ကြားတယ် ကြားတယ်လို့ မှတ်တဲ့အခါ ကြားချင်တာရယ်၊ ကြားတာရယ်၊ သွားတယ် သွားတယ်လို့ မှတ်တဲ့အခါ သွားချင်တာရယ်၊ သွားတာရယ်၊ ထိုင်တယ် ထိုင်တယ်လို့ မှတ်တဲ့အခါ ထိုင်ချင်တာရယ်၊ ထိုင်တာရယ် ဟူသော (နာမ်တရားနှင့် ရုပ်တရား) ဤနှစ်ပါးမှ တပါး ကိုယ်ထဲမှ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောက်ျား မိန်းမ စသည် မရှိဟု ရှင်းရှင်းလင်းလင်း ကွဲကွဲပြားပြား သိသွားပေသည်။ ထို့ကြောင့် (နာမရူပ မတ္တတော ဥဒ္ဓံ သတ္တော ဝါ ပုဂ္ဂလော ဝါ ဒေဝေါ ဝါ ဗြဟ္မာ ဝါ နတ္ထိ)ဟု ဟောတော်မူ၏။

## ညွတ်ကိုင်းခြင်း ဖောက်ပြန်ခြင်းနှင့် ပေါ် ပျောက်ပုံ

နမနဋ္ဌေန နာမံ ရုပ္ပနဋ္ဌေန ရူပံ၊
(အဋ္ဌသာလိနီ-၁၉၄)

ဆိုတဲ့အတိုင်း နာမ်တရား၏ မြင်ချင်တယ် ကြားချင်တယ် စသော ရုပ်ဆီသို့ ညွတ်ကိုင်းပုံကလေးတွေ၊ ရုပ်တရား၏ ရှေ့အစဉ်နှင့် နောက်အစဉ် တခုနှင့်တခု မတူကြဘဲ ပျက်စီးဖောက်ပြန်ကြပုံ ကလေးတွေနှင့်တကွ....

ပဗ္ဗံ သန္ဓိ သန္ဓိ ဩဓိ ဩဓိ ဟုတွာ တတ္တကပါလေ
ပက္ခိတ္တာ တိလံ ဝိယ တဋ္ဋာတဋ္ဋာယန္တာ ဘိဇ္ဇန္တိ။

ဟူ၍ သီလက္ခန် အဋ္ဌကထာ ၁၇၂ လာသည့်အတိုင်း အစပ်အစပ် အဆက်အဆက် အပိုင်းအပိုင်း ဖြစ်ကြကုန်၍ အလွန်တရာ ပူပြင်းစွာသော မီးအိုးခင်းထဲ၌ ထည့်၍ လှော်အပ်သော နှမ်းလုံး နှမ်းစေ့ကလေးများကဲ့သို့ တဖျစ်ဖျစ် တဖြောက်ဖြောက် တဖောက်ဖောက် အသံကလေးတွေဟာ ခဏမစဲ တသဲသဲ ပေါ်လာကြပြီး ပျောက်ပျောက်သွားကြသလို ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ သည်လည်း ပေါ်လာ ပေါ်လာကြပြီး ပျောက် ပျောက် သွားကြသည်ကို မြင်လာ ထင်လာတတ်ကြပါသည်။

## ဝိဇ္ဇာဉာဏ်ကလေးများ ပေါ်လာပုံ

ထိုသို့ မြင်လာ ထင်လာသည့်အခါ....
ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန။
(သံ-၁-၁၁၂)

ဟူသော ဒေသနာတော်အတိုင်း ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် ကုန်ခန်း ရုပ်စဲတတ်သော အနက်သဘောရှိသောကြောင့် အနိစ္စတို့သာ မည်ကုန်၏။ ထို့ကြောင့် ပေါ်ပြီး ပျောက်သွားတဲ့အတွက် ဟုတ္ဝာ အဘာဝတော အနိစ္စာ (သမ္မော-အဋ္ဌကထာ ၄၇) အရ ရုပ်နာမ်၏ မမြဲပုံ ထင်လာ မြင်လာအောင် ရှုနိုင်တဲ့ အနိစ္စာနုပဿနာဝိဇ္ဇာဉာဏ်ကလေးတွေဟာ ထင်ထင်ရှားရှား ကွဲကွဲ ပြားပြားဘဲ တဖွားဖွား ပေါ်လာတတ်ကြပါသည်။ ဤသို့ တွဲလျက်ကလေး ပေါ်လာလိုက်၊ တွဲလျက်ကလေး ပျောက်သွားလိုက်နှင့် (ပေါ်သိ၊ ပျောက်သိ) ကလေးတွေ တခုပြီးတခု ဆက်ကာ ဆက်ကာ ပေါ်လျက် ဤနည်းနှင်နှင် အဆင်သင့်ပေါ်လိုက်၊ အဆင်သင့်မှတ်လိုက်၊ အဆင်သင့်ပျောက်လိုက်၊ အဆင် သင့် မှတ်လိုက်၊ ဤသို့ အသိတခုနှင့် အသိတခု၊ သတိတခုနှင့် သတိတခု၊ ရှေ့ နောက် မပြတ် တရစပ် ဆက်စပ်ပြီး ရှုမှတ် ပွားများကြရမည်။

## ဘာကြောင့် ယိမ်းယိုင်နေသလဲ

ဤသို့ မရှုမှတ်ဘဲ ဣရိယာပုထ် ပြောင်းကာ ရပ်ထားလိုက်၊ ပြန်မှတ် လိုက်နှင့် အမှတ်မကျသော ယောဂီမှာ....

ဣရိယာပထံ ဝိကောပေတွာ ဂစ္ဆတော၊
ကမ္မဋ္ဌာနံ နဝ နဝမေဝ ဟောတိ။

ဟူ၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပ-၂၇၅ လာသည့်အတိုင်း သူ၏ ကမ္မဋ္ဌာန်းသည် အမြဲတမ်း အသစ် အသစ်သာ ပြန်ပြန်ဖြစ်နေသဖြင့် ချောင်းတိုင် တက်သူကဲ့သို့ အထက်ဉာဏ် အထက်ဆင့်သို့ မရောက်တော့ဘဲ မြေကြီးနားမှာသာ ဝဲလျက် နေသည့်ပမာ အောက်ဉာဏ် အောက်ဆင့်မှာဘဲ ရပ်လျက်နေတော့၏။ ထို့အတူ အမှတ်မကျ မပြည့်စုံသဖြင့် (ယဿ ပရိပုဏ္ဏာ အဘာဝိတာ၊ တဿ ကာ ကာယောပိ ကိလ္ဗိတော ဟောတိ၊ စိတ္တမ္ပိ ကိလ္ဗိတံ၊ ကာယောပိ ဖန္ဒိတော ဟောတိ၊ စိတ္တမ္ပိ ဖန္ဒိတိ)ဟု ပဋိသမ္ဘိဒါမဂ် (ပါ-၁၁၆) လာသည့်အတိုင်း ကိုယ်လည်း

မငြိမ်၊ စိတ်လည်း မငြိမ်၊ တုန်မှု လှုပ်မှုတွေ၊ ယိမ်းမှု ယိုင်မှုတွေ ဖြစ်နေတတ်ပါတယ်။ အမှတ်ကျ ပြည့်စုံနေသည့်အခါ ကိုယ်ရောစိတ်ပါ အလွန်တည်ငြိမ်၍ သိမ်သိမ်မွေ့မွေ့ ကြွေနေရလှပါတယ်။

## ဒွါရတံခါး ပိတ်ထားလေလျှင် သူမဝင်

ဤသို့ အကြားအလပ်မရှိ တရစပ် ဆက်စပ်ပြီး ရှုမှတ်နေတဲ့အတွက် နှစ်ရွက်ပိတ် ပြူတင်းတံခါးတခု၌ နှစ်ရွက်လုံး ပွင့်နေလျှင် နှစ်ရွက်စာ လေဝင်မည်။ တရွက်သာ ပွင့်နေလျှင် တရွက်စာ လေဝင်မည်။ တထွာသာ ပွင့်နေလျှင် တထွာစာ လေဝင်မည်။ တလက်မသာ ပွင့်နေလျှင် တလက်မစာ လေဝင်မည်။ လုံးလုံး မပွင့်တော့လျှင် လုံးလုံး လေဝင်ခွင့် မရတော့ပြီ။ ထို့အတူ ဆက်စပ် ရှုမှတ်နေသော ယောဂီအတွက် (စက္ခာဒိဒွယံ အသမ္ဘတ္တဝသေန ဃာနာဒိတ္တယံ သမ္ပတ္တဝသေနာတိ ပဉ္စဝိဓမ္ပိ ဂေါစရဂ္ဂါဟိတရူပံ)ဟု အဘိဓမ္မတ္ထသင်္ဂဟ နှာ-၁၀၁ လာသည့်အတိုင်း အသမ္ပတ္တ သမ္ပတ္တအစွမ်းဖြင့် (စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ) မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်) ဟူသော ဒွါရငါးပါး တံခါးငါးပေါက်အတွင်းသို့ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ (အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိဖွယ်ရာ)ဟူသော အာရုံငါးပါး ကိလေသာ ကာမဂုဏ်တရားတို့သည် ဝင်ထွက် ကျက်စားနေကျ ဖြစ်သော်လည်း ရှုမှု မှတ်မှုတို့ဖြင့် ပိတ်ထားသဖြင့် ဝင်ထွက် ကျက်စားခွင့် မရကြတော့ပြီ။

## ထိန်းပါ ကျောင်းပါ စိတ်ကိုသာ

အဘိတ္ထရေထ ကလျာဏေ၊ ပါပါ စိတ္တံ နိဝါရယေ ဟု ဓမ္မပဒပါဠိတော် နှာ-၃၀ လာသည့်အတိုင်း ပုထုဇဉ် လူသားတို့၏စိတ်သည် မကောင်းမှု၌သာ မွေ့လျော် ကျက်စားတတ်ကြသဖြင့် စိတ်ကို ဤသို့ မကောင်းမှု အတွင်းသို့ မဝင်နိုင်အောင် ထိန်းချုပ် တားထားလိုက်သောကြောင့် ထိုကိလေသာတရား မကောင်းမှုများ၌ ထိုစိတ်သည် မွေ့လျော်ကျက်စားခွင့် မရတော့ပြီ။ မရအောင်ဘဲ တရစပ် ရှုခြင်း မှတ်ခြင်းဖြင့် ပိတ်ဆီး တန့်ရပ်ထားလိုက်ခြင်း ဖြစ်သည်။ ဒါမှ (စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ) ဆိုတဲ့အတိုင်း ပညာရှိသောသူသည် မိမိစိတ်ကို နိုင်နင်းစွာ စောင့်ရှောက် ထိန်းသိမ်းထားရမည်။ စိတ်ကို လုံခြုံအောင်နိုင်နင်းစွာ ထိန်းသိမ်းစောင့်ရှောက်ထားနိုင်လျှင် လောကီ

လောကုတ္တရာ နှစ်ဖြာသော သုခကို ရအောင် ဆောင်ရွက်နိုင်ပြီး သုခကို ရအောင် ဆောင်ရွက်လိုသူတိုင်း စိတ်ကို မကောင်းမှု ကိလေသာတရားဆီသို့ မသွားမရောက်အောင် ရှုမှု မှတ်မှုဖြင့် တိန်းသိမ်း စောင့်ရှောက်ထားပါ။

## မိခင်ချစ်သား နှင့်ပြေးသော်လည်း သူမခွဲ

ဤသို့ဖြင့် မှတ်ကောင်းနေသည့်အခါ မှတ်နေရတာကို တနာရီ နှစ်နာရီ သုံးနာရီအထိ ကြာသွားစေကာ မှတ်လို့ကောင်းနေတာနှင့်ဘဲ အမှတ်ကို လွှတ်ရမှာ နှမြောနေတယ်။ အမြဲဘဲ မှတ်နေချင်တယ်။ မှတ်စိတ်လေးဟာလဲ အမြဲဘဲ မှတ်ဘို့ရန် အဆင်သင့် ရှိနေတာယ်။ မိခင်အနားမှ သားငယ် မသွား သလို သွားခိုင်း၍ပင် မသွားသကဲ့သို့ ဘယ်အခါကြည့်ကြည့် အနားမှာပင် ရှိပြီး မှတ်စရာတွေကို မတိုက်တွန်းရဘဲ မလွတ်တမ်း မှတ်နေတယ်။ အလွန် ယဉ်ကျေး၍ သိမ်မွေ့နူးညံ့နေတာကိုလဲ တွေ့ရတယ်။ စောစောပိုင်းက ညောင်း နေကျ ကိုက်နေကျ ဝေဒနာတွေဟာလဲ လုံးလုံး မရှိတော့ဘူး။ မှတ်ရင်းနဲ့ အားတက်ပြီး ဆက်လက်သာ မှတ်နေချင်တော့တယ်။

## မကြုံဖူး အထူးသာယာ သူ့စိတ်မှာ

နိရောဓော ဒုက္ခဓမ္မာနံ၊ သင်္ခါရူပသမော သုခေါ။

ဟူသော ဣတိဝုတ် ပါဠိတော် နှာ-၂၂၀ လာသည့်အတိုင်း ရုပ်နာမ် ဓမ္မ သင်္ခါရတရားတို့၏ ချုပ်ငြိမ်းမှု သန္တိလက္ခဏာ ပြည့်စုံစွာသော အလွန် အေးမြ သည့် သုခ၏ အနှစ်ဆာရကို ခံစားနေရ၍ ဘာကိုမှလည်း မလုပ်ချင်ဘူး၊ ရပြန် လျှင်လည်း ဝမ်းသာမှု မရှိလှဘူး၊ ပြောစရာ ဆိုစရာ လုပ်စရာ ကိုင်စရာလေး များကိုပင် ဖြစ်ချင်သလိုသာ ဖြစ်စေတော့ဟု ဥပေက္ခာပြုထားချင်တော့သည်။ ထို့ကြောင့်...

ဥပေက္ခာ သန္တဝုတ္တိတ္တာ၊ သုခမိစ္စေဝ ဘာသိတာ။

(ဝိသုဒ္ဓိမဂ်။ ၄-၃-၂၀၃)

ဆိုတဲ့အတိုင်း ဤသို့ လျစ်လျူရှု ဥပေက္ခာပြုထားနိုင်ခြင်းကိုပင် ငြိမ်းအေးသော သဘောရှိသောကြောင့် သုခပါဘဲဟု ကျမ်းဆရာများက ဖွင့်ပြတော်မူကြ၏။ ဟုတ်လည်း ဟုတ်လှ၏။ ထိုအခိုက်မှာ အလွန်ဘဲ ချမ်းသာနေ၏။ တောင့်တ စရာ၊ ကြောင့်ကြစရာလေးတွေ အလွန်နည်းပြီး ထိုင်စရာလေးတခုဖြင့် တရားကို

အာရုံပြု ရှုမှတ်နေရလျှင် အတော်ဘဲ ကျေနပ်နေတတ်ပါတယ်။ ဒီအခါ အလွန် ချမ်းသာနေပါတယ်။ လူချမ်းသာဆိုတာ အခုမှတွေ့တာကိုး ဟုလည်း ထင်လာ တတ်ပါတယ်။

## တယောက်ထဲ အမြဲ နေချင်တယ်

ဓမ္မစာရီ သုခံ သေတိ ဟူသော ဓမ္မပဒပါဠိတော် နှာ-၃၉ လာသည့် အတိုင်း ဒီလို သန္တိအစစ်မဟုတ်သေးသော မှတ်ရှုအားထုတ်မှု အလွန်ကောင်း လာချိန် ပျော်စရာ တရားအာရုံကလေးတွေနှင့် တွေ့နေသည့်အခါ တယောက် တည်းပင် နှစ်နှစ်ခြိုက်ခြိုက်ဘဲ ပျော်နိုင်ကြပါတယ်။ "တယောက်ထဲ အမြဲနေ ချင်တယ်" ဟုပင် ဆန္ဒတွေ ဖြစ်လာတတ်ကြပါတယ်။ ဤကား တရားကို အဖော် လုပ်၍ တရားထဲ၌ဘဲ မွေ့လျော်ကာ ပဋိပတ္တိဓမ္မ အရသာကို သာယာခံစား နေခြင်း ဖြစ်ပါတယ်။

မနုဿသုခတော ဒိဗ္ဗသုခံ၊ ဒိဗ္ဗသုခတော ဈာနသုခံ။

ဈာနသုခတော ဝိပဿနာသုခံ၊ ဝိပဿနာသုခတော မဂ္ဂသုခံ။

မဂ္ဂသုခတော ဖလသုခံ၊ ဖလသုခတော နိဗ္ဗာနသုခံ အဓိဝဟတိ။

ဟု အင်္ဂုတ္တရ အဋ္ဌကထာ ပ-၄၄ မှာ ပြဆိုခဲ့သည့်အတိုင်း လူချမ်းသာထက် နတ်ချမ်းသာက သာလွန်ထူးကဲ မြင့်မြတ်၏။ ထို့အတူ နတ်ချမ်းသာထက် ဈာန်ချမ်းသာသည် လည်းကောင်း၊ ဈာန်ချမ်းသာထက် ဝိပဿနာ ချမ်းသာ သည် လည်းကောင်း၊ ဝိပဿနာချမ်းသာထက် မဂ်ချမ်းသာသည် လည်းကောင်း၊ မဂ်ချမ်းသာထက် ဖိုလ်ချမ်းသာသည် လည်းကောင်း၊ ဖိုလ်ချမ်းသာထက် နိဗ္ဗာန် ချမ်းသာသည် လည်းကောင်း သာလွန်ထူးကဲ မြင့်မြတ်၏။ ထို့ကြောင့်....

## သာယာငြိမ့်ငြောင်း ကမ္မဋ္ဌာန်းကျောင်း

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတီ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။ ။

( ဓမ္မပဒ ပါဠိတော်-၆၇ )

သုညာဂါရံ၊ သစ်ပင်စိမ့်စမ်း တောစခန်းနှင့် တောလမ်းအပါ တရံ တခါ ဘာသာဘာဝ မြူးပျော်လှ၍ အော်ကြ ခေါ်ကြတဲ့ကျေးငယ်ငှက်ငယ်တို့၏

အသံသာသဖြင့် ကြည်နူးဘွယ်ရာ သာယာငြိမ့်ငြောင်း ကမ္မဋ္ဌာန်းကျောင်းသို့။ ပဝိဋ္ဌဿ၊ ကောင်းစွာကြွဝင် ရှုဆင်ခြင်လျက်။ သန္တစိတ္တဿ၊ အပူမဖက် ငြိမ်သက်သော စိတ်ရှိသော။ သမ္မာ၊ မဖောက်မပြန် အမှန်အားဖြင့်။ ဓမ္မံ၊ ပေါ်မှု ပျောက်မှု ရုပ်နာမ် သင်္ခါရတရား အစုစုကို။ ဝိပဿတော၊ အစဉ် မပြတ် ရှုမှတ် ပွားများ၍ နေသော။ ဘိက္ခုနော၊ သံသရာဘေး လာမည့် အရေးကို မျှော်တွေးထောက်ရှု ဘိက္ခုမည်တွင် သူတော်စင်အား။ အမာနုသီ၊ လောကီသုခ ဟူသမျှထက် အဘက်ဘက်များစွာ မယှဉ်သာအောင် သာလွန် ထူးကဲလှစွာသော။ ရတိ၊ ဓမ္မအမြိုက် ရသာတိုက်၍ အကြိုက်မွေ့လျော် ပျော်ပျော်ကြီး ခံစား ရှုမှတ်၍ နေနိုင်ခြင်းသည်။ ဟောတိ၊ ဉာဏ်တွေ့ရင့်သဖြင့် စင်စစ်မသွေ အလိုလို ဖြစ်ပေါ်၍ လာလေ၏။

## ယောဂီတိုင်း တွေ့ရမည့် အတွေ့အကြုံလေးများ

ဤသို့ ရှုမှတ်၍ နေသည့်အခါ ခရီးသွားသူတိုင်းသည် ထိုခရီး၌ တွေ့ကြုံ သင့်သမျှ အတွေ့ကလေးတွေ၊ အကြုံကလေးတွေကို အနည်းနှင့်အများ တွေ့တတ် ကြုံတတ်ကြသည့်အလား....

နိဗ္ဗာနဿ သစ္ဆိကိရိယာယ

ဟု သတိပဋ္ဌာန် (ဒီ-ပါ-၂-၂၃၁) ဒေသနာ လာရှိသည့်အတိုင်း နိဗ္ဗာန် ရုပ် နာမ် ချုပ်ငြိမ်းမှုသို့ ရောက်ခြင်း ရှိနိုင်သဖြင့် မရောက်မီ မျက်မှောက်မပြုရမီ စပ်ကြား သံသရာခရီးသွား တယောက်အနေဖြင့် ထိုခရီးလမ်း အကြားမှာပင် လမ်း၌ တွေ့သင့် တွေ့ထိုက်သော ပီတိ၊ ပါမောဇ္ဇ၊ ပဿဒ္ဓိ၊ သုခ စသည်တို့၏ တရားသဘောလေးတွေနှင့်တကွ ရတနာသုံးပါး မိဘဆရာသမားများကိုလည်း လွှဲဒါန်းချင်တယ်၊ ပြုစုချင်တယ်၊ စောင့်ရှောက်ချင်တယ်၊ ပူဇော်ချင်တယ်၊ သူတပါးကို သနားကြင်နာတယ်၊ ကူညီချင်တယ်၊ ကိုယ်ချင်းစာတရား ထား တယ် စသည်ဖြင့် (သဒ္ဓိယဓမ္မ)၏ သဘောကလေးတွေဟာလည်း စီကာ စဉ်ကာ တခုပြီး တခု အများကြီး ပေါ်လာတတ်ကြတယ်။

## ဝိဇ္ဇာဉာဏ်ရောင် မြင့်ခေါင်ထင်ရှား

.သောက ပရိဒေဝါနံ သမတိက္ကမာယ ဆိုသည့်အတိုင်း စိုးရိမ်မှု၊ ပူဆွေး ငိုကြွေးမှုမရှိဘဲ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဆိုသည့်အတိုင်း ကိုယ်ဆင်းရဲ မှု၊ စိတ်ဆင်းရဲမှုတွေဟာလည်း မပေါ်လာ၊ ဉာယဿ အဓိဂမာယ ဆိုသည့်

အတိုင်း သမ္မသနုဉာဏ်မှ အဆင့်ဆင့်တက်၍ ဉဒယဗ္ဗယ၊ ဘင်္ဂ၊ ဘယ စသည်ဖြင့် ဂေါတြဘူဉာဏ်မှ လောကုတ္တရာ အရိယာ မဂ်ဉာဏ်တိုင်အောင် ရရှိတတ်ပါတယ်။ ထို့ကြောင့် စောစောပိုင်းက ရှုမှတ် ပွားများရင်းနဲ့ အနိစ္စာနုပဿနာ ဝိပဿနာဉာဏ်ရောင်၊ ပေါ်လာသည့်အခါမှာ ဒုက္ခ၏ ဘယတ္ထ ပီဠနတ္ထသဘော ဒုက္ခာနုပဿနာ ဝိပဿနာဉာဏ်ရောင်၊ အနတ္တ၏ အသာရကတ္ထ အဝသဝတ္တနတ္ထသဘော အနတ္တာနုပဿနာ ဝိပဿနာဉာဏ်ရောင် ကလေးတွေဟာလည်း သေချာစွာ ကြည့်လေလျှင် ရှေ့နောက်စဉ်ပြီး ထင်ထင်ရှားရှား ပေါ်နေတာ တွေ့ကြပေလိမ့်မယ်။ ထို့ကြောင့်....

အနိစ္စသညိနော မေဃိယ၊ ဒုက္ခသညာ သဏ္ဌာတိ၊
ဒုက္ခသညိနော မေဃိယ၊ အနတ္တသညာ သဏ္ဌာတိ၊

ဟု နဝအင်္ဂုတ္တရ ပါဠိတော် နှာ-၁၆၉-မှာ ဟောကြားတော် မူသည့်အတိုင်း ဘုရားရှင်က "ချစ်သား မေဃိယ၊ အနိစ္စသညာ ထင်လာသော ယောဂီအား ဒုက္ခသညာ ကောင်းစွာထင်ပြီ။ ချစ်သား မေဃိယ၊ ဒုက္ခသညာ ထင်လာသော ယောဂီအား အနတ္တသညာ ကောင်းစွာထင်ပြီ"ဟု သိစေလိုပါသည်။

## နိဗ္ဗာန်မြင်သော ယောဂီ ဘယ်မှာလဲ

အနိစ္စလက္ခဏာ ဒဿနမေဝ ပဓာနံ၊ တသ္မိံ၊
ဒိဋ္ဌေယေဝ ဣတရာနိ ကမေန ဒိဋ္ဌာနေဝ ဟောန္တိ။

ဟူ၍ ပရမတ္ထ ဒီပနီဋီကာ ၄၄၁ မိန့်မှာတော် မူသည့်အတိုင်း အနိစ္စလက္ခဏာ ထင်အောင် ရှုမှုသာ လိုရင်းအကျ ပဓာနတည်း။ ထိုအနိစ္စလက္ခဏာ ထင်လာသည်ရှိသော် ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ နှစ်ပါးလည်း ရှုမှတ်ရင်းဖြင့် အစဉ်အတိုင်း တပြိုင်တည်းကဲ့သို့ ရှေ့နောက်စဉ်ကာ ထင်လာကြကုန်သည်။

အနတ္တလက္ခဏေ သုဒိဋ္ဌေ၊ အသ္မိတိ ဥပ္ပဇ္ဇနကမာနော
သုပ္ပဇဟော ဝ ဟောတိ။

ဟူ၍ နဝအင်္ဂုတ္တရဋီကာ ၂၈၃-လာရှိသည့်အတိုင်း အနတ္တလက္ခဏာထင်လျှင် နိဗ္ဗာန်ကိုမြင်ပြီ မည်တော့သည်။ ထို့ကြောင့်....

အနတ္တသညီ အသ္မိမာန သမုဂ္ဃါတံ ပါပုဏာတိ၊
ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ။

ဟူ၍ နဝအင်္ဂုတ္တရ ပါဠိတော် ၁၆၉-မှာ ဟောကြားတော်မူသည်။

## ဘယ်လို ကိလေသာ ငြိမ်းသလဲ

အနုတ္တာနုပဿနာ ဝိဇ္ဇာဉာဏ် ရင့်သန်လျက် ဉာဏ်စဉ်အများ အဆင့်ဆင့် ပွားသည်ရှိသော် ရအပ်သော ဉာဏ်စဉ်အလျောက် အနုသယ ကိလေသာ အပေါင်းတို့တွင် ထိုဉာဏ်နှင့် သက်ဆိုင်ရာ ခေါင်းပါးစေသင့်တဲ့ ကိလေသာတွေကို တနင်္ဂကရအားဖြင့် ခေါင်းပါးစေပြီး အကြွင်းမဲ့ ပယ်သတ်သင့်တဲ့ ကိလေသာတွေကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်သတ်ကာ အဆင့်ဆင့် ပယ်သတ်ပယ်သတ်ပြီး နောက်ဆုံး ဘဝရာဂ အဝိဇ္ဇာမမှတို့နှင့်တကွ ငါ ဟူ၍ ထောင်လွှားသည့် မာနတရားပါ တဖြည်းဖြည်းကင်းကာ နောက်ဆုံး ရှင်းရှင်းကွာ၍ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုသောကိုယ် အဖြစ်၌ပင် မုချပိုင်ပိုင် ရောက်နိုင်သည်။

## အနိစ္စဉာဏ် ရင့်သန်ဘို့သာ လိုရင်းပါ

ဧေ လက္ခဏာ ဒဿနမတ္တေနေဝ ဟိ
မဂ္ဂဝုဋ္ဌာနံ န ဟောတိ။

ဟူ၍ အဋ္ဌသာလိနီ အဋ္ဌကထာ-၂၆၉ မိန့်အပ်သည်နှင့်အညီ တခုတည်းသော လက္ခဏာကို ထင်ကာ မြင်ကာမျှဖြင့် မဂ်ဟု ဆိုအပ်သော ထမြောက်မှုသည် မဖြစ် မရှိနိုင်။ ဝိဇ္ဇာဉာဏ် သုံးပါးလုံး ထင်မှ မြင်မှသာ မဂ္ဂဝုဋ္ဌာန ဖြစ်နိုင် ရှိနိုင်ကြောင်း အထူးသတိပြုပါ။ သို့သော် တပါးထင်မြင်ပါက ကျန်နှစ်ပါးလည်း လွယ်ကူစွာပင် ထင်မြင်လာကြပါတော့သည်။ အကြောင်းကား မှတ်ကြောင်း လက္ခဏာတပါးစီ ကွဲပြားသော်လည်း မှတ်စရာ တရားကိုယ်မှာ ရုပ်နာမ် ဖြစ်ပျက် တခုတည်းသာ ဖြစ်သောကြောင့်ပင်။ ၎င်း ရုပ်နာမ် ဖြစ်ပျက် (ခဏိက မရဏ) ကိုပင် ရဟန္တာ အသေက္ခ ပုဂ္ဂိုလ်ကြီးများ ဖြစ်သည်အထိ အဆက်ဉာဏ်တွေကို ညွတ်လျက် ရှုမှတ်ပွားများ သွားကြရာသည်။ ရှုမှတ်ပွားများနိုင်ကြပါစေ။

## နိဗ္ဗာန်မျှော်မှန်း ပျံသန်းသင့်ပြီ ငှက်ယောဂီ

စရဏံ ပါဒပက္ခံဝ၊ ဝိဇ္ဇာ တုဏ္ဍာ သမံ သမံ၊
ပူရေတွာန စ ပက္ခေယျုံ၊ ဘုဉ္ဇတုံ အမတံ ရသံ။ ။

(ရဝနာ)

စ၊ ယောဂီငှက်အလား ပမာထား၍ (တိုက်တွန်းစကား) ပြောကြားလိုက်ပါဦးအံ့။ ပါဒပက္ခ၀၊ ခြေထောက် အတောင်ပံနှင့် တူသော။ စရဏံစ၊ ဒါန သီလ သမထခေါ်ရိုး စရဏ တရားမျိုးကိုလည်းကောင်း။ တုဏ္ဍသမံ၊ နှုတ်သီးနှင့်တူသော၊ ဝိဇ္ဇံစ၊ ဝိပဿနာခေါ်ရိုး ဝိဇ္ဇာတရားမျိုးကိုလည်းကောင်း။ သမံ၊ ရော့လည်းမရော့ သာလည်း မသာ ညီညွတ်စွာ။ ပူရေတွာန၊ ကောင်းစွာ အသီးသီး ဖြည့်ကျင့်ဆည်းပူးကြကုန်ပြီး၍။ ဒေဝဒုမာ၊ မဥ္ဇူသက ကျွန်းခေါ်တွင် နတ်ပန်းပင်မှ။ အမတံ ရသံ၊ မဂ်သီး ဖိုလ်သီး နိဗ္ဗာန်တည်းဟူသော အမြိုက်အရသာ အဖြာဖြာကို။ ဘုဉ္ဇိတုံ၊ ကောင်းစွာဝဝ သုံးဆောင် ခံစားကြရလေအောင်။ ယောဂိနော၊ ငှက်ညိုခေါ်တွင် သင်ယောဂီ သူတော်စင်တို့သည်။ ပက္ခေယျုံ၊ ပျံသန်းကူးမြောက် ကြကုန်ရာ၏။ ပက္ခေယျုံ၊ သံသရာဝဋ်စခန်းမှ မြန်မကြာ ဇွတ်လှမ်း၍ ပျံသန်းကူးမြောက်နိုင်ကြပါစေကုန်သတည်း။

## ရုပ်နှင့် နာမ်အား နှစ်ပါးလုံးပင် ရှုဆင်ခြင်

နီဝရဏဓမ္မေ သမေတီတိ သမထော ဟူသော ဝစနတ္ထအရ ကာမစ္ဆန္ဒာပါဒ၊ ထိနမိဒ္ဓ အစရှိသော နီဝရဏတရားတို့ကို ငြိမ်းအေးစေတတ်သောကြောင့် သမထ မည်၏။ အဘိဓေယျတ္ထကား သမာဓိခေါ် ဧကဂ္ဂတာစေတသိက်တည်း။

အနိစ္စာဒိဝိဝိဓာကာရေန ပဿတီတိ ဝိပဿနာ ဟူသော ဝစနတ္ထအရ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို အနိစ္စ အစရှိသော (၀၊) အနိစ္စ ဒုက္ခ အနတ္တဟူသော အထူးထူးသော အချင်းအရာအားဖြင့် ရှုတတ်သောကြောင့် ဝိပဿနာမည်၏။ အဘိဓေယျတ္ထကား ပညာစေတသိက်တည်း။

ယင်း သမထ ဝိပဿနာဟူသော ကမ္မဋ္ဌာန်းနှစ်ပါးတို့တွင် ဝိပဿနာကမ္မဋ္ဌာန်းအလုပ် အားထုတ်ကြကုန်သော ယောဂီတို့သည် အားထုတ် ရှုမှတ်ရာ၌ ရုပ်နာမ်နှစ်ပါးလုံးကို ရှုရသည်။ ရုပ်သက်သက်ကိုသာ ရှု၍ ကောင်းစွာ ထင်လာ မြင်လာသော်လည်း မဂ် ဖိုလ်သို့ မရောက်နိုင်ပါ။ ရုပ်မပါဘဲ နာမ်သက်သက်ကိုသာ ရှု၍ ကောင်းစွာ ထင်လာ မြင်လာလျှင်လည်း မဂ် ဖိုလ်သို့ မရောက်နိုင်ပါ။ မဂ်ဆိုက် ဖိုလ်ဆိုက် မဖြစ်နိုင်ပါ။ မဂ်ဉာဏ် ဖိုလ်ဉာဏ် မပေါ်နိုင်ပါဟု ဆိုလိုပါသည်။ အကြောင်းမှာ သတ္တဝါတိုင်း ငါ၊ ငါ့ဉစ္စာဟု မှတ်စွဲ၍ နေသည်မှာ ရုပ်နာမ်နှစ်ပါးလုံးတည်း။ ရုပ်သက်သက် နာမ်သက်သက် မဟုတ်ပါ။ ဒါကြောင့် တပါးပါးကိုသာ ရှု၍ ထင်ရုံ မြင်ရုံနှင့် မပေါက်ရောက်နိုင်ပါ။

## ဉယျာဉ်ရှင်အလား သယ်သွားယုယ ကြွေမကျ

ရုပ်နာမ်နှစ်ပါးလုံးကိုပင် ရှု၍ တကယ် ထင်လာမြင်လာမှသာ တဆင့်မှ တဆင့် အသင့်အသင့် ရင့်ကျက်ပြီး တဖြည်းဖြည်း ကြီးထွားကာ မဂ်အဆင့် ဖိုလ်အဆင့်သို့ ဆိုက်ရောက်နိုင်ပါသည်။ ထို့ကြောင့်....

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ ။
သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ ။
သဗ္ဗေ သင်္ခါရာ အနတ္တာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ ။

(ဓမ္မပဒ။ ပါ-၅၃)

ဟု ဘုရားရှင် ဟောကြားတော်မူသည်။ ရုပ်သင်္ခါရ၊ နာမ်သင်္ခါရ နှစ်ပါးလုံးကို (အနိစ္စ၊ ဒုက္ခ၊ အနတ္တ)ပေါ်လာအောင် ဝိပဿနာပညာဖြင့် ရှုရမည်။ အဖန်ဖန် ရှုသဖြင့် ရုပ်နာမ် သင်္ခါရတရားအပေါ်၌ ငြီးငွေ့ခြင်း (နိဗ္ဗိန္ဒ)တွေ ဖြစ်၍ လာ၏။ ဤသို့ နိဗ္ဗိန္ဒတွေ ဖြစ်၍လာခြင်းသည် နိဗ္ဗာန်၏ရောက်ဘို့ရန် အကြောင်း စေန်အမှန် ဖြစ်တော့သည်သာ။ ယောဂီသည် ဉယျာဉ်ရှင်နှင့် တူ၏။ ဉယျာဉ် ရှင်သည် မိမိခန္ဓာနှင့်တူသော သစ်ပင်ကြီးမှ ထွက်လာသော (ရှုမှတ်မှု) အသီ ဉာဏ် အဖူးလေးကို မကြွေမပျက်အောင် စောင့်ရှောက်ထိန်းသိမ်းရမည်။ အဖူး လေးက မကြွေမှ အပွင့်အဖြစ်သို့ ရောက်နိုင်မည်။ အပွင့်ကလေးက မကြွေမှ အကင်း၊ အကင်းကလေးက မကြွေမှ အနု၊ ထို့အတူ အနုမှ အရင့်၊ အရင့်မှ အမှည့်ကြီး အဖြစ်သို့ ရောက်နိုင်မည်။ ယင်း ရှုမှတ်ဉာဏ်ကလေးကို မဂ်ဉာဏ် ဖိုလ်ဉာဏ်အဖြစ်သို့ ရောက်အောင် သင်ယောဂီ ကိုယ်တိုင် အတင်း ယုယ သယ်မ လာခဲ့ပါဟူလို။

## မချစ်လုံးလုံး ရွံမုန်းပေါ်မူ နာနာရှု

ဒါ့ကြောင့် ဝိပဿနာဘာဝနာအလုပ် အားထုတ်ကြကုန်သော ယောဂီ တို့သည် (ရူပကာယ)ခေါ် ရုပ်အစုကိုလည်း ရှုကြ၊ (နာမကာယ) ခေါ် နာမ်အစုကိုလည်း ရှုကြ၊ ရံခါ ရုပ်ကို ရှုကြ၊ ရံခါ နာမ်ကို ရှုကြ၊ ရုပ်အပေါ် နာမ်အပေါ်မှာ စက်ဆုတ်လာအောင် ရွံမုန်းလာအောင် ကြံဖန် ဖော်ထုတ် နာနာရှုမှတ်ရမည်။

အနိစ္စာ ဘိက္ခဝေ သင်္ခါရာ၊
အဓုဝါ ဘိက္ခဝေ သင်္ခါရာ၊
အနဿာသိကာ ဘိက္ခဝေ သင်္ခါရာ၊
အလမေဝ သဗ္ဗသင်္ခါရေသု နိဗ္ဗိန္ဒိတုံ။
အလံ ဝိရဇ္ဇိတုံ အလံ ဝိမုစ္စိတုံ။

ဤသို့ သတ္တဂုံတ္တရ ပါဠိတော်မြတ် (နှာ-၄၇၄) ၌ မိန့်အပ်သည်နှင့် အညီ ရုပ်နာမ်ဓမ္မ သင်္ခါရ တရားတို့ အပေါ်၌ (နိဗ္ဗိန္ဒ၊ ဝိရာဂ၊ ဝိမုတ္တ) တခုပြီး တခု လေးလေးနက်နက် ဖြစ်ပေါ်လာသည်အထိ ယင်း သင်္ခါရ တရားတို့ (အနိစ္စ) မမြဲပုံ၊ (အဓုဝ) မခိုင်ပုံ၊ (အနဿာသိက) ကိုယ့်အလို မလိုက် ကိုယ်ကြိုက် မဖြစ်ပုံတွေကို ခန္ဓာပေါ်မှာ အထိနာအောင် သာသာ ထိုးထိုး တိုး၍ တိုး၍ ရှုပွားရမည်ဟု ဆိုလိုသည်။

## ရုပ်နာမ်ပေါ်မှာ လက္ခဏာသုံးခု ပေါ်အောင်ရှု

ရုပ်ခတ်များတွင် အလွန် အရှုကပ်သတ်သော ပထဝီဓာတ်နှင့် အာပေါ ဓာတ်တို့ကို ကြပ်ကြပ် ရှုရမည်။ ဝိညာဏဓာတ်တို့တွင်လည်း အလွန် အရှု ကပ်သတ်သော မနောဝိညာဏဓာတ်ကို ကြပ်ကြပ် ရှုရမည်။

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။ ။
(ဒီဃနိကာယ် မဟာဝဂ္ဂသံယုတ် ပါဠိတော်။ နှာ-၃၉၈)

သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရ တရားတို့သည်။ အနိစ္စာဝတ၊ မမြဲကုန်စွာ့ အနိစ္စ တရားတို့ပါတကား။ (ဒုက္ခာဝတ၊ ဆင်းရဲကုန်စွာ့ ဒုက္ခ တရားတို့ပါ တကား။ အနတ္တာဝတ၊ အစိုးမရ အနတ္တ တရားတို့ပါတကား။) တော၊ ထို ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည်။ ဥပ္ပါဒ ဝယ ဓမ္မိနော၊ ဖြစ်နေ ပျက်နေသော သဘောတွေ အပြည့်ရှိကြကုန်လေ၏။ ဥပ္ပဇ္ဇိတွာ၊ အကြောင်းကိုစွဲ၍ ရုတ်ခနဲ ဖြစ်ပေါ်လာကြကုန်ပြီးလျှင်။ နိရုဇ္ဈန္တိ၊ ရုတ်ခနဲပင် ချုပ်ပွဲဝင်ကြလေကုန်၏။ တေသံ၊ ထိုသင်္ခါရဓမ္မ မှန်သမျှတို့၏။ ဝူပသမော၊ မပေါ် အမြဲတမ်း ချုပ်ပျောက် ကုန်ခန်းခြင်းသည်သာလျှင်။ သုခေါ၊ သန္တိသုခ (အမတ) မှန် အေးနိဗ္ဗာန်သည်။ ဟောတိ၊ မလွဲမသွေ ဖြစ်ပါပေသတည်း။

ဤသို့ စက်ဆုတ်သော စိတ်ကလေးတွေ၊ ရွံမုန်းသော စိတ်ကလေးတွေ များများကြီး ပေါ်လာအောင် အသိတခုပေါ်မှာ အသိတခု ကပ်ပြီး၊ အမှတ်တခုပေါ်မှာ အမှတ်တခု ကပ်ပြီး အတင်းတွန်း ရှုမှတ်ရမည်။ ရံခါ မမြဲသော (အနိစ္စ) အချင်းအရာတွေ ပေါ်လာအောင်၊ ရံခါ ဆင်းရဲသော (ဒုက္ခ) အချင်းအရာတွေ ပေါ်လာအောင်၊ ရံခါ အစိုးမရသော (အနတ္တ) အချင်းအရာတွေ ပေါ်လာအောင် တရစပ် ရှုမှတ်ရမည်။

### လမ်းဆုံးရွာတွေ့ စေ့စေ့ဖွေရှာ ခန္ဓာမှာ

အနိစ္စဉာဏ် ပေါ်လာအောင် ကြပ်ကြပ် ရှုပွားကြ။ အနိစ္စဉာဏ် ထင်ရှားလာလျှင် ဒုက္ခ၊ အနတ္တ ဉာဏ်များ ထင်ရှားလာတော့မည်။ အနတ္တဖြစ်ပုံ အချင်းအရာကို ရှုသောအခါ ဝိပဿနာဇောမှ တပါး အခြားတပါးသော ရုပ်တရား နာမ်တရားတို့ အပေါ်၌....

နေတံ မမ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ၊

(နိဒါနဝဂ္ဂသံယုတ်။ ပါ-၃၉၅)

ငါ့ဥစ္စာ မဟုတ်ဘူး၊ ငါလည်း မဟုတ်ဘူး၊ ငါ့ခန္ဓာကိုယ်လည်း မဟုတ်ဘူးဟု များစွာ ထင်လာနိုင်သည်။ ထိုထင်လာသော ဝိပဿနာဉာဏ်၊ ဝိပဿနာဇောကိုပင် ကြပ်ကြပ် ရှုရမည်။ ဒီလို ရှုသည့်အခါ ရုပ်သည်လည်း ငါ မဟုတ်ခဲ့၊ နာမ်သည်လည်း ငါ မဟုတ်ခဲ့၊ ငါ့ဥစ္စာ၊ ငါ၊ ငါ့ခန္ဓာ ဘယ်ဟာပါလိမ့် မလဲဟု ငါ့အတွက် အားကိုးစရာ ငါလည်း၍ ရှာခဲ့သည်။ (လမ်းဆုံး ရွာတွေ့) ရှိလျှင် တွေ့ရမည်၊ လမ်းဆုံးအောင် ရှာရမည်၊ (သူညတော လောကံ အဝေက္ခဿု) မိမိ၏ ဖြစ်ပျက် ခန္ဓာကိုယ်ကြီးကို သုည (ဘာမျှ မရှိ၊ ဘာမျှ မဟုတ်) ဟု ပိုင်အောင် ရှုရမည်။ တကယ် သဘောပေါက်ပြီး အသိတွေ လေးနက် ရင့်ကျက်လာအောင် အထပ်ထပ် ရှုမှတ်ရမည်။

### အနိစ္စဉာဏ် ရင့်သန်စေမှု နာနာရှု

တသံသရလုံးက(ငါ့ဥစ္စာပါတည်း၊ ငါပါတည်း၊ ငါ့ကိုယ်ပါတည်း)ဟု စွဲမှတ်ခဲ့သော မိမိသည် ငါ့ဥစ္စာကို လည်းကောင်း၊ ငါ့ကို လည်းကောင်း၊ ငါ့ကိုယ်ကို လည်းကောင်း ရှာမရတော့သဖြင့် (ငါ့ဥစ္စာ၊ ငါ၊ ငါ့ ကိုယ်ခန္ဓာ) ရယ်လို့ ပြသစရာတွေ၊ အားကိုးစရာတွေ ဘယ်လိုမှ ရှာမရသောကြောင့်

(လူသူမနီး တောနက်ကြီးထဲ၌ အမိနှင့် ကွဲကျန်နေခဲ့သော သားငယ်ကဲ့သို့) ရှုမှတ်ရင်းဖြင့် အားငယ် လဲကျသွားတတ်သည်။ တဖန် ပြန်လည် ထိတ်လန့်ခြင်း၊ တဖန် ပြန်လည် စွဲလမ်းခြင်းများလည်း ဖြစ်၍ ဖြစ်၍ နေတတ်သည်။ ဤသို့ ဖြစ်၍ ဖြစ်၍ နေခြင်းသည် ရုပ် နာမ် ဖြစ်ပျက်ကို မြင်တဲ့ (ဥဒယဗ္ဗယ) အနိစ္စ ဝိဇ္ဇာဉာဏ်၏ အမြင်အားဖြင့် အားနည်းသေးသောကြောင့်သာဟု မြဲမြဲမှတ်လေ။ ဖြစ်ပျက်မှု အနိစ္စသဘော လက္ခဏာတွေကို ကြပ်ကြပ် ရှုပေးရမည်။

ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဧဝံ အဝေက္ခမာနံ လောကံ၊ မစ္စုရာဇာ န ပဿတိ။

(ဓမ္မပဒပါဠိတော်။ နာ-၃၀)

ယော လောကော၊ အကြင် ယောဂီခေါ်ခြား လူအများသည်။ ဣမံ ကာယံ၊ ဤ သူ ငါမဟုတ် ကိုယ်ကောင်ပုပ်ကို။ ပုဗ္ဗုဠကံ ယထာ၊ ရေပွက်နှင့် တူစွာ။ ပဿေ၊ သဘောအရှိ ဉာဏ်ဖြင့်မိအောင် ကြည့်ရှုအားထုတ်ရလေ၏။ မရီစိကံ ယထာ၊ တံလျှပ်နှင့်တူစွာ။ ပဿေ၊ သဘောအရှိ ဉာဏ်ဖြင့်မိအောင် ရှုကြည့် အားထုတ်ရလေ၏။ ဧဝံ၊ ဤသို့ ယထာဘူတ သဘာဝအားဖြင့်။ အဝေက္ခမာနံ၊ တိကျပိုင်နိုင် ရှုကြည့်နိုင်သော။ တံ လောကံ၊ ထိုယောဂီခေါ်ခြား လူအများကို။ မစ္စုရာဇာ၊ သေမင်းခေါ်ခြား မရဏ တရားသည်။ န ပဿတိ၊ မုချပိုင်ပိုင် မမြင်နိုင်။

ထိုသို့ ရေပွက်၊ တံလျှပ်ပမာ ရှုကြည့်နိုင်သော အနိစ္စဝိဇ္ဇာဉာဏ်ကြီး ပေါ်လာခါနီးမှာ ဉာဏ်၏ရှေ့သွား ဉာဏ်ရောင် စိတ်ရောင် အလင်း (အာလောက)တွေ ဖြစ်ပေါ်လာတတ်သည်။ ယင်း အာလောကကို ဩဘာသဟု ကျမ်းဂန်များက ခေါ်ကြသေးသည်။

## မိမိလုပ်သမျှ လုပ်ခရသလို အချည်းနှီးမရှိ

ကိုယ်မှထွက်သော ဝင်းပြောင်သည့် ရောင်ခြည်မျိုးမဟုတ်၊ ကိလေသာ နည်းပါးသွားသဖြင့် စိတ်ဉာဏ်တို့၏ ကြည်ခြင်းကြောင့် စိတ်ဉာဏ် လင်းခြင်း ဟူသော အလင်း (အာလောက)တို့သာတည်း။

သုဝေါ ဝဒတိ ဝါစမ္ပိ၊ မနုဿေဟိ သုသိက္ခိတော။
မက္ကဋ္ဌောပိ စ နစ္စန္တော၊ ကော အဒန္တော မဟာမုနိ။ ။

မနုဿေဟိ၊ မနုဿလူသား ပညာရှင်အများတို့သည်။ သုသိက္ခိတော၊ ကောင်းစွာထင်ရှား သင်ကြားအပ်သည်ရှိသော်။ သုဝေါပိ၊ သစ်ခေါင်းတွင် မွေးဖွား ကြက်တူရွေးကလေးများသော်မှလည်း။ ဝါစံ၊ အဖေ အမေ စသော စကားကို။ ဝဒတိ၊ ပီပီသသ ကျနမန္နေး ပြောတတ်သေး၏။ မက္ကဋ္ဌောပိ စ၊ ခြုံအောက်မွေးဖွား တောမျောက်ကလေးများသော်မှလည်း။ နစ္စန္တော၊ ပီပီသသ ကျနမန္နေး က တတ်သေး၏။ မဟာမုနိ၊ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်သည်။ သုသိက္ခိတော၊ ကောင်းစွာထင်ရှား သင်ကြားဟောထားခဲ့သည်ဖြစ်၍။ ကော၊ အဘယ်သူမဆို။ အဒန္တော၊ မယဉ်ကျေးနိုင်ဘဲ မန္နုးညံ့နိုင်ဘဲ ရှိပါအံ့နည်း။

ထိုအခါ ယောဂီပုဂ္ဂိုလ်သည် ဒိဗ္ဗစက္ခုမန္တ (ခေါ်) နက်မျက်စိကဲ့သို့ အမြင်ရသော ပုဂ္ဂိုလ်အလား ဝေးကွာလှသောနေရာ၌ ညဥ့်အခါဖြစ်သော်လည်း အဆင်းရူပါရုံတို့ကို မနောဒွါရဖြင့် ထင်နိုင် မြင်နိုင်လေသည်။

## အမြင်မှားအောင် ထင်ရှားပြပြီ လင်းရောင်ခြည်

ထိုယောဂီအား သမထအရာ၌ ပဋိဘာဂနိမိတ်သို့ ရောက်ခါနီးတွင် ဈာန်အင်္ဂါတွေ အပြိုင်းအရိုင်း ပေါ်လာကြသလို သမ္မာဒိဋ္ဌိစသော မဂ္ဂင်အကျင့်တရားတွေ၊ သတိစသော ဗောဇ္ဈင် အကျင့်တရားတွေ၊ သမ္မပ္ပဓာန်စသော ဗောဓိပက္ခိယ အကျင့်တရားတွေ တဖြည်းဖြည်း အားကောင်းလာပြီး အာလောကတွေ ထင်ရှားစွာ ပေါ်၍ လာကြလေတော့သည်။

အသာရေ သာရမတိနော၊ သာရေစာ သာရဒဿိနော။
သာရန္တ သာရတော ဉတွာ၊ အသာရန္တ အသာရတော။ ။

(ဓမ္မပဒ၊ ပါ-၁၄)

ယောဂီ၏ တာဝန်ကြီး ၄-ခု။ ယင်းတို့မှာ....

(က) အနှစ်သာရ မဟုတ်သည်၌ အနှစ်သာရရှိ၏ဟု ထင်နေတတ်တယ်။ အဲဒါ အမှားဘဲ။

(ခ) အနှစ်သာရ ရှိသည်၌ အနှစ်သာရ မဟုတ်ဟု ထင်နေတတ်တယ်။ အဲဒါ အမှားဘဲ။

(ဂ) အနှစ်သာရ ဟုတ်သည်၌ အနှစ်သာရ ရှိ၏ဟု သိထားတတ်တယ်။ အဲဒါ အမှန်ဘဲ။

(ဃ) အနှစ်သာရ မရှိသည်၌ အနှစ်သာရ မဟုတ်ဟု သိထားတတ်တယ်။ အဲဒါ အမှန်ဘဲ။

မိမိခန္ဓာကိုယ်၌ မပေါ်ဘူး မတွေ့ဘူး မဖြစ်ဘူးသေးသော အတွေ့ထူး အကြုံထူးလေးတွေကို တွေ့ရကြုံရသောအခါ ဒါဟာ မဂ်လေလော၊ ဖိုလ်လေလော၊ ငါ မဂ်ရပြီ၊ ဖိုလ်ရပြီဟု ထင်မှတ်လာတတ်သည်။

## မာနလောင်လာ တဏှာလေပင့် မဖြစ်သင့်

မဂ်ဟု လည်းကောင်း၊ ဖိုလ်ဟု လည်းကောင်း မထင်သင့်၊ မမှတ်သင့်။ မဂ်လည်း မဟုတ်သေးဘူး၊ ဖိုလ်လည်း မဟုတ်သေးဘူး၊ သြဘာသတို့သာတည်း။ ယင်း သြဘာသတွေကို လည်းကောင်း၊ မဂ္ဂင် ဗောဇ္ဈင် တရားတွေကို လည်းကောင်း တက်ကြွမြင့်မားသော မာနနှင့်ယှဉ်၍ သာယာတပ်မက်သော တဏှာဖြင့် အာရုံပြုကာ စွဲလမ်း ငေးမော သမုဒ္ဒရာပင်လယ် ရေပြင်ကျယ်တွင် မျောသကဲ့သို့ စိတ်မစောဘဲ မရှုမှတ် အားမထုတ်ဘဲ နေတတ်သည်။

အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။ ။

(ဓမ္မပဒ။ ပါ-နှာ-၁၆)

အပ္ပမာဒေါ၊ အမြဲသတိကပ် ရှုမှတ်၍နေခြင်းသည်။ အမတံ၊ မပျက်မယွင်း သေခြင်းကင်းသော။ ပဒံ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းပါတည်း။ ပမာဒေါ၊ ပေါ့ပေါ့နေ ပေါ့ပေါ့စား ရှုမှတ်မှုမရှိသော လူအများသည်။ မစ္စုနော၊ ဇီဝိန်ချုပ်ပျောက် ခဏ ခဏ သေခြင်းသို့ ရောက်ရခြင်း၏။ ပဒံ၊ အကြောင်းပါတည်း။ အပ္ပမတ္တာ၊ ရုပ်နာမ်နှစ်ခု ဖြစ်ပျက်မှု၌ ကြည့်ရှုသိပွား ယောဂီအများတို့သည်။ န မီယန္တိ၊ ဘဝ ဘဝ ခဏ ခဏ မသေကြလေကုန်။ ယေ၊ သတိမမူ အကြင်သူတို့သည်၊ ပမတ္တာ၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေကြလေကုန်၏။ တေ၊ သတိမမူ ထိုသူတို့သည်၊ မတာ ယထာ၊ သုသာန်သင်းချိုင်း မြေလုပ်တိုင်းမှ ပုပ်ပွညှီဟောင် လူသေကောင်တို့နှင့်သာ တူကြလေကုန်၏။

## တံခွန်အလား စိတ်ထားမပိုင် ယိုင်တိုင်တိုင်

ဩဘာသ (အလင်းရောင်)သို့ စိတ်ရောက်လိုက်၊ သမ္မာဒိဋ္ဌိ စသော ဟိမဂ္ဂင်သို့ စိတ်ရောက်လိုက်၊ ဒီမဂ္ဂင်သို့ စိတ်ရောက်လိုက်၊ သတိ စသော ဟိ ဗောဇ္ဈင်သို့ စိတ်ရောက်လိုက်၊ ဒီဗောဇ္ဈင်သို့ စိတ်ရောက်လိုက်၊ ဤသို့ စသည် အားဖြင့် စိတ်သည် ယော ဂီကိုယ်တိုင် မထိန်း နိုင် မသိမ်းနိုင်ဘဲ လေထဲ၌ ပြေး လွှားနေသော တံခွန်ကဲ့သို့ လှုပ်ရှား ပျံ့လွင့်နေတတ်သည်။ အချိန်မီ ထိန်းသိမ်း နိုင်ဘို့ သိပ်လိုသည်။

ဖန္ဒနံ စပလံ စိတ္တံ၊ ဒုရက္ခံ ဒုန္နိဝါရယံ။
ဥဇုံ ကရောတိ မေဓာဝီ၊ ဥသုကာရောဝ တေဇနံ။ ။

(ဓမ္မပဒ။ ပါ-၁၀)

သတ္တာနံ၊ သတ္တဝါတိုင်း သတ္တဝါတိုင်းတို့၏၊ စိတ္တံ၊ စိတ်သည်၊ ဖန္ဒနံ၊ မတည်မငြိမ် ယိမ်းယိုင်သော သဘောရှိ၏။ စပလံ၊ လှုပ်ရှားပြေးသွား၍ နေ သော သဘောရှိ၏။ ဒုရက္ခံ၊ မယိမ်းယိုင် မပြေးသွားအောင် စောင့်ရှောက် နိုင်ခဲ၏။ ဒုန္နိဝါရယံ၊ မယိမ်းယိုင် မပြေးသွားရန် တားမြစ်နိုင်ခဲ၏။ ဥသုကာ ရော၊ မှုဆိုးခေါ်ငြား လေးသမားသည်။ တေဇနံ၊ မိမိမြားတံကလေးကို။ ဥဇုံ၊ ဖြောင့်အောင်။ ကရောတိ ကဲ့ဝ၊ ပြုပေးရလေသကဲ့သို့။ မေဓာဝီ၊ ရုပ်နာမ် ပြတ်ငြိမ်း ဇာတ်သိမ်းလိုငြား ယောဂီအများသည်။ တံ၊ ထိုရှုနေမှတ်နေ ပွားများ နေသည့် စိတ်ကလေးကို။ ဥဇုံ၊ ဖြောင့်အောင်။ ကရောတိ၊ ကောင်းစွာမသွေ ပြုပေးရလေ၏။

## နိဗ္ဗာန်လိုငြား အမှားဟူဘိ ကြပ်ကြပ်ကြည့်

တပ်မက်မှု (တဏှာ)၊ ထောင်လွှားမှု (မာန) ပျံ့လွင့်မှု (ဥဒ္ဓစ္စ)တွေ ခန္ဓာမှာ မမျှော်လင့်ဘဲ ရောက်လာတတ်သည်။ ထိုအခါ (အနိစ္စ၊ ဒုက္ခ၊အနတ္တ) သဘောတွေ သွတ်သွင်း ထိုးထည့်၍ မရဘဲ လက်မခံဘဲ ဖြစ်နေတတ်သည်။ ထို့ကြောင့် ယင်း (တဏှာ၊ မာန၊ ဥဒ္ဓစ္စ)တို့ကို ဝိပဿနာဉာဏ်၏ ညှင်းနှိမ်း မှုမှီနိုင်ကြောင်း (ဝိပဿနုပက္ကိလေသ) တရားတို့သာဘည်းဟု ပိုင်နိုင်စွာ သဘောပေါက်လျက် ယင်း ဩဘာသ စသော တရားတို့သည် တကယ် အားကိုးစရာ ဘာတခုမျှမဟုတ်၊ တကယ် အားကိုးစရာ တို့ကား (အနိစ္စဓမ္မ၊ ဒုက္ခဓမ္မ၊ အနတ္တဓမ္မ)တို့သာတည်းဟု ထင်မြင်အောင် ခြင်ဆင်ရှုပွားကြရမည်။

လေးလေးနက်နက် စူးစူးစိုက်စိုက် ဖိဖိစီးစီး ရှုပွားကြရမည်။ ဝိပဿနာဇော သည် မနေ့ဝိညာဉ်ဘဲဟု သဘောပေါက်လျက် ဝိညာဉ်နှင့် တခုတည်း ထားကာ အားတက် ရှုပွားကြရမည်။

အာရဗ္ဘထ နိက္ကမထ၊ ယုဉ္စထ ဗုဒ္ဓသာသနေ။

( သံ-၁-၁၅၉ )

ဗုဒ္ဓသာသနေ၊ ဘုရားမြတ်စွာ သာသနာတော်ကြီး၌။ သံသာရ ဝဋ္ဋ ဒုက္ခတော၊ အိုနာသေရေး ရှုပ်ထွေးများပြောင် သံသရာ တည်းဟူသော ဝဋ္ဋဒုက္ခဘောင်မှ။ မောစနတ္ထာယ၊ အမြန်ထုတ်ချောက် လွတ်မြောက်ပါရခြင်း အကျိုးငှာ။ အာရဗ္ဘထ၊ နေ့စဉ်မဆုတ် အားထုတ်ကြကုန်လော။ နိက္ကမထ၊ နေ့စဉ်အမှန် ရှန်းကန်ကြကုန်လော။ ယုဉ္စထ၊ နေ့စဉ်မုချ လုံ့လပြုကြကုန်လော။

## အနိစ္စတရား ရှုပွားနာနာ ဝိဋ္ဋိကွာ

ဤသို့ ဝိပဿနုပက္ကိလေသတို့ကို ပိုင်ပိုင်ကြီး စွန့်ခွာ၍ ရုပ်နာမ် သင်္ခါရတရားတို့၏ ဖြစ်ပုံပျက်ပုံ (ဥဒယဗ္ဗယ) သဘောတွေကိုသာ ရှုကြည့် အားထုတ်နေ၏။ ဤသို့ ရှုကြည့်အားထုတ်နေလျှင် ထို ဥဒယဗ္ဗယ သဘော တွေသည် ဥဂ္ဂဟနိမိတ်များ ထင်လာသကဲ့သို့ အနိစ္စဝိဇ္ဇာဉာဏ်တွေ ထင်ရှားစွာ ပေါ်လာတတ်သည်။ ထိုသို့ ပေါ်လာသောအခါ ယင်းဖြစ်ခြင်း ပျက်ခြင်း၊ ရင့်ရော်ခြင်း၊ ဆွေးမြေ့ခြင်းတို့သည် နေ့ညဉ့်မပြတ် တရစပ် နှိပ်စက်အပ်သည် ဖြစ်၍ ကိုက်မှု၊ ခဲမှု၊ နာကျင်မှုစသော ဆင်းရဲခြင်း ဒုက္ခသဘောတွေ ကောင်း စွာ ထင်မြင်၍ လာတော့သည်။ ဤသို့ အနိစ္စဝိဇ္ဇာဉာဏ်နှင့် ဒုက္ခဝိဇ္ဇာဉာဏ်တို့ ကောင်းစွာ ထင်မြင်လာသောအခါ အလိုလိုက်ခြင်း၊ အစိုးရခြင်း စသည် အနည်းငယ်မျှ မရှိသဖြင့် ငါဟူသမျှ ဘာမျှ ရှာမရသော အနတ္တဝိဇ္ဇာဉာဏ် ကောင်းစွာ ထင်၍ လာလေတော့သည်။ ဤသို့ ရုပ်နာမ်ခန္ဓာအပေါ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တအားဖြင့် ဒို လျှိုဆုတ်ချင်း အသိဉာဏ် ရှင်းလျက် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပိုင်ခြင်းကြောင့် ယုံမှားခြင်း ဝိစိကိစ္ဆာနှင့် ငါဟု စွဲယူခဲ့သော သက္ကာယဒိဋ္ဌိ ယင်း နှစ်ပါးလုံး ဝပြိုင်နက် (အပြီး အပိုင်) ဖဲခွာစွန့်သွားသော အားဖြင့် ချုပ်ငြိမ်းသွားလေတော့သည်။ တဖန် ယုံမှားခြင်း၊ ပြန်လည်စွဲလမ်း ခြင်းများ လုံးဝမဖြစ်တော့ပြီ။

## လက္ခဏာသုံးတန် ပဟာန်သုံးချက် ဉာဏ်လက်နက်

လက္ခဏာသုံးတန် ပဟာန်သုံးချက် ဉာဏ်လက်နက်ဖြင့် ပယ်ဖျက် ခုတ်ထွင် သုတ်သင်ရှင်းလင်း အပိုင်ခွင်း၍ ဟူသော ပေါရာဏယုတ္တိ မိန့်မှာဘိကြောင့်—

(က) လက္ခဏာသုံးတန်ကား
- (၁) အနိစ္စဝိဇ္ဇာဉာဏ်
- (၂) ဒုက္ခ ဝိဇ္ဇာဉာဏ်
- (၃) အနတ္တ ဝိဇ္ဇာဉာဏ်

(ခ) ပဟာန်သုံးချက်ကား
- (၁) တဒင်္ဂပဟာန် (ကိလေသာကို တခဏပယ်)
- (၂) ဝိက္ခမ္ဘနပဟာန် (ကိလေသာကို အကြာကြီးပယ်)
- (၃) သမုစ္ဆေဒပဟာန် (ကိလေသာကို အပြီးပယ်)

ထို့ကြောင့် သောတာပန်အဆင့်သို့ တကယ်ရောက်သော ယောဂီသည် (လောဘ၊ ဒေါသ၊ မောဟ၊ မာန ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ)ဟူသော ကိလေသာ ၁၀-ပါးတို့တွင် ဒိဋ္ဌိကိလေသာနှင့် ဝိစိကိစ္ဆာကိလေသာ ၅၂ ၂-ပါးတို့ကို သမုစ္ဆေဒပဟာန်ဖြင့် အပြီးအပိုင် ပယ်နိုင်သည်။ ထို့ကြောင့် ယောဂီသည် ရွှေပန်းထိမ်သည်နှင့် တူပုံ ဓမ္မပဒ ပါဠိတော်၌ ဟောတော်မူသည်။

အနုပုဗ္ဗေန မေဓာဝီ ထောကံ ထောကံ ခဏေ ခဏေ။
ကမ္မာရော ရဇတဿေဝ၊ နိဒ္ဓမေ မလ မတ္တနော။ ။

(ဓမ္မပဒ။ ပါ-၄၈)

မေဓာဝီ၊ ကြောင်းကျိုးမြင်သိ (ရွှေအတတ်)ပညာရှိသော။ ကမ္မာရော၊ ပန်းထိမ်သမား အလုပ်သားသည်။ အနုပုဗ္ဗေန၊ နေ့စဉ် နေ့စဉ်။ ထောကံ ထောကံ၊ နဲနဲ နဲနဲ၊ ခဏေ ခဏေ၊ ခဏ ခဏ။ ရဇတဿ၊ ရွှေငွေ၏။ မလ မတ္တနော၊ ချေးညှော်မတင် ကင်းပျောက်စင်အောင်။ နိဒ္ဓမေယျ၊ မှုတ်ထုတ်

မှတ်လွှင့်ရ လေသကဲ့သို့။ ဧဝံ၊ ဤနည်းမခြား အလားတူသာလျှင်။ ယောဂါ ဝစရော၊ ယောဂီအပေါင်း သူတော်ကောင်းသည်။ အတ္တနော၊ မိမိ၏။ မလံ၊ ကိလေသာ အညစ်အကြေး အပြစ်ဘေးကို။ နိဒ္ဓမေ၊ ခရုသင်းပွတ်သစ် ပုလဲနှစ် အလား ကင်းစင်သွားအောင် ကြိုးစားအားထုတ် ရလေတော့သည် သာလျှင် တည်း။

## ဒိဋ္ဌိ ဝိစိကိစ္ဆာ ကင်းကွာသွားမှ အာရဒ္ဓဝိပဿက

ဤသို့ ရှုရင်း မှတ်ရင်းဖြင့် ပါရမီရင့် ရှုအားမြင့်လျက် ပစ္စုပ္ပန် ရုပ် နာမ်တို့ကို လွယ်ကူစွာ ထင်မြင်သည့်ပြင် အတိတ်ရုပ်နာမ်၊ အနာဂတ်ရုပ်နာမ် တို့ကို လည်းကောင်း၊ မိမိအဇ္ဈတ္တ ရုပ်နာမ်မှ အပ ဗဟိဒ္ဓရုပ်နာမ်တို့ကို လည်း ကောင်း သဘာဝ အားလျော်စွာ အလုံးစုံ ထင်မြင်လာတော့၏။ ဤသို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခေါ် လက္ခဏာရေးသုံးပါး ထင်မြင်၍ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ဟူသော ကိလေသာ နီဝရဏတရားများ ကင်းကွာသွားသော အဖြစ်သို့ ရောက်၍နေ သော ယောဂီကို အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်ဟု မှတ်ရမည်။ အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်ပါတည်း။ ထို့ကြောင့် ဣတိဝုတ်ပါဠိတော်၌....

သီလံ သမာဓိ ပညာစ၊ ယဿ ဧတေ သုဘာသိတာ။
အတိက္ကမ္မ မာရဓေယျံ၊ အာဒိစ္စောဝ ဝိရောစတိ။ ။

(ဣတိဝုတ္တ။ ပါ-၂၃၀)

ယဿ၊ အကြင် ဘာဝနာ ယောဂီအား။ သီလဥ္စ၊ အဓိသီလ လည်း ကောင်း။ သမာဓိစ၊ အဓိစိတ္တ တည်းဟူသော သမာဓိ လည်းကောင်း။ ပညာစ၊ အဓိပညာ လည်းကောင်း။ ဧတေ၊ ဤသုံးပါးတို့ကို။ သုဘာသိတာ၊ ကောင်းစွာ ဟောကြားအပ်ကုန်၏။ သော၊ ထိုယောဂီသည်။ မာရဓေယျံ၊ လွန်စွာ ကြမ်း ကြုတ် ဖမ်းကုပ်ရစ်ထွေး နှောင်ဖွဲ့ဘေးကို၊ အတိက္ကမ္မ၊ လွန်မြောက်၍။ အာဒိစ္စော၊ တောက်ပြောင် ရောင်ရွှန်း အရှေ့ကျွန်းမှ ပေါ်ထွန်းပဝင်း ဒေါင်းကြော နေ မင်းကြီးသည်။ ဝိရောစတိကွ၊ လှပခန့်ထယ် အလွန် တင့်တယ်လေဘိသကဲ့သို့။ ဝိရောစတိ၊ လှပခန့်ထယ် ပို၍ပင် တင့်တယ်လေတော့သည်သာလျှင်တည်း။

## အာရဒ္ဓဝိပဿက ကြီးလှဂုဏ်အင် အာနိသင်

ယင်း အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ခဲ့လျှင် များစွာ အဘိုး တန်သည်။ များစွာ ကျေးဇူးရှိသည်။ ကျေးဇူးရှိပုံ အမြွက်ကား....

(၁) ဘုရား သာသနာတော်၌ ဆောက်တည်ရာ ရသွားပြီ။
(၂) သုဂတိဘဝ၌ ဖြစ်ဘို့၊ လားဘို့လည်း မြဲလေပြီ၊
(၃) စူဠ သောတာပန် ပုဂ္ဂိုလ် ဟူ၍လည်း ခေါ်ရလေသည်။
(၄) သုပ္ပဋိပန္နတာ အစဖြာသော ကိုးဝသော ဂုဏ်တို့နှင့်လည်း ပြည့်စုံသည်။
(၅) ပစ္စုပ္ပန်ခေါ် ဤဘဝ၌ အထက် အထက်သော တရားထူးကို မရခင် မရောက်ခင် ဤအာရဒ္ဓဝိပဿက ပုဂ္ဂိုလ် အဖြစ်ဖြင့်ပင် စုတေခဲ့ငြားအံ့၊ ဒိဗ္ဗသုခခေါ် နတ်ပြည် နတ်ရွာ နတ်ချမ်းသာသို့ ကေန် ရောက်ရမည်။

ထို့ကြောင့် မြတ်စွာဘုရားက....

(က) ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ=တရားကျင့်သောသူကို တရားသည် အမှန်စင်စစ် စောင့်ရှောက်၏။
(ခ) ဓမ္မော သုစိဏ္ဏော သုခ မာဝဟာတိ=မိမိကျင့်အပ်သော တရားက မိမိကိုယ်ကို ချမ်းသာအောင် ဆောင်ရွက် ကူညီပေး၏။
(ဂ) န ဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ=တရားကျင့်သောသူသည် ဒုဂ္ဂတိဘဝသို့ မလား မရောက်နိုင်။

(ထေရဂါထာ။ နှာ-၂၇၂)

(ဃ) ဝဏ္ဏံ ကိတ္တိံ ပယံသဒ္ဓ၊ သဒါ လဘတိ သီလဝါ=ကိုယ်ကျင့်သီလ ညီမျှ ပြည့်စုံနေသော ယောဂီသည် အဆင်း ရုပ ယှဉ်ပခြင်း၊ ဂုဏ်သတင်း ကျော်စောခြင်း၊ ချီးမွမ်း ထောမနာ အပြုခံရခြင်း အခါခပ်သိမ်း ရရှိနေ၏။

(ထေရဂါထာ၊ နှာ-၂၀၉)

## အိပ်သော နေရာမှ နိုးလာဘိနှယ် လွန်တင့်တယ်

အိပ်သောယောက်ျား နိုးသောလားသို့ နတ်ပြည်သို့ ရောက်လျှင် ရောက်ချင်း ငါသည် လူ့ပြည်မှ သေ၍ ယခု နတ်ပြည်သို့ ရောက်လာရပေပြီဟု သိနိုင်၊ မှတ်နိုင်သော စိတ်ကပင် ခနောက်ကျနေသေးသည်။ မင်ဇော မိုင်ဇေ တို့က

ရှေးဦးစွာ ပေါ်နှင့်လေပြီ။ ဓမ္မဝိသေသခေါ် တရားထူးကို ရသွားလေတော့သည်။ ထို့ကြောင့် စတုက္ကင်္ဂုတ္တရ ပါဠိတော် နှာ-၅၀၅ ၌ အောက်ပါအတိုင်း ဟောကြားတော်မူသည်။

တဿ တတ္ထ သုခိနော၊ ဓမ္မပဒါနိ ပ္လဝန္တိ။
ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထ ခေါ သော
သတ္တော ခိပ္ပမေဝ ဝိသေသဘာဂီ ဟောတိ။ ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ တတ္ထ၊ ထိုနတ်ပြည်၌။ သုခိနော၊ ဩပပတ္တိက သန္ဓေရ၍ မချမသွေ ချမ်းသာခြင်း ရှိပေသော။ တဿ၊ ထိုအာရဒ္ဓဝိပဿက ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်အဖြစ်ဖြင့် လူ့ပြည်မှ စုတေ၍ နတ်ပြည်သို့ ရောက်သွားသောသူအား။ ဓမ္မပဒါနိ၊ ဤလူ့ဘဝမှ အားထုတ်သွားသော တရား အစုစုတို့သည်။ ပ္လဝန္တိ၊ တညဥ့်လုံး မက်ထားအပ်သော အိပ်မက်တို့သည် နံနက်အာ ပေါ်၍ ပေါ်၍ လာကြကုန်သကဲ့သို့ တခုပြီး တခု ပေါ်လာ ပေါ်လာကြလေကုန်၏။ ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ သတုပ္ပါဒေါ၊ ယခု ငါသည် သေပြီးခဏ မကြာလှသော ကာလမှာပင် ဤနတ်ပြည်သို့ ရောက်လာရပါပေ၊ ကလားလို့ အတိအကျ သတိရမှုသည်။ ဒန္ဓော၊ ဆိုင်းငံ့ နှံ့နှေး နောက်ကျ၍ နေသေး၏။ အထခေါ၊ မသွေစင်စစ် အမှန်ဖြစ်သည်ကား။ သော သတ္တော၊ ထိုအာရဒ္ဓဝိပဿက ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် အဖြစ်ဖြင့် လူ့ပြည်မှ စုတေ၍ နတ်ပြည်သို့ ရောက်သွားသော နတ်သားသတ္တဝါသည်။ ခိပ္ပမေဝ၊ နတ်ပြည်သို့ ရောက်လျှင် ရောက်ချင်း လျင်မြန်စွာ သာလျှင်။ ဝိသေသဘာဂီ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဟူသော တရားအထူးကို ရခြင်းအဘို့ ရှိသည်။ ဟောတိ၊ အလိုအလျောက် ကံတွေ မြောက်သဖြင့် မြင့်မြောက် ဖြစ်ရှိလေတော့သည်သာလျှင်တည်း။

## အာရဒ္ဓ ဝိပဿက ဖြစ်ချက် တရက်တာမျှ ကြီးမြတ်လှ

ဤသို့ အာရဒ္ဓဝိပဿကပုဂ္ဂိုလ် အဖြစ်သို့ ရောက်ရခြင်း၏ အကျိုးများပုံ၊ အဘိုတန်ပုံတို့ကို ဘာဝနာအလုပ် အားထုတ်နေသူ ယောဂီတိုင်း သိထားထိုက်သည်၊ ထို့ကြောင့် မြတ်စွာဘုရားက ဓမ္မပဒ ပါဠိတော်၌ အောက်ပါအတိုင်း "တရက်နှင့် တရာ၊ မလဲနိုင်ရာ" ဟု ဟောကြားတော်မူသည်။

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။ ။

(ဓမ္မပဒ။ ပါ-၂၉)

ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ ယောစ၊ ကျား မ မဟူ အကြင်သူသည်။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်ဓမ္မ သင်္ခါရ တရားတို့၏ ဖြစ်မှု ပျက်မှု သဘောနှစ်ခုကို၊ အပဿံ၊ မရှုမထင် မမြင်ဘဲလျက်။ ဝဿသတံ၊ အနှစ်တရာမျှ ကာလပတ်လုံး။ ဇီဝေ၊ မအို မသေ အသက်ရှည်၍ နေ၏။ တတော၊ ထို ဖြစ်မှု ပျက်မှု သဘောနှစ်ခုကို မရှုမထင် မမြင်ဘဲ အနှစ်တရာ အသက်ရှည်ကာ နေရသောသူထက်၊ ဥဒယဗ္ဗယံ၊ ရုပ်နာမ်ဓမ္မ သင်္ခါရ တရားတို့၏ ဖြစ်မှု ပျက်မှု သဘောနှစ်ခုကို။ ပဿတော၊ ဝိဇ္ဇာဉာဏ် အလင်းဓာတ်ဖြင့် ချဉ်းကပ် ပိုင်ပိုင် ရှုမြင်နိုင်သောသူ၏။ ဧကာဟံ၊ ခဏမကြာ တရက်တာမျှ ဇီဝိတံ၊ ဝိညာဉ် ထင်လင်း အသက်ရှည်၍ နေရခြင်းသည်။ သေယျော၊ အဆတရာ မက သာအောင် ထူ ကဲ မြင့်မြတ်လှပါပေသတည်း။

## လူသေဝမ်းခေါင်း ကိန်းအောင်းတည်းခို နတ်သားလို

ဤသို့ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကိလေသာနှစ်ပါး ကင်းကွာသွားပြီ ဖြစ်သော အာရဒ္ဓဝိ ဿက ပုဂ္ဂိုလ်သည် တဖြည်းဖြည်း ဆက်လက် ရှုရင်း မှတ်ရင်းဖြင့် ချစ်ခင်ခြင်း တဏှာ သမုဒယ လောဘ စသော ကျန်ကိလေသာတို့သည်လည်း တဖြည်းဖြည်း ပါးလာခြင်းကြောင့် လည်းကောင်း၊ ထိုရုပ်နာမ် ခန္ဓာကြီး ရှိက (ဇာတိ၊ဇရာ၊ဗျာဓိ၊မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ဥပါယာသ) တည်းဟူသော ဘေးဆိုး ရန်ဆိုး အန္တရာယ် အမျိုးမျိုးတို့ ဆိုက်ရောက် ရေ ပြွမ်း နေသည်ကို လေးနက်စွာ မြင်ခြင်းကြောင့် လည်းကောင်း၊ ဤရုပ်နာမ် ခန္ဓာကြီး၌ စိတ်သည် လုံးဝ မပျော်မွေ့ဘဲ ကြောက်ရွံ့ခြင်း၊ စက်ဆုတ်ခြင်း၊ မုန်းတီးခြင်းများ တခုပြီး တခုဖြစ်လျက် ငြီးငွေ့ ပျင်းရိလာလေတော့သည်၊ ကို ကြောင့် ခန္ဓာငါးပါး ပေါ်၌ ငြီးငွေ့ (နိဗ္ဗိန္ဒ)ဖြစ် ပုံကို အောက်ပါအတိုင်း ဘုရားရှင် ဟော ကြား တော်မူသည်။

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယ သာဝကော
ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ
နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ။

(သံယုတ်ပါဠိတော် ၃-၁၈)

ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ ဇဝ်၊ ဤသို့။ ပဿ၊ အမှန်မြင်ပြီးသော။ သုတဝါ၊ အမှန်ကြားပြီးသော။ အရိယသာဝကော၊ အာရဒ္ဓဝိပဿက အရိယသာဝက ဖြစ်သော ပုဂ္ဂိုလ်သည်။ ရူပသ္မိံ၊ ရူပက္ခန္ဓာ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဝေဒနာယပိ၊ ဝေဒနာက္ခန္ဓာ၌သည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ သညာယပိ၊ သညာက္ခန္ဓာ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ သင်္ခါရေသုပိ၊ သင်္ခါရက္ခန္ဓာတို့၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဝိညာဏသ္မိံ၊ ဝိညာဏက္ခန္ဓာ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။

ဤသို့ ဖြစ်သည့် အားလျော်စွာ လူသေကောင်မကြီး၏ ဝမ်းထဲ၌ ဝင်နေရသော တုသိတာ နတ်သားလေး၏ စိတ်ကဲ့သို့ ငြီးငွေ့စရာများသာ တဖွားဖွား ဖြစ်ပေါ်၍ နေတော့၏။ ခန္ဓာကိုယ်ကြီးကို စွန့်ပစ်လိုသောစိတ်၊ လွတ်ရာကျွတ်ရာသို့ ရုန်းကန် ပြေးလွှားလိုသော စိတ်တို့သာ တခုပြီး တခု စီကာ စဉ်ကာ ဖြစ်ပေါ်၍ လာတော့သည်။

## လောဘစသော နေရာမရ လက်မှိုင်ချ

ယင်း အာရဒ္ဓဝိပဿက နိဗ္ဗိန္ဒယောဂီသည် ဤ ခန္ဓာငါးပါး 'ရုပ်တရားကြီးသည် ငါလည်း မဟုတ်၊ ငါ့ဥစ္စာလည်း မဟုတ်၊ အကြောင်းကြောင့် ဖြစ်၍ နေသော အကျိုးဖလ (ဓမ္မသဘာဝ)တို့ သာတည်း။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘာဝတွေ အပြည့် ပါဝင် လွှမ်းခြုံအုပ်စိုးနေသော သင်္ခါရဓမ္မ တို့သာတည်း။ ဤသို့ လွတ်လွတ်ကျွတ်ကျွတ် ပိုင်ပိုင်ကြီး သဘောပေါက်လေပြီ။

နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ။

နိဗ္ဗိန္ဒ ဖြစ်သော ယောဂီမှသာ ဝိရာဂ အဖြစ်သို့ ရောက်၏။ ဝိရာဂ အဖြစ်သို့ရောက်သော ယောဂီမှသာ ကိလေသာမှ လွတ်၏ ဟူသော သံယုတ်ပါဠိ ဒု-၁၈ ဒေသနာတော်အတိုင်း အာရဒ္ဓဝိပဿက နိဗ္ဗိန္ဒယောဂီသည် ဝိရာဂ၊ ဝိမုတ္တဟူသော ခင်မင်တွယ်တာမှုလေးတွေ ကင်းလျက် လောဘ ဒေါသ စသည်တို့ စိတ်တိုင်းကျ နေရာမရ အားနည်းမှေးမှိန်၍ သွားကြလေတော့သည်။ ခန္ဓာထဲ၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာလေးတွေက ထင်ထင်ရှားရှား မားမားမတ်မတ် ရပ်တည်ကာ အမြဲတမ်း အပြည့် နေရာယူထားကြလေပြီ။ ပေါ်လွင် မြင်မားအောင် ရှုပွားနိုင်ကြလေပြီ။

## ဝိရာဂ ဝိမုတ္တ မုချပိုင်သော် မဂ်ဖိုလ်ခေါ်

ယင်း ဝိရာဂ၊ ဝိမုတ္တ ပိုင်ပိုင်ကြီးဖြစ်၍ နိဗ္ဗာန်သို့ အာရုံပြုလျက် ဖြစ်ပေါ်လာသော စိတ်အစုကို မဂ်စိတ် ဖိုလ်စိတ် ဟု ခေါ်သည်။ ကမ္မဋ္ဌာန်းလမ်းကြောင်း၌ ဉာတ၊ တီရဏ၊ ပဟာန ဟု ပရိညာ ၃-ပါးရှိသည်။ ယင်း ၃-ပါးတို့ ဟူသည်....

(၁) ဉာတပရိညာ - ပထဝီ၊ အာပေါ၊ တေဇော စသော ရုပ်နာမ်ခန္ဓာ အစပျိုးလာသည်မှ စ၍ ယခု မဂ်ဉာဏ် ဖိုလ်ဉာဏ် ပေါ်လာ ဆိုက်လာသည့် တိုင်အောင် ဟောကြားခဲ့သည့်အတိုင်း ကောင်းစွာ မှတ်သိနိုင်တဲ့ ဉာဏ်တည်း။

(၂) တီရဏပရိညာ - ယင်း ဉာတပရိညာဖြင့် မှတ်သားထားသည့် အတိုင်း ကောင်းစွာ ထင်မြင်အောင် ရှာဖွေစေ့ငု စုံစမ်းဆင်ခြင်မှုပြုတဲ့ ဉာဏ်တည်း။

(၃) ပဟာနပရိညာ - တီရဏပရိညာဖြင့် စုံစမ်းဆင်ခြင်မှု ပြုပြီး၍ လက္ခဏာရေးသုံးပါးကို ကောင်းစွာ ထင်မြင်စေနိုင်သော ဉာဏ်မှစ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် တိုင်အောင်သော ဉာဏ်တည်း။

**မှတ်ချက်။** ။ဤ ပရိညာ သုံးပါးတွင် ဉာတပရိညာ၊ တီရဏပရိညာတို့ကို ပဋိပဒါစခန်း ခေါ်သည်။ ပဟာနပရိညာကို အဘိညာစခန်း ခေါ်သည်။

## ဒေါသ ပညာ နှစ်ဖြာတရားမှန် အရမြန်

ကမ္မဋ္ဌာန်းအလုပ် အားထုတ်ရာ၌ ဒေါသစရိုက်၊ ပညာစရိုက် အားကောင်းသော ယောဂီတို့သည် တဏှာအားကြီးသဖြင့် ဉာဏ်လျင်တတ်သည်။ ထို့ကြောင့် လက္ခဏာရေးသုံးပါး အမြန်ထင်တတ်သည်။ အမြန်ထင်သဖြင့်လည်း အာရဒ္ဓ ဝိပဿက ပုဂ္ဂိုလ်၏အဖြစ်သို့ အမြန် ရောက်တတ်သည်။ ပဋိပဒါကို

လွန်မြောက်လျှင် လွန်မြောက်ချင်း နိဗ္ဗာန်ဖြစ်လျက် မကြာမီ ခဏချင်းတဲ ရုပ်နာမ် ခန္ဓာတို့အပေါ် တွယ်တာမှုများ စွန့်လွှတ်နိုင်သည့် ဝီရာဂ၊ ဝိမုတ္တ ပုဂ္ဂိုလ် အဖြစ်သို့ ရောက်သွားနိုင်သည်။ အာနိသင်တို့ကား....

ဧဝံ သင်္ခါရေသု သလ္လက္ခေတွာ၊ ဌိတဿ ပန ဘိက္ခုနော။
ဒသဗလဿ သာသနေ၊ မူလံ ဩတိဏ္ဏံနာမ ဟောတိ။
ပတိဋ္ဌာ လဒ္ဓါနာမ၊ စူဠသောတာပန္နော နာမ ဟောတိ။
နိယတ ဂတိကော။ ။

(သမ္မော အဋ္ဌကထာ။ နှာ-၂၄၂)

ဧဝံ၊ ဤသို့။ သင်္ခါရေသု၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၌။ သလ္လက္ခေတွာ၊ ပိုင်းခြားမှတ်သား၍။ ဌိတဿ၊ တည်သော။ ဘိက္ခုနောပန၊ ယောဂီရဟန်း အားကား။ ဒသဗလဿ၊ မြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်၌။ မူလံ၊ အရင်းကျကျ ပဓာနသို့။ ဩတိဏ္ဏံနာမ၊ သက်ရောက်သည် မည်သည်။ ဟောတိ၊ ဖြစ်၏။ ပတိဋ္ဌာလဒ္ဓါနာမ၊ ဆောက်တည်ရာ ရသည်မည်သည်။ ဟောတိ၊ ဖြစ်၏။ စူဠသောတာပန္နောနာမ၊စူဠသောတာပန်မည်သည်။ ဟောတိ၊ ဖြစ်၏။ နိယတဂတိကော၊ မြဲသော ဂတိရှိသည်။ ဟောတိ၊ ဖြစ်၏။

## ရာဂ မောဟ နှစ်ဝဥကာလေး အရန္ဒေး

ရာဂစရိုက်၊ မောဟစရိုက် အားကောင်းသော ပုဂ္ဂိုလ်တို့သည် တဏှာ အားခြင်းကြီးကြောင့် ဉာဏ်နုံ့ နှေးတတ်သည်။ ထို့ကြောင့် လက္ခဏာရေး သုံးပါးထင်၍ အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်အဖြစ်သို့ ရောက်လျက် ပဋိပဒါကို လွန်မြောက်ငြားသော်လည်း နိဗ္ဗာန်အဖြစ်သို့ လျှင်လျှင်မြန်မြန်ကြီး မရောက်နိုင်။ ရောက်နိုင်သည်ထားဦးတော့၊ ရုပ်နာမ် သင်္ခါရ တရားတို့ကို ရုတ်တရက် မစွန့် လွှတ်နိုင်။ နုံ့နှေးလျက် ဒန္ဓာဘိည ပုဂ္ဂိုလ်ဖြစ်၍ နေတတ်သည်။ ရာဂဝန်ကား လွန်ကြီးမား၏။ ဥပမာ....

ဘာရိတော ရာဂဘာရေန၊
နေရုံ ဥဒ္ဓရိတော ယထာ။

(အပါဒါန် ပါဠိတော်။ ပ၊ နှာ-၃၂)

နေရုံ၊ ကျယ်ဝန်း မြင့်ထိး မြင့်မိုတောင်ကြီးကို။ ဥဒ္ဓရိတော၊ ထမ်းရွက်ထားရသော သူသည်။ ဘာရိတော ယထာ၊ ဝန်လေးလှဘိသကဲ့သို့။ ဧဝံ၊ ဤအတူ။ ရာဂဘာရေန၊ ရာဂ တည်းဟူသော ဝန်ထုပ်ကြီးဖြင့်။ ဥဒ္ဓရိတော၊ ထမ်းရွက်ထားရသော သူသည်။ ဘာရိတော၊ အလွန်တရာ ဝန်လေးလှပါ၏။

## ဒန္တာဘိည ဖြစ်က ကောဋ္ဌာသသာ ရှုဖန်ခါ

ဤသို့ ဒန္တာဘိည ပုဂ္ဂိုလ်ဖြစ်၍ နေခဲ့သော် ရုပ်နာမ်ဓမ္မ သင်္ခါရ တရားတို့ကို မြန်မြန် နိဗ္ဗိန္ဒဖြစ်လျက် စက်ဆုတ်ရွံမုန်း နှလုံးနာလာအောင် ဒုက္ခလက္ခဏာကို နာနာ ရှုပေးရသည်။ သုံးဆယ့်တဘုံ၌ ခံမင်စရာ လုံးဝ မရှိပုံ၊ တစပဥ္စက၊ ဒွတ္တိံသကောဋ္ဌာသ ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ (၅) စသည်တို့ ကို ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းကြီး ပေါ်လာအောင် နာနာ ရှုပေးရမည်။ ဒါမှ နိဗ္ဗိန္ဒသဘောတွေ၊ ဝိရာဂသဘောတွေ၊ ဝိမုတ္တသဘောတွေ မြန်မြန်ကြီး ဖြစ်သာမည်။ မြန်မြန်ကြီး ဖြစ်လာအောင်လည်း ဖြစ်နိုင်သော နည်းများ ရှာ၍ ရှုရသည်။ ပုံစံ....

ဇဟေယျ သဗ္ဗသညော ဂံ၊ ကရေယျ သာရကတ္တိနော။
စရေယျာ ဒိတ္တသီသောဝ၊ ပတ္ထယံ အစ္စုတံ ပဒံ။ ။
(ခန္ဓဝဂ္ဂသံယုတ်။ ပါ-၁၁၇)

သာရကတ္တိနော၊ အဘိုးတန်ရာ ရတနာကို ကောင်းစွာလိုလား လူအများသည်။ အစ္စုတံ၊ ရွေ့လျောခြင်း မရှိသော။ ပဒံ၊ အရိယာတို့ မချို့ ရောက်ရန် မြတ်နိဗ္ဗာန်သို့။ ပတ္ထယံ တော င့်တလျက်။ သဗ္ဗသညောဂံ၊ အလုံးစုံသော သံယောဇဉ်အပေါင်းကို။ ဇဟေယျ၊ စွန့်ပယ်ရာ၏။ အာဒိတ္တသီသောဝ၊ ဦးခေါင်း၌ မီးလောင်သော သူကဲ့သို့။ ကရေယျ၊ သုတ်သုတ်ကပျာ ပြုလုပ်ရာ၏။

## မဂ်ဇောပေါ်ရန် သင့်တန်ကာလ ရောက်ခဲ့ရ

ခန္ဓာဝန်ထုပ်ကြီးကို ချပစ်နိုင်ရန် အလို့ငှာ အဖန်ဖန် ရှုပွားခဲ့သည်၊ ဝိရာဂ ဝိမုတ္တ အဖြစ်သို့လည်း ရောက်ခဲ့ပြီ၊ ယင်း အာရဒ္ဓဝိပဿက နိဗ္ဗိန္ဒ ယောဂီအတွက်....

(က) မဂ်ဇော ပေါ်တော့မည်၊
(ခ) မဂ်အပ္ပနာ ဝီထိကျတော့မည်။

ဤသို့ဖြစ်လျှင် ထိုရှုသော ဝိပဿနာဇော၏ အဆုံး၌ ဘဝင်ကျ၍ ထို ဘဝင်မှထပြီး ရုပ်အစု နာမ်အစု တခုခုကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး သုံးပါးတွင် တခုခုဖြင့် ဆင်ခြင်သုံးသပ် ဆုံးဖြတ် ရှုပွားရင်း အာဝဇ္ဇန်း တကြိမ် ဖြစ်၍ ချုပ်ရမည်။

ပစ္စဝေက္ခိ ဣမံ ကာယံ၊ တုစ္ဆံ သန္တရ ဗာဟိရံ၊

( ထေရဂါထာပါဠိတော်။ နှာ-၂၅၄)

သန္တရဗာဟိရံ၊ အတွင်းအပ နှစ်ဌာနလုံး အကုန်ချုံးလျက်။ ဣမံ ကာယံ၊ သူငါမဟုတ် ဤခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးကို။ တုစ္ဆံ၊ အနှစ်သာရ ရှာမရ၍ ဘာမျှမပြီး (အချည်းနှီး)ဟူ၍။ ပစ္စဝေက္ခိ၊ ဝိပဿနာအရှိ ဉာဏ် မျက်စိဖြင့် ထိမိမသွေ ရှုသင့်လေထော့သည် သာလျှင်တည်း။

## ပထမမဂ် ပေါ်လျက်ခံစံ အေးနိဗ္ဗာန်

ထို အာဝဇ္ဇန် ၏ အခြားမဲ့၌ ပရိကံ၊ ဥပစာ၊ အနုလုံ ဟု အစဉ်အတိုင်း ဇော ၃ ကြိမ်ဖြစ်ပြီး ချုပ်ရမည်။ ယင်း အနုလုံဇော စွန့်လွှတ်လိုက်သောအခါ ခန္ဓာဝန်ထုပ်ကြီးကို ချစ်ခင်နှစ်သက်တတ်သော တဏှာ၊ ရာဂနှင့် တကွ အလုံးစုံ သော အကုသိုလ် ကိလေသာ အပူတရား၊ ဒုက္ခတရားတွေ ကင်းပြတ်၍ သွား ခြင်းကြောင့် လည်းကောင်း၊ ခန္ဓာဝန်ထုပ်ကြီး ကျ၍သွားခြင်းကြောင့် လည်း ကောင်း၊ ထိုဘာဝနာ ယောဂီ၏ စိတ်သန္တာန်၌ အေးမှု ငြိမ်းမှု သဘော လေးတွေ စီကာစဉ်ကာ ပေါ်လာရ တွေ့လာရသည်။ ထိုအခါ ယင်းဘာဝနာ ယောဂီ၏ စိတ်သည်....

နိဗ္ဗာနံ သန္တိလက္ခဏံ ဆိုသည့်အတိုင်း သန္တိ သဘော လက္ခဏာတို့ကို ရ၍ ယင်း အနုလုံတို့၏အခြားမဲ့၌ ဂေါ်တြဘူ ဟူသော အမည်ဖြင့် ဇော တကြိမ် ဖြစ်၍ ချုပ်ရဦးမည်။ ထို ဂေါ်တြဘူဇောနောင် ထို ဘာဝနာ ယောဂီ၏ စိတ် သည် ...

နိဗ္ဗာနံ ပရမံ သုခံ ဆိုသည့်အတိုင်း အမြတ်ဆုံး ချမ်းသာ အနေဖြင့် အေးငြိမ်း ချမ်းသာခြင်း သန္တိသဘော လက္ခဏာကိုပင် ရှေးရှေးသော ဇော များထက် သာလွန်ပြီး သန္တိသုခတို့ကို များများကြီး ရရှိ ခံစား၍ နိဗ္ဗာန်ကို အစဆုံး ရှေးဦးစွာ မြင်နိုင်သည့် တန်ခိုးသတ္တိ အပြည့်ရှိသော ဇောသည် မဂ် ဟူသော အမည်ဖြင့် တကြိမ်ဖြစ်၍ ချုပ်ပြန်ရသည်။ ပထမဆင့် သောတာပတ္တိ မဂ်တည်း။

(က) ဒဿနေနာတိ သောတာပတ္တိမဂ္ဂေန၊ သော ဟိ ပဌမံ နိဗ္ဗာနံ ဒဿနတော*ဒဿနန္တိ ဝုတ္တော။

(အဋ္ဌသာလိနီ၊ နှာ-၀၅)

(ခ) စတ္တာရော ပန မဂ္ဂုပ္ပါဒါ ဧကစိတ္တက္ခဏိကာ၊ တတောပရံ ဒွေတီဏိ ဖလစိတ္တာနိ ယထာရဟံ ဥပ္ပဇ္ဇန္တိ၊ တတောပရံ ဘဝင်္ဂပါတော။

(အဘိဓမ္မတ္ထ သင်္ဂဟ။ နှာ-၂၇)

(ဂ) မဂ္ဂါနေဝ ဥပ္ပဇ္ဇနတော မဂ္ဂုပ္ပါဒါ၊ ယထာရဟန္တိ ပဌမံ ဝါ စတုတ္ထံ ဝါ ဥပ္ပန္နမဂ္ဂါနုရူပံ။

[အဘိဓမ္မတ္ထ ဝိဘာဝနီ။ နှာ-၁၅၅]

## နှစ်ကြိမ်ဖိုလ်ဇော ဖြစ်သောအစဉ် နောက်ဘဝင်

ထိုနောက် ယင်း ဘာဝနာ ယောဂီ၏ စိတ်သည် တဆင့်ထက် တဆင့် မြင့်သော သန္တိသဘော လက္ခဏာတွေကို ရရှိခံစားလျက် ဖိုလ်ဟူသော အမည်ဖြင့် ဇောနှစ်ကြိမ် ဖြစ်၍ ချုပ်ပြန်ရသည်။ ယင်း ဘာဝနာ ယောဂီ၏ စိတ်သည် ဒုတိယဖိုလ်ဇော အဆုံး၌ ဇောကိစ္စ မရှိဘဲ မိမိ မူလအတိုင်း ဘဝင်ဖြစ်၍ (တနည်း) ဘဝင်ကျ၍ အနားယူလိုက်သကဲ့သို့ ဖြစ်လေသည်။ ယင်း ဘာဝနာ ယောဂီ၏ စိတ်သည် ဆိုပြီး ဒုတိယဖိုလ်ဇော အဆုံး၌ အကြိမ်ပေါင်း ကုဋေကုဋာမက အနားယူသည့်အနေ ဘဝင်စိတ်တွေဖြစ်လျက် တဖန် အားရှိပြန်လာသည့်အခါ ရှေးနည်းအတိုင်း ခန္ဓာဝန်ထုပ်ကြီးကိုပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော လက္ခဏာရေး ၃-ပါးတို့တွင် တပါးပါး အားဖြင့် ဆင်ခြင်ကာ အာရုံပြု၍ အာဝဇ္ဇန်း တကြိမ်ဖြစ်၍ ချုပ်ပြန်၏။

သတ္တဇဝနပရမတ္တာ ဟိ ကောဝဇ္ဇန ဝီထိယာ စတုတ္ထံ ဥပ္ပန္နမဂ္ဂတော ပရံ တီဏိဖလစိတ္တာနိ ပဌမံ ဥပ္ပန္နမဂ္ဂတော ပရံ ဒွေဝါ ဟောန္တိ။

[အဘိဓမ္မတ္ထ ဝိဘာဝနီ။ နှာ-၁၅၆]

## သကဒါဂါမိအတွက် ဖြစ်ချက်အရှိ တိုးခဲ့သိ

ထို့နောင် ဘာဝနာ ယောဂီ၏ စိတ်သည် ရုပ်နာမ်ဓမ္မ သင်္ခါရ တရားတို့၌ အနိစ္စ၊ ဒုက္ခ အနတ္တ အားဖြင့် ရှေးအတိုင်း ဝိပဿနာဉာဏ် ပေါ်အောင် ဆင်ခြင်လျက် နိဗ္ဗာန်ကို အာရုံပြုပြီး ပရိကံ၊ ဥပစာ၊ အနုလုံ ဟု ဇော ၃-ကြိမ်

ဖြစ်၍ ချုပ်ငြိမ်း၏။ ယင်း အနုလုံဇောလည်း ရှေးအတိုင်း အကုသိုလ် ကိလေသာတို့ကို နည်းပါး ကင်းပြတ်စေခဲ့သည်။ သန္တိသုခ ဓမ္မသဘာဝတွေကို ရှေးအတိုင်း ခံစား၍ နိဗ္ဗာန်ကို ဒုတိယအကြိမ် မျက်မှောက်ပြုပြီး ပုထုဇဉ်အနွယ်ကို သတ်ဖြတ်လျက် အရိယာတို့၏ အနွယ်ကို တိုးပွား ကြီးမားစေတတ်သော ကိစ္စ မရှိတော့သည့်အတွက် ဂေါတြဘုအနေ (ဝါ) ဂေါတြဘု အမည်ဖြင့် မဖြစ်တော့ဘဲ ကိလေသာ အညစ်အကြေးတို့ကို အထူး ဖြူစင်စေတတ်သည် ဖြစ်၍ ဝေါဒါန် ဟူသော အမည်ဖြင့်သာ ဖြစ်တော့သည်။ ထို့ကြောင့်....

ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဝေါဒါန်၊ မဂ် ဖိုလ်၊ ဖိုလ် ဟု သကဒါဂါမိမဂ် ဇောတကြိမ် ဖြစ်ပြီးလျှင် ဘဝင်ကျသော အားဖြင့် အနားယူပြန်လေသည်။ ဤ၌ ဖိုလ်ဇော စောရာတွင် တတောပရံ ဒွေ တီဏိ ဖလစိတ္တာနိ ယထာရဟံ ဥပ္ပဇ္ဇန္တိ ဆိုခဲ့သည့်အတိုင်း မန္ဒပညာပုဂ္ဂိုလ်၌ ၂-ကြိမ်၊ တိက္ခပညာ ပုဂ္ဂိုလ်၌ ၃-ကြိမ် အားဖြင့် ထိုက်သလို စောကြသည်။ ထို့ကြောင့် မန္ဒပညာပုဂ္ဂိုလ်၏ မဂ္ဂဝီထိ ကျပုံမှာ....

(ဘ၊ န၊ ဒ၊ မ၊ ပ၊ ဥ၊ လုံ၊ ဝေါ၊ မ၊ ဖ၊ ဖ၊ ဘ) ဟူ၍ မူလမဂ္ဂဝီထိ ပုံစံကို သဘောပေါက်ထားသင့်ပါသည်။ ဤသို့ ဒုတိယဆင့် သကဒါဂါမိ မဂ်အတွက် တိုးခဲ့၍ သိနိုင်လောက်ပြီ။

## ဘဝများစွာ ပါလာမီးများ အေးငြိမ်းသွား

ထို့အတူ နောက်ထပ် အနာဂါမိမဂ်၊ အရဟတ္တမဂ် ဟူသော မဂ္ဂဝီထိ ၂-ကြိမ်ပါ အားလုံး လေးဆင့်အတွက် လေးကြိမ်စေ့အောင်ကျလျက် နောက်ဆုံး ၄-မဂ်၊ ၄-ဖိုလ်အဘွက် ၄-ကြိမ်မြောက် စတုတ္ထဖိုလ်ဇော အဆုံး၌ ဘဝင်ကျ စိတ်အနားယူ၍ အမောပြေ အားရှိပြန်သောအခါ အိပ်ပျော်လျက် အိပ်မက် မြင်မက်သော ယောက်ျား နိုးလာသော အလားကဲ့သို့ ထိုအိပ်မက်ကို ပြန်၍ စဉ်းစားသလို မဂ္ဂဝီထိ ကျလာသော ပုဂ္ဂိုလ်အား မဂ်ကို လည်းကောင်း၊ ဖိုလ်ကို လည်းကောင်း၊ နိဗ္ဗာန်ကို လည်းကောင်း၊ ကုန်ခန်းသွားသော ကိလေသာတို့ကို လည်းကောင်း ဆင်ခြင် စဉ်းစားတဲ့ ပစ္စဝေက္ခဏာ စိတ်တွေ၊ ဉာဏ်တွေ၊ ဇောဝါရတွေ အများကြီး ဖြစ်လာရသည်။

ဝိမုတ္တာသ္မိံ ဝိမုတ္တမိ္မတိ ဉာဏံ ဟောတိ၊ ခီဏာ ဇာတိ၊
ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊နာပရံ ဣတ္ထတ္တာယာတိ။

ဟူသော သံယုတ်ပါဠိတော် ဒု-နှာ-၄၁ လာသည့်အတိုင်း...

(၁) ငါသည် - ကိလေသာအပုပ် အာသဝေါ တရားယုတ်တို့မှ အကြွင်းမဲ့ ကင်းစင်လေပြီ၊

(၂) ပဋိသန္ဓေ တည်နေရခြင်း တည်းဟူသော ဇာတိ ဒုက္ခကြီး ကုန်ဆုံးသွားလေပြီ၊

(၃) မြတ်သော မဂ် အကျင့်ကို သုံးအပ်ပြီးပြီ၊

(၄) ဤသို့ ငါ လုပ်အပ် လုပ်ထိုက်သည့် အလုပ်ကိစ္စ ဟူသမျှကိုလည်း ငါ လုပ်ပြီးပြီ၊

(၅) အာသဝေါ တရားတွေ ကုန်အောင်၊ ဇာတိ တရားတွေ ကင်းအောင် နောက်ထပ် ငါ့မှာ လုပ်စရာ ကိစ္စ ဘာမျှ မရှိတော့ပြီ၊

(၆) တပြောင်း ပြန်ပြန် အတန်တန် ကျင်လည်ရခြင်းကြောင့် ရအပ် ခံစားအပ်သော သောက၊ ပရိဒေဝ အပူမီးကြီးများလည်း ငြိမ်းသွားလေပြီဟု အပြီးသတ် ဆင်ခြင်သော ဇောဉာဏ်တွေ ဆက်၍ ဖြစ်သည်။

အဇာတံ အသမုပ္ပန္နံ၊ အသောကံ ဝိရဇံ ပဒံ။
နိရောဓော ဒုက္ခ ဓမ္မာနံ၊ သင်္ခါရူပသမော သုခေါ။ ။

(ဣတိဝုတ် ပါဠိတော်။ နှာ-၂၂၀)

ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ အဇာတံ၊ အကြောင်းတရားတို့သည် ပြုပြင်ခြင်း မရှိပေထသော။ အသမုပ္ပန္နံ၊ ဥပါဒ်အားဖြင့် ဖြစ်ပေါ်ခြင်း မရှိပေထသော။ သန္တံ၊ အသင်္ခတမာတ် ပရမတ်အနေ ထင်ရှားရှိပေထသော။ ပဒံ၊ နိဗ္ဗာန်ခေါ်အပ် ဓမ္မဓာတ်သည်။ ဝိရဇံ၊ ရာဂ ဒေါသ စသည် မြူမှုန် ကင်းဝေးရာလည်း ဖြစ်ပါပေ၏။ အသောကံ၊ သောက ခပ်သိမ်း ငြိမ်းရာလည်း ဖြစ်ပါပေ၏။ ဒုက္ခ ဓမ္မာနံ၊ ဒုက္ခတုံး ဒုက္ခ တရားတို့၏။ နိရောဓော၊ ချုပ်ပျောက်ရာကြီးလည်း ဖြစ်ပါပေ၏။ သင်္ခါရူပသမော၊ သင်္ခါရ တရားတို့၏ ငြိမ်းအေးရာကြီးလည်း ဖြစ်ပါပေ၏။ တသ္မာ၊ ထို့ကြောင့်။ သုခေါ၊ အအေးလုံးလုံး အပူတုံးသဖြင့် အမြတ်ဆုံး ချမ်းသာကြီးပါပေတည်း။

## ကိလေသာအားလုံး ကုန်ဆုံးမှေးမှိန် ချုပ်ငြိမ်းချိန်

အဋ္ဌမ မဂ္ဂဝိထိ သောတာပတ္တိ မဂ်ဉာဏ်၌ ကိလေသာ ကုန်သွားပြီ ဆိုသော်လည်း သူ့အဆင့်နှင့် သူသာ ဆိုင်ရာ ကိလေသာတို့ကို ပယ်သတ်နိုင်သဖြင့် ကုန်တန်သရွေ့သာ ကုန်သွားသည်။ အကြွင်းမဲ့ မကုန်သေးပါ။ ဆိုင်ရာမဂ်ဖြင့် ဆိုင်ရာ ကိလေသာတို့ကိုသာ ပယ်နိုင်သေးသည်ဟု ဆိုလိုပါသည်။ ယင်း မဂ္ဂဝိထိ လေးကြိမ် လေးဆင့် ကျပြီးမှသာ ယင်း ဘာဝနာ ယောဂီ၏ သန္တာန်၌ ကိလေသာများ အကြွင်းမဲ့ ကုန်ခန်းလေသည်။ ယင်း မဂ္ဂဝိထိ လေးကြိမ် လေးဆင့်တို့တွင် ပထမဆုံး မဂ်ဖိုလ်ကို နိဗ္ဗာန်သို့ ရှေးဦးစွာ ဆိုက်ရောက်၍ နိဗ္ဗာန်ကို ပထမမြင်သော မဂ်ဖိုလ်ဖြစ်သောကြောင့် သောတာပတ္တိ မဂ်ဖိုလ်ဟု ခေါ်သည်။

သောတံ အာပတ္တိ သောတာပတ္တိ

သောတံ၊ နိဗ္ဗာန်သို့ ပို့နှင် မြတ်သော ရေအယဉ်သို့။ ဝါ၊ မြတ်သော ရေကြောင်းပေါ်သို့။ အာပတ္တိ၊ ရောက်သောမဂ်ဖိုလ်သည်။ သောတာပတ္တိ၊ သောတာပတ္တိ မဂ်ဖိုလ် မည်၏။

(က) ဧကဗီဇီ သောတာပန်= ကာမသုဂတိ ၇-ဘုံသို့ ပဋိသန္ဓေအားဖြင့် ၁-ကြိမ် လာဦးမည့် သောတာပန်ပုဂ္ဂိုလ်။

(ခ) ကောလံကောလပရမ သောတာပန် = ကာမသုဂတိ ၇-ဘုံသို့ ပဋိသန္ဓေအားဖြင့် ၂-ကြိမ်မှ ၆-ကြိမ် အထိ လာဦးမည့် သောတာပန် ပုဂ္ဂိုလ်။

(ဂ) သတ္တက္ခတ္တုပရမ သောတာပန်ပုဂ္ဂိုလ် = ကာမသုဂတိ ၇-ဘုံသို့ ပဋိသန္ဓေအားဖြင့် ၇-ကြိမ်ပြည့်အောင် လာဦးမည့် သောတာပန် ပုဂ္ဂိုလ်။

ဤသို့ သောတာပန် ၃-မျိုး ရှိပါသည်။ ကာမဒုဂ္ဂတိခေါ် အပါယ် ၄-ဘုံ သို့ကား လုံးဝ မသွားရတော့ပြီ။အထက် ရူပ၊ အရူပဘုံတို့မှာပင် အကြိမ်များစွာ ဘုံစဉ်စံ၍ အထက်တန်းကျသည့် မဂ္ဂသုခ၊ ဖလသုခ တို့ကိုသာ ရယူပြီး ဒုက္ခဇာတ် ကင်းပြတ် ချုပ်ငြိမ်းသွားရလေတော့သည်။

(၁) သတ္တက္ခတ္တုံ သတ္တသု ဝါရေသု ကာမသုဂတိယံ ပဋိသန္ဓိဂ္ဂဟဏံ ပရမံ ဧတဿာတိ သတ္တက္ခတ္တုပရမော၊

(၂) န ပုန အဣမာဒိ ကာမဘဝဂါမိတျာဒိပွဲါယော၊ ယံ သန္ဓာယ ဝုတ္တံ န တေ ဘဝံ အဣမ မာဒိယန္တိ၊

(၃) ရူပါ ရူပ သုဂတိဘဝံ ပန သတ္တဝါရတော ပရမ္ပိ ဂစ္ဆတီတိ အာစရိယာ။

(ဝိဘာဝနိဋီကာ။ နှာ-၂၇၆)

## ပါရမီအင်အား ထင်ရှားလွန်ကြီး ထကြိမ်တည်း

ဒုတိယမဂ်ဖိုလ်ကို ဆိုင်ရာကိလေသာတို့ကို ပယ်သတ်လျက် ဤ ကာမ သုဂတိ ၇-ဘုံသို့ ပဋိသန္ဓေအားဖြင့် တကြိမ်သာ ပြန်လာစေတတ်သောကြောင့် သကဒါဂါမိ မဂ်ဖိုလ်ဟု ခေါ်သည်။

တတိယမဂ်ဖိုလ်ကိုလည်း ဆိုင်ရာကိလေသာတို့ကို ပယ်သတ်လျက် ဤ ကာမသုဂတိ ၇-ဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်လာစေတတ်သော သတ္တိ လုံးဝ မရှိသောကြောင့် အနာဂါမိမဂ်ဖိုလ်ဟု ခေါ်သည်။

စတုတ္ထအကြိမ် စတုတ္ထမဂ်ဖိုလ်ကိုလည်း ကိလေသာအားလုံးကို အကြွင်းမဲ့ သမုစ္ဆေဒပဟာန်ဖြင့် ပယ်သတ်ကင်းကွာစေလျက် ရဟန္တာဖြစ်ခြင်း၏အကြောင်း ဖြစ်ခြင်းကြောင့် အရဟတ္တမဂ်ဖိုလ်ဟု ခေါ်သည်။

အချို့သော ပုဂ္ဂိုလ်မှာ ဖြည့်ဆည်းပူးခဲ့သည့် ပါရမီအား၊ ရှုအား၊ မှတ်အား အလိုက် မဂ်လေးဆင့် ဖိုလ်လေးဆင့်ကို တကြိမ်တည်း တရှိန်တည်း အရဟတ္တဖိုလ်ကျအောင် ဖြစ် ပေါ် ဆိုက်ရောက်သွားလေသည်။

အကြား အကြား၌ ရပ်ဆိုင်း တန့်နားခြင်း မရှိ၊ ပစ္စဝေက္ခဏာ ဆင်ခြင် ခြင်းလည်း မရှိ၊ နောက်ဆုံး အရဟတ္တမဂ် အရဟတ္တဖိုလ် ရောက်ပြီးမှပင် ဆင်ခြင်ပေတော့သည်။

(က) အရဟတ္တမဂ္ဂံ ဘာဝေတွာ အနဝသေသ ကိလေသပ္ပဟာနေန အရဟာ နာမ ဟောတိ၊ ခီဏာသဝေါ လောကေ အဂ္ဂဒက္ခိဏေ ယျောတိ။

(အဘိဓမ္မတ္ထသင်္ဂဟ။ နှာ-၆၇)

( ခ ) ခီဏာ စတ္တာရော အာသဝါ တေဿာတိ ခီဏာသဝေါ။
( ဂ ) ဒက္ခိဏာရဟောသုံ အဂ္ဂတ္တာ အဂ္ဂဒက္ခိဏေယျောတိ။

(ဋီကာကျော်။ နှာ-၂၇၆)

## ပါရမီအားအင် ပျော့လျှင်အကြား တန့်ရပ်နား

အချို့သောယောဂီမှာ ဖြည့်ဆည်းပူးအပ်သော ပါရမီအား၊ ရှုအား၊ မှတ်အားအလိုက် တတိယဆင့် အနာဂါမိမဂ်ဖိုလ်သို့ ကျလျှင် ရပ်ဆိုင်း တန့်နား၍ နေသည်။

ပါရမီ ၁၀ ပါး

ဘုရား ပစ္စေက ဗုဒ္ဓါ၊ အရိယာ၊ ဖြည့်လာ ပါရမီမှာ၊
ဒါန သီလာ နိက္ခမာ၊ ပညာ ဝီရိယာ၊
ခန္တီ သစ္စာ အဓိဋ္ဌာ၊ မေတ္တာ ဥပေက္ခာ။ ။

အချို့သော ယောဂီမှာ ပါရမီအား ရှုအား မှတ်အား အလိုက် ဒုတိယ သကဒါဂါမိ မဂ်ဖိုလ်သို့ ကျလျှင် ရပ်ဆိုင်း တန့်နား၍ နေသည်။

အချို့သော ယောဂီမှာ ယင်း ပါရမီအား ရှုအား မှတ်အားအလိုက် ပထမ သောတာပတ္တိ မဂ်ဖိုလ်သို့ ကျအပြီးတွင် ရပ်ဆိုင်း တန့်နား၍ နေလေသည်။ အထက်သို့ တက်နိုင်သောအား မရှိခဲ့။

ဥပမာ။ ။မြတ်စွာဘုရား၏ ညီတော်ဖြစ်သော အရှင်အာနန္ဒာသည် ပါရမီအား ရှုအား မှတ်အားအလိုက် ပထမ သောတာပတ္တိမဂ်ဖိုလ်တွင် ရပ်ဆိုင်း တန့်နား၍ နေပြီးမှ ကျန်နေသေးသော အထက် မဂ် ၃-ဆင့်၊ ဖိုလ် ၃-ဆင့် ကျသည့်အခါ ရပ်နား အင်အားဖြည့်လျက် အင်အားကြီးမားလာသည့် အခါမှ ကြီးမားလာသည့်အားလျော်စွာ မရပ်မဆိုင်း မတန့်မနားတော့ဘဲ တရှိန်တည်း ဖြင့် အရဟတ္တဖိုလ်ဉာဏ်အထိ အထက် မဂ် ၃-ဆင့်၊ အထက် ဖိုလ် ၃-ဆင့် လုံးကို တခဏချင်း တပြိုင်တည်း ဆိုက်ရောက်သွားလေသည်။

ဥစ္စိန္ဒဘဝ တဏှာဿ၊ သန္တစိတ္တဿ ဘိက္ခုနော၊
ဝိက္ခီဏော ဇာတိသံသာရော၊ နတ္ထိ တဿ ပုနဗ္ဘဝေါ။

(သုတ္တနိပါတ် ပါဠိတော်။ နှာ-၁၃၂၊၃၉၄)

ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ ဥစ္ဆိန္နဘဝ တဏှာသ၊ အကြွင်းမဲ့ ပြတ်စေအပ်ပြီးသော ဘဝတဏှာရှိသော။ သန္တစိတ္တဿ၊ ငြိမ်သက် ခန့်ညားသော စိတ်ရှိထသော။ ဘိက္ခုနော၊ ကိလေသာပြတ် ရဟန်းမြတ်အား။ ဇာတိသံသာရော၊ အဖန်ဖန် သန္ဓေတည်နေရခြင်း တည်းဟူသော ဇာတိ သံသရာသည်။ ဝိက္ခီဏော၊ ကုန်သွားလေပြီ။ တဿ၊ ထိုကိလေသာပြတ် ရဟန်းမြတ်အား။ ပုနဗ္ဘဝေါ၊ အသစ်တဖန် ပြန်၍ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိတော့ပြီ။

## အားအင်အားလုံး ထုတ်သုံးတရစပ် တွန်းရှုမှတ်

မင်္ဂဖိုလ်လေးဆင့် အမြင့်သို့ တက်ရာ၌ အချို့ယောဂီမှာ တခါသာ ရပ်နားရသည်။ အချို့ယောဂီမှာ နှစ်ခါ ရပ်နားရသည်။ အချို့ယောဂီမှာ သုံးခါ ရပ်နားရသည်။

အချို့ယောဂီမှာ ပါရမီအား ရှုအား မှတ်အားအလိုက် မင်္ဂဖိုလ်တခုပြီး တခါအားဖြင့် ၄-ခါတိုင်တိုင် ရပ်နားပြီး ရယူရသည်။ လုံ့လနှင့် ဇွဲ စွဲမြဲစွာ အားထုတ်ပြီး ရယူနိုင်သည့်အတွက် များစွာ အတုယူဖွယ် ကောင်းလေစွ။

ဥပမာအားဖြင့် ပေ ၁၀၀၀ ရှိသော တောင်ထိပ်သို့ တက်ကြရာ၌ တက်သူ၏ အင်အားအလိုက် တခါရပ်နားပြီးမှ တောင်ထိပ်သို့ရောက်သူ၊ နှစ်ခါ ရပ်နားပြီးမှ တောင်ထိပ်သို့ရောက်သူ စသည်အားဖြင့် အဓိပ္ပာယ် ပေါ်လွင် အောင် စဉ်းစားပြီး တက်ကြွပြီး အားထုတ်ရမည်။

ဧတေ ခန္ဓေ ပဝေက္ခေယျ၊ ဘိက္ခု အာရဒ္ဓ ဝီရိယော။
ဒိဝါ ဝါ ယဒိ ဝါ ရတ္တိံ၊ သမ္ပဇာနော ပတိဿတော။ ။

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။ နှာ-၁၁၇)

ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ သမ္ပဇာနော၊ လေးအင် သမ္ပဇဉ် ဉာဏ်ဖြင့်ယှဉ်ထသော။ ပတိဿတော၊ အလွန်ထင်သော သတိ ရှိပေ ထသော။ အာရဒ္ဓဝီရိယော၊ သမ္မပ္ပဓာန် လုံ့လ အပြည့်အဝရှိသော။ ဘိက္ခု၊ သံသရာဘေး မျှော်တွေးကြောက်တတ် ရဟန်းမြတ်သည်။ဒိဝါ ဝါ၊ နေ့အခါ၌ လည်းကောင်း။ ယဒိ၊ ထိုနည်းအတူ။ ရတ္တိံ ဝါ၊ ညဥ့်အခါ၌ လည်းကောင်း။ ဧတေ ခန္ဓေ၊ ဤ ခန္ဓာငါးဝ ရုပ်နာမ်ဓမ္မတို့ကို။ ပဝေက္ခေယျ၊ ကောင်းစွာ ပြီးမြောက် ခရီးရောက်အောင် တောက်လျှောက်မသွေ ရှုမှတ်ရလေတော့သည် သာလျှင်တည်း။

## ပစ္စဝေက္ခဏာဇော သဘောလက္ခဏာ စဉ်းစားပါ

ဤ၌ အောက် အောက် မဂ်ဖိုလ်တွင် ရပ်နားတဲ့ယောဂီမှာ ဖိုလ်ဇော အဆုံး၌ ဘဝင်ကျကာ အနားယူသေးသည်။ စိတ်မောရ၍ စိတ်အနားယူသည် ဟူလို။ ထို့နောက် ယောဂီ၏ သန္တာန်၌ မဂ္ဂဝီထိ ကျသွား ဖြစ်သွားပုံ အခြင်းအရာကို ပြန်လည် စဉ်းစားဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဇောတွေ ဖြစ်မြဲ ဖြစ်ကြလေသည်။ ထို အောက် အောက် မဂ် ဖိုလ်သာ ကျသေးသော ယောဂီစုမှာ ကိလေသာလည်း ကြွင်းကျန်သေးသည်။ ထို့ကြောင့် ထိုကြွင်းကျန်တဲ့ ကိလေသာကိုလည်း ဆင်ခြင်သေးသည်။ ဤကား မဂ္ဂဝီထိကျပုံ အမှာတည်း။ ရဟန္တာများ ရာဂ၊ ဒေါသ၊ မောဟ၊ တဏှာ ကင်းပြီ။

(၁) နတ္ထိ ရာဂသမော အဂ္ဂိ=လောကမှာ ရာဂနှင့်တူသောမီး မရှိ။
(၂) နတ္ထိ ဒေါသသမော ဂဟော=လောကမှာ ဒေါသနှင့်တူသော ပိုက် မရှိ။
(၃) နတ္ထိ မောဟသမံ ဇာလံ=လောကမှာ မောဟနှင့်တူသောကွန် မရှိ။
(၄) နတ္ထိ တဏှာသမာ နဒီ=လောကမှာ တဏှာနှင့်တူသော မြစ်မရှိ။

(ဓမ္မပဒပါဠိတော်။ ၇၉)

## ရွှေရင်တော်နှစ် သားစစ်ကေန် ဖြစ်ပြီမှန်

ဤသို့ မဂ်ဖိုလ်လေးဆင့်ရှိသည်တွင် အောက်ဆုံး သောတာပတ္တိမဂ်ဖိုလ်ကို ရ၍ သောတာပန်အဖြစ်သို့ ရောက်သော ယောဂီသည် များစွာ ကျေးဇူးရှိလှ၏။ များစွာ အဖိုးတန်လှ၏။ဘုရားသားတော် "ရွှေရင်တော်နှစ် သားတော်စစ်" ဖြစ်ရပြီ။

(၁) သုပ္ပဋိပန္နတာ စသော ဂုဏ်တော် ၉-ပါးနှင့် ကောင်းကောင်းကြီး ပြည့်စုံပြီ။
(၂) သုဂတိဘဝ ကောင်းမြတ် ချမ်းသာတဲ့အမျိုးမှာသာ ဖြစ်ရလေတော့သည်။
(၃) ဘာစည်းစိမ် ဘာအာရုံတွေနှင့်တွေ့တွေ့ အများဆုံး ၇-ဘဝသာ ဤ ကာမသုဂတိ ၇-ဘုံ၌ ပဋိသန္ဓေနေရတော့မည်။
(၄) ထိုနောက် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် စံရပေတော့မည်၊

(၅) ရှစ်ခုမြောက် ဘဝကို မယူရတော့ပြီ။
(၆) ရှစ်ကြိမ်မြောက် ကာလမှာ သင်ယောဂ် အလိုရှိအပ်သော သန္တိ သုခ အမတရွှေဘုံသို့ ခိုလှုံရပေလတ္တံ့။ သံယောဇဉ် ကုန်ဆုံး ဒုက္ခတုံးပြီ ဟူလို။

ထို့ကြောင့်....

သတ္တက္ခတ္တုံ ပရမ္မ၊ သန္ဓာဝိတွာန ပုဂ္ဂလော။
ဒုက္ခဿန္တံ ကရော ဟောတိ၊ သဗ္ဗသံယောဇနက္ခယာ။ ။

(နိဒါနဝဂ္ဂသံယုတ် ပါဠိတော်။ နှာ-၃၉၃)

ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ ပုဂ္ဂလော၊ သောတာပန် ခေါ်အပ် ပုဂ္ဂိုလ်မြတ်သည်။ ပရမံ၊ အလွန်ဆုံး။ သတ္တက္ခတ္တုံ၊ ၇-ကြိမ်သာ လျှင်။ သန္ဓာဝိတွာန၊ ကာမသုဂတိ ၇-ဘုံတွင် ကျင်လည်ရ၍။ သဗ္ဗသံယော ဇနက္ခယာ၊ အလုံးစုံ သံယောဇဉ် ကုန်ခြင်းကြောင့်။ ဒုက္ခဿန္တံ၊ ဒုက္ခကုန်ဆုံး သည်ကို။ ကရော၊ ပြုစွမ်းနိုင်သည်။ ဟောတိ၊ မုချမသွေ ဖြစ်ပါပေ၏။

## လက်သည်းခွံရောက် မြေလောက်သာကျန် ဒုက္ခဒဏ်

သောတာပတ္တိ မဂ်ဖိုလ်ကိုရ၍ သောတာပန် ဖြစ်လာသော ပုဂ္ဂိုလ် များအား....

(၁) ကုန်ခန်း ချုပ်ပျောက်သွားသော ဒုက္ခက များသလော။

(၂) ကြွင်းကျန်နေသေးသော ဒုက္ခက များသလော။

မြတ်စွာဘုရားသည် ရဟန်းတော်များအား ဥပမာဖြင့် မိန့်ကြားတော် မူသည်မှာ....

''ချစ်သား ရဟန်းတို့၊ ကုန်ပြီးဖြစ်သော ဒုက္ခသည် အလွန်များ၏။ များပုံမှာ မြတ်စွာဘုရားသည် ရဟန်းတို့ကို လက်မ လက်သည်းဖြင့် မြေမှုန့်တို့ကို ကော်၍ နခသိခေါ်ပမသုတ်လာအတိုင်း....

(၁) ကုန်ပြီးသောဒုက္ခသည် မဟာပထဝီမြေကြီးပေါ်မှာ ရှိနေသေး သော မြေမှုန့်တွေလောက် များ၏။

(၂) ကြွင်းကျန်နေသေးသော ဒုက္ခသည် ငါဘုရား၏ လက်မပေါ်ရှိ လက်သည်းပေါ်မှာ ရှိနေသော မြေမှုန်လောက်သာ ရှိတော့သည်''

သောတာပတ္တိမဂ်သို့ ရောက်လျှင် ဤမျှလောက် ဒုက္ခတွေ ကင်းပျောက်သွား၏။ ဤမျှလောက်ပင် ကျေးဇူးများ၏။

ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံလောကေ ပရမှိ စ။

(ဓမ္မပဒပါဠိတော်။ နှာ-၃၉)

ဓမ္မစာရီ၊ တရားဓမ္မ ကျင့်ကြလေငြား ယောဂီအများသည်။ အသ္မိံလောကေစ၊ ဤဘဝ၌လည်းကောင်း။ ပရမှိစ၊ နောက် နောက်ဘဝ၌ လည်းကောင်း။ သုခံ၊ ကာယိကသုခ စေတသိကသုခ အပြည့်ရလျက်။ သေတိ၊ မုချ မသွေ အိပ်စက်ရလေတော့သည်သာလျှင်တည်း။

## စကြာမင်းမြတ် ရအပ်ဂုဏ်ထက် ပို၍ထက်

သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းတော်မူစဉ် ကျောင်းဒကာ အနာထပိဏ်သဌေးကြီးက သောတာပတ္တိဖိုလ် ချမ်းသာအကြောင်းလျှောက်ထား၍ မိန့်ကြားသည်မှာ.... သောတာပတ္တိဖိုလ်ချမ်းသာသည်....

(က) ကမ္ဘာမြေပြင်တခုလုံးကို အစိုးရသော စကြာမင်း စည်းစိမ်ထက် လည်းကောင်း၊

(ခ) နတ်ပြည်ခြောက်ထပ်မှာရှိတဲ့ နတ်မင်းများ စည်းစိမ်ထက် လည်းကောင်း၊

(ဂ) ဗြဟ္မာ့ပြည် ၂၀ နှင့် တကွ တလောကလုံးကို အစိုးရသော စည်းစိမ်ထက် လည်းကောင်း ပို၍ ချမ်းသာသည်။

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိ ပစ္စေန၊ သောတာပတ္တိ ဖလံ ဝရံ။ ။

(ဓမ္မပဒပါဠိတော်။ နှာ-၄၀)

ဂဟပတိ၊ ကျောင်းဒကာ သဌေးကြီး။ ပထဗျာ၊ ရှိသမျှ သိမ်းကျုံး မြေပြင်တခုလုံး၌။ ဧကရဇ္ဇေနဝါ၊ စကြာမင်း ဟူသော တယောက်တည်းသာ မင်းပြုရခြင်းထက် လည်းကောင်း။ သဂ္ဂဿ၊ နတ်ပြည် ခြောက်ထပ် သုံးသို့။ ဂမနေနဝါ၊ ရောက်ရခြင်းထက် လည်းကောင်း။ သဗ္ဗ လောကာဓိ

ပစ္စေနဝါ၊ ပြဟ္မာ့ပြည် ၂၀-နှင့်တကွ တလောကလုံးကို အစိုးရခြင်းထက် လည်းကောင်း။ သောတာပတ္တိဖလံ၊ သောတာပန် ပုဂ္ဂိုလ်၏ ဖိုလ်ချမ်းသာ သည်။ ဝရံ၊ အဆရာထောင် မကသာအောင် မြတ်လှပါပေသတည်း။

## ရှေ့ဉာဏ် နောက်ဉာဏ် လျော်ကံသင့်လှ နုလောမ

မဂ်စိတ် မဂ်ဉာဏ် ဖြစ်ပေါ်လာခြင်းအားလျော်ကုန်သော အားအစွမ်း တို့နှင့် ပြည့်စုံသော ဝိပဿနာဉာဏ်သည် အနုလောမဉာဏ် မည်၏။

ဥပမာ။ ။အမတ်ကြီး ၈-ဦး ဆုံးဖြတ်သော တရားသည် ရှင်ဘုရင် ကြီး ဆုံးဖြတ်သော တရားနှင့် တထပ်တည်း ညီမျှသကဲ့သို့ အောက်ဖြစ်သော ဥဒယဗ္ဗယဉာဏ်မှစ၍ အထက် သင်္ခါရုပေက္ခာဉာဏ်အထိ ၈-ပါးနှင့် ရှင်ဘုရင် ဗောဓိပက္ခိယ တရားတို့သည် တသားတည်း တသဘောတည်းဖြစ်၍ မဂ်ဉာဏ် ဖြစ်ပေါ်လာစေခြင်းငှာ စွမ်းနိုင်သော အားအစွမ်းနှင့် ပြည့်စုံသော ဉာဏ် သည် ရှေ့ဉာဏ် နောက်ဉာဏ်တို့အား လျော်သောကြောင့် အနုလောမဉာဏ် မည်၏။

> မဂ္ဂုပ္ပတ္တိယာ အနုလောမေဟိ ထာမဗလေဟိ သမ္ပန္နံ
> ဝိပဿနာဉာဏံ အနုလောမဉာဏံ နာမ။ ။
>
> ( ပရမတ္ထဒီပနီ။ နှာ-၄၃၄ )

မဂ္ဂုပ္ပတ္တိယာ၊ မဂ်ဉာဏ် ဖြစ်ပေါ်လာခြင်းအား။ အနုလောမေဟိ၊ လျော်ကုန်သော။ ထာမဗလေဟိ၊ အားအစွမ်းတို့ဖြင့်။ သမ္ပန္နံ၊ ပြည့်စုံသော။ ဝိပဿနာဉာဏံ၊ ဝိပဿနာဉာဏ်သည်။ အနုလောမဉာဏံနာမ၊ အနုလောမ ဉာဏ် မည်၏။

## သောတာပန်မဂ်ဇော ပေါ်သောအခါ အကျိုးမှာ

သောတာပတ္တိမဂ်ဇော ပေါ်ခဲ့သော်....

( ၁ ) သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ဟူသော ကိလေသာနှစ်ပါး သမုစ္ဆေဒ ပဟာန်ဖြင့် အကြွင်းမဲ့ ကုန်ဆုံး ချုပ်ပျောက်လေ၏။

( ၂ ) အများဆုံး ၇-ဘဝသာ ပဋိသန္ဓေ၏ အစွမ်းဖြင့် ကာမသုဂတိ ၇-ဘုံ၌ ဖြစ်ပြီး အထက် ရူပ၊ အရူပဘုံတို့၌သာ ဖြစ်ရတော့ သည်။

( ၃ ) အပါယ် ၄-ဘုံသို့ လုံးဝ မလားတော့ပြီ။
( ၄ ) ရာဂကြမ်း၊ ဒေါသကြမ်း၊ မောဟကြမ်းကြီးများ ချုပ်ငြိမ်း သွားပြီ။

ဤ အကြောင်း ကိလေသာများ ကုန်ဆုံး ချုပ်ငြိမ်းသည်နှင့်အမျှ ဆိုင်ရာ အကျိုးဒုက္ခတရားတို့ ဖြစ်ရခြင်း ဟူသော အနိဋ္ဌဖလအားလုံး ကုန်ဆုံး ချုပ်ငြိမ်း သွားလေ၏။

တတ္ထ ပန သောတာပတ္တိမဂ္ဂံ ဘာဝေတွာ
ဒိဋ္ဌိ ဝိစိကိစ္ဆာ ပဟာနေန ပဟီနာပါယဂမနော
သတ္တက္ခတ္တုပရမော သောတာပန္နော နာမ ဟောတိ။
(အဘိဓမ္မတ္ထသင်္ဂဟ။ နှာ-၆၆)

## သကဒါဂါမိမဂ်ဇော ပေါ်သောအခါ အကျိုးမှာ

သကဒါဂါမိမဂ်ဇော ပေါ်ခဲ့သော်....
(၁) အသစ်ထပ်မံ၍ ကာမ၊ ပဋိဃ ဟူသော ကိလေသာနှစ်ပါး တနုကရအားဖြင့် ခေါင်းပါး အားပျော့သွားလေ၏။
(၂) အများဆုံး တဘဝသာ ပဋိသန္ဓေ၏ အစွမ်းဖြင့် ကာမသုဂတိ ၇-ဘုံ၌ဖြစ်ပြီး အထက် ရူပ၊အရူပဘုံတို့၌သာ ဖြစ်ရတော့သည်။
(၃) အပါယ် ၄-ဘုံသို့ လုံးဝ မလားတော့ပြီ။
(၄) ရာဂကြမ်း၊ ဒေါသကြမ်း၊ မောဟကြမ်းကြီးများ ချုပ်ငြိမ်း သွားပြီ။

ဤ အကြောင်းကိလေသာများ ကုန်ဆုံး ချုပ်ငြိမ်းသည်နှင့်အမျှ ဆိုင်ရာ အကျိုးဒုက္ခတရားတို့ ဖြစ်ရခြင်း ဟူသော အနိဋ္ဌဖလအားလုံး ကုန်ဆုံး ချုပ်ငြိမ်း သွားလေ၏။

သကဒါဂါမိမဂ္ဂံ ဘာဝေတွာ ရာဂဒေါသမောဟာနံ
တနုကရတ္တာ သကဒါဂါမီနာမ ဟောတိ၊
သကိဒေဝ ဣမံ လောကံ အာဂန္တွာ။
(အဘိဓမ္မတ္ထသင်္ဂဟ။ နှာ-၆၆)

## အနာဂါမိမဂ်ဇော ပေါ်သောအခါ အကျိုးမှာ

အနာဂါမိမဂ်ဇော ပေါ်ခဲ့သော်....

(၁) အသစ်ထပ်မံ၍ ကာမ၊ ပဋိဃ ဟူသော ကိလေသာ နှစ်ပါး သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ ကုန်ဆုံး ချုပ်ပျောက်လေ၏။

(၂) ပဋိသန္ဓေ၏ အစွမ်းဖြင့် ကာမသုဂတိ ၇-ဘုံ၌ လုံးဝ မဖြစ် တော့ဘဲ အထက် ရူပ၊ အရူပဘုံတို့၌သာ ဖြစ်ရတော့သည်။

(၃) အပါယ် ၄-ဘုံသို့ လုံးဝ မလားတော့ပြီ။

(၄) ရာဂကြမ်း၊ ဒေါသကြမ်း၊ မောဟကြမ်းကြီးများ ချုပ်ပျောက် သွားပြီ။

ဤအကြောင်းကိလေသာများ ကုန်ဆုံး ချုပ်ပြတ်သည်နှင့်အမျှ ဆိုင်ရာ အကျိုးဒုက္ခတရားတို့ ဖြစ်ရခြင်း ဟူသော အနိဋ္ဌဖလအားလုံး ကုန်ဆုံး ချုပ်ပြတ် သွားလေ၏။

(က) အနာဂါမိမဂ္ဂ ဘာဝေတွာ ကာမရာဂ ဗျာပါဒါန မနဝသေသပ္ပဟာနေန အနာဂါမိနာမ ဟောတိ အနာဂန္တာ ဣတ္ထတ္တံ။

(အဘိဓမ္မတ္ထသင်္ဂဟ။ နှာ-၆၇)

(ခ) ရာဂဒေါသ မောဟာနန္တိ မောဟဂ္ဂဟဏ ရာဂဒေါသေကဋ္ဌ မောဟ သန္ဓာယာတိ ဒဋ္ဌဗ္ဗံ။ ။

(ဝိဘာဝနီဋီကာ။ နှာ-၂၇၆)

## အရဟတ္တမဂ်ဇော ပေါ်သောအခါ အကျိုးမှာ

အရဟတ္တမဂ်ဇော ပေါ်ခဲ့သော်....

(၁) အောက်က ပယ်ခဲ့ပြီးသော ကိလေသာများနှင့်တကွ (၁) လောဘ၊ (၂) ဒေါသ၊ (၃) မောဟ၊ (၄) မာန၊ (၅) ဒိဋ္ဌိ၊ (၆) ဝိစိကိစ္ဆာ၊ (၇) ထိန၊ (၈) ဥဒ္ဓစ္စ၊ (၉) အဟိရိက၊ (၁၀) အနောတ္တပ္ပ ပေါင်း (၁၀) ပါးသော ကိလေသာတို့ကို သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ ကုန်ဆုံး ချုပ်ပျောက်လေ၏။

(၂) ပဋိသန္ဓေ၏ အစွမ်းဖြင့် ဘယ်ဘုံမှာမှ မဖြစ်တော့ပြီ။

(၃) ၃၁-ဘုံသို့ လုံးဝ မလားတော့ပြီ။
(၄) သိမ်မွေ့သော ကိလေသာလေးများပင် မကျန်တော့ပြီ။
ဤသို့ အကြောင်းလည်း ပြတ်၊ အကျိုးလည်း ရပ်သွားလေပြီ။

အရဟတ္တမဂ္ဂ ဘာဝေတွာ အနဝသေသ ကိလေသပ္ပ
ဟာနေန အရဟာ နာမ ဟောတိ ခီဏာသဝေါ
လောကေ အဂ္ဂဒက္ခိဏေယျောတိ။ ။

(အဘိဓမ္မတ္ထသင်္ဂဟ။ နာ-၆၇)

## ကိလေသာအထပ်ထပ် ပယ်သတ်အမှန် မြတ်မဂ္ဂ

ထို ဘာဝနာယောဂီ၏ စိတ်အစဉ်၌ တစုံတခုသော ကိလေသာ အညစ်အကြေးမှ မရှိတော့ပြီ။ အတုမရှိ သန့်ရှင်း စင်ကြယ်သွားလေပြီ။ ဤသို့ ကိလေသာ ကုန်ရာ၌....

(၁) ကိလေသာသည် တီရဏပရိညာမှ စ၍ တဖြည်းဖြည်း ပါး၍ ပါး၍ လာခဲ့၏။

(၂) မဂ်ကျသော ခဏ၌ အဆုံးစွန် ပါးပြီး ကင်းပြတ်သွားပြီ ဖြစ်၍ သူ့ဘာသာသူ ကင်းပြတ် ကုန်ခန်းပြီ ဟူ၍လည်း ဆိုထိုက်၏။

(၃) သမ္မာဒိဋ္ဌိ စသော မဂ္ဂင်အကျင့်တရားတို့၏ အရှိန် အာနုဘော်ဟူသော အားအစွမ်းဖြင့် လွှမ်းမိုးသော ဒဏ် ချက် ကြောင့် တဖြည်းဖြည်း ကင်းပြတ်ရသည်ဖြစ်၍ မဂ်က ပယ်သည်၊ မဂ်က သတ်သည် ဟူ၍လည်း ဆိုထိုက်ပေသည်။

(၄) ထိုမှတပါး ယောဂီက မဂ်တရားတို့ကိုသာ ကြီး ထွား အောင် အာရုံဘည်းဟူသော အစာ ကျွေး၍ ကိလေသာတရားတို့ကို ကား ယင်းအစာ မကျွေးဘဲ အငတ်ထားသောကြောင့် ယောဂီပုဂ္ဂိုလ်က သတ်သည်ဟူ၍လည်း ဆိုထိုက်သည်။

ထို့ကြောင့် မဂ်ပုဂ္ဂိုလ်တို့သည် မဂ်ဉာဏ်တည်း ဟူသော သန်လျက်ဖြင့် ကိလေသာရန်သူတို့ကို ပယ်သတ်သည်ဟု ဆိုကြသည်။

## ကိလေသာမီး ငြိမ်းပြီးအမှန် မြတ်နိဗ္ဗာန်

ယောဂီ၏ စိတ်အစဉ်၌ ရုပ်နာမ်ခန္ဓာ သံသရာ၏ အစမှစ၍ တပါတည်း စွဲကပ်ပါလာသော ကိလေသာ အညစ်အကြေးတို့သည် တီရဏပရိညာမှစ၍ အနည်းငယ် အနည်းငယ် တဖြည်းဖြည်း ပါး၍ ပါး၍ လာပြီး ဖြူစင်၍ လာပြန်သဖြင့် မဂ်ဇောဖြစ်ပေါ်၍ အထတွင် အစတုံးကာ ဖြူစင်ကင်းရှင်း၍ သွားကြသည်။ ယင်း တီရဏပရိညာမှစ၍ အညစ်အကြေး ကုန်ဆုံးအောင် ပြုလာရတဲ့(စိတ္တက္ခဏ)တို့တွင် ကိလေသာကင်းပြတ်၍သွားသော ဤစိတ္တက္ခဏကို အထွဋ်အထိပ်တင်၍ ကိလေသာတို့ နောင် ပြန်မဖြစ်ဘဲ အစတုံး ပြတ်ကင်းခြင်းကြောင့် မဂ်စိတ်ဟု ခေါ်သည်။ ကိလေသာ ကုန်ခြင်း ချုပ်ခြင်းသည် နိဗ္ဗာန် မဟုတ်သေးပါ။ ယင်း ကိလေသာဟူသော အပူမီး ဒုက္ခတရားတို့၏ ကုန်ခြင်း ချုပ်ခြင်းကြောင့် အင်မတန် အေးမှု ငြိမ်းမှုကြီးသည်သာ နိဗ္ဗာန်တည်း။

ဂမနေန န ပတ္တဗ္ဗော၊ လောကဿန္တော ကုဒါစနံ။
လောကဿန္တံ အပတွာန၊ ဒုက္ခာ နတ္ထိ ပမောစနံ။ ။

(စတုက္ကင်္ဂုတ္တရ ပါဠိတော်။ ၁၁-၃၅၈)

လောကဿန္တံ၊ ဖြစ်မှုပျက်မှု တရားစု၏ ကုန်ဆုံး ချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့။ ဂမနေန၊ ခြေကျင် ရထား မော်တော်ကား တခုခုတို့နှင့် သွားခြင်းကြောင့်။ ကုဒါစနံ၊ တခါတရံ ဘယ်သောကာလ ဟူသမျှမှ။ န ပတ္တဗ္ဗော၊ မုချပိုင်ပိုင် မရောက်အပ် မရောက်နိုင်တော့သည်သာ။ လောကဿန္တံ၊ ဖြစ်မှုပျက်မှု တရားစု၏ ကုန်ဆုံး ချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့၊ အပတွာန၊ မရောက်သေးဘဲ ကာလထဲဖြစ်၍။ ဒုက္ခာ၊ အိုနာသေလာ သံသရာငြဲ့ ဒုက္ခညွှတ်မှ။ ပမောစနံ၊ အမှန်မယွင်း လွတ်မြောက်ခြင်းမည်သည်။ နတ္ထိ၊ မုချပိုင်ပိုင် မရှိနိုင်တော့သည်သာကည်း။

ဇရာမရဏ မောက္ခာယ၊ ဘာဝေန္တိ မဂ္ဂ မုတ္တမံ။
သဗ္ဗဘဝေ ပရိညာယ၊ ပရိနိဗ္ဗန္တိ အနာသဝါ။ ။

(ဝိဘင်းပါဠိတော်။ ၁၁-၄၄၁)

ဇရာ မရဏ မောက္ခာယ၊ အိုနာသေရေး ဒုက္ခဘေးတို့မှ ကင်းဝေး ကုန်ဆုံး လွတ်မြောက်ရန်အလို့ငှာ။ ဥတ္တမံ၊ အကောင်းဆုံး အမှန်ဆုံး အမြက်ဆုံး

ဖြစ်သော။ မဂ္ဂ၊ သမ္မာဒိဋ္ဌိ စရှိရှစ်ရပ် မဂ္ဂင်တရားမြတ်ကို။ ယေ၊ အကြင် များလှသောင်းသောင်း ဘာဝနာ ယောဂီအပေါင်းတို့သည်။ ဘာဝေန္တိ၊ ရှုမှတ် ပွားများကြလေကုန်၏။ တေ၊ ထိုများလှသောင်းသောင်း ဘာဝနာ ယောဂီ အပေါင်းတို့သည်။ သဗ္ဗဘဝေ၊ခပ်သိမ်းဘဝ အနန္တတို့ကို။ပရိညာယ၊ အမှန်ထိမိ ပိုင်းခြားသိ၍၊ အနာသဝါ၊ အာသဝေါခပ်သိမ်း ကုန်ငြိမ်းကြကုန်လျက်။ ပရိနိဗ္ဗန္တိ၊ အနုပါဒိ မြိုက်သန္တိဖြင့် ပရိနိဗ္ဗာန် ကြွဝင် စံကြလေကုန်သတည်း။

## နိဗ္ဗာန်အပ္ပနာ ဘယ်ဟာဟူဘိ ခွဲ၍သိ

ယင်း အေးမှု ငြိမ်းမှုမှတပါး မဂ်စိတ် ဖိုလ်စိတ်တို့၏ အာရုံပြုစရာ၊ ဆွဲကိုင်စရာ၊ တွယ်ခိုစရာ နိဗ္ဗာန်ဟူ၍ အခြား ဘယ်မှာမှမရှိ။ မဂ်စိတ် ဖိုလ်စိတ် တို့သည် ယင်း အေးမှု ငြိမ်းမှု သဘောကိုသာ ခိုင်မြဲငြိမ်သက်စွာ တွယ်ကပ်၍ ခန့်ညားထယ်ဝါစွာ ဖြစ်ကြသည်။

ဂေါတြဘူ စိတ်ကိုကား ရှေးဦးစွာ တွယ်ကပ် မှီခိုရသည်ဖြစ်၍ အေးမှု ငြိမ်းမှုကလည်း အားမကောင်းသေးသောကြောင့် ကြပ်ကြပ် ခိုင်မာမှုမရှိသေး။ ထို့ကြောင့် အပ္ပနာဇောဟု မခေါ်အပ်။ ဤမဂ်စိတ် ဖိုလ်စိတ်တို့ကိုသာ ခိုင်မြဲ ငြိမ်သက်စွာ တွယ်ကပ်မှီခို၍ ဖြစ်ကြသောကြောင့် အပ္ပနာဇောဟု ခေါ်ရသည်။

ကိန္နု ဟာသော ကိမာနန္ဒော၊ နိစ္စံ ပဇ္ဇလိတေ သတိ။
အန္ဓကာရေန ဩနဒ္ဓါ၊ ပဒီပံ ကိံ န ဂဝေသထ။ ။

(ဓမ္မပဒပါဠိတော်။ နှာ-၃၅)

ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ နိစ္စံ၊ နေ့ရော ညဥ့်ပါ အခါမစဲ အမြဲသာလျှင်။ ပဇ္ဇလိတေ သတိ၊ အိုမီး နာမီး သေမီးတို့သည် အတင်း ဖိစီး တိုးပြီး လောင်၍လာနေသည် ဖြစ်ပါလျက်။ ကိန္နု ဟာသော၊ ဘာကို မြော်မြင်၍ ပျော်ရွှင်မြူးတူးနိုင်ကြပါသနည်း။ ကိမာနန္ဒော၊ ဘယ်လိုအရေး ဘာကိုတွေး၍ အေးတေးတေး မျှော်ထောက်ကာ ဝမ်းမြောက်နိုင်ကြပါ သနည်း။ အန္ဓကာရေန၊ သူတမျိုး ငါတဖုံ အလုံးစုံ မစဉ်းစားနိုင်ဘဲ ယွင်းမှား အောင် ဖိစီး အဝိဇ္ဇာတည်းဟူသော မှောင်တိုက်ကြီးသည်။ ဩနဒ္ဓါ၊ ဝင်တိုး နှိပ်စက် ရှုပ်ထွေး မွေးယှက်၍ နေကုန်သည်ဖြစ်ပါလျက်။ ပဒီပံ၊ သံဝေဂမှန် ဓမ္မညဏ်တည်းဟူသော ဆီမီးအလင်းရောင်ကို။ ကိံ န ဂဝေသထ၊ အဘယ့် ကြောင့် မရှာမှီးဘဲ နေကြပါကုန်သနည်း။

## မဂ္ဂဝီထိ ဖြစ်၏နက်နဲ ဉာဏ်ဖြင့်စွဲ

ဤသို့ အသီးသီး ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ ဟူသော သစ္စာလေးပါး အမြတ်တရားကို ပိုင်းခြားသိမြင်တော်မူကြပြီး ဖိုလ်လေးပါး၌ တည်ကြကုန်သော ဖလဋ္ဌာန် အရိယာ လေးဦးတို့သည် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသည့် အခါ ရုပ် နာမ် သင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု အဖန်ဖန် ရှုပွားလိုက်ရသည်။ ထိုအခါ စိတ်သည် ဘဝင်မှထပြီးလျှင် သင်္ခါရတရားတွေကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံတို့ ဖြစ်၍ ချုပ်၏။ ထို့နောက် မဂ္ဂဝီထိဖြစ်စဉ်က ဖြစ်ဘူး တွေ့ဘူး ရောက်ဘူး ရဘူးသော စိတ်ဒေစဉ် မလေ့ထုံး၏ အတိုင်း နိဗ္ဗာန်ကို အာရုံပြုလျက် ဂေါတြဘူ၊ ဖိုလ်၊ ဖိုလ်ဟူ၍ ဖိုလ်ဇောတွေ ပါရမီအား ရှုအား မှတ်အားများအရ စိတ်သန်သလောက် အလိုရှိသလို များစွာ ဖြစ်၍နေ၏။

ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ။
အရိယံ စဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။ ။

(ဓမ္မပဒပါဠိတော်။ နှာ-၄၂)

(၁) ဒုက္ခသစ္စာ=လောကီစိတ် ၈၁၊ လောဘကြဉ်သော စေတသိက် ၅၁၊ ရုပ် ၂၈။
(၂) သမုဒယသစ္စာ=လောဘစေတသိက်။
(၃) နိရောဓသစ္စာ=နိဗ္ဗာန်။
(၄) မဂ္ဂသစ္စာ=မဂ်စိတ်လေးခု၌ ယှဉ်သော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟူသော မဂ္ဂင် ၈-ပါး။

(က) ဒုက္ခသစ္စာ=ဆင်းရဲခြင်း အမှန်တရား။
(ခ) သမုဒယသစ္စာ-ဆင်းရဲခြင်းကို ဖြစ်စေတတ်သော အမှန်တရား။
(ဂ) နိရောဓသစ္စာ=ချုပ်ငြိမ်းခြင်း အမှန်တရား။
(ဃ) မဂ္ဂသစ္စာ=ချုပ်ငြိမ်းခြင်းကို ဖြစ်စေတတ်သော အမှန်တရား။

ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။

(ဓမ္မပဒပါဠိတော်။ နှာ-၄၂)

စ၊ သရဏာဂုံအကျိုး ဖွံ့ဖြိုးတိုးတက်ပုံကို ပြလိုက်ပါဦးအံ့။ ယော၊ အကြင်သူသည်။ ဗုဒ္ဓဉ္စ၊ မြတ်စွာဘုရားကိုလည်းကောင်း။ ဓမ္မဉ္စ၊ တရားတော်မြတ်ကိုလည်းကောင်း။ သံဃဉ္စ၊ သံဃာတော်မြတ်ကိုလည်းကောင်း။ သရဏံ၊ ကိုးကွယ်အားထားရာ အစစ်အမှန်ဖြစ်၏ဟူ၍။ ဂတော၊ ဆည်းကပ်သမှု အလေးပြု၏။ သော၊ ထိုရတနာသုံး အမြတ်ဆုံးကို ဆည်းကပ်သမှု အလေးပြုသောသူသည်။ စတ္တာရိ၊ လေးပါးကုန်သော။ အရိယသစ္စာနိ၊ အရိယာခေါ် မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ထိုရှစ်ဖော်တို့၏ အမြတ်တင်ထား မှန်တရားတို့ကို။ သမ္မ ပညာယ၊ ကောင်းသော မဂ်ပညာဖြင့်။ ပဿတိ၊ ကောင်းစွာထိုးထွင်း အမြင်ရှင်းပြီး ထင်လင်းရရှိတော် မူခဲ့လေသတည်း။

## ဖလသမာပတ် ရအပ်ခိုလှုံ ဝင်စားပုံ

ထို့နောက် ဘာဝနာယောဂီ၏သန္တာန်၌ ဘဝင်ကျပြီး ရုပ် နာမ် သင်္ခါရတရားတို့ကို အာရုံပြုသော နကို ပကတိစိတ်တွေ ဖြစ်လျက် ဖိုလ်ဇောမှ ထ၏။ ဤသို့ ယင်း ဖိုလ်ဇောတွေကျ၍ ဖြစ်နေသောအခါ အိပ်ပျော်ပြီး အိပ်မောကျ၍ နေသော သူကဲ့သို့ ထို ဘာဝနာ ယောဂီပုဂ္ဂိုလ်သည် အေးငြိမ်းမှုမှတပါး ဘာကိုမျှ မသိတော့ပြီ။ အမှတ်မရတော့ပြီ။ အဲဒီအခါ အလွန်ဘဲ ကိုယ်စိတ်ချမ်းသာခြင်း ဖြစ်၍နေသည်။ ဤသို့ ဖြစ်၍နေသည်ကို....

(က) ဖလသမာပတ် ဝင်စားနေသည်ဟူ၍လည်း ခေါ်သည်။
(ခ) မဂ်ဖိုလ်ဖြင့် နိဗ္ဗာန်ချမ်းသာကို ခံစားနေသည် ဟူ၍လည်း ခေါ်သည်။
(ဂ) ဖိုလ်စိတ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနေသည် ဟူ၍လည်း ခေါ်သည်။

**မှတ်ချက်။** ။မျက်မှောက်ပြုခြင်းဟူသည် မြင်၍နေခြင်းတည်း။

(၁) အရိယသစ္စာန ဒဿနံ=အရိယာသစ္စာတို့ကို ဖူးမြင်ရခြင်း။
(၂) နိဗ္ဗာန သစ္ဆိကိရိယာ=နိဗ္ဗာန်တရားကို မျက်မှောက်ပြုခြင်း။
(၃) နိဗ္ဗုတိဘုဥ္စမာနာ=နိဗ္ဗာန်၏အရသာကို ခံစား သုံးဆောင်ခြင်း။

## အရိယာထံ မဂ်ဉာဏ်ဖြစ်လျှင် နိဗ္ဗာန်မြင်

အရိယာပုဂ္ဂိုလ် ဖြစ်တိုင်း (ဝါ) မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတိုင်း နိဗ္ဗာန်ကို အမြဲတမ်း မြင်နေသည်ဟု မမှတ်ရ။ မဂ်စိတ် ဖိုလ်စိတ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်နေသောအခါ အာရုံပြု၍ နေသောအခါတို့မှာသာ နိဗ္ဗာန်ကို မြင်နိုင်သည်။ အာရုံ မပြုတဲ့အခါနှင့် သင်္ခါရတွေကို အာရုံပြုတဲ့စိတ် အမျိုးမျိုးတွေ ဖြစ်နေတဲ့ အခါမျိုးမှာ မမြင်နိုင်ပါ။ အကုသိုလ် မကုန်ခန်းသေးတဲ့ အရိယာတွေမှာ အကုသိုလ်စိတ်တွေလဲ ဖြစ်တဲ့အခါ ဖြစ်နေကြသေးတယ်။ ဤသို့ အရိယာတို့ နိဗ္ဗာန်ကို မျက်မှောက်ပြုကြပုံ၊ စိတ်ဖြစ်ကြပုံ၊ စိတ်ချုပ်ကြပုံများကိုလည်း ကောင်းစွာ သိထားထိုက်သည်။ အရိယာ ပုဂ္ဂိုလ်တို့ နိဗ္ဗာန်ကို မျက်မှောက် ပြုကြပုံ၊ ခံစားကြပုံ၊ ဖလသမာပတ္တိ ဝင်ထိကျပုံများကိုပါ သိထားထိုက်သည်။

(က) နိဗ္ဗာနံ ပန လောကုတ္တရ သင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ၊ မဂ္ဂဖလာန မာရမ္မဏဘူတံ ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ။ ။

(အဘိဓမ္မတ္ထ သင်္ဂဟ။ နှာ-၄၅)

(ခ) စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗန္တိ ဣမိနာ နိဗ္ဗာနဿ တံ တံ အရိယပုဂ္ဂလာနံ ပစ္စက္ခသိဒ္ဓတ္တံ ဒဿေတိ။

(ဂ) မဂ္ဂဖလာန မာရမ္မဏဘူတန္တိ ဣမိနာ ကလျာဏ ပုထုဇ္ဇနာနံ အနုမာန သိဒ္ဓတ္တံ။

(အဘိဓမ္မတ္ထ ဝိဘာဝနီ။ နှာ-၂၁၆)

## မီးတောက်ပြတ်ငြိမ်း ဇာတ်သိမ်းခြင်းကို နိဗ္ဗာန်ဆို

ဤသို့ ရုပ်နာမ် ခန္ဓာတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ အားဖြင့် ဝိပဿနာ ဝိဇ္ဇာဉာဏ် ပေါ်အောင် ရှုမှတ်၍ မဂ်လေးဆင့် ဖိုလ်လေးဆိုင် အပိုင်ရပြီးသဖြင့် ကိလေသာ ကုန်ကင်း၍ ဝိရာဂ ဝိမုတ္တ ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ခြင်းကြီး ရောက် လာရသော ရဟန္တာ အရှင်မြတ်တို့သည် အကြင်အခါသည် ရှေး (အတိတ်) အခါက ပြုဘူး၍ မိမိ သန္တာန်၌ ပါ၍လာသော ဒိဋ္ဌဓမ္မ ဝေဒနီယကံ၊ ဥပပဇ္ဇ ဝေဒနီယကံ၊ အပရာ ပရိယ ဝေဒနီယကံ ဟူသော ကမ္မဘဝတွေနှင့်တကွ ယခု ရှိနေသော ပစ္စုပ္ပန် ရုပ်နာမ် ခန္ဓာ အားလုံးတို့သည် အပြီးတိုင် လက်စသတ်

စုတိစိတ်ချုပ်၍ သေသည်နှင့် တပြိုင်နက် အားလုံးဘဲ ချုပ်သွားကြလေကုန်၏။ ထိုရဟန္တာ ပုဂ္ဂိုလ်သည် စုတိ စိတ် ချုပ် ပျက် သေဆုံးသည်၏ အခြားမဲ့၌ အေးငြိမ်းခြင်း နိဗ္ဗာန်သို့ ဆိုက်ရောက်လေတော့၏။ တဟုန်းဟုန်း ပူလောင်နေရာမှ အပြီးအပြတ် ငြိမ်းသွားသော မီးတောက်ကြီးကဲ့သို့ တခါတည်း ကွယ်ပျောက်လေတော့၏။ ဘယ်မှ မသွားတော့ပြီ၊ ဘယ်မှ မဖြစ်တော့ပြီ၊ ဘယ်မှ မရောက်တော့ပြီ၊ သွားစရာ ဖြစ်စရာ ရောက်စရာလည်း မရှိပြီ။ ထိုအေးငြိမ်းမှုကိုပင် နိဗ္ဗာန်ဟု ခေါ်ထားခြင်း ဖြစ်သည်။

## နိဗ္ဗာန်အရ သာဓကပြစရာ အကြောင်းရှာ

ခီဏံ ပုရာဏံ န၀နတ္ထိ သမ္ဘ၀ံ၊ ၀ိရတ္တစိတ္တာ ယတိကေ ဘ၀သ္မိံ ။
တေ ခီဏဗီဇာ အ၀ိရူဠ္ဟိဆန္ဒာ၊ နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
(သုတ္တနိပါတ် ပါဠိတော်။ နှာ-၃၁၄)

(၁) ယေ၊ အကြင် ရဟန္တာတို့သည်။ အာယတိကေ၊ လာလတ္တံ့သော။ ဘ၀သ္မိံ၊ ဘ၀၌။ ၀ိရတ္တစိတ္တာ၊ တပ်ခြင်းကင်းသော စိတ်ရှိကုန်၏။

(၂) တေသံ၊ ထိုရဟန္တာတို့အား။ ပုရာဏံ၊ ရှေး၌ ဖြစ်သောကသည်။ ခီဏံ၊ ကုန်ပြီ။

(၃) န၀သမ္ဘ၀ံ၊ ဘ၀သစ်၌ ဖြစ်လတ္တံ့သောကံသည်လည်း။နတ္ထိ၊ မရှိ။

(၄) ခီဏဗီဇာ၊ ကုန်ပြီးသော ကံဟူသော မျိုးစေ့ ရှိကုန်ထသော။

(၅) အ၀ိရူဠ္ဟိဆန္ဒာ၊ ဘ၀သစ်၌ မဖြစ်ပြန်လိုသော ဆန္ဒလည်း ရှိကုန်ထသော။

(၆) ဓီရာ၊ ပညာလည်း ရှိကုန်ထသော။

(၇) တေ၊ ထိုရဟန္တာတို့သည်။ အယံ ပဒီပေါ၊ ဤဆီမီးသည်။ နိဗ္ဗာယတိ ယထာ၊ ငြိမ်းသကဲ့သို့။ နိဗ္ဗာယန္တိ၊ ငြိမ်းကုန်၏။

## နိဗ္ဗာန်အရ သာဓကတင် ထပ်ဆင်ခြင်

(၁) အယောဃန ဟတဿေ၀၊ ဇလတော ဇာတ၀េဒသော။
အနုပုဗ္ဗူပသန္တဿ၊ ယထာ နညာယတေ ဂတိ။ ။

(၂) ဧဝံ သမ္မာ ဝိမုတ္တာနံ၊ ကာမဗန္ဓာတိဂါမိနံ။
ပညာပေတုံ ဂတိ နတ္ထိ၊ ပတ္တာနံ အစလံ သုခံ။ ။
(ဥဒါန်း ပါဠိတော်။ နှာ-၁၉၃)

ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။

(က) ဇလတော၊ တပြောင်ပြောင် တောက်လောင်၍နေစဉ်။ အယော ဃန ဟတဿေဝ၊ သံတူဖြင့် ခတ်အပ်သည်ဖြစ်၍။ အနုပုဗ္ဗူ-ပသန္တဿ၊ အစဉ်တစိုက် သေငြိမ်းကွယ်ပျောက်၍ သွားလေသော။ ဇာတဝေဒဿ၊ မီးတောက် မီးလျှံကြီး၏။ ဂတိ၊ ရပ်ဆယ်မျက်နှာ လားရာဂတိကို။ နညာယတေ ယထာ၊ မသိအပ် မသိနိုင်သကဲ့သို့။

(ခ) ဧဝံ၊ ဤအတူ။ ကာမဗန္ဓောဃတာရိနံ၊ ကာမဂုဏ် တည်းဟူသော အနှောင်အဖွဲ့ ဩဃကြီးကို လွန်မြောက်ကြ ကုန်၍၊ သမ္မာဝိမုတ္တာနံ၊ ကိလေသာတို့မှ ကောင်းစွာ လွတ်တော်မူကုန်ပြီးသော။ ဝါ၊ လွတ်တော် မူကုန်သည်ဖြစ်၍။ အစလံ၊ တုန်လှုပ်ယိမ်းယိုင်ခြင်း မရှိသော။ သုခံ၊ နိဗ္ဗာန်ခေါ်မှီး မြိုက်ချမ်းသာကြီးသို့။ ပတ္တာနံ၊ ကြွသွား ရောက်သွားတော် မူကြသည့် ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်ကြီးတို့၏။ ပညာပေတုံ၊ သိဘို့ရန်အကြောင်း တတ်နိုင်ကောင်းသော။ ဂတိ၊ ကြွရာ ရောက်ရာ လားရာအရှိ သူ့ဂတိသည်။ နတ္ထိ၊ မရှိကောင်စင်စစ် မှန်တော့သည် သာလျှင်တည်း။

## နိဗ္ဗာန်နှစ်ပါး သိထားမှုချ ကာရဏ

နိဗ္ဗာန်သည် သဘာဝအားဖြင့် သန္တိလက္ခဏာ နိဗ္ဗာနံ ဆိုသည့်အတိုင်း ငြိမ်းအေးခြင်း လက္ခဏာအားဖြင့် တပါးတည်း ရှိသော်လည်း ကာရဏ ပရိယာယအားဖြင့် ၂-ပါး ပြားသေး၏။ ယင်း ၂-ပါးကား....

မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ် လေးယောက်၊ အောက် ဖလဋ္ဌာန် ပုဂ္ဂိုလ် သုံးယောက် ဟူသော သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့ ရအပ် ရောက်အပ်သော နိဗ္ဗာန်သည်လည်းကောင်း၊ ရဟန္တာပုဂ္ဂိုလ်တို့ မသေမီ ရအပ် ရောက်အပ်သော နိဗ္ဗာန်သည်

လည်းကောင်း၊ ခန္ဓာရှိစဉ်အခါ ရအပ်ရောက်အပ် သောကြောင့် သဉပါဒိ သေသ နိဗ္ဗာန် မည်ကုန်၏။ ရဟန္တာပုဂ္ဂိုလ်များ သေပြီးမှ ရအပ်ရောက်အပ် သော နိဗ္ဗာန်ကို ခန္ဓာမရှိသောအခါမှ ရအပ် ရောက်အပ်သောကြောင့် အနု ပါဒိသေသ နိဗ္ဗာန် ခေါ်သည်။ ကိလေသာတို့သာ ငြိမ်း၍ ရုပ်နာမ်ခန္ဓာ မငြိမ်း သေးမီ (ဝါ) ရုပ်နာမ်ခန္ဓာ ရှိနေသေးစဉ် ရအပ်သော နိဗ္ဗာန်သည် သဉပါဒိ သေသ နိဗ္ဗာန် ခေါ်သည်။ ကိလေသာတို့လည်း ငြိမ်း၊ ရုပ်နာမ်ခန္ဓာတို့လည်း ငြိမ်းပြီးမှ ရအပ်သော နိဗ္ဗာန်သည် အနုပါဒိသေသ နိဗ္ဗာန်ခေါ်သည်ဟု မှတ်လေ။

(၁) တဒေတံ သဘာဝတော ဧကဝိဓမ္ပိ သဉပါဒိသေသ နိဗ္ဗာန ဓာတု အနုပါဒိသေသ နိဗ္ဗာနဓာတု စေတိ ဒုဝိဓံ ဟောတိ ကာရဏ ပရိယာယေန။

(အဘိဓမ္မတ္ထသင်္ဂဟ။ နှာ-၄၅)

(၂) သဘာဝတောတိ အတ္တနော သန္တိလက္ခဏေန၊

(၃) ဉပါဒီယတိ ကာမုပါဒါနီဟီတိ ဉပါဒိ၊ ပဉ္စက္ခန္ဓသောတာ အဓိဝစနံ၊

(၄) ဉပါဒိယေဝ သေသော ကိလေသေဟီတိ ဉပါဒိသေသော၊ တေန သဟ ဝတ္တတီတိ သဉပါဒိသေသော၊

(၅) သော ဧဝ နိဗ္ဗာနဓာတူတိ သဉပါဒိသေသ နိဗ္ဗာနဓာတု၊

(၆) ကာရဏ ပရိယာယေနာတိ သဉပါဒိသေသာဒိဝသေန ပညာပနေ ကာရဏဘူတဿ ဉပါဒိသေသ ဘာဝါဘာဝဿ လေသေန၊

(ဝိဘာဝနိဋီကာ။ နှာ-၂၁၆)

## နိဗ္ဗာန်သုံးပါး သိထားမှုချ အာကာရ

နိဗ္ဗာန်သည် ဆိုပြီးအတိုင်း တပါးတည်းရှိသော်လည်း အာကာရဘေဒ အားဖြင့် သုံးပါး ပြားသေး၏။ ယင်း ၃-ပါးကား....

အာရုံအားဖြင့် လည်းကောင်း၊ သမ္ပယောဂအားဖြင့် လည်းကောင်း ရာဂ ဒေါသ မောဟ ဟူသော တရားဆိုးတို့မှ ကင်းဆိတ်သောကြောင့် သုညတ နိဗ္ဗာန် မည်၏။ ထို့အတူ ရာဂ စသော ယင်း တရားဆိုးတည်းဟူသော

အကြောင်း ကင်းခြင်းကြောင့် အနိမိတ္တနိဗ္ဗာန် မည်၏။ ရာဂ စသော ယင်း တရားဆိုးတည်းဟူသော တောင့်တခြင်း ကင်းသောကြောင့် အပ္ပဏိဟိတနိဗ္ဗာန် မည်၏။

**တနည်း။** ။ခပ်သိမ်းသော သင်္ခါရတရားတို့မှ ကင်းဆိတ်ခြင်းကြောင့် သုညတနိဗ္ဗာန် မည်၏။ ခပ်သိမ်းသော သင်္ခါရတရား တည်းဟူသော အကြောင်း မရှိခြင်းကြောင့် အနိမိတ္တနိဗ္ဗာန် မည်၏။ တဏှာဟူသော တောင့်တခြင်း မရှိသောကြောင့် အပ္ပဏိဟိတနိဗ္ဗာန် မည်၏။

(၁) ဟထာ သုညတံ အနိမိတ္တ အပ္ပဏိဟိတန္တေတိ တိဝိဓံ ဟောတိ အာကာရ ဘေဒေန၊

(အဘိဓမ္မတ္ထ သင်္ဂဟ။ နှ-၄၅)

(၂) အာရမ္မဏတော သမ္ဗယောဂတော စ ရာဂ ဒေါသ မောဟေဟိ သုညတ္တာ သုညံ၊ သုညမေဝ သုညတံ၊

(၃) ဟထာ ရာဂါဒိ နိမိတ္တ ရဟိတတ္တာ အနိမိတ္တံ၊

(၄) ရာဂါဒိ ပဏိဓိ ရဟိတတ္တာ အပ္ပဏိဟိတံ၊

(၅) သဗ္ဗသင်္ခါရေဟိ ဝါ သုညတ္တာ သုညတံ၊

(၆) သဗ္ဗသင်္ခါရ နိမိတ္တာဘာဝတော အနိမိတ္တံ၊

(၇) တဏှာပဏိဓိယာ အဘာဝတော အပ္ပဏိဟိတံ၊

(ဝိဘာဝနီဋီကာ။ နှ-၂၁၆)

## ပုထုဇဉ်လေးဦး အထူးထိမိ ပိုင်ပိုင်သိ

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဟူသော အပါယ်လေးဘုံသား တို့သည် အဟိတ်အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေ နေခဲ့၏။ ယင်း အပါယ်လေးဘုံသားတို့ကို ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ဟု ခေါ်ပါသည်။

ဇစ္စန္ဓအစရှိသောလူနှင့် ဘုမ္မဿိတ ဝိနိပါတိက အသူရာတို့သည် အဟိတ် ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေခဲ့၏။ ယင်း ဇစ္စန္ဓ အစရှိသော လူနှင့် ဘုမ္မဿိတ အသူရာတို့ကို သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

ဇစ္စန္ဓာဒီနံ၌ (၁) ဇစ္စန္ဓ (၂) ဇစ္စဗဓိရ (၃) ဇစ္စဃာနက (၄) ဇစ္စမူဂ (၅) ဇစ္စဇဠ (၆) ဇစ္စုမ္မတ္တကတို့ကို ယူရ၏။ အောက်ပါအတိုင်း သိအပ်၏။

(၁) ဇစ္စန္ဓ=ပဋိသန္ဓေအားဖြင့် ကန်းသောသူတည်း။

(၂) ဇစ္စဗဓိရ=ပဋိသန္ဓေအားဖြင့် နားထိုင်းသောသူတည်း။

(၃) ဇစ္စဃာနက=ပဋိသန္ဓေအားဖြင့် ဃာနပသာဒ မရှိသူတည်း။

(၄) ဇစ္စမူဂ=ပဋိသန္ဓေကပင် စကားပီသစွာ မပြောနိုင်သူတည်း။

(၅) ဇစ္စဇဠ=ပဋိသန္ဓေအားဖြင့် ထိုင်းမှိုင်းသူ၊ အရှေ့ အနောက် စသည်ကို လည်းကောင်း၊ မူး မတ် စသည်ကို လည်းကောင်း သင်ပြ၍ နားမလည်သူတည်း။

(၆) ဇစ္စုမ္မတ္တက=ပဋိသန္ဓေအားဖြင့် ရူးနှမ်းနှမ်း ဖြစ်သူတည်း။

ဒွိဟိတ်ပုဂ္ဂိုလ်တို့သည် မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် လေးခုဖြင့် ပဋိသန္ဓေနေကြသည်။

တိဟိတ်ပုဂ္ဂိုလ်တို့သည် မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် လေးခုဖြင့် ပဋိသန္ဓေနေကြသည်။

**မှတ်ချက်**။ ။ပုထုဇဉ်ပုဂ္ဂိုလ် (၄) ယောက် ဟူသည် ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၊ တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့တည်း။ဒုဂ္ဂတိ=အကုသိုလ်များသူတို့၏ လားရာဌာန။ သုဂတိ= ကုသိုလ်များသူတို့၏ လားရာဌာန၊ အဟိတ်=သမ္ပယုတ်ဟိတ် မရှိသူ။ ဒွိဟိတ်= အလောဘ အဒေါသ ဟူသော ဟိတ်နှစ်ပါး ရှိသူ။ တိဟိတ် = အလောဘ အဒေါသ အမောဟ ဟူသော ဟိတ်သုံးပါးရှိသူ။ ပုထုဇဉ်=ကိလေသာ ဆယ်ပါးလုံး အပြည့်ရှိသူ၊ ဝါ- ကိလေသာ ဆယ်ပါးလုံးကို ဖြစ်စေတတ်သူ။

## တိဟိတ်ဥက္ကဋ္ဌ အမြတ်သန္ဓေ ခွဲရစေ

ပုထုဇဉ် ပုဂ္ဂိုလ် လေးယောက်၊မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်၊ ဖလဋ္ဌာန် ပုဂ္ဂိုလ် လေးယောက်၊ ပေါင်း ပုဂ္ဂိုလ် ၁၂ ယောက်သာ ရှိသည်။ မဂ္ဂဋ္ဌာန် လေးယောက်၊ ဖလဋ္ဌာန်လေးယောက်၊ ယင်းရှစ်ယောက်လုံး တိဟိတ်ပုဂ္ဂိုလ်တို့ ဖြစ်ကြသည်။ တိဟိတ်ပုဂ္ဂိုလ် ကိုးယောက်ဟူသည် တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်

တယောက်၊ အရိယာ (မဂ်လေး၊ ဖိုလ်လေး) ရှစ်ယောက်တို့ဖြစ်သည်။ တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်ဖြစ်မှ မဂ်ဖိုလ် ရနိုင်သည်။ မဂ်ဖိုလ်ရ (အရိယာ) ပုဂ္ဂိုလ်တိုင်း တိဟိတ်ပုဂ္ဂိုလ် ဖြစ်ကြသည်။ တိဟိတ် ပုဂ္ဂိုလ်တိုင်းကား အရိယာ မဖြစ်ကြ။ တိဟိတ်ဖြစ်သော်လည်း အခြားအင်္ဂါများ ပြည့်စုံမှ အရိယာ ဖြစ်နိုင်သည်။ တိဟိတ်မဟုတ်ခဲ့ပါလျှင် အားထုတ်သော်လည်း မဂ်ဗီဇ ဖိုလ်ဗီဇ (အထောက် အပံ့)သာ ဖြစ်နိုင်သည်။ မဂ်ဖိုလ်ကိုကား မရနိုင်။ ထို့ကြောင့် ရှေးပညာရှိကြီး တွေက (တိဟေတုက ပဋိသန္ဓိကော ဘဝေယျံ) တိဟေတုက ပဋိသန္ဓိကော၊ တိဟိတ်ဥက္ကဋ္ဌ မြတ်သောပဋိသန္ဓေစွဲယူနေရသည်။ ဘဝေယျံ၊ ဖြစ်ရပါလို၏ဟု ဆုတောင်းကြသည်။ တိဟိတ်မ မဂ်ဖိုလ်ရ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည် ဟု မှတ်။

## ရပ်ပြစ်ရှစ်ပါး ဖြစ်ငြားအရှင်း မဂ်ဖိုလ်ကင်း

ရပ်ပြစ်ရှစ်ပါးဟူသည် သူ၏ဖြစ်ရာအရပ်ကိုက အပြစ်ရှိနေသည်။ သူဟာ မဂ်ဖိုလ်ကို မရဆိုက်၊ ယင်း ရပ်ပြစ်ရှစ်ပါးကား....

(၁) ငရဲ=ချမ်းသာမှု အလျှင်းမရှိသောအရပ်။

(၂) တိရစ္ဆာန်=မဂ်ဖိုလ်နိဗ္ဗာန်နှင့် ဖီလာလပ်နေသော သတ္တဝါ။

(၃) ပြိတ္တာ=ကိုယ်လက်အင်္ဂါ မမျှတသော သတ္တဝါ။

(၄) အသညသတ်=ခန္ဓာကိုယ် (ရူပကာယ) သာ ရှိ၍ နာမကာယ မရှိသော သတ္တဝါ။

(၅) ပစ္စန္တရော=ရတနာသုံးပါးနှင့်ဝေးလျက် မသိမရှိသော တောချုံ အုံနား အရပ်။

(၆) မိစ္ဆာဒိဋ္ဌိ=မှားသောအယူရှိသော လူမျိုးစု။

(၇) ဝိကလိန္ဒြိယော=သစ္စာလေးပါး တရားကို နာကြားသော်လည်း အ၊ အ၊ နားပင်း၍ တရားမသိသူ။

(၈) ဗုဒ္ဓသုညောဘိဟေတုကော=တိဟိတ်ပင် ဖြစ်လင့်ကစား ဘုရား ပွင့်သောကာလနှင့် လွဲ၍ လူဖြစ်ရခြင်း။

## ဆယ့်ခြောက်ပုဂ္ဂိုလ် မဂ်ဖိုလ်အရှင်း လုံးလုံးကင်း

(၁) တိရစ္ဆာန်=မဂ်ဖိုလ်နိဗ္ဗာန်နှင့် ဖီလာလုပ်နေသော သတ္တဝါ။
(၂) ပြိတ္တာ=ကိုယ်လက်အင်္ဂါ မမျှတသော သတ္တဝါ။
(၃) မိစ္ဆာဒိဋ္ဌိ=မှားသော အယူရှိသော လူမျိုးစု။
(၄) ကုဟက=သီလရှိဟန်ဆောင်သူ။
(၅) မာတုဃာတက=အမိကို သတ်ဘူးသူ။
(၆) ပိတုဃာတက=အဘကို သတ်ဘူးသူ။
(၇) အရဟန္တာဃာတက=ရဟန္တာကို သတ်ဘူးသူ။
(၈) သံဃဘေဒက=သံဃာကို သင်းခွဲဘူးသူ။
(၉) လောဟိတုပ္ပါဒက=ဘုရားကို သွေးစိမ်းထွက်အောင် ပြုဘူးသူ။
(၁၀) ထေယျသံဝါသက=ရဟန်းအသွင်ကို ခိုးသူ။
(၁၁) တိတ္ထိယပက္ကန္တက=တိတ္ထိအယူဝါဒသို့ ပြောင်းသွားသူ။
(၁၂) ဘိက္ခုနီဒူသက=ရဟန်းမိန်းမအား မေထုန်မှု ပြုသူ။
(၁၃) သံဃာဒိသိသ်=အာပတ်သင့်ပြီး မကုစားရသေးသူ။
(၁၄) ပဏ္ဍုက်သုံးမျိုး=မိန်းမ ပဏ္ဍုက်၊ ယောက်ျား ပဏ္ဍုက်၊ နပုံး ပဏ္ဍုက်။
(၁၅) ဥဘတောဗျည်း=ယောက်ျား မိန်းမ အင်္ဂါနှစ်ခု ရှိနေသူ၊
(၁၆) အသက် ခုနစ်နှစ်အောက်ငယ်သူ (ဝါ) ခုနစ်နှစ် မပြည့်သေးသူ။

## ပုဂ္ဂိုလ်ဆယ့်နှစ် တွက်စစ်ပြရာ ဤသို့သာ

ဒုဟေတုကာ ဟေတုကာ ပါယ်ကာဟေတုက တိဟေတုကာဝသေန စတုဗ္ဗိဓာနံ ပုထုဇ္ဇနာနံ မဂ္ဂဋ္ဌ ဖလဋ္ဌဝသေန အဋ္ဌဝိဓာနံ အရိယာနန္တိ ဒွါဒသန္နံ ပုဂ္ဂလာနံ ဟူသော အဘိဓမ္မတ္ထ ဝိဘာဝနီ ဋီကာနှင့်အညီ လောက၌ ပုဂ္ဂိုလ်တို့သည် ၁၂-ယောက်သာ ရှိကုန်၏။ ယင်း ၁၂-ယောက်တို့တွင်....

ပုထုဇဉ် ၄-ယောက်ကား —

၁။ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်၊
၂။ သုဂတိအဟိတ် ပုဂ္ဂိုလ်၊

၃။ ဒွိဟိတ် ပုဂ္ဂိုလ်၊

၄။ တိဟိတ် ပုဂ္ဂိုလ်၊

မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်ကား....

၁။ သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊

၂။ သကဒါဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊

၃။ အနာဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊

၄။ အရဟတ္တ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊

ဖလဋ္ဌာန် ပုဂ္ဂိုလ် ၄-ယောက်ကား....

၁။ သောတာပတ္တိ ဖလဋ္ဌာန် ပုဂ္ဂိုလ်၊

၂။ သကဒါဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်၊

၃။ အနာဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်၊

၄။ အရဟတ္တ ဖလဋ္ဌာန်ပုဂ္ဂိုလ်၊

ဤသို့ ဆယ့်နှစ်ယောက် ရှိကုန်၏။

## တိဟိတ်ပုဂ္ဂိုလ် ပြဆိုရွေးကောက် ဤကိုးယောက်

ပဋိသန္ဓိ ဝိညာဏာ သဟဂတာ လောဘာ ဒေါသံဝသေန ဒွိဟေတုက္ကမေသန္တိ ဒွိဟေတုကာ ဟူသော ဋီကာပါဠိအရ ပဋိသန္ဓေ ဝိညာဉ်နှင့်တကွ ဖြစ်သော အလောဘ အဒေါသ အစွမ်းဖြင့် ဟိတ်နှစ်ပါးရှိသော ပုဂ္ဂိုလ်တို့သည် ဒွိဟိတ်ပုဂ္ဂိုလ် မည်ကုန်၏။ ယင်း အလောဘ စသော ဟိတ်သုံးပါး လုံးဝ မရှိသော ပုဂ္ဂိုလ်တို့သည် အဟိတ်ပုဂ္ဂိုလ် မည်ကုန်၏။ ဟိတ်သုံးပါးလုံးရှိသော ပုဂ္ဂိုလ်တို့သည် တိဟိတ်ပုဂ္ဂိုလ် မည်ကုန်၏။

တိဟေတုကေသူတို ပဋိသန္ဓိ ဝိညာဏာ သဟဂတာ လောဘာ ဒေါသာ မောဟာဝသေန တိဟေတုကေသု ပုထုဇ္ဇနာဒိသု နဝဝိဓ ပုဂ္ဂလေသု ဟူသော အဘိဓမ္မတ္ထ ဝိဘာဝနီ ဋီကာနှင့်အညီ အရိယာ မဖြစ်မီ အရိယာ အဆင့်သို့ ရောက်လတ္တံ့ တိဟိတ် ပုထုဇဉ် တယောက်၊ အရိယာအဆင့်သို့ ရောက်ပြီး

သော တိဟိတ် အရိယာ ရှစ်ယောက်၊ ဤသို့ တိဟိတ်သည် ပေါင်း ၉-ယောက် ရှိပါသည်။

## ဒု သု ဒွိ ဟု ပုထုသုံးမှာ ဈာန်မဂ်ကွာ

ဒုဂ္ဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်သည် အဟိတ် အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေ၏။ ဒုဂ္ဂတိလည်း ဖြစ်၊ အဟိတ်လည်း ဖြစ်သော ပုထုဇဉ်ပုဂ္ဂိုလ် ဟူလို။

သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်သည် အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေ နေ၏။ သုဂတိလည်း ဖြစ်၊ အဟိတ်လည်း ဖြစ်သော ပုထုဇဉ် ပုဂ္ဂိုလ် ဟူလို။ ဒွိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်သည် မဟာဝိပါက် ဉာဏဝိပ္ပယုတ် လေးခုဖြင့် ပဋိသန္ဓေ နေ၏။ တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်မှာကား မဟာဝိပါက် ဉာဏသမ္ပယုတ်လေးခုဖြင့် ပဋိသန္ဓေ နေ၏။

ဆိုပြီး ဒုဂ္ဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်၊ သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်၊ ဒွိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၊ ဤသုံးယောက်တို့သည် ကာမကြိယာ ဇော ၉-ခုနှင့် အပ္ပနာ ဇော ၂၆-ခုတို့ တဘဝလုံး မရနိုင်သောကြောင့် ထိုဘဝအတွက် ဈာန်မဂ်ဖိုလ်ကို ရဘို့ရန် လုံးဝ မျှော်လင့်ချက် မရှိ။

## ဒု သု ဒွိထား သုံးပါးကင်းပြန် မဂ်ဖိုလ်ဈာန်

ရုပ၊ အရူပဗြဟ္မာတိဟိတ်များကား မဟဂ္ဂုတ် ဝိပါက် ၉-ခုဖြင့် ပဋိသန္ဓေနေ၏။ အထူးမှာ ကြိယာဇောတို့သည် ရဟန္တာများ သန္တာန်၌သာ ဖြစ်၏။ အခြား ပုဂ္ဂိုလ်များ သန္တာန်၌ မဖြစ်။ အပ္ပနာဇောတို့ကား ဈာန်ဇော၊ မဂ်ဇော၊ ဖိုလ်ဇောများတည်း။ ထို့ကြောင့် တိဟိတ်ပုဂ္ဂိုလ်တို့သာ ရဟန္တာ ဖြစ်နိုင်ကုန်၏။ ကြွင်း (ဒု သု၊ ဒွိ) သုံးယောက်တို့ ရဟန္တာမဖြစ်နိုင်။ ယင်း (ဒု၊ သု၊ ဒွိ) သုံးယောက်တို့မှာ ထို ယခု ဖြစ်ဆဲဘဝ၌ ဈာန်မဂ်ဖိုလ်ကို ရဘို့အတွက် လုံးဝ မျှော်လင့်ချက် မရှိ။ မရနိုင်ဟူလို။ အဘယ့်ကြောင့်နည်းဟူမူ ညံ့ဖျင်းသော ပဋိသန္ဓေ ဝိပါက်က တားမြစ်သောကြောင့်တည်း။

## ကမ္မန္တရာယ် သိဘွယ်အထူး ကြည့်လေဦး

အထက်ပါ စကားနှင့် စပ်၍ အန္တရာယ် ၅-ပါးကို သိထားထိုက်သည်။ ယင်း အန္တရာယ် ၅-ပါးကား....

(၁) ကိလေသန္တရာယ်၊ (၂) ကမ္မန္တရာယ်၊
(၃) ဝိပါကန္တရာယ်၊ (၄) အရိယူပဝါဒန္တရာယ်၊
(၅) အာဏာဝီတိက္ကမန္တရာယ်။

ကမ္မန္တရာယ်အရ မာတုဃာတက စသော ပဉ္စာနန္တရိယကံနှင့် ဘိက္ခုနီမ တို့၌ မိစ္ဆာစာရ ကျူးလွန်မှု အကုသိုလ်ကံသည် ကမ္မန္တရာယ် မည်၏။ ပဉ္စာ နန္တရိယကံ ထိုက်သူမှာ ဈာန်မဂ်ဖိုလ်သာမက နောက်ဘဝ၌ သုဂတိကိုပင် ရခွင့် မရှိ။ ဘိက္ခုနီမ၌ မိစ္ဆာစာရ ပြုသူကား ဈာန်မဂ်ဖိုလ်သာ မရသည်၊ ကောင်း မွန်စွာ နေထိုင်လျှင် သုဂတိဘဝကိုကား ရနိုင်သေးသည်။

## မဂ်ဖိုလ်ဗီဇ ရဘို့သေချာ ကြိုးစားရာ

ကိလေသန္တရာယ်အရ ကိလေသာ ဆယ်ပါးတွင် ပါဝင်သော နိယတ မိစ္ဆာဒိဋ္ဌိသည် ကိလေသန္တရာယ် မည်၏။ ဤ နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသူများ သည် တမလွန်ဘဝ၌ သုဂတိဘဝကိုမျှ ရခွင့်မရှိ။ ဥဘတောဗျည်း ပဏ္ဍုက် များ လည်း လွန်ကဲသော ကိလေသာ ရှိသည့်အတွက် ဝိပါကန္တရာယ်၌ မသွင်းဘဲ ကိလေသန္တရာယ်၌ သွင်းယူရသည်။

ဝိပါကန္တရာယ်အရ အဟိတ်ပဋိသန္ဓေ၊ ဒွိဟိတ်ပဋိသန္ဓေ ဝိပါက်စိတ်သည် ဝိပါကန္တရာယ် မည်၏။ ညံ့ဖျင်းသော မျိုးစေ့ကြောင့် မအောင်မမြင် ပေါက်ခဲ့ ရသော သစ်ပင်သည် မည်မျှလောက်ပင် ရေစင် သွန်းလောင်းသော်လည်း ကြီးကျယ် မြင့်မား ဖွံ့ထွားဘို့ရာ မျှော်လင့်ဘွယ် မရှိတော့သကဲ့သို့ ညံ့ဖျင်းသော ပဋိသန္ဓေကြောင့် အဟိတ်၊ ဒွိဟိတ် ပဋိသန္ဓေနေသူမှာ ပဋိသန္ဓေ ဝိပါက်တို့ မအောင်မြင်သောကြောင့် ထို ဖြစ်ဆဲဘဝ၌ ဈာန်မဂ်ဖိုလ်တရား၌ စည်းကားဘို့ မရှိတော့။ ယခုဘဝ၌ ကောင်းမွန်စွာ ကျင့်ပါမူ တမလွန်၌ သုဂတိဘဝကို ရလျက် မဂ်မျိုးစေ့၊ ဖိုလ်မျိုးစေ့များ ဖြစ်နိုင်လေသည်။

## အရိယူပဝါဒအန္တရာယ် လွန်ကြောက်ဖွယ်

အရိယူပဝါဒန္တရာယ်၊ အရိယာပုဂ္ဂိုလ်မှန်း သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ယုတ်မာသော စိတ်ထားဖြင့် အရိယာပုဂ္ဂိုလ်ကို စွပ်စွဲ ကဲ့ရဲ့ခြင်းသည် အရိယူပဝါဒန္တရာယ်မည်၏။ နတ်ရွာ နိဗ္ဗာန် မဂ်ဖိုလ်ချမ်း၏ အတား အဆီးဖြစ်သည် ဟူလို။ ထို အရိယာပုဂ္ဂိုလ် မရှိလျှင် (ဝါ) ရှာ၍ မရလျှင် သင့်လျော်သော လူကြီးသူမ သံဃာများထံ သွား၍ အကျိုးအကြောင်း ပြောပြတောင်းပန်လျှင်၊ အယုတ်ဆုံး ထိုပုဂ္ဂိုလ်၏ သင်းချိုင်းသို့ သွား၍ တောင်းပန်လျှင် အန္တရာယ် ပြေပျောက်နိုင်၏။ ကောင်းမွန်စွာ ကျင့်ကြံ နေထိုင်သူများကိုလည်း မပြစ်မှားမိစေရ။ မပြစ်မှားမိအောင် အထူး သတိပြုရမည်။ အရိယူပဝါဒကံသည် အနည်းငယ်ပင် ဖြစ်သော်လည်း အပြစ်လေးလှသည်။

## အာပတ်ရှိချက် ချမ်းမဂ်တကယ် အန္တရာယ်

အာဏာဝီတိက္ကမန္တရာယ်၊ သဉ္စိစ္စ အာပန္နာ အာပတ္တိယော အာဏာဝီတိက္ကမန္တရာယောနာမ ဟူသော အရိဋ္ဌသိက္ခာပဒ အဋ္ဌကထာနှင့်အညီ လွန်ကျူးလိုသော စေတနာနှင့် သင့်ရောက်အပ်သော အာပတ်သည် အာဏာဝီတိက္ကမန္တရာယ် မည်၏။ဘုရားရှင်၏အာဏာတော်ကို ကျူးကျော်စော်ကားခြင်း ဟူလို။ ပါရာဇိကအပြစ် သင့်လျှင် လူ မထွက်သမျှ၊ သံဃာဒိသိသ်အပြစ် သင့်လျှင် ပရိဝါသ် မာနတ်မဆောက်တည်သမျှ၊ ကြွင်းသောအာပတ် သင့်လျှင် ဒေသနာ မကြားသမျှ (ဝါ) တပါးသော ရဟန်းအား အပြစ်သင့်သည့် အကြောင်းကို မပြောပြသမျှ ထိုအန္တရာယ်မှ မကင်းလွတ်။ ထိုအန္တရာယ် မကင်းက သုဂတိဘဝ၌ ချမ်းမဂ်ဖိုလ်ကို ရဘို့ရာ အခွင့် မရှိတော့ချေ။ ဤဘဝမှ စုတေလျှင် အပါယ်လေးပါးသို့သာ သွားရလိမ့်မည်။ ဤ အချက်အလက်ကို စဉ်းစားမိသဖြင့် စာပေကျွမ်းကျင်သော ပုဂ္ဂိုလ်များပင် မိမိတို့စိတ်ကို မနိုင်၍ လူ့ဘောင်၌ နေထိုင်ကြလေသည်။

## ဝိနည်းကံအရ ကုသလေလျှင် ကင်းပျောက်စင်

သို့သော် ပုထုဇဉ်အလိုက် စိတ်ကို မထိန်းနိုင်၍ အပြစ်သင့်ပြီးနောက် ...ိုင်ရာ ဝိနည်းလမ်းကြောင်းဖြင့် ကုစားပါလျှင် ထိုအပြစ်များ ကင်းစင်နိုင်

သောကြောင့် ထိုအာဏာဝီတိက္ကမအမှုကို မပြုမိအောင်လည်း စောင့်စည်းရမည်။ မတော်တဆ ပြုမိလျှင်လည်း ဆိုင်ရာ ဝိနည်းကံအရ ကုစား၍ သဒ္ဓါတရားဖြင့် နေထိုင်သူမှာ ထိုအန္တရာယ်မှ ကင်းစင်နိုင်ပါ၏။ ।

နတ်ရွာနိဗ္ဗာန် မဂ်ဖိုလ်ဈာန်ကို မတားမြစ်ပါ။ ထို့ကြောင့် သူတော်ကောင်းစိတ် ရှိပါလျှင် သာသနာတော်၌ ပျော်ပျော်ကြီးသာ နေထိုက်ပါသည်။

## မန္ဒတိက္ခ ပုဂ္ဂလလျော်စွာ စောကြရာ

စတ္တာရော ပန မဂ္ဂပ္ပဒါ ကေစိတ္တက္ခဏိကာ တတောပရံ ဒွေတီဏိ ဖလစိတ္တာနိ ယထာရဟံ နှင့်အညီ မဂ်စိတ်တို့သည် ဝရဇိန်လက်နက် မိုးကြိုး စက်ကဲ့သို့ ဆိုင်ရာ ကိလေသာတို့ကို တချက်တည်းဖြင့် အပြီးတိုင် ပယ်နိုင်သောကြောင့် တကြိမ်သာ ဖြစ်ရိုးရှိ၏။ ထိုမဂ် တကြိမ်စောပြီးနောက် ဖိုလ်ဇော နှစ်ကြိမ် သုံးကြိမ် ဖြစ်၏။ ယထာရဟံ ဟု ဆိုသောကြောင့် မန္ဒပညာပုဂ္ဂိုလ်၌ နှစ်ကြိမ်၊ တိက္ခပညာပုဂ္ဂိုလ်၌ သုံးကြိမ် စောသည်။ ထင်ရှားစေဦးအံ့။ သမာပတ်ဝင်စားခိုက်မဟုတ်သော ပကတိ ရိုးရာအခါ၌ ဇောတို့သည် ခုနစ်ကြိမ်သာ အလွန်ဆုံး စောနိုင်ကြ၏။ အပ္ပနာဇောဝါရတုန်းကလို မန္ဒပညာပုဂ္ဂိုလ်၌ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟု ဥပစာရ သမာဓိဇောက လေးကြိမ်စောလျက် ထိုခနောက် မဂ်တကြိမ်၊ ဖိုလ်နှစ်ကြိမ်ဆိုလျှင် ၇-ကြိမ်ပြည့်၏။ တိက္ခပညာပုဂ္ဂိုလ်၌ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟု သုံးကြိမ်သာ စော၏။ ထို့နောက် မဂ်တကြိမ်၊ ဖိုလ်သုံးကြိမ် စောမှ ၇-ကြိမ်ပြည့်၏။ ထို့ကြောင့် ဒွေတီဏိ ဖလစိတ္တာနိ ယထာရဟံ ဥပ္ပဇ္ဇန္တိ ဟု မိန့်၏။

## နိရောဓကာလ ဇောကျစတုတ္ထာ နှစ်ကြိမ်သာ

နိရုဇ္ဈနာ နိရောဓော၊ သမာပဇ္ဇနာ သမာပတ္တိ၊ နိရောဓသ သမာပတ္တိ နိရောဓသမာပတ္တိ အရ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့ ခဏ္ဍာခဏ ချုပ်ငြိမ်းနေခြင်းကို နိရောဓသမာပတ္တိသို့ ကောင်းစွာ ရောက်သည်၊ (ဝါ) နိရောဓသမာပတ် ဝင်စားနေသည်ဟု ခေါ်သည်။

ထိုသို့ သမာပတ်သို့ ရောက်လိုသည့်အခါ များသောအားဖြင့် လူသူကင်းပြတ် ဆိတ်ငြိမ်ရာ အရပ်သို့ ဝင်ရောက်ရ၏။ ထိုသို့ သမာပတ်ဖြင့်

နေခြင်းသည် ဈာနလာဘီ အရိယာပုဂ္ဂိုလ်၏ စည်းစိမ်ခံစားခြင်း တမျိုးပင် ဖြစ်၏။ အင်မတန်လည်း ချမ်းသာ၏။

ထိုသို့ ဆိတ်ငြိမ်ရာအရပ်သို့ ဝင်ရောက်၍ ခံစားခြင်းကိုပင် သမာပတ် ဝင်စားသည်ဟု ပြောစမှတ် ပြုကြ၏။ ဝင်ရောက် ခံစားခြင်းကို ဝင်စားသည်ဟု ဆိုသည်။ ယင်း နိရောဓသမာပတ် ဝင်စားခါနီး၌ စတုတ္ထာရုပ္ပ ဇောတို့သည် နှစ်ကြိမ် စော၏။

## ဝုဋ္ဌာနမှာ သင်္ခါရုပေက္ခာ နုလောမ

မဂ်တရားကို ဝုဋ္ဌာနဟု ခေါ်၏။ ထို ဝုဋ္ဌာနမည်သော မဂ်သို့ ရောက်ကြောင်းဖြစ်သော (၀ါ) မဂ်နှင့် နီးကပ်နေသော ဝိပဿနာသည် ဝုဋ္ဌာန ဂါမိနီ ဝိပဿနာ မည်၏။ မဂ်တရားမှန်လျှင် သင်္ခါရကို အာရုံမပြု၊ နိဗ္ဗာန်ကိုသာ အာရုံပြုသည်။ ထို့ကြောင့် မဂ်သည် သင်္ခါရဟု ဆိုအပ်သော အာရုံ နိမိတ်တို့မှ ထမြောက်သည်။

မဂ်ကိုရလျှင် သံသရာဝဋ်မှ ကြာရှည်စွာ ခန္ဓာအစဉ် မဖြစ်တော့ပြီ။ သောတာပတ္တိမဂ်ရလျှင်ပင် ကာမဘုံ၌ ၇-ဘဝသာ ဖြစ်ခွင့် ရှိတော့သည်။ ထို့ကြောင့် မဂ်တရားသည် အစဉ်မပြတ် ဖြစ်ဘွယ်ရှိသော ဝဋ်မှ ထမြောက် သည်။ ဤသို့ ထမြောက်သောကြောင့်လည်း မဂ်ကို ဝုဋ္ဌာနဟု ခေါ်သည်။ ထို ဝုဋ္ဌာနမည်သော မဂ်သို့ရောက်ကြောင်း ဝိပဿနာကား သင်္ခါရုပေက္ခာဉာဏ်၏ နောက်ပိုင်းနှင့် အနုလောမဉာဏ်တို့ ပင်တည်း။

## အစဉ်မပြတ် ဖြစ်ရပ်ခန္ဓာ ပဝတ္တာ

သင်္ခါရုပေက္ခာဉာဏ်ကို (၁) ရှေ့ပိုင်း (၂) အလယ်ပိုင်း (၃) မဂ္ဂ ဝီထိနှင့် ဆက်သွယ်နေသော နောက်ဆုံးပိုင်းဟု သုံးပိုင်းခွဲ၍ သိရာ၏။ ထိုသုံးပိုင်း တို့တွင် ရှေ့ပိုင်းနှင့် အလယ်ပိုင်းတို့သည် ဤဝုဋ္ဌာနဂါမိနီ ဝိပဿနာနှင့် မသက်ဆိုင်ပါ။ မနောဒွါရာဝဇ္ဇန်း နောက် ဇောခုနစ်ကြိမ်ဟူသော သင်္ခါရု ပေက္ခာဉာဏ် ဖြစ်ပြီးလျှက် ဘဝင်အနည်းငယ်ခြား၍ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်းတို့ကို ပရိကံ၊ ဥပစာ၊ အနုလုံဟု အနုလောမဉာဏ် ဖြစ်၏။

ထို့နောက် ဂေါတြဘုဆက်၍ မဂ်ဖိုလ်တို့ ဖြစ်လတ္တံ့။ ထိုသို့ အနုလောမ ဉာဏ်နှင့် ဆက်စပ်ကပ်နေသော သင်္ခါရုပေက္ခာဉာဏ် နောက်ဆုံး အပိုင်းနှင့် အနုလောမဉာဏ်သည် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ မည်၏။

ဝုဋ္ဌာနံ ဂစ္ဆတီတိ ဝုဋ္ဌာနဂါမိနီ။ ဧတာယ၊ ဤဝိပဿနာဖြင့်။ ဝုဋ္ဌာနံ၊ သင်္ခါရနိမိတ္တ ဝဋ္ဋပဝတ္တမှ ထမြောက်သောမဂ်သို့။ ဂစ္ဆတိ၊ ရောက်ရ ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဝုဋ္ဌာနဂါမိနီ၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာမည်၏။ သင်္ခါရအာရုံကို သင်္ခါရနိမိတ္တဟု ခေါ်သည်။ အစဉ်မပြတ်ဖြစ်သော ဝဋ်ခန္ဓာကို ဝဋ္ဋပဝတ္တဟု ခေါ်သည်။

## ဂေါတြဘုအမှန် နိဗ္ဗာန်ရှေ့ရှု အာရုံပြု

ဂေါတ္တံ ဘဝတိ အဘိဘဝတီတိ ဂေါတြဘူ ဟု ဆိုရ၏။ ဂေါတ္တံ၊ ပုထုဇဉ်အနွယ်ကို။ ဘဝတိ အဘိဘဝတိ၊ လွှမ်းမိုးတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဂေါတြဘူ၊ ဂေါတြဘူ မည်၏။ ဤ၌ ဂေါတြဘူအရ ပုထုဇဉ်အနွယ်ဟူသည် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ မကင်းသော ခန္ဓာအစဉ် ရ၏။ ထို ဂေါတြဘူစိတ် ဖြစ်သောအခါ ထိုပုထုဇဉ်အနွယ်ကို လွှမ်းမိုးနိုင်လေပြီ။ တနည်း။ ။ဂေါတ္တံ ဘဝတိ အဘိသမ္ဘုနာတီတိ ဂေါတြဘူ ဟု ပြုရသေး၏။ ဂေါတ္တံ၊ အရိယာ အနွယ်သို့။ ဘဝတိ အဘိသမ္ဘုနာတိ၊ ရောက်တတ်၏။ ဤ၌ အရိယာအနွယ် ဟူသည် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာကင်းပြီးသော ခန္ဓာအစဉ်တည်း။ ဂေါတြဘူ စိတ် ဖြစ်သည့်အခါ ထိုအရိယာအနွယ်ကို မရောက်သေးသော်လည်း ရောက် တော့မှာ ကေန်ဖြစ်၍ သမီပူပစာရအားဖြင့် ရောက်သည်ဟု ဆိုလိုက်သည်။ ယင်း ဂေါတြဘူသည် မိမိရှေ့က ဆင်ခြင်ပေးလတ္တံ့ အာဝဇ္ဇန်းမရှိဘဲလျက်ပင် နိဗ္ဗာန်ကို အာရုံပြုနိုင်သည်။

## မဂ်၏ခဏ ရောက်မှုသဘော ဥပမာပြ

ဥပမာ။ ။မြောင်းငယ်တခုကို ခုန်၍ကူးသောယောကျ်ားသည် ဒပေါ်ဝေးမှ ပြေးလာပြီး မြောင်းပေါ်မှ သစ်သားမှ ကျနေသော နွယ်ကြိုးကို ကိုင်၍ဖြစ်စေ၊ တုတ်ထောက်၍ဖြစ်စေ၊ မြောင်းကို ခုန်လိုက်ပြီးနောက် ဟိုမှာဘက်ကမ်း၏ အထက်သို့ ရောက်သည့်အခါ ကြိုးကို၊ သို့မဟုတ် တုတ်ကို လွှတ်လိုက်သည်နှင့်

တပြိုင်နက် ဟိုဘက်ကမ်းက မြေပေါ်၌ မိမိခြေထောက် နင်းမိသကဲ့သို့ ထို့အတူ ဉဒယဗ္ဗယဉာဏ်မှစ၍ ဉာဏ်အဟုန်ဖြင့် ပြေးလာခဲ့ရာ သင်္ခါရုပေက္ခာဉာဏ်ဖြစ်ပြီး နောက် ဘဝင်ကျ၍ မနောဒွါရာဝဇ္ဇန်းဖြင့် ရုပ်တရားတည်းဟူသော ကြိုးကို၊ သို့မဟုတ် နာမ်တရားတည်းဟူသော တုတ်ကို ကိုင်၍ ပရိကံဇောဖြင့် နိဗ္ဗာန် တည်းဟူသော ဟိုဘက်ကမ်းသို့ ခုန်လိုက်သောအခါ ဥပစာရဇောဖြင့် မြောင်း လယ်သို့ရောက်၍ အနုလုံဇောဖြင့် နိဗ္ဗာန်ကမ်းတဖက်သို့ ရောက်ပြီး ထို့နောက် ရုပ်နာမ်တည်းဟူသော ကြိုးနှင့် တုတ်ကို လွှတ်လိုက်သည်နှင့် တပြိုင်နက် နိဗ္ဗာန် တည်းဟူသော ကမ်းထက်၌ ဂေါတြဘူ တည်းဟူသောခြေ နင်းမိလေသည်။ သို့သော် နင်းမိခါစ၌ မခိုင်မြဲသေး။ မဂ်ခဏကျမှ ခိုင်မြဲစွာထောက်မိလေသည်။

## နိဗ္ဗာန်လမင်း ထင်လင်းမြင်သူ ဂေါတြဘူ

ပရိကံစသော အနုလောမဉာဏ်သည် မောဟအမှောင်ကိုသာ ပယ် နိုင်၏၊ နိဗ္ဗာန်ကို မမြင်နိုင်။ ဂေါတြဘူသည် နိဗ္ဗာန်ကိုသာ မြင်နိုင်၏၊ မောဟကို မပယ်နိုင်။ ဥပမာ။ ။နက္ခတ်ဆရာသည် ညဉ့်အခါ၌ လကို ကြည့်လေသော် တိမ်တိုက် ဖုံးကွယ်နေသဖြင့် နက္ခတ်ကို မမြင်နိုင်။ အချိန်များစွာ မကြာခင်ပင် အကြောင်းအားလျော်စွာ လေလာသဖြင့် ခပ်ကြမ်းကြမ်းတိမ်တိုက်သည် ကင်း စင်သွားလေသည်။ ဒုတိယ လေများ လာပြန်ရာ အလတ်စား တိမ်တိုက်များ လွင့်စဉ်သွားစေပြီးနောက် တတိယလေ ပေါ်ပေါက်လာမှ တိမ်လွှာအားလုံး လွင့်စဉ်သဖြင့် လကို မြင်ရလေသည်။ ထို့အတူ နိဗ္ဗာန်တည်းဟူသော လမင်းကို ကြည့်ရှုရာဝယ် မောဟအမှောင် အကွယ်အကာရှိနေသဖြင့် မမြင်ရဘဲရှိလေရာ ပရိကံ၊ ဥပစာ၊ အနုလုံ ဟူသော လေ သုံးကြိမ် အစဉ်အတိုင်း တိုက်လာမှ မောဟအမှောင် ကင်းသည်။ ဂေါတြဘူဖြင့် နိဗ္ဗာန်တည်းဟူသော လမင်းကို မြင်ရလေ၏၊ ဤသို့လျှင် ဂေါတြဘူသည် နိဗ္ဗာန်ကို ပထမမြင်သည့်အတွက် မဂ်၏ ရှေ့က ဆင်ခြင်ပေးသည့် အာဝဇ္ဇန်းအရာ၌ တည်သည်ဟု ပြောလေ့ ရှိကြသည်။

## ကိစ္စလေးခိုင် ပြိုင်တူပြီးကြ မဂ်ကိစ္စ

ဂေါတြဘူစိတ် ချုပ်ပြီးနောက် ကိစ္စ ၄-ချက်ကို တပြိုင်နက် ပြီးစေတတ် သော မဂ်စိတ် ပေါ်လာသည်။ ကိစ္စ ၄-ချက်ဟူသည်....

(က) ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၊

(ခ) သမုဒယသစ္စာကို ပယ်နိုင်ခြင်း၊

(ဂ) နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်ခြင်း၊

(ဃ) မဂ္ဂသစ္စာကို ပွားများနိုင်ခြင်းတို့တည်း။

ဥပမာ။ ။ဆီမီးသည် မီးစာကို လောင်ခြင်း၊ အမှောင်ကို ပယ်ခြင်း၊ အလင်းကို ပြုခြင်း၊ ဆီကို ကုန်စေခြင်း။ ဤကိစ္စလေးချက်ကို တပြိုင်နက် ပြီးစေသကဲ့သို့ မဂ်တရားသည်လည်း ဒုက္ခသစ္စာကို ဤမျှသာရှိ၏၊ ဤလောကီ စိတ် စေတသိက် ရုပ်ထက် အပိုမရှိဟု ပိုင်းခြား၍ သိခြင်းဟူသော ပရိညာကိစ္စ၊ သမုဒယသစ္စာ တဏှာလောဘကို ပယ်စွန့်ခြင်း တည်းဟူသော ပဟာနကိစ္စ၊ နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဟူသော သစ္ဆိကိရိယာကိစ္စ၊ မဂ္ဂသစ္စာကို မိမိသန္တာန်ဝယ် ဖြစ်ပေါ်၍ လာစေခြင်းဟူသော ဘာဝနာကိစ္စ၊ ဤကိစ္စလေးချက်ကို တပြိုင်နက် ပြီးစေနိုင်တော့သည်။

## ပညာသဒ္ဓါ သမာထက်မှု စဉ်တိုင်းပြု

ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် အနတ္တဟုရှုလျှင် စသည်ဆိုခဲ့ရာ၌ ထိုးကား အရ အနတ္တဟု ဖြစ်စေ၊ အနိစ္စဟုဖြစ်စေ တမျိုးမျိုးရှုရုံမျှဖြင့် မဂ်ကိုရနိုင်သည်ဟု မှတ်ရမည်လော။ ဤသို့မေးလျှင် တမျိုးမျိုးရှုရုံမျှဖြင့် မဂ်ကို မရနိုင်ပါ။ သမ္မသန စသော ရှေ့ရှေ့ဉာဏ်အခိုက်မှာ အနိစ္စဟု လည်းကောင်း၊ ဒုက္ခဟု လည်းကောင်း၊ အနတ္တဟုလည်းကောင်း အမျိုးမျိုး ပြောင်းလွှဲ၍ ရှုရမည်သာ။

သို့သော် တဝီထိတည်းဖြင့် ထိုသုံးပါးလုံးကို တပြိုင်နက် မရှုနိုင်သောကြောင့် ဝုဋ္ဌာနဂါမိနီ ဝီထိ ကျသောအခါ အနိစ္စဖြစ်စေ၊ ဒုက္ခဖြစ်စေ၊ အနတ္တဖြစ်စေ တခုခုကိုသာ ရှုနိုင်၏။ဝုဋ္ဌာနဂါမိနီဝိပဿနာဝီထိသို့ ရောက်သောအခါ-

(က) ပညိန္ဒြေ ထက်သူသည် အနတ္တဟု ရှုရမည်။

(ခ) သဒ္ဓိန္ဒြေ ထက်သူသည် အနိစ္စဟု ရှုရမည်။

(ဂ) သမာဓိန္ဒြေ ထက်သူသည် ဒုက္ခဟု ရှုရမည်။

## မဂ်ပေါက်ခါနီး အပြီးဖြစ်မှု ဒုက္ခရှု

သင်္ခါရတို့၌ အတ္တမှ ကင်းဆိတ်အောင် ရှုနိုင်သောဉာဏ်သည် ထက်မြက်သော ဉာဏ်သာ ဖြစ်ထိုက်၏။ပင်ကိုယ်က ဉာဏ်ထက်သူသည် ထိုကဲ့သို့ လေးနက်သောအရာကို ရှာ့ရှာဖွေဖွေ သိချင်သော ဝါသနာရှိ၏။ ထို့ကြောင့် ပညိန္ဒြေထက်မြက်သူသည် သမ္မသန စသော ဉာဏ်အခိုက်၌ အမျိုးမျိုးရှုစေကာ အနတ္တဟု ရှုခြင်းသာ များရာ၏။ ထို့ကြောင့် ကမ္မဋ္ဌာန်းပေါက်၍ မဂ်ရောက်ခါနီး အရေးကြီးသောအခိုက်ဝယ် အနတ္တဟုသာ ရှုလျက် နေတတ်ကြသည်။ သင်္ခါရတရားတို့၌ အနိစ္စဟု ဟောတော်မူသောအချက်ကို နှစ်နှစ်သက်သက် ယုံကြည်မှု အားကောင်းသော သဒ္ဓိန္ဒြေထက်သူကား အနိစ္စဟုသာ အရှုများလိမ့်မည်။ ထို့ကြောင့် မဂ်ရောက်ခါနီးအခါဝယ် ဝါသနာအားလျော်စွာ အနိစ္စဟု ရှုလျက်သာ ရှိလိမ့်မည်။

သမာဓိန္ဒြေ ထက်သူကား တောင့်တတတ်သော ကာမစ္ဆန္ဒတဏှာပဏိဓိက ကင်းဝေးခဲ့ခြင်း ရှိသောကြောင့် သင်္ခါရတို့၌ တောင့်တဘွယ် မဟုတ်သော အပ္ပဏိဟိတ အချင်းအရာထင်မြင်သဖြင့် သုခမထင်၊ဒုက္ခဟုသာ များစွာထင်၏။ ထို့ကြောင့် မဂ်ပေါက်ခါနီး၌လည်း ဒုက္ခဟုသာ ရှုချက်ရှိလိမ့်မည်။

## သောတာပတ္တိ မဂ်၏ခဏ ပယ်များလှ

ဤ၌ အတ္တဟု စွဲလမ်းမှုသည် သက္ကာယဒိဋ္ဌိ မည်၏။

(၁) သဿတဒိဋ္ဌိ၊
(၂) ဥစ္ဆေဒဒိဋ္ဌိ၊
(၃) နတ္ထိကဒိဋ္ဌိ၊
(၄) အဟေတုကဒိဋ္ဌိ၊
(၅) အကိရိယဒိဋ္ဌိ

ဟူသော အသက်ပါ ဒိဋ္ဌိကြီးတို့သည် ဤသက္ကာယဒိဋ္ဌိကို အရင်းခံ၍ ဖြစ်ကြ၏။ ထို့ကြောင့် ကိလေသာ ၁၀-ပါးတွင် ဒိဋ္ဌိကိလေသာသည် အယုတ်ဆုံး၊ အကြမ်းဆုံးတည်း။ဝိစိကိစ္ဆာလည်း ဒိဋ္ဌိ၏ နောက်လိုက်ပင် ဖြစ်၏။တကယ့် ဘုရား တရား သံဃာကို တွေ့မြင်နေပါလျက် ယုံမှားတုန်းပင် ရှိနေ၏။ ပစ္စုပ္ပန် တမလွန်

နှစ်တန်သော လောကဥ္စ ကျင်လည်နေရလျက် ထိုလောကတွေကို ယုံမှားနေ၏။ ပဋိစ္စသမုပ္ပါဒ် တရားဉ်လည်း ယုံမှား၏။ သောတာပန် အလောင်းလျာသည် ဒိဋ္ဌိ ဝိသုဒ္ဓိစခန်းကပင် ဒိဋ္ဌိ ဝိစိကိစ္ဆာတို့ကို အတော်များများ ပယ်ခွာ၍ ရုပ်နာမ်ခန္ဓာ သံသရာ၏ အကြောင်းကို ကောင်းကောင်း ရိပ်မိသည်ဖြစ်၍ သောတာပတ္တိမဂ် ခဏဥ္စပင် ယင်း ဒိဋ္ဌိ ဝိစိကိစ္ဆာတို့ကို အနုသယဓာတ် အနည်းငယ်မျှ မကြွင်းအောင် ရှင်းလင်းလိုက်ကြသည်။

## ခုနစ်ဘဝ လွန်ကမှန်စွာ ရဟန္တာ

ဒိဋ္ဌိ ဝိစိကိစ္ဆာတို့ကို ပယ်လိုက်သဖြင့် အကုသိုလ်ဆယ့်နှစ်ပါးတွင် ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် လေးပါးနှင့် ဝိစိကိစ္ဆာ သဟဂုတ်စိတ် တပါး ပေါင်း ငါးပါး မဖြစ်တော့ပြီ။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် လေးပါးနှင့် ဒေါသမူ ဥဒ္ဓစ္စသဟဂုတ် စိတ်တို့ ဖြစ်ခွင့် ရှိသေး၏။ သို့သော် သတ္တိအင်အားကား အလွန်နည်းသွားပြီ။ ထို့ကြောင့် သောတာပန်ပုဂ္ဂိုလ်ဥ္စ ဣဿာ မစ္ဆရိယ အစရှိသော အကုသိုလ် အကြမ်းစားတွေ မဖြစ်နိုင်တော့ပြီ။ သောတာပန် မဖြစ်မီက ပြုခဲ့သော အပါယ် ရောက်ကြောင်း မကောင်းမှုတွေ ရှိကြဦးမည်။ သို့သော် သူတို့ချည်းသက်သက် အပါယ်မချနိုင်။ အဝိဇ္ဇာ တဏှာ ဟူသော ဝဋ်မြစ် အဖော်ရမှသာ အပါယ် ချနိုင်၏။ သောတာပန် ပုဂ္ဂိုလ်၏ သန္တာန်ဥ္စ အဝိဇ္ဇာ တဏှာ ဟူသော ဝဋ်မြစ်တို့ကား အပါယ်ချနိုင်သော အစွမ်းသတ္တိ မရှိကြတော့ချေ။ သောတာပန် ဖြစ်ပြီးနောက် အလွန်ဆုံး ၇-ဘဝသာ ပဋိသန္ဓေနေဘွယ် ရှိတော့၏။ ၇-ဘဝ ပဋိသန္ဓေနေပြီးလျှင် ကေန် ရဟန္တာဖြစ်မည် ဟူလို။

## ကုသိုလ်တရား တိုးပွားလာလေ ဆုတ်ယုတ်လေ

ပုထုဇဉ် ဘဝမှာပင် ပါရမီအခြေခံ ကောင်းသူသည် တဖြည်းဖြည်း စဉ်းစားဉာဏ် ရင့်လျက် သူ့တော်ကောင်း စိတ်ဓာတ်များ တိုးပွားလေ့ ရှိ၏။ ပျော်မှု ပါးမှုကိစ္စနှင့် ကြုံရသော်လည်း ငြိမ်ငွေ့သော သံဝေဂဉာဏ် ထက်သန် တတ်၏။ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် အလောင်းတော် နှစ်ပါးပင် ပွဲလမ်းသဘင်ကို ရှုစားရာမှ သံဝေဂ ရပြီး လူ့ဘောင်ကို ခွာရှောင်တော် မူခဲ့ ကြ၏။

ဤသို့လျှင် ပါရမီအခြေခံ ထက်သန်သော ပုထုဇဉ်များဥ္စပင် စဉ်းစား ဉာဏ် တိုးပွား၍ သံဝေဂဉာဏ် ရင့်သန်လေ့ရှိကြရာ ဒိဋ္ဌိ ဝိစိကိစ္ဆာဥ္စ ယုတ်ကြမ်း

သော အကုသိုလ်ခတ်ကို ဖြတ်တောက်ပြီးသော သောတာပန်မှာ ဆိုဘွယ် မရှိပြီ။ သံသရာဝယ် လောကီအာရုံ ကာမဂုဏ်၌ ပျော်ချင်တိုင်း ပျော်၊ အပေါင်းအဖော် မသူတော်တို့နှင့် တွေ့ချင်တိုင်း တွေ့၊ ကုသိုလ်တရားဝယ် ငြီးငွေ့ရင်းစွဲဖြစ်သော ခတ်ခံသည်ကား အမြဲတိုးပွား ရင့်သန်နေမည်သာ ဖြစ်သောကြောင့် သဒ္ဓိန္ဒြေ စသော ဣန္ဒြေတို့က တိုးတက်လာတိုင်း အကုသိုလ် အနုသယခတ်များ ဆုတ်ယုတ်သွားကြတော့သည်။

## သောတာပန်သုံးစား ကွဲပြားရဘိ ဤသို့သိ

သောတာပန် သုံးမျိုးမှာ....

(၁) တဘဝသာ ပဋိသန္ဓေနေခွင့်ရှိသော ဧကဗီဇီ သောတာပန်၊

(၂) ၂-ဘဝမှ ၆-ဘဝအတွင်း သင့်သလို ပဋိသန္ဓေ နေခွင့် ရှိသော ကောလံကောလ သောတာပန်၊

(၃) ၇-ဘဝ ပဋိသန္ဓေ နေခွင့်ရှိသော သတ္တက္ခတ္တုပရမ သောတာပန်။

ဤသို့ သုံးမျိုး အပြားရှိ၏။

၁။ ပင်ကိုယ်ပါရမီခတ်ခံအလိုက် နူးညံ့သော သဒ္ဓါပညာ စသော ဣန္ဒြေရှိသော မုဒိန္ဒြိယပုဂ္ဂိုလ်။

၂။ အလတ်တန်းစား ဣန္ဒြေရှိသော မဇ္ဈိမိန္ဒြိယ ပုဂ္ဂိုလ်။

၃။ ထက်မြက်သော ဣန္ဒြေရှိသော တိက္ခိန္ဒြိယ ပုဂ္ဂိုလ်။

ဤသို့ သဒ္ဓိန္ဒြေ စသော ဣန္ဒြေတို့က ခြားနားပြန်ခြင်းကြောင့် သောတာပန် သုံးမျိုး ကွဲပြားရပြန်သည်။

(က) မုဒိန္ဒြိယ ပုဂ္ဂိုလ်သည် သတ္တက္ခတ္တုပရမ သောတာပန် ဖြစ်၏။

(ခ) မဇ္ဈိမိန္ဒြိယ ပုဂ္ဂိုလ်သည် ကောလံကောလ သောတာပန် ဖြစ်၏။

(ဂ) တိက္ခိန္ဒြိယ ပုဂ္ဂိုလ်သည် ဧကဗီဇီ သောတာပန် ဖြစ်၏။

တနည်းဆိုရသော် ပုဂ္ဂပညတ် အဋ္ဌကထာ စသည်တို့၌ကား....

(က) သောတာပန် ဖြစ်ပြီးနောက် အထက်မဂ်အလို့ငှာ အားထုတ် အပ်သော ဝိပဿနာက ထက်မြက်လျှင် ကောလံကောလ ဖြစ်၏။

( ခ ) အနည်းငယ် ညံ့လျှင် ကောလံ ကောလ ဖြစ်၏။

( ဂ ) ထို အောက် ညံ့လျှင် သတ္တက္ခတ္တုပရမ ဖြစ်၏။

## အကြိမ်မများ ဖြစ်ပြင်းပြ မရှိလှ

ကောဖိဇိသည် သောတာပန် ဖြစ်ပြီးနောက် တဘဝ ပဋိသန္ဓေနေပြီးလျှင် ထိုဘဝ၌ပင် သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်၏။ ကောလံ ကောလ ပုဂ္ဂိုလ်သည် အလွန်ဆုံး ၆-ဘဝ ပဋိသန္ဓေနေရ၏။ ထို ၆-ဘဝ အတွင်း၌ နောက်ဆုံးဘဝ မရောက်ခင် သကဒါဂါမ် ဖြစ်နိုင်၏။ နောက်ဆုံးဘဝ ကျမှလည်း သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်နိုင်၏။ သတ္တက္ခတ္တုပရမ ပုဂ္ဂိုလ်သည်လည်း ၇-ဘဝလုံး သောတာပန် အဖြစ်ဖြင့်ပင် ပဋိသန္ဓေနေသူ၊ ၆-ခုမြောက် ဘဝဝယ် သကဒါဂါမ် ဖြစ်သူဟု ၂-မျိုးပင် ရှိကောင်း၏။

၇-ဘဝမြောက်၌ကား မုချ အနာဂါမ်၊ ရဟန္တာ ဖြစ်မည်။ ဤ ကောဖိဇိ စသော သုံးမျိုးကိုလည်း ကာမဘုံသားတို့ အတွက်သာ ခွဲခြားခြင်း ဖြစ်၏။ သကဒါဂါမ် ဖြစ်သောအခါ ကာမဂုဏ်၌ တပ်မက်သော ကာမရာဂနှင့် ဒေါသ မောဟတို့ အတော်နည်းပါးနေပြီးသော ပုထုဇဉ်များကဲ့သို့ဖြစ်ရာ အကြိမ်လည်း မများ၊ ဖြစ်ပြန်လျှင်လည်း ပြင်းပြင်းပြပြ မဖြစ်တော့ပြီ။

## သကဒါဂါမ် အမှန်ကျန ခြောက်မျိုးပြ

ထို့ကြောင့် (သကိံ အာဂစ္ဆာတီတိ သကဒါဂါမီ) ဤ ကာမဘုံသို့ တကြိမ် ပဋိသန္ဓေ နေလာတတ်သောကြောင့် သကဒါဂါမ် မည်၏။ သကဒါဂါမ် ၆-မျိုး ရှိ၏။

(၁) ဤ လူ့ပြည်၌ သကဒါဂါမ်အဖြစ်သို့ ရောက်၍ ဤလူ့ပြည်၌ပင် ဘဝမခြားဘဲ အနာဂါမ်၊ ရဟန္တာဖြစ်လျက် ပရိနိဗ္ဗာန်စံသူ။

(၂) ဤလူ့ပြည်၌ သကဒါဂါမ် အဖြစ်သို့ ရောက်၍ ဒုတိယဘဝဝယ် ထိုနတ်ပြည်၌ ပဋိသန္ဓေနေ၍ အနာဂါမ်၊ ရဟန္တာဖြစ်လျက် ပရိနိဗ္ဗာန်စံသူ။

(၃) ထိုနတ်ပြည်၌ သကဒါဂါမ်ဖြစ်၍ ထိုနတ်ပြည်၌ပင် ပရိနိဗ္ဗာန် စံသူ။

(၄) ထိုနတ်ပြည်၌ သကဒါဂါမ်ဖြစ်၍ ဤလူ့ပြည်၌ ဒုတိယဘဝ ပဋိသန္ဓေနေပြီးလျှင် ပရိနိဗ္ဗာန်စံသူ။

(၅) ဤလူ့ပြည်၌ သကဒါဂါမ်ဖြစ်၍ ဒုတိယဘဝဝယ် နတ်ပြည်၌ ပဋိသန္ဓေနေလျက် တတိယဘဝ၌ ဤလူ့ပြည်ဝယ် ပဋိသန္ဓေ နေ၍ ပရိနိဗ္ဗာန်စံသူ။

(၆) ဤနတ်ပြည်၌ သကဒါဂါမ်ဖြစ်၍ ဤလူ့ပြည်၌ ပဋိသန္ဓေနေ၊ ဤလူ့ပြည်မှ တဖန် နတ်ပြည်၌ ပြန်၍ ပရိနိဗ္ဗာန်စံသူ။

## အရဟတ္တမဂ် သန်လျက်သဘွယ် အားလုံးပယ်

အာဂန္တွာ ဣမံလောကံ အာဂါမီ၊ န အာဂါမီ အနာဂါမီ။ ဤကာမ ဘုံ၌ ပဋိသန္ဓေ လုံးဝ နေလေ့မရှိသော အရိယာ ပုဂ္ဂိုလ်တည်း။ အနာဂါမ် ဖြစ်လျှင် ကာမဂုဏ်တို့၌ လိုလားသော တဏှာ ရာဂနှင့် ဒေါသ ဗျာပါဒကို အကြွင်းအကျန် မရှိအောင် ပယ်နိုင်ပြီ။ ထိုသို့ ကာမရာဂ မရှိသည့် အတွက် ကြောင့် ကာမဘုံ၌ ပဋိသန္ဓေ မနေလာတော့ရကား ရူပရာဂ၊ အရူပရာဂကို မပယ်နိုင်။ ထို့ကြောင့် ရူပ၊ အရူပဘုံတို့၌ ပဋိသန္ဓေ နေရသေး၏။

ရဟန္တာ ပုဂ္ဂိုလ်ကား အောက်မဂ်များက မပယ်နိုင်၍ ကြွင်းကျန်နေ သေးသော ကိလေသာ အားလုံးကို အကြွင်းမရှိအောင် ပယ်နိုင်၏။ ကိလေသာ ၁၀-ပါးတို့တွင် ရူပရာဂ၊ အရူပရာဂ ဟူသော လောဘစိတ် ဒိဋ္ဌိဂတဝိပ္ပယုတ်၊ ဥဒ္ဓစ္စသဟဂုတ်၌ ယှဉ်သော မောဟစိတ်နှင့် မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပတို့ကို လည်းကောင်း၊ သံယောဇဉ် ၁၀-ပါးတွင် ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာ ဟူသော ဥဒ္ဓမ္ဘာဂိယ သံယောဇဉ် ၅-ပါးကို လည်းကောင်း အောက်မဂ်များက မပယ်နိုင်။

ထိုကိလေသာ သံယောဇဉ်များကို အရဟတ္တမဂ်က အကြွင်း မရှိအောင် ပယ်နိုင်သည်။

## သစ်ပင်သဘော စစ်ကြောဥပမာ တူလှစွာ

မဂ်သည် ကိလေသာကို ပယ်ရာ၌ အတိတ် ကိလေသာသည် အလိုအလျောက် ချုပ်ပျောက်ပြီးဖြစ်၍ အတိတ်ကိလေသာကို ပယ်ဘွယ်မလို။ မဖြစ်သေးသော အနာဂတ် ကိလေသာကို ပယ်ရမည်မှာလည်း အနာမရှိခင် ဆေးတင်သော သမားတော်ကဲ့သို့ အကျိုးမများချေ။ 'ပစ္စုပ္ပန် ကိလေသာ ဥပါဒ်နေတုန်းမှာလည်း မဂ်စိတ် မဥပါဒ်နိုင်သောကြောင့် ပစ္စုပ္ပန် ကိလေသာကိုလည်း မဂ်က မပယ်နိုင်။

စင်စစ်မှာ ဘူမိလဒ္ဓုပ္ပန္နဟု ခေါ်အပ်သော အနုသယ ကိလေသာဓာတ်ကိုသာ မဂ်က ပယ်သည်ဟု မှတ်ပါ။ ထို့ကြောင့် အနုသယကိလေသာ ဟူသည် အမှန်မှာ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ၃-မျိုးလုံးမဟုတ်။ ဘူမိလဒ္ဓုပ္ပန္န တမျိုးသာတည်း။ ကိလေသာ၏ ဖြစ်ရာ တည်ရာ လောကီ ခန္ဓာငါးပါးသည် ဘူမိ မည်၏။ ထိုဘူမိကို ရရှိနေသော ကိလေသာသည် ဘူမိလဒ္ဓ မည်၏။ မဂ်ဖြင့် မပယ်ရသေးသမျှ အနုသယဓာတ် အနေဖြင့် တည်နေရကား ဥပ္ပန္နလည်း မည်၏။ သီးပွင့်စေတတ်သော သစ်ပင်၌ အမြစ်မှစ၍ အရွက်အညွှန့် တိုင်အောင် သေးငယ်သော အညှောင့်အပင်တုန်းကပင် သီးပွင့်စေနိုင်သော ဓာတ်သတ္တိ ပါရှိ၏။ ထိုအပင်၌ အသီး မသီးစေလိုလျှင် ရှေ့နှစ်က သီးပြီး၊ နောက်နှစ် သီးလတ္တံ့၊ ယခု သီးဆဲ အသီးများကို မပယ်နိုင်။

## အနုသယ ဘာဝတကယ် မဂ်ကပယ်

ထို သီးစေတတ်သော ဓာတ်ရည် ပြတ်အောင် အဆိပ်ဆူးတို့ကို လေးမျက်နှာက ဆိုးရိုက်ရ၏၊ ထိုသို့ ထိုးရိုက်ထားလျှင် နောက်ထပ် မသီးတော့ပြီ။ ထို့အတူ ဝိပဿနာဉာဏ်ဖြင့် ပိုင်နိုင်စွာ မသိသေးသော၊ ဝါ-အသိမခံရသေး

သော လောကီ ခန္ဓာ၌လည်း ဖြစ်လေရာ ဘဝတိုင်းတို့၌ ဥပါဒ်မှ စ၍ အနုသယ ကိလေသာဓာတ်သည် ကိန်းဝပ်လျက် ရှိ၏။

ထိုကဲ့သို့ အနုသယကိလေသာဓာတ်ကိုပင် ဘူမိလဒ္ဓဟု ခေါ်အပ်သည်။ ထို ဘူမိလဒ္ဓဟု ခေါ်အပ်သော အနုသယကိလေသာဓာတ်သည် ဥပါဒ်၊ ဌီ၊ ဘင် အထင်အရှား မဟုတ်သောကြောင့် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဟု မဆိုအပ်။

ဘာမျှ မရှိသော အဘာဝ ပညတ်လည်း မဟုတ်ရကား ဘူမိလဒ္ဓ တမျိုးသာဟု မှတ်ရာ၏။ မဂ်သည် ထိုဘူမိလဒ္ဓုပ္ပန္နဟု ခေါ်အပ်သော အနုသယ ဓာတ်ကိုသာ ပယ်သည်။

**အယ မေတ္တ ဇောတိပါလတ္ထေရေန ရစိတော**
**ဘာဝနာ ရသ ဝိဘာဝနီ ဂန္ထော၊**

# အမတ ရသ ဝိဘာဝနီကျမ်း

၁၃၃၃-ခုနှစ်၊ ဝါဆိုလဆုတ် (၈) ရက်နေ့တွင်
ပဲခူးမြို့-ကြခတ်ဝိုင်းကျောင်းတိုက်၊ သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်း ဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## သန္တုတိမင်္ဂလာကြီး ။ရိန့်ကွာန်ပြုခန်း

## တရားသံပေါက်များ

၁။ ခုဒ္ဒကဆွယ်၊ ကျမ်းနိကာယ်၊ မှတ်ဘွယ်ဓမ္မပဒလာ။
၂။ ဓမ္မဃောသက၊ ကျိုးဖလ၊ နာရ တဂါထာ။
၃။ သန္တတိမည်၊ မင်းကြီးသည်၊ ဖြစ်ပြီ ရဟန္တာ။
၄။ မင်းကြီးသန္တတိ၊ သက်သေရှိ၊ ဖြစ်၏ သူလွယ်စွာ။
၅။ သူ့သို့လွယ်မှု၊ ကုသိုလ်ပြု၊ နိုင်းတု အားထုတ်ပါ။
၆။ ထန်းခုနစ်ဆင့်၊ ကောင်းကင်မြင့်၊ အသင့်ဟောပြီးခါ။
၇။ သွေးသားမလပ်၊ တေဇောဓာတ်၊ လောင်အပ် ထင်ရှားစွာ။
၈။ စပယ်ငုံလား၊ ဓာတ်တော်များ၊ ဖွားဖွား ကျ၍လာ။
၉။ ပသေနဒီ ကောသလ၊ မင်းရာဇ၊ ထကြွဦးဆောင်ခါ။
၁၀။ ဓာတ်တော်ပေါင်းအပ်၊ စေတီမြတ်၊ တည်လတ် ကိုးကွယ်ရာ။
၁၁။ ရဟန္တာများ အမည်ထား၊ ဟောကြား ခုနစ်ဖြာ။
၁၂။ သန္တ ဒန္တ၊ နိယတ၊ ဗြဟ္မစာရီလာ။
၁၃။ သမဏ ဗြာဟ္မဏ၊ ဘိက္ခုပြ၊ မှတ်ကြ စဉ်တိုင်းသာ။

(ဓံ ၄-၇-၃၁-၄၉)

ပန်းလှိုင် [၂၁] လမ်း၊ ဗလ-ဦးသောင်းရွှေ မိသားစု ကောင်းမှု၊
ဓမ္မဒါန-စာရွက် [၅၀၀]

# သန္တတိမင်းကြီး ပရိနိဗ္ဗာန်ပြုခန်း

## မှတ်သားဖွယ် အကျဉ်းချုပ်

## ပြုံးတော်မူခြင်း ဘုရားအထံ မေးလျှောက်ပြန်

ဤဘုရားဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေစဉ် သန္တတိ အမတ်ကြီးကို အကြောင်းပြု၍ ဟော၏။

ထိုအမတ်ကြီးသည် တခုသောအခါ၌ ပသေနဒီ ကောသလမင်းကြီး၏ ပစ္စန္တရာဇ် သောင်းကျန်း ထကြွသည်ကို နှိမ်နင်း ငြိမ်းအေးစေပြီး ပြန်လာ၏။ ထိုအခါ ထိုသန္တတိ အမတ်ကြီးအား ပသေနဒီ ကောသလမင်းကြီးက အလွန်နှစ်သက်ပါ၍ ခုနစ်ရက်ပတ်လုံး မင်းအဖြစ်ကို ပေး၍ အဆိုအကတို့၌ အထူးကျွမ်းကျင်သော အမျိုးသမီးတဦးကို ပေး၏။ ထိုအမတ်ကြီးသည် ခုနစ်ရက်ပတ်လုံး သေရည် မူးနေသည်ဖြစ်၍ ခုနစ်ရက်မြောက်သောနေ့၌ အလုံးစုံသော တန်းဆာတို့ဖြင့် ပြင်ဆင်လျက် ဆင်ကျောက်ကုန်း၌ စီးပြီး ရေဆိပ်သို့ သွားသည်ရှိသော် ဆွမ်းအလို့ငှာ ကြွဝင်လာသော မြတ်စွာဘုရားကို မြို့တံခါးအကြား၌ မြင်၍ ဆင်ကျောက်ကုန်းပေါ်မှပင် ခေါင်းကလေးလှုပ် ရှိခိုးပြီး ရှေ့ဆက်သွားလေ၏။ မြတ်စွာဘုရားသည် ပြုံးတော်မူ၍ ထို ပြုံးတော်မူခြင်း အကြောင်းကို အရှင်အာနန္ဒာက မေးလေ၏။

## အမူးသမား နောက်ကားဖြစ်မှာ ရဟန္တာ

ထိုအမေးကို ဖြေလိုတော်မူသော မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

ပဿာနန္ဒ သန္တတိမဟာမတ္တံ၊အဇ္ဇ သဗ္ဗာဘရဏပဋိမဏ္ဍိတောဝ မမ သန္တိကံ အာဂန္တွာ စတုပ္ပဒိကဂါထာဝသာနေ အရဟတ္တံ ပတွာ သတ္တတာလမတ္တေ အာကာသေ နိသီဒိတွာ ပရိနိဗ္ဗာယိဿတိ။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ သန္တတိမဟာမတ္တံ၊ သန္တတိမည်သော အမတ်ကြီးကို။ ပဿ၊ ကြည့်လော့။ အဇ္ဇ၊ ယနေ့။ သဗ္ဗာဘရဏပဋိမဏ္ဍိတော၊ အလုံးစုံသော တန်းဆာတို့ဖြင့် ဆင်မြန်းအပ်သည်ဖြစ်၍သာလျှင်။ မမ၊ ငါဘုရား၏။ သန္တိကံ၊ အထံသို့။ အာဂန္တွာ၊ လာလတ်၍။ စတုပ္ပဒိကဂါထာဝသာနေ၊ လေးပါဒရှိသော တရားဂါထာ၏အဆုံး၌။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတွာ၊ ရောက်၍။ သတ္တတာလမတ္တေ၊ ထန်းပင် ခုနစ်ဆင့်မျှရှိသော။ အာကာသေ၊ ကောင်းကင်၌။ နိသီဒိတွာ၊ ထိုင်၍၊ ပရိနိဗ္ဗာယိဿတိ၊ ပရိနိဗ္ဗာန် ပြုလတ္တံ့။

လူများအပေါင်းသည် အရှင်အာနန္ဒာနှင့် ပြောဆိုနေစဉ် မြတ်စွာဘုရား၏ စကားတော်ကို ကြား၏။

## မုသာဝါဒ ကြောင်းပြအနှံ့ ဝိုင်းနှိပ်အံ့

ထိုအရပ်၌ မိစ္ဆာဒိဋ္ဌိ အယူရှိကြကုန်သော သူတို့သည် ဤသို့ အကြံဖြစ်ကြကုန်၏။

> ပဿထ သမဏဿ ဂေါတမဿ ကိရိယံ၊ မုခပ္ပတ္တမေဝ ဘာသတိ၊ အဇ္ဇ ကိရ သေ ဧဝံ သုရာမဒမတ္တော ယထာလင်္ကတောဝ တေဿ သန္တိကေ ဓမ္မံ သုတွာ ပရိနိဗ္ဗာယိဿတိ၊ အဇ္ဇေဝ တံ မုသာဝါဒေန နိဂ္ဂဏှိဿာမ။

သမဏဿ ဂေါတမဿ၊ ရှင်ကြီး ဂေါတမ၏။ ကိရိယံ၊ အပြောနှင့် အဟော ညီမညီကို။ ပဿထ၊ ကြည့်ကြကုန်လော့။ မုခပ္ပတ္တမေဝ၊ ပါးစပ် ဦးတည့်ရာကိုသာလျှင်။ ဘာသတိ၊ ပြောနေ၏။ အဇ္ဇ၊ ယနေ့။ သေ ဧသော၊ ဤ သန္တတိအမတ်ကြီးသည်။ ဧဝံ၊ ဤသို့။ သုရာမဒမတ္တော၊ သေရည်တွေ သောက်စား မူးယစ်လျက်။ ယထာလင်္ကတောဝ၊ တန်းဆာများ ဆင်လျက်သာလျှင်။ တေဿ၊ ထိုမြတ်စွာဘုရား၏။ သန္တိကေ၊ အထံ၌။ ဓမ္မံ၊ တရားကို။ သုတွာ၊ ကြားနာရ၍။ ပရိနိဗ္ဗာယိဿတိ ကိရ၊ ပရိနိဗ္ဗာန် ပြုလတ္တံ့တဲ့။ အဇ္ဇေဝ၊ ယနေ့မှာပင်လျှင်။ တံ၊ ထိုရှင်ကြီးဂေါတမကို။ မုသာဝါဒေန၊ မုသာဝါဒ ဒိက္ခာပုဒ်ဖြင့်။ နိဂ္ဂဏှိဿာမ၊ ဝိုင်းနှိပ်ကြကုန်အံ့။

## အရက်သောက်ရာ နေရာမြေတွင် ထိုင်လျက်ပြင်

ဗုဒ္ဓဝါဒီ သမ္မာအယူရှိကြသည့် ပုဂ္ဂိုလ်များကတော့ ဤသို့ ·အကြံ ဖြစ်ကြကုန်၏။

> အဟော ဗုဒ္ဓါနံ မဟာနုဘာဝတာ၊ အဇ္ဇ ဗုဒ္ဓလိင်္ဂဋ္ဌေဝ
> သန္တတိ မဟာမတ္တလိင်္ဂဋ္ဌ ဒဋ္ဌုံ လဘိဿာမ။

ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ မဟာနုဘာဝတာ၊ မြတ်သော အာနုဘော် ရှိသည်၏ အဖြစ်သည်။ အဟော၊ အော် အံ့သြဘွယ်ရှိပေစွ။ အဇ္ဇ၊ ယနေ့။ ဗုဒ္ဓလိင်္ဂဋ္ဌေဝ၊ ဘုရားရှင်၏ တင့်တယ်ခြင်းကို လည်းကောင်း။ သန္တတိမဟာ မတ္တလိင်္ဂဋ္ဌ၊ သန္တတိအမတ်ကြီး၏ တင့်တယ်ခြင်းကို လည်းကောင်း။ ဒဋ္ဌုံ၊ မြင်အံ့သောငှာ။ လဘိဿာမ၊ ရကြကုန်လတ္တံ့။

သန္တတိ အမတ်ကြီးသည်လည်း ရေချိုးဆိပ်၌ တနေ့ပတ်လုံး ရေကစား ခြင်းကို ကစား၍ ဥယျာဉ်သို့သွားပြီး အရက်သေစာ သောက်စားရာ နေရာ၌ ထိုင်နေ၏၊ အရက်သေစာများ သောက်စားရန် အစီအစဉ် လုပ်နေကြပြီ။ ဖျော်ဖြေမှု အားလုံးတို့သည်လည်း အသင့် စီစဉ်ထားကြလေပြီ။

## ခုနစ်ရက်တအား သောက်ထားအရက် ခန်းခြောက်ပျက်

နာမည်ကြီး ကချေသည်မသည်လည်း ဇာတ်ခုံပေါ်ရောက်၍ အဆိုအက ပြခြင်းငှာ အားထုတ် စတင်လေပြီ။ ထို ကချေသည်မ၏ ကိုယ်၏ဘင့်တယ်မှုကို ပြခြင်းငှာ ခုနစ်ရက် အစာအနည်းငယ်သာ စားသောကြောင့် ထိုနေ့၌ အဆို အကကို ပြနေစဉ် ဝမ်းတွင်း၌ လေသင်ဓုန်းဖြတ်၍ နှလုံးသွေးကြောများ ပြတ်သွားကုန်၏။ ထိုကချေသည်မသည် ထိုခဏ၌ပင်လျှင် ပါးစပ်ကြီးပြဲ၊ မျက်စိ ကြီး ပြူးပြီး သေသွားလေ၏။ သန္တတိ အမတ်ကြီးသည် ဘယ်လိုဖြစ်တာလဲ၊ ဘယ်နဲ့နေသလဲ စသည် စုံစမ်းခိုင်း၏၊ "အရှင် ဝိညာဉ်ချုပ်သွားပြီ" ဟု ပြော၏။ ပြောလျှင်ပြောချင်း အလွန်အားကြီးသော စိုးရိမ်မှုတို့သည် ရင်ချည်း ဝိုင်းဝန်း နှိပ်စက်ကြကုန်သည်ဖြစ်၍ ချက်ချင်းပင် ထိုသန္တတိအမတ်ကြီးအား ခုနစ်ရက် တိုင်တိုင် သောက်ထားသော အရက်တို့သည် မီးပြင်းတိုက်၍ အလွန်ပူပြင်း၍ နေသော အိုးကင်းပေါ်၌ ရေပေါက်ကဲ့သို့ ကုန်ခန်း ခြောက်သွေ့ခြင်းသို့ ရောက်၏။

## သောကခပ်သိမ်း ပြတ်ငြိမ်းဘို့ရည် အားကိုးပြီ

ထို သန္တတိအမတ်ကြီးသည်....

(က) န မေ ဣမံ သောကံ အညေ နိဗ္ဗာပေတုံ သက္ကိဿန္တိ အညတြ တထာဂတေန။ "မြတ်စွာဘုရားကို ကြဉ်ထား၍ ငါ့မှာဖြစ်နေတဲ့ သောကကို တပါးသော သူတို့သည် ငြိမ်းစေခြင်းငှာ မစွမ်းနိုင်"

ဤသို့ကြံ၍ စစ်သည်ပေါင်းများစွာ ခြံရံလျက် ညချမ်းအခါ၌ မြတ်စွာ ဘုရား၏အထံသို့ သွားရောက် ရှိခိုး၍ ဤသို့ လျှောက်၏။

(ခ) ဘန္တေ ဧဝရူပေါ မေ သောကော ဥပ္ပန္နော၊ တံ မေ တုမှေ နိဗ္ဗာပေတုံ သက္ခိဿထ။ "အရှင်ဘုရား၊ တပည့်တော်အား ဤသို့ သဘောရှိသော သောကသည် ဖြစ်၍နေပါ၏၊ တပည့် တော်၏ ထိုသောကကို အရှင်ဘုရားတို့သည် ငြိမ်းစေခြင်းငှာ စွမ်းနိုင်ပါကုန်၏"

ဤသို့ကြံ၍ လာခဲ့ပါ၏။ "အရှင်ဘုရားသည် တပည့်တော်၏ ကိုးကွယ်ရာ အားသားရာ ဖြစ်တော်မူပါလော" ဤသို့ လျှောက်ထား၏၊

## ဂါထာအဆုံး ပျက်ပြုန်းကိလေသာ ရဟန္တာ

ထိုအခါ သန္တတိအမတ်ကြီးကို မြတ်စွာဘုရားသည် ဤသို့မိန့်၏။

(က) သောကံ နိဗ္ဗာပေတုံ သမတ္ထဿေဝ သန္တိကံ အာဂတောသိ၊ ဣမိဿာ ဟိ ဣတ္ထိယာ ဣမိနာဝ အာကာရေန မတကာလေ တဝ ရောဒန္တဿ ပဂ္ဃရိတအဿူနိ စတူသု မဟာသမုဒ္ဒေသု ဥဒကတော အတိရေကတရာနိ။ "သောကကို ငြိမ်းစေခြင်းငှာ စွမ်းနိုင်သောသူ၏ အထံသို့ ရောက်နေပြီ၊ ဤမိန်းမ ဤပုံစံ အတိုင်း ဤလိုသေသောအခါ ဤလိုငိုရလို့ ဤလိုကျလာတဲ့ မျက်ရည်တွေဟာ လေးစင်းသော သမုဒ္ဒရာထဲမှာရှိတဲ့ ရေတွေ ထက် များပါသေးသည်" ဟု ဆို၍ အောက်ပါ ဂါထာကို ဟော၏။

(ခ) ယံ ပုဗ္ဗေ တံ ဝိသောသေဟိ၊ ပစ္ဆာ တေ မာဟု ကိဉ္စနံ။
မဇ္ဈေ စေ နော ဂဟေဿသိ၊ ဥပသန္တော စရိဿသိ။ ။

ဤဂါထာ၏ အဆုံး၌ သန္တတိအမတ်ကြီးသည် အရဟတ္တဖိုလ်ဉာဏ်သို့ ရောက်သွားလေ၏။

## ထန်းခုနစ်ဆင့် အမြင့်ကသာ ဟောကြားပါ

လူဝတ် လူစား အမတ်ကြီး ဘဝဖြင့် ရဟန္တာကြီး ဖြစ်သွား၍ ယင်း (လူဝတ်ကြောင်) ရဟန္တာကြီးသည် အာယုသင်္ခါရ(နေရမည့် အသက် အပိုင်းအခြား)ကို ကြည့်သည်ရှိသော် နေနိုင်ဘို့ရန် အကျန်မရှိတော့၍....

ဘန္တေ ပရိနိဗ္ဗာနံ မေ အနုဇာနာထ "အရှင်ဘုရား၊ တပည့်တော်အား ပရိနိဗ္ဗာန်ပြုခြင်းကို ခွင့်ပြုတော်မူပါ"ဟု လျှောက်၏။ မြတ်စွာ ဘုရားသည် ထိုသန္တတိ အမတ်ကြီး ပြုအပ်သောကံကို သိသော်လည်း မုသာဝါဒ သိက္ခာပုဒ်ဖြင့် နှိပ်ဘို့ရန် စည်းဝေးထားကြကုန်သော မိစ္ဆာဝါဒီ ပုဂ္ဂိုလ်တို့သည် ပြောဆိုခွင့် မရကုန်လတ္တံ့။ ဘုရားရှင်၏ တင့်တယ်ခြင်းကို လည်းကောင်း၊ သန္တတိအမတ်ကြီး၏ တင့်တယ်ခြင်းကို လည်းကောင်း၊ ဖူးမြင်ကုန်အံ့ဟု စည်းဝေးထားကြကုန်သော သမ္မာဝါဒီ ပုဂ္ဂိုလ်တို့သည် ဤသန္တတိ အမတ်ကြီးသည် ပြုအပ်သောကံကို ကြားပြီး ကောင်းမှုတို့၌ အရိုအသေ ပြုကုန်လတ္တံ့ဟု မှတ်၍ ထို့ကြောင့် သင်ပြုအပ်သောကံကို ငါ့အား ပြောကြားပါ၊ ပြောကြားသည်ရှိသော် မြေ၌ရပ်လျက် မပြောကြားဘဲ ထန်းပင် ခုနစ်ဆင့်ရှိသော အရပ်၌ ရပ်လျက် ဟောလော့ဟု ဆို၏။

## ဥပါသကာလုပ်ငန်း ကြိုးပမ်းနှိုးဆော် အကြံပေါ်

ထိုသန္တတိအမတ် (လူဝတ်) ရဟန္တာကြီးသည် ကောင်းပါပြီ ဝန်ခံ၍ ဘုရားကို ရှိခိုး၍ ထန်းပင် တဆင့်မျှတက်၍ ပြန်ဆင်းကာ တဖန် ဘုရားကို ရှိခိုး၍ ပြန်တက်လျက် အစဉ်အတိုင်း ခုနစ်ဆင့်ရောက် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေထိုင်လျက် မိမိ၏ အတိတ်အကြောင်းကို ဟောလေ၏။

အတိတ်အကြောင်းကား....

ဤကမ္ဘာမှ အသက် ပြန်၍ရေသည်ရှိသော် ၉၁-ကမ္ဘာထက်၌ ဝိပဿီ မြတ်စွာဘုရား လက်ထက်တွင် တပည့်တော်သည် ဗန္ဓုမတီမြို့တွင် တခုသော

အမျိုး၌ဖြစ်၏။ တနေ့ သူတပါးတို့အား သတ်ဖြတ်ခြင်း၊ နှိပ်စက်ခြင်း မပြုသော အမှုဟာ ဘာလဲဟု စဉ်းစား၏။ ဓမ္မဃောသကကမ္မ (နိဗ္ဗာန်ဆော် ဥပါသကာ) အလုပ်ကို တွေ့၏။ စဘင် ဆောင်ရွက်ပြီ။

(၁) ပုညာနိ ကရောထ=ကုသိုလ် ကောင်းမှုတို့ကို ပြုကြကုန်လော့။

(၂) ဥပေါသထဒိဝသေသု ဥပေါသထံ သမာဒိယထ=ဥပုသ်နေ့တို့၌ ဥပုသ်ကို ဆောက်တည်ကြကုန်လော့။

(၃) ဒါနံ ဒေထ=အလှူဒါနကို ပေးလှူကြကုန်လော့။

(၄) ဓမ္မံ သုဏာထ=တရားတော်ကို နာယူကြကုန်လော့။

(၅) ဗုဒ္ဓ ရတနာဒီဟိ သဒိသံ အညံ ရတနံ နတ္ထိ၊ တီဏိ ရတနာနိ သက္ကာရံ ကရောထ = ဘုရား ရတနာ စသည် တို့နှင့် တူသော တပါးသောအရာသည် မရှိ၊ ရတနာသုံးပါးတို့အား ပူဇော်မှုကို ပြုကြကုန် လော့။

ဤသို့ ကြွေးကြော်လျက် လှည့်လည်၏။

## ဥပါသကာအကျိုး တန်ဘိုးလွန်မြင့် အားထုတ်သင့်

တပည့်တော်၏ အသံကို ကြား၍ ဘုရား ခမည်းတော် ဗန္ဓုမတီမင်းကြီးက တပည့်တော်ကို ခေါ်ခိုင်း၍ ဘာအလုပ် လုပ်တာလဲဟု မေး၍ "အရှင်မင်းကြီး၊ ရတနာ သုံး ပါးတို့၏ဂုဏ်ကိုပြ၍ လူအပေါင်းကို ကုသိုလ်ကောင်းမှုတို့၌ ဆောက် တည်စေလျက် လှည့်လည်ပါ၏"ဟု ဆိုသော် အကျိုး အကြောင်း ပြောပြ၍ မင်းကြီးသည် တပည့်တော်အား ပုလဲကုံးနှင့်တူသော ပန်းကုံးကိုပေး၍ ယဉ်ကျေး သော မြင်းတကောင်ကို ပေး၏။ ထို့နောက် သိန္ဓောမြင်း လေးကောင် က သော ရထားကို ပေး၏။ တတိယ တပည့်တော်အား များစွာသော ဥစ္စာ၊ များစွာ သော ဝတ်ဆင်ရာ အဆင်တန်ဆာကို ပေး၍ ဆင်ကြီး တကောင်ကို ပေး၏။ ထို တပည့်တော်သည် တန် ဆာ အပြည့်ဆင်သော ဆင်ကျောက်ကုန်း၌ ထိုင် လျက် အနှစ်ရှစ်သောင်း နိဗ္ဗာန်ဆော် ဥပါသကာ လုပ်ငန်းကို ပြုလုပ် ဆောင် ရွက်၏။ ထိုအခါနှ စ၍ ကိုယ်မှ စန္ဒကူးနံ့ ထွက်၏။ ခံတွင်းမှ ကြာနံ့ ထွက်၏။ ဤဥပါသကာ လုပ်ငန်းကို တပည့်တော် ပြုခဲ့ပါ၏၊

## သမဏ ဗြာဟ္မဏ နှစ်ဝအမည် ဆိုထိုက်သည်

ဤသို့ သန္တတိ အမတ် (လူ့ဘဝ) ရဟန္တာကြီးသည် မိမိ၏ အတိတ်ကောင်းမှုကို ဟော၍ ကောင်းကင်၌ပင် နေလျက် တေဇောဓာတ် ဝင်စား၍ ပရိနိဗ္ဗာန်ပြု၏။ ကိုယ်၌ မီးလျှံကြီးများထ၍ အသားအသွေး အားလုံးကို လောင်ကျွမ်း၏။ မြတ်လေးပန်းတို့ကဲ့သို့ ဓာတ်တော်တို့သည် ကြွင်းကျန်ကုန်၏၊ မြတ်စွာဘုရားသည် သန့်စင်သော အဝတ်ကို ဖြန့်ခင်း၏။ ထိုအဝတ်ထဲသို့ ဓာတ်တော်တို့သည် ကျကုန်၏။ ထိုဓာတ်တော်တို့ကို သပိတ်ထဲထည့်၍ လူများ အပေါင်း ရှိခိုးခြင်းကြောင့် ကုသိုလ်အတွက် ဖြစ်လတံ့ဟု လမ်းလေးခု အဆုံ၌ စေတီ တည်စေ၏။ တနေ့ ရဟန်းများ စုမိလျက် ဤသို့ အငြင်းအခုန် ဖြစ်၏။ သန္တတိ အမတ်ကြီး ကောင်းကင်၌ ပရိနိဗ္ဗာန် ပြုခဲ့ပြီ၊ ယို သန္တတိ အမတ်ကြီးကို သမဏ ဟု ဆိုသင့်သလော၊ ဗြာဟ္မဏဟု ဆိုသင့်သလော ဟူ၍ ဖြစ်၏။ မြတ်စွာဘုရား အား လျှောက်ထားသဖြင့် ဤသို့ မိန့်တော်မူ၏။

ဘိက္ခဝေ မမ ပုတ္တံ သမဏောတိပိ ဝတ္တုံ ဝဋ္ဋတိ၊
ဗြာဟ္မဏောတိပိ ဝတ္တုံ ဝဋ္ဋတိယေဝ။

''ချစ်သား ရဟန်းတို့၊ ငါဘုရား၏ သားတော် သန္တတိ အမတ်ကို သမဏ ဟူ၍လည်း ဆိုခြင်းငှာအပ်၏။ ဗြာဟ္မဏ ဟူ၍လည်း ဆိုခြင်းငှာအပ်၏''

၁၃၃၃-ခုနှစ်၊ ဝါခေါင်လဆန်း (၈) ရက်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၊ သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်း ဆရာတော် ဦးဇောတိပါလ

## ဟောကြားအပ်သော

ဗုဒ္ဓပါလ ဓမ္မပါလ

(က) ဖြူ, နီ, နှစ်ကောင်၊ ဝန်ကိုဆောင်သည့်၊ ဝန်ဆောင်နွားလား၊ ခြေထောက်များသို့နှစ်စား ဘိန်း (ဘီး) ဟာ၊ ကပ်လျက်ပါသို့၊ မကွာနိုင်းမှု၊ ပမာပြုလော့။

(ခ) အကုသိုလ်မှု၊ ပြုသောသူ၏၊ နောက်ရာမှာနှ၊ ဘုဘဝသို့၊ ဒုက္ခများစွာ၊ ကပ်လျက်ပါ၏။

(ဂ) ကုသိုလ်ကိုမှု၊ ပြုသောသူ၏၊ နောက်ရာမှာနှ၊ ဘုံဘဝသို့၊ သုခများစွာ၊ ကပ်လျက်ပါ၏။

(ဃ) ပန်းလှူဒါန်းရေ၊ ကျိုးဖလကြောင့်၊ သုက္ခ, ဝိပဿကာ၊ ပြောဆိုစဉ်စစ်၊ အမှန်ဖြစ်လျက်။

(င) မျက်စိကုဆရာ၊ ဖြစ်သောခါဝယ်၊ မသမပြု၊ ဆေးပေးမှုကြောင့်၊ စက္ခုနှစ်ပါ၊ လင်းမရတည်း။

( ၈- -၁-၄ -၂ )

ပန်းလှိုင် (၂၁) လမ်း၊ ဗလ ဦးသောင်းရွှေ-မိသားစု၏ ဓမ္မဒါန ကုသိုလ်။

## ၈၂။ ပါလ မထေရ် ဝတ္ထု
## မုက်သားအဘွယ် အကျဉ်းချုပ်

❁

### သေဆုံးမိဘ ရကြွအမွေ ပစ္စည်းတော့

သာဝတ္ထိပြည်၌ မဟာသုဝဏ္ဏမည်သော သဌေးကြီးတဦးရှိ၏။ ကြွယ်ဝ၏။ များသောဥစ္စာ ရှိ၏။ များသောစည်းစိမ် ရှိ၏။ သားသမီးမရှိ။ ထိုသဌေးကြီးသည် တနေ့သ၌ ရေချိုးသွားရာမှ အလွန်ကြီးသော သစ်ပင်ကြီးကို မြင်၍ တန်ခိုးကြီးသော ရုက္ခစိုးရှိရာ၏ဟု ယုံကြည်၍ ပူဇော်စရာတို့ဖြင့် ပူဇော်ကာ သားဖြစ်စေ၊ သမီးဖြစ်စေ ရအံ့၊ ပူဇော်သက္ကာ ပြုပါမည်ဟု ဆုတောင်း၏။ မကြာမီ သဌေးကတော်ကြီး ကိုယ်ဝန်တည်၏။ ဆယ်လလွန်သော် သားယောကျ်ားလေး ဖွား၏။ သဌေးကြီးကိုယ်တိုင် စောင့် ရှောက် အပ် သောတောစိုးသစ်ပင်ကြီးကိုမှီ၍ ရအပ်သောကြောင့် ''ပါလသတို့သား''ဟု အမည်ပေး၏။ နောက်ဘယောက် ရပြန်၏။ ''ပါလသတို့သား'' ဟုပင် မှည့်ကြပြန်၏။ အငယ်ကို စူဠပါလ၊ အကြီးကို မဟာပါလ ဟု တွင်၏။ နောင် အိုးအိမ်တည်၊ မိဘများလည်း သေဆုံး၊ အမွေအနှစ်များ ရကြကုန်၏။

### ထမင်း အဖျော် ဆေး လိုသေးမရှိ ပြည့်စုံဘိ

ထိုအခါ မြတ်စွာဘုရားသည် အနာထပိဏ်သဌေးကြီး ငါးဆယ့်လေးကုဋေသော ဥစ္စာများ အကုန်ခံ ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်း၌ နေ၏။ မြတ်စွာဘုရားသည် မိဘက် ဆွေတော်ရှစ်သောင်း၊ ဘဘက် ဆွေတော် ရှစ်သောင်းတို့ ဆောက်လုပ်သော နိဂြောဓာရုံကျောင်းကြီး၌ တဝါသာ နေ၏။ ဇေတဝန်ကျောင်း၌ ဆယ့်ကိုးဝါ နေ၏။ ဝိသာခါ၏ နှစ်ဆယ့်ခုနစ်ကုဋေ အကုန်ခံဆောက်သော ပုဗ္ဗာရုံကျောင်း၌လည်း ခြောက်ဝါသာ နေ၏။ သာဝတ္ထိပြည်၌ နှစ်ဆယ့်ငါးနှစ် သီတင်းသုံး၏။ အနာထပိဏ်၊ ဝိသာခါတို့ကား

အလှူန်အကျိုးများ၏။ နေ့စဉ် တနေ့နှစ်ကြိမ် ကျောင်းသို့ လာကြ၏။ လက်ချည်းဘဲ မလာကြ။ ထို့ကြောင့် သာမဏေလေးများက ထိကျောင်းဒကာကြီး၊ ကျောင်းအမကြီးများလာလျှင် လက်ကို ကြည့်ကြသကဲ့။

(၁) နံနက်ပိုင်းလာလျှင် ခဲဘွယ်ဘောဇဉ် စသည် ပါလာကြသည်။

(၂) ညနေပိုင်းလာလျှင် ဆေးငါးမျိုး၊ အဖျော်ရှစ်မျိုးတွင် အနည်းဆုံး တမျိုး ပါလေ့ရှိ၏။

(၃) အိမ်မှာ နေ့စဉ် ဆွမ်းခံသံဃာများ နှစ်ထောင်ရှိ၏။

(၄) ထမင်း၊ အဖျော်၊ ဆေး၊ သံဃာတော်များ အလိုရှိသလို အလှူခံနိုင်၏။

## နံနက်လှူဒါန်း ဆေးပန်းနံ့သာ ညနေမှာ

အနာထပိဏ် သူဌေးကြီးသည် တနေ့မျှ မြတ်စွာဘုရားကို ပြဿနာ မမေးဘူးပါ။ ကြားဘူးသည်မှာ ဗုဒ္ဓသုခုမာလ၊ ခတ္တိယသုခုမာလဖြစ်၍ ပင်ပန်းမှာ စိုးရိမ်သဖြင့် အလွန်ချစ်မြတ်နိုးပြီး မမေးရက်၍ မမေးခြင်းပါ။ မြတ်စွာဘုရားသိ၍ ဤသူဌေးကြီးသည် ငါ့အား မစောင့်ရှောက်ရမည့် နေရာ စောင့်ရှောက်နေတာကိုးဟု လည်းကောင်း၊ ငါသည် ကမ္ဘာပေါင်း လေးသင်္ချေနှင့် တသိန်းတိုင်အောင် မိမိ၏ ခေါင်းဖြတ်၊ မျက်လုံးဖောက်၊ နှလုံးသား ထုတ်၊ သားမယားနှင့်တကွ လှူဒါန်းပေးစွန့်၍ သူတပါးတို့အား တရားဟောဘို့ရန် ပါရမီတော်တွေ ဖြည့်ခဲ့ကြောင်း သဘောပေါက်ပုံ ရှေဟု လည်းကောင်း အားမရဖြစ်ပြီး တရားဟောလေ၏။ ထိုအခါ သာဝတ္ထိပြည်၌ လူပေါင်း ခုနစ်ကုဋေ နေ၏။ မြတ်စွာဘုရား၏ တရားတော်ကို အမြဲလို နာရ၍ ငါးကုဋေမှာ အရိယာသာဝကတွေ ဖြစ်နေ၏။ နှစ်ကုဋေသာ ပုထုဇဉ်တည်း။ ထို အရိယာသာဝကတို့သည် နှစ်ကိစ္စသာ လုပ်ကြကုန်၏။

(၁) နံနက်ပိုင်းမှာ ဒါနပြုကြ၏။

(၂) ညနေပိုင်းမှာ နံ့သာပန်း စသည် လက်စွဲလျက် အဝတ်၊ ဆေး၊ အဖျော် စသည်တို့ကို ယူ၍ တရားနာရန်အလို့ငှာ ကျောင်း သွားကြကုန်၏။

## ရဟန်းပြုရန် တောင်းခံလျှောက်ပြ မဟာပါလ

တနေ့သ၌ မဟာပါလသည် ထိုအရိယာ သာဝကတို့ ပန်းနံ့သာ စသည် လက်စွဲ ကျောင်းသွားသည်တို့ကို မြင်၍ မေး၍ သိသဖြင့် လိုက်သွားကာ ဘုရားရှင်အား ရှိခိုး၊ ပရိသတ်အစွန်၌ နေ၏။ ဘုရားရှင်တို့ မည်သည် တရား ဟောသည်ရှိသော် သရဏ၊ သီလ၊ ပဗ္ဗဇ္ဇ စသည်တို့၏ ဥပနိဿယကိုကြည့်၍ အဇ္ဈာသယ၏ အစွမ်းဖြင့် တရားဟောကုန်၏။ ထို့ကြောင့် ထိုနေ့၌ မြတ်စွာ ဘုရားသည် ထိုမဟာပါလ၏ ဥပနိဿယကိုကြည့်၍ ဟော၏။ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမာဒီနဝကထာ၊ သြတာရသံကိလေသ ကထာ၊ နိက္ခမာနိသံသကထာတို့ကို ဟော၏။ ထိုကထာတို့ကို ကြား၍ မဟာပါလ သူကြွယ်သည် ကြံမိ၏။ တမလွန်ဘဝသို့ သွားသောသူတို့ သား၊ သမီး၊ ညီအကို၊ စည်းစိမ်ဥစ္စာဟူသမျှ မလိုက်ကြ။ ခန္ဓာကိုယ်သည်လည်း မိမိနှင့်တကွ မလိုက်၊ လူ့ဘောင်၌နေခြင်းဖြင့် အသို့ အကျိုးရှိအံ့နည်း။ ရဟန်းပြုပါတော့အံ့။ ယင်း မဟာပါလသည် ဒေသနာအဆုံး၌ ဘုရားရှင်သို့ ကပ်၍ ရဟန်းအဖြစ်ကို တောင်းပန်၏။

## မဟာပါလ အိမ်မှညီကို ခွင့်တောင်းဆို

ထိုအခါ မြတ်စွာဘုရားက သင့်မှာ ပန်ကြားစရာ ရှိသလော၊ ညီ တယောက် ရှိပါသည် လျှောက်၏။ အိမ်ပြန်၊ ညီလေးကို ခေါ်ခိုင်း၍ အောက်ပါ အတိုင်း ပြောပြ၏။

တာတ ယံ မယှံ ဣမသ္မိံ ဂေဟေ သဝိညာဏကမ္ပိ အဝိညာဏ ကမ္ပိ ဓနံ ကိဉ္စိ အတ္ထိ၊ သဗ္ဗံ တံ တဝ ဘာရော၊ ပဋိပဇ္ဇာဟိ နံ။

တာတ၊ ငါ့ညီ။ မယှံ၊ ငါ၏။ ဣမသ္မိံဂေဟေ၊ ဤအိမ်၌။ သဝိညာဏ ကမ္ပိ၊ အသက်ရှိသည်လည်း ဖြစ်သော။ အဝိညာဏကမ္ပိ၊ အသက် မရှိသည် လည်း ဖြစ်သော။ ကိဉ္စိ၊ တစုံတခုလည်းဖြစ်သော။ ယံ ဓနံ၊ အကြင်ဥစ္စာသည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ တဝ၊ သင်၏။ ဘာရော၊ တာဝန် ပါတည်း။ နံ၊ ထိုဥစ္စာကို။ ပဋိပဇ္ဇာဟိ၊ ဆောင်ရွက် ပြုကျင့်ပါလော့။

(၁) တုမှေ ပန ကိံ ကရိဿထ=သင်တို့ကား ဘာကို ပြုလုပ်ကုန် အံ့နည်း။

(၂) အဟံ သတ္ထု သန္တိကေ ပဗ္ဗဇိဿာမိ=ငါသည် မြတ်စွာဘုရား၏ အထံ၌ ရဟန်းပြုပါတော့အံ့။

(၃) ကိံ ကထေသိ ဘာတိက=နောင်တော် ဘာကို ပြောတာလဲ။

(၄) သက္ကာ ဂေဟံ အဇ္ဈာဝသန္တေဟေဝ ပုညာနိ ကာတုံ = အိမ်ကို စိုးအုပ်ကုန်လျက်သာလျှင် ကုသိုလ်ကောင်းမှု တို့ကို ပြုခြင်းငှာ စွမ်းနိုင်ပါကုန်၏။

မာ ဧဝ ကရိတ္ထ=ဒီလို မလုပ်ပါနှင့်၊ ဒါတော့ မတော်။

## ဘဝအတွက် ဖဲထွက်ဘိုရန် စိတ်ရည်သန်

"ငါ့ညီ၊ ငါသည် မြတ်စွာဘုရား၏ ဒေသနာတော်ကို နာရ၍ လူ့ဘောင်၌ နေခြင်းငှာ မစွမ်းနိုင်။ မြတ်စွာဘုရားသည် အလွန်နူးညံ့သိမ်မွေ့သော လက္ခဏာရေး သုံးပါးသို့ တင်၍ စ လယ် ဆုံး သုံးပါးလုံး ကောင်းသော တရားကို ဟော၏။ အိမ်၌ နေခြင်းငှာ မစွမ်းနိုင်တော့။ ငါ့ညီ၊ ငါရဟန်းပြုပါတော့အံ့" ဘယ်သို့တားတား မရတော့ဘဲ မြတ်စွာဘုရားထံ သွားရောက် ရဟန်းပြု၊ ဥပဇ္ဈာယ်ဆရာထံ၌ ငါးဝါ နေ၍ ဝါကျွတ်လျှင် ဘုရားထံကပ်ကာ "အရှင်ဘုရား ဤသာသနာတော်၌ တာဝန် ဘယ်နှစ်ခု ရှိပါသနည်း" "ဂန္ထဓူရ၊ ဝိပဿနာဓူရတို့တည်း" အသက်ကြီးမှ ရဟန်းပြုရ၍ အရဟတ္တဖိုလ်ပေါက် ကမ္မဋ္ဌာန်းများ တောင်း၍ မိတ်ဆွေ ရဟန်း အပေါင်းခြောက်ဆယ်နှင့်တကွ ယူဇနာနှစ်ထောင် ဝေးသော ပစ္စန္တရာဇ်ရွာကြီးကို အမှီပြု၍ နေ၏။ နေ့စဉ် အခြံအရံနှင့်တကွ ဆွမ်းခံကြွ၏။ အများ ကြည်ညိုကြ၏။ ဤအရပ်၌ ဤဝါတွင်း သီတင်းသုံးကြဘို့ တောင်းပန် ပင့်လျှောက်၏။ ရဟန်းများကလည်း ငါတို့သည် ဤဝါတွင်း ဤဒကာ ဒကာမတို့ကို အမှီပြု၍ ငါတို့၏ဘဝ ထွက်မြောက်ကြောင်း အားထုတ်ကုန်အံ့ဟု ခွင့်ပြုကြ၏။

## ရဟန်းတရား ကျင့်ပွားသည့်ခါ မျှတစွာ

ယူတို့သည် အလွန် ဝမ်းသာကြလျက် ကျောင်းဆောက်ကာ အသုံးအဆောင်များနှင့်တကွ စီမံပေးကုန်၏။ နေ့စဉ် ဆွမ်းခံကြွကုန်၏။ ဆေးဆရာ တယောက်သည်လည်း အလိုရှိက ကုပေးလိုကြောင်းနှင့် တကွ ဖိတ်မန်ထားသေး၏။ သံဃာ့ထေရ်သည် ဝါကပ်သောနေ့၌ ရဟန်းအားလုံးတို့ကို ခေါ်၍ ဤဝါတွင်း သုံးလပတ်လုံး ဣရိယာပုထ် သုံးပါးတို့ဖြင့်သာ နေကြ၍ ကျောကို

ကြမ်းသို့ မချဘဲ အားထုတ်ကြကုန်အံ့ဟု မိန့်၏။ ပထမလမှာ မအိပ်ရ။ ဒုတိယလ ရောက်သော် ယင်း သံဃာ့ထေရ် (မဟာပါလ) မျက်စိရောဂါ ဖြစ်လာ၏။ မျက်ရည်ပူတွေ ကျ၏။ မိုးအလင်း တရားအားထုတ်၍ အရဟတ်တက်သော် အခန်းတွင်း ဝင်နေ၏။ ဆွမ်းခံကြွမည် အပြုတွင် မထေရ်၏ မျက်စိ အခြေအနေကို မြင်ကြ၍ မေး၏။ အခြေအနေကို ကြည့်၍ ဆေးဆရာ ခေါ်ကြပြီ။ ကုသပြီ။ မပျောက်နိုင်။ ထို့ကြောင့် ကျောင်းသို့ ဆရာ လိုက်လာ၏။ ရောက်ရာ(ထိုင်၊ ရပ်၊ သွား) ဣရိယာပုထ်သုံးပါးကိုသာ တွေ့၏။ အိပ် ဣရိယာပုထ် မတွေ့။ ဆရာ ချက်ပေးလိုက်သော ဆီကို လျှောင်း၍ မခတ်၊ ထိုင်၍သာ ခတ်သည်။ မေးသည့် အခါ ဆိတ်ဆိတ်နေ၏။ အရှင်ဘုရား၊ ရဟန်းတရားသည် ဣရိယာပထ လေးပါးဖြင့် မျှတသလို အားထုတ်နိုင်ပါသည်'' လျှောင်းပြီး ခတ်ဖို့ အတန်တန် တောင်းပန်၏။ ''တိုင်ပင်ဦးမည်''ဟု ပြောလိုက်၏။

## မျက်စိကိလေ နှစ်ထွေတကွ ပြိုင်ပျက်ကြ

မည်သူနှင့် တိုင်ပင်မည်နည်း။ ဆွေမျိုးလည်း မရှိ၊ သားချင်းလည်း မရှိ၊ ခန္ဓာကိုယ်ကို ရည်၍ ဆို၏။ မေးပြီ။ ''ငါ့ရှင် ပါလိတ၊ သင်သည် မျက်စိကို ကြည့်မည်လော၊ ဘုရားသာသနာကို ကြည့်မည်လော'' အနမတဂ္ဂ သံသရာက စ၍ မျက်စိကန်းခဲ့သည်မှာ အရေအတွက် မရှိပြီ။ ထို့ကြောင့် မျက်စိကို မငဲ့နိုင်။ ဘုရားသာသနာကိုသာ ငဲ့ရမည်။ ရဟန်းတရားများကိုသာ မပြတ် အားထုတ်၍ နေ၏။ မဇ္ဈိမယာမ်ကို လွန်သော် မရှေးမနှောင်း မျက်စိတို့သည်လည်းကောင်း၊ ကိလေသာတို့သည်လည်းကောင်း ပျက်စီး ချုပ်ငြိမ်းသွားကြပြီ။ သုက္ခဝိပဿက ရဟန္တာပါတည်း။အခန်းတွင်း ဝင်၍ထိုင်နေပြီ၊ ဆွမ်းခံချိန်ကျ၍ သွားလျှောက်၏။ ''သင်တို့သာ သွားကြတော့''ဟု မိန့်၏။ ''အရှင်ဘုရား၊ နေကောင်းပါ၏လော'' မေးလေလျှင် မျက်စိကွယ်သွားပြီဟု မိန့်၏၊ ဝတ်ကြီးဝတ်ငယ်ကိုပြုကြ၍ ရွာသို့ ဆွမ်းခံကြွကြ၏။ ဝိုင်းမေးကြ၏။ ပြောပြ။ ယာဂု၊ ဆွမ်း စသည်တို့ကို ပေးကြ၊ ပြုစုကြ၊ အားပေးကြကုန်၏။

၁၃၃၃-ခုနှစ်၊ ဝါခေါင်လပြည့်နေ့တွင်

ပဲခူးမြို့-ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

မဟာကပ္ပိနမင်းနှင့် အနောဇာဒေဝီတို့ ရဟန္တာဖြစ်ခန်း

၁။ သြက္ကန္တိကာ၊ ပီတိမှာကား၊ သမုဒ္ဒရာ၊ မြစ်ရော၌၊ ဆက်ကာ တဖျပ်ဖျပ်၊ လှိုင်းများခတ်သို့။

၂။ ခုဒ္ဒကမယှဉ်း၊ သဘောသွင်းလျှင်၊ မွေးညင်းရှင်ပျ၊ ကြက်သီးထ၏။

၃။ ခဏိကာလာ၊ သဘောမှာလည်း၊ မကွာဆက်ဆက်၊ လျှပ်ပန်း လက်သို့။

၄။ ဥဗ္ဗေဂါ အသုံး၊ သဘော ချုံးသော်၊ ကိုယ်လုံး ပေါ့လျက်၊ ကြွမြောက်တက်၏၊

၅။ ဖရဏာကို၊ သဘောဆိုသော်၊ တကိုယ်လုံးအိ၊ ငြိမ်းအီထိသို့။

**ပီတိငါး၀၊ မြတ်ဓမ္မ မှတ်ကြများထိုထို၊**

**ဒုက္ခခပ်သိမ်း၊ အကုန်ငြိမ်း၊ အေးကိန်းရစေလို။**

(ဂံ-၄-ပ-နာ-၁၅၁)

ပန်းလှိုင် (၂၁)လမ်း၊ ဗလပုံနှိပ်တိုက်၊ ဦးသောင်းရွှေ မိသားစု
ဓမ္မဒါနကုသိုလ်။

## ပဟာကပ္ပိနမင်းနှင့် အနောဇာဒေဝီတို့ ရဟန္တာဖြစ်ခန်း
## မှတ်သားဖွယ် အကျဉ်းချုပ်

### ပစ္စေကဗုဒ္ဓါ ရှစ်ဖြာကြွဘိ မလျှောက်မိ

ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေစဉ် မဟာကပ္ပိနထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ရှေးအခါက အရှင်မဟာကပ္ပိနသည် ပဒုမုတ္တရ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဆုတောင်းခဲ့၍ ဗာရာဏသီပြည်အနီး တခုသောယက်ကန်းသည် ရွာ၌ ယက်ကန်းသည်ကြီး ဖြစ်၏။ ထိုအခါ တထောင်သော ပစ္စေကဗုဒ္ဓါ တို့သည် ရှစ်လပတ်လုံး ဟိမဝန္တာတော၌ နေ၍ ဝါတွင်းလေးလမှာ ဇနပုဒ်၌ နေ၏။ ထိုတထောင်သော ပစ္စေကဗုဒ္ဓါတို့သည် တကြိမ် ဗာရာဏသီပြည်၏ အနီး၌ သက်ဆင်း၍ ကျောင်းဆောက်ရန် အလို့ငှာ လက်အမှုတောင်းရန် မင်းကြီးထံ ရှစ်ပါးသော ပစ္စေကဗုဒ္ဓါတို့ကို လွှတ်လိုက်ကုန်၏။ ထိုအခါ မင်းကြီးအား လယ်ထွန်မင်္ဂလာနှင့် ကြုံနေ၏။ မင်းကြီးသည် ပစ္စေကဗုဒ္ဓါတွေ ကြွလာသည်ဟု သိ၍ ချက်ချင်းထွက်ပြီး ကြွလာခြင်း၏ အကြောင်းကို မေးလျှောက်လျက် သိရသဖြင့် အရှင်ပစ္စေကဗုဒ္ဓါတို့အား ဤသို့ လျှောက်၏။

(၁) အဇ္ဇ ဘန္တေ ဩကာသော နတ္ထိ=အရှင်ဘုရားတို့ ဒီနေ့ အချိန် မရှိတော့ပါ။

(၂) သွေ အမှာကံ ဝပ္ပမင်္ဂလံ=နက်ဖြန် တပည့်တော်တို့အား လယ်ထွန် မင်္ဂလာ ရှိနေပါ၏။

(၃) တတိယ ဒိဝသေ ကရိဿာမိ=သုံးရက်မြောက်နေ့၌ ဆောင်ရွက် ပေးပါအံ့။

ဤသို့ဆို၍ ပစ္စေကဗုဒ္ဓါတို့ကို မပင့်ဘဲ ဝင်သွား၏။

## တထောင်ပစ္စေကာ ကြွလာပေါင်းစု ဆွမ်းဝတ်ပြု

ထို့ကြောင့် ပစ္စေကဗုဒ္ဓါတို့သည် အရပ်တပါးသို့ သွားကြကုန်အံ့ဟု ကြွသွားကြပြီ။ ထိုခဏ၌ ယက်ကန်းသည်ကြီး၏ မယားသည် တစုံတခုသော အကြောင်းဖြင့် ဗာရာဏသီမြို့သို့ သွားသည်ရှိသော် ထိုပစ္စေကဗုဒ္ဓါတို့ကို မြင်၍ ရှိခိုး၍ "အဘယ်အရပ်သို့ ကြွကြပါမည်နည်း၊ အဘယ်မှ ကြွလာကြပါသနည်း"ဟု လျှောက်၍ အကြောင်းစုံ အမိန့်ရှိပြီ။ ထိုယက်ကန်းသည်ကြီး၏ မယားသည် သဒ္ဓါနှင့်ဉာဏ် နှစ်တန်လုံးနှင့် ပြည့်စုံပြီးဖြစ်၍ "အရှင်ဘုရားတို့၊ နက်ဖြန်၌ တပည့်တော်တို့၏ ဆွမ်းကို အလှူခံတော်မူပါ" ဟု လျှောက်၏၊ "ဥပါသိကာမကြီး၊ ငါတို့ချည်းမဟုတ်၊ များကုန်၏"၊ "ဘယ်လောက် ရှိပါသနည်း ဘုရား"၊ "ဥပါသိကာမကြီး၊ အပါးတထောင် ဖြစ်ပါသည်" ဥပါသိကာမကြီးက ဤသို့ လျှောက်ပြီ။

ဘန္တေ ဣမသ္မိံ ဂါမေ သဟဿမေသကာရာ ဝသိမှ၊ ဧကေကော ဧကေကဿ ဘိက္ခံ ဒဿတိ၊ ဘိက္ခံ အဓိဝါသေထ၊ အဟမေဝ ဝေါ ဝသနဋ္ဌာနမ္ပိ ကရိဿာမိ။

ဘန္တေ၊ အရှင်ဘုရားတို့။ ဣမသ္မိံ ဂါမေ၊ ဤယက်ကန်းသည်ရွာကြီး၌၊ သဟဿမေသကာရာ၊ တထောင်သော ယက်ကန်းသည်တို့သည်။ ဝသိမှ၊ နေကုန်၏၊ ဧကေကော၊ တယောက် တယောက်သည်။ ဧကေကဿ၊ တပါး တပါးအား။ ဘိက္ခံ၊ ဆွမ်းကို။ ဒဿတိ၊ ပေးလှူလတံ့။ ဘိက္ခံ၊ ဆွမ်းကို။ အဓိဝါသေထ၊ သည်းခံတော်မူကြပါကုန်။ အဟမေဝ၊ တပည့်တော်မသည်သာလျှင်၊ ဝေါ၊ သင်တို့၏။ ဝသနဋ္ဌာနမ္ပိ၊ နေရာအရပ်ကိုလည်း။ ကရိဿာမိ၊ ပြုပါအံ့။

ဤသို့ လျှောက်၍ ပစ္စေကဗုဒ္ဓါတို့သည်လည်း သည်းခံကြကုန်၏၊

## တူရှင်း ခ၁း စသည် ကိုယ်စီယူထ ထွက်ခဲ့ကြ

ထိုယက်ကန်းသည် ဥပါသိကာမကြီးသည် ရွာထဲဝင်၍ အောက်ပါ အတိုင်း ကြွေးကြော်၏။

အပဲ သဟာဿမတ္တေ ပဉ္စကဗုဒ္ဓေ ဒိသွာ နိမန္တယိ၊ အယျာနံ နိသီဒနဋ္ဌာနံ သံဝိဒဟထ၊ ယာဂုဘတ္တာဒီနိ သမ္ပာဒေထ။

အပဲ၊ ငါသည်။ သဟာဿမတ္တေ၊ တထောင်မျှကုန်သော။ ပစ္စေကဗုဒ္ဓေ၊ ပစ္စေကဗုဒ္ဓါတို့ကို။ ဒိသွာ၊ ဖူးမြင်ရ၍။ နိမန္တယိ၊ ပင့်လျှောက်ခဲ့ပြီ။ အယျာနံ၊ အရှင်ကောင်းတို့၏။ နိသီဒနဋ္ဌာနံ၊ နေထိုင်ရာအရပ်ကို။ သံဝိဒဟထ၊ စီရင်ကြကုန်လော။ ယာဂု ဘတ္တာဒီနိ၊ ယာဂု ဆွမ်းစသည်တို့ကို။ သမ္ပာဒေထ၊ ပြည့်စုံကြစေကုန်လော။

ရွာ၏ အလယ်၌ မဏ္ဍပ်ကြီးထိုး၍ နေရာတို့ကို ခင်း၍ နောက်တနေ့၌ ပစ္စေကဗုဒ္ဓါတို့ကို ထိုင်စေ၍ မွန်မြတ်သော ခဲဘွယ်ဘောဇဉ်ဖြင့် လုပ်ကျွေး၍ ဆွမ်းကိစ္စ အဆုံး၌ ထိုရွာ၌ ခပ်သိမ်းသော မိန်းမတို့ကို ခေါ်၍ ထိုမိန်းမတို့နှင့် တကွ ပစ္စေကဗုဒ္ဓါတို့ကို ရှိခိုးပြီး လျှောက်လေ၏။ "အရှင်ဘုရားတို့၊ ဝါတွင်း သုံးလပတ်လုံး နေအံ့သောငှာ ဝန်ခံခြင်းကို ပေးကုန်လော့" ဝန်ခံချက်ရ၍ တဖန် ရွာထဲသို့ လိုက်ကြွေးကြော်၏။ "အို - အမောင်တို့ အမိတို့၊ တအိမ်မှ ယောကျ်ား တယောက်စီ ပေါက်ဆိန်၊ ပဲကွပ် စသည်ယူ၍ တောသို့ ဝင်၍ တိုင်၊ ယက်မ စသည်တို့ကို ယူ၍ အရှင်မြတ်တို့၏ နေရာအရပ်ကို ပြုပါလော့"

## တာဝတိံမှ ဖြစ်ကြသူကြွယ် မောင်နှင့်မယ်

ရွာသူ ရွာသားတို့သည် ယက်ကန်းသည်မကြီး၏ စကားကို ကြား၍ တယောက် တလုံး ဆောက်၍ ညဥ့်သန့်ရာ နေ့သန့်ရာနှင့် တကွ သစ်ရွက်မိုး ကျောင်း တဆောင်ကို ဆောက်၍ မိမိ မိမိ၏ ကျောင်းအသီးသီး၌ ဝါဆိုကြကုန်၏၊ ယင်း ပစ္စေကဗုဒ္ဓါတို့ကို သူ့ထက်ငါ လုပ်ကျွေးကြကုန်၏။ ဝါကျွတ်သောအခါ၌ မိမိ၏ကျောင်း၌ ဝါဆိုသော သံဃာကို မိမိက သင်္ကန်း၊ ပိတ်စ (သင်္ကန်းလျာပုဆိုး) ကို စီရင်ကြကုန်၏။ တပါး တထောင်တန် တထောင်တန် သင်္ကန်းလှူ၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် ဝါကျွတ်သော် အနုမောဒနာ ပြုပြီး ဖဲသွားကြကုန်ပြီ။ ဤယက်ကန်းသည် ရွာသူ ရွာသားတို့သည်. ဤ ကောင်းမှုကိုပြု၍ ဤလူ့ပြည်မှ စုတေသော် တာဝတိံသာ နတ်ပြည်၌ ဖြစ်၏။ နတ်၌ဖြစ်သော စည်းစိမ် ချမ်းသာကို ခံစား၍ ကဿပဘုရား လက်ထက်၌ ဗာရာဏသီပြည်၌ သူကြွယ်အိမ်၌ ဖြစ်ကုန်၏။ ယက်ကန်းသည်ကြီးသည် သူကြွယ်

ကြီး၏ သားဖြစ်၏။ ယက်ကန်းသည်ကြီး၏ မယားသည် သူကြွယ်ကြီး၏ သမီး ဖြစ်၏။ အရှယ်ရောက်ကြသော် ကိုယ့်အိုး ကိုယ့်အိမ်ဖြင့် အသီးသီး နေကြကုန်၏၊

## ကုသိုလ်ပြုဘက် မပျက်တူစွာ လွန်ချမ်းသာ

ထိုမှ အဆင့်ဆင့် ကုသိုလ်ပွားချဲ့ နတ်ပြည်၌ ဖြစ်ပြီး ယခု ဂေါတမ မြတ်စွာဘုရား လက်ထက်၌ နတ်ပြည်မှ စုတေ၍ သူကြွယ်ကြီးသည် ကုက္ကုဋဝတီ မြို့ မင်းအိမ်၌ ဖြစ်၍ အရွယ်ရောက်သော် မဟာကပ္ပိနမင်း ဟူသော အမည်ဖြင့် မင်းပြုရ၏။ သူကြွယ်ကြီး၏ မယားသည် အနောဇာ ဟူသော အမည်ကို ရ၏၊ အရွယ်ရောက်သော် မဟာကပ္ပိနမင်းနှင့် အကြောင်းပါ၍ အနောဇာဒေဝီ ဟူသော အမည်ကို ရ၏။ အမျိုးမျိုးသော သမ္ပတ္တိတို့ကို ခံစားရ၏။ ကြွင်းသော ကုသိုလ်ပြုဘက်တို့သည်လည်း ဆိုင်ရာ အမတ်အိမ်တို့၌ ဖြစ်ကြကုန်၏။ အားလုံး ပင် မင်း မိဖုရားတို့နှင့် တူစွာ စည်းစိမ် ချမ်းသာတို့ကို ခံစားကြရကုန်၏၊ တပေါင်းတည်း ကုသိုလ်ပြုခဲ့သည့် အတွက် တပေါင်းတည်း အကျိုး ခံစားကြရ ကုန်၏။ မဟာကပ္ပိနမင်းမှာ ဗလ၊ ဗလဝါဟန၊ ပုပ္ဖ၊ ပုပ္ဖဝါဟန၊ သုပတ္တ ဟူသော မြင်းငါးကောင် ရှိ၏၊ သုပတ္တ ဟူသော မြင်းကို ကိုယ်တိုင် စီး၏။ ကြွင်း လေးကောင်တို့ကို မြင်းသူရဲများ သာသနာအကျိုး သည်ပို့ရန်အတွက် စီးကြ၏။

## ဣဒ္ဓိမယ ပတ္တစီဝရ ရောက်၍လာ

ထို မဟာကပ္ပိန မင်းကြီးသည် မြင်း၏ ကျောက်ကုန်းမှ သက်၍ မြတ်စွာ ဘုရားထံ ကပ်ပြီး ရှိခိုး၍ အမတ် တထောင်နှင့်အတူ ထိုင်နေ၏။ တရားဟော၍ အဆုံး၌ မင်းကြီးသည် အမြံအရံနှင့် တကွ သောတာပန် တည်၏၊ ထိုအခါ ထိုအားလုံးတို့သည် ယ၍ ရှင်အဖြစ်ကို တောင်းပန်ကြကုန်၏။ မြတ်စွာဘုရားသည် ဤအမျိုးကောင်းသားတို့အား ဣဒ္ဓိမယ ပတ္တစီဝရ (တန်ခိုးဖြင့် ပြီးသော သပိတ် သင်္ကန်း) ရောက်အံ့ပေါ့ဟု ဆင်ခြင်သော် ဤသို့ မြင်၏။

ကုမေ ကုလပုတ္တာ ပစ္စေကဗုဒ္ဓသဟဿသ စီဝရ သဟဿ အဒံသု၊ ကဿပသမ္မာသမ္ဗုဒ္ဓကာလေ ဝီသတိယာ ဘိက္ခုသဟဿာနံ ဝီသတိ စီဝရ သဟဿာနိပိ အဒံသု၊ အနစ္ဆရိယံ ကုမေသံ ဣဒ္ဓိမယ ပတ္တစီဝရ လမနံ။

(ဤအမျိုးကောင်းသားတို့သည် ပစ္စေကဗုဒ္ဓါ တထောင်ကို သင်္ကန်းအစုံ လှူဒါန်းဘူးသည်။ ကဿပဘုရား လက်ထက်၌ ရဟန်းအပါး နှစ်သောင်းကို သင်္ကန်း အစုံ နှစ်သောင်း လှူဘူးသည်။ ဤအမျိုးကောင်းသားတို့အား တန်ခိုး ဖြင့် ပြီးသော သပိတ် သင်္ကန်းများ အမှန်ရောက်မည်။)

## မဟာကပ္ပိနထေရ် ကင်းလေစဲပြတ် အပူဇာတ်

ဤသို့ သိ၍ လက်ျာလက်တော်ကိုဆန့်၍....

ဧထ ဘိက္ခဝေါ၊ စရထ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ။

ဘိက္ခဝေါ၊ ရဟန်းတို့။ ဧထ၊ လာကြကုန်လော့။ သမ္မာ၊ ကောင်း စွာ။ ဒုက္ခဿ၊ ဆင်းရဲ၏။ အန္တကိရိယာယ၊ အဆုံးကို ပြုခြင်းငှာ။ ဗြဟ္မ စရိယံ မြတ်သောအကျင့်ကို။ စရထ ကျင့်ကြကုန်လော့။

ဤသို့ ဆိုလေလျှင် ထိုမင်းကြီးနှင့် အမတ်တထောင်တို့သည် ခေါင်း ရိတ်ပြီး ပရိက္ခရာရှစ်ပါး ဝတ်ဆင်ပြီး ဝါခြောက်ဆယ်ရ မထေရ်ကြီးများကဲ့သို့ ဖြစ်၍ ကောင်းကင်သို့ ပျံတက်၍ ပြန်ဆင်းပြီး ဘုရားကို ရှိခိုးပြီး ထိုင်နေ၏။ အနောဇာဒေဝီနှင့်တကွ သက်ဆိုင်ရာ အမျိုးသမီးတို့သည်လည်း သက်ဆိုင်ရာ လင်ယောကျ်ားများကို ကြည့်ကြရန် လာ၍ ထိုင်နေကြ၏။ မြတ်စွာဘုရားသည် တရားဟော၏။ တရားအဆုံး၌ အနောဇာဒေဝီနှင့်တကွ အမျိုးသမီးအားလုံး သောတာပန် တည်၏။ မဟာကပ္ပိန မထေရ်သည် တရားနာရသဖြင့် ပို၍ ပြည့်လာသောကြောင့် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်၏။

## ရဟန္တာအလီလီ ကိုယ်စီကိုယ်ငှ ဖြစ်လေကြ

ထိုအခါ မြတ်စွာဘုရားသည် ထိုအမျိုးသမီးတို့၏ ဆိုင်ရာ ရဟန်းတို့ကို အရဟတ္တဖိုလ်သို့ ရောက်သည်ဘို့ကို ပြ၏။ သို့သော် ထိုအမျိုးသမီးတို့သည် ဆိုင်ရာ လင်ယောကျ်ားဟောင်းတို့ကို မြင်ရ၍ စိတ်မငြိမ်မသက် ဖြစ်၏။ ထို့ ကြောင့် မဂ်ဖိုလ်ရခြင်းငှာ မစွမ်းနိုင်။ မြတ်စွာဘုရားသည် ထိုဥပါသိကာမတို့ကို သာဝတ္ထိပြည်သို့ သွား၍ ဘိက္ခုနီမကျောင်း၌ ရဟန်း ပြုကြကုန်လောဟု ဆို၏။ ယဇနာ နှစ်ထောင်ဝေးသော အရပ်သို့ ခြေလျင် သွား၍ ဘိက္ခုနီမ

ကျောင်း၌ ရှင်ရဟန်းပြုပြီး အရဟတ္တဖိုလ် တည်သွားကြကုန်၏။ မြတ်စွာဘုရားသည်လည်း ရဟန်းတယောင်ကို ခေါ်၍ ကောင်းကင်ဖြင့်ပင် ဇေတဝန်ကျောင်းသို့ သွား၏။ မဟာကပ္ပိန ထေရ်ကြီးသည် "အဟော သုခံ၊ အဟော သုခံ"ဟု ဥဒါန်းကျူးပြီးလျှင် ဤဤ ထိုထို ဆို၍ နေ၏။ ဘုရားထံလျှောက်၏။ မြတ်စွာဘုရားသည် ဤသို့ ဤသို့ ဟော၏၊

န ဘိက္ခဝေ မမ ပုတ္တော ကာမသုခံ ရဇ္ဇသုခံ အာရဗ္ဘ ဥဒါနံ ဥဒါနေသိ၊ ပုတ္တဿ ပန မေ ဓမ္မပီတိနာမ ဓမ္မရတိနာမ ဥပ္ပဇ္ဇတိ၊ သော အမတ မဟာနိဗ္ဗာနံ အာရဗ္ဘဧဝ ဥဒါနံ ဥဒါနေသိ။

အောက်ပါ တရားဒေသနာကို ဟောကြားတော်မူ၏။

ဓမ္မပီတိ သုခံ သေတိ၊ ဝိပ္ပသန္နေန စေတသာ။
အရိယပ္ပဝေဒိတေ ဓမ္မေ၊ သဒါ ရမတိ ပဏ္ဍိတော။ ။

ဤဂါထာအဆုံး၌ သောတာပန် စသည် များစွာ တည်ကုန်၏။

၁၃၃၃-ခုနှစ်၊ ဝါခေါင်လဆုတ် (၈)ရက်နေ့တွင်

ပဲခူးမြို့-ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ

ဟောကြားအပ်သော

## မလဏပဉ္စာရဝါသီမယေရဲ့ ရဟန္တာဖြစ်ခန်း

## ဒွတ္တိံသကောဋ္ဌာသ ဟရားတော်။

၁။ မွေးညင်း, ဆံခဲ၊ ခြေလက်သဲ၊ မလွဲ သွား, အရေ၊ (၅)။
၂။ ခြင်ဆီ, သား, ကြော၊ အရိုးနှော၊ သိလောညှို့မသွေ၊ (၅)။
၃။ နှလုံး, အသဲ၊ မြေး, ဖျဉ်းတွဲ၊ မှတ်စွဲ အဆုတ်ပေ၊ (၅)။
၄။ သစ်, ဟောင်း အစာ၊ ဦးနှောက်ပါလျက်၊ ကွေး အူမ၊ အတူပြ၊ ယူကြ အူသိမ်တွေ၊ (၅)။
၅။ သလိပ်ရောထွေး၊ သည်းခြေ, ချွေး၊ ပြည်, သွေး, အဆီခဲပေ၊ (၆)။
၆။ မျက်ရည်, တံတွေး၊ နှပ်, အစေးနှင့်၊ ထည့်တွေး ဆီကြည်၊ ကျင်ငယ် ရည်၊ စေ့ပြီ ကောဋ္ဌာသ၊ (၆)။

**သုံးဆယ့်နှစ်ဝ၊ ကောဋ္ဌာသ၊ ဓမ္မယောဂီဆွေ။**
**မိမိကိုယ်တွင်း၊ အသိသွင်း၊ ပြင်းပြင်း ရှုပါလေ။**
**ရှုယင်း ရှုယင်း၊ အကုန်ရှင်း၊ ပျောက်ကင်း အတ္တတွေ။**

( ဓံ-ဋ္ဌ-ဒု-နှာ-၄၁၂ )

ပန်းလှိုင် (၂၁) လမ်း၊ ဗလ ပုံနှိပ်တိုက် ဦးသောင်းရွှေ မိသားစု
ဓမ္မဒါနကုသိုလ်။

## လောဏပဋ္ဌာရဝါသီ မထေရ် ရဟန္တာဖြစ်ခန်း

ဒုတိယံ မကောသပ္ပာယ ဟာရာမော

### မထေရ်ကြီးမှာ ကောင်းစွာပြင်ဆင် ဆွမ်းခံဝင်

ဤ တရားဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ နေစဉ် ပဋ္ဌာရဝါသီ တိဿမထေရ်ကို အကြောင်း ပြု၍ ဟောတော်မူ၏။

ထိုမထေရ်သည် မြတ်စွာဘုရား၏ အထံ၌ ကမ္မဋ္ဌာန်းကိုယူ၍ တောသို့ ဝင်ပြီး လျောက်ပတ်သောကျောင်းကို ကြည့်သည်ရှိသော် တခုသော လိုဏ် ခေါင်းသို့ ရောက်သွား၏။ ရောက်သောခဏ၌ပင် မထေရ်၏စိတ်သည် ငြိမ်သက် ခြင်းကို ရ၏၊ ထိုမထေရ်သည် ငါသည် ဤနေရာ၌ နေသည်ရှိသော် ရဟန်းကိစ္စ ပြီးခစခြင်းငှာ စွမ်းနိုင်လတံ့ဟု ကြံမိ၏။ ယင်း လိုဏ်၌ စိုးအုပ်သော နတ်တို့သည် "သီလရှိသောရဟန်း လာပြီ၊ ဤရဟန်းနှင့်တကွ တနေရာတည်း၌ နေဘို့မလွယ်၊ ဤရဟန်းသည် ဤနေရာ၌ တည့်မျှနေ၍ ဖဲသွားလတံ့"ဟု ကြံ၍ သားသမီး တို့ကို ခေါ်၍ ထွက်၏။ မထေရ်သည် နောက်တနေ့၌ စောစောကြီး ဆွမ်းခံ ရွာသို့ ဆွမ်းအလို့ငှာ ဝင်ကြွပြီ။

### သီလအပြစ် ပျစ်ညှစ်ပေရှာ မတွေ့ပါ

ထိုအခါ ထို လောဏပဋ္ဌာရဝါသီ မထေရ်ကြီးကို တယောက်သော ဥပါသိကာမကြီးက မြင်၍ သား ဟူသော ချစ်ခြင်းကို ရ၍ အိမ်၌ နေစေ၍ ဆွမ်းကပ်၍ မိမိကိုယ်ကိုမှီ၍ ဝါတွင်းသုံးလပတ်လုံး နေဆိုင် သီတင်းသုံးရန် တောင်းပန် ပင့်လျှောက်၏။ ထိုမထေရ်ကလည်း ငါသည် ဥပါသိကာမကြီးကို မှီ၍ ဘဝမှ ထွက်မြောက်ကြောင်းကို ပြုခြင်းငှာ စွမ်းနိုင်ရာ၏ဟု ကြံ၍ သည်းခံ

ကာ ထိုလိုဏ်သို့ ပြန်သွားလေ၏။ နတ်တို့သည် ပြန်လာသော မထေရ်ကို မြင်၍ (တစုံတယောက်သောသူသည် ပင့်ထားပြီ မချွတ်ဖြစ်လတ္တံ၊ နက်ဖြန်ခါ သဘက်ခါ သွားလတံ့ဟု အောက်မေ့နေ၏။ ဤလိုနှင့် လခွဲလွန်သော် ဤ ရဟန်းသည် ဤအရပ်၌ပင် ဝါတွင်း (ဝါဆို)နေလတံ့။ သီလရှိသောသူနှင့် တကွ သားငယ် သမီးငယ်တို့နှင့် အတူ တနေရာတည်း နေဘို့ရာ မလွယ်။ ဤရဟန်းကိုလည်း ထွက်သွားပါဟု ဆိုဘို့ မဖြစ်။ ဤ ရဟန်းအား သီလ၌ ချွတ်ယွင်းမှု ရှိသလောဟု ဒိဗ္ဗစက္ခုဖြင့် ကြည့်သည်ရှိသော် ရဟန်းခံစဉ် သိမ် အပြင်မှ စ၍ ထိုမထေရ်ကြီးအား သီလ၌ ချွတ်ယွင်းမှု လုံးဝမမြင်။

## ခြေဆေးရေဆွတ် ငါလွှတ်မည်ကို နတ်ကဆို

ထို့ကြောင့် ထိုရဟန်းအား စင်ကြယ်သောသီလ ရှိ၏၊ ထိုရဟန်းအား တစုံတခုကိုသာပြု၍ အကျော်စောမဲ့ကို ဖြစ်စေအံ့ဟု မထေရ်၏ ဥပါသိကာမ ကြီး၏ သားကြီး၏ ကိုယ်၌ ဝင်ပူး ဂုတ်ချိုးထား၏။ မျက်လုံးများလည်း ပြူး ထွက်နေ၏။ တံတွေးများလည်း ပါးစပ်မှ ယိုကျနေ၏။ များစွာ ခက်နေပြီ။ နတ်သည် မထင်မရှားသော အသွင်ဖြင့်....

"ငါ ဖမ်းစားထားတာ၊ ဗလိနတ်စာ ဘာမျှ ပူဇော်စရာ မလိုဘူး။ သင်တို့၏ အိမ်သို့ ကြွနေကျ မထေရ်ထံ၌ နွယ်ချို တောင်းပြီး ဆီချက်၍ နှာခေါင်း၌ မှုတ်ပါလော။ ဤသို့ မှုတ်သည်ရှိသော် ဤ သူကို ငါလွှတ်အံ့"ဟု ဆို၏။ "ငါ့သားကြီး ပျက်စီးချင် ပျက်စီးပါစေ၊ သေချင်လဲ သေပါစေ၊ မထေရ်ထံမှ နွယ်ချိုကို ငါမတောင်းနိုင်ဘူး"ဟု ဥပါသိကာမကြီးက ဆို၏။

"ဒီလို မစွမ်းနိုင်လျှင် ရှိန် ခိုမှုန့်ကို ထိုမထေရ်ထံမှ တောင်း၍ နှာခေါင်းထဲသို့ ထည့်ပါလော့။ ဤသို့ ထည့်ပေးလျှင် ငါလွှတ်အံ့"ဟု နတ်က ဆိုပြန်၏၊ ဥပါသိကာမကြီးက "ဒါကိုလဲ ငါတောင်းခြင်းငှာ မစွမ်းနိုင်"ဟု ဆို၏။

"ဒါမှ မစွမ်းနိုင်လျှင် မထေရ်ကို ခြေဆေးခိုင်း။ ထိုမထေရ်၏ ခြေဆေးရည်ကို ထိပ်၌ လောင်းပေးလော့။ ပျောက်သွားမည်" ဆို၏။ "ဒါတော့ ဖြစ်နိုင်သည်၊ လုပ်ပေးမည်"ဟု ဝန်ခံလိုက်၏။

## နတ်နှင့်မထေရ် အချေအတင် အားကုန်နှင်

မထေရ်မြတ်အား လျှောက်ထား ခွင့်ပြုစေ၍ ခြေဆေးရေကို ထိပ်၌ လောင်းပေးရုံမျှဖြင့် ထိုနတ်သည် လွတ်၍ ပြန်သွား ပြီး လိုဏ်တံခါးဝ၌ ရပ်၍ စောင့်နေ၏။ မထေရ်လည်း ဆွမ်းကိစ္စပြီးလေလျှင် နေရာမှထ၍ မလွတ်သော ကမ္မဋ္ဌာန်း ရှိသည်ဖြစ်၍ (ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော) အစ ရှိသော ဒွတ္တိံသာကာရ (သုံးဆယ့်နှစ်ပါးသောအစု)ကို သရဇ္ဈာယ်လျက်သာ ပြန်သွားလေ၏။ လိုဏ်တံခါးသို့ ရောက်သောအခါ၌ ထိုမထေရ်ကြီးကို လိုဏ် စောင့် နတ်များက စတင် သရော်ကာ လောင်ကြသည်။

မဟာဝဇ္ဇ မာ ဣစ ပဝိသ။

မဟာဝဇ္ဇ၊ အို ဆေးသမားကြီး။ ဣစ၊ ဤလိုဏ်ခေါင်းထဲသို့။ မာ ပဝိသ၊ မဝင်ပါလင့်။

ထိုမထေရ်မြတ်သည် ပြန်လည်စဉ်းစား၏။ ငါသည် ဆေးကုသောအမှုကို ပြုမိသောအရာ ရှိပါသလား။ ရဟန်းဖြစ်စဉ် သိမ်အပြင်မှ စ၍ ကြည့်လေရာ မိမိ၏ သီလ၌ အစွန်းအထေး လုံးဝ မရှိသည်ဖြစ်၍ ငါ ဆေးကကြောင်းကို ငါ မမြင်ပါ။ သင်တို့ ဘာကြောင့် ဤသို့ ဆိုဘိသနည်း။

(၁) သင် မမြင်ဘူးလား။
(၂) မမြင်ပါ။
(၃) သင့်အား ငါတို့ ပြောပြပါမည်။
(၄) ကောင်းပါပြီ၊ ပြောပြပါ၊ ကျေးဇူးတင်ပါသည်။
(၅) ယနေ့ နတ်ဖမ်းစားသောသူအား ခြေဆေးရေ ထိပ်၌ လောင်း ပေးသည် မဟုတ်လော။
(၆) ဟုတ်တယ်၊ လောင်းပေးပါတယ်။
(၇) အဲဒါကို မမြင်ဘူးလား။
(၈) ဒါကို ရည်ရွယ်ပြီး ငါ့ကို ဆေးကုတယ်လို့ ပြောတာလား။
(၉) ဟုတ်တယ်၊ ဒါကို ရည်ရွယ်ပြီး ဆေးကုတယ်လို့ ပြောတာပါ။

## ဗလဝပီတိ ကွာဘိခဏ ပြီးကိစ္စ

မထေရ် (လေကာ ပဋ္ဌာရဝါသီ တိဿ)သည် ဤသို့ စဉ်းစား၏။ ငါသည် ငါ၏ကိုယ်ကို ကောင်းစွာ ထားအပ်လေစွတကား၊ စင်စစ် ငါသည် သာသနာတော်အား လျောက်ပတ်သော (ဝါ)အပြစ်မရှိသော အကျင့်ကိုသာ ကျင့်ခဲ့၏။ နတ်တို့သည်လည်း ငါ၏ လေးပါးသော ပါရိသုဒ္ဓိသီလ၌ မှဲ့မည်းလေး လောက်မျှ အပြစ်ကို ရှာမရသောကြောင့် သူငယ်၏ထိပ်၌ ခြေဆေးရေ လောင်းမှုကိုသာ မြင်၏။ ဤသို့ စဉ်းစားပြီး ထိုရဟန်းအား မိမိ၏ ဖြူစင်သော သီလကို အကြောင်းပြု၍ ဗလဝပီတိတွေ ဖြစ်၏။ ထိုရဟန်းသည် ထိုဗလဝပီတိကို ခွာ၍ ခြေထောက်ကလေးကို မရုံမျှပင် မပြုဘဲ ထိုအရပ်၌ပင် ရဟန္တာ ဖြစ်သွားလေ၏။ မထေရ်မြတ်သည် ထိုလိုက်၌ပင် ဝါတွင်းသုံးလပတ်လုံး နေ၍ ဝါကျွတ်သော် ဘုရားထံသွားပြီး မိမိ၏ အကျိုးအကြောင်းများကို လျှောက်ပြ၍ မြတ်စွာဘုရားက "ငါ့ရှင်၊ သင်သည် လိုက်စောင့်နတ်က ဤသို့ ဆိုသည်ရှိသော် စိတ်မဆိုးဘူးလား"ဟု မေး၍ "မဆိုးပါ"ဟု လျှောက်၏။ မြတ်စွာဘုရားက ဆက်၍ ထိုရဟန်းတို့အား ယင်း လေကာပဋ္ဌာရတိဿမထေရ်သည် သူ၊ ရဟန်းတို့နှင့် ရောနှောခြင်း မရှိသောကြောင့် အပ္ပိစ္ဆ၊ သန္တုဋ္ဌ ဖြစ်နေပေသည်ဟု မိန့်၏။

✿

၁၃၃၃-ခုနှစ်၊ ဝါခေါင်လကွယ်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

ဗာဟိယ ဒါရုစီရိယမထေရ် ပရိနိဗ္ဗာန်ပြုခန်း
ဒိဋ္ဌေ ဒိဋ္ဌမတ္တံ တရားတော်

၁။ အရဟန္တာ၊ ဗာဟိယ၊ ဘဝ ဖြစ်ရပ်တွေ။

၂။ ကဿပရှင်၊ လက်ထက်တွင်မှ၊ ဂေါတမ၊ ဗုဒ္ဓကျအောင် ရေ။

၃။ သီလ သမာ၊ မိပညာ၊ သိက္ခာ ကျင့်ဝတ်တွေ။

၄။ ရဟန်းသမဏ၊ ဖြစ်ခဲ့ရလျက်၊ အနှစ် နှစ်သောင်း၊ လွန်ကြာညောင်း၊ ကောင်းကောင်း ကျင့်ခဲ့ပေ။

၅။ ဂေါတမဗုဒ္ဓ၊ ခုဘဝ၌၊ ခဏကာလ၊ ရှုရုံမျှဖြင့်၊ ပဋိသမ္ဘိဒါပတ္တ၊ အရဟန္တာ၊ ကျွန ဖြစ်ခဲ့မသွေ။

၆။ ခိပ္ပါဘိညာ၊ ဝိသေသဟု၊ အဂ္ဂဘွဲ့ထူး၊ သူရည်စူး၊ ချီးကျူး မိန့်ခဲ့ပေ။

၇။ သပိတ် သင်္ကန်း၊ မလှူဒါန်းသဖြင့်၊ ရဟန်းစင်စစ်၊ သူမဖြစ်ဘဲ၊ အမှိုက်ပုံကြား၊ ခြေလက်ကား၊ ဆိုးဝါး နွားခွေ့သေ။

ယထာဘူတ၊ နည်းအရ၊ ရှုကြယောဂီတွေ။
သိဒ္ဓိတန်ခိုး၊ နေ့စဉ်တိုး၊ ဖွံ့ဖြိုးကြပါစေ။
သာယာအေးချမ်း၊ ရေတွေ့ပန်း၊ လန်းဆန်းကြပါစေ၊

(ခံ-ဋ္ဌ-ပ-နှာ ၄၀၇)

ပန်းလှိုင် (၂၁)လမ်း၊ မလပုံနှိပ်တိုက်၊ ဦးစောသောင်းရွှေ မိသားစု
စေတနာဖြင့်ကူသိလ်။

ဗာဟိယ ဒါရုစီရိယမထေရ် ပရိနိဗ္ဗာန်ပြုခန်း

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ တရားတော်

မှတ်သားဘွယ် အကျဉ်းချုပ်

## ထင်းချောင်းသက်နှ်း ဆင်မြန်းယင်းသိ စဉ်းစားမိ

ဤ တရားဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန် ကျောင်းတော်၌ နေတော်မူစဉ် ဒါရုစီရိယမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

တခုသောအခါ များစွာသော လူတို့သည် လှေဖြင့် သမုဒ္ဒရာသို့ သွားသည် ရှိသော် သမုဒ္ဒရာထဲ၌ လှေပျက်သည် ရှိသော် ငါး၊ လိပ် တို့၏ အစာဖြစ်ကုန်၏။ တယောက်တည်းသာ ပျဉ်ပြားတခုကိုရ၍ တွယ်ပြီး ကူးခဲ့ရာ သုပ္ပါရက ဆိပ်ကမ်းသို့ ရောက်လေ၏။ ထိုသူမှာ အဝတ်ရော အရုံပါ မရှိတော့ပြီ။ ထိုသူသည် ဘာမျှ ဝတ်စရာ ရုံစရာ ရှာမရ၍ ခြောက်သော ထင်းချောင်းတို့ကို လျှော်ကြိုးဖြင့် သီကုံး၍ အဝတ် အရုံလုပ်ပြီး နတ်စင်မှ တခုသောခွက်ကိုယူ၍ လာခဲ့ရာ သုပ္ပါရကသဘော်ာဆိပ်သို့ ရောက်၏။ လူတို့သည် ထိုသူကို မြင်ကြ၍ ယာဂု၊ ထမင်း စသည်တို့ကို ပေး၍ "ဤပုဂ္ဂိုလ်ကြီးသည် ရဟန္တာကြီး တပါးတည်း"ဟု ချီးမွမ်းကြကုန်၏။ အဝတ်တွေ အရုံတွေ အများက ပေးကြသော်လည်း ငါသည် ဒီအဝတ်အရုံတွေကို ဝတ်ရုံလိုက်လျှင်လာဘ်ပူဇော်သက္ကာယတွေ ယုတ်လျော့သွားလိမ့်မည်ဟု စိတ်ကူးမိ၍ ထိုပုဂ္ဂိုလ်ကြီးသည် မယူဘဲ ထင်းချောင်း သက်နှ်းကိုပင် ဝတ်ဆင်ထားလေ၏။ များစွာသော လူတို့ကလည်း "ရဟန္တာကြီးတည်း၊ ရဟန္တာကြီးတည်း"ဟု ပြောဆိုကြသည်ဖြစ်၍ သူ စဉ်းစားပြန်၏။

## တညဥ့်အားထုတ် အဟုတ်ဖြစ်လာ ရဟန္တာ

စဉ်းစားပုံမှာ လောက၌ ရဟန္တာတို့သည် လည်းကောင်း၊ အရဟတ္တမဂ်သို့ ရောက်သောသူတို့သည် လည်းကောင်း ရှိကြ၏။ ငါသည် ထိုသူတို့တွင် တယောက်ပါတည်း။ ဤသို့ ဖြစ်၏။ ထိုအခါ ထိုပုဂ္ဂိုလ်၏ ရှေးအခါက အတူတကွ ရဟန်းတရားအားထုတ်ဖက် နတ်က ဤသို့ကြံ၏။ ရှေးအခါက ကဿပ မြတ်စွာဘုရား၏ သာသနာတော် လျှောသက်ချိန်၌ သာမဏေ စသည်တို့၏ ဖောက်ပြန်ပုံကို မြင်၍ ခုနစ်ပါးသော ရဟန်းတို့သည် အလွန် ထိတ်လန့်ကုန်၍....

ယာဝ သာသနဿ အန္တရဓာနံ န ဟောတိ၊
တာဝ အတ္တနော ပတိဋ္ဌံ ကရိဿာမ။

အကြင်မျှလောက် သာသနာ မကွယ်သေး၊ ထိုမျှလောက် မိမိ၏အားကိုးရာ ဆောက်တည်ရာ ရအောင် ပြုကုန်အံ့ဟု သုဝဏ္ဏစေတီကို ရှိခိုး၍ တောသို့ ဝင်ကုန်လျက် တခုသော တောင်ကို မြင်၍ "မိမိ၏အသက်ဝိညာဉ်၌ တွယ်တာ ငဲ့ကွက်မှုရှိတဲ့ ပုဂ္ဂိုလ် ပြန်ကြ၊ မရှိကုန်သော် ဤတောင်ပေါ်သို့ တက်ကြကုန်လော့"ဟု ဆို၍ လှေကားကြီးလုပ်၍ အပေါ်တက်ပြီး တောင်ထိပ်သို့ ရောက်သည့်အခါ လှေကားကို တွန်းချလိုက်ပြီး တရား အားထုတ်ကြကုန်၏။ ထို ခုနစ်ပါးတွင် သံဃာ့ထေရ် (အကြီးဆုံးကိုယ်တော်)သည် တညဥ့် လွန်ရုံဖြင့် ရဟန္တာ ဖြစ်သွား၏။

## ရဟန်းငါးပါး မစားဟုသာ လွန်တင်းမာ

ထို သံဃာ့ထေရ်ကြီးသည် အနောတတ်အိုင်၌ ဆင်သမန္တယ် ဒန်ပူကို ခဲစား၍ မြောက်ကျွန်းမှ ဆွမ်းကို ခံယူပြီး ကြွင်း ရဟန်းခြောက်ပါးတို့ကို "ငါ့ရှင်တို့၊ ဤဒန်ပူကို ခဲစားပြီး မျက်နှာသစ်၍ ဤဆွမ်းကို ဘုဉ်းပေးကြပါလော့" ဟု မိန့်၏။ "အရှင်ဘုရား၊ အကြင်ရဟန်းသည် ရှေးဦးစွာ ရဟန္တာအဖြစ်သို့ ရောက်၏၊ ထိုရဟန်း ဆောင်ယူအပ်သော ဆွမ်းကို ကျန်ရဟန်းတို့ ဘုဉ်းပေးကြကုန်အံ့ ဟု တပည့်တော်တို့ ကတိကဝတ် ပြုထားကြပါသလား ဘုရား" ဟု ပြန်လျှောက်ကြ၏။ မထေရ်ကြီးက "ငါ့ရှင်တို့၊ ဤသို့ ကတိကဝတ် မပြုထားကြပါ" ဟု မိန့်သောအခါ "ဒါဖြင့်ရင် တပည့်တော်တို့လဲ အရှင်ဘုရားကဲ့သို့

တရားထူးကို ဖြစ်စေကြကုန်အံ့။ ကိုယ်တိုင် ဆွမ်းခံ၍ ဘုဉ်းပေးကြကုန်အံ့" ဟု လျှောက်၍ မထေရ်ကြီး ဆောင်ယူလာသော ဆွမ်းကို လက်မခံကြကုန်။

ဒုတိယနေ့၌ ဒုတိယထေရ် အနာဂါမိဖိုလ်သို့ ရောက်လေသည်။ ထို ဒုတိယမထေရ်လည်း မထေရ်ကြီးနည်းတူ ဆွမ်းကို ဆောင်ယူပြီး ကျန် ရဟန်း ငါးပါးတို့ကို ဖိတ်မန်ပြန်သည်။ ကျန် ရဟန်းငါးပါးတို့က "အရှင်ဘုရား၊ မထေရ်ကြီး ဆောင်ယူခဲ့သော ဆွမ်းကို မဘုဉ်းပေးဘဲ အနုထေရ် ဆောင်ယူခဲ့ သော ဆွမ်းကို ဘုဉ်းပေးကုန်အံ့ဟု တပည့်တော်တို့ ကတိကဝတ် ပြုထားကြ ပါသလားဘုရား" ဟု ပြန်လျှောက်ကြသည်။ အနုထေရ်က "ငါ့ရှင်တို့၊ ဤသို့ ကတိကဝတ် ပြုမထားကြပါ" ဟု မိန့်သောအခါ "ဒီလိုဖြစ်ယင် တပည့်တော် တို့လဲ အရှင်ဘုရားတို့ကဲ့သို့ တရားထူး ရအောင် အားထုတ်၍ မိမိ လုံ့လဝီရိယ၊ မိမိ အစွမ်းသတ္တိဖြင့် ဘုဉ်းပေးနိုင်ယင် ဘုဉ်းပေးကြကုန်အံ့" ဟု လျှောက်ပြီး အနုထေရ် ယူဆောင်လာသော ဆွမ်းကိုလည်း လက်မခံကြကုန်။

## ဘာဝနာအလုပ် အားထုတ်ရပွား အကျိုးများ

ထိုရဟန်း ခုနစ်ပါးတို့တွင် ရဟန္တာဖြစ်သွားသော ရဟန်းသည် ပရိ နိဗ္ဗာန် ပြုသွားပြီ။ အနာဂါမ်ဖြစ်သော ဒုတိယမထေရ်သည်လည်း သေ၍ ဗြဟ္မာ့ဘုံ၌ ဖြစ်သွားပြီ။ ကြွင်းမထေရ်ငါးပါးတို့သည် တရားထူးကို ဖြစ်စေ ခြင်းငှာ မစွမ်းနိုင်ကုန်၍ ခြောက်ခန်းပြီး အစာမစားရသော ခုနစ်ရက်မြောက် နေ့၌ သေပြီး၊ သေပြီး နတ်ပြည်၌ ဖြစ်၏။ ယခု ဂေါတမ မြတ်စွာဘုရား လက်ထက်ကျမှ နတ်ပြည်မှ စုတေပြီး ထိုထိုဘုံ ထိုထိုဌာနတို့၌ ဖြစ်ကုန်၏။ ထို ငါးပါးတို့တွင်....

(၁) ပထမ တပါးသည် ပက္ကုသာတိမင်း ဖြစ်၏။

(၂) ဒုတိယ တပါးသည် ကုမာရကဿပ ဖြစ်၏။

(၃) တတိယ တပါးသည် ဒါရုစီရိယ ဖြစ်၏။

(၄) စတုတ္ထ တပါးသည် ဒဗ္ဗမလ္လပုတ္တ ဖြစ်၏။

(၅) ပဉ္စမ တပါးသည် သဘိယ ပရိဗိုဇ် ဖြစ်၏။

**မှတ်ချက်**။ ။ဗြဟ္မာ့ပြည်၌ဖြစ်သော (အနာဂါမ်၊ ဒုတိယမထေရ်)ကို ရည်ရွယ်၍ ပုရာဏ သာလောဟိတ ဒေဝတာ ဟု ဆို၏။

## အရဟတ္တဖိုလ်ဉာဏ် ရရန်အတွက် ဟောကြားချက်

ဗြဟ္မာမင်းကြီးသည် ဤသို့ စဉ်းစား၏။ ဤဒါရုစီရိယသည် ငါနှင့်အတူ တချိန်က လှေကားဖက် တောင်ပေါ်တက် အတူတရားအားထုတ်ခဲ့ဘူး၏။ ယခု မဟုတ်သည့်အယူကို ယူ၍ လှည့်လည်နေ၏။ ပျက်စီးတော့မည်။ နစ်နာလှ၏။ သူ့ကို ထိတ်လန့်စေအံ့။ ထိုအခါ ဗြဟ္မာမင်းသည် ဒါရုစီရိယသို့ ကပ်၍ ဤသို့ ဆို၏။ "ဗာဟိယဒါရုစီရိယ၊ သင်သည် ရဟန္တာမဟုတ်။ အရဟတ္တမဂ်သို့ ရောက်သူလည်း မဟုတ်" ထိုအခါ ဗာဟိယဒါရုစီရိယသည် ကောင်းကင်၌ တည်လျက် ပြောဆိုနေသော မဟာဗြဟ္မာမင်းကြီးကို ကြည့်၍ ကြံမိ၏၊ အလွန် ဝန်လေးသောအမှုကို ငါကြံမိ၏။ ငါကား အမှန် ရဟန္တာမဟုတ်။ ဤဗြဟ္မာ မင်းကြီးသည် ငါ့ကို သင် ရဟန္တာမဟုတ်ဟု လည်းကောင်း၊ သင် အရဟတ္တ မဂ်သို့ မရောက်ဟုလည်းကောင်း ဆိုဘိ၏။ လောက၌ တပါးသော ရဟန္တာ ရှိသေးသလောဟု ကြံ၍ ဤသို့ မေး၏။ "အို .. အရှင်နတ်မင်း၊ လောက၌ ယခု အခါ ရဟန္တာသည်လည်းကောင်း၊ အရဟတ္တမဂ်ရသောသူသည် လည်းကောင်း ရှိပါသေးသလော" ဗြဟ္မာမင်းကြီးက ပြန်ပြော၏။

> အတ္ထိ ဗာဟိယ ဥတ္တရေသု ဇနပဒေသု သာဝတ္ထိ နာမ နဂရံ၊ တတ္ထ သော ဘဂဝါ ဧတရဟိ ဝိဟရတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ သော ဟိ ဗာဟိယ ဘဂဝါ အရဟာ စေဝ အရဟတ္တာယ စ ဓမ္မံ ဒေသေတိ။

ဗာဟိယ၊ ဗာဟိယဒါရုစီရိယ။ ဥတ္တရေသု၊ ဥတ္တရအမည်ရှိကုန်သော၊ ဇနပဒေသု၊ ဇနပုဒ်တို့၌။ သာဝတ္ထိနာမ၊ သာဝတ္ထိ အမည်ရှိသော။ နဂရံ၊ မြို့သည်၊ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုမြို့၌။ အရဟံ၊ သံသရာစက်အကန့်ကို ဖျက်ဆီး တော်မူပြီးထသော။ သမ္မာသမ္ဗုဒ္ဓေါ၊ ဥ ယျာဉ် ါတန် တရားမှန်ကို ကိုယ်ပိုင် ဉာဏ်ဖြင့်သိတော်မူပြီးထသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဧတရ ဟိ၊ ယခုအခါ၌။ ဝိဟရတိ၊ နေတော်မူ၏။ ဟိ၊ မှန်၏။ ဗာဟိယ၊ ဗာဟိယ ဒါရုစီရိယ။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ အရဟာစေဝ၊ အရဟတ္တ ဖိုလ်ဉာဏ် ရသည်လည်း၊ ဟောတိ၊ ဖြစ်၏။ အရဟတ္တာယ၊ အရဟတ္တ ဖိုလ်ဉာဏ် ရစေခြင်း အကျိုးငှာ ဓမ္မံ၊ တရားကိုလည်း။ ဒေသေတိ၊ ဟော ကြား၏။

## တရားဟောရန် တောင်းပန်တကယ် နှစ်ကြိမ်ပယ်

ဗာဟိယ ဒါရုစီရိယသည် ညဉ့်အတိုင်း ပြဟ္မာမင်းကြီး၏ စကားကို ကြားရ၍ ထိတ်လန့်သောစိတ် ရှိသည်ဖြစ်၍ ထိုခဏ၌သာလျှင် သုပ္ပါရကမြို့မှ ထွက်၍ တညဉ့်မျှနေပြီး သာဝတ္ထိမြို့သို့ ရောက်၏။ ယူဇနာနှစ်ထောင်ခရီးကို တညဉ့်တည်းဖြင့် ရောက်အောင် သွား၏။ တရားကျင့်ဘက်ဟောင်း ပြဟ္မာမင်းကြီး၏ တန်ခိုးအကူအညီကြောင့် ဤသို့ ရောက်၏။ ဘုရားရှင်၏ တန်ခိုးတော်ကြောင့် ဤသို့ ရောက်၏ဟူ၍လည်း ဆိုကြ၏၊ ထိုခဏ၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှာ စင်၏။ ထို ဗာဟိယ ဒါရုစီရိယသည် လမ်းလျှောက် စင်္ကြံသွားနေသော ရဟန်းတို့ကို ဝင်ရောက် မေးလေ၏။ ဆွမ်းခံကြွကြောင်း သိပြီ။ ရဟန်းများက နေရာပေး၍ ခေတ္တခဏ အပန်းဖြေပါဦးဟု ပြောရာ မြတ်စွာဘုရားကို ဖူးမြော်ရန်သာ လာခဲ့ပါ၏ဟု ပြောဆိုယင်း ဆွမ်းခံကြွရာ သာဝတ္ထိမြို့ထဲသို့ လိုက်သွား၏။ ဖူးမြင်ရ၏။ အလွန်ကြည်ညိုဖွယ် ရှိသည်ကို ဖူးတွေ့ရ၏။ ငါးပါးသော တည်ခြင်းဖြင့် ရှိခိုးပြီး....

(၁) ဒေသေတု မေ ဘန္တေ ဘဂဝါ ဓမ္မံ၊

(၂) ဒေသေတု သုဂတော ဓမ္မံ၊

(၃) ယံ မမဿ ဒီဃရတ္တံ ဟိတာယ သုခါယ။

ဤသို့ လျှောက်ခဲ့သော် ''ဗာဟိယ၊ ယခု အခါမဟုတ်သေးပါ၊ ဆွမ်းအလို့ငှာ ရွာတွင်း၌ ဝင်ကုန်၏''ဟု ပယ်၏။ ထိုစကားကိုကြား၍ ဗာဟိယသည် ''အရှင်ဘုရား၊ သံသရာ၌ ကျင်လည်သဖြင့် ကဗဠီကာရဟာရကို မရဘူး မဟုတ်၊ ရဘူးသည်သာ။ သင်တို့ ငါတို့၏ အသက်အန္တရာယ်ကို မသိပါ။ ငါ့အား တရားဟောတော်မူပါလော့'' မြတ်စွာဘုရားသည် နှစ်ကြိမ်မြောက် ပယ်ပြန်သည်၊

## သပိတ်သက်နီး ဆင်မြန်းရန်အထူး ရှာလေဦး

ဘုရားရှင်အား ဤ ဗာဟိယသည် ငါ့ကို မြင်သောအခါမှ စ၍ တကိုယ်လုံး ပီတိဖြင့် မပြတ်လွှမ်းမိုး၏။ အလွန်အားကြီးသော ပီတိဟုန် ရှိသည်ဖြစ်၍ တရားနာရသော်လည်း သိခြင်းငှာ မစွမ်းနိုင်လတ္တံ့။ မဇ္ဈတ္တုပေက္ခာ၌

တည်ပါစေဦးဟူ၍ လည်းကောင်း၊ တည့်ဥ္စတည်းဖြင့် ယူဇနာနှစ်ထောင် ခရီးကို လာရသည်အဖြစ်ကြောင့် အလွန် ပင်ပန်းနေ၏။ ထိုပင်ပန်းမှု ငြိမ်းပါစေဦးဟူ၍ လည်းကောင်း အကြံဖြစ်၏။ ထို့ကြောင့် နှစ်ကြိမ်တိုင်တိုင် တောင်းပန်မှုကို ပယ်ခဲ့၏။ ဤသို့ နှစ်ကြိမ်ပယ်ပြီး သုံးကြိမ်မြောက် တောင်းပန်ပါ၍ လမ်းအကြား၌ ရပ်လျက်ပင် "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ" စသည်ဖြင့် တရားဟော၏။ ထိုဗာဟိယသည် ဘုရားတရားနာယင်း ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်၏။ထိုခဏ၌ပင် ရဟန်းအဖြစ် တောင်းပန်၏။ "ပရိပုဏ္ဏံ တေ ပတ္တစီဝရံ"ဟု မေးသော် "မပြည့်သေး"ဟု လျှောက်၏။ "မပြည့်သေးလျှင် ရှာဦး"ဟု ဆိုပြီး ကြွသွားလေ၏။

## ဘုရားဟောကြား နည်းများစွာမှ မဂ်ဖိုလ်ရ

ဗာဟိယသည် အနှစ်နှစ်သောင်း ကာလပတ်လုံး ရဟန်း ဖြစ်ခဲ့၏။ ရဟန်းတို့မည်သည် ပစ္စည်းလေးပါးတို့ကို ရသည့်အခါ တပါးသူကို မကြည့်ဘဲ ကိုယ်တိုင်သုံးခြင်းသာ သင့်၏ဟု ကြံ၍ ရဟန်းတပါးကို သော်လည်း သပိတ် သင်္ကန်းဖြင့်လည်း မချီးမြှင့်ဘူး။ ထို့ကြောင့် ဣဒ္ဓိမယ ပတ္တ စီဝရ မဖြစ်လတ္တံ့ဟု သိ၍ ဗောဓိကျွ အဖြစ်ဖြင့် ရဟန်းမပြုပေး။ ထို့ကြောင့် သပိတ် သင်္ကန်း သွားရှာနေတုန်း ဘီလူးမက နွားယောင်ဆောင်၍ ပြေးလာကာ ရင်ဘတ်သို့ ပြေးဝှေ့ပြီး အသက်ကုန်စေလိုက်၏။ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးပြီး များစွာသော ရဟန်းတို့နှင့်တကွ ပြန်ကြွလာသည်ရှိသော် ဗာဟိယ၏ အလောင်း အမှိုက်ပုံ၌ လဲကျနေသည်ကို တွေ့၍ ရဟန်းတို့အား ဗာဟိယ၏ အလောင်းကို မြို့ပြင်ထုတ် မီးသင်္ဂြိုဟ်ပြီး အရိုးကို စေတီတည်ရန် မိန့်၏။ ထိုအတိုင်း ဆောင်ရွက်ကြကုန်၏။ ရဟန်းများ မေးလျှောက်၍ ဤသို့ ဟော၏။

> တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ခိပ္ပာဘိညာနံ ယဒိဒံ ဗာဟိယော ဒါရုစီရိယော။

ဤသို့ တေဒဂ် ထားတော်မူ၏။ "အရှင်ဘုရား၊ ဗာဟိယသည် ဘယ်အခါ၌ ရဟန္တာ ဖြစ်ပါသနည်း"ဟု မေး၏။ "ငါဘုရား၏ တရားတော်ကို နာကြားရသောအခါ၌ ရဟန္တာ ဖြစ်၏"။ "အဘယ်အခါ၌ တရားဟောပါသနည်း"။ "ယခု လမ်းအကြား၌ ဆွမ်းခံကြွယင်းတည်း"။ "လမ်းအကြား၌

အနည်းငယ်သော တရားကိုသာ ဟောသည် မဟုတ်လော။ ဗာဟိယသည် အဘယ်သို့လျှင် ဓမ္မဝိသေသကို ဖြစ်စေနိုင်ပါသနည်း”။ဘုရားရှင် မိန့်ကြားချက်မှာ....

ကိံ ဘိက္ခဝေ မမ ဓမ္မံ အပ္ပံ ဝါ ဗဟုံ ဝါတိ မာ ပမာဏံ ဂဏှထ၊ အနေကာနိပိ ဟိ ဂါထာသဟဿာနိ အနတ္ထနိဿိတာနိ န သေယျော၊ အတ္ထနိဿိတံ ပန ဧကမ္ပိ ဂါထာပဒံ သေယျော။

၁၃၃၃-ခုနှစ်၊ တော်သလင်းလဆန်း (၈)ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်း ဆရာတော် ဦးဇောတိပါလ

## ဟောကြားအပ်သော

ခိုးသားငါးရာ ရဟန္တာဖြစ်ခန်း
သံကိစ္စသာမညော ဝတ္ထု

## "ယနေ့ ဒေသနာဖြင့် အဖြေရှာကြရန်"

(မေး) ပစ္ဆိမဘဝိကပုဂ္ဂိုလ်ဟူသည် အဘယ်နည်း။ ယင်းပုဂ္ဂိုလ်သည် သူတပါး၏ သတ်ဖြတ်မှုဖြင့် သေနိုင်, မသေနိုင်။

(မေး) ပစ္ဆိမဘဝိက ပုဂ္ဂိုလ်သည် ဤဘဝမှာ ရဟန္တာ မုချ ဖြစ်နိုင်, မဖြစ်နိုင်။ သူသည် ရဟန္တာမဖြစ်ဘဲ သေနိုင်ခွင့် ရှိ, မရှိ။

(မေး) အဘယ်သို့ဖြစ်သည်ကို ချာန်ဝင်စားသည်ဟု ခေါ်ပါသနည်း။ ထိုချာန်ဝင်စားနေသော ပုဂ္ဂိုလ်ကို တောင်ပိလို့သေသည်ဟု ဆိုက မှန်, မမှန်။

(မေး) ဘယ်လိုပုဂ္ဂိုလ်မျိုးကို ရဟန္တာဟု ခေါ်ပါသနည်း။ ရဟန္တာ ဟုတ်, မဟုတ် စမ်းသပ်နည်း အတိအကျ ရှိ, မရှိ။

(မေး) က/ရန်သူကို မိတ်ဆွေဖြစ်အောင်၊ ခ/မိတ်ဆွေကို တပည့်ဖြစ်အောင်လုပ်တဲ့ အကောင်းဆုံးနည်း ရှိ, မရှိ။

ဤသည့်တရား၊ မှတ်နာကြား၊ ကြိုးစားကြပါလေ။
ပြဿနာ၁ပင်း၊ အကုန်လင်း၊ ဖြေရှင်းနိုင်ပါစေ။

( မ်-၄-ပ-နာ-၄၂၅ )

ပန်းလှိုင် (၂၁) လမ်း၊ ဗလ ဦးသောင်းရွှေ-မိသားစု၏ ဓမ္မဒါန ကုသိုလ်၊

## ခိုးသားငါးရာ ရဟန္တာဖြစ်ခန်း သံကိစ္စသာမဏေ ဝတ္ထု

## မှတ်သားဘွယ် အကျဉ်းချုပ်

### ရဟန်းကိစ္စ ပြီးကြငြိမ်းမည် ဘေးဖြစ်မည်

ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌နေစဉ် သံကိစ္စသာမဏေကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ အမျိုးသား ၃၀ တို့သည် မြတ်စွာဘုရားထံ၌ တရားနာ၍ သာသနာတော်၌ ချဉ်းကပ် ရဟန်းပြုကုန်၏။ ငါးဝါအရ မြတ်စွာဘုရားထံကပ်၍ "အရှင်ဘုရား၊ တပည့်တော်တို့သည် အရွယ်လွန် အသက်ကြီးမှ ရဟန်းဖြစ်လာပါ၍ ဂန္ထဓုရ၊ ဝိပဿနာဓုရ ဟူသော ဓုရနှစ်ပါးမှာ ဝိပဿနာဓုရကိုသာ အားထုတ်လိုကြပါကုန်၏။ နိဗ္ဗာန်ပေါက် ကမ္မဋ္ဌာန်းများ ပေးတော်မူပါ"ဟု ကမ္မဋ္ဌာန်းတောင်းပြီး တောသို့သွားနေရန် ပန်ကြားကုန်၏။ မြတ်စွာဘုရားက မေး၍ "ဤမည်သောအရပ်မှာ နေပါမည်" ဟု လျှောက်၏။ ဤသို့ မြတ်စွာဘုရားသည် သိထားတော်မူ၏။

တတ္ထ တေသံ ဇာတံ ဝိဃာသာဒံ နိဿာယ ဘယံ ဥပ္ပဇ္ဇိဿတိ၊ တဒ္ဓ ပန သံကိစ္စသာမဏေရေ ဂတေ ဝူပသမိဿတိ၊ အထ နေသံ ပဗ္ဗဇိတကိစ္စံ ပါရိပူရိံ ဂမိဿတိ။

တတ္ထ၊ ထိုအရပ်၌။ တေသံ၊ ထိုရဟန်း သုံးဆယ်တို့အား။ ဇာတံ၊ တယောက်သော။ ဝိဃာသာဒံ၊ စားကြွင်းစားသူကို။ နိဿာယ၊ အမှီပြု၍။ ဘယံ၊ ဘေးသည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။ ပန၊ အထူးကား။ တဒ္ဓ၊ ထိုဘေးသည်လည်း။ သံကိစ္စသာမဏေရေ၊ သံကိစ္စသာမဏေသည်။ ဂတေ၊ သွားသည်ရှိသော်။ ဝူပသမိဿတိ၊ ငြိမ်းအေးလတ္တံ့။ အထ၊ ထိုအခါ၌။ နေသံ၊ ထိုရဟန်း အပေါင်းသုံးဆယ်တို့၏။ ပဗ္ဗဇိတကိစ္စံ၊ ရဟန်းကိစ္စသည်။ ပါရိပူရိံ၊ ပြည့်စုံခြင်းသို့။ ဂမိဿတိ၊ ရောက်လတ္တံ့။

## ပစ္ဆိမဘဝိက ဖြစ်ကသေချာ ရဟန္တာ

သံကိစ္စသာမဏေသည် အရှင်သာရိပုတ္တရာ၏ တပည့်တည်း။ ခုနစ်နှစ်သာ ရှိသေး၏။ ယင်း ခုနစ်နှစ်သား ရှင်သံကိစ္စ၏ မိခင်သည် သာဝတ္ထိပြည် သဌေးတဦး၏ သမီးတည်း။ ထိုမိခင်သည် သန္ဓေလွယ်ထားရစဉ် ရောဂါတခုဖြင့် တခဏချင်း သေသွား၏။ မီးသဂြိုဟ်သော် သူငယ်ကျန်၍ အားလုံးလောင်သွား၏။ ယင်း သန္ဓေလုံးကို အသားတုံးမှတ်၍ ထင်းပုံပေါ်တင်ပြီး နှစ်နေရာ သုံးနေရာရွှေ့ပြီး ထပ်ရှို့ကြ၏။ တံစူးဝါးတို့ဖြင့်လည်း ထိုးကြကုန်၏။ ယင်းတံစူးဝါးဖျားသည် သူငယ်၏မျက်စိထောင့်စွန်းကို ထိုးမိသွား၏။ မီးကျီးခဲတို့ဖြင့် အုပ်၍ ပြန်သွားကြကုန်၏။ သားအိမ်သည် လောင်သွားပြီ။ မီးကျီးခဲများထက်၌ ရွှေဆင်းတုနှင့်တူသော သူငယ်သည် ပဒုမ္မာကြာတိုက်၌ လျောင်းသကဲ့သို့ ဖြစ်နေ၏။ သူကား ပစ္ဆိမဘဝိက (နောက်ဆုံးဘဝအနေ ဖြစ်လာသော)သတ္တဝါ ပါတည်း။ ပစ္ဆိမဘဝိက သတ္တဝါကို မြင့်မိုရ်တောင်ဖြင့် တက်ဖိ ကြိတ်သတ်သော်လည်း ရဟန္တာ မဖြစ်မချင်း မသေနိုင်။

> ပစ္ဆိမဘဝိကဿ သတ္တဿ ဟိ သိနေရုနာ ဩတ္ထရိယမာနဿပိ
> အရဟတ္တံ အပတွာ ဇီဝိတက္ခယော နာမ နတ္ထိ။

ပစ္ဆိမဘဝိကဿ၊ နောက်ဆုံးဘဝအနေဖြင့် 'ဖြစ်လာသော။ သတ္တဿ၊ သတ္တဝါကို။ သိနေရုနာ၊ မြင့်မိုရ်တောင်ဖြင့်။ ဩတ္ထရိယမာနဿပိ၊ တက်ဖိ ကြိတ်ချေပါသော်လည်း။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ အပတွာ၊ မရောက်ဘဲ။ ဇီဝိတက္ခယော နာမ၊ အသက်ကုန်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။

## ရဟန်းငါးရာ ဝန်းကာလှည့်လည် လွန်တင့်တယ်

နောက်တနေ့ မီးငြိမ်းရန် လာကြကုန်သည်ရှိသော် ထိုအတိုင်း လျောင်းနေသော သူငယ်ကိုမြင်၍ အံ့ဩဘနန်း ဖြစ်ကြကုန်လျက် ဤမျှလောက်သော ထင်းများ မီးလောင်၍ ကုန်သွားသော်လည်း သူငယ်မှာ မလောင်၊ ဘာများ ဖြစ်မလဲဟု သူငယ်ကိုချီ၍ ရွာတွင်းသို့ပြန်လာကြကာ နိမိတ်ဖတ် ပုဏ္ဏားပညာရှိတို့ ကို မေးကြကုန်၏။ ဤသို့ ဆိုကြကုန်၏။

> သစေ အယံ ဒါရကော အဂါရံ အဇ္ဈာဝသိဿတိ၊ ယာဝ သတ္တမာ ကုလပရိဝဋ္ဋာ ဉာတကာ ဒုဂ္ဂတာ ဘဝိဿန္တိ၊ သစေ ပဗ္ဗဇိဿတိ၊ ပဥ္စဟိ သမဏသတေဟိ ပရိဝုတော ဝိစရိဿတိ။

သစေ၊ အကယ်၍။ အယံ ဒါရကော၊ ဤသူငယ်သည်။ အဂါရံ၊ အိမ်၏ အလယ်၌။ အဇ္ဈာဝသိဿတိ၊ လွှမ်းမိုးအုပ်စိုး၍ နေခဲ့အံ့။ ယာဝသတ္တမာ ကုလ ပရိဝဋ္ဋာ၊ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်တိုင်အောင်။ ဒုဂ္ဂတာ၊ ဆင်းရဲခြင်းသို့ ရောက်ကြကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ သစေ၊ အကယ်၍။ ပဗ္ဗဇိဿတိ၊ ရဟန်းပြုအံ့။ ပဥ္စဟိ သမဏသတေဟိ၊ ရဟန်းငါးရာတို့သည်။ ပရိဝုတော၊ ခြံရံအပ်သည်ဖြစ်၍။ ဝိစရိဿတိ၊ လှည့်လည်ရလတ္တံ့။

## တစပဉ္စက ပျက်ကျရှုခါ ရဟန္တာ

တံစူးဝါးဖျားဖြင့် မျက်စိထောင့်စွန်းသို့ ထိုးမိသောကြောင့် (ထိုးမိရာ အမှတ်အသားရှိနေသောကြောင့်) သံကိစ္စဟု မှည့်ကြကုန်၏။ ထိုသူငယ်သည် နောင်အခါ သံကိစ္စသာမဏေဟု အလွန်ထင်ရှား၏။ ထိုအခါ ထိုသူငယ်ကို ဆွေမျိုးတို့သည် အရွယ်ရောက်သည့်အခါ အရှင်သာရိပုတ္တရာအထံ၌ ရှင်ပြု ပေးရန် အပ်နှံကြကုန်၏။ ထိုသူငယ် ခုနစ်နှစ် အရွယ်သို့ ရောက်သောအခါ "သင်သည် အမိဝမ်း၌ နေရစဉ် သင့်အမေ သေသွား၏၊ မီးရှို့သော်လည်း သင်ကား မလောင်"ဟု ကလေးအချင်းချင်းထံမှ ကြား၍ "ငါသည် ဤဘေးမှ လွတ်လို၏၊ လူ့ဘောင်၌ နေအံ့၊ ဘာ အကျိုးရှိအံ့နည်း၊ ရဟန်းပြုပါအံ့" ဟု ဆွေမျိုးတွေကို ပြောပြ၏။ ဆွေမျိုးများကလည်း ကောင်း၏ဟု ဆို၍ ရှင်ပြု ပေးရန် ထပ်မံ လျှောက်ထားကုန်၏။ ရှင်သာရိပုတ္တရာသည်လည်း တစပဉ္စက ကမ္မဋ္ဌာန်းကို သင်ပေးပြီး ရှင်ပြုပေး၏။ ထိုသံကိစ္စသတို့သားသည် ဆံရိတ်ခြင်း ကိစ္စ အဆုံး၌ပင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်၏။ ဘွဲ့တော်ကား သံကိစ္စသာမဏေတည်း။

## တော၌သာမဏေ ရှိနေကြောင်းကြ ဖြစ်ကတ်စွာ

မြတ်စွာဘုရားသည် သံကိစ္စသာမဏေ တောသို့သွားလျှင် ရဟန်းအပါး သုံးဆယ် သီတင်းသုံးကြသောတော၌ ရှိနေသောဘေးများ ငြိမ်းသွားလတ္တံ့၊

ထိုရဟန်းအပါးသုံးဆယ်တို့၏ ရဟန်းကိစ္စလည်း ပြီးလတ္တံ့ဟု သိ၍ "ရဟန်းတို့၊ သင်တို့၏ နောင်တော်ကြီးဖြစ်သော အရှင်သာရိပုတ္တရာထေရ်ကို ဖူးမြင်ပြီးမှ သွားကြကုန်" ဟု ဆို၏။ ထိုရဟန်းတို့သည် "ကောင်းပါပြီ"ဆိုပြီး အရှင်သာရိပုတ္တရာထံ သွား၍ "ဘာလဲ ငါ့ရှင်တို့" ဟု ဆိုသော် "တပည့်တော်တို့သည် မြတ်စွာဘုရား၏ထံ၌ ကမ္မဋ္ဌာန်းယူ၍ တောသို့သွားလိုကုန်သည်ဖြစ်၍ ပန်ကြားကုန်၏။ ထိုအခါ တပည့်တော်တို့အား မြတ်စွာဘုရားသည် သင်တို့၏ နောင်တော်ကြီး ရှင်သာရိပုတ္တရာကို ဖူးမြင်ပြီးမှ သွားကြကုန်လောဟု မိန့်၏။ ထို့ကြောင့် လာကြပါကုန်၏" ဟု လျှောက်၏။ ရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားသည် ဤရဟန်းတို့ကို တခုသောအကြောင်းကိုမြင်၍ လွှတ်တာ ဖြစ်ပေလိမ့်မည်၊ အကြောင်းကား အဘယ်နည်းဟု ဆင်ခြင်လိုက်သော် ထိုအကြောင်း သိ၍ "ငါ့ရှင်တို့၊ သာမဏေ ရှိပါသလား" ဟု မေး၏။ "မရှိပါ" ဟု ဖြေ၏။ "အကယ်၍ မရှိက သံကိစ္စသာမဏေကို ခေါ်၍ သွားလော့"ဟု ဆို၏။ "အရှင်ဘုရား၊ သာမဏေမလိုပါ၊ ယင်းသာမဏေကို အမှီပြု၍ ကြောင့်ကြမှုတွေ ရှိလာပါလိမ့်မည်၊ တော၌ သာမဏေ မလိုပါ"ဟု လျှောက်ကြ၏။

## ကျောင်းဒကာများ ဖွဲ့ထားလှည့်ကျ ဆောင်ရွက်ကြ

"ငါ့ရှင်တို့၊ မဟုတ်ပါ၊ ဤ သံကိစ္စသာမဏေကို အမှီပြု၍ သင်တို့မှာ ကြောင့်ကြမှု မရှိ၊ စင်စစ်မှာ သင်တို့ကိုမှီ၍ သကိစ္စသာမဏေအား ကြောင့်ကြမှု ဖြစ်လတ္တံ့။ မြတ်စွာဘုရားသည်လည်း သင်တို့ကို ငါ၏အထံသို့ လွှတ်ခြင်းသည် သင်တို့နှင့်တကွ သာမဏေအား ထည့်ပေးဘို့ တော်တပြီး လွှတ်ခြင်းဖြစ်၏။ဤသံကိစ္စသာမဏေကို ခေါ်သွားကြလော့" ခေါ်၍ သုံးဆယ့်တပါးတို့ ရှင်သာရိပုတ္တရာအား ပန်ကြား၍ ယူဇနာ နှစ်ထောင်ဝေးသော ခရီးသို့ လာခဲ့ကြရာ အိမ်ခြေ တထောင်ရှိ ရွာကြီးသို့ ရောက်ပြီ။ လူတို့သည် မြင်ကြ၍ ကြည်ညို ကာ ရှိသေစွာ လုပ်ကျွေးကုန်လျက် "အရှင်တို့ ဘယ်ကြွကြမှာလဲ" ဟု မေး လျှောက်၏။ "ဒါယကာတို့၊ ချမ်းသာရာ အရပ်သို့ သွားကုန်အံ့"ဟု မိန့်၏။ ရှိသေ တုပ်ဝပ်လျက် "ဤအရပ်၌ ဝါဘုပ်တော်မူကြပါ၊ ငါးပါးသီလ ခံယူ ခြင်း၊ ဥပုသ်စောင့်သုံးခြင်း ပြုကုန်အံ့"ဟု တောင်းပန်ကုန်၏။ မထေရ်တို့သည် လည်း သည်းခံကုန်၏။ ထိုမထေရ်တို့အား လူတို့သည် နေ့သန့်ရာ ညဉ့်သန့်ရာ စင်္ကြံ သစ်ရွက်မိုး ကျောင်းသေးများကို စီရင်ကြကုန်၏။ ယခေ့ ဘယ်သူတော့၊ နက်ဖြန် ဘယ်သူတွေဟု တာဝန်ပေးပြီး နေ့စဉ် လာရောက် ဝတ်ပြုကြကုန်၏။

## မြတ်သူတို့အား မခြားမြတ်သူ ထိုက်တော်မူ

မထေရ်တို့သည် ဝါဆိုသောနေ့၌ ကတိကဝတ် ပြုကြကုန်၏။ "ငါ့ရှင်တို့၊ ငါတို့သည် ဘုရားထံ၌ ကမ္မဋ္ဌာန်း ယူခဲ့၏။ ငါတို့အတွက် အပါယ်တံခါး အမြဲ ပွင့်နေ၏။ ထို့ကြောင့် နံနက်ပိုင်း ဆွမ်းခံချိန်နှင့် ညဉ့်ပိုင်း မထေရ်ကြီးထံ ဩဝါဒ ခံယူချိန်တို့ကို ချန်၍ ကြွင်းသောအချိန်မှာ နှစ်ပါးဆုံခွင့် မရှိစေရ။ မကျန်းမာလျှင် ခေါင်းလောင်းထိုးပါ၊ လာ၍ ပြုစုကုန်အံ့၊ နေ့ညဉ့်ပါ မမေ့ မလျော့ ကမ္မဋ္ဌာန်း အားထုတ်ကုန်အံ့"ဟု ဖြစ်သည်။ ထိုသို့ အားထုတ်နေကြစဉ် ရဟန်းတော်များထံ မှီခိုနေသော တယောက်သောလူသည် ရဟန်းတို့အား မပန်ကြားဘဲ ပြန်သွားလေ၏။ သူ၏ သွားရာလမ်း၌ တခုသောတောအုပ် ရှိ၏။ ငါးရာသော ခိုးသူတို့သည်လည်း နတ်ကြီး ပူဇော်ရာ ခုနစ်ရက်မြောက် လူ၏အသားအသွေးဖြင့် ပူဇော်ရန် အဆင်သင့်နေ၏။ သူ့ အား ဖမ်း၍ တုပ်ထားပြီ။ သူလည်း ရိပ်မိသွားပြီ။ အမျိုးမျိုး စဉ်းစားပြီး ဤသို့ ပြော၏။

(၁) "အရှင် (ခိုးသူကြီး)တို့၊ အကျွန်ုပ်သည် ကျောင်း၌ ဆွမ်းကျန်ဟင်းကျန် စားရသည့် သံဃာ့ စားကြွင်းစားရသည့် ယုတ်နိမ့်သော သူပါတည်း"

(၂) "အရှင် ဘုရားသား ရဟန်းတော်တို့သည်ကား မင်းမျိုး မင်းနွယ် မင်းသား အမျိုးမြတ်သူတို့ပါတည်း"

(၃) "ဤမည်သော အရပ်၌ သုံးဆယ့်တပါး နေကြပါကုန်၏။ ယင်းအမျိုးမြတ်သူတို့ကို ပူဇော်မှ နှစ်သက်ကြမှာပါ။ မြတ်သောအကျိုးကို ပေးမှာလဲ သေချာပါသည်"

(၄) "အလိုရှိလျှင် မဝေးပါ။ ကျွန်ုပ်ကိုယ်တိုင် လိုက်ပြပေးပါမည်။ အလွန် သင့်မြတ်ပါသည်။ မြတ်သော ပုဂ္ဂိုလ်တို့အတွက် မြတ်သောသူတို့၏ အသား အသွေးများနှင့်သာ လျော်ကပ်ပါသည်။

## ယင်နတ်ကောင်ရေ ပူဇော်လိုကြ တပါးကြွ

ခိုးသူများ ဆတောကျသွားပြီ။ ပို၍ သင့်တော်သည်ဟု လက်ခံ အတည်ပြုကြပြီ။ မထေရ်မြတ်များအား သတ်ဖြတ်၊ လည်ချောင်းသွေးနှင့်တကွ အသား

များကိုပါ ယဇ်ပူဇော်ကြရန် ခိုးသူကြီးများကို ဦးဆောင်ကာ လမ်းပြ လိုက်ပါလာသေပြီ။ ရောက်သော်လည်း ကျောင်း၏အလယ်၌ မထေရ်များကို တပါးမျှ မတွေ့ကြရ။ ထို့ကြောင့် ခိုးသူကြီးက လှည့်ပတ် ခေါ်လာသလောဟု ငေါက်လျက် မေးလေ၏။ ဤ၌ နှစ်လကျော် နေသွားသူ ဖြစ်သည့် အလျောက် ကတိကဝတ်ရှိကြောင်း၊ ခေါင်းလောင်းထိုးမှ လာကြကြောင်း ပြောပြ။ ခိုးသူကြီးသည် ခေါင်းလောင်းကို ထိုးလိုက်ရာ ရဟန်းတို့သည် ဤတော ထိုတော၊ ဤတောင် ထိုတောင်၊ ဤမြောင် ထိုမြောင် စသည်မှ အလျှို အလျှို တဖြည်းဖြည်း ရောက်သာကြ။ မကြာမီ ကျောင်း၏ အလယ် ကျောက်ဖျာကြီးပေါ်သို့ ထေရ်စဉ် ဝါလိုက် ထိုင်ကြပြီ။ သံဃာ့ထေရ်က ခိုးသူကြီးအား မေးပြီ။ ခိုးသူကြီးသည်လည်း မိမိတို့ ယဇ်ပူဇော်လိုကြောင်း၊ ရဟန်းတပါး လိုချင်ကြောင်း၊ လျှောက်လေ၏။

## သမဂ္ဂချင်း ချစ်ခြင်းမေတ္တာ ကြီးမားစွာ

သံဃာ့မထေရ်ကြီးက အန္တရာယ်တော့ ရှိလာပြီ။ မထေရ်ကြီး၏ တာဝန်ဖြစ်သည်။ မထေရ်ကြီးကိုယ်တိုင် လိုက်ခွင့်ပြုဘို့ တောင်း ဆို ပါ သည်။ မိမိ အသက်ကို သံဃာအား လှူပါရစေ။ သံဃာတော်များအား အေးအေး ဆေး ဆေး သာသနာပြုကြပါ။ မမေ့မလျော့ တရားသာ အားထုတ်ကြပါ။ ယခု ခိုးသူကြီးများနှင့် ယဇ်နတ်အပူဇော်ခံရန် လိုက်သွားပါတော့မည်ဟုမိန့်လိုက်ရာ သူ လိုက်မည်၊ ငါ လိုက်မည်၊ သံဃာအား အသက်ကို သူ လှူပါရစေ၊ ငါ လှူပါရစေဖြင့် အားလုံး လုပြီး ပြောကြ၊ တောင်းဆိုကြ၏။ သုံးဆယ်လုံး အသက်စွန့်လှူ လည်အဖြတ်ခံဘို့ ဖြစ်နေ၏။ ယင်း အပါးသုံးဆယ်တို့သည် တမိတည်း တဘတည်း၏သား တပါးမျှ မပါကြ။ တမိစီ တဘစီသာ ဖြစ်ကြကုန်၏။ ရာဂ ကင်းသူများလည်း မဟုတ်ကြ။ သို့သော် ကျန်ရှိသူတို့အလို့ငှာ အစဉ့်အတိုင်း အသက်ကို စွန့်ကြခြင်းသာ ဖြစ်ကုန်၏။ ထို သုံးဆယ်တို့တွင် တဦးမျှ သင်သွားလော့ဟု မဆိုကြ။ ဆိုစွမ်းနိုင်သူ မရှိ။ အချင်းချင်းအပေါ် စေတနာ မေတ္တာ ကြီးကြ၏။ အသတ်ခံပြီး အသွေးအသားတို့ကို ပူဇော်လတ္တံ့ဟု မသိ မဟုတ်ကြ။ သိရဲ့ အများအတွက် အသက်စွန့်မည် ဆုံးဖြတ် ကူညီခြင်းဖြစ်၏။

## သန်လျက်ဆွဲထုတ် ခုတ်တော့မည်ရည် ကပ်လိုက်ပြီ

သံကိစ္စသာမဏေသည် ထိုရဟန်းတို့၏ စကားကို ကြား၍ "အရှင်ဘုရားတို့၊ သင်တို့သည် သည်းခံတော်မူကြပါ။ တပည့်တော်သည် အရှင်ဘုရားတို့အား အသက်ကို စွန့်လှူပါရစေ။ လိုက်သွားပါအံ့"ဟု လျှောက်၏။ ထိုရဟန်းတို့သည် ဤသို့ ဆို၏။ "ငါ့ရှင် မလိုက်ရ၊ တပါး တပါး ဘယ်သူမှ မလိုက်ရ။ အားလုံး တပေါင်းတည်း အသေခံကြကုန်အံ့။ ငါ့ရှင်၊ သင်သည် အရှင်သာရိပုတ္တရာ၏ တပည့်တည်း။ ငါတို့အား သာမဏေကို ထည့်ပေးလိုက်ရပါမလားဟု အပြစ်တင်ကြလိမ့်မည်" အမျိုးမျိုး တား၏။ "အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ကို အပြစ်မတင်စေရပါ။ တပည့်တော်သဘောနှင့် တပည့်တော်လိုက်တာပါ၊ လိုက်သွားပါမည်"ဆို၍ ထွက်၏။ ထိုအခါ ရဟန်းတို့မှာ အကြီးအကျယ် ထိတ်လန့်မှုတွေ ဖြစ်၍ မျက်ရည်တို့ဖြင့်ပြည့်သောမျက်စိ ရှိကုန်လျက် နှလုံးသားများ တုန်လှုပ်ကုန်၏။ မဟာထေရ်သည် ခိုးသူကြီးတို့အား ဤသို့ ပြော၏။ "ဒါယကာတို့၊ ဤသာမဏေသည် ငယ်သေး၏။ သင်တို့ မီးထည့်ခြင်း၊ တံစို့ဆိုးခြင်း၊ သစ်ရွက်ခင်းခြင်းတို့ကို မြင်လျှင် ကြောက်နေလိမ့်မည်၊ တနေရာ ထားပါကုန်လော"ဟု မှာ၏။ ဤအတိုင်း ကိစ္စများကို ဆောင်ရွက်၏။ ကိစ္စများ ပြီးမှ ခိုးသူကြီးသည် သန်လျက်ကို အိမ်မှထုတ်၍ သာမဏေသို့ ကပ်လေ၏။

## ငါတို့နှင့်ကွာ မျက်နှာမျက်ခွက် သာယာလျက်

သံကိစ္စသာမဏေသည် ဈာန်ဝင်စားပြီး ထိုင်နေ၏။ ခိုးသူကြီးသည် သန်လျက်ကို လှည့်၍ သာမဏေ၏ ကိုယ်၌ ကျစေ၏။ ဘယ်လိုမှ ထိုးမရ၊ ခုတ်မရ ဖြစ်နေ၏။ သန်လျက်သည် ထန်းရွက်ကဲ့သို့ ခွေခေါက်နေ၏။ သာမဏေသည် ထိုအခါ၌ မြင့်မိုရ်တောင်ကြီးဖြင့် တက်ဖိခတောင် မသေနိုင်။ ဘယ်နည်းနှင့်မျှ သတ်ခြင်းငှာ မစွမ်းနိုင်။ သန်လျက်နှင့်ကား အဘယ် ပြောဘွယ်ရှိပါအံ့နည်း။ ထိုတန်ခိုးပြာဋိဟာကို မြင်၍ ခိုးသူကြီးသည် ကြံမိ၏။ ရှေး၌ ငါ၏သန်လျက်သည် ကျောက်ဘိုင်၊ ရှားငုတ်တို့ကို ငှက်ပျောစို့ကို ဖြတ်ရသလိုပင်။ ယခုမူ ထန်းရွက်ကဲ့သို့ ခွေသွားပြီ၊ သန်လျက်သည် အသက်မရှိသော်လည်း ရှိသကဲ့သို့ သာမဏေ၏ ဂုဏ်ကျေးဇူးကို သိ၏။ ငါက အသက်ရှိသူ လူ ဖြစ်လျက် မသိ ဖြစ်နေ၏။ သန်လျက်ကို မြေပေါ်သို့ စိုက်ပေါက် ပစ်စွန့်လိုက်ပြီး သံကိစ္စသာမဏေ၏

ခြေရင်း၌ ဝပ်လျက် "အရှင်ဘုရား၊ တပည့်တော်တို့သည် ဥစ္စာဟူသော အကြောင်းကြောင့် တောအုပ်သို့ ဝင်ကုန်၏။ တပည့်တော်တို့သည် လူပေါင်း တထောင်ဖြစ်လျက် တုန်လှုပ်နေ၏။ နှစ်ယောက်၊ သုံးယောက်စသော ဆိုလျှင် စကားပင် ပြောရမည် မဟုတ်ပါ။ သင့်၌ကား ထိတ်ရုံလေးမျှမရှိ။ သင့်မျက်နှာ သာယာလျက်ပင်။ အကြောင်းကား အသို့နည်း"

တဿ တေ နတ္ထိ ဘီတတ္တံ၊ ဘိယျော ဝဏ္ဏော ပသီဒတိ။
ကသ္မာ န ပရိဒေဝေသိ၊ ဧဝရူပေ မဟဗ္ဘယေ။

## ရဟန်းငါးရာ ခြံကာပူးရန် ဘုရားထံ

သာမဏေသည် ဈာန်မှ ထ၍ ခိုးသူကြီးအား တရားဟောလျက် ဤသို့ ဆို၏။ "ဒါယကာ၊ ရဟန္တာ၏ အတ္တဘောသည် ခေါင်းပေါ် တင်ထား အပ်သော ဝန်ထုပ်ကြီးကဲ့သို့ ဖြစ်၏၊ ထိုအတ္တဘော ကွဲသော်လည်းကောင်း၊ ပျက်သော်လည်းကောင်း နှစ်သက်သည်ပင်၊ မကြောက်ပါ"ဟု ဆို၍ တရားဟော ပြန်၏။

နတ္ထိ စေတသိကံ ဒုက္ခံ၊ အနပေက္ခဿ ဂါမဏိ။
အတိက္ကန္တာ ဘယာ သဗ္ဗေ၊ ခီဏသံယောဇနဿ ဝေ။
ခီဏာယ ဘဝနေတ္တိယာ၊ ဒိဋ္ဌေ ဓမ္မေ ယထာတထေ။
န ဘယံ မရဏေ ဟောတိ၊ ဘာရနိက္ခေပနေ ယထာ။ ။

ခိုးသူကြီးသည် သာမဏေ၏ စကားကို ကြား၍ ခိုးသား ငါးရာ တို့ကို ခေါ်၍ ဆွေးနွေးကာ "အမောင်တို့၊ ငါ့အား ဤသို့သဘောရှိသော တန်ခိုး ပြာဋိဟာကို မြင်ရ၍ အိမ်ရာတည်ထောင် လူတို့ဘောင်၌ နေဘို့ မရှိတော့ပါ။ မနေလိုတော့။ အရှင်၏ အထံ၌ ရဟန်းပြုပါတော့အံ့"ဟု ဆို၏။ ကျန် ခိုးသူတို့ သည်လည်း "ငါတို့လည်း ပြုကုန်အံ့"ဟု ဆိုကုန်၏။ ငါးရာလုံး သာမဏေကို ရှိခိုးလျက် ရှင်အဖြစ်၊ ရဟန်းအဖြစ် တောင်းပန်ကုန်၏ သာမဏေသည် ထို ခိုးသူတို့၏ သန်လျက်တို့ဖြင့် ဆံများကိုလည်း ရိတ်ပေး၏။ အဝတ်၏ အဆာ တို့ကိုသည်း ဖြတ်ပေး၏။ နီမြန်းသော မြေညက်ဖြင့် ဆိုး၍ ဝတ်ပေး၏။ ဆယ်ပါး သီလ၌ တည်စေ၏။ ရဟန်းအပါးငါးရာ ခြံရံလျက် ဘုရားရှင်ထံ ဖူးမြော်ရန် လာခဲ့၏။

## သီလဝန္တ ခဏချိန်မှာ တန်ဘိုးသာ

မြတ်စွာဘုရားသည် ရဟန်းငါးရာတို့ကို အောက်ပါအတိုင်း ဟောကြား၏။

ယော စ ဝဿသတံ ဇီဝေ၊ ဒုဿီလော အသမာဟိတော။
ဧကာဟံ ဇီဝိတံ သေယျော၊ သီလဝန္တဿ ဈာယိနော။

ဤဂါထာ၏ အဆုံး၌ ငါးရာသော ရဟန်းတို့သည် ပဋိသမ္ဘိဒါ လေးပါးနှင့် ရဟန္တာ ဖြစ်ကြကုန်၏။ ရောက်လာသော ပရိသတ် တို့ သည် လည်း အကျိုးရှိကြလေကုန်၏။ သံကိစ္စ သာမဏေသည်လည်း နောင် ရဟန်းဖြစ်ဆယ်ဝါရ၍ တူဖြစ်သော သာမဏေဘပါးကို ခေါ်ထား၏။ အဓိမုတ္တ သာမဏေ မည်၏။

ယော စ၊ အကြင်သူသည်လည်း။ ဒုဿီလော၊ သီလ မရှိဘဲ။ အသမာဟိတော၊ တည်ကြည်သော သမာဓိမရှိဘဲ။ ဝဿသတံ၊ အနှစ်တရာ ကာလပတ်လုံး။ ဇီဝေ၊ အသက်ရှည်၍ နေရ၏။ တေဟိ၊ ထိုသူတို့ထက်။ သီလဝန္တဿ၊ သီလရှိသော။ ဈာယိနော၊ သမာဓိကြောင့် ရအပ်သော ဈာန်ရှိသောသူ၏။ ဧကာဟံ၊ တရက်တာလေးမျှ။ ဇီဝိတံ၊ အသက်ရှည်ရခြင်းသည်။ သေယျော၊ မြတ်ပါသေး၏။

(အဓိမုတ္တသာမဏေ ဝတ္ထုသို့ ဆက်ရှု။)

၁၃၃၃-ခုနှစ်၊ တော်သလင်း လပြည့် နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်း ဆရာတော် ဦးကောသိပါလ

## ဟောကြားအပ်သော

ဘုရားအလောင်း ရှေးပညာရှိတို့၏ လုပ်ငန်းနှင့် သွားရာလမ်း

သသပဏ္ဍိတ ဇာတ်တော်

နသသဿ တိလာ အတ္ထိ၊ န မုဂ္ဂါ နာပိ တဏ္ဍုလာ။
ဣမိနာ အဂ္ဂိနာ ပက္ကံ၊ မမံ ဘုတွာ ဝနေ ဝသ ။

ဗြာဟ္မဏ၊ ငါ၏ထံမှောက် ရောက်၍လာငြား အိုပုဏ္ဏား။ သသဿ၊ အားအင်သေးသွယ် ငါယုန်ငယ်၏။ သန္တိကေ၊ ကြိုတင်သိမ်းထား ထံအပါး၌။ တိလာ၊ နှမ်းတို့သည်။ န အတ္ထိ၊ မရှိကြပါကုန်။ မုဂ္ဂါပိ၊ ပဲနောက်တို့သည်လည်း။ န အတ္ထိ၊ မရှိကြပါကုန်။ တဏ္ဍုလာပိ၊ ဆန်တို့သည်လည်း။ န အတ္ထိ၊ မရှိကြပါကုန်။ တသ္မာ၊ ထို့ကြောင့်။ ဣမိနာ အဂ္ဂိနာ၊ ပူရှိန်ရဲရဲ ဤမီးကျီးခဲဖြင့်။ ပက္ကံ၊ သင်၏အကြိုက် အလိုလိုက်လျက် ရှိုု့မြိုက် ဖုတ်ကင်၍ ထားသတ္တံ့သော။ မမံ၊ ချိုချို နူးနူး ငါ၏ အသားစုကို။ ဘုတွာ၊ ဝဝကြီးသာ သုံးဆောင်ပါ၍။ ဝနေ၊ တောရဆိတ်ငြိမ် ဤကမ္မဋ္ဌာန်းအိမ်၌။ ဓမ္မံ၊ ရုပ်နာမ်နှစ်ခု ပေါ်ပျောက်မှုကို။ စရိတွာ၊ ရှေ့နောက်ဆက်စပ် သုတ်သုတ်မှတ်လျက်။ ဝသ-ဝသာ(ကို)၊ တောမီ အဟုတ် ယောဂီလုပ်၍ မုချပျော်စွာ နေရစ်ပါတော့လော့။

(ခုဒ္ဒကနိကာယဇာတက အဋ္ဌကထာ၊ ဘ၊ နှ-၄၈)

ပန်းလှိုင် (၂၀) လမ်း၊ ဗဿပုံနှိပ်တိုက်၊ ဦးစောသင်းရွှေ မိသားစု
(စမ္ပဒါန ကုသိုလ်)

ဘုရားအလောင်း ရှေးပညာရှိတို့၏ လုပ်ငန်းနှင့် သွားရာလမ်း

# သသပဏ္ဍိတ ဇာတ်တော်

ပုပ်သားဟွယ် အကျဉ်းချုပ်

## အလှူခံသာ ရောက်လာခဲ့လျှင် အသားပင်

ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌နေစဉ် သဗ္ဗပရိက္ခာရ ဒါနကို အကြောင်းပြု၍ ဟောတော်မူ၏။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ယုန်မျိုး၌ ဖြစ်၍ တော၌ နေ၏။ ထိုအလောင်းတော် ယုန်မင်းသည် အချိန်သို့ ရောက်သော် မိမိနေရာ ချုံထဲ၌ လျောင်းလျက်ကြံမိ၏။ ငါ့ထံသို့ ရောက်လာကြကုန်သော အလှူခံ ပုဂ္ဂိုလ်တို့အား မြက်တို့ကို ပေးလှူရမှာလည်း မကောင်းတတ်၊ အခြား နှမ်း ဆန် စသည်တို့လည်း ငါ့မှာ မရှိ၊ အကယ်၍ ငါ၏ထံသို့ အလှူခံများ ရောက်လာအံ့၊ မိမိ၏ ခန္ဓာကိုယ် အသားကိုဘဲ လှူတော့မည်ဟု ကြံနေ၏။ လှူလိုသည့် သဒ္ဓါတရားတွေလည်း တဖွားဖွား များစွာ ဖြစ်နေ၏။

## ပုဏ္ဏားကြီးစကား သူကြားသောခါ လွန်ဝမ်းသာ

ထိုအလောင်းတော် ယုန်မင်း၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူသော အခြင်းအရာကို ပြ၏။ ထိုသိကြားမင်းကြီးသည် ဆင်ခြင်လိုက်သည်ရှိသော် ဤယုန်မင်းလေး၏ အခြင်းအရာကို တွေ့၏။ ငါသည် ထိုယုန်မင်းလေးကို စုံစမ်းအံ့ဟု ပုဏ္ဏားအိုယောင် ဆောင်လာသော သိကြားမင်းကြီးသည် ယုန်မင်းလေး၏ထံသို့ သွားလေ၏။ "သင်သည် အဘယ်အလို့ငှာ ဤ၌ ရပ်၍ နေပါသနည်း အို ပုဏ္ဏားကြီး" ဟု မေး

လေ၏။ ပုဏ္ဏားကြီးကလည်း "အို ယုန်ပညာရှိ၊ အကယ်၍ တစုံတခုသော အာဟာရကို ရမည်ဆိုလျှင် ဥပုသ်စောင့်ပြီး အေးအေး နေလိုပါသည်" ဟု လာခဲ့ခြင်း အကြောင်းကို ပြောလိုက်ပြီ။ ထိုစကားကို ကြား၍ အလောင်းတော် ယုန်မင်းလေးသည် အလွန်ကို ဝမ်းသာအားရရှိလှ၍ ဤသို့ ပြောလေ၏။

## မီးပုံအတွင်း ခုန်ဆင်းဘို့ရည် ဆုံးဖြတ်ပြီ

ယုန်မင်းလေးက ပုဏ္ဏားအိုကြီးကို ပြောသောစကား။

ဗြာဟ္မဏ သုဋ္ဌု တေ ကတံ အာဟာရတ္ထာယ မမ သန္တိကံ အာဂစ္ဆန္တေန၊ အဇ္ဇာဟံ အဒိန္နပုဗ္ဗံ ဒါနံ ဒဿာမိ၊ တွံ ပန သီလဝါ ပါဏာတိပါတံ န ကရိဿသိ၊ ဂစ္ဆ ဗြာဟ္မဏ နာနာဒါရူနိ သင်္ကဍ္ဎိတွာ အင်္ဂါရေ ကတွာ မယှံ အာရောစေဟိ၊ အဟံ အတ္တာနံ ပရိစ္စဇိတွာ အင်္ဂါရမဇ္ဈေ ပတိဿာမိ၊ မမ သရီရေ ပက္ကေ တွံ မံသံ ခါဒိတွာ သမဏဓမ္မံ ကရေယျာသိ။

ဗြာဟ္မဏ၊ အို-ပုဏ္ဏားကြီး။ အာဟာရတ္ထာယ၊ အာဟာရ အလို့ငှာ။ မမ၊ ငါ၏။ သန္တိကံ၊ အထံသို့။ အာဂစ္ဆန္တေန၊ လာသော၊ တေ (တယာ) သင်သည်။ သုဋ္ဌု၊ ကောင်းစွာ။ ကတံ၊ ပြုအပ်ပြီ။ အဇ္ဇ၊ ယနေ့။ အဟံ၊ ငါသည်။ အဒိန္နပုဗ္ဗံ၊ မပေး မလှူဘူးသေးသော။ ဒါနံ၊ အလှူတော်ကြီးကို။ ဒဿာမိ၊ ပေးလှူပါအံ့။ တွံပန၊ သင်သည်ကား။ သီလဝါ၊ သီလရှိသည်ဖြစ်၍။ ပါဏာတိပါတံ၊ သူတပါးတို့၏ အသက်ကို သတ်ခြင်းကို။ န ကရိဿသိ၊ မပြုလတံ့။ ဗြာဟ္မဏ၊ ပုဏ္ဏားကြီး။ ဂစ္ဆ၊ သွားလော့။ နာနာဒါရူနိ၊ အထူးထူးသော ထင်းခြောက်တို့ကို။ သင်္ကဍ္ဎိတွာ၊ စုရုံး၍။ အင်္ဂါရေ၊ မီးကျီး မီးခဲတို့ကို။ ကတွာ၊ ပြုပြီးသော်။ မယှံ၊ ငါ့အား။ အာရောစေဟိ၊ ပြောကြားပါလော့။ အဟံ၊ ငါသည်၊ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိစ္စဇိတွာ၊ စွန့်လှူ၍။ အင်္ဂါရမဇ္ဈေ။ မီးကျီး မီးခဲတို့၏ အလယ်၌။ ပတိဿာမိ၊ ခုန်ချလိုက်ပါအံ့။ မမ၊ ငါ၏။ သရီရေ၊ ခန္ဓာကိုယ်သည်။ ပက္ကေ၊ ကျက်သည်ရှိသော်။ တွံ၊ သင်သည်။ မမ၊ ငါ၏။ မံသံ၊ အသားကို။ ခါဒိတွာ၊ ခဲစား၍။ သမဏဓမ္မံ၊ ရဟန်း တရားကို။ ကရေယျာသိ၊ ပြုပါလော့။

## ရဲရဲညီးညီး မီးကျီးအတွင်း သူခုန်ဆင်း

သိကြားမင်းသည် ထိုယုန်မင်းလေး၏ စကားကို ကြား၍ မိမိ (သိကြားမင်း)၏ အာနုဘော်ဖြင့် တခုသော မီးပုံကြီးကို ဖန်ဆင်း၍ ဘုရားလောင်းအား ပြောကြားပြီ။ ထိုအလောင်းတော် ယုန်မင်းကလေးသည် မြက်ချုံအောက် အိပ်နေရာမှ ထ၍ မီးပုံကြီးဆီသို့သွားပြီး အောက်ပါအတိုင်း စိတ်ကိုညွတ်၍ ကိုယ်ကို သုံးကြိမ် ခါချလေ၏။

သစေ မေ လောမန္တရေသု ပါဏကာ အတ္ထိ၊
တေ မာ မရိံသု။'

သစေ၊ အကယ်၍။ မေ၊ ငါ၏။ လောမန္တရေသု၊ အမွေးတို့၏အကြားတို့၌။ ပါဏကာ၊ ပိုးကောင် ပိုးမွှား ပိုးအစားစားတို့သည်။ အတ္ထိ၊ ရှိကုန်ငြားအံ့။ တေ၊ ထိုပိုးကောင်ပိုးမွှား ပိုးအစားစားတို့သည်။ မာ မရိံသု၊ မသေပါစေကုန်လင့်။

ဤသို့ခါပြီး တကိုယ်လုံးကို အလှူ၏အဦး၌တည်စေ၍ တအားခုန်လျက် ပဒုမ္မာကြာအိုင်၌ ဟသ်ာငှက်မင်းကဲ့သို့ အလွန်ဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍ ရဲရဲပြောင်ပြောင် တောက်လောင်၍နေသော မီးကျီးထဲသို့ ဆင်းချလိုက်ပြီ။

## မီး၏သဘာဝ အေးမြတကယ် လွန်ဆန်းကြယ်

ထိုမီးသည် အလောင်းတော် ယုန်မင်းလေး၏ ကိုယ်၌ မွေးတွင်းကိုပင် ပူအောင်ပြုခြင်းငှာ မစွမ်းနိုင်။ ဆီးနှင်းတိမ်တိုက်ထဲ ဝင်နေရ၊ ရောက်နေရသကဲ့သို့ ဖြစ်နေ၏။ ထိုအခါ သိကြားမင်းကြီးကိုခေါ်၍ ဤသို့ ပြောလေ၏။

ဗြာဟ္မဏ တယာ ကတော အဂ္ဂိ အတိသီတလော၊ မမ သရီရေ
လောမကူပမတ္တမ္ပိ ဥဏှံ ကာတုံ န သက္ကောတိ၊ ကိံ နာမေတံ။

ဗြာဟ္မဏ၊ အို ပုဏ္ဏားကြီး။ တယာ၊ သင်သည်။ ကတော၊ ပြုအပ်သော။ အဂ္ဂိ၊ မီးသည်။ အတိသီတလော၊ အလွန်အေးမြလှ၏။ မမ၊ ငါ၏။ သရီရေ၊ ကိုယ်၌။ လောမကူပမတ္တမ္ပိ၊ မွေးတွင်းကိုမျှလည်း။ ဥဏှံ၊ ပူခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ န သက္ကောတိ၊ မစွမ်းနိုင်။ ဧတံ၊ ဤသို့ ဖြစ်ခြင်းသည်။ ကိံ နာမ၊ အဘယ်အမည်ရှိသော ဖြစ်ခြင်းပါနည်း။

## မလှုနိုင်ဘိ မရှိသချာ လောင်းတော်မှာ

ထိုအခါ ပုဏ္ဏားကြီးသည် အလောင်းတော် ယုန်မင်းလေးအား အောက်ပါအတိုင်း ပြောကြား ဖွင့်ဟလေတော့သည်။

သသပဏ္ဍိတ နာဟံ ဗြာဟ္မဏော၊ သက္ကော ဟ မသ္မိ၊
တဝ ဝီမံသနတ္ထာယ အာဂတောမှိ။

သသပဏ္ဍိတ၊ အို ယုန်ပညာရှိ။ အဟံ၊ ငါသည်။ ဗြာဟ္မဏော၊ ပုဏ္ဏား အစစ်သည်။ န၊ မဟုတ်ပါ။ အဟံ၊ ငါသည်။ သက္ကော၊ သိကြားမင်းသည်။ အသ္မိ၊ ဖြစ်ပြီ။ တဝ၊ သင့်အား။ ဝီမံသနတ္ထာယ၊ စုံစမ်းအံ့သောငှာ။ အာဂတော၊ လာခဲ့သည်။ အမှိ၊ ဖြစ်ပြီ။

ဤသို့ သိကြားမင်း (ပုဏ္ဏား) ကြီးက ပြောကြားလေသော် ယုန်မင်းလေးက အောက်ပါအတိုင်း ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သောစကားကို ပြောဆိုပြန်၏။

သက္က တွံ တာဝ တိဋ္ဌ၊ သကလောပိ စေ လောကသန္နိဝါသော
မံ ဒါနေန ဝီမံသေယျ၊ နေဝ မေ အဒါတုကာမတံ ပဿေယျ။

သက္က၊ သိကြားမင်းကြီး။ တွံ၊ သင်သည်။ တာဝ၊ ထိုမျှလောက်။ တိဋ္ဌ၊ ဆိုင်းငံ့ပါဦးလော့။ စေ၊ အကယ်၍။ သကလောပိ၊ အလုံးစုံလည်းဖြစ်သော။ လောကသန္နိဝါသော၊ လူအပေါင်းသည်။ မံ၊ ငါ့ကို။ ဒါနေန၊ ဒါနဖြင့်။ ဝီမံသေယျ၊ စုံစမ်းငြားအံ့။ မေ၊ ငါ့အား။ အဒါတုကာမတံ၊ လှူခြင်းငှာ မစွမ်းနိုင်သောအဖြစ်ကို။ နေဝ ပဿေယျ၊ မမြင်ရာ။

## ဇာတ်ပေါင်းလေလျှင် ယုန်ပင်စင်စစ် ဘုရားဖြစ်

ထိုအခါ အလောင်းတော် ယုန်မင်းကလေးကို သိကြားမင်းကြီးက အောက်ပါအတိုင်း ပြော၍ ကဿတန်ဆာ လစန်းရတနာခေါ်သည့် (လဝန်းကြီး)၌ ယုန်ရုပ်ကလေးကို ရေးခဲ့ပြီး ဘုရားလောင်း ယုန်မင်းကလေးကို ပွေ့ချီ၍ ထိုတောအုပ်ရှိ ချုံတခု၏ မြက်ခင်းပြင်၌သိပ်ပြီး မိမိ၏ နေရာအရပ်သို့ ပြန်သွားလေ၏။ ထိုယုန်မင်းလေးနှင့် အတူနေ တရားအားထုတ်ဘက် ၄-ဦးတို့မှာ....

(၁) မျောက် (၂) မြေခွေး (၃) ဖျံ (၄) ယုန်တို့ ဖြစ်ကြကုန်၏။

ထို့ကြောင့် ထိုလေးဦးလုံးတို့မှာ (ပဏ္ဍိတ၊ သမဂ္ဂ၊ သမ္မောဒမာန)ဖြစ်ကြလျက် သီလဖြည့်ကျင့်၊ ဒါနပြု၊ ဥပုသ်စောင့်သုံးပြီး ကံအားလျော်စွာ လားကြကုန်၏။ ဇာတ်ပေါင်းသည့်အခါ....

(၁) သဗ္ဗပရိက္ခာရ ဒါယကာသူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်၏။

(၂) ဖုံပညာရှိသည် အရှင်အာနန္ဒာ ဖြစ်တော်မူလာသည်။

(၃) မြေခွေးပညာရှိသည် အရှင်မောဂ္ဂလာန် ဖြစ်လာသည်။

(၄) မျောက်ပညာရှိသည် အရှင်သာရိပုတ္တရာ ဖြစ်တော်မူလာသည်။

(၅) သိကြားမင်းသည် အရှင်အနုရုဒ္ဓါ ဖြစ်တော်မူလာသည်။

(၆) ယုန်ပညာရှိသည် မြတ်စွာဘုရား ဖြစ်တော်မူလာသည်။

၁၃၃၃-ခုနှစ်၊ တော်သလင်းလဆုတ် (၈) ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

သုဘာနုပဿီ ကင်းသော မဟာကာဠမထေရ် ရဟန္တာဖြစ်ခန်း

❀

**သုဘာနုပဿိံ ဝိဟရန္တံ၊ ဣန္ဒြိယေသု အသံဝုတံ**
**ဘောဇနမှိ စာမတ္တညုံ၊ ကုသီတံ ဟီနဝီရိယံ။**
**တံ ဝေ ပသဟတိ မာရော၊ ဝါတော ရုက္ခံဝ ဒုဗ္ဗလံ။ ။**

ဝါတော၊ တိုက်ခတ်စွမ်းများ လေအင်အားသည်။ ဒုဗ္ဗလံ၊ ယွင်းချွတ်ဆွေးရိ အားမရှိသော။ ရုက္ခံ၊ မြင့်စွာထီးထီး သစ်ပင်ကြီးကို။ ပသဟတိဣဝ၊ လဲချဖျက်ဆီးပစ်လေသကဲ့သို့။ သုဘာနုပဿိံ၊ လှပယဉ်ထယ် ပြင်ဆင်ခြယ်၍ မင်ဘွယ်ပေဟု ဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရန္တံ၊ နေသော။ ဣန္ဒြိယေသု၊ စက္ခုအစ ခြောက်ပါးသော ဣန္ဒြေဟူသမျှတို့၌။ အသံဝုတံ၊ မထိန်းသိမ်း မစောင့်စည်းသော။ ဘောဇနမှိစ၊ သုံးဆောင်စရာ အဖြာဖြာ၌လည်း။ အမတ္တညုံ၊ အဖြစ်အပျက် ပစ္စဝေက်ဖြင့် ဆက်လျက်တွင်တွင် ဆင်ခြင်မှုမရှိ အတိုင်းအရှည်ကို မသိသော။ ကုသီတံ၊ ကာမစ္ဆန္ဒ ဗျာပါဒနှင့် ဝိဟိံသတလီ အကြံအစည်များဘိ ပျင်းရိနေသော။ ဟီနဝီရိယံ၊ ရှုအား ယုတ်လျော့ ပေါ့သော ဝီရိယရှိသော။ တံ၊ ထိုရဟန်းရှင်လူ အားနည်းသူကို။ မာရော၊ မာရ်ဟုသမုတ် ရာဂယုတ်သည်။ ဝေ၊ စင်စစ်။ ပသဟတိ၊ လဲချဖျက်ဆီးပစ်လေတော့၏။

ဗလဝံ၊ ပုပ်ပွယုတ်လှ အသုဘဟု နေ့ ည မနား ရှုအားကြီးသူ ရဟန်းရှင်လူကိုကား။ န ပသဟတိ၊ မာရ်ဟုသမုတ် ရာဂယုတ်က မှုချပိုင်ပိုင် မလှဲခဲ မဖျက်ဆီးနိုင်တော့သည့် သာလျှင်တည်း၊

( ခုဒ္ဒကနိကာယ၊ ဓံ-ဋ္ဌ-ပ-နှာ-၄ )

**ပန်းလှိုင် (၂၁)လမ်း၊ ဗဟန်းပုန့်နှင်တိုက်၊ ဦးသောင်းရွှေ မိသားစု ဓမ္မဒါနကုသိုလ်။**

## သုသာန် ဓုတင်ဆောင်

## မဟာကာဠမထေရ် ရဟန္တာ ဖြစ်ခန်း

## မှတ်သားဘွယ်အကျဉ်းချုပ်

## မဟာကာဠ ဓမ္မနာရန် စိတ်ထက်သန်

ဤဘုရား ဒေသနာတော်ကို မြတ်စွာဘုရားသည် သေတဗျမြို့ကို အမှီပြု၍ သိံသပါ မည်သော တော၌ နေလျက် စူဠကာဠ မဟာကာဠ တို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

သေတဗျမြို့၌ စူဠကာဠ၊ မဇ္ဈိမကာဠ၊ မဟာကာဠ ဟူ၍ သူကြွယ် ညီနောင် သုံးယောက် ရှိကုန်၏။ ထို သုံးယောက်တို့တွင် စူဠကာဠနှင့် မဟာကာဠ တို့သည် ထိုထို အရပ်ဒေသတို့၌ လှည့်လည်၍ လှည်းပေါင်း ငါးရာတို့ဖြင့် အရောင်းအဝယ် ကုန်သွယ်လုပ်ငန်းဖြင့် သွားနေကြကုန်၏။ မဇ္ဈိမကာဠသည် မိမိတို့ (သေဘဗျ)မြို မှနေ၍ စူဠကာဠ၊ မဟာကာဠတို့ ပို့လာသော ကုန်များကို ရောင်းချရ၏။ ထိုအခါ တနေ့သ၌ စူဠကာဠနှင့် မဟာကာဠတို့သည် လှည်း ငါးရာတို့ဖြင့် အထူးထူးသော ဘဏ္ဍာတို့ကိုယူ၍ သာဝတ္ထိပြည်သို့ သွားပြီး (သာဝတ္ထိမြို့နှင့် ဇေတဝန်ကျောင်းတော်ကြီး၏အကြား) တခုသော နေရာ၌ လှည်းများကို ဖြုတ်ထား နားနေကြကုန်၏။ ထိုလှည်းများပါ လူအပေါင်း တို့တွင် မဟာကာဠသည် ညချမ်းအခါ၌ နံ့သာ ပန်း စသည် လက်၌ ရှိကြ ကုန်သော သာဝတ္ထိမြို့သူ မြို့သား အရိယသာဝကများကို တရားနာအံ့သော ငှာ သွားသည်ကို မြင်၍ “ဤလူတွေ ဘယ်သွားကြတာလဲ”ဟု မေးမြန်းသိရှိ သည့်အခါ ငါလည်း သွားအံ့ဟု ကြံ၍ စူဠကာဠကို ခေါ်ပြီး “ငါ့ညီ၊ လှည်း တို့၌ မမေ့မလျော့ဖြစ်လော့၊ ငါသည် တရားနာအံ့သောငှာ သွားပေအံ့”ဟု ဆို၍ လိုက်သွားပြီး ဘုရားကို ရှိခိုးလျက် ပရိသတ်အစွန်း၌ ထိုင်လိုက်၏။

## ကောင်းရာကောင်းကြောင်း ခွင့်ထောင်းလေပြီ အလိလိ

မြတ်စွာဘုရားသည် ထိုမဟာကာဠကို မြင်၍ ယင်းမဟာကာဠ၏ အဇ္ဈာသယ၏ အစွမ်းဖြင့် အစဉ်အတိုင်း ဒုက္ခက္ခန္ဓသုတ်တော်ကြီးကို များသော ပရိယာယ်ဖြင့် (၁) ကာမာဒီနဝ၊ (၂) ဩကာရသံကိလေသ သဘာဝ ပေါ်အောင် ဟောတော်မူ၏။ ကြားနာရသော မဟာကာဠသည် အောက်ပါ အတိုင်း အကြပေါ်လာ၏။

သဗ္ဗံ ကိရ ပဟာယ ဂန္တဗ္ဗံ၊ ပရလောကံ ဂစ္ဆန္တံ နေဝ ဘောဂါ
န ဉာတကာစ အနုဂစ္ဆန္တိ၊ ကိံ မေ ဃရာဝါသေန ပဗ္ဗဇိဿာမိ။

ကိရ၊ ဖြစ်ပုံကား။ သဗ္ဗံ၊ အလုံးစုံသော စည်းစိမ်ဥစ္စာ အဖြာဖြာကို။ ပဟာယ၊ စွန့်ပယ်၍။ ဂန္တဗ္ဗံ၊ သွားထိုက်၏။ ပရလောကံ၊ တမလွန်ဘဝသို့။ ဂစ္ဆန္တံ၊ ပြောင်းရွှေ့၍သွားသောသူသို့။ ဘောဂါ၊ စည်းစိမ်ဥစ္စာတို့သည်။ နေဝ အနုဂစ္ဆန္တိ၊ မလိုက်ကြကုန်။ ဉာတကာစ၊ ဆွေမျိုး အပေါင်းတို့သည်လည်း။ န အနုဂစ္ဆန္တိ၊ မလိုက်ကြကုန်။ မေ၊ ငါ့အား။ ဃရာဝါသေန၊ အိမ်တဆောင် မီးတပြောင် လူ၏ဘောင်၌ နေရခြင်းဖြင့်။ ကိံ၊ ဘာအကျိုး ရှိအံ့နည်း။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုပါတော့အံ့။

ဤသို့ ကြံ၍ လူများအပေါင်း မြတ်စွာဘုရားကို ရှိခိုး၍ ပြန်သွားကုန်သည် ရှိသော် မြတ်စွာဘုရားထံ၌ ရဟန်းအဖြစ်ကို တောင်းပန်၍ မြတ်စွာဘုရားက “သင့်၌ ပန်ကြား ခွင့်တောင်းစရာ မရှိဘူးလား” ဟု မေးသည်ရှိသော် ညီလေးများရှိကြောင်း လျှောက်၏။ “ပန်ကြား ခွင့်တောင်းဦးလေ” ဟု မိန့်၏။ ပြန်သွားပြီး ဤသို့ ခေါ်ပြော၏။ ကျေနပ်အောင် ပြောပြ၏။ ကောင်းရာ ကောင်းကြောင်းဖြစ်၍ ခွင့်ပြုကြ၏။

## မထေရ်နီးရပ် ချဉ်းကပ်ရှိသေ လျှောက်ထားလေ

မဟာကာဠသည် ဘုရားထံ ပြန်သွားပြီး ရဟန်းပြု၏။ စူဠကာဠသည် အကိုကြီးနှင့် မခွဲလို။ လွန်လည်း မလွန်ဆန်ဝံ့။ ခွင့်မပြုလိုဘဲ ပြုလိုက်ရခြင်း ဖြစ်၏။ ထို့ကြောင့် ငါသည် အကိုကြီးကို ဖြားယောင်း ခေါ်ဆောင်ပြီး လူ ထွက်လာမည်ဟုကြံ၍ စူဠကာဠလည်း လိုက်ရဟန်းပြု၏။အရဟတ္တဖိုလ်ပေါက်

ကမ္မဋ္ဌာန်းများ တောင်းပြီး မဟာကာဠသည် သုသာန်ဓူတင် ဆောက်တည်၍ အားထုတ်၏။ ပထမယာမ်လွန်ပြီး၍ အားလုံး ပရိသတ်တွေ အိပ်ပျော်ကုန်မှ သုသာန်သို့သွားပြီး စိတ်တိုင်းကျ အားထုတ်ကာ မိုးသောက်ထအခါ ဘယ်သူမှ မနိုးမီ ကျောင်းသို့ ပြန်လာ၏။ ထိုအခါ တယောက်သော သုသာန်စောင့် လည်း ဖြစ်၍ လူသေကောင်များကိုလည်း မီးရှို့လေ့ရှိသော ကာလီမည်သော အဖွားကြီးသည် မထေရ် အားထုတ်သော နေရာကို မြင်သွားပြီး "ဒါ ပုဂ္ဂိုလ် တဦးဦးရဲ့ အမြဲလာ၍ ထိုင်သော နေရာတည်း၊ စင်္ကြံလျှောက်ထားသောနေရာ တည်း၊ မည်သည့်ပုဂ္ဂိုလ် ဖြစ်လေသနည်း၊ ငါ ရအောင် စုံစမ်းမည်" ဤသို့ မှတ်ချက် ချသွားပြီ။ တခေါ့တစောင်း ကြည့်၏။ မတွေ့ရ။ တနေ့ သော အခါ သုသာန်စောင့်တဲ၌ မီးထွန်း၍ သားသမီးများကိုပါ ခေါ်၍ နေရာအစေ့ ကင်း များ ချကာ အလွတ်မရှိ စောင့်ကြည့်ကြ၏။ မဇ္ဈိမယာမ်သို့ ရောက်လာသော အခါ ကြွလာသော မဟာကာဠ မထေရ်ကြီးကို တွေ့ပြီ။ အသာအယာ ရိုသေ ယဉ်ကျေးစွာ အနီးကပ်၍ ရှိခိုးပြီး သားသမီးများနှင့်အတူ ကာလီမည်သော အဖွားကြီးက ဤသို့ လျှောက်၏။

## ကာလီလျှောက်ထား စကားထောက်ချင့် သိထားသင့်

ကာလီမည်သော သုသာန်စောင့် အဖွားကြီးနှင့် မဟာကာဠ မထေရ် မြတ်တို့ ပြောဆိုနေကြသော စကားများမှာ....

(၁) အယျော နော ဘန္တေ ဣမသ္မိံ ဌာနေ ဝိဟရတိ="အရှင်ဘုရား၊ အရှင်ဘုရားသည် တပည့်တော်တို့၏ ဤ သုသာန်နေရာ၌ နေပါသလား"

(၂) အာမ ဥပါသိကေ="ဒါယိကာမကြီး၊ဟုတ်ပါတယ်၊နေပါတယ်"

(၃) ဘန္တေ သုသာနေ ဝိဟရန္တေဟိ နာမ ဝတ္တံ ဥဂ္ဂဏှိတုံ ဝဋ္ဋတိ= "အရှင်ဘုရား၊ သုသာန်၌ နေကုန်သောသူတို့ သည် တာဝန်ဝတ္တရားကို သင်ထားတတ်သိဘို့ သင့်သည် မဟုတ်ပါလော၊ မတတ်သင့်ဘူး လား"

(၄) ကိံ ပန မယံ တဃာ ကထိတဝတ္တေ ဝတ္တံဃာမ=''ငါတို့သည် သင်ပြောသော တာဝန်ဝတ္တရားတို့ကို အဘယ်သို့ လိုက်နာရပါအံ့နည်း''

**မှတ်ချက်။** ။ဤသို့မဆိုဘဲ အောက်ပါအတိုင်း မဟာကာဠမထေရ်က ပြန်ပြောလေ၏။

(၅) ကိံ ကာတုံ ဝဋ္ဋတိ ဥပါသိကေ=''ဒါယိကာမကြီး၊ အဘယ်တာဝန်ဝတ္တရားကိုပြုခြင်းငှာ သင့်ပါသနည်း''

(၆) ဘန္တေ သောသာနိကေဟိ နာမ သုသာနေ ဝသနဘာဝေါ သုသာနဂေါပကာနံ စ ဝိဟာရေ မဟာထေရဿ စ ဂါမဘောဇကဿ စ ကထေတုံ ဝဋ္ဋတိ=''အရှင်ဘုရား၊ သုသာန်၌နေကုန်သော ရဟန်းတော်များသည် သုသာန်၌ မိမိနေသောအဖြစ်ကို သုသာန်စောင့်တို့အားလည်းကောင်း၊ ကျောင်း၌ မဟာထေရ်ကြီးအား လည်းကောင်း၊ ရွာစားရွာလူကြီးအားလည်းကောင်း လျှောက်ထားတိုင်ကြား အသိပေးထားသင့်ပါသည်''

(၇) ကိံကာရဏာ=''ဒါယိကာမကြီး၊ အဲဒါဘာအကြောင်းကြောင့်ပါလဲ''

(၈) ကတကမ္မာ စောရာ ဓနသာမိကေဟိ ပဒါနုပဒံ အနုဗဒ္ဓါ သုသာနေ ဘဏ္ဍကံ ဆဍ္ဍေတွာ ပလာယန္တိ၊ အထ မနုဿာ သောသာနိကာနံ ပရိပန္ထံ ကရောန္တိ၊ တေသံ ပန ကထိတေ မယံ ဣမဿ ဘဒ္ဒန္တဿ တွေကံ နာမ ကာလံ ဝေါ ဝသနဘာဝံ ဇာနာမ၊ အစောရော ဧသောတိ ဥပဒ္ဒဝံ နိဝါရေန္တိ၊ တသ္မာ တေသံ ကထေတုံ ဝဋ္ဋတိ=''ပြုအပ်သောအမှု ရှိကုန်သော ိုးသူတို့ကို ဥစ္စာရှင်တို့သည် ခြေရာကောက် နောက်ကထက်ကြပ်မကွာ လိုက်လာကြကုန်သည်ရှိသော် သုသာန်၌ ဥစ္စာထုပ်ကိုစွန့်၍ ပြေးသွားကုန်၏။

ထိုအခါ လူတို့သည် သုသာန်၌ နေကုန်သော သူတို့အား ဘေးရန်ပြု (သူခိုးစွဲ) ကုန်၏။ အကျိုးကား.... ထိုပုဂ္ဂိုလ်တို့အား ပြောကြားထားသည်ရှိသော် ငါတို့သည် ဤအရှင်မြတ်အား ဤမျှသောကာလပတ်လုံး ဤသုသာန်၌ နေသောအဖြစ်ကို သိကုန်၏။ ဤအရှင်သည် ခိုးသူမဟုတ်ပါဟု ထိုရဟန်း၏ဘေးရန်ကို တားမြစ် ကာကွယ်ပေးကြကုန်၏။ ထို့ကြောင့် ထိုသူ (သုသာန်စောင့်၊ မဟာထေရ်၊ ရွာလူကြီး)တို့အား လျှောက်ထားတိုင်ကြား အသိပေးခြင်းငှာ အပ်ပါ၏'' (**အထူးသတိပြုရန်**)

## ကာလီအဖွား နည်းများပြည့်စွက် လွှန်လေးနက်

မဟာကာဠ (သုသာန်မှုတင်ဆောင်) မယေရ်ကြီးသည်လည်း ကာလီအဖွားကြီး လျှောက်ထားသည်ကို သဘောပေါက်၍ လက်ခံ၏။ ထို့ကြောင့် ဆက်ပြောလေ၏။

(၁) အညံ ကိံ ကာတဗ္ဗံ=''ဒါယိကာမကြီး၊ အခုပြောတာမှတပါး ဘာကို လုပ်ရဦးမည်နည်း''

(၂) (က) ဘန္တေ သုသာနေ ဝသန္တေန နာမ အယျေန မစ္ဆမံသ ကိလ ပိဋ္ဌ တေလ ဂုဠာဒီနိ ဝဇ္ဇေတဗ္ဗာနိ၊ ဒိဝါ န နိဒ္ဒါယိတဗ္ဗံ။ ကုသီတေန န ဘဝိတဗ္ဗံ၊ အာရဒ္ဓ ဝီရိယေန ဘဝိတဗ္ဗံ၊

(ခ) အသဌေန အမာယာဝိနာ ဟုတွာ ကလျာဏဇ္ဈာသယေန ဘဝိတဗ္ဗံ၊ သာယံ သဗ္ဗေသု သုတ္တေသု ဝိဟာရတော အာဂန္တဗ္ဗံ၊ ပစ္စူသကာလေ သဗ္ဗေသု အနုဋ္ဌိတေသု ယေဝ ဝိဟာရံ ဂန္တဗ္ဗံ။

(ဂ) သစေ ဘန္တေ အယျော ဣမသ္မိံ ဌာနေ ဧဝံ ဝိဟရန္တော ပဗ္ဗဇိတကိစ္စံ မတ္ထကံ ပါပေတုံ သက္ခိဿတိ၊ သစေ မတသရီရံ အာနေတွာ ဆဍ္ဍေန္တိ။ အဟံ ကမ္ဗလကူဋ္ဋာ ဂါရံ အာရောပေတွာ ဂန္ဓမာလာဒီဟိ သက္ကာရံ ကတွာ သရီရကိစ္စံ ကရိဿာမိ။

(ဃ) နော စေ သက္ခိဿတိ၊ စိတကံ အာရောပေတွာ အဂ္ဂိံ ဇာလေတွာ သင်္ကုနာ အာကဍ္ဎိတွာ ဗဟိ ခိပိတွာ ဖရသုနာ ကောဋ္ဋေတွာ ခဏ္ဍာခဏ္ဍိကံ ဆိန္ဒိတွာ အဂ္ဂိမှိ ပက္ခိပိတွာ ဈာပေဿာမိ။

(က) "အရှင်ဘုရား၊ သုသာန်၌နေသော အရှင်မြတ်သည် ငါး၊ အမဲ၊ နှမ်း၊ မုံ့ညက်၊ ဆီ၊ တင်လဲ စသည်တို့ကို ရှောင်ကြဉ်အပ်၏။ နေ့အခါ၌ မအိပ်ရ။ ပျင်းရိခြင်းရှိသူ မဖြစ်ရ။ လုံ့လကြိုးကုတ် အားထုတ်မှု သိပ်ရှိရမည်။

(ခ) စဉ်းလဲခြင်း၊ လှည့်ပတ်ခြင်း မရှိရ။ စိတ်ကောင်း စေတနာကောင်း ရှိရမည်။ ညဉ့်အခါ အများ အိပ်ကုန်မှ သုသာန်သို့ လာအပ်၏။ နံနက်စောစော သူများမနိုးမီ အိပ်ရာမှမထမီ ကျောင်းသို့ပြန်အပ်၏။

(ဂ) အရှင်ဘုရား၊ အရှင်ဘုရားသည် အကယ်၍ ဤနေရာ၌ ဤသို့နေလျက် ရဟန်းကိစ္စ ပြီးဆုံးခြင်းသို့ ရောက်အောင် စွမ်းဆောင်နိုင်အံ့၊ လူသေကောင်ကို ဆောင်ယူ၍ အကယ်၍ စွန့်ပစ်ကုန်သည်ဖြစ်အံ့၊ ငါသည် ကမ္ဗလာတို့ဖြင့် ပြုအပ်သော သီးသန့်ဌာနသို့ ပို့၍ နံ့သာပန်း စသည်တို့ဖြင့် ပူဇော်၍ အလောင်းကောင် သင်္ဂြိုဟ်ခြင်းကိစ္စကို ပြုအံ့။

(ဃ) အကယ်၍ မစွမ်းနိုင်လတံ့။ ထင်းပုံသို့ ပို့၍ မီးရှို့ကာ တံစူးဝါးဖြင့် ထိုးဆွ ဆွဲငင်လျက် အပြင်သို့ဆွဲပစ်ပြီး ပုဆိန်ဖြင့်ခုတ်၍ အပိုင်းပိုင်းဖြတ်ပြီးမီးထဲ၌ ထည့်၍ ရှို့ပစ်အံ့။

## လှပမြင့်ကြွယ် တင့်တယ်ဝဖြိုး ရောင်မညှိုး

ထိုအခါ ကာလီအဖွားကြီးကို မဟာကာဠ မထေရ်မြတ်သည် ဤသို့ ပြောပြန်၏။

(၁) သာဓု ဘဒ္ဒေ ကော် ပန ရူပါရမ္မဏံ ဒိသွာ မယှံ ကထေယျာသိ = "အရှင်မကြီး၊ ကောင်းလှပါ၏။ စိတ်ကြိုက်အာရုံတခုကို မြင်သည်ရှိသော် ငါ့အား ပြောပါလော့"

(၂) သာဓု ဘန္တေ="အရှင်ဘုရား၊ ကောင်းပါပြီ"

တနေ့သ၌ အရွယ်ကောင်း၊ အသားအရည်ကောင်း လောလောလတ်လတ် (မပင်ပန်း မညှိုးနွမ်းမီ)သေသော အမျိုးသမီးအလောင်း သုသာန်သို့ ရောက်လာ၏။ မီးရှို့ဘို့ အဘိုးအခပေးပြီး ပြန်သွား၏။ ထိုအလောင်းကို ကာလီအဖွားကြီးသည် အဝတ်အထည်များကို ဆွဲချွတ်လိုက်ရာ အလွန်ပြည့်ဖြိုး လှပတင့်တယ်လျက် ဆင်းရောင်မပျက် ရှိနေသေးသည်ကိုတွေ့ရ၍ မဟာကာဠ မထေရ်ကို ပြေး၍ သတိရတော့သည်။ ထို့ကြောင့် သွား၍ မဟာကာဠမထေရ် မြတ်ကို ရှိခိုး၍ ဤသို့ လျှောက်၏။

ဘန္တေ ဧဝရူပနာမ အာရမ္မဏံ အတ္ထိ၊ ဩလောကေထ အယျ။

"အရှင်ဘုရား၊ ဤသို့ (လှပမြင့်ကြွယ် တင့်တယ်ဝဖြိုး အရောင်ကလေး ပင် မညှိုးသေး၊ အလွန် လတ်ဆတ် သပ်ရပ် ပြေပြစ်ခြင်း) သဘောရှိသော အမျိုးသမီး အလောင်း ရထားပြီ၊ အသင့် ရှိထားပြီ၊ အရှင်ဘုရား ယခု ကြွလာ ရှုစမ်းပါလော့"

ဤသို့ ယောကျာ်း ယောဂီများအတွက် (လျှောက်ပတ် အံဝင်ဂွင်ကျ ဖြစ်သော)ရခဲသော အလောင်းမျိုးကို ရ၍ အားရဝမ်းသာ ငါ၏ကိုယ်တော်ကြီး ရဟန်းကိစ္စ ပြီးနိုင်လောက်သည်ဟု မျှော်လင့်တကြီး ပြေးလျှောက်လေ၏။

## မကြည့်တတ် တကျော မိန့်မှာစကား သတိထား

မထေရ်မြတ်သည် "အရှင်မကြီး၊ ကောင်းပါပြီ၊ ကြွလာ ရှုပါမည်"ဟု ဆိုကာ လိုက်သွားလေ၏။ ရောက်လျှင် အပေါ်က လွှမ်းခြုံထားသော အဝတ်ကို

ဖယ်စေပြီး ခြေဖျားမှ ဆံဖျားတိုင်အောင် ကြည့်ပြီး ''ဥပါသိကာမကြီး၊ ဤ မိန်းမ အလောင်းကောင်သည် အလွန် တင့်တယ် ဝဖြိုး အလှတိုး၏။ ကိုယ်ရည် ကိုယ်သွေး အရောင်အဆင်းများသည် ရွှေသားရောင်ဆင်း ပြောင်ဝင်း ခန့်ထည် အလွန့်အလွန် တင့်တယ်ပါပေ၏။ ဒီအလောင်းကောင်ကြီးကို မီးထဲထည့်၍ မီးစွဲသောအခါ ငါ့အား လာပြောလှည့်ပါ''ဟု ဆိုပြီး မိမိနေနေကျ နေရာသို့ သွားလေ၏။ မကြာမီ မီးတင်လျက် မီးစွဲသောအခါ မထေရ်အား သွားရောက် ပြောကြားလေသည်။ မထေရ်သည် ကြွသွားပြီး စေ့စပ်စွာ ကြည့်သည်။ ကြည့် တတ်လျှင် ဘာဝနာ၊ မကြည့်တတ်လျှင် တဏှာ။ အကြည့်တတ်မှ အသိ မြတ် မည်၊ လေးနက်စွာ စူးစိုက် ကြည့်တော်မူသည်။

## တလုံးပြီး တလုံး လက်သုံးဆေးသာ မှဝဲရာ

အချိန်ကား သန်းခေါင်ကျော်သွားပြီ၊ လေများလည်း ငြိမ်နေသည်။ လူသံ ခွေးသံ စသည်ကား လုံးဝ မရှိ။ မီးရှိန်မှာလည်း အလွန် ပြင်းနေပြီ၊ ထင်းပုံပေါ်ရှိ ထိုမိန်းမ၏ အလောင်းကောင်မှာ တရိပ်ရိပ်ဖြင့် ရုပ်ရှင်ပြနေသလို ရှိနေပြီ။ အမျိုးမျိုး ပြောင်းလဲနေပြီ။ သူ၏ အလှတွေဟာလည်း တဖြည်းဖြည်း အလျှိုအလျှို ပျောက်ကွယ် ပျောက်ကွယ်ကာ မီးလုံးကြီးများ၏ ဟိုးနှက် ပစ် သွင်းလိုက်သည့် ဒဏ်ရာကြီးများမှာ မသက်သာ။ အညိုကွက်ကြီးများ၊ အမဲ ကွက်ကြီးများက သူ့ထက်ငါ ဝင်၍ ဝင်၍ နေရာယူလာကြပြီ။ စက္ကန့်မစဲ၊ မိနစ် မစဲ ပြောင်းလဲမှုလေးတွေမှာလည်း စိကာ စဉ်ကာ သူ့သဘော သူဆောင်လျက် ကွက်ကွက် ကွင်းကွင်း ထင်းထင်းကြီး ပြထားပြီ။ မထေရ်မြတ်သည်လည်း ဘာဝနာနှင့် တဏှာ စစ်ပွဲ၌ အရှုံး အနိုင် မပြတ်သားဘဲ ဖြစ်နေသေးသည်။ ရှုံးတော့မလိုလိုနှင့် နိုင်တာရှိသလို လောကဓမ္မတာ နိုင်မလိုလိုနှင့် ရှုံးအုံးမှာ လား ဆိုတဲ့ အဖြစ်မျိုးနှင့် ရင်ဆိုင်နေရချိန်မှာ ရှိနေသေးသည်။ တဏှာအတတ် မပြတ်သေးသည့် အတွက် အရေးအကြီးဆုံး အချိန်သို့ ရောက်နေပြီ၊ မိန်းမ အလောင်းကြီးမှာလည်း မီးပုံပေါ်၌ ဖြစ်ချင်သလိုကို ဖြစ်နေပေသည်။ ယုသာန် မှုတင်ဆောင်မဟာကာဠ မထေရ်ကလည်း အလစ်မပေးဘဲ (နင် ပြချင်သလို ပြ၊ ငါ မြင်ချင်သလို မြင်မယ်) ဆိုတဲ့ လက်သုံး ဆေးဘော်ကြီး တလုံးပြီး တလုံး အသုံးပြုလျက် ရှိသည်။

## ပဋိသမ္ဘိဒါလေးပါး ထင်ရှားရရှာ ရဟန္တာ

သန်းခေါင်ကျော်လို့ ၂-နာရီခန့် ရှိသွားပြီ။ ဆိတ်ငြိမ်သော ညဥ့်ကာလ လူသူဝေးခေါင်သော သုသာန် (သင်းချိုင်း)ကြီး၌ လွတ်လွတ် လပ်လပ် ရှုမှတ်ခွင့် ရသည်။ အလွန် လှပသော မိန်းမ၏ ခန္ဓာကိုယ် (နကိုလှ အပိုလှ) တွေဟာ တခုမျှ ရှာမရတော့ပြီ။ နွားမကြီး မီ ရှို့ထားသလို ပြောက်ကျားကျားကြီး အကြားမှ လက်ကားယား ခြေကားယား၊ ဟိုက တွန့်၊ ဒီက လိမ်၊ အရည်တွေဟာလဲ ကွာ၍ ကွာ၍ ကျလာကုန်ပြီ။ ထိုမိန်းမ အလောင်းကောင် ပြောင်းလဲ ပြောင်းလဲလာသလို မဟာကာဠ မထေရ်ကြီးမှာလည်း **သူ**၏ ခန္ဓာမှ ကိလေသာ လေတွေဟာလည်း တဖက်မှ ရှုမှတ် အားထုတ်မှု ဉာဏ်ကလေးတွေ အခြေအနေ ပေးသလို တိုက်စစ် ဆင်လာသည်နှင့်အမျှ အခြေအနေပေးသလို ခံစစ်သဘော အရ ဆုတ်ခွာ ဆုတ်ခွာလျက် ခြေကုပ်ခရ၊ မရှုမလှ ခံရပြီး ထိုမိန်းမ အလောင်းကောင်၏ မီ ရှို့ဆဲ မီးလောင်ဆဲ အာရုံတို့မှာ သူမတူအောင် များစွာ အကူအညီ ရနေတော့သည်။ အခြေခံ သိပ်ကောင်းထားသည်။ မဟာကာဠ မထေရ်ကြီးမှာလည်း ဘုဉ်အတွင်း (အပြုတ်တိုက်၊ အပြတ်ရှင်း)မှုချထားပြီ။ အလောင်းကောင် အကောင်ပျက်မီ အနည်းငယ်သော အချိန်ကလေးတွင် (ခယသဘော၊ ဝယသဘော) တို့သည် ဘွားကနဲပေါ်လျက်....

> အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော။
> ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။ ။

ဤဂါထာကို ရွတ်ဆို၍ ဝိပဿနာကိုပွားလျက် ပဋိသမ္ဘိဒါလေးပါးနှင့် တကွ ရဟန္တာအဖြစ်သို့ ရောက်တော်မူပြီ။

❀

၁၃၃၃-ခုနှစ်၊ တော်သလင်းလဆုတ်ကွယ်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌
## ကြခတ်ဝိုင်း ဆရာတော် ဦးဇောတိပါလ
## ဟောကြားအပ်သော
တဒေဝကသိုဏ်းဖြင့် အခြေခံကျင့်သော
ပဋိသမ္ဘိဒါပတ္တ၊ သင်္ဂါဟိည၊ ရဟန္တာထေရ်မ
သာဓေးသမီး (ဥပ္ပလဝဏ်) ဝတ္ထု

❁

**ဝါရိ ပေါက္ခရပတ္တေဝ၊ အာရဂ္ဂေရိဝ သာသပေါ။**
**ယော န လိမ္ပတိ ကာမေသု၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။**

ကာမတော၊ ဝတ္ထုကိလေ နှစ်ထွေကာမ ဟူသမျှကြောင့်။ သောကော၊ ကြောင့်ကြ ထန်ပြင်း စိုးရိမ်ခြင်းသည် လည်းကောင်း။ ဘယံ၊ ပူပန်နွမ်းလျ ဘေးရန် ဟူသမျှသည် လည်းကောင်း။ ဇာယတေ၊ မလွဲမသွေ ဖြစ်တတ်ပါပေ၏။

ပေါက္ခရပတ္တေ၊ ကြာအရွက်ခေါ် ကြာဖက်ပေါ်၌။ ဝါရိ၊ သွန်းဖြိုး ရွာချ မိုးရေမိုးပေါက် ဟူသမျှသည် လည်းကောင်း။ အာရဂ္ဂေ၊ ပွတ်ငင်ပေါ် ထား စူးဆောက်ဖျား၌။ သာသပေါ၊သေးငယ်ချောမွေ့ မုံညင်းစေ့ ဟူသမျှသည် လည်းကောင်း။ နလိမ္ပတိဣဝ၊ တခုလေးမျှ တခဏပင် မငြိကပ် မရပ်တည်လေ သကဲ့သို့။ ယော၊ အာသဝေါကင်းဆိတ် အကြင် ရဟန္တာ အရှင်မြတ်ကြီး (တို့၏ စိတ်) သည်။ ကာမေသု၊ ဝတ္ထုကိလေ နှစ်ထွေကာမ ဟူသမျှတို့၌။ န လိမ္ပတိ၊ တခုလေးမျှ တခဏပင် မငြိကပ် မရပ်တည်တော့ပါ။ တသ္မာ၊ ထို့ကြောင့်....

တံ၊ ထို မငြိကပ် မရပ်တည်တော့သော စိတ်ရှိသည့် ရဟန္တာ အရှင်မြတ် အပေါင်းကို။ ဗြာဟ္မဏံ၊ ဗာဟိတပါပ သုခပွားစီး "ဗြာဟ္မဏ ပုဂ္ဂိုလ်ကြီး" ဟူ၍။ အဟံ၊ လောကနာထ သမန္တ စက္ခု သဗ္ဗညုဉာဏ်ရှင် ဘုရားသခင်သည်။ ဗြူမိ၊ ပါရမီကြိမ်ဖြင့် ဉာဏ်ရှိန်တင့်လျက် အသင့်မသွေ ဟောကြားတော်မူခဲ့ပါပေသတည်း။

(သုတ္တန္တပိဋက၊ ခံ ဋ္ဌ ပ နာ-၁၁ )

**ပန်းလှိုင် (၂၁) လမ်း၊ ဗဟိုပုံနှိပ်တိုက်၊ ဦးသောင်းရွှေ ခေါ်ရင်နုမိသားစု ဝမ္မဒါန ကုသိုလ်။**

တေဝေါကသိုဏ်းဖြင့် အခြေခံကျင့်သော

# ပဋိသမ္ဘိဒါပတ္တ ဆဠာဘိည ရဟန္တာထေရီမ

# သဒ္ဒေးသမီး (ဥပ္ပလဝဏ်) ဝတ္ထု

## မှတ်သားဘွယ် အကျဉ်းချုပ်

## ရဟန်းပြုရန် စိတ်ကြံရှိ မရှိ မေးမြန်းညှိ

ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေစဉ် ဥပ္ပလဝဏ်ထေရီမကို အကြောင်းပြု၍ ဟောအပ်၏။

ထို ဥပ္ပလဝဏ် အမျိုးသမီးသည် ပဒုမုတ္တရ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဆုတောင်း၍ ကမ္ဘာတသိန်းကာလပတ်လုံး ကောင်းမှုများပြုပြီး လူ့ပြည်၊ နတ်ပြည်တို့၌ ကျင်လည်လျက် ယခု မြတ်စွာဘုရား (ဂေါတမဗုဒ္ဓ) လက်ထက်၌ နတ်ပြည်မှ စုတေပြီး သာဝတ္ထိပြည်၌ သဌေးအိမ်၌ သန္ဓေတည်၏။ ကြာညိုပန်းအဆင်းနှင့် တူသောကြောင့် ဥပ္ပလဝဏ္ဏ(ဥပ္ပလဝဏ်)ဟု မှည့်ခေါ်ကြကုန်၏။ အရွယ်ရောက်သော် ဇမ္ဗူဒိပ်တကျွန်းလုံးရှိ မင်းအပေါင်းက လည်းကောင်း၊ သဌေးအပေါင်းက လည်းကောင်း ဘခင် သဌေးကြီးထံ စပ်ဟပ် ကြောင်းလှမ်းခြင်း သတင်းစကား ပို့ကြကုန်၏။ မပို့သောသူ မရှိ။ သဌေးကြီး ကကြံ၏။ငါသည် ဆုံးဖြတ်ခြင်းငှာ မစွမ်းနိုင်၊ နည်းလမ်းတခု ရှာမည်။ ထို့နောက် သမီးကို ခေါ်၍ "ငါ့သမီး၊ ရဟန်းပြုမည်လား" ဟု မေး၏။

## ဥပ္ပလဝဏ် ထူးချွန်ပဋိသမ် အဘိညာဏ်

ထို ဥပ္ပလဝဏ်၏ ပစ္ဆိမဘဝိက ဖြစ်သောကြောင့် ထို ဘခင်၏ မေးမြန်းညှိနှိုင်းသော စကားသည် အကြိမ်တရာချက်အပ်သော ဆီကြည်ကို ဦးခေါင်း၌ သွန်းလိုက်ဘိသကဲ့သို့ အလွန်ကို နှစ်သိမ့်အားရ ရှိလှဘိ၏။

ပဗ္ဗဇိဿာမိ တာတ=''ဘခင်၊ သမီး ရဟန်းပြုလိုပါ၏၊ ရဟန်း ပြုပါတော့မည်''

ဘခင် သဋ္ဌေးကြီးသည် သမီးအား များစွာသော ပူဇော်သက္ကာရကို ပြု၍ ဘိက္ခုနီမကျောင်းသို့ ပို့ပြီး ရဟန်းပြုစေ၏။ များမကြာမီ ဥပုသ်နေ့၌ အလှည့်ကျ တံမြက်လှည်းခြင်း စသည် ပြုရန် ရောက်၏။ယင်း သိမ်ဘုရားရှေ့၌ ထွန်းထားသော ဆီမီးကို ထိုင်၍ ကြည့်ရှုယင်း တေဇောကသိုဏ်းအာရုံကို ရှုပွားလျက် ဈာန်ကို ဖြစ်စေ၏။ ထိုဈာန်ကို အခြေခံပြု၍ ပဋိသမ္ဘိဒါ လေးပါး၊ အဘိညာဉ် ခြောက်ပါးနှင့်တကွ ရဟန္တာမအဖြစ်သို့ ရောက်လေ၏။

## နန္ဒလုလင် မြေ၌မျိုဘိ အဝီစိ

ထို ဥပ္ပလဝဏ် ရဟန္တာထေရီမသည် အခါတပါးတွင် သာဝတ္ထိပြည်၌ ဆွမ်းအလို့ငှာ ကြွပြီး ပြန်လာ၏။ ထိုအခါ ဦးရီး၏ သား နန္ဒလုလင်သည် လူဘဝထဲမှ ဥပ္ပလဝဏ်အား များစွာ နှစ်သက်နေခဲ့၏။ ထို့ကြောင့် ထေရီမ သာဝတ္ထိပြည်မှ အပြန် အခွင့်သာ အခြေအနေ ပေးသလို (အဝမ္မသံဝါသ) မကောင်းမှုကို ပြုဘို့ရန် ကြိုးစား၏။

မာ နဿိ ဗာလ၊ မာ နဿိ ဗာလ=''ဟယ်.... လူမိုက်၊ ငါ့အား မပျက်စီးစေပါလင့်၊ ဟယ်....လူမိုက်၊ ငါ့အား မပျက်စီးစေပါလင့်''

ဤသို့ အကြိမ်ကြိမ် ငြင်းဆန် တောင်းပန်ယင်းဖြင့် အားမတန်၍ မာန်လျှော့ အရှုံးပေးလိုက်ရပြီ။ ပြန်အသွား လမ်းအကြားတွင် ယင်း ဒုစရိတ ပါပကာရီ နန္ဒလုလင်အား သူ၏ မကောင်းမှု ကြီးမား လေးလံခြင်းကို မခံနိုင်၊ အကုသိုလ်ဖိအားကြောင့် မဟာပထဝီမြေကြီးသည် နှစ်ခြမ်းကွဲပြီး တဖြည်းဖြည်း ကျွံနစ်ကာ အဝီစိ ငရဲ၌ ဖြစ်ရလေ၏။

## ကာမနှစ်မျိုး ဖြစ်ရိုးကင်းကွာ ရဟန္တာ

ဥပ္ပလဝဏ်ထေရီမသည် များစွာ မကျေနပ်၊ အရှက်နှင့်အခက် တွဲလျက် ရှိ၏။ တမျိုးစီ အရေးကြီးနေ၏။ သိက္ခာပုဒ်အရ အခက်နှင့် ထိပ်တိုက်ဝင်နေပြီ။ ထို့ကြောင့် ဘိက္ခုနီမတို့အား ဖွင့်ဟ ပြောပြရပြီ။ ဘိက္ခုနီမတို့မှတဆင့် ရဟန်းတော်ကြီးများကို လျှောက်ထားရပြန်ပြီ။ယင်းကိစ္စများအတွက် ကျား ကြောက်၍

ရှင်ကြီး ကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။ ရှင်ကြီးလက်ထဲ၌ ပြဿနာများ တနေ့ တခြား ကြီးမားမှုနှင့် ရင်ဆိုင်နေရပြီ။ ရှောင်တိမ်းမရသော ကိစ္စပါတည်း။ ရဟန်းတော်ကြီးများ လေ့လာ၍ မြတ်စွာဘုရားထံ စွဲချက်တင်သည့် အဖြစ်သို့ ရောက်သွားပြီ။ မြတ်စွာဘုရားကလည်း ယင်း ဥပ္ပလဝဏ် ရဟန္တာထေရီမ၏ (မိမိအမှု မိမိကိုယ်တိုင် တရားလို လုပ်ကာ) စွဲဆိုသောအမှုကို လက်ခံတော်မူ၏။ ဥပ္ပလဝဏ်မှာ (ဆွမ်းခံသွားယင်း ငှက်သင့်) ပြဿနာ အကြား မှာ မီးသောင်ရာ လေပင့် ပြဿနာတခု ပေါ်လာသေး၏။ ပြဿနာ ကြီးထွား လာ၏။ အခြား မဟုတ်ပါ။ အောက်ပါအတိုင်း လူထုက ပူမှုတွေ လုပ်လာပြန်သည်။

(၁) ခီဏာသဝါပိ မညေ ကာမသုခံ သာဒိယန္တိ၊ ကာမံ သေဝန္တိ၊ ကိံ န သေဝိဿန္တိ။

(၂) န ဟိ တေ ကောဋ္ဌာပရုက္ခာ၊ န စ ဝမ္မိကာ အလ္လမံသ သရီရာဝ၊ တသ္မာ တေပိ ကာမသုခံ သာဒိယန္တိ၊ ကာမံ သေဝန္တိ။

ထို့ကြောင့် မြတ်စွာဘုရားသည် ထိုအရပ်သို့ ကြွလာ၍ မေးမြန်းပြီး အောက်ပါအတိုင်း အဆုံးအဖြတ် ပေးလေတော့သည်။

(၁) န ဘိက္ခဝေ ခီဏာသဝါ ကာမသုခံ သာဒိယန္တိ၊ န ကာမံ သေဝန္တိ="ရဟန်းတော်များ အို-ချစ်သားတို့၊ ရဟန္တာပုဂ္ဂိုလ်တို့သည် ကာမဂုဏ်ချမ်းသာကို မသာယာကြကုန်၊ ကာမဂုဏ်ချမ်းသာကို မမှီဝဲ မသုံးမဆောင်ကြကုန်"

(၂) ယထာ ဟိ ပဒုမပတ္တေ ပတိတံ ဥဒကဗိန္ဒု န ဝိလိမ္ပတိ၊ န သဏ္ဌာတိ ဝိနိဝတ္တေတွာ ပတတေဝ="ပဒုမ္မာကြာဖက် ကြာရွက်ပေါ်၌ ကျသော မိုးရေ မိုးပေါက်သည် မလိမ်းကျံ မကပ်ငြိဘဲ ပြန်လည် လျှောကျသွားသလို ရဟန္တာပုဂ္ဂိုလ်၌ ရောက်လာရသော ကာမဂုဏ် မိုးပေါက် မိုးရေတို့ သည်လည်း မလိမ်းကျံ မကပ်ငြိဘဲ ပြန်လည် လျှောကျသွား၏"

(၃) ယထာ စ အာရဂ္ဂေ သာသပေါ န ဝိလိမ္ပတိ၊ န သဇ္ဇာတိ ဝိနိဝဋ္ဋေတွာ ပတတေဝ၊ ဧဝံ ခီဏာသဝဿ စိတ္တေ ဒုဝိဓောပိ

ကာမော န ဝိလိမ္ပတိ၊ န သဇ္ဇာတိ= "ဥပမာ တနည်းကား ပွတ်ဆောက်၏အဖျား၌ မှည်းစေ့သည် မလိမ်းကျံ မကပ်ငြိ ပြန်လည် လျှောကျသွားသလို ထို့အတူ ရဟန္တာပုဂ္ဂိုလ်၏ စိတ်၌ (ကိလေသကာမ၊ ဝတ္ထုကာမ) ကာမ နှစ်မျိုးလုံး မလိမ်းကျံ မကပ်ငြိ"

## မြို့တွင်း ရွာတွင်း နေခြင်းစရာ ဤအခါ

မြတ်စွာဘုရားသည် ပဿေနဒီ ကောသလမင်းကြီးကိုခေါ်၍ အောက်ပါအတိုင်း မိန့်တော်မူ၏။

(၁) မဟာရာဇ ဣမသ္မိံ သာသနေ ယထေဝ ကုလပုတ္တာ၊ ဧဝံ ကုလ ဓီတရောပိ မဟန္တံ ဉာတိဂဏဉ္စ ဘောဂက္ခန္ဓဉ္စ ပဟာယ ပဗ္ဗဇိတွာ

အရဟတ္တံ ပတ္တာ = "မြတ်သော ပဿေနဒီ ကောသလမင်းကြီး၊ ဤဘုရားသာသနာတော်၌ အမျိုးသားရဟန်းတော်များ တော၌နေကြသလို အမျိုးသမီး ဘိက္ခုနီ ရဟန်းမတို့သည်လည်း များစွာသော ဆွေမျိုးအပေါင်း၊ ဥစ္စာစုတို့ကို ပယ်စွန့်၍ ရဟန်းပြုပြီး တော၌ နေကြကုန်၏"

(၂) တာ ဧဝံ ဝိဟရမာနာ ရာဂရတ္တာ ပါပပုဂ္ဂလာ ဩမာနာတိ မာနဝသေန ဝိဟေဌေန္တိပိ ဗြဟ္မစရိယန္တရာယမ္ပိ ပါပေန္တိ=

"ထိုဘိက္ခုနီမတို့သည် ဤသို့ နေကြကုန်သည်ရှိသော် ရာဂတရားယုတ်၍ မက်မောကြကုန်သော ပါပ ပုဂ္ဂိုလ်တို့သည် ယုတ်သောမာန်၊ လွန်ကဲသောမာန်တို့၏ အစွမ်းဖြင့် ညှဉ်းဆဲဖျက်ဆီးကြကုန်၏။ မြတ်သော အကျင့်၏ အန္တရာယ်သို့လည်း ရောက်စေကြကုန်၏"

(၃) တသ္မာ ဘိက္ခုနီသံဃဿ အန္တောနဂရေ ဝသနဋ္ဌာနံ ကာတုံ ဝဋ္ဋတိ=''ထို့ကြောင့် ပသေနဒီမင်းကြီး၊ဘိက္ခုနီ (ရဟန်းမိန်းမ) အပေါင်းအား မြို့တွင်းရွာတွင်း၌ နေရာအရပ်ကို ပြုပေးခြင်းငှာ အပ်၏''

ဤသို့မိန့်၍ ပသေနဒီ ကောသလမင်းကြီးက သာဝတ္ထိမြို့ထဲ၌ ဘိက္ခုနီမ ကျောင်းများကို ဆောက်လုပ် နေစေခဲ့၏။

**မှတ်ချက်။** ။ဤအချိန်မှစ၍ ဘိက္ခုနီမများ မြို့တွင်းရွာတွင်း၌ နေကြရ၏။

၁၃၃၃-ခုနှစ်၊ သီတင်းကျွတ် လပြည့် နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
## ဟောကြားအပ်သော

**ငှက်ပစ်မုဆိုးကြီး ဖြစ်ခဲ့ဘူးသော ပူတိဂတ္တတိဿမထေရ်**
**ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုခန်း**

**အစိရံ ဝတ ယံ ကာယော၊ ပထဝိံ အဓိသေဿတိ၊**
**ဆုဒ္ဓေါ အပေတဝိညာဏော၊ နိရတ္ထံဝ ကလိင်္ဂရံ။**

တိဿ၊ ပူတိဂတ္တ ခေါ်တွင်ကြသည့် တိဿမည်မှန်း အို-ရဟန်း။ အယံ ကာယော၊ ငါမဟုတ်ဘဲ ငါငါစွဲ၍ အမြဲဟန်ဆောင် (ကဒလိက္ခန္ဓ၊ အသာရ၊ သုည) တည်းဟူသော ဤကိုယ်ကောင်သည်။ ဝတ၊ စင်စစ်ဧကန် အမှန် အားဖြင့်။ ဆုဒ္ဓေါ၊ အကျိုးမပြီး အချည်းနှီးသာ ဖြစ်ခဲ့ပါလျက်။ အစိရံ၊ နေ့ ရက် နှစ် လ ဌာနနေရာ အနာမရွေး မဝေးချိန်ခါ မကြာမြင့်မီ။ အပေတ ဝိညာဏော၊ ကင်းသော ဝိညာဉ်ရှိခဲ့သော်။ (ဝါ) ဝိညာဉ်ကင်းရာကာလ ခါသမယ၌။ ကလိင်္ဂရံဝ၊ သစ်ဆွေးသစ်ပွ သစ်အစကဲ့သို့။ နိရတ္ထံ၊ အနှစ်သာရ ဘာမျှ ရှာမရသည်။ ဟုတ္တွာ၊ ဖြစ်၍။ ပထဝိံ၊ မရဏာမင်းရိုင်း သူက ခိုင်း၍ လူ့ဘိုင်းမသွေ သုသာန်မြေ၌။ (ဝါ) ဘယ်သူမှ မကူကယ်နိုင် အပူသယ်တွေ တမှိုင်မှိုင် ရုံးတက်သည့် ကုန်းအဖျက် သင်းချိုင်း မြေလုပ်တိုင်း၌။ အဓိ သေဿတိ၊ အနုဋ္ဌာန ပြန်မထသည့် အိပ်ရအပြီး အိပ်ခြင်းနည်းဖြင့် ထန်သည်း ပုပ်ပွ စွန့်ပစ်ကြလျက် မုချမသွေ အိပ်ရပေလတ္တံ့သတည်း။

( သုတ္တနိပါတ်အဋ္ဌကထာ၊ ဓံ-ဋ္ဌ-ပ-နှာ-၂၀၂ )

ပန်းသွိုင် (၂၁) လမ်း၊ ဗဟန်းပုန်ဒိပ်ထိုက်၊ ဦးသောင်းရွှေ-ဒေါ်ရင်နု မိသားစု မေတ္တာဒါနကုသိုလ်။

## ငှက်ပစ် မုဆိုးကြီး ဖြစ်ခဲ့ဘူးသော ပူတိဂတ္တတိဿမထေရ် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် ပြုခန်း

## သွေးပြည်ယိုစီး ထေရ်ကြီးတိဿ ပုပ်နံ့ထ

ဤ တရားဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ နေစဉ် ပူတိဂတ္တတိဿ မထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်သား အမျိုးသား တယောက်သည် မြတ်စွာဘုရားထံ၌ တရားနာရ၍ သာသနာ၌ ရဟန်းပြု၏။ တိဿဟူ၍ တွင်၏။ နောင် ကိုယ်၌ ရောဂါ ဖြစ်၏။ မုံညင်းစေ့မျှ အဖုအပိမ့်တွေ အနှံ့ ထွက်လာ၏။ တဖြည်းဖြည်း ပဲနောက်စေ့ခန့်မှ ဥသျှစ်းသီးခန့်အထိ ရှိလာ၏။ တကိုယ်လုံး အပေါက် အပေါက် တွေ ဖြစ်နေ၏။ ပုပ်စော် နံနေ၏။ ပူတိဂတ္တ (ပုပ်သောကိုယ်ရှိသူ) တိဿမထေရ် ဟု အများက ခေါ်လာကြ၏။ နောင်အခါ အရိုးတွေပါ ကျိုးကုန် ပျက်ကုန်၏။ သင်းပိုင် ကိုယ်ရုံတို့သည် ပြည် သွေးတို့ဖြင့် လိမ်းကျံလျက် လုပ်ကျွေးခြင်းငှာ မစွမ်းနိုင်ကြ၍ စွန့်ပြေးကြ၏။ ကိုးကွယ်ရာ မဲ့ကာ အိပ်၍နေ၏။

## သန့်စင်ပြီးလျှင် အရှင်တိဿ ပြန့်ပိုကြ

ဘုရားတို့ မည်သည်မှာ နေ့စဉ် တနေ့ နှစ်ကြိမ် ကြည့်၏။ (၁) နံနက် စောစော ဟိုဘက် စကြဝဠာ နှုတ်ခမ်းမှ ဂန္ဓကုဋီတိုက်အထိ ဉာဏ်ကိုဖြန့်၍ ကြည့်၏။ ညချမ်းအခါ၌လည်း ဂန္ဓကုဋီတိုက်မှစ၍ အပြင်သို့ရှေ့ရှုပြီး လောကကို ကြည့်၏။ ထိုအခါ ဉာဏ်တည်းဟူသော ကွန်ယက်အတွင်းမှ ပူတိဂတ္တတိဿ မထေရ်ကြီးကို မြင်၏။ သူ၏ အရဟတ္တူပနိဿယ (အရဟတ္တဖိုလ် ရကြောင်း ကြီးမားပုံ) ကို မြင်၍ ဂန္ဓကုဋီတိုက်မှ ထွက်၍ ဒေသစာရီ လှည့်လည်သကဲ့သို့ ကြွတော်မူ၍ မီးတင်းကုပ်၌ ထမင်းအိုးကို ဆေးရည်ထည့်ပြီး ဖိုပေါ်တင် မီးထည့် ရေဆူအောင် မီးတင်းကုပ်၌ပင် စောင့်၍ ဆူသည့်အခါ အတော်နေ ရေစပ်ပြီး ဘုရားရှင်ကိုယ်တိုင် ပူတိဂတ္တတိဿ မထေရ်ကြီး လျောင်းသော

ခုတင်ကြီးပါ မ့လေ၏။ ထိုအခါ ရဟန်းတွေက အတင်းဝင်ပြီး ''အရှင်ဘုရား၊ သည်းခံပါ၊ တပည့်တော်တို့ လုပ်ပါရစေ'' ဆိုပြီး မီးတင်းကုပ်သို့ မ့သွားကြလေ၏။ မြတ်စွာဘုရားက ရေလောင်းပေး၊ ရဟန်းတွေက ပွတ်၊ ဆပ်ပြာတိုက်၊ သင်္ကန်းလဲလှယ်၊ ချော်ဖွပ်၊ သင်္ကန်းတွေ လှန်း၊ ခြောက်၊ နေရာပြန်ပို့ပေးလေ၏။

## ပရိနိဗ္ဗာန် ဝင်စံရှာပြီ တိဿထေရ်

တထည်ကိုဝတ်ပြီး တထည်ပင် ရုံ၍ ထားသော အရှင်တိဿ မထေရ်ကြီးသည် ပေါ့ပါးသောကိုယ် ရှိသည်ဖြစ်၍ တည်ကြည်သောစိတ်ဖြင့် ညောင်စောင်းပေါ်၌ စိတ်ချမ်းသာစွာ အိပ်လေ၏။ မြတ်စွာဘုရားသည်လည်း ထိုမထေရ်ကြီး၏ ခေါင်းရင်းမှ ထိုင်၍....

ဘိက္ခု အယံ ဝတ ကာယော အပေတဝိညာဏော
နိရုပကာရော ဟုတွာ ကလိင်္ဂရံဝိယ ပထဝိယံ သေဿတိ။

''ရဟန်း၊ သင်၏ ဤခန္ဓာကိုယ်ကြီးသည် ဝိညာဉ်ကင်းသည် ရှိသော်ဘာမျှ အကျိုးကျေးဇူး ရှိတော့မည် မဟုတ်၍ ဖွဲ ထင်းကဲ့သို့ မြေကြီး၌ အိပ်ရပေတော့လတ့်''

ဤသို့မိန့်ပြီး ''အစိရံ ဝတ ယ ကာယော။ပ။နိရတ္ထံဝ ကလိင်္ဂရံ'' ဟူသော ဂါထာကို ဆက်၍ ဟောတော်မူ၏။ ပူတိဂတ္တတိဿ မထေရ်ကြီးသည် ဤဂါထာ အဆုံး၌ ပဋိသမ္ဘိဒါ လေးပါးနှင့် တကွ ရဟန္တာအဖြစ်သို့ ရောက်၏။ မျာ:မကြာမီ ယင်း မထေရ်ကြီးသည် ပရိနိဗ္ဗာန် ပြုသွားလေ၏။

## အတောင် ခြေများ ချိုးထားမည့ာ ရက်စက်ဝ္ဂာ

မြတ်စွာဘုရား ကိုယ်တိုင် ဦးစီး မီးသင်္ဂြိုဟ်၍ ဓာတ်တော်ဟို့ကိုလည်း စေတီ တည်လေ၏။ ရဟန်းများ လျှောက်ထားသဖြင့် အမိန့်ရှိသည်မှာ တိဿမထေရ်ကြီး ရဟန္တာအဖြစ်ဖြင့် ပရိနိဗ္ဗာန် ပြုသွားလေပြီ။ ''အရှင်ဘုရား၊ ဗိုလို (အရဟတ္တုပြ နိဿယသမ္ဗန္ဓ) အသက်တန်းကျတဲ့ ပုဂ္ဂိုလ်ကြီးသည် ဘာ့ကြောင်

တကိုယ်လုံး ပုပ်ပွနေရပါသနည်း။ ဘယ်အကြောင်းကြောင့် အရိုးတွေ ကျိုးပျက်ရပါသနည်း။ ဘယ်အကြောင်းကြောင့် အရဟတ္တဖိုလ် နိဗ္ဗာန်သို့ ရောက်ရပါသနည်း"။ "ရဟန်းတို့၊ အခု သင်တို့ လျှောက်ထားတဲ့ ကောင်း/ဆိုး နှစ်တန်ဟာ အားလုံး သူပင် ပြုခဲ့ပေသည်" ဤသို့ဆို၍ အတိတ်ဝတ္ထုကို ဟောလေ၏။

ဤပုတိဂတ္တတိဿ မထေရ်ကြီးသည် ကဿပဘုရား လက်ထက်၌ ငှက်ပစ် မုဆိုးကြီး ဖြစ်ခဲ့ဘူးသည်။ ငှက်များစွာတို့ကို သတ်၍ သက်ဆိုင်ရာသို့ သွင်းလေ၏။ အကြွင်းအကျန်ကို ဈေးပို့ ရောင်းချလေ့ ရှိသည်။ ကုန်သည့်အခါ ကုန်သည်။ မကုန်သည့်အခါ နောက်တနေ့ ပုပ်လာ၍ ပျက်စီးကုန်တတ်သည်။ ထို့ကြောင့် အထားလည်း လွယ်၊ ဆုံးရှုံးမှုလည်း မရှိရလေအောင် ကြက်တွေ ငှက်တွေကို အသေ မသတ်ဘဲ ခြေချိုး၊ အတောင်ချိုး လုပ်ငန်းများကို အသုံးပြုလာသည်။ ဈေးတည့် သေချာမှ အသေသတ်ပေးသည်။ အချို့ ခြေချိုး၊ အတောင်ချိုး ဘဝဖြင့် အတော် ကြာကြာခံနေရ ဝဋ်ခံနေရရှာသည်။ မသေခင် ဒုက္ခရောက် အစာငတ် ရေပြတ် ဖြစ်ခဲ့သည်။

## ကောင်းနှင့် မကောင်း အကြောင်းနှစ်ခု သူပင်ပြု

တနေ့သ၌ ထိုငှက်ပစ်မုဆိုးကြီးအိမ်၌ ဘောဇဉ်များ ချက်နေစဉ် ရဟန္တာကြီးတပါး ဆွမ်းအလို့ငှာ လှည့်လည်စဉ် အိမ်တံခါးဝသို့ ရောက်လာ၏။ ယင်း မုဆိုးကြီးသည် မြင်လျှင် မြင်ချင်း ကြည်ညို လှူဒါန်းလိုစိတ် များစွာ ပေါက်၏။ "တပည့်တော်၏ ဆွမ်းဒါနကို ချီးမြှင့် အလှူခံ ပေးတော်မူပါ"ဟု ကြည်ညို သဒ္ဓါလွန်း၍ အတင်းဝင်တိုး လျှောက်ထား၏။ မထေရ်၏ သပိတ်တော်ကိုယူ၍ အရသာရှိ မွန်မြတ်သော ဘောဇဉ်တို့ကို ထည့်၍ သပိတ်တော်ကို ပြန်ကပ်ပြီး ငါးပါးသော တည်ခြင်းကြီးတို့ဖြင့် ရှိခိုး၍ အောက်ပါအတိုင်း ဆုတောင်းလေ၏၊

ဘန္တေ တုမှေဟိ ဒိဋ္ဌဓမ္မဿ မတ္ထကံ ပါပုဏေယျံ။

"အရှင်ဘုရား၊ အရှင်ဘုရားတို့သည် သိတော်မူ မြင်တော်မူအပ်သော တရား၏ အထွဋ်အထိပ်သို့ ရောက်ရပါလို၏ အရှင်ဘုရား"

ရဟန္တာ မထေရ်ကြီးသည်လည်း "ဓဝံ ဟောတု=ဤတောင်းသောဆု အတိုင်း ပြည့်စုံသည် ဖြစ်ပါစေသတည်း" ဟု ဆုပေးတော်မူ၏။ ယင်း ငှက်ပစ် မုဆိုးကြီး ဘဝ၌....

(၁) ကြက် ငှက်အပေါင်းတွေကို အတောင် ခြေထောက်တို့ကို ချိုး သောအကုသိုလ်ကြောင့် ယခု ပုပ်သောကိုယ်ရှိ၏။အရိုးတို့သည် လည်း ကျိုးပျက်ကုန်၏။

(၂) ရဟန္တာ ပုဂ္ဂိုလ်ကြီးအား အလှူ အရသာရှိသော ဆွမ်းဒါန၏ အစွမ်း ကုသိုလ် သတ္တိကြောင့် ပူတိဂတ္တတိဿ မထေရ်ကြီး ရဟန္တာ ဖြစ်ရ၏။

၁၃၃၄-၃၅ ခု၊ ဝါခေါင်လဆန်း၊ (၈)ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
## ဟောကြားအပ်သော

### အနာဂါမိမဏိယ် ဝတ္ထု

**ဆန္ဒဇာတော အနက္ခာတေ၊ မနသာ စ ဖုဋ္ဌော သိယာ။**
**ကာမေသု အပ္ပဋိဗဒ္ဓစိတ္တော၊ ဥဒ္ဓံ သောတောတိ ဝုစ္စတိ။ ။**

အနက္ခာတေ၊ ဘယ်သူဘယ်ဝါ ပြုထားတာနှင့် ဖြူပြာဝါညို ဆင်းထိုထိုဟု မဆိုပါအပ် ဖြစ်ပျက်ရပ်သည့် နိဗ္ဗာန်တည်းဟူသော အငြိမ်းဓာတ်၌။ ဆန္ဒဇာတော၊ ခန္ဓာတွေ့ဉာဏ် စစ်အမှန်ဖြင့် ရင့်သန်ဆန္ဒ လွှန်ပြင်းပြသည် သာလျှင်တည်း။

မနသာ၊ ကောင်းစွာလေးနက် စဉ်တိုင်းတက်သည့် သုံးမဂ် သုံးဖိုလ် ခေါ်ဆိုတွင်တွင် စိတ်အစဉ်နှင့်။ ဖုဋ္ဌောသိယာ၊ မပျက်မယိုင် အထက်တိုင် အောင် တက်ခိုင်နှံ့ဝေ ပြည့်စုံလှပါပေ၏။

ကာမေသု၊ ပုထုဇဉ်သား အညံ့စားတို့ တအားခုံမင် တွေးပြီးယဉ်လျက် နေ့စဉ်လိုလား ကာမဂုဏ် အာရုံတရားတို့၌။ အပ္ပဋိဗဒ္ဓစိတ္တော၊ အနာဂါမိ သူ့ သတ္တိဖြင့် မငြိမစပ် စိတ်ကောင်းကပ်သည့် ယောဂီမြတ်လည်း ဖြစ်ပါပေ၏။

သော၊ ထိုယောဂီမြတ်ကို။ ဥဒ္ဓံသောတောတိ၊ ဥဒ္ဓံသောတ ယောဂီဟူ၍။ (ဝါ)အသက်မဂ် အထက်ဉာဏ် ကျင့်လမ်းမှန်သည့် ဘုံစဉ်စံမြီး ယောဂီကြီးဟူ၍။ ဝုစ္စတိ၊ ကောင်းစွာပိုင်ပိုင် ဆိုအပ်နိုင်တော့သည်သာလျှင်တည်း။

(ဓံ၊ ၄၂၊ ဒု၊ နှာ-၁၈၈)

ပန်းလှိုင်(၂၁)လမ်း၊ ဗလပုံနှိပ်တိုက်၊ ဦးသောင်းရွှေ မိသားစု ဓမ္မဒါနကုသိုလ်၊

## အနာဂါမိမထေရ် ဝတ္ထု

### မှတ်သားဖွယ် အကျဉ်းချုပ်

### အနာဂါမိထေရ် သေသော်ဖြဟ္မ လားလေရ

ဤ တရားဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် တပါးသော အနာဂါမိထေရ်ကို အကြောင်းပြု၍ ဟောတော်မူသည်။

တနေ့သောအခါ ထိုအနာဂါမိထေရ်ကို အတူနေတပည့်များက မေးကြကုန်၏။

(၁) အတ္ထိ ပန ဝေါ ဘန္တေ ဝိသေသာဓိဂမော=''အရှင်ဘုရားတို့၊ အရှင်ဘုရားတို့မှာ တရားထူး ရှိပါသလား''

(၂) အနာဂါမိ ဖလံ နာမ ဂဟဋ္ဌာပိ ပါပုဏန္တိ၊ အရဟတ္တံ ပတ္တကာလေ ယေဝ တေဟိ သဒ္ဓိံ ကထေဿာမိ= ''အနာဂါမိဖိုလ် မည်သည်ကား လူတို့လည်း ရောက်ကြကုန်၏။ အရဟတ္တဖိုလ်သို့ ရောက်သော အခါ၌သာလျှင် ထို အတူနေ တပည့်တို့နှင့် တကွ ပြောဆိုပါအံ့''

အနာဂါမိမထေရ်သည် ဤသို့ ကြံ၍ ရှက်သဖြင့် ဘာကိုမျှ မပြောတော့ဘဲ သေသည်ရှိသော် သုဒ္ဓါဝါသဗြဟ္မာဘုံတို့၌ ဖြစ်၏။

### အနာဂါမ်ဖြစ် စင်စစ်သေချာ သုဒ္ဓါဝါသာ

ထိုအခါ ထိုအနာဂါမိထေရ်၏ အတူနေတပည့်တို့သည် ငိုကြွေး၍ ဘုရားထံ သွားပြီး ရှိခိုး၍ ငိုကြွေးယင်း တခုသောနေရာ၌ ထိုင်နေကုန်၏။ ထိုအခါ ထိုရဟန်းတို့ကို မြတ်စွာဘုရားသည် ''ရဟန်းတို့၊ ဘာ့ကြောင့် ငိုကြသနည်း''ဟု

မေး၏။ အကျိုးအကြောင်းကို လျှောက်ထားကြ၏။ ထို့ကြောင့် မြတ်စွာဘုရားက ဤသို့ အောက်ပါအတိုင်း မိန့်ကြားလေ၏။

(၁) ဘိက္ခဝေ မာ စိန္တယိတ္ထ၊ ဥပဇ္ဈာယော ဝေါ အနာဂါမိဖလံ ပတ္တော = "ရဟန်းတော်များ အို-ချစ်သားတို့၊ မစိုးရိမ် မကြံ စည် ကြ ကုန် လင့်၊ သင်တို့၏ ဥပဇ္ဈာယ်ဆရာသည် အနာဂါမိဖိုလ်သို့ ရောက်၏"

(၂) သော ဂိဟီပေတံ ပါပုဏာတ္တိ၊ အရဟတ္တံ ပတ္တာဝ နေသံ ကထေ ဿာမီတိ ဟရယန္တော တုမှာကံ ကိဉ္စိ အကထေတွာ ကာလံ ကတွာ သုဒ္ဓါဝါသေ နိဗ္ဗတ္တော= "ထို အနာဂါမိ ထေရ်သည် လူတို့သည်လည်း ထို အနာဂါမိဖိုလ်သို့ ရောက်ကြကုန်၏၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးမှသာလျှင် ထို သင်တို့အား ပြောကြားပေအံ့ဟု ရှက်သည်ဖြစ်၍ သင်တို့အား ဘာကိုမျှ မပြောတော့ဘဲ သေသွား၍ ယခု သုဒ္ဓါဝါသဘုံ၌ ဖြစ်၏"

(၃) အဿာသထ ဘိက္ခဝေ၊ ဥပဇ္ဈာယော ဝေါ ကာမေသု အပ္ပဋိဗဒ္ဓစိတ္တတံ ပတ္တော= "ရဟန်းတော်များ အို-ချစ်သားတို့၊ ကျေနပ်သက်သာရာ ရကြကုန်လော။ သင်တို့၏ ဥပဇ္ဈာယ်ဆရာ ဖြစ်သော အနာဂါမိ မထေရ်သည် အာရုံငါးပါး ကာမဂုဏ်တရားတို့၌ လုံးဝမစပ်သောစိတ် ရှိသည်၏ အဖြစ်သို့ ရောက်သွား၏"

ဒေသနာအဆုံး၌ ထိုရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။ ကြွင်းသော လူတို့သည်လည်း ကုသိုလ်ဖြစ်ကြ၍ များစွာ အကျိုးရှိကြကုန်၏။

၁၃၃၄-ခုနှစ်၊ ဝါခေါင်လပြည့်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌
# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
## ဟောကြားအပ်သော
စတုပဋ္ဌိသမ္ဘိဒါပတ္တ ရဟန္တာ
အညာဟရဘိက္ခုမထေရ်၏ ဝတ္ထု

**အပ္ပမာဒရတော ဘိက္ခု၊ ပမာဒေ ဘယဒဿိဝါ။**
**သံယောဇနံ အဏုံ ထူလံ၊ ဍဟံ အဂ္ဂိဝ ဂစ္ဆတိ။ ။**

အဂ္ဂိ၊ တွေ့ရာ လောင်ကြောင်း ပကတိ မီးအပေါင်းသည်။ အဏုံထူလံ၊ ငယ်ငယ်ကြီးကြီး အသီးသီးသော။ ဥပါဒါနံ၊ ကောင်းဆိုး နှစ်ဝ လောင်စရာ ဟူသမျှကို။ ဍဟံ-ဍဟန္တော၊ လောင်ကျွမ်းစေလျက်။ ဂစ္ဆတိ ဣဝ၊ လိုတိုင်း ဌာန ဟူသမျှသို့ မုချမသွေ သွားရောက်လေသကဲ့သို့။ (ဝေ၊ ပမာ ထားယူ မခြားအတူသာလျှင်။) အပ္ပမာဒရတော၊ ရုပ်နာမ်နှစ်ပါး ဖြစ်ပျက်များကို ရှုပွား နိစ္စ အပ္ပမာဒခေါ်ငြား မြတ်တရား၌ အားရရွှင်ပျော် မွေ့လျော်သည်လည်း ဖြစ်သော။ ပမာဒေ၊ အပျော်အပါး ပမာဒတရား၌။ ဘယဒဿိဝါ၊ ဒုက္ခ ဖြစ်ကြောင်း ဘေးအပေါင်းဟု ကောင်းကောင်းသိမြင် ရှုဆင်ခြင်၍ နေသည် လည်း ဖြစ်သော။ ဘိက္ခု၊ သံသရာဝဋ္ဋဘေး ကရွတ်ခွေမှ လွတ်စေလိုကြောင်း နှလုံးကောင်းသည့် ယောဂီဟုခေါ် ရဟန်းတော်သည်။ (ဉာဏဂ္ဂိနာ၊ အရိယ မဂ်ဉာဏ် တက်လျှံထိန်ညီး လောင်မြိုက်တတ်သော မီးဖြင့်။) သံယောဇနံ၊ သံယောဇဉ်ခေါ်ရိုး လောင်စရာအမျိုးမျိုး တရားဆိုးကို။ ဍဟံ-ဍဟန္တော၊ လောင်ကျွမ်းစေလျက်။ ဂစ္ဆတိ၊ မဂ်ဆင့် ဖိုလ်ဆင့် လိုတိုင်း မြင့်လျက် အသင် ပိုင်ပိုင် ရောက်ရှိနိုင်တော့သည်သာတည်း။

(ဓံ၊ ၄၊ ပ နာ-၁၇၀)

(ဓမ္မဒါန အလှူရှင်)
ဒေါ်မြနှင့် သားသမီးတစု ကောင်းမှု၊ နတ်လူ သာဓုခေါ်စေသော်၊
အမှတ် ၆၂၊ သွန်းဘုရားလမ်း၊ ပဲခူးမြို့။

## စတုပဋ္ဌိသမ္ဘိဒါပတ္တ ရဟန္တာ အညတရဘိက္ခုမထေရ် ဝတ္ထု
## မှတ်သားဘွယ် အကျဉ်းချုပ်

## လောင်နေတောမီး ရှိန်ကြီးရဲနီ ကြည့်ရှုပြီ

ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေစဉ် အညတရဘိက္ခုကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းသည် မြတ်စွာဘုရားထံ၌ အရဟတ္တဖိုလ်ပေါက် ကမ္မဋ္ဌာန်းများကို ယူ၍ တောသို့ ဝင်ပြီး အားထုတ်လေ၏။ သို့သော် အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှာ မစွမ်းနိုင်။ ထိုရဟန်းသည် တရားထူး မြန်မြန် ရစေနိုင်သော ကမ္မဋ္ဌာန်း ရလို၍ ဘုရားထံ ပြန်လာကာ လျှောက်ပြမည်ဟု တောကိုဖြတ်ပြီး လာခဲ့လေ၏။ လမ်းအကြား၌ တောမီးသည် များစွာ အဟုန်ဖြင့် လောင်နေ၏၊ ရဟန်းသည် တခုသော တောင်ထိပ်သို့ တက်၍ လျှောက်ပတ်သော နေရာတခု၌ လျှောက်ပတ်သလို ထိုင်လိုက်၏။ တောကြီးကို တရှိန်ထိုး အားအင်ဖြင့် လောင်နေသော တောမီးကို အကြောင်းခြင်းရာနှင့် တကွ စူးစိုက်စွာ ကြည့်၏။ ကမ္မဋ္ဌာန်းအာရုံတို့ကို ယူ၏။

## ကမ္မဋ္ဌာန်းအာရုံ ရှုပုံညှိသို့ နည်းယူဘို့

မထေရ်မြတ်၏ ကမ္မဋ္ဌာန်းအာရုံ ယူပုံကား....

ယထာ အယံ အဂ္ဂိ မဟန္တာနိစ ခုဒ္ဒကာနိစ ဥပါဒါနာနိ ဍဟန္တော ဂစ္ဆတိ၊ ဧဝ အရိယမဂ္ဂ ဉာဏဂ္ဂိနာပိ မဟန္တာနိစ ခုဒ္ဒကာနိစ သံယော-ဇနာနိ ဍဟန္တေန ဂန္တဗ္ဗံ ဘဝိဿတိ။

အယံအဂ္ဂိ၊ ဤတောမီးသည်။ မဟန္တာနိ၊ ကြီးကုန်သော။ ဥပါဒါနာနိစ၊ သစ်သား ဝါး စသော မီးစာတို့ကို လည်းကောင်း။ ခုဒ္ဒကာနိ၊ ငယ်သည်လည်း

ဖြစ်ကုန်သော။ဥပါဒါနာနိစ၊ သစ်သား ဝါး စသော မီးစာတို့ကိုလည်းကောင်း။ ဥပာဒ္ဒေါ၊ လောင်လျက် လောင်လျက်။ ဂစ္ဆတိ ယထာ၊ ဆက်၍ ဆက်၍ သွားသကဲ့သို့။ ဧဝံ၊ ဤအတူ။ အရိယမဂ္ဂဉာဏဂ္ဂိနာပိ၊ အရိယ မဂ်ဉာဏ်တည်းဟူသော မီးသည်လည်း။ မဟန္တာနိ၊ ကြီးသည်လည်း ဖြစ်ကုန်သော။ သံယောဇနာနိစ၊ သံယောဇဉ်တို့ကိုလည်းကောင်း။ ခုဒ္ဒကာနိ၊ ငယ်သည်လည်း ဖြစ်ကုန်သော။ သံယောဇနာနိစ၊ သံယောဇဉ်တို့ကိုလည်းကောင်း။ ဥဟန္တေန၊ လောင်သောအားဖြင့်။ ဂန္တဗ္ဗံ၊ သွားအပ်သည်။ ဘဝိဿတိ၊ ဖြစ်လတံ့။

## တဖန်ပြန်မဖြစ် အမြစ်မကျန် ရှို့ပစ်ရန်

မြတ်စွာဘုရားသည် ဂန္ဓကုဋီတိုက်၌ နေတော်မူလျက် ထိုမထေရ်၏ အခြေအနေ စိတ်အလို အကျင့် တိုးတက်မှုကို သိ၍ အောက်ပါအတိုင်း မိန့်တော်မူ၏။

> ဧဝမေဝ ဘိက္ခု မဟန္တာနိပိ ခုဒ္ဒကာနိပိ ဥပါဒါနာနိ ဝိယ ဣမေသံ သတ္တာနံ အဇ္ဈတ္တရေ ဥပ္ပဇ္ဇမာနာနိ အဏုထူလာနိ သံယောဇနာနိ၊ တာနိ ဉာဏဂ္ဂိနာ ဈာပေတွာ အဘဗ္ဗုပ္ပတ္တိကာနိ ကာတုံ ဝဋ္ဋတိ။

ဘိက္ခု၊ ချစ်သားရဟန်း။ ဧဝမေဝ၊ ဤအတူသာလျှင်။ မဟန္တာနိ၊ ကြီးသည်လည်း ဖြစ်ကုန်သော။ ဥပါဒါနာနိပိ၊ မီးစာတို့သည်လည်းကောင်း။ ခုဒ္ဒကာနိ၊ ငယ်သည်လည်း ဖြစ်ကုန်သော။ ဥပါဒါနာနိပိ၊ မီးစာတို့သည်လည်းကောင်း။ အတ္ထိယထာ၊ ရှိကုန်သကဲ့သို့။ ဣမေသံ သတ္တာနံ၊ ဤသတ္တဝါတို့၏။ အဇ္ဈတ္တရေ၊ ကိုယ်တွင်း၌။ ဥပ္ပဇ္ဇမာနာနိ၊ ဖြစ်ကုန်သော။ အဏုထူလာနိ၊ အငယ်အကြီး ဖြစ်ကုန်သော။ သံယောဇနာနိ၊ သံယောဇဉ်တို့သည်။ အတ္ထိ၊ ရှိကုန်၏။ တာနိ၊ ထိုသံယောဇဉ်တို့ကို။ ဉာဏဂ္ဂိနာ၊ အရိယမဂ်ဉာဏ်တည်းဟူသော မီးဖြင့်။ ဈာပေတွာ၊ လောင်ကျွမ်းစေ၍။ အဘဗ္ဗုပ္ပတ္တိကာနိ၊ တဖန်ပြန်၍ ဖြစ်ခြင်းငှာ မစွမ်းနိုင်သည်တို့ကို။ (ဝါ) မစွမ်းနိုင်အောင်။ ကာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။

## ကောင်းကင်ခရီး ထေရ်ကြီးကြွရှာ ရှိခိုးကာ

ဤသို့ဆို၍ အရောင် (နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ ပဘဿရ၊ မဉ္ဇိဋ္ဌ)တို့ကို လွှတ်လျက် ထိုရဟန်း၏ မျက်မှောက်၌ မြတ်စွာဘုရား ကိုယ်တော်

တိုင် ထိုင်နေတော်မူသကဲ့သို့ ထင်ရှား ဖြစ်စေလျက် အောက်ပါ ဂါထာကို ဟောကြားတော်မူသည်။

အပ္ပမာဒရတော ဘိက္ခု၊ ပမာဒေ ဘယဒဿိ ဝါ။
သံယောဇနံ အဏုံ ထူလံ၊ ဍဟံ အဂ္ဂီဝ ဂစ္ဆတိ။ ။

ထိုဂါထာ၏ အဆုံး၌ ထို ဘာဝနာ ယောဂီရဟန်းသည် ထိုင်ယင်းဖြင့်ပင်လျှင် ခပ်သိမ်းသော သံယောဇဉ်တို့ကို လောင်ကျွမ်းစေ၍ (ဓမ္မ၊ အတ္ထ၊ နိရုတ္တိ၊ ပဋိဘာန)ဟူသော ပဋိသမ္ဘိဒါ လေးပါးတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။ ကောင်းကင်ခရီးဖြင့် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဂန္ဓကုဋီသို့ ကြွလာလျက် မြတ်စွာဘုရား၏ ရွှေအဆင်းနှင့် တူတော်မူသော ကိုယ်တော်ကို ချီးမွမ်းတော်မူလျက် အကြိမ်ကြိမ် ရှိခိုးပြီး ကောင်းကင်ဖြင့်ပင် ပြန်ကြွတော်မူသည်။

၁၃၃၄-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၈) ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်း ဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

### ၇-ရက်ကြာမှ တုသိတာနတ်သား ဖြစ်ရသည့် တိဿမယေါ် ဝတ္ထု

**အယသာဝ မလံ သမုဋ္ဌိတံ၊ တတုဋ္ဌာယ တမေဝ ခါဒတိ။**
**ဧဝံ အတိဓောနစာရိနံ၊ သာနိ ကမ္မာနိ နယန္တိ ဒုဂ္ဂတိံ။ ။**

အယသာဝ၊ မယိမ်းမယိုင် အလွန်ခိုင်သည့် သံတိုင်သံပြား သံအစားစားမှပင်လျှင်။ သမုဋ္ဌိတံ၊ အလိုအလျောက် ဖြစ်ထွန်း ပေါ်ပေါက်၍လာသော။ မလံ၊ မယွင်း အမှောင် အတင်းဆောင်သည့် ဆင်းရောင်ညစ်ပြီး သံ၏ချေး (ဂျီး) သည်။ အတ္ထိ၊ ကောင်းစွာမသေ့ ရှိပါပေ၏။

တံ၊ ထို ဆင်းရောင်ညစ်ပြီး သံ၏ ချေး (ဂျီး)သည်။ တတော၊ ထိုသံတိုင် သံပြား သံအစားစားမှ၊ ဥဋ္ဌာယ၊ အလိုအလျောက် ဖြစ်ထွန်း ပေါ်ပေါက်၍ လာပါလျက်။ တမေဝ၊ ထို မိမိဖြစ်ရာ သံတိုင် သံပြား သံအစားစားကိုပင်လျှင်။ ခါဒတိ ယထာ၊ မငဲ့မထောက် လုံးလုံးပျောက်အောင် စားသောက် ဖျက်ဆီး ပစ်လေသကဲ့သို့။

ဧဝံ၊ ဤနည်းမခြား အလားတူသာလျှင်။ အတိဓောနစာရိနံ၊ ဝေဖျော ငြိမ်းမှု အာရုံပြု၍ မရှုမပွား ဝိဇ္ဇာဉာဏ် နည်းပါး၍ ပစ္စည်းလေးအင် မဆင်ခြင်ပဲ သုံးဆောင်သောသူကို။ သာနိ ကမ္မာနိ၊ မိမိဥစ္စာ မိမိသာပြု အကုသိုလ် ဒုစရိုက် တရားစုတို့သည်။

ဒုဂ္ဂတိ၊ ဥပါယာသ ဒေါမနဿနှင့် သောကပြည့်ကြွယ် လေးအပါယ်သို့။ နယန္တိ၊ အဟုတ်ပိုင်ပိုင် မလှုပ်နိုင်အောင် ဆွဲကိုင် ရောက်ရှိစေတော့သည်သာ လျှင်တည်း။

သံမှဖြစ်လာ၊ သံချေးဟာ၊ မှန်စွာ သံကိုဖျက်။
အခြားသံလဲ၊ မဖျက်ဖဲ၊ သူဘဲ သူ့ကို ဖျက်။
လူမှ ဖြစ်လာ၊ လူ့တဏှာ၊ မှန်စွာ လူကို ဖျက်။
အခြားလူလဲ၊ မဖျက်ဖဲ၊ သူဘဲ သူ့ကို ဖျက်။
မိမိကိုယ်တွင်၊ ချေးမတင်၊ ရေစင် မျှားမျှားပက်။

(ခုဒ္ဒကနိကာယ်။ ၆၊ ၄၊ ၃၊ နှာ-၂၁၈)

(ဓမ္မဒါန အလှူရှင်) ဗလ ပုံနှိပ်တိုက် မိသားစု၊ ပန်းလှိုင် ၂၁-လမ်း၊ ပဲခူးမြို့

# ၇-ရက်ကြာမှ တုသိတာနတ်သား ဖြစ်ရသည့်

# တိဿမထေရ် ဝတ္ထု

## မှတ်သားဘွယ် အကျဉ်းချုပ်

### အသားချောညက် နှစ်သက်လွန်စွာ ဝတ်ဘို့သာ

ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေစဉ် တိဿထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

သာဝတ္ထိမြို့သား (အမျိုးကောင်းသား) တယောက်သည် ရဟန်းပြုလာ၍၊ တိဿမထေရ်ဟု ထင်ရှားသည်။ သူသည် နောင်အခါ ဇနပုဒ်တခုရှိ ကျောင်း၌ ဝါကပ်လျက် ရှစ်တောင်ရှိ ထူထဲသော ပုဆိုးကို ရထား၏။ ဝါကျွတ် ပဝါရဏာ ပြုပြီးသော် ခရီးရှိသဖြင့် ယင်း ပုဆိုးကြီးကို မိမိ၏ နှမအား အပ်ခဲ့၏။ အလွန် ထူထဲပါ၍ စိတ်ရှည်ရှည်ဖြင့် အမျိုးသမီးများကိုပါ အကူခေါ်ပြီး ချည်များကို ပြန်ဖြည်၍ တဖန် ယက်ပြန်သော် ယခင် ပိတ်သားထက်များစွာ ချောမွေ့ သပ်ရပ်လျက် ကိုးတောင် ဖြစ်လာ၏။ မထေရ်မြတ် (တိဿ) ပြန်လာသည့်အခါ ယင်း သင်္ကန်းလျာ ပုဆိုးကြီးကို ပို့ပေးလိုက်ပြီ။ ရှင်းပြသည်။ အလွန်နှစ်သက် အားရ ရှိလှသည်။ သင်္ကန်း ဖြစ်လာရေး ဖြတ် ချုပ် ဆိုးဘို့ စီမံကြပြီ။

### ရဟန်းဘဝ သေရစင်စစ် သန်းကြီးဖြစ်

နောက်တနေ့ တိဿ မထေရ်၏နှမသည် သင်္ကန်းချုပ်သူတို့၏ အလို့ငှာ ယာဂုဘတ် စသည်တို့ကို စီမံ၍ နေ့စဉ် ပြုစုသွား၏။ သင်္ကန်း၏ ထမြောက်ပြီးဆုံးသောနေ့၌ အလွန် ပြည့်စုံအောင် စီမံ ဆက်ကပ်လေတော့သည်။ တိသ

မထေရ်သည်လည်း မိမိအတွက် ဖြစ်လာသော သက်န်း၌ များစွာ စွဲငြိ ဝမ်းမြောက်လျက် ရှိသည်။ ငါသည် နက်ဖြန် ဤသင်္ကန်းကို ဝတ်ရုံတော့အံ့ဟု ခေါက်၍ သင်္ကန်းတန်း၌ တင်ထားပြီ။ ညဉ့်ကာလ ရောက်သောအခါ ထိုတိဿမထေရ်မှာ နေ့က ဘုဉ်းပေးထားသော အစာများ မကျေဘဲ ဝေဒနာ ခံစားရရာမှ ပြုစု ကုသယင်း ပျံလွန် သေဆုံးရရှာလေပြီ။ ထို မိမိ ဝတ်ရတော့မည့် အသစ် သင်္ကန်းပေါ်၌ များစွာ စွဲလမ်းသွားသည်။ ထို့ကြောင့် တိဿရဟန်းကြီး ဘဝမှ စုတေသည်နှင့် တပြိုင်နက် မိမိ ငြိကပ်နေသော သင်္ကန်း၌ သန်း (တိရစ္ဆာနဇာတိ) သွားဖြစ်လေသည်။

## ထိုထို ဤဤ မကြည် မအေး အော်၍ပြေး

သူ၏ နှစ်မသည်လည်း နောင်တော် သင်္ကန်းရှင် တိဿ ရဟန်းကြီး ပျံလွန်၍ များစွာပင် (ဒေါမနဿ၊ သောက) တရားများ ဖြစ်ပေသည်။ ရဟန်းတို့၏ ခြေရင်း၌ များစွာ လူးလှိမ့် ငိုကြွေးလေတော့သည်။ ရဟန်းတို့သည်လည်း တိဿမထေရ်၏ အလောင်းကောင်ကို သင်္ဂြိုဟ်ခြင်းကိစ္စ ပြုကြပြီ။ ထိုနောက် ဂိလာနုပဋ္ဌာက (လူနာပြု)မရှိသဖြင့် ကျန်ခဲ့သော ထို(အသစ်စက်စက်) သင်္ကန်းသည် သံဃာသို့ ရောက်သွား၏။ သံဃိက ဖြစ်၏။ သံဃာများ စည်းဝေး၍ မဲချ ဝေဘန်ခြင်း ပြုနိုင်ရန် ယင်းသင်္ကန်းကို ထုတ်လာ၏။ ဤသို့ ထုတ်လာစဉ် သင်္ကန်းအကြားမှ သန်း (တိဿ) ကြီးသည် ဤသို့ ဖြစ်နေ၏။

> ဣမေ မမ သန္တကံ ဝိလုမ္ပန္တိတိ ဝိရဝန္တော
> ဣတောစိတောစ သန္ဓာဝိ။

ဣမေ၊ ဤရဟန်းတို့သည်။ မမ၊ ငါ၏။ သန္တကံ၊ သင်္ကန်း (ဥစ္စာ)ကို။ ဝိလုမ္ပန္တိ၊ လုယက်ကြကုန်၏။ ဣတိ၊ ဤသို့။ ဝိရဝန္တော၊ တအားကုန်းအော်လျက်။ ဣတောစိတောစ၊ ဣတ္ထေမရ ဤမှ ထိုမှ။ သန္ဓာဝိ၊ လှုပ်ရှား ပြေးသွားနေလေပြီ။

## တိဿရဟန်း သန်းဖြစ်ကာလ ရက်သတ္တ

မြတ်စွာဘုရားသည် ဂန္ဓကုဋီတိုက်မှ နေလျက် ဒိဗ္ဗသောတဓာတ်ဖြင့် ထိုသန်းကြီး အော်သံကို ကြား၍ အရှင်အာနန္ဒာကို ခေါ်ပြီး (တိဿ ရဟန်းကြီး၏

သင်္ကန်းကို ခုနစ်ရက် မလည်ရသေးမီ မဝတ်ဘဲ အသာထား၍ ခုနစ်ရက် ကျော်မှ ဝတ်ကြရန်) ပြောခိုင်းလေသည်။ ပြောသည့်အတိုင်းလည်း မဝတ်ကြကုန်။ ထိုသန်းကြီး (တိဿ) သည်လည်း ခုနစ်ရက်လည်သောအခါ (ဖုတ်တို့အသက် ခုနစ်ရက်) သေ၍ တုသိတာနတ်ပြည်၌ နတ်သားဖြစ်၍ (သန်းနတ်သား) ဟု ထင်ရှားသည်။ ခုနစ်ရက် သန်းဖြစ်လိုက်ရသေးသည်။

## ရက်လည်ဆွမ်းသွတ် မချွတ်လုပ်ကြ ထိုမှစ

မြတ်စွာဘုရားသည် ရှစ်ရက်မြောက်သော နေ့၌ တိဿ ရဟန်း၏ သင်္ကန်းကို ဝတ်၍ ယူကြကုန်လော့ဟု မိန့်၏။ ဝတ်၍ ယူကြပြီ။ ရဟန်းများက အကြောင်းကို မေးလျှောက်သော် ဤသို့ မိန့်၏။

(၁) "ရဟန်းတို့၊ တိဿရဟန်းကြီးသည် မိမိ၏သင်္ကန်း၌ သန်းကြီးဖြစ်၍ နေ၏။ သင်တို့သည် ထိုသင်္ကန်းကို ခုနစ်ရက်အတွင်း ဝတ်မည်ရှိသော် 'ဤရဟန်းတို့သည် ငါ၏ သင်္ကန်းကို လုယက်ကုန်ပြီ'ဟု မြည်တမ်းလျက် ထိုမှ ဤမှ ပြေးနေ၏။

(၂) အဲဒီအခါမှာ သင်တို့သာ သူ၏သင်္ကန်းကို ဝတ်ပြီး ယူကုန်သည်ရှိသော် ထိုသန်းကြီးသည် သင်တို့အပေါ်၌ များစွာ စိတ်ဆိုးလျက် ငရဲ၌ ဖြစ်ရာ၏။ ထို့ကြောင့် ငါသည် သင်္ကန်းကို မဝတ်စေဘဲ ရပ်ဆိုင်းစေခဲ့၏။

(၃) ယခုအခါ ထိုသန်းကြီးသည် တုသိတာနတ်ပြည်၌ ဖြစ်သွားပြီ။ ထို့ကြောင့် သင်တို့အား ငါသည် သင်္ကန်းဝတ်ယူခွင့်ကို ခွင့်ပြုလိုက်သည်"

## တဏှာသံချေး မနှေးပြောင်စင် ထွန်းသုတ်သင်

ရဟန်းများက လျှောက်ထား၍ တဖန် မြတ်စွာဘုရားသည် အောက်ပါ အတိုင်း မိန့်ကြားလေသည်။

(၁) အာမ ဘိက္ခဝေ ဣမေသံ သတ္တာန တဏှာနာမ ဘာရိယာ=
"ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။
အာမ၊ အော် ဟုတ်ပါ၏။ ဣမေသံ သတ္တာနံ၊
ဤသတ္တဝါတို့အား။ တဏှာနာမ၊ တဏှာ

မည်သည်ကား။ ဘာရိယာ၊ များစွာဝန်လေး
သော သဘောရှိပေ၏”

(၂) ယထာ အယတော မလံ ဥဋ္ဌဟိတွာ အယမေဝ ခါဒတိ ဝိနာ
သေတိ အပရိဘောဂံ ကရောတိ = “ယထာ၊
ဥပမာကား။ အယတော၊ သန်မှ။ မလံ၊ ချေး
သည်။ ဥဋ္ဌဟိတွာ၊ ထ၍ (ဝါ) ဖြစ်၍။ တံ၊
ထိုချေးသည်။ အယမေဝ၊ သန့်ကိုသာလျှင်။
ခါဒတိ၊ ခဲစား၏။ ဝိနာသေတိ၊ ပျက်စီးစေ၏။
အပရိဘောဂံ၊ သုံးဆောင်၍ မရနိုင်သည်ကို။
ကရောတိ၊ ပြု၏”

(၃) ဧဝမေဝါယံ တဏှာ ဣမေသံ သတ္တာနံ အဗ္ဘန္တရေ ဥပ္ပဇ္ဇိတွာ
တေ သတ္တေ နိရယာဒီသု နိဗ္ဗတ္တာပေတိ၊ ဝိနာသံ ပါပေတိ=
“ဧဝမေဝ၊ ဤအတူသာလျှင်။ အယံတဏှာ၊
ဤတဏှာသည်။ဣမေသံ သတ္တာနံ၊ဤသတ္တဝါ
တို့၏။ အဗ္ဘန္တရေ၊ ကိုယ်တွင်း၌။ ဥပ္ပဇ္ဇိတွာ၊
ဖြစ်၍၊ တေသတ္တေ၊ ထိုသတ္တဝါတို့ကို။ နိရယာ
ဒီသု၊ ငရဲစသည်တို့၌၊ နိဗ္ဗတ္တာပေတိ၊ ဖြစ်စေ၏။
ဝိနာသံ၊ ပျက်စီးခြင်းသို့။ ပါပေတိ၊ ရောက်
စေ၏”

၁၃၃၄-ခုနှစ်၊ တော်သလင်းလဆန်း (၈) ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## သောတာပန်တည်ပြီး ထူးကဲစွာ သာသနာပြုခဲ့ရသည့်

## မစ္ဆရိယကောသိယ သဋ္ဌေးကြီး ဝတ္ထု။

**ယထာပိ ဘမရော ပုပ္ဖံ၊ ဝဏ္ဏ ဂန္ဓ မဟေဌယံ။**
**ပလေတိ ရသမာဒါယ၊ ဧဝံ ဂါမေ မုနိ စရေ။ ။**

ပုပ္ဖာရာမေ၊ အဆင်းအနံ့ သင်းပျံ့ပျံ့တို့ မဆန့်မွှေးထုံ ပန်းမျိုးစုံလျက် အင်္ဂအပွင့် တဖုံတင့်သည့် "အဆင့်ဆင့် အမြင့်မြင့်" ပွင့်၍နေပြီး ပန်းဥယျာဉ်ကြီး၌။ ဘမရော၊ ပန်းရက်စားသုံး ပျားပိတုန်းငယ် အသွယ်သွယ်အဝဝ ဟူသမျှသည်။ ပုပ္ဖဥ္စ၊ ဟန်ပန်ထယ်မြင့် ပန်းတို့၏အပွင့်ကို လည်းကောင်း။ ဝဏ္ဏဥ္စ၊ လှပဖြူဝင်း ပန်းတို့၏အဆင်းကို လည်းကောင်း။ ဂန္ဓဥ္စ၊ မွှေးကြိုင်သင်းပျံ့ ပန်းတို့၏အနံ့ကို လည်းကောင်း။ အဟေဌယံ၊ အင်တိုက်အားတိုက် မပျက်စီးအောင် စောင့်ရှောက် ဂရုစိုက်လျက်သာလျှင်၊

ယာဝဒတ္ထံ၊ အလိုရှိတိုင်း မဆုတ်ဆိုင်းဘဲ။ ရသံ၊ အားအင်ပြည့်ညီ ချိုဆိမ့်အီသည့် ဝတ်ရည်များစွာ ပန်းတို့၏အရသာကို။ အာဒါယ၊ တီဟီတာတာ ခါခါခေါ်ငင် တရှင်ရှင်ဖြင့် ကြည်လင်ဝမ်းမြောက် ဝဝကြီး စုပ်ယူ စားသောက်ကြလေပြီး၍။ ပလေတိ ယထာ၊ လန်းလန်းဆန်းဆန်း လိုရာကမ်းသို့ ပျံသန်း သွားရောက်လေဘိသကဲ့သို့။

ဧဝံ၊ ဤသို့ မခြားနမူ အလားတူသာလျှင်။ ဂါမေ၊ မြို့ရွာ အသွယ်သွယ် ဤလောက လူတို့၏ အလယ်၌။ မုနိပိ၊ ဗုဒ္ဓမြတ်စွာ သာသနာ၀ယ် ကောင်းစွာထင်ရှား ဘုရားသားခေါ် ရဟန်းတော်သည်လည်း။ ပုပ္ဖစ္ဆ၊ ပစ္စည်းလေးပါးတည်းဟူသော ပန်း၏အပွင့်ကို လည်းကောင်း။ ဝဏ္ဏစ္ဆ၊ သဒ္ဓါတရားတည်း ဟူသော ပန်း၏အဆင်းကို လည်းကောင်း။ ဂန္ဓစ္ဆ၊ မေတ္တာရောက်ခြင်းတည်း ဟူသော ပန်း၏အနံ့ကို လည်းကောင်း။ အဟေဌယံ၊ အင်တိုက် အားတိုက် မပျက်စီးအောင် စောင့်ရှောက် 'ဂရုစိုက်လျက်သာလျှင်။

နိဗ္ဗာနရသံ၊ ရသာဘုရင် လူတိုင်းမင်သည့် မဂ်မြင်ဖိုလ်ဆိုက် နိဗ္ဗာန်တည်းဟူသော ချမ်းသာတိုက်ကို။ ဟတ္ထဂတံ၊ တကယ်ရရှိ လက်ကိုင်မိအောင်။ ကတွာ၊ ပြင်းပြင်းပြပြ ဆင်ခြင်ရှုပွားတော်မူလျက်။ စရေ-စရေယျ၊ နေ့ညမြဲမြဲ အားကုန်သဲပြီး အရိုးဘဲကြေကြေ အရေတွေခန်းခန်း (ဘာဝနာကမ္မဋ္ဌာန်း ကျင့်စဉ်လမ်း)ကို ကြိုးပမ်း အားထုတ်တော်မူရာသတည်း။

( ခုဒ္ဒကနိကာယ်။ ဓံ-ဋ္ဌ-ပ-နှာ-၂၃၂ )

(ဓမ္မဒါန အလှူရှင်)
ဗလပုံနှိပ်တိုက် မိသားစု၊ ပန်းလှိုင် (၂၁) လမ်း၊ ပဲခူးမြို့

## သောတာပန်တည်ပြီး ထူးကဲစွာ သာသနာပြုခဲ့ရသည့်
## မစ္ဆရိယ ကောသိယ သဌေးကြီး ဝတ္ထု

### မှတ်သားဘွယ် အကျဉ်းချုပ်

### နှစ်ဦးလုံးတို့ တည်ဘို့အမှန် သောတာပန်

ဤတရားဒေသနာကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မစ္ဆရိယ ကောသိယသဌေးကို အကြောင်းပြု၍ ဟောတော်မူ၏။

ရာဇဂြိုဟ်မြို့၏ အနီး၌ သက္ကာရမည်သော နိဂုမ်းရှိ၏။ ထိုနိဂုမ်း၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော မစ္ဆရိယ ကောသိယမည်သော သဌေးတဦးရှိ၏။ ထိုသဌေးသည် မြက်ဖျားဖြင့် ဆီခပါက်ကလေးကိုမျှ သူတပါးတို့အား မပေးဘူး ၂။ မိမိကိုယ်တိုင်လည်း မသုံးဆောင်ရကား၊ သူ၏စည်းစိမ်သည် သားမယားစသည်တို့၏ အကျိုးလည်း မပြီး၊ ရဟန်းပုဏ္ဏားတို့၏ အကျိုးလည်း မပြီး၊ ဘီလူးစောင့်သော ရေကန်ကဲ့သို့ မသုံးဆောင်ဘဲ တည်နေ၏။ မြတ်စွာဘုရားသည် တနေ့သ၌ မိုးသောက်အခါ မဟာကရုဏာ သမာပတ်မှထ၍ လောကဓာတ်တခုလုံး၌ ကျွတ်ထိုက်သူတို့ကို ကြည့်သည်ရှိသော် လေးဆယ့်ငါးယူဇနာထက်၌ နေသော သဌေးကြီး၏ သဌေးကတော်ကြီးနှင့်တကွ သောတာပန်တည်ဘို့ရန် အားကြီးသောအကြောင်းကို မြင်တော်မူ၏။

### မုန့်အိုးကင်းလျှင် စားချင်သောဒဏ် အောင့်သည်းခံ

နောက်တနေ့ သဌေးကြီး မစ္ဆရိယကောသိယသည် မင်းကြီးထံခစားရန် ရာဇဂြိုဟ်မြို့သို့ သွား၏။ ထိုအခါ အိုးကင်းမုန့်ကို စားနေသော အရပ်သားတယောက်ကိုမြင်၍ အလွန်စားချင်စိတ်ပေါက်၊ အိမ်ပြန်လာ၊ ကြံမိ၏။ အကယ်၍ ငါသည် အိုးကင်းမုန့်ကို စားသို၏ဟု ဆိုအံ့၊ များစွာသော လူတို့သည်လည်း

စားလိုသည်ပင် ဖြစ်လာလိမ့်မည်။ ငါ၏ နှမ်း ဆန် ထောပတ် တင်လဲ စသည်တို့ ကုန်ခန်းကုန်လတ္တံ့။ ဘယ်သူ့ကိုမျှ မပြောတော့အံ့ဟု ကြီးမားသော တဏှာကို မျိုသိပ်သည်းခံကာ နေခဲ့၏။ ထိုသဌေးကြီးသည် ကာလကြာခဲ့သော် အားအင် ကုန်ခန်းကာ အသားဝါရောဂါ ဖြစ်လာ၏။ ယင်းစားလိုသည့် တဏှာကိုလည်း ဖြေဖျောက်၍မရ။ ထို့ကြောင့် တိုက်ခန်းသို့ဝင်ကာ ညောင်စောင်း၌ လျှို့ဝှက် အိပ်နေ၏။ သို့သော် ပစ္စည်းကုန်မှာ စိုးရိမ်၍ မည်သူ့အားမျှ မပြော။ အောင့် အည်း သည်းခံလျက်သာ နေတော့သည်။

## အိုးကင်းမုန့်လုပ် ကြော်ဖုတ်ဘိုရာ တယောက်စာ

ရိပ်မိသော သဌေးကတော်ကြီးက ကျောသပ် ကပ်မေးလေ၏။ မေးယင်း မေးယင်း ဖုံးကွယ်ရာမှ တစ တစ ပေါ်လိုက်လာ၏။ ကဲ ဒါဖြင့် မပူနှင့်၊ ဒီလိုလုပ်၊ မကောင်းဘူးလား ဟု စကားခံပြီး မုန့်လုပ်မည့် အစီအစဉ်ကို တင်ပြလေ၏။ တင်ပြပုံ။

(၁) ဤနိဂုမ်းသူ နိဂုမ်းသားတို့ လောက်အောင် လုပ်လိုက်မည်၊ များပါတယ်၊ ဒီလောက် ဘာလုပ်ဘို့လဲ။

(၂) ဒါဖြင့် ဒီလမ်းထဲမှာနေတဲ့လူတွေ လောက်အောင်လုပ်လိုက်မည်၊ များပါတယ်၊ ဒီလောက် ဘာလုပ်ဘို့လဲ။

(၃) ဒါဖြင့် အိမ်နီးချင်းများ လောက်အောင်တော့ လုပ်လိုက်မည်၊ များပါတယ်၊ ဒီလောက် ဘာလုပ်ဘို့လဲ။

(၄) ဒါဖြင့် ဒီအိမ်မိသားစု လောက်အောင်တော့ လုပ်လိုက်မည်၊ များပါတယ်၊ ဒီလောက် ဘာလုပ်ဘို့လဲ။

(၅) ဒါဖြင့် ရှင်နဲ့ကျမ နှစ်ယောက်စာတော့ လုပ်လိုက်မည်၊ အို မင်း နေကောင်းနေသားဘဲ၊ မင်းအတွက် မလိုပါဘူး။

ကဲ ကဲ ကောင်းပါပြီ၊ ရှင့် တယောက်စာဘဲ လုပ်ပါ့မယ်ဆိုပြီး ထတော့ မည် အလုပ်တွင် နေအုံးဆိုပြီး အစီအစဉ် လုပ်ပေးပြန်သည်။

## သဌေးကတော် မုန့်ကြော်ဘိုပြင် ကိုယ်တိုင်ပင်

အစီအစဉ်တို့မှာ....

(၁) ဤနေရာ၌ ကြော်ခဲ့သော် အများ စားသောက်ချင်ကြလိမ့်မည်။

(၂) ဆန်ကောင်းမလို၊ ဆန်ကွဲ ဆန်ကျိုးဖြင့်သာ လုပ်ပါ။

(၃) နို့ရည်၊ ထောပတ်၊ ပျား၊ တင်လဲတို့ကို နည်းနည်းစီသာထည့်ပါ။
(၄) ပြာသာဒ်၏ ဘုံခုနစ်ဆင့် အထက်ဆုံးအထပ်မှာ လုပ်ပါ။
(၅) စားသုံးသည့်အခါ ငါတယောက်တည်းသာ စားသုံးပါမည်။

သဌေးကတော်ကြီးသည် ကောင်းပါပြီ ဝန်ခံ၍ ယူသင့်သည်များကို ယူစေ၍ ပြာသာဒ်ပေါ်တက်၍ကျွန်မတို့ကိုပြန်လွှတ်လိုက်ပြီ။သဌေးကြီးကိုလည်း ခေါ်စေလိုက်ပြီ။ ကျွန်မများ ပိတ်သွားသောတံခါးတို့ကို ပိုမိုသေချာအောင် လိုက်လံ တွန်းကြည့်သည်။ မသေချာတာကို ထပ်မံပိတ်သေးသည်။ သဌေးကြီး သည်လည်း သုံးဆောင်မည့်နေရာသို့ ရောက်ပြီ။ သဌေးကတော်ကြီးသည်လည်း မီးများကို မွှေးပြီ။ အခြေအနေ အားလုံးကောင်းသည်။ သဌေးကြီးစိတ်တိုင်းကျ ဖြစ်နေသည်။ အိုးကင်းကိုလည်း ဖိုခနောက်ပေါ်သို့ တင်လိုက်ပြီ။ မုန့်နှစ် နို့ရည် ထောပတ် စသည်ကိုလည်း အိုးကင်းသို့ လောင်းထည့်လိုက်ပြီ။ မကြာမီ သုံးဆောင်ရပေတော့မည်။ မိုးလည်း လင်းလုပြီ။

## သံဃာငါးရာ စောင့်ကာနေကြ ဆွမ်းကျောင်းမှ

ထိုအခါ မြတ်စွာဘုရားသည် အရုဏ်တက်ခါစတွင် အရှင်မောဂ္ဂလ္လာန် မထေရ်ကို ခေါ်၍ မိန့်တော်မူသည်။

''ချစ်သား မောဂ္ဂလ္လာန်၊ ရာဇဂြိုဟ်မြို့အနီး သက္ကာရနိဂုံး၌ မစ္ဆရိယ ကောသိယသဌေးကြီးသည် အိုးကင်းမုန့်ကို စားအံ့ဟု သူတပါးမမြင်အောင် ပြာသာဒ်ဘုံခုနစ်ဆင့် အပေါ်ဆုံးထပ်၌ အိုးကင်းမုန့်တို့ကို ကြော်ခိုင်းနေ၏။ သင်သည် ရအောင်ဝင်၍ ပြောဟောကာ သဌေးကြီး၊ သဌေးကတော်ကြီးတို့ကို မုန့်တို့ကိုလည်းကောင်း၊ နို့ရည်၊ ထောပတ်၊ ပျား၊ တင်လဲတို့ကိုလည်းကောင်း ယူစေ၍ မိမိအစွမ်းဖြင့် ဤဇေတဝန်ကျောင်းတော်သို့ ရောက်လာအောင် ဆောင်ခဲ့လော့။ ယနေ့ ငါသည် သံဃာတော်အပါးငါးရာနှင့်တကွ ဆွမ်းစား ကျောင်းမှ ထိုင်စောင့်နေကြမည်၊ ဆွမ်းကိစ္စအတွက် အဲဒီမုန့်တွေကိုဘဲ အားလုံး ဘုဥ်းပေးကြမည်'' ''အရှင်ဘုရား၊ ကောင်းပါပြီ''ဟူ၍ လျှောက်ထားပြီး ကြွ လေ၏။

## မကျေနပ်ဘဲ သိမ်လျက်ပေ မြည်တွန်နေ

မြတ်စွာဘုရား၏ စကားကို ဝန်ခံ၍ ခဏချင်း ဟန်ခိုး၏အစွမ်းဖြင့် ထို သက္ကာရနိဂုံးသို့သွားပြီး သက်န်းတော်ကို ကောင်းမွန်စွာရုံလျက် ပြာသာဒ်၏

အဆက်ဆုံးထပ် ခြသေ့်ခံသော လေသာပြတင်းပေါက်ငယ်၌ ပတ္တမြားရုပ်တု ပုံတော်ကလေးကဲ့သို့ အလွန်သပ္ပာယ်စွာ ကောင်းကင်၌ တည်နေ၏။ သဒ္ဒေးကြီး သည် ကပ်ကပ်သတ်သတ် ပေါက်ပေါက်ရှာရှာ အရှင်မောဂ္ဂလ္လာန် မထေရ် မြတ်ကို မြင်သွားပြီ။ သဒ္ဒေးကြီး၏ နှလုံးသားတို့သည်လည်း များစွာ တုန်လှုပ် နေပြီ။ ငါသည် ဤပုဂ္ဂိုလ်မျိုးတွေ မြင်မှာကြောက်သဖြင့် ဤနေရာသို့ လာခဲ့၏။ ဤရဟန်းသည် ကောင်းကင်မှလာ၍ လေသာပြတင်းတံခါးလေးဝ၌ ရပ်နေ၏။ သဒ္ဒေးကြီးသည် ထိုအရှင်မောဂ္ဂလ္လာန် ပြန်ကြွသွားအောင် ဘယ်လိုမှ မတတ်နိုင်။ မကျေနပ်ပဲ တတွတ်တွတ် မြည်တွန် ပြောဆိုနေ၏။

**စားဘို့လုပ်ထား မုန့်ကားမုန့်စွာ တယောက်စာ**

ဖြေလို့ကို မပြေ ဖြစ်နေပြီ။ မထေရ်မြတ်ကလည်း ဗုဒ္ဓမြတ်စွာမှာတော်မူ လိုက်သည့်အတိုင်း ရအောင် ချီးမြှင့်ရမည်။ သူတို့ကား ဒီနေ့ သောတာပန် တည်လတ္တံ့ ဖြစ်ကြသည်။ သဒ္ဒေးကြီးကား မကျေနပ်နိုင် ဖြစ်နေပြီ။

(၁) "အို ...ရဟန်း၊ သင်သည် ကောင်းကင်မှ ဇွဲကောင်းကောင်းဖြင့် ပေကပ်ရပ်နေသော်လည်း ရလိမ့်မည် မထင်နှင့်။ မရဘူးမှတ်။ ကောင်းကင်၌ သွားစရာလမ်း မရှိ။ လမ်းရှိသလို စင်္ကြံလျှောက် သော်လည်း မရနိုင်"

(၂) မထေရ်သည် ထိုပြတင်းပေါက်လေးနား ကောင်းကင်တွင်ပင် စင်္ကြံလျှောက်နေ၏။ "အို....ရဟန်း၊ သင်သည် စင်္ကြံလျှောက်နေ သော်လည်း ရလိမ့်မည်မထင်နှင့်၊ မရဘူးမှတ်"

(၃) မထေရ်မြတ်သည် တဖန် ထက်ဝယ်ဖွဲ့ခွေ၍ ကောင်းကင်၌ ထိုင်နေ၏။ "ထိုင်နေသော်လည်း ရလိမ့်မည် မထင်နှင့်၊ မရဘူး မှတ်"

(၄) မထေရ်မြတ်သည် တဖန် လေသာပြတင်း၏ တံခါးခုံအနီး၌ လာရပ်၏။ "တံခါးခုံအနီး၌ လာရပ်ပေမယ့် ရမည် မထင် နှင့်၊ မရဘူး မှတ်"

(၅) မထေရ်မြတ်သည် တဖန် တန်ခိုးတော်ဖြင့် အခိုးတွေကို အနှံ့ လွှတ်၏၊ ပြာသာဒ် တခုလုံး အခိုးဖြင့် ပြည့်သွား၏။ သဒ္ဒေး ကြီး၏ မျက်စိထဲသို့ အပ်ဖြင့် ထိုးထည့်လိုက်သလို မခံမရပ်နိုင် ဖြစ်နေ၏။ မရဘူးမှတ်ဟု ဆက်မပြောတော့ဘဲ ဤသို့ ကြံမိ၏။

## လှူရန်မုန့်သည် ပုတ်ပြီသိးသိး လုပ်လေကြီ

ဤရဟန်းသည် အလွန် မုန့်အပေါ်၌ ကပ်ငြိနေ၏။ မရလျှင် သွားဘော့ခဲ့သည် မဟုတ်၊ အလွန်လည်း တတ်နိုင်၏။ သူရှေ့ကို မရလျှင် ဘာတွေ ဆက်လုပ်နေအုံးမည် မသိ။ ရပ်တန်းက ရပ်ပြီး ဖြတ်တန်းက ဖြတ်မှ တော်တော့မည်။ မုန့်တခုလောက်တော့ လှူမှ ဖြစ်တော့မည်။ ဒါမှ သူ ကျေနပ်မည်။ "ကဲ ရှင်မ၊ မုန့်သေးသေးလေး တခုလောက် ကြော်စမ်းပါ။ ဤရဟန်းအား လှူပြီး ပြန်လွှတ်လိုက်ရအောင်" မုန့်နှစ် အနည်းငယ် ယူထည့်၏။ မုန့်ကြီး ကြီးပြီး အိုးကင်း ပြည့်သွား၏။ မောက်တက်နေ၏။ သဌေးကြီး မြင်သွား၍ အပြစ်တင် ပြောဆိုပြီး မုန့်ကြီးမှာ စိုးရိမ်၍ သဌေးကြီးကိုယ်တိုင် ယောက်မအစွန်းလေးဖြင့် မုန့်နှစ်ကို ယူ၍ ထည့်၏။ ပထမမုန့်ထက် ကြီးနေ၏။ မကျေနပ်၍ ရှော့ပြီး မုန့်သေးအောင် ပြန်လုပ်။ ပို၍ကြီးနေ။ ပြန်လုပ်။ ပြန်ကြီး။ စိတ်မရှည်တော့။ ကဲ ကဲ မုန့်တခုသာ တောင်းထဲမှယူပြီး လှူလိုက်ဟု ဆို၏။

## ပလ္လင်ပေါ်ကြွ အားရကောင်းစွာ ဘုဉ်းပေးပါ

တောင်းထဲမှ မုန့်တခု ယူလိုက်ရာ အကုန်တွဲကပ်နေကုန်ပြီ၊ ဘယ်လိုမှ ယူလို့မရ။ အားလုံး တွဲကပ်ကုန်ပြီဟု သဌေးကြီးကို ပြော၏။ သဌေးကြီးပါ ဝိုင်းခွာ၏။ မရတော့။ ချွေးများလည်း ကျ၊ မုန့်စားချင်စိတ်လည်း ကုန်လာပြီ၊ "ရှင်မ၊ ငါစားလိုစိတ် မရှိတော့ပြီ၊ တောင်းပါ ဒီကိုယ်တော်ကို လှူလိုက်ပေတော့"ဟု ဆို၏။ သဌေးကတော်ကြီးသည် တောင်းပါ မ၍ မထေရ်အား လှူလိုက်၏၊ အရှင်မောဂ္ဂလ္လာန် မထေရ်မြတ်သည် နှစ်ယောက်လုံးတို့အား တရားဟော၏၊ ရတနာသုံးပါး၏ ဂုဏ်တော်တို့ကို ဟောပါ၏။ "အတ္ထိ ဒိန္နံ အတ္ထိ ယိဋ္ဌံ"စသော ဒိန္နဒါန စသည်တို့၏ အကျိုး ကို ကောင်းကင်၌ လပြည့်ဝန်းကဲ့သို့ ပြ၏။ ထိုရှင်မောဂ္ဂလ္လာန်၏ တရားကို နာကြား၍ ကြည်ညိုသော စိတ် ရှိသည်ဖြစ်၍ သဌေးကြီးက ဤသို့ လျှောက်၏။ "အရှင်ဘုရား၊ ဤသို့ ကြွ၍ ဤပလ္လင်ပေါ်၌ ထိုင်၍ ဘုဉ်းပေးကုန်လော့"ဟု ဆို၏။

## ဇေတဝန်ကျောင်း ကိန်းအောင်းအမှန် ဘုရားထံ

ရှင်မောဂ္ဂလ္လာန် မထေရ်မြတ်က "သဌေးကြီး၊ မြတ်စွာဘုရားသည် မုန့်တို့ကို ဘုဉ်းပေးအံ့ဟု ရဟန်းတော် ငါးရာနှင့်တကွ စောင့်နေ၏။ သင်တို့ အလိုရှိလျှင် သင်တို့ကို ငါခေါ်ဆောင်သွားပါအံ့။ သဌေးကတော်ကြီးကို

မုန့်စသည်တို့ကို ယူခဲ့ပါရန် ခိုင်းပါ။ မြတ်စွာဘုရားထံ သွားကြကုန်အံ့”ဟု ဆို၏၊ “အရှင်ဘုရား၊ မြတ်စွာဘုရား ဘယ်မှာလဲ”။ “ဤမှနေ လေးဆယ့်ငါး ယူဇနာ ကွာဝေးသော ဇေတဝန်ကျောင်းတော်၌ ဖြစ်ပါသည်”။ “အရှင်၊ လေးဆယ့်ငါးယူဇနာကွာတော့ မွန်းတည့်တောင် ရောက်မှာ မဟုတ်”။ “သဋ္ဌေးကြီး၊ သင်တို့အလိုရှိလျှင် ငါသည် သင်တို့ကို မိမိတန်ခိုးဖြင့် ဆောင်ယူသွားပါအံ့။သင်တို့၏ ပြာသာဒ် စောင်းတန်းဦးသည် မိမိတည်မြဲတိုင်း ဖြစ်လတ္တံ့။ သင်တို့၏ စောင်းတန်းအဆုံးသည် ဇေတဝန်ကျောင်းတော်ကြီး၏ တံခါးမုခ် ဖြစ်လတ္တံ့။ သင်တို့၏ ပြာသာဒ်အောက်မှ အပေါ်တက်သည့်အချိန်၊ တနည်း-အပေါ်မှ အောက်သို့ ဆင်းသည့် အချိန်လေးလောက်ဖြင့် ဇေတဝန်ကျောင်းသို့ ရောက်အောင် ဆောင်ယူသွားပါမည်”ဟု မိန့်၏။ သဋ္ဌေးကြီးက အရှင်မောဂ္ဂလ္လာန်ကို “အရှင်ဘုရား၊ ကောင်းပါပြီ”ဟု ဝန်ခံ၏။

## ဇနီးခင်ပွန်း တည်ထွန်းအမှန် သောတာပန်

မထေရ်၏ အဓိဋ္ဌာန်အတိုင်း ချက်ချင်း ရောက်သွားပြီ။ အားရဝမ်းသာ လျှုဒါန်းရ၏။ မြတ်စွာဘုရားနှင့် သံဃာတော်ငါးရာကို ကပ်ပြီးသော်လည်း မကုန်။ သဋ္ဌေးကြီးနှင့် သဋ္ဌေးကတော်ကြီး သုံးဆောင်ပြီး ကျောင်း၌ရှိ ပရိသတ်တို့ကိုလည်း ကျွေးပြီးပြီ။ မကုန်နိုင်၍ ဘုရားရှင်အား လျှောက်ထားကုန်၏။ “မကုန်လျှင် ဇေတဝန်ကျောင်း၏ အထွက် တံခါးမုခ်၌ စွန့်ကြကုန်လော့”ဟု မိန့်၏။ တံခါးမုခ် အနီး၌ အမှိုက်စွန့်ရာ ဌာန၌ စွန့်ကြကုန်၏။ ယနေ့တိုင် ထိုနေရာသည် (ကပလ္လက ပူဝပဗ္ဘာရ) ဟု ထင်ရှားလျက် ရှိသေး၏။ ဘုရားအား ရှိခိုး၍ တခုသောနေရာ၌ နေကြ၏။ မြတ်စွာဘုရားသည် အနုမောဒနာ တရား ဟော၏။ တရားအဆုံး၌ နှစ်ဦးလုံး သောတာပန် တည်လေ၏။ အပြန်လည်း အရှင်မောဂ္ဂလ္လာန်၏ အဓိဋ္ဌာန်ဖြင့် ဇေတဝန် ကျောင်းတိုက်ကြီး စောင်းတန်းလည်း ဆုံး၊ မိမိတို့ ပြာသာဒ်လည်း ရောက် ဖြစ်သည်။

၁၃၃၄-ခုနှစ်၊ တော်သလင်း လပြည့် နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
## ဟောကြားအပ်သော

ဝဋ်တော်မကင်းသည့် တိဿမထေရ်ကြီး ခေါင်းအရိုက်ခံရသော ဝေဒနာဖြင့်
ပရိနိဗ္ဗာန် ပြုတော်မူရပုံ

**ပါဒေသု အာဝဟန္တေသု၊ ဣတော ပဋ္ဌာယ သော အဟံ။**
**ဂေဟဒွါရေ ဌိတောယေဝ၊ ဂဏှိသံ ပက္က ဘောဇနံ။**
**ပစ္စတိ မုနိနော ဘတ္တံ၊ ထောကံ ထောကံ ကုလေ ကုလေ။**
**ပိဏ္ဍိကာယ စရိဿာမိ၊ အတ္ထိ ဇင်္ဃဗလံ မမ။ ။**

ပါဒေသု၊ လူတိုင်းမှန်စွာ ကိုယ်စီပါသည့် ဘယ်ညာနှစ်ဖုံ ခြေအစုံတို့ကို။ အာဝဟန္တေသု၊ ကောင်းစွာခိုင်းပိုင် ကြွချီနိုင်သေးသည်ရှိသော်။ ဣတော၊ စွပ်စွဲမာန်ထ သွေးမြေကျအောင် ရိုက်ချလေရာ ဤအခါမှ။ ပဋ္ဌာယ၊ စ၍။ သော အဟံ၊ ထိုတိဿတွင်မည် ငါမထေရ်သည်။ ဂေဟဒွါရေယေဝ၊ အမိုးပြင်ပါး အိမ်တံခါး၌သာလျှင်။ ဌိတော၊ သိက္ခာညီလတ် ခြေစုံရပ်လျက်။ ပက္ကဘောဇနံ၊ တနပ်မျှရေး ဆွမ်းဘောဇဉ်ကလေးကို။ ဂဏှိသံ၊ ခံယူဘို့ရာ ကြိုးစားပါတော့အံ့။

မုနိနော၊ များစွာမချို့ ရဟန်း၏အလို့ငှာ။ ကုလေ ကုလေ၊ မလပ်မဆိုင်း အိမ်တိုင်း အိမ်တိုင်း၌။ ထောကံ ထောကံ အနည်းငယ်စီ အနည်းငယ်စီမျှသော။ ဘတ္တံ၊ ကုသိုလ်ရရေး ဆွမ်းကလေးကို။ ပစ္စတိ၊ စေဘနာပွား ချက်၍ထား၏။ မမ၊ ဝိဝေနှစ်ဝ သပ္ပါယဖြင့် ကေစာရိ တိဿမည်သော ငါမထေရ်၏။

ဇာယ်ဗလံ၊ ထိုထိုဌာန ဟူသမျှသို့ ထိုင်ထ လာ သွား ဒူ၏အားသည်။ အတ္တိ၊ အကယ်တိတိ ရှိ၍နေသေးအံ့။ ပိဏ္ဍိကာယ၊ မွတ်သိပ်လောင်ဆာ ကင်းဝေး ကွာ၍ ရောဂါမသန်း ခန့်မာကျန်းရေး ဆွမ်းကလေးအလို့ငှာ။ အဟံ၊ တိဿ မည်သာ မထေရ်ငါသည်။ စရိယာမိ၊ နေ့စဉ်ရွှယ်ရည် စိတ်ကြည်ကြည်ဖြင့် လှည့်လည် မျှတစေတော့အံ့သတည်း။

(ဓံ၊ ၄၊ ၃၊ နှာ-၂၂)

(ဓမ္မဒါန အလှူရှင်) ပရိက္ခရာကုန်သည် ဦးကျော်လှိုင်-ဒေါ်ခင်နု
သားသမီးတစု ကောင်းမှု။ မင်းလမ်း၊ ပဲခူးမြို့

## ဝင့်တော်မကင်းသည့် တိဿမထေရ်ကြီး
## ခေါင်းအရိုက်ခံရသော ဝေဒနာဖြင့် ပရိနိဗ္ဗာန်ပြုတော်မူရပုံ

### မှတ်သားဘွယ် အကျဉ်းချုပ်

### ပတ္တမြားလုံး သားတုံးမှတ်ရည် မျိုချပြီ

ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန် ကျောင်းတော်၌ နေတော်မူစဉ် ရွှေကုန်သည်အိမ်သို့ ကပ်သော တိဿ မထေရ်ကြီးကို အကြောင်းပြု၍ ဟောအံ့။

ထို တိဿမထေရ်ကြီးသည် ရွှေကုန်သည် တဦး၏အိမ်၌ ဆယ့်နှစ်နှစ် တိုင် တိုင် ဆွမ်းခံကြွ၏။ ထိုအိမ်၌ ဇနီး ခင်ပွန်း နှစ်ဦးလုံးတို့သည် မိဘအရာ၌ထား၍ မထေရ်ကို လုပ်ကျွေး ပြုစုကြကုန်၏။ တနေ့သ၌ ထိုရွှေကုန်သည်သည် မထေရ်၏ ရှေ့နားမှာ အမဲသားကို လှီးဖြတ်လျက်နေ၏။ ထိုအခါ၌ ပသေနဒီကောသလ မင်းသည် ပတ္တမြားတလုံးကို ဤပတ္တမြားကို ဆေးကြော ပွတ်တိုက်ပြီး ပြန်ပို့ ပေးပါလောဟု ပို့စေလိုက်၏။ ရွှေကုန်သည်သည် သွေးပေနေသောလက်ဖြင့် ထိုပတ္တမြားလုံးကို ကိုင်၍ အိမ်အပေါ်၌ ထား၍ လက်ဆေးခြင်းငှာ အတွင်းသို့ ဝင်၏။ ထိုအခါ ထိုအိမ်၌ မွေးမြူထားအပ်သော ကြိုးကြာငှက်ကြီး တကောင် ရှိ၏။ ထိုကြိုးကြာငှက်ကြီးသည် ပတ္တမြားတုံးကို သွေးနံ့ကြောင့်လည်း ရ၊ အသားတုံး မှတ်သဖြင့် ထိုတိဿမထေရ် ရှေ့မှောက်၌ ရုတ်တရက် ဆိတ်ပြီး မျိုချလိုက်၏။

### တိဿထေရ်တွက် ရိုက်နှက်စစ်မည် တိုင်ပင်ပြီ

ရွှေကုန်သည်သည် လာ၍ ပတ္တမြားလုံးကို မမြင်သော် "ငါ့ပတ္တမြား ဘယ်သူယူသလဲ" ဟု ဇနီးကိုလည်း မေး၏။ သားသမီးတို့ကိုလည်း မေး၏။ ထို ဇနီး သားသမီး စသည်တို့သည် "ငါတို့မယူ"ဟုသာ ဖြေကြကုန်၏။ ထိုသို့

ဖြစ်လျှင် တိဿမထေရ်ကြီး ယူသည်ဖြစ်လတံ့ဟု ကြံ၍ ဇနီးနှင့်တကွ တိုင်ပင်ကြည့်၏။ ဇနီးက "အို--အရှင်၊ မထေရ်ကြီးကို ဤသို့ မဆိုပါနှင့်၊ ဤမျှတိုင်အောင်သော ကာလပတ်လုံး မထေရ်ကြီးအပေါ် ဘာအပြစ်မှ မမြင်ဘူးပါ၊ ထိုမထေရ်ကြီးသည် ယူမည် မဟုတ်ပါ" ရွှေကုန်သည်သည် မထေရ်ကြီးကို ထုတ်မေး၏၊ "ဒါယကာ၊ ငါမယူပါ" ဟု ပြန်ပြော၏။ ရွှေကုန်သည်သည် မထေရ်ကို ပြန်မေး၏၊ "အရှင်ဘုရား၊ ဤနေရာ၌ ပတ္တမြားရတနာကို အရှင်ဘုရား ယူသည် မဟုတ်လော"၊ "ဒါယကာ၊ ငါမယူပါ"ဟု ပြန်ပြော၏။ "အရှင်ဘုရား၊ ဤနေရာ၌ အခြားသူ မရှိ၊ အရှင်ဘုရားဘဲ ယူရမည်။ ပတ္တမြား ရတနာကို ပြန်ပေးပါ" တိဿမထေရ်ကြီးသည် "ယူပါ၏" ဟု ဝန်မခံသည်ရှိသော် တဖန်ဇနီးကို ဆို၏၊ "မထေရ် ယူတာ သေချာသည်၊ သို့သော် ဝန်မခံဘူး၊ ရိုက်နှက်ပြီး မေးရမည်"။ "အရှင်၊ ဒီလို မဟုတ်ဘဲနှင့် မထေရ်အား မနှိပ်စက်ပါနှင့်၊ ငါတို့ တအိမ်သားလုံး ပဿေနဒီကောသလ မင်းကြီး၏ ကျွန်ဖြစ်လျှင် ဖြစ်ပါရစေ၊ မထေရ်ကိုတော့ မဟုတ် မတရား မလုပ်ပါနှင့်" ဤသို့ ဆို၏။

## ကြိုးကြာကြီးမှာ ပြေးလာဝင်ရောက် ခေါင်းသွေးသောက်

ဇနီးအား "နင် နားမလည်ဘူး၊ ပတ္တမြားလုံးကြီး၏ တန်ဘိုးမှာ မဖြတ်နိုင်၊ အလွန် များပြားလှ၏။ ငါတို့အားလုံး ကျွန် တသက်လုံး ခံတာတောင်ကြေမှာ မဟုတ်" ဟု ဆို၏။ အလွန် စိတ်ဆိုးနေလျက် အတင်းထကာ တိဿမထေရ်ကြီး၏ ဦးခေါင်းကို ကြိုးဖြင့် ရစ်ပတ်ပြီး ဒုတ်တိုဖြင့် ခေါင်းကို ဆင့်၍ဆင့်၍ ရိုက်တော့သည်။ မထေရ်ကြီးသည် တရားခံကိုသိလျက် ထုတ်မပြော၊ ဘပါးသူ၏ ဆင်းရဲဒုက္ခကို မမြင်လို၊ မဖြစ်စေလို။ ခေါင်းခတ်မှ သည်းကောင်း၊ နားပေါက် နှာခေါင်းပေါက်တို့မှ လည်းကောင်း သွေးသည် ဟိုမှ ဤမှ စီးဆင်း၍ လာကြကုန်၏။ မျက်လုံးတော် နှစ်ဖက်တို့မှာလည်း ထွက်ကျတော့မည့် အသွင် ဖူးရောင် ပြူးထွက်လာ၏။ ထိုးယင်း မေးယင်း ရိုက်ယင်း မေးယင်းဖြင့် ပွန်ကဲသော ဝေဒနာကြောင့် မူးမေ့ လဲသွားလေ၏။ မြေပေါ်၌ ပုံလျက် ခွေလျက် ကျသွားလေ၏။ လဲနေသော မထေရ်ကြီး၏ ဦးခေါင်းမှ ယိုစီးကျဆင်းနေသော သွေးတို့ကို မြင်၍ ထိုအိမ်ရှိ ကြိုးကြာကြီးသည် သွေးနံ့ကြောင့် ပြေးလာပြီး သွေးတို့ကို သောက်လေ၏။

## ကြိုးကြာဝိုက်မှာ ခွဲရှာတော့မည် ဆုံးဖြတ်ပြီ

ထိုအခါ ထိုကြိုးကြာကြီးကို မထေရ်၌ ဖြစ်နေသော ပြင်းထန်နေသော ဒေါသအကြား၌ နှောင့်ယှက်လာသည့် အတွက် မီးသောင်ရာ လေပင့် အမျက်ဒေါသ ဟုန်းကနဲ ကြွပြီး ''နင် ဘာလာရှုပ်တာလဲ'' ဆိုပြီး ခြေထောက်ဖြင့် အားကုန် ကန်ပစ်လိုက်၏။ တချက်တည်းသေ၍ ပက်လက်လန်နေ၏။ မထေရ်ကြီးမှာလည်း အနည်းငယ် သတိရ၍ ခေါင်းထောင်ကြည့်လိုက်သည့် အခါ ကြိုးကြာကြီး သေနေတာ တွေ့ရပြီး အကြံပေါ်၏။ ''ဒါယကာ၊ အဲဒီ ကြိုးကြာ သေပြီလား၊ မသေသေးဘူးလားဟူ၍ သေချာစွာ ကြည့်စမ်းပါ'' ရွှေကုန်သည်က ''ဘာလဲ၊ အရှင်ဘုရားလဲ ကြိုးကြာကြီးလို သေရမှာ'' မထေရ်ကြီးသည် ကြိုးကြာကြီး သေပြီဖြစ်ကြောင်း သိ၍ ''ဒါယကာ၊ ကြိုးကြာကြီး သင်၏ပတ္တမြားလုံးကြီးကို မျိုထားတယ်၊ အကယ်၍ ကြိုးကြာကြီး အသက်ရှင်နေသေးလျှင် ငါ မပြောဘူး။ ငါသေသော်လည်း အသေခံမည်၊ မပြောဘူး'' ''ဟုတ်ရဲ့လား'' ''ဟုတ်ပါတယ်'' ''ခွဲရှာမယ်။ ကြိုးကြာ ဝိုက်ထဲမှာ တွေ့လျှင် တွေ့၊ မတွေ့လျှင် အရှင်ဘုရား ဝိုက်ထဲမှာ ရှာရမယ်'' ''ရှာပါ'' ဟု ရဲရဲကြီး ပြောလေ၏။

## အိမ်ဝင်ဆွမ်းခံ ပြစ်ဒဏ်များလတ် မြဲမြဲမှတ်

သေနေပြီဖြစ်သော ကြိုးကြာကြီး၏ ဝိုက်ထဲ၌ ရှာဘို့ရန် မထေရ်ကြီး၏ (ကိုယ်တွေ့ဖြစ်၍) အကြံပေးချက်အရ ဓားယူ ခွဲရှာလေကော့၏။ ကြိုးကြာ၏ ဝမ်း၌ ပဒ္မေနဒီမင်းကြီး၏ ပတ္တမြားလုံးကြီး တွေ့ပြီ။ များစွာ ဂန်လှုပ်ကာ သံဝေဂ အထူး ဖြစ်ပြီ။ မထေရ်၏ ခြေရင်း၌ ဝပ်လျက်-

(၁) ခမထ မေ ဘန္တေ၊ အဇာနန္တေန မယာ ကတံ=''အရှင်ဘုရား၊ တပည့်တော်အား သည်းခံတော်မူပါ။ တပည့်တော် မသိလို့ ဤသို့ ပြုမိပါသည်''

(၂) ဥပါသက နေဝ တုယှံ ဒေါသော အတ္ထိ၊ န မယှံ၊ ဝဋ္ဋဿေဝေသ ဒေါသော၊ ခမာမိ တေ=''ဒါယကာ၊ သင့်အား အပြစ်မရှိပါ။ ငါ့အားလည်း အပြစ်မရှိပါ။ ဤအပြစ်သည် ဝဋ္ဋ၏ အပြစ်သာတည်း။ ဝဋ္ဋမှာသာ အပြစ် ရှိ၏၊ သင့်အား ငါသည် သည်းခံပါ၏''

(၃) ဘန္တေ သစေ မေ ခမထ၊ ပကတိနိယာမေနေဝ မေ ဂေဟေ
နိသီဒိတ္ဘာ ဘိက္ခံ ဂဏှထ = "အရှင်ဘုရား၊
တပည့်တော်အား အကယ်၍ သည်းခံခြားအံ့။
ပကတိ ရှေးအတိုင်း တပည့်တော်၏ အိမ်၌
ထိုင်၍ ဆွမ်းခံတော်မူပါလော"

(၄) ဥပါသက န ဒါနာဟံ ဣတော ပဋ္ဌာယ ပရေသံ ဂေဟာဿ
အန္တော ဆဒနံ ပဝိသိဿာမိ၊ အန္တောဂေဟေ
ပဝေသနဿေဝ ဟိ အယံ ဒေါသော၊ ဣတော
ပဋ္ဌာယ ပါဒေသု အာဝဟန္တေသု ဂေဟဒွာရေ
ဌိတောဝ ဘိက္ခံ ဂဏှိဿာမိ="ဒါယကာ၊ ငါ
သည် ယခုအခါ၌ ဤနေ့မှစ၍ တပါးသော
သူတို့၏ အိမ်၏ အတွင်း အမိုးထဲသို့ မဝင်တော့
အံ့။ ယနေ့ တွေ့ရသော အပြစ်သည် အိမ်တွင်း
သို့ ဝင်သောသူ၏ အပြစ်များပါတည်း။ ဤနေ့မှ
စ၍ မိမိခြေတို့ကို မိမိ သယ်နိုင်သေးသမျှ ကာလ
ပတ်လုံး အိမ်တံခါး၌ ရပ်လျက်သာ ဆွမ်းခံအံ့"

## တရားတဂါထာ ရွတ်ခါပါဟောပြ မြွတ်ဗုဒ္ဓ

ဤအတိုင်း ပြောပြ၍ မူတင် ဆောက်တည်၍ ဤအောက်ပါ ဂါထာကို ဆိုပြီ။

ပစ္စတိ မုနိနော ဘတ္တံ၊ ထောကံ ထောကံ ကုလေ ကုလေ။
ပိဏ္ဍိကာယ စရိဿာမိ၊ အတ္ထိ ဇင်္ဃဗလံ မမ။ ။

ဤဂါထာကို ဆို၍ ယင်း တိဿမထေရ်ကြီးသည် ထို အရိုက်ခံရသော ရောဂါဖြင့်ပင် မကြာမီ ဤနေရာ၌ ပရိနိဗ္ဗာန် ပြုသွားလေ၏။

(၁) ကြိုးကြာကြီးသည် ဤအိမ်၌ ရွှေကုန်သည်၏ ဇနီး၏ ဝမ်း၌ သန္ဓေတည်၏။

(၂) ရွှေကုန်သည်သည် သေခဲ့သော် ငရဲ၌ကျ၏။

(၃) ရွှေကုန်သည်၏ ဇနီးသည် မထေရ်၌ နူးညံ့သောစိတ် ရှိသည်၏ အဖြစ်ကြောင့် သေသော် နတ်ပြည်၌ ဖြစ်၏။

ရဟန်းတော်များက ဘုရားထ လျှောက်ထား၍ အောက်ပါ ဂါထာ ဖြင့်ဟောကြားလေ၏။ ဤဂါထာ အဆုံး၌ သောတာပန် စသည် တည်ကြ ကုန်၏။

ဂဗ္ဘ မေကေ ဥပ္ပဇ္ဇန္တိ၊ နိရယံ ပါပ ကမ္မိနော။
သဂ္ဂံ သုဂတိနော ယန္တိ၊ ပရိနိဗ္ဗန္တိ အနာသဝါ။ ။

ဧကေ၊ အချို့သော သူတို့သည်။ ဂဗ္ဘံ၊ အမိဝမ်း တည်းဟူသော တိုက် ခန်း၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ပါပကမ္မိနော၊ မကောင်းမှုကံ ရှိကုန်သော သူတို့ သည်။ နိရယံ၊ ငရဲ၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ သုဂတိနော၊ ကောင်းသော အလား ရှိကုန်သော သူတို့သည်၊ သဂ္ဂံ၊ နတ်ပြည်သို့။ ယန္တိ၊ ရောက်ကြလေ ကုန်၏။ အနာသဝါ၊ အာသဝေါ ကုန်ခန်း ရဟန္တာသခင် အရှင်မြတ်တို့သည်။ ပရိနိဗ္ဗန္တိ၊ ပရိနိဗ္ဗာန် ပြုကြလေကုန်၏။

၁၃၃၄-ခုနှစ်၊ တော်သလင်း လဆုတ် (၈) ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်း ဆရာတော် ဦးဇောတိပါလ
## ဟောကြားအပ်သော

### သာမဏေပြုရန် ဆံမျှားရိတ်နေစဉ် တစပဉ္စက ကမ္မဋ္ဌာန်း ရှုမှတ်ယင်း
### ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်သွားသော ၇-နှစ်သား

ကောသမ္ဗက သာမဏေလေး ဝတ္ထု

❀

**သန္တံ တဿ မနံ ဟောတိ၊ သန္တာ ဝါစာ စ ကမ္မ စ။**
**သမ္မဒညာ ဝိမုတ္တဿ၊ ဥပသန္တဿ တာဒိနော။ ။**

သဒ္ဒါခရေ၊ ဖြစ်ပျက်နှစ်တန် ပြောင်းရွှေ့ဟန်ဖြင့် အမှန်ဆက်ဆံ ရုပ်နှင့်နာမ်တို့ကို။ ဥဒယဗ္ဗယတော၊ ဖြစ်ပြီးလျှင်ပျက် အသစ်စက်စက် အားဖြင့်။ သမ္မဒညာ၊ သမုစ္ဆေဒါ ဘာဝနာဖြင့် ကောင်းစွာတိတိ အမှန်သိသည် ဖြစ်၍။ ဝိမုတ္တဿ၊ ဆိုးညစ်ကိလေ ရန်ဆယ်ထွေမှ မသွေကင်းကွာ စိတ်ရှိပါသော။

ဥပသန္တဿ၊ ရာဂါဒိမီး ဆယ့်တသီးမှ ငြိမ်းပြီးသည်လည်း ဖြစ်ထသော။ တာဒိနော၊ ဆိုပြီးဥဿုံ မြတ်သောဂုဏ်တို့နှင့် ပြည့်စုံပြီးသည်လည်း ဖြစ်ထသော။ တဿ၊ ထိုလေးအာသဝါ ကင်းဝေးကွာသည့် ရဟန္တာ (ကောသမ္ဗက မည်သော) သာမဏေကျော်ကလေး၏။

အဘိဇ္ဈာဒီနံ၊ မလိုမုန်းထား အဘိဇ္ဈာစသော တရားတို့၏။ အဘာဝေန၊ မရှိခြင်းကြောင့်။ မနံ-မနာနိ၊ စိတ်၌ဖြစ်ပြန် မနောကံတို့သည် လည်းကောင်း။ မုသာဝါဒါဒီနံ၊ မဟုတ်ပြောငြား မုသာဝါဒ စသောတရားတို့၏။ အဘာဝေန၊ မရှိခြင်းကြောင့်။ ဝါစာစ၊ နှုတ်၌ဖြစ်ပြန် ဝစီကံတို့သည် လည်းကောင်း။

ပါဏာတိပါတာဒီနံ၊ သူ့သက်သတ်ခြား ပါဏာတိပါတ စသော တရားတို့၏။ အဘာဝေန၊ မရှိခြင်းကြောင့်။ ကမ္မ-ကမ္မာနိစ၊ ကိုယ်၌ဖြစ်ပြန် ကာယကံတို့သည် လည်းကောင်း။ သန္တံ-သန္တာနိ၊ အေးမြရွှင်မြူး စိတ်ကြည်နူး၍ အထူးပြည့်စုံ ငြိမ်သက်သော ကုသိုလ်ခြေ ရှိကုန်သည်။ ဟောန္တိ၊ ပါရမီဖြိုးမောက် အကျိုးရောက်လျက် ထွန်းပေါက်သင့်တော် ဖြစ်ပေါ်၍ လာကြလေကုန် သတည်း။

(မံ ဋ္ဌ ပ နှာ-၁၉၂)

ဒေါ်မြစိန်နှင့် သားသမီးတစု၊ အမှတ် ၅၁၀၊ ၁-လမ်း လိပ်ပြာကန်ရပ်၊
ပဲခူးမြို့ (ဓမ္မဒါန အလှူရှင်).

# သာမဏေပြုရန် ဆံမျှားရိတ်နေစဉ် တစပဉ္စကကမ္မဋ္ဌာန်း ရှုမှတ်ယင်း ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်သွားသော ၇-နှစ်သား သာမဏေလေး

ကောသမ္ဗက ဝတ္ထု

## ရှင်သာမဏေလောင်း ကျောင်းအပ်လျက်သာ လျှောက်ခဲ့ပါ

ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌နေစဉ် တိဿထေရ်၏ သာမဏေကို အကြောင်းပြု၍ ဟောတော်မူ၏။

ကောသမ္ဗီမြို့နေ အမျိုးသားတယောက်သည် မြတ်စွာဘုရား၏ သာသနာတော်၌ ရှင်ပြု ရဟန်းတက်လျက် ကောသမ္ဗိဝါသီ တိဿထေရ်ဟု ထင်ရှား၏။ ထိုမထေရ်ကြီး ကောသမ္ဗီပြည်၌ နေစဉ် သူ၏ အလုပ်အကျွေး ဒါယကာသည် တိစီဝရိက်သင်္ကန်းကို လည်းကောင်း၊ ထောပတ် တင်လဲကိုလည်းကောင်း ဆောင်၍ ခြေရင်း၌ ထား၏။ ထိုအခါ အကျိုးအကြောင်း ပြောရင်းဖြင့် မထေရ်မြတ်က ငါ၏ထံ၌ ကပ္ပိယ ကာရက သာမဏေပင် မရှိဟု ဆို၏။ "အရှင်ဘုရား၊ ဤသို့ မရှိလျှင် တပည့်တော်၏သား သာမဏေဖြစ်လတ္တံ့၊ ပို့ပေးပါမည်" မထေရ်သည်လည်း သည်းခံ၏။ ဒါယကာသည် ခုနစ်နှစ်သား သူငယ်ကို ပို့၍ ရှင်ပြုပေးပါရန်ကိုသည်း လျှောက်၏။

## ခုနစ်နှစ်သား ဖြစ်သွားရဟန္တာ ခေါင်းရိတ်ရာ

ထို့နောက် သူငယ်အား မထေရ်မြတ်သည် ဆံပင်တို့ကို ရေဆွတ်၍ တစပဉ္စက ကမ္မဋ္ဌာန်း(ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ တစလျှင် ငါးခုမြောက်)ကို သင်ပေး၊ အလေ့အလာပြု၊ အားထုတ်စေ၍ ရှင်ပြုပေး၏။

တွဲ့တော်ကား ကောသမ္ဗီမြို့သားဖြစ်၍ (ကောသမ္ဗကသာမဏေ) ပါတည်း။ ယင်း သာမဏေလေးသည် ခေါင်းရိတ်ဆဲမှာပင် ဆံပင်လေးတွေရဲ့ ပျက်ကျလာသော ခယ ဝယ (ကုန်ခြင်း၊ ပျက်ခြင်း)တို့ကို အနိစ္စ စသော လက္ခဏာရေးသုံးပါးတွင် ဆင်ခြင်ယင်း ပဋိသမ္ဘိဒါပတ္တရဟန္တာအဖြစ်သို့ ရောက်သွားလေ၏။ ဆရာ တိဿမထေရ်သည် ရှင်ပြုပေးပြီး သာမဏေ ဆယ့်ငါးရက်အရ ဘုရားဖူးရန် ကိုရင်ကိုခေါ်၍ အထုပ်ကိုင်စေပြီး သွားယင်း လမ်းအကြားမှာ ကျောင်းတကျောင်းသို့ ဝင်လေ၏။

## ကိုရင်လေးတွက် တဖက်မျက်စိမှာ ပေါက်သွားရှာ

ကိုရင် ကောသမ္ဗကသည် ဥပဇ္ဈာယ်ဆရာ၏ အိပ်ရာ နေရာကို ယူ၍ ခင်းကျင်းပေး၏။ ထိုသို့ ခင်းကျင်းပေးနေစဉ် နေဝင်သွား၏။ ထို့ကြောင့် မိမိ၏ အိပ်ရာနေရာကို ခင်းချိန်မရ။ ထိုအခါ သာမဏေကို ထိုင်နေသည်ကို မြင်၍ မထေရ်သည် မေး၏။ ''ကိုရင့် အိပ်ရာနေရာ ခင်းပြီးပြီလား''။ ''အရှင်ဘုရား၊ နေဝင်သွား၍ ခင်းချိန်မရပါ''။ ''ဒါဖြင့် ငါ၏နေရာ၌ပင် နေလော့။ အာဂန္တုအဖြစ်နှင့် အပြင်မှာ နေရတာ အလွန် ဆင်းရဲတယ်''။ သာမဏေကို ခေါ်၍ အိပ်ရာနေရာသို့ ဝင်၏။ မထေရ်ကြီးသည် ပုထုဇဉ်အလျောက် လှဲလိုက်သည်နှင့် အိပ်ပျော်သွား၏။ ရှင်ကောသမ္ဗကသည် စိတ်ကူးမိ၏၊ ယနေ့ ငါသည် ဥပဇ္ဈာယ်ဆရာနှင့်တကွ တမိုးတရုံတည်းသော ကျောင်း၌ အိပ်လာတာ သုံးရက်ရှိပြီ။ အကယ်၍ ငါ ခေါင်းချ အိပ်ပျော်သွားလျှင် ငါ့ဆရာ သဟာသေယျအာပတ်သင့်တော့မည်ဟု တည္ဆ်လုံး ထိုင်နေ၏။ ဆရာ၏ ခုတင်ဘေး မနီးမဝေး၌ ထက်ဝယ်ဖွဲ့ခွေ၍ ထိုင်နေ၏။ နံနက် မိုးသောက်သောအခါ ကိုရင်ကို အပြင်ထွက်ခိုင်းဘို့သင့်ပြီဟု ကြံ၍ ညောင်စောင်းဘေး၌ချထားသော ယပ်တောင်ကို ယူပြီး ယပ်တောင်အဖျားဖြင့် ကိုရင်၏ သင်ဖြူးဖျာကို ပုတ်၍ ယပ်ကို အထက်သို့ မြှောက်လျက် ''ကိုရင် အပြင်ထွက်တော့''ဟု ဆိုလိုက်ပြီ။ ယပ်တောင်မှ တုတ်ချောင်းသည် ကိုရင်၏ မျက်စိကိုထိပြီး ထိုခဏမှာပင် မျက်စိ ကွယ်သွားရှာလေသည်။

## ရိုသေဒူးတုပ် လက်အုပ်ချီကာ တောင်းပန်ရှာ

အကွ်ဲ မေ ဘန္တေ ဘိန္နံ=''အရှင်ဘုရား၊ တပည့်တော်၏ မျက်စိ ပေါက်သွားလေပြီ''ဟု မလျှောက်ဘဲ လက်တဖက်ဖြင့်ပိတ်ပြီး ထွက်ခဲ့လေ၏။ တံမြက်

စည်း လျှောက်လှည်းသောအခါလည်း လက်တဖက်က မျက်စိကို ပိတ်၍ လက်တဖက်ဖြင့်သာ လှည်းလေ၏။ ထို့နောက် ဒန်ပူကပ်ချိန်မှာလည်း လက်တဖက်ဖြင့်သာ ကပ်၏။ မထေရ်က "ကိုရင်၊ သင် တယ်ရိုင်းပါလား၊ ဆရာဥပဇ္ဈာယ်တို့အား လက်တဖက်ထဲနဲ့ ဒန်ပူကို မကပ်သင့်ဘူး မဟုတ်လား"ဟု မိန့်ရာ ကိုရင်ကောသမ္ဗကက "သိပါတယ် ဘုရား၊ လက်တဖက် မအားလို့ပါ" ဟု လျှောက်၏။ "ဘာဖြစ်လို့လဲ" အစမှစ၍ ပြန်ပြောလေ၏။ မထေရ်မြတ် များစွာ သံဝေဂဖြစ်မိ၏။ ငါသည် ဝန်လေးသောကိစ္စ အပြစ်ကြီးကို လွန်ကျူးမိပြီဟု ဆို၍ "သည်းခံပါ သူတော်ကောင်း၊ ငါမသိလို့ပါ။ သင်သည် ငါ၏ ကိုးကွယ်ရာဖြစ်လေ့" လက်အုပ်ချီလျက် ခုနစ်နှစ်သား သာမဏေ ရှင်ကောသမ္ဗကက၏ ခြေရင်း၌ ဆောင့်ကြောင့် ထိုင်၏။ ထိုအခါ မထေရ်ကြီးကို သာမဏေသည် ဤသို့ ဆို၏။

## ဆရာထေရ်မှာ သက်သာဘို့ရည် ပြောကြားပြီ

နာဟံ ဘန္တေ ဧတဒတ္ထာယ ကထေသိံ၊ တုမှာကံ စိတ္တံ အနုရက္ခန္တေန မယာ ဧဝံ ဝုတ္တံ၊ နေဝေတ္ထ တုမှာကံ ဒေါသော အတ္ထိ၊ န မယှံ၊ ဝဋ္ဋဿေ- ဝေသော ဒေါသော၊ မာ စိန္တယိတ္ထ၊ မယာ တုမှာကံ ဝိပ္ပဋိသာရံ ရက္ခန္တေနေဝ နာရောစိတံ။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဧတဒတ္ထာယ၊ ဤသို့ အရှင်ဘုရား ဖြစ်ဘို့ရန်၊ န ကထေသိံ၊ လျှောက်သည် မဟုတ်ပါ။ တုမှာကံ၊ သင်တို့၏၊ စိတ္တံ၊ စိတ်ကို။ အနုရက္ခန္တေန၊ အစဉ် စောင့်ရှောက်သော အားဖြင့်။ မယာ၊ ငါသည်။ ဧဝံ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။ ဧတ္ထ၊ ဤကိစ္စ၌။ တုမှာကံ၊ သင်တို့၏။ ဒေါသော၊ အပြစ်သည်။ နေဝ အတ္ထိ၊ မရှိ။ မယှံ၊ တပည့်တော်၏။ ဒေါသော၊ အပြစ်သည်။ န အတ္ထိ၊ မရှိ။ ဧသော၊ ဤအပြစ်သည်၊ ဝဋ္ဋဿေဝ၊ ဝဋ်၏သာလျှင်။ ဒေါသော၊ အပြစ်တည်း။ မာ စိန္တယိတ္ထ၊ မကြံစည်ကြကုန်လင့်။ မယာ၊ ငါသည်။ တုမှာကံ၊ သင်တို့၏။ ဝိပ္ပဋိသာရံ၊ နှလုံး မသာယာမှုကို။ ရက္ခန္တေနေဝ၊ စောင့်သဖြင့်သာလျှင်။ နာရောစိတံ၊ မပြောကြားအပ်ပါ၊ မပြောကြားခဲ့ပါ။

## ပဋိသမ္ဘိဒါလေးပါး ထင်ရှားမှန်စွာ ရဟန္တာ

မထေရ်သည် သာမဏေက သက်သာအောင် ပြောသော်လည်း မသက်သာဘဲ ဖြစ်သော သံဝေဂသည် အထင်အရှားရှိသည်ဖြစ်၍ သာမဏေ၏ အထုပ်ကို ယူ၍ ဘုရားထံ သွား၏။ မြတ်စွာဘုရားသည်လည်း စောင့်၍ နေ၏။ ရှိခိုး၍ မြတ်စွာဘုရားနှင့်တကွ ဝမ်းမြောက်စွာ ပြောကြ၏။ ''အရှင်ဘုရား၊ တပည့်တော်၏ သာမဏေမှာ အလွန်တော်ပါ၏။ ဤသာမဏေလောက် ကျေးဇူး ကြီးမားသူ မတွေ့သေးပါ'' ဘုရားရှင်က အကြောင်းကို မေးသော် အစမှ အဆုံးတိုင် လျှောက်ထားပြီးနောက် ''တပည့်တော်က တောင်းပန်တော့ သာမဏေက 'ဒါ ဘယ်သူ့ အပြစ်မှ မဟုတ်၊ ဝဋ်၏ အပြစ်သာဖြစ်ကြောင်းနှင့် မစိုးရိမ် မကြံစည်ဘို့' ပြန်ပြောပါသည်။ ဤသို့လျှင် တပည့်တော်ကို စိတ်သက်သာရာ ရအောင် ပြောပါသည်။ တပည့်တော် အပေါ်၌ အမျက်ကို မပြု၊ အပြစ်ကို မပြုပါ အရှင်ဘုရား။ ဤသို့သောဂုဏ်နှင့် ပြည့်စုံသူကို မမြင်ဘူးပါ'' ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားက ရဟန်း (တိဿမထေရ်) ကို အောက်ပါ အတိုင်း အမိန့်ရှိ၏။

ဘိက္ခု ခီဏာသဝါနာမ န ကဿစိ ကုပ္ပန္တိ၊ န ဒုဿန္တိ၊
သန္တိန္ဒြိယာ သန္တမာနသာဝ ဟောန္တိ။

ဘိက္ခု၊ ရဟန်း။ ခီဏာသဝါနာမ၊ ရဟန္တာတို့ မည်သည်ကား။ ကဿစိ၊ တစုံတယောက်အား။ န ကုပ္ပန္တိ၊ အမျက်မထွက်ကုန်၊ န ဒုဿန္တိ၊ အပြစ်မတင်ကုန်။ သန္တိန္ဒြိယာ၊ ငြိမ်သက်သောဣန္ဒြေ ရှိကုန်သည်၊ သန္တမာနသာဝ၊ ငြိမ်သက်သောစိတ် ရှိကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့ဆိုကာ အနုသန္ဓေစပ်၍ တရားဟောလိုသည်ဖြစ်၍ အထက်ပါ ''သန္တံ တဿ မနံ ဟောတိ''စသော ဂါထာကို မိန့်၏။ ဂါထာအဆုံး၌ တိဿ မထေရ်ကြီးသည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်၏။

## ၁၃၃၄-ခုနှစ်၊ တော်သလင်း လကွယ်နေ့တွင်
## ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌
## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
## ပျံတော်မူသည်။ ရှေ့ပိုင်း

# ဟောကြားအပ်သော
## အလောင်းတော် (မဃဒေဝမင်းကြီး) သံဝေဂဖြစ်လျက်
## တောထွက် ရဟန်းပြုပုံ

**ဥတ္တမင်္ဂရုဟာ မယှံ၊ ဣမေ ဇာတာ ဝယောဟရာ။**
**ပါတုဘူတာ ဒေဝဒူတာ၊ ပဗ္ဗဇ္ဇာ သမယော မမ။ ။**

အမတ္တာ၊ ထိုးမွှေနှန်းမွှေ ကြငှန်းတွေကို မသွေရွက်ဆောင် အို-အမတ်မောင်တို့။ မယှံ၊ မဆက်မကယ် ခက်စဖွယ်ဖြင့် သက်ရွယ်ရင့်ပြီး ငါမင်းကြီး၏။ ဣမေ ဥတ္တမင်္ဂရုဟာ၊ တကိုယ်လုံးရှာ ကိုယ်အင်္ဂါတွင် မြတ်ရာထားတင် ဦးထိပ်ပြင်၌ အစဉ်မဖောက် ပေါက်ရောက်သန့်ရှင် ဤဆံပင်တို့သည်။ ဝယောဟရာ၊ အဖြူရောင်ဆင်း ထင်လင်းဖော်ပြ (ပ ဒု တ)ဆွယ် သုံးအရွယ်တို့ကို တကယ်ကျုန ဆောင်ယူကြကုန်သည်။ ဇာတာ၊ စင်စစ်မသွေ ဖြစ်ကြလေကုန်ပြီ။

ဒေဝဓဇာစ၊ သေမင်း၏မာန် အောင်အလံတို့သည် လည်းကောင်း။ ဒေဝဒူတာစ၊ သေမင်း၏ဉာဏ် အောင်တမန်တို့သည် လည်းကောင်း။ ပါတုဘူတာ၊ ထင်ရှားဖုံဖုံ စိုက်ထူရောက်ရှိ၍ လာကြလေကုန်၏။ မမ၊ မဆက်မကယ် ခက်စဖွယ်ဖြင့် သက်ရွယ်ရင့်ပြီး ငါမင်းကြီးအား။ ပဗ္ဗဇ္ဇာသမယော၊ မရှင်မလန်း အားကုန်ခန်းလျက် ရဟန်းပြုရန် အချိန်တန်ခဲ့ပါပြီ။

ဒါနို၊ ဆံပင်များစွာ အဖြာဖြာတွင် မွဲပြာချောက်အူ တပင်ဖြူသည့် ဤယခုအခါ၌။ ပဗ္ဗဇ္ဇာသမယော၊ ရဟန်းပြုရေး အခါပေးသည်။ ဟုတ္တွာ၊ ဖြစ်၍။ ကေသေ၊ မုတ်ဆိတ်ကျင်စွယ် အသွယ်သွယ်နှင့် တကယ်မခင် ဤဆံပင်တို့ကို။ ပဟာယ၊ မဆုတ်မတွန့် ရိတ်ပယ်စွန့်လျက်။ ပတ္တစီဝရ မာဒါယ၊ သပိတ်သင်္ကန်း ဝတ်ဆင်မြန်းပြီး။ နိက္ခမိဿာမိ၊ ယနေ့ဆက်ဆက် တောကိုထွက်၍ ရဟန်းတက်ပါတော့အံ့သတည်း။

(ဇာတကအဋ္ဌကထာ။ ပ-နှာ-၁၄၆)

**(ဓမ္မဒါနအလှူရှင်) ပရိက္ခရာကုန်သည် ဦးကျော်လှိုင်-ဒေါ်ခင်နု**
**သားသမီးတစု ကောင်းမှု၊ မင်းလမ်း၊ ပဲခူးမြို့။**

## အလောင်းတော် မဃဒေဝမင်းကြီး သံဝေဂဖြစ်လျက် တောထွက် ရဟန်းပြုပုံ

### ဆံဖြူခဲ့ပြီ ရှိသည်ကိလေ စွန့်ဘို့ပေ

ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည်မွန် ဇေတဝန် ကျောင်းတော်၌နေစဉ် မြတ်သော တောထွက်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ရှေးအခါ ဝိဒေဟတိုင်း မိထိလာမြို့၌ မဃဒေဝမည်သော မင်းသည် မင်းပြု၏။ တရားစောင့်၏။ တရားနှင့်အညီ မင်းပြု၏။ ထိုမင်းသည် အနှစ် ရှစ်သောင်းလေးထောင် မင်းသားတို့၏ ကစားခြင်းကို ကစား၏။ အိမ်ရှေ့မင်း ထီးအတူ၊ မင်းကြီး ထီးအတူ စံစား၏။ တနေ့သ၌ ဆတ္တာသည်ကို ခေါ်၏။ ငါ့ဦးခေါင်း၌ ဆံဖြူများကို တွေ့သည့်အခါ ပြောပါ၊ ပြောပါဟူ၏။ ဆတ္တာသည် လည်း ရှည်မြင့်စွာသောကာလကို ကုန်စေ၍ တနေ့သ၌ ဆံဖြူတပင်ကိုမြင်၏။ အကြောင်းကို လျှောက်ထားလေ၏။ ယင်းဆံဖြူကို နုတ်၍ လက်ဝါးပေါ်၌ ထည့်လော့ဟု ဆို၏။ ထိုအခါ မင်းကြီးမှာ အသက်အကြွင်းသည် အနှစ် ရှစ်သောင်းလေးထောင် ရှိသေးသည်။ သို့သော် အခုဘဲ သေမင်းအနားမှာ ရပ်နေဘိသကဲ့သို့ မိမိကိုယ်ကို မီးလောင်နေတဲ့ သစ်ရွက်တဲထဲ ရောက်နေသကဲ့သို့ ထင်လျက် ထိတ်လန့်ခြင်း သံဝေဂသို့ ရောက်၍ “ဟယ် လူမိုက် မဃဒေဝ၊ နင် ဆံဖြူသည့်တိုင်အောင် ကိလေသာတွေကို စွန့်ခြင်းငှာ မစွမ်းနိုင်သေးဘူး လား”ဟု ဆင်ခြင်၏။

### သေမင်းတမန် အောင်လံထင်ရှား စိုက်ခါသွား

ဤသို့ ဆင်ခြင်ခဲ့စဉ် ခန္ဓာကိုယ်အတွင်း၌ ပူလောင်မှု များစွာဖြစ်၏။ ကိုယ်မှ ချွေးများ ကျ၏။ ပုဆိုးများ ညစ်ချရသည်အထိ ဖြစ်၏။ ငါ ယနေ့

တောထွက်ပြီး ရဟန်းတက်ဘို့သင့်၏။ဤသို့ ဆတ္တာသည်ကို ငွေတသိန်းဆုချီးမြှင့်ပြီး သားကြီးကိုခေါ်၍ "ချစ်သား၊ ငါ၏ ဦးခေါင်း၌ ဆံဖြူပြီ၊ အိုမင်းပြီ၊ ငါ လူ့စည်းစိမ် ခံစားပြီးပြီ၊ နတ်စည်းစိမ် ခံစားရဦးမည်၊ ငါ့အား တောထွက်ချိန် တန်ပြီ၊ သင် မင်းအဖြစ် ပြုလော့၊ ငါတောထွက်၍ မဃဒေဝမည်သော သရက် ဥယျာဉ်၌နေလျက် ရဟန်းတရား အားထုတ်ပါအံ့"ဟု ဆို၏။ အမတ်များက အကြောင်းကို မေး၏။ မင်းကြီးသည် ဆံပင်ကို လက်ဖြင့်ယူ၍ အမတ်တို့အား ဤဂါထာကို ဟော၏။

ဥတ္တမင်္ဂရုဟာ မယှံ၊ ဣမေ ဇာတာ ဝယောဟရာ။
ပါတုဘူတာ ဒေဝဒူတာ၊ ပဗ္ဗဇ္ဇာ သမယော မမ။ ။

မယှံ၊ ငါ၏။ ဝယောဟရာ၊ အရွယ်ကို ဆောင်ကြကုန်သော။ ဣမေ ဥတ္တမင်္ဂရုဟာ၊ ဤဆံဖြူတို့သည်၊ ဇာတာ၊ ဖြစ်ကုန်ပြီ။ ဒေဝဒူတာ၊ သေမင်း တမန် **သေမင်းအောင်လံ**တို့သည်။ ပါတုဘူတာ၊ ထင်ရှားစွာဖြစ်ကုန်ပြီ။ မမ၊ ငါ့အား။ ပဗ္ဗဇ္ဇာသမယော၊ ရဟန်းပြုချိန်တန်ပြီ။

## မဃဒေဝမင်း မယွင်းစင်စစ် ဘုရားဖြစ်

**မဃဒေဝ**မင်းကြီးသည် ဤသို့ဆို၍ ထိုနေ့မှာပင် မင်းအဖြစ်ကို ပယ်၍ ရသေ့ရဟန်းအဖြစ်ကို ရဟန်းပြု၍ ထိုမဃဒေဝ သရက်ဥယျာဉ်၌နေလျက် အနှစ် ရှစ်သောင်းလေးထောင်ပတ်လုံး ဗြဟ္မဝိဟာရတရားတို့ကို ပွားများ၍ မယုတ် သော ဈာန်ရှိလျက် သေသော် ဗြဟ္မာ့ပြည်၌ဖြစ်လျက် စုတေကာ နေမိမင်းကြီး မိထိလာပြည်၌ ဖြစ်သေးသည်။ တဖန် သရက်ဥယျာဉ်၌ တောထွက်၊ တဖန် စုတိ၊ ဗြဟ္မာ့ပြည်၌ ပြန်ဖြစ်လေ၏၊ သတ္တာလေးပါးကိုပြု၍ သတ္တာအဆုံး၌ အချို့ သောတာပန်၊ အချို့ သကဒါဂါမ်၊ အချို့ အနာဂါမ် ဖြစ်ကုန်၏။ နောင် ဇာတ်ပေါင်းသည်ရှိသော်-

(၁) ဆတ္တာသည်သည် အရှင်အာနန္ဒာ ဖြစ်လာပြီ။
(၂) သားတော်မင်းသားသည် အရှင်ရာဟုလာ ဖြစ်လာသည်။
(၃) မဃဒေဝမင်းကြီးသည် ငါဘုရား ဖြစ်လာပြီ၊

၁၃၃၄-ခုနှစ်၊ သီတင်းကျွတ် လဆန်း (၈)ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## ပညာရှိတို့၏ ဆုံးမစကားကို မလိုက်နာမိ၍ အမျိုးသား(၁၀၀၀) အသက်ဆုံးရှုံးရသော

မန္တန်ပညာရှင် ဝေဒဗ္ဗ ပုဏ္ဏားကြီး ပဏ္ဏ

**အနုပါယေန ယော အတ္ထံ၊ ဣစ္ဆတိ သော ဝိဟညတိ။**
**စေတာ ဟနိံသု ဝေဒဗ္ဗံ၊ သဗ္ဗေ ဗျသန မဇ္ဈဂူ။ ။**

ယော၊ သတိသမ္ပဇဉ် ဉာဏ်မယှဉ်သည့် အကြင် ကြီးငယ် မခြားလူအများသည်။ အနုပါယေန၊ တိုင်းထွာရှေးနှောင်း ကောင်း မကောင်းနှင့် အကြောင်းဟုတ်ငြား မစဉ်းစားဘဲသာလျှင်။ အတ္ထံ၊ လောကုတ် လောကီ တိုးတက်စည်သည့် နှစ်လီဖြိုးလျှံ ကျိုးနှစ်တန်ကို။ ဣစ္ဆတိ၊ လောဘခိုင်းရာ အမြဲနာလျက် လွန်စွာကပ်ငြိ နှစ်သက်ခြင်းရှိပါပေ၏။

သော၊ နှစ်သက်လေငြား ထိုလူအများသည်။ ဝိဟညတိ၊ လွန်စွာပင်ပန်း ညှိုးနွမ်းခွေယိုင် ဆုံးခန်းတိုင်ကျ ပျက်စီးရလေ၏။ စေတာ၊ စေတတိုင်းသား (ပြန်ပေး ဒမြ) အကြီးစား ငါးရာတို့သည်။ ဝေဒဗ္ဗံ၊ ဝေဒဗ္ဗအမှန် ဂန္ဓာရီဟု မန္တန်တတ်ပြီး ထိုပုဏ္ဏားကြီးကို။ ဟနိံသု၊ ဒေါသအမျက် ဟုန်းဟုန်းထွက်လျက် ရက်စက်ဖုံဖုံ ခုတ်သတ် ဖျက်ဆီးကြလေကုန်၏။

သဗ္ဗေ၊ များလှအကုန် နှစ်ဘက်စုံလည်း ဖြစ်ကုန်သော။ တော၊ ထို စေဘာတဖြာ ဗာရာဏာဟု စောရာမြားမြောင် ခိုးသားတထောင်တို့သည်။ ကေ ရတ္တိ၊ လရောင်ဝေဖြာ ဆိတ်ငြိမ်သာသည့် တနေရာတည်း တည၌တည်း၌။ ဗျသန်၊ အညမည ဒေါမာန်ထလျက် သောကထန်ပြင်း အကြီးအကျယ် ပျက်စီး ခြင်းသို့၊ အဇ္ဈဂူ၊ ခန္တိ မေတ္တာ အမောဟာနှင့် သစ္စာသန္တော ယောနိသောဟု မနောအလိမ္မာ ကင်းဝေးကွာသဖြင့် နစ်နာဖုံဖုံ ရောက်ရှိကြ လေကုန်တော့ သတည်း။

(ကေနိပါတဇာတကအဋ္ဌကထာ။ ပ-နှာ-၂၅၇)

(ဓမ္မဒါနအလှူရှင်) ဦးသောင်းဧရွှေ-ဒေါ်ရင်နု
''သမီး'' မတင်နွယ်၊ မာလာရွှေတို့ ကောင်းမှု။ (၂၁) လမ်း၊ ပန်းလှိုင်ရပ်၊ ပဲခူးမြို့။

## ပညာရှိတို့၏ ဆုံးမစကားကို မလိုက်နာမိ၍
## အမျိုးသား (၁၀၀၀) အသက် ဆုံးရှုံးရသော
## မန္တန် ပညာရှင် (ဝေဒဗ္ဗ ပုဏ္ဏားကြီး) ဝတ္ထု
## မှတ်သားဖွယ် အကျဉ်းချုပ်

## အကြောင်းသုံးမျိုး ပြည့်ဖို့ရတနာ မိုးကြီးရွာ

ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေစဉ် ဒုဗ္ဗစခေါ် အပြောအဆို ခက်သော ရဟန်းကို အကြောင်းပြု ဟောကြား၏။

ထိုရဟန်းကို မြတ်စွာဘုရားက ''အို....ရဟန်း၊ သင်သည် ယခုမှ အပြောအဆို ခက်သည် မဟုတ်၊ ရှေးကလည်း အပြောအဆို ခက်ဘူးပြီ၊ ပညာရှိတို့၏ စကားကို မလိုက်နာသဖြင့် ထက်သော သန်လျက်ဖြင့် နှစ်ပိုင်း အပိုင်းခံရကာ လမ်းပေါ်၌ ပစ်ချထားအပ်ပြီ၊ တယောက်ကို အမှီပြု၍ တထောင် ပျက်စီးဘူးပြီ'' ဟု မိန့်၍ အတိတ်ကို ဆောင်ပြီး၊ ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် တခုသော ရွာငယ်၌ တပါးသော ပုဏ္ဏားသည် ဝေဒဗ္ဗမည်သော မန္တန်ကို သိ၏၊ ထိုမန္တန်သည် တန်ဘိုး မဖြတ်နိုင်။ မြတ်သောသူတို့အားသာ ထိုက်၏။ (၁) ယင်း မန္တန် ရွတ်ဆိုက်သောနက္ခတ် ပေါ်ရမည်။ (၂) ထို နက္ခတ် ပေါ်သည့်အခါ ယင်း မန္တန်ကို ရွတ်ရမည်။ (၃) ရွတ် ပြီးလျှင် ကောင်းကင်သို့ မော့၍ စေ့စေ့ကြည့်၊ ရတနာ ခုနစ်ပါးမိုး ရွာချဘို့ မိမိစိတ်ကို ညွှတ်စေရမည်။ ဤ အကြောင်းသုံးပါး ညီညွတ်လျှင် ရတနာ ခုနစ်ပါးမိုး ရွာချပေးရမည်။

## ငွေများရှာရန် ရွာပြန်သွားလတ် အလောင်းမြတ်

ထိုအခါ ဘုရားလောင်းသည် ထိုဝေဒဗ္ဗ ဆရာပုဏ္ဏားခြံအထံ၌ အတတ်ကို သင်နေ၏။ ထိုအခါ တနေ့သ၌ ပုဏ္ဏားသည် ဘုရားလောင်းကို ခေါ်၍ တစုံ တခုသော အကြောင်းဖြင့် မိမိရွာမှ ထွက်၍ စေတတိုင်းသို့ သွား၏။ လမ်း အကြား တခုသော တောအရပ်၌ ပြန်ပေးသမား ခိုးသားငါးရာတို့သည် ဘုရားလောင်းကို လည်းကောင်း၊ ဝေဒဗ္ဗ ဆရာပုဏ္ဏားကို လည်းကောင်း ဖမ်းယူ တုပ်နှောင်ထားကြကုန်ပြီ။ နှစ်ယောက်ကို ဖမ်းသော်လည်း ဝေဒဗ္ဗ ဆရာပုဏ္ဏားကို ခေါ်ထားပြီး တပည့် ဘုရားလောင်းကို ငွေပြန်ရှာ လာရွေးဘို့ လွှတ်လိုက်၏။ ဘုရားလောင်းသည် ဆရာကို ရှိခိုး၍ ပြောခဲ့သည်မှာ "ဆရာ ဘာမှ မပူနှင့်၊ ကျွန်ုပ် တရက် နှစ်ရက်အတွင်း ပြန်လာပါမည်၊ သို့သော် ကျွန်ုပ်၏ စကားကို ဆရာ လိုက်နာပါ။ ယနေ့ဟာဖြင့် မနေဝဿာ ပနကခေါ် ဥစ္စာမိုး ရွာစေတတ်သော နက္ခတ် ပေါ်လိမ့်မည်၊ ပေါ်လျှင် ဝေဒဗ္ဗမန္တန်ကို မရွတ်ပါ နှင့်၊ ဥစ္စာမိုးကို မရွာပါစေနှင့်၊ ဖြစ်သမျှ ဒုက္ခကို သည်းခံပါ၊ အကယ်၍ သည်းမခံ နိုင်လို့ ဥစ္စာမိုးကို ရွာစေလိုက်လျှင် သင်တို့အားလုံး ပျက်စီးကုန်လိမ့်မည်၊ ခိုးသားငါးရာလုံးလည်း ပျက်စီးကုန်မည်" ဤသို့ ဆရာကို ဆုံးမ၍ ငွေများရှာရန် သွားလေ၏။

## ဆရာဝေဒဗ္ဗ ပြောပြအားလုံး လိုက်ကျင့်သုံး

ခိုးသားတို့သည်လည်း နေဝင်သည်ရှိသော် ဆရာ ဝေဒဗ္ဗ ပုဏ္ဏားကို ကြိုးဖြင့်တုပ်၍ သိပ်ထားကုန်၏။ ထိုခဏ အရှေ့လောကဓာတ်မှ လပြည့်ဝန်းကြီး တက်လာ၏။ ဆရာ ဝေဒဗ္ဗ ပုဏ္ဏားသည် နက္ခတ်ကို ကြည့်သည်ရှိသော် ထို နက္ခတ် ပေါ်နေကြောင်း သိပြီ။ ငါ ဆင်းရဲ မခံလို၊ ဥစ္စာမိုး ရွာစေပြီး ပေး လျက် ချမ်းသာစွာ နေလိုက်မည်ဟု ကြံ၍ ခိုးသားတွေကို ခေါ်၍ ပြော၏။ ဥစ္စာလိုလို့ ငါ့ကို ဖမ်းတယ်ဆိုလျှင်-

(၁) ငါ့ကို တုပ်နှောင်ခြင်းမှ လျင်စွာ ဖြေပေးလော့။
(၂) ဦးခေါင်းမှ စ၍ တကိုယ်လုံး ရေချိုးပေးလော့။
(၃) အဝတ်သစ်တို့ကို ငါ့အား ဝတ်ပေးလော့။
(၄) နံ့သာ အမွှေးအထုံတို့ဖြင့် လိမ်းကျံပေးလော့။
(၅) လှပသော ပန်းတို့ဖြင့် ပန်ဆင်ပေးလော့။

ဤသို့ ဆို၏။ ခိုးသူတို့သည်လည်း ဆရာဝေဒဗ္ဗ ပုဏ္ဏား၏ အစီအစဉ် အတိုင်း အကုန်လုပ်၏။

## ပစ္စည်းများပြား ပစ်ထားမယူ ပုံသကူ

အစီအစဉ် အားလုံး ပြီးသဖြင့် ဆရာဝေဒဗ္ဗပုဏ္ဏားသည် ကောင်းကင်သို့ မော့ကြည့် စိတ်ညွတ်လိုက်လျှင် အနီးအနားသို့ ကောင်းကင်မှ ရတနာ အစား စားတို့သည် တဖြုတ်ဖြုတ် တဖုတ်ဖုတ် ကျလာကြကုန်၏။ ခိုးသူတို့သည် ထို ဥစ္စာတို့ကို စုရုံး ထုပ်ပိုး၍ သွားကြကုန်၏။ နောက်မကြာမီ ဆရာ ပုဏ္ဏားလည်း ပြန်သွား၏။ ထိုခိုးသူတို့ကို တပါးသော ခိုးသူတို့က လမ်းမှ ဝိုင်း၍ ဖမ်းယူ တိုက်ခိုက် လုယက်ကြပြန်၏။ "ဆရာ ပုဏ္ဏား လုပ်ပေးတာ၊ ဆရာ ပုဏ္ဏားထံ သွား"ဟု ညွှန်လိုက်သဖြင့် နောက်လာ ခိုးသားများက ဆရာပုဏ္ဏားထံ လိုက်ကြ ဖမ်းကြပြန်၏။ ဥစ္စာမိုး ရွာခိုင်းပြန်ကုန်၏။ မရနိုင်ပါ။ အနည်းဆုံး တနှစ် စောင့်ရပါမည်။ တနှစ်အတွင်း မရွာနိုင်တော့ပါ။ နက္ခတ်ပေါ်မှသာ ရွာစေလို့ ရပါမည်။ ခိုးသူတို့ကား မယုံကြည်နိုင်။ အလွန် စိတ်ဆိုးပြီး ယက်လှစွာသော သန်လျက်ဖြင့် နှစ်ပိုင်း ပိုင်းပြီး လမ်းပေါ်မှာ ပစ်စွန့်ကာ ပထမ ခိုးသားများထံ အပြေးလိုက်တိုက်၊ နှစ်ဖက် ခုတ်ကြ ထိုးကြ၊ ဥစ္စာကို အမှီပြု၍ အစိတ်စိတ်ကွဲ အစိတ်စိတ် ခုတ်ကြ ထစ်ကြ၊ နောက်ဆုံး ယောကျာ်း တထောင်လုံး ပျက်စီး သွားကုန်ပြီ။ ကတ်ကတ် သတ်သတ် နှစ်ယောက်တည်း ကျန်ခဲ့၏။

## တထောင်ယောကျာ်း စွန့်သွားမယူ ပုံသကူ

ယင်း နှစ်ယောက်၌ ပစ္စည်းတွေ များစွာ ကျန်ခဲ့၏။ တထောင်၏ ပစ္စည်း များ ဖြစ်၏။ တယောက်က စောင့်နေပြီး တယောက်က ရွာမှ ထမင်း ဟင်း ပြန်ယူရမည်ဟု အစီအစဉ် လုပ်ကြ၏။ စောင့်နေရသူ၏ အကြံက သူ ထမင်း ဟင်း ယူပြန်လာလျှင် လမ်းမှ အလစ်စောင့်ပြီး သတ်ပစ်မည်၊ တဝက် သူ့ မပေးနိုင်ဟု ဆုံးဖြတ်ထားပြီ၊ ထမင်း ဟင်း သွားယူသူကလည်း လတ်တလော သေစေတတ်သော အဆိပ် ထည့်သွားမည်၊ တဝက် သူ့ မပေးနိုင်ဟု ဆုံးဖြတ် ထားပြီ။ ဆုံးဖြတ်သည့်အတိုင်း ဆောင်ရွက်ကြ၏။ လမ်းမှ ကြို၍ သတ်ပစ်လိုက် ၏။ ပါလာသော ထမင်းကို ဆာဆာနှင့် ခပ်ပျာပျာ စားလိုက်၏။ ဤနေရာ တွင်ပင် နှစ်လောင်းပြိုင် အကြောင်းဆိုင် သေဆုံးကြလေပြီ။ အားလုံး ပျက်စီး

သွားကြပြီ၊ ဥစ္စာ ပစ္စည်းတို့ကိုလည်း ယူမသွားနိုင်ကြ။ ပိုင်ရှင်မဲ့ (ပုံသုက္က) ပစ္စည်းများသာ ဖြစ်ကြကုန်၏။

## ပစ္စည်းများရ ဆရာ့ကိုယ်ကို မီးသင်္ဂြိုဟ်

ငွေများ ရှာလာရန် လွှတ်လိုက်သော ဘုရားလောင်း ပြန်လာသော် ထိုနေရာ၌-

(၁) ဆရာဝေဒဗ္ဗ ပုဏ္ဏားကြီးကို မတွေ့ရ၊ ဖရိုဖရဲ ကြဲပြန့်နေသော ဥစ္စာတို့ကိုသာ တွေ့ရတော့သည်။

(၂) ထိုက်သလို ထိုသို့ ဤဤ တစေ့တစောင်း လိုက်ကြည့်လိုက်ရာ ခိုးသူကြီး နှစ်ဦး၏ အလောင်းများ၊ ထမင်းထုပ်နှင့် လက်နက်များကို တွေ့ရသည်။

(၃) ယောက်ျား ခိုးသူတထောင်၏ အလောင်းများကိုလည်း တွေ့ရသည်။

(၄) ကောင်းကင်မှ ရွာချ ရယူထားသော ရတနာ ခုနစ်ပါး ဥစ္စာများကို တခုမကျန် တွေ့ရှိရသည်။

(၅) ဆရာဝေဒဗ္ဗ ပုဏ္ဏား၏ အလောင်းကိုပါ တွေ့ရပြန်၍ မိမိ အတန်တန်မှာလျက်နှင့် ဖြစ်ရပလေဟု တဖျစ်ဖျစ် ညည်းတွားမိသည်။

ထို့ကြောင့် ဆရာ၏အလောင်းကို ရိုသေစွာ ယုယုယယ တောအတွင်း တောထင်းများစုပြီး တောလမ်း၌ ရာသီအလျောက် ပွင့်နေသော တောပန်းများဖြင့် ပူဇော်ကာ မီးသင်္ဂြိုဟ်မှု ပြုခဲ့သည်။

## တပည့်မှာကား နောက်များမှချ မြတ်ဗုဒ္ဓ

တပည့် ဘုရား အလောင်းတော်သည် ငါ၏ဆရာသည် အကြောင်း မဟုတ်သည်ကို အကြောင်း ထင်မှတ်ကာ ကြီးပွားမှုကို အလိုရှိသဖြင့် မိမိလည်း ပျက်စီး၊ မိမိ၏ အပေါင်း အသင်းများလည်း ပျက်စီး၊ ထို့ကြောင့် ဒီလိုလုပ်လျှင် ဒီလို ဖြစ်တတ်သည်ဟု သိစေလို၍ အောက်ပါ ဂါထာဖြင့် မှာခဲ့၏။

အနုပါယေန ယော အတ္ထံ၊ ဉာတုမိစ္ဆတိ သော ဝိဟညတိ။
စေတာ ဟနိံသု ဝေဒဗ္ဗံ၊ သဗ္ဗေ တေ ဗျသနံ မဇ္ဈဂူ။ ။

ယော၊ အကြင်သူသည်။ အနုပါယေန၊ အကြောင်း မဟုတ်သဖြင့်။ အတ္ထံ၊ အကျိုးစီးပွားကို။ ဉာတုမိစ္ဆတိ၊ အလိုရှိ၏။ သော၊ ထိုသူသည်။ ဝိဟညတိ၊ ပင်ပန်း၏။ စေတာ၊ စေတတိုင်းသား ခိုးသူတို့သည်။ ဝေဒဗ္ဗံ၊ ဆရာဝေဒဗ္ဗ ပုဏ္ဏားကို။ ဟနိံသု၊ သတ်ကြကုန်ပြီ။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ၊ ထိုတထောင်သော ယောကျ်ားတို့သည်။ ဗျသနံ၊ ပျက်စီးခြင်းသို့။ အဇ္ဈဂူ၊ ရောက်ကုန်ပြီ။

ဇာတ်ပေါင်းသည်ရှိသော်-

(က) ထိုစဉ်အခါ ဆရာဝေဒဗ္ဗ ပုဏ္ဏားသည် ယခုအခါ ဒေဝဒတ် ရဟန်း ဖြစ်လာ၏။

(ခ) ထိုစဉ် တပည့်သည် ယခုအခါ မြတ်စွာဘုရား ဖြစ်လာ၏။

၁၃၃၅-ခုနှစ် ဝါဆိုလပြည့်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် စာပြန် ရာပြည့်ဓမ္မာရုံကြီး၌

# ကြခတ်ဝိုင်း ဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

ပေ၁၆ ၁ကသိုဂ်ိုး

## ကုဋေလေးဆယ် ထေရီမယ် ကိသာဂေါတမီ (ပဋိသမ္ဘိဒါပတ္တ) ရဟန္တာမ ဖြစ်ခန်း

**ယော စ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ။**
**ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံ ပဒံ။ ။**

ယော စ၊ အကြင် ကြီး-ငယ်မဟူ ခပ်သိမ်းသူဟု ဆူဆူထင်ရှား လူ အများသည်၊ အမတံ ပဒံ၊ ဘုရားမြတ်စွာ ရဟန္တာတို့ ကောင်းစွာ ကြွစံ သေခြင်း မရှိသော မြတ်နိဗ္ဗာန်ကို။ အပဿံ၊ ဉာဏ်တွင်စွဲမြဲ မမြင်ဘဲလျက် သာလျှင်။ ဝဿသတံ၊ နှစ်ပေါင်းတရာ မြင့်ရှည်ကြာသော ကာလပတ်လုံး။ ဇီဝေ၊ မပျက် မကြွ အသက်ရှည်၍ နေရသည်ဖြစ်အံ့။ ဧဝံ၊ ဤသို့ နှစ်ပေါင်းတရာ အသက် ရှည်စွာ နေရငြားပါသော်လည်း။

တခေါ၊ ထိုနိဗ္ဗာန်ပြည်ခွင် သူမမြင်ဘဲ နှစ်ပေါင်းတရာ အသက်ရှည်စွာ နေရခြင်းထက်။ အမတံ ပဒံ၊ နိဗ္ဗာန်နန်းသွင် မြိုက်ထွဋ်တင်ကို။ ပဿတော၊ ကောင်းစွာတမူ မြင်ကြရသောသူ အပေါင်း၏။ ဧကာဟံ၊ မမြင့်မကြာ တရက်

တာကလေးမျှသာ။ ဇီဝိတံ၊ ဝိညာဉ်ထင်လင်း အသက်ရှင်၍ နေလိုက်ရခြင်းသည်။ သေယျော၊ သန္တိ သုခ စုံပြည့်ဝ၍ ကျနမသေွ မြတ်လှလေတော့သည် သာလျှင်တည်း။

( စံ၊ ၄၊ ပ၊ နှာ-၄၄၃ )

အချိန်ကိုကြည့်၊ တန်ဘိုးသိလျက်
အချိန်မသုံး၊ တန်ဘိုးဆုံးသဖြင့်
အချိန်တိုင်းမှာ၊ ကြိုးစားရာ၏။

ပဲခူးမြို့၊ ပန်းလှိုင် (၂၁)လမ်း၊ ဗလ ပုံနှိပ်တိုက်၊ မိသားစု ကောင်းမှု

## တေဇောကသိုဏ်း
## ကုဋ္ဌေလေးဆယ် ထေရီမယ်
## ကိသာဂေါတမီ (ပဋိသမ္ဘိဒါပတ္တ) ရဟန္တာမ ဖြစ်ခန်း

### မှတ်သားဘွယ် အကျဉ်းချုပ်

### ကုဋ္ဌေလေးဆယ် ရွှေငွေအစစ် မီးသွေးဖြစ်

သာဝတ္ထိမြို့၌ သဌေးတဦး၏အိမ်တွင် ကုဋ္ဌေလေးဆယ်သော ပစ္စည်းတို့သည် မီးသွေးတွေ ဖြစ်ကုန်၏။ ယင်းသဌေး အလွန် စိတ်ပျက်နေ၏။ မိတ်ဆွေရင်း တယောက်သည် မေးလတ်သော် အကြောင်းကို ပြော၏။ "မစိုးရိမ်လင့်၊ ငါသည် တခုသော အကြောင်းကို သိ၏။ ဈေးအတွင်း၌ ဖျာကို ခင်း၍ ယင်းမီးသွေးတို့ကို ပုံပြီး မီးသွေးရောင်းနေသည့်အသွင် ထိုင်၍ နေလော့။ ဈေးလာသူတို့တွင် အချို့က 'အခြားဈေးသည်တွေက အဝတ်၊ ဆီ၊ ပျား၊ တင်လဲ စသည်တို့ကို ရောင်း၏။ သင်ကား အဘယ့်ကြောင့် မီးသွေးတို့ကို ရောင်းသနည်း'ဟု ပြောလတ္တံ့။ 'မိမိမီးသွေးကို မိမိ မရောင်းပါက အဘယ်သူ ရောင်းမည်နည်း'ဟု ပြန်ပြောရမည်"

### ကိသာဂေါတမီ ရွှေ့ကံအလိုက် ခံစားထိုက်

အချို့က "အခြား ဈေးသည်တွေက အဝတ်၊ ဆီ၊ ပျား၊ တင်လဲ စသည်တို့ကို ရောင်း၏။ သင်ကား အဘယ့်ကြောင့် ရွှေ ငွေတို့ကို ရောင်းလျက် ထိုင်နေဘိသနည်း"ဟု ပြောလတ္တံ့။ ရွှေ ငွေ ဘယ်မှာလဲဟု ပြန်မေးလော့။ ဒီမှာဟု ပြလျှင် သင်၏လက်ဖြင့် ခံယူရာ၏။ ဤသို့ ပေးလျှင် သင်၏လက်၌ ရွှေ ငွေဖြစ်လတ္တံ့ ထိုသူသည် (ထိုက်သူတည်း။) အမျိုးသမီးဖြစ်အံ့၊ သင့်သားနှင့် လက်ထပ်လော့။ အမျိုးသား ဖြစ်အံ့၊ သင့်အိမ်မှ အရွယ်ရောက်သော သမီးနှင့်

လက်ထပ်လေ့။ ကုမ္မေလေးဆယ်သော ဥစ္စာတို့ကို အပ်နှင်းပြီး နေစေရာ၏။ ခံစားထိုက်သူကား ကိသာဂေါတမီပါတည်း။

## သေနေသောသား ထင်ရှား ယခု ရှင်အောင်ကု

တနေ့သောအခါ သားယောကျ်ားကလေးကို ဖွားပြီ။ ယင်းသားကလေး မတ်တတ်ပြေးအရွယ် သေလွန်ပြီ။ အမိ ကိသာဂေါတမီ သပွေးမ (အရူးမ) ဖြစ်ပြီ။ သေခြင်းကို မမြင်ဘူး၊ ၎င်းကိုယ်ကို အဆန်းဖြစ်နေ၏။ မီးသင်္ဂြိုဟ်ရန် ယူဆောင်လာသူတို့ကို တားပြီး(သေသူကို၊ ရှင်သူ)ဖြစ်အောင် ဆေးကုဦးမည်ဟု အတင်း ပွေ့ယူ ထမ်းပိုးကာ ဆေးကုသပေးကြပါရန် တရွာဝင် တရွာထွက်၊ တမြို့တက် တမြို့ဆင်း ဆင်းရဲခြင်းအပြည့် ဖြစ်နေသော မျက်နှာဖြင့် လိုက်လံ တောင်းပန် မြည်တမ်းလေ၏။ သားသေကား တရက်ထက်တရက် အခြေမလှ တော့ပြီ။ တဦးသော ယောကျ်ားကြီးက "ချစ်သမီး၊ ငါကား ဆေးကို မသိ၊ ဆေးသမားကိုသာ သိ၏"ဟု ဆိုပြီး ဘုရားရှင်ထံ ပို့ပေးလေ၏။

## ဘယ်လိုချစ်ချစ် စွန့်ပစ်ကွေကွင်း သေရခြင်း

ဘုရားရှင်သည် အလိုက်သိ အကြိုက်ကြည့်၍ မေးမေး၏။ ကိသာ ဂေါတမီသည်လည်း မျှော်လင့်ချက်ကြီးဖြင့် ဖြစ်ကြောင်းကုန်စင် တွင်တွင်ကြီး လျှောက်နေ၏။ စိတ်ချခစေလို၏။ ဆေးအပြည့်အစုံ ရှိ၏။ တမယ်တည်းသာ လိုတော့၏။ လက်လေး နှစ်ချောင်းဖြင့် ယူအပ်သော မုံညင်းစေ့ကလေးဖြစ်၏။ ရအောင် ယခု ရှာပေးမည့်အကြောင်း ကိသာဂေါတမီ သွက်လက်စွာ လျှောက် ထား တာဝန်ယူ၏။ ယင်း မုံညင်းစေ့သည် လူ မသေဘူးသော အရပ်၊ လူ မသေဘူးသော အိမ်မှ ဖြစ်ရမည့်အကြောင်းလည်း မှာလိုက်၏။ အားရစွာ သားသေကို ထမ်းပြီး ထွက်လာ၏၊ လိုအပ်သော မုံညင်းစေ့ကိုလည်း မေး လိုက်စဉ် တန်း၍ ရ၏။ သို့သော် လူသေဘူးပါသလား မေးလိုက်၊ ယိုသော မုံညင်းစေ့ မဟုတ်သေး၍ ဆက်သွားလိုက်၊ သွားရင်းဖြင့် မရှိတွင်၊ အသိဟင် ကာ တခုသော ချုံအောက်၌ သားသေကို စွန့်ပစ်ပြီး ဘုရားရှင်ထံ ပြန်လေ၏။

## တရား‌ဓမ္မ ဟောပြလေရာ စိတ်ချမ်းသာ

ဘုရားရှင်သည် "ပါ၌ ယိုနေသော ဆေးမယ်တမျိုးကို ရပါသလား" မေးတော်မူ၏၊ သဘောပေါက်ပါကြောင်း၊ ရလည်း မရပါကြောင်း၊ ...

မရှိပါကြောင်း လျှောက်ထားလေ၏။ ဘုရားရှင်သည် အောက်ပါ ဂါထာကို ဟောကြားတော်မူသည်။

> တံ ပုတ္တပသုသမ္မတ္တံ၊ ဗျာသတ္တ မနသံ နရံ။
> သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ။ ။

မဟောဃော၊ ပြင်းစွာလာသော ရေအလျဉ်သည်။ သုတ္တံ၊ အိပ်ပျော်သော။ ဂါမံ၊ ရွာသူ ရွာသား လူအများကို။ အာဒါယ၊ တိုက်ယူ၍။ ဂစ္ဆတိ ဣဝ၊ သွားသကဲ့သို့။ တထာ၊ ထို့အတူ။ မစ္စု၊ သေမင်းသည်။ ပုတ္တပသုသမ္မတ္တံ၊ သားသမီး ဆင် မြင်း စသော သတ္တဝါတို့ဖြင့် လွန်စွာ မေ့ယစ် ချစ်မြတ်နိုးခြင်း ရှိသော။ ဗျာသတ္တမနသံ၊ အထူးထူး အပြားပြားသော အခြင်းအရာဖြင့် လွန်စွာ ကပ်ငြိသော စိတ်ရှိသော။ တံ နရံ၊ ထိုသတ္တဝါကို။ အာဒါယ၊ ဆွဲငင်၍။ ဂစ္ဆတိ၊ သွား၏။

ဟု ဟောကြားသဖြင့် များစွာ စိတ်ချမ်းသာသွားလေသည်။

## ရဟန္တာထေရီ ဖြစ်ပြီကျန သဒ္ဒေးမ

ယင်း တရားဂါထာ၏ အဆုံး၌ ကုဋေလေးဆယ်ပိုင်ရှင် သဋ္ဌေးမ ကိသာဂေါတမီသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ လျှောက်ထား တောင်းပန်သဖြင့် ဘုရားရှင်သည် ဘိက္ခုနီမတို့ထံ ပို့လွှတ် ဘိက္ခုနီမ ပြုစေ၏။ ကိသာဂေါတမီ ထေရီ ဟူသော အမည်ဖြင့် ထင်ရှားခဲ့၏။ တနေ့သ၌ ဥပုသ်ပြုရာ အဆောက်အဦ၌ ထွန်းထားသော ဆီမီးလျှံတို့ကို ကြည့်၍ တေဇောကသိုဏ်း ရှုပွားကာ မီးလျှံတို့သည် ဖြစ်ကုန် ချုပ်ကုန်ကြသလို သတ္တဝါ အားလုံးနှင့်တကွ မိမိ၏ ခန္ဓာပေါ်သို့(အနိစ္စ၊ ဒုက္ခ၊ အနတ္တ) ဝိပဿနာသုံးချက် လက္ခဏာသုံးပါး ထင်ရှားစွာ အာရုံကို ဖြစ်စေလျက် ပဋိသမ္ဘိဒါလေးဝ အပြည့်ရသော ရဟန္တာထေရီမကြီး အဖြစ်သို့ ရောက်လေ၏။

၁၃၃၅-ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၈) ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
# ဟောကြားအပ်သော

## ဒဏ် (၁၀)ပါး တရားတော်

ရှင်မောဂ္ဂလ္လာန် ဝတ္ထု

ဓမ္မပဒ၊ ကျမ်းဂန်မှု၊ ဗုဒ္ဓ မိန့်ခဲ့သည်။
ရှင်မောဂ္ဂလ္လာန်၊ ထုံ မှုဟာန်၊ သိရန် မျှားကိုယ်စီ။
ကျော်ဇူးကြီးသူ၊ ပြစ်မှားမှု၊ ထိုလူ ဒဏ်သင့်သည်။
ဤသို့ဒဏ်ကား၊ ဆယ်မျိုးပြား၊ မှတ်သာ ထိုက်လေပြီ။

၁။ ထန်ပြင်းဝေဒနာ၊
၂။ ဆုံးဥစ္စာ၊
၃။ အင်္ဂါပျက်ပြတ်သည်။
၄။ အနာနှိပ်စက်၊
၅။ ရာထူးပျက်၊
၆။ ရှုးလျက် သူမတည်။
၇။ စွပ်စွဲဖိနှက်၊
၈။ ဆွေမျိုးပျက်၊ ဖြစ်ချက် နစ်နာမှု။
၉။ စည်းစိမ်ပျက်ရှာ၊
၁၀။ မီးခါခါ၊ လောင်ရာ စိတ်ကြည်။
ခန္ဓာပျက်ကွဲ၊ ဘချက်ကဲ၊ ငရဲ ကျိန်းသေသည်။

(ဓံ၊ ဋ္ဌ၊ ဒု၊ နှာ-၁)

ပဲခူးမြို့၊ ပန်းလှိုင် ၂၁-လမ်း၊ ဗလ ပုံနှိပ်တိုက် မိသားစု ကောင်းမှု။

၁၃၃၉-ခုနှစ်၊ ဒုတိယဝါဆို လပြည့်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

ဒါန (၁၀)ပါး တရားတော်

ဘုရား, တရား, သံဃာ, ဆရာမိဘာ၊ အနန္တ၊ ကြီးထ မြတ်ဂုဏ်ရည်။
တလုတ်ကျွေးဘူး၊ သူ့ကျေးဇူး၊ အထူး စိတ်ဝယ်ကြည်။
တဆုပ်ပေးလဲ၊ ထို့တူဘဲ၊ အမြဲ မမေ့သင့်ပြီ။
မပြစ်မှားထိုက်ငြား၊ ပုဂ္ဂိုလ်အား၊ ပြစ်မှားမိသူသည်။
များစွာဆိုးဝါး၊ ဒဏ်ဆယ်ပါး၊ ခံစား နစ်နာမည်။
ဒဏ်ဆယ်ပါးကို၊ ကျမ်းအလို၊ မိန့်ဆို ပြခဲ့ပြီ။
ကြမ်းကြုတ်ဝေဒနာ၊ ပျက်ဥစ္စာ၊ နူနာ စွဲကပ်သည်။
အင်္ဂါချွတ်ယွင်း၊ ရူးသွပ်ခြင်း၊ အတင်း စွပ်စွဲမည်။
ဆွေမျိုးပျက်ရ၊ ရာထူးကျ၊ မင်းက သိမ်းပြန်သည်။
မီးလောင်ခံရ၊ ဆယ်ဒုက္ခ၊ မှတ်ကြ ဒဏ်ဆယ်လီ။
သေပြန်ရင်လဲ၊ ပါယ်ငရဲ၊ မလွဲ ကျိန်းသေသည်။
နှစ် တသိန်းမျှ၊ ငရဲကျ၊ ထိုမှ ပြန်လာသည်။
ဘဝတရာ၊ အရိုက်ခံကာ၊ သေတာ ခုံထိပြီ။
သူ့ကျေးဇူးဟာ၊ ပေးဆပ်ရာ၊ မှတ်ပါ ကျိုးကြီးသည်။

(ခုဒ္ဒကနိကာယ် ဓမ္မပဒ အဋ္ဌကထာ။ ဒု-နှာ-၄၁)

ဓမ္မဒါန အလှူရှင် အမိ (ဒေါ်အုန်းမြ) ဦးကျော်လှိုင်၊ ဒေါ်ခင်နု၊
သားသမီး မြေးများတစု ကောင်းမှု၊ မင်းလမ်း၊ ပဲခူးမြို့။

၁၃၃၉-ခုနှစ်၊ ဝါခေါင်လပြည့်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## အင်္ဂုတ္တိုရ အင်္ဂုလိမာလသုတ် ...

အင်္ဂုတ္တရ ... 

## မိမိအတွက် ဆေးတခွက် တရားတော်

အရှင်မောဂ္ဂလာန်၊ လက်ဝဲရံ၊ ဘွဲ့ခံ ပုဂ္ဂိုလ်ဟာ။
မြေလျှို မိုးပျံ၊ တန်ခိုးချွန်၊ ဖြိုးလျှံ ပြည့်စုံစွာ။
ဗြဟ္မာလူနတ်၊ ငရဲရပ်၊ ကြွလတ် ဟောမိန့်ရာ။
ပရိသတ်မစဲ၊ လာဘ်မစဲ၊ ထပ်ကဲ ဝေဝေဖြာ။
တိတ္ထိယ်ကြီး၊ အသီးသီး၊ စုပြီး စည်းဝေးကာ။
ဂေါတမဘုရားဟာ၊ လာဘ်ပေါတာ၊ ကြောင်းရှာတွေ့ကြတာ။
မောဂ္ဂလာန်ပင်၊ လက်သယ်မြင်၊ သူလျှင် ကျောရိုးပါ။
ဝိုင်းပြီးရိုက်ပုတ်၊ သေအောင်လုပ်၊ 'ဒေါက်' ဖြုတ်လိုက်ဘို့သာ။
သူသတ်ယောက်ျား၊ ခိုးသူများ၊ ပေးငွေ တထောင်ပါ။
သီတင်းသုံးရာ၊ ကျောင်းဝိဟာ၊ တွင်လာ ကျောက်ညိုပါ။
ပ-အကြိမ်က၊ သော့ပေါက်မှ၊ ဆင်းကြွ မြေအောက်သာ။
ဒု-အကြိမ်ကျ၊ ပြာသာဒ်မှ၊ တက်ကြွ ကောင်းကင်မှာ။
မိဘသတ်ကံ၊ ဝိုင်းစီမံ၊ ရှောင်ရန် မရတော့ပါ။
လက်ရဝင်ဖမ်း၊ တရကြမ်း၊ အရမ်း ရိုက်နှက်ကာ။
အရိုးဟူသမျှ၊ ဆန်ကွဲကျ၊ ကျေမွ ကိုယ်ခန္ဓာ။

သေပြီမလွဲ၊ ခြေကဆွဲ၊ ချုံထဲ ပစ်ခဲ့ရာ။
ကိုယ်တခုလုံး၊ ဈာန်ဖြင့်ဖုံး၊ နောက်ဆုံး ဖူးဘို့လာ။
သင့်လိုအမှန်၊ နောက်တဖန်၊ မြင်ရန် မရှိတော့ပါ။
ယခုထင်ရှား၊ သင်တရား၊ ငါ့အား ဟောခဲ့ပါ။
ကောင်းကင်ထက်မှ၊ ဟောကြားရ၊ ဗုဒ္ဓ စသည်နှာ။
ထိုမှအပြန်၊ ပရိနိဗ္ဗာန်၊ စင်စံ ကျောက်ညိုမှာ။
ဈာပနတွင်၊ ပြစ်ဆယ်အင်၊ မိန့်ထွင် မြတ်ဗုဒ္ဓါ။
မိဘစော်ကား၊ အပြစ်များ၊ ကြီးမား ဆိုးလှစွာ။
နှစ်တသိန်းပင်၊ ငရဲတွင်၊ နာကျင် လူးလှိမ့်ကာ။
ဘဝတရာ၊ ရိုက်ခံလာ၊ သေရှာ ညက်ကျေမှာ။
ပရိနိဗ္ဗာန်၊ ဝင်စံဆဲဆဲ၊ ဘဝလဲ၊ ထိုနဲ့ ဝဋ်ကြွေမှာ။

( ခုဒ္ဒကနိကာယ်၊ ဓမ္မပဒ အဋ္ဌကထာ။ ဒု-၅၁-၄၁

ဓမ္မဒါနအလှူရှင် ဗလပုံနှိပ်တိုက်၊ မိသားစုကောင်းမှု၊ (၂၁) လမ်း၊
ပန်းလှိုင်ရပ်၊ ပဲခူးမြို့။

# ဒဏ် (၁၀) ပါး တရားတော်

## (ရှင်မောဂ္ဂလာန် ဝတ္ထု)

### မှတ်သားဘွယ် အကျဉ်းချုပ်

### မြေလျှိုးမိုးပျံ ဈာန်အဘိညာဏ်သုံး တိတ္ထိ မုန်း

တနေ့သောအခါ တိတ္ထိတို့သည် အစည်းအဝေးကြီးလုပ်၍ တိုင်ပင်ကြကုန်၏။ "အချင်းတို့၊ ဂေါတမဗုဒ္ဓ ရှင်တော်၌ လာဘ်လည်း ပေါများ၏၊ အခြွေအရံလည်း ပေါများ၏၊ အဘယ် အကြောင်းကြောင့်ပါနည်း၊ သင်တို့ သိကြကုန်သလော" ဟု မေး၏။ "သိကြပါကုန်၏၊ ရှင်မောဂ္ဂလာန်ကို အမှီပြု၍ ဖြစ်ကြ၏။ ယင်း (ရှင်မောဂ္ဂလာန်)သည် တန်ခိုး ဣဒ္ဓိပါဒ်ကြီးသည်။ ထို့ကြောင့် နတ်ပြည်ကို သွား၍ နတ်သမီး နတ်သားတို့ကို စုံစမ်းကာ သဒ္ဓါတရား ဖြစ်အောင် လူ့ပြည်မှာ ပြန်ဟော၏။ ဤကောင်းမှုတွေကို ပြု၍ ဤစည်းစိမ် ချမ်းသာတွေကို ရ၏၊ တဖန် ငရဲပြည်ကို သွား၍ ဤအမှုတွေကို လွန်ကျူးခဲ့၍ ဤငရဲ ဆင်းရဲဒုက္ခတွေသို့ ရောက်ကြကုန်၏ဟု အကုသိုလ် ကြောက်အောင် လူ့ပြည်မှာ ပြန်ဟော၏။ ဒါ့ကြောင့် လူသားတွေက ကြည်ညိုပြီး ရှင်မောဂ္ဂလာန်ကို အမှီပြု၍ ဖြစ်ပေါ်သည်"

### ရှေ့ကဝဋ်ကြွေး ရှောင်ပြေးဒီတခါ မလွတ်သာ

"ဒါ့ကြောင့် ရှင်မောဂ္ဂလာန်ကို သတ်ပစ်ရမည်၊ ဒါမှ ပရိသတ်တွေ ဒို့ထံသို့ အုံလာကြမည်" တညီတညွတ်တည်း ဆုံးဖြတ်၍ ငွေ ၁၀၀၀ိ ဖြင့် လူသတ် ယောကျ်ားရှာဘို့ စီစဉ်ကြဘို့ ဆုံးဖြတ်လိုက်၏၊ ရှင်မောဂ္ဂလာန်သည် ကျောက်ညိုတော ကျောင်း၌ နေ၏။ သူသတ် ယောကျ်ားတို့သည် သွားရောက် ဝိုင်းဝန်းလေ၏။ ယင်း ဝိုင်းဝန်းခြင်းကို သိ၍ တန်ခိုးဈာန်ဖြင့် သော့ခတ်သော

အပေါက်ငယ်လေးမှ ထွက်၍ တိမ်းရှောင်လေ၏။ ထိုနေ့ မထေရ်မြတ်ကို လုံးဝ မတွေ့ရ။ ထို့ကြောင့် နေ့စဉ် လာကြ၍ ဝိုင်းဝန်း ချောင်းမြောင်းကြ၏။ မထေရ် မြတ်သည် ဈာန် အဘိညာဉ်ကြောင့် ရအပ်သော တန်ခိုးဖြင့် ပြာသာဒ်၏ ခေါင်ကို ဖောက်ပြီး ကောင်းကင်ပြင်သို့ တက်၍နေလေ၏။ ဤနည်းဖြင့် ပထမ လ၊ ဒုတိယ လတို့၌ ဘယ်လိုမှ ဖမ်း၍မရ၊ တတိယ လ၌ကား မထေရ်မြတ် ရှေးက ပြုခဲ့သော ဝိပါက် (ဝဋ်ကြွေး) တို့သည် အကျိုးပေးချိန်ကျ၍ အတင်း ဆွဲခေါ် နှိပ်စက်ကြပြီ ဖြစ်ကြောင်း သိ၍ လုံးဝ မတိမ်းရှောင်။

## ပရိနိဗ္ဗာန် ဝင်စံဘို့အကြောင်း ခွင့်လာတောင်း

သူသတ် ယောက်ျား ထိုခိုးသားတို့သည် မထေရ်မြတ်ကို ဖမ်းယူ၍ အလွန်ရက်စက် ဝိုင်းဝန်း ရိုက်နှက်ကြလေကုန်၏။ မထေရ်မြတ်၏ အရိုးတို့သည် ဆန်ကွဲစေ့တို့ကဲ့သို့ ကျေညက် ကျိုးပဲ့ကုန်၏။ ရှင်မောဂ္ဂလာန် သေသွားပြီဟု အားလုံးထင်၍ တခုသော တောချုံအောက်၌ ပစ်ထည့် စွန့်သွားကြလေကုန်၏။ ရှင်မောဂ္ဂလာန် မထေရ်မြတ်သည် ဘုရားရှင်ကို အားရအောင် ဖူးမြင်ပြီးမှ ပရိနိဗ္ဗာန် ပြုတော့မည်ဟု မိမိ၏ ခန္ဓာကိုယ်ကို အဘိညာဉ် ဈာန်သမာပတ်ဖြင့် ပကတိအတိုင်း ဖြစ်အောင် ပြုပြင် ဖန်တီးပြီး ကောင်းကင်မှ ကြွလာ၍ ရှိခိုးကာ ဘုရားရှင်ထံ၌ ပရိနိဗ္ဗာန်ပြုခွင့် တောင်းလေ၏။ ဘုရားရှင်သည် သူ့အတွက် (ပစ္ဆိမဗုဒ္ဓဝစန)ကဲ့သို့ ကျေနပ် အားရအောင် တရားဟောစေပြီး လွှတ်လိုက်၏။

## အဇာတသတ်မင်း ချက်ချင်းစစ်ဆေး အပြစ်ပေး

ဘုရားရှင်အား (ပစ္ဆိမဗုဒ္ဓဝန္ဒနာ) အားရစွာ ရှိခိုး၍ ကောင်းကင်သို့ ပျံတက်ပြီး ကျောက်ညိုတောင် တောကျောင်း၌ ပရိနိဗ္ဗာန် ပြုလေ၏။ မြေလျှိုး မိုးပျံ တန်ခိုးဈာန် ကြီးမားတော်မူသော (ဣဒ္ဓိမတဒဂ်ရ) မြတ်စွာဘုရား၏ လက်ဝဲတော်ရံ အဂ္ဂသာဝက ရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးကို ခိုးသားများ ရိုက်သတ်၍ ပရိနိဗ္ဗာန် စံတော်မူရရှာလေပြီ ဟူသော သတင်းသည် ဇမ္ဗူဒိပ် ဟက္ချန်းလုံး ပြန့်နှံ့သွားလေပြီ။ အဇာတသတ်မင်းသည် ယင်း ခိုးသားများကို အတင်း လိုက်လံ စုံစမ်း ဖမ်းဆီးလေ၏။ ယင်း အဇာတသတ်မင်းသည် အထပ် ထပ် စစ်ဆေး၍ ယင်းကိစ္စ ကွပ်ကဲစီမံ ပုံချလိုက်သော တိတ္ထိရဟန်းကြီး ၅၀၀- ဘို့ကိုပါ ခိုးသား ၅၀၀-နှင့်တကွ ခါးလောက်အနက် ကျယ်ဝန်းလှသော ဘွင်းကြီးတူးကြီး တပိုင်းမြှုပ် တပိုင်းဖော်၊ အပေါ်မှ ကောက်ရိုးများ ပုံ၊ မီးရှို့

သတ်လေ၏။ နောက်တနေ့ သစ်ငုတ်တိုသဏ္ဌာန် မီးလောင်ထားသော အပေါ် ပိုင်းတို့ကို သံထွန်သွားဖြင့် မောင်းနှင် ထွန်ယက် ဖျက်ဆီးပြန်သဖြင့် အပိုင်း အပိုင်း ပြုတ်ပြတ် ပြန့်ကြဲကုန်၏။

## ရှင်မောဂ္ဂလာန်အလောင်း နောက်ကြောင်းစိစစ် ဤသို့ဖြစ်

ရှင်မောဂ္ဂလာန်၏ နောက်ကြောင်းကား ရှေးအခါ ဗာရာဏသီပြည်၌ သားတယောက်အဖြစ်ဖြင့် မိဘနှစ်ပါးအား လုပ်ကျွေးပြုစုရင်း နေလေ၏။ မိဘများလည်း အသက်အရွယ် ကြီးကြပြီ။ သားမှာလည်း အရွယ်ရောက်ပြီ။ ထို့ကြောင့် အိမ်ထောင်ပြုဘို့ရန် နားချကြ၏။ အိမ်ထောင်ပြုပေးလိုကြ၏၊ ငြင်းဆန် ပယ်ထုတ်လေတော့သည်။ နားချပါများ၍ လက်ခံကာ သက်တူ ရွယ်တူ မျှဘသူတဦးဖြင့် လက်ဆက်ပေးကြ၏။ မိဘနှစ်ပါးမှာလည်း တဖြည်း ဖြည်း အရွယ်ကြီး၍ စက္ခုနှစ်ကွင်း အလင်းမရရှာတော့။ ယောက္ခမနှင့် ချွေးမ တို့သည်လည်း ဓမ္မတာအတိုင်း ခင်မင်ကြင်နာမှု အားအင်တွေဟာလည်း အများပင် နားမဆင်ချင်လောက်အောင် မခိုင်မြဲသဖြင့် ယိုင်လဲတော့မလို ဖြစ်လာကြသည်။ နေမြင့်လေ အရှုးရင့်လေ၊ ကြာကြာဝါးလေ ခါးလေ၊ သန်းခေါင်ကျော်လေ ညဥ့်နက်လေ ဖြစ်လာကြသည်။

## ရန်သူအများ ရှောင်ရှားဘို့ရည် ဆင်းခဲ့ပြီ

အမျိုးသမီးသည် မျက်မမြင်မိဘ (ယောက္ခမ) နှစ်ဦးတို့အား တစတစ အပြစ်ပြ ရန်ရှာ နှိပ်စက်လာခဲ့ပြီ။ လင်ယောက်ျားကား မသိရှာခဲ့။ မိဘနှစ်ပါး ကလည်း မပြောရက်ခဲ့။ ယင်း အာဃာတသည် တဖြည်းဖြည်း ကြီးမားလျက် မည်သူမျှ မထိန်းနိုင် ယိမ်းယိုင်၍ လာလေပြီ။ သိလာပြီဖြစ်သော အလောင်း တော်သည်လည်း အကြောင်းပေါ်လာသည်ကို မည်သို့မျှ မငြိမ်းသတ်နိုင်ခဲ့။ မယားထိ၊ ခါးကြည့်'ဟူသော စကားကဲ့သို့ တနေ့ နားယောင်ကာ အရပ် တပါး ဆွေမျိုးများထံ အလည်သွားကြရန်ဆိုပြီး မိဘများအား နားချ ပြောပြ လေ၏။ သဘောတူညီချက်အရ အချိန်မှ မျက်မမြင်မိဘများအား လှည်းနှင့် တင် မောင်းလာပြီး ခိုးသူ ဒမြများ ဆိုးဝါး သောင်းကျန်းသည့်အကြောင်း၊ ဒီနေရာခွာ စိုးရိမ်စရာရှိကြောင်း ပြောပြလေ၏။ မိဘများ စေတနာအရ တိုက်တွန်းသဖြင့် ကြိုးနှင့် ကြိမ်ကိုအပ်ပြီး ခြေလျင် ရှောင်ကွင်းသွားရန် ဆင်း သက်ခဲ့လေ၏။

## မိအိုဘအို မလိုဆိုးညစ် သတ်ပြီးပစ်

"ငါ့သားသည် အရွယ်နုနယ် များစွာငယ်သေး၏။ အမေတို့အဖေတို့မှာ မမြင်စမ်းပြီး အကန်းကြီးသာ ဖြစ်ကြကုန်၏။ အဖေတို့အမေတို့သာ ဤလူသုံမနိုး တောနက်ကြီးထဲမှာ သူသတ်လက်တွင်း သက်ဆင်း အမိခံကာ အသေခံပြီး အဖြေမှန် ပြုလိုက်ပါရစေ။ ငါ့သားသာ လွတ်ရာ ကျွတ်ရာသို့ ဤနေရာမှ ရှောင်ကွင်း ပြေးလွှားပါတော့"ဟု အတန်တန် တိုက်တွန်း မေတ္တာရပ်ကြ လေ၏။ သား၏လှည့်ပတ်မှုကို လုံးဝမသိရှာကြ။ မကြာမီ မယား၏ကျေနပ်မှုကို လက်တွေ့ပြုရတော့မည့် သားသည် လူဆိုးများဟန်မပျက် အသံနက်ပြောင်း လဲကာ လှည်းပေါ်သို့ တက်လာလေတော့၏။ မိမိတို့အသက် မငဲ့ကွက်နိုင်ဘဲ သားလိမ္မာအား လွတ်အောင်သာ ရှောင်ရှားဘို့ အတင်းအော်ဟစ် ပြောဆို ကြလေကုန်၏။ တဏှာအရင်းခံ၍ မငြင်းဆန်နိုင်တော့သော (ရှင်မောဂ္ဂလာန်) အလောင်းလျာသည် မကောင်းတာဟု မမြင်နိုင်တော့ဘဲ အတင်းဆွဲချ ရိုက်သတ်ပြီး တခုသောချုံအောက်သို့ ဆွဲယူပစ်ထည့်ကာ နောက်လှည့်ပြန်သွား တော့၏။

## ကြမ္မာဝဋ်ကြွေး လွတ်ရေးမရ ဒဏ်ဆယ်ဝ

ဘယ်အခါကာလမှ ဇနီးမယား မညည်းတွားအောင် အလိုလိုက်၍ အကြိုက်စီစဉ်ခဲ့ပြီ၊ မိဘများက ပို၍ခင်ကြသည်။ ပုတ္တေ ပါတိ ရက္ခတီတိ ပိတာ "သားသမီးတို့ကို စောင့်ရှောက်တတ်သောကြောင့် ဘခင် မည်၏" ပုတ္တေ မာနေတီတိ မာတာ "သားသမီးတို့ကို မြတ်နိုးတတ်သောကြောင့် မိခင်" သားသမီးများထက် ပို၍ခင်သည်။ထို့ကြောင့် မိခင် ဘခင်။ သားခင် သမီးခင်ဟု ဆိုရိုးမရှိ။ ယင်း ကျေးဇူးကြီးမား မိဘနှစ်ပါးကို အဝေးခေါ် ရိုက်သတ်သည့် မလွတ်သေးသော ဝဋ်ကြွေးကြောင့် ငရဲမှာအပ ဝဋ်မှာအမြဲ လွန်နက်နဲ၏။ ယခု ပစ္ဆိမဘဝိက ရှင်မောဂ္ဂလာန် ဣဒ္ဓိတေဒဂ်ရ လက်ဝဲရံ အဂ္ဂသာဝကကြီး ခိုးသားတို့၏ နှိပ်စက်ရိုက်နှက်ခံပြီး ပရိနိဗ္ဗာန် ပြုရသည်။ ယင်း ဈာပနကိစ္စ၌ အဆက်ပါ ဒဏ် ၁ဝ-ပါးတရားကို ဘုရားရှင် ဟောကြား၏။

၁၃၃၅-ခုနှစ်၊ ဝါဆိုလကွယ်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
## ဟောကြားအပ်သော

### ဣဿာတရား လွန်ဆိုးဝါး တရားတော်

ပေါသကတိဿ ဝဏ္ဏ

(ပစ္စုပ္ပန် အကြောင်း)

၁။ သာဝတ်ပြည်မှာ၊ ဂေါတမာ၊ ဗုဒ္ဓါ လက်ထက်ခါ။
၂။ လောသကမည်၊ တိဿထေရ်၊ စွဲတည် တံငါ့ရွာ။
၃။ မီးဘေး မင်းဘေး၊ ငတ်မွတ်ဘေး၊ ရောထွေး အခါခါ။
၄။ မသူတော်ရှာကြ၊ တထောင်မှ၊ မဲကျ ထိုအိမ်သာ။
၅။ ပဋိသန္ဓိမဘဝိကာ၊ ဖျက်မရ၊ မုချ ဖွားမြင်လာ။
၆။ သက်ရှုယ်ခွန်ကျ၊ သူ့မိဘ၊ ပြေးကြ ဝေးသည့်ရွာ။
၇။ ကျိုးနှင့်တူမျှ၊ အိမ်ပေါက်မှ၊ ကောက်ထ စားရရှာ။
၈။ သာရိအရှင်၊ ဆွမ်းခံဝင်၊ ခေါ်ငင် စောင့်ရှောက်လာ။
၉။ စား စာမဝ၊ လောသကာ၊ တိဿ ရဟန္တာ။
၁၀။ သိက္ခာဂုဏ်ကြီး၊ မြင့်ထီးထီး၊ လာဘ်နည်း ဘုန်းမပါ။
၁၁။ ပရိနိဗ္ဗာန်၊ ပြုတော့ရမ်၊ ချိန်တန် ဤနေ့မှာ။
၁၂။ သာရိပုတ္တာ၊ လက်တော်မှ၊ ဝ၀ တကြိမ်သာ။

(အတိတ် အကြောင်း)

၁။ ကဿပဘုရားရှင်၊ လက်ထက်တွင်၊ ဖြစ်စဉ် ဤသို့သာ။

၂။ ရဟန္တာအား၊ သဒ္ဓါပွား၊ ဘိတ်ထား ဒါယကာ။

၃။ ကျောင်းနေရဟန်း၊ သူ့ဖြစ်ဆန်း၊ မျှော်မှန်း စိုးရိမ်ရှာ။

၄။ ထိုမထေရ်အား၊ ကူယာဘွား၊ မြစ်တား ဆင့်ဆင့်သာ။

၅။ နှစ်တသိန်းသာ၊ ငရဲရွာ၊ လွတ်လာ ကြောက်ဘွယ်မှာ။

၆။ ဘီလူးငါးရာ၊ ခွေးငါးရာ၊ လူ့မှာ ဤတခါ။

၇။ ကိုယ်ဝန်ညစ်ကျူ၊ အန်ဖတ်စု၊ စတုမဓုသာ။

၈။ ကူယာခမ္မ၊ လွှန်ဆိုးလှ၊ ဖော်ပြ သေအချာ။

၉။ နိဗ္ဗာန်လိုလား၊ ယောဂီများ၊ ရှောင်ရှား ကင်းဝေးစွာ။

(ဇာတကအဋ္ဌကထာ၊ အဋ္ဌကာမဝဂ်၊ လောသကဇာတ်တော်၊ နှာ-၂၅၁)

ပန်းလှိုင် (၂၁) လမ်း၊ ဆဲခူးမြို့၊ ဦးထွန်းစိန်-ဒေါ်သန်းမြင့်နှင့် သမီးများကောင်းမှု။ (ဓမ္မဒါန)

## ဣဿာတရား လွန်ဆိုးဝါး တရားတော်
## မှတ်သားဘွယ် အကျဉ်းချုပ်

## အကုသိုလ်အကျိုး အဆိုးထွေထွေ ပင်လယ်ဝေ

မြတ်စွာဘုရား ဇေတဝန် ကျောင်းတော်၌ နေစဉ် လောသကတိဿ မထေရ်ကြီးကို အကြောင်းပြု၍ ဟောတော်မူသည်။ ယင်း လောသကတိဿ မထေရ်သည် တံငါသည်၏သား လာဘ်နည်းပါးသောရဟန်းတည်း။ကောသလ တိုင်းတွင် အိမ်ခြေတထောင်ရှိသော တံငါရွာကြီး၌ တံငါသည်မတယောက်၏ ဝမ်း၌ သန္ဓေတည်၏။ သူမြတ် သန္ဓေတည်သောနေ့မှစ၍-

(က) တရွာလုံး စီးပွားရေးတွေ မကောင်းကြ။

(ခ) ရွာကြီး ၇-ကြိမ် မီးလောင်ခံရ၏။

(ဂ) ရွာလုံးကျွတ် မင်းပြစ် စီးဒဏ် ၇-ကြိမ် ခံရ၏။

(ဃ) တဖြည်းဖြည်း ဆင်းရဲလာကြကုန်၏။

တနေ့သ၌ ရွာလုံးကျွတ်အစည်းအဝေးလုပ်၍ အကုသိုလ်ကြီးမားသော (မသူတော်)ကို ရှာကြကုန်၏။ အိမ်ခြေ ၁၀၀၀ ရှိသည်မှ တဖက် ၅၀၀ စီ ခွဲ၏။ အလောင်းလျာမိဘ ပါသောဘက် ၅၀၀ က ဆင်းရဲမြဲ ဆင်းရဲကြ၏။ ယင်း ၅၀၀ မှ တဖန် ၂၅၀-စီ၊ နောက်ဆုံး ၂-အိမ်မှ တအိမ်စီ ထပ်ခွဲ၊ ၉၉၉ အိမ် ချမ်းသာသွားပြီ။ သူ သန္ဓေယူတအိမ်သာ ဆင်းရဲမြဲ ဆင်းရဲနေ၏။

## အရဟတ္တဖိုလ်ဉာဏ် ရရန်တရား လွန်ကြီးမား

လောသကတိဿကား မမွေးဖွားသေးပါ။ (အကုသိုလ်ဟူ မီးပုံတူ) အပူရှိန်တို့ကား ထင်ရှားဆိုးဝါးမှု ပြုခဲ့လေပြီ။ ဆယ်လမပြည့် ဖွားနေ့မဆိုက် အပိုက်ထိုက်သာ နေခဲ့ရာ၏။ အကြိတ်အနယ် အောင့်အည်း သည်းခံခဲ့ကြရ၏။

သူသည် ပစ္ဆိမဘဝိက (ယခုဘဝ ခန္ဓာဇာတ်သိမ်း ချုပ်ငြိမ်းရမည့်သူ)ဖြစ်၍ ဥပစ္ဆေဒကကံဖြင့် နိုပ်စက်ခြင်းငှာ မစွမ်းနိုင်။ မည်သူမျှ ဖျက်ဆီးခြင်းငှာ မစွမ်းနိုင်။ တနေ့ ဖွားမြင်၏။ အိုးအတွင်းမှ ထွန်းထားသောဆီမီးကဲ့သို့ နှလုံးအိမ်၌ (အရဟတ္တူပနိဿယ) အရဟတ္တဖိုလ်ဉာဏ်ရဘို့ရန် ကြီးမားသော အကြောင်းကား ထွန်းတောက်လျက်ရှိ၏။ သူ့အကြောင်းနှင့်သူ ဖြစ်၏၊

န ဟိ ဓမ္မော အဓမ္မော စ၊ ဥဘော သမဝိပါကိနော။
အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂ္ဂတိံ။ ။

ဓမ္မောစ၊ ကုသိုလ်တရားသည်လည်းကောင်း။ အဓမ္မောစ၊ အကုသိုလ်တရားသည် လည်းကောင်း။ ဥဘော၊ နှစ်ပါးသောတရားတို့သည်။ သမဝိပါကိနော၊ တူမျှသောအကျိုးကို ပေးနိုင်ကုန်သည်။ န ဟိ ဟောန္တိ၊ မဖြစ်နိုင်ကုန်။

အဓမ္မော၊ အကုသိုလ်တရားသည်။ နိရယံ၊ ငရဲသို့။ နေတိ၊ ဆောင်နိုင်၏။ ဓမ္မော၊ ကုသိုလ်တရားသည်။ သုဂ္ဂတိံ၊ သုဂတိဘဝသို့။ ပါပေတိ၊ ရောက်စေ၏။

## ဤသာလွန်က ဆင်းရဲစွာလှ လောသက

လောသကတိဿဟု အမည်ပေးကြ၏။ ခြေဖြင့် ပြေးလွှားသွားလာနိုင်သော အရွယ်၌ မိဘနှစ်ပါးသည် သံဇလုံဟောင်းကလေး တခုကိုသာ အမွေပေးနိုင်လျက် သားအား စွန့်ပစ်လျက် အရပ်တပါးသို့ ပြေးသွားကြပြီ။ မထေရ်လောင်းလျာ သူငယ်သည် လိုက်လံတောင်းစားရလျက် ပြုစုစောင့်ရှောက်သူကင်းမဲ့ပြီး ပေရေညစ်ထေး မြေဘုတ်ဘီလူးကလေးကဲ့သို့ အလွန်ဆင်းရဲစွာ အသက်မွေးခဲ့ရ၏။ ဒီလိုနှင့် ၇-နှစ်အရွယ်သို့ ရောက်လာ၏။ တနေ့သောအခါ နံနက်လင်းစ ကြက်ကလေးများ အိပ်တန်းမှ ဆင်းလာသောကာလတွင် အမျိုးသမီးကြီးတဦး၏ ချက်ရန်ထမင်းအိုးမှ ဆေးချလိုက်သော ထမင်းစေ့ ထမင်းလုံးကလေးများကို ကျီးသတ္တဝါ၊ ကြက်သတ္တဝါကလေးများ နည်းတူ တလုံးစီ တလုံးစီကို လိုက်လံကောက်စားနေ၏။ သာဝတ္ထိမြို့တွင်း ဆွမ်းခံကြွလာသော ပညာတေဒဂ်ရ တရားစစ်သူကြီး လက်ျာရံ အဂ္ဂသာဝက အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးသည် အံ့ဩစွာ မြင်တော်မူသည်။

## အစစအရာရာ တော်တာတခြား လာဘ်နည်းပါး

အလွန်သနားတော်မူလှသဖြင့် ခေါ်ယူ အကျိုးအကြောင်း စုံစမ်းပြီး နောင်ပိုင်မယ့် ကလေးတဦးဖြစ်ကြောင်း သိရ၍ မေးမြန်းခေါ်ယူ စောင့်ရှောက်ကာ စာသင် ရှင်ပြုပေးလေ၏။ ရုပ်ရည် ကြည်ညိုဘွယ်ရှိ၏။ ဉာဏ်ကောင်း၏။ ဣန္ဒြေသိက္ခာ ရှိ၏၊ မေတ္တာတရား၊ သစ္စာတရား ကြီးမား၏။ စာပေလည်း တော်၏။ အသက်ပြည့်သော် ရဟန်းခံပေးလေ၏။ နောင်အခါ လောသကတိဿမထေရ် ဟူ၍လည်းကောင်း၊ အပ္ပပုညော (ဘုန်းကံနည်းပါးသူ) ဟူ၍ လည်းကောင်း၊ အပ္ပလာဘော (လာဘ်နည်းပါးသူ) ဟူ၍ လည်းကောင်း အတော်ကို ထင်ရှားသူ ဖြစ်ပါလတ္တံ့။

(၁) ဒါနံ သုခဿ နိဒါနံ=ဒါနသည် သုခ၏ အကြောင်း ဖြစ်၏။

(၂) ဒါနံ သဗ္ဗတ္ထ သာဓကံ=ဒါနသည် အလုံးစုံသော အကျိုးကို ပြီးစေတတ်၏။

(၃) သုခကာရိ ဒါနံ=ဒါနသည် သုခကိုပြုခြင်းငှာ အလေ့ရှိ၏။

(၄) ဒါနသဒိသော အဝဿယော နတ္ထိ=ဒါနနှင့်တူသော အားကိုးရာ မရှိ။

(၅) ဒါနံ သုခ ပဝဍ္ဎနံ=ဒါနသည် သုခကို တိုးပွားစေတတ်၏။

## ဒါနအကျိုး တန်ဘိုးမသိ မွဲတတ်၏

လောသကတိဿ မထေရ်မြတ်သည် အသဒိသဒါန (သူမတူနိုင်အောင်ပေးလှူသော အလှူကြီး)နှင့် တွေ့သော်လည်း ဝမ်းပြည့်အောင် မသုံးဆောင် မစား မသောက်ရဘူးသေး။ အသက်မသေ၊ မျှတရုံသာ ရခဲ့၏။ သူ၏ သပိတ်၌ ဆွမ်း စသည် လောင်းမည် ကြံလျှင် လောင်းသူသည် ပြည့်နေပြီ ထင်ရ၏။ ထို့ကြောင့် ယာဂုလေးလောက်သာ လောင်းကြ၏။ လောင်းသော ယာဂုသည်လည်း သပိတ်အတွင်း၌ ကွယ်ပျောက်၍ သွား၏။ မုန့်ပဲ စသည်လည်း ဤနည်းအတူ။ သူသည် ဘာဝနာတရား ပွားများ၍ အရဟတ္တဖိုလ်ဉာဏ်ရပြီး ရဟန္တာကြီး ဖြစ်လေ၏။ သို့သော် ဘုန်းကံနှင့် လာဘ်လာဘတို့ကား အလွန်နည်းလေစွ၊ မီးအပူရှိန်ကြောင့် ဒယ်အိုးထဲ၌ ရေစက်များ ခန်းခြောက်

ပျောက်ကွယ်သွားသလို ပြုခဲ့သော အကုသိုလ်အပူရှိန်ကြောင့် သပိတ်အတွင်းမှ စားသောက်ဖွယ်တို့ ပျောက်ကွယ်သွားသကဲ့သို့ တင်စား မှာတော်မူကြသည်။

(၁) ဒါနံ သဂ္ဂဿ သောပါနံ=ဒါနသည် နတ်ပြည်ရောက်ကြောင်း စောင်းဘန်းပါတည်း။

(၂) ဒါနံ ပါထေယျ မုတ္တမံ=ဒါနသည် အမြတ်ဆုံး ရိက္ခာထုပ် ပါတည်း။

(၃) ဒါနံ ဥဇုဂတံ မဂ္ဂံ=ဒါနသည် နိဗ္ဗာန်သွားစရာ အဖြောင့်ဆုံး လမ်းတည်း။

(၄) ဒါနံ မောက္ခ ပဒံ ဝရံ=ဒါနသည် အမြတ်ဆုံးသော နိဗ္ဗာန် ရောက်ကြောင်း အကျင့်ထူး အကျင့်မြတ်တည်း။

## အကုသိုလ်မျိုး အဆိုးဖြစ်ကြောင်း ကြောက်ဖွယ်ကောင်း

အစဉ်အတိုင်းနေပြီး အာယုသင်္ခါရ ဆုတ်ယုတ်ကာ ပရိနိဗ္ဗာန်ဝင်စံရမည့် နေ့သို့ ရောက်လာ၏။ ရှင်သာရိပုတ္တရာ မထေရ်ကြီး စိတ်ကူးမိသည်မှာ “ယနေ့ လောသကတိဿ ရဟန္တာမထေရ်ကြီး ပရိနိဗ္ဗာန်ပြုလတ္တံ့၊ ငါနှင့်နေသည်ကား ကြာမြင့်လှပြီ။ ယနေ့လည်း ပရိနိဗ္ဗာန်ပြုရတော့လတ္တံ့၊ ဝလင်အောင်လည်း တခါမျှ မဘုဉ်းပေးရသေး၊ ကျွေးလိုက်ချင်သေးသည်”တဲ့။

ကောစိ သတ္တော ကမ္မံ ပဋိဗာဟိတုံ န သက္កာ။

ကောစိ သတ္တော၊ တစုံတယောက်သော သတ္တဝါသည်။ ဝါ၊ ဘယ် သတ္တဝါမှ။ ကမ္မံ၊ ကုသိုလ် အကုသိုလ်ကံကို။ ပဋိဗာဟိတုံ၊ တားမြစ်ပိတ်ပင် ခြင်းငှာ။ န သက္ကာ၊ မစွမ်းနိုင်ပါချေ။

ဤသို့ကြံ၍ သာဝတ္ထိမြို့တွင်းသို့ သပိတ်ပိုက် နောက်မှလိုက် ဆွမ်းခံ ကြွရန် ခေါ်သွား၏။ မြို့သူမြို့သားတို့သည် သူ၏ဘုန်းကံနည်းပါးမှု အကုသိုလ် အကျိုးနိမိတ်တို့သည် အရှင်သာရိပုတ္တရာအားပါ ကူးစက် အရောင်ဟပ်လျက် လောင်းလှူဘို့ ဝေးစွ၊ လက်အုပ်ချီမှုကိုပင် မရခဲ့။

## ရှင်သာရိပုတ္တရာ ခါခါကြွရ ငွဲလုံ့လ

သံဝေဂများစွာ ဖြစ်မိ၏။ အကုသိုလ်တို့ကား ကြောက်ဖွယ် ကောင်းလေစွ။ လူမုန်းတာထက် ကံမုန်းတာ ပို၍ ခက်၏။ နေမြင့်ပြီဖြစ်၍ နောက်ဆုံးပြန်လှည့်လိုက်ရ၏။ နောက်မှ ရသော ဆွမ်းတို့ကို တဝက်ခွဲ၍ ပို့ခိုင်းလိုက်၏။ သေချာစွာလည်း မှာလိုက်၏။ ရှင်သာရိပုတ္တရာ ကျောင်းသို့ ပြန်ရောက်သည့်အခါ လောသကတိဿထေရ်သည် လာရောက် ကန်တော့၏။ "ပို့လိုက်သည်၊ ပြည့်စုံပါ၏လော" ဟု မေး၏။ သူ့ထံသို့ မရောက်၊ ဘာမျှလည်း ယနေ့ မဘုဉ်းပေးရသေး၊ အပို့စောင့်နေ၏။ မွန်းလွဲနေပြီဖြစ်၍ ပိုပြီး စိစဉ်ရ ခက်လေသည်။

(၁) ဒါနံ သိနေဟ ဘေသဇ္ဇံ=ဒါနသည် ပိယဖြစ်ရေး အချစ်ဆေးနှင့် တူ၏။

(၂) ဒါနံ ကွဿရ သမ္ဘူတံ=ဒါနသည် အစိုးရခြင်း၊ တန်ခိုးအာဏာ ကြီးမားခြင်းကို ဖြစ်စေတတ်၏။

(၃) ဒါနံ ဘောဂေ ဥပဋ္ဌိတံ=ဒါနသည် ဥစ္စာဓန ဘောဂဖြစ်ခြင်းနှင့် တူ၏။

(၄) ဒါနံ အတ္တာနုရက္ခဋ္ဌ=ဒါနသည် ကိုယ်ကို စောင့်ကြပ် ကိုယ်စောင့်နတ်နှင့် တူ၏။

## ပရိနိဗ္ဗာန် ဝင်စံတဲ့ ဤသို့ခဲ

အချိန်ကား မွန်းလွဲနေပြီ။ မကျေနပ်သေး။ သူ့ကံကို လုရန် ကြံသလော။ ကောသလမင်းကြီး၏ နန်းတော်သို့ သပိတ်လွယ်ကြွပြီး စတုမဓုများ အလှူခံခဲ့၏။ ရှင်သာရိပုတ္တရာသည် သူ၏ ပရိနိဗ္ဗာန်ပြုရန် နာရီပိုင်းလေး အတွင်း အတင်း အနားခေါ်၊ သပိတ်အနား (နခမ်း) ကို ကိုင်ထားလျက် "သင်မရှက်နှင့်၊ ထိုင်၍ ဘုဉ်းပေးလော့၊ သင့်ကို လူနှိပ်စက်နေတာ မဟုတ်၊ ကံနှိပ်စက်ခြင်းတည်း။ သပိတ်ကို ငါ့လက်မှ လွှတ်လိုက်လျှင် စတုမဓုများ လုံးဝ ပျောက်ကုန်လိမ့်မည်" ကျေနပ်စွာ ဘုဉ်းပေးစေ၏။ အဘယ့်ကြောင့် မပျောက်သနည်း။ အရှင်သာရိပုတ္တရာ၏ (အရိယိဒ္ဓိ) ခေါ် အရိယာတို့၏ တန်ခိုး သတ္တိ အရှိန်အစော်ကြောင့် ကုန်ခြင်းသို့ မရောက်။ ပျောက်ခြင်းသို့ မရောက်။ လောသကတိဿထေရ်သည် ဤသို့ ဝလင်စွာ ဘုဉ်းပေးပြီး (အနုပါဒိသေသနိဗ္ဗာနဓာတ်) ဖြင့် ပရိနိဗ္ဗာန် ပြုသွားလေ၏။ ဘုရားရှင် ကိုယ်တိုင် ကြီးမှူး သင်္ဂြိုဟ်ပြီး ဓာတ်တော်တို့ကို စေတီပြုထားစေ၏။

ပူဇာသက္ကာရံ ကာတုံ ဝဋ္ဋတိ။

ပူဇာသက္ကာရံ၊ ပူဇော်သက္ကာ မြတ်နိုးတနာ ပြုမှုကို။ ကာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိ၊ သင့်မြတ်၏။ သင့်၏၊ မြတ်၏ ဟူလို။

## ရဟန်းတော်များ ရောက်ငြားဖုံဖုံ ဝေဘန်ကုန်

တနေ့ သံဃာ့ အစည်းအဝေး၌ သံဃာ့ သဘာပတိ မထေရ်ကြီးက–

အာဝုသော အဟော လောသကတိဿထေရော–
အပ္ပပုညော အပ္ပလာဘော၊ ဧဝရူပေန နာမ အပ္ပပုညေန
အပ္ပလာဘိနာ ကထံ အရိယဓမ္မော လဒ္ဓေါ။

အာဝုသော၊ ငါ့ရှင်တို့။ လောသကတိဿထေရော၊ လောသကတိဿ မထေရ်မြတ်သည်။ အဟော၊ အော်–အံ့ဩဘွယ်ကောင်းပေစွ။ အပ္ပပုညော၊ ကုသိုလ် ကံ အလွန်နည်းပါး၏။ အပ္ပလာဘော၊ အလွန် လာဘ်နည်းပါး၏။ ဧဝရူပေနနာမ၊ ဤမျှလောက်သော။ အပ္ပပုညေန စ၊ အလွန်နည်းပါးသော ကုသိုလ်ကံဖြင့် လည်းကောင်း။ အပ္ပလာဘိနာ စ၊ အလွန် နည်းပါးသော လာဘ်ဖြင့် လည်းကောင်း။ အရိယဓမ္မော၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟူသော အရိယာတို့၏ တရားကို။ လဒ္ဓေါ၊ ရအပ်ခြင်းသည်။ ကထံ ကိံ ဟောတိ၊ အဘယ်သို့ဖြစ်နိုင်ပါအံ့နည်း။ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ရာ။

ဤသို့ ဆိုလိုက်၍ အမျိုးမျိုး အဖုံဖုံ ပြောဆို ဝေဘန် နေကြလေကုန်၏။

## ရဟန်းတော်များ ဘုရားခဲ့ခြား မိန့်မြွက်သွား

ဘုရားရှင် ကြွရောက်၍ မေးမြန်းသောအခါ ဆိုပြီး အတိုင်းပင် လျှောက်ထားကြ၍ ဘုရားရှင်က ဆက်၍ မိန့်ကြားသည်မှာ....

ဘိက္ခဝေ ဧသော ဘိက္ခု အတ္တနော အလာဘိဘာဝဥ္စ အရိယ
ဓမ္မလာဘိဘာဝဥ္စ အတ္တနာဝ အကာသိ၊ အယံ ဟိ ပုဗ္ဗေ ပရေသံ
လာဘန္တရာယံ ကတွာ အပ္ပလာဘီ ဟောတိ၊ အနိစ္စံ ဒုက္ခံ အနတ္တာတိ
ဝိပဿနာယ ယုတ္တဘာဝဿ ဖလေန အရိယဓမ္မလာဘီ ဟောတိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ ဧသော ဘိက္ခု၊ ဤ လောသကတိဿ ရဟန်းကြီးသည်။ အတ္တနော၊ မိမိ၏။ အလာဘိဘာဝဥ္စ၊ လာဘ်မရှိ

သော အဖြစ်ကိုလည်းကောင်း။ အရိယဓမ္မလာဘိဘာဝဥ္စ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဟူသော အရိယာတို့၏ တရားရသည်၏ အဖြစ်ကိုလည်းကောင်း။ အတ္တနာဝ၊ မိမိကိုယ်တိုင်သာလျှင်။ အကာသိ၊ ပြုလေ၏။ ဟိ၊ မှန်၏။ အယံ၊ ဤ လောသကတိဿရဟန်းကြီးသည်။ ပုဗ္ဗေ၊ ရှေးအတိတ်ဘဝ၌။ ပရေသံ၊ တပါး သော သူတို့၏၊ လာဘန္တရာယံ၊ လာဘ်၏အန္တရာယ်ကို။ ကတွာ၊ ပြု၍။ အပ္ပလာဘီ၊ အလွန်နည်းသော လာဘ်ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ အနိစ္စံ၊ အနိစ္စပါတည်း။ ဒုက္ခံ၊ ဒုက္ခပါတည်း။ အနတ္တံ၊ အနတ္တပါတည်း။ ဣတိ၊ ဤသို့။ ဝိပဿနာယ၊ ဝိပဿနာနှင့်၊ ယုတ္တဘာဝဿ၊ အားထုတ်သောအဖြစ်၏။ ဗလေန၊ အစွမ်း သတ္တိကြောင့်။ အရိယဓမ္မလာဘီ၊ အရိယာတို့၏ တရားကို ရသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ဟောကြားပြီး လောသကတိဿ မထေရ်ကြီး၏ ရှေ့ဘဝ အကြောင်းကို မိန့်တော်မူသည်။

## အာဂန္တုတပါး ထင်ရှားကြွလာ ရဟန္တာ

ရှေးအခါ ကဿပဘုရားလက်ထက်၌ ရဟန်းတပါးသည် သူဌေးတဦးကို အမှီပြု၍ ရွာဦးကျောင်း၌ နေခဲ့၏။ ပင်ကိုယ်သီလရှိ၏။ ဝိပဿနာတရား အား ထုတ်၏။ ထိုအခါ ရဟန္တာအရှင်မြတ်တပါးသည် ထိုရွာသို့ ကြွလာ၏။ ဒါယကာ သူဌေးသည် အာဂန္တုထေရ်၏ ဣရိယာပုထ်တို့ကို ကြည်ညိုလှ၍ အိမ်ပင့် ဆွမ်းကပ်၏။ တရားဓမ္မ နာယူ၏။ ရှိခိုး၏။ ထိုနောက် ရွာဦးကျောင်းသို့ ပင့်၏။ ယနေ့ညနေ ကျောင်းသို့လာ၍ ဖူးမြော်ပါကုန်အံ့ဟု လျှောက်၏။ အာဂန္တု ထေရ်သည် ကျောင်းသို့သွား၍ ကျောင်းနေ မထေရ်ကြီးကို ရှိခိုးလျက် ပန် ကြားပြီး နေရာတောင်း၍ ထိုင်နေသည်။ အချင်းချင်း အလ္လာပ သလ္လာပ ပြော ကြားသဖြင့် ဤရွာ ဤသူဌေးအိမ်၌ ဆွမ်းကိစ္စ ပြီ ဆုံးခဲ့ကြောင်း သိသွားလေ၏။ အာဂန္တုထေရ်သည် သပိတ် သင်္ကန်းကို နေရာချပြီး ဈာနသမာပတ္တိ၊ ဖလသမာ ပတ္တိများ ဝင်စားနေ၏။

မှတ်ချက် ။ဈာနသမာပတ္တိကား ရဟန္တာတိုင်း မဝင်စားနိုင်။ ဈာန် ရမှ ဝင်စားနိုင်သည်။ဈာန်ကို သမထက ဖြစ်စေသည်။ သမထ အားထုတ်မှ ဈာန် ရနိုင်သည်။

## ကျောင်းရှိထေရ်၏ စိတ်ရှိမကြည်ချက် သိထားလျက်

ဒါယကာ သင့်ေးသည် ညချမ်းအခါ ပန်းနံ့သာ ဆီမီး အသီးသီးတို့ကို ယူ၍ ကျောင်းသို့ ရောက်လာပြီး ကျောင်းနေ ထေရ်ကြီးကို ရှိခိုးလျက် အာဂန္တုထေရ်ကိုပါ ရှိခိုးလေ၏။ တရားနာယူလျက် စေတီတော်ကို လည်းကောင်း၊ ဗောဓိပင်ကို လည်းကောင်း မီးထွန်း ပူဇော်လျက် ကျောင်းနေရော အာဂန္တုပါ နှစ်ပါးလုံး နက်ဖြန် အရုဏ်ဆွမ်းဘုဉ်းပေး မိမိအိမ်သို့ ကြွပါရန် ပင့်သွားလေ၏။ ကျောင်းနေ မထေရ်ကြီးသည် အာဂန္တုထေရ်အား 'မိမိကျောင်း၌ ပျော်သွား၊ မြဲသွားမှာလား' စသည်ဖြင့် ဣဿာတရား ဖြစ်ပွားလျက် နံနက် ကြွချိန် ရောက်သောအခါ အသိမပေးဘဲ နေ၏။ အာဂန္တု ရဟန္တာထေရ်သည် ကျောင်းနေ ထေရ်ကြီး၏ နှလုံးသွင်းကို သိ၍ များစွာ သံဝေဂဖြစ်ပြီး မိမိနေထိုင်ရာ အိပ်ရာ၌ပင် (ဈာနသမာပတ္တိသုခ၊ ဖလသမာပတ္တိသုခ)တို့ဖြင့် အချိန်ကို လွန်စေခဲ့၏။ ကျောင်းနေ ထေရ်ကြီးသည် ဆွမ်းဘုဉ်းပေး ကြွရန် အချိန်၌ အသိပေးပြီ။

## ကောင်းကင်ယံမှ ပျံကြွလေပြီ အာဂန္တုထေရ်

အသိပေးပုံမှာ ကိုယ်တော်လည်း မသိအောင်၊ ခေါင်းလောင်းထိုးသည် လည်း မြည်အောင် လက်သည်းခွံဖြင့် ခေါင်းလောင်းထိုးသည်။ လက်သည်းခွံ ဖြင့်ပင် တံခါးခေါက်သည်။ တပါးတည်း သင့်ေးအိမ်သို့ ကြွသွားပြီ။ မေးမြန်း သောအခါ "ဘာ့ကြောင့် မကြွသည်မသိ၊ ခေါင်းလောင်းလည်း ထိုးပါ၏၊ တံခါးကိုလည်း ခေါက်ပါ၏။ နိုးလို့မရ၊ မနေ့က သင့်အိမ်မှ (ပဏီတဘောဇဉ် များ)အဝအလံ ဘုဉ်းပေးလာပြီး အစာမကျေ အိပ်ပျော်လွန်နေသည် ဖြစ်လတ္တံ့၊ သင်သည် ဤလိုပုဂ္ဂိုလ်မျိုးကို ကြည်ညိုနိုင်သကိုး"ဟု မိန့်၏။ အာဂန္တုရဟန္တာ ထေရ်သည်လည်း မိမိ၏ ဆွမ်းခံချိန်၌ သက်နံးရုံ သပိတ်ပိုက်လျက် ကောင်း ကင်သို့ ပျံတက်ပြီး အရပ်တပါးသို့ ကြွသွားလေ၏။

မှတ်ချက်။ ▮ရူပါဝစရ ကသိုဏ် ကြိယာ ပဉ္စမဈာန်ကို ရသူသည် အဘိညာဉ်ရသူမည်၏။ ယင်းအဘိညာဉ် ၆ ပါးတို့တွင် ဣဒ္ဓိဝိဓအဘိညာဉ် ရသူသည် မြေသို့လည်း လျှိုးနိုင်၏။ မိုးသို့လည်း ပျံနိုင်၏။ ဈာန်တန်ခိုး အမျိုးမျိုးနှင့်ပြည့်စုံ၏။

## အာဂန္တုအား ကပ်ငြားပါရန် ပေးလိုက်ပြန်

ဒါယကာ သခင့်သည် ကျောင်းနေထေရ်ကြီးကို ထောပတ်၊ ပျား၊ သကာတို့ဖြင့် စီရင်အပ်သော စားသောက်ဘွယ်တို့ကို ဆက်ကပ်လျက် သပိတ်ကို သန့်စင်စွာ ဆေးကြောကာ ယင်း စားသောက်ဘွယ်တို့ဖြင့် အပြည့် ထည့်ပြီး "အာဂန္တုထေရ် ခရီးပန်းလာသည် ထင်ပါ၏။ ပေးလိုက်ပါလော"ဟု လျှောက်ထား ကပ်လိုက်လေ၏။ ကျောင်းနေ ထေရ်ကြီးသည် မငြင်းမဆံ ယူသွားပြီး၊ လမ်း၌ စဉ်းစား၏၊ 'ဤ စားသောက်ဘွယ်တို့ကို အကယ်၍ ပေးလိုက်အံ့၊ သူလည်ပင်း ကြိုးကွင်းစွပ်၍ ဆွဲထုတ်တောင် သွားတော့မည် မဟုတ်၊ ငါ မပေးတော့ပြီ။ အကယ်၍ လူတွေကို ကျွေးလိုက်လျှင်လည်း တနေ့ ပေါက်ကြားလတ္တံ့၊ မြေသို့ မြှုပ်လျှင်လည်း ကျေးငှက်တွေ ဖော်ထုတ် စားသောက်သဖြင့် ပေါက်ကြားလတ္တံ့'ဟု စဉ်းစားလေတော့သည်။ ဣဿာတရားများ ဆိုးဝါးလေစွ။ ထိန်းသိမ်းနိုင်ခဲ၏။

## ဒေါမနဿ မုချခုဝင် ဣဿာပင်

နောက်ဆုံး လမ်းနှင့် မနီးမဝေး အမှိုက်ပုံထဲသို့ ထည့်၍ မီးရှို့ပြီး ကျောင်းရောက်သည့်အခါ ထိုအာဂန္တုထေရ်ကို မမြင်သောကြောင့် စဉ်းစားမိပြန်၏။ 'ထိုအာဂန္တုထေရ်သည် အမှန်ပင် ရဟန္တာဖြစ်လတ္တံ့၊ ငါ၏ အလိုကို သိ၍ အရပ်တပါးသို့ သွားခြင်း ဖြစ်လတ္တံ့၊ ငါသည် ဝမ်းရေးအတွက် မပြုသင့် မလုပ်သင့်သည်ကို ပြုမိ၊ လုပ်မိပြီ'ဟု ဒေါမနဿ များစွာ ဖြစ်မိ၏။

(၁) ရဟန္တာများ ဖြစ်ခဲ့သော် ကာယ ဝိကာရ၊ ဝစီ ဝိကာရများ ပြောင်းလဲ ထူးခြားလာသည်။ အကဲခတ်က သိနိုင်လောက်သည်။ မာန၊ ဘဝ၊ အဝိဇ္ဇာ ဟူသော အနုသယကြီး ၃ ပါးကို အသစ် ထပ်၍ အကြွင်းမဲ့ သမုစ္ဆေဒပဟာန်ဖြင့် ပယ်နိုင်သွားသည်။

(၂) သူတပါး စိတ်အကြံအစည်ကို သိနိုင်ခြင်းသည် အဘိညာဉ် ၆ ပါးတို့တွင် ပရစိတ္တဝိဇာနန အဘိညာဉ် ဖြစ်သည်။ ယင်း အဘိညာဉ်ကိုရမှသိနိုင်သည်။ အချို့သမယခေါ် ရှုမှတ်မှုသမာဓိ အားလေးဖြင့်ပင် အတော် ထိမိအောင် ပြောနိုင်သည်။ သမထ အားထုတ်၍ ဈာန်ကျင့်တန်းစျာန်ကို ရပြီးမှ အဘိညာဉ် တွေ

ပေါ်လာအောင်၊ ရရှိလေအောင် အထပ်ထပ် ဈာန်ကစားရ ပေသေးသည်။ ဤစာအုပ် သမထခန်းကို လေ့လာစေလိုသည်။

## ဠဿာတရား ဆိုးဝါးကြီးထယ် ကျိုးပေးကျယ်

နောင် ပံ့လွန်သည့်အခါ ငရဲ၌ ဖြစ်ရလေ၏၊ ထိုငရဲ၌ ခံစားနေရသော ကျောင်းနေ ထေရ်ကြီးသည် အနှစ်တသိန်းတိုင်တိုင် ငရဲ၌ ခံရပြီးနောက် ရှိနေသေးသော အကုသိုလ်ကံ အကြွင်းအကျန်လေးကြောင့်–

(၁) ဘဝ ၅၀၀ ဘီလူးဖြစ်ရခြင်း၊ ထိုဘဝ ၅၀၀ ပတ်လုံး တနေ့မှ ဝမ်းပြည့်အောင် အစာအာဟာရတို့ကို မစားမသောက်ရခြင်း၊ တနေ ဝမ်းပြည့်အောင် စားဘူးသည်ကား အစာအာဟာရ မဟုတ်၊ ကိုယ်ဝန် အညစ်အကြေးတို့ပါတည်း။

(၂) ထိုနောက် ဘဝ ၅၀၀ ခွေးဘဝ ဖြစ်ရသေး၏။ ထို ခွေးဘဝ၌လည်း တနေ့ ဝမ်းပြည့်အောင် စား ဘူး သည် ကား အစာအာဟာရ မဟုတ်။ သူတကာ စား၍ အန်ထားသော အန်ဖတ်တို့တည်း။

(၃) အထက်ပါ ဘဝ ၂ ခုမှ တပါး အခြားဘဝတို့၌ ဖြစ်ရစဉ် တခါမျှ အညစ်အကြေးများကိုပင် ဝလင်အောင် မစားရဘူးပါ။

တဿ ဂုဏမဟန္တတာယ မဟာသာဝဇ္ဇော။

တဿ၊ ထို လွန်ကျူးမှု အပြုခံရသော ပုဂ္ဂိုလ်၏။ ဂုဏမဟန္တတာယ၊ သီလ စသော ဂုဏ်တို့၏ အလွန်များမြတ် ကြီးမားသည်၏ အဖြစ်ကြောင့်။ မဟာသာဝဇ္ဇော၊ အလွန် နက်ရှိုင်း ကြီးမားသောအပြစ်ရှိ၏။

## မိတ္တဝိန္ဒက ဖြစ်ရဆိုးချက် အကျိုးဆက်

ထိုခွေးဘဝမှ ရွေ့လျောပြီး ကာသိတိုင်း တခုသော ဆင်းရဲသောအမျိုး၌ ဖြစ်၏။ ထိုဖြစ်သောအခါမှ စ၍ တမျိုးလုံး ဆင်းရဲခြင်းသို့ ရောက်၍ ပဋိသန္ဓေနေသောအခါမှ စပြီး ပအုံးရည်လေးမျှ မရ၊ သူ၏အမည်ကား မိတ္တဝိန္ဒကတည်း။ အမိ အဘတို့သည် ဆာလောင်သောဒုက္ခကို သည်းမခံနိုင်သဖြင့် "ဟဲ့ လူ ယုတ်မာ၊ သွားလော့" ဟု ရိုက်ပုတ် နှင်ထုတ်ကြလေကုန်၏။ အားကိုးရာမဲ့ကာ (ယင်း လောသက တိဿ အလောင်းအလျာ) မိတ္တဝိန္ဒကသည် လှည့်လည်၍

ဗာရာဏသီပြည်သို့ ရောက်သွားလေ၏။ ဘုရားအလောင်းတော်သည်လည်း ဗာရာဏသီပြည်၌ ဒိသာပါမောက္ခ ဆရာကြီးဖြစ်၍ တပည့် ၅၀၀ တို့ကို ပညာသင်ပေးနေသည်။ ထိုအခါ ဗာရာဏသီ မြို့သူ မြို့သားတို့သည် ဆင်းရဲ နွမ်းပါးသော သူငယ်တို့အား ရိက္ခာ ထောက်ပံ့ ပညာသင်ပေးလေ၏။ တချိန်က ကျောင်းနေ မထေရ်ကြီးဖြစ်၍ နောင် လောသကတိဿမထေရ် ဖြစ်လတ္တံ့၊ ယခု မိတ္တဝိန္ဒကသည် ဤအထဲတွင် ကျောင်းသားတဦး ဖြစ်နေ၏။ သူသည်-

(၁) ကိုယ်စိတ် အလွန် ကြမ်းတမ်း၏။

(၂) ပြောရ ဆိုရ အလွန် ခေါင်းမာ ခက်ခဲ၏။

(၃) ကျောင်းသားချင်း ထိုးနှက် ရိုက်ပုတ်လေ့ ရှိ၏။

(၄) ထို မိတ္တဝိန္ဒကကို အမှီပြု၍ ထောက်ပံ့မှုတွေ နည်းလာ၏။

## ကံဆိုးမ သွားရာ မိုး နောက်ကပါ

ထို့နောက် ကျောင်းမှ ထွက်ပြေးပြီး ရွာငယ်တခု၌ နေ၏။ အမျိုးသမီးတဦးနှင့် အတူနေထိုင်ရင်း ကလေးနှစ်ယောက် ရလာ၏။ ရွာလူကြီးတို့သည် ရွာတံခါးဝ၌ အိမ်ငယ် ဆောက်ပေးပြီး အဘိုးလခပေးပြီး နေစေ၏။ သူ၏ တာဝန်မှာ (ရွာအတွက် ကောင်းသတင်း၊ မကောင်းသတင်းတို့ကို အချိန်မီ ပို့ပေးရမည်) ဖြစ်၏။

ယင်း ရာထူးဖြင့် နေခဲ့စဉ် ယင်းမိတ္တဝိန္ဒကကို အမှီပြု၍ ထိုရွာသူ ရွာသားတို့သည် ၇-ကြိမ် တိုင်တိုင် မင်းပြစ်စိုးဒဏ် ခံရ၏။ ၇-ကြိမ် တိုင်တိုင် အိမ်များ မီးလောင်ခံရ၏။ ၇-ကြိမ် တိုင်တိုင် မှီခိုနေရာ ဆည်များ ကျိုးပျက်၏။ "ဤ မိတ္တဝိန္ဒက ရောက်မှ သူ့ကို အမှီပြု၍ ဤသို့ ဖြစ်ရ၏"ဟု ဝိုင်းဝန်း နှင်ထုတ်လိုက်ကြ၏။ မိသားစုကိုပါ ခေါ်၍ အရပ်တပါးသို့ သွားလျက် ဘီလူးများ သိမ်းဆည်းအပ်သော တောအုပ်သို့ ဝင်ရောက် နေထိုင်၏။ ဘီလူးတို့သည် သားနှစ်ယောက်နှင့် ဇနီးကို သတ်ဖြတ် စားလိုက်ကြ၏။ မိတ္တဝိန္ဒကသည်လည်း ထိုအရပ်မှ ပြေး၍ ကြုံရာလှေဖြင့် ပင္ဒနားရွာသို့ စီးလိုက်သွားလေ၏။ လှေသည် ပင်လယ်ပြင်၌ ၇-ရက် သွားရလျက် ၇-ရက်မြောက်သောနေ့၌ သမုဒ္ဒရာ၏ အလယ်တွင် တိုင်ငုတ်စိုက်ချည်ထားသကဲ့သို့ တန့်၍သာ နေ၏။

## သီလတန်ခိုး ဝင်တိုးခံစံ နတ်ဗိမာန်

ထိုအခါ အားလုံး စည်းဝေး၍ ၇-ခါ မဲချ၏။ မိတ္တဝိန္ဒကသည် ၇-ခါလုံး ပေါက်၏။ လှေပေါ်ရှိ လူအပေါင်းတို့သည် ဝါးစည်းတခုကို ပေးပြီး ကိုင်ဆွဲ ပစ်ချကြလေကုန်၏။ ပစ်ချပြီးသည်နှင့် တပြိုင်နက် လှေလည်း ထွက်သွားနိုင်၏။ မိတ္တဝိန္ဒကသည် ဝါးစည်း(ဖောင်) ပေါ်၌ အိပ်၍ ပင်လယ်ပြင်၌ သွားနေရင်း ကဿပ ဘုရားလက်ထက် ရဟန်းဖြစ်ခဲ့စဉ်က စောင့်ထိန်းဘူးသော သီလအကျိုး ကြောင့် ပင်လယ်ပြင် တခုသော ဖန်ဗိမာန်ကြီး၌ လေးယောက်သော နတ်သမီး တို့ကို ရ၍ ၇-ရက် တိုင်တိုင် ချမ်းချမ်းသာသာ အပြုအစုကို ခံရပြီး ဖောင် စီးပြီး ရှေ့ဆက်လက် သွားပြန်ရာ ငွေဗိမာန်၌ ရှစ်ယောက်သော နတ်သမီး တို့ကို ရပြန်၏။ ၇-ရက် ခံစားပြီး သွားပြန်ရာ ပတ္တမြား ဗိမာန်၌ ၁၆-ယောက် သော နတ်သမီးတို့ကို ရပြန်၏။ ထို့နောက် ရွှေဗိမာန်၌ ၃၂-ယောက်သော နတ်သမီးတို့ကို ရပြန်၏။ သီလ၏ တန်ခိုးများတည်း။

သာသနေ ကုလပုတ္တာနံ၊ ပတိဋ္ဌာ နတ္ထိ ယံ ဝိနာ။
အာနိသံသ ပရိစ္ဆေဒံ၊ တဿ သီလဿ ကော ဝဒေ။ ။

သာသနေ၊ ဘုရားမြတ်စွာ သာသနာတော်၌။ ကုလ ပုတ္တာနံ၊ အမျိုး ကောင်းသား အမျိုးကောင်းသမီး အသီးသီးတို့အား။ ယံသီလံ၊ အကြင်သီလကို။ ဝိနာ၊ ကြဉ်၍။ ပတိဋ္ဌာ၊ တည်ရာ မှီရာ အားကိုးရာသည်။ နတ္ထိ၊ မရှိသည် သာတည်း။ တဿ သီလဿ၊ ထိုသီလ၏။ အာနိသံသ ပရိစ္ဆေဒံ၊ အကျိုး အာနိသင်၏ (ဤရွေ့ ဤမျှ ပြဿ) ပိုင်းခြားမှုကို။ ကော၊ ဘုရားမှတပါး ဘယ်သူ ဘယ်ဝါ ဘယ်သတ္တဝါသည်။ ဝဒေ၊ မှချပိုင်ပိုင် ပြောဆိုနိုင်ပါတော့ အံ့နည်း။

## ရှင်ဘုရင်ထံ ပို့ရန်အကွေ့ ဆရာတွေ့

ဆက်လက် ဖောင်ဖြင့် သွားသော် ကျွန်းငယ်တခုရှိ ဘီလူးတို့ နေထိုင်ရာ မြို့လေးတမြို့သို့ ရောက်သွားလေ၏။ ထိုအခါ တယောက်သော ဘီလူးမသည် ဆိတ်ယောင် ဆောင်လာ၏။အမှန်မသိ၍ ဆိတ်သားစားအံ့ဟု ခြေနှစ်ချောင်းကို ကိုင်လိုက်၏။ ဆိတ်မသည် ဘီလူးတို့ တန်ခိုးဖြင့် မိတ္တဝိန္ဒကကို မြှောက်၍ ပစ် လိုက်ရာ သမုဒ္ဒရာကို ကျော်၍ ဗာရာဏသီမြို့ ကျုံးတဖက် တခုသော ဆူးချုံ

ပေါ် ကျပြီး အောက်သို့ ကျပြန်လေ၏။ အောက်တွင် လှည့်လည် ကျက်စား နေသော ဆိတ်တို့၏ အပေါ်သို့ ကျသဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်၏။ ဆိတ် ကျောင်းသမားတို့သည် မိတ္တဝိန္ဒကအား ဆိတ်ခိုးသူ အဖြစ် ရိုက်နှက်ပြီး ရှင်ဘုရင့်ထံ ဆွဲလာစဉ် တချိန်က ဆရာ ဖြစ်ခဲ့ဘူးသော ဘုရားလောင်း ဒိသာ ပါမောက္ခ ဆရာကြီးနှင့် လမ်းတွင် တွေ့၍ "ဒါငါ၏ တပည့်တည်း" ဟု ဆို၏။ နောက်ပါ (ဆရာ၏ တပည့်များ) ၅၀၀ တို့ကလည်း မှတ်မိကြ၏။ မေတ္တာ ရပ်ခံချက်ကြောင့် ဆရာ့အား ပေးအပ် ပြန်သွားကြလေကုန်၏။ အကျိုး အကြောင်း မေးမြန်း၏။ အားလုံး ပြန်ပြော၏။ ဘုရားအလောင်း ဒိသာ ပါမောက္ခ ဆရာကြီးသည် လောသကတိဿအလောင်း မိတ္တဝိန္ဒကအား တရားဟော၏။

## ဒိသာပါမောက္ခ မိတ္တာဖြစ်ရ လောသက

ဤသို့ (ကွဲဿာတရား ကြီးမားသော) ကျောင်းနေ မထေရ်ကြီး ဖြစ် ဘူးသော ပုဂ္ဂိုလ်သည် ၃-ဘဝသာ တခါစီ အဝ စားဘူး၏။

(၁) ဘီလူးဘဝ ဖြစ်ရစဉ်က ကိုယ်ဝန် အညစ်အကြေးတွေကို ဟကြိမ် အဝ ရဘူး၏။

(၂) ခွေးဘဝ ရစဉ်က စား သောက် ပြီးသူ တို့၏ အန်ဖတ်များကို တကြိမ် အဝ ရဘူး၏။

(၃) လောသကတိဿဖြစ်စဉ်က ရှင်သာရိပုတ္တရာကြောင့် စတုမဓု များ တကြိမ် အဝ ရဘူး၏။

ဧဝံ ပရဿ လာဘန္တရာယကရဏံ နာမ မဟာဒေါသန္တိ ဝေဒိတဗ္ဗံ။

(ခုဒ္ဒကနိကာယ် ဇာတက အဋ္ဌကထာ၊ နှာ-၂၅၉)

ဧဝံ၊ ဤသို့။ ပရဿ၊ သူတပါး၏။ လာဘန္တရာယကရဏံနာမ၊ လာဘ်၏ အန္တရာယ်ကို ပြုခြင်းမည်သည်။ မဟာဒေါသံ၊ အပြစ်ကြီးလှ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ထိုအခါ ဇာတ်ပေါင်းတော်မူသည့်အခါ-

(၁) မိတ္တဝိန္ဒကသည် လောသက တိဿထေရ် ဖြစ်လာသည်။

(၂) ဒိသာပါမောက္ခ ဆရာကြီးသည် ဘုရားရှင် ဖြစ်လာပြီ။

၁၃၄၅-ခုနှစ်၊ ဝါခေါင်လဆန်း (၈) ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## သူတော်ကောင်းကို မတရားစော်ကားလျှင် မြေမျိုလျက် မဟာအဝီစိငရဲ၌ ခံရတတ်ကြောင်း

## အလောင်းတော် (ခန္တီဝါဒီ ရသေ့လေး) ဝတ္ထု

ကလာဗုမည်၊ မင်းပြုသည်၊ တိုင်းပြည် ဗာရာဏာ။
ဗြာဟ္မဏကုလ၊ ကုဋေပြု၊ ကြွယ်ဝ ရှစ်ဆယ်သာ။
အလောင်းတော်သည်၊ ဖြစ်ခဲ့ပြီ၊ သူ့မည် ကုဏ္ဍလာ။
ပညာခန့်ခိုင်၊ ဆုံးခန်းတိုင်၊ သင်ပိုင် ပြီးသည့်ခါ။
မိဘနှစ်ပါး၊ ကွယ်လွန်သွား၊ ဖြစ်ပွား သံဝေဂါ။
ရှစ်ဆယ်ကုဋေ၊ ပစ္စည်းတွေ၊ မသွေ စွန့်လှူကာ။
ဟိမဝန္တာ၊ တောသို့ကြွ၊ ပြုထ ပဗ္ဗဇ္ဇာ။
ချဉ်ဆားလိုပြန်၊ မှီဝဲရန်၊ ဗာရာဏ် ဥယျာဉ်သာ။
ဆွမ်းခံကြွမှီး၊ စစ်သူကြီး၊ မြင်ပြီး ကြည်ညိုရှာ။
ယုဝတီများ၊ ခြံရံပွား၊ ရောက်ငြား မင်းမြတ်မှာ။
အင်ကြင်းပင်လှ၊ အောက်တွင်မှ၊ ကောင်းစွာ တရားနာ။
ကျောက်ဖျာထက်ပေါ်၊ စက်တော်ခေါ်၊ မိန်းဖော် ဂုံးတိုက်ရှာ။

တဏှာကာမေ၊ သူရာမွေ၊ ကျလေ ယမ်းအိုးမှာ။
ထိုးကြိတ်အားရ၊ မေးပြန်က၊ ဝါဒ ခန္တီသာ။
ဆူးတွေတပ်ချို၊ ကြိမ်လုံးနို၊ ရိုက်ပြီ နှစ်ထောင်ပါ။
နား နှာ လက် ခြေ၊ အဖျားတွေ၊ ဖွဲ့ချွေ ဖြတ်ပြန်ရာ။
အားပျော့ခွေလဲ၊ သွေးတွေထဲ၊ ကြေကွဲ ဝမ်းနည်းစရာ။
သည်းခံလျက်ညည်း၊ စစ်သူကြီး၊ မြင်ပြီး ထိတ်လန့်စွာ။
ခန္တီပယ်ဖျက်၊ ဒေါမာန်မှုက်၊ ထွက်ဘို့ တောင်းပန်ရှာ။
ဥယျာဉ်တံခါး၊ နီးအပါး၊ ဝင်သွား ငရဲရွာ။
ကလာဗုမ္မ၊ ဒေဝဟူ၊ စစ်သူ သာရိသာ။
ခန္တီထင်ရှား၊ ရသေကား၊ ဘုရား ဖြစ်၍လာ။ ။

(သုတ္တန္တပိဋက ဇာတက အဋ္ဌကထာ။ ၁၊ နှာ- ၃၇)

ကွယ်လွန်သူ ဦးမောင်ခင်နှင့် သမီး မသန်းမြင့်တို့အား ရည်ရူး၍
ဒေါ်မြစိန် မိသားစု ကောင်းမှု၊ လိပ်ပြာကန် ၁-လမ်း အမှတ် ၅၁၀။

## သူတော်ကောင်းကို မတရား စော်ကားလျှင် မြေမျိုလျက် မဟာအဝီစိငရဲ၌ ခံရတတ်ကြောင်း

## အလောင်းတော် (ခန္တိဝါဒီရသေ့လေး) ဝတ္ထု

### မှတ်သားဘွယ် အကျဉ်းချုပ်

### ခန္တိတရား ကိုင်ထားအစဉ် အောင်မြင်ရ

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် အမျက်ထွက်သော ရဟန်းကို အကြောင်းပြု၍ (ခန္တိဝါဒီ) ဇာတ်တော်ကို ဟောတော်မူသည်။ ဘုရားရှင်သည် ထိုရဟန်းကို "သင်သည် အဘယ့်ကြောင့် ဘုရားသာသနာ၌ ရဟန်းပြုပြီး အမျက်ထွက်ရသနည်း။

ရှေးပညာရှိ သူတော်ကောင်းတို့သည် အချက်ပေါင်း ၁၀၀၀ ရိုက်လျက် လက်ဖျား ခြေဖျား နှာဖျား နှာခေါင်းဖျားတို့ကို ဖြတ်ပစ်ကြကုန်သော်လည်း စိတ်မဆိုးကြ" ဟု ဆို၍ အတိတ်ဝတ္ထုကို ဟောကြားလေသည်။

(၁) ခန္တျာ ဘိယျော န ဝိဇ္ဇတိ=လောကေ၊ လောက၌။ ခန္တျာ၊ သည်းခံခြင်း တရားထက်။ ဘိယျော၊ ထူးကဲမွန်မြတ်သော တရားသည်။ န ဝိဇ္ဇတိ၊ မရှိ။

(၂) ခန္တီ ပရမံ တပေါ တိတိက္ခာ=တိတိက္ခာ၊ တိတိက္ခာဟု ဆိုအပ်သော။ ခန္တီ၊ သည်းခံခြင်းသည်။ ပရမံ၊ အမြတ်ဆုံးသော။ တပေါ၊ အကျင့်တည်း။

(၃) အက္ကောဓေန ဇိနေ ကောဓံ=အက္ကောဓေန၊ မိမိကပြန်၍ စိတ်မဆိုးသောအားဖြင့်။ ကောဓံ၊ စိတ်ဆိုး၍နေသော သူကို။ ဇိနေ၊ အောင်ရာ၏။

(၄) အနတ္တဇနနော ကောခော=ကောခော၊ အမျက်ထွက် စိတ်ဆိုး
ခြင်းသည်။ အနတ္တဇနနော၊ အကျိုးမဲ့ကို ဖြစ်
စေတတ်၏။

(၅) ကုဒ္ဓေါ ဓမ္မံ န ပဿတိ=ကုဒ္ဓေါ၊ စိတ်ဆိုး၍ နေသောသူသည်။
ဓမ္မံ၊ တရားကို။ န ပဿတိ၊ မမြင်။

(၆) ကုဒ္ဓေါ အတ္ထံ န ဇာနာတိ=ကုဒ္ဓေါ၊ စိတ်ဆိုး၍နေသောသူသည်။
အတ္ထံ၊ မိမိအကျိုးစီးပွားကို။ န ဇာနာတိ၊ မသိ။

## ကုဋေရှစ်ဆယ် ပြည့်ကြွယ်သားလှ ကုဏ္ဍလကုမာရ

ရှေးအခါ ဗာရာဏသီပြည်၌ ကလာဗု မည်သော မင်းသည် မင်းပြု
တော်မူ၏။ ထိုအခါ ဘုရားအလောင်းတော်သည် ကုဋေ ၈၀ ကြွယ်ဝသော
ပုဏ္ဏားမျိုး၌ ဖြစ်၏။ ကုဏ္ဍလကုမာရ ဟု အမည်တွင်သည်။ အရွယ်ရောက်သော်
တက္ကသိုလ်ပြည်သို့သွားပြီး အလုံးစုံသော အတတ်တို့ကို သင်၍ ဥစ္စာစုကို ဖြစ်
စေလျက် မိဘများ ကွယ်လွန်သည့်အခါ ယင်း ဥစ္စာစုကို ကြည့်၍ များစွာ
သံဝေဂ ဖြစ်လေ၏။ ဖြစ်ပုံ။

ဣမံ ဓနံ ဥပ္ပါဒေတွာ မမ ဉာတကာ အဂ္ဂဟေတွာဝ ဂတာ။
မယာ ပနေတံ ဂဟေတွာ ဂန္တုံ ဝဋ္ဋတိ။ ။

မမ၊ ငါ၏။ ဉာတကာ၊ ဆွေမျိုးမိဘ ဟူသမျှတို့သည်။ ဣမံ ဓနံ၊ ဤစုပုံ
များပြားသော ဥစ္စာစုကို။ ဥပ္ပါဒေတွာ၊ ဖြစ်ပေါ်လာအောင် လုပ်ကြလေပြီး၍။
အဂ္ဂဟေတွာဝ၊ ဘာတခုမျှ မယူကြကုန်ဘဲသာလျှင်။ ဂတာ၊ သွားကြလေ
ကုန်၏။ မယာ ပန၊ ငါသည်ကား။ ဧတံ၊ ဤစုပုံများပြားသော ဥစ္စာစုကို။
ဂဟေတွာ၊ ယူ၍။ ဂန္တုံ၊ သွားခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။

## လောင်းမြတ်ရသေ့ မပေ့စူတင် တရားခင်

အထက်ပါအတိုင်း နှလုံးသွင်းကာ "အကြင်သူသည် ယူ၏၊ ထိုသူအား
လှူပါ၏"ဟု ဆုံးဖြတ်လျက် ဟိမဝန္တာတောအရပ်သို့ ဝင်၍(ကာသိပဗ္ဗဇ္ဇ) ရသေ့
ရဟန်းပြုကာ သစ်သီးကြီးငယ်ဖြင့်သာ မျှတလျက် ရူတင်စသား အကျင့်မြတ်
များကို အားထုတ်ပြီး အလွန်ကြာမြင့်စွာ နေခဲ့လေသည်။ ထို့ကြောင့်
လောဏမှီလခေါ် ဆားခတ်၊ အချဉ်ခတ် လိုအပ်လာသည်ဖြစ်၍ လူအများ

နေထိုင်ရာ ရွာနား မြို့နားသို့ ခေတ္တ ကပ်လာခဲ့သည်။ ဗာရာဏသီမြို့အနီး မင်းဥယျာဉ်ထဲ၌ တည်းခိုနေသည်။ နောက်တနေ့ မြို့ထဲသို့ ဆွမ်းခံကြွလျက် စစ်သူကြီး၏ အိမ်တံခါးသို့ ရောက်လေ၏။ စစ်သူကြီးသည် အလောင်းတော် ရသေ့လေး၏ ဣရိယာပုထ်တို့ကို အလွန်ကြည်ညိုလှ၍ အိမ်သို့ပင့်ပြီး ဆွမ်းကပ်လေ၏။ အနုမောဒနာတရားများ ဟောကြားလေ၏။

အပ္ပသန္နာနံ ပသာဒါယ ဝါယာမော။
ပသန္နာနံ ဘိယျောဘာဝါယ ဝါယာမော။

အပ္ပသန္နာနံ၊ မကြည်ညိုကုန်သေးသော သူတို့အား။ ပသာဒါယ၊ ကြည်ညိုစေခြင်းငှာ။ ဝါယာမော၊ လုံ့လကြိုးကုတ် အားထုတ်ရခြင်း။

ပသန္နာနံ၊ ကြည်ညိုကုန်ပြီးသော သူတို့အား။ ဘိယျော ဘာဝါယ၊ အလွန်ကြည်ညိုကြစေခြင်းငှာ။ ဝါယာမော၊ လုံ့လကြိုးကုတ် အားထုတ်ရခြင်း။

## ကချေသည်များ ခစားကိုယ်စီ ဝိုင်းစိုင်းလည်

တနေ့သ၌ ကလာဗုမင်းသည် အပြုအစု လိမ်မာသော ကချေသည်မ များ ခြံရံလျက် ဥယျာဉ်သို့ ရောက်သာလေ၏။ မူးယစ်သောက်စား၏။ မင်္ဂလာ ကျောက်ဖျာ၌ ခင်းကျင်းထား၏။ ဝိုင်းဝန်းပြုစု ဖျော်ဖြေကြ၏။ အဆို အတီး အက လိမ်မာကြကုန်သော ကချေသည်မတို့ကလည်း ဆိုတီး ကကြလေကုန်၏။ သိကြားမင်း၏ စည်းစိမ်ကဲ့သို့ ကျယ်ပြန့်လေးနက်သော စည်းစိမ်ကို ခံစား လေ၏။ ဤသို့ဖြင့် မင်းကြီး အိပ်ပျော်သွားလေ၏။ ထိုအခိုက် အချို့သော ကချေသည်မတို့သည် အနီးမှ အလျှို အလျှို ခွာ၍ စည် စောင်း စသည်တို့ကို ပစ်ထားပြီး ပန်း၊ သစ်သီး၊ သစ်ညွန့် စသည်တို့ကို ကောက်ခူးယင်း ဥယျာဉ်ကြီး အတွင်း ကြည့်ရှုလှည့်လည်ယင်း ဘုရားလောင်း ရသေ့လေးထံ ရောက်သွား လေ၏။ ထိုအခါ ယင်း ရသေ့လေးသည် ထိုဥယျာဉ်ကြီးအတွင်း ပင်လုံးကျွတ် ညွှတ်နေအောင်၊ ထိန်နေအောင် ပွင့်လျက်ရှိသော အင်ကြင်းပင်ကြီး အရင်း၌ (ပဗ္ဗဇ္ဇာသုခ၊ ဓမ္မ မနသိကာရ) ဖြင့် နေလေ၏။ ကချေသည်မတို့သည်လည်း ကြည်ညိုဖွယ်ဣရိယာပထတို့ကို မြင်ရ၍ ရွှင်ပျသောသဒ္ဓါတတ်ဖြင့် ချဉ်းကပ် ဝပ်လျှိုး ဝင်ရောက် ရှိခိုးကြကုန်၏။ တရားမေ့ နာယူကြကုန်၏။

## ရသေ့လေးကို ပြောဆိုအမျက် ချောင်းချောင်းထွက်

တယောက်သော ကချေသည်မ၏ (ဂုံးတိုက်) ချောက်ချသည့် အနေ ပြုမူလိုက်မှုတမျိုးကြောင့် ဘုရင်ကြီး နိုးသွားရလေပြီ။ မြေင်၍ ကချေသည်မတို့ကို မေးမြန်းရာမှ ရသေ့လေးဟူသော အသံကိုကြားသည်နှင့် တပြိုင်နက် ထိုထို၍၍ အလီလီပြောဆိုလျက် ဒေါသအမျက် ချောင်းချောင်းထွက်ပြီး သန်လျက်ကို အတင်းဆွဲပြီး မိမိကိုယ်တိုင် ကချေသည်မလေးများထံ လိုက်သွားလေ၏။ ဘုရင်ကြီးမှာလည်း 'ကာမောဇာအတွင်းနှတ်တို့ အပြင်းဘပ်' ပူးဝင်ကာ ထိန်းမနိုင် ယိမ်းယိုင်၍ နေလေသည်။ နေရာတကာ၌ 'အသိမပါလျှင် အထိနာ' တတ်သည်။ မင်းကြီးသည် ဘုရားလောင်း ရသေ့လေးအား အမျိုးမျိုး စွပ်စွဲဆဲရေးယင်း ထိုးကြိတ်ခြင်း၊ ကန်ကျောက်ခြင်း စသည် အားရအောင် ပြုတော့သည်။ ဘာမျှ တုံ့ပြန်ခြင်းမရှိ။ ဘုရားအလောင်း ရသေ့လေးသည်-

(၁) အရေပါးတို့သည် စုတ်ပြဲကုန်ပြီတကား။

(၂) အရေထူတို့သည်လည်း ပေါက်ကွဲကုန်ပြီတကား။

(၃) အသားတို့ သည်လည်း ပြတ်သတ်ခြင်းသို့ ရောက်ကြရကုန်ပြီ တကား။

(၄) သွေးစိမ်းကြီးတို့သည်လည်း စီးဆင်းလာကြကုန်ပြီတကား။

## ခန္တီဝါဒ ဝါဒသုံးလတ် ရသေ့ပြတ်

"သင်၏ဝါဒသည် ဘာဝါဒနည်း" "ခန္တိဝါဒပါတည်း" စသည်ဖြင့် ထိုးလိုက် 'ထိုးယင်း' မေး၊ မေးယင်း ဖြေ'၊ 'ကန်ယင်း မေး၊ မေးယင်း ဖြေ' မြင်မကောင်း ရှုမကောင်းဖြစ်ပြီ။ ခန္တိဝါဒပါတည်းဟူသော တခွန်းမှတပါး ဘာမျှ ပြန်မပြော။ ထိုအချိန်မှစ၍ ခန္တိဝါဒီရသေ့ဟု ဘွဲ့တော် ထင်ရှားလာပေသည်။

(က) ခန္တိဝါဒ=ခန္တိ သ ဒေါ ဒေါဝါတိ ခန္တိဝါဒေါ (သည်းခံခြင်း အယူဝါဒကို ၎၏။)

(ခ) ခန္တိဝါဒီ=ခန္တိဝါဒေါ ယဿ အတ္ထိတိ ခန္တိဝါဒီ (သည်းခံခြင်း အယူဝါဒရှိသော ဘုရားလောင်းရသေ့လေးကို ရ၏။)

နောက်ဆုံး ဘုရားလောင်း ခန္တိဝါဒီရသေ့လေး၏ ရင်ဘတ်ကို ခြေဖြင့် ဆောင့်ကန် ထွက်သွားလေ၏။ ယုံအခါ စစ်သူကြီးသည် မင်းကြီး မမြင်အောင် ပြေးလာကာ သွေးများကို သုတ်ပေးခြင်း အဝတ်ဖြင့် စည်းနှောင်ခြင်း စသည်

ပြုစုလျက် အသာအယာ လှဲပေးပြီး လျှောက်ထားသည့်အခါ "ငါ စိတ်မဆိုး၊ စိတ်ဆိုးသူသည် သူတော်ကောင်းမဟုတ်၊ သူတော်ကောင်းသည် စိတ်မဆိုးရ" ဟူ၍သာ အတန်တန် ငြင်းဆန်လေတော့သည်။

ကောခံ ဆေတွာ သုခံ သေတိ။

ကောခံ၊ ဒေါသဖြစ်လျက် အမျက်ထွက်ခြင်းကို။ ဆေတွာ၊ ဖြတ်နိုင်ခြင်းကြောင့်။ သုခံ၊ ချမ်းချမ်းသာသာ။ သေတိ၊ မှချပိုင်ပိုင် ကိန်းစက်နိုင်တော့သည်သာလျှင်တည်း။

## ဥယျာဉ်တံခါး ရောက်ခြားသူ့ကို မြေကမျို

မင်းကြီးသည် ဥယျာဉ်မှ ပြန်အထွက် ဘုရားလောင်း၏ ကွယ်ရာသို့ ရောက်သောအခါ တံခါးဝတွင် ဘုရားအလောင်းတော် ခန္တိဝါဒီရသေ့လေးက သည်းခံနိုင်သော်လည်း နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည် မခံမရပ်နိုင် ဖြစ်၍ အလိုလို ကွဲအက်လျက် အဝီစိမှ ထိုးထွက် တအားတက်လာသော (လေထဲ၌ အရှိန်ပြင်းစွာ လွင့်နေသော ရှန်နီစောင်ကြီးပမာ ကြောက်ခမန်းလိလိ) ငရဲမီးညွန့်ကြီးသည် ဘယ်လိုမှ ရှောင်မရ၊ ပြေးမလွတ်၊ အကြမ်း ရစ်ပတ် ဆွဲယူသွားတော့သည်။ ချက်ချင်း မြေမျိုပြီး မဟာအဝီစိငရဲ၌ ဖြစ်ရလေ၏။ သည်းခံလေ အပြစ်ကြီးလေ ဖြစ်တော့သည်။

ဘုရားအလောင်းတော် ခန္တိဝါဒီရသေ့လေးသည်လည်း ထိုနေ့မှာပင် မရှေးမနှောင်း ကွယ်လွန်ရရှာလေပြီ။ ဤအကြောင်းကို ဟောကြား၍ ဇာတ်ပေါင်းသည့်အခါ-

(က) ကလာဗု မင်းကြီးသည် ဒေဝဒတ် ဖြစ်လာ၏။

(ခ) စစ်သူကြီးသည် အရှင်သာရိပုတ္တရာ ဖြစ်လာ၏။

(ဂ) ခန္တိဝါဒီ ရသေ့လေးသည် ဘုရား ဖြစ်တော်မူလာ၏။

၁၃၃၅-ခုနှစ်၊ ဝါခေါင်လပြည့်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## သံဃာတော်(၇)သိန်း ဆုံဖြတ်ချက်အရ ရဟန္တာကြီး (၅၀၀) နှစ်ပေါင်း (၂၅၁၇)က ပရိယတ်သာသနာကို သင်္ဂါယနာတင်လျက် အဆင့်ဆင့် လက်ပြောင်းသယ်ယူ ခိုင်မာစေခဲ့ကြပုံ

❀

ဒါန သီလာ၊ နေက္ခမ္မာ၊ ပညာ ဝီရိယာ။
ခန္တီ သစ္စာ၊ အဓိဋ္ဌာ၊ မေတ္တာ ဥပေက္ခာ။
ပါရမီကား၊ ဤဆယ်ပါး၊ ကျယ်ပွား သုံးဆယ်သာ။
ဒုက္ကရစရိယာ၊ ခြောက်နှစ်ကြာ၊ ပွင့်လာ ဗောဓိမှာ။
သက်တော်နှစ်ဆေ၊ ရှစ်ဆယ်ပြည့်၊ ကြုံတွေ့ မကျန်းမာ။
ဟိရညဝတီ၊ မြစ်နဒီ၊ ရပ်တည် နီးလျက်ပါ။
ကုသိနာရုံ၊ မြို့ရွှေဘုံ၊ တွေ့ကြုံ အကွေ့မှာ။
ပါဝါမြို့မှ၊ ကုသိန၊ ဗုဒ္ဓ ကြွရှိလာ။
ပကတိဆင်ပြောင်၊ ကုဋေထောင်၊ စွမ်းဆောင် အားအင်ပါ။
သုံးဂါဝုတ်ထား၊ ဝေးကွာခြား၊ နှစ်ဆယ့်ငါး နားခဲ့ရှာ။
မွေးကြိုင်ထုံသင်း၊ မလ္လာမင်း၊ အင်ကြင်းဥယျာဉ်သာ။
မြတ်ရှင်ဦးခေါင်း မြောက်သို့လျောင်း၊ ညောင်စောင်း ထက်ပေါ်မှာ၊
လက်ျာနံတောင်း၊ ရှင်ဂေါ်စောင်း၊ ညွတ်ပြောင်း ကိုန်းဋက်ရှာ။
အခါမဲ့ပန်း ပွင့်ပုံဆန်း၊ ရှင်လန်း ပူဇော်ကာ။
နတ်ပန်းထင်းရှူး၊ ဦးဖြင့်ဖူး၊ အထူး လွန်သာယာ။

ထို့တူ စန္ဒကူး၊ ပန်းတွေမြူး၊ ကြည်နူး ပူဇော်လာ။
နတ်တူရိယာ၊ နတ်ဂီတာ၊ မြည်ကာ ဖြည်းညှင်းစွာ။
ဓမ္မက္ခန်ပေါင်း၊ ရေတွက်ရှောင်း၊ ရှစ်သောင်း လေးထောင်မှာ။
ရှစ်သောင်းလေးဆောင်၊ ဂုဏ်မြင့်ခေါင်၊ ပုံဆောင် ဘုရားသာ။
ဤသို့ထင်ရှား၊ မြတ်ဘုရား၊ မိန့်ကြား ဟောမြွက်ခါ။
ကဆုန်ပြည့်စန်း၊ မိုးသောက်လျှမ်း၊ ကြွမြန်း နိဗ္ဗူတာ။
သံဃာတွက်ကိန်း၊ ခုနစ်သိန်း၊ ချိန်း၍ စည်းဝေးလာ။
သာသနာအရေး၊ ရှည်ဘို့တွေး၊ ဆွေးနွေးအခါခါ။
သူတော်ဓမ္မ၊ မကွယ်ပ၊ မုချ ဆောလျင်စွာ။
သင်္ဂါယနာတင်၊ ပြုလုပ်လျှင်၊ စည်ပင် တည်တန့်မှာ။
အင်္ဂါပြည့်ဝ၊ ငါးရာမျှ၊ ပင့်ထ ရဟန္တာ။
ရာဇဂြိုဟ်ဥသျှောင်၊ ဝေဘာတောင်၊ မြင့်ခေါင် လိုဏ်ဂူမှာ။
ဇာတသတ်မင်း၊ သူ့ပင်ရင်း၊ ထန်ပြင်း စေတနာ။
သင်္ဂါယနာပွဲ၊ ချိမ့်ချိမ့်သဲ၊ လွန်ကဲ ပြည့်စုံစွာ။
ပထမဘဲ၊ တင်သည့်ပွဲ၊ မြင့်ကဲ အောင်မြင်လာ။

(မဟာဝဂ္ဂအဋ္ဌကထာ၊ မဟာပရိနိဗ္ဗာနသုတ်၊ နှာ-၁၆၃)

ပရိတ္တရာကုန်သည် အမိ ဒေါ်အုန်းမြနှင့်၊ ဦးကျော်လှိုင်-ဒေါ်ခင်နု မိသားစု ကောင်းမှု။ မင်းလမ်း၊ ပဲခူးမြို့။

## သံဃာတော် (၇)သိန်း ဆုံးဖြတ်ချက်အရ ရဟန္တာကြီး (၅၀၀) နှစ်ပေါင်း (၂၅၁၇)က ပရိယတ်သာသနာကို သင်္ဂါယနာတင်လျက် အဆင့်ဆင့် လက်ပြောင်း သယ်ယူ ခိုင်မာစေခဲ့ကြပုံ

မှတ်သားဘွယ် အကျဉ်းချုပ်

### ငါကား အာနန္ဒာ မျှားစွာမကြည် ပင်ပန်းပြီ

မလ္လာမင်းတို့၏ အင်ကြင်းတောတွင် ရဟန်းတို့၏ အရေအတွက်ကား အပိုင်းအခြားမရှိ။ မြတ်စွာဘုရား ဝေဠုဝန္လာဠ် ဝေဒနာကို ပယ်ခွာရသည်မှစ၍ ဘုရားရှင် မကြာမီ ပရိနိဗ္ဗာန်ပြုတော့မည်ဟု ကြား၍ ထိုထိုအရပ်မှ ကြွလာကြကုန်သော ရဟန်းတို့သည် တပါးမှ ပြန်မကြွကြ။ အရေအတွက် လွန်နေ၏။ ညောင်စောင်းငယ်၏ ခေါင်းရင်း ခြေရင်းမှ အင်ကြင်းပင်ပျို တပင်စီရှိ၏။ အင်ကြင်းပင် အစဉ်လည်း ထို့အတူ ရှိကြ၏။ အကိုင်းအခက် အရွက်တွေ ကူးယှက်နေကြသည် ဟူလို။ ညောင်စောင်းကား မင်းသားများ ဥယျာဉ်ထဲသို့ အပျော် အခိုက်အတန့် လာသည့်အခါ သုံးသော ညောင်စောင်းပါတည်း။ အရှင်အာနန္ဒာသည်လည်း ယင်း ညောင်စောင်းကိုပင် ပြင်ဆင် ခင်းပေးလေ၏။ အတော်လည်း ပင်ပန်းလေပြီ၊ ထို့ကြောင့် ဤသို့ မိန့်၏။

ကိလန္တောသ္မိ အာနန္ဒ နိပဇ္ဇိဿာမိ၊

အာနန္ဒ၊ ချစ်သား အာနန္ဒာ။ အဟံ၊ ငါသည်။ ကိလန္တော၊ ပင်ပန်းသည်။ အသ္မိ၊ ဖြစ်ပြီ။ နိပဇ္ဇိဿာမိ၊ အိပ်တော့အံ့၊

### အားတော်ကြီးမား ဘုရားမြတ်စွာ ပင်ပန်းလာ

မြတ်စွာဘုရားသည် ယခု မြင်နေကြရသည့် ရန်ကုန်မြို့ တိရစ္ဆာန်ရုံရှိ သစ်ဆွဲ (ဂေါစရီ) ဆင်တို့၏ အင်အားနှင့်တွက်လျှင် ဆင်အကောင် ကုဋေ တထောင်အား ရှိသည်။ အနည်းငယ် ရှင်းပြပါအံ့။

ဂေါစရိ ကဋ္ဌာပေါ ဂင်္ဂေယျော၊ ပိင်္ဂလော ပဗ္ဗတေယျကော။
ဟေမဝတော စ တမ္ဗော စ၊ မန္ဒာကိနီ ဥပေါသထော။
ဆဒ္ဒန္တောဝယေဝ ဒသမော၊ ဧတေ နာဂါန မုတ္တမာ။

ဆင်ဆယ်မျိုးကား....

(၁) ဂေါစရိဆင် (၂) ကဋ္ဌာပဆင်
(၃) ဂင်္ဂေယျဆင် (၄) ပိင်္ဂလဆင်
(၅) ပဗ္ဗတေယျကဆင် (၆) ဟေမဝတဆင်
(၇) တမ္ဗဆင် (၈) မန္ဒာကိနီဆင်
(၉) ဥပေါသထဆင် (၁၀) ဆဒ္ဒန်ဆင်

ဤ ဆယ်မျိုးတို့တွင် တမျိုးထက် တမျိုးသည် ပို၍ ပို၍ မြတ်ကုန်၏။ ထို့အတူ တမျိုးထက် တမျိုးက အားဆယ်ဆ ဆယ်ဆ သာကုန်၏။ ထို့ကြောင့် ဆင်ထဲမှာ ဆဒ္ဒန်ဆင်မျိုးသည် အားအကောင်းဆုံးတည်း။ ယခု ပကတိ(သစ်ဆွဲ) တောဆင် အကောင်ပေါင်း ကုဋေတရာအား ရှိ၏။ မြတ်စွာဘုရားမှာ ယင်း ဆဒ္ဒန်ဆင် ဆယ်စီးအား ရှိ၏။ ပကတိဆင် အကောင် ကုဋေပေါင်းတထောင် အား ရှိသည် ဟူလို။

## ကုသိနာရုံ ခိုလှုံရန်သွား ကြောင်းသုံးပါး

ဤမျှ အားတော်ကြီးမားတော်မူသော မြတ်စွာဘုရားသည် စုန္ဒဒါယကာ လှူဒါန်းသောဆွမ်းကို ဘုဉ်းပေးတော်မူသောအခါမှစ၍ ယူပစ်လိုက်သကဲ့သို့ များစွာကုန်ခန်းသွားပြီ၊ မကျန်းမာရာ ပါဝါ မြို့မှ ပရိနိဗ္ဗာန်ပြုမည့် ကုသိနာရုံမြို့ သည် သုံးဂါဝုတ်မျှသာ ကွာ၏၊ (၉-မိုင် အနည်းငယ်လေး သာ၏။) နှစ်ဆယ့် ငါးခါ နားပြီး နေဝင်အပြီး မီးထွန်းချိန်ကျမှ အင်ကြင်းတောသို့ ရောက် လေ၏။ ဤနေရာသို့ ခဲခဲယဉ်းယဉ်း မရမက လာရောက် ပရိနိဗ္ဗာန် ပြုရခြင်း အကြောင်းမှာ....

(၁) မဟာသုဒဿနသုတ်လာ အတ္ထုပ္ပတ္တိအတိုင်း ဖြစ်စေလို၍ နတ် ပြည်၌သာ ခံစားအပ်သော စည်းစိမ်ကို လူ့ပြည်၌လည်း ခံစား စေလိုသဖြင့် ထိုအကြောင်းကို ဘာဏဝါရနှစ်ခုတို့ဖြင့် တန်းဆာ ဆင်ပြီး ဟောမည်။ ထိုအခါ များစွာသောလူတို့ ကုသိုလ်ရစေ လို၍သောကြောင့် လည်းကောင်း၊

(၂) အခြားအရပ်၌ ငါ ပရိနိဗ္ဗာန်ပြုသော် သုဘဒ္ဒသည် ငါ့ကို မမြင်လတ္တံ့။ ထိုသုဘဒ္ဒသည် ဗုဒ္ဓဝေနေယျတည်း၊ သာဝက ဝေနေယျမဟုတ်။ ထိုသုဘဒ္ဒကို သာဝကများ ချွတ်ခြင်းငှာ မစွမ်းနိုင်။ ငါဘုရားနှင့် မတွေ့ရလျှင် သူသည် ကျွတ်ခွင့်မရှိ တော့ပြီ။ ငါသည် ကုသိနာရုံ၌ ပရိနိဗ္ဗာန်ပြုခဲ့သော် ငါ့ကို သူ ကပ်၍ ပြဿနာ မေးလတ္တံ့။ မေးခြင်း ဖြေခြင်း အဆုံး၌ သရဏဂုံတည်၍ ငါဘုရားထံ၌ ရှင်ရဟန်းအဖြစ်ကို ရပြီး ကမ္မဋ္ဌာန်းယူကာ ငါရှိတုန်း ရဟန္တာဖြစ်၍ ငါ၏ ပစ္ဆိမသာဝက ဖြစ်လတ္တံ့။

(၃) ငါသည် အခြားအရပ်၌ ပရိနိဗ္ဗာန်ပြုခဲ့သော် ငါ၏ဓာတ်တော် တို့ကို ဝေဘန်သည့်အခါ အကြီးအကျယ် ရန်ပွဲကြီးဖြစ်လတ္တံ့။ သွေးချောင်း စီးလတ္တံ့။ ဤ ကုသိနာရုံ၌ ပရိနိဗ္ဗာန်ပြုသော် ဒေါဏပုဏ္ဏားသည် ထိုရန်ပွဲကို ငြိမ်းစေပြီး အေးချမ်းစွာ ဓာတ်တော်တို့ကို ဝေဘန်ပေးလတ္တံ့။

ဤအကြောင်းသုံးပါးကြောင့် ကုသိနာရုံမြို့ငယ်သို့ ကြွလာ၊ ပရိနိဗ္ဗာန် ပြုတော်မူသည်။

## သဘာပတိ မိန့်သည့်ခွန်းမြွက် ဝိုင်းအုံမှတ်

ကုသိနာရုံမြို့ မလ္လာမင်းတို့၏ အင်ကြင်းတော၌ ကဆုန်လပြည့်နေ့ နံနက် မိုးသောက်ထကာလ၌ အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ခန္ဓာကမ္ဘာရုပ် ချုပ်သွားလေပြီ။ အလောင်းတော်ကို ပူဇော်မှု သာဓုကီဠနကိစ္စ၊ အလောင်း တော်ကို မီးသင်္ဂြိုဟ်မှု အဂ္ဂိဈာပနကိစ္စ၊ ဓာတ်တော်တို့ကို ဝေဘန်မှု ဓာတု ဘာဇနကိစ္စ အားလုံး ခုနစ်ရက်စီ သုံးပတ် ၂၁-ရက်ပြည့်သောနေ့၌ သံဃာ တော်များ စည်းဝေးကြသည်။ အရေးအတွက် သံဃာ့ထေရ်ကြီး ခုနစ်သိန်း ဖြစ်သည်။ အရှင်မဟာကဿပသည် သန္နိပါတ သံဃသဘာပတိ (သံဃနာယက) အဖြစ် ရွက်ဆောင်သည်။

## အရှင်မဟာကဿပ၏ သဘာပတိ မိန့်ခွန်းတော်

သတ္ထာဟ ပရိနိဗ္ဗုတေ ဘဂဝတိ သုဘဒ္ဒေန ဝုဍ္ဎပဗ္ဗဇိတေန * အလံ အာဝုသော မာ သောစိတ္ထ၊ မာ ပရိဒေဝိတ္ထ၊ သုမုတ္တာ မယံ တေန

မဟာသမယောန၊ ဥပဒ္ဒုတော စ ဟောမ၊ ဣဒံ ဝေါ ကပ္ပတိ၊ ဣဒံ ဝေါ န ကပ္ပတီတိ၊ ဣဒါနိ ပန မယံ ယံ ကပ္ပိယသာမ၊ တံ ကရိဿာမ၊ ယံ န ကပ္ပိယသာမ၊ တံ န ကရိဿာမာတိ ဝုတ္တဝစန မနုဿရန္တော ဧဝန ခေါပနေတံ ဝိဇ္ဇတိ ယံ ပါပဘိက္ခူ အတီတသတ္ထုကံ ပါဝစနန္တိ မညမာနာ ပက္ခံ လဘိတွာ န စိရဿေဝ သဒ္ဓမ္မံ အန္တရဓာပေယျုံ၊ ယာဝ စ ဓမ္မဝိနယော တိဋ္ဌတိ၊ တာဝ အနတီတသတ္ထုကမေဝ ပါဝစနံ ဟောတိ၊

ဝုတ္တဉှေတံ ဘဂဝတာ။

ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာတိ၊

ယန္နူနာဟံ ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယေယျံ ယထယိဒံ သာသန အဒ္ဓနိယံ အဿ စိရဋ္ဌိတိကံ၊

## ခွန်းမြတ်မြန်မာ ကောင်းစွာဤသို့ နားလည်ဘို့

သဘာပတိ မိန့်ခွန်းတော် မြန်မာပြန်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စပြီး ခုနစ်ရက်သာရှိသေးလျက် အရွယ်လွန် အသက်ကြီးမှ သာသနာဘောင်ဝင် ရဟန်းလာပြုသော သုဘဒ္ဒမည်သော ကိုယ်တော်ကြီးသည် ဤသို့လိုက်ပြောနေ၏။ ''ငါ့ရှင်တို့၊ သင်တို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စလွန်တော်မူသွားလေပြီတကားဟု စိုးရိမ်ပူဆွေး ငိုကြွေးဘို့ မသင့်၊ ဘာမျှမစိုးရိမ်ကြလင့်၊ ဘာမျှမငိုကြွေးကြလင့်။ ယခု ငါတို့သည် ထိုပစ်ပစ်များသော ရဟန်းကြီး၏ လက်အောက်မှ လွတ်သွားကုန်ပြီ။ သင်တို့အား ဤအမှုသည် အပ်၏၊ သင်တို့အား ဤအမှုသည် မအပ်၊ ဤသို့ ငါတို့ကို နှိပ်စက်ကုန်၏၊ ယခုအခါ၌ကား အကြင်အမှုကို လုပ်လိုကုန်၏။ ထိုအမှုကို လုပ်နိုင်ကြပြီ၊ လုပ်ကြကုန်အံ့၊ ငါတို့သည် အကြင်အမှုကို မလုပ်လိုကြ။ ထိုအမှုကို မလုပ်ဘဲနေကြမည်'' ဤသို့ လိုက်ပြောနေသောစကားကို အမြဲနားထဲမှမထွက်ဘဲ ဖြစ်နေပြီ၊ ဘုရားမရှိတော့ဘူး၊ ဘုရားဩဝါဒစကားတွေသည်း မရှိတော့ဘူး ဟု ပါပဘိက္ခုခေါ် ရဟန်းဆိုးတို့က မှတ်ထင်ကုန်လျက် သူတို့၏ အပင်းအသင်း အဖော်သဟဲတွေ ရကုန်သည်ရှိသော် သူတော်ကောင်းတရားများ ကွယ်ပျောက်ကြစေရာသော အကြောင်းရှိနေသည်။ အကြင်မျှလောက် ဓမ္မဝိနယခေါ် သုတ်အဘိဓမ္မာ ဝိနည်း တည်သေး၏။ ထိုမျှလောက် မြတ်စွာဘုရားလည်း ရှိနေ

သေး၏။ မြတ်စွာဘုရား၏ ဩဝါဒစကားတွေလည်း ရှိနေသေး၏။ မှန်၏။ ထိုစကားကို မြတ်စွာဘုရား ဟောသွား၏။

"ချစ်သား အာနန္ဒာ၊ ငါဘုရားသည် အကြင် သုတ် အဘိဓမ္မာကို လည်းကောင်း၊ အကြင် ဝိနည်းကို လည်းကောင်း ဟောလည်း ဟောခဲ့၏၊ ပညတ်လည်း ပညတ်ခဲ့၏။ ထို သုတ် အဘိဓမ္မာ ဝိနည်းသည် ငါဘုရားမရှိသည့်နောက်ကာလ၌ သင်တို့အား ဆုံးမမည့် ဘုရားပါတည်း"

ထို့ကြောင့် အကြင်အခြင်းအရာဖြင့် ဤဘုရားသာသနာ အရှည်ခန့်သည် ဖြစ်ရာ၏။ ကြာမြင့်စွာ တည်သည် ဖြစ်ရာ၏။ ထိုအခြင်းအရာဖြင့် သုတ်အဘိဓမ္မာကို လည်းကောင်း၊ ဝိနည်းတရားကို လည်းကောင်း သင်္ဂါယနာတင်ရပါမူကား ကောင်းလေစွ။

## ပထမသင်္ဂါယနာ တင်လာမင်းမြတ် ဇာတသတ်

ဤသို့ သံဃာတော် ခုနစ်သိန်းပါဝင်သော သံဃာ့အစည်းဝေးကြီးမှ သံဃာ့ကိစ္စကို အရှင်မဟာကဿပအား၊ လူ့ကိစ္စကို အဇာတသတ်မင်းအား တာဝန်ပေးပြီ၊ ပရိယတ္တိ မကွယ်သမျှ သာသနာမကွယ်နိုင်၊ သာသနာ မကွယ်အောင် ပရိယတ္တိကို မကွယ်မပျောက်အောင် လုပ်ရမည်။ မကွယ်မပျောက်အောင် ပရိယတ္တိကို သင်္ဂါယနာတင်ရမည်ဟူသော ဆုံးဖြတ်ချက်အရ အကောင်အထည် ဖော်သွားကြကုန်၏၊ ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်ပြီး သုံးလနှင့် လေးရက်လွန်သော် အရှင်မဟာကဿပ ကြီးမှူးသော ရဟန္တာ အပါး ငါးရာသည် အဇာတသတ်မင်းကြီးလက်ထက် ရာဇဂြိုဟ်မြို့တွင် ပထမသင်္ဂါယနာကို တင်တော်မူကြသည်။ ဝေဘာရတောင်ခြေ စရည်းပင်ရောက်ရာ လိုဏ်ဝမှာ ဖြစ်သည်။ စတုပစ္စယ ဒါယကာအဖြစ် အဇာတသတ်မင်းက အစရာ တာဝန်ယူဆောင်ရွက်သည်။

## ဒုတိယ နှစ်တန် တင်ပြန်သင်္ဂါ မင်းဒါယကာ

ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်ပြီး အနှစ် ၁၀၀(တရာ)လွန်သော် အရှင်မဟာယသ ကြီးမှူးသော ရဟန္တာ အပါး ၇၀၀ သည် ကာလာသောကမင်းကြီးလက်ထက် ဝေသာလီပြည်တွင် ဒုတိယ သင်္ဂါယနာကို တင်တော်မူကြသည်။

ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်ပြီး အနှစ် ၂၃၅ လွန်သော် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ကြီးမှူးသော ရဟန္တာ အပါး ၁၀၀၀ သည် သီရိဓမ္မာသောကမင်းကြီးလက်ထက် ပါဋလိပုတ်ပြည်တွင် တတိယ သင်္ဂါယနာကို တင်တော်မူကြသည်။

## စ-မ နှစ်တန် တင်ပြန်သင်္ဂါ မင်းဒါယကာ

ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်ပြီး အနှစ် ၄၅၀ လွန်သော် အရှင်ဓမ္မရက္ခိတ ကြီးမှူးသော ရဟန္တာ ၅၀၀ သည် ဝဋ္ဋဂါမဏိမင်းကြီးလက်ထက် သီဟိုဠ်ပြည် မလယဇနပုဒ်တွင် စတုတ္ထသင်္ဂါယနာကို ပေထက်အက္ခရာဖြင့် တင်တော်မူကြသည်။

ဘုရားပရိနိဗ္ဗာန် စလွန်ပြီး အနှစ် ၂၄၁၅ လွန်သော် တောင်ပြင် ဒက္ခိဏာရာမ ဆရာတော် အရှင်ဇာဂရ ကြီးမှူးသော မထေရ် ၂၄၀၀ တို့သည် မင်းတုန်းမင်းတရားကြီး လက်ထက် မြန်မာပြည်၊ မန္တလေးမြို့ တောင်ခြေတွင် ပဥ္စမ သင်္ဂါယနာကို ကျောက်ထက်အက္ခရာဖြင့် တင်တော်မူကြသည်။

## ပရိယတ်သာ ကောင်းစွာပို့ချ မကွယ်ပ

ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်ပြီး အနှစ် ၂၅၀၀ လွန်သော် မန္တလေးမြို့၊ ညောင်ရမ်းဆရာတော် အရှင်ရေဝတထေရ် ကြီးမှူးသော မထေရ် ၂၅၀၀ တို့သည် ပြည်ထောင်စုမြန်မာပြည် အစိုးရမှကြီးမှူး၍ ရန်ကုန်မြို့၊ ကမ္ဘာအေး ကုန်းမြေတွင် ဆဋ္ဌသင်္ဂါယနာကို စက်တင်ပုံနှိပ်ကာ တင်တော်မူကြပါသည်။ ဤသို့ သင်္ဂါယနာ တင်ခြင်းမှာ ဗုဒ္ဓသာသနာတော်ကြီး မမှေးမမှိန် မသေးသိမ် မတိမ်ကောရလေအောင် စောင့်ရှောက်ကြခြင်း ဖြစ်သည်။ ပရိယတ္တိကို သင်္ဂါယနာတင်ပြီး ထိန်းသိမ်းကြရပါသည်။ မကွယ်မပျောက်စေရန် အမြဲ သင်ကြားပို့ချနေကြရပါသည်။

၁၉၃၅-၃၆ခု၊ ဝါခေါင်လပြည့်ကျော် (၈) ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## ဗောဓိဉာဏ်ကို ရည်သန်လှူဒါန်းသော ရှေးအလောင်းတော်ကြီးများ၏ စေတနာသည် အမြဲတမ်း ကြည်ဖြူ ညီတူကြပုံ ဝိသယှဇာတ်တော်

ဝိသယှသဗွေးကြီးနှင့် သဗွေးကဗျောကြီး ပ၊၊၊

ဗြဟ္မဒတ်မည်၊ မင်းပြုသည်၊ တိုင်းပြည် ဗာရာဏာ။
အလောင်းတော်သည်၊ သီလဘည်၊ သူ့မည် ဝိသယှာ။
ကုဋေရှစ်ဆယ်၊ ပြည့်စုံကြွယ်၊ ခန့်ထယ် ခြံမှာ။
ကတော်ဖြစ်သူ၊ စိတ်ထားဖြူ၊ မျှတူ စေတနာ။
နေ့စဉ်အမျှ၊ ခြောက်ဌာန၊ လှူထ ခြောက်သိန်းသာ။
ဒါနာနုဘော်၊ ဗိမာန်တော်၊ ပျံ့ကျော် တုန်လှုပ်ခါ။
ပဏ္ဍုကမ္ဗလာ၊ မြကျောက်ဖျာ၊ ပူလာ သိသိသာ။
သိကြားဉာဏ်သိ၊ ငါ့စည်းစိမ်၊ ရှယ်ချိန် လုဘို့လာ။
ဥစ္စာပစ္စည်း၊ အသိမ်းသိမ်း၊ ဖွက်ပြီး ထားလိုက်ရာ။
ရတနာခုနစ်ပါး၊ တိုက်ဟာများ၊ ပျောက်သွား ရှင်းရှင်းကွာ။
တံခဉ်ထမ်းပိုး၊ မြက်စည်းကြိုး၊ သုံးမျိုး တွေ့ခဲ့ရှာ။
ထမ်းခဲ့မြက်တွေ၊ ရောင်းရငွေ၊ မှတ်လေ တပဲသာ။
ရည်ရွယ်ဖြတ်ရှင်း၊ နှလုံးသွင်း၊ မူရင်း စေတနာ။
ထိုတွင်နှစ်ပြား၊ ငါတို့စား၊ နှစ်ပြား ယာစကာ။
သို့သော် ဘောင်းကြ၊ ပေးစွန့်ချ၊ နှစ်ပ ငွေဗလာ။

ဤနည်းတော်ကြ၊ ခြောက်ရက်မျှ၊ ရော့ထ အင်အားမှာ။
ခုနစ်ရက်မြောက်လျှင်၊ ထမ်းလာစဉ်၊ ထက်တွင် လဲခွေလာ။
ထိုတွင် မျက်မှောက်၊ သိကြားရောက်၊ ပံ့ထောက် စုံစမ်းရှာ။
မလှူဟုပင်၊ ဝန်ခံလျှင်၊ ခုတွင် ပေးမည်သာ။
လူရပ်နတ်နယ်၊ မရည်ရွယ်၊ ရည်ရွယ် ဗောဓိသာ။
ကြွန္ဒိထင်ရှား၊ မင်းသိကြား၊ နီးနား ချဉ်းကပ်ခါ။
လက်ဖြင့်ကျောတွင်၊ သုံးသပ်စဉ်၊ ကြည်လင် ပြည့်စုံလာ။
ကိုယ်တွင်သန့်ရှင်း၊ ခဏချင်း၊ ဆားကင်း မွတ်သိမ့်ကွာ။
ပျောက်သောဥစ္စာ၊ ပြန်ရောက်လာ၊ လွန်စွာ တိုးပွားကာ။
ဆယ့်နှစ်သိန်းငွေ၊ ပေးစွန့်ချွေ၊ လှူလေ နေ့စဉ်သာ။
သိကြားမင်းသည်၊ မှာခဲ့ပြီ၊ ကြွချီ တုသိတာ။
သင္ဒေးကတော်၊ ကြင်အဖော်၊ ယသော် ရဟန္တာ။
ဝိသယှထင်ရှား၊ သင္ဒေးကား၊ ဘုရား ဖြစ်ရှိလာ။

(သုတ္တန္တပိဋက၊ ဇာတကအဋ္ဌကထာ၊ တတိယအုပ် စတုက္ကနိပါတ်။ နှာ-၁၁၈)

ပဲခူးမြို့၊ ပန်းလှိုင် ၂၁-လမ်း၊ ဗလ ပုံနှိပ်တိုက် မိသားစု ကောင်းမှု။

၁၃၃၇-ခုနှစ်၊ တော်သလင်းလပြည့်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
## ဟောကြားအပ်သော

### ဘုရားအလောင်းတော် ဝိသယှသဋ္ဌေးကြီး၏ လေးနက်သောသဒ္ဓါတရား

ဗာရာဏသီ၊ တိုင်းဌာနီ၊ ပြည့်စီ လွန်သာယာ။
ဗြဟ္မဒတ်မင်း၊ အုပ်ချုပ်ခြင်း၊ ရှိရင်း ထိုအခါ။
ဝိသယှကြွယ်၊ သဋ္ဌေးဝယ်၊ ရှစ်ဆယ် ကုဋေသာ
ဘသောင်းစီပြ၊ ခြောက်ဌာန၊ လှူထ နေ့စဉ်မှာ။
သိကြားနေရာ၊ မြကျောက်ဖျာ၊ များစွာ ပူ၍လာ။
ရန်သူအလား၊ ဖုံးကွယ်ထား၊ ပျောက်သွား အားလုံးမှာ။
စိတ်တူကိုယ်တူ၊ လွန်ကြည်ဖြူ၊ ပေးလှူ လေးနက်စွာ။
ရှာကြံအားကိုး၊ ဂုံစဉ်ကြိုး၊ ထမ်းပိုး ပြည့်စုံစွာ။
မြက်ထမ်းသမား၊ စွန့်ပစ်ထား၊ ခကောက်ပြောင်း ယူ၍လာ။
ဦးထမ်းပဲ့ထမ်း၊ နည်းကုန်စမ်း၊ ကြိုးပမ်း မြက်ရိတ်ခါ။
မြက်ထုံးရောင်းရ၊ နှစ်ပဲမျှ၊ ကျနှ ယူ၍လာ။
သူမရ ငါမရ၊ ဝိုင်းတောင်းကြ၊ မရ စားအစာ။
ခုနစ်ရက်ပြည့်လာ၊ မြက်ပေါ်မှာ၊ လဲကာ မေ့နေရှာ။
သိကြားမင်းက၊ ကိုယ်တိုင်ကြွ၊ ပြောပြကုန်ဥစ္စာ။
ဝန်ခံကတိမျှ၊ ပြုလေက၊ ရောက်ကြ ရေးတူစွာ။

သိကြားဖြစ်မူ၊ သင်ပင်ပြူ၊ ယခု သင်တားလာ။
အရှင်သိကြား၊ မတရား၊ ထွက်သွား ခုမြန်စွာ။
ဘယ်လိုဆန္ဒ၊ ဘာတောင့်တ၊ ပြုကြ ဒါနမှာ။
သိကြားဗြဟ္မာကား၊ မဟုတ်ငြား၊ ဘုရားဖြစ်ဘို့သာ။
နိုးနိုးစပ်စပ်၊ ကိုယ်တိုင်ကပ်၊ ပွတ်သပ် ကျောကိုသာ။
ချက်ချင်းခလာ၊ အားအင်ကြွ၊ ပြည့်ဝ ပစ္စည်းပါ။
ခနစဉ်ငွေခေါင်း၊ သိန်းနှစ်သောင်း၊ ကောင်းကောင်း လှူဘို့မှာ။
ဤသို့ မိန့်ကြား၊ မိုးသိကြား၊ ပြန်သွား နတ်တို့ရွာ။
သဌေးကတော်က၊ ယသော်လှ၊ ဖြစ်ရ ကောင်းမွန်စွာ။
ဝိသယကား၊ ငါဘုရား၊ ထင်ရှား ဖြစ်၍လာ။

(ဇာတကအဋ္ဌကထာ၊ တတိယအုပ်၊ ကောကိလဝဂ်။ နှာ-၁၁၈)

(မမ္ဘဒါန အဂ္ဂျ၅ှင်) မိုယ်တဝထောင် သတင်းစာ အယ်ဒီတာ
ဦးစိုးသိမ်း-ဒေါ်မြင့်မြင့်၊ သမီး ထိုက်ထိုက်စိုး၊ သတ်သတ်စိုးတို့ ကောင်းမှု။
အမှတ် ၁၁၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

## ပေါဓိဉာဏ်ကို ရည်သန်လှူဒါန်းသော ရှေးအလောင်းတော်ကြီးများ၏ စေတနာသည် အမြဲတမ်း ကြည်ဖြူညီတူကြပုံ ဝိသယှဇာတ်တော်

## (ဝိသယှသဌေးကြီးနှင့် သဌေးကတော်ကြီး ဝတ္ထု)

မှတ်သားဘွယ် အကျဉ်းချုပ်

## ခြောက်ဌာနမှာ လှူလာနိစ္စ တသိန်းကျ

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ နေစဉ် အနာထပိဏ် သဌေးကြီးကို အကြောင်းပြု၍ အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားအလောင်းတော်သည် ကုဋေရှစ်ဆယ် ကြွယ်ဝသော (ဝိသယှ)မည်သော သဌေးကြီး ဖြစ်လျက် ငါးပါးသီလ မြဲ၏၊ လှူဒါန်းလိုသော ဆန္ဒ ရှိ၏၊ လှူဒါန်းမှု၌ မွေ့လျော်၏။ (၁) မြို့တံခါးလေးဘက် လေးဌာနနှင့် (၂) မြို့အလယ်၊ (၃) မိမိအိမ်တံခါး ဤ ၆-ဌာန၌ အလှူတင်းကုတ်များဆောက်၍ နေ့စဉ် ခြောက်သိန်းကုန် (တသိန်းကျစီ) လှူဒါန်း၏။ သဌေးကြီး၏ ဒါနတန်ခိုးဂုဏ်ကြောင့်-

(၁) သိကြားမင်းကြီး၏ ဘုံဗိမာန် ထင်ရှား ထူးကဲစွာ လှုပ်၏။
(၂) ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ ပူပြင်း၍ တင်းသော အခြင်းအရာကို ပြ၏။
(၃) သိကြားမင်းသည် ငါ၏ ဘုံဗိမာန်ကို လုမည့်သူ ပေါ်သလောဟု သံသယဖြစ်၏။

စုံစမ်းသည့်အခါ ဝိသယှသဌေးကြီး ဒါနပြုနေသည်ကို မြင်၍ အားလုံး ပစ္စည်းရှိသမျှကို သိကြားမင်းကြီးက ကွယ်ပျောက်စေလိုက်၏။

## မြက်ထမ်း ထမ်းပိုး ကြိုးနှင့်တံစဉ် ဒါဘဲမြင်

ထိုအခါ အလှူအရေး နေ့စဉ် ဆောင်ရွက်ပေးနေသူတို့က မေးကြ၏။ အလှူမဖြတ်ရန်ကို တွင်တွင်ကြီး ပြန်ပြောလေ၏။ ဘာရှိသေးသလဲ၊ ပေးဦး။ ဘာရှိသေးသလဲ၊ ပေးဦး ဆိုဆိုပြီး လှူလာရာ နောက်ဆုံး ကျွန်အမှုလုပ် ကစ ဘာမျှ မရှိတော့။ မြင်းအတွက် မြက်ထမ်းသမား ပြေးစဉ်က ကျန်ခဲ့သော (ထမ်းပိုး၊ ကြိုး၊ တံစဉ်)တို့ဘဲ ရှိတော့၏။ ဘုရားအလောင်းတော် ဝိသယှ သဌေးကြီးသည် မိမိကိုယ်ပိုင် စိတ်တိုင်းကျ လှူနိုင်ရန် ယင်းသုံးမျိုးကို ယူ၍ သဌေးကတော်ကြီးနှင့်တကွ လယ်ထဲ မြက်ခင်းသို့ သွားလေ၏။ မြက်တို့ကို ကြိုးစား ရိတ်လေ၏။

(၁) မြက်တထုံးက မိမိတို့ စားသောက်ဘို့အတွက်၊

(၂) မြက်တထုံးက ယာစကာတို့အား လှူဘို့အတွက်။

ဈေး၌ ရောင်းချကာ မြက်နှစ်ထုံးအတွက် ပိုက်ဆံ ၁-ပဲ ရရှိရာ ၂-ပြား က ယာစကာတို့အား လှူပြီးပြီ။ ကျွန်တော်တို့လည်း မစားရသေးပါ၊ ရလို ကြပါသေးသည်ဟု တောင်းလာကြပြန်၊ မိမိတို့အတွက် ကျန် ၂-ပြားကိုပါ လှူလိုက်ရပြန်သဖြင့် မိမိတို့ လုံးဝ မစားရတော့။ ဥပုသ်စောင့်ထားလိုက်ရပြန်၊ ဆက်၍ နေ့စဉ် မြက်သွားရိတ်၊ နေ့စဉ်ရောင်း၊ နေ့စဉ်ရ၊ နေ့စဉ်လှူ၊ ဥပုသ် စောင့်၊ ရေသောက်နေရသည်မှာ ၆ ရက် ရှိသွားပြီ၊ ၇ ရက်မြောက်နေ့ သွားကြပြန်ပြီ။

## ဦးပဲ့ ထမ်းလာ နှစ်ဖြာလယ်ထဲ ယိမ်းယိုင်လဲ

၇ ရက်မြောက် နေ့၌သည်း ဦး ပဲ့ ထမ်းလာကြရာ လုံးဝ မစားရတာ ယနေ့ ၇ ရက်ရှိပြီ၊ အသက်တွေဘလည်း ကြီးလာကြပြီ၊ ခရီးဝေး လေးလံ ပင်ပန်းမှုကလည်း တမှောင့်၊ နေကလည်း ထိပ်တည့်တည့် စွပ်ပူ၊ မျက်စိတွေ ပြာ၊ သတိတွေလည်း မေ့၊ လဲကျ၊ နှစ်ယောက်လုံး မြက်ထုံးဘေး ထိုးကွေးလျက် မေ့လျက် ဖြစ်နေကြပြီ။ သိကြားမင်းကြီးက သတိလေး တဖြည်းဖြည်းရစေလျက် အားလုံး မေး၊ အားလုံး ဖြေပြီးပြီ။

(က) နောက်ကို ထပ်၍ မလှူတော့ပါဟု ဝန်ခံရမည်။

(ခ) ငါ ဖွက်ထားသော သင့်ဥစ္စာ များစွာတို့ကို အားလုံး ပြန်ပေးမည်။

(ဂ) သင် ဘယ်သူလဲ၊ ငါ နတ်တို့သေဌ်နင်း သိကြားမင်းကြီးတည်း။

(ဃ) သင် သိကြားမင်း ဆိုလျှင် မတရားသော သိကြားမင်း ဖြစ်ရာ၏။

(င) သင်ကိုယ်တိုင် ဘာတွေလုပ်လို့ သိကြားမင်း ဖြစ်လာသလဲ။ သိကြားမင်းဖြစ်တာဟာ ဘာ့ကြောင့်လဲ။ ဒါနကြောင့် မဟုတ်လော။

(စ) သင် သိကြားမင်း စည်းစိမ်ကို လိုချင်လို့ ဒါန ပြု သ လော၊ မဟုတ်ပါ၊ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် ဖြစ်လို၍ ဒါနပြုခြင်းတည်း။

(ဆ) သင် ဘယ်သူလဲ။ ငါ ဘုရားအလောင်းတည်း။ သင်ကိုယ်တိုင် ဒါန၊ သီလ၊ ဥပေါသထ ကမ္မကြောင့် သိကြား ဖြစ်ခဲ့ရတော့ ငါ့အား တားမြစ်ခြင်းငှာ မသင့်ပါ။

(ဇ) သာဓု၊ သာဓု၊ ကောင်းလေစွ၊ ကောင်းလေစွ၊ လှူပါ၊ လှူပါ။ သိကြားမင်းကြီး ကိုယ်တိုင် လက်ဖြင့် ကျောတို့ကို သပ်လိုက်၏။

## ထိုခဏပင် အားအင်ပြည့်ဝ လိုတိုင်းရ

ထို သိကြားမင်းကြီး လက်ဖြင့် သပ်လိုက်သော ခဏ၌ပင်-

(၁) တကိုယ်လုံး အားအင်တွေ ပြည့်ဖြိုးလာ၏။
(၂) မျက်စိအမြင်၊ နားအကြားတို့လည်း ကောင်းကုန်၏။
(၃) ဘဏ္ဍာတိုက် စသည်မှ ရတနာတို့သည်လည်း ရှေးအတိုင်း ပြန်၍ ပြည့်ကုန်၏။

(၄) သင်သည် တနေ့ ၆ သိန်းမဟုတ်၊ ၁၂ သိန်းသော်လည်း လှူနိုင်၏ဟု တိုက်တွန်းစကား ပြောကြားပြီး နတ်တို့ပျော်ရာ တုသိတာနန်း ဘုံကြငှန်းသို့ ကြွမြန်း ပြန်သွားလေတော့သည်။ မြတ်စွာဘုရားသည် ဤတရားကို ဟောကြား၍ ဇာတ်ပေါင်းသည့်အခါ-

(က) သင်္ဃေးကတော်ကြီးသည် ရာဟုလာမယ်တော် ယသောဒရာ ဖြစ်လာသည်။

(ခ) ဝိသယှသင်္ဃေးကြီးသည်ကား ငါဘုရား ဖြစ်လာပေသည်။

၁၃၃၅-ခုနှစ် ဝါခေါင်လကွယ်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ

## ဟောကြားအပ်သော

**သာသနာတော်ကို ကြည်ညိုသဒ္ဓါပွားခဲ့၍ ကောသမ္ဗီသဌေးကြီး ဖြစ်လာရသော**

ဃောသက နှင့် သာမာဝတီတို့၏ အတိတ်ဝတ္ထု။

❀

အလ္လကပ္ပ၊ တိုင်းဌာန၊ ဆိုက်ကြ ဒုဗ္ဘိက္ခာ။
ကောတုဟလသည်၊ သားငယ်ချီ၊ ကာဠီ မျက်ကွယ်မှာ။
ကောသမ္ဗီသွား၊ လမ်းအကြား၊ ပစ်ထား သားငယ်သာ။
ကာဠီငိုကြွေး၊ သားငယ်လေး၊ ပြေး၍ ပြန်ယူလာ။
ကျွေးမွေးခင်းကျင်း၊ နို့ထမင်း၊ စားခြင်း လွန်ကဲစွာ။
အစာမကြေ၊ ညဉ့်တွင်သေ၊ သန္ဓေ ခွေး၌သာ။
ကာဠီမယား၊ အခစား၊ လုပ်ငြား ထိုအိမ်မှာ။
နံနက်ကာလ၊ နေ့စဉ်ကြွ၊ ဗုဒ္ဓ ပစ္စေကာ။
လုပ်ခဆန်ဟူ၊ စလယ်မူ၊ လောင်းလှူ ချက်ပြုတ်ခါ။
ခြောက်လကျော်ငြား၊ ခွေးမကား၊ မွေးဖွား တကောင်သာ။
ပစ္စေကဗုဒ္ဓါ၊ ကြွတိုင်းသာ၊ ပြေးလာ ကြည်ညိုကာ။
ရွှင်မြူးအားတက်၊ ရက်မပျက်၊ ဟောင်လျက် ကြိုပို့ရှာ။
ပိဘ်များယူကာ၊ ဂန္ဓမာ၊ ပျံကာ ကြွ၍သာ။
ဟောင်ကာအူကာ၊ တစာစာ၊ သေရှာ ရင်ကွဲနာ။
တာဝတိံသ၊ တထောင်ခြံ၊ ခံစံ ပြည့်စုံစွာ။

ပကတိသံအင်၊ တသောင်းထင်၊ တိုင်ပင် ဆယ့်ခြောက်သာ။
ထို့ကြောင့် ထင်ရှား၊ နတ်အများ၊ ခေါ်ငြား ဃောသကာ။
နတ်မှရွှေ့လျှင်၊ လူ့ပြည်တွင်၊ ဖွားမြင် ပြည့်တန်ဆာ။
ပုရောဟိတ်မေး၊ ထိုနေ့မွေး၊ သဌေး ကြီးကျယ်စွာ။
အမှိုက်ပုံနား၊ ရက်စက်အား၊ စွန့်ထား ပထမာ။
နွားတွေထွက်ငြား၊ ခြံဝနား၊ စွန့်ထား ဒုတိယာ။
လှည်းတွေ လာသွား၊ လမ်းအကြား၊ စွန့်ထား တတိယာ။
သုသာန်အနား၊ ချုံအကြား၊ စွန့်ထား စတုတ္ထာ။
တောင်ထိပ်ပေါ်သွား၊ ချောက်ကမ်းပါး၊ စွန့်ထား ပဉ္စမာ။
အိုးထိန်းသည်များ၊ မှာကာထား၊ လွှတ်ငြား ဆဋ္ဌမာ။
တောသဌေးကြီး၊ စာရေးပြီး၊ ရှေးနည်း သတ္တမာ။
သမီးအလှ၊ ယဉ်စစ၊ ခေါ်ကြ ခင်သူဇာ။
မြင်လျှင်ချစ်ချင်း၊ လွန်ထန်ပြင်း၊ ဖောက်ထွင်း ခြင်ဆီမှာ။
လူတွေအပြတ်၊ ခိုးယူဖတ်၊ သိလတ် သတ်ဘို့ရာ။
မင်္ဂလာအခင်း၊ သူရေးသွင်း၊ စာချင်း လဲယူလာ။
ဇနီးကာဠီ၊ တောဌာနီ၊ ဖြစ်ပြီ ခင်သူဇာ။
ကောတုဟလကာ၊ လွန်ထင်ရှား၊ ဖြစ်ငြား ဃောသကာ။

(ခုဒ္ဒကနိကာယ်၊ ဓမ္မပဒ အဋ္ဌကထာ။ ပ-နှာ-၁၄၀)

ဇလ ပုံနှိပ်တိုက် မိသားစု ကောင်းမှု၊ ပန်းလှိုင် (၂၁)လမ်း၊ ပဲခူးမြို့၊

## သာသနာတော်ကို ကြည်ညိုသဒ္ဓါပွားခဲ့၍ ကောသမ္ဗီ သဋ္ဌေးကြီး ဖြစ်လာရသော ဃောသကနှင့် သူဇာတို့၏ အတိတ်ဝတ္ထု

မှတ်သားဘွယ် အကျဉ်းချုပ်

## သားကိုစွန့်လျက် သက်သက်သွားချင် သူ တိုင်ပင်

ဤ တရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ကောသမ္ဗီပြည်ကို အမှီပြု၍ ဃောသိတာရုံကျောင်း၌ နေစဉ် သာမာဝတီ မာဂဏ္ဍီ စသည်တို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

အလ္လကပ္ပတိုင်း၌ ငတ်မွတ်ခေါင်းပါး ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ရောက်သော အခါ၌ အသက်ရှည်ရန်ပင် မစွမ်းနိုင်သည်ဖြစ်၍ ကောတုဟလိက မည်သော လူတယောက်သည် ဇနီးကာဠီကို လည်းကောင်း၊ သား ကာပိကို လည်းကောင်း ခေါ်၍ အသက်မွေးနိုင်ရန် ကောသမ္ဗီပြည်သို့ ရိက္ခာထုပ်ကလေးများဖြင့် ထွက်ခဲ့၏။

**မှတ်ချက်**။ ။(အဟ်ဝါဟာရောဂေန မဟာဇနေ မရန္တေ ဒ်သွာ နိက္ခမိတိပိ ဝဒန္တိယေဝ) ထိုမိသားစု သုံးဦးတို့သည် တနေ့ ရိက္ခာကုန်သည်ဖြစ်၍ ဆာလောင်ခြင်း နှိပ်စက်လေသောကြောင့် ကလေးကို ဆောင်ယူသွားခြင်းငှာ မစွမ်းနိုင်တော့။ ထိုအခါ ကောတုဟလိကသည် ကာဠီကို ပြော၏။

ဘဒ္ဒေ မယံ ဇီဝန္တာ ပုန ပုတ္တံ လဘိဿာမ။
ဆဍ္ဍေတွာ နံ ဂစ္ဆာမ။

ဘဒ္ဒေ၊ အို-အိမ်ရှင်မ။ မယံ၊ ငါတို့သည်။ ဇီဝန္တာ၊ အသက်ရှင်မသေး ကုန်သည်ရှိသော်။ ပုန၊ တဖန်။ ပုတ္တံ၊ သားကို။ လဘိဿာမ၊ ရကုန်လတ္တံ့။ နံ၊ ထိုသားငယ်ကို။ ဆဍ္ဍေတွာ၊ စွန့်ခဲ့၍။ ဂစ္ဆာမ၊ သွားကြပါကုန်စို့။

## အကုသိုလ်ဟူ မီးကျွဲပိုက် ဂရုစိုက်

မိခင်၏ စိတ်နှလုံးသည် နူးညံ့၏။ ထို့ကြောင့် ဇနီးကာဠီသည် ဤသို့ ဆို၏၊

နာဟံ ဇီဝန္တမေဝ ပုတ္တံ ဆဠေတုံ သက္ခိဿာမိ။

သာမိ၊ အို-အိမ်ရှင်။ အဟံ၊ ကျွန်တော်မသည်။ ဇီဝန္တမေဝ၊ အသက်ရှင်သည်သာဖြစ်သော။ ပုတ္တံ၊ သားငယ်ကို။ ဆဠေတုံ၊စွန့်ခြင်းငှာ။ နသက္ခိဿာမိ၊ မစွမ်းနိုင်ပါ။ မစွန့်ရက်ပါ ဟူလို။

ထိုသို့ မစွန့်ရက်သော် အဘယ်သို့ ပြုမည်နည်းဟု ကောတုဟလိကက မေး၏။ တယောက်တလဲ ချီသွားတာပေါ့ဟု ကာဠီက ပြန်ပြော၏။ မိခင်ကာဠီသည် မိမိအလှည့်၌ ပန်းခြင်းလေးကဲ့သို့ ချီ၍ ရင်ခွင်၌ အိပ်စေ၏။ နောက်ဖခင် ကောတုဟလိကလက်သို့ ရောက်၏။ ဆာလောင်ခြင်းသည်လည်း နှိပ်စက်နေ၏။ စွန့်ခဲ့တို့ အကြောင်းသာ ထပ်ခါထပ်ခါ ပြောနေ၏။ ပြောတိုင်းလည်း မိခင်က ပယ်ခဲ့၏။ မိခင်ကို ရှေ့မှ သွားခိုင်းပြီး အိပ်ပျော်နေသော သားကို ချုံတခု၏ အောက်၌ သစ်ရွက်ခင်းပေါ် သိပ်၍ သွား၏။ မိခင်ပြန်ကြည့်၊ မတွေ့၍ မေး၏။ ပြန်ပြော၏။ ရင်ထု ငိုကြွေး၏၊ အတင်း ပြန်ယူခိုင်း၏။ ပြန်ရသော်လည်း လမ်းအကြား၌ တခုသော ဝေဒနာကြောင့် သားငယ် သေသွားပြီ။ စွန့်ခဲ့ရ၏၊ ထိုကောတုဟလိကသည် ဤ(သားစွန့်) အကျိုးဆက်ကြောင့် ဘဝတပါး၌ ခုနစ်ကြိမ် အစွန့်ခံရ၏။

ပါပကမ္မံ နာမေတံ အပ္ပကန္တိ န အဝမညိတဗ္ဗံ။

ဧတံ ပါပကမ္မံနာမ၊ ဤမကောင်းမှု အကုသိုလ်ကံ မည်သည်ကား။ အပ္ပကံ၊ နည်း၏။ ဣတိ၊ ဤသို့။ န အဝမညိတဗ္ဗံ၊ မယူဆ မအောက်မေ့အပ်။

## ကာဠီသက်ထား သနားလင်ကို ကျေးမွေးပို

ထို ကောတုဟလိကနှင့် ဇနီးကာဠီတို့ သွားကုန်သည်ရှိသော် တခုသော နွားကျောင်းသားရွာသို့ ရောက်ကုန်ပြီ။ ထိုနေ့၌ နွားကျောင်းသားအား နွားမကို ဂုဏ်ပြုသော မင်္ဂလာ ရှိ၏။ နွားကျောင်းသား၏ အိမ်၌ အမြဲ ပစ္စေကဗုဒ္ဓါ တပါး ဆွမ်းဘုဉ်းပေး၏။ ထို ပစ္စေကဗုဒ္ဓါသည် ထိုမင်္ဂလာဆွမ်းကို ဘုဉ်းပေးပြီး၍ မင်္ဂလာပြု၏။ များစွာ နို့ဃနာနှင့် စပ်၏။ နွားကျောင်းသားသည်

ထိုကောတုဟလိကနှင့် ကာဠိတို့ လာသည်ကိုမြင်၍ အဘယ်မှ လာကြသနည်းဟု မေး၍ အကြောင်းစုံကိုသိရ၍ သနားလှ၍ ထောပတ်နှင့် နို့ဃနာတို့ကို ကျွေး၏။ ဇနီးကာဠိသည် ဤသို့ ပြော၏။

သာမိ တယိ ဇီဝန္တေ အဟမ္ပိ ဇီဝါမိ နာမ၊
ဒီဃရတ္တံ ဥဒိနောဒရောသိ၊ ယာဝဒတ္ထံ ဘုဥ္ဇာဟိ။

သာမိ၊ အိမ်ရှင်။ တယိ၊ သင်သည်။ ဇီဝန္တေ၊ အသက်ရှင်သည်ရှိသော်။ အဟမ္ပိ၊ ငါသည်လည်း။ ဇီဝါမိနာမ၊ အသက်ရှင်သည်မည်၏။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး။ ဥဒိနောဒရော၊ ယုတ်လျော့သော ဝမ်းရှိသည်၊ အသိ၊ ဖြစ်ပြီ။ ယာဝဒတ္ထံ၊ အလိုရှိတိုင်း။ဘုဥ္ဇာဟိ၊ သုံးဆောင်ပါလော့။

## ခွေးမကြီး၌ ညွတ်ခိုက်သေသည် ဝင်စားပြီ

ဤသို့ဆို၍ ထောပတ်ကို လည်းကောင်း၊ နို့ဓမ်းကို လည်းကောင်း၊ ကောတုဟလိကသို့ ရှေ့ရှုခြင်းကိုသာလျှင် ပြု၍ မိမိသည် ညံ့သော ထောပတ် အနည်းငယ်ကိုသာ သုံးဆောင်၏။ ကောတုဟလိကသည် များစွာစားပြီးသော်လည်း ခုနစ်ရက် ရှစ်ရက် ဆာနေသည်အဖြစ်ကြောင့် အာဟာရတဏှာကို ဖြတ်ခြင်းငှာ မစွမ်းနိုင်။ နွားကျောင်းသားသည် နို့ဃနာကိုပေး၍ ကိုယ်တိုင် သုံးဆောင်ခြင်းငှာ အားထုတ်၏။ ကောတုဟလိကသည် ထိုနို့ဃနာကို ကြည့်သည်ရှိသော် အင်းပျဉ်အောက်၌ အိပ်၍နေသော ခွေးမကြီးအား နွားကျောင်းသားသည် ပေးအပ်သော နို့ဃနာခဲကိုမြင်၍-

ပုညာ ဝတာယံ သုနခီ၊ နိဗဒ္ဓံ ဧဝရူပံ ဘောဇနံ လဘတိ။

အယံ သုနခီ၊ ဤခွေးမကြီးသည်။ ပုညာဝတ၊ ဘုန်းကြီးလေစွတကား။ နိဗဒ္ဓံ၊ မပြတ်။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ ဘောဇနံ၊ ဘောဇဉ်ကို၊ လဘတိ၊ ရ၏။

ဤသို့ ကြံမိ၏။ ထို ကောတုဟလိကသည် ညဉ့်အဘို့၌ ထိုနို့ဃနာကို ကြေစိမ့်သောငှာ မစွမ်းနိုင်သည်ဖြစ်၍ သေပြီး ထိုခွေးမကြီး၏ဝမ်း၌ ဝင်စားလေ၏။

## ဇနီးကာဠီ အရှည်မြော်မြင် ဤအိမ်တွင်

ဇနီးကာဠီသည် လင် ကောတုဟလိကအလောင်းကို သင်္ဂြိုဟ်ပြီး နွားကျောင်းသားအိမ်၌ပင် အဘိုးအခအနေ ဆန်တစလယ်ရ၍ ချက်ပြီး ပစ္စေကဗုဒ္ဓါ၏သပိတ်၌ လောင်း၍ "ကွယ်လွန်သူ ကောတုဟလိကအား ရောက်ပါစေ" ဟု ဆို၍ စိတ်ကူးမိသည်မှာ–

မယာ ဣမေ ဝသိတုံ ဝဋ္ဋတိ၊ နိဗဒ္ဓံ အယျော ဣဓာဂစ္ဆတိ။
ဒေယျဓမ္မော ဟောတု ဝါ မာ ဝါ၊ ဒေဝသိကံ ဝန္ဒန္တိ ဝေယျာဝစ္စံ
ကရောန္တီ စိတ္တံ ပသာဒေန္တီ ဗဟုံ ပုညံ ပသဝိဿာမိ။

မယာ၊ ငါသည်။ ဣမေ၊ ဤအိမ်၌သာလျှင်။ ဝသိတုံ၊ နေခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။ နိဗဒ္ဓံ၊ မပြတ်။ အယျော၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည်။ ဣဓ၊ ဤအိမ်သို့။ အာဂစ္ဆတိ၊ ကြွလာတော်မူ၏။ ဒေယျဓမ္မော၊ လှူဘွယ်ဝတ္ထုသည်။ ဟောတုဝါ၊ ရှိသော်လည်းကောင်း။ မာ ဟောတုဝါ၊ မရှိသော်လည်းကောင်း။ ဒေဝသိကံ၊ နေ့တိုင်း။ ဝန္ဒန္တိ၊ ရှိခိုးလျက်။ ဝေယျာဝစ္စံ၊ အမှုကြီးငယ်ကို။ ကရောန္တီ၊ ပြုလျက်။ စိတ္တံ၊ စိတ်ကို။ ပသာဒေန္တီ၊ ကြည်ညိုစေလျက်။ ဗဟုံ၊ များစွာသော။ ပုညံ၊ ကောင်းမှုကို။ ပသဝိဿာမိ၊ ပွားစီးအောင် ပြုပါအံ့။

## နွားကျောင်းသားပင် အရှင်မြတ်အား သွားလျှောက်ထား

ထိုကာဠီသည် ဤအိမ်၌ပင် အဘိုးအခဖြင့် နေ၏။ ဤအိမ်မှ ခွေးမကြီးသည်လည်း ခြောက်လ ခုနစ်လကြာသော် ခွေးလေးတကောင်ပေါက်၏။ နွားကျောင်းသားသည် ထိုခွေးလေးကို နို့စားနွားမတကောင် ပေးထား၏။ မကြာမီကြီးလာ၏။ ပစ္စေကဗုဒ္ဓါသည်လည်း နေ့စဉ် ထိုခွေးလေးကို ထမင်း တခဲ တခဲ ပေးသွား၏။ ခွေးလေးလည်း အလွန်ခင်နေ၏။ နွားကျောင်းသားသည် အမြဲ ပစ္စေကဗုဒ္ဓါ၏ အထံသို့ တနေ့နှစ်ကြိမ် ဆည်းကပ်ရန်သွား၏။ ဤသို့ သွားသော် လမ်းအကြား၌ မြွေ၊ သားရဲတို့ နေရာ၌ တုတ်ဖြင့် ချုံတို့ကို လည်းကောင်း၊ မြေကြီးကို လည်းကောင်း ရိုက်ခတ်၍ (သုသု)ဟု သုံးကြိမ် အသံပြုပြီးမှ မြွေ၊ သားရဲတို့ကို ပြေးစေ၏။ ခွေးလေးသည်လည်း ထိုနွားကျောင်းသားနှင့် လိုက်၏။ ထို နွားကျောင်းသားသည် တနေ့သ၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို လျှောက်၏။

ဘန္တေ ယဒါ မေ ဩကာသော န ဘဝိဿတိ၊ တဒါ ဣမံ သုနခံ ပေသေဿာမိ၊ တေန သညာဏေန အာဂစ္ဆေယျာထ။

ဘန္တေ၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးဘုရား။ ယဒါ၊ အကြင်အခါ၌။ မေ၊ တပည့်တော်အား။ ဩကာသော၊ လာရောက်ပင့်ရန် အခွင့်သည်။ န ဘဝိဿတိ၊ မဖြစ်လတ္တံ့။ တဒါ၊ ထိုအခါ၌။ ဣမံ သုနခံ၊ ဤခွေးလေးကို။ ပေသေဿာမိ၊ လွှတ်လိုက်ပါအံ့၊ တေန သညာဏေန၊ ထိုအမှတ်အသားဖြင့်။ အာဂစ္ဆေယျာထ၊ ကြွလာတော်မူပါကုန်လော။

## ပစ္စေကအရှင် ခင်ပင်ပိုမို လွန်ကြည်ညို

ထိုအခါမှစ၍ မအားမလပ်သောနေ့၌ "ဂစ္ဆ တာတ၊ အယျံ အာနေဟိ= ချစ်သား သွားသော့၊ အရှင်ပစ္စေက ဗုဒ္ဓါကို ပင့်ခဲ့လော့"ဟု ခွေးလေးကို ပင့်ခိုင်း၏။ ထိုခွေးလေးသည် တခွန်းသောစကားဖြင့်ပင် ပြေး၍ အရှင် နွားကျောင်းသား၏ ဒုတ်ဖြင့် ချုံကို ရိုက်ခြင်း၊ မြေကို ရိုက်ခြင်း ပြုလုပ်ရာ၌ သုံးကြိမ် သုံးကြိမ် ဟောင်၍ ထိုအသံဖြင့် မြွေ၊ သားရဲတို့ ပြေးသည်အဖြစ်ကို သိ၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ နေရာသို့ သွား၍ သစ်ရွက်မိုးကျောင်း၏ တံခါးဝ၌ သုံးကြိမ် ဟောင်၍ မိမိရောက်လာပြီအဖြစ်ကို အသိပေး၍ လျောက်ပတ်သော နေရာ၌ ဝပ်နေ၏။ အရှင်မြတ်သည် အချိန်ကို မှတ်၍ ထွက်လာသော် ရှေ့မှ ဟောင်လျက် ဟောင်လျက် လိုက်၏။ ပစ္စေကဗုဒ္ဓါ လမ်းလွဲသွားလျှင်လည်း ရှေ့မှ ကန့်လန့်လုပ်ပြီး ဟောင်လျက် လမ်းမှန်သို့ ပို့ပေး၏။ ကိုယ်တော်က မဆုတ်ဘဲ ဇွတ်တိုးသွားနေလျှင် သင်္ကန်းစ ကိုက်ပြီး ဆွဲလာ ပို့ပေး၏။ ဤသို့ ယင်း ခွေးလေးသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်၌ များစွာ ခင်မင် ကြည်ညိုနေ၏။

## အပြင်အတွင်း မယွင်းတူမှန် တိရစ္ဆာန်

အရှင်မြတ်၏ သင်္ကန်းသည် ဆွေးရိပြီ၊ နွားကျောင်းသားသည် သင်္ကန်း အလို့ငှာ ပိတ်စများ လှူ၏။ "ဒါယကာ၊ သင်္ကန်းဖြစ်လာဘို့ရန် ဤအရပ်၌ မလွယ်။ အများနှင့်လုပ်မှ ဖြစ်ပါမည်"ဟု မိန့်၏။ ကြွသိုလျှင် အပ၌ ကြာမြင့်စွာ မနေဘို့ လျှောက်၏။ ခွေးလေးလည်း နားထောင်နေ၏။ "ကဲ ပြန်ကြတော့၊ ကြွတော့မည်"ဆိုပြီး ကောင်းကင်သို့ ပျံတက်၍ ဂန္ဓမာဒနတောင်သို့ ရှေးရှု သွားလေ၏။ ခွေးလေးသည် ကောင်းကင်သို့ တက်ကြွသွားသော မထေရ်အား

ကြည့်၍ အလွမ်းဖြင့် ဟောင်ယင်း ဟောင်ယင်း မျက်စိ ဆုံးသော် နှစ်လုံးကွဲပြီး သေလေ၏။

တိရစ္ဆာနာ ကိရ နာမေတေ ဥဇုဇာတိကာ ဟောန္တိ အကုဋိလာ၊
မနုဿာ ပန အညံ ဟဒယေန စိန္တေန္တိ၊ အညံ မုခေန ကထေန္တိ။

ဧတေ တိရစ္ဆာနာ နာမ၊ ထို တိရစ္ဆာန်တို့ မည်သည်ကား။ ဥဇုဇာတိကာ၊ ဖြောင့်မတ် မှန်ကန်သော သဘော ရှိကြလေကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အကုဋိလာ၊ ကောက်ကျစ် စဉ်းလဲသော သဘော မရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ မနုဿာ ပန၊ လူတို့သည်ကား။ အညံ၊ တပါးသော အရာဌာနကို။ ဟဒယေန၊ စိတ်နှလုံးဖြင့်။ စိန္တေန္တိ၊ ကြံကုန်၏။ အညံ၊ တပါး သော အရာဌာနကို။ မုခေန၊ နှုတ်(ပါးစပ်)ဖြင့်။ ကထေန္တိ၊ ပြောဆိုကုန်၏။

## နတ်တို့စုတိ ကြောင်းရှိထင်ရှား ၅ါးလေးပါး

ထို့ကြောင့် ထိုခွေးလေး ကောတုဟလိကသည် တာဝတိံသာနတ်ပြည်၌ နတ်သား ဖြစ်လျက် နတ်သမီးတထောင် အခြံအရံဖြင့် များစွာသော စည်းစိမ် ချမ်းသာကို ခံစားရ၏၊နားအနီးကပ်၍ တိုးတိုးပြောလျှင် ဆယ့်ခြောက်ယူဇနာက ကြားရ၏၊ မှန်တန် ပြောလျှင် ယူဇန တသောင်းက ကြားရ၏။ ထိုနတ်ပြည်ကို အသံ ဖုံးလွှမ်းသွား၏။ ယင်း ကောတုဟလိက ခွေးနတ်သားကို အသံ အလွန် ကောင်းသောကြောင့် (ဃောသကနတ်သား)ဟု အမည်တွင်လေ၏။ အသံ ကောင်းရခြင်း အကြောင်းရင်းကား ပစ္စေကဗုဒ္ဓါ၌ ချစ်ခင် ကြည်ညိုခြင်းဖြင့် ဟောင်ကာဟောင်ကာ ကြိုပို့ရခြင်းကြောင့်ပါတည်း။သို့သော် ထိုတာဝတိံသာ နတ်ပြည်၌ ကြာမြင့်စွာ မနေရပါ။ နတ်ပြည်မှ နတ်သား နတ်သမီးများသည် အကြောင်းလေးခုကြောင့် နတ်ပြည်မှ ရွေ့လျော ပျက်စီးကြရလေကုန်၏။

(၁) အာယုက္ခယ = အသက်တမ်း ကုန်ခြင်းကြောင့်လည်း ပျက်စီး တတ်၏။

(၂) ပုညက္ခယ = ကုသိုလ်ကောင်းမှု ကုန်ခြင်းကြောင့်လည်း ပျက်စီး တတ်၏။

(၃) အာဟာရက္ခယ=အစာအာဟာရ ကုန်ခြင်းကြောင့်လည်း ပျက်စီး တတ်၏။

(၄) ကောပ=အမျက်ထွက်ခြင်းကြောင့်လည်း ပျက်စီးတတ်၏။

**ရွှေ့လျောရကြောင်း ထပ်လောင်းလေးဖြာ အကျယ်မှာ**

ဆိုပြီး အကြောင်းလေးမျိုးကို အကျယ် ပြဆိုဦးအံ့။

(၁) အာယုက္ခယ=အကြင်သူသည် များစွာသော ကုသိုလ်ကောင်းမှုကို ပြုခဲ့၏။ ထိုသူသည် နတ်ပြည်၌ ဖြစ်၍ အသက်အတိုင်း ထိုနတ်ပြည်၌ တည်လျက် အထက် အထက် နတ်ပြည်တို့၌ သွားဖြစ်၏။ ဤနတ်ပြည်၌ ရွှေ့လျောသွား၏။

(၂) ပုညက္ခယ=အကြင်သူသည် ကုသိုလ်ကောင်းမှုကို နည်းနည်း ပြုထား၏။ ထိုသူအား မင်း၏ စပါးထည့်စရာ ကျည်၌ ထည့်အပ်သော နှစ်စလယ်၊ သုံးစလယ်မျှသော စပါးကဲ့သို့ အသက်အတိုင်း မရောက်မီ အကြား၌ ထိုကုသိုလ် ကုန်သွား၏။ အကြား၌ပင် သေသွား၏။ ရွှေ့လျောသွား၏။

(၃) အာဟာရက္ခယ=ကာမဂုဏ်တို့ကို အပြင်းအထန် ခံစားလျက် သတိ လွတ်ကင်းသဖြင့် အာဟာရတို့ကို မသုံးဆောင်ဘဲ နေသဖြင့် ပင်ပန်းသောကိုယ် ရှိသောကြောင့် ရွှေ့လျောသွား၏။

(၄) ကောပ=သူတပါး၏ စည်းစိမ်ကို မြင်ပြီး လိုချင်လှသဖြင့် သည်း မခံနိုင်၊ စိတ် အလွန်ဆိုး၏၊ စိတ်ဆိုးလွန်၍ ရွှေ့လျောသွား၏။

၁၃၃၅-ခုနှစ်၊ တော်သလင်းလဆန်း (၈)ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

**ဒေါ်သကလေးအတွက် ဇနီးမောင်နှံတို့ အကြီးအကျယ် ပူဆွေး သေပွဲဝင်ကြရသော**

ဘုရားအလောင်းတော် ဆဒ္ဒန်ဆင်မင်းနှင့် မိဖုရားလေး သုဘဒ္ဒါ ဝတ္ထု

ဟိမဝန္တာ၊ အိုင်ဆဒ္ဒန်၊ ခြံရံ ရှစ်ထောင်သာ။
တန်ခိုးကြီးလှံ၊ ကောင်းကင်ပျံ၊ ဆဒ္ဒန် ဆင်မင်းမှာ။
ကိုယ်လုံးဖြူညီ၊ ခြေလက်နီ၊ စွယ်သည် ရောင်ခြောက်ဖြာ။
ပစ္စေဗုဒ္ဓင်၊ ငါးရာလျှင်၊ နေ့စဉ် ပူဇော်ကာ။
စူဠ, မဟာ၊ သုဘဒ္ဒါ၊ နှစ်ဖြာ သူ့ကြင်ယာ။
အင်ကြင်းပင်မှ၊ ခါချဉ်ကျ၊ ဒေါ်သ ဖြစ်ခဲ့ရှာ။
ရွက်ချပ်ခုနစ်ဆင့်၊ ပဒုံပွင့်၊ ပေးလင့် ထပ်ဆင့်ကာ။
ရှင်မြတ်ဆူဆူ၊ သစ်သီးလှူ၊ ဆုမူ တောင်းခဲ့ပါ။
ရန်ရှိန်ကြီးမား၊ စာမစား၊ သေသွား စူဠမှာ။
သောင်းခြောက်ထောင်ကား၊ မောင်းမများ၊ သက်ထား မင်းဗာရာ။
ချင်ချင်းပြောပြ၊ စည်းဝေးကြ၊ ရွေးထ သောနုတ္တရာ။
ဆင်ပြောင်ငါးစီး၊ အားရှိပြီး၊ အိပ်ကြီး ကွမ်းထုပ်ပမာ။
ခွန်နှစ်, ခွန်လ၊ ခွန်ရက်ကျ၊ ရောက်ထ ထိုနေရာ။
လေးထောင့်ရှိကျင်း၊ သစ်သားခင်း၊ ဖောက်ထွင်း မြားဆံ့ရာ။
သစ်ခေါက်ဖန်ရည်၊ ဝတ်ရုံပြီ၊ ပစ်သည် ဆိပ်လူးကာ။

ချက်မှုစူးလျက်၊ ကျောတွင်ထွက်၊ မှုန့်ညက် အူသဲမှာ။
ဆိုးရည်အိုးမှ၊ ပေါက်ခါကျ၊ တူလှ သွေးတွေဟာ။
ကြိုးကြာသံပေါ်၊ ကုန်းဟစ်အော်၊ ကြားသော် အားလုံးလာ။
ရန်သူရှာရန်၊ စိတ်ခက်ထန်၊ ပြေးပြန် နောက်ကိုသာ။
သိထားဆက်ဆက်၊ ခွာဖြင့်ယက်၊ တွေ့ချက် သင်္ကန်းလျာ။
ဒေါသစိတ်တွေ၊ အားလုံးဖြေ၊ မေးလေ ကြောင်းခြင်းရာ။
လွန်စွာထိုက်တန်၊ ဗောဓိဉာဏ်၊ ထက်သန် စေတနာ။
မတွန့်မဆုတ်၊ ကိုယ်တိုင်နုတ်၊ သစ်ငုတ် ဥပမာ။
ခုနစ်ရက်တွင်း၊ ဘေးရန်ကင်း၊ ရောက်ခြင်း ငါ့မေတ္တာ။
အစွယ်နှစ်ဆူ၊ လွယ်ဘကူ၊ သင်ယူ ဆက်သပါ။
မှာပြီးခဏ၊ ဘုံးဘုံးကျ၊ လဲထ သေဆုံးရှာ။
ခုနစ်ရက်တွင်း၊ ဘေးရန်ကင်း၊ ရောက်ခြင်း ဗာရာဏာ။
သောနုတ္တိုရ်ကား၊ မှာစကား၊ လျှောက်ထားပြည့်စုံစွာ။
လင့်စွယ်နှစ်ဆူ၊ သတ်လျက်ယူ၊ ရှေးမူ မြင်၍သာ။
ဘဝဟောင်းက၊ ချစ်ခဲ့ကြ၊ စစ ပြန်မြင်ကာ။
မျက်ရည်တွေရွဲ၊ လိုက်လိုက်လှဲ၊ ဖြေဘဲ မရပါ။
လွမ်းဆွေးပူကဲ၊ နှလုံးသဲ၊ ကွဲလျက် သေဆုံးရှာ။
သောနုတ်ဒေဝ၊ ဖြစ်လာရ၊ သုဘ ထေရီသာ။
ဆဒ္ဒန်ဆင်ကား၊ ထင်အရှား၊ ဘုရား ဖြစ်၍လာ။

(ဇာတကအဋ္ဌကထာ၊ ပဉ္စမအုပ်။ နှာ-၁၇)

လိပ်ပြာကန် ၁-လမ်း၊ အမှတ် ၅၁၀၊ ကွယ်လွန်သူ ဦးမောင်ခင်နှင့်
သမီး မသန်း၊ မြင့်တို့အား ရည်စူး၍ ဒေါ်မြစိန် မိသားစု ကောင်းမှု။

**ဒေါသကလေးအတွက် ဇနီးမောင်နှံတို့ အကြီးအကျယ် ပူဆွေး သေပွဲဝင်ကြရသော**

## ဘုရားအလောင်းတော် ဆဒ္ဒန်ဆင်မင်းနှင့် မိဖုရားလေး သုဘဒ္ဒါဝတ္ထု

## မှတ်သားဘွယ် အကျဉ်းချုပ်

### ဆဒ္ဒန်ဆင်မင်း ချစ်ခြင်းနှစ်ဖြာ သုဘဒ္ဒါ

ရှေးအခါ ဟိမဝန္တာအရပ်၌ ဆဒ္ဒန်အိုင်ကြီးကို အမှီပြု၍ ရှစ်ထောင်သော ဆင်ပြောင်ကြီးတို့သည် ကျက်စား နေထိုင်ကြကုန်၏။ ထိုအခါ ဘုရားအလောင်းတော် ဆင်မင်းလေးသည်-

(၁) ယင်း ရှစ်ထောင်သော ဆင်ပြောင်ကြီးတို့၏ မင်းဖြစ်သော ဆင်မင်းကြီး၏ သားတော်လေး ဖြစ်၏။

(၂) တကိုယ်လုံး ဆွတ်ဆွတ်ဖြူလျက် များစွာ လှပ၏။

(၃) အလွန် နီမြန်းလျက် အသရေနှင့် ပြည့်စုံသော လျှာများ ခွာများ ရှိ၏။

(၄) အစောက် အတောင် ၈၀-ရှိ၏။

(၅) အလျား အတောင် ၁၂၀-ရှိ၏။

(၆) ငွေပန်းဆိုင်းနှင့်တူသော ၅၈-တောင်ရှိသော နှာမောင်းရှိ၏။

(၇) လုံးပတ် ၁၅-တောင်၊ အလျား အတောင် ၃၀-ရှိသော အစွယ် ရှိ၏။

(၈) အရောင် ၆-မျိုးနှင့် ပြည့်စုံ၏။

(၉) ရှစ်ထောင်သော ဆင်တို့၏ အကြီးအကဲ ဖြစ်၏။

(၁၀) ပစ္စေကဗုဒ္ဓါ ၅၀၀ တို့ကို ဟိမဝန္တာ တောအရပ်မှ ရရှိသော သစ်သီး၊ ပန်းမန် စသည်တို့ဖြင့် အမြဲ ဆက်ကပ် ပူဇော်၏။

(၁၁) ထိုအလောင်းတော် ဆဒ္ဒန်ဆင်မင်း၏ မိဖုရား ဆင်မ နှစ်ဦး တို့ကား စူဠသုဘဒ္ဒါနှင့် မဟာသုဘဒ္ဒါတို့ ဖြစ်၏။

## အင်ကြင်းတောသွား ကစားရာမှ သူ့ရန်စ

အလောင်းတော် ဆင်မင်းသည် ဆဒ္ဒန်အိုင်ကြီးကို အမှီပြု၍ နေခြင်းကြောင့် ဆဒ္ဒန်ဆင်မင်းဟု အမည်တွင်လေသည်။ ဆင်အပေါင်း ရှစ်ထောင် ခြံရံလျက် ရတနာ၌ မွေ့လျော်၍ နေ၏။ ဆဒ္ဒန်အိုင်ကြီးသည်-

(၁) အလျားအားဖြင့် ယူဇနာ ၅၀-ရှိ၏။

(၂) အနံအားဖြင့်လည်း ယူဇနာ ၅၀-ရှိ၏၊

(၃) အလယ် ၁၂-ယူဇနာအတွင်း အရပ်၌ မှော်များ၊ ရေညှိများ မရှိ။

(၄) ရေတို့သည် ပတ္တမြားကဲ့သို့ အရောင်အဆင်း ရှိ၏။

(၅) တောအထပ်ထပ် တောင်အထပ်ထပ် ဝိုင်းဝန်း ခြံရံထား၏။

တနေ့သ၌ တမူသော ဆင်ငယ်သည် ''အင်ကြင်းတော၌ အင်ကြင်း ပန်းများ ပွင့်ကြောင်း၊ အလွန် သာယာလျက် ကြည်နူးဘွယ်ကောင်းကြောင်း၊ စိတ်အနားပေး လွတ်လပ်ရေးဖြင့် အေးဆေးသက်သာ လာရောက် လည်ပတ် မည်ဆိုက အလွန် ဝမ်းသာကြမည်ဖြစ်ကြောင်း'' စသည် လာရောက်ဖိတ်ခေါ် လေ၏။ အလောင်းတော် ဆင်မင်းသည်လည်း (သာလကီဠံ ကီဠိဿာမိ) အင်ကြင်းတော၌ အင်ကြင်းပန်းတို့ဖြင့် ဆင်မြန်း ကစားခြင်းကို ကစားပါအံ့ဟု ကြံ၍ စူဠသုဘဒ္ဒါ၊ မဟာသုဘဒ္ဒါဟူသော အငယ် အကြီး ဇနီးမယားတို့အား အနီးအနားထားပြီး အခြံအရံနှင့်တကွ အင်ကြင်းတောသို့ သွားလေ၏။ ထို အင်ကြင်းတောမှ ''အမှိုက်ကစ ပြဿဒ် မီးလောင်'' ဆိုသကဲ့သို့ တစ တစ မီးပွား တဖြည်းဖြည်း ကြီးမားခဲ့လေသည်။

## အစွယ်နှစ်ဆူ သတ်ယူရလို တောင်းဆုဆို

ပင်လုံးကျွတ် ညွှတ်၍ တအားကြီး ပွင့်နေသော အင်ကြင်းပင်ကြီးမှ နှစ်သွယ်သော ဇနီးတို့အား ပေးပသော အင်ကြင်းပန်းများ အတူအမျှရကြစေလို

သော ဆန္ဒဖြင့် အင်ကြင်းပင်ကြီးကို ဦးခေါင်းဖြင့် တွန်းခါလိုက်လေ၏။ ထိုအခါ-

(၁) စူဠသုဘဒ္ဒါသည် လေအထက်၌ ရပ်နေ၏။ ထို့ကြောင့် ကိုယ်ပေါ်သို့ သစ်ကိုင်းခြောက်၊ သစ်ရွက်ခြောက်နှင့် ခါချဉ်ကောင်တို့သည် ကျလာကြလေကုန်၏။

(၂) မဟာသုဘဒ္ဒါသည် လေအောက်၌ နေ၏။ ထို့ကြောင့် ကိုယ်ပေါ်သို့ ပန်းနု သစ်ရွက်နုများသာ ကျလာကြလေကုန်၏။

စူဠသုဘဒ္ဒါသည် ဘုရားအလောင်း ဆဒ္ဒန်ဆင်မင်းကြီးအပေါ်၌ ဤနေရာ ဤအခါမှစ၍ ရန်ငြိုးဖွဲ့၏။ မတရားဘူးဟု အယူအစွဲ မြဲသွားလေပြီ။ နောက်တနေ့ ဆင်မင်းကြီးသည် နှစ်သွယ်သော ဇနီးတို့နှင့် တကွ အခြံအရံ ဆင်အပေါင်း ခြံရံလျက် ရေချိုးအံ့သောငှာ ဆဒ္ဒန်အိုင်ကြီးသို့ ဆင်းသက်လာကြ၏။ ထိုအခါ တကောင်သော ဆင်သည် လှည့်လည်ယင်း အလွန် ကြီးထွားလှပသော ပဒုမ္မာ ကြာပွင့်ကြီးကို ရ၍ အလောင်းတော်အား ဆက်သလေ၏။ အလောင်းတော်သည် မဟာသုဘဒ္ဒါအား ပေးလိုက်၏။ စူဠသုဘဒ္ဒါသည် နကိုဘ မကျေနပ်ရာမှ မီးလောင်ရာ လေပင့် ဆိုသလို အင်ကြင်းပန်း အာဃာတကို ကြာပန်း အာဃာတက ထပ်မံ ထောက်ခံ ကြီးထွား နက်ရှိုင်းစေခဲ့သည်။ ထို့ကြောင့် ဆုတောင်းမှုပြုရန် ဆုံးဖြတ်လိုက်လေပြီ။

## ပစ္စေကဗုဒ္ဓါ ထံမှာဝပ်တွား တောင်းဆုများ

တနေ့သ၌ အလောင်းတော် ဆင်မင်းကြီးသည် အလွန် ကောင်းကုန်သော သစ်သီးကြီးငယ်တို့ဖြင့် ငါးရာသော ပစ္စေကဗုဒ္ဓါတို့ကို ဆက်ကပ်လေ၏။ စူဠသုဘဒ္ဒါသည် မိမိအတွက်ရရှိသော သစ်သီး ကြီးငယ်တို့ကို ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား လှူဒါန်း၍ "ဤဘဝမှ စုတေခဲ့သည်ရှိသော် မဒ္ဒမင်းကြီး အိမ်၌ ဖြစ်ပါစေသတည်း။ ဖြစ်ရ၍ သုဘဒ္ဒါအမည်ဖြင့် မင်းသမီးဖြစ်ကာ အရွယ်ရောက်လျှင် ဗာရာဏသီမင်း၏ မိဖုရားဖြစ်ရပါလို၏။ များစွာ ချစ်မြတ်နိုးခြင်းကို ခံရပါလို၏၊ မုဆိုးကြီးတယောက်ကို စေလွှတ်၍ ဤဆဒ္ဒန် ဆင်မင်းကြီးကို အဆိပ်လူးသောမြားဖြင့် ပစ်သတ်နိုင်ရပါလို၏။ ပစ်သတ်ပြီး အစွယ်နှစ်ဆူတို့ကို အလွယ်တကူ ရယူပြီး အများမြင်အောင် နားဆင် ပြသနိုင်သည့်ကိုယ် ဖြစ်ရပါလို၏"ဟု ပတ္ထနာ ပြုလေ၏။

## ဟိမဝန္တာ ရောက်လာဝင်ခို သောနုတ္တိုရ်

သေသောအခါ တောင်းတိုင်း ပြည့်စုံလျက် မင်းသမီး တသောင်း ခြောက်ထောင်တို့၏ အကြီးဖြစ်လျက် ဇာတိဿရဉာဏ်ကို ရ၏။ တနေ့သ၌ မကျန်းမာယောင် ဆောင်၍နေ၏။ ဗာရာဏသီမင်းသည် တိုက်ခန်းသို့ ဝင်၍ မေးမြန်း စုံစမ်း၏၊ ချုံ၍ပြောရမည်ဆိုသော် အားလုံး အစီအစဉ်များ လုပ်၍ သောနုတ္တိုရ် မုဆိုးကြီးအား လိုအပ်သောလက်နက်အပြည့်အစုံဖြင့် လွှတ်လိုက်ပြီ။ ဆဒ္ဒန်ဆင်မင်းကြီးရှိရာ ဟိမဝန္တာအရပ်ဒေသသို့ တောအထပ်ထပ် တောင်အထပ်ထပ် ကျော်ဖြတ်သွားရ၏။ တောအားဖြင့် ၁၇၊ တောင်အားဖြင့် ၆-လုံး တို့ကို ကျော်ပြီးပြီ။အလောင်းတော် ဆဒ္ဒန်ဆင်မင်းကြီး နေရာသို့ ၇-နှစ်၊၇-လ၊ ၇-ရက် သွားရ၏။ ယင်း မုဆိုးကြီးမှာ ဆင်ပြောင်ငါးစီးအား ဆောင်စွမ်းနိုင်၏။

## မြား၏ဒဏ်ချက် တွန်းလျက်အော်ပြီ တောလုံးဟိ

သောနုတ္တိုရ်မုဆိုးကြီးသည် အားလုံး အစီအစဉ်လုပ်လိုက်ပြီ။ ဆဒ္ဒန်ဆင်မင်းကြီး ဆဒ္ဒန်အိုင်မှအတက် ရေစစ် အနားယူစုံရပ်နေခိုက် အောက်၌တူ ထားသော တွင်းထဲတွင် ဝင်ခိုနေရာမှ အဆိပ်လူးသောမြားဖြင့် ပစ်ထည့်လိုက်ရာ ဝမ် ဗိုက်မှ ဝင်သွားသော မြားသည် အူ အသည်း နှလုံး စသည်တို့ကို အစိတ်စိတ်အမွှာမွှာ ပြုပြီး ကျောမှထွက်ကာ ကောင်းကင်ဘီသို့ သွားလေ၏။ မြားဝင်သွားသော အပေါက်မှ သွေးများ များစွာကျလာ၏။ ပြင်းထန်သော ဝေဒနာတို့ကို ခံစား ရ၏။ သည်းခံခြင်းငှာ မစွမ်းနိုင်သဖြင့် ကုန်း၍ သုံးကြိမ်အော်လိုက်ရာ တတော လုံး တတောင်လုံး ဟိန်းသွားလေ၏။ ရှစ်ထောင်သော ဆင်တို့သည်လည်း ထိုအသံကြီးကို ကြားရ၍ သေဘေးမှ ကြောက်သဖြင့် ဆက်၍ ဆက်၍ အော်ကြ ပြန်၏။ ဟိန်းပြီးယင်း ဟိန်းယင်း ဖြစ်နေလေ၏။

## အစွယ်နှစ်ဆူ ဖြတ်ယူဆက်သ သင် ပြောပြ

ဆင်အပေါင်းတို့သည် ဘာက စသည်၊ ဘာ့ကြောင့် အော်ကြသည်၊ ဘာဆက်လုပ်ရမည်၊ ဘယ်သူ့ကို စုံစမ်းရမည်၊ ဘာမျှ မသိကြ။ ဆင်မင်းသည် မြားလာသောလမ်းကို ကြည့်၍ ငါ့ရန်သူ ငါ့ဗိုက်အောက် ရောက်နေကြောင်း သိထားပြီ။ အနီးအနား ဆင်များကား အသံစတင်ရာ ရောက်လာကြ၏။ ရန်သူ

ရှိရာ သွားကြကုန်လော ဆိုချက်အရ ရန်သူကို ရယူဖမ်းမိရေးပြန်ပြေးကြလေ၏။ ပရိသတ် ရှင်းတုန်း ခွာဖြင့်ယက်လိုက်ရာ သောနုတ္တိုရ်မုဆိုး ရှေ့မှောက် ရောက်ရှိလာ၏။ ဒါဟာ စူဠသုဘဒ္ဒါဉာဏ်ဘဲဟု ထင်းကနဲ ပေါ်လာ၏။ မေးမြန်းလိုက်သည့်အခါ ဗာရာဏသီပြည့်ရှင်မင်းမြတ်၏ အထူးမြတ်နိုးအပ်သော မိဖုရားလေး သုဘဒ္ဒါ၏ အစီအမံတွေကို တခုမကျန် ပြန်ပြောယင်း "ကဲ-သိပြီ၊ သင့်အား လိုက်လံ ရှာဖွေနေကြသော ငါ၏ ဆင်အပေါင်း မလာခင် ဖြတ်လော့"ဟု ဝပ်ပေးလေ၏။ မစွမ်းနိုင်။ ကိုယ်တိုင် လွှကို နှာမောင်းဖြင့် ရစ်ယူပြီး အစွယ်နှစ်ဆူကို အလွယ်တကူ ဖြတ်ယူ ဆက်သ ခိုင်းလေ၏။ ထို့နောက် "သဗ္ဗညုတဉာဏ်တော်ကြီး အတွက် မိမိ၏ အစွယ်နှစ်ဆူကို အလွယ်တကူ ဖြတ်ယူပြီး ထောက်ပံ့လှူဒါန်းခွင့်ရ၍ ကျေးဇူးတင်ပါကြောင်း၊ သင်တို့မိဖုရားလေး အမြဲတမ်း ရွှင်လန်းစေမှု အာရုံပြု ဆုတောင်းလိုက်ပါကြောင်းနှင့် ဒီမှာ မြင်သမျှတွေကိုလဲ တခုမကျန် တင်ပြပေးပါရန် မေတ္တာရပ်ပါကြောင်း၊ သင် ၇-နှစ်၊ ၇-လ၊ ၇-ရက် လာရသော ခရီးကို ၇-ရက်ဖြင့် ခလုတ်မထိ ဆူးမငြိဘဲ မိဖုရားလေး သုဘဒ္ဒါထံ ပြန်ရောက်စေသတည်း"ဟု နိဂုံးချုပ်လေ၏။

## ပစ္စေကဗုဒ္ဓါ ငါးရာသံသာများ ကြွရှုပွား

ရန်သူလိုက်ရှာသောဆင်များနှင့် မိဖုရား (ဆင်မကြီး) မဟာသုဘဒ္ဒါတို့ ပြန်မရောက်မီ အဆိပ်လူးသော မြားဒဏ်ချက်ကြောင့် အလောင်းတော်ဆင်မင်းကြီးသည် သွေးအိုင်ထဲတွင် ပြိုလဲ သေဆုံးသွားလေ၏။ ရန်သူ အစအန ရှာမရ၊ ပြန်လာကြသော ရှစ်ထောင်သော ဆင်အပေါင်း နှင့် မဟာသုဘဒ္ဒါတို့မှာ သောက လောင်မီး တဟုန်းတည်းထလျက် ရွှေတောင်ကြီး ပြိုလဲလို့ ငိုပွဲကြီး ဆင်ကြရသည်မှာ မြင်မကောင်း ရှုမကောင်း ဖြစ်တော့သည်။ ကြီးကဲသော ဆင်များ၏ အစီအစဉ် အရ-

ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီး ၅၀၀ တို့ထံ "အရှင်ဘုရားတို့၊ အရှင်ဘုရားတို့၏ ပစ္စည်းလေးပါး ဒါယကာ ဆဒ္ဒန်ဆင်မင်းကြီးသည် အဆိပ်လူးသော မြားဒဏ်ချက်ကြောင့် သေဆုံး ပျက်စီးသွားပြီ။ အလောင်းကောင်ကို ဘာဝနာ အမှု ပြုရန် ကြွတော်မူကြပါ"ဟု လျှောက်ထားကြကုန်၏။ ပစ္စေကဗုဒ္ဓါ ၅၀၀တို့သည်လည်း ကောင်းကင်မှ ကြွလာကြ၍ ဆင်မင်းကြီးအလောင်း ရှိရာသို့ သက်ဆင်း ရှုပွားကြလေကုန်၏။

## ထင်းပုံပေါ်တွင် မ,တင် မီးတိုက် သဂြိုဟ်လိုက်

ထိုအခါ ဆင်ပျံနှစ်ကောင်တို့သည် အစွယ်တို့ဖြင့် အလောင်းတော်ကို မ,ပြီး ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးတို့ကို ရှိခိုးစေ၍ ထင်းပုံကြီးပေါ်သို့ မ,တင်ကြပြီး ဝိုင်းဝန်း မီးသဂြိုဟ်ကြကုန်၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးတို့ သည်လည်း တညဥ့်လုံး တရားဓမ္မသံမစဲ သရဇ္ဈာယ်ကြကုန်၏။ ရှစ်ထောင်သော ဆင် အပေါင်းတို့သည် နံနက်လင်းသောအခါ မီးများကို ငြိမ်းစေလျက် ကိုယ်စီ ကိုယ်ငှ အသီးသီး မိမိတို့ နေရာ အရပ်သို့ ပြန်ကြလေကုန်၏၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးတို့သည်လည်း ကိုယ်စီကိုယ်ငှ အသီးသီး မိမိတို့ နေရာအရပ်သို့ ဈာန်သမာပတ်ဖြင့် ကောင်းကင်ယံမှ ပျံကြွတော်မူကြလေကုန်၏။

## ဗာရာဏသီ သာကြည်ခဏ ပြန်ရောက်ရ

သောနုတ္တိုရ်မုဆိုးကြီးသည် တန်ဘိုး မဖြတ်နိုင်သော ဒ္ဓလောင်းမြတ် စွယ်တော်တန်ခိုးကြောင့် ၇-ရက်ဖြင့် ဗာရာဏသီမြို့သို့ ရောက်လေ၏။ "အစွယ်နှစ်ဆူယူ၍ ရောက်လာပြီဖြစ်ကြောင်း၊ မြို့ကို တန်ဆာဆင်ကြကုန် လော့" စသည်ဖြင့် သတင်းပို့သည့်အခါ သုဘဒ္ဒါမိဖုရား၏ စိပ်ဟိုင်းကျ တုသိတာ နတ်နန်းကဲ့သို့ မှတ်တမ်းကြီးဖြစ်လောက်အောင် မြို့တွင်းသာယာရေး၊ နန်းတွင်းသာယာရေး၊ ပရိသတ်က ဘယ်လိုပုံစ၊သောနုတ္တိုရ်မုဆိုးကြီးက အကြို အဆို အဆောင်အယောင်တို့ဖြင့် တက်လာရမှာက ဘယ်လိုပုံစံ၊ မြသလွန်ပေါ် ထိုင်လျက် သုဘဒ္ဒါမိဖုရားလေး အစွယ်နှစ်ဆူကို လက်ခံရမှာက ဘယ်လိုပုံစ၊ အားလုံး အကွက်စိစိ အချက်မိမိ ဇယားချ၊ အပိုအလိုမရှိ၊ ဖြစ်ချင်သည့် မူ ဘောင် ကိုက်အောင် အချိန်ယူ လေ့ကျင့်ရပေသေးသည်။ ကျောက်တိုင်လို ခိုင်သွားရမည့် ကိစ္စမဟုတ်လော။

## အစီရင်ခံ အသံကျန နားထောင်ကြ

ပရိသတ်ကြီးလည်း အုံးအုံးကျွက်ကျွက်၊ မုဆိုးကြီးတက်၍အလာ ဝိုင်းဝန်း ဂုဏ်ပြု ဩဘာပေးကြသည်။ အားလုံး အသံ တိတ်သွားကြပြီ။ အစီအစဉ်အရ (၁) မုဆိုးကြီး၏ အစီရင်ခံချက်၊ (၂) မိဖုရားလေး၏ ပြန်ကြား ပြောဆိုမှု တို့ကို အထူး စိတ်ဝင်စားကြသည်။ သုဘဒ္ဒါ မိဖုရားလေးမှာ အရွယ်နုနု၊ စပယ်ဥဖြစ်သည့် အလျောက် နန်းတွင်းသူပီပီ ရိုးရိုးနှင့်ယဉ်အောင် ဆင်ပြင် ထုံးဖွဲ့ထားပုံမှာလည်း ကြည့်လို့ တမျိုး ပသာဒရှိလှသည်။

သောနုတ္တိုရ် မုဆိုးကြီးမှာလည်း ဆင်ပြောင်ငါးစီးအားနှင့် အညီအမျှ အားရှိသည်။ ကာယအားသာမက ဉာဏအားတွေလည်း ပြည့်ဝ၊ ယောကျ်ားပီသလှသည်။ သူ၏ ကြံရည်ဖန်ရည်တွေမှာလည်း အံ့သြလောက်သည်။ ယာဉ်ခေတ်မဟုတ်၊ မြစ်၊ သမုဒ္ဒရာ၊ ပင်လယ်ကြီးများကို ဖြတ်ကျော်သွားရသည့် ရေကြောင်းခရီး၊ အမြင့်တက်ခရီး၊ အနိမ့်ဆင်းခရီး၊ တောင်ကို ဖောက်သွားရသောခရီး၊ တောကို ရှင်းသွားရသောခရီး၊ ဆင်ပေါင်း ရှစ်ထောင်တို့ ခြံရံခံစားအပ်သော ဆင်မင်းကြီးကို သတ်၊ အစွယ်ဖြတ်လာတို့ "ယောကျ်ားတံခွန်၊ လူရည်ချွန်ကာ၊ ကောင်းကင်တမွတ်၊ ကြယ်ကိုဆွတ်လည်း၊ မလွတ်စေနှ်၊ ရမည်မှန်၏" သို့သော် ချီ ကျူးဘွယ်ကောင်းလှ၏။ အသင်လူသား စဉ်းစားပါလော့။

## အားရနှစ်ထောင်း မြစ်ကြောင်းအမှန် အစီရင်ခံ

အစီအစဉ်အရ ဘုရားအလောင်းတော် ဆဒ္ဒန်ဆင်မင်းကြီး၏ အစွယ်နှစ်ဆူကို မိဖုရားသေးလက်သို့ ဆက်သပြီး မိမိနေရာသို့ နောက်ဆုတ်လာရောက်ကာ ပီသ ပြတ်သားသော အသံကြီးဖြင့် အစီရင်ခံလေ၏။ ပါဝင်သော အကြောင်းအရာများမှာ–

(၁) လမ်းခန်းများ၏ အခက်အခဲများ။

(၂) ရောက်ပြီးနောက် ဆောင်ရွက်ရသည့် ကိစ္စအဝဝ။

(၃) မိမိ၏မြားဒဏ်ချက်ကြောင့် ထိမှန်ခံသွားရသည့် အတိုင်းအတာ။

(၄) ဆင်မင်းကြီး မေးမြန်းပုံနှင့် မိမိအပေါ် သက်ညှာ စေတနာထားခြင်း အကြောင်း။

(၅) ၇-နှစ်၊ ၇-လ၊ ၇-ရက် သွားရသော်လည်း ဘုရားလောင်းစွယ်တော်မြတ်တန်ခိုးကြောင့် ၇-ရက်ဖြင့် ပြန်ရောက်ကြောင်း။

(၆) အပြင်းအထန် ဝေဒနာခံစားယင်း မိဖုရားလေးအတွက် မှာတော်ပုံများ။

(၇) မင်းတို့မိဖုရားလေး အမြဲတမ်း ရွှင်လန်းပါစေလို့ ဆုတောင်းလိုက်ကြောင်း မှာကြားပြီး ဘုံးဘုံးလစ်လဲကာ အသက်ထွက်လုဆဲဆဲ မရှူတချက် ရှူတချက် ဖြစ်နေတာကို နောက်ဆုံးတွေ့ခဲ့ကြောင်း။

## သုဘဒ္ဒါမိဖုရား စိတ်ထားမကြည် ဇာတ်သိမ်းပြီ

မိဖုရားလေး၏ ပြန်ကြားပြောဆိုချက် ဖျက်သိမ်းလိုက်ရပြီ။ အကြောင်းကား မိဖုရားလေးသည် (ဇာတိဿရ ခေါ် ဘဝဟောင်းမှ နောက်ကြောင်းဖြစ်ရပ်တို့ကို အတတ်သိနိုင်သောဉာဏ် ရထားသူ ဖြစ်သည့်အလျောက်) မုဆိုးကြီး၏ တခုပြီး တခု သံတော်ဦး တင်နေသည်ကို နားဖြင့် ကြားနေရသလို တဖိတ်ဖိတ်အရောင် ၆ မျိုးထွက်လျက် အလွန်လှပတင့်တယ်သည့် (ဘဝအဆက်ကြင်ဘက်) အလောင်းတော်ကြီး၏ အစွယ်နှစ်ဆူကို ကိုင်ထားရင်း တဧရးရေးတွေးမိလျက်-

(၁) တကိုယ်လုံးတဖျတ်ဖျတ်တုန်လှုပ်ကာ သောကလောင်မီး အကြီးအကျယ် ထ၍လာတော့သည်။

(၂) အလောင်းတော်ကြီးအပေါ် သနားကရုဏာစိတ်တွေ ပင်လယ်ဝေသလို တဖွားဖွား ပေါ်၍လာတော့သည်။

(၃) သေးငယ်သော်လည်း ဒေါသတရားသည် အသေသတ်မိသည်အထိ ကြီးကျယ်သော အဖြစ်ဆိုးကြီးများအတွက် ဝမ်းနည်းမဆုံး ဖြစ်တော့သည်။

(၄) မိဖုရားလေး၏ မို့ကြွသော ပါးပြင်နှစ်ဖက်ပေါ်သို့ မယိန်းနိုင်ယိမ်းယိုင်စီးဆင်းလာသော မျက်ရည်တို့သည်လည်း အစီအစီ။

နောက်ဆုံး အသည်းနှလုံးကျေကွဲပြီး ထိုနေရာတွင်ပင် သေပွဲဝင်သွားရရှာလေပြီ။

(က) ခင်မင်ပေါင်းသင်း၊ ချစ်ကြင်ခြင်းသည်၊ ကွေကွင်းနောက်ဆုံး ပါတကား။

(ခ) ဝိညာဉ်ထင်လင်း၊ သက်ရှိခြင်းသည်၊ သေခြင်း နောက်ဆုံးပါ တကား။

၁၃၃၅-ခုနှစ်၊ တော်သလင်း လပြည့်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
# ဟောကြားအပ်သော

**ဘုရားဖြစ်ခါနီး နောက်ဆုံးဘဝအထိ မယား၊ ဇနီး၊ သား၊ သမီးနှင့် ပစ္စည်းပါမချန်**
**တိုင်းပြည်၏ အနှင်ပင်ခံပြီး ဒါနပါရမီကို အားသွန် ဖြည့်သွားသော**

## အလောင်းတော် ဝေဿန္တရာမင်းကြီး ဝတ္ထု

သိဝိတိုင်းမှ၊ ဇေတုတ်ပြ၊ မင်းက သိဉ္စည်းသာ။
ဖုဿတီကား၊ မိဖုရား၊ ဖွားငြား ဝေဿန္တရာ။
အမတ်ခြောက်သောင်း၊ ဖွားဘက်ပေါင်း၊ ခညောင်း ဖွားမြင်လာ။
ပစ္စယခေါ်၊ ဆင်ဖြူတော်၊ ဖြစ်ပေါ် ဆက်သလာ။
ပညာတတ်မြောက်၊ ရွယ်ဆယ့်ခြောက်၊ ပင့်မြောက် မဒ္ဒီမှာ။
ဘိသိက်ခံယူ၊ နေ့စဉ်တူ၊ ပေးလှူ ခြောက်သိန်းသာ။
ရင်ဝယ်ထင်ရှား၊ ဇာလီသား၊ မွေးဖွား မယ်ကဏှာ။
တိုင်းကလိင်္ဂ၊ ဒုဗ္ဘိက္ခ၊ တောင်းကြ ဆင်တော်သာ။
ရေစက်သွန်ချ၊ ရက်ရောလှ၊ လှူထ ဆောလျင်စွာ။
နှင်ပါမှုချ၊ တိုင်းပြည်က၊ အုံကြွ တောင်းဆိုလာ။
မဒ္ဒီမိဖုရား၊ သမီးသား၊ ခေါ်သွား ဝင်္ကပါ။
ဝိသကြုံနတ်သား၊ စီမံထား၊ ထင်ရှား ပြည့်စုံစွာ။
ရသေ့အသွင်၊ အားလုံးဆင်၊ နေ့စဉ် အားထုတ်ရှာ။
ကဏှာ ဇာလီ၊ တောင်းဘို့ရည်၊ ရောက်ပြီ ဇူဇကာ။

ခြောက်ဆယ်ယူဇနာ၊ ကလိင်္ဂါ၊ ရိုက်ကာ ဆွဲ၍သာ။
ရှေးဘုရားလောင်း၊ ကျင့်စဉ်ဟောင်း၊ စုဆောင်း ကျင့်ဘို့ရာ။
သိကြားမင်းပင်၊ လှူခံသွင်၊ ကိုယ်ထင် မဒ္ဒီပါ။
ဤသည့်ဒါန၊ ဆုရှစ်ဝ၊ ဖြစ်ရ ငါ့ကိုယ်မှာ။
မဒ္ဒီမိဖုရား၊ ပြန်အပ်သွား၊ ပေးပြား ဆုရှစ်ဖြာ။
နတ်တို့ဖန်ပြု၊ လမ်းမှားရ၊ ရောက်ကြ ဇေတုတ္တရာ။
ဇူဇကာမှ၊ ပြန်ဝယ်ရ၊ ပြုကြ မင်္ဂလာ။
ဇူဇကာကား၊ လွန်စွာစား၊ သေသွား ညဘက်မှာ။
ဆင်ဘော်ပစ္စယ၊ ကလိင်္ဂ၊ မင်းက ပြန်ဆက်လာ။
ခြောက်သောင်းခြွေရံ၊ မင်းခြောက်တန်၊ ကြွစံ ဝင်္ကပါ။
ရောက်ပြီးခဏ၊ မင်းခြောက်ဝ၊ မေ့ကြ လဲပြိုကာ။
သိကြားမင်းက၊ ရွာသွန်းချ၊ ဝဿ ပေါက္ခရာ။
ထီးနန်းစိုးစံ၊ မင်းဝေသန္တ၊ သွန်းပြန် ဘိသေကာ။
ရတနာခုနစ်ပါး၊ မိုးရွာသွား၊ ထင်ရှား ခါးနစ်လာ။
ဇူဇကာမှ၊ ဒေဝဒ၊ စေတ ဆန္ဒသာ။
အစ္စုတ၊ ပုတ္တ၊ အမိတ္တာ၊ ဝိဿ မာဏဝါ။
မင်းမြတ်သက္က၊ နုရုဒ္ဓ၊ သိဉ္စ သုဒ္ဓေါဒနာ။
ဖုဿ ဒေဝီ၊ ဂုံဘက်ညီ၊ ဇာလီ ရာဟုလာ။
ကဏှာဇိန်က၊ ဥပ္ပလ၊ ဝေဿ မြတ်ဗုဒ္ဓါ။

(ဇာတကအဋ္ဌကထာ မဟာနိပါတ၊ သတ္တမအုပ်၊ နှာ-၂၃၁)

ပရိက္ခရာကုန်သည် အမိ ဒေါ်အုန်းမြနှင့် ဦးကျော်လှိုင်-ဒေါ်ခင်နု
မိသားစု ကောင်းမှု။ မင်းလမ်း၊ ပဲခူးမြို့။

# ဘုရားဖြစ်ခါနီး နောက်ဆုံးဘဝအထိ မယား ဇနီး သားသမီးနှင့် ပစ္စည်းပါမချန် တိုင်းပြည်၏ အနှင်ပင်ခံပြီး ဒါနပါရမီကို အားသွန် ဖြည့်သွားသော အလောင်းတော် ဝေဿန္တရာမင်းကြီး ဝတ္ထု

## မှတ်သားဘွယ် အကျဉ်းချုပ်

### ဇန္ဒုမမင်းထံ နှစ်တန်အောက်ကျို့ လက်ဆောင်ပို့

ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ကပိလဝတ်ပြည်ကို အမှီပြု၍ နိဂြောဓာရုံကျောင်း၌နေစဉ် ပေါက္ခရဝဿမိုးကို အကြောင်းပြု၍ ဟောကြား၏။

ရှေးအခါ သိဝိတိုင်း ဇေတုတ္တရာမြို့၌ သိဝိမင်းကြီးသည် မင်းပြုလျက် သဉ္စယမည်သော သားကို ရ၏။ ထိုသိဝိမင်းကြီးသည် သားတော်သဉ္စယ အရွယ်ရောက်သော် မဒ္ဒမင်း၏သမီး ဖုသတီမင်းသမီးကို ဆောင်ကာ လက်ဆက် မင်းပြုစေသေး၏။ လွန်ပြီး ၉၁-ကမ္ဘာထက်၌ ဝိပဿီမြတ်စွာဘုရား ပွင့်၏။ ထိုဝိပဿီဘုရားသည် ဗန္ဓုမတီမြို့ကိုမှီ၍ မိဂဒါဝုန်တော၌နေစဉ် မင်းတပါးသည် ဗန္ဓုမမင်းအား အဘိုးမဖြတ်နိုင်သော စန္ဒကူးနှစ်နှင့်တကွ တသိန်းတန် ရွှေပန်းကိုင်ကို ပို့လိုက်၏။ ဗန္ဓုမမင်း၌ သမီးနှစ်ယောက်ရှိ၏။ ထိုမင်းသည် ထို လက်ဆောင်တို့ကို ထိုမင်းသမီးတို့ကိုပေးလိုသည်ဖြစ်၍ စန္ဒကူးနှစ်ကို အကြီးအား ပေး၏။ ရွှေပန်းခိုင်ကို အငယ်အား ပေး၏။ ထိုနှစ်ယောက်လုံးတို့သည်လည်း ဤသို့ ကြံကြ၏။

## ကိုယ်မှာမဆင် မြတ်ရှင်လှူလျက် တောင်းဆုမြွက်

ကြံ့ကြပုံကား-

န မယံ ဣမံ အတ္တနော သရီရေ ပိဠန္ဓိဿာမ၊
သတ္ထာရမေဝ ပူဇေဿာမ။

မယံ၊ ငါတို့သည်။ ဣမံ၊ ဤအဘိုးအနဂ္ဃထိုက်တန်လှသော ပစ္စည်းကို။ အတ္တနော၊ မိမိ၏။ သရီရေ၊ ကိုယ်၌။ န ပိဠန္ဓိဿာမ၊ မပန်ဆင်လိုကြပါကုန်။ သတ္ထာရမေဝ၊ မြတ်စွာဘုရားကိုသာလျှင်။ ပူဇေဿာမ၊ ပူဇော်ကြပါကုန်အံ့။
ထိုနောက် ဗန္ဓုမမင်းကြီးကို လျှောက်ထားကုန်၏။ "အရှင်ခမည်းတော်မင်းကြီး၊ စန္ဒကူးနှစ်ဖြင့် လည်းကောင်း၊ ရွှေပန်းခိုင်ဖြင့်လည်းကောင်း ဘုရားရှင်ကို ပူဇော်ကြပါကုန်အံ့" မင်းကြီးလည်း ကောင်း၏ဟု ဝန်ခံ၏။ လှူဒါန်း၍ ဆုတောင်းကြပုံ။

(၁) (အကြီးမ) ဘန္တေ အနာဂတေ တုမှာဒိသဿ ဗုဒ္ဓဿ မာတာ ဘဝေယျံ။ "ဘန္တေ၊ အရှင်ဘုရား။အနာဂတေ၊ နောင်အခါ၌။ တုမှာဒိသဿ၊ သင်တို့ကဲ့သို့သဘောရှိသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ မာတာ၊ မိခင်သည်။ ဘဝေယျံ၊ ဖြစ်ရပါလို၏"

(၂) (အငယ်မ) ဘန္တေ ယာဝ အရဟတ္တပ္ပတ္တိ၊ တာဝ ဣဒံ ပဿာဓနံ မမ သရီရာ မာ ဝိဂတံ ဟောတု။ "ဘန္တေ၊ အရှင်ဘုရား။ ယာဝ၊ အကြင်မျှလောက်။ အရဟတ္တပ္ပတ္တိ၊ အရဟတ္တဖိုလ်သို့ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တာဝ၊ ထိုမျှလောက်၊ ဣဒံ ပဿာဓနံ၊ ဤတန်ဆာသည်။ မမ၊ ငါ၏။ သရီရာ၊ ကိုယ်မှ။ ဝိဂတံ၊ ကင်းသည်။ မာ ဟောတု၊ မဖြစ်ပါစေလင့်"

## ကိကိမင်းကြီး သမီးခုနစ်ဖြာ စဉ်ထိုင်းပါ

ထိုနှစ်ယောက်လုံးတို့သည် အသက်အတိုင်းနေ၍ အကြီးမင်းသမီးသည် ၉၁-ကမ္ဘာထက် ဘုရားရှင်၏မယ်တော် မာယာဒေဝီ ဖြစ်လာ၏။ အငယ်မင်းသမီးသည် ကဿပဘုရားလက်ထက် ကိကီမင်းကြီး၏သမီးဖြစ်လာ၏။ နောင်

ရဟန္တာမ ဖြစ်၍ ပရိနိဗ္ဗာန် ပြုသွားလေ၏။ ယင်း ကိကီမင်းကြီး၏ သမီး ခုနစ်ယောက်တို့ကား-

သမဏီ သမဏဂုတ္တာစ၊ ဘိက္ခုနီ ဘိက္ခုဒါယိကာ။
ဓမ္မာ စေဝ သုဓမ္မာ စ၊ သံဃဒါသီ စ သတ္တမီ။ ။

ကဿပဒသဗလဿ၊ ကဿပ မြတ်စွာဘုရား၏။ ကာလေ၊ လက်ထက်တော်၌။ ကိကီရညော၊ ကိကီမင်းကြီး၏။ ဓီတရော၊ သမီးတော်တို့သည်။ ယထာက္ကမံ၊ အစဉ်အတိုင်း။ သမဏီစ၊ သမဏီ လည်းကောင်း။ သမဏဂုတ္တာစ၊ သမဏဂုတ္တာ လည်းကောင်း။ ဘိက္ခုနီစ၊ ဘိက္ခုနီ လည်းကောင်း။ ဘိက္ခုဒါယိကာစ၊ ဘိက္ခုဒါယိကာ လည်းကောင်း။ ဓမ္မာစေဝ၊ ဓမ္မာ လည်းကောင်း။ သုဓမ္မာစ၊ သုဓမ္မာ လည်းကောင်း။ သတ္တမီ၊ ခုနစ်ယောက်မြောက်ဖြစ်သော။ သံဃဒါသီစ၊ သံဃဒါသီ လည်းကောင်း။ ဣတိ၊ ဤသို့။ ဟောန္တိ၊ ဖြစ်ကုန်၏။

ထိုသမီး ခုနစ်ယောက်တို့သည် ယခုဂေါတမ မြတ်စွာဘုရားလက်ထက်၌ အောက်ပါအတိုင်း ဖြစ်ကုန်၏။

ခေမာ ဥပ္ပလဝဏ္ဏာ စ၊ ပဋာစာရာ စ ဂေါတမီ။
ဓမ္မဒိန္နာ မဟာမာယာ၊ ဝိသာခါ စာပိ သတ္တမီ။ ။

တာ၊ ထိုကိကီမင်းကြီး၏ သမီးခုနစ်ယောက်တို့သည်။ ဣမသ္မိံ ဗုဒ္ဓုပ္ပါဒေ၊ ဤ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ၌။ ယထာက္ကမံ၊ အစဉ်အတိုင်း။ ခေမာစ၊ ခေမာ လည်းကောင်း။ ဥပ္ပလဝဏ္ဏာစ၊ ဥပ္ပလဝဏ် လည်းကောင်း။ ပဋာစာရာစ၊ ပဋာစာရီ လည်းကောင်း။ ဂေါတမီစ၊ ဂေါတမီ လည်းကောင်း။ ဓမ္မဒိန္နာစ၊ ဓမ္မဒိန္နာ လည်းကောင်း။ မဟာမာယာစ၊ မဟာမာယာ လည်းကောင်း။ သတ္တမီ၊ ခုနစ်ယောက်မြောက်သော။ ဝိသာခါစာပိ၊ ဝိသာခါ လည်းကောင်း။ ဣတိ၊ ဤသို့။ ဟောန္တိ၊ ဖြစ်ကုန်၏။

## သိကြားပေးအပ် ဆုမြတ်ထင်ရှား ဤဆယ်ပါး

ထိုသမီး ခုနစ်ယောက်တို့တွင် သုဓမ္မာသည် ဒါန စသော ကုသိုလ်ကောင်းမှုတို့ကို ပြု၍ ဝိပဿီ မြတ်စွာဘုရား လက်ထက်၌ စန္ဒကူးမှုန့် ပူဇော်ရခြင်း၏ အကျိုးကြောင့် နီမြန်းသော စန္ဒကူးရည်တို့ဖြင့် ဖျန်းအပ်သော ကိုယ်

ဖြင့် မွေးဖွားသောကြောင့် ဖုဿတီ မင်းသမီးဖြစ်၍ နောင် သိဝိကြားမင်းကြီး၏ မိဖုရားကြီး ဖြစ်လေ၏။ နောင် သိကြားမင်းကြီးက နန္ဒဝန်ဥယျာဉ်၌ တန်ဆာ ဆင်ထားအပ်သော အိပ်ရာ၌ ထား၍ အောက်ပါအတိုင်း ပြော၏။

ဘဒ္ဒေ ဖုဿတိ တေ ဒသ ဝရေ ဒမ္မိ၊ တေ ဂဏှဿု။

ဘဒ္ဒေ ဖုဿတိ၊ အို-အရှင်မ ဖုဿတီ။ တေ၊ သင့်အား၊ ဒသ၊ ဆယ်ပါး ကုန်သော။ ဝရေ၊ ဆုမြတ်တို့ကို။ ဒမ္မိ၊ ပေးပါ၏။ တေ၊ ထိုဆုမြတ်တို့ကို။ ဂဏှဿု၊ ယူပါလော။

ယင်း ဆု ဆယ်ပါးတို့ကား-

(၁) သိဝိမင်းကြီး၏ မိဖုရားခေါင်ကြီး ဖြစ်ခြင်း။
(၂) ညိုသောမျက်လုံး ရှိခြင်း။
(၃) ညိုသောမျက်ခုံး ရှိခြင်း။
(၄) ဖုဿတီဟူသော အမည်ကို ရခြင်း။
(၅) သားမြတ်ရတနာကို ရခြင်း။
(၆) မမြင့် မမောက်သော ဝမ်းဗိုက်ရှိခြင်း။
(၇) တွဲလဲမကျသော သားမြတ်ရှိခြင်း။
(၈) မဖြူသောဆံပင်တို့ ရှိခြင်း။
(၉) နူးညံ့ ချောမွေ့သော အသားအရေ ရှိခြင်း။
(၁၀) သူတပါးတို့ ညှဉ်းဆဲခြင်းမှ လွတ်ခြင်းငှာ စွမ်းနိုင်ခြင်း။

## ကုန်သည်လမ်းတွင် ဖွားမြင်၍လာ ဝေဿန္တရာ

သိဝိမင်းကြီး၏သား သဥ္စယကို မဒ္ဒမင်းကြီး၏သမီး ဖုဿတီနှင့် လက်ဆက် မင်းပြုစေ၏၊ အလောင်းမြတ် သားတော်လေးကို ဖွား၏။ အမည်ကား ဝေဿန္တရာပါတည်း။ ကုန်သည်တို့၏လမ်း၌ ဖွားသောကြောင့် ဝေဿန္တရာဟု မည့်ခေါ်လေ၏။ ထိုကြောင့် ဤသို့ ဆို၏။

န မယှံ မတ္တိကံ နာမံ၊ နပိ ပေတ္တိကာသမ္ဘဝံ။
ဇာတောမှိ ဝေဿဝီထိယံ၊ တသ္မာ ဝေဿန္တရော အဟု။ ။

မယှံ၊ ငါ့အား။ မတ္တိကံ၊ အမိမှလာသော။ နာမံ၊ အမည်သည်။ န၊ မဟုတ်ပါ။ ပေတ္တိကာသမ္ဘဝံ၊ အဘမှ ကောင်းစွာ ဖြစ်လာသော။ နာမံ၊ အမည်သည်။ နပိ၊ မဟုတ်ပါ။ အပိစ၊ စင်စစ်သော်ကား။ ဝေဿဝီထိယံ၊ ကုန်သည်လမ်း၌။ ဇာတော၊ ဖွားသည်။ အမှိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ဝေဿန္တရော၊ ဝေဿန္တရာဟူသော အမည်သည်။ အဟု၊ ဖြစ်ပြီ။

## အလောင်းတော်မြတ် ပွဲအပ်အကုန် လွန်ပြည့်စုံ

အလောင်းတော် ဝေဿန္တရာ မင်းသားလေး ဖွားသောနေ့၌-

(၁) တကောင်သော ကောင်းကင်သို့ ပျံနိုင်သော အစစ ယဉ်လျက် ကကြိုး တန်ဆာဆင်ပြီးသော အလွန် မင်္ဂလာရှိ၏ဟု အများ သမုတ်သော အလုံးစုံ ဆွတ်ဆွတ်ဖြူသော ဆင်ပျိုကို ဆောင်၍ မင်္ဂလာ ဆင်တော်အဖြစ် ဆက်သကြသည်။

(၂) ထိုဆင်တော်ကို အလောင်းတော် ဝေဿန္တရာ မင်းသားလေး၏ အသုံးအဆောင်၊ အထောက်အပံ့အဖြစ် ဖြစ်လာသောကြောင့် "ပစ္စယ ဆင်ဖြူတော်"ဟု အမည်မှည့်ကြသည်။

(၃) ထိုနေ့၌ပင် အမတ်တို့၏ အိမ်တို့၌ ခြောက်သောင်းသော မင်းသားတို့ ဖွားကုန်၏။

(၄) သဉ္စယ ခမည်းတော် မင်းကြီးသည် အလောင်းတော် သတို့သားကို အလွန် ပြည့်စုံသော နို့ရှိသော နို့ထိန်း ခြောက်ဆယ့်လေးယောက်တို့ဖြင့် လုပ်ကျွေးစေ၏။

(၅) အတူမွေး သတို့သား ခြောက်သောင်းတို့အားလည်း နို့ထိန်း တယောက်စီ ထားပေးလေ၏။

(၆) ခမည်းတော် မင်းကြီးသည် သားတော်အား အဘိုးတသိန်းတန် (မင်းသားပန် တန်ဆာ)ကို ပန်စေ၏။

## လောင်းမြတ်ဝေဿန် လှူခဲ့ရှိလျှင် အားလုံးပင်

အလောင်းတော် ရှစ်နှစ်သားအရွယ် ရောက်သောအခါ၌ ပြာသာဒ်ထက် အိပ်ရာပေါ်၌နေလျက် စဉ်းစား၏။

အဟံ ဗာဟိရကဒါနမေဝ ဒေမိ၊ တံ မံ န ပရိတောသေတိ၊ အဇ္ဈတ္တိကဒါနံ ဒါတုကာမောမှိ၊ သစေ မံ ကောစိ သီသံ ယာစေယျ၊ သီသံ ဆိန္ဒိတွာ တဿ ဒဒေယျံ၊ သစေပိ မံ ကောစိ ဟဒယံ ယာစေယျ၊ ဥရံ ဘိန္ဒိတွာ ဟဒယံ နီဟရိတွာ ဒဒေယျံ၊ သစေ အက္ခီနိ ယာစေယျ၊ အက္ခီနိ ဥပ္ပါဋေတွာ ဒဒေယျံ၊ သစေ သရီရမံသံ ယာစေယျ၊ သကလသရီရတော မံသံ ဆိန္ဒိတွာ ဒဒေယျံ၊ သစေပိ မံ ကောစိ ရုဓိရံ ယာစေယျ၊ ရုဓိရံ ဂဟေတွာ ဒဒေယျံ၊ အထဝါပိ ကောစိ ဒါသော မေ ဟောဟီတိ ဝဒေယျ၊ အတ္တာန မဿ သာဝေတွာ ဒါသံ ကတွာ ဒဒေယျံ။

(၁) အဟံ၊ ငါသည်။ ဗာဟိရကဒါနမေဝ၊ အပအလှူကိုသာလျှင်။ ဒေမိ၊ လှူဒါန်းခဲ့ပါ၏။ တံ၊ ထို အပ အလှူသည်။ မံ၊ ငါ့ကို။ န ပရိတောသေတိ၊ ကျေနပ်မှုကို မဖြစ်စေခဲ့။ အဇ္ဈတ္တိကဒါနံ၊ အတွင်း အလှူကို။ ဒါတုကာမော၊ လှူလိုသည်။ အမှိ၊ ဖြစ်၏။ သစေ၊ အကယ်၍။ မံ၊ ငါ့ကို။ ကောစိ၊ တစုံတယောက်သောသူသည်။ သီသံ၊ ဦးခေါင်းကို။ ယာစေယျ၊ အလှူခံငြားအံ့။ သီသံ၊ ဦးခေါင်းကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ တဿ၊ ထိုအလှူခံ ပုဂ္ဂိုလ်အား။ ဒဒေယျံ၊ လှူလိုပါ၏။ လှူပါအံ့။

(၂) သစေပိ၊ အကယ်၍လည်း။ မံ၊ ငါ့ကို။ ကောစိ၊ တစုံတယောက်သောသူသည်။ ဟဒယံ၊ နှလုံးသားကို။ ယာစေယျ၊ အလှူခံငြားအံ့။ ဥရံ၊ ရင်ဘတ်ကို။ ဘိန္ဒိတွာ၊ ဖောက်ခွဲ၍။ ဟဒယံ၊ နှလုံးသားကို။ နီဟရိတွာ၊ ထုတ်၍။ ဒဒေယျံ၊ လှူလိုပါ၏။ လှူပါအံ့။

(၃) သစေ၊ အကယ်၍။ အက္ခီနိ၊ မျက်လုံးတို့ကို။ ယာစေယျ၊ အလှူခံငြားအံ့။ အက္ခီနိ၊ မျက်လုံးတို့ကို။ ဥပ္ပါဋေတွာ၊ ထုတ်၍။ ဒဒေယျံ၊ လှူလိုပါ၏။ လှူပါအံ့။

(၄) သစေ၊ အကယ်၍။ သရီရမံသံ၊ ကိုယ်၌ အသားကို။ ယာစေယျ၊ အလှူခံငြားအံ့။ သကလသရီရတော၊ အလုံးစုံသော ကိုယ်မှ။ မံသံ၊ အသားကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ ဒဒေယျံ၊ လှူလိုပါ၏။ လှူပါအံ့။

(၅) သစေပိ၊ အကာယ်၍လည်း။ မံ၊ ငါ့ကို။ ကောစိ၊ တစုံတယောက်သောသူသည်။ ရုဒိရံ၊ သွေးကို။ ယာစေယျ၊ အလှူခံငြားအံ့။ ရုဒိရံ၊ သွေးကို။ ဂဟေတွာ၊ ယူ၍။ ဒဒေယျံ၊ လှူလိုပါ၏။ လှူပါအံ့။

(၆) အသဝါပိ၊ ထိုမှတပါးကား။ ကောစိ၊ တစုံတယောက်သောသူသည်။ "တွံ၊ သင်သည်။ မေ၊ ငါ၏။ ဒါသော၊ ကျွန်သည်။ ဟောဟိ၊ ဖြစ်လော။" ဣတိ၊ ဤသို့။ ဝဒေယျ၊ ဆိုငြားအံ့။ အတ္တာနံ၊ မိမိကိုယ်ကို။ အသာ၊ ထိုအလှူခံပုဂ္ဂိုလ်အား။သာဝေတွာ၊သင်၏ကျွန်ပါတည်းဟု ကြားစေ၍။ ဒါသံ၊ ကျွန်အဖြစ်ကို။ ကတွာ၊ ပြု၍။ ဒဒေယျံ၊ လှူလိုပါ၏။ လှူပါအံ့။

## အားလုံးတုန်ဟီး မြေကြီးကမင် မှတ်တမ်းတင်

ထိုသို့ အလောင်းတော်မြတ် ရဲရဲဝံ့ဝံ့ စိတ်ကူး ဆုံးဖြတ်လိုက်ချေ-

(၁) နှစ်သိန်းလေးသောင်း ယူဇနာပေါင်းအထုရှိသော မဟာပထဝီ ဤမြေကြီးသည် အမုန်ယစ်သော ဆင်ကြီး ကြုံးဝါးလိုက်သလို ကြုံးဝါးလျက် လှုပ်လေသည်။

(၂) ရှစ်သောင်းလေးထောင် ယူဇနာပေါင်း နှစ်ပြန်ဆောင်သော မြင့်မိုရ်တောင်မင်းကြီးသည်လည်း ကောင်းစွာ ပေါင်းတင်အပ်သော ကြိမ်ညွှန့်ကဲ့သို့ ညွတ်လျက် ဇေတုတ္တရမြို့သို့ ရှေ့ရှုပြီး တည်လေ၏။

(၃) ယင်းမြေကြီး၏ အသံကြောင့် မိုးသည်လည်း ကြုံးဝါးလျက် တခဏ (တခဲနက်)မိုး (ခဏိကဝဿ၊ ဿနိကဝဿန္တိပိ ဝဒန္တိ) ရွာလေ၏။

(၄) အခါမဲ့ လျှပ်စီး လျှပ်ပန်းတို့သည်လည်း တအား လက်လျက် ထွက်ပေါ်ကြလေကုန်၏။

(၅) ပင်လယ်သမုဒ္ဒရာသည်လည်း ချောက်ချား၏။

(၆) သိကြားနတ်မင်းသည်လည်း လက် ပန်း ပေါက် ဟီး ခတ်တီးလေ၏။

(၇) မ ဟာ ဗြ ဟ္မာ မင်း ကြီး သည် လည်း ကောင်းချီးနူမော် သာဓုခေါ်၏။

(ဂ) မြေပြင်မှစ၍ ဗြဟ္မာ့ပြည် တိုင်အောင် အားလုံး အတိအကျ ကျက်ကျက် ကြွေးကြော်ကြ၏။

အထက်ပါ အကြောင်းအရာတို့ကို ဤသို့ ဂါထာနိဒါန်းဖြင့် မှတ်တမ်းတင်ကြလေသည်။

## မှတ်တမ်းတင်အပ် အမြွက်ကျက်စရာ သုံးဂါထာ

မှတ်တမ်းတင် ဂါထာ နိဒါန်း သုံးဂါထာတို့ကား

(၁) ယဒါပိ ဒါရကော ဟောမိ၊ ဇာတိယာ အဋ္ဌဝဿိကော၊
တဒါ နိသဇ္ဇ ပါသာဒေ၊ ဒါနံ ဒါတုံ ဝိစိန္တယိံ။ ။

(၂) ဟဒယံ ဒဒေယျံ စက္ခုံ၊ မံသမ္ပိ ရုဓိရမ္ပိ စ။
ဒဒေယျံ ကာယံ သာဝေတွာ၊ ယဒိ ကောစိ ယာစယေ မံ ။ ။

(၃) သဘာဝံ စိန္တယန္တဿ၊ အကမ္ပိတမသဏ္ဌိတံ၊
အကမ္ပိ တတ္ထ ပထဝီ၊ သိနေရုဝနဝဋံသကာ။ ။

## လျှာရှည်ရာန တလခြောက်ခေါက် ကြည့်ရှုရောက်

အလောင်းတော် ဝေဿန္တရာမင်းသားသည် ဆယ့်ခြောက်နှစ်အရွယ် ရောက်လျှင် ခပ်သိမ်းသော အတတ်တို့၌ အပြီးအဆုံးသို့ ရောက်ပြီ၊ ထိုအခါ ဘခင်သည် မိခင်နှင့် တိုင်ပင်၍ ဦးရီး၏ သမီး မဒ္ဒီမင်းသမီးကို ဆောင်၍ မိန်းမ ပေါင်း တသောင်းခြောက်ထောင်တို့၏အကြီး မိဖုရားကြီးပြုကာ မင်းပြုစေ၏။ မင်းအဖြစ်သို့ရောက်သည့်ကာလမှစ၍ နေ့စဉ် ခြောက်သိန်းကုန် မဟာဒါနပြု၏။ သားဦးဖွားပြီ၊ ရွှေကွန်ရက်ဖြင့် ခံယူသောကြောင့် (မောင်ဇာလီ)ဟု မှည့်၏။ နောင် သမီးကလေး ဖွားပြန်၏။ သစ်နက်ရေဖြင့် ခံသောကြော (မယ်ကဏှာဇိနာ) ဟု မှည့်၏၊ ဘလလျှင် ခြောက်ကြိမ် အလှူဝတ်ပြုရာ ဇ ာင်းကပ်သို့ လှည့်လည် ကြည့်ရှု၏။

## ပစ္စယဆင်ဖြူ ရောက်မူအရပ် မိုးရွာတတ်

ထိုအခါ ကလိင်္ဂတိုင်း၌ မိုးခေါင်ဆဲ ဖြစ်၏။ ကောက်တို့လည်း မပြည့်စုံ။ လူတို့အား ကြီးကျယ်သော တော်မှတ် ဆာလောင်သောဘေးကြီး ဖြစ်၏။ လူတို့

သည် အသက်မွေးခြင်းငှာ မစွမ်းနိုင်တော့သည်ဖြစ်၍ ခိုးမှု ပြုကြလေကုန်၏။ ဇနပုဒ်သားတို့မှာ ဝတ်မွတ်ခြင်းဘေး အလွန်နှိပ်စက်သည်ဖြစ်၍ မင်းရင်ပြင်၌ပင် စည်းဝေး၍ အရေးဆိုကြလေကုန်၏။ ဘာအလိုရှိကြသနည်းဟု မေး၏။ ပြန်ပြောကြကုန်၏။ မင်းကြီးသည် "အမောင်တို့-ကောင်း၏၊ မိုးရွာပါစေအံ့"ဟု ဆို၍ ဇနပုဒ်သားတို့ကို ပြန်လွှတ်၍ သီလဆောက်တည်၊ဥပုသ်စောင့်သော်လည်း မိုးမရွာ၊ ပြန်ခေါ်၊ မစွမ်းနိုင်ပါ၊ အသို့ပြုအံ့နည်းဟု မေး၏။ "အရှင်မင်းကြီး၊ မိုးရွာအောင် မလုပ်နိုင်ခဲ့သော် ဇေတုတ္တရာမြို့၌ သဥ္စယမင်းကြီး၏သား ဝေဿန္တရာသည် ဒါန၌ အလွန်မွေ့လျော်၏။ သူ့၌ မင်္ဂလာဆင်ဖြူတော် ရှိ၏။ ယင်းဆင်ဖြူဘော် ရောက်ရာအရပ်၌ မိုးရွာ၏။ ပုဏ္ဏားတို့ကို လွှတ်၍ ထို ပစ္စယဆင်ဖြူတော်ကို အလှူခံသင့်၏။စေခိုင်းတော် မူကုန်လော့"ဟုလျှောက်၏။

## ကျောက်ကုန်းပေါ်မှ ဆင်းထကြည်ဖြူ ပေးစွန့်လှူ

ပုဏ္ဏားရှစ်ယောက်တို့ကို ရွေး၍ ရိက္ခာအပြည့်အစုံပေးပြီး အလှူခံခိုင်း၏။ ပုဏ္ဏားရှစ်ယောက်တို့သည် ဇေတုတ္တရာမြို့သို့ သွား၍ လပြည့်နေ့၌ မင်းမြတ်၏ အလှူတင်းကုပ်သို့ လာသောအခါ၌ အရှေ့တံခါးမှ စောင့်ကြကုန်၏။ မင်းမြတ်လည်း ရောက်၏။ ပုဏ္ဏားတို့သည် အောက်ပါအတိုင်း သုံးကြိမ် တပြိုင်တည်း ဆိုကြကုန်၏။

ဇယတု ဘဝံ ဝေဿန္တရော။

ဘဝံ ဝေဿန္တရော၊ အရှင်ဝေဿန္တရာမင်းမြတ်သည်။ ဇယတု၊ အောင်ပါစေသတည်း။ ၊အောင်စေသတည်း။

အစီအစဉ် အကျဉ်းချုပ်ကို အောက်ပါ နှစ်ဂါထာတို့ဖြင့် သိစေပါသည်။

(၁) ဒဒါမိ န ဝိကမ္ပါမိ၊ ယံ မံ ယာစန္တိ ဗြာဟ္မဏာ။
ပဘိန္နံ ကုဉ္ဇရံ ဒန္တိံ၊ ဩပဝယှံ ဂဇုတ္တမံ။ ။

(၂) ဟတ္ထိက္ခန္ဓတော ဩရုယှ၊ ရာဇာ စာဂါဓိမာနသော။
ဗြာဟ္မဏာနံ အဒါ ဒါနံ၊ သိဝီနံ ရဋ္ဌဝဍ္ဎနော။ ။

မံ၊ ငါ့ကို။ ဗြာဟ္မဏာ၊ ပုဏ္ဏားတို့သည်။ ပဘိန္နံ၊ မုန်တို့ဖြင့်ယစ်သော။ ဒန္တိံ၊ အစွယ်ရှိသော။ ဩပဝယှံ၊ စီးတော်ဆင်ဖြစ်သော။ ဂဇုတ္တမံ၊ ဆင်မြတ်

ဖြစ်သော။ ယံ ကူဥရုံ၊ အကြင်ပစ္စယခေါ် ဆင်ဖြူတော်ကို။ ယာစန္တိ၊ လာရောက် အလှူခံကြကုန်၏။ တံ ကူဥရုံ၊ ထိုပစ္စယခေါ် ဆင်ဖြူတော်ကို။ ဒဒါမိ၊ ပေးလှူလိုက်ပါအံ့။ န ဝိကမ္ပါမိ၊ တုန်လှုပ်မှု လုံးဝ မရှိပါ။

စာဂါဓိမာနသော၊ လှူဒါန်းပေးကမ်းခြင်း၌ လွန်ကဲသောစိတ်ရှိသော။ သိဝိနံ၊ သိဝိမင်းတို့၏။ ရဋ္ဌဝဍ္ဎနော၊ တိုင်းနိုင်ငံကို တိုးတက်စေတတ်သော။ ရာဇာ၊ ဝေဿန္တရာ မင်းရာဇာသည်။ ဟတ္ထိက္ခန္ဓတော၊ ပစ္စယခေါ် ဆင်ဖြူတော်၏ ထင်ပေါ်ဝင်းလက် ကျောက်ကုန်းထက်မှ။ ဩရုယှ၊ ဆင်းသက်၍။ ဗြာဟ္မဏာနံ၊ အလှူခံပုဏ္ဏား ရှစ်ယောက်သားတို့အား။ ဒါနံ၊ ပစ္စယဆင်ဖြူ မြတ်အလှူကို။ အဒါ၊ ကောင်းစွာမသွေ လှူဒါန်းလေ၏။

## ပစ္စယဆင် လှူစဉ်ပါသွား တန်ဘိုးများ

ပစ္စယ ဆင်ဖြူတော်ကို တန်ဆာ စုံ၊ မစုံ သုံးကြိမ်လှည့်ကြည့်၍ စုံသည်ဟု သိရသဖြင့် ပန်းတို့ဖြင့်ရောသော နံ့သာရေတို့ဖြင့်ပြည့်သော ရွှေကရားကို ကိုင်၍ တန်ဆာဆင်အပ်သော ငွေပန်းဆိုင်းနှင့်တူသော ဆင်နှာမောင်းကို ကိုင်လျက် ထိုပုဏ္ဏားတို့၏ လက်ပေါ်၌ တည်စေ၍ ရေကို ကျစေလျက် တန်ဆာ ဆင်အပ်သော ဆင်မင်းကို ပုဏ္ဏားတို့အား ပေးလှူလေ၏။ ထို ပစ္စယ ဆင်ဖြူတော်၏

(၁) ခြေလေးဘက်တို့၌ တန်ဆာသည် လေးသိန်းထိုက်၏။
(၂) နံပါးနှစ်ဘက်တို့၌ တန်ဆာသည် နှစ်သိန်းထိုက်၏။
(၃) ဝမ် ဗိုက်အောက်၌ တန်ဆာသည် တသိန်းထိုက်၏။
(၄) ကျောက်ကုန်း၌ (ပုလဲ၊ ပတ္တမြား၊ ရွှေ) ကွန်ရက် သုံးခုမှာ သုံးသိန်း ထိုက်၏။
(၅) နားနှစ်ဘက်တို့၌ တန်ဆာနှစ်ခုသည် နှစ်သိန်းထိုက်၏။
(၆) ကျောက်ကုန်း၌ အခင်းကမ္ဗလာသည် တသိန်းထိုက်၏။
(၇) ဦးကင်းတန်ဆာသည် တသိန်းထိုက်၏။
(၈) ဦးစိုက်ပန်း သုံးခုသည် သုံးသိန်းထိုက်၏။
(၉) နားရင်းတန်ဆာနှစ်ခုသည် နှစ်သိန်းထိုက်၏။
(၁၀) အစွယ်နှစ်ခု၌ ဆင်သော တန်ဆာသည် နှစ်သိန်းထိုက်၏။
(၁၁) နှာမောင်း၌ ဆင်သော တန်ဆာသည် တသိန်းထိုက်၏။

(၁၂) အမြီး၌ ဆင်သော တန်ဆာသည် တသိန်းထိုက်၏။
(၁၃) တက်သောလှေကားသည် တသိန်းထိုက်၏။
(၁၄) ဆင်မင်း၏ စားကျင်းသည် တသိန်းထိုက်၏။

အခြား တန်ဘိုးရှိ ပစ္စည်းများ များစွာပါသေး၏။ အားလုံး ပုဏ္ဏားတို့အား လှူလိုက်၏။ ဆင်နှင့်စပ်သော အလုပ်အကျွေး ငါးရာတို့ကိုပါ လှူလိုက်၏။ ထိုအခါမှာလည်း မြေလှုပ်ခြင်း စသည် ဖြစ်ကုန်၏။

## တနေ့တည်း၌ မိမိအတွက် ပြုလိုချက်

ထိုအခါ အလောင်းတော်မင်းမြတ်အား ဤသို့လှူခြင်းကြောင့် မြို့သူမြို့သားတို့သည် အလွန်ပင် ချောက်ချားသောစိတ် ရှိကြကုန်လျက် မကျေမနပ်ဖြစ်ကြကုန်၏။ တားမြစ်ကြကုန်၏။ နောက်ဆုံး ဤ ပစ္စယဆင်ဖြူတော်ကြီးကို လှူဒါန်းသော အပြစ်ဖြင့်ပင် နှင်ထုတ်ကုန်၏။ ထိုနှင်ထုတ်သော စကားကို ကြား၍ အလောင်းတော်သည် "ကောင်းပြီ၊ အပြစ်ကိုပြုကုန်သော သူတို့၏ သွားသောလမ်းဖြင့် သွားအံ့၊ စင်စစ် ငါ့ကို မြို့သူမြို့သားတို့သည် အခြား အပြစ်ဖြင့် နှင်ထုတ်သည် မဟုတ်၊ ပစ္စယဆင်ဖြူတော်ကို လှူဒါန်းသော အပြစ်ကြောင့်သာ နှင်ထုတ်ခြင်းဖြစ်၏၊ ထို့ကြောင့် ငါသည် မဟာဒါန ပြုလိုပါသေး၏။ နက်ဖြန်တနေ့ ဒါနပြုခွင့် ပေးပါကုန်လော့၊ တတိယနေ့မှာ သွားအံ့" ဟု ဆို၏။

သောဟံ တေန ဂမိဿာမိ၊ ယေန ဂစ္ဆန္တိ ဒူသကာ။
ရတ္တိန္ဒိဝံ မေ ခမထ၊ ယာဝ ဒါနံ ဒဒါ မဟံ။ ။

ယေန၊ အကြင်လမ်းခရီးဖြင့်။ ဒူသကာ၊ ဖျက်ဆီးတတ်သောအပြစ်ကို ပြုတတ်သူတို့သည်။ ဂစ္ဆန္တိ၊ သွားကြလေကုန်၏။ တေန၊ ထိုလမ်းခရီးဖြင့်။ သော အဟံ၊ ထိုငါသည်။ ဂမိဿာမိ၊ သွားတော့အံ့။ အဟံ၊ ငါသည်။ ယာဝ၊ အကြင်မျှလောက်။ ဒါနံ၊ အလှူကို။ ဒဒါမိ၊ ပေးလှူ၏။ တာဝ၊ ထိုမျှလောက်။ ရတ္တိန္ဒိဝံ၊ တညဉ့်တနေ့။ မေ၊ ငါ့အား။ ခမထ၊ သည်းခံကြပါကုန်လော။

## မဒ္ဒီ မိဖုရား မြှုပ်ထားဘို့ကို မင်းကြီးဆို

အလောင်းတော် ဝေဿန္တရာမင်းကြီးက မဒ္ဒီမိဖုရားကြီးအား ပစ္စည်း မြှုပ်ခိုင်းခြင်း။

ဟိရညံ ဝါ သုဝဏ္ဏံ ဝါ၊ မုတ္တာ ဝေဠုရိယာ ဗဟူ။
သဗ္ဗံ တံ နိဒဟေယျာသိ၊ ယံ စ တေ ပေတ္တိကံ ဓနံ။ ။

ဟိရညံဝါ၊ ငွေသည်လည်းကောင်း။ သုဝဏ္ဏံဝါ၊ ရွှေသည်လည်း ကောင်း။ မုတ္တာဝါ၊ ပုလဲတို့သည်လည်းကောင်း။ဝေဠုရိယာဝါ၊ ကြောင်မျက်ရွဲ တို့သည်လည်းကောင်း။ ဗဟူ၊ များကုန်၏။ တေ၊ သင်မိဖုရား မဒ္ဒီ၏။ ပေတ္တိကံ၊ အဘမှလာသော။ ယံ စ ဓနံ၊ အကြင်ဥစ္စာသည်လည်း။ အတ္ထိ၊ ရှိ၏။ တံသဗ္ဗံ၊ ထိုအလုံးစုံကို။ နိဒဟေယျာသိ၊ မြှုပ်နှံရာ၏။ မြှုပ်နှံပါလော။

မဒ္ဒီမိဖုရားကြီးက အလောင်းတော် ဝေဿန္တရာမင်းကြီးအား အဘယ်၌ မြှုပ်ရမည်နည်းဟု မေးမြန်းခြင်း။

တမဗြဝိ ရာဇပုတ္တီ၊ မဒ္ဒီ သဗ္ဗင်္ဂသောဘနာ။
ကုဟိံ ဒေဝ နိဒဟာမိ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။ ။

သဗ္ဗင်္ဂသောဘနာ၊ အလုံးစုံသော အင်္ဂါတို့ဖြင့် တင့်တယ်သော။ ရာဇ ပုတ္တီ၊ မဒ္ဒမင်းကြီး၏ သမီးဖြစ်သော။ မဒ္ဒီ၊ မိဖုရားကြီးမဒ္ဒီသည်။ တံ၊ ထို မေးလတ္တံ့သော စကားကို။ အဗြဝိ၊ ဆိုပြီ။ ဒေဝ၊ အရှင်မင်းကြီး။ ကုဟိံ၊ ဘယ်အရပ်၌။ နိဒဟာမိ၊ မြှုပ်ရပါအံ့နည်း။ မေ၊ ငါသည်။ ပုစ္ဆိတော၊ မေးအပ်သည်ဖြစ်၍။ တံ၊ ထိုအမေးကို။ အက္ခာဟိ၊ ဖြေကြားပါလော့။

အလောင်းတော် ဝေဿန္တရာမင်းကြီးက မဒ္ဒီမိဖုရားကြီးအား ပြန်လည် ဖြေကြားခြင်း။

သီလဝန္တေသု ဒဇ္ဇာသိ၊ ဒါနံ မဒ္ဒီ ယထာရဟံ။
န ဟိ ဒါနာ ပရံ အတ္ထိ၊ ပတိဋ္ဌာ သဗ္ဗပါဏိနံ။ ။

မဒ္ဒီ၊ မိဖုရားကြီး မဒ္ဒီ။ တွံ၊ သင်သည်။ ယထာရဟံ၊ ထိုက်သည့် အား လျော်စွာ။ ဒါနံ၊ အလှူကို။ သီလဝန္တေသု၊ သီလရှိသောပုဂ္ဂိုလ်တို့၌။ ဒဇ္ဇာသိ၊

လှူပါလော။ ဒါနာ၊ အလှူဒါနမှ။ ပရံ၊ တပါးသော။ သဗ္ဗပါဏိနံ၊ ခပ်သိမ်းသော သတ္တဝါတို့၏။ ပတိဋ္ဌာ၊ ဆောက်တည်ရာ အားကိုးရာသည်။ နဟိ အတ္ထိ၊ မရှိသည်သာတည်း။

## နှုတ်ဆက်စကား ပြောကြားတမင် လောင်းမြတ်ရှင်

အလောင်းတော် ဝေဿန္တရာမင်းကြီးသည် မဒ္ဒီမိဖုရားကြီးကို ခေါ်၍ ဤသို့ ပြော၏။

ဘဒ္ဒေ မယာ ဟတ္ထိဿ ဒိန္နတ္တာ သိဝယော ကုဒ္ဓါ မံ ရဋ္ဌာ ပဗ္ဗာဇေန္တိ၊ သွေ အဟံ သတ္တသတကံ မဟာဒါနံ ဒတွာ တတိယဒိဝသေ နဂရာ နိက္ခမိဿာမိ။

အဟံ ဟိ ဝနံ ဂစ္ဆာမိ၊ ယောရံ ဝါဠမိဂါယုတံ။
သံသယော ဇီဝိတံ မယှံ၊ ဧကကဿ ဗြဟာဝနေ။ ။

ဘဒ္ဒေ၊ အို-အရှင်မ မဒ္ဒီ။ မယာ၊ ငါသည်။ ဟတ္ထိဿ၊ ပစ္စယ ဆင်ဖြူ တော်ကြီးကို။ ဒိန္နတ္တာ၊ ပေးလှူအပ်သည် အဖြစ်ကြောင့်။ သိဝယော၊ သိဝိ တိုင်းသား လူအများတို့သည်။ ကုဒ္ဓါ၊ အလွန်တရာ စိတ်ဆိုးကြကုန်သည်ဖြစ်၍။ မံ၊ ငါ ဝေဿန္တရာကို။ ရဋ္ဌာ၊ တိုင်းပြည်မှ။ ပဗ္ဗာဇေန္တိ၊ နှင်ထုတ်ကုန်၏။ သွေ၊ နက်ဖြန်၊ အဟံ၊ ငါသည်။ သတ္တသတကံ၊ ခုနစ်ရာ ခုနစ်လီသော။ မဟာဒါနံ၊ အလှူတော်ကြီးကို။ ဒတွာ၊ ပေးလှူ၍။ တတိယဒိဝသေ၊ သုံးရက် မြောက်သောနေ့၌။ နဂရာ၊ ဇေတုတ္တရာမြို့မှ။ နိက္ခမိဿာမိ၊ ထွက်ရတော့အံ့။

ဟိ၊ မှန်၏၊ ယောရံ၊ ကြမ်းကြုတ်သော။ ဝါဠမိဂါယုတံ၊ သားရဲ သားဆိုးတို့ဖြင့် ရောပြွမ်း၍နေသော။ ဝနံ၊ တောထဲသို့။ အဟံ၊ ငါသည်။ ဂစ္ဆာမိ၊ သွားရပေတော့အံ့။ဗြဟာဝနေ၊ လူသူမနီး တောမြိုင်ကြီး၌။ ဧကကဿ၊ တယောက်ထီးတည်းဖြစ်သော။ မယှံ၊ ငါ၏။ ဇီဝိတံ၊ အသက်သည်။ သံသယော ယုံမှားဘွယ် ရှိသည်။ ဟောတိ၊ ဖြစ်၏။ (သေမည်လော၊ ရှင်မည်လော မပြော နိုင်ဟူလို။)

## ဝေဿန္တရာမင်းမြတ် လှူအပ်ခုနစ်ရာ ခုနစ်ခါ

ဘုရားအလောင်းတော် ဝေဿန္တရာမင်းကြီး တောထွက်ခါနီး လှူသွားသော (သတ္တသတက မဟာဒါန) အလှူတော်ကြီး စာရင်း။

(၁) တန်ဆာဆင်ပြီးသော ဆင်အကောင်ပေါင်း ခုနစ်ရာ။
(၂) တန်ဆာဆင်ပြီးသော မြင်းအကောင် ခုနစ်ရာ။
(၃) တန်ဆာဆင်ပြီးသော ရထားအစီး ခုနစ်ရာ။
(၄) တန်ဆာဆင်ပြီးသော အမျိုးသမီး ခုနစ်ရာ။
(၅) ကောင်းစွာ လေ့ကျင့် တတ်ကျွမ်းပြီးသော ကျွန်ယောက်ျား ခုနစ်ရာ။
(၆) ကောင်းစွာ လေ့ကျင့် တတ်ကျွမ်းပြီးသော ကျွန်မိန်းမ ခုနစ်ရာ။
(၇) မျိုးကောင်း မျိုးသန့် နို့စားနွားမ ခုနစ်ရာ။

## ထွက်ခွာရသဲ ငိုပွဲသူဖန် အနန်းအနန်းညံ

ထိုအလှူကြီးကို ဝမ်းမြောက်အားရ ပျော်ရွှင် ကျေနပ်လှစွာ ကိုယ်တိုင်ဆောင်ရွက် အားထုတ်နေသော မင်းမြတ်အား ဇေတုတ္တရာ မြို့သူ မြို့သားဖြစ်ကြကုန်သော (မင်းမျိုး၊ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ တောင်သူ လယ်သမားမျိုး) အားလုံးတို့သည် အောက်ပါအတိုင်း နှမြောတသ အားမလို အားမရ ကရုဏာ ဒေါသဖြင့် ရှိုက်ကြီးတငင် ငိုကြွေးယင်း ဝိုင်းဝန်း ပြောဆိုကြလေကုန်၏။

သာမိ ဝေဿန္တရ သိဝိရဋ္ဌဝါသိနော တံ ဒါနံ ဒေတိတိ ပဗ္ဗာဇေန္တိ၊ တွံ့ ပုန ဒါနမေဝ ဒေသိ။

အထေတ္ထ ဝတ္တတိ သဒ္ဒေါ၊ တုမုလော ဘေရဝေါ မဟာ။
ဒါနေန တံ နီဟရန္တိ၊ ပုန ဒါနံ အဒါ တုဝံ။ ။

သာမိ ဝေဿန္တရ၊ အို-အရှင် ဝေဿန္တရာ မင်းမြတ်။ သိဝိရဋ္ဌဝါသိနော၊ သိဝိတိုင်းသူ တိုင်းသား လူအများတို့သည်။ တံ၊ သင့်ကို။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။ ဣတိ၊ ထို့ကြောင့်။ ပဗ္ဗာဇေန္တိ၊ နှင်ထုတ်ကြကုန်၏။ တွံ၊

သင်သည်။ ဒါနမေဝ၊ ဒါနကိုသာလျှင်။ ပုန၊ တဖန်။ ဒေသိ၊ ပေးလှူနေပြန်၏။

အထ၊ ထိုအခါ၌။ တေ္တ၊ ဤအရပ်၌။ တမုလော၊ အပြင်းအထန်ဆူညံ၍နေသော။ ဘေရဝေါ၊ ကြောက်မက်ဖွယ်ကောင်းသော။ မဟာ၊ အလွန်တရာ ကြီးကျယ်စွာသော။ သဒ္ဒေါ၊ အသံသည်။ ဝတ္တတိ၊ ဖြစ်၏။ ဒါနေန၊ ပေးလှူခြင်းကြောင့်။ တံ၊ သင့်ကို။ နိဟာရန္တိ၊ နှင်ထုတ်ကုန်၏။ တုဝံ၊ သင်သည်။ ပုန၊ တဖန်။ ဒါနံ၊ အလှူကို။ အဒါ၊ လှူဘဲ လှူနိုင်၏။

## ယူဇနာသုံးဆယ် အလွယ်နှင့်မေါက် နေ့ချင်းရောက်

မိသားစုလေးယောက် ထွက်လာကြပြီ။

(၁) ဇေတုတ္တရာမြို့မှ သုဝဏ္ဏဂိရိတောင်သည် ငါးယူဇနာ ဝေး၏။
(၂) ထိုသုဝဏ္ဏဂိရိတောင်မှ ကောန္တိမာရာမြစ်သည် ငါးယူဇနာ ဝေး၏။
(၃) ထိုကောန္တိမာရာမြစ်မှ အဉ္ဇရဂိရိတောင်သည် ငါးယူဇနာဝေး၏။
(၄) ထိုအဉ္ဇရဂိရိတောင်မှ ဒုန္နိဝိဋ္ဌ ပုဏ္ဏားရွာသည် ငါးယူဇနာ ဝေး၏။
(၅) ထိုပုဏ္ဏားရွာမှ မာတုလမြို့သည် ဆယ်ယူဇနာ ဝေး၏။

ဤသို့ ဇေတုတ္တရာမြို့မှ မာတုလမြို့အထိ ယူဇနာသုံးဆယ် ရှိ၏။ နတ်တို့သည် ချုံးပေးအပ်သည်ဖြစ်၍ တနေ့တည်းဖြင့် ရောက်၏။

## ဝင်္ကတောင်ဝှမ်း သခ်မ်းနေကြ ခုနစ်လ

မာတုလမြို့မှ ဆယ့်ငါးယူဇနာ လိုသေးသည်။ ထိုခဏ၌ သိကြားမင်းသည် လူ့ပြည်သို့ ဆင်ခြင်လိုက်သော် ဘုရားလောင်းသည် ဟိမဝန္တာတောသို့ ဝင်လာပြီဟု သိ၍ နေရာပေးအံ့ဟု ကြံ၍ ဝိသကြုံ နတ်သားကို ခေါ်၍ ဝင်္ကတောင်ဝှမ်း၌ မွေ့လျော်ဘွယ်ရှိသော အရပ်၌ သခ်မ်းကျောင်းကို ဖန်ဆင်းခိုင်း၏။ ဖန်ဆင်းပြီး ရဟန်း ပရိက္ခရာ အားလုံးတို့ကို စီရင်၍ "ဘယ်သူမဆို၊ ရဟန်းပြုလိုက ဤပရိက္ခရာတို့ကို ယူနိုင်ပါသည်"ဟု စာရေး၍ ဘီလူး သားရဲ စသည်တို့ကို နောက်သို့ ဆုတ်စေလျက် ပြန်သွားလေ၏။ အလောင်းတော်သည်

တယောက်သာ သွားနိုင်သော လမ်းလေးကို မြင်၍ ရဟန်းတို့နေရာအရပ် ဖြစ်လတ္တံ့ဟု သွားရာ သခ်မ်းကျောင်းသို့ ရောက်သွားပြီ။ စာကိုလည်း ဖတ်ရပြီ။ ပရိက္ခရာတို့ကို ယူ၍ အဝတ်ချင်း လဲပြီ။ ဤသို့ ကြွသိဝေသ ရသေ့အသွင်ဖြင့် အားထုတ်ယင်း ဤဝက်တောင်ဝှမ်း၌ ခုနစ်လ နေပြီးပြီ။

## အားလုံးတာဝန် ကျေပွန်ဘိုရာ ငါ့ဝန်တာ

တနေ့သ၌ ကလိင်္ဂတိုင်း၌ ဒုန္နိဝိဋ္ဌ ဗြာဟ္မဏရွာ၌နေသော ဇူဇကာ ပုဏ္ဏား သည် အမိတ္တတာပနာမည်သော အမျိုးသမီးနှင့် အကြောင်းပါ၏။ ဇနီးဝတ် တရား ကျေပွန်၏။ ထိုသတင်းကို ကြား၍ ချီးမွမ်းကြ၏။ မိမိတို့၏ ဇနီးများ ကိုလည်း ပြန်ပြောကြ၏။ ထို့ကြောင့် အချို့ အမျိုးသမီးတွေက ရန်လုပ်ကြ၏။ နှင်ထုတ်ကြ၏။ မြစ်ဆိပ် စသည်တို့၌ စုဝေး၍ ရေရွတ်ကြကုန်၏။ ထို့ကြောင့် အမိတ္တတာပနာသည် ရေအိုးကိုယူ၍ ငိုပြီး အိမ်ပြန်လာကာ ဇူဇကာ ပုဏ္ဏား ကြီးကို ပြန်ပြော၏။ "ယနေ့မှစ၍ မြစ်ဆိပ်သို့ ရေခပ် မသွားတော့" ဟု ဆို၏။ ထို့ကြောင့်-

ဇူဇကာ ပုဏ္ဏားကြီးသည် ဇနီး အမိတ္တတာပနာ ပုဏ္ဏေးမလေးအား ဤသို့ ပြော၏။

မာ မေ တွံ အကရာ ကမ္မံ၊ မာ မေ ဥဒက မာဟရိ။
အဟံ ဥဒက မာဟိဿံ၊ မာ ဘောတိ ကုပိတာ အဟု။ ။

ဗြာဟ္မဏိ၊ အို-အမိတ္တတာပနာ ပုဏ္ဏေးမ။ တွံ၊ သင်သည်။ မေ၊ ငါ၏။ ကမ္မံ၊ အမှုကို။ မာ အကရာ၊ မပြုပါလင့်။ မေ၊ ငါ့ အလို့ငှာ။ ဥဒကံ၊ ရေကို။ မာ အာဟရိ၊ မဆောင်ပါလင့်။ အဟံ၊ ငါသည်။ ဥဒကံ၊ ရေကို။ အာဟိဿံ၊ သယ်ဆောင်ပါအံ့။ ဘောတိ၊ အို-အိမ်ရှင်မ။ ကုပိတာ၊ စိတ်ဆိုးခြင်းသည်။ မာ အဟု၊ မဖြစ်ပါလင့်။

## ဇူဇကာအား မယားအလှ ပြန်ပြောပြ

ထိုအခါ "လူအို မယား"ဟု ကဲ့ရဲ့ကြ၍ အရှက်ရ၊ အမျိုးသမီးချင်း ရင်မဆိုင်လိုတော့သော လင့်အောက် အသက်ငယ်သူ ဇနီး အမိတ္တတာပနာက ခင်ပွန်း ဇူဇကာ ပုဏ္ဏားကြီးအား ပြောဆိုပုံ။

(၁) နာဟံ တမ္ပိ ကုလေ ဇာတာ၊ ယံ တွံ ဥဒက မာဟရေ။
ဧဝံ ဗြာဟ္မဏာ ဇာနာဟိ၊ န တေ ဝစ္ဆာမဟံ ဃရေ။ ။

(၂) သစေ မေ ဒါသံ ဒါသိံ ဝါ၊ နာနယိဿသိ ဗြာဟ္မဏ။
ဧဝံ ဗြာဟ္မဏ ဇာနာဟိ၊ န တေ ဝစ္ဆာမိ သန္တိကေ။ ။

ယမ္ပိ ကုလေ၊ အကြင်အမျိုး၌။ သာမိကော၊ လင်ယောကျ်ားသည်။ ကမ္မံ၊ အမှုကို။ ကရောတိ၊ ပြု၏။ တမ္ပိ ကုလေ၊ ထိုအမျိုး၌။ အဟံ၊ ငါသည်။ ဇာတာ၊ မွေးဖွားသည်။ န၊ မဟုတ်ပါ။ တွံ၊ သင်သည်။ ယံ ဥဒကံ၊ အကြင်ရေကို။ အာဟရေ၊ ဆောင်၏။ တေန ဥဒကေန၊ ထိုရေဖြင့်။ မယှံ၊ ငါ့အား။ န အတ္ထော၊ အလိုမရှိပါ။ အဟံ၊ ငါသည်။ တေ၊ သင်၏။ ဃရေ၊ အိမ်၌။ န ဝစ္ဆာမိ၊ မနေတော့ပါအံ့။ ဗြာဟ္မဏ၊ အို ပုဏ္ဏားကြီး။ ဧဝံ၊ ဤသို့။ ဇာနာဟိ၊ သိပါလော။

ဗြာဟ္မဏ၊ အို ပုဏ္ဏားကြီး။ မေ၊ ငါ့အတွက်။ ဒါသံဝါ၊ ကျွန်ယောကျ်ားကို လည်းကောင်း။ ဒါသိံဝါ၊ ကျွန်မိန်းမကို လည်းကောင်း။ သစေ နာနယိဿသိ၊ အကယ်၍ မဆောင်ပေးသည် ဖြစ်အံ့။ တေ၊ သင်၏။ သန္တိကေ၊ အထံ၌။ န ဝစ္ဆာမိ၊ မနေတော့ပါ၊ ဧဝံ၊ ဤသို့။ ဗြာဟ္မဏ၊ အို ပုဏ္ဏားကြီး။ ဇာနာဟိ၊ သိလော့။

## လုပ်ကျွေးမည့်အကြောင်း ခွင့်တောင်းပန်ထွာ ဇူဇကာ

ဇူဇကာပုဏ္ဏားကြီးက ဇနီး အမိတ္တတာပနာအား ထပ်မံ နှစ်သိမ့်စေပုံ။

နတ္ထိ မေ သိပ္ပဋ္ဌာနံ ဝါ၊ ဓနံ ဓညဉ္စ ဗြာဟ္မဏိ။
ကုတောဟံ ဒါသံ ဒါသိံ ဝါ၊ အာနယိဿာမိ ဘောတိယာ။
အဟံ ဘောတိံ ဥပဋ္ဌိဿံ၊ မာ ဘောတိ ကုပိတာ အဟု။ ။

ဗြာဟ္မဏိ အို ပုဏ္ဏေးမ အမိတ္တတာပနာ။ မေ၊ ငါ့အား။ သိပ္ပဋ္ဌာနံဝါ၊ အသက်မွေးကြောင်း အတတ်ပညာသည်လည်းကောင်း။ ဓနံဝါ၊ ဥစ္စာသည် လည်းကောင်း။ ဓညဉ္စ၊ စပါးသည်လည်းကောင်း။ နတ္ထိ၊ မရှိ။ အဟံ၊ ငါသည်။ ဘောတိယာ၊ အရှင်မအတွက်။ ဒါသံဝါ၊ ကျွန်ယောကျ်ားကို လည်းကောင်း။ ဒါသိံဝါ၊ ကျွန်မိန်းမကို လည်းကောင်း။ ကုတော အာနယိဿာမိ၊ အဘယ်မှာ

ဆောင်ပေးနိုင်ပါအံ့နည်း။ အဟံ၊ ငါသည်။ ဘောတိ၊ အရှင်မကို။ ဥပဋ္ဌိဿံ၊ လုပ်ကျွေးပါအံ့။ ဘောတိ၊ အရှင်မသည်။ ကုပိတာ၊ အမျက်ထွက်သည်။ မာ အဟု၊ မဖြစ်ပါလင့်။

## ဇနီးတာ၁ပနာ၁ သာ၁ယာ၁ချိုအား အကြံပေး

ဇနီး အမိတ္တတာပနာက အသက်ကြီးလင် ဇူဇကာအား အကြံညာဏ် ပေးပုံ။

(၁) ဧဟိ တေ အဟ မက္ခိဿံ၊ ယထာ မေ ဝစနံ သုတံ။
ဧသ ဝေဿန္တရော ရာဇာ၊ ဝင်္ကေ ဝသတိ ပဗ္ဗတေ။ ။

(၂) တံ တွံ ဂန္တွာန ယာစဿု၊ ဒါသံ ဒါသိဉ္စ ဗြာဟ္မဏ။
သော တေ ဒဿတိ ယာစိတော၊ ဒါသံ ဒါသိဉ္စ ခတ္တိယော။ ။

ဧဟိ၊ လာလှည့်။ ယထာ၊ အကြောင်းအခြင်းအရာဖြင့်။ မေ၊ ငါသည်။ သုတံ၊ ကြားအပ်သော။ ဝစနံ၊ စကားကို။ အဟံ၊ ငါသည်။ တေ၊ သင့်အား။ အက္ခိဿံ၊ ပြောကြားပေအံ့။ ဝေဿန္တရော၊ ဝေဿန္တရာ အမည်ရှိသော။ ဧသ ရာဇာ၊ ဤမင်းသည်။ ဝင်္ကေ၊ ဝင်္ကအမည်ရှိသော။ ပဗ္ဗတေ၊ တောင်၌။ ဝသတိ၊ နေ၏။

ဗြာဟ္မဏ၊ အို ပုဏ္ဏားကြီး။ တွံ၊ သင်သည်။ တံ၊ ထိုဝင်္ကတောင်သို့။ ဂန္တွာန၊ သွား၍၊ ဒါသဉ္စ၊ ကျွန်ယောက်ျားကို လည်းကောင်း။ ဒါသိဉ္စ၊ ကျွန်မိန်းမကို လည်းကောင်း။ ယာစဿု၊ အလှူခံပါလော။ သော ခတ္တိယော၊ ထို ဝေဿန္တရာမင်းကြီးသည်။ ယာစိတော၊ အလှူခံအပ်သည်ရှိသော်။ ဒါသဉ္စ၊ ကျွန်ယောက်ျားကို လည်းကောင်း။ ဒါသိဉ္စ၊ ကျွန်မိန်းမကိုလည်းကောင်း။ တေ၊ သင့်အား။ ဒဿတိ၊ ပေးလှူလတ္တံ့။

## ဇူဇကာပုဏ္ဏား သွားသင့် မသင့် မျှော်ထောက်ချင့်

ဇူဇကာပုဏ္ဏားကြီးသည် ဝင်္ကတောင် ဝေဿန္တရာမင်းကြီးအထံ အလှူခံ သွားဘို့ ဆုံးဖြတ်လိုက်ပြီ။ သွားယင်း ဇူဇကာပုဏ္ဏားကြီးသည် အစွတရသေ့ကြီး ပြသော လမ်းမှ လေးထောင့်ရေကန်ကြီးသို့ ရောက်၍ ဤသို့ စဉ်းစားပြီး–

အဇ္ဇ အတိသာယနှော၊ ဣဒါနိ မဒ္ဒီ အရညတော အာဂမိဿတိ။
မာတုဂါမော ဟိ နာမ ဒါနဿ အန္တရာယကရော ဟောတိ၊ သွေ
တဿာ အရညံ ဂတကာလေ အဿမံ ဂန္တွာ ဝေဿန္တရံ ဥပသင်္က
မိတွာ ဒါရကေ ယာစိတွာ တာယ အနာဂတာယ တေ ဂဟေတွာ
ပက္ကမိဿာမိ။

အဇ္ဇ၊ ယနေ့။ အတိသာယနှော၊ အလွန်မိုးချုပ်ပြီ။ ဣဒါနိ၊ ယခု
အခါ၌။ မဒ္ဒီ၊ မိဖုရားမဒ္ဒီသည်။ အရညတော၊ တောမှ။ အာဂမိဿတိ၊
ပြန်လာလတ္တံ့။ ဟိ၊ မှန်၏။ မာတုဂါမောနာမ၊ မာတုဂါမ မည်သည်ကား။
ဒါနဿ၊ ဒါန၏။ အန္တရာယကရော၊ အန္တရာယ်ကို ပြုတတ်သည်။ ဟောတိ၊
ဖြစ်၏။ သွေ၊ နက်ဖြန်။ တဿာ၊ ထိုမဒ္ဒီမိဖုရား၏။ အရညံ၊ တောသို့။ ဂတ
ကာလေ၊ သွားသောအခါ၌။ အဿမံ၊ သင်္ခမ်းကျောင်းသို့။ ဂန္တွာ၊ သွား၍။
ဝေဿန္တရံ၊ ဝေဿန္တရာမင်းကြီးသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဒါရကေ၊ သူငယ်
နှစ်ဦးတို့ကို။ ယာစိတွာ၊ အလှူခံ၍။ တာယ၊ ထိုမဒ္ဒီမိဖုရားကြီးသည်။ အနာ
ဂတာယ၊ ပြန်မလာသေးမီ။ တေ၊ ထိုသူငယ်နှစ်ဦးတို့ကို။ ဂဟေတွာ၊ ခေါ်၍။
ပက္ကမိဿာမိ၊ သွားပါအံ့။

## လာခြင်းကိစ္စ မုချအမှန် အလှူခံ

ဇူဇကာပုဏ္ဏားကြီး မင်းကြီးထံ ရောက်ပြီ။ မဒ္ဒီ မိဖုရားကြီးသည်လည်း
ညဦးက အိပ်မက်ကြောင်း ပြောပြသွားသည်။ အလောင်းတော်က ငါ၏
ပါရမီ ပြည့်လတ္တံ့၊ ငါ၏ သားသမီးတွေကို လာရောက် အလှူခံလတ္တံ့၊ မဒ္ဒီ
သက်သာရာရအောင် လွှတ်လိုက်လတ္တံ့ စဉ်းစားခဲ့သည်။မေးမှ ဖြစ်တော့မည်ဟု
သဘောပေါက်၍ "အသင် ပုဏ္ဏားကြီး၊ ဘာ့ကြောင့် ဤလူသူမနီး တောမြိုင်
ကြီးသို့ လာပါသနည်း" ဟု မေးလိုက်သည့်အခါ ဇူဇကာ ပုဏ္ဏားကြီးက
အောက်ပါအတိုင်း ပြန်ပြောပြီ။

ယထာ ဝါရိဝဟော ပူရော၊ သဗ္ဗကာလံ န ခီယတိ။
ဧဝံ တံ ယာစိတာ ဂစ္ဆံ၊ ပုတ္တေ မေ ဒေဟိ ယာစိတော။ ။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ဝါရိဝဟော၊ ရေကိုဆောင်တတ်သော။
မဟာနဒီ၊ မြစ်ကြီးသည်။ သဗ္ဗကာလံ၊ အခါခပ်သိမ်း။ ဥဒကေန၊ ရေဖြင့်။

ပူရော၊ ပြည့်သည်၊ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ တွမ္ပိ၊ သင်သည်လည်း။ သဒ္ဓါယ၊ သဒ္ဓါတရားဖြင့်။ ပူရိတတ္တာ၊ ပြည့်စုံသည်အဖြစ်ကြောင့်။ သဗ္ဗကာလံ၊ အခါခပ်သိမ်း။ နခီယတိ၊ မကုန်။ ယာစိတော၊ အလှူခံအပ်သည်ဖြစ်၍။ တေ၊ သင်၏။ ပုတ္တေ၊ သားသမီးတို့ကို။ မေ၊ ငါ့အား။ ဒေဟိ၊ ပေးပါလော့။ ဧဝံ၊ ဤသို့။ တံ၊ သင့်ကို။ ယာစိတုံ၊ အလှူခံအံ့သောငှာ။ အာဂစ္ဆိံ၊ လာခဲ့ပြီ။

## သားမြတ်ဇာလီ ခေါ်ပြီအမှန် လှူဘို့ရန်

အလောင်းတော် ဝေဿန္တရာမင်းကြီးသည် ဇူဇကာပုဏ္ဏားကြီးအား လှူဘို့ရန် သားတော်မောင်ဇာလီကို ဤသို့ ခေါ်လိုက်လေ၏။

(၁) ဧဟိ တာတ ပိယပုတ္တ၊ ပူရေထ မမ ပါရမိံ။
ဟဒယံ မေ ဘိသိဉ္စထ၊ ကရောထ ဝစနံ မမ။ ။

(၂) ယာနာ နာဝါ စ မေ ဟောထ၊ အစလာ ဘဝသာဂရေ။
ဇာတိပါရံ တရိဿာမိ၊ သန္တာရေဿံ သဒေဝကံ။ ။

တာတ ပိယပုတ္တ၊ အို-ချစ်သား မောင်ဇာလီ။ ဧဟိ၊ လာခဲ့ပါလော့။ မမ၊ ငါဘခင်၏။ ပါရမိံ၊ ပါရမီတော်ကို။ ပူရေထ၊ ဖြည့်ကျင့်ပါလော့။ မေ၊ ငါဘခင်၏။ ဟဒယံ၊ နှလုံးအလိုကို။ အဘိသိဉ္စထ၊ သွန်းလောင်းပါလော့။ မမ၊ ငါဘခင်၏။ ဝစနံ၊ စကားကို။ ကရောထ၊ လိုက်နာပါလော့။

ဘဝသာဂရေ၊ ဘဝတည်းဟူသော ပင်လယ်သမုဒ္ဒရာ၌။ မေ၊ ငါ့အတွက်။ အစလာ၊ မတုန်မလှုပ် မြဲမြံခိုင်ခံ့တည်တံ့သော။ ယာနာ၊ ယာဉ်တည်းဟူသော။ နာဝါစ၊ လှေသည်လည်း။ ဟောထ၊ ဖြစ်ပါလော့။ ဇာတိပါရံ၊ ဇာတိ၏ ကမ်းတဘက်သို့။ တရိဿာမိ၊ ကူးပါအံ့။ တရိတွာန၊ ကူးပြီး၍။ သဒေဝကံ၊ နတ်နှင့်တကွသော။ လောကံ၊ လူအပေါင်းကို။ သန္တာရေဿံ၊ ထုတ်ဆောင် ကယ်မပေအံ့။

## သမီးမြတ်ကဏှာ ခေါ်ပါအမှန် လျှုဘို့ရန်

(၁) ဟေ အမ္မ ပိယမိတိ၊ ပူရေထ မမ ပါရမိံ။
ဟဒယံ မေ ဘိသိဉ္စထ၊ ကရောထ မမ ဝစနံ။ ။

(၂) ယာနာ နာဝါ စ မေ ဟောထ၊ အစလာ ဘဝသာဂရေ။
ဇာတိပါရံ တရိဿာမိ၊ ဥဒ္ဓရိဿံ သဒေဝကံ။ ။

အမ္မ ပိယမိတိ၊ အို-ချစ်သမီး မယ်ကဏှာ။ ဟေ၊ လာလော့။ မမ၊ ငါ ဘခင်၏။ ပါရမိံ၊ ပါရမီကို။ ပူရေထ၊ ဖြည့်ကျင့်ပါလော့။ မေ၊ ငါဘခင်၏။ ဟဒယံ၊ နှလုံးအလိုကို။ အဘိသိဉ္စထ၊ သွန်းလောင်းပါလော့။ မမ၊ ငါဘခင်၏။ ဝစနံ၊ စကားကို။ ကရောထ၊ လိုက်နာပါလော့။

ဘဝသာဂရေ၊ ဘဝတည်းဟူသော ပင်လယ်သမုဒ္ဒရာ၌။ အစလာ၊ မတုန်မလှုပ် မြဲမြံခိုင်ခံ့တည်တံ့သော။ ယာနာ၊ ယာဉ်တည်းဟူသော။ နာဝါစ၊ လှေသည်လည်း။ မေ၊ ငါ့အတွက်။ ဟောထ၊ ဖြစ်ပါလော့။ ဇာတိပါရံ၊ ဇာတိ၏ ဟိုမှာဘက်ကမ်းသို့။ တရိဿာမိ၊ ကူးပါအံ့။ တရိတွာန၊ ကူးပြီး၍။ သဒေဝကံ၊ နတ်နှင့်တကွသော။ လောကံ၊ လူအပေါင်းကို။ ဥဒ္ဓရိဿံ၊ ထုတ်ဆောင် ကယ်မပေအံ့။

## ဇူဇကာ ပုဏ္ဏား ကြောက်အားပိုမို ရှိက်ရှိက်ငို

သားတော်မောင် ဇာလီသည် ဘခင်မင်းကြီး၏ စကားကို ကြား၍ အောက်ပါအတိုင်း စိတ်ကူး၍ ခေါင်းထောင်ကာ ကြာဖက်တို့ကိုဖယ်၍ ရေကန်ထဲမှ တက်လာပြီး ဘခင်၏ ညာဘက်ခြေသလုံးကို ဘက်၍ ငိုလေ၏။

ဗြာဟ္မဏော မံ ယထာရုစိ ကရောတု၊ ပိတရာ သဒ္ဓိံ ဒွေကထာ န ကထေဿာမိ။

ဗြာဟ္မဏော၊ ဇူဇကာပုဏ္ဏားကြီးသည်။ မံ၊ ငါ့ကို။ ယထာရုစိ၊ အလို ရှိတိုင်း။ ကရောတု၊ ပြုပါစေ။ ပိတရာ၊ ဘခင်နှင့်။ သဒ္ဓိံ၊ တကွ။ ဒွေကထာ၊ စကားနှစ်ခွန်းတို့ကို။ န ကထေဿာမိ၊ မပြောအံ့။

သမီးတော် ' မယ်ကဏှာသည်လည်း အောက်ပါအတိုင်း စိတ်ကူး၍ ရေကန်မှ တက်လာပြီး ဘခင်၏ ဘယ်ဘက်ခြေသလုံးကို ဘက်၍ ငိုလေ၏။

ပိတရော သဒ္ဒံ ဒွေကထာ န ကထေဿာမိ။

ပိတရော၊ ဘခင်နှင့်။ သဒ္ဒံ၊ တကွ။ ဒွေကထာ၊ နှစ်ခွန်းသော စကားတို့ကို။ န ကထေဿာမိ၊ မပြောအံ့။

ထို သားတော်မောင် ဇာလီ၊ သမီးတော် မယ်ကဏှာတို့၏ မျက်လုံးတော် ကလေးများမှ ယိုစီးကျဆင်း၍ လာကြကုန်သော ပူနွေးသော မျက်ရည်တို့သည် ဘခင်ကြီး၏ ခြေဖမိုးများပေါ်၌ မြင်မကောင်းအောင် ရွှဲ၍နေတော့သည်။

## မျက်ရည်ယိုရွှဲ စိုရွှဲသုတ်ကာ ချော့မော့ရှာ

ထိုအခါ အလောင်းတော် ဘခင်ကြီးမှာလည်း သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးအလို့ငှာ ဖြစ်လင့်ကစား သားသမီးအပေါ် အပြည့်ရှိနေသေးသော မေတ္တာကရုဏာ လေသရမ်းတို့သည် တဘက်မှ တရကြမ်း တိုက်ခတ်နေသည် ဖြစ်၍ မျက်ရည်တို့ဖြင့်ပြည့်နေသော မျက်လုံးတို့ဖြင့် မဝံ့တဝံ့ကြည့်ကာ အောက်ပါအတိုင်း ချော့မော့ ပြောဆိုလေ၏။

တာတ ဇာလိ ကိံ တွံ့ မမ ဒါနဝိတ္တကဘာဝ န ဇာနာသိ။
အဇ္ဈာသယံ မေ တာတ မတ္ထကံ ပါပေဟိ။

တာတ ဇာလိ၊ သားတော်မောင် ဇာလီ။ တွံ၊ သင်သည်။ မမ၊ ငါ ဘခင်၏။ ဒါနဝိတ္တကဘာဝံ၊ ဒါနကိုနှစ်သက်သည်၏ အဖြစ်ကို။ န ဇာနာသိကိံ၊ မသိလေသလော။ တာတ၊ ချစ်သား။ မေ၊ ငါ၏။ အဇ္ဈာသယံ၊ အလိုကို။ မတ္ထကံ၊ အထွဋ်အထိပ် အပြီးအဆုံးသို့။ ပါပေဟိ၊ ရောက်အောင် ပြုပါလော့။

## သဗ္ဗညုတဉာဏ် အမှန်ရလို တောင်းဆုဆို

ဤသို့ ချော့မော့ ပြောဆိုပြီး နွားတို့ကို အဘိုးဖြတ်ပေးလိုက်သလို မောင်ဇာလီ၊ မယ်ကဏှာတို့ကို ဘန်ဘိုးဖြတ် ပေးလိုက်လေ၏။

(၁) ဇူဇကာပုဏ္ဏားကြီးအား သား မောင်ဇာလီကို ကျွန်အဖြစ် ပေးလှူပြီးပြီ။ အကယ်၍ ကျွန်အဖြစ်မှ လွတ်လိုလျှင် (၀၊) ရွှေးယူလိုလျှင် ရွှေစင်တထောင် ပုဏ္ဏားကြီးအား ပေးရမည်။

(၂) သမီး မယ်ကဏှာကို ရွေးယူလိုလျှင် ကျွန်ယောက်ျား တရာ၊ ကျွန်မိန်းမ တရာ၊ ဆင် တရာ၊ မြင်း တရာ၊ နွားလား တရာ၊ ရွှေစင် တရာ ပေးရွေးရမည်။

အလောင်းတော် ဝေဿန္တရာမင်းကြီးသည် အောက်ပါအတိုင်း ဇူဇကာပုဏ္ဏားကြီးကို ပြောပြီး ဆုတောင်းကာ ရေစက်ချလေ၏။

(၁) အမ္ဘော ဗြာဟ္မဏ ပုတ္တေဟိ မေ သတဂုဏေန သဟဿဂုဏေန သတသဟဿဂုဏေန သဗ္ဗညုတဉာဏမေဝ ပိယတရံ။ ။

(၂) ဣဒံ ပိယပုတ္တဒါနံ သဗ္ဗညုတဉာဏဿ ပစ္စယော ဟောတု။ ။

အမ္ဘော ဗြာဟ္မဏ၊ အို-ဇူဇကာပုဏ္ဏားကြီး။ မေ၊ ငါ့အား။ ပုတ္တေဟိ၊ သားသမီးတို့ထက်။ သတဂုဏေနစ၊ အဆ အရာ အား ဖြင့် လည်း ကောင်း။ သဟဿဂုဏေနစ၊ အဆ အထောင်အားဖြင့် လည်းကောင်း။ သတသဟဿဂုဏေနစ၊ အဆ အသိန်းအားဖြင့် လည်းကောင်း၊ သဗ္ဗညုတဉာဏမေဝ၊ သဗ္ဗညုတ ဉာဏ်တော်ကြီးကိုသာလျှင်။ ပိယတရံ၊ လွန်စွာ ချစ်အပ်၏။

ဣဒံ ပိယပုတ္တဒါနံ၊ ဤသားချစ် သမီးချစ်တို့ကို လှူဒါန်းရခြင်းသည်။ သဗ္ဗညုတဉာဏဿ၊ သဗ္ဗညုတဉာဏ်တော်ကြီး၏။ ပစ္စယော၊ အကြောင်း အထောက်အပံ့သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

## နွယ်ဖြင့်တုပ်လျက် ရိုက်နှက်အလီလီ ခေါ်သွားပြီ

ဇူဇကာပုဏ္ဏားကြီးသည်လည်း ချုံထဲသို့ ခေတ္တဝင်သွားပြီး နွယ်တို့ကို သွားဖြင့် ကိုက်ဖြတ် ယူလာကာ မောင်ဇာလီကို လက်ယာဘက်မှ၊ မယ်ကဏှာကို လက်ဝဲဘက်မှ တင်းကြပ်စွာ ချည်တုပ်လျက် နွယ်စကို တဘက်က ကိုင်ပြီး ရိုက်ပုတ် ခေါ်ဆောင်သွားလေ၏။ မင်းကြီးကား မျက်စိ တဆုံး ကြည့်ယင်း "သုဒိန္နံ ဝတ မေ ဒါနံ"ဟု သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးအတွက် ပါရမီ အလို့ငှာ ပီတိ ဖြစ်နေပေသည်။

(၁) တတော သော ဗြာဟ္မဏော လုဒ္ဒေါ၊ လတံ ဒန္တေဟိ ဆိန္ဒိယ။
လတာယ ဟတ္ထေ ဗန္ဓိတွာ၊ လတာယ အနုမဇ္ဇထ။ ။

(၂) တတော သော ရဇ္ဇုံ မာဒါယ၊ ဒဏ္ဍဉ္စာဒါယ ဗြာဟ္မဏော။
အာကောဋယန္တော တေ နေတိ၊ သိဝိရာဇဿ ပေက္ခတော။ ။

တတော၊ ထိုလျှုဒါန်းပြီးသော နောင်မှ။ သော ဗြာဟ္မဏော၊ ထို ဇူဇကာပုဏ္ဏားကြီးသည်။ လုဒ္ဒေါ၊ ကြမ်းတမ်းယုတ်မာသည်ဖြစ်၍။ လတံ၊ နွယ်ကို။ ဒန္တေဟိ၊ သွားတို့ဖြင့်။ ဆိန္ဒိယ၊ ကိုက်ဖြတ်၍။ လတာယ၊ နွယ်ဖြင့်။ ဟတ္ထေ၊ ကလေးများလက်တို့ကို။ ဗန္ဓိတွာ၊ တုပ်နှောင်၍။ လတာယ၊ နွယ်ဖြင့်။ အနုမဇ္ဇထ၊ တပ်ချည်၏။

တတော၊ ထို တပ်ချည်ပြီးသောနောင်မှ။ သော ဗြာဟ္မဏော၊ ထို ဇူဇကာပုဏ္ဏားကြီးသည်။ ရဇ္ဇုံ၊ ကြိုးစကို။ အာဒါယ၊ ကိုင်၍။ ဒဏ္ဍဉ္စ၊ ဒုတ်ကိုလည်း။ အာဒါယ၊ ယူ၍။ သိဝိရာဇဿ၊ သိဝိပြည့်ရှင် ဘုရင်ဝေဿန္တရာမင်းကြီးသည်။ ပေက္ခတော၊ ကြည့်၍နေစဉ်။ အာကောဋယန္တော၊ ရိုက်ပုတ်လျက်။ တေ၊ ထိုမောင်နှမနှစ်ယောက်တို့ကို။ နေတိ၊ ခေါ်ဆောင်သွားလေ၏။

## သနားဘွယ်အမျိုးမျိုး ရှိခိုးပြောပြ တောင်းပန်ကြ

တလမ်းလုံး ရိုက်နှက် ခေါ်ဆောင်သွား၏။ ကလေးများမိခင် မဒ္ဒီမိဖုရားကြီးမှာ မင်းကြီးနှင့် ကလေးများစားဘို့ သစ်သီးရှာ သွားနေသည်။ ကလေးများ အရေပါးတို့သည် စုတ်ပြတ်ကုန်ပြီ။ သွေးတို့သည်လည်း ချင်း ချင်း ရဲ နေပြီ။ နေလည်း စောင်းစပြုလာပြီ။ တခုသော ချောက်သို့ ဆင်းလိုက်ရာ အလွန်ဝသော ပုဏ္ဏားကြီး ခြေချော်၍ လဲကျသွားလေသည်။ ကလေးတို့၏ နူးညံ့သော လက်တို့မှ နှောင်ဖွဲ့ထားသော နွယ်ကြိုးသည် လျော့ကျသွားလေ၏။ ထိုအခိုက် (ဤတော၌ ခုနစ်လကျော်နေလာသော ကလေးများဖြစ်၍)ဘခင်ထံ အရောက်ပြေပြီး မောင်နှမ နှစ်ယောက် မျက်ရည်ဖြင့်ပြည့်သော မျက်လုံးတို့ဖြင့် ကြည့်ကာ ဘခင်အား ရိုက်ထားသော အချိုးတွေကို ပြပြီး "အနဲဆုံး အမေလာအောင် ဆိုင်းပါ၊ အမေ့မျက်နှာလေး ကြည့်သွားပါရစေ၊ ပုဏ္ဏားကြီးလည်း နောက်က လိုက်လာ ရိုက်နှက်ဦးမှာမို့ အဆုံးအဖြတ်ပေးပါရန်" အတင်း တောင်းပန်ယင်း ဘခင်၏ ခြေနှစ်ဘက်တို့ကို ဦးခေါင်းဖြင့် တိုက်ပြီး ရှိခိုးကြလေ၏။

## ဘခင်ကြီးအား သနားစေရန် သူတောင်းခံ

ဤနေရာ၌ အဖြစ်မှန်ကို အောက်ပါ ဂါထာတို့ဖြင့် မှတ်ရာ၏။

(၁) တတော ကုမာရာ ပက္ကာမုံ၊ ဗြာဟ္မဏဿ ပမုဥ္စိယ။
အဿုပုဏ္ဏေဟိ နေတ္တေဟိ၊ ပိတရံ သော ဥဒိက္ခတိ။ ။

တတော၊ ထိုနောင်မှ။ ကုမာရာ၊ မောင်ဇာလီ မယ်ကဏှာ ဟူသော ကလေးနှစ်ယောက်တို့သည်။ ဗြာဟ္မဏဿ၊ ဇူဇကာခေါ်ဆို ပုဏ္ဏားအိုကြီး၏။ ဟတ္ထတော၊ လက်မှ။ ပမုဥ္စိယ။ လွတ်ထွက်၍။ ပက္ကာမုံ၊ ပြေးလာကြကုန်ပြီ။ သော၊ ထို မောင်ဇာလီသည်။ အဿုပုဏ္ဏေဟိ၊ မျက်ရည်တို့ဖြင့် ပြည့်ကုန်သော။ နေတ္တေဟိ၊ မျက်လုံးတို့ဖြင့်။ ပိတရံ၊ ဘခင်ကြီးကို။ ဥဒိက္ခတိ၊ ကြည့်နေ၏။

(၂) ဝေဓ မဿတ္ထပတ္တံဝ၊ ပိတု ပါဒါနိ ဝန္ဒတိ။
ပိတု ပါဒါနိ ဝန္ဒိတွာ၊ ဣဒံ ဝစန မဗြဝိ။ ။

အဿတ္ထပတ္တံဝ၊ လေခတ်သော ညောင်ရွက်ကဲ့သို့။ ဝေဓံ၊ တုန်လှုပ်လျက်။ ပိတု၊ ဘခင်မင်းကြီး၏။ ပါဒါနိ၊ ခြေတော်တို့ကို။ ဝန္ဒတိ၊ ရှိခိုး၏။ ပိတု၊ ဘခင်မင်းကြီး၏။ ပါဒါနိ၊ ခြေတော်တို့ကို။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍၊ ဣဒံ ဝစနံ၊ ဤဆိုလတ္တံ့သော စကားကို။ အဗြဝိ၊ ဆိုလေပြီ။

(၃) အမ္မာ စ တာတ နိက္ခန္တာ၊ တွံစ နော တာတ ဒဿသိ။
ယာဝ အမ္မမ္ပိ ပဿေမု၊ အထ နော တာတ ဒဿသိ။ ။

တာတ၊ ဘခင်။ နော၊ အကျွန်ုပ်တို့၏။ အမ္မာစ၊ မိခင်သည်လည်း။ နိက္ခန္တာ၊ သစ်သီးရှာ ထွက်ခွာသွားလေ၏။ တာတ၊ ဘခင်။ တွံစ၊ သင်ဘခင်သည်လည်း။ နော၊ အကျွန်ုပ်တို့ကို။ ဒဿသိ၊ ပေးလှူလိုက်၏။ ယာဝ၊ အကြင်မျှလောက်။ အမ္မမ္ပိ၊ မိခင်ကိုလည်း။ ပဿေမု၊ မြင်လိုကြပါသေး၏။ အထ၊ ထို မြင်ပြီးသည်နောက်မှ။ တာတ၊ ဘခင်။ နော၊ အကျွန်ုပ်တို့ကို။ ဒဿသိ၊ ပေးလှူပါလော။

(၄) အမ္မာ စ တာတ နိက္ခန္တာ၊ တွံ စ နော တာတ ဒဿသိ။
မာ နော တွံ တာတ အဒဒါ၊ ယာဝ အမ္မာပိ ဧတု နော။
တဒါယံ ဗြာဟ္မဏော ကာမံ၊ ဝိက္ကိဏာတု ဟနာတု ဝါ။ ။

တာတ၊ ဘခင်။ နော၊ အကျွန်ုပ်တို့၏။ အမ္မာစ၊ မိခင်သည်လည်း။ ဝနံ၊ တောသို့။ နိက္ခန္တာ၊ သစ်သီးရှာ ထွက်ခွာသွားလေ၏။ တာတ၊ ဘခင်။တွံစ၊ သင်ဘခင်သည်လည်း။နော၊ အကျွန်ုပ်တို့ကို။ တာယ၊ ထိုမိခင်၏။ အနာဂတာယ ဧဝ၊ မလာသေးမီပင်လျှင်။ ဒဿသိ၊ ပေးလှူ၏။ တာတ၊ ဘခင်။ တွံ၊ သင်သည်။ နော၊ အကျွန်ုပ်တို့ကို။ မာ အဒဒါ၊ မပေးဘဲသာ ဆိုင်းငံ့ပါဦးလော့။ ယာဝ၊ အကြင်မျှလောက်။ နော၊ အကျွန်ုပ်တို့၏။ အမ္မာပိ၊ မိခင်သည်လည်း။ ဧတု၊ ပြန်လာပါစေဦး။ တဒါ၊ ထိုပြန်လာသောအခါမှ။ အယံ ဗြာဟ္မဏော၊ ဤပုဏ္ဏားကြီးသည်။ ကာမံ၊ စင်စစ်။ ဝိက္ကိဏာတု ဝါ၊ ရောင်းလိုလည်း ရောင်းပါစေ။ ဟနာတု ဝါ၊ သတ်မူလည်း သတ်ပါစေ။

(၅) နိယမာနေ ပိသာစေန၊ ကိန္နု တာတ ဥဒိက္ခတိ။
အသ္မာ နူန တေ ဟဒယံ၊ အာယသံ ဒဠှဗန္ဓနံ။ ။

ပိသာစေန၊ ဘီလူးနှင့်တူသော ပုဏ္ဏားကြီးသည်။ နိယမာနေ၊ ဆောင်ယူ ဆွဲခေါ်သွားသည်ရှိသော်။ ဝါ၊ ဆောင်ယူ ဆွဲခေါ်သွားရာ၌။ တာတ၊ ဘခင်။ တွံ၊ သင်သည်။ ကိန္နု ဥဒိက္ခတိ၊ အဘယ့်ကြောင့် ကြည့်နေဘိသနည်း။ တေ၊ သင် ဘခင်၏။ ဟဒယံ၊ နှလုံးသားသည်။ အသ္မာနူန၊ ကျောက်တုံးကျောက် ပြားကြီးများ ဖြစ်သွားလေသလော။ ဒဠှဗန္ဓနံ၊ မြဲမြံစွာ ဖွဲ့ချည်၍ထားသော။ အာယသံနူန၊ သံတုံး သံပြားကြီးများ ဖြစ်သွားလေသလော။ တွံ၊ သင်သည်။ အဇာနန္တောဝိယ၊ မသိသလို။ အစ္ဆသိ၊ နေနိုင်ဘိ၏။

(၆) က္လမေဝ အစ္ဆတံ ကဏှာ၊ န သာ ဇာနာတိ ကိသ္မိဉ္စိ။
မိဂီဝ ခီရသမ္မတ္တာ၊ ယူထာ ဟီနာ ပကန္ဒတိ။ ။

တာတ၊ ဘခင်။ တေ၊ သင်၏။ ဓီတာ၊ သမီးဖြစ်သော။ သာ ကဏှာ၊ ထိုညီမလေး ကဏှာသည်။ ကိသ္မိဉ္စိ၊ ဘာတခုကိုမျှ။ န ဇာနာတိ၊ မသိတတ်သေးပါ။ တသ္မာ၊ ထို့ကြောင့်။ က္လမေဝ၊ ဤမိဘရှေ့မှောက် မျက်စိအောက်၌

ပင်လျှင်။ အစ္ဆတံ၊ နေပါစေ။ ခီရသမ္ပတ္တာ၊ နို့ရည်၌ ယစ်မှုးတပ်မက် နှစ်သက်သော။ ဝါ၊ နို့မခွဲသေးသော။ မိဂီ၊ သမင်မငယ်သည်။ ယူထာ၊ သမင်အုပ်မှ။ ဟီနာ၊ ကွဲကွာကျန်ရစ်၍ နေသည်ရှိသော်။ မာတရံ၊ မိခင် သမင်မကြီးကို။ အပဿန္တိ၊ မမြင်ရသည်ဖြစ်၍။ ခီရတ္တာယ၊ နို့စို့ဘို့ရန်အလို့ငှာ။ ပကန္ဒတိက္ကဝ၊ တဂျိဂျိခေါ်ငင်လေဘိသကဲ့သို့။ ဧဝံ၊ ဤအတူ။ အမ္ပံ၊ မိခင်ကြီးကို။ အပဿန္တိ၊ မမြင်ရသည်ဖြစ်၍။ ကန္ဒိသ္သာ၊ တဂျိဂျိခေါ်ငင်၍။ သုဿိတွာ၊ ခြောက်ခန်းလျက်။ မရိဿတိ၊ သေရလတ္တံ့။ တသ္မာ၊ ထို့ကြောင့်။ မံ ယေဝ၊ အကျွန်ုပ်ကိုသာလျှင်။ ဗြာဟ္မဏာဿ၊ ပုဏ္ဏားကြီးအား။ ဒေဟိ၊ ပေးလှူပါလော့။ အဟံ၊ အကျွန်ုပ်သည်။ ဂမိဿာမိ၊ လိုက်ပါသွားအံ့။ အယံ ကဏှာ၊ ဤညီမလေး ကဏှာသည်။ ဣဓေဝ၊ ဤမိဘရှေ့မှောက် မျက်စိအောက်၌ပင်လျှင်။ အစ္ဆတံ၊ နေပါစေ။

## စွန့်ခြင်းကြီးငါး စွန့်သွားစင်စစ် ဘုရားဖြစ်

အလောင်းတော်သည် မည်သို့မျှ မပြောမဆိုပါ။ ထိုအခါ လိုက်လာသော ဇူဇကာပုဏ္ဏားကြီး ရောက်ပြီး ထပ်မံချည်တုပ် ခေါ်ဆောင်သွားလေ၏။ မင်းကြီးမှာ ဒီတခါ စိုးရိမ်ခြင်း အတော်ဖြစ်ရပါသည်။ သစ်မ်းကျောင်းထဲဝင်၍ ပြင်းစွာငိုကြွေးပြီး အလောင်းတော်သည် ထိုခဏ၌ ဘုရားလောင်းတို့၏ အစဉ်အလာကို ဆင်ခြင်မိပြီ၊ ဘုရားလောင်းတို့သည် မဟာပရိစ္စာဂခေါ် စွန့်ခြင်းကြီး ငါးပါးကို မစွန့်ဘဲ ဘုရားဖြစ်ဘူးခြင်း မရှိ၊ ဘုရားအလောင်းဖြစ်သော ငါသည် ယခု ပြုရပေပြီဟု ဖြေဖျောက်ကာ အပြင်သို့ ထွက်ထိုင်စဉ် ဇူဇကာသည်လည်း ကလေးများကို ရိုက်နှက် ခေါ်သွားလေ၏။ စွန့်ခြင်းကြီး ငါးပါးကား-

(၁) ဓနပရိစ္စာဂ-ရွှေ ငွေ စသော ပစ္စည်းဥစ္စာတို့ကို လှူဒါန်းခြင်း။
(၂) အင်္ဂပရိစ္စာဂ-ခြေ လက် မျက်စိ စသော ကိုယ် အင်္ဂါတို့ကို လှူဒါန်းခြင်း။
(၃) ပုတ္တပရိစ္စာဂ-သားသမီးတို့ကို လှူဒါန်းခြင်း။
(၄) ဘရိယပရိစ္စာဂ-ဇနီးမယားကို လှူဒါန်းခြင်း။
(၅) ဇီဝိတပရိစ္စာဂ-မိမိအသက်ကို လှူဒါန်းခြင်း။

## ခြင်္သေ့ ကျား သစ် အဖြစ်ဆောင်ကာ စောင့်ရှောက်လာ

မဒ္ဒိမိဖုရားကြီးသည် နေ့ထိုင်ရာသင်္ခမ်းကျောင်းသို့ အချိန်မီ ရောက်နေကျ အချိန် မရောက်လာ။ အလွန်မိုးချုပ်မှ ရောက်လာ၏။ အကြောင်းမှာ အလောင်းတော်၏ သားသမီး အလှူကြီးကို ပြဟ္မာ့ပြည်တိုင်အောင် အားလုံး သိကြ၏။ နတ်ပြဟ္မာအပေါင်း စည်းဝေးတိုင်ပင်ကြ၏၊ နတ်သားသုံးယောက်တို့ကိုလည်း (ခြင်္သေ့၊ ကျား၊ သစ်) အယောင်ဆောင်ကာ မိဖုရားကြီး နေဝင်ပြီး မှောင်၍ လရောင်နှင့်မှ ပြန်ရောက်ရလေအောင် လမ်းများကို ပိတ်ဆို့ တားဆီးထားဘို့ တာဝန်ပေးထားပြီ။

(၁) သစေ မဒ္ဒီ ကာလဿေဝ အဿမံ အာဂမိဿတိ၊ တတ္ထ ပုတ္တကေ အဒိသွာ ဝေဿန္တရံ ပုစ္ဆိတွာ ဗြာဟ္မဏဿ ဒိန္နဘာဝံ သုတွာ ဗလဝသိနေဟေန ပဒါနုပဒံ ဓာဝိတွာ မဟန္တံ ဒုက္ခံ အနုဘဝေယျ။

သစေ၊ အကယ်၍။ မဒ္ဒီ၊ မိဖုရားကြီးမဒ္ဒီသည်။ ကာလဿေဝ၊ စောစော သာလျှင်။ အဿမံ၊ သင်္ခမ်းကျောင်းသို့။ အာဂမိဿတိ၊ ပြန်ရောက်လတ္တံ့။ တတ္ထ၊ ထိုသင်္ခမ်းကျောင်း၌။ ပုတ္တကေ၊ သားငယ် သမီးငယ်တို့ကို။ အဒိသွာ၊ မမြင်သောကြောင့်။ ဝေဿန္တရံ၊ ဝေဿန္တရာမင်းကြီးကို။ ပုစ္ဆိတွာ၊ မေး၍။ ဗြာဟ္မဏဿ၊ ဇူဇကာပုဏ္ဏားကြီးအား။ ဒိန္နဘာဝံ၊ ပေးလှူလိုက်သည်အဖြစ်ကို။ သုတွာ၊ ကြား၍။ ဗလဝသိနေဟေန၊ အားကြီးသောချစ်ခြင်းဖြင့်။ ပဒါနုပဒံ၊ ခြေရာတခုမှ ခြေရာတခုသို့။ ဓာဝိတွာ၊ ပြေးလိုက်၍။ မဟန္တံ၊ ကြီးစွာသော။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဘဝေယျ၊ အစဉ် ခံစားခြင်းသို့ ရောက်ရာ၏။

(၂) တုမှေ သီဟဗျဂ္ဃဒီပိဝေသေ နိမ္မိနိတွာ ဒေဝိယာ အာဂမနမဂ္ဂံ သန္နိရုမ္ဘိတွာ ယာစိယမာနာပိ ယာဝ သူရိယတ္ထင်္ဂမနာ မဂ္ဂံ အဒတွာ ယထာ စန္ဒာလောကေန အဿမံ ပဝိသိဿတိ၊ ဧဝမဿာ သီဟာဒီနမ္ပိ အဝိဟေဌနတ္ထာယ အာရက္ခံ သုသံဝိဟိတံ ကရေယျာထ။

တုမှေ၊ သင်တို့သည်၊ သီဟဗျဂ္ဃဒီပိဝေသေ၊ ခြင်္သေ့ ကျား သစ် အသွင် တို့ကို။ နိမ္မိနိတွာ၊ ဖန်ဆင်း၍။ ဒေဝိယာ၊ မိဖုရားကြီး မဒ္ဒီ၏။ အာဂမနမဂ္ဂံ၊

လာသောလမ်းကို။ သန္နိရုမ္ဘိတွာ၊ ဆို့ပိတ်၍။ ယာစိယမာနာပိ၊ လမ်းတောင်း ပါသော်သည်း။ဃာဝသူရိယတ္ထင်္ဂမနာ၊ နေဝင်သည့်တိုင်အောင်။ မဂ္ဂံ၊ လမ်းကို။ အဒတွာ၊ မပေးမူ၍။ ယထာ၊ အကြင်အခြင်းအရာဖြင့်။ စန္ဒာလောကေန၊ လရောင်ဖြင့်။ အဿမံ၊ သခ်မ်းကျောင်းသို့။ ပဝိသိဿတိ၊ ဝင်ရလတ္တံ့။ ဧဝံ၊ ဤသို့သော အခြင်းအရာဖြင့်။ အဿာ၊ ထိုမိဖုရားကြီး မဒ္ဒီအား။ သီဟာဒီနမ္ပိ၊ ခြင်္သေ့ စသည်တို့၏လည်း။ အဝိဟေဌနတ္ထာယ၊ မညှဉ်းဆဲ မနှိပ်စက်ပါစေခြင်း အကျိုးငှာ။ အာရက္ခံ၊ အစောင့်အရှောက်ကို။ ကရေယျာထ၊ ပြုပေးကြကုန်လော။

## မြားဒဏ်နှစ်ချက် စူးလျက်ဝင်လာ အလွန်နာ

မိဖုရားကြီး ရောက်လာပြီ။ အားလုံး တိတ်ဆိတ်၍ နေသည်။ မင်းကြီး ကား ဘာကိုမျှ မပြော။ မိဖုရားကြီးက အနီးကပ်၍ ဤသို့ စတင်ပြောလေ၏။

ဒေဝ ကသ္မာ မယာ သဒ္ဓိံ န ကထေသိ၊ ကော မမ ဒေါသော။

ဒေဝ၊ အရှင်မင်းကြီး။ ကသ္မာ၊ အဘယ့်ကြောင့်။ မယာ၊ ငါနှင့်။ သဒ္ဓိံ၊ တကွ။ န ကထေသိ၊ စကားမဆိုသနည်း။ မမ၊ ငါ့အား။ ဒေါသော၊ အပြစ်သည်။ ကော၊ အဘယ်ပါနည်း။

(၁) ဣဒံ တတော ဒုက္ခတရံ၊ သလ္လဝိဒ္ဓေါ ယထာ ဝဏော။
တျဇ္ဇ ပုတ္တေ န ပဿာမိ၊ ဇာလိံ ကဏှာဇိနံ ဥဘော။ ။

ယထာ၊ ဥပမာကား။ သလ္လဝိဒ္ဓေါ၊ အဆိပ်လူးသောမြားဖြင့် ပစ်အပ်သော။ ဝဏော၊ အနာသည်။ အတ္ထိ၊ ရှိ၏။ ဣတိ-ဣဒါနိ၊ ယခုအခါ၌။ အဇ္ဇ၊ ယနေ့။ ဇာလိဥ္စ၊ သား မောင်ဇာလီကို လည်းကောင်း။ ကဏှာဇိနဉ္စ၊ သမီးအလှ မယ်ကဏှာဇိန်ကို လည်းကောင်း။ ဥဘော၊ နှစ်ယောက်ကုန်သော။ ပုတ္တေ၊ သားနှင့်သမီး ချစ်မငြီးတို့ကို။ န ပဿာမိ၊ မမြင်ရပါ။ ဣဒံ၊ ဤသို့ သားသမီးတို့ကို မမြင်ရခြင်းသည်။ တတော၊ ထို အဆိပ်လူးသော မြားပစ်ခံ ဒဏ်ချက် အနေခက်ရသည်ထက်။ ဒုက္ခတရံ၊ ပို၍ အနေခက်ရ ဆင်းရဲလှပါတော့သည် တကား။

(၂) ဣ္လဒမ္ပိ ဒုတိယံ သလ္လံ၊ ကမ္ပေတိ ဟဒယံ မမ။
ယဉ္စ ပုတ္တေ န ပဿာမိ၊ တ္ဝဉ္စ မံ နာဘိဘာသသိ။ ။

ဒေဝ၊ အရှင်မင်းကြီး။ အဟံ၊ ငါသည်။ ပုတ္တေစ၊ သားနှင့် သမီး ချစ်ငြေးတို့ကိုလည်း။ န ပဿာမိ၊ မမြင်ရပါ။ တွဉ္စ၊ သင်သည်လည်း။ မံ၊ ငါ့ကို။ နာဘိဘာသသိ၊ စကားမဆိုပါ။ ယံ၊ အကြင်သားသမီးတို့ကို မမြင်ရခြင်း၊ သင်၏ စကားမဆိုသည်ကို မြင်ရခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုနှစ်မျိုးသည်။ မမ၊ ငါ၏။ ဟဒယံ၊ စိတ်နှလုံးကို။ ကမ္ပေတိ၊ အလွန်ကို တုန်လှုပ် ထိခိုက်စေပါ၏။ ဣ္လဒံ၊ ဤသို့ တုန်လှုပ်ထိခိုက်ခြင်းသည်။ ဒုတိယံ၊ နှစ်ခုမြောက် ဖြစ်သော။ သလ္လံ၊ ဆင်းရဲခံခက် မြားဒဏ်ချက်ပါတည်း။

## ကံကြမ္မာဆိုး ဝင်တိုးပြန်ပြီ မယ်မဒ္ဒီ

အလောင်းတော်သည် မိဖုရားကြီးအား သားသမီးအတွက် စိုးရိမ်မှုကို ဖယ်ရှားနိုင်ရန် ဤသို့ ကြမ်းတမ်းသော စကားတို့ဖြင့် အာရုံပြောင်းသွားအောင် ပရိယာယ်ဖြင့် အကွက်တခု ဆင်လိုက်လေ၏။

(၁) မဒ္ဒီ တွံ့ အဘိရူပါ ပါသာဒိကာ၊ ဟိမဝန္တေ စ နာမ ဗဟူ ဝနစရကာ တာပသဝိဇ္ဇာရောဒယော ဝိစရန္တိ၊ ကော ဇာနာတိ၊ ကိံ ဘဝိဿတိ၊ ကိဉ္စိ တယာ ကတံ။

(၂) တွံ့ ပါတောဝ ဂန္တွာ ကိမိဒံ သာယ မာဂစ္ဆသိ၊ ဒဟရ ကုမာရကေ ဩဟာယ အရညဂတိတ္ထိယော နာမ သသာမိ ကိတ္တိယော ဝေရူပါ န ဟောန္တိ။

(၃) ကာ နု ခေါ မေ ဒါရကာနံ ပဝတ္တိ၊ ကိံ ဝါ မေ သာမိကော စိန္တေဿတီတိ ဧတ္တကမ္ပိ တေ နာဟောသိ၊ တွံ့ ပါတောဝ ဂန္တွာ စန္ဒာလောကေနအာဂစ္ဆသိ၊ မမ ဒုဂ္ဂတဘာဝဿေဝေသ ဒေါသော။

မဒ္ဒီ၊ မိဖုရားကြီး မဒ္ဒီ။ တွံ့၊ သင်သည်။ အဘိရူပါ၊ အလွန်လှသော အဆင်းရှိ၏။ ပါသာဒိကာ၊ ပြည့်ဝတင့်တယ် ကြည်ညိုဘွယ် အဆင်းရှိ၏။ ဟိမဝန္တေစနာမ၊ ဟိမဝန္တာမည်သော အရပ်၌လည်း။ ဗဟူ၊ များစွာကုန်သော။

ဝနစရကာစ၊ တော၌ ကျက်စား မုဆိုး အများတို့သည် လည်းကောင်း။ တာပသဝိဇ္ဇာဓရာဒယောစ၊ ရသေ့ဝိဇ္ဇာဓိုရ် စသည်တို့သည် လည်းကောင်း။ ဝိစရန္တိ၊ လှည့်လည် နေထိုင်ကြလေကုန်၏။ ကော၊ အဘယ်သူသည်။ ဇာနာတိ၊ အမှန်သိနိုင်ပါအံ့နည်း။ ကိံ၊ အဘယ်သို့လျှင်။ ဘဝိဿတိ၊ ဖြစ်နိုင်ပါသနည်း။ ကိဥ္စိ၊ အဘယ်အမှုကို။ တယာ၊ သင်သည်။ ကတံ၊ ပြုခဲ့ပါသနည်း။

တွံ၊ သင်သည်။ ပါတော၀၊ စောစောကပင်လျှင်။ ဂန္တွာ၊ သွား၍။ သာယံ၊ ညဥ့်မိုးချုပ်မှ။ အာဂစ္ဆသိ၊ ပြန်ရောက်လာသည် မဟုတ်လော။ ဣဒံ၊ ဤသို့ ဖြစ်ရခြင်းသည်။ ကိံ၊ ဘာသဘောပါနည်း။ ဒဟရကုမာရကေ၊ ကလေးသူငယ်တို့ကို။ ဩဟာယ၊ စွန့်ထားခဲ့၍။ အရညဂတိတ္ထိယောနာမ၊ တောသွားမိန်းမ မည်ကုန်သော။ သဿာမိကိတ္ထိယော၊ လင်ရှိ မိန်းမတို့သည်။ ဧဝရူပါ၊ ဤသို့ ထင်သလိုလုပ် ထင်သလိုယုတ်နေသော သဘော ရှိကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။

မေ၊ ငါ၏။ ဒါရကာနံ၊ သူငယ်တို့၏။ ပဝတ္တိ၊ ဖြစ်ရပ်ဥဿုံ အလုံးစုံ သည်။ ကာ နုခေါ၊ အဘယ်သို့ အခြေအနေ ရှိပါသနည်း။ မေ၊ ငါ၏။ သာမိကော၊ လင်ယောကျာ်းသည်။ ကိံ ဝါ၊ အဘယ်သို့လျှင်။ စိန္တေဿတိ၊ အကြံ ရှိသနည်း။ ဣတိ၊ ဤသို့။ တွေကမ္ပိ၊ ဤမျှလောက်ကလေးကိုမျှ။ တေ၊ သင့်အား။ နာဟောသိ၊ မဖြစ်။ တွံ၊ သင်သည်။ ပါတော၀၊ စောစောကြီးက သာလျှင်။ ဂန္တွာ၊ သွား၍။ စန္ဒာလောကေန၊ လရောင်ဖြင့်။ အာဂစ္ဆသိ၊ ပြန်လာဘိ၏။ မမ၊ ငါ၏။ ဒုဂ္ဂတဘာဝဿေဝ၊ ပင်ပန်း ဆင်းရဲစွာ ဖြစ်ရခြင်း၏ သာလျှင်။ ဧသော၊ ဤသို့ သဘောရှိသော အပြစ်သည်။ တဝ၊ သင်၏။ ဒေါသော၊ အပြစ်ပါတည်း။

## သိကြားမင်းကိုယ်ထိုင် အပိုင်သိရ ချီးကျူးလှ

ဤမျှသာပြော၍ မင်းကြီးသည် အရဏ်တက်သည့် တိုင်အောင် ဆိတ်ဆိတ်နေခဲ့သည်။ မဒ္ဒီကား နေမထိ ထိုင်မသာ ဖြစ်၍ နေလေပြီ။ သို့သော် ပါရမီရင့်မာပြီးသူ မိဖုရားကြီး ဖြစ်သည့် အားလျော်စွာ မင်းကြီး ပြောပြသည့် အခါ အောက်ပါအတိုင်း သဘောပေါက် ဝမ်းမြောက်လေတော့သည်။

မဟာရာဇ ဝေဿန္တရ သုဒိန္နနာမ တေ ဒါန။

မဟာရာဇ ဝေဿန္တရ၊ ဝေဿန္တရာမင်းမြတ်။ တေ၊ သင်၏။ ဒါန၊ အလှူဒါနသည်။ သုဒိန္နနာမ၊ ကောင်းသော လှူဒါန်းခြင်း မည်၏။

ဤသို့ ဝေဿန္တရာ မင်းကြီးနှင့် မဒ္ဒီ မိဖုရားကြီးတို့ သားသမီးတို့ကို လှူရသည့်အတွက် ဝမ်းမြောက်နေကြစဉ် နတ်တို့သေင်္ကြနင်း သိကြားမင်းကြီးသည် ပုဏ္ဏားကြီး အသွင်ဖြင့် မင်းကြီးထံကပ်၍ မိဖုရားကြီးကို အလှူခံလေ၏။ ချက်ချင်းပင် ရေစက်ခွက် ကိုင်၊ ရေစက်ချပြီး မိဖုရားကြီးကို လှူဒါန်းပြန်၏။ မိဖုရားကြီးမှာလည်း မည်သို့မျှ ပြောင်းလဲခြင်း မရှိ။ သိကြားမင်းကြီးသည် ထိုနှစ်ယောက်လုံးတို့၏ မွန်မြတ်သော အလိုရှိသည်၏ အဖြစ်ကို သိ၍ ချီးကျူး ခြင်းကို ပြု၏။

## မိဘများသွင် နတ်ပင်ကိုယ်စိ သယ် မပြ

သိကြားမင်းကြီးသည် ဘရိယ ပရိစ္စာဂအနေ ပါရမီ အထွဋ်အထိပ်သို့ ရောက်အောင် အလှူခံခြင်းသာ ဖြစ်၏။ ထို့ကြောင့် မင်းကြီးထံ မိဖုရားကြီးကို ပြန်အပ်လေ၏။ မြတ်သောဆု ရှစ်မျိုးကိုလည်း ပေးသွားလေ၏။ အလောင်းတော်လည်း ခံယူ၏။ သိကြားမင်းကြီးလည်း ပြန်သွားလေ၏။ မင်းနှင့် မိဖုရား ဝမ်းမြောက်စွာ သိကြားပေးသော သခ်မ်းကျောင်း၌ နေကုန်၏။ ဇူဇကာ ပုဏ္ဏားကြီးလည်း ကလေးနှစ်ဦးကို ခေါ်၍ ယူဇနာ ခြောက်ဆယ် ခရီးသို့ သွား၏။ နတ်တို့သည် ကလေးများကို လိုက်၍ စောင့်ရှောက်၏။ နေဝင်သော် ဇူဇကာ ပုဏ္ဏားသည် ကလေးများကို ကြိုးချည်လျက် ချုံအောက်မှာ အိပ်ခိုင်း ထားပြီး မိမိက ကျား စသော သားရဲများ ဘေးကြောင့် သစ်ပင်ပေါ် တက် အိပ်လေ၏။ ထိုအခိုက် နတ်သား တယောက်သည် ဝေဿန္တရာ မင်းကြီး အသွင်ဖြင့်၊ နတ်သမီး တယောက်သည်လည်း မဒ္ဒီ မိဖုရားကြီး အသွင်ဖြင့် လာ၍ ကြိုးတွေကို ဖြည်ပြီ သားနှင့် သမီးတို့ကို ချီပွေ့လာ နတ်တို့၏ တန်ခိုးဖြင့် သယ်ယူသွားကြကုန်၏။ ဇူဇကာ ပုဏ္ဏားကြီးသည်လည်း နတ် ဝင်ရောက် ပူးကပ် မှုကို ခံရသည်ဖြစ်၍ ကလိင်္ဂတိုင်းသို့ သွားအံ့ဟု စိတ်ကူးပြီး သွားရာ လခွဲမျှဖြင့် စေတုတ္တရာမြို့သို့ ရောက်သွားလေသည်။

## ဝက်တောင်သို့ သွားဘိုဇာလီ ထွက်သွားပြီ

ထိုခနေ့ မိုးသောက်ကာလ၌ သဋ္ဌယမင်းကြီးသည် အိပ်မက်၏။ ပညာရှိများ မေးသော် ကြာမြင့်စွာကွဲကွာနေသော ဆွေမျိုးများ ရောက်လာလိမ့်မည် ဟော၏။ နောက်တနေ့ တရားဆုံးဖြတ်ရာ ဌာန၌ ထိုင်နေစဉ် ဘိုးတော်သဋ္ဌယမင်းကြီးထံ ပုဏ္ဏားကြီး နှင့်တကွ မြေးနှစ်ယောက်ကိုပါလာအပ်၏။ အကြောင်းစုံမေးမြန်း၏။ အားလုံးရွှေ့ယူရ၏။ ချမ်းသာအောင် ပြုစုထား၏။ သဋ္ဌယမင်းကြီးသည် စေတုတ္တရာမြို့မှ ဝက်တောင်တိုင်အောင် ရှစ်ဥသဘကျယ် လမ်းကြီးဖောက်စေ၏။ အစားကောင်းများကို နန်းတော်၌ အစားလွန်၍ ဇူဇကာပုဏ္ဏားကြီး သေ၏၊ မင်းကြီးက သဂြိုဟ်ရ၏။ တိုင်းပြည်သို့ ကြွေးကြော်ကာ ပစ္စည်းများ ယူရန်အတွက် ဆွေမျိုးများ ရှာ၏။ မရခဲ့၊ ထို့ကြောင့် မင်းကြီးပင် သိမ်းယူလိုက်ရ၏။ ခုနစ်ရက်မြောက်နေ့၌ စစ်သည်များနှင့်တကွ များစွာသော အခြံအရံတို့ စည်းဝေးလျက် ဇာလီမင်းသားလေး ဦးဆောင်လမ်းပြကာ ထွက်ခွာသွားကြလေ၏။

## ပေါက္ခရမိုး သွန်းဖြိုးရွာလာ စိတ်ချမ်းသာ

ဇာလီမင်းသားသည် မုစလိန္ဒအိုင်၏အနီး၌ ထိုထိုအရပ်၌ အစောင့်အရှောက် ထားလျက် ချီတက်သွားကြလေ၏။ ဆင်စသည်တို့၏ အသံကျယ်လှ၏။ ထိုအခါ အလောင်းတော်သည် ကြား၍ မိဖုရားကြီးကိုခေါ်၍ ရန်သူလေလောဟု ကြည့်ခိုင်း၏၊ စိတ်ချရ၍ တောင်ပေါ်မှ ပြန်ဆင်းကာ သခ်မ်းကျောင်းအဝမှာပင် ထိုင်နေ၏။ ထိုအခါ သဋ္ဌယမင်းကြီးကိုယ်တိုင် ဖုဿတီမိဖုရားကြီးကို ခေါ်၍ "ငါ ရှေးဦးစွာသွားမည်၊ နောက်မှ ဇာလီ၊ ကဏှာတို့နှင့် အတူလိုက်ခဲ့ကြ" ဟု မှာပြီး ဆင်ကျောက်ကုန်းမှ ဆင်း၍ သားထံသို့ ခြေဖြင့်သွားလေ၏။ အားလုံး ဆုံသည့်အခါ ဝမ်းနည်းပြီး ရှိုက်ကြီးတငင် ငိုပွဲကြီး ဆင်ကြလေကုန်၏။ သိကြားမင်းကြီးသည် (ဆခတ္တိယ သမာဂမ) မင်းသမီး မင်းသား ခြောက်ပါး ဆုံရာအခါမှာ (ပေါက္ခရဝဿ) မိုးကြီး ရွာချပေးလေ၏။ အားလုံး အပူများငြိမ်းကာ စိတ်ချမ်းသာကြလေကုန်ပြီ။

## ကိုးလခွဲထိ နေဘိကျင့်ရာ ကျောင်းဝိဟာ

မင်းအဖြစ်ကို ဝိုင်းဝန်း တောင်းပန်ကြကုန်၏။ ခြောက်သောင်းသော အမတ်အပေါင်းတို့ကလည်း နဟာနကာလော မဟာရာဇ၊ ရဇ္ဇောဇလ္လံ ပဝါ

ဟယ "အရှင်မင်းကြီး၊ ရေချိုးချိန် တန်ပါပြီ၊ မြူအညစ်အကြေးကို မျှောချ တော်မူပါ"ဟူ၍ လျှောက်၏။ ခေတ္တသည်းခံရန် တောင်းပန်ပြီး သိမ်းကျောင်း သို့ ဝင်ကာ ရသေ့အဝတ်များကို ချွတ်၍ သိမ်းဆည်းပြီး ခရသင်းအဆင်းရှိသော ပုဆိုးကို ဝတ်လျက် သိမ်းကျောင်းမှ ထွက်ပြီး အောက်ပါအတိုင်းပြောလျက် သစ်ရွက်မိုး (ကိုးလခွဲ နေခဲ့သော) ကျောင်းကလေးကို သုံးကြိမ် လက်ယာရစ် လှည့်၍ (ပဉ္စပတိဋ္ဌိတဖြင့်) ရှိခိုးပြီး ရပ်လေ၏။ ခေါင်းရိတ်သမား စသည်တို့ ကလည်း မုတ်ဆိတ်ရိတ်ခြင်း စသည်တို့ကို ပြုကြကုန်၏။ အပြည့်အစုံ တန်ဆာ များ ဆင်ပြီး (ရာဇာဘိသေက) မြှောက်ကြလေကုန်၏။

က္လာဒံ မယာ နဝမာသေ အနုမာသဉ္စ ဝသန္တေန သမဏဓမ္မေယ ကတဋ္ဌာနံ၊ ပါရမီကူဋ္ဌ ဂဏှန္တေန မယာ ဒါနံ ဒတွာ မဟာပထဝီယာ ကမ္ပာပိတဋ္ဌာနံ။

က္လာဒံ၊ ဤသစ်ရွက်မိုးသော ကျောင်းကလေးသည်။ မယာ၊ ငါသည်။ နဝမာသေစ၊ ကိုးလတို့ပတ်လုံး လည်းကောင်း။ အနုမာသဉ္စ၊ လခွဲပတ်လုံး လည်းကောင်း။ ဝသန္တေန၊ နေသဖြင့်။ သမဏဓမ္မေယ၊ ရဟန်းတရားကို။ ကတဋ္ဌာနံ၊ ပြုခဲ့ရသော ကျောင်းကလေးပါတည်း။

က္လာဒံ၊ ဤသစ်ရွက်မိုးသော ကျောင်းကလေးသည်၊ ပါရမီကူဋ္ဌ၊ ပါရမီ၏ အထွဋ်အဆိပ်ကို။ ဂဏှန္တေန၊ ယူခဲ့ရသော။ မယာ၊ ငါသည်။ ဒါနံ အလှူကို။ ဒတွာ၊ ပေးလှူ၍၊ မဟာပထဝီယာ၊ မြေကြီးကို။ ကမ္ပာပိတဋ္ဌာနံ၊ လှုပ်စေအပ် သော ကျောင်းကလေးပါတည်း။

## ဝင်္ကတောင်မှ နှစ်လတိုင်လာ စေတုတ္တရာ

တိုင်းပြည်သို့ပြန်ရန် အစီအစဉ်လုပ်ကြပြီ။ အလောင်းတော်၏ အခြံအရံ သည် အလွန်များပါသည်။ ဆင်ရတနာကို တန်ဆာဆင်၍ အနီးသို့ ကပ်ပြီ။ သန်လျက်ရတနာကို ကိုင်လျက် ဆင်ထက်သို့ တက်ပြီ။ အမတ်ခြောက်သောင်း တို့သည် ခြံရံထားကုန်ပြီ။ မဒ္ဒီကိုလည်း မိဖုရားဘိသိက် သွန်းလောင်းကြ ပြီ။ (ဝေဿန္တရော တံ ပါလေတု) "ဝေဿန္တရာမင်းကြီးသည် သင် မဒ္ဒီမိဖုရားကို စောင့်ရှောက်နိုင်ပါစေ"ဟု အားလုံး ကြွေးကြော်ကြသည်။ သဉ္စယမင်းကြီးသည် ဆယ့်နှစ်အကြောဘိဏီတို့နှင့်တကွ တလမျှ တောင်ကစားခြင်း၊ တောကစား

ခြင်းတို့ကို ကစားလေ၏။ အလောင်းတော်၏ တန်ခိုးကြောင့် တော၌ အန္တရာယ် လုံးဝ မရှိ။ ဤသို့ ကစားပြီး၍ သားတော်ပြန်သွားသောလမ်းကိုပင် တန်ဆာ ဆင်စေပြီး ဝင်္ကတောင်မှ စေတုတ္တရာမြို့ထိ ယူဇနာခြောက်ဆယ်တိုင် ပြန်လာ ခဲ့၏။ နှစ်လကြာ လာခဲ့ရ၏။

## တုသိတာနန်း ကြငှန်းဗိမာန် ကြွ၍စံ

အလောင်းတော် မင်းမြတ်သည် မြို့သို့ ရောက်သောနေ့၌ပင် နံနက် မိုးသောက်အချိန်ဝယ် မိုးလင်းလျှင် ငါရောက်ကြောင်းကြား၍ လာတောင်း ကြမည့် အလှူခံပုဂ္ဂိုလ်တွေကို ဘာများ လှူရပါမလဲဟု စဉ်းစား၏။ ထို အကြောင်းကို သိကြားမင်းသိ၍ ထိုခဏ၌ပင် နန်းတော်၏ အရှေ့မြေနေရာ၊ အနောက်မြေနေရာကို ခါးလောက်တက်လာအောင် ရတနာခုနစ်ပါး မိုးကြီး ရွာချလေ၏။ စေတုတ္တရာမြို့ကြီးတမြို့လုံးပေါ်၌ ဒူးဆစ်မြုပ်အောင် ရွာလေ၏။ နောက်တနေ့ မိမိတို့ အဝန်းအဝိုင်း၌ကျသော ရတနာတို့ မိမိတို့ယူစေ၊ ရစေဟု ကြွေးကြော်၏။ သယ်ယူ သိုလှောင်ထားကြလေကုန်၏။

(၁) ဇာတရူပမယံ ဝဿံ၊ ဒေဝေါ ပါဝဿိ တာဝဒေ။
ဝေဿန္တရေ ပဝိဋ္ဌမှိ၊ သိဝီနံ ရဋ္ဌဝဍ္ဎနေ။ ။

သိဝီနံ၊ သိဝိခေါ်ငြား တိုင်းသားပြည်သူ များဗိုလ်လူတို့၏။ ရဋ္ဌဝဍ္ဎနေ၊ တိုင်းပြည်ကို တိုးတက်စေတတ်သော။ ဝဿန္တရေ၊ ဝေဿန္တရာမင်းကြီးသည်။ ပဝိဋ္ဌမှိ၊ ဝင်လာသည်ရှိသော်။ ဇာတရူပမယံ၊ ရွှေငွေစသား ရတနာခုနစ်ပါး တို့ဖြင့် ပြီးသော။ ဝဿံ၊ မိုးကို။ ဒေဝေါ၊ နတ်တို့သေဌ်နင်း သိကြားမင်းသည်။ ပါဝဿိ၊ ရွာချပြီ။

(၂) တတော ဝေဿန္တရော ရာဇာ၊ ဒါနံ ဒတွာန ခတ္တိယော။
ကာယဿ ဘေဒါ သပ္ပညော၊ သဂ္ဂံ သော ဥပပဇ္ဇထ။ ။

တတော၊ ထို့နောင်မှ။ ဝေဿန္တရော၊ ဝေဿန္တရာအမည်ရှိသော။ ခတ္တိယော၊ မင်းမျိုးဖြစ်သော။ ရာဇာ၊ မင်းကြီးသည်။ ဒါနံ၊ အလှူကို။ ဒတွာန၊ ပေးလှူ၍။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်သည်မှ။ ပရံ၊ နောက်၌။ သပ္ပညော၊ ပညာရှိသော။ သော၊ ထိုဝေဿန္တရာ မင်းကြီးသည်။ သဂ္ဂံ၊ တုသိတာနတ်ပြည်၌။ ဥပပဇ္ဇထ၊ ဖြစ်ပြီ။

## ဝေဿန္တရာ လောင်းလျာဇာတ်ကြောင်း ဤသို့ပေါင်း

အလောင်းတော် ဝေဿန္တရာမင်းကြီး၏ ဇာတ်တော်ကြီး ဇာတ်ပေါင်းခန်းမှာ-

(၁) အဲဒီဇာတ်တော်၌ ဇူဇကာ ပုဏ္ဏားကြီးသည် ယခု ဘုရားလက်ထက်၌ ဒေဝဒတ် ဖြစ်လာသည်။

(၂) အဲဒီဇာတ်တော်၌ အမိတ္တတာပနာ ပုဏ္ဏေးမသည် ယခု ဘုရားလက်ထက်၌ စိဉ္စမာဏဝိကာ ဖြစ်လာသည်။

(၃) အဲဒီဇာတ်တော်၌ စေတပုတ္တမုဆိုးသည် ယခု ဘုရားလက်ထက်၌ ဆန္နအမတ် ဖြစ်လာသည်။

(၄) အဲဒီဇာတ်တော်၌ အစ္စုတရသေ့သည် ယခု ဘုရားလက်ထက်၌ ရှင်သာရိပုတ္တရာ ဖြစ်လာသည်။

(၅) အဲဒီဇာတ်တော်၌ သိကြားမင်းသည် ယခု ဘုရားလက်ထက်၌ ရှင်အနုရုဒ္ဓါ ဖြစ်လာသည်။

(၆) အဲဒီဇာတ်တော်၌ သဉ္စယမင်းကြီးသည် ယခု ဘုရားလက်ထက်၌ သုဒ္ဓေါဒနမင်းကြီး ဖြစ်လာသည်။

(၇) အဲဒီဇာတ်တော်၌ ဖုဿတီ မိဖုရားကြီးသည် ယခု ဘုရားလက်ထက်၌ မယ်တော်မာယာ ဖြစ်လာသည်။

(၈) အဲဒီဇာတ်တော်၌ မဒ္ဒီမိဖုရားသည် ယခု ဘုရားလက်ထက်၌ ယသော်ဓရာ ဖြစ်လာသည်။

(၉) အဲဒီဇာတ်တော်၌ သားတော်ဇာလီမင်းသားသည် ယခု ဘုရားလက်ထက်၌ ရာဟုလာ ဖြစ်လာသည်။

(၁၀) အဲဒီဇာတ်တော်၌ သမီးတော် ကဏှာမင်းသမီးသည် ယခု ဘုရားလက်ထက်၌ ဥပ္ပလဝဏ်မင်းသမီး ဖြစ်လာသည်။

(၁၁) အဲဒီဇာတ်တော်၌ ဝေဿန္တရာမင်းကြီးသည် ယခု ဘုရားလက်ထက်၌ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် ဖြစ်လာသည်။

၁၃၃၅-ခုနှစ်၊ တော်သလင်း လပြည့်ကျော် (၈) ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌
**ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ**
**ဟောကြားအပ်သော**

**မိဘနှစ်ပါးကို ကျေးမွေးပြုစုသဖြင့်**
**သူတော်ကောင်း နတ်ကောင်း မ, ခြင်းကို ပြသော**

**ဘုရားအလောင်းတော် သုဝဏ္ဏသာမ ဇာတ်တော်**

ဗာရာဏသီ၊ မြို့ဌာနီ၊ ဂါမီ နေသာဒါ။
ဤဘက် ဟိုဘက်၊ ကမ်းနှစ်ချက်၊ တည်လျက် စည်ပင်သာ။
ငါးရာညီမျှ၊ ရွာနှစ်ဝ၊ ဂါမ ဇေဋ္ဌကာ။
ရွှေရောင်ပြောင်ဝင်း၊ နတ်တို့ဆင်း၊ လှခြင်း ပြည့်စုံစွာ။
ပါဏာတိပါတ်၊ ရှောင်ကြဉ်လတ်၊ မသတ် ဘယ်သောခါ။
အိမ်ထောင်စကား၊ ဖျောင်းဖျပြောား၊ ပိတ်ထား နားကိုသာ။
သားနှင့် သမီး၊ ချိန်ရွယ်ကြီး၊ မြောက်ချီး ကတိသစ္စာ။
မိဘပြုဘွယ်၊ တင့်တင့်တယ်၊ သက်ရွယ် ဆယ့်ခြောက်မှာ။
သတို့သားက၊ ဒုကူလ၊ ရှင်မ ပါရိကာ။
အဗြဟ္မစရိယ၊ စောင့်ထိန်းကြ၊ နှစ်မ မောင်မကွာ။
ဟိမဝန်မှ၊ မြစ်မိဂ၊ တောကြွ ရသေ့သာ။
သီလဟုန်ပြင်း၊ သိကြားမင်း၊ ဖန်ဆင်း ဝိသကြုံလာ။
ပြသ လမ်းပန်း၊ ကျောင်းသင်္ခမ်း၊ ဆင်မြန်း ပရိက္ခရာ။
မျက်စိမကြာခင်၊ ကွယ်ဘို့မြင်၊ စီစဉ် ပေးဘို့ရာ။
သိကြားမင်းကြို၊ မိန့်မှာဆို၊ ချက်ကို သုံးသပ်ပါ။

ဘေးရန်ကင်းပ၊ သုဝဏ္ဏ၊ သာမ ဖွားမြင်လာ။
သားဆယ့်ခြောက်ရွယ်၊ မိဘနှစ်သွယ်၊ တောဝယ် သစ်သီးရှာ။
မိုးကြီးသည်းထန်၊ ရွာသွန်းပြန်၊ ခိုရန် တောင်ပို့မှာ။
လူနံ့ကိုငြီး၊ မြွေဆိုးကြီး၊ ထွက်ပြီး ဟောက်လိုက်ပါ။
အဆိပ်ထန်ပြင်း၊ ခုချက်ချင်း၊ မလင်း မျက်စိမှာ။
ဟစ်အော်ရှာရ၊ တွေ့မြင်က၊ သားက ငို ရယ်လာ။
ကိုယ်တိုင်ကျွေးမွေး၊ ရေချိုထွေး၊ လျှော်ပေး ဝတ်ကိုပါ။
မိဂသမ္မတာ၊ မြစ်ကမ်းမှာ၊ ထမ်းလာ ရေကိုသာ။
ပိဠိယက္ခ၊ မင်းရာဇ၊ တောမှ ပုန်း၍လာ။
သမင်တွေမြူး၊ ပစ်အထူး၊ ဆိပ်လူး မြားဖြင့်သာ။
သိပြီထင်ရှား၊ မိမိမှား၊ သနား လွန်ကြင်နာ။
ဗဟုသုန္ဒရီ၊ နတ်ဒေဝီ၊ သိပြီ ကူညီကာ။
ပိဠိယက္ခ၊ သွားပြောပြ၊ မိဘ လိုက်၍လာ။
သစ္စာသုံးလီ၊ ဆိုကြပြီ၊ ထူးသည် စေတနာ။
သားလည်းသက်ရှင်၊ ထို့အပြင်၊ မျက်မြင် မိဘမှာ။
အရက်လည်းတက်၊ လေးယောက်ဆက်၊ ရောက်လျက် သိမ်းမှာ။
လောင်းတော်ဟောပြ၊ မင်းရာဇ၊ ဓမ္မ စရိယာ။
ပိဠိယက္ခ၊ အာနန္ဒ၊ သက္က နုရုဒ္ဓါ။
နတ်သမီးက၊ ဥပ္ပလ၊ ဝဏ္ဏ ဖြစ်၍လာ။
ဒုကူလက၊ ကဿပ၊ ရှင်မ မယ်ဘဒ္ဒါ။
သုဝဏ္ဏသာမ၊ မြတ်ဗုဒ္ဓ၊ မုချ ဖြစ်၍လာ။

(ဇာတကအဋ္ဌကထာ မဟာနိပါတ၊ ဆဋ္ဌအုပ်၊ နှာ-၁၁၇)

ဗလပုံနှိပ်တိုက် မိသားစု ကောင်းမှု၊ ပန်းလှိုင် ၂၁-လမ်း၊ ပဲခူးမြို့

## မိဘနှစ်ပါးကို ကျွေးမွေး ပြုစုသဖြင့်
## သုတေ်ကောင်း နတ်ကောင်း မှ ခြင်းကို ပြသော
## ဘုရားအလောင်းတော် သုဝဏ္ဏသာမ ဇာတ်တော်

### မှတ်သားဘွယ် အကျဉ်းချုပ်

### ဒုကူ ပါရိ မြဲဘိပါကာ တိပါတ

လွန်လေပြီးသောအခါ ဗာရာဏသီမြို့မှ မနီးမဝေးအရပ် မြစ်ကမ်း၌ တံငါရွာကြီးများ ဤဘက်ကမ်းမှာ တရွာ၊ ဟိုဘက်ကမ်းမှာ တရွာ ရှိကြ၏။ တရွာ တရွာမှာ အိမ်ခြေ ၅၀၀၊ ၅၀၀ စီရှိ၏။ တရွာ တရွာ၌ အကြီးအကဲ ဘို့သည် အကြီးအကဲချင်း သူငယ်ချင်း ဖြစ်ကြကုန်၏။ ငယ်စဉ်ကပင် အရွယ် ရောက် အိမ်ထောင်ကျ၍ သားသမီး ထွန်းကားလာခဲ့သော် အချင်းချင်း ထိမ်း မြားပေးကြစတမ်း ကတိသားကြ၏။ တနေ့ ဤဘက်ကမ်းရှိ ရွာမှ သားကလေး ဖွား၏။ လျှော်ချည် အဝတ်ဖြင့် ချီပိုက်အပ်သောကြောင့် ဒုကူလ ဟု အမည် ပေးကြ၏။ တဘက်ကမ်းမှ သမီးကလေး ဖွား၏။ တဘက်ကမ်း၌ ဖွားသော ကြောင့် ပါရိကာဟု အမည်ပေးကြ၏။ နှစ်ယောက်လုံး (အဘိရူပ၊ ပါသာဒိက၊ သုဝဏ္ဏဝဏ္ဏ) ဂုဏ်တို့နှင့် ပြည့်စုံကြလေကုန်၏။ ထို ဒုကူလနှင့် ပါရိကာတို့သည် တံငါရွာ၌ ဖြစ်သော်လည်း ပါဏာတိပါတ ကံ မကျူးလွန်ကြကုန်။

### အိမ်ထောင်စကား မကြားဆိတ်ဆိတ် နားကိုပိတ်

တနေ့သောအခါ ဒုကူလ သတို့သားသည် ၁၆-နှစ် အရွယ် ရောက်ပြီ ဖြစ်၍ မိဘနှစ်ပါးက ဤသို့ ပြောကြ၏။

ပုတ္တ ကုမာရိကံ တေ အာနေဿာမ။

ပုတ္တ၊ ချစ်အပ်သောသား။ ကုမာရိကံ၊ တယောက်သော အရွယ်တူမျှ ကလေးမကို။ တေ၊ သင့်အတွက်။ အာနေဿာမ၊ ဆောင်ပို့ကြပါကုန်အံ့။

ယင်း ဒုကူလ သတို့သားသည် ဗြဟ္မာ့ပြည်မှ လာသောသူတည်း။ ကာမဂုဏ် အထွေးအရှုပ်တို့မှ လွတ်လွတ်လပ်လပ် နေလိုသော သူပါတည်း။ နားနှစ်ဘက်တို့ကို စုံပိတ်၍-

န မေ ဃရာဝါသေနတ္ထော အမ္မတာတ၊ မာ ဝေရူပံ အဝစုတ္ထ။

အမ္မတာတ၊ အို-မွေးသည့်မိခင် ဘခင် ကျေးဇူးရှင်တို့။ မေ၊ အကျွန်ုပ်အား။ ဃရာဝါသေန၊ အိမ်ထောင်သားမွေး ရှုပ်ထွေးစွာ နေရသောအားဖြင့်။ (ဝါ) ရှုပ်ထွေးသမှု အိမ်ထောင်ပြုခြင်းကို။ န အတ္ထော၊ နည်းနည်းမျှ အလိုမရှိပါ။ တသ္မာ၊ ထို့ကြောင့်။ ဝေရူပံ၊ အိမ်ထောင်ရေးနှင့် စပ်သော စကားမျိုးကို။ မာ အဝစုတ္ထ၊ ဘယ်ခါမှ မပြောကြပါကုန်လင့်။

ဤသို့ သုံးကြိမ်တိုင်အောင် ဝိုင်းဝန်း တိုက်တွန်းကြသော်လည်း အထက်ပါအတိုင်းသာ ပြန်ပြောလေ၏။

## ပါရိကာလျှင် ဝိုင်းပင်ပြောပြ နားမကျ

ပါရိကာကိုလည်း သူ၏မိဘများက အောက်ပါအတိုင်း နားချကြပြန်၏။

အမ္မ အမှာကံ သဟာယကဿ ပုတ္တော အတ္ထိ၊
သော အဘိရူပေါ သုဝဏ္ဏဝဏ္ဏော၊ တဿ တံ ဒဿာမ။ ။

အမ္မ၊ ချစ်သမီး ပါရိကာ။ အမှာကံ၊ ငါတို့၏။ သဟာယကဿ၊ အလွန်ချစ်ခြင်း မိတ်ဆွေရင်း၏။ သန္တိကေ၊ အထံ၌။ ပုတ္တော၊ သားသည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုသားသည်။ အဘိရူပေါ၊ အလွန် အဆင်းလှ၏။ သုဝဏ္ဏဝဏ္ဏော၊ ရွှေသားထုလုပ် ရွှေရုပ်အသွင် ထင်ရသော အဆင်း ရှိ၏။ တဿ၊ ထိုသားအား။ တံ၊ သင့်ကို။ ဒဿာမ၊ ပေးကုန်အံ့။

ပါရိကာကလည်း နားနှစ်ဘက်တို့ကို ပိတ်ထားလေ၏။ သူသည်လည်း ဗြဟ္မာ့ပြည်မှ လာသူပင် ဖြစ်၏။ အိမ်ထောင်မှုကို လုံးဝ အလိုမရှိပေ။

## အပြန်အလှန် သူ့ထံစာရေး ရောက်အောင်ပေး

ဒုကူလ သတို့သားသည် လူကြီးမိဘ အချင်းချင်း အလွန် သဘောကျနေသော ပါရိကာ သတို့သမီးထံ လျှို့ဝှက်ကာ စာရေးပြီး ပို့ခိုင်းလေ၏။ ထိုစာ၏ မှုရင်းမှာ အောက်ပါအတိုင်းပင်။

သစေ ပါရိကေ မေထုနဓမ္မေန အတ္ထိကာ၊ အညာဿ ဂေဟံ ဂစ္ဆတု၊
မယှံ မေထုနဓမ္မေ ဆန္ဒော နတ္ထိ။

ပါရိကေ၊ နှစ်မလို မသွေ မိတ်ဆွေလိုတမျိုး စိတ်ရိုးဖြင့် ရင်းနှီး သတင်းကြီး အလိမ္မာ အို-ပါရိကာ။ တွံ၊ သင်သည်။ မေထုနဓမ္မေန၊ မေထုနဓမ္မဖြင့်။ သစေ အတ္ထိကာ၊ အကယ်၍ အလိုရှိသည် ဖြစ်ပါအံ့။ အညာဿ၊ တပါးသော ယောကျ်ား၏။ ဂေဟံ၊ အိမ်သို့။ ဂစ္ဆတု၊ လိုက်သွားပါလော့။ မယှံ၊ ငါ့အား။ မေထုနဓမ္မေ၊ မေထုနဓမ္မ၌။ ဆန္ဒော၊ ဆန္ဒသည်။ နတ္ထိ၊ မရှိပါ။

ဒုကူလ သတိုးသား၏ အထံမှ ပို့လိုက်သောစာကို အထပ်ထပ် ဖတ်ရသော ပါရိကာ သတို့သမီးသည်လည်း အစိပ္ပာယ်မခြား တသားတည်းကျသော လျှို့ဝှက်စာ တစောင်ကို အမြန်ရေး ပြန်ပေးလိုက်လေ၏။

## ညားလည်း မချစ်ကြ လောကထုံးစံ သူရှန်းကန်

အလို မရှိကြသော်လည်း မိဘများ ဝတ္တရားအတိုင်း ဆောင်ရွက်ပေးလိုက်ကြကုန်၏။ နှစ်ယောက်လုံးတို့သည် အောက်ပါအတိုင်း နေကြလေကုန်၏။

တေ ဥဘောပိ ကိလေသသမုဒ္ဒံ အနောတရိတွာ
ဒွေ မဟာဗြဟ္မာနော ဝိယ ဧကတော ဝသိံသု။ ။

ဥဘောပိ၊ နှစ်ယောက်လည်း ဖြစ်ကုန်သော။ တေ၊ ထိုဒုကူလနှင့် ပါရိကာတို့သည်။ ကိလေသသမုဒ္ဒံ၊ ကိလေသာတည်းဟူသော ဇင်လယ် သမုဒ္ဒရာကြီးထဲသို့။ အနောတရိတွာ၊ မဆင်း မသက်ကြကုန်ဘဲ။ ဒွေ မဟာဗြဟ္မာနော ဝိယ၊ ဗြဟ္မာမင်းကြီး နှစ်ဦးတို့ကဲ့သို့။ ဧကတော၊ အတူတကွသာလျှင်။ ဝသိံသု၊ နေကြလေကုန်၏။

## ရဟန်းပြုရန် ခွင့်ပန်တကယ် မောင်နှင့်မယ်

ဒုကူလ သတို့သားသည် ငါးကိုလည်း မသတ်၊ အမဲကိုလည်း မသတ်၊ အယုတ်ဆုံး ယူလာသော အမဲကိုမျှပင် မရောင်း။ ထိုအခါ ထိုဒုကူလ သတို့သားကို မိဘနှစ်ပါးက ခေါ်ပြောကြလေကုန်၏။ ပြောပုံမှာ-

တာတ တွံ နေသာဒကုလေ နိဗ္ဗတ္တိတွာပိ နေဝ ဃရာဝါသံ ဣစ္ဆသိ၊
န ပါဏာဝဓံ ကရောသိ၊ ကိံ နာမ ကမ္မံ ကရိဿသိ။ ။

တာတာ၊ အမောင်ဒုကူလ။ တွံ၊ သင်သည်။ နေသာဒုကူလေ၊ မုဆိုးတံငါ အမျိုး၌။ နိဗ္ဗတ္တိတ္ွာပိ၊ ဖြစ်ပါလျက်။ ဃရာဝါသံ၊ အိမ်ထောင်မှုကို။ န ကတ္တသိ၊ အလိုမရှိ။ ပါဏဝဓံ၊ သတ္တဝါတို့၏ အသက်ကို သတ်ခြင်းကို။ နကရောသိ၊ မပြု။ ကိံ နာမကမ္မံ၊ ဘယ်လို အလုပ်မျိုးကို။ ကရိဿသိ၊ ပြုတော့ပါအံ့နည်း။

'ရေသောက်ချင် ကာလ ရေတွင်းထဲကျ' ဆိုသကဲ့သို့ လမ်းပွင့်လာသော မိဘနှစ်ပါး၏စကားကို ကောက်ကာငင်ကာ ဒုကူလသတို့သားသည် အောက်ပါအတိုင်း ပြန်ပြောတော့သည်။

တာတာ တုမှေသု အနုဇာနန္တေသု မယံ ပဗ္ဗဇိဿာမ။ ။

တာတာ၊ ကျေးဇူးကြီးရှင် အို-မိခင် ဘခင်တို့။ တုမှေသု၊ သင်တို့သည်။ အနုဇာနန္တေသု၊ အကယ်၍ ခွင့်ပြုကုန်သည်ရှိသော်။ မယံ၊ ကျွန်တော် ကျွန်တော်မတို့သည်။ ပဗ္ဗဇိဿာမ၊ ပတ်ကြောင်ပယ်ဖျက် တောသို့ထွက်၍ ရဟန်းတက်ကြပါကုန်အံ့။ ရဟန်း တက်လိုကြပါကုန်၏။

## သိကြားမင်းစေချက် ဆောင်ရွက်အစုံ ဝိသကြုံ

ထိုဒုကူလ၊ ပါရိကာတို့၏ ခွင့်တောင်းမှုကို မိဘများသည် ခွင့်ပြုကြလေကုန်၏။ အလွန်တရာ ရွှင်လန်း ဝမ်းမြောက်စွာဖြင့် မိဘများကို ရှိခိုး၍ ရွာမှထွက်ပြီး ခရီးစဉ်အတိုင်း ဂင်္ဂါမြစ်ကမ်းမှ ဟိမဝန္တာ အရပ်သို့ ဝင်လေ၏။ ထိုခဏ၌ သိကြားမင်းကြီး၏ ဘုံဗိမာန်သည် ပူသော အခြင်းအရာကို ပြ၏။ လှူပြည်သို့ကြည့်သော် ထိုဒုကူလ၊ ပါရိကာတို့ တရားအားထုတ်ရန် ရဟန်းပြုရန် လာနေသည်ကို မြင်၍ ဝိသကြုံ နတ်သားကိုခေါ်ပြီး အောက်ပါအတိုင်း ပြောလေ၏။

> တာတ ဝိသုကမ္မ ဒွေ မဟာပုရိသာ ဂါမာ နိက္ခမိတ္ွာ ဟိမဝန္တံ
> ပဝိဋ္ဌာ၊ တေသံ နိဝါသဋ္ဌာနံ လဒ္ဓုံ ဝဋ္ဋတိ၊ မိဂသမ္မတာ
> နဒိယာ အနုကောသန္တရေ ဧတေသံ ပဏ္ဏသာလဉ္စ ပဗ္ဗဇိတ
> ပရိက္ခာရေ စ မာပေတ္ွာ ဧဟိ။ ။

တာတ ဝိသုကမ္မ၊ အို-အချင်း ဝိသကြုံနတ်သား။ ဒွေ၊ နှစ်ယောက်ကုန်သော။ မဟာပုရိသာ၊ မြတ်သော ပုဂ္ဂိုလ်တို့သည်။ ဂါမာ၊ ရွာမှ။ နိက္ခမိတ္ွာ၊ ထွက်၍။ ဟိမဝန္တံ၊ ဟိမဝန္တာတောထဲသို့။ ပဝိဋ္ဌာ၊ ဝင်လာကြ

ကုန်၏။ တေသံ၊ ထိုမြတ်သော ပုဂ္ဂိုလ်တို့၏။ နိဝါသဌာနံ၊ နေရာအရပ်ကို။ လဒ္ဓုံ၊ ရခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။ မိဂသမ္မတာနဒိယာ၊ မိဂသမ္မတာမည်သော မြစ်၏။အနုကောသန္တရေ၊ ဆယ်ဥသဘာအတွင်း၌။တေသံ၊ ထိုပုဂ္ဂိုလ်ကြီးတို့၏။ ပဏ္ဏသာလဥ္စ၊ သစ်ရွက်မိုးသော သင်္ခမ်းကျောင်းကိုလည်းကောင်း။ ပဗ္ဗဇိတ ပရိက္ခာရေစ၊ ရဟန်းပရိက္ခရာတို့ကိုလည်းကောင်း။ မာပေတွာ၊ ဖန်ဆင်း၍။ ဟေ၊ ပြန်လာခဲ့ပါလော့။

## ကျေးသံ ငှက်သံ ရံဖန်ကြားရ လွန်အေးမြ

ဝိသကြုံ နတ်သားသည် သိကြားမင်းကြီး စေခိုင်းချက်အတိုင်း အားလုံး အပြည့်အစုံ ဆောင်ရွက်ပြီး မလိုလားအပ်သော ငှက်ကောင် သားကောင် တွေကိုပါ လွတ်ရာ မောင်းထုတ်လျက် တယောက်သွား ချောညက်သော လမ်းကလေးကို ယင်း သင်္ခမ်းကျောင်းလေးမှ ဒုကူလ၊ ပါရိကာတို့ လာနေကြ သည့်အထိ စီမံပေးလိုက်ပြီ။ မကြာမီ ရောက်လာကြလေကုန်၏။ ဒုကူလ ပညာရှိ သည် သင်္ခမ်းကျောင်းသို့ ဝင်၍ ရဟန်း ပရိက္ခရာတို့ကို မြင်၍ "ငါ့အား သိကြားမင်းပေးအပ်သော ပရိက္ခရာတို့တည်း"ဟု သိ၍ နီမြန်းသော လျှော်တေ သင်္ကန်းတထည်ကို ရုံ၊ တထည်ကို ဝတ်လိုက်ပြီ။ သစ်နက်ရေကို ပခုံးသို့ တင်လိုက်ပြီ၊ ဆံကျစ်ကို ထုံးလျက် (ဣသိပဗ္ဗဇ) ရသေ့အသွင် (ဣသိဝေသ) အဖြစ်ဖြင့် ယူပြီး ပါရိကာအားလည်း ဤအတိုင်း ဝတ်စေပြီး ရှုမှတ်သော ကာလ စကြလေပြီဘကား။

## နေထိုင်မှုများ သိပြားပိုမို လွန်ကြည်ညို

သူတို့၏ နေမှုထိုင်မှုတို့ကား အောက်ပါအတိုင်း ဖြစ်တော့သည်။

(က) ဥဘောပိ ကာမာဝစရမေတ္တံ ဘာဝေတွာ တတ္ထ ဝသိံသု။ တေသံ မေတ္တာနုဘာဝေန သဗ္ဗေပိ မိဂပက္ခိနော အညမညံ မေတ္တာစိတ္တမေဝ ပဋိလဘိံသု၊ န ကောစိ ကဥ္စိ ဝိဟေဌေသိ။

(ခ) ပါရိကာ တတော ပဋ္ဌာယ ပါနီယံ ပရိဘောဇနီယံ အာဟရတိ၊ အဿမပဒံ သမ္မဇ္ဇတိ၊ သဗ္ဗကိစ္စာနိ ကရောတိ။

(ဂ) ဥဘောပိ ဖလာဖလာနိ အာဟရိတွာ ပရိဘုဉ္ဇိတွာ အတ္တနော အတ္တနော ပဏ္ဏသာလံ ပဝိသိတွာ သမဏဓမ္မံ ကရောန္တာ တတ္ထ ဝါသံ ကပ္ပယိံသု။

(က) ဥဘောပိ၊ နှစ်ယောက်လုံးတို့သည်လည်း။ ကာမစဝစရမေတ္တံ၊ ကာမာဝစရ မေတ္တာ ကမ္မဋ္ဌာန်းကို။ ဘာဝေတွာ၊ ပွားများ၍။ တတ္ထ၊ ထိုသင်္ခမ်းကျောင်း၌။ ဝသိံသု၊ နေကြကုန်၏။ တေသံ၊ ထိုအလောင်းတော်ကြီးတို့၏။ မေတ္တာနုဘာဝေန၊ မေတ္တာ၏ အာနုဘော်ကြောင့်။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ မိဂပက္ခိနော၊ သားကောင် ငှက်ကောင်တို့သည်။ အညမညံ၊ အချင်းချင်း။မေတ္တာစိတ္တမေဝ၊ မေတ္တာစိတ်ကိုသာလျှင်။ ပဋိလဘိံသု၊ ရကြကုန်ပြီ။ ကောစိ၊ တကောင်သည်။ ကဥ္စိ၊ တကောင်ကို။ န ဝိဟေဌေသိ၊ မနှိပ်စက် မစော်ကားပေ။

(ခ) ပါရိကာ၊ ရသေ့မလေး ပါရိကာသည်။ တဒေ‌ာ၊ ထိုရောက်သောအခါမှ။ ပဋ္ဌာယ၊ အစပြု၍။ ပါနီယံ၊ သောက်ရေကို လည်းကောင်း။ ပရိဘောဇနီယံ၊ သုံးရေကို လည်းကောင်း။ အာဟရတိ၊ ဆောင်ယူ၏။ အဿမပဒံ၊ သင်္ခမ်းကျောင်းကို။ သမ္မဇ္ဇတိ၊ တံမြက်လှည်း၏။ သဗ္ဗကိစ္စာနိ၊ အလုံးစုံသော ကိစ္စတို့ကို။ ကရောတိ၊ ပြုရ၏။

(ဂ) ဥဘောပိ၊ နှစ်ယောက်လုံးတို့သည်လည်း။ ဖလာဖလာနိ၊ သစ်သီးကြီးငယ်တို့ကို။ ပရိဘုဥ္ဇိတွာ၊ စားသောက် သုံးဆောင်၍။ အတ္တနော အတ္တနော၊ ကိုယ်စီ ကိုယ်ငှ မိမိ မိမိဟူသော တဦးစီ တဦးစီ၏။ ပဏ္ဏသာလံ၊ သင်္ခမ်းကျောင်းသို့။ ပဝိသိတွာ၊ ဝင်၍။ သမဏဓမ္မံ၊ ရဟန်း (ခန္ဓာငြိမ်းကြောင်း) တရားကို။ ကရောန္တာ၊ ရှုပွား အားထုတ် ပြုကြကုန်လျက်။ တတ္ထ၊ ထိုဟိမဝန္တာခေါ် လူသူမနီး တောနက်ကြီး၌။ ဝါသံ၊ နေခြင်းကို။ ကပ္ပယိံသု၊ ပြုကြလေကုန်၏။

## ကာမဂုဏ်ယုတ် ဘင်ပုတ်အတိ လိုမရှိ

သိကြားမင်းသည် ထိုဒုကူလ၊ ပါရိကာတို့၏ နေထိုင်ရာ အရပ်သို့ တနေ့ လာလေ၏။ ထိုသိကြားမင်းသည် နောင်တနေ့အတွက် အရှည်ကို ကြည့်လိုက်သော် အလောင်းတော် နှစ်ဦးလုံး တနေ့ မျက်စိကွယ်လတ္တံ့။ ထိုအန္တရာယ်ကို မြင်၍ ဒုကူလ ပညာရှိသို့ ကပ်၍ ရိုသေစွာ ရှိခိုးပြီး ဤသို့ လျှောက်လေ၏။

ဘန္တေ တုမှာကံ အန္တရာယော ပညာယတိ၊ ပဋိဇဂ္ဂနကံ ပုတ္တံ
လဒ္ဓုံ ဝဋ္ဋတိ၊ လောကဓမ္မံ ပဋိသေဝထ။ ။

ဘန္တေ၊ ဒုကူလ ရသေ့လေး အရှင်ဘုရား။ တုမှာကံ၊ သင်တို့အား။ အန္တရာယော၊ အန္တရာယ်သည်။ ပညာယတိ၊ ထင်ရှားစွာ မြင်၏။ ပဋိဇဂ္ဂနကံ၊

သင်တို့ကို စောင့်ရှောက် လုပ်ကျွေးပြုစု လတ္တံ့သော။ ပုတ္တံ၊ သားသမီးကို။ လဒ္ဓါ၊ ရခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။ လောကဓမ္မံ၊ လူ့ထုံးစံကို။ ပဋိသေဝထ၊ မှီဝဲပါကုန်လော့။

ထိုအခါ ရသေ့လေး ဒုကူလသည် သိကြားမင်းကြီးကို ပြန်ပြောလေ၏။ ပြောပုံမှာ-

သက္က ကိံ နာမေတံ ကထေသိ၊ မယံ၊ အဂါရမဇ္ဈေ
ဝသန္တာပိ တေ လောကဓမ္မံ ပုဋ္ဌဝက ဂူထရာသိံ ဝိယ
ဇိဂုစ္ဆိံ မှာ၊ ဣဒါနိ ပန အရည့ ပဝိသိတွာ ဣသိပဗ္ဗဇ္ဇံ
ပဗ္ဗဇိတွာ ကထံ ဧဝရူပံ ကရိဿာမ။

သက္က၊ အို-သိကြားမင်းကြီး။ ဧတံ၊ ဤစကားကို။ ကိံ နာမ ကထေသိ၊ အဘယ့်ကြောင့် ဆိုဘိသနည်း။ မယံ၊ ငါတို့သည်။ အဂါရမဇ္ဈေ၊ အိမ်၏ အလယ် အိမ်တဆောင် မီးတပြောင် လူ့ဘောင်၌။ ဝသန္တာပိ၊ နေထိုင်ကြပါကုန်သော်လည်း။ တေ လောကဓမ္မံ၊ ဤ လူ့ထုံးစံကို။ ပုဋ္ဌဝက ဂူထရာသိံ ဝိယ၊ ပိုးတွေ လောက်တွေ အပြည့်ဖြစ်သော မစင်ပုံကြီးကဲ့သို့။ ဇိဂုစ္ဆိံ မှာ၊ စက်ဆုပ်ကြပါကုန်၏။ ဣဒါနိ ပန၊ ယခုအခါ၌ကား။ အရည့၊ လူသူမနီးတောမြိုင်ကြီးထဲသို့။ ပဝိသိတွာ၊ ဝင်ကြကုန်၍။ ဣသိပဗ္ဗဇ္ဇံ၊ ရသေ့ ရဟန်းအဖြစ်ကို။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍၊ (ဝါ) ရဟန်းပြုပြီးမှ။ ဧဝရူပံ၊ ဤသို့သော ကာမဂုဏ်ယုတ် အသိုးအပုပ်ကို။ ကထံ ကရိဿာမ၊ အဘယ်သို့ ပြုနိုင်ကြပါကုန်အံ့နည်း။

## ဥတုချိန်သင့် လက်ဖြင့်ပွတ်ပါ ချက်သို့သာ

ထိုအခါ သိကြားမင်းကြီးသည် အလွန် ခေါင်းမာလှသော ဒုကူလကို တနည်း လျှောက်လေ၏။

ဘန္တေ သစေ ဧဝံ န ကရောထ၊ ပါရိကာယ တာပသိယာ
ဥတုနီကာလေ နာဘိံ ဟတ္ထေန ပရာမသေယျာထ။

ဘန္တေ၊ ဒုကူလ ရသေ့လေး အရှင်ဘုရား။ ဧဝံ၊ ဤသို့။ သစေ န ကရောထ၊ အကယ်၍ မပြုလိုကုန်သည် ဖြစ်အံ့။ ပါရိကာယ၊ ပါရိကာ အမည်ရှိသော။ တာပသိယာ၊ ရသေ့မလေး၏။ ဥတုနီကာလေ၊ ဓမ္မတာခေါ်

ဥတုပေါ်သော အခါကာလ၌။ နာဘိ၊ သူ့ချက်ကို။ ဟတ္ထေန၊ လက်ကလေး ဖြင့်။ ပရာမသေယျာထ၊ သုံးသပ် ပွတ်ပေးပါကုန်လော့။

ဒုကူလ ပညာရှိသည် ''ဒါတော့ ပြုနိုင်တယ်'' ဟု ဝန်ခံ၏။ သိကြား မင်းသည် ထိုဒုကူလ ပညာရှိကို ရှိခိုး၍ မိမိနေရာသို့ ပြန်လေ၏။

## ပါရိကာထံ အမြန်တိတ်တိတ် ပြန်လာသိပ်

ဒုကူလသည် ထို သိကြားမင်းပြောသော အကြောင်းကို ပါရိကာအား ပြောပြ၍ ပါရိကာ၏ ဥတုကာလ၌ ချက်ကို လက်ဖြင့် သပ်လေ၏။ ထိုအခါ ဘုရားလောင်းသည် နတ်ပြည်မှ စုတေ၍ ပါရိကာ၏ ဝမ်း၌ သန္ဓေယူ၏။ ပါရိကာသည် ဆယ်လလွန်သဖြင့် ရွှေအဆင်းနှင့်တူသော သားကို ဖွား၏။ ထို့ကြောင့် သုဝဏ္ဏသာမဟု အမည်မှည့်ကြကုန်၏။ ပါရိကာ၏ သစ်သီး ကြီး ငယ် အလို့ငှာ တောသို့ သွားသော ကာလ၌ ဟိမဝန္တာ တောင်ကြား၌ ကိန္နရီမ တို့သည် လာရောက်ကာ အလောင်းမြတ် သူငယ်ကို ထိန်းပေးကြကုန်၏။ နှစ် ယောက်လုံးတို့သည် ဘုရားလောင်းကို ရေချိုးပြီး သင်္ခမ်းကျောင်း၌ သိပ်ထား ခဲ့၍ သစ်သီး ကြီးငယ် အလို့ငှာ တောသို့ သွားကြကုန်၏။ ထိုခဏ၌ ကိန္နရီမ တို့သည် မင်းသားကို ချီ၍ တောင်ချောက် စသည်တို့၌ ရေချိုးပေးပြီး တောင် ထိပ်သို့တက်ကာ အထူးထူးသော ပန်းတို့ဖြင့် တန်ဆာဆင်ခြင်း၊ ဆေးဒါန်း၊ မြင်းသီလာ စသည်တို့ကို ကျောက်ပြင်၌ သွေး၍ နဖူး၌ အပျောက်ခြယ် မှဲ့တပ် ခြင်း တို့ကို ပြုပြီး ပြန်ပို့ သိပ်ထားလေကုန်၏။

## ဒုကူ-ပါရိ မျက်စိကိုယ်စီ ကန်းကုန်ပြီ

ပါရိကာသည်လည်း တောမှ ပြန်ရောက်၍ သား သုဝဏ္ဏသာမကို နို့တိုက်ပေးလေ၏။ ဒီလိုနှင့် ၁၆-နှစ်သားရှိအောင် စောင့်ရှောက်ကြကုန်လျက် မိမိတို့သာ တောသို့ သွားကြလေကုန်၏။ အလောင်းတော် သုဝဏ္ဏသာမသည် ငါ့မိဘများ တခါတရံ တစုံတခု အန္တရာယ် ဖြစ်မလားဟု လမ်း လိုက်ကြည့် ထား၏။ တနေ့သ၌ ညချမ်း ပြန်လာစဉ် မနီးမဝေးသို့ ရောက်လာစဉ် မိုးကြီး လေကြီး သည်းထန်စွာ ကျလေ၏။ ထိုဒုကူလ၊ ပါရိကာတို့သည် ဆောင်းစရာ မပါ၊ မှောင်အတိကျပြီး မပြန်တတ်။ ထို့ကြောင့် တခုသော သစ်ပင်ရင်းသို့ ဝင်၍ တောင်ပို့ကြီး တခုပေါ်၌ ထိုင်ကြကုန်၏။ တောင်ပို့ အတွင်း၌ မြွေဆိုး ကြီး ရှိ၏။ ဒုကူလ၊ ပါရိကာတို့၏ကိုယ်မှ ချွေးနံ့ရှိသောရေများ စိမ့်ဝင်သဖြင့်

အတင်း စိတ်ဆိုး မှုတ်ထုတ်လိုက်ပြီ။ နှစ်ယောက်လုံး မျက်စိကွယ်၍ တဦးနှင့် တဦး မမြင်ရတော့ပြီ။ လမ်းကိုလည်း မမြင်၊ မပြန်တတ်၊ ငိုကြွေးရင်း သားကို ခေါ်ရင်း ထိုင်နေကြပြီ။

## မျက်စိကုဆရာ ကြင်ယာပါဆက် ယင်းဝိပါက်

ဤသို့ ကန်းခြင်းသည် အတိတ်ကံ၏ ဝိပါက်တည်း။ အကြောင်းမှာ ထိုဒုကူလ၊ ပါရိကာတို့သည် တခုသောဘဝ၌ မျက်စိကုဆရာ ဖြစ်ခဲ့၏။ ကြွယ်ဝသော ယောကျ်ားတဦးအား ကုသပေး၍ ပျောက်ကင်း၏။ အဘိုးအခ မပေး၊ စိတ်ဆိုး၍ မိမိဇနီးအား ပြောပြ၏။ ဇနီးသည်လည်း စိတ်ဆိုး၏။ မျက်စိကန်းသောဆေး ချော့ပြီး ထည့်လိုက်ရန် ဇနီးက အကြံပေး၊ ယောကျ်ားက ထည့်၊ မကြာမီ ကန်း၊ ထိုနှစ်ယောက်တို့သည် ဤနှစ်ယောက် ဖြစ်လာ၏။ ယင်းကံကြောင့် စက္ခုနှစ်ကွင်း အလင်း မရဖြစ်တော့သည်။ ငရဲမှာ အပ၊ ဝဋ်မှာ အမြဲ၊ စိတ်စွဲခါခါ၊ ကြောက်ကောင်းရာ၏။

## ရွှေရေး နောက်ရေး အားပေးရည်မှန် သားတာဝန်

သုဝဏ္ဏသာမသည် လေကြီး မိုးကြီးကလည်း ကျ၊ မိဘနှစ်ပါးကလည်း ရောက်လာချိန် ပြန်မရောက်ကြ၍ အထူး စိတ်ပူ၏။ အော်ရင်း ခေါ်ရင်း လိုက်သွားလေ၏။ ဝေးသည် မဟုတ်လှ။ မိဘက ခေါ်လိုက်၊ သားက ခေါ်လိုက်နှင့် အတော်ကို ညဉ့်နက်မှ ဆုံမိကြ၏။ အကြောင်းစုံ ပြောပြ၍ အားလုံး သားပါ သိရ၏။ သားသည် မိဘနှစ်ပါးအား ကြည့်၍ ငိုလည်း ငို၏။ ရယ်လည်း ရယ်၏။ အကြောင်း အသို့နည်းဟု မေး၏။

(က) ငိုခြင်း၏ အကြောင်းမှာ မိဘများ အရွယ်များစွာ မကြီးသေးဘဲ မျက်စိနှစ်ကွင်း အလင်း မရကြတော့လို့ သနား ဝမ်းနည်းပြီး ငိုတာပါ။

(ခ) ရယ်ခြင်း၏ အကြောင်းမှာ ယခုအခါ ငါအလှည့်ကျပြီ၊ ငါ လုပ်ကျွေးရတော့မယ်ဟု လုပ်ကျွေးခွင့်ရ၍ ဝမ်းသာအားရ ဖြစ်ပြီး ရယ်တာပါ။

"မိခင် ဘခင် ကျေးဇူးရှင်တို့၊ ဘာမှ မစိုးရိမ်ကြကုန်လင့်။ အစစ တာဝန်ယူ လုပ်ကျွေးပါအံ့" ဆို၍ မိမိတို့နေရာ ကျောင်းသင်္ခမ်း ဝိဟာသို့ သား၏ ပခုံး နှစ်ဘက်ကို ကိုင်၍ လိုက်သွားကြလေကုန်၏။

## ဝေယျာဝစ္စ ပြည့်ဝစေမှု အားလုံးပြု

ဘုရားအလောင်းတော် သုဝဏ္ဏသာမ သတို့သားသည် မိဘနှစ်ပါး ဒုကူလ၊ ပါရိကာတို့အား အစစ အဆင်ပြေအောင် အားလုံးဆောင်ရွက်ပေးရ လေတော့သည်။ ရတ္တိဋ္ဌာန၊ ဒိဝါဋ္ဌာနတို့၌ လည်းကောင်း၊ စင်္ကြံ၌ လည်းကောင်း၊ သင်္ခမ်းကျောင်း၌ လည်းကောင်း၊ ဝစ္စဋ္ဌာန၌ လည်းကောင်း၊ ပဿာဝဋ္ဌာန၌ လည်းကောင်း အားလုံး ကြိုးတွေ တန်းပေးထားပြီ၊ မိဘများအား သင်္ခမ်းကျောင်း၌သာထား၍ ကိုယ်တိုင် သင့်လျော်သော သစ်ဥ သစ်ဖု သစ်သီး ကြီးငယ် စသည်တို့ကို ရှာပေးရခြင်း၊ တံမြက် လှည်းပေးရခြင်း၊ အိပ်ရာခင်း အိပ်ရာသိမ်းပေးရခြင်း၊ မိဂသမ္မတာမြစ်သို့ နေ့စဉ် သောက်ရေ သုံးရေများ အတွက် ရေဆင်းခပ်ရခြင်း၊ ရေချိုးပေး၊ အဝတ်လျှော်ပေးရခြင်း၊ သင့်တော် သောအချိန်၌ သင့်တော်သော အစာတို့ဖြင့် ကျွေးမွေးရခြင်း၊ နှိပ်နင်းပေး ရခြင်း စသည်ဖြင့် နေ့စဉ် ပြုစုရလေသည်။

## မြား၏ဒဏ်ချက် သွေးပွက်ထဲမှာ ညည်းညူရှာ

ထိုအခါ ဗာရာဏသီမြို့၌ ပိဠိယက္ခမည်သောမင်းသည် မင်းပြုလေ၏။ ထိုပိဠိယက္ခမင်းကြီးသည် သမင်တို့၏အသား၌ အလွန်တပ်မက်၏။ ထို့ကြောင့် လက်နက်အပြည့်အစုံဖြင့် ဟိမဝန္တာသို့ဝင်၍ သမင်တို့ကို သတ်ဖြတ်စားသောက် ယင်း တနေ့သောအခါ မိဂသမ္မတာမြစ်သို့ရောက်ပြီး သုဝဏ္ဏသာမသတို့သား ခပ်ရာ ရေဆိပ်သို့ ရောက်လာ၏။ ခြေရာကိုမြင်၍ တခုသောချုံအောက်မှ စောင့် နေ၏။ အဆိပ်လူးသော မြားကိုလည်း အဆင်သင့် လုပ်ထား၏။ သုဝဏ္ဏသာမ သတို့သားသည်လည်း သမင်အပေါင်းနှင့်အတူ ရေခပ်ဆင်းလာ၏။ ပစ်ထည့် လိုက်ပြီ၊ မြားသည် ညာဘက်နံပါးမှ ဝင်၍ ဘယ်ဘက်နံပါးမှ ထွက်သွားသည်။ သမင်များ ပြေးကုန်ကြပြီ။ တယောက်တည်း ညည်းညူနေလေပြီ။ ရန်သူကို လည်း မေတ္တာပို့နေသည်။ မိဘနှစ်ပါးကိုလည်း တ . နေသည်။

## ငါ၏တာဝန် ကျေပွန်လေအောင် ငါထမ်းဆောင်

မင်းကြီးကိုယ်တိုင် ကပ်၍ နားတောင်ပြီ။ အကြောင်းစုံ ...သွားပြီ။ များစွာ စိတ်မကောင်း ဖြစ်နေပြီ။ အစီအစဉ်လုပ်ပြီ။

(က) အယံ အစ္စန္တံ ပြဟ္မစာရီ ဓမ္မေ ဌိတော မာတာပိတရော ဘရတိ၊ ဣဒါနိ ဧဝံ ဒုက္ခပ္ပတ္တောပိ တေသံယေဝ ဝိလပတိ၊

ဇဝံ ဂုဏသမ္ဗန္နေနာမ မယာ အပရာဓော ကတော၊ ကထံနုခေါ
ကျွမံ သမဿာသေယျံ။

အယံ၊ ဤ ငါ၏လက်နက် မြားဒဏ်ချက်ကြောင့် သေတော့မည့်ဆဲဆဲ လဲနေသော ရသေ့လေး သုဝဏ္ဏသာမခေါ် အလောင်းတော်သည်။ အစ္စန္တံ၊ စင်စစ်။ ဗြဟ္မစာရိ၊ မြတ်သောအကျင့်ရှိ၏။ ခမ္မ၊ တရား၌။ ဌိတော၊ တည်၏။ မာတာပိတရော၊ မိခင်ဘခင် ကျေးဇူးရှင်တို့ကို။ ဘရတိ၊ လုပ်ကျွေး၍နေ၏။ ကွာဒါနိ၊ ယခုအခါ၌။ ဇဝံ၊ ဤသို့။ ဒုက္ခပ္ပတ္တောပိ၊ ကာယ စိတ္တ နှစ်ဝသော ဆင်းရဲခြင်းသို့ ရောက်ပါသော်လည်း။ တေသံယေဝ၊ ထိုမိဘနှစ်ပါးတို့အား သာလျှင်၊ ဝိလပတိ၊ မြည်တမ်း၍နေ၏၊ ဇဝံ၊ ဤသို့။ ဂုဏသမ္ဗန္နေနာမ၊ ဂုဏ်နှင့်ပြည့်စုံသောသူ မည်သည်၌၊ မယာ၊ ငါသည်။ အပရာဓော၊ ကြီးမားသော အပြစ်ကြီးကို။ ကတော၊ ပြုမိပြီ။ ကထံနုခေါ၊ အဘယ်သို့လျှင်။ ကျွမံ၊ ဤ သာမ မည်ခေါ် အလောင်းတော်ကို။ သမဿာသေယျံ၊ သက်သာအောင် ပြုပေးရပါအံ့နည်း။

( ခ ) နိရယေ ပစ္စနကာလေ ရဇ္ဇံ ကိံ ကရိဿတိ၊ ကွာမိနာ ပဋိဇဂ္ဂိတ နိယာမေနေဝဿ မာတာပိတရော ပဋိဇဂ္ဂိဿာမိ၊ ကွာမဿ မရဏမ္ပိ အမရဏံဝိယ ဘဝိဿတိ။

နိရယေ၊ အပါယ်ငရဲမီးကြီးထဲ၌။ ပစ္စနကာလေ၊ အလောင်အကျွမ်း အညှဉ်းပန်းခံနေရသောအခါ၌။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ကိံ၊ အဘယ်သို့လျှင်။ ကရိဿတိ၊ ပြုနိုင်ပါအံ့နည်း။ ကွာမိနာ ပဋိဇဂ္ဂိတနိယာမေနေဝ၊ ဤရသေ့လေး လုပ်ကျွေးခဲ့သော နည်းဖြင့်သာလျှင်။ အဿ၊ ထိုရသေ့လေး၏။ မာတာ ပိတရော၊ မိခင်ဘခင် ကျေးဇူးရှင်တို့ကို။ ပဋိဇဂ္ဂိဿာမိ၊ လုပ်ကျွေးပါအံ့။ ကွာမဿ၊ ဤရသေ့လေးအား။ မရဏမ္ပိ၊ သေပါသော်လည်း။ အမရဏံဝိယ၊ မသေသကဲ့သို့။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

## အလောင်းတော်သာမ အားရဝမ်းသာ လမ်းပြရှာ

ထိုအခါ ပိဠိယက္ခမင်းကြီးအား အလောင်းတော်သည် ဤသို့ ပြော ကြား၏။

သာဓု မဟာရာဇ၊ တေနဟိ မေ မာတာပိတရော ဘရသု။

မဟာရာဇ၊ မြတ်သောမင်းကြီး။ သာဓု၊ ကောင်းလှပါပေ၏။ တေနဟိ၊ ထိုကြောင့်သာလျှင်။ မေ၊ အကျွန်ုပ်၏။ မာတာပိတရော၊ မိခင်ဘခင် ကျေးဇူး ရှင်တို့ကို။ ဘရသု၊ လုပ်ကျွေးပါတော့လော့။

"ဒီလိုဆိုရင်ဗျာ ကျွန်တော် လမ်းကလေးလည်း ပြပေးပါရစေ၊ ခင်ဗျား သွားလို့ လွယ်ကူအောင်ပေါ့" သမ်းပြဂါထာကား-

အယံ ဧကပဒီ ရာဇ၊ ယော ယံ ဥဿိသကေ မမ။

ကူတော ဂန္တွာ အနုကောသံ၊ တတ္ထ နေသံ အဂါရကံ။

ယတ္ထ မာတာပိတာ မယှံ၊ တေ ဘရဿု ကူတော ဂတော။ ။

ရာဇ၊ ဗာရာဏသီပြည်ကြီးအရှင် ဘုရင်ဥက္ကဋ္ဌ အို-မင်းမြတ်။ အယံ၊ မိဘများနေရာ သွားလာစခန်း ဤတောလမ်းသည်။ ဧကပဒီ၊ တယောက် သွားရာ လမ်းမျှသာတည်း။ ယောယံ-ယော အယံ၊ အကြင်လမ်းသည်။ မမ၊ အကျွန်ုပ်၏။ ဥဿိသကေ၊ ဦးခေါင်းကျနေရာအရပ်၌။ ဟောတိ၊ ဖြစ်၏။ ကူတော၊ ဤအကျွန်ုပ် လဲကျနေရာအရပ်မှ။ ဂန္တွာ၊ သွားသည်ရှိသော်။ အနု ကောသံ၊ ထက်စက်ကောသ ဆယ်ဥသဘသာ။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုအရပ်၌။ နေသံ၊ ထိုမိခင်ဘခင် ကျေးဇူးရှင်တို့၏။ အဂါရကံ၊ နေရာတဲနန်း ကျောင်းသခ်မ်းသည်။ ဟောတိ၊ ဖြစ်၏။ ယတ္ထ၊ အကြင်အရပ်၌။ မယှံ၊ အကျွန်ုပ်၏။ မာတာပိတာ၊ မိခင်ဘခင် ကျေးဇူးရှင်တို့သည်။ ဝသန္တိ၊ နေကြလေကုန်၏။ ကူတော၊ ဤလမ်းကလေးမှ။ ဂတော၊ သွားလျက်။ တွံ၊ ကျွန်ုပ်ကျေးဇူးရှင် သင်မင်းကြီးသည်။ တေ၊ ထိုကျေးဇူးရှင်များနှင့် ဦးသားတို့ကို။ ဘရဿု၊ စောင့်ရှောက်လုပ်ကျွေးပါလော့။

## အမှာစကား ပြောကြားတန်တန် မိဘထံ

ဤသို့ လမ်းပြပြီး ပြင်းထန်သော ဝေဒနာဒဏ် အတင်း သည်းခံကာ "ပြောပြပါ မိဘများသို့" ဟူသော အမှာစကား လက်ဆောင်။

(၁) နမော တေ ကာသိရာဇတ္ထု၊ နမော တေ ကာသိဝဍ္ဎန။
အန္ဓာ မာတာပိတာ မယှံ၊ တေ ဘရဿု ဗြဟာဝနေ။ ။

(၂) အဉ္ဇလိံ တေ ပဂ္ဂဏှာမိ၊ ကာသိရာဇ နမတ္ထု တေ။
မာတရံ ပိတရံ မယှံ၊ ဝုတ္တော ဝဇ္ဇာသိ ဝန္ဒနံ။ ။

ကာသိရာဇ၊ ကာသိခေါ်လတ် တိုင်းမြတ်သခင် အို-အရှင်။ တေ၊ သင့်အား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေပါလော။ ဖြစ်ပါရစေ။ ကာသိဝဍ္ဎန၊ ကာသိခေါ်လတ် တိုင်းမြတ်တခု ကြီးအောင်ပြုသည့် အို-အရှင်။ တေ၊ သင့်အား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေပါလော။ ဖြစ်ပါရစေ။ မယှံ၊ အကျွန်ုပ်၏။ မာတာပိတာ၊ မိခင် ဘခင် ကျေးဇူးရှင်တို့သည်။ အန္ဓာ၊ မမြင်ကန်းတည်း အကန်းကြီးသာ ဖြစ်ကြပါကုန်၏။ တေ၊ ထိုမိခင် ဘခင်တို့ကို။ ပြဟာဝနေ၊ လူသူမနီး တောမြိုင်ကြီး၌။ ဘရဿု၊ စောင့်ရှောက် လုပ်ကျွေးပါလော။

ကာသိရာဇ၊ ကာသိခေါ်လတ် တိုင်းမြတ်သခင် အို-အရှင်။ တေ၊ သင့်အား။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂဏှာမိ၊ နဖူးတွင် အထူးတင်၍ ချီလိုက်ပါ၏။ တေ၊ သင့်အား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေပါလော။ ဖြစ်ပါရစေ။ မယှံ၊ အကျွန်ုပ်၏။ မာတရံစ၊ မိခင်ကို လည်းကောင်း၊ ပိတရံစ၊ ဘခင်ကို လည်းကောင်း။ ဝန္ဒနံ၊ ရှိခိုးလိုက်ပါကြောင်းကို။ ဝုတ္တော၊ အကျွန်ုပ်ရဲ့ ဖြစ်ပုံ အလုံးစုံကို အကုန်ပြောပြထားပြီးသည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဝဇ္ဇာသိ၊ မှန်တိုင်းမသေွ ပြောပြပါလေ။

## မင်းကြီးသနား စိတ်အားယိမ်းယိုင် မထိန်းနိုင်

အလောင်းတော်မြတ်သည် မိဘများထံ အမှာစကား ပြောကြားပြီးနောက် သတိလစ် မျက်ဖြူလန်သွားပြီ။ ထိုအကြောင်းကို ပြလို၍-

ဣဒံ ဝတွာန သော သာမော၊ ယုဝါ ကလျာဏဒဿနော။
မုစ္ဆိတော ဝိသဝေဂေန၊ ဝိသညီ သမပဇ္ဇထ။ ။

ယုဝါ၊ လှပနုနယ် ပျိုသောအရွယ် ရှိသော။ ကလျာဏဒဿနော၊ လူဘိုင်းခင်မင် ကောင်းသောအမြင် ရှိသော။ သော သာမော၊ ထိုသာမခေါ် အပ် ဗောဓိမြတ်သည်။ ဣဒံ၊ ဤအမှာစကားကို။ ဝတွာန၊ မှာကြား ပြောဆိုပြီး၍၊ (ဝါ) မှာကြား ပြောဆိုပြီးသောအခါ၌။ ဝိသဝေဂေန၊ တကိုယ်လုံး ပြန့်နှံ့၍နေသော အဆိပ်တို့၏ အစွမ်းဖြင့်။ မုစ္ဆိတော၊ မိုန်းကျသွားသည်။ ဟုတွာ၊ ဖြစ်၍။ ဝိသညီ၊ သတိသညာ ကင်းရှင်းကွာသည်။ သမပဇ္ဇထ၊ ကောင်းစွာမသေွ ဖြစ်ရလေ၏။

ပိင်္ဂိယက္ခ မင်းကြီးသည်လည်း အလောင်းတော်အတွက် တက်လာသော သောကကို ထိန်းသိမ်းခြင်းငှာ မစွမ်းနိုင်သည် ဖြစ်၍ လက်နှစ်ဘက်တို့ကို ဦးခေါင်းပေါ် မြှောက်တင်လျက် များစွာပင် အော်ဟစ် ငိုကြွေးလေ၏။

## ဗဟုသုန္ဒရီ ဒေဝိစိမံ သူ့အကြံ

ထိုအခါ ဗဟုသုန္ဒရီမည်သော နတ်သမီးသည် ဂန္ဓမာဒနတောင်၌ နေ၏။ အလောင်းတော်၏ ခုနစ်ခုမြောက် ဘဝ၌ မိခင် ဖြစ်ဘူး၏။' ထို နတ်သမီးသည် သားဟူသော ချစ်ခြင်းဖြင့် အလောင်းတော်ကို အမြဲ သတိရ၏။ ထိုနေ့၌ကား ဒိဗ္ဗသမ္ပတ္တိကို ခံစားနေသည်ဖြစ်၍ ထိုအလောင်းတော်ကို မေ့နေခဲ့ခြင်း ဖြစ်၏။

**အမှာ**။ ။ဒေဝသမာဂမံ ဂတာတိပိ ဝဒန္တိယေဝ။

(ဇာတကအဋ္ဌကထာ၊ ဆဋ္ဌ ဘာဂ၀ါ-၁၀၂)

ထို ဗဟုသုန္ဒရီ နတ်သမီးသည် သတိရ၍ ကြည့်သော် ကောင်းစွာ မြင်ပြီ။

(၁) အယံ ပိင်္ဂိယက္ခော နာမ ရာဇာ မမ ပုတ္တံ ဝိသပီတေန ယလ္လေန ဝိဇ္ဈိတွာ မိဂသမ္မတာနဒီတီရေ ဝါလုကာ ပုလိနေ ယာတေတွာ မဟန္တေန သဒ္ဒေန ပရိဒေဝတိ။

(၂) သစာဟံ နာဂမိဿာမိ၊ မမ ပုတ္တော သုဝဏ္ဏသာမော ဧတ္တပ မရိဿတိ၊ ရညောပိ ဟဒယံ ဖလိဿတိ၊ သာမဿ မာတာ ပိတရောပိ နိရာဟာရာ ပါနီယမ္ပိ အလဘန္တာ သုဿိတွာ မရိဿန္တိ။

(၃) မယိ ပန ဂတာယ ရာဇာ ပါနီယဃဋံ အာဒါယ ဟာယ မာတာပိတူနံ သန္တိကံ ဂမိဿတိ၊ ဂန္တွာ စ ပန ပုတ္တော မဝေါ မယာ ဟတောတိ ကထေဿတိ။

(၄) ဧဝဉ္စ ဝတွာ ပေဟသံ ဝစနံ သုတွာ တေ ပုတ္တဿ သန္တိကံ အာနယိဿတိ၊ အထ ခေါ တေ စ အဟဉ္စ သစ္စကိရိယံ ကရိဿာမ၊ သစ္စဗလေန သာမဿ ဝိသံ ဝိနဿိဿတိ။

(၅) ဧဝံ မေ ပုတ္တော ဇီဝိတံ လဘိဿတိ၊ မာတာပိတရောစ စက္ခုံနိ လဘိဿန္တိ၊ ရာဇာစ သာမဿ ဓမ္မဒေသနံ သုတွာ နဂရံ ဂန္တွာ မဟာဒါနံ ဒတွာ သဂ္ဂပရာယနော ဘဝိဿတိ၊ တသ္မာ ဂစ္ဆာ မဟံ တတ္ထ။

## ဆိုပြီးပါဠိ အသိမှန်ရန် အနက်ပြန်

ပိဠိယက္ခောနာမ၊ ပိဠိယက္ခ အမည်ရှိသော။ အယံ ရာဇာ၊ ဤမင်းကြီးသည်။ မမ၊ ငါ ဗဟုသုန္ဒရီ နတ်သမီး၏။ ပုတ္တံ၊ သားဖြစ်သော အလောင်းတော် သုဝဏ္ဏသာမကို။ ဝိသပီတေန၊ လတ်တလော သေစေတတ်သည့် အဆိပ်တို့ဖြင့် လူးအပ်သော။ သလ္လေန၊ မြားဖြင့်။ဝိဇ္ဈိတွာ၊ ပစ်၍။ မိဂသမ္မတာနဒီတီရေ၊ မိဂသမ္မတာမည်သော မြစ်ကမ်းနား၌။ ဝါလုကာပုလိနေ၊ သဲသောင်အပြင်ပေါ်၌။ ဃာတေတွာ၊ မြားသွား၏ဒဏ် အလူးအလဲ ခံရ၍။ မဟန္တေန၊ ကြီးစွာသော။ သဒ္ဒေန၊ အသံဖြင့်။ ပရိဒေဝတိ၊ ငိုကြွေး၍ နေ၏။

သစေ၊ အကယ်၍။ အဟံ၊ ငါသည်။ နာဂမိဿာမိ၊ မသွားဘဲနေအံ့။ မမ၊ ငါ၏။ ပုတ္တော၊ သားဖြစ်သော။ သုဝဏ္ဏသာမော၊ သုဝဏ္ဏသာမသည်။ ဧတ္ထဝ၊ ဤနေရာ၌သာလျှင်။ မရိဿတိ၊ သေရတော့လတ္တံ့။ ရညောပိ၊ ပိဠိယက္ခ မင်းကြီး၏လည်း။ ဟဒယံ၊ နှလုံးသားသည်။ ဖလိဿတိ၊ လတ္တံ့။ သာမဿ၊ အလောင်းတော် သာမ၏။ မာတာပိတရောပိ၊ မိခင် ဘခင်တို့သည်လည်း။ နိရာဟာရာ၊ အစာ မစားရကုန်သည် ဖြစ်၍။ ပါနီယမ္ပိ၊ သောက်ရေကိုလည်း။ အလဘန္တာ၊ မရကုန်သည်ဖြစ်၍။ သုဿိတွာ၊ ခြောက်ခန်း၍။ မရိဿန္တိ၊ သေကြရကုန်လိမ့်လတ္တံ့။

မယိ၊ ငါသည်။ ဂတာယပန၊ သွားသော်ကား။ ရာဇာ၊ ပိဠိယက္ခ မင်းကြီးသည်။ ပါနီယဃဋံ၊ သောက်ရေအိုးကို။ အာဒါယ၊ ယူ၍။ တဿ၊ ထိုအလောင်းတော် သာမ၏။ မာတာပိတူနံ၊ မိခင် ဘခင် ကျေးဇူးရှင်တို့၏။ သန္တိကံ၊ အထံသို့။ ဂမိဿတိ၊ သွားလတ္တံ့။ ဂန္တွာစပန၊ သွားပြီး၍။ ဝေါ၊ သင်တို့၏။ ပုတ္တော၊ သားကို။ မယာ၊ ငါသည်။ ဟတော၊ သတ်မိပြီ။ ဣတိ၊ ဤသို့။ ကထေဿတိ၊ ပြောဆိုလတ္တံ့။

ဝေဠ၊ ဤသို့လျှင်။ ဝတွာ၊ ဆို၍။ တေသံ၊ ထိုမိဘ ဒုကူလ၊ ပါရိကာတို့၏။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍။ တေ၊ ထိုမိဘနှစ်ပါး

တို့ကို။ ပုတ္တာသာ၊ သား၏။ သန္တိကံ၊ အထံသို့။ အာနယိဿတိ၊ ဆောင်ပို့လတ္တံ့။ အထခေါ၊ စင်စစ်သော်ကား။ တေစ၊ ထိုမိခင် ဘခင်တို့သည်လည်း ကောင်း။ အဟဉ္စ၊ ငါသည်လည်းကောင်း။ သစ္စကိရိယံ၊ သစ္စာပြုခြင်းကို။ ကရိဿာမ၊ ပြုကုန်အံ့။ သစ္စဗလေန၊ သစ္စာ၏ အစွမ်းဖြင့်။ သာမဿ၊ အလောင်းတော် သာမ၏။ ဝိသံ၊ တကိုယ်လုံးပြန့်ကျယ် အဆိပ်အန္တရာယ်သည်။ ဝိနဿိဿတိ၊ ပျောက်ပျက် ကင်းရှင်းလတ္တံ့။

ဧဝံ၊ ဤသို့ ပျောက်ပျက် ကင်းရှင်းသည်ရှိသော်။ မေ၊ ငါ ဗဟုသုန္ဒရီ နတ်သမီး၏။ ပုတ္တော၊ သားဖြစ်သော သာမသည်။ ဇီဝိတံ၊ အသက်ရှည်ပွား နေသွားရခြင်းကို။ လဘိဿတိ၊ ရလတ္တံ့။ မာတာပိတရောစ၊ မိခင် ဘခင်တို့ သည်လည်း။ စက္ခူနိ၊ မျက်စိ အမြင်တို့ကို။ လဘိဿန္တိ၊ ရကုန်လတ္တံ့။ ရာဇာစ၊ ပိဠိယက္ခမင်းကြီးသည်လည်း။ သာမဿ၊ အလောင်းတော် သာမ ပညာရှိ၏။ ဓမ္မဒေသနံ၊ တရား ဒေသနာတော်ကို။ သုတွာ၊ ကြားနာရ၍။ နဂရံ၊ ကာသိတိုင်း ဗာရာဏသီမြို့သို့။ ဂန္တွာ၊ သွား၍။ မဟာဒါနံ၊ ထယ်ဝါဆန်းပြား ခမ်းနားသော အလှူကြီးကို။ ဒတွာ၊ ပေးလှူ၍။ သဂ္ဂပရာယနော၊ နတ်ပြည်သို့ လားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ ငါ ဗဟုသုန္ဒရီ သည်။ တတ္ထ၊ ထို သာမ လဲ၍နေစဉ် သဲသောင်အပြင်သို့။ ဂစ္ဆာမိ၊ သွားလို ပါ၏။ သွားပါအံ့။

## ပိဠိယက္ခ မင်းမှုစိတ်သန် အမိဌာန်

ထိုနတ်သမီးသည် သွား၍ မိဂသမ္မတာ မြစ်ကမ်း၌ ကိုယ်ရောင်ဖျောက် ကာ ကောင်းကင်မှ ရပ်ပြီး မင်းကြီး နှင့် စကားပြော၏။ မင်းကြီးသည် နတ်သမီး၏ စကားကို ကြား၍ မိမိ၏ အမိဌာန်ကို ပြောပြလေ၏။

အဟံ ကိရ တဿ မာတာပိတရော ပေါသေတွာ သဂ္ဂံ
ဂမိဿာမိ၊ ကိံ မေ ရဇ္ဇေန၊ တေယေဝ ပေါသေဿာမိ။

အဟံ၊ ငါသည်။ တဿ၊ ထိုအလောင်းတော် သာမ၏။မာတာပိတရော၊ မိခင် ဖခင်တို့ကို။ ပေါသေတွာ၊ လုပ်ကျွေး၍။ သဂ္ဂံ၊ နတ်ပြည်သို့။ ဂမိဿာမိ၊ သွားတော့အံ့။ မေ၊ ငါ့အား။ ရဇ္ဇေန၊ မင်းစည်းစိမ်ဖြင့်။ ကိံ၊ ဘာအကျိုး ရှိအံ့ နည်း။ တေယေဝ ထိုမိဘနှစ်ပါးတို့ကိုသာလျှင်။ ပေါသေဿာမိ၊ လုပ်ကျွေး ပါတော့အံ့။

## ရေအိုးသယ်မ မိဘထံပါး မင်းကြီးသွား

မင်းကြီးသည် အကြီးအကျယ် ငိုကြွေးလျက် သောကကို အနိုင်နိုင် ဖြေဖျောက်ကာ သုဝဏ္ဏသာမသည် မုချသေလတ္တံ့ဟု အထူးထူးသော ပန်းတို့ဖြင့် ပူဇော်၍ ရေဖြင့်သွန်းလောင်း၍ သုံးကြိမ် လက်ယာရစ် လှည့်၍ အရပ်လေးမျက်နှာတို့၌ ရှိခိုး၍ ရေဖြင့် ပြည့်သော အိုးကို ထမ်း၍ အလွန်စိတ်မချမ်းသာဘဲ မိဘများရှိရာ တောင်အရပ်သို့ ရှေးရှုသွားလေ၏။ ဤသို့သွားကြောင်းကို-

သ ရာဇာ ပရိဒေဝိတွာ၊ ဗဟုံ ကာရုညသဉ္ဟိတံ။
ဥဒက ကုမ္ဘ မာဒါယ၊ ပက္ကာမိ ဒက္ခိဏာ မုခေါ။ ။

ယော ရာဇာ၊ အကြင် ပိဠိယက္ခမင်းကြီးသည်။ ကာရုညသဉ္ဟိတံ၊ သနားကြင်နာခြင်းနှင့် စပ်သော စိတ်သည်။ ဗဟုံ၊ များလှ၏။ သ-သော ရာဇာ၊ ထိုမင်းကြီးသည်။ ပရိဒေဝိတွာ၊ သည်းထန်စွာ ငိုကြွေး၍။ ဥဒကကုမ္ဘံ၊ ရေဖြင့် ပြည့်သော အိုးကို။ အာဒါယ၊ ထမ်း၍။ ဒက္ခိဏာမုခေါ၊ မိဘများ ရှိရာ တောင်အရပ်သို့ ရှေးရှုလျက်။ ပက္ကာမိ၊ ဖဲသွားလေ၏။

## မိဘဆန္ဒ ဖော်ပြပို့ရန် သာမ ထံ

မင်းကြီးသည် ရေအိုးကို ယူ၍ သွားလျက် ခြေကို အသံပေးသကဲ့သို့ လုပ်ပြီး သခ်မ်းကျောင်းထဲသို့ ဝင်လိုက်၏။ ဒုကူလ ပညာရှိသည် "ဒါ မောင်သာမ၏ ခြေသံ မဟုတ်၊ ဘယ်သူ့ ခြေသံပါနည်းဟု" မေး၏။ မင်းကြီးသည် အားလုံး ပြေလည်အောင်၊ စိတ်ချမ်းသာအောင် ပြောပြ၏။ ထိုနောက်မှ မနီးမဝေးနေသော သခ်မ်းကျောင်းတခုမှ ပါရိကာ ရသေ့မကို သွားရောက်အသိပေးမှ သားကိုယ်တိုင် သွယ်တန်းပေးထားသော ကြိုး ကိုင်၍ လိုက်လာ၏။ ပြောပြ သိရှိ၍ ခေါင်းချင်းဆိုင် ငိုကြကုန်၏။ အပြန် အလှန် ပြောကြပြန်သည်မှာ-

(က) တုမှေ မာ စိန္တယိတ္ထ၊ န မယှံ ရဇ္ဇေနတ္ထော။
အဟံ ဝေါ ယာဝဇီဝံ ဘရိဿာမိ။ ။

တုမှေ၊ သင်တို့သည်။ မာ စိန္တယိတ္ထ၊ ဘာကိုမျှ မတွေးတော မကြံစည်ကြကုန်လင့်။ မယှံ၊ ငါ့အား။ ရဇ္ဇေန၊ မင်းစည်းစိမ်ဖြင့်။ န အတ္ထော၊ အလိုမရှိ

ပါပြီ။ အဟံ၊ ငါသည်။ ဝေါ၊ သင်တို့အား။ ယာဝဇီဝံ၊ အသက်ဆုံးသည် တိုင်အောင်။ ဘရိယာမိ၊ စောင့်ရှောက် လုပ်ကျွေးပါအံ့။

(၁၊) မဟာရာဇ တဝ အမှာကံ ကမ္မကရဏကိစ္စံ နတ္ထိ။
အပိစ ခေါ ပန လဋ္ဌိကောဋ္ဌိယာ နော ဂဟေတွာ အာနေတွာ
သာမံ ဒဿေဟိ။

မဟာရာဇ၊ မြတ်သော မင်းကြီး။ တဝ၊ သင့်အား။ အမှာကံ၊ ငါတို့၏။ ကမ္မကရဏကိစ္စံ၊ ပြုလုပ်ဘွယ်အကြောင်းကိစ္စသည်။ နတ္ထိ၊ မရှိ။ အပိစခေါပန၊ အမှန် ငါတို့ လိုအပ်သည်ကား။ လဋ္ဌိကောဋ္ဌိယာ၊ တောင်ဝှေးစွန်းဖြင့်။ နော၊ ငါတို့ကို။ ဂဟေတွာ၊ ကိုင်၍။ အာနေတွာ၊ ပို့၍။ သာမံ၊ သား မောင်သာမကို။ ဒဿေဟိ၊ မြင်လိုပါ၏။ ပြပါလော။

## မိခင် ပါရိကာ သစ္စာပြုချက် စောင်းတဘက်

ပိဋ္ဌိယက္ခမင်းကြီးသည် ရောက်အောင် ပို့ပေးရ၏။ "ဤဟာသည် သင်တို့၏ သား သာမ ပါတည်း"ဟု ပြောပြ၏။ ထိုအခါ ဖခင်သည် သား၏ ဦးခေါင်းကို မိမိပေါင်ပေါ်တင်၍ မိခင်သည်လည်း သား၏ ခြေနှစ်ဘက်တို့ကို မိမိ ပေါင်ပေါ်တင်လျက် အသေ အချာ စုံစမ်းကြကာ 'မြားဆိပ်မွန်နေခြင်း သာ၊ အသက်ရှင်အောင် သစ္စာပြုကြကုန်အံ့'ဟု ဆုံးဖြတ် သစ္စာပြုကြကုန်၏။ ရှေးဦးစွာ မိခင် ပါရိကာသည် ၇-ဂါထာတို့ဖြင့် သစ္စာပြု၏။ ယင်း သစ္စာပြု ခြင်း၏ အဆုံး၌ သားမောင် သာမသည် လှုပ်ရှားလာကာ တဘက်သို့ စောင်းအိပ်လိုက်၏။ ပါရိကာ၏ သစ္စာ ၇-ဂါထာကား-

(၁) ယေန သစ္စေန ယံ သာမော၊ ဓမ္မစာရီ ပုရေ အဟု။
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။

(၂) ယေန သစ္စေန ယံ သာမော၊ ဗြဟ္မစာရီ ပုရေ အဟု။
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။

(၃) ယေန သစ္စေန ယံ သာမော၊ သစ္စဝါဒီ ပုရေ အဟု။
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။

(၄) ယေန သစ္စေန ယံ သာမော၊ မာတာပေတ္တိ ဘရော အဟု။
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။

(၅) ယေန သစ္စေန ယံ သာမော၊ ကုလေ ဇေဋ္ဌာ ပစာယိကော။
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။

(၆) ယေန သစ္စေန ယံ သာမော၊ ပါဏာ ပိယတရော မမ။
ဧတေန သစ္စေဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။

(၇) ယံကိဉ္စိတ္ထိ ကတံ ပုညံ၊ မယှဉ္စေဝ ပိတုစ္စ တေ။
သဗ္ဗေန တေန ကုသလေန၊ ဝိသံ သာမဿ ဟညတု။ ။

## ဘခင် ဒုကူ ပြုမူသစ္စာ တဘာက်ပါ

ထိုအခါ ဘခင်သည် 'ငါ့သား မသေသေးဘူး'ဟု အားတက်ကာ မိခင်နှင့်အတူ ၇-ဂါထာတို့ဖြင့် သစ္စာပြု၏။ ယင်းသစ္စာပြုခြင်း၏ အဆုံး၌ သားမောင် သာမသည် ထပ်မံ လှုပ်ရှားလာကာ နောက်တဘက်သို့ စောင်း အိပ်လိုက်၏။ ဒုကူလ၏ သစ္စာ ၇-ဂါထာကား ဤအတိုင်းပင်။

## နတ်သမီးဆိုရာ သစ္စာတန်ခိုး ဤလေးမျိုး

ထို့နောင် ဘဝဟောင်းမှမိခင်ကြီး ဗဟုသုန္ဒရီ နတ်သမီး တတိယမြောက် သစ္စာပြု၏။ ထိုသစ္စာ၏ အဆုံး၌ တပြိုင်နက် ၄-ချက်ကိစ္စ ပြီးသွား၏။ ယင်းကိစ္စ ၄-ချက်တို့မှာ-

(၁) မဟာသတ္တဿ နိရောဂဘာဝေါ = အလောင်းတော် သုဝဏ္ဏ သာမအား ဘာရောဂါမှ မရှိတော့ပြီ၊ မိမွေး တိုင်း ဘမွေးတိုင်း ဖြစ်သွားပြီ။

(၂) မာတာပိတူနဥ္စ စက္ခုပဋိလာဘော = မိဘ နှစ်ပါးလုံး မျက်စိ နှစ်ကွင်း အလင်းရသွားကြပြီ၊ မိမွေးတိုင်း ဘမွေးတိုင်း ဖြစ်သွားကြပြီ။

(၃) အရုဏုဂ္ဂမနဥ္စ=နေအရုဏ်သည်လည်း အလင်းဆောင် အမှောင် ခွင်းလျက် ပေါ်တက်လာလေပြီ။

(၄) ဒေဝတာ နုဘာဝေန တေသံ စတုန္နံ အသမေယဝ ပါကဋ္ဋ
ဘာဝေါစ= ဗဟုသုန္ဒရီ နတ်သမီး၏ တန်ခိုး
ကြောင့် မင်းကြီး၊ မိဘနှစ်ပါး၊ သား မောင်
သာမပါ ၄-ဦးလုံး သခ်မ်းကျောင်းပေါ်သို့
အသင့် ရောက်သွားပြီ။

## အမာရွတ်ပင် မထင်ကောင်းကျိုး သူ့တန်ခိုး

ဗဟုသုန္ဒရီနတ်သမီး သစ္စာပြု ၃-ဂါထာကား-

(၁) ပဗ္ဗတျာဟံ ဂန္ဓမာဒနေ၊ စိရရတ္တ နိဝါသိနီ။
န မေ ပိယတရော ကောစိ၊ အညော သာမေန ဝိဇ္ဇတိ။
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။

(၂) သဗ္ဗေ ဝနာ ဂန္ဓမယာ၊ ပဗ္ဗတေ ဂန္ဓမာဒနေ။
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။

(၃) တေသံ လာလပ္ပမာနာနံ၊ ဗဟုံ ကာရုည သဥှိတံ၊
ခိပ္ပံ သာမော သမုဋ္ဌာသိ၊ ယုဝါ ကလျာဏ ဒဿနော။ ။

**မှတ်ချက်။** ။ပဒုမပတ္တတော ဥဒကံ ဝိယဿ ဝိသံ ဝိနိဝတ္တေတွာ
အာဗာဓော ဝိဂတော၊ ဣဓ နုခေါ ဝိဒ္ဓေါ၊ ဣဓ
နုခေါ ဝိဒ္ဓေါတိ ဝိဒ္ဓဋ္ဌာနမ္ပိ န ပညာယတိ။ ။

အဿ၊ ထိုအလောင်းတော် သုဝဏ္ဏသာမ၏။ ဝိသံ၊ တကိုယ်လုံး ပြန့်နေသော အလွန်ထက်မြက်သည့် မြားဆိပ်အပေါင်းသည်။ ပဒုမပတ္တတော၊ ပဒုမ္မာကြာဖက်ပေါ်မှ။ ဥဒကံ၊ ရွှာချသော မိုးရေမိုးပေါက်သည်။ ဝိနိဝတ္တတိ ဝိယ၊ လျှောကျလေဘိသကဲ့သို့။ ဝိနိဝတ္တေတွာ၊ လျှောကျ၍။ အာဗာဓော၊ နာကျင်အောင့်အည်း ရောဂါအသီးသီးသည်။ဝိဂတော၊ ပျောက်ကင်း၏။ ဣဓ၊ ဤနေရာ၌။ ဝိဒ္ဓေါ နုခေါ၊ ပစ်သလော။ ဣဓ၊ ထိုနေရာ၌။ ဝိဒ္ဓေါ နုခေါ၊ ပစ်သလော။ ဣတိ၊ ဤသို့။ ဝိဒ္ဓဋ္ဌာနမ္ပိ၊ အပစ်ခံထားရသည့်နေရာ (အမာရွတ် ကလေး)မျှလည်း။ န ပညာယတိ၊ မထင်။

## မိဘကျွေးမွေး ပြုပေးကျယ်ပြန့် ပန်းရန့်.

မိမိတို့ သခ်မ်းကျောင်းလေးပေါ်သို့ ရောက်ပြီးနောက် အလောင်းတော်သုဝဏ္ဏသာမသည် မိဘကို လုပ်ကျွေး မွေးမြူရခြင်း၏ အကျိုးကြီးပုံတရားကို ပီဠိယက္ခမင်းကြီးအား အောက်ပါ နှစ်ဂါထာတို့ဖြင့် ဟောကြားလေ၏။

(၁) ယော မာတရံ ပိတရံ ဝါ၊ မစ္စော ဓမ္မေန ပေါသတိ။
ဒေဝါပိ နံ တိကိစ္ဆန္တိ၊ မာတာ ပေတ္တိ ဘရံ နရံ။ ။

(၂) ယော မာတရံ ပိတရံ ဝါ၊ မစ္စော ဓမ္မေန ပေါသတိ။
ဣဓေဝ နံ ပသံသန္တိ၊ ပေစ္စ သဂ္ဂေ ပမောဒတိ။ ။

ယော မစ္စော၊ အကြင်သတ္တဝါသည်။ မာတရံဝါ၊ မိခင်ကိုလည်းကောင်း။ ပိတရံဝါ၊ ဘခင်ကိုလည်းကောင်း။ ဓမ္မေန၊ တရားသဖြင့်။ ပေါသတိ၊ လုပ်ကျွေး မွေးမြူ၏။ မာတာပေတ္တိဘရံ၊ မိဘကို လုပ်ကျွေးမွေးမြူသော။ နံ နရံ၊ ထို ယောကျ်ား မိန်းမ ဟူသမျှကို။ ဒေဝါပိ၊ နတ်တို့သည်လည်း။ တိကိစ္ဆန္တိ၊ ဝိုင်းဝန်းပြုကြ ကုသပေးကြလေကုန်၏။

ယော မစ္စော၊ အကြင်သတ္တဝါသည်။ မာတရံဝါ၊ မိခင်ကို လည်းကောင်း။ ပိတရံဝါ၊ ဘခင်ကိုလည်းကောင်း။ ဓမ္မေန၊ တရားသဖြင့်။ ပေါသတိ၊ လုပ်ကျွေးမွေးမြူ၏။ ဣဓေဝ၊ တမလွန်မက ဤဘဝ၌ပင်လျှင်။ နံ၊ ထိုယောကျ်ား မိန်းမ ဟူသမျှကို။ ပသံသန္တိ၊ ချီးမွမ်းကြလေကုန်၏။ ပေစ္စ၊ တမလွန်ဘဝ၌။ သဂ္ဂေ၊ နတ်ပြည်၌။ ပမောဒတိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်ရ၏။

## မင်းကျင့်တရား ဆယ်ပါးညီလျှင် ထက်နတ်ခွင်

ထိုနောက် "ပီဠိယက္ခမင်းကြီး၊ သင်သည် နတ်ပြည်သို့ ရောက်လိုသည် ရှိသော် နတ်၏ စည်းစိမ်ကို ခံစားလိုသည်ရှိသော် အောက်ပါ မင်းကျင့်တရား ဆယ်ပါးနှင့်အညီ ကျင့်ကြံပြုလုပ် အုပ်ချုပ်ပါလော" ဟု အလောင်းတော်က ဆက်ဟောလေသည်။

(၁) ဓမ္မံ စရ မဟာရာဇ၊ မာတာပိတူသု ခတ္တိယ။
ဣဓ ဓမ္မံ စရိတွာန၊ ရာဇ သဂ္ဂံ ဂမိဿသိ။ ။

(၂) ဓမ္မံ စရ မဟာရာဇ၊ ပုတ္တဒါရေသု ခတ္တိယ။
ဣဓ ဓမ္မံ စရိတွာန၊ ရာဇ သဂ္ဂံ ဂမိဿသိ။ ။

(၃) ဓမ္မံ စရ မဟာရာဇ၊ မိတ္တာမစ္စေသု ခတ္တိယ။
ဣဓ ဓမ္မံ စရိတွာန၊ ရာဇ သဂ္ဂံ ဂမိဿသိ။ ။

(၄) ဓမ္မံ စရ မဟာရာဇ၊ ဝါဟနေသု ဗလေသု စ။
ဣဓ ဓမ္မံ စရိတွာန၊ ရာဇ သဂ္ဂံ ဂမိဿသိ။ ။

(၅) ဓမ္မံ စရ မဟာရာဇ၊ ဂါမေသု နိဂမေသု စ။
ဣဓ ဓမ္မံ စရိတွာန၊ ရာဇ သဂ္ဂံ ဂမိဿသိ။ ။

(၆) ဓမ္မံ စရ မဟာရာဇ၊ ရဋ္ဌေသု ဇနပဒေသု စ။
ဣဓ ဓမ္မံ စရိတွာန၊ ရာဇ သဂ္ဂံ ဂမိဿသိ။ ။

(၇) ဓမ္မံ စရ မဟာရာဇ၊ သမဏ ဗြာဟ္မဏေသု စ။
ဣဓ ဓမ္မံ စရိတွာန၊ ရာဇ သဂ္ဂံ ဂမိဿသိ။ ။

(၈) ဓမ္မံ စရ မဟာရာဇ၊ မိဂပက္ခီသု ခတ္တိယ။
ဣဓ ဓမ္မံ စရိတွာန၊ ရာဇ သဂ္ဂံ ဂမိဿသိ။ ။

(၉) ဓမ္မံ စရ မဟာရာဇ၊ ဓမ္မော စိဏ္ဏော သုခါဝဟော။
ဣဓ ဓမ္မံ စရိတွာန၊ ရာဇ သဂ္ဂံ ဂမိဿသိ။ ။

(၁၀) ဓမ္မံ စရ မဟာရာဇ၊ သဣန္ဒာ ဒေဝါ သဗြဟ္မကာ။
သုစိဏ္ဏေန ဒိဝံ ပတ္တာ၊ မာ ဓမ္မံ ရာဇ ပါမဒေါ။ ။

## သူတော်ကောင်းများ စိတ်ထားစင်ဖြူ အတုယူ

ပိင်္ဂိယကုမင်းကြီးသည် အလောင်းတော်အား ရှိခိုးပြီး ဗာရာဏသီမြို့သို့ ပြန်၍ ဒါန စသည်ပြုကာ နတ်ပြည်သို့ လားရသည်။ အလောင်းတော်နှင့် မိဘာ နှစ်ပါးတို့သည် (က) အဘိညာဉ် ငါးပါး၊ (ခ) သမာပတ် ရှစ်ပါးတို့ကို

ဖြစ်စေပြီး ဗြဟ္မာ့ပြည်သို့ လားကြရသည်။ နောင် ဇာတ်ပေါင်းသည့်အခါ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ပိင်္ဂိယက္ခမင်းကြီးသည် အရှင်အာနန္ဒာ ဖြစ်လာ၏။
(၂) ဗဟ္မသုန္ဒရီနတ်သမီးသည် ဥပ္ပလဝဏ်ထေရီ ဖြစ်လာ၏။
(၃) သိကြားမင်းကြီးသည် အရှင်အနုရုဒ္ဓါ ဖြစ်လာ၏။
(၄) ဒုကူလပညာရှိသည် အရှင်မဟာကဿပ ဖြစ်လာ၏။
(၅) ပါရိကာအမျိုးသမီးသည် ဘဒ္ဒကာပိလာနီ ဘိက္ခုနီ ဖြစ်လာ၏။
(၆) သုဝဏ္ဏသာမ ပညာရှိသည် သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် ဖြစ်လာ၏။

၁၃၃၅-ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၅)ရက်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
## ဟောကြားအပ်သော

**ဈာနသမာပတ်၊ ဖလသမာပတ်၊ နိရောဓသမာပတ် ဝင်စားပုံများ**

ဓါဏုပေကၤ ပြုညပမယေရ်ကြီး ပကျ

သမာပတ်က၊ ပေါင်းသုံးဝ၊ တိကျ စဉ်တိုင်းသာ။
ဈာန ဖလာ၊ နိရောဓာ၊ ကောင်းစွာ မှတ်ဘို့ရာ။
ကောဏ္ဍညမည်၊ ထေရ်မြတ်သည်၊ ကပ်ပြီ ရှင်တော်မှာ။
ကမ္မဋ္ဌာန်းတောင်း၊ တောတွင်အောင်း၊ နှစ်ပေါင်း ကျင့်ခဲ့ရာ။
ရဟန္တာကြီး၊ ဖြစ်ခဲ့ပြီး၊ ထန်သည်း ဝမ်းမြောက်စွာ။
ကျိုးကြောင်းနှစ်တံ၊ တွဲ့မြတ်ထံ၊ လျှောက်ရန် ပြန်အလာ။
ပင်ပန်းခဲ့ငြား၊ လမ်းအကြား၊ ဖယ်ရှား အေးတွင်သာ။
ကျောက်ဖျာပေါ်တွင်၊ ထိုင်လျက်ပင်၊ ကိုယ်လျှင် ဖြောင့်မတ်စွာ။
ထေရ်မြတ်ထင်ရှား၊ ဈာန်အများ၊ ဝင်စား ညဉ့်အခါ။
ငါးရာခိုးသား၊ ခိုးပြီးငြား၊ ပြန်သွား မိမိရွာ။
နွားဘို့တိုင်ပင်၊ ဘက်ခဲ့စဉ်၊ မှတ်ထင် သစ်ငုတ်သာ။

ဥစ္စာထုပ်ပင်၊ ခေါင်းပေါ်တွင်၊ မ တင် စိတ်ချစွာ။
အချို့လူကား၊ ပစ္စည်းများ၊ မှီထား ထို့တူစွာ။
အရက်တက်မူ၊ နိုးလေက၊ ထကြွ ကိုယ်စီသာ။
ပြန်ရန်ခဏ၊ အထုပ် မ၊ ကျန ကြည့်မိရာ။
ဘီလူးဗျူမြင်၊ ပြေးဘို့ပြင်၊ ခေါင်ငင် ထိုင်ဘို့ရာ။
ရဟန်းငါကား၊ ထင်အရှား၊ မိန့်ကြား ဩဝါဒါ။
သည်းခံထိုသို၊ တောင်းပန်ဆို၊ ပြုလို ပဗ္ဗဇ္ဇာ။
အချိန်မနှောင်း၊ ပြုလို့ကြောင်း၊ ခွင့်ကောင်း တောင်းပန်ရှာ။
ငါးရာခိုးသား၊ ရဟန်းများ၊ ဖြစ်သွား အားလုံးသာ။

( ဓမ္မပဒအဋ္ဌကထာ၊ ပထမအုပ်၊ နှာ-၄၃၃ )

**ဦးသိန်း-ဒေါ်ခင်မြင့်နှင့် သားသမီး မြေးတစု ကောင်းမှု။**
**ညောင်ဝိုင်း (၁၂)လမ်း၊ ပဲခူးမြို့**

## ဈာနသမာပတ်  ဖလသမာပတ်၊ နိရောဓသမာပတ် ဝင်စားပုံများ

## ခါဏုကောဏ္ဍညမထေရ်ကြီး ဝတ္ထု

## မှတ်သားဘွယ် အကျဉ်းချုပ်

### ခိုးသားငါးရာ ဝင်လာဆိတ်ဆိတ် တိုး၍အိပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌နေစဉ် ခါဏုကောဏ္ဍည ထေရ်ကို အကြောင်းပြု၍ ဤဒေသနာကို ဟောကြားတော်မူပါသည်။ ထို ခါဏု ကောဏ္ဍညထေရ်သည် ဘုရားထံ၌ ကမ္မဋ္ဌာန်းယူ၍ တော၌ နေ တော်မူ၏။ ရဟန္တာဖြစ်ပြီးမှ မြတ်စွာဘုရားအား လျှောက်တော့မည်ဟု စိတ်ကူ ရှိ၏။ လမ်းနှင့် မနီးမဝေး တခုသော ကျောက်ဖျာ၌ နေလျက် ဈာန်ဝင်စား၏။ ဘခုသော ရွာကို မီးရှို့၍ ခိုးသားငါးရာတို့သည် မိမိ၏ စွမ်းအားအလျောက် ဥစ္စာထုပ် များကို အချို့က ထမ်း၊ အချို့က ခေါင်းဖြင့်ရွက်ပြီး ပြန်ကြကုန်၏။ ညဉ့်နက် လှသည့်ပြင် အလွန်လည်း ပင်ပန်းလာကြ၍ 'လာရတာလည်း ဝေးပြီ၊ ဤ ကျောက်ဖျာကြီးပေါ်၌ အိပ်စက် အပန်းဖြေကြပါကုန်အံ့'ဟု လမ်းမှ ဖဲပြီး ကျောက်ဖျာအနီးသို့ ကပ်လာကြကုန်၏။

### အရဏ်တက်ကျ နိုးမှတွေ့မြင် ဘီလူးထင်

ခိုးသူတို့သည် မထေရ်ကို မြင်ကြသော်လည်း 'ဒါ သစ်ငုတ်တိုကြီး' ဟု မှတ်ကုန်၏။ ခိုးသူကြီးတဦးသည် မထေရ်၏ ခေါင်းပေါ်၌ ဥစ္စာကုပ်ကို တင် ထားလိုက်၏။ အချို့ သူခိုးတို့က ထိုမထေရ်ကိုမှီ၍ ဥစ္စာထုပ်များကို ထားကြ ကုန်၏။ ဤသို့ ခိုးသားငါးရာတို့သည် ဥစ္စာထုပ် ငါးရာတို့ကို မထေရ်ကို ဝိုင်းပြီး ထားကြကုန်၏။ ဤအနီးမှာဘဲ ခိုးသားငါးရာတို့ ထိုက်သလို အိပ်ကြကုန်၏။

နောက်တနေ့ အရုဏ်တက် အိပ်ရာနိုး၍ မိမိတို့ဥစ္စာထုပ်ကိုယ်စီကို ယူကြကုန်၏။ ဤအခါမှ မထေရ်ကို မြင်၍ 'ဘီလူးကြီးပါတည်း'ဟု လန့်ပြီး ပြေးဘို့ ကြံကြကုန်၏။ ကစဉ့်ကရဲ ရုတ်ရုတ်သဲသဲ ဖြစ်ကြကုန်၏။

## သစ်ငုတ်တိုပင် မှတ်ထင်မသိ ပြစ်မှားမိ

ထိုအခါ ခိုးသားငါးရာတို့ကို မထေရ်မြတ်သည် ဤသို့ မိန့်ကြားလေ၏။

မာ ဘာယိတ္ထ ဥပါသကာ၊ ပဗ္ဗဇိတော အဟံ။

ဥပါသကာ၊ ဒါယကာတို့။ တုမှေ၊ သင်တို့သည်။ မာ ဘာယိတ္ထ၊ မကြောက်ကြကုန်လင့်။ အဟံ၊ ငါသည်။ ပဗ္ဗဇိတော၊ ဘုရားသားတော် သံဃာ ခေါ်သည့် ရဟန်းတပါး ပါတည်း။

ထိုအခါ ထို ခိုးသားငါးရာတို့သည် မထေရ်၏ ခြေရင်း၌ ပြားပြား ဝပ်ပြီးလျှင် ဤသို့ လျှောက်ကြလေကုန်၏။

ခမထ ဘန္တေ၊ မယံ ခါဏုကသညိနော အဟုမှ။

ဘန္တေ၊ အရှည့ဝါသိ တောမှီအရှင်မြတ်ကြီးဘုရား။ အမှေ၊ တပည့်တော်တို့ကို။ ခမထ၊ အကုန်လျစ်လျူ ပြစ်မယူဘဲ သည်းခံတော်မူကြပါကုန်ဘုရား။ မယံ၊ တပည့်တော်တို့သည်။ တဝ၊ အရှင်မြတ်ဘုရားအား။ ခါဏုသညိနော၊ အပင်ခုတ်လှီး သစ်ငုတ်တိုကြီးဟု မှတ်ထင်ကြကုန်သည်။ အဟုမှ၊ ဖြစ်ကုန်၏။

## ငါးရာခိုးသား စိတ်ထားညီလျက် ရဟန်းတက်

ခိုးသား ငါးရာလုံးတို့သည် ဤသို့ မထေရ်ကြီးကို တောင်းပန်ကြကုန်၏။ တောင်းပန်ပြီးနောက် ခိုးသားဗိုလ်ချုပ်ကြီးက အရှင်ဘုရားထံ၌ ရဟန်းတက်ခွင့် ပြုပါရန် လျှောက်ထားသဖြင့် ကျန် ၄၉၉ ဦးသော ခိုးသားတို့သည်လည်း ထိုနည်းတူ လျှောက်ထားကြလေကုန်၏။ လျှောက်ထားပုံ။

(က) အဟံ အယျဿ သန္တိကေ ပဗ္ဗဇိဿာမိ=''ဘန္တေ၊ အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်သည်။ အယျဿ၊ အရှင်ဘုရား၏။ သန္တိကေ၊ အထံ၌။ ပဗ္ဗဇိဿာမိ၊ ရဟန်းတက်ပါအံ့။ ရဟန်း တက်လိုပါ၏ အရှင်ဘုရား''

(ခ) မယမ္ပိ ပဗ္ဗဇိဿာမ=''ဘန္တေ၊ အရှင်မြတ်ဘုရား။ မယမ္ပိ၊ ၄၉၉ ဦးသော တပည့်တော်တို့သည်လည်း။ ပဗ္ဗဇိဿာမ၊ ရဟန်းတက်ကြပါကုန်အံ့။ ရဟန်းတက်လိုကြပါကုန်၏ အရှင်ဘုရား''

ဤသို့ ခိုးသားငါးရာလုံး ဆန္ဒတူ လျှောက်ထားကြသဖြင့် မထေရ်မြတ်သည် သံကိစ္စသာမဏေကဲ့သို့ ထို ခိုးသားငါးရာလုံးကို ရဟန်းပြုပေးလေ၏။

## သစ်ငုတ်တိုကောဏ္ဍည ခေါ်ကြလေဘိ ယခုထိ

ထိုအခါမှ စ၍ ထိုမထေရ်မြတ်အား အမည်ရင်း ကောဏ္ဍည ဖြစ်၍ (သစ်ငုတ်တို ကောဏ္ဍည)ဟု ကျော်ကြားလာ၏။ ယင်း သစ်ငုတ်တိုကောဏ္ဍည မထေရ်မြတ်သည် ယင်း ရဟန်း ငါးရာတို့ကိုခေါ်၍ ဘုရားရှင်ထံ လာလေ၏။ ''ငါ့ရှင်ကောဏ္ဍည၊ သင်သည် သင်၏ ဤတပည့်တို့ကို အသို့ ရသနည်း'' ဟု မေး၏။ အလုံးစုံ ပြန်လျှောက်၏။ တဖန် ရဟန်းတို့အား ဘုရားရှင်က ''ဤ အတိုင်း ဟုတ်ကြကုန်၏လော''ဟု မေးပြန်၏။ ဟုတ်ကြပါကြောင်း လျှောက်၍ ''တပည့်တော်တို့သည် တပါးသော ပုဂ္ဂိုလ်၌ ဤသို့ သဘောရှိသော အာနုဘော်ကို မမြင်ဘူးပါ။ ထို့ကြောင့် ရဟန်းပြုကြပါကုန်၏''ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် တရာနှင့်တရက် မတူကြောင်း တရားကို ဟော လေ၏။

## တရာနှင့်တရက် မြင့်တက်လုံ့ဝ မထူကြ

ယော စ ဝဿသတံ ဇီဝေ၊ ဒုပ္ပညော အသမာဟိတော။
ဧကာဟံ ဇီဝိတံ သေယျော၊ ပညဝန္တဿ ဈာယိနော။ ။

ယော စ၊ အကြင်သူသည်ကား။ ဒုပ္ပညော၊ ပညာမရှိဘဲ။ အသမာဟိတော၊ တည်ကြည်ခြင်း မရှိဘဲ။ ဝဿသတံ၊ အနှစ်တရာ ကာလပတ်လုံး။ ဇီဝေ၊ အသက်ရှည်ငြားအံ့။ တတော၊ ထိုပညာမရှိသူ အနှစ်တရာ အသက်ရှည်

ခြင်းထက်။ ပညဝန္တဿ၊ ပညာရှိသော။ ဈာယိနော၊ ကသိုဏ်းစသော အာရုံ၊ အနိစ္စ စသော လက္ခဏာကို မပြတ် ရှုတတ်သောသူ၏။ ဧကာဟံ၊ တရက်မျှ (ဝ၁) တခဏာစင်။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။

ဤဒေသနာအဆုံး၌ ရဟန်းကြီး ငါးရာတို့သည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာကြီးများ ဖြစ်ကြလေကုန်၏။ ရောက်လာ ပါဝင်သော ပရိသတ်တို့သည်လည်း အကျိုးများကြကုန်၏။

၁၃၃၅-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၈)ရက်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## အချိန်သာတန်လျှင် ကံလည်း လန်း၊ စန်းလည်း ထကြောင်း

## နွားကျောင်းသား နန္ဒဂေါပါလက ၏

## တရားတော်အဆုံး၌ သောတာပန်တည်ခန်း

ဥဂ္ဃဋိတညူ၊ ပုဂ္ဂိုလ်ဟူ၊ ခုမှ ပွင့်မည့်ကြာ။
ဝိပဉ္စိတညူ၊ ပုဂ္ဂိုလ်ဟူ၊ ရက်မှ နည်းငယ်မှာ။
နေယျထင်ရှား၊ ပုဂ္ဂိုလ်ကား၊ ရေများ ဖုံးလျက်သာ။
ပဒပရမ၊ ပုဂ္ဂိုလ်ဘမူ၊ ငါးလိပ်အများ၊ ကိုက်ချိုးစား၊
ပျက်သွား လုံးလုံးပါ။
သာဝတ္ထိမည်၊ မင်းနေပြည်၊ ဂုဏ်ရည် ပြည့်လျက်သာ။
အနာထပိဏ်၊ ဝင်းလျက်ထိန်၊ စည်းစိမ် သူ့ဥစ္စာ။
ဖြူနီဝါမောင်း၊ နွားအပေါင်း၊ ထိန်းကျောင်း နန္ဒမှာ။
မကြာခဏ၊ ဂေါရသ၊ ယူထ ထံတော်သာ။
ကောင်းကျိုးပွားစီး၊ လုံ့လသီး၊ ပူးပြီး တရားနာ။
ဓိဓိရပ်ထံ၊ ကြွပါရန်၊ တန်တန် ပင့်ခဲ့ရာ။
သုပါရမီဉာဏ်၊ ရင့်ဘို့ရန်၊ စောင့်ပြန် ပယ်မြစ်ခါ။
နောင်ကြာရင့်မ၊ ကိုယ်တိုင်ကြွ၊ များလှ သံဃာပါ။

သူ၏ထံနီး၊ သစ်ပင်ကြီး၊ မှိုပြီး မွေ့လျော်စွာ။
ထိုသို့နေငြား၊ သဒ္ဓါပွား၊ 'ဝပ်တွား ဦးနှိမ်ခါ။
ဘုရားမျှုးထား၊ သံဃာအား၊ ဖိတ်ကြား ရိုသေစွာ။
ခုနစ်ရက်မျှ၊ ဂေါရသ၊ ဝဝ လှူပြီးခါ။
ဒါနစသား၊ တရားများ၊ ဟောကြား ဆုံးလျက်သာ။
နေရောင်သာတင့်၊ ကြာမရင့်၊ အပွင့် မဖြစ်လာ။
ကြာကသာရင့်၊ နေမတင့်၊ မှတ်သင့် ထို့တူစွာ။
နေရောင်လည်း တင့်၊ ကြာလည်း ရင့်၊ ပွင့်သည့် ဥပမာ။
နန္ဒမည်ငြား၊ နွားကျောင်းသား၊ တည်သွား သောတာမှာ။
ထို့ကြောင့်အများ၊ ဤစကား၊ ပြောကြား ရှေးသူငါ။

(ဓမ္မပဒ အဋ္ဌကထာ၊ ပထမစာအုပ် နှာ-၂၀၅)

လိပ်ပြာကန် ၁-လမ်း အမှတ် ၅၁၀၊ ကွယ်လွန်သူ ဦးမောင်ခင်နှင့် သမီး မသန်းမြင့်တို့အား ရည်ရူး၍ ဒေါ်မြစိန် မိသားစု ကောင်းမှု။

## အချိန်သာတန်လျှင် ကံလည်း လန်း ဝန်းလည်း ထကြောင်း

## နွားကျောင်းသား နန္ဒဂေါပါလက ၏

## တရားတော်အဆုံး၌ သောတာပန်တည်ခန်း

[illegible] အကျဉ်းချုပ်

### ဘုရားတပည့် မိမိတို့ထံ ကြွဘို့ရန်

မြတ်စွာဘုရားသည် ကောသလ ဇနပုဒ်၌ နန္ဒဂေါပါလက ခေါ် နွားကျောင်းသားကို အမှီပြု၍ ဤ တရားဒေသနာကို ဟောကြားတော်မူ၏။ သာဝတ္ထိမြို့ အနာထပိဏ် သူဌေးကြီး၏ လက်အောက် သူကြွယ် ဖြစ်သော နွားကျောင်းသားသည် နွားအပေါင်းကို စောင့်ရှောက်လာ၍ ကြွယ်ဝခြင်း ဖြစ်၏၊ များသော ဥစ္စာ ရှိ၏၊ များသော စည်းစိမ် ရှိ၏။ နွားထိန်းအဝဖြင့် မင်း၏ အခွန်အတုတ်တို့ကို စောင့်ရှောက်လျက် မိမိ၏ ဥစ္စာကိုလည်း စောင့်ရှောက်၏။ ထို နွားကျောင်း နွားထိန်း နန္ဒဂေါပါလကသည် အခါခပ်သိမ်း ပဉ္စဂေါရသ ခေါ် နွားအရသာ ငါးမျိုးတို့ကိုယူ၍ အနာထပိဏ် သူဌေးထံ သွား၏။ မြတ်စွာဘုရားကိုလည်း ဖူးမြင်၏။ တရားကိုလည်း နာ၏။ ထို နန္ဒဂေါပါလကသည် မြတ်စွာဘုရားကို မိမိတို့ နေထိုင်ရာ နွားကျောင်း နွားထိန်းများ ရှာသို့ ကြွဘို့ရန် ပင့်၏။

### ပင့်ပါသော်လည်း စောင့်မြဲထိုဝါ မကြွပါ

မြတ်စွာဘုရားသည် လွန်စွာ ကြွလို၏။ ခြိုးမြောက်လိုလှ၏။ သို့သော် ကြွမည်ဟု ဝန်မခံပါ။ ကြွလည်း မကြွသေးပါ။ အကြောင်း ရှိပါသည်။ နန္ဒဂေါပါလကမှာ ဉာဏ်မရင့်ကျက်သေးပါ။ မဂ် ဖိုလ် မရနိုင်သေးဟု ဆိုလိုပါသည်။

သတ္ထာ တဿ ဉာဏပရိပါကံ အာဂမေတိ။

သတ္ထာ၊ မြတ်စွာဘုရားသည်။ တဿ၊ ထို နန္ဒဂေါပါလကာ၏။ ဉာဏပရိပါကံ၊ မဂ်ဖိုလ်ရဘို့ရန် ဉာဏ်ရင့်ကျက်မှုကို။အာဂမေတိ၊ စောင့်ဆိုင်း၍ နေ၏။

ဤသို့ အတန်ကြာ စောင့်ဆိုင်းပြီး နောင် ထို နန္ဒဂေါပါလကာ၏ မဂ်ဖိုလ်ရဘို့ရန် ဉာဏ်ရင့်ကျက်လာသည်၏ အဖြစ်ကို သိ၍ များစွာသော ရဟန်းအပေါင်း ခြံရံလျက် ဒေသစာရီ ကြွချီ လှည့်လည်တော်မူ၏။ လှည့်လည်ရင်း လမ်းမှ ဖဲ၍ ထိုနွားကျောင်း ‘နွားထိန်းတို့ ရွာအနီး တခုသော သစ်ပင်ရင်း၌ သီတင်းသုံး နေတော်မူ၏။

## ဘုရားရှင်အား လိုက်ပို့ပြန်ရာ

မိမိတို့ ရွာအနီးသို့ ကြွ၍ ဘုရားရှင် သီတင်းသုံးနေကြောင်း သိပြီဖြစ်သော နန္ဒဂေါပါလကသည် ဘုရားရှင်ထံ အမြန်သွား၍ ရှိခိုး၍ အစေ့ အစပ်ပြု၍ ဘုရားကို ရှိခိုးလျက် ပင့်ဖိတ်ခဲ့လေ၏။ လိုက်ပါ ကြွလာပြီး များစွာသော သံဃာတော်တို့နှင့်တကွ ၇-ရက်ပတ်လုံး မွန်မြတ်သော ပဥ္စဂေါရသ ဒါနကို ပြုလေ၏။၇-ရက်မြောက်သောနေ့၌ မြတ်စွာဘုရားသည် အနုမောဒနာပြုသည့်အနေ ဒါနကထာ စသည်ကို ဟောကြားလေ၏။ တရားဂါထာ၏ အဆုံး၌ နန္ဒဂေါပါလက ခေါ် နွားကျောင်း နွားထိန်းမှူးကြီးသည် သောတာပန် တည်လေ၏။ ထို့နောက် ဘုရားရှင် သပိတ်တော်ကို ထမ်းပြီး တော်တော် ဝေးဝေးရောက်အောင် လိုက်ပို့လေ၏။ ထို့နောက် ရှိခိုးပြီး လှည့်ပြန်လေ၏။

## သေကျေကြရ မုချ ပြုပြင် စိတ်ကပင်

ထိုအခါ နန္ဒဂေါပါလကကို မုဆိုးတယောက်က မြားဖြင့် ပစ်သိုက်၍ ထိမှန်ပြီး သေသွားလေ၏။ သေသွားကြောင်း နောက်မှ လိုက်လာသော ရဟန်းတွေက သိ၍ ဘုရားရှင်အား လျှောက်လေ၏။ “အရှင် ဘုရား၊ နန္ဒဂေါပါလကသည် မဟာဒါနပြုပြီး အရှင်ဘုရားတို့ကို လိုက်ပို့ပြီး အပြန် ယခုကဲ့သို့ သေရလေ၏။ အကယ်၍သာ လိုက်မပို့အံ့၊ သေမည် မဟုတ်”ဟု လျှောက်၏။ မြတ်စွာဘုရားက မိန့်ကြားသည်မှာ–

(က) ဘိက္ခဝေ မယံ အာဂတော အနာဂတောပိ တဿ
စတဿော ဒိသာ စတဿော အနုဒိသာ စ ဂစ္ဆန္တဿာပိ
မရဏာတော မုစ္စနုပါယော နာမ နတ္ထိ။ ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ မယံ၊ ငါ-ဘုရားသည်။ အာဂတောပိ၊ ကြွလာသော်လည်းကောင်း။ အနာဂတောပိ၊ မကြွလာသော်လည်းကောင်း။ တဿ၊ ထိုနန္ဒဂေါပါလကသည်။ စတဿော ဒိသာ၊ လေးပါးသော အရပ်သို့။ ဂစ္ဆန္တဿာပိ၊ သွားသော်လည်းကောင်း။ စတဿောအနုဒိသာ၊ လေးပါးသော အထောင့်အရပ်သို့။ ဂစ္ဆန္တဿာပိ၊ သွားသော်လည်းကောင်း။ မရဏာတော၊ သေရခြင်းဘေးမှ။ မုစ္စနုပါယောနာမ၊ လွတ်ဘို့ရန် အကြောင်း မည်သည်။ နတ္ထိ၊ မရှိပြီ။

(ခ) ယဉ္စ နေဝ စောရော န ဝေရိနော ကရေယျုံ၊ တံ ဣမေသံ
သတ္တာနံ အန္တောပဒုဋ္ဌံ မိစ္ဆာပဏိဟိတံ စိတ္တမေဝ ကရောတီတိ။

ဟိ၊ မှန်၏။ ယံ၊ အကြင် သေရခြင်းဘေးကို။ စောရော၊ ခိုးသူသည်။ နေဝ ကရောတိ၊ ပြုသည်မဟုတ်။ ဝေရိနော၊ ရန်သူတို့သည်။ န ကရေယျုံ၊ ပြုသည် မဟုတ်ကုန်။ တံ၊ ထိုသေရခြင်းဘေးကို။ ဣမေသံ သတ္တာနံ၊ ဤ သတ္တဝါတို့၏။ အန္တောပဒုဋ္ဌံ၊ အတွင်း၌ ဖျက်ဆီးအပ်သော။ ဝါ၊ အတွင်း၌ ပျက်စီးနေသော။ မိစ္ဆာပဏိဟိတံ၊ မှားသောအားဖြင့် ထားအပ်သော။ စိတ္တမေဝ၊ အကုသိုလ်စိတ်သည်သာလျှင်။ ကရောတိ၊ ပြု၏။

## သောတာပန်အစ ရကြပါပေ များဝေနေ

မြတ်စွာဘုရားသည် ဤသို့ ဟောကြား၍ အောက်ပါ ဂါထာကို ဆက်၍ ဟောလေသည်၊

ဒိသော ဒိသံ ယံ တံ ကယိရာ၊ ဝေရီ ဝါ ပန ဝေရိနံ။
မိစ္ဆာပဏိဟိတံ စိတ္တံ၊ ပါပိယော န တတော ကရေ။ ။

ဒိသော၊ ခိုးသူ တယောက်သည်။ ဒိသံ၊ ရန်ဘက် ဟူသော ခိုးသူ တယောက်ကို။ ဒိသွာ၊ မြင်သည်ရှိသော်။ ဝေရီဝါ၊ ပန၊ ရန်သူ [illegible] ဘက်

သည်သည်း။ ဝေရိနံ၊ ရန်သူတယောက်ကို။ ဒိသွာ၊ မြင်သည်ရှိသော်။ ယံတံ၊
အကြင် အကျိုးမဲ့ ပျက်စီးခြင်းကို။ ကယိရာ၊ ဤဘဝ၌သာ ပြုနိုင်ရာ၏။ တတော၊
ထို ခိုးသူ ရန်သူ ပြုသော အကျိုးမဲ့ ပျက်စီးခြင်းထက်။ မိစ္ဆာပဏိဟိတံ၊
မှားသောအားဖြင့် ဆောက်တည်အပ်ထားအပ်သော။ စိတ္တံ၊ စိတ်ယုတ်မာသည်။
နံ၊ ထို စိတ်ယုတ်မာ ဆောက်တည်သူကို။ ပါပိယော၊ အလွန် ယုတ်မာလေ
အောင်။ (ဝါ) အလွန် အကျိုးမဲ့ ပျက်စီးလေအောင်။ ကရေ၊ ပြုနိုင်ရာ၏။

ဤဒေသနာ အဆုံး၌ များစွာသော သူတို့သည် သောတာပန်စသည်
တည်ကုန်၏။ ကြွင်းသောသူတို့သည် များသောအကျိုး ရှိကြကုန်၏။

၁၃၃၅-ခုနှစ်၊ သီတင်းကျွတ် လပြည့်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## တရားထူးရလိုသူတိုင်း ဆန့်ကျင်ဘက် အလုံးစုံကို အထူး ရှောင်ရှားသင့်ကြောင်း အစားဝမှ တရားရသော

ဒုဂ္ဂတဥပါသကာ ဝေသာဟာဂန် ဟညိုခန်း

သာဝတ္ထိမည်၊ မင်းနေပြည်၊ ခန့်တည် စည်ပင်သာ၊
ဇေတဝန်ခေါ်ကြ၊ ကျောင်းတော်မှ၊ မှချ ကြည့်သည့်ခါ။
အာဠဝီပြည်မှ၊ ဒုဂ္ဂတ၊ ဥပါသကာမှာ
ယနေ့ကေန်၊ မဂ်ဖိုလ်ဉာဏ်၊ ဆိုက်ရန် သေအချာ
မြင်၍ကုဘယ်၊ မေတ္တာကြွယ်၊ သုံးဆယ် ယူဇနာ။
ရဟန်းငါးရာ၊ ခြံရံကာ၊ ကြွလာ ကိုယ်တိုင်သာ။
ဒုဂ္ဂတကား၊ နွားပျောက်သွား၊ စိတ်များ လိုက်၍ရှာ။
တမြို့လုံးက၊ ဘောဇဉ်စ၊ လှူကြ ဝေဝေဆာ။
ပရိသတ်ပေါင်း၊ လွန်နှစ်ထောင်း၊ ညွတ်ပျောင်း ကင်ချိကာ။
ဓမ္မပလ္လင်၊ ဟောဘို့ပြင်၊ ချစ်ရှင် ဆိတ်ငြိမ်စွာ။
နေလွဲကာလ၊ ကျခါမှ၊ ပြေးထ ရောက်၍လာ။
ဘုရားရှင်မှ၊ ရှိသမျှ၊ မေးထ စားစေကာ။
ဟောဖော်ဓမ္မ၊ ဆုံးလေက၊ တည်ထ မြတ်သောတာ။
တည်ပြီးပြန်ကြွ၊ လမ်းသို့ကျ၊ များလှ ရဟန်းမှာ၊

စေဘနာလွန်ကဲ၊ လုပ်ပုံသဲ၊ စွပ်စွဲ ကဲ့ရဲ့လာ။
ရပ်ပြီးခဏ၊ မြတ်ဗုဒ္ဓ၊ ထုတ်ဟ မိန့်သည်မှာ။
ဤမျှ ခရီးဆက်၊ ပင်ပန်းချက်၊ သူ့တွက် အဓိကာ။
ရည်ရွယ်ရှဲကြွ၊ သူ့ကိစ္စ၊ ပြီးမှ ပြေမည်သာ။
ပူရှိန်ဝင်းပြောင်၊ နေခေါင်ခေါင်၊ ပူလောင် နွားပျောက်ရှာ။
နံနက်ခါမှ၊ နေစောင်းကျ၊ မရ စားဘို့ရာ။
ဆာလောင်လွန်ထ၊ ဧကဂ္ဂ၊ မကျ ဧကန်သာ။
ဘယ်လိုဟောငြား၊ စိတ်တွေများ၊ တရား မရပါ။
ရောဂါပေါင်းမှာ၊ ဆာလောင်ဟာ၊ မှတ်ပါ ကြီးဆုံးသာ။
အစားဝမှ၊ တရားရ၊ မုချ လွန်သေချာ။
ဤသို့အပိုင်၊ ကြောင်းခန့်ခိုင်၊ ကိုယ်တိုင် စားစေပါ။
ကြောင်းစုံပြည့်ဝ၊ ဟောပြီးမှ၊ ဆက်ကြွ ရှင်တော်မှာ။

(ဓမ္မပဒ အဋ္ဌကထာ၊ ဒုတိယအုပ်၊ နှာ-၁၆၉)

ပရိက္ခရာကုန်သည် အမိ ဒေါ်အုန်းမြနှင့်၊ ဦးကျော်လှိုင်-ဒေါ်ခင်နု မိသားစု
ကောင်းမှု မင်းလမ်း၊ ပဲခူးမြို့

## နိဂုံး

### ဘာဝနာ ရသ ဝိဘာဝနီကျမ်း နှင့် အမတ ရသ ဝိဘာဝနီကျမ်း
### ဂန္ထ သိဗ္ဗန နိဂမ ဂါထာများ

မဟာဝဂ္ဂါဒီနံ ဂန္ထ၊ သတ္တန္နံ ပါဠိ ပါရဂူ။
ကာရကော ဝါစကောဝုတ္တော၊ နာနာဂန္ထ ဗဟုဿုတော။ ။
ပဲခူးပုရမှိ ပညာတော၊ သိရိ ကြခတ္တ မင်္ဂလော။
သောဘိတေ ထောမိတေ ဇောတိ၊ ပါလော သုခေ သုရမ္မကေ။ ။
သာသနောဒယ ကာမေန၊ အနေကသတ္တ ကာရိနာ။
ဝသတာ ပမာနဘာဝေ၊ ပဲခူး ကြခတ္တ မင်္ဂလော။ ။
မဟုဿာဟေ နေ ဝေါစိတံ၊ ဒိဿရတ္တံ ယထာရဟံ။
ယံသတ္တ သဒ္ဓယံ ကာယံ၊ ဝုတ္တံ တေနေဝ ပူဇိတံ။ ။
စေတိယာဒီနံ နာယကာ၊ ဘာဝေန ပူဇိတံ ကတံ။
ဇာတိယာ အဋ္ဌ ပညာသ၊ တာလီသေကူန ဘိက္ခုတော။ ။
ကေစတ္တာလီသာမိကော၊ တိသတေက သဟဿကော။
သက္ကရာဇေ ဘဒ္ဒရမှိ၊ သုက္က ပက္ခဿ ပဥ္စမေ။ ။
နိဋ္ဌိတာ ရဝိဝါရမှိ၊ သုနက္ခတ္တေ သုမင်္ဂလေ။
ဘာဝနာ အမတ ရသ၊ ဝိဘာဝနီ သုသုန္ဒရီ။ ။

မဟာဝဂ္ဂါဒီနံ၊ သုတ္တန် ပိဋကတ် ကျမ်းမြတ်အပါ မဟာဝါ အစရှိကုန်သော။ ဂန္ထသတ္တန္နံ-သတ္တဂန္ထာနံ၊ ခုနစ်မျိုး ခုနစ်စား များပြားဖုံဖုံ(ဗုဒ္ဓပါဝစန) ကျမ်းဂန် အလုံးစုံတို့၏။ ပါဠိပါရဂူ ဂန္ထကာရကော၊ ပါဠိတော်-အဋ္ဌကထာ-ဋီကာ ပါဠိနည်းယူ ပါရဂူမြောက် ကမ်းတဘက်ရောက်အောင် ပို့ဆောင်ပေလတ် (ဖါဠိပါရဂူ ကျမ်း) အမြတ်ကို ရေးသားပြုစုခဲ့ပါသော။ ဝါစကော၊ ရဟန်းဖြစ်လာ ကိုးဝါကအစ ယနေ့ကျအောင် နေ့ညမကွာ စာဝါပို့ချ ထက်သန်စွာ သင်ကြားပြသခြင်းလည်း ရှိပေထသော။ ဝုတ္တော၊ နှစ်စဉ် ဝါတွင်း မယွင်းအစေ့ သီတင်းနေ့တို့၌ အမိဋ္ဌာန်ထား စိတ်ကြံပွားလျက် (ဝိပဿနာ အလုပ်တရား) ဟောကြားခြင်းလည်း ရှိပေထသော။ နာနာဂန္ထဗဟုဿုတော။ သမိုင်း ရာဇဝင် မဟာဝင်နှင့် ဗုဒ္ဓဝင်မှန် ကျမ်းဂန်အမူး ဗုဒ္ဓစာပေ အထူးထူးတို့၌ ကိုယ်ဘိုင် ဆည်းပူး နိုင်နင်းစွာ ရေးသားအပ်ပြီးသော ပဋ္ဌိဘာဏ်ဂမ္ဘီ စုံညီကျန ပြည့်ဝခြင်းလည်း ရှိပေထသော (၊ဝသန္တော-ဥ္စစပ်)။

ပဲခူးပုရမှိ၊ ဥဿာပဲခူး အမည်ထူးလျက် ကြည်နူး ဘွယ် အဖြာဖြာ သာယာခဲ့ပြီး ရှေးအခါ မင်းနေပြည်တော်ကြီး၌။

# နိဂုံး

ပဲခူးပုရမ္မိ၊ ဘုရင် ဦးပိုက် နန်းစိုက်ခဲ့၍ မြို့ရိုးနှင့်ကျုံး တောင်ကုန်း တောင်ကလာပ် ဇလပ်နှင်းဆီ သရဖီ ရင်ခတ် ပန်းအမြတ်မြတ် အထပ်ထပ်တို့ဖြင့် သပ်ရပ်ကြည်နူး မြို့ပဲခူး၌။

ပဲခူးပုရမ္မိ၊ မန္တလေးအစုန် ရန်ကုန်အဆန် ရထားလမ်း ကားလမ်း ပဲခူးမြစ် ရေလမ်း မင်္ဂလာဒုံ လေလမ်းတို့ဖြင့် ထွေဆန်းပြည့်ထူး မြို့ပဲခူး၌။

ပဲခူးပုရမ္မိ၊ အနောက်မှာတော အရှေ့မှာကွင်း ဆင်းလိုက်လျှင် မြစ် ဆန်းသစ်ခဲ့ပြီး သစ်သီးဝလံ ဆန်ရေစပါး ပေါများပြည့်ထူး မြို့ပဲခူး၌။

ပဲခူးပုရမ္မိ၊ ဗိမာန် တန်ဆောင်း ဂူ ကျောင်း ပြာသာဒ် အထပ်ထပ်နှင့် ကျိုက်ပေါ် ကျိုက်ပွန် ကျိုက်ကလွန်အစ ဗုဒ္ဓရောင်ခြည် စေတီပုထိုး အားကိုး လောက်ဘွယ် ဆံတော်စွယ်တော် အသွယ်သွယ်တို့၏ ရွှေသား ရွှေရောင် ရွှေတောင်လိုထူး မြို့ပဲခူး၌၊

ပဲခူးပုရမ္မိ၊ ဘာဝနာယောဂီ တပဿီတို့၌ ပြည့်ညီမွေ့ရာ အဖြာဖြာ နည်း တရားရိပ်သာကြီးတို့နှင့် ဘုရားသားတော် သံဃာတော်တို့၏ ပရိယတ်ခေါ် မိန့်ဖော် ညစ်ေါနေ့ဝါမဆန်း ထိုထိုကျမ်းတို့ကို ကြိုးပမ်း အားထုတ်ကြရာ ပရိယတ္တိစာသင်တိုက်ကြီးတို့၏ တည်ရာအထူး ပဲခူးဟုခေါ် တိုင်းမြို့တော်၌။

ပညာတေ၊ ရာပြည့်ရာကျော် ဗိမာန်တော်နှင့် တဖော်နတ်လမ်း စိမ့်ရေစမ်းတို့ဖြင့် အံ့မခန်းသာယာ ခံစားရတာအထူး စိတ်ကြည်နူးဘွယ် ဖြစ်ပေထသော။ သောဘိတေ၊ သက်န်းရောင်ထိန်ဝေ ဣန္ဒြေပြည့်ကြွယ် သုံးရာ့ခြောက်ဆယ် သံဃာတော်ကြီးငယ် အသွယ်သွယ်တို့ဖြင့် တင့်တယ်မြင့်ဆန်း ရှုမခန်းထူးကဲပေထသော၊ ထောမိတေ၊ စာတော်ပြန် အောင်ဂေဇက်တို့ဖြင့် သာသနာအရောင် ပြောင်လက်၍ အလွန်ပင် ချီးကျူးဘွယ် ကောင်းပေထသော။ သုခေ၊ မီးရိပ် ရေမိုး အမျိုးမျိုးတို့ဖြင့် ပြည့်ဖြိုးချမ်းသာခြင်းလည်း ရှိပေထသော။ သုရမ္မကေ၊ ဥုးသီလအစ တောရနေသွင် ထေရ်အရှင်တို့ အစဉ်ကြည်စွာ ပျော်မွေ့ဘော်မူရာလည်း ဖြစ်ပေထသော။ သိရိကြခတ္တမဏ္ဍလေ၊ ဗုဒ္ဓမိန့်ပြန် ဆိုရွတ်သံတို့ဖြင့် သိရိမဟာ မင်္ဂလာရှိပြီး ပဲခူးကြခတ်ဝိုင်း ကျောင်းတိုက်ကြီး၌။ ဝသန္တော၊ ဥဇ္ဇာယ်ဆရာ မိန့်မှာသွန်သင် နားဝယ်ဆင်ကာ နေခဲ့ရပါသော။ ဇောတိပါလော၊ ဆရာဥပဇ္ဈာယ် ကျောက်ထီးနှယ်၏ (ဇောတိပါလ)သမဏာဟု ပေးထားသည့်ခေါ် ရဟန်းတော်မည် ငါမထေရ်သည်။

ပဲခူးကြခတ္တာမဏ္ဍလေ၊ ခြောက်ဆယ်စွန်းကာဏ် သုံးရာဆွယ်သည့် စာချ စာသင် စာပဲ့ဝင် ထေရ်အရှင်တို့ မွေ့ရှင်ခိုမှီး ပဲခူး ကြခတ်ဝိုင်းကျောင်းတိုက်

ကြီး၌။ ပဓာနဘာဝေ-ပဓာနဘာဝေန၊ ပဓာနအကြီးအချုပ် ထိန်းအုပ်စင်စစ်
နာယကပုဂ္ဂိုလ်အဖြစ်ဖြင့်။ ဝသတာ ဝသန္တေန၊ ဥပဇ္ဈာယ်ဆရာ မိန့်ဩဝါ
ကြောင့် နေလာ နေဆဲ ဖြစ်ပေထသော။ သာသနေစဒယ ကာမေန၊ ဘုရား
မြတ်စွာ သာသနာနှံ့ ပြန့်စေလိုအပ် စိတ်တော်မြတ်ဖြင့်။ အနေကသတ္တကာရိ
နာ၊ (ပလ္လက်ာဒိ ကပ္ပိယာကပ္ပိယ ဝိနိစ္ဆယ) စသည်ဖြာဖြာ ကျမ်းများစွာ
တို့ကို လေ့လာ ကြံဖန် ကိုယ်ပိုင်ဉာဏ်ဖြင့် ရေးသားပြုစုတော်မူခဲ့သော။ မယာ၊
ရှင်ဇောတိပါလခေါ် ငါရဟန်းတော်သည်။

ဒီဃရတ္တံ-ဒီဃရတ္တေန၊ နှစ်ရှည်လများ နေ့ညဉ့်အားဖြင့်။ ယထာရဟံ၊
သံဃဝေယျာဝစ္စ သာသနာ့တာဝန် ကျေပွန်ပြီးအခါ ယိုက်သည့်အားလျော်စွာ။
မဟုဿာဟေနေဝ သမ္မပ္ပဓာန် ပြင်းထန်လုံ့လ ဝီရိယဖြင့်သာလျှင်။ ဥစိတံ၊
ရှာဖွေကျက်မှတ် စုဆောင်း၍ထားအပ်သော။ ယံသတ္တံ၊ အကြင် (ဘာဝနာ
ရသ ဝိဘာဝနီ အမတ ရသ ဝိဘာဝနီ) သညီတင့်ဆန်း နှစ်မျိုးသောကျမ်းကို။
သဥ္ဖယံ၊ အညမည နိဿိတမို့ ပေါင်းစုရိုက်နှိပ်ခြင်းကို။ ကဿံ၊ ပြုခဲ့ပါပြီ။ တေ
နော ထိုကျင့်မြတ်ပဋိပတ် ကျမ်းနှစ်ရပ်ဖြင့်သာလျှင်။ ဝုတ္တံ၊ ဗုဒ္ဓဟောရာသာသနာ
သုံးရပ် ထွတ်အမြတ်ကို။ ပူဇိတံ၊ ပူဇော်သမှု ကော်ရော်ခြင်း ပြုအပ်ခဲ့ပါပြီ။

စေတိယာဒီနံ၊ သာသနာ့တံခွန် ထူးချွန်စစ်မြတ် (စွယ်တော် ဆံတော်)
အရပ်ရပ်တို့၏ ကိန်းဝပ်ကြရာ မဟာစေတီ မွေ့သရီနှင့် တလီမော်ဓော အစ
ရှိသော စေတီတော်ကြီးတို့၏။ နာယက ဘာဝေန၊ ဩဝါဒါစရိယ နာယက
အဖြစ်ဖြင့်။ သာသနဋ္ဌိတိယာ၊ ဗုဒ္ဓမြတ်စွာ သာသနာ၏ အရောင်အဝါ လျှင်စွာ
ပြီးမြောက် ခရီးရောက်လျက် အမွန်ရှည်ကြာ တည်ပါစေခြင်းအလို့ငှာ လည်း
ကောင်း။ ပုညဇနနတ္ထာယ၊ ထွေထွေဝေနေယျ များသတ္တတို့ ပုညမင်္ဂလာ
ဖြစ်ကြပါစေခြင်း အလို့ငှာ လည်းကောင်း။ ပူဇနံ၊ သားတော်ပီပီ စိတ်ကြည်
ကြည်ဖြင့် ခန့်တည်မယုတ် နောက်မဆုတ်ဘဲ အားထုတ်ပူဇော်ခြင်း အမှုကို။
ကတံ၊ စေတနာမြင့်မြတ် သဒ္ဓါဓာတ်ဖြင့် ပြုအပ်ခဲ့ပါပြီ။ ဇာတိယာ၊ မယ်တော်
၏ဝမ်း ကြာတိုက်ခန်းမှ လန်းဆန်းသန့်စင် ဖွားမြင်တော်မူခဲ့သည်မှ။ အဋ္ဌပညာ
သ-အဋ္ဌပညာသ ပတ္တာဘာလေ၊ ငါးဆယ့်ရှစ်နှစ် တွက်စစ်မှန်စွာ ရောက်ရှိလာ
သော အခါလည်း ဖြစ်ပေထသော။ ဘိက္ခုတော-ဘိက္ခုဘာဝတော၊ သာကီ
ယဇာတ် ရဟန်းမြတ်အဖြစ်သို့ ရောက်သောအခါမှ။ တာလီသေကူန ဧကူန
တာလီသပတ္တာဘာလေ၊ သုံးဆယ့်ကိုးဝါ ရောက်ရှိလာသော အခါလည်း ဖြစ်ပေ
ထသော။ဧကစတ္တာလီသာဂိတေ၊လေးဆယ့်တခုနှစ်အလွန်ရှိသော။ တိသတေက

## နိဂုံး

သဟာ့သဿကော၊ တထောင့်သုံးရာ ခုနှစ်လည်းဖြစ်ပေထသော (၀၀၅) တထောင့်သုံးရာ လေးဆယ့်တခုနှစ် ဖြစ်သော။ သက္ကရာဇေ၊ ခုနှစ်ဘွက်စစ် သက္ကရာဇ် ဝေါဟာ နှစ်ကောဇာဥ္။ ဘဒ္ဒရမှို၊ တော်သလင်းခေါ်ကြ မိုးမာသလည်း ဖြစ်ပေထသော (ရဝိဝါရမှို-ဥ္စပ်) သုက္ကပက္ခဿ၊ ယုန်စန္ဒာလ ဆန်းဝက္ခ၏။ သုနက္ခတ္တေ၊ ဂြိုဟ်တာရာတွင် ' နက္ခတ်ကောင်းနှင့်လည်း ယှဉ်ပေထသော။ သုမင်္ဂလေ၊ ကောင်းမြတ်မင်္ဂလာ ယှဉ်ပါသုခ လွန်ပြည့်ဝသော။ ပဥ္စမေ၊ ငါးရက်မြောက်ဖြစ်သော။

ရဝိဝါရမှို၊ နေ့မြတ်ဂဠုန် ကြိုက်ကြုံချမ်းမြေ့ တနင်္ဂနွေနေ့ဥ္။ သုသုန္ဒရီ၊ အတ္ထမမ္မ သာရနှင့်လီ ပြည့်ညီထူးချွန် အလွန်ပြည့်ဝ ကောင်းမွန်စွာထသော။ ဘာဝနာ အမတ ရသ ဝိဘာဝနီ၊ (ပဋိပတ်အရသာ၊ နိဗ္ဗာန်အရသာ)ပြရာ ပြကြောင်းဖြစ်သော -

ဘာဝနာ ရသ ဝိဘာဝနီ နှင့် အမတ ရသ ဝိဘာဝနီ

ကျမ်းနှစ်လီတို့သည်။ နိဋ္ဌိတော၊ နိဒါန်းမှအစ နိဂုံးကျဆောင် ဘေးမခ ရန်မသီ စိတ်ကြည်ကိုယ်လန်း ပီတိလွှမ်း၍ မျှော်မှန်းပိုင်နိုင် ဆုံးခန်းတိုင်တော့ သည်သာလျှင်တည်း။

**အယ မေတ္တ ဘဒ္ဒန္တ ဇောတိပါလတ္ထေရေန ရစိတာ**

**သတ္ထ ဂန္ထ သိဋ္ဌန နိဂမ ဂါထာယော**

### အယမ္ပနေတ္ထ ဝိညာပန

**ပါဠိ အဋ္ဌကထာဒီဟိ၊ နေတွာ ဝုတ္တံ ဝိနိစ္ဆယံ။**

**ဘာဝနာမတ ရသေသု၊ စိန္တယန္တု ဝိစက္ခဏာ။ ။**

**စိန္တယိတွာ ပုနပ္ပုနံ၊ ယုတ္တံစေ ဓာရယန္တု တံ။**

**အယုတ္တဥ္စေ ဉတော အညံ၊ ပရိယေသန္တု ကာရဏန္တိ။ ။**

(* ဝိနယာလင်္ကာရ ဋီကာ၊ ဒု၊ နှာ-၁၃၉)

## သမသီသီ ရဟန္တာ (၃) မျိုး

ကတမော စ ပုဂ္ဂလော သမသီသီ
ယဿ ပုဂ္ဂလဿ အပုဗ္ဗံ အစရိမံ
အာသဝပရိယာဒါနဉ္စ ဟောတိ ဇီဝိတပရိယာဒါနဉ္စ၊
အယံ ဝုစ္စတိ ပုဂ္ဂလော သမသီသီ

* ပါရမီရင့် သဒ္ဓါပွင့်လျက် ကြီးမြင့်အားသီး သေခါနီးဝယ် တွန်းပြီးစောက်ချ ရှုမှတ်ရ၍ အာသဝခမ္မ သက်ဇီဝပါ နှစ်ဖြာ ရှေ့နောက် ကုန်ငြိမ်းပျောက်က "သမသီသီရဟန္တာ"ဟု ခေါ်တွင်ပြူ။

* လျောင်းထိုင် ရပ် သွား တပါးပါးဖြင့် ရှုပွားနေစဉ် ကိလေ စင်လျက် ထိုတွင် ပရိနိဗ္ဗာန် ကြွဝင်စံက "ဣရိယာပထ သမသီသီ ရဟန္တာ"ဟု ခေါ်တွင်ပြူ။

* ကိုးဆယ့်ခြောက်ဖြာ ရောဂါကြီးထု နှိပ်စက်မှုဖြင့် ပွားရှုနေစဉ် ကိလေစင်လျက် ထိုတွင် ပရိနိဗ္ဗာန် ကြွဝင်စံက "ရောဂ သမသီသီ ရဟန္တာ"ဟု ခေါ်တွင်ပြူ။

* ရုပ်စု နာမ်စု ချုပ်ငြိမ်းမှုတွက် ပွားရှုအလီလီ ထိုယောဂီမှာ အဝိဇ္ဇာနှင့် ယှဉ်လာဇီဝိတိန် ချုပ်မှုကြိမ်က "ဇီဝိတ သမသီသီ ရဟန္တာ" ဟု ခေါ်တွင်ပြူ။

(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၃၉)